မင်းကွန်းတိပိဋကနိကာယသာသနာပြုအဖွဲ့

တတိယ

ပါဠိဆရာတော်



ဝတ္ထုတိုက်

၂၀၄၀၉
ဘာသာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
စာကြည့်တိုက်
ရန်ကုန်

တတိယသင်္ဂါယနာ

၃၃၆ ၃၃၇ ၃၃၈



တိပိဋကတ = နိကာယသာသနာပြုအဖွဲ့က ဖမွှဒါန ထုတ်ဝေသည် ။

သာသနာ ၂၃၃၃ ကောဇာ ၃၃၅၁ ခရစ် ၁၉၈၉

မင်းကွန်း
တိပိဋကဓရ ဆရာတော်၏
သြဝါဒ

အို - ဗုဒ္ဓဘာသာ ကလျာဏနွယ်ဝင်
သူတော်စင် အပေါင်းတို့.....
မိမိတို့သည် ကုသိုလ်ကောင်းမှု တစ်ခုခုကို
ပြုလုပ်ကြသော အခါ--- ဘုရားအလောင်း
အကိတ္တိပညာရှိရသေ့၏ ဆုတောင်းအတိုင်း —
ဤသည်ပုည ကုသလ ကြောင့်
လောဘ+ဒေါသ+မောဟကင်းကွာ
သံသရာဝယ် ကျင်ပါရာဘိ
ပညာရှိနှင့် ယှဉ်မိပေါင်းသင်း
ဉာဏ်မဲ့ကွင်း၍
ပြည်လင်း လျှူ ပွယ်
လျှူစဉ်ဝယ်လည်း
သုံးသွယ်စေတနာ ဖြောင့်ညီညာသည်.....
ခေမာ အထွတ်တိုင်လိုသော်ငြား။ "

ဤအတိုင်းဆုတောင်းဖို့ မမေ့ကြပါလင့်။

— ဦးဝိစိတ္တသာရာဘိဝံသ —

သာသနာနှစ်-၂၅၃၂ ကောဇာသက္ကရာဇ်-၁၃၇၀ ပြည့်နှစ် တော်လဆန်း ဂ (၁၆-၁၂-၁၀)




နိုင်ငံတော်သံဃမဟာနာယကအဖွဲ့



ဒုတိယအကြိမ်


သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံသံဃာအစည်းအဝေးပွဲကြီး

သာသနာ - ၂၅၂၉ ကောဇာ - ၁၃၄၇ ခရစ် - ၁၉၈၅



ဌေးစေတီဆရာတော်ဘုရားကြီး


အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုန္ဒရ၊ ဌေးစေတီသာသနာ့ရိပ်သာ၊ စစ်ကိုင်းမြို့



ဒေးဝန်းဆရာတော်

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓောတိကာဘိဝံသ

မိုပိဌကရေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ




ရွှေရေးဆောင်ဆရာတော်

ဦးပဏ္ဍာဝ



ရေယျသိန် ဆရာတော်

ဦးပညိန္ဒာဘိဝံသ



မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး

တိပိဋကဓရ ဝမ္မဘဏ္ဍာဂါရိက ဘဂဝမဟာဝပဏ္ဏိတ
ဘဘိဝဏ္ဏမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဓံသ
ဝပ္ပနာဒေတိုက်၊ မင်းကွန်းတောင်ရိုး



ဝဏ္ဏကျော်ထင် အထူးကု

ဆရာဝန်ကြီးဦးသာလှ

တိပိဋကဓရ = နိကာယ ဥပဒ္ဒာကအဖွဲ့ ဥက္ကဋ္ဌ

မန္တလေးမြို့နှင့် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ

ဆောက်လုပ် လှူဒါန်းရေး အဖွဲ့ ဥက္ကဋ္ဌ

တိပိဋကတ = နိကာယ ဥပဒ္ဒါကအဖွဲ့ (ရန်ကုန်ဌာနခွဲ)

စာအုပ်စာပေထုတ်ဝေရေးအဖွဲ့ငယ်



အလယ်မှ = မင်းကွန်း တိပိဋကဝရ ဆရာတော်ဘုရားကြီး

နောက်တန်း (ဝဲမှ ယာ) = တွဲဖက်အယ်ဒီတာချုပ် - ဦးထွန်းလှိုင်၊ သရေစည်သူ ဦးစောမြင့်၊ စာရေးဆရာ ဒါရိုက်တာ ဦးသုခ၊ မဟာသရေစည်သူ ဦးချမ်းသာ၊ ဥက္ကဋ္ဌ - ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှ၊ မြန်မာစာ အဖွဲ့ဝင် ဆရာကြီး ဦးဆန်းထွန်း၊ တိ = နိ ဥပဒ္ဒါက စာရင်းစစ် အဖွဲ့ခေါင်းဆောင် - သီရိပျံချီ ဦးဇော်ဝင်းဇော်၊ ဦးတင်ဟိန်း (စာရေးဆရာ မောင်မဲ)

ရှေ့တန်း (ဝဲမှယာ) = တိ = နိ ဥပဒ္ဒါကအဖွဲ့ မော်ကွန်းထိန်း - ဦးကျော်လှိုင်၊ အငြိမ်းစားပညာရေးမှူး ဆရာဦးအောင်သန်း၊ တိ = နိ ဥပဒ္ဒါက အကျိုးတော်ဆောင် - ဦးမောင်မောင်ကြီး၊ ဦးအေးမြင့် (မြန်မာ့ရိုးရာ ဒိဋ္ဌိဝင်း)၊ ရန်ကုန် ပရိယတ္တိ သာသနာ့ တက္ကသိုလ် တိ = နိ ဥပဒ္ဒါက တွဲဖက်အကျိုးတော်ဆောင် - ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး၊ မြောင်းမြ)၊ ဦးအောင် (ဉာဏ်လင်းစာပေ၊ ပညာ့ဓိဇာန် ပုံနှိပ်တိုက်)


မတက်ရောက်နိုင်သူများ - အယ်ဒီယာချုပ် မြန်မာစာအဖွဲ့ဝင် ဆရာကြီး ဒဂုန် ဦးစန်းငွေ ဦးအောင်ဖွန့် (မြတ်ဘုဇန်မဂ္ဂဇင်း)

ဘာသာ့တက္ကသိုလ်



ပရိယတ်ခေါ် သာသနာ့ဟု
ပေါ်လွှာသပ တက္ကသိုလ်၊
သော်တာတမျှထက်ဗဟိုမှာ
လျှံလက်သကို မှောင်ပယ်ခွင်း။
ဘုံဆောင်ခန်းခန်း ဆန်းကြဟန်ငယ်
နန်းမြဝေယန် ဆိုလောက်ပေစွအခင်း။
ရွှေဂုန် ရွှေမန်း နှစ်မြို့တော်မှာ
မချို့သနော် သင်္ခါလင်း၊
အောင်မျိုးကြွေးကြော် သံသာညှင်း၍
ဖြဟ္မာနတ်မင်း ကောင်းချီးယင်။
ထေရဝါဒါ ကမ္ဘာတရိုး
မှန်စွာဝေဖြိုး စေတော့မည်ဟန်ပြင်။
မင်းကွန်းထေရ်မြတ် ဘုန်းဖြင့်လွင်သည်
နှုန်းချင့်မမြင် အစဉ်လျှ၍၊
စာသင်စာချ ဉာဏဂဝေသီ
အာဂဆွေ အလီလီ။
သာသနာဖြန့် လမ်းမဂ်ရည်သည်
လှမ်းတက်ချီချီ တူးနွဲပါကြလေး။ ။
ပညာဆီမီး ရွှန်းထက်စည်အောင်
ဝန်းလက်ညီညီ ကူတွဲပါကြလေး။ ။

ပန်းချီ အမ်.တင်အေး



••• ကြိုးကြိုးနှယ် ပါဝင်ပူးကော် ကြသည် •••

စာတည်းအဖွဲ့

* ဦးဆောင် ပဓာန နာယက

တိပိဋကမရ မမ္မဘဏ္ဍာဂါရိက
ဆရာတော် ဘုရားကြီး
ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ

* ဥက္ကဋ္ဌ

ဝဏ္ဏကျော်ထင် အထူးကူဆရာဝန်ကြီး
ပါမောက္ခ ဦးသာလှ

* အကျိုးတော်ဆောင်

ဦးမောင်မောင်ကြီး

* စာတည်းချုပ်

ဒဂုန် ဦးစန်းငွေ

* ကဗျာစာတည်းမှူး

လက်ဝဲ မင်းညို
(မဟာသရေစည်သူ ဦးချမ်းသာ
အိုင်-စီ-အက်၊ အငြိမ်းစား)

* စာတည်းအဖွဲ့ဝင်


ဦးသုခ
ဦးဆန်းထွန်း
ဦးစောမြင့်
ဦးအောင်သန်း
ဦးတင်ဟိန်း
ဦးအောင် (ညောက်လင်းစာပေ)
ဦးအေးမြင့် (မြန်မာ့ရိုးရာ ဒီဇိုင်း)
ဦးကျော်ခင်မြင့်
ဦးအောင်မွန်
ဦးကျော်လှိုင်

စာတည်းစာပြင်

ဆရာကြီး ဦးထွန်းလှိုင်
ဝဋ္ဌံသကာ (သိရောမဏီ)
ဦးကျော်လှိုင်
ဦးမင်းဆွေ
ဦးမင်းဟန်



ကျွဲ 'တတိယသုံးနှစ်ခရီး' စာအုပ်ကြီးအတွက်
အတွင်းနောက်ဝေစကား။ ဖြင့် ရိုက်နှိပ်သည့်
ရောင်စုံပန်းချီပုံများနှင့် စာစီခ၊ စက်ရိုက်ခ
အစုစုကျပ်ငွေ ခုနစ်သောင်းတစ်ထောင့် ငါးရာ
(၇၁၅၀၀ဝ/-)တိတိကို
ဉာဏ်လင်းစာပေနှင့် ပညာဗိမာန်ပုံနှိပ်တိုက်မှ
ဦးအောင်၊ ဒေါ်မြမြဝင်း တို့ကလှူဒါန်းပါသည်။



...ကြိုဆိုကြွန်ုပ်တို့၏ ကြွသည်...

စာပေ

စစ်ကိုင်း ရွှေဟင်္သာဆရာတော်
ကျော်လေးကျော် တောင်သုံးလုံး
ဆရာတော်

မင်းကွန်း တိပိဋကဓရ ဆရာတော်
ဘဒ္ဒန္တသဟမွတိထေရ်

နယားဆရာခတော် ဦးမေဓိယာဘိဝံသ
တိပိဋကဓရ ပြည်ဆရာခတော်
ဦးကောသလ္လ
ဘဒ္ဒန္တ ဓမ္မာနန္ဒ
ညောင်ကန်အေး ဆရာတော်
ရဝေထွန်း
ဦးကောဏ္ဍညသီရိ
အရှင်ထေရဝံသ (ပုသိမ်)
ပခုက္ကူ အရှင်ကေလာသ
အရှင်စန္ဒာဝရ (ပဲကတိုး)
ထဲးချိုင့်နတ်စိုး
ဌေးလွင် (ဆားလင်းကြီး)
ဦးပညာသာမိ မာဂဓိ-သာစည်)
အရှင်ဝဇိရပါဏိ (မြေထဲ)
စန္ဒန (ဘားအံ)
သီရိဝေလာ


နတ်မောက် အရှင်သုစိတ္တသာရ
ပခုက္ကူ အရှင်ကေသရ
အရှင်မာနိဘသိရီ

မြတ်ဆုမွန် (ငါန်းဇွန်)
အရှင်ပဏ္ဍိတ ဘိဝံသ
ဦးနန္ဒိယ (မုံရွာ)
မေမြို့ ရတနာမာရ်အောင် ဆရာတော်
ဓမ္မယောဂီ
အရှင်နန္ဒမာလာ
ဘုမ္မဝတီ သာကီခဆွ
ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး
မဟာသရေစည်သူ ဦးချမ်းသာ
(လက်ဝဲမင်းညို)

ဆန်းထွန်း (မန်းတက္ကသိုလ်)
ပါဠိပါမောက္ခ ဦးတင့်လွင်
ဒဂုန် ဦးစန်းငွေ
ဦးအောင်သိန်း (နာယက)
ဗိလ်မှူး သမိန်
စစ်ကိုင်း ကြည်ညွန့်
ဓမ္မဃောသက ဦးမောင်မောင်



ဇေယျာမောင်
အငြိမ်းစား သံအမတ်ကြီး ဦးကြင်
ဆရာဝန် တင်ရွှေ
မင်းယုဝေ
ကိုလေး(အင်းဝ ဂုဏ်ရည်)
ဦးကိုကို
တက္ကသိုလ် မောင်စောလွင်
မြဝင်း (ဒဿန)
ခင်မောင်ညို (ဘောဂဗေဒ)
ဦးနေဝင်း
တက်လူ
ကျော်လှိုင်
တင်ထွန်း (ဗိုလ်)
ဦးထွန်းလှိုင်
သောင်းထိုက်
ချစ်ဦးညို
မင်းဘူး မျိုးသက်အောင်
လေလှိုင်း ခရီးသည်
ကိုရင်စစ်
ပါရဂူ
ကိုဝင်းမောင် (တမွဝတီ)
ဦးလှရွှေ (မန်းခေတ်)
ဦးရဲလွင်
မောင်သန့်စင် (တီ=နို)
ဦးညီ
မောင်ရင့်ကျူး-မြောင်းမြ(သကျကုမာရ)
ဦးသန်းထွန်း (ရွှေဘို)
မျိုးမြင့်ဆွေ
စစ်ကိုင်း သူရ
ဦးတင်ဦး
သီဟဆွေ
မြင့်ဆွေ
မင်းသက်ကြီး
သူရဇော်
မောင်သက်ကြူ
ညီမွန်
ရွှေဘို မိမိကြီး
ဒေါ်ရီကြိန်
ယုဝတီ ရွှေဝါစိန်
မြကေခိုင်
နီနီယဉ်
အမ်-အေ မအုန်း



... ကြိုဆိုကြိန့်ယိမ်ပါဝင်ပူးပေါင်းကြသည် ...

ပန်းချီ

ဦးအမ်တင်အေး
ဦးလွန်းကြွယ်
ဦးဘလုံလေး
ဦးအောင်စိုး
ဦးစိန်
ဦးသောင်းဟန်
ဦးကြွယ်လေး
မောင်ငွေထွန်း
ဦးကျော်
မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)
တင်လှဝင်းထင်
မောင်ကျော်ညွှန့်-အဖွဲ့
စံတီး
စိန်မြင့်
မျိုးမြင့်
ဇော်မင်း
ကောင်းစံ
ဇော်တေဇ
သာတင့်ထက်
ကြည်သိန်း



... ဒေါ်အောင်ဆန်းစုကြည် ...

တင်မောင်မျိုး
ဗိုလ်ကလေးကျော်လှိုင်
စိုးဝင်းလွန်း
တင်ဝင်း
စန်းလှိုင်
ဝေမွန်လင်း
သန်းလှ
တိုင်းကျော်
ရွှေစိုးဟန်
ဆန္ဒမွန်
သန်းအောင်
ကိုဝင်းမောင် (တမွဝတီ)

ဦးတင်အေး
ကိုမာလာ
ကျော်ဖြူစံ
တင့်ကိုဇော်
ကျော်တင့်
ကိုကိုဦး
အောင်ခင်
ကြည်ဝင်း
ကျော်ဒင်
ဇော်ဝင်းနိုင် (လှိုင်)
မိုးမိုး



...ကျွန်တော်တို့နယ် ပါဝင်ပူးပေါင်းကြသည်...

ပုံနှိပ်

ပညာ့မီးမောင်းပုံနှိပ်တိုက်
အတွင်းစာသားများနှင့်
သရုပ်ဖော် ပန်းချီ ဓာတ်ပုံများ

ချီးဖြူပုံနှိပ်တိုက်
အတွင်းစာသားများ

* ရွှေစင်ပုံနှိပ်တိုက်
မျက်နှာဖုံးနှင့်အတွင်း
ကြွေစက္ကူဖြင့်ရိုက်သော
ရောင်စုံမှတ်တမ်း ဓာတ်ပုံများ

* ချိုတေးသံ ရောင်စုံပုံနှိပ်တိုက်
မင်းကွန်း တိပိဋကဓရ ဆရာတော်
ဘုရားကြီး၏ သြဝါဒကထာနှင့် ကထွ

ဓာတ်ပုံ

မောင်ကျော်မြင့် (နယူးဇတို)
ဦးအမ် တင်အေး
ဦးနေဝင်း (ပတ္တမြား ဓာတ်ပုံ)
ကိုဝင်မောင်အေး (ပန်တော်မူ ဓာတ်ပုံ
တိုက်၊ မတ္တရာ)
ကိုမောင်မောင်သန်း (မင်းကွန်း မိုးမိတ်
ကုန်းမြေ)

ရွတ်ဖတ်သီဆိုပူးပေါ်

ဂီတလှလင် မောင်ကိုကို
ဦးမောင်မောင်ကြီး
ဒေါ်တင်တင်မြ
ဒေါ်ရီရီသန့်

ကာလာခွဲ

ဦးခင်မောင်ကြီး
ရွှေစင်
အဝင်း
ဦးထွန်းဆိုင်

ဖလက်တွဲ

ကိုသိန်းအောင်

အပြင်အဆင်

ကိုသွေးသစ် (အားမန်သစ်စာပေ)

အော့ဖ်ဆက်ကာလာရိုက်

ထွန်းထွန်းဝင်းနှင့် အဖွဲ့



ပုံနှိပ်ခြင်း ပထမအကြိမ်
သာသနာနှစ်-၂၅၃၃
ကောဇာသက္ကရာဇ်
၁၃၅၁-ခုနှစ်၊
ခရစ်နှစ် ၁၉၈၉-ခုနှစ်၊
အောက်တိုဘာလ

တန်ဖိုး ၈ မူ ဒါ န

အုပ်ရေ ၅၀၀၀

အုပ်ဖုံးပန်းချီ မောင်အေးမြင့်
(မြန်မာ့ရိုးရာဒီဇိုင်း)

အုပ်ဖုံးရိုက် ရွှေစင်ပုံနှိပ်တိုက်

စာအုပ်ချုပ် ပပစိုး

ဘာသာရေးဆိုင်ရာ ၄၉၀/၈၉ {၅}
စာပေဒီဇိုင်းပြုချက်

မျက်နှာဖုံး ၄၀၅/၈၉ {၁၀}
ဒီဇိုင်းပြုချက်

ထုတ်ဝေသူ
ဝဏ္ဏကျော်ထင် ဆရာဝန်ကြီးဦးသာလှ
ကင်းလွတ်ခွင့် အမှတ် (၃၄)
တိပိဋကနိကာယဥပဒ္ဒာကအဖွဲ့ ဥက္ကဋ္ဌ
စကားဝါလမ်း၊ အမှတ်-၁၂၊ရန်ကုန်။


ပုံနှိပ်သူ
ဦးကြည် (မြ-၀၂၄၀၉)
ပညာ့ဗိမာန်ပုံနှိပ်တိုက်၊ အမှတ် ၄၁၊
၄၄-လမ်း၊ ရန်ကုန်မြို့။

တတိယ — သုံးနှစ်ခရီး

ပထမ

တိပိဋကတ = နိကာယ
သာသနာပြုအဖွဲ့.

သာသနာ - ၂၅၃၃
ကောဇာ - ၁၃၅၁
ခရစ် — ၁၉၈၉



ပဏာမကဏ္ဍ

သာသနာ့တက္ကသိုလ် တေးထပ်
ပါဠိပါမောက္ခဦးတင့်လွင်
ပန်းချီ အမ်-တင်အေး

ပထမကဏ္ဍ

ဩဝါဒနှင့် သမ္မောဒနီယကထာများ

ဩဝါဒကထာ	စစ်ကိုင်း ရွှေဟင်္သာ	
	ဆရာတော်	၁
အစိန္တေယျပန်းကုံး	ဘဒ္ဒန္တသဟမ္မတိထေရ်	၃
သာသနာပြုနည်းအမျိုးမျိုး	ဦးမေမိယာဘိဝံသ	၇
ပုဂ္ဂလဝိသေသနှင့် ပရိယတ္တိ သာသနာ့တက္ကသိုလ်	တောင်လေးလုံး ဆရာတော်	၁၃
အာဇာနည်အကျော် ပုဂ္ဂိုလ်တော်	ဘဒ္ဒန္တဓမ္မာနန္ဒ	၂၀
အဘိဓဇ ဓမ္မနာဒဆရာတော်ဘုရား ကြီးထံ လျှောက်ထားလွှာ	အရှင်ကောသလ္လ(ပြည်)	၂၅
မင်းကွန်း တိပိဋကဆရာတော် ဘုရားကြီး၏ ထူးထူးခြားခြား အမိန့်စကားတော်များ(၂)	ညောင်ကန်အေး ဆရာတော်	၂၀
ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက ဆရာတော် တိပိဋက ကောလဟလ ခေတ်သစ် အာနန္ဒာ	ရဝေထွန်း	၃၅
	ဦးကောဏ္ဍညသိရီ	၄၀
	အရှင်ထေရဝံသ (ပုသိမ်)	၄၇

ဒုတိယကဏ္ဍ

ထုတိယဘာနှင့် ဝန္ဒနာကထာများ


မင်းကွန်း တိပိဋကဓရဆရာတော် ဘုရားကြီး၏ သာသနာတော် အတွက် ဆောင်ရွက်ချက် အကျဉ်းချုပ်	ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှ	၅၅

တတိယ — သုံးနှစ်ခရီး

ဗုဒ္ဓဘာသာ

တိပိဋကတ = နိကာယ
သာသနာပြုအစဲ့

သာသနာ - ၂၅၃၃
ကောလာ - ၁၃၇၁
စရစ် — ၁၉၈၉




ဗုဒ္ဓဆင်းတုတော်များ အလှူရှင် စာရင်း	—	၆၃
အောင်မြင့်မဆုံး အောင်လေဦး	စစ်ကိုင်း ကြည်ညွှန့်	၃၁
မြန်မာစာပေ သြဝါဒစိစစ်ရေးယန္တရား ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ	အရှင်ကေလာသ	၈၁
ရယူလိုသောဆု	ဓမ္မသောသကဦးမောင်မောင်	၈၅
ဒေသနာမိုး တဖြိုင်ဖြိုင်	ဦးအောင်သိမ်း(နာယက)	၈၉
တိပိဋကဓရ ဆရာတော်နှင့် သမိုင်းပေးတာဝန်	ဓမ္မာစရိယ ဦးမောင်မောင်လေး	၉၃
ကြည်သိုသဒ္ဓါပိတိဖြာလျက် ရွှေပင်နားတော့ ရွှေကျေး	ဦးကြင် (အငြိမ်းစား သံအမတ်ကြီး)	၁၀၈
မဏိဇောတ ပြည်တန်မြသို့	အရှင်စန္ဒာဝရ(ပဲကတိုး)	၁၁၂
မင်းကွန် တိပိဋကဆရာတော်ဘုရား ကြီးစဲထူးခြားသော အရည်အသွေးများ	ဆရာဝန်တင်ရွှေ	၁၁၅
မဟာဇေယျာ သီရိမင်္ဂလာရတုပိဒ်စံ	ဦးချမ်းသာ	၁၂၁
ဆရာတော်ဘုရားကြီးသို့	မင်းယုဝေ	၁၂၃
မဟာထေရပူဇာ	ကိုလေး(အင်းဝဂုဏ်ရည်)	၁၂၅

တတိယ သုံးနှစ်ခရီး

တိဝိဋကက = နိကာယ
သာသနာပြုအဖွဲ့.

သာသနာ - ၂၅၃၃
ကောဇာ - ၁၃၅၁
ခရစ် - ၁၉၈၉



မင်းကွန်းတိပိဋကဓရ ဆရာတော်
ဘုရားကြီးနှင့် ကမ္ဘာအနှံ့မှ
ဒါယကာ ဒါယိကာမများ ဦးကိုကို ၁၂၇
ပညာ သမာ အာဘာ နတ္ထိ တက္ကသိုလ် မောင်စောလွင် ၁၃၃
မင်းကွန်းတိပိဋကဓရ ဆရာတော်
ဘုရားကြီးအား အနီးကပ်
ဖူးမြော်ရခြင်း မြဝင်း(ဒဿန) ၁၄၇
မင်းကွန်းတိပိဋကဓရ ဆရာတော်
ဘုရားကြီး ဟောပြော
ရေးသားတော်မူတာတွေထဲက ခင်မောင်ညို (ဘောဂဗေဒ) ၁၄၁
ပရိယတ္တိ သာသနာ့ တက္ကသိုလ်
ဂုဏ်ရောင် ဦးနေဝင်း ၁၄၈

တတိယကလျှာ

ဗဟုသုတကထာများ

အိပ်မက်ပုံပြင်ရိပ် တက်လူ ၁၅၁
ပရိတ်ဒေသနာနှင့် တိပိဋကဓရ
ဆရာတော်၏ မေတ္တာ ကျော်လှိုင် ၁၅၂
လောဘ ဒေါသ မာန ကင်းလျှင် ထီးချိုင့် နတ်စိုး ၁၅၄
ရောင်ဝါနေသို့ ထွန်းပါစေ တင်ထွန်း(ဗိုလ်) ၁၆၅
တတိယသုံးနှစ်ခရီး၏ သုံးနှစ်ခရီး ဌေးလွင်(ဆားလင်းကြီး) ၁၇၀
ဦးဝိစိတ္တာသာရ၏ ဩဝါဒကထာ ဦးပညာသာမိ ၁၇၈
တိပိဋကဓရပုဂ္ဂိုလ်တစ်ပါး၏
တန်ဖိုး ဦးထွန်းလှိုင် ၁၈၂

တတိယ သုံးနှစ်ခရီး

ပဒုမာ

တိဝိဇ္ဇက = နိကာယ
သာသနာပြုအာဇို့

သာသနာ - ၂၅၃၃
ကောလာ - ၁၃၅၁
ခရစ် - ၁၉၈၉




ခေတ်မီစံပြ ကမ္ဘာ့စံချိန်မီ ဖြစ်ရေး	သောင်းထိုက်	၁၈၉
ဝလေးထုံး မဂ်လာ	ခင်စဝယ်	၁၉၄
မဟာဗုဒ္ဓဝင် ကျမ်းပြီးနိဂုံးမှတွေ့ရ သောတိပိဋကဆရာတော်ကြီး၏ ပရဟိတစိတ်မြတ်	ချစ်ဦးညို	၁၉၈
ပြည်ရွှေဘုံမှ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း	ရွှေဘို မိမိကြီး	၂၀၂
သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး	မင်းဘူး မျိုးသက် အောင်.	၂၀၈
ရင့်စေလိုပါသည်	အရှင်ဝဇီရပါဏိ(မြဝတီ)	၂၁၂
ရောမ တရားကြီး	တည်တော ဆရာတော်	၂၁၅
နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် သာသနာ အရည်ခံ တည်တံ့နိုင်ရေး	လေလှိုင်း ခရီးသည်	၂၁၈
	ကိုရင်စစ်	၂၂၃
စတုတ္ထကက္ခ ပရိယတ္တိတက္ကသိုလ်ကထာများ		
စိုးရိမ်ဖွယ် မရှိပါ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်အကြောင်း သိကောင်းစရာအဖြာဖြာ	စန္ဒိန(ဘားအံ)	၂၃၁
	သီရိဝေလာ	၂၃၈

တတိယ — သုံးနှစ်ခရီး

ပဉ္စမဓာ

တိပိဋကတ = နိကာယ
သာသနာပြုအဖွဲ့.

သာသနာ - ၂၅၃၃
ကောဇာ - ၁၃၅၁
ခရစ် - ၁၉၈၉




နေလအသွင် တည်စေသတည်း	နတ်မောက် အရှင် သုစိတ္တသာရ	၂၅၁
အထူးခြားဆုံး သာသနာပြု ပုဂ္ဂိုလ် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်	ဒေါ်ရီကြိုန်	၂၅၄
ဗုဒ္ဓ၏ ခြေရာတော်များ	ပါရဂူ	၂၅၉
တာဝတိံသာမှာ ကြီးမားသော ဘုံဗိမာန်	ကိုဝင်းမောင်(တမွဝတီ)	၂၆၅
တွေ့ခဲ့လှုသည့် သာသနာ	ပခုက္ကူ အရှင်ကေသရ	၂၆၉
သိမ်သမုတ်ရန် ဝိသုဂါမ သိမ်မိန့်ခဲ့ ခဲ့ရသည့်အကြောင်းသိကောင်း စရာ အဖြာဖြာ	အရှင် မာနိဟသိရီ	၂၇၃
ပရိယတ္တိ သာသနာ့တက္ကသိုလ်	ဦးလှရွှေ (မန်းခေတ်)	၂၇၉
ဆတွက် အကြံပေးချက်	ဦးရဲလွင်	၂၉၁
စိန်ရတုဝိဇာတမင်္ဂလာ	—	၂၉၃
သက်တော် ၂၅-နှစ်ပြည့် မွေးနေ့ ရတုပိုဒ်စုံ	ဦးချမ်းသာ	၂၉၉
စည်းကမ်းရှိမှ အခွန်ရှည်မည် စိတ်ချရပြီဖြစ်၍	မြတ်ဆုဝေ	၃၀၂
	အရှင် ပဏ္ဍိတာဘိဝံသ	၃၀၂

တတိယ — သုံးနှစ်စရီး

ပါဠိတော်

တိပိဋကတ = နိကာယ
သာသနာပြုအဖွဲ့.

သာသနာ - ၂၅၃၃
ကောလာ - ၁၃၅၁
ခရစ် - ၁၉၈၉



ပဋမကဏ္ဍ
တိပိဋကနှင့် ပဋိနိကာယ
ပဉ္စကထာများ

သာသနာပြု	ဆန်းထွန်း (မန်းတက္ကသိုလ်)	၃၁၆
ပိဋကတိုက်	ဥပနာယက ဆရာတော်များ	၃၂၁
မင်းကွန်း တိပိဋကဓရဆရာတော် ဘုရား၏ ၆-နှစ်တာ သာသနာပြု ခရီး	မောင်သန့်စင်(တီ=နို)	၃၂၃
အာသက်ရှည်စေလို မန်းတောင်ရိပ်ခို	ဦးညီ	၃၃၁
ရှိခိုးပန်ထွာ ဂန္ဓနာ	ယုဝတီ ရွှေဝါစိန်	၃၃၆
အာဘိဓမ္မမဟာရဋ္ဌဂုရု ဂုဏ်ပူဇော်ပွဲ (ရန်ကုန်)	ဦးချမ်းသာ	၃၄၃
မင်းကွန်း အလှဘွဲ့	ထီးချိုင့် နတ်စိုး	၃၄၉
မဟာအာဂါဘိမဇ္ဈ မဂ်လာရတုပိဒ်စုံ	ဦးချမ်းသာ	၃၄၁
ဆရာတော်လို ပုဂ္ဂိုလ်နှံတူတဲ့ ဆရာတော်	ဦးနန္ဒိယ(မုံရွာ)	၃၄၅
ညောင်မြေမဟီ သက်သေတည်	မေမြို့ ရတနာမာရ်အောင် ဆရာတော်	၃၅၁
မိုးမိတ်ကုန်းမြေ လေ့လာရေး		
ဓမ္မခရီး	သကျကုမာရ	၃၅၉
ပွဲမဝင်ခင် ပြင်ကကျင်းပ နည်းပြ ထေရ်မဟာ	မြကေခိုင်	၃၆၁

တတိယ — သုံးနှစ်ခရီး

ပဉ္စမ

တိပိဋကတ = နိကာယ
သာသနာပြုအဖွဲ့.

သာသနာ - ၂၅၃၃
ကောဇာ - ၁၃၅၁
ခရစ် — ၁၉၈၉



စာမေ အနုပညာရှင်များ၏ခမ္မခရီး	မောင်ရင့်ကျူး (မြောင်းမြ)	၃၂၁
ဆယ်နှစ်တာအောင်ပွဲ	—	၃၂၃
ဆရာတော်ကြီး၏ ပတ္တမြားမြေခရီး	ဗိုလ်မှူး သမိန်	၃၀၁
ထောမနာ ဝန္ဒနာ	ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသ	၃၉၁
ပတ္တမြားဆန်ကျူး အဖိုး ပြည်တန်	ဦးသန်းထွန်း(ရွှေဘို)	၄၉၅
အဘိဓဇ မဟာရဋ္ဌဂုရု ဂုဏ်ပူဇော်ပွဲ	--	၄၀၁
အေးမြရိပ်ဥ ရွှေယ်ချူဒါန တိပိဋကတ မမ္မပူဇော မင်္ဂလာ ရတုပိုဒ်စုံ	ဦးချမ်းသာ	၄၀၃
မွေးရပ်မြေသို့ တစ်ခေါက်	နိုနိုယဉ်	၄၁၀
ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ	မမ္မယောဂီ	၄၁၄
ကြွေးဆပ်ခြင်း	အရှင် နန္ဒမာလာ	၄၁၆
ကြွေလွင့်ရယ်စော	ဘုမ္မဝတီ သဂၤီဆွေ	၄၂၂
ဆယ်တာဆရာတော်နှင့် ထီးတော်ပင့်ပွဲ	အရှင်တေဇနိယာဘိဝံသ	၄၂၈
မီးတိုင်များရဲ့ မိခင်တွေ	မျိုးမြင့်ဆွေ	၄၃၄
သီရိမင်္ဂလာ ရတုပိုဒ်စုံ	ဦးချမ်းသာ	၄၃၆
ညောင်ညိုရိပ်ကို စိုပြည်စေသည့် ပုဂ္ဂိုလ်ထူး	စံစ်ကိုင်း သူရ	၄၄၂
ပရိတ်တော်၏ ငြိမ်းချမ်းခြင်း	ဦးတင်ဦး	၄၅၂

တတိယ သုံးနှစ်ခရီး

တိပိဋကနိကာယ
သာသနာပြုအဖွဲ့

သာသနာ - ၂၅၃၃
ကောဇာ - ၁၃၅၁
ခရစ် - ၁၉၈၉



စီးတဲ့ရေ ဆည်တဲ့ကန်သင်း	မြတ်ဆုမွန်(ငါန်းဇွန်)	၄၅၀
အုံမခန်းသည့် ထူးဆန်းစံတင် ထေရ်အရှင်	သီဟဆွေ	၄၆၀
မဟာဇောဆေးတောင်းပြည့် ရွှပ်ပွားတော်မြတ်သမိုင်း၏ နောက်ဆက်တွဲရတုပိုဒ်စုံ	ဦးချမ်းသာ	၄၇၄
သာသနာပြုခရီးမှ အမှတ်တရ တစ်ကဏ္ဍ	ဦးတင်ဦး	၄၇၆
တိပိဋကရေဆရာတော်၏ ငယ်မှုလက်ရာ ကဗျာများ	မြင့်ဆွေ	၄၈၃
စင်တော်ကောက်	အမ်အေ-မအုန်း	၄၉၃
ဦးချဝန္ဒနာ ဆုပန်ထွာ	မင်းသက်ကြီး	၅၀၁
ဦးထိပ်ပန်ခြီ သာသနာ့အာဇာနည် ကန်တော့ပန်းအလင်္ကာ	သူရဇော်	၅၀၃
မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်နှင့် နာယကချုပ် ဆရာတော်	မောင်သက်ကြူ	၅၀၄
တိပိဋကနိကာယ သာသနာပြု အဖွဲ့၏ တတိယသုံးနှစ်ခရီး မော်ကွန်း	ညီမွန်	၅၀၅
၁၀၅	ဘတည်းအဖွဲ့၏ တောင်းပန်လွှာ	၅၀၉

စာတည်းအဖွဲ့၏

ကျေးဇူးတင်မှတ်တမ်းလွှာ

ဤတိပိဋကာ= နိကာယ သာသနာပြုအဖွဲကြီး၏ တတိယသုံးနှစ်ခရီး စာစောင်ကို ပြုစုထုတ်ဝေရာ၌ အဘက်ဘက်မှ ကာယအား၊ ဉာဏအား ဒါနအားတို့ဖြင့် ပါဝင်ကူညီလှုံ့ဆော်ကြသော ဂန္ဓကာရက မဟာထေရ် မြတ်ကြီးများ ဖြစ်တော်မူကြသည့်–

စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်၊ ကျော်လေးကျော် တောင်လေးလုံး ဆရာတော်၊ မင်းကွန်း (တိပိဋကဓရ) ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၊ ဘဒ္ဒန္တသဟမ္မတိထေရ်၊ နယားဆရာတော် ဦးမေဓိယာ ဘိဝံသ၊ တိပိဋကဓရ ပြည်ဆရာတော် ဦးကောသလ္လ၊ ဘဒ္ဒန္တမ္မောနန္ဒ၊ ညောင်ကန်အေးဆရာတော်၊ ရဝေထွန်း၊ ဦးကောဏ္ဍညသိရီ၊ အရှင်ထေရဝံသ (ပုသိမ်)၊ အရှင်ကေလာသ၊ အရှင်စန္ဒာဝရ (ပဲကတိုး)၊ ထီးချိုင့်နတ်စိုး (တည်တောဆရာတော်)၊ ဌေးလွင် (ဆားလင်းကြီး)၊ ဦးပညာသာမိ (မာဂဓ-သာစည်၊ ခင်စပယ်)၊ အရှင်ဝဇိရပါဏိ (မြေထဲ)၊ စန္ဒန (ဘားအံ)၊ သိရိဝေလာ၊ နတ်မောက် အရှင်သုစိတ္တ သာရ၊ ပခုက္ကူ အရှင်ကေသရ၊ အရှင် မာနိတသိရီ၊ မြတ်ဆုဝေ မြတ်ဆုမွန် (ငါန်းဇွန်)၊ အရှင် ပဏ္ဍိတာဘိဝံသ၊ ဦးနန္ဒိယ (မုံရွာ)၊ မေမြို့ ရာဇာနာမာရုံအောင် ဆရာတော်၊ ဓမ္မယောဂီ၊ အရှင်နန္ဒမာလာ၊ ဘုမ္မဝတီသာကီဆွေ၊ မောင်သန့်စင် (တီ = နီ) တို့ ကိုလည်းကောင်း။

ဝဏ္ဏကျော်ထင် အာဆူးကုဆရာဝန်ကြီး ဦးသာလှ၊ မဟာသရေစည်သူ ဦးချမ်းသာ (လက်ဝဲမင်းညီ)၊ ဆန်းထွန်း (မန်းတက္ကသိုလ်)၊ ဦးကြောင်ဆိုး (နှာယက)၊ ဂိုလ်မှူးညပ်ဦး၊ စွဲကိုင်းကြည်ဇွန်း၊ ဝမ္မဃောသက ဦးမောင်မောင်၊ မင်းသုဝဏ်၊ ပါဠိဌာန ပါမောက္ခ ဦးတင်လွင်၊ ဝမ္မာစရိယ ဦးမောင်မောင်လေး၊ ဇေယျာမောင်၊အငြိမ်းစားသံအမတ်ကြီး ဦးကြောင်၊ ဆရာဝန် တင်ရွှေ၊ မင်းယုဝေ၊ ကိုသေး (ဆင်းဝ ဂုဏ်ရည်)၊ ဦးကိုကို၊ တက္ကသိုလ် မောင်စောလွင်၊ မြဝင်း (ဒဿန)၊ ခင်မောင်ညို (ဘောဂဗေဒ)၊ ဦးနဝင်း၊ တက်လူ၊ ကျော်လှိုင်၊ တင်ထွန်း (ဗိုလ်)၊ ဦးထွန်းလှိုင်၊သောင်းဆိုက်၊ ချစ်ဦးညို၊ မင်းဘူး မျိုးသက်အောင်၊ လေလှိုင်းခရီးသည်၊ ကိုရင်စစ်၊ ပါရဂူ၊ ကိုဝင်းမောင် (တမ္ဗဝတီ)၊ ဦးလှရွှေ(မန်းခေတ်) ဦးရဲလွင်၊ ဦးညီ၊ သကျကုမာရ (ဒေါင်ရင့်ကျူး - ဓမြောင်းမြ)၊ ဦးသန်းထွန်း (ရွှေဘို)၊ မျိုးမြင့်ဆွေ၊ စစ်ကိုင်း သူရ၊ ဦးတင်ဦး၊ သီဟဆွေ၊ မြင့်ဆွေ၊ မင်းသက္ကကြီး၊ သူရဇော် မောင်သက်ကြူး၊ ညီမွန်တို့ကို သည်းကောင်း။

ရွှေဘို မိမိကြီး၊ ဒေါ်ရီကြိန်၊ ယုဝတီရွှေဝါစိန်၊ မြကေခိုင်၊ နီနီယဉ်၊ အမ်အေ မအုန်းတို့ကိုလည်းကောင်း၊

အတွင်းသရုပ်ဖော်ပုံ ရေးဆွဲပူဇော်သည့် ဆရာကြီး ဦးလွန်းကြွယ်၊ ရုန်ကုန်တက္ကသိုလ် ပါဠိဌာန၊ အငြိမ်းစားပါမောက္ခ ဦးတင်လွင် ရေးစပ်သည့် "သာသနာ့ တက္ကသိုလ်" တေးထပ်၏ သရုပ်ဖော်ပုံ ရေးဆွဲပူဇော်သော ဆရာဦး အမ်- တင်အေး၊

အတွင်းသရုပ်ဖော်ပုံ ရေးဆွဲပူဇော်သည့် မန္တလေးမှ ပန်းချီဆရာ ဦးစိန်မြင့်တို့ကိုလည်းကောင်း။

ဆရာတော် ဘုရားကြီးများ၏ ဓာတ်ပုံကိုရိုက်ကူး လှူဒါန်းသော မောင်ကျော်မြင့်၊ (နယူးဇဟို) ကိုလဲည်းကောင်း။

အထူးအားဖြင့်-

ဤတိဝိဒ္ဓက=နိကာယ သာသနာမြို့အဖွဲ့. တတိယသံဃာနုစ်ခရိုး စာစောင် ရိုက်နှိပ်ရာ၌ စီခရိုက်ခအားလုံးကို လှူဒါန်းသော ဥာဏ်လင်းစာပေမှ ဦးအောင် + ဒေါ်မြမြဝင်း မိသားစုကိုလည်းကောင်း အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

စာတည်းအဖွဲ့၏ တောင်းပန်လွှာ

ဤတိပ်ဌက=နိကာယ သာသနာပြုအဖွဲ့ တတိယ သုံးနှစ်ခရီး စာစောင်၏ ပဏာမကဏ္ဍ၊ ရောင်စုံဓာတ်ပုံကဏ္ဍမှ ပန်းချီ အမ်-တင်အေး၏ ပန်းချီသရုပ်ဖော်ပုံပါ တေးထပ်ကို ရေးစပ်သူမှာ ပါဠိဋ္ဌာနပါမောက္ခ ဦးတင်လွင် ဖြစ်ပါသည်။ ရောင်စုံဖလင် ကူးရန်စီစဉ်ရာ၌ အမည်ကျန်သွားရခြင်းကိုလည်းကောင်း။

ပဉ္စမကဏ္ဍ၊ စစ်ကိုင်းသူရ၏ ဥာဏ်ရိပ်ညိုကို စိုပြည်စေသည့် ဝိဂ္ဂိုလ်ဆူး ဆောင်းပါး၊ စာမျက်နှာ ၄၅၃၊ ပထမကော်လံ ကြောင်းရေ ၄-နှင့် ၅-၌ ဝန်တိုခြင်း-ထမ္ဘဟု စာမူမှာပါသည့် အတိုင်း စာစီ၍ရိုက်ခဲ့ပါသည်၊ ခိုင်ကြံ့ခြင်း-ထမ္ဘဟု ဤနေရာမှနေ၍ ပြင်ဆင်သည်ကိုလည်းကောင်း။

အကြောင်းအမျိုးမျိုးကြောင့် အသုံးမပြုရသော စာမူများ၊ ပန်းချီ သရုပ်ဖော်ပုံများအတွက်လည်းကောင်း စာတည်းအဖွဲ့က ကာယကံရှင်အပေါင်းကို တောင်းပန်ပါသည်။

စာတည်းအဖွဲ့
တတိယသုံးနှစ်ခရီးစာစောင်

တိ=နိ ဥဏှာပ်၏ ပန်ကြားလွှာ

တိပိဋကတ=နိကာယ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှ၏ အစီရင်ခံစာ

အချင်းတို့.... ယောက်ျားစစ်မှန် ဝေဖန်တတ်သိ ပညာရှိသည် တောင့်တလိုလား ရည်မှန်းချက်ထား၍ ကြိုးစားရမည်သာတည်း။ ပျင်းရိမှိုင်မေ့ ငြီးငွေ့၍မနေရာ။ ပျင်းရိမှိုင်မေ့ငြီးငွေ့မနေပဲ ရည်မှန်းချက်ထား ကြိုးစားသောငါသည် ဖြစ်ချင်သမျှ ဖြစ်ခဲ့ရပေပြီ။

အချင်းတို့...ယောက်ျား စစ်မှန် ဝေဖန်တတ်သိ ပညာရှိသည် တောင့်တလိုလား ရည်မှန်းချက်ထား၍ ကြိုးစားရမည်သာတည်း။ပျင်းရိမှိုင်မေ့ ငြီးငွေ့၍မနေရာ။ ပျင်းရိမှိုင်မေ့ ငြီးငွေ့၍မနေပဲ ရည်မှန်းချက်ထား၍ ကြိုးစားသောငါသည် သမုဒ်ပင်လယ်ရေပြင်ကျယ် အနက်မှ ကုန်းမြေထက်သို့ ရောက်ခဲ့ရပေပြီ။

တိပိဋက - နိကာယ သာသနာပြုအဖွဲ့ဝင် သူတော်စင်များနှင့် စာရှုသူ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့ခင်ဗျား....။ ယခု ကျွန်တော်၏ အစီရင်ခံစာ၌ အစချီ ဖော်ပြထားသည့် စကားရပ်များမှာ မဟာဇနကမင်းကြီး၏ ဝမ်းသာရွှင်မြူး ဥဒါန်းကျူးသည့် လေးဂါထာကို အကျဉ်းချုပ် မြန်မာပြန်ဆို ဖော်ပြထားခြင်း ဖြစ်ပါသည်။

မှန်ပါသည်။ အလောင်းတော် မဟာဇနက မင်းသားသည် ခမည်းတော်နှင့် ဘိုးတော်မင်းတရားကြီးတို့၏ အမွေအနှစ်ဖြစ်သည့် မိထိလာပြည် ထီးနန်း စည်းစိမ်ကို ရယူ ရည်မှန်းချက်ထား၍ ပင်လယ်ထဲမှာ အရင်းအနှီး ပစ္စည်းဥစ္စာ စုဆောင်းရင်း ကူးသန်းရောင်းဝယ်ရေး လုပ်ကာ သင်္ဘောဖြင့်သွားလာစဉ် လေမုန်တိုင်းမိပြီး သင်္ဘောပျက်ခဲ့ပါသည်။

သင်္ဘောပျက်သော်လည်း မင်းသားသည် မိထိလာပြည်ရှိရာသို့ မှန်း၍ ရေပြင်ကျယ်သည့် ပင်လယ်နက်မှာ လက်ပစ်ကူးကာ ကြိုးစားအားထုတ်ခဲ့လေရာ နောက်ဆုံးတွင် ကုန်းမြေပါသို့လည်း ရောက်ရပြီး၊ ရည်မှန်းချက်ရှိသည့်အတိုင်း ထီးနန်းအမွေကို ဆက်ခံရရှိလေသောကြောင့် ဖော်ပြခဲ့သည့်အတိုင်း ဥဒါန်းစကား မိန့်ကြားခြင်းဖြစ်ပါသည်။

တိပိဋက - နိကာယသာသနာပြုအဖွဲ့ဝင် သူတော်စင်များခင်ဗျား။ သိရှိတော်မူကြပြီး ဖြစ်သည့်အတိုင်း ကျွန်တော်တို့သည် ပိဋကသုံးပုံအောင်နှင့် နိကာယ်ငါးပါးဆောင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် သာသနာ့အာဇာနည်များ ပေါ်ထွန်းလာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ဘုရားကြီး ဦးဆောင်ပဓာန နာယကအဖြစ် ဦးထိပ်ထားပြီး တိ - နိ သာသနာပြု အသင်းကြီးကို တည်ထောင်၍၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ တိ - နိ သာသနာပြု ကျောင်းတော်ကြီး ဆောက်လုပ်ကာ သာသနာပြုခဲ့ကြပါသည်။ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နယူးလင်းလမ်း၌လည်း တိ - နိ သာသနာပြုကျောင်းတိုက်ခွဲ ဖွင့်လှစ်၍ သာသနာပြုခဲ့ကြပါသည်။

ကျောင်းဆောင်ကြီးများ တည်ဆောက်ဖွင့်လှစ်ပြီး နောက်၌လည်း ဆက်လက်၍လည်း ကျောင်းဆောင်ကြီးများ၌ သီတင်းသုံးနေထိုင်ကာ တိပိဋကဓရနှင့် နိကာယဓရအဖြစ် ရောက်အောင် ပရိယတ္တိဝန်ထမ်း စာသင်သားရဟန်းတော်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနှင့် လစဉ်လပ်ကွက် မရှိစေရအောင် နှင်းဆောင်လှူဒါန်း ထောက်ပံ့နိုင်ခဲ့ပါသည်။ ဒွိပိဋကဓရ၊ ကေပိဋကဓရ၊ ဝိနယရစသည့် ပိဋကတ်ဝန်ဆောင် ရဟန်းတော်များစွာ ပေါ်ထွန်းလာပါသည်။

ထို့ပြင် မြန်မာပြည် သာသနာ့ဥစ္စာသျှောင်ထမှဲ ဖြစ်တော်မူသည့် နိုင်ငံတော် သံဃမဟာနာယကထမှဲကြီးက် တာဝန်ပေးချက်အရ ပြည်တွင်းပြည်ပ သာသနာပြုနိုင်ငံခြားသည့် အာဇာနည်သာသနာပြု ရဟန်းတော်များ ပေါ်ထွန်းရေးအတွက် မဟာဥဒ္ဒေါနကြီး ၇-ခုမှ စိတ်ကိုက် ဘာသာဖြစ်သော ပါဠိ၊ မြန်မာ· အင်္ဂလိပ်၊ သက္ကတ၊ ဟိန္ဒီ–ဘာသာကြီး ငါးမျိုးကို ပို့ချပေးနိုင်သည့် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး နှစ်ဆူကိုလည်း မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ ဖွင့်လှစ်တည်ဆောက်နေဆဲ ဖြစ်ပါသည်။

ယင်း သာသနာ့တက္ကသိုလ် ကျောင်းတော်ကြီးများ၌ သီတင်းသုံး၍ ပရိယတ္တိ စာပေများကို စလေ့လာ သင်ယူခြင်း၊ သင်ကြားပို့ချပေးခြင်းများ ပြုလုပ်ကာ သာသနာ့တာဝန်ကို ထမ်းဆောင်နေတော်မူကြသည့် စာချစာသင် သံဃာတော် အရှင်မြတ်များအား လည်း၊ ပစ္စည်းလေးဖြာ လိုရာရာကို စေတနာထက်ထက်ဖြင့် ဆက်ကပ်လှူဒါန်း နိုင်ခဲ့ပါသည်။

ထို့နောက် တိုင်းနှင့်ပြည်နယ် အရပ်ရပ်မှ ဂိုလာနရဟန်းသံဃာတော်များ၊ ကျန်းမာချမ်းသာရေးအတွက် ဝိနည်းတော်နှင့်အညီ ကုသပေးနိုင်သည့် ဆေးဝါးပစ္စည်းကိရိယာ စုံလင်စွာနှင့် ရဟန်းတော် သူနာပြုသင်တန်း ကျောင်း အဆူးကုအဆောင်များ ပါဝင်သည့် သာသနာ့ဆေးရုံကြီးကိုလည်း တည်ဆောက်လျက် ရှိပါသည်။ လိုအပ်သမျှ မွမ်းမံပြည့်စုံနိုင်ရန် ငွေပဒေသာပင်များလည်း စိုက်ပျိုးထားနိုင်ပါသည်။

ဤဖော်ပြပြီးသည့် အကြောင်းအရာမျှမကသေးပါ။ ရွေးအစဉ်အလာမှစ၍ တိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရား စိတ်ဆန္ဒအရ ပြုလုပ်မြဲဖြစ်သော–

(၁) ဗုဒ္ဓပူဇာအဖြစ် မိုးမိတ်စေတီတော်ကြီးအား နှစ်စဉ် နိဗ္ဗုတ္တဒ္ဒပူဇနိယ ပွဲတော် ကျင်းပပြုလုပ် ပူဇော်ခြင်း။

(၂) ဓမ္မပူဇာအဖြစ် နှစ်စဉ် တိပိဋကနှင့် နိကာယစာအာင် အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ခြင်း။

(၃) သံဃပူဇာအဖြစ် နှစ်စဉ် မင်းကွန်းတောင်ရိုးမှ ရဟန်းသာမဏေ များအား သက်နံ့းကပ်လှူ ပူဇော်ခြင်းများအပြင် ထေရိအသွင် သီလရှင် ဆရာကြီး ဆရာကလေးများအား ဝတ်ရုံလှူဒါန်း ခြင်း ပြုလုပ်ကျင်းပခဲ့ရာ သာသနာပူဇာအဖြစ် ဆောင်ရွက်ရန် တာဝန်ကျရောက်လာသဖြင့် တိပိဋက–နိကာယ သာသနာပြုအဖွဲ့ကြီးက ဆောင်ရွက်ခဲ့ပါသည်။

အဆူးလဖြန့်တိပိဋက–နိကာယ သာသနာပြု အဖွဲ့ကြီး၏ ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော်ဘုရားကြီး အနယ်နယ်အရပ်ရပ် ဘရားပွဲ အမျိုးမျိုးများ၌ ဟောကြားတော် မူခဲ့သည့် တရားတော်များကို တိပ်ခွေများဖြင့် ဖမ်းယူထားပြီး ပြန်လည်ကူးရေးကာ သာသနာရေး ဦးစီးဌာန ပညာရှင်များက စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ပထမတွဲနှင့် ဒုတိယတွဲနှစ်အုပ်ပြီးစီးခဲ့ပါသည်။

ယင်း ဟောစဉ်ကျမ်းများကို ကျွန်ုပ်တို့ တိ=နိသာသနာပြုအဖွဲ့ကြီးက သာသနာရေး ဦးစီးဌာနမှ ရောင်းချပေးရာတွင် ကျမ်းစာအုပ် အားလုံး ကုန်သွားပြီး သူမရ၊ ငါမရ မလောက်မငဖြစ်နေသောကြောင့် နှစ်တွဲလုံးကိုပင် ကွန်ပျူတာရိုက်နှိပ်ကြီးက ဒုတိယအကြိမ် ရိုက်နှိပ်၍ တန်ဖိုးအရင်းအတိုင်း ရောင်းချခဲ့ကြပါသည်။

နောက်ဆက်လက်၍ ရိုက်နှိပ်ရန် ဆ ဟောစဉ် တရားတော်တိပ်ခွေပေါင်း နှစ်ရာကျော်ခန့် ရှိနေသေးရာ ယင်းတိပ်ခွေများမှ တရားတော်များကို စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရန် အသံဖမ်းစက်များဖြင့် ကူးယူရေးသားနေပြီ ဖြစ်ပါသည်။ မကြာမီ အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘုရားကြီး၏ ဟောစဉ်များကို စာအုပ်အဖြစ်ရိုက်နှိပ်ပြီး ကျွန်တော်တို့ တိ=နိသာသနာ့ပြု အသင်းကြီးက ဖြန့်ဝေ၍ သာသနာပြုတော့မည်ဖြစ်ကြောင်း၊ ဝမ်းမြောက်ဖွယ်ရာ သတင်းစကား ရေးသား အစီရင်ခံလိုပါသည်။

ဤသို့ ရှင်လူအများအတွက် ဟောစဉ် ကျမ်းစာများ ထုတ်ဝေရန် စီစဉ်ဆောင်ရွက်နေလျက် ဖြင့်ပင် တစ်ဖက်မှလည်း ပရိယတ္တိသာသနာ့တက္ကသိုလ် ကျောင်းတော်ကြီး နှစ်ဆူ၌ သီတင်းသုံး ပညာဆည်းပူးနေသော စာသင်သားများအတွက် လေ့လာ သင်ယူရန်ပြဋ္ဌာန်း ကျမ်းစာအုပ်များ လိုနေသောကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး မေတ္တာရပ်ခံချက်ကိုဦးထိပ်ထက်တွင် ပန်ဆင်ဆောင်ပြီး ကွန်တော်တို့ တိ=နိသာသနာပြု အသင်းကြီးက ကုန်ကျငွေကို လှူဒါန်းပြီးလျှင် လိုအပ်သမျှ လစ်ဟင်းမှု မရှိစေရအောင် ရွက်ဆောင်နေပါသည်။

တစ်ဆက်တည်းပင်လျှင် ပရိယတ္တိ သာသနတက္ကသိုလ်ကျောင်းတော်ကြီး နှစ်ဆူ၌ စာချစဿင် အရှင်မြတ်များ မျက်စိမြင်ကွင်း ကြည်လင်ခြင်း၊ လေကောင်းလေသန့် ရှရှုံ့ကရခြင်းစသည့် ပီတိ-သုခများကို ခံစားရရှိနိုင်စေရန်အတွက် ရန်ကုန်မြို့၊ ပရိယတ္တိသာသနာ့တက္ကသိုလ် ကျောင်းတော်ကြီး ပတ်ဝန်းကျင်၌ "ဒဂုံသိရိ မဟာဘေးမဲ့ကန်တော်ကြီးနှင့် ဥဿာသိရိ မဟာဥယျာဉ်တော်ကြီး" စီမံဖန်ဆင်း၍ မန္တလေးမြို့၊ ပရိယတ္တိသာသနာ့ တက္ကသိုလ်ကျောင်းတော်ကြီး ပတ်ဝန်းကျင်၌ မန္တလေးသိရိ မဟာဥယျာဉ်တော်ကြီးနှင့် ဇေယျာသိရိ မဟာဘေးမဲ့ကန်တော်ကြီး စီမံဖန်ဆင်းရန် စီစဉ်ဆောင်ရွက်နေပါသည်။

တိပိဋကဓရ=နိကာယ အသင်းဝင် သူတော်စင်များနှင့် စာရှုသူ ဗုဒ္ဓဘာသာဝင် သူတော်စင်များ ခင်ဗျား၊ ကျွန်တော်သည် ယခုစာရေးသား ဖော်ပြခဲ့သည့် ကျွန်တော်တို့ တိ = နိ သာသနာပြု အသင်းကြီး၏ အောင်မြင်မှုအဝဝတို့ကို သိမြင်ရသောကြောင့် ဤအစီရင်ခံစာ၏ အစဉ် ပထမဦးစွာ အလောင်းတော် မဟာဇနကမင်းကြီး၏ ဝမ်းမြောက် ဝမ်းသာ ပြောကြားသည့် ဥဒါန်းစကားကို ရေးသား ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ ဤသို့ ဝမ်းသာရွှင်မြူးဥဒါန်းကျူးခြင်းလာမါသည်။

စာရှုသူ ပညာရှင် သူတော်စင်အပေါင်းတို့ခင်ဗျား။ မှတ်မိကြလိမ့်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ယင်းမှာ ဒုတိယသုံးနှစ်ခရီး စာအုပ်ကြီး၌ ကျွန်တော်သည် ကျွန်တော်တို့ တိပိဋက=နိကာယ သာသနာပြု အသင်းကြီး၏ ဦးခေါင်းပေါ်၌—

(၁) တိပိဋကဓရနှင့် နိကာယဓရ အာဇာနည်ရဟန်းတော်များ ပေါ်ထွန်းရန် တိပိဋက—နိကာယ ကျောင်းတော်ကြီးများ ဆောက်လုပ်ဖွင့်လှစ်ပြီး သာသနာပြု လုပ်ငန်း ဟူသော ရေချမ်းအိုးကြီးက တစ်လုံး။

(၂) ပြည်တွင်း ပြည်ပ သာသနာပြု ရဟန်းတော်များ ပေါ်ထွန်းရေးအတွက် မန္တလေးမြို့၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကျောင်းတိုက်ကြီး ဖွင့်လှစ်၍ သာသနာပြု လုပ်ငန်းဟူသော ရေချမ်းအိုးကြီးက တစ်လုံး။

(၃) ရန်ကုန်မြို့၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်ကြီး ဖွင့်လှစ်၍ သာသနာပြု လုပ်ငန်းဟူသော ရေချမ်းအိုးကြီးက တစ်လုံး။

ဟူ၍ ရေချမ်းအိုးကြီး သုံးလုံးကို ရွက်ဆောင်နေရပါကြောင်း ရေးသား၍ ကျွန်တော် အမှာစာကို ဤတွင် နိဂုံးချုပ်ရမည် ဖြစ်ပါသည်။

သို့သော်—ယခုတတိယသုံးနှစ်ခရီးစာစောင်၌မူ ကျွန်တော်၏အမှာစာကို အောက်၌ဆက်လက် ဖော်ပြသည့် အတိုင်းရေးသား၍ နိဂုံးချုပ်လိုပါသည်။ တိပိဋက=နိကာယသာသနာပြု အဖွဲ့ဝင် သူတော်ကောင်းများနှင့် စာရှုသူ ဗုဒ္ဓ၏တပည့်သား သူတော်ကောင်းများခင်ဗျား—

ကျွန်ုတော်တို့ တိပိဋက = နိကာ့ယ သာသနာပြု အဖွဲ့ကြီးသည် ဖော်ပြခဲ့သည့် သာသနာပြု ရေချမ်းအိုးကြီး သုံးလုံးကို ဦးခေါင်းပေါ်မှာ ရွက်ဆောင်လာခဲ့ရုံသာမက သေးပါ။ ရေချမ်းအိုးကြီး ထဲမှ ရေချမ်းတော်များဖြင့် သာသနာ့မျိုးစေ့ အညွှန့်အညောက် ပင်ပျိုပင်ငယ်များအား သွန်းလောင်း ပက်ဖျန်းကာ ပြုစုပျိုးထောင် ပေးနေပါပြီ။

မဝေးကွာ မကြာတော့သော အချိန်ကာလအတွင်းမှာပင် ဤသာသနာ့မျိုးစေ့ အညွှန့်အညောက် ပင်ပျိုပင်ရွယ်များသည် မြို့မည်းမန္တမ်းရွှင်လန်းစိုပြည်စွာ ဖွံ့ဖြိုးကြီးပွားလာကာ မွှေးကြိုင်လှပ အရသာပြည့်ဝသည့် အဖူး အငုံအပွင့်အသီးများကို ဆောင်ကြပါတော့မည်။

ယင်း မွှေးကြိုင်လှပ အရသာပြည့်ဝသောအဖူး အငုံအပွင့် အသီးများ အကြောင်းအရာ အပြည့်အစုံကို ဆက်လက် ထွက်ပေါ်လာမည့်စတုတ္ထသုံးနှစ်ခရီး စာစောင်၌ ဝမ်းမြောက်ဖွယ်ရာ ဖော်ပြနိုင်မည် ဖြစ်ကြောင်း သတင်းကောင်း စကား ရေးသားပြီး ကျွန်တော်၏အမှာစာကို နိဂုံးချုပ်လိုက်ပါသည်။

ဦးသာလှ
ဝက္ကာကျော် အထူးကုဆရာဝန်ကြီး
တိပိဋက-နိကာယ သာသနာပြုအဖွဲ့၏ဥက္ကဋ္ဌ

အာယုဒီတာချုပ်၏ ပန်ကြားလွှာ

အရှင်အာနန္ဒာသည် ဘုရားသခင် ဟာအပ်သမျှ တရားတို့ကို ကောင်းမွန် မှန်ကန်စွာ မှတ်သားလာခဲ့သည်။ ဆွတ်ယွင်း တိမ်းယိမ်းခြင်း မရှိရအောင် မှတ်တမ်းပြုလာခဲ့သည်။ ထို မှတ်တမ်းသည် သံဂါယနာတင်ယူရသည်အထိ သာသနာ၌ အကျိုးများလှသတည်း။

မှန်၏၊ အရှင်မဟာကဿပ စသော ရဟန္တာ အရှင်မြတ်ကြီးတို့သည် ပထမ သံဂါယနာ တင်တော်မူကြသည့်အခါ ဤဂေတ်းတော်၊ ဤသုတ်တော်များကို မည်သည့် ဒေသ၊ မည်သည့်မြို့ရွာတွင် မည်သူ့ကိုအကြောင်းပြု၍ မြတ်ဘုရား ဟောကြားတော်မူကြောင်းကို အရှင်အာနန္ဒာ၏ "မှတ်တမ်း" အတိုင်း နှုတ်သံထွက် ရွတ်ဆို၍ သံဂါယနာ တင်တော်မူကြရကုန်သည် ဖြစ်ရာ မှတ်တမ်းတင်ခဲ့သည် အဘယ်မျှ အရေးပါ အရာရောက်ကြောင်း ထင်ရှားပေသည်။

ဤသဘောမျိုးအတိုင်း ဟူ၍ပင် ဆိုနိုင်ပေသည်။ ဤတိပိဋကတ=နိကာယ သာသနာပြုအဖွဲ့ကြီး အနေဖြင့် သာသနာပြုကိစ္စ အဝဝတို့ကို တက်ကြွစွာ ဆောင်ရွက်လာခဲ့သည်။ ဆောင်ရွက်ပြီးစီးပြီဖြစ်သော သာသနာ့ကုသိုလ် ဥဒဟိုတို့ကို သုံးနှစ်လျှင် တစ်ကြိမ်ကျ၊ ကလ္ပခွဲခြား၍ မှတ်ဘမ်းတင် စာစောင်များ ထုတ်ဝေလာခဲ့ရာ တိ-နိပထမသုံးနှစ်ခရီးစာစောင်နှင့် တိ-နိဒုတိယသုံးနှစ်ခရီး စာစောင်များကို ထုတ်ဝေခဲ့ပြီး ဖြစ်ပေသည်။

ထိုမှတ်တမ်း စာစောင်များကို ကြည့်ပါလျှင် ဤတိပိဋကတ=နိကာယသာသနာပြုအဖွဲ့ကြီး၏ သာသနာမှ ကုသိုလ်တော်များကို တွေ့မြင်နိုင်ပေသည်။ ဤအဖွဲ့ကြီး၏နာယကဖြစ်တော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘုရားကြီးအနေဖြင့် မည်သည့် သဏ္ဌာန်၊ မည်သည့်လ၊ မည်သည့်ရက်၊ မည်သည့်အချိန်က၊ မည်သည့်မြို့ရွာ ဒေသတွင်၊ မည်သည့်သာသနာ့ကိစ္စကို ဆောင်ရွက်တော်မူခဲ့ပုံကိုလည်းကောင်း၊ ဤတိပိဋကက=နိကာယ သာသနာပြုအဖွဲ့ကြီး အနေဖြင့်လည်း သာသနာတော်အတွက် ဆောင်ရွက်ခဲ့ပုံများကို လည်းကောင်း၊ ထင်ရှားစွာ တွေ့မြင်ရမည် ဖြစ်ပေသည်။

ထို မှတ်တမ်းများသည် အနာဂတ်၏ပိုင်ရှင်း တန်ဆောင်များ ဖြစ်လေသည်။

ဤ တိ-နိတတိယ"သုံးနှစ်ခရီး"စာစောင်အတွက် လိုအပ်သော စာမူများ၊ ပန်းချီ၊ ဒီဇိုင်း စသည်ကို အဆင်သင့်စုစည်းပြီးဖြစ်၏။ စက်တင်ပုံနှိပ်ရန်အထိ အားလုံး အဆင်သင့်ဖြစ်၏။

သို့သော် မလိုလားအပ်သော၊ အဟန့်အတား ဖြစ်သော အကြောင်းအမျိုးမျိုးတို့ကြောင့် ပုံနှိပ်ရန် အဆင်သင့် မရောက်နိုင်ပဲ ကြန့်ကြာခဲ့ရပါသည်။

သို့တစေလည်း ဘုန်းကံဟူသည် ဟန့်တား၍ ရစကောင်းသည်မဟုတ်ပါ။ အရှိန်အဟုန်ရှိသလောက် တောက်ပ မည်သာ ဖြစ်ပါသည်၊ တတိယ သုံးနှစ်ခရီး စာစောင်ကို နှလုံးစိတ်ဝမ်း အေးချမ်းစွာ ကြည့်ရှုခွင့် ရပြီ ဖြစ်ပါသတည်း။

ဒဂုန် ဦးစန်းဇွ

တိပိဋကာ = နိကာယ သာသနာပြုအစွဲ

တတိယ သုံးစုစီရင်း

၁ ပထမကဏ္ဍ

ဗြဟ္မဇာလ နှင့်
သမ္မောဒနီယကထာများ


ပဌမကဏ္ဍ

ပါတိကာ

၁။	စစ်ကိုင်းလွှေဟသံဘဆရာတော်	ဩဝါဒကထာ ၁
၂။	ဘဒ္ဒန္တသဟမွတိထေရ်	အစိန္တေယျပန်းကုန်း ၃
၃။	ဦးမေမိယာဘိဝံသ	သာသနာပြုနည်းအမျိုးမျိုး ၇
၄။	တောင်လေးလုံးဆရာတော်	ပုဂ္ဂလဝိသေသ ၁၃
၅။	ဘဒ္ဒန္တဓမ္မာနန္ဒ	အာဇာနည်ကျော်ပုဂ္ဂိုလ်တော် ၂၀
၆။	အရှင်ကောသလ္လ (ပြည်)	လျှောက် ထား လွှာ ၂၅
၇။	ညောင်ကန်အေးဆရာတော်	အမိန့်စကားတော်များ (၂) ၂၈
၈။	ရဝေထုန်း	ဆဋ္ဌသင်္ဂီတိဝိဿဇ္ဇက ၃၅
၉။	ဦးကောဏ္ဍညသိရိ	တိပိဋကကောလဟလ ၄၀
၁၀။	အရှင်ထေရဝံသ (ပုသိမ်)	တော်သစ်အာနန္ဒာ ၄၇

ဗုဒ္ဓဘာသာလူငယ်များ သာသနာတော်၏ အငြိမ်ခံ

အဘိဓဇမဟာရဋ္ဌဂုရု
စစ်ကိုင်းရွှေဟာသံဃဆရာတော်



TAING KYAW ART,
MDY

ကမ္ဘာပေါ်တွင် အချို့သော နိုင်ငံတို့၌ ဆိုင်ရာဆိုင်ရာ တက္ကသိုလ်ကြီးများ ရှိကြသကဲ့သို့၊ မြန်မာနိုင်ငံတော်၌လည်း နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ ရှိသင့် ရှိထိုက်ပေသည်ဟုမြင်တော်မူကြသည်ဖြစ်၍၊ထိုနိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများပေါ်ထွက် ထွန်းကားတည်ရှိစေရန် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု အရှင်ဝိစိတ္တ သာရာဘိဝံသ ဆရာတော်သည် ဦးဆောင်ကာ ဆောင်ရွက်ကော်မူလျက် ရှိရာ ရန်ကုန်မြို့၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးနှင့် မန္တလေးမြို့၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးတို့ အကောင်အထည် ဖော်လျက် ရှိနေပါပြီ။

ထိုထို တက္ကသိုလ်ကြီးတို့မှ တိုပြင်ကဓရ နိကာယ ဘာဏာကကျွမ်းကျင်သူများမှ ကမ္မာအရပ်ရပ်၌ ဗုဒ္ဓသာသနာတော်ကို ပံ့နှံ့စွာ ပြုနိုင်စေရန် သာသနာပြုဂန်နှင့် လျော်ကန်သော ဘာသန္တရဝိဓိပုဂ္ဂိုလ်တို့ကိုလည်း ပေါ်ထွက်စေရန် ရည်ညွှန်းလျက်ရှိကြောင်း သိရပေသည်။

ယင်းသို့သော ရည်ရွယ်ချက်တို့နှင့် ပြည့်စုံသော တက္ကသိုလ်များမှ တိုပြင်ကဓရ နိကာယ ဘာဏာက ဘာသန္တရဝိဓိတို့ အသီးသီးထွန်းကား၍ ပေါ်ပေါက်လာကြပါလျှင် ဗုဒ္ဓသာသနာတော်နှင့် စပ်၍ ဂုဏ်ယူကာ ဝမ်းမြောက်ကြရမည် ဖြစ်ပေသည်။

ပြဋ္ဌာန်းပေနှင့်ဘကွ ဘာသန္တရတို့နှင့်ပြည့်စုံအံ့သြ သာသနာပြု သာသနာ ဝန်ဆောင်ပုဂ္ဂိုလ်တို့သည်....


(၁) ကြည်ညိုဖွယ်ရာ၊ ဝါ၊ ခန့်ညားသော ရုပကာယ ရှိခြင်း
(၂) အဝတ်အရုံ သပ်ရပ်ခြင်း
(၃) အနေအထိုင် သိက္ခာရှိခြင်း
(၄) အသွားအလာ၌ ကျွန်ုပ်ရခြင်း
(၅) ဗုဒ္ဓ သာသနာတော်ကို ကိုယ်တိုင်လေးစား ရိုသေခြင်း စသည်တို့နှင့် ပြည့်စုံစေခြင်း တို့ကိုလည်း သက်ဆိုင်ရာ အဖွဲ့က ပြုပြင် ဆောင်ရွက်ပေးကြမည်ဟု ယုံကြည်ပါသည်။

အထူးအားဖြင့် လိုအပ်သော အရာတစ်ရပ်မှာ တိုပြင်ကဓရ နိကာယဘာဏာကကမ္မစ၍ ပါဠိဘာသာကို လေ့လာသော ပရိယတ္တိသာသနာ တက္ကသိုလ် ပါမောက္ခချုပ်မှစ၍ စာသင်သား တိုင်အောင် ပုဂ္ဂိုလ်တို့သည် ပါဠိဘာသာ စကားဖြင့်သာလျှင် တက္ကသိုလ်၌ အသုံးပြုကြရန် ဖြစ်ပါသည်။ ပါဠိစကားကို သွက်သွက်လက်လက် ပြောတတ် ရေးတတ် ကြစေရန် လေ့လာကြရန် စည်းမျဉ်းသတ်မှတ်ပေးရန် သင့်လျော်ပါကလည်း စီမံပေးကြရန် ဖြစ်ပါသည်။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့်ဘကွ ပရိယတ္တိသာသနာ့တက္ကသိုလ်ကို ရှေ့ဆောင်ဦးစီးပြု၍ ဆောင်ရွက်တော် မူသော ဆရာတော် အရှင် ဝိစိတ္တာသာရာဘိဝံသ ကိုယ်တိုင်လည်း အဆိုပါ အချက်အလက်တို့ကို သိမြင်ပြီးဖြစ်သည်ဟု ယုံကြည်ပါသည်။ မြန်ဆန်ပတ် မြတ်အာဇာနည်တန်ခိုးတင် သဘောဖြင့် ထပ်မံ ရေးသားရခြင်းဖြစ်ပါသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးတည်တံ့ခိုင်မြဲစွာဖြင့် တိုပြင်ကဓရနိကာယ ဘာဏာက သာသနာဆောင် သာသနာပြု ပုဂ္ဂိုလ်တွေများစွာ ထွန်းကား၍ မြန်မာနိုင်ငံတော်တွင်သာမက ကမ္မာအရပ်ရပ်၌ ဗုဒ္ဓသာသနာ အရောင်အဆင်း ထွန်းဝင်း တောက်ပြောင်ပါစေဟု ပတ္ထနာပြုလျက် နိဂုံးချုပ်လိုက်ပါသဘည်း။

အရှင်ပဏ္ဍိတဇေဆရ်
ရွှေဟင်္သာဆရာတော်





အစိန္ဓေယျ ပန်းကုံး

ပန်ဆင်ထိုက်သူပန်ဆင်ယူ

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသဟမ္မတိ မဟာထေရ်

ရူပအစိန္ဓေယျ ဘုရားပင့်၍ ပူဇော်ရန်

သော ဘဂဝါ ကတိပိ ရူပအစိန္ဓေယျော၊
သီသဂ္ဂေ မေ နိစ္စံ ဌာတု။

ယော ဘဂဝါ အကြင် မြတ်စွာဘုရားသည်။ ကတိပိ ကမိနာ စကာရဏေန၊ ဤသို့ ဝဏ္ဏာယတန တည်းဟူသော ရူပ၊ အလွန် သပွာယ် တင့်တယ်တော်မူခြင်း တည်းဟူသော ရူပဝိလာသ၊ ကြံစည်အံ့သြ ပြောဟော၍ မကုန်နိုင်ခြင်း တည်းဟူသော ရူပ အစိန္ဓေယျ အဆင်းတော်ဂုဏ် ပြည့်စုံတော်မူခြင်း တည်းဟူသော အကြောင်းကြောင့်လည်း။ ရူပ အစိန္ဓေယျော၊ ရူပ အစိန္ဓေယျ မည်တော်မူ၏။

သော ဘဂဝါ၊ ထိုရူပ အစိန္ဓေယျဂုဏ်တော်ပိုင်ရှင် ဘုရားသခင် ကိုယ်တော်မြတ်သည်။ မေ၊ တပည့်တော်၏။ သီသဂ္ဂေ၊ ဦးခေါင်း ရတနာ မြတ်အင်္ဂါထက်၌။ နိစ္စံ၊ အမြဲတစေ အစဉ်ထာဝရ။ ဌာတု= ပတိ ဌာတု၊ ပျော်ပိုက် တစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေ သတည်း။

ရှင်တော်မြတ် ဘုရား၏ ရူပကာယ အဆင်းတော် တည်းဟူသော ရူပ၊ အဆင်းတော်၏ တင့်တယ် စံပယ်ခြင်း တည်းဟူသော ရူပဝိလာသ၊ အဆင်းတော်မြတ်၏ တင့်တယ်တော်မူဟန်ကို အဖန်ဖန် ကြံစည်အံ့သြပြော ဟော၍ မကုန်နိုင်ခြင်း တည်းဟူသော ရူပ အစိန္တေယျ-ဂုဏ်တော်မြတ်တို့သည် ဗုဒ္ဓမြတ် ဘုရား၏ ရူပကာယ ရုပ်ဒြပ်တော်မှာ အမြဲ ရှိနေသည့် ယောက်ျားထူး ယောက်ျားမြတ်၌ ရှိအပ်သော မဟာ ပုရိသ လက္ခဏာတော်ကြီး (၃၂) သုံး ဆယ့်နှစ်သွယ်နှင့်လက္ခဏာတော် ငယ် (၈၀) ရှစ်ဆယ်တို့ပင် ဖြစ်၏။ ထိုလက္ခဏာတော်ကြီး-ငယ်တို့သည် ဗုဒ္ဓ မြတ်ဘုရား အလိုဆန္ဒ ဖြစ်ပေါ်လာသောအခါ ညီပြောင်ပြောင်တောက်လောင်သော နီလ ရောင်ခြည်တော်၊ ရွှေပုဆိုး ရွှေပြား တို့ကို ဖုံးလွှမ်း၍ ထား လေသကဲ့သို့ ပြောင်ရွှေရွှေထွန်းပသော ပီတ ရောင်ခြည်တော်၊ ကမ္မလာနီ ချိပ်ရည် အဆင်းကဲ့သို့ ချင်းချင်းနီ ထွန်းပသော လောဟိတ ရောင်ခြည်တော်၊ လျှပ်စစ်ဝန်း အိမ် ယှက်လိမ်ကွန့်ဖြိုးသကဲ့သို့ ပြိုးပြိုးပြက်ပြက်ဘစ်ခဲနက်ထွန်း ပသော ပဘာသရ ရောင်ခြည် တော်၊ ငွေလစ္ဆာရောင်ကဲ့သို့ ဖြူဖြောင်ပြောင် ထွန်းပသော သြဒါတ ရောင်ခြည်တော်၊ မြေကြီး ထွန်းပသော ပဒေသာ မဋ္ဌိဋ္ဌ ရောင်ခြည်တော်-ဤရောင် ခြည်တော် ခြောက်ပါး တည်း ဟူသော ဂုဏ်သကတ် တို့သည် ရှင်တော်မြတ် ဘုရား၏ ရူပကာယ ဒြပ်တော်မှ ပေါ်ထွက် ကွန့်မြူးတော်မူလေသည့် ရူပ၊ ရူပဝိလာသ၊ ရူပအစိန္တေယျ ဘုရားမြတ်ကို မိမိတို့၏ ဦးခေါင်း ရတနာ မြတ်အင်္ဂါထက်၌ အမြဲ ပင့်၍ ပူဇော် ကြည် ညို ကြ ရန် ညွှန်ပြခြင်း ဖြစ်ပါသည်။ ပူဇော် ကြည် ညို ကြ သူတိုင်း အကျိုး ခံစား ကြရပါလိမ့်မည်။

☆

ဉာဏအစိန္တေယျ ဘုရားပင့်၍ပူဇော်ရန်

"သော ဘဂဝါ ကျွတိ ပိ လည်း။ ဉာဏ အစိန္တေယျော၊ ဉာဏအစိန္တေယျော၊ ဉာဏဲဂွေ ဉာဏအစိန္တေယျ မည်တော်မူ၏။ မေ နိစ္စံ ဌာတု"

သော ဘဂဝါ၊ သို့ဉာဏ အစိန္တေယျဂုဏ်တော်ပိုင်ရှင် ဘုရား သခင်ကိုယ်တော်မြတ်သည်။ မေ၊ တပည့်ဘော်၏။ ဉာဏဂွေ၊ ဉာဏ်၏ အဦးအစဉ်။ နိစ္စံ၊ အမြဲတစေ အစဉ် ထာဝရ။ ဌာတု = ပတိဋ္ဌာတု၊ ကိန်းဝပ်တံ့နား တည် နေတော်မူပါစေသတည်း။

ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတဉာဏ်တော်မြတ်တည်း ဟူသော ဉာဏ၊ ထိုဉာဏ်တော်၏ တင့်တယ် စံပယ်ခြင်း တည်း ဟူသော ဉာဏ ဝိလာသ၊ သဗ္ဗညုတ ဉာဏ်တော်မြတ်၏ တင့်တယ်တော်မူဟန်ကို အဖန်ဖန် ကြံစည်အံ့သြပြော ဟော၍ မကုန်နိုင်ခြင်းတည်းဟူ

သော ဉာဏအစိန္တေယျ ဂုဏ် တော်မြတ်တို့သည် ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ သဗ္ဗညုတ ဉာဏ် တော်မတ်မှာ မပြတ်ရှိ နေပါ သည်။ သာဂရ လေးမျိုးတို့တွင် ဉာဏ သာဂရပင်ဖြစ်၏။ အဘိ ဓမ္မာပဋ္ဌာန်းဒေသနာတော်သည် နယသာဂရ ဖြစ်၏။ ထို နယ သာဂရ၏ နက်နဲ ကျယ်ပြန့်လှ သော ဒေသနာနယသာဂရကို သဗ္ဗညုတ ဉာဏ်တော်မြတ်သည် သာလျှင်အလွယ်တကူ ကျက်စား တော်မူနိုင်ပေသည်။ ထိုကြောင့် ဉာဏ အစိန္တေယျ ဘုရားမြတ်ကို မိမိတို့၏ ကိုယ်ပိုင်ဉာဏ်၏ အဦး အစဉ် ပင့်၍ ပူဇော်ကြပါ။ ဉာဏ် ပျိုလာပါလိမ့်မည်။ ယနေ့ ခေတ် လူငယ်ကလေးများ ပညာ သင် ကြားရာ၌ ဉာဏ် ထက် မြက် အောင် သဗ္ဗညုတ ဉာဏ်တော် မြတ်ကြီးကို ပင့်၍ ပူဇော်ကြပါ။ ရုပ်အိုသော်လည်း ဉာဏ်မအို ပါ၊ လူအိုတော့ ဉာဏ်အိုပြီဟု ပြော စရာ မလို၊ လူပင်အိုသော်လည်း ဉာဏ်ကတော့ ပျိုမြစ်နုလွင်လျက် ရှိမည်။ ဗုဒ္ဓ၏ သဗ္ဗညုတ ရွှေ ဉာဏ် တော် မြတ် ကြီး ကို အမြဲ ပင့်၍ ပူဇော်ကြပါ၊ ယနေ့ခေတ် ကျောင်းသူ ခကျောင်းသား များ ဉာဏ်ကောင်းဖို့ အတွက် အား တက်စရာပင် ဖြစ်၏။

ကုသိုလ် အစီအရာယူ ဘုရားပင့်၍ ပူဇော်ရန်

သော ဘဂဝါ ကုသိုလ် အစီအရာယော တေဇဂ္ဂေ ဒေမ နိစ္စံ ဌာတု။

ယော ဘဂဝါ၊ အကြင်မြတ် စွာဘုရားသည်။ ကုတိ ပိကုမိနာ စ ကာရဏေန၊ ဤသို့ ကုသိုရိယ ရှစ်ပါးတည်းဟူသော ကုဒ္ဓိ၊ တင့်တယ် စံပယ်ခြင်း တည်းဟူသော ကုဒ္ဓိဝိလာသ၊ ကြံစည်အံ့သြ ပြောဟော၍ မကုန်နိုင်ခြင်း တည်းဟူသော ကုဒ္ဓိအစိန္တေယျ ဂုဏ်တော် ဓာတ်မြတ် ကိန်းဝပ် တည် နေ တော် မူ သော အ ကြောင်းကြောင့် လည်း၊ ကုဒ္ဓိ အစိန္တေယျော၊ ကုဒ္ဓိ အစိန္တေယျ မည်တော်မူပါ၏။

သော ဘဂဝါ၊ ထိုကုဒ္ဓိ အစိ န္တေယျ ဂုဏ်တော်သခင် ဘုရား ရှင် ကိုယ်တော်မြတ်သည်။ မေ၊ တပည့်တော်၏။ တေဇဂ္ဂေ၊ မိဘ မေတ္တာ ဆုပန်ရာ၌ ပါလာသည့် ဘုန်းတန်ခိုး၏ အစဉ်။ နိစ္စံ၊ အမြဲ တစေ အစဉ်ဆာဝရ။ ဌာတု= ပတိဋ္ဌာတု၊ ပျော် ပိုက် တ စေ ကိန်းဝပ်တန့်နား တည်နေတော် မူပါစေသတည်း။

ရှင် တော် မြတ် ဘု ရား သည် ရွှေ ကိုယ်တော်ကို အဏုမြူခန့် မယွင်း ဖန်ဆင်းခြင်း၌ အနိမာ စသော ကုသိုရိယရှစ်ပါးတည်း ဟူသော ကုဒ္ဓိ၊ တန်ခိုး ရှစ်တန် ဖောက်ပြန်မယွင်း ဖန်ဆင်းခြင်း ၌ တင့်တယ် စံပယ်ခြင်း တည်း ဟူသော ကုဒ္ဓိ ဝိလာသ၊ မျက်လုံး တော် နှစ်ဘက်မှ ရေ မီးထွက် ၍ ဘဝင်အဆုံး အုပ်ဖုံးနိုင်ခြင်း ၌ တင့်တယ် စံပယ်ခြင်းတည်း ဟူသော ကုဒ္ဓိဝိလာသ၊ ဘဝင် အဆုံး အုပ်ဖုံးနိုင်ခြင်း၌ ကြံစည် အံ့သြ ပြောဟော၍ မကုန်နိုင် ခြင်း တည်းဟူသော ကုဒ္ဓိအစိန္တေ ယျ ဘုန်းတန်ခိုး ဂုဏ်တော်မြတ် တို့သည် ရှင်တော်ဘုရား၌ ပါရမီ တော် အဟုန်ကြောင့် မဖြစ်စဖူး ထူးကဲစွာ ပေါ်ထွက်လျက်ရှိ၏။ အကြင် မြတ်စွာဘုရားသည် ရွှေ လက်တော်ဖြန့် ဆန့်ကာမျှဖြင့် နေလသို့မီရောက်တော်မူနိုင်ခြင်း တည်းဟူသော ပတ္တိမာကုသိ ရိယ ဂုဏ်တော်ကိုလည်း အစိုးရ တော်မူ၏။ ကိုယ်တော်မြတ်သည် ရွှေကိုယ်တော်ကို အဏုမြူခန့် မယွင်း ဖန်ဆင်း နိုင်ခြင်း တည်း ဟူသော အနိမာ ကုသိုရိယ ဂုဏ်တော်ကို အစိုးရတော်မူ၏။ လေအဟုန်ကဲ့သို့ လျင်မြန် ပေါ့ ပါး ကြွသွားတော် မူနိုင်ခြင်း တည်းဟူသော လဃိမာကုသိ ရိယ၊ ဂုဏ်တော်ကိုလည်း အစိုး

ရတော်မူ၏။ နှစ်သိန်း လေးသောင်း အထူ ရှိသော မြေအတွင်းဌာ၌ ငုပ်နိုင် ပေါ်နိုင်ခြင်းတည်း ဟူသော ပကာသ (ပါကမ္မ) ကျသရိယဂုဏ်တော် ကိုလည်း အစိုးရတော် မူ၏။ ဗုဒ္ဓသည် ရွှေ ကိုယ်တော်ကို အလိုတော် ရှိသမျှ ခွင့်ရ စိုးပိုင်ကြီးစေနိုင်ခြင်း တည်းဟူသော မဟိမာကျသရိယ ဂုဏ်တော်ကိုလည်း အစိုးရတော် မူ၏။ ရှင်တော် မြတ်ဘုရားသည် ကောင်းကင်ပြင်၌ ရေပြင်ပေါ်၌ ရပ်နေ မိုတင်း စွမ်းနိုင်ခြင်းတည်း ဟူသော ကာမာဝသာ ယိဘာ ကျသရိယ ဂုဏ်တော်ကိုလည်း အစိုးရတော် မူ၏။ ဘုရားရှင်သည် သတ္တဝါဟူသမျှ နတ်လူဓပင်းကို နှိမ်နင်းနိုင်ခြင်း တည်းဟူသော ကျသရိယ ဂုဏ် တော် ကိုလည်း အစိုးရတော် မူ၏၊ ရှင်တော်ဘုရားသည် အဘိညာဉ်မျိုး တန်ခိုးအသီးသီးကို ပြီးစေနိုင်ခြင်းတည်း ဟူသော ဝသိဘ ကျသရိယ ဂုဏ်တော်ကို လည်း အစိုးရတော်မူ၏၊

(ဤသို့ ကျဒ္ဓိရှစ်မျိုးတို့နှင့် ပြည့်စုံသည့်အပြင် ဘယ်အရာ ဘယ် ဌာနမှာ မဆို တန်ခိုးဘော်ဖြင့် ပြီးစေနိုင်ပါသည်ဟူ၍ ကြည်ညို ပူဇော် ရပါမည်။ ဘုန်းတန်းခိုး ကြီးလိုသူတိုင်း ပင့်၍ ပူဇော်ကြပါ။)

*


"သော ဘဂဝါ ကျတိပိ ဝစနအစိန္တေယျော ဝစနဂ္ဂေမေ နိစ္စံ ဌာတု"

ယော ဘဂဝါ၊ အကြင် မြတ်စွာ ဘုရားသည်။ ကျတိပိ ကျမိနာ စ ကာရဏေန၊ ဤသို့ မြတ်သော စကားတော်တည်း ဟူသော ဝစန၊ မြတ်သော စကားတော်၏ တင့်တယ်စံပယ် တော်မူခြင်း တည်းဟူသော ဝစနဝိလာသ မြတ်သောစကား တော်၏ ဖြစ်ဟန်ကို အဖန်ဖန် ကြံစည်အံ့သြ ပြောဆိုလျှက် မကုန် နိုင်ခြင်း တည်း ဟူသော ဝစန အစိန္တေယျဂုဏ် မျှော်သင်းလှသော အကြောင်းကြောင့်လည်း။ ဝစန အစိန္တေယျ၊ ဝစန အစိန္တေယျ မည်တော်မူပါပေ၏။

သော ဘဂဝါ။ ဝစန အစိန္တေယျဂုဏ် ပြည့်စုံကြွယ်ဝတော် မူသော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မေ။ တပည့်တော်၏။ ဝစနဂ္ဂေ၊ အား သစ်နစ်နော ပြောဟောသော စကား တရား၏ အစအဦး၌၊ နိစ္စံ၊ အမြဲတစေ အစဉ်ထာဝရ။ ဌာတု= ပတိဋ္ဌာတု၊ ပျော်ပိုက် တစေကိန်းဝပ်တန့်နား တည်နေ တော်မူပါစေသတည်း။

ရှင်တော် မြတ် ဘုရား ၏ အသံတော် အင်္ဂါဖြင့် တန်ဆာဆင်အပ် မြတ်သော စကား တော် တည်းဟူသော ဝစန၊ စကား တော် ၏ တင့် တယ် စံ ပယ် ခြင်း တည်းဟူသော ဝစန ဝိလာသ၊ ထက်ဝန်းကျင် ဖြူစင် သန့်ရှင်းသော စကား တော်၏ ဖြစ်ဟုန်ကို အဖန်ဖန် ကြံစည် အံ့သြ ပြောဟော၍ မကုန် နိုင်ခြင်း တည်း ဟူသော ဝစန အစိန္တေယျဂုဏ် ထုံတော် မူအပ်သော မြတ်စွာ ဘုရား၏ ထွေးရွပ် လွတ်ကင်း သန့်ရှင်းသော အသံတော်၊ ချိုမြိန်လှစွာ သာယာ သော အသံတော်၊ ထင်ရှားလှစွာ သိသာခြားနား သော အသံတော်၊ အာရုံစွဲငြိ နာချင်ဖွယ် ရှိသော အသံတော်၊ ပရိသတ်မှ အဟုတ်မှ မထွက်သော အသံတော်၊ မလှုပ်မလဲ နက်နဲသော အသံတော်၊ မပြိုမကွဲ တစ်ခဲနက်သော အသံတော်၊ ရွက်စပ် ထင်ထင် ပဲ့တင်ထပ်သော အသံတော်မြတ် ရှစ်ပါးတို့နှင့် ပြည့်စုံတော်မူသော ဝစန၊ ဝစနဝိလာသ၊ ဝစန အစိန္တေယျ ဂုဏ်တော် ပိုင်ရှင် ဘုရားသခင်ကို မိမိ စကား၏ အဦးအစ၌ အမြဲ ပင့်ပြီး ပူဇော်ပါက အသံသြဇာ ရှိမည်၊ သာယာမည်၊ မိမိ စကားကို လေးစား မြတ်နိုး သူတွေ များလာမည်၊ ထို့ကြောင့် ဝစန အစိန္တေယျ ဘုရားကို အမြဲ ပင့်ပြီး ပူဇော်ကြပါ။ ဤ မျက်မှောက် ဘဝမှာလည်း အကျိုးပေးမည်၊ သံသရာ မှာလည်း ထင်ရှားလှစွာ ချမ်းသာ မျိုးစုံ ပြည့်စုံနိုင်သည့် အပြင် နိဗ္ဗာန် ချမ်းသာ ကိုလည်း ရရှိ ခံစား ကြရမည် ဖြစ်ပါသည်။

ဘဒ္ဒန္တ သတမ္ဘတိဆရာ



သာသနာပြုဘုရားအဖို့

အာဂမဟာပဏ္ဍိတ နယားကျောင်းဆရာတော်ကြီး

သာသနာ့ အကျိုးဆောင်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး ဦးဆောင် ပဓာန နာယက ဆရာတော်ကြီး အဖြစ် ဆောင်ရွက်တော်မူသော တိပိဋက = နိကာယသာသနာပြု အဖွဲ့ကြီး၏

(က) တိပိဋကဓရ အရှင်မြတ်များပေါ်ထွန်းရေး လုပ်ငန်း

(ခ-ဂ) ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူဒါန်း ဖွင့်လှစ်ရေး လုပ်ငန်း

(ဃ) ပစ္စည်းလေးပါး ဒါယကာ၊ ကျောင်းဒါယကာများအဖွဲ့ဟု သတ်မှတ်သော ဥပဋ္ဌာက အဖွဲ့၏ လုပ်ငန်း

(ဇ) မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး ဆောက်လုပ်လှူဒါန်း ဖွင့်လှစ်ရေး လုပ်ငန်း–

ဟု သာသနာပြု လုပ်ငန်းရပ် ငါးမျိုးရှိရာ အထက်ပါလုပ်ငန်း ငါးမျိုးလုံးပင် သာသနာတော်ကို အထူးကျေးဇူးပြုမည့် လုပ်ငန်းများ ဖြစ်ကြပေသည်။

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားအောင် ကျေးဇူးပြုမည့် လုပ်ငန်းရပ်များ ဖြစ်ကြောင်း မမှိတ်မသုန် ပညာရှိ သူတော်ကောင်းအားလုံးက ယုံကြည်လေးမြတ်စွာ လက်ခံထိုက်ကြပေသည်။ ယင်းသို့ ပညာရှိ သူတော်ကောင်းများ ယုံကြည်လေးမြတ်စွာ လက်ခံထိုက်သည့် အတွက် ရဟန်းရှင်လူ ပြည်သူလူထု၏ ကူညီပံ့ပိုးအားပေးထောက်ခံမှုကို မချွတ်မုချ ရရှိကြမည့် အဖွဲ့လုပ်ငန်းများဖြစ်ကြောင်း ဖော်ပြလိုပါသည်။

အထက်ပါလုပ်ငန်း ငါးမျိုးအနက် (က) အမှတ်ပြုလုပ်ငန်းကို အနည်းငယ် အကျယ်ချဲ့ပြလိုပါသည်။

မြတ်ဗုဒ္ဓ၏ သာသနာပြုနည်း

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် လွန်စံတော် မမူမီ သာသနာတော် နှစ်ပေါင်း မြားမြောင် ငါးထောင် တည်တံ့အောင် ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို ဘုံသုံးပါးတွင် ကြည့်ရှုလေ့လာ ဆင်ခြင်တော်မူရာ အရှင်မဟာကဿပ ရဟန္တာ အရှင်မြတ်ကိုသာ မြင်တော်မူသည်။

ထိုအချိန်တွင် သာသနာတော် နှစ်ပေါင်း ငါးထောင် တည်တံ့အောင် ဆောင်ရွက်နိုင်မည့် နတ်လူပြဟ္မာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ အနက် ဘုံသုံးပါးတွင် အရှင် မဟာကဿပမှ တပါး တစ်ယောက်သောသူမျှ မရှိခဲ့၊ တစ်ဖန် အရှင် မဟာကဿပကို အထူး ကြည်ညိုလေးစား၍ အရှင်မဟာကဿပစကား ကို မြေဝယ်မကျ လိုက်နာမည့် နည်းလမ်းကို နွေဦးဘော်တော်ကွန်ရက် ဖြန့်လျက် ကြည့်ရှုတော်မူပြန်ရာ အရှင်မဟာကဿပ ကို မိမိ (မြတ်ဗုဒ္ဓ) အရာ၌ ထားတော်မူခြင်းကို မြင်တော်မူပေသည်။ (ဥပမာ–စကြာမင်းမြတ် သည် မိမိ နတ်ရွာမစံလွန်မီ သားတော်ကြီးကို အိမ်ရှေ့မင်းအရာပေး၍ မိမိအရာ၌ ထားသကဲ့သို့တည်း)။

ဘုန်းအဏ္ဍာဝဘာဝခုခြင်း

ယင်းသို့ မြင်တော်မူသည့် အတွက် အခါ တစ်ပါး မြတ်ဘုရားသည် တောထဲမှာ သစ်ပင် ရင်းတွင် အရှင်မဟာကဿပ ခင်းထားသော သင်္ကန်းကြီး ၄ပါး တွင် ထိုင်နေတော်မူကာ "သားတော် ကဿပ၊ သင့် သင်္ကန်းကြီး သည် နူးညံ့လှပေ၏" ဟု ချီးမွမ်းစကား ပြောကြားတော်မူပေသည်၊ အရှင်မဟာကဿပက "ဘုရားဘပည့်တော်ကို ချီးမြှောက်သော အားဖြင့် ဤသင်္ကန်းကြီးကို အလှူခံတော်မူပါ ဘုရား" ဟု လျှောက်ထားလေသည်၊ တစ်စုံတစ်ယောက် သောသူက အရှင်မဟာကဿပ၏ သပိတ်သင်္ကန်း ကို ချီးမွမ်းလျှင် "ငါ့ရှင်၊ ဤသပိတ် သင်္ကန်းကို ယူလော့" ဟု ပြောဆိုလှူဒါန်းခြင်းသည် အရှင် မဟာကဿပ၏ ကျင့်ရိုး အစဉ်အလာ တစ်ခု ဖြစ် ပေသည်။

မြတ်ဗုဒ္ဓသည် "သားတော် ကဿပ၊ သင် သည် ငါဘုရား၏ သင်္ကန်းကြီးကို ဝတ်ရုံနိုင်မှာ လား" ဟုမေးတော်မူရာ အရှင်မဟာကဿပက ဝတ်ရုံနိုင်ပါကြောင်း လျှောက်ထား လေသည်။ မြတ်ဗုဒ္ဓက ဆင်ပြောင်ငါးစီးအား ဆောင်သော ရှင်မဟာကဿပ၏ ကာယဗလ (ကိုယ်အား) ကို ရည်ရွယ်၍ မေးမြန်းတော်မူသည် မဟုတ်ပေ။ ပဋိပတ္တိဗလ (အကျင့် ပဋိပတ် အား) ကိုသာ ရည်ရွယ်၍ မေးမြန်းတော် မူပေသည်။ အရှင်မဟာ ကဿပကလည်း ကာယဗလ(ကိုယ်အား)ကို ရည်ရွယ်၍ ဖြေကြားတော်မူသည် မဟုတ်ပေ။ ပဋိပတ္တိ ဗလ (အကျင့်ပဋိပတ်အား) ကိုသာ ရည်ရွယ်၍ ဖြေကြားတော်မူပေသည်။

ယင်းသို့ဘုရားမြတ်နှင့်အရှင်မဟာကဿပတို့ မေးဖြေတော်မူပြီးနောက် အရှင်မဟာကဿပ၏ သင်္ကန်းကြီးကို မြတ်စွာဘုရားက ဝတ်ရုံတော်မူ၍ မြတ်ဗုဒ္ဓ၏ သင်္ကန်းကြီးကို အရှင်မဟာကဿပက ဝတ်ရုံတော်မူသည်။ ထိုအခါ ဤမဟာပထဝီမြေကြီးသည် ရေဆုံးသည့်တိုင်အောင် ပြင်းစွာ မြည်ဟည်း၍ တုန်လှုပ်လေသည်။

ယင်းသို့ အထက်၌ဖော်ပြထားသည့် အတိုင်း မြတ်ဗုဒ္ဓသည် အရှင် မဟာကဿပနှင့် သင်္ကန်းတော်ကို လဲလှယ်၍ ဝတ်ရုံတော်မူခြင်းဖြင့် အရှင် မဟာကဿပကို မိမိအရာ (ဘုရားအရာ)၌ ထားတော်မူလေသည်။ ထို့ပြင် မြတ်ဗုဒ္ဓသည် တပည့်သား ရဟန်းတော်များကို ပြောဆိုဆုံးမ တရားစကားနှင့် ပတ်သက်၍လည်း မိမိနှင့် ထပ်တူ

ညီမျ ပြုသောအားဖြင့် အရှင် မဟာကဿပကို မိမိအရာ(ဘုရားအရာ)၌ ထားတော်မူပြီး ရှေ့ပ သမာပတ် ၄-ပါး၊ အရှေ့ပ သမာပတ် ၄-ပါး၊ နိုရောဓ သမာပတ်အားဖြင့် ၉-ပါးသော သမာပတ်တို့ကို ဝင်စားခြင်းနှင့်ပတ်သက်၍လည်း မိမိနှင့် ထပ်တူညီမျပြုသောအားဖြင့်ရှင်မဟာကဿပကို မိမိအရာ (ဘုရားအရာ)၌ ထားတော်မူလေသည်၊

ဤသို့ မြတ်ဗုဒ္ဓက အရှင်မဟာကဿပကို တစ်ပါးသော တပည့်သား ရဟန်းတော်တို့နှင့် မဆက်ဆံသော မိမိအရာ (ဘုရားအရာ)၌ ထား၍ ချီးမြှောက်တော်မူပေသည်။

အကျိုးကျေးဇူး များစွာ ဖြစ်ပေါ်လာခြင်း

ယင်းသို့ ချီးမြှောက်တော်မူခြင်းကိုပင် အရှင်မဟာကဿပ အနေဖြင့် သူ့ ခေါင်းပေါ်တွင် ကြွေးမြီ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ကျရောက်လာပြီဟု ယူဆတော်မူပေသည်။ ဤကြွေးမြီ ဝန်ထုပ်ဝန်ပိုးကြီးကို သံဂါယနာတင်ခြင်းမှ တစ်ပါး အခြားနည်းဖြင့် ပြေလည်အောင် ပေးဆပ်နိုင်မည် မဟုတ်ပေဟူ၍လည်းကောင်း၊ မြတ်စွာဘုရားက ဤငါ၏သားတော် ကဿပသည် ငါဘုရား၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို သံဂါယနာတင်ခြင်းဖြင့် နှစ်ပေါင်းများမြောင် ငါးထောင်တည်စေဒေပလိမ့်မည်ဟူ၍လည်းကောင်း သိတော်မူပြီးနောက်၊ ငါ့ကို အခြား ဇာပည့်သား ရဟန်းတော်များနှင့် မဆက်ဆံသည့် ချီးမြှောက်တော်မူနည်းမျိုးဖြင့် ရှင်တော်မြတ်ဘုရားက ချီးမြှောက်တော်မူပေ၏ဟု ကြံစည်တော်မူကာ ရဟန်းတော်များကို စည်းရုံး၍ သံဂါယနာ တင်တော်မူလေသည်။

ယင်းသို့ အရှင် မဟာကဿပ မထေရ်မြတ် သံဂါယနာ တင်တော်မူခဲ့သည့်အတွက် ထိုအချိန်မှ စ၍ ယနေ့တိုင်အောင် ရဟန်းရှင်လူ ပြည့်သူလူထုတို့ အမြင်မှန်ကို ရရှိကြပေသည်။ ကုသိုလ်မှန်း၊ အကုသိုလ်မှန်း သိကြပေသည်။ အပြစ်ရှိသော တရားမှန်း၊ အပြစ် မရှိသော တရားမှန်း သိကြပေသည်။ သာသနာ့ အလင်းရောင်ကို ရရှိကြသဖြင့် ဒါနကောင်းမှု ပြုတတ်ကြပေသည်။ သီလကောင်းမှု ပြုတတ် ကြပေသည်။ ဘာဝနာကောင်းမှု ပြုတတ်ကြပေသည်။

သာသနာပအခါတွင် သာသနာ့ အလင်းရောင်ကို မရရှိကြသဖြင့် ပြည်သူလူထု အားလုံးသည် ကုသိုလ်မှန်း၊ အကုသိုလ်မှန်း မသိကြချေ၊ အပြစ်ရှိသော တရားမှန်း၊ အပြစ်မရှိသော တရားမှန်း မသိကြချေ။ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုများကို စနစ်တကျ မပြုတတ်ကြချေ။ သာမန် ပုဂ္ဂိုလ်များကို မဆိုထားဘိ၊ ပါရမီရင့်ပြီး ဘုရားဖြစ်ခါနီးသော ကျွန်ုပ်တို့ ဘုရားအလောင်းတော် မဃဒေဝ မင်းကြီးသည် နှာပြည်၌ ဖြစ်သည့် ကာမဂုဏ်စည်းစိမ်ကို လိုချင်သည့် အတွက် ထီးနန်းစွန့်လွှတ်ပြီး တောထွက်ကာ တရားအားထုတ်လေသည်။ စမ္မေယျ နဂါးမင်း မဖြစ်မီ ကျွန်ုပ်တို့ ဘုရားအလောင်းတော်သည် လူဖြစ်ရစဉ် နဂါးမင်း စည်းစိမ်ကို ကိုယ်တိုင် တွေ့မြင်သဖြင့် ဒါန၊ သီလကောင်းမှုကုသိုလ်ကို ပြု၍ စမ္မေယျ နဂါးမင်းဖြစ်ရန် ဆုတောင်းသဖြင့် ကွယ်လွန်သော အခါ စမ္မေယျနဂါးမင်းဖြစ်ရလေသည်။

အရှင်သာရိပုတ္တရာ အလောင်းနှင့် အရှင်မောဂ္ဂလာန် အလောင်းတို့လည်း ဒါန၊ သီလကောင်းမှုကုသိုလ်ပြု၍ နဂါးမင်း၊ ဂဠုန်မင်း ဖြစ်ရန် ဆုတောင်းကြသဖြင့် ကွယ်လွန်သော အခါ နဂါးမင်း ဂဠုန်မင်း ဖြစ်ကြရလေသည်။

(သံ၊ ၁။ ၄၀၆၊ ၄၀၈၊ ၄၂၀။
သံ၊ ၎၊ ၂။ ၁၆၁-၂၊ ၁၈၄။
သံ၊ ၎၊ ၂။ ၁၆၁-၂၊ ၁၆၈-၉။
ဝိ၊ ၎၊ ၁၊ ၅။ သာရတ္ထ၊ ၁။ ၃၄-၆။ မ၊

၂။ ၂၆၂။ ဇာ၊ ဌ၊ ၁။ ၁၅၄–၅။ ဇာ၊ ဌ၊ ၄။ ၁၅၇–၈။ ဇာ၊ ဌ၊ ၅။ ၁၅၂။)

ထို့ကြောင့် အဋ္ဌကထာ(မ၊ဋ္ဌ၊၁၊၁၉၀) ၌–ဗာဟိရကာနဉ္စိ အဋ္ဌသမာပတ္တိယော ဝဋ္ဋ–ပါဒကာ ယေဝ၊ သာသနေ သရဏာဂမနမ္ပိ လောကုတ္တရ ပါဒကံ–ဟု ဖွင့်ပြလေသည်။

ဗြန်မာဗြန် – သာသနာပ၌ ဖြစ်ကြရသော ရသေ့စသော သူတော်ကောင်းတို့၏ သမာပတ် ရှစ်ပါးတို့သည် ဝဋ်တရား၏ အခြေခံအကြောင်းမျှသာ ဖြစ်ပေ၏။ ထို့ထက် အဆင့်နိမ့်သော ဒါန သီလ ဘာဝနာကောင်းမှုတို့မှာမူ ဆိုဖွယ်မရှိချေ၊ ဝဋ်တရား၏ အခြေခံအကြောင်းမျှ ဖြစ်ကြပေကုန်၏၊ နိဗ္ဗာန်ရောက်အောင်မပို့နိုင်ကြချေ။ သာသနာတော်တွင်း၌မူ ပြုလုပ်ရသော ကုသိုလ်မျှားအနက် သရဏဂုံ ကုသိုလ်ကတော၌မှ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကိုးပါး၏ အခြေခံအကြောင်းရင်း ဖြစ်ပေသည်။ နိဗ္ဗာန် ရောက်အောင် ပို့ဆောင်နိုင်ပေသည်။

တိဝိဋက=နိကာယ သာသနာပြုအဖွဲ့၏ သာသနာပြုနည်း

အနာဂတေ လင်္ကာ ရက္ခိဿတိ၊ လင်္ကာ ရက္ခိဿတိ၊ လင်္ကာ ရက္ခိဿတိ၊ (ဝိ၊ဋ္ဌ၊၁။ ၂၀၀။ ဝိ၊ သဒ္ဒ်။ ၂၃၂)

အရှည်ကိုမြင်တော်မူကြသော ရှေး မဃထရိမြတ်တို့၏ မိန်ခွန်းတော်။

ဗြန်မာပြန်–ဒနောင်အခါ ပညာရည်ချွန်ပုဂ္ဂိုလ် မွန်းဖြစ်သည့် မကောင်းမှုမှ ရှက်တတ်သော လင်္ကာ ပုဂ္ဂိုလ်သည် ဘုရားမြတ်စွာ သာသနာတော်ကို စောင့်ရှောက်လိမ့်မည်။ လင်္ကာ ပုဂ္ဂိုလ်သည် စောင့်ရှောက်လိမ့်မည်၊ လင်္ကာ ပုဂ္ဂိုလ်သည် စောင့်ရှောက်လိမ့်မည်။ အပြန်အား ဖြင့် ပညာရည် ချွန်အကြားအမြင် ဗဟုသုတဂုဏ်နှင့် ပြည့်စုံသူဖြစ်စေ ကာမူ မကောင်းမှုမှ မရှက်တတ်သည့် အလင်္ကာ ပုဂ္ဂိုလ်ကား ဘုရားမြတ်စွာ သာသနာတော်ကို စောင့်ရှောက်လိမ့်မည် မဟုတ်ချေ၊ ဖျက်ဆီးလိမ့်မည်။

အထက်ပါမိန့်ခွန်းတော်အရ တိပိဋကက=နိကာယ သာသနာပြုအဖွဲ့ အမှူးပြုသော ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် ဘုရားမြတ်စွာ သာသနာတော်ကို ရိုသေလေးစားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား ဆွမ်း သင်္ကန်း ကျောင်းဆောင် ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ထောက်ပံ့လှူဒါန်းကြပေသည်။ ယင်းပုဂ္ဂိုလ်မျာ ရည်ရွယ်ချက်အတိုင်း ဗဟုသုတဂုဏ်နှင့် ပြည့်စုံသည့် လင်္ကာ တိပိဋကဓရပုဂ္ဂိုလ်မျာ ပေါ်ပေါက်လာမှာ သေချာလှပေသည်။ ယင်းသို့ တိပိဋက=နိကာယ သာသနာပြုအဖွဲ့က မွေးထုတ်လိုက်သော အနက် သဒ္ဒါလိမ္မာကျွမ်းကျင် ဗဟုသုတဂုဏ်နှင့် ပြည့်စုံကြသည့် တိပိဋကဓရပုဂ္ဂိုလ်များသည်လည်း မြတ်စွာဘုရားအရာ၌ ထားထိုက်သော ပုဂ္ဂိုလ်များဖြစ်ကြပေသည်။

သာဓက–"သားတော်စုန္ဒ၊ အခြားသီတင်းသုံးဘော် ရဟန်းတော်သည် သံဃဝုပရိသတ် အလယ်တွင်ဟရားဟောရာ၊ သို့မဟုတ်ပရိယတ္တိမမ္မ စာပေကျမ်းဂန်များကို သင်ကြားပေးနေရာ၊ ထို ရဟန်းတော် ဟောပြောချက် သင်ကြားပို့ချချက်သည် အနက်သဒ္ဒါ မှန်ကန်တိကျပေသည်ဟု သင်တို့ သိရှိခဲ့လျှင် ယင်း ဟောပြောချက်၊ သင်ကြားပို့ချချက်ကို နှစ်သက်လက်ခံရမည်။ ဝမ်းမြောက်နူမော် သာဓုခေါ်ရမည်၊ ထို့ပြင် ချီးမွမ်း ဂုဏ်ပြုစကား ပြောကြားရပေမည်။"

ချီးမွမ်းဂုဏ်ပြု စကားပြောကြားပုံ

"ဤသို့ အနက်သဒ္ဒါ လိမ္မာကျွမ်းကျင်သည့် အရှင်ကဲ့သို့သော သက်တော် ရှည်မြတ်သော

သီတင်းသုံးဖော်ကို တွေ့မြင် ဖူး တွေ့ ရ သော ကျွန်ုပ်တို့အတွက် မွန်မြတ်သော လာဘ်ကြီး ဖြစ် ပေစွတကား။ ကျွန်ုပ်တို့ သာသနာ့ဝန်ထမ်း ရှင် ရဟန်းအဖြစ်ကို ကောင်းစွာ ရအပ်ပေစွတကား ဟု ချီးမွမ်း ဂုဏ်ပြုစကား ပြောကြားရပေမည်။ ထိုအနက်သဒ္ဒါ လိမ္မာကျွမ်းကျင်သည့် ဗဟုသုတ ဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ပရိယတ္တိ တရား တော်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားစကား ဟောပြောခြင်း၊ ပရိယတ္တိမမ္မ စာပေကျမ်းဂန် သင်ကြားပို့ချပေးခြင်း ဟူသော မြတ်ဗုဒ္ဓ ကိစ္စကို ပြုလုပ်သောကြောင့်လည်းကောင်း၊ ထိုပရိယတ္တိမမ္မ တွင်ကောင်းစွာတည်သောကြောင့်လည်းကောင်း၊ သားတော်စုန္ဒ – အနက်သဒ္ဒါ လိမ္မာကျွမ်းကျင် ဗဟုသုတဂုဏ်နှင့် ပြည့်စုံသော ရဟန်းမြတ်သည် သင်တို့တပည့်မမည်ချေ။ သင်တို့၏ ဆရာမြတ်ဗုဒ္ဓ မည်ပေသည်။ထို့ကြောင့် ဤရဟန်းမြတ်ကိုသင်တို့ ချီးမွမ်းကြရမည်။"

ဤဒေသနာတော်ဖြင့် မြတ်ဘုရားသည် အနက် သဒ္ဒါ လိမ္မာကျွမ်းကျင်သည့် ဗဟုသုတဂုဏ်နှင့် ပြည့်စုံသော ရဟန်းမြတ်ကိုမိမိအရာ (ဘုရားအရာ) ၌ ထားတော်မူခဲ့လေသည်။ (ဒီ၊ ၃။ ၁၀၇။ ဒီ၊ ဋ္ဌ၊ ၃။ ၉၅–၆။ ဒီ၊ ဋီ၊ ၃။ ၉၁၂။)

မြတ်ဘုရားအရာ၌ တည်သော တိပိဂဋ္ဌက= နိကာယ သာသနာပြုအဖွဲ့က မွေးထုတ်ပေးလိုက်သော ပိဋကသုံးပုံဆောင် အရှင်မြတ်များသည် မချွတ်မုချ ပရိယတ္တိမမ္မ စာပေ ကျမ်းဂန်များကို သံဃာတော်များအား သင်ကြား ပို့ချပေးခြင်း ကိစ္စ၊ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ကရဏာရှေ့ထား ဟောကြားပေးခြင်း ကိစ္စအား ဖြင့် ကိစ္စနှစ်ပါး မချွတ်မုချ ပြုလုပ်ကြပေလိမ့် မည်။ ယင်းသို့ပြုလုပ်ပေးသဖြင့် သာသနာတော် ကာလမြင့်ရှည် ကောင်းစွာ တည် ပေ လိမ့်မည်။ သာသနာတော် ကာလမြင့်ရှည် ကောင်းစွာတည် သဖြင့် သာသနာ့ အလင်းရောင် ရရှိကြသည့် အတွက် ရဟန်းရှင်လူပြည်သူအပေါင်းတို့ အလွန် ရခဲသော ဒါနပါရမီကုသိုလ်၊ သီလပါရမီ ကုသိုလ်၊ ဘာဝနာပါရမီ ကုသိုလ်များတို့ ပြုလုပ် ဆည်းပူးကြပေလိမ့်မည်။ ယင်းသို့ ပြုလုပ်ဆည်း ပူးနိုင်ကြသဖြင့် လူ့ စည်းစိမ်၊ နတ် စည်းစိမ်၊ နိဗ္ဗာန်စည်းစိမ်တို့ကို မချွတ်မုချ ရရှိ ခံစားကြရ ပေလိမ့်မည်။

တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ ခံစားရမည့် အကျိုး

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ပြုကျင့်နေသော ပုဂ္ဂိုလ်အား လူ့ဒါန်းရသော ဒါနကုသိုလ်၏ ကောင်းကျိုးမှာ အသင်္ချေယျ=ဘုရား ဉာဏ်တော်နှင့် သော်လည်း မရေတွက်နိုင်သော၊ အပ္ပမေယျ = တစုံတခုသော အရာဝတ္ထုနှင့်မျှ မနှိုင်းယှဉ်နိုင်သော ကောင်းကျိုးများကို ရနိုင်ကြောင်း မြတ်ဘုရားဟောကြားတော်မူပါသည်။ သောတာပတ္တိဖိုလ် မျက်မှောက်ပြုရန် ပြုကျင့်နေသော ပုဂ္ဂိုလ်များမှာ ကိုးယောက် ရှိကြောင်း အဋ္ဌကထာ ဆရာက ဖွင့်ပြထားပေသည်။ ယင်း ကိုးယောက်မှာ–

၁။ သရဏဂုံတည်သော ပုဂ္ဂိုလ်
၂။ သရဏဂုံနှင့်ကပ္ပ ငါးပါးသီလ မြဲသော ပုဂ္ဂိုလ်
၃။ သရဏဂုံနှင့် ဆယ်ပါး သီလ မြဲသော ပုဂ္ဂိုလ်
၄။ ရှင်ပြုစ သာမဏေ
၅။ သာမဏေ ရဟန်းတော်
၆။ ဝတ်အကျင့်နှင့် ပြည့်စုံသော ရဟန်းတော်

၃။ ဝဘ် အကျင့်နှင့် ပြည့်စုံ၍ ကြိုးကြား ကြိုးကြား ဝိပဿနာ အားထုတ်သော ရဟန်းတော်

၈။ ဝိပဿနာသက်သက် အားထုတ်နေသော ရဟန်းဘော်

၉။ သောတာပတ္တိမဂ္ဂဉာန်ပုဂ္ဂိုလ်

အားဖြင့် ကိုးယောက် ရှိပေသည်။

ယင်းပုဂ္ဂိုလ် ကိုးယောက်တို့အနက် ရှေးရှေးသော ပုဂ္ဂိုလ်အား လွှရေသာ ဒါနကုသိုလ်ထက် နောက်နောက်သော ပုဂ္ဂိုလ်အား လွှရသော ဒါနကုသိုလ်က ပိုမိုပြီး အကျိုး ကြီးမြတ်ပေသည်။ အဘယ်ကြောင့်နည်းဟူမူ ရှေးရှေးသော ပုဂ္ဂိုလ်ထက် နောက်နောက်သော ပုဂ္ဂိုလ်များက ဂုဏ်အားဖြင့် မြတ်သောကြောင့်တည်း။ (မ၊ ၃။ ၂၉၈။ မ၊ ၆၊ ၇။ ၂၂၃-၄။ မ၊ ၆၊ ၃။ ၄၁၀။)

သရဏာဂုံတည်သော အမျိုးသားတစ်ယောက်၊ သို့မဟုတ် သရဏာဂုံတည်သော အမျိုးသမီး တစ်ယောက်အား လွှဒါန်းရသော်၊ ဒါနကုသိုလ်သည်ပင် မရေတွက်နိုင်လောက်အောင် ကောင်းကျိုးရှကြောင်း ဤဒေသနာတော်ဖြင့် ဟောကြားတော်မူသဖြင့် သာသနာတော်၌ ကြည်ညို လေးစား၍ သာသနာပြုလိုသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များအား ပစ္စည်းလေးပါးဖြင့် ခိုးမြှောက်ထောက်ပံ့လွှဒါန်း၍ သာသနာပြု တိပိဋကဓရ ပုဂ္ဂိုလ်ဖြစ်အောင် ဆောင်ရွက်ပေးနေသော တိပိဋကဓရ=နိကာယ သာသနာပြုအဖွဲ့ဝင် ပုဂ္ဂိုလ်များ ရသင့်ရထိုက်သော ကောင်းကျိုးကို အဘယ် ပုဂ္ဂိုလ် ကုန်ခင်အောင် ရေးသား ဖော်ပြနိုင်ပါအုံးနည်း။ ဘဝတိုင်း ဘဝတိုင်း လူနတ်စည်းစိမ်ကို အကြိမ်ကြိမ် ရရှိခံစားကာ အနုပါဒါ ပရိနိဗ္ဗာန်ဝင်စံကြရမှာ သေချာကြောင်း ဓမ္မတာနာကောင်း ဖြင့် ရေးသားဖော်ပြအပ်ပေသတည်း။

ဦးဓမ္မဒိယာဘိဝံသ
နယ်းကျောင်း၊ ဘုရားကြီးတိုက်
အရှေ့တောင်မြို့နယ်၊ မန္တလေး။

တိပိဋကဓရ=နိကာယ သာသနာပြုအဖွဲ့ဝင် သူတော်စင်တို့သည် ပစ္စည်းလေးပါးဖြင့် ခိုးမြှောက်လှူဒါန်း၍ သာသနာပြု တိပိဋကဓရပုဂ္ဂိုလ် ဖြစ်အောင် ဆောင်ရွက်ကြရန်။

သာသနာပြု တိပိဋကဓရပုဂ္ဂိုလ်များကလည်း ဗာဟိရကိစ္စများကို လျစ်လျူရှုကာ ပရိယတ္တိဓမ္မစာပေကျမ်းဂန်များကို သင်ကြားပို့ချပေး၍ သူတော်ကောင်းတရားကို ကရုဏာရှေထားဟောကြားပေးရန် တိုက်တွန်းစကား နိဂုံးချုပ်ရေးသား ဖော်ပြအပ်ပါ၏တည်း။





ပန်းချီဝတို

ဟံ့ဂလိသေသနှင့် ပရိယတ္တိသာသနာ့တက္ကသိုလ်

အရှင်နာဂသေနာဘိဝံသ

ရေးအကျဆုံး ဗုဒ္ဓ သာသနာပြု

ဤတတိယ သုံးနှစ် ခရီး စာစောင်တွင် နောက်ခံ ကားချပ်သဖွယ် ဖြစ်သော နှောင်း အတိတ်က သာသနာပြု လုပ်ငန်းနှင့် တက္ကသိုလ်များ ဖြစ်-ပျက် ခဲ့ ဖူး သော အကြောင်း တစေ့တစောင်း မီးမောင်း ထိုးပြမှသာ ဤ ဆောင်းပါး ပြည့်စုံနိုင်မည်ဟု ယူဆပါသည်။ ထင်ရှားသော ဘာသာကြီး လေးရပ်တို့တွင် ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်၌ သာသနာပြု လုပ်ငန်းကို အစောဆုံး ဆောင်ရွက် ခဲ့ သော ဘာသာကြီး ဖြစ်သည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူ စဉ်ကပင် သာသနာတော် စည်ပင် ပြန့်ပွား အောင် ဆောင်ရွက်တော် မူခဲ့ကြပါသည်။ ဗုဒ္ဓ မြတ်စွာသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး နောက်၊ ပဉ္စဝဂ္ဂီငါးဦး သေဋ္ဌေးသား ယသနှင့် မိတ်ဆွေများ ဖြစ်ကြသော ဝိမလ စသော ပုဂ္ဂိုလ် လေးဦး၊ သေဋ္ဌေးသား ငါးကျိပ် အစရှိသော ရဟန်းတော်အပါး ၆၀-တို့အား ခေါ်တော် မူပြီး၊ သတ္တဝါများ၏ အကျိုးစီးပွား အတွက် တစ်လမ်း တစ်ပါးစီ တရားဟောထွက်ကြဖို့ ညွှန် ကြားတော် မူခဲ့ပါသည်။

ယင်းသို့ ဗုဒ္ဓ ညွှန်ကြားတော်မူချက် အရ ရဟန်းတော် အပါး ၆၀-သည် မေတ္တာတရား ကို ရွေ့ထား၍၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ပြန့်ပွားအောင် အနယ်နယ်အရပ်ရပ်သို့ လှည့်ပတ် လျက် အမြတ်ဓမ္မ ဟောပြကာ အားထုတ်တော် မူခဲ့ကြပါသည်။

ဓမ္မဝိနယ အယူအဆ မတူကြ

ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ရှင်တော် ဗုဒ္ဓ မရှိသည့်နောက် ဒုတိယ သင်္ဂါယနာတင်ပြီး နောက်ပိုင်းမှာ ရဟန်းတို့ မကျင့်သုံးအပ်သော အဓမ္မတရား ၁၀-ပါးကို ကျင့်သုံးအပ်သည်ဟု ဝဇ္ဇီတိုင်းသား ရဟန်းများက ယူဆလျက် ရဟန်း (၁၀၀၀၀) တစ်သောင်းနှင့် ဂိုဏ်း ခွဲထွက်ခဲ့သည်။ သာသနာသက္ကရာဇ် ၂၁၀-ခုနှစ် (ဘီစီ-၂၆၅)တွင် မောရိယနိုင်ငံ ထီးနန်းကို ဆက်ခံသော သိရိဓမ္မာသောက မင်းကြီးသည် ဗြာဟ္မဏ အယူဝါဒကိုစွန့်ကာ ဗုဒ္ဓဝါဒကို လက်ခံယုံကြည်လာသောအခါ ဗုဒ္ဓမြတ်စွာ သာသနာကိုများစွာ ချီးမြှောက်တော်မူပြီးလျှင် တိတ္ထိများကို နှိမ်နင်းတော် မူသည်။ သာသနာတော်နှစ် ၂၃၅ ခုနှစ်တွင် ပါဋလိပုတ်ပြည် အသောကာရုံ ကျောင်းတော်၌ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်အား အမှူးထား၍ သံဃာတော်ပေါင်း တစ်သောင်း တို့ဖြင့် သမားရိုးကျကိုက်းဖြစ်သော ထေရဝါဒ ကိုဏ်းဝင်များကသာ တတိယ သင်္ဂါယနာတင် တော်မူခဲ့ကြလေသည်။ တတိယ သင်္ဂါယနာတင် ပြီးနောက်ပိုင်းတွင် ဗုဒ္ဓမြတ်စွာ သာသနာတော် သည် ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်လျက် ဗုဒ္ဓသာသနာကို ပျံ့နှံ့စေခဲ့သည်။ နေလို လလို ထွန်းလင်း ဝင်းပစေခဲ့သည်။

သာသနာတော် သက္ကရာဇ် ၆၄၃ ခုနှစ် ပက်ရှဝါပြည့်ရှင် ဘုရင်ကနစ်သျှက ပြုစု ချီးမြှောက်ခဲ့သော မဟာယာန သာသနာသည်လည်း ခေါမ၊ ရောမ၊ တူရကီ၊ အီဂျစ်၊ အီတလီ၊ ရုရှား၊ တရုတ်၊ ဂျပန် စသော နိုင်ငံများသို့ ပျံ့နှံ့ထွန်းပြန့်ပွားခဲ့ကြလေသည်။ ကမ္ဘာ့လူဦးရေ ၅ ပုံ ၄ ပုံသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ ကမ္ဘာ့ဘာသာကြီး ဖြစ်နေခဲ့ပေလသည်။ ဤတွင် ဗုဒ္ဓမြတ်စွာ သာသနာတော်တွင် သမားရိုးကျ ကိုဏ်းနှင့် ပြုပြင်ရေးကိုဏ်းဟူ၍ စင်ဖြိုင်ကိုဏ်း ခွဲပေါ်ပေါက်ခဲ့ပေသည်။ ယင်းသို့ သင်း ကွဲကိုက်း ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းမှာ ဓမ္မဝိနယ အယူအဆ မတူကြခြင်းကြောင့်သာ ဖြစ်ပေသည်။

ကမ္ဘာအနှံ့ သာသနာဖြန့် ဗုဒ္ဓတက္ကသိုလ်များ

ယင်းသို့ သာသနာထွန်းကားမှုကြောင့် ဗုဒ္ဓ တက္ကသိုလ်များ ပေါ်ထွန်းလာသည်ဟု ဆိုသင့်ဆို နိုင်ပါသည်။ တက္ကသိုလ်မြို့ ဗုဒ္ဓ တက္ကသိုလ်များနှင့် ဟာရ္ဝမင်း လက်ထက် ထင်ရှားခဲ့သော နာလန္ဒ တက္ကသိုလ် အကြောင်းကို တစ်စွန်းတစ်စ တင်ပြသင့်သည်ဟု ထင်ပါသည်။ ဗုဒ္ဓသာသနာနှင့် ဆိုင်ရာ အယူဝါဒ ပညာပေးမှု စနစ်တွင် အဆိုပါ တက္ကသိုလ်များ၏ နည်းစနစ်များ အနည်းနှင့် အများ သွမ်းမိုးမှု ရှိသည်ဟု ယူဆသင့်ပေသည်။

ယခုအခါ တက္ကသိုလ်(တက္ကသိုလ်)သည်ပက်ရှ ဝါမြို့အနီး အနောက်မြောက်ဘက်တွင် တည်ရှိသည်။ တက္ကသိုလ်မြို့ အစရှိသော မြို့များတွင် ဗုဒ္ဓတက္ကသိုလ်များကို မဟာယာနဂိုဏ်းက ကြီးမှူး တည်ထောင်ခဲ့သည်။ ထိုခေတ် ထိုအခါက ဗုဒ္ဓဘာသာ ရဟန်းအများအပြားသည် ယင်း ဗုဒ္ဓတက္ကသိုလ်တွင် ဗုဒ္ဓဘာသာကိုသင်ယူ လေ့လာကြသည့် ရဟန်းတော်များသာမကလူပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သော ပုဂ္ဂိုလ်များ၊ တိဗက် နှင့် တရုတ်ပြည်တို့မှ ရဟန်းနှင့် သုတေသီများပါ လာရောက် ပညာဆည်းပူးကြသည်။ အိန္ဒိယ ပြည်ရှိ ထေရဝါဒကိုဏ်းဝင်များလည်း တက္ကသိုလ်တွင် မဟာယာနဂိုဏ်း၏ အဘိဓမ္မာကို လေ့လာကြသည်ဟု ဆိုသည်။

အဘိဓမ္မာမျက်စိသာ ပို့ချပေးသည် မဟုတ်ဘဲ အခြား ပညာရပ်များကိုပါ သင်ကြားပို့ချခဲ့ပေသည်။ အထူးသဖြင့် သိပ္ပံပညာကို အသားပေး၍ ဝိဇ္ဇာပညာရပ်များကိုပါ ပို့ချခဲ့ပေသည်။ ဇာတ်နှစ်ဂိုဏ်း ပေါ်ပေါက်ခဲ့ပေသည်။ ယင်းသို့ သင်း အဋ္ဌကထာဝတ္ထုများတွင် အမျိုးအနွယ် မြင့်မြတ်

သော ဘုရင်မင်းမြတ်နှင့် မှူးကြီးမတ်ရာ တို့၏ သားများ၊ ခရီးလှည့်လည်နေကြသော ဗြာဟ္မဏ များသည် ယင်းတက္ကသိုလ်တွင်ပညာရှာမှီးဆည်း ပူးကြကြောင်းဖော်ပြခဲ့ကြသည်၊

ထိုစဉ်က တက္ကသိုလ်ပြန် တက္ကသိုလ်ကျောင်း ထွက် ပညာတတ်လာမှုကို များစွာ ဂုဏ်ယူကြ သည်။ ဆေးပညာ တတ်ကျွမ်းလာသော ဆေး ဆရာများကို ထိုခေတ်က အထူးလေးစား အား ထားကြသည်။ ဗုဒ္ဓ ကိုယ်တော်တိုင် မကျန်းမာ တော်မူစဉ် တက္ကသိုလ်မှ ပြန်လာသော ဆေး သမားဇတ်ဘ,ကို ခေါ်၍ ကုသမှုခံခဲ့ကြောင်း တွေ့ ရသည်။ဘီစီ၆–ရာစု၊ ၇–ရာစုနှစ်လောက်ကကျော် ကြားခဲ့သော သဒ္ဒါဆရာကြီး ပါဏိနိသည်ပညာ ဆည်းပူးတတ်ကျွမ်းခဲ့သူ ဖြစ်သည်ဟု ဆိုကြသည်။

တက္ကသိုလ်သည် ဗုဒ္ဓမတိုင်မီကပင် ပေါ်ထွန်း ခဲ့သော ဗြာဟ္မဏလူမျိုးတို့၏ အတတ်ပညာ သင် ယူ ဆည်းပူးရာ ဌာနကြီး တစ်ခု ဖြစ်သည်။ ဗုဒ္ဓ ခေတ်တွင်လည်း ဗုဒ္ဓ အယူဝါဒ သုတေသီ ပညာ ရှင်များ၏ ပညာရှာမှီးရာ ဂတက္ကသိုလ်ကြီး ဖြစ် လာပြန်သည်။ ယင်း တက္ကသိုလ်သည် အိန္ဒိယ တစ်နိုင်ငံလုံးတွင် ကျော်ကြား၍ တိုင်းတစ်ပါး သား ပညာရှင်များကိုပါ ပညာဆည်းပူးလာလို စိတ် ရှိအောင် ဆွဲဆောင်နိုင်စွမ်း ရှိခဲ့ပေသည်။ ခုခေတ်နှင့်မတူ ထူးခြားချက် တစ်ခုမှာ ရှေး ဟောင်း တက္ကသိုလ်များတွင် အမျိုးသမီးများ ပညာဆည်းပူးကြသည်ဟုကား မတွေ့ကြရပေ။

နာလန္ဒ ကတ္တသိုလ်

နာလန္ဒ တက္ကသိုလ်သည် ကမ္ဘာတွင် ကျော် ကြားခဲ့သော ဗုဒ္ဓ တက္ကသိုလ်ကြီး ဖြစ်ခဲ့ပေသည်၊ ဥရောပတိုက်တွင် ရှေ့အကျဆုံး တက္ကသိုလ်သည် အီဘလီနိုင်ငံ ကလာနိုမြို့တွင် ခရစ်နှစ် ၁၀၀-ကျော်က ပေါ်ပေါက်ခဲ့သည်။ နာလန္ဒ တက္ကသိုလ် မှာ ရှေးဟောင်း ဗုဒ္ဓ တက္ကသိုလ်ကြီးအဖြစ် ခရစ် နှစ် ၄၀၀-ကျော်(၅-ရာစု) မှ ၁၁၀၀-ကျော် (၁၂-ရာစု)အထိ နှစ်ပေါင်း ၇၀၀-ကျော် တိုင် အောင်ထွန်းကားခဲ့သော ရှေးအကျဆုံးတက္ကသိုလ် ကြီးဖြစ်ခဲ့သည့်ဘလာနိုမြို့ရှိ တက္ကသိုလ်ထက် နှစ် ပေါင်း ၄၀၀–ကျော်စော၍ပေါ်ထွန်းခဲ့ပေသည်။

၆၀၅ – ခုနှစ်တွင် ဟာရှ အမည်ရှိသော မင်း နန်းတက်ခဲ့သည်။ ထိုမင်း လက်ထက်တွင် နာလန္ဒ တက္ကသိုလ်ကြီးသည် အလွန် ထင်ရှား ကျော်ကြား ခဲ့ပေသည်။ ဟာရှ မင်းကြီးသည် သာသနာတော်၏ အကျိုးကို များစွာ ဆောင် ရွက် ခဲ့ပေသည်။ ဂင်္ဂါမြစ်တစ်ဝှမ်းတွင် စေတီသစ် များ တည်ထား ကိုးကွယ်သည်။ ရဟန်းကျောင်း များနှင့် စာသင်တိုက်များကို ထောက်ပံ့ခဲ့သည်၊ ဗုဒ္ဓဘာသာ စာပေ သင်ကြား ပို့ချသော နာလန္ဒ တက္ကသိုလ်ကြီးကို အထူး အားပေး ချီးမြှင့်ခဲ့ သည်။ ဟာရှ ဘုရင်က "မိမိသည် နာလန္ဒ တက္ကသိုလ်မှ ပညာရှင်များ၏ အစေအပါး ကျေး ကျွန် ဖြစ်ပါသည်" ဟူ၍ ဂုဏ်ယူ ပြောဆို ခဲ့ပေ သည်။ ယင်း စကား တစ်ဝါကျမျှကို ကြားရ ဖတ်ရရုံနှင့်ပင် မင်းဆိုး မင်းကောင်း အဖြစ်ကို သရုပ် ကွဲစေပါသည်။

သာသနံ နာမ ရာဇာနံ၊
နိဿာယ တိဋ္ဌတေ ကွဓ၊
မိစ္ဆာဒိဋ္ဌိကရာဇာနော၊
သာသနံ ဒူသေန္တိ သတ္ထုနော။ ။

"ဤတိုင်းဤပြည် ဤအရပ် ဤဒေသ၌ သာ သနာ တည်ခြင်း မည်သည်ကား မင်းကောင်း မင်းမြတ်ကို အမှီပြု၍သာ တည်ရ၏။ မိစ္ဆာ အယူ ရှိကြကုန်သော မင်းတို့သည် မြတ်စွာဘုရား၏ သာသနာတော်ကို ပျောက်ပျက်အောင် ဖျောက် ဖျက် ကြကုန်၏။"

ဟု ဆိုသော စကားသည်လည်း မင်းဆိုး မင်းကောင်း အဖြစ်ကို တိုင်းတာသော ပေတံ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ခရစ်နှစ် ၆၂၉-ခုနှစ်တွင် တရုတ်ရဟန်းတော် အရှင် ရွှမ်ကျန့်သည် အိန္ဒိယပြည်၌ လှည့်လည်ခဲ့၍ ဗုဒ္ဓစာပေ ကျမ်းဂန်များကို နှံ့နှံ့စပ်စပ် လေ့လာခဲ့သော ရဟန်းတော် တစ်ပါး ဖြစ်ပေသည်။ အရှင် ရွှမ်ကျန့်သည် ထိုခေတ်က အိန္ဒိယနိုင်ငံတွင် ကျော်ကြားသော နာလန္ဒ တက္ကသိုလ်ကြီးတွင် နှစ်ပေါင်း အတန်ကြာ နေထိုင်၍ ဗုဒ္ဓစာပေများကို လေ့လာခဲ့ဖူးသည်။ ထို အရှင်၏ မှတ်တမ်းအရ နာလန္ဒ တက္ကသိုလ်၌ ထိုအခါက စာသင်သား တစ်သောင်းခန့် ရှိ၏။ စာသင်သားများသည် ဝိနည်းသိက္ခာပုဒ်များနှင့် ကျောင်းစည်းကမ်းများကို အလွန် ရိုသေလေးစား၍ လူများ၏ ကြည်ညို လေးစားခြင်း ခံကြရ၏။ ဘုရင်မင်းမြတ်က မြို့ရွာပေါင်း တစ်ရာမှ အခွန်ဘဏ္ဍာငွေကို စာသင်သားတို့၏ ဆွမ်းကွမ်းအတွက် သုံးစွဲ၍ ပြည်သူ လူထုတို့ကလည်း ပစ္စည်း လေးပါး လှူဒါန်း ထောက်ပံ့ကြသဖြင့် ရဟန်းတို့သည် မပူမပင် မကြောင့် မကြရဘဲ ပညာသင်ကြားကြရ၏။

ကျောင်းဆောင်များမှာ အထပ် လေးထပ် ရှိ၍ ထည်ဝါ ခန့်ညားလှ၏။ တက္ကသိုလ်မှာ ကြီးမား ခန့်ထည်သော အဆောက်အအုံပေါင်းများစွာဖြင့် ဖွဲ့စည်းထား သည်။ ပင်မတက္ကသိုလ်၊ စာသင်ခန်း၊ ဆွေးနွေးခန်း၊ လက်တွေ့ စမ်းသပ်ခန်း၊ တရားကျင့်ခန်း စသည်တို့ ရှိသည်။ တရားဟောပြော ဆွေးနွေးသော အခန်းများမှာ စုစုပေါင်း တစ်ရာ ရှိသည်။ တက္ကသိုလ် အာရာမ်အတွင်း ဘုရားဝတ်ပြုဆောင်၊ စာသင်သားများ နေထိုင်ရာ ကျောင်းထိုက်များ၊ ပိဋကတ်တိုက်များ၊ စာကြည့်တိုက်များ စသည်တို့လည်း ရှိသည်။ ယင်းတွင် ပါမောက္ခဆရာ စုစုပေါင်း ၁၅၀၀ ရှိ၍ စာသင်သား တစ်သောင်း ရှိခဲ့သည်ဟု ဆိုသည်။

စာသင်သားများမှာ အိန္ဒိယနိုင်ငံ အနှံ့အပြားမှ သာမက မွန်ဂိုလီးယား၊ တရုတ် စသည့် တိုင်းခြားနိုင်ငံများမှလည်း ပါဝင်သည်။ များသောအားဖြင့် ဗုဒ္ဓဘာသာရဟန်းတော်များ ဖြစ်ကြသည်။ ထိုတက္ကသိုလ်တွင် ပိဋကတ်ဆိုင်ရာ ဗုဒ္ဓတရားတော်ကို ပို့ချခြင်းပြုသည်၊ ပို့ချရာ၌ ဆွေးနွေးခြင်းကို အဓိကထား၍ ဆောင်ရွက်သည်။ ဗုဒ္ဓတရားတော်သာမက ဝေဒပညာ၊ ဆေးပညာ၊ ဂဏန်းသင်္ချာ၊ စာပေသဒ္ဒါ၊ ဓာတုဗေဒ၊ သတ္တုဗေဒ၊ ဒဿနဗေဒ စသည့် ပညာရပ် အမျိုးမျိုးများကိုလည်း သင်ကြားပေး ပေသည်။

တက္ကသိုလ်သို့ ဝင်ခွင့်ရရန်မှာမလွယ်ကူလှပေ၊ တက္ကသိုလ် ဝင်ခွင့် စည်းကမ်းသည် အလွန် တင်းကျပ်သည်။ အစမ်းအသပ် အစစ်အဆေး ခံပြီးမှ တက္ကသိုလ်သို့ ဝင်ခွင့်ရသည်။တက္ကသိုလ် ဝင်လိုသူသည် ရှေးဦးစွာ တက္ကသိုလ် ပရိဝုဏ် အပြင်ရှိ တည်းခို ဆောင်များတွင် နေထိုင်ရသည်။ ထို နောက် မှ တဲ့ ခါး မှူး များ က တစ်ဦး ခြင်း ခေါ်ယူကာ ခက်ခဲ နက်နဲသည့် မေးခွန်းများကို မေးမြန်းစမ်းသပ် စစ်ဆေး ကြသည်။ တံခါးမှူးများမှာ ပါမောက္ခအဆင့်ရှိသူများဖြစ်ကြသည်၊ များစွာသော ပုဂ္ဂိုလ်တို့မှာ မေးခွန်းများကိုကောင်းစွာမဖြေဆိုနိုင်ကြသဖြင့်တက္ကသိုလ် ဝင်ခွင့် မရပေ၊ ၁၀ ဦးတွင် ၃ ဦးလောက်သာ ဝင်ခွင့်ရပေသည်။

အာရှ တစ်လွှား သာသနာ ထွန်းကား

တရုတ်ရဟန်းဘော် ရွှမ်ကျန့်သည် ၇-ရာစုနှစ် နာလန္ဒ တက္ကသိုလ်ကြီးတွင် ၅ နှစ်ကြာမျှ ပညာဆည်းပူးခဲ့သည်။ ပညာထူးချွန်၍ စာပေ ပို့ချရသော ပါမောက္ခ တစ်ဦးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ရသည်၊ သူ၏ မှတ်တမ်းတွင် "ဇမ္ဗူဒိပ်ကျွန်း၌ ဘုန်းတော်ကြီး ကျောင်းတိုက်များ အရာအထောင် ရှိပါသည်။ သို့ရာတွင် ကြီးကျယ် ခမ်းနားမှုတွင် လည်းကောင်း၊ ကြွယ်ဝမှုတွင် လည်း

ကောင်း၊ ဘယ်ကျောင်းတိုက်မှနာလန္ဒကိုမမှီနိုင်” ဟူ၍ မှတ်တမ်းတွင် ရေးသားထားပေသည်။

နာလန္ဒ တက္ကသိုလ်သည် ဤမျှ ခန့်ညား ထည်ဝါ၍ သိကွှာအရာ၊ ပညာအရာ၊ စည်းကမ်းအရာ မှ စ၍ အစစအရာရာတွင် အားလုံးက လေးစား ရသော ရှေးခေတ်တက္ကသိုလ်ကြီး ဖြစ်ခဲ့ပေသည်။ ဤမျှ ကြီးကျယ်ခမ်းနားခဲ့သော နာလန္ဒ တက္က သိုလ်သည် ၁၁၉၇-ခုနှစ်တွင် ဝိကရမသီလာ တက္ကသိုလ်ကျောင်းတော်ကြီးနှင့် တစ်ပြိုင်တည်း အစ္စလာမ် ဘာသာဝင် တူရကီ၊ အာရပ်၊ အာ ဖဂန်တို့က အိန္ဒိယနိုင်ငံ မြောက်ပိုင်းကို တိုက်ခိုက် သိမ်းယူလျက် နှစ်ပေါင်း သုံးရာခန့်စိုးမိုးအုပ်ချုပ် ခဲ့ရာမှ အကြိမ်ကြိမ် မီးရှို့ ဖျက်ဆီးခြင်း ခံခဲ့ရ သည်။ ဗုဒ္ဓတရားတော်ကို ကမ္ဘာအနှံ့ ပြန့်ပွား အောင်ဆောင်ရွက်ရာတွင် နာလန္ဒတက္ကသိုလ် ထွက် ပုဂ္ဂိုလ်ကျော်တို့၏ ကြိုးပမ်းမှုသည် ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပေသည်။

ဗုဒ္ဓသာသနာတော်သည် သာသနာ သက္ကရာဇ် ၁၅၀၀-ကျော်တွင် ပသီ(မွတ်စလင်) မင်းများ အိန္ဒိယနိုင်ငံကို အုပ်ချုပ်သောအခါ တစ်စတစ်စ မှေးမှိန်သွားကာ နောက်ဆုံး လုံးဝပျောက်ကွယ် သွားခဲ့ပေသည်။ အိန္ဒိယပြည်တွင် ဗုဒ္ဓ သာသနာ ရောင်ခြည်သည် မှေးမှိန် သွားခဲ့သော်ငြားလည်း သီဟိုဠ်နိုင်ငံနှင့် အရှေ့တောင်အာရှ တစ်လွှားသို့ ပုံ့နှံ့သွားကာဗုဒ္ဓသာသနာ အရောင်သည် ထွန်း ပြောင်နေဆဲပင် ဖြစ်ပေသည်။

တက္ကသိုလ် အစားထိုးရန် ထူထောင်ပြန်

ယင်းသို့ ကမ္ဘာ့တစ်ခွင် ပညာသင်တို့ အား ထား မှီခိုတက္ကသိုလ်ကြီးများ ကမ္ဘာ့မြေ အပြင်မှ ပျောက်ကွယ် ပျက်စီးသွားသည်မှာ နှစ်ပေါင်း တစ်ထောင်ခန့် ရှိပြီဖြစ်ရာ၊ ယင်းဆုံးရှုံးမှုကြီးကို မင်းကွန်း တိပိဋကဓရ ဓမ္မဟတ္ထာဝရိက အဘိ ဓဇမဟာရဋ္ဌဂုရု ဦးဝိစိတ္တသာရာဘိဝံသဆရာတော် ဘုရားကြီးသည် မိမိ၏ ဘုန်းအား၊ ကံအား၊ ဉာဏ်အား၊ ဝီရိယအား၊ ပညာအား၊ သဒ္ဓါ အား စွမ်းပကားကို အသုံးချလျက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ မန္တလေးနှင့် ရန်ကုန် မြို့ကြီး နှစ်မြို့တွင် ပရိယတ္တိသာသနာ့ တက္ကသိုလ် ကြီးများ တည်ဆောက်၍ အစားထိုး ထူထောင် နေခြင်းကို ဗုဒ္ဓဘာသာဝင် ပြည်သူ တာစ်ရပ်လုံး ရွှင်ပြုံးအားရ ဝိုင်းဝန်းအားပေးလျက် ရှိကြပေ ပြီ။ နှစ်များ မကြာမီ ကမ္ဘာကို သာသနာ ပြုနိုင် ကြတော့မည်ဟု စာရေးသူသည် ဖရဏာပီတိ ဂွမ်းဆီထိမျှဝမ်းသာ နေရတော့သည်။

တိပိဋကဓရ ဦးဝိစိတ္တာသာရာ ဘိဝံသ ဆရာ တော် ဘုရားကြီး၏ မွန်မြတ်သော ဦးတည်ချက်မှာ သာသနာ့တက္ကသိုလ်ကြီး၌ ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ သင်္ကတ၊ ဟိန္ဒီ ငါးဘာသာဖြင့် သင်ပြ ပို့ချပြီး မဟာဓမ္မာစရိယ ဘွဲ့ရ သာသနာ့ အာဇာနည် များ မွေးထုတ်ကာ ပြည်တွင်းပြည်ပ သာသနာပြု စေကြပြီး ဗုဒ္ဓဘာသာကို ကမ္ဘာ့ဘာသာကြီးအဖြစ် သို့ ရောက်အောင် အစိုးရအား ပြည်သူ့အားကို ရယူလျက် အားထုတ်ချက်ပင် ဖြစ်ပေသည်။

ပုဂ္ဂိုလ်သာမန်တို့ ကြုံတွေ့ဝံ့၊ လုပ်ဆောင်ဝံ့ သော လုပ်ရပ်မျိုးကား မဟုတ်ပါပေ။ ဘုန်းကံ ပါရမီ စုံညီပြည့်ဝလျက် စိတ်ဆန္ဒ ဝီရိယ ပညာ အဓိပတိ ပစ္စည်းတပ်သော ပုဂ္ဂလဝိသေသ ထူး မြတ်လှသူတို့ အရာသာ ဖြစ်ပေသည်၊ ဤပုဂ္ဂိုလ် မျိုးကို—

> “ပုဂ္ဂိုလ်တွက်ရေ၊ ကုကုဒေတွင်၊ ရှာဖွေပတ် နှောက်၊ သဒ္ဓါပေါက်သည်၊ တစ်ယောက်ရဲရဲ၊ ထက်မသိ စဲ၏။”

ဟူသော စာဆို အတိုင်းအလွန်ရနိုင်ခဲ ထွက်ပေါ် လာနိုင်ခဲသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပါ သည်။

နှောင်းအတိတ်က ကွယ်လွန်လေပြီး သော သာသနာ့ တက္ကသိုလ်ကြီးများ နမူ အယောင်တူ

စံယူ၍ အနာဂတ် သားသမီးတို့အား အရှည်ခန့်၍ တည့်တံ့နိုင်စေရန် ဆောက်လုပ်ဖွဲ့စည်းပုံ၊ စောင့်ရှောက်ပုံ၊ ပို့ချ-အုပ်ချုပ်ပုံ စသည်တို့ကို အခန်းကဏ္ဍအလိုက် စည်းစနစ်ကျစွာ အားသာဟုန်ယူလျက်....

၁။ တိုပိဋကာ=နိကာယ သာသနာပြုအဖွဲ့ကြီး
၂။ တိုပိဋက = နိကာယကပ္ပိယကာရက အနိုးကပ် ပြုစုရေး ဥပဋ္ဌာကအဖွဲ့ကြီး
၃။ အထောက်အကူပြုဥပတ္ထမ္ဘကအဖွဲ့ကြီး
၄။ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး

စသည် စသည် အဖွဲ့ကြီးအတွင်း အဖွဲ့ငယ်ပေါင်း များစွာ သွင်း၍ သိပ်သည်း ကျစ်လျစ်စနစ်စုံစွာ ဖွဲ့စည်း ဆောင်ရွက်လျက် ရှေ့သို့လှမ်း ချီလာပုံမှာ ကမ္ဘာပတ်လုံး တံ့ညီစေနိုင်ငံသာ အစီအစဉ် အသွင်လှလှ မြင်ကျရပေသည်။ ယခုကဲ့သို့ မြို့ငြိုင်ဆိုင်ဆိုင် သံဒါ ခိုင်ခိုင်ဖြင့် ဥမင်ကွဲသိုက်မဟုတ် အဆင့်ဆင့် အဆက်အဆက် ဆောင်ရွက်နိုင်ကြဖို့ လိုအပ်ပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် မရသေး မဖြစ်ပေါ်သေးသော ကမ္ဘာ့ သာသနာပြု ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးကို ရှိလာအောင်၊ ဖြစ်ပေါ်လာအောင် ပြုလုပ် အားထုတ်ရသည်ထက် ရှိပြီး ဖြစ်ပေါ်ပြီးသော ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ထားဖို့ ရန်နှင့်ဆတက်ထမ်းပိုးတိုးဝှေ့ရန်အတွက်၊ အလွန်ပင် ဝန်သေး ခဲယဉ်းလှသော ကြောင့်ပင်တည်း။

အာဠာနုမေဒ ပဌမံ၊ ပဋိရူပေ နိဒေဿယေ

ဟူသော ခမ္မပဒ ဒေသနာတော်အရ ဆရာတော်ဘုရားကြီးသည် ပထမ ရှေးဦးစွာ မိမိကိုယ်ကို သင့်ဘော်သော ဂုဏ်၌ သွင်းထားရမည်။ ထို့နောက်မှ သူတစ်ပါးကို မိမိကဲ့သို့ ဖြစ်အောင် သွန်သင် ဆုံးမ နည်းလမ်းပြရမည်– ဟူသည်နှင့်အညီ အာဒိကမ္မိက ဟိပိဋကမရ အဘိဓမ္မမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးသည် သာသနာတခွင် ရှိသမျှ ဘွဲ့ဂုဏ်အထင်ထင်ကို ကုန်စင်အောင် ရယူပန်ဆင်ထားပြီးမှ တိပိဋက=နိကာယ သာသနာပြု အဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်လျက် ပါရမီရှင် ဇာနည်ဝင်ဖြစ်ကြသော တိပိဋက အလောင်းအလျာတွေကို ကမ္ဘာ့ ပြည်သူတွေအတွက် မွေးထုတ် ပေးနေခြင်း၊ အသီးအပွင့်ကို ဖြစ်ထွန်းစေလိုသော ဥယျာဉ်မှူးသည် ရေသောက်မြစ်ကို မြေတောင်မြောက်၊ မြေသြဇာကျွေး၊ ရေလောင်း ပေးသကဲ့သို့ အမြစ်နှင့်နမူ အလားတူသော ပရိယတ္တိ သာသနာတော်ကြီး ရှင်သန်ကြီးထွားလာစေရန် ရသမျှ လာဘ်လာဘကို စွန့်လှူ နေခြင်းသည်လည်း လူဓေဿဓေဿင်လည်း အလှူမဓေဿဓေဿ အလှူမျိုးကို ကိုယ်တိုင် ပြုလုပ်ခြင်း၊ ပြည်သူတွေကို နှိုးဆော်တိုက်တွန်းခြင်းနှင့် ဓလှူရဖူးဓေဿဓေဿ အလှူကို ပေးလှူရခြင်းကြောင့် မရဖူးဓေဿဓေဿ ကုသိုလ်ထူးကို ကိုယ်တိုင်ပြုလုပ်ရသူ နေရသလို တိုင်းသူပြည်သား လူထုအား တိုက်တွန်း လမ်းညွှန်လျက်ပင် ရှိနေလေသည်။

"စိရံ တိဋ္ဌတု သမ္မမွော
ပရိယတ်–ပဋိပတ်-ပဋိဝေဓ-သဒ္ဓမ္မ သုံးဖြာ သာသနာသည် ရှည်ကြာမြင့်စွာ တည်ပါစေသတည်း–ဟု ဟောကြွတော်မိဋ္ဌာန်နေရုံနှင့်မပြီး၊ သာသနာ တည်ကြောင်းအားသစ်လောင်းကာ....

"သာသနဋ္ဌိတိယာ ပန ပရိယတ္တိပမာဏာ"' ဟု ပါထိက အဋ္ဌကထာ။ ဝိနယသင်္ဂဟ အဋ္ဌကထာ၊ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာတို့က တပြေးညီစွာ မိန့်မှာမျှော်ကို ဦးထိပ်ရွက်လျက် သာသနာတော် တည်ခြင်း ပမာဏကား ပရိယတ္တိသာလျှင် ဖြစ်ကြောင်း မနသိကောင်းဖြင့် ပရိယတ္တိမကွေ့ခိုင် ခိုင်သည်ထက် ခိုင်ကာ ခက်လက်ညွှန့်စည် အဓွန့်ရှည့်အောင် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးကို တည်ထောင်လမ်းဖွင့်ပေးလိုက်သဖြင့် မြို့ကြီး ပြကြီးတိုင်း၌ နိကာယ် ငါးရပ် ပရိယတ္တိ စာမေးပွဲများ ထွန်း

ကဒး ပေါ်ပေါက်လာကာ နိကာယ်ဟူသောအသံ ဘဝင််လျှံ့အောင် တစ်နိုင်ငံလုံး ပဲ့တင်ထပ်လျက် ပြန့်နှံ့စည်ပင် လာပါတော့သည်။

ထို့ကြောင့် တိပိဋကရဒ္ဓိးဝိစိတ္တာသာရာဘိဝံသ ဆရာတော်ဘုရားကြီးအား မြန်မာနိုင်ငံ မျက်မှောက်ခေတ်၏ နိကာယ် သမိုင်းမှတ်တိုင်ကြီး၊ တိပိဋကရဒ္ဓိ မိုးရှူးတိုင်ကြီးအဖြစ်ဖြင့် မှတ်တမ်းတင်ကာ၊ နောက်သားနောင်လာတို့အား သမိုင်းပေးကြရပါတော့မည်။ ဗုဒ္ဓဘာသာတို့၏ ဦးထိပ်တင် သာသနာအတွက် ကျေးဇူးရှင်ဖြစ်၍-

"တေဇာရှင့်ဂုဏ်၊ ဘယ်မှာကုန်အံ့
ဝသုန်သိန္ဓု၊ သိနေရုထက်
ဗဟုတရ၊ ကြီးမြတ်စွရှင့်"

* * *

"အရှည်မကြာ၊ ဤခန္ဓာကား
တရာအနှစ်၊ ကိုယ်၌ဖြစ်သော
ပြန့်စစ်နိုင်းလျော်၊ ကျေးဇူးတော်မူ
ကျေးကျော်ကုန်ခန်း၊ ကမ္ဘာကျွမ်းလည်း
ဥဒါန်းမကျေ၊ လူ့မြေနယ်ရပ်
ပဲ့တင်ထပ်လိမ့်" (ဝိမုရပျို့)

ဟူသည်နှင့်အညီ ဆရာတော်၏ ကျေးဇူးဂုဏ်တို့ကား ကြီးကျယ် များမြတ်လှပေ၏တကား။

ထို့ကြောင့်ပင်လျှင် ဗုဒ္ဓမြတ်စွာ ဟောမိန့်မှာခဲ့သော-

ကေပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ၊ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ ဒေဝမနုဿာနံ။ ကတမော ကေ ပုဂ္ဂလော။ ။သမ္မာဒိဋ္ဌိကော ဟောတိ၊ အဝိပရီတဒဿနော၊ သော ဗဟုဇနံ အသဒ္ဓမ္မာ ဝုဋ္ဌာပေတွာ သဒ္ဓမ္မေ ပတိဋ္ဌာပေတိ။

ဟု၍ (ကေဂုဏ်တော်ရ၊ ကေဓမ်ဳ၊ တတိယဝဂ်) ဟော တော်မူချက် အဓိပ္ပာယ်ဆက်မှာ-

ရဟန်းတို့၊ တစ်ယောက်သောပုဂ္ဂိုလ်သည် လောကဥ္စာ ဖြစ်ပေါ်လာသော် လူအများ၏ အစီးအပွားရှိခြင်းငှာ၊ လူအများ၏ အကျိုးရှိခြင်းငှာ၊ နတ်လူတို့၏အစီးအပွားရှိခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်ပေါ်လာ၏။ ထိုတစ်ယောက်သော ပုဂ္ဂိုလ်သည် အဘယ်နည်းဟူမူ မဖောက်မပြန်သောအားဖြင့် မြင်တတ်သော သမ္မာဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်ပင်တည်း။ ထိုပုဂ္ဂိုလ်သည် လူအများကို မသူတော်တရားမှ ကင်းကွာစေ၍ သူတော်ကောင်း တရား၌ တည်စေ၏။

ဟု ဟောတော်မူခဲ့ချက်သည် တိပိဋကဓံရဒ္ဓိးဝိစိတ္တာသာရာဘိဝံသလို ပုဂ္ဂိုလ်မျိုးကို ရည်ညွှန်း၍ ဟောတော်မူခဲ့ခြင်း ဖြစ်ပေသည်တကား။ တိုင်းပြည်အတွက်၊ သာသနာအတွက်၊ ဗုဒ္ဓဘာသာဝင်တွေအတွက် ဖြစ်ထွန်းပေါ်ပေါက်လာသော ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် ပုဂ္ဂလဝိသေသတို့ ဖြစ်ကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပေသတည်း။

အရှင်နာဂသေနာဘိဝံသ (ကျောင်းလေးကျော်)
အဘိဓဇမဟာရဋ္ဌဂုရု

တောင်လေးလုံးကျောင်းစာသင်တိုက်
ဖက်တန်းရပ်၊ မော်လမြိုင်မြို့
မွန်ပြည်နယ်။



ဓနုးဒိုဇင်ကျောင်းတော်

ဘဒ္ဒန္တဓမ္မာနန္ဒ ဓာတ်တော်ပြည်ကျော် ပဂိုလ်တော်

သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခို

ဒုလ္လဘော ပုရိသာဇညော၊
နု သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ မိရော!
ဘံ ကုလံ သုခ + မေဓတိ။
ဇာနည်ယောက်ျား၊ အလွန်ရှား၏
များဖြားနေရာ၊ မဖြစ်ပါဘဲ၊
ဖြစ်ဖော်ပြန်မူ၊ ထိုသူဖြစ်ရာ၊
ရုပ်ရွာအမျိုး၊ ချမ်းသာတိုး၏။

(ဓမ္မပဒ)

သေလေ သေလေ၊ တောင်ဘောင်ထွေတိုင်း၊
လွန်ထွေဖိုးများ၊ ပတ္တမြားမထွက်၊
ဖြူနက်ဆင်တွေ၊ ဂဇေ ဇေတိုင်း၊
မြုံတေရဲရဲ၊ ပုလဲမရှိ၊
များဘိမြိုင်ခြေ: ဝနေနေတိုင်း၊
နီရွှေနံ့မြူး၊ စန္ဒကူးမပေါက်၊
မိုးအောက်ရပ်မြေ၊ ငှာနေနေလည်း၊
ကဇေမြောက်သူ၊ ပဏ္ဍိတ်လူလျှင်၊
တစ်ဆူဖြစ်ခဲ၊ မလွဲကေန်၊ ဟုတ်လှ မှန်၏။

(မဃဒေဝ)

အထက်ပါ ဘုရားဟောဒေါဖော် ဓမ္မပဒဂါထာ တော် တစ်ယောက် ပေါ်ပေါက်ခြင်းကား လွန်တော်နှင့် မဃဒေဝလက်ဘွဲ့ မန်လည်ဆရာတော် စွာမှ ခဲ့ယဉ်းလှပေ၏။

ပိန့် ဖော် ထား သည့် အ တိုင်း အာ ဇာ နည် ယောက်ျားမြတ် တစ်ယောက် ဖြစ်ထွန်း ပေါ် ပေါက်ရန် အလွန်မှ ခဲယဉ်းလှပေသည်။

ထိုကဲ့သို့ ပေါ်ပေါက်ခဲသည့် အာဇာနည် ပုဂ္ဂိုလ်တို့တွင်လည်း တွေ့ခဲကြုံခဲသည့် သာသနာ ခေတ်ကာလထဲ၌ သူတော်ကောင်းအများ ခြိုးမွမ်း အပ်သော သာသနာ့ အာဇာနည်ကျော် ပုဂ္ဂိုလ်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာ ရဋ္ဌဂုရု မင်းကွန်းဆရာတော်သည် အထက်ဖော်ပြ ပါ အာဇာနည်ချွန် ပုဂ္ဂိုလ်မွန်တို့ အထဲတွင် အံ့ခြီးဖွယ်ရာ သာသနာတစ်လျှောက် ဘုရားရှင် သာသနာမကွယ်ပျောက်သမျှ မော်ကွန်းတင်ထား ရမည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန် အာဇာနည်မွန် ဆရာတော်တစ်ပါး ဖြစ်ပါပေသည်။

ထို အာ်ဒါန်ကြီးကျော် ဇာတိပဋိသန္ဓေဆရာတော်၏ ဘဝစက်နှင့် လုပ်ဆောင်ချက်တို့ကိုကြည့်ရှုပါက....

၁။ ဌာနေကောင်းခွဲ ဖြစ်ရခြင်း – ပတိရူပဒေသဝါသ

၂။ ရွှေးကောင်းမူကံ၏ အထောက်အပံ့ကို ရရှိခြင်း – ပုဗ္ဗေစ ကတပုညတာ


၃။ မိမိ၏ ကိုယ် စိတ် နှလုံး သုံးပါးလုံးကို စောင့်ထိန်းခြင်း–အတ္တသမ္မာပဏိဓိ

၄။ မိဘဆရာသမားကောင်း တပည့် ဒကာ ဒကာမကောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲ မှီဝဲရခြင်း–သပ္ပုရိသူပနိဿယ

ဤကဲ့သို့ စက်လေးပါးနှင့် ပြည့်စုံပြီးလျှင် သဒ္ဓါဗိုလ် ဝိရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ် တည်းဟူသော ဗိုလ်ငါးပါးကိုလည်း ထာဝစဉ် လက်ကိုင်ထားတော်မူလေ၏။

ထို ဗိုလ်ငါးပါး လက်ကိုင်ထားတော်မူသည့် အလျောက် တိပိဋကဓရ စာမေးပွဲကြီးကို ဝင်ဖြေခါနီး ကာလ၌ "မင်္ဂလာ ဗိုလ်ငါးပါး ဉာဏဗလ ပိုင်း ဆိုင်ရာ အားကြီးငါးရပ် အပြည့်အဝရှိနေတဲ့ ပုဂ္ဂိုလ်ပဲ၊ ဘာကြောက်စရာရှိသလဲ" ဟု ရဲရဲတောက် သီဟနာဒ စကားကို ကြိမ်းဝါးခဲ့ပေသည်။

ထို ဗိုလ်ကြီးငါးပါး အားကြီး ငါးရပ်တို့ဖြင့် အခက်အခဲဟူသမျှ တွန်းလှန်တော်မူကာ တိပိဋကဓရ အောင်ပန်းကို ဆွတ်လှမ်းတော်မူခဲ့ပေသည်။



၂၂ ✵ မင်းကွန်း တိ=နိ သာသနာပြုအဖွဲ့

အထက်ဗိုလ်ငါးပါးတို့နှင့် ယှဉ်တွဲပြီး ဆင်ခြေရသည့် တိပိဋကစာမေးပွဲကြီး၏ ပိဋကကျမ်းစာတို့၏ ခက်ခဲနက်နဲပုံမှာ....

သဗ္ဗညုတ ဉာဏ်တော်သခင် ဘုရားရှင်သည် လေးဆယ့်ငါးဝါကာလပတ်လုံးဝေနေယျသတ္တဝါများစွာတို့အား ဟောကြားတော်မူခဲ့သည့် တရားတော်တို့သည် ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့်ငါးရပ်၊အင်္ဂါအားဖြင့်ကိုးတန်၊ဓမ္မက္ခန္ဓာပေါင်းအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည်။

ထိုတရားတော်တို့သည် 'အာဒိကလျာဏ၊မဇ္ဈေကလျာဏ၊ ပရိယောသာနကလျာဏ' ဟူသော အစ အလယ် အဆုံး သုံးပါးသော ကောင်းခြင်းတို့နှင့် ပြည့်စုံပြီး၊ အနက်အားဖြင့်လည်းကောင်း သဒ္ဒါအားဖြင့် လည်းကောင်း အလုံးစုံ ပြည့်စုံသည့် အတွက်ကြောင့် လူသာမန်တို့ ကူးမြောက်ရန် ခက်ခဲသည့် မဟာသမုဒ္ဒရာကြီး အလားကဲ့သို့ နက်နဲကျယ်ဝန်းသည်။

တိပိဋကဓရဆရာတော်သည် ခက်ခဲနက်နဲသည့် သုံးသွယ်သောပိဋကတို့ကိုပုဒ်ပါဠိတို့ကို ကြည်လင်သန့်ရှင်း ပြတ်သားစွာဖြင့် နှုတ်တွင်ရွရွ ရွတ်ဆိုပြနိုင်ခြင်း၊ သဒ္ဒါအနက် ကွယ်ဝှက် အဓိပ္ပာယ်တို့ကို ပါဠိ အဋ္ဌကထာ ဋီကာသဘော နှီးနှောစုံလင်စွာဖြင့် ဝရဇိန်လက်နက် မိုးကြိုးစက်အလားကဲ့သို့ မေးသမျှ ပုစ္ဆာများကို ဉာဏ်သွားဝရဇိန်ဖြင့် ကောင်းစွာ ချိန်တော်မူပြီး အခက်အခဲ ပုစ္ဆာတို့ကို ဖျက်ခဲ့ ကျော်လွန်တော်မူခဲ့လေသည်။

ဤကဲ့သို့ သန့်ရှင်းကြည်လင်စွာ ပြန်ဆိုနိုင်ခြင်း၊ မေးသမျှပုစ္ဆာတို့ကို တိကျအောင်ဖြေဆိုနိုင်ခြင်းတို့ကြောင့် တိပိဋကဓရ စာမေးပွဲကြီးကို ဝိသဒ္ဓဂုဏ်ထူးဖြင့် ထိပ်တန်းမှ အထူး အောင်ပန်းဆင်နိုင်တော်မူခဲ့လေသည်။

တိပိဋကဓရ အောင်ရုံမျှနှင့် တာဝန်မချ



ပိဋကသုံးပုံကို မွေနှောက် ချောက်ချား၍ ပါရဂူတစ်ဆူမြောက်ပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဟူသောဘွဲ့ထူးကို လက်ကိုင်ရရှိငြားသော်လည်း အေးအေးသက်သာ (အပွေါသုက္က) ကြောင့်ကြမဲ့နေတော်မမူဘဲ ဆဋ္ဌသံဂါယနာတင်ရန်အတွက် ပါဠိ၊အဋ္ဌကထာ၊ဋီကာကျမ်းစာများကို မနေမနား သုတ်သင်ရပြန်၏။

ဆဋ္ဌသံဂါယနာ ပွဲတော်ကြီးဦးလည်း ပထမသံဂါယနာတင်စဉ်က ဖြေဆိုလျှောက်ကြားသည့် ညီတော်အာနန္ဒာအလားကဲ့သို့ ဝိဿဇ္ဇနာအဖြေတာဝန်ကို ကျေပွန်အောင် လျှောက်ထားတော်မူခဲ့လေသည်။

သံဂါယနာတင် ရှေးထေရ်အရှင်တို့၏ဆောင်ရွက်ပုံ

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာအစရှိသော ရဟန္တာ ငါးရာတို့သည် ဘုရားရှင်ဟောကြားတော်မူအပ်သည့် တရားတော်မြတ်တို့ကို သာသနာရေး မျှော်တွေးတော်မူကြလျက် ပေါင်းစုကာ သံဂါယနာ တင်တော်မူကြပြီးနောက်၊သိဿာနှုံသိဿကပည့်သားအဆက်ဆက် အစဉ်မပျက် တည်တန့်စေရန် ရည်သန်တော်မူကြ၍ သံဂါယနာတင် မထေရ်ကြီးတို့သည် ပိဋကသုံးပုံကို အသီးသီး ခွဲဝေကာ တာဝန်ယူကြပြီး တပည့်သားတို့အား သင်ကြား ပို့ချတော်မူကြလေသည်။

ထိုမှတစ်ဖန် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီး အနှစ်တစ်ရာသို့ ရောက်သောအခါ ဝေသာလီပြည်၌ နေကြကုန်သော ဝဇ္ဇီတိုင်းသားရဟန်းများတို့၏ ဝိနည်းတရားတော် ပညတ်ချက်တို့ကို ဖောက်ဖျက် ပြောင်းလွဲ ဖွက်ဆိုးကြမှုကို အကြောင်းပြု၍ အရှင်ယသ၊ အရှင်ရေဝတ၊ အရှင်သဗ္ဗကာမိ အစရှိသော ၇၀၀-သော ရဟန္တာမထေရ်ကြီးတို့သည် အဓမ္မဝါဒီတို့၏အယူကို ပယ်ဖျက်သုတ်သင်တော်မူပြီး ပိဋကသုံးပုံကို ဒုတိယသံဂါယနာ တင်တော်မူကြလေသည်။

ဒုတိယသံဂါယနာ လွန်မြောက်၊ အသောကမင်းကြီး လက်ထက်သို့ ရောက်သောအခါ အဓိသော မိစ္ဆာအယူရှိကုန်သော သူတို့သည် သာသနာ့ဘောင်သို့ဝင်ကာ မိမိတို့ မိစ္ဆာဝါဒအကျင့်တို့ကို ကျင့်သုံးနေကြသည့်အတွက် သာသနာအတွင်း၌ မသန့်ရှင်းသော အယူဝါဒ ရောယှက်မှုအပြုခံရသည့်အတွက် ထို မသန့်ရှင်းမှုကို အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည် အယူတစ်ပါးရှိသူများ ပယ်ရှားစေလျက် ကထာဝတ္ထုကျမ်းကြီးကိုဟောကြားတော်မူပြီး၊ ရဟန္တာတစ်ထောင်တို့ဖြင့် တတိယသံဂါယနာတင်တော်မူလေသည်။

တတိယ သံဂါယနာတင်ပြီး သာသနာရေး မျှော်တွေးတော်မူသည်ရှိသော် ထို ထိုသို့သော တိုင်းနိုင်ငံတို့၌သာသနာတော်ပြန့်ပွားတည်ရှိမည့် အရေးကို မြင်တော်မူသဖြင့် ကိုးတိုင်း ကိုးဌာန ရပ်ဒေသများသို့ သာသနာပြုဆရာကြီးရဟန်တော်များ လျှောက်ထားသည့်အလျောက်၊ သာသနာပြု အရှင်ကောင်းတို့၏ ဆောင်ရွက်မှုကြောင့် ယခု တိုင်အောင် အရည်တည်တန့် ပြန့်ပွားလျက်ရှိပေသည်။

အလုပ်များခဲ့သည့် ဆရာဇော်


ထိုထိုသော သံဂါယနာတင် ထေရ်အရှင်တို့ ဆောင်ရွက်ပုံအလားကဲ့သို့ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော်သည်လည်း ဆဋ္ဌသံဂါယနာတင်ပြီးနောက် ပိဋကတ်သုံးလုံး ကျမ်းပြီးကာလမျှင်၌ "ဇာဝန်သိသူမှာ ဇာဝန်ရှိသည်" ဟူသော ခံယူချက် လက်သုံး စကားကို အရင်းထား၍ ဗုဒ္ဓသာသနာ့ မဟာဗုဒ္ဓဝင်ကျမ်းကြီး ခြောက်ထွေ အုပ်ရေ အားဖြင့် ဂျုစ်အုပ်ကို ရေးသားတော်မူခြင်း၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေရှိ ဟောင်းနွမ်း ပြိုပျက်နေသော စေတီတော်တို့ကို ပြုပြင် ဆောင်ရွက်လျက်ထို ကုန်းမြေ၌ ပိဋကသုံးပုံ နိကာယ်ဆောင် အရှင်ကောင်းတို့ ပေါ်ထွက်ဖို့အရေး မျှော်တွေးတော်မူပြီး ပစ္စည်းလေးဖြာ ပြည့်စုံစွာဖြင့် အေးချမ်းသာယာသော နိကာယ ကျောင်းတိုက်ကြီးကို တည်ထောင်တော်မူခြင်း၊ တိုင်းနှင့်ပြည်နယ် မြို့ကြီး မြို့ငယ်တို့သို့ ကြွရောက်တော်မူ၍ မနေ့မနား တရားဓမ္မတို့ကို ဟောပြတော်မူခြင်း၊ သာသနာတော် သန့်ရှင်း တည်တန့် ပြန့်ပွားရေးအတွက် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက ရွေးချယ် တင်မြှောက်ကြသော "နိုင်ငံတော် သံဃမဟာနာယကအဖွဲ့" ကြီး၌ အကျိုးဟော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ ပြည်တွင်းပြည်ပ သာသနာပြုနိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဘာသာငါးမျိုးဖြင့် ပိဋကသုံးပုံကို သင်ကြားပို့ချမည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ် ဖွင့်လှစ်ရန် အားထုတ်တော်မူခြင်း၊ မန္တလေးမြို့၌ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး တည်ဆောက်ရန် အားထုတ်တော်မူခြင်း၊ ဤကဲ့သို့ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် ခရီးရောက်အောင် ရွက်ဆောင်တော်မူလျက် ရှိပေသည်။

အလုပ်နှင့် ဆုဓာဝင်း

တိပိဋကဓရဆရာတော်၏ လုပ်ဆောင်ချက်တို့ကို ကြည့်ရှုပါက "သမ္မဲ့ဝဓိ ဆုကြိုး ပန်ဆင်သူ" ဟု ထင်ရသော်လည်း ဆရာတော်၏ ခံယူချက် မိန့်ခွန်း၌ "အရင်းကြီးကြီးနှင့် အဖြတ်အစွန်းဆိုနည်းနည်းဝဲ လိုချင်တာဟာ ဘုန်းကြီးရဲ့ ခံယူချက်ဝါဒဲ့" ဟု မိန့်ကြားတော်မူသဖြင့် သာသနာရေး၊ လူမှုရေး ကောင်းကျိုးများကို မနေမနား ကြိုးစားဆောင်ရွက်တော်မူသော်လည်း တောင်းသောဆုမှာ "ဒုတိယဘဝ၌ မိတ်ဒဆွတောင်းပညာရှိတို့ကို အမှီရပြီး ဓမ္မဝီရတူသော အမည်းဖြင့် ဧဆာတာဝန် နတ်သား ဖြစ်ရဝါလို၏" သာ ဆုတောင်းထားလေသည်။

ဤကဲ့သို့ ခရီးကျူးမကုန် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသော အာဇာနည်မွန် ပုဂ္ဂိုလ်ချွန်ဖြစ်သည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်သည် သက်တော် ရာကျော် ရှည်တော်မူလျက် ကိုယ်ရောစိတ်ပါ ကျန်းမာ ချမ်းသာစေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဘဒ္ဒန္တ ဓမ္မာနန္ဒ



အဘိဓရ ဗဇ္ဇနာဒ ဆရာတော်ဘုရားကြီးထံ

လျှောက်ထားလွှာ (၂)

အာရှင်ကောသလ

(ပြည်) သိ



နိုးဝင်းမွန်း

၁၆

အရှင်သာရိပုတ္တံ သီတနာခ

ဘုရားရှင်အား အရှင်သာရိပုတ္တရာ ကြည်ညိုပုံ လျှောက်ထားချက်

အရှင်သာရိပုတ္တရာ။ ။ဘုန်းတော်ကြီးမား မြတ်စွာဘုရား၊ တရားအားလုံး ကို ပိုင်းခြား၍ သိတော်မူရာ၌ မြတ်စွာဘုရား ထက် သာလွန်သူ ဗြဟ္မာနတ်လူ မည်သူမျှ ရှေးကလည်း မရှိစဖူး၊ နောင်ကိုလည်း ရှိမည်မဟုတ်၊ ယခုလည်း မရှိပါ၊ ဤသို့ မြတ်စွာဘုရားအပေါ် တပည့်တော် ကြည်ညိုပါသည်ဘုရား။

ဗြတ်စွာဘုရား။ ။သာရိပုတ္တရာ၊ ချီး မွမ်း သော စကားကို မတုန်မလှုပ် ကိုယ် တိုင် သိသလို ခြွေသွဲမင်းပမာ ရဲရင့်စွာ သင် ဆိုပေ၏၊ သာရိပုတ္တရာ ပွင့်တော်မူကြပြီး ဘုရားရှင်၊ နောင် ပွင့်တော်မူကြမည့် ဘုရားရှင်တို့နှင့် ယခု ထင်ရှားရှိသော ငါဘုရား၏ စိတ်ကို သင်၏ စိတ်ဖြင့် 'ဘုရားရှင်အားလုံးတို့သည် သီလ သမာဓိ ပညာ ဤသို့ ရှိတော်မူကြ၏၊ သမာပတ်ကို ဤသို့ ဝင်စားတော်မူကြ၏၊ ကိလေသာမှ ဤသို့ လွတ်မြောက်တော်မူကြ၏' ဟူ၍ ပိုင်းခြား သိသလော။

အရှင်သာရိပုတ္တရာ။ ။မသိပါ ဘုရား။

ဗြတ်စွာဘုရား။ ။သာရိပုတ္တရာ၊ သင်မှာ ကာလ သုံးပါးကို ပိုင်းခြား သိနိုင် သော ဉာဏ် မရှိပါဘဲလျက် အဘယ့်ကြောင့် ခြွေသွဲမင်းပမာ ရဲရင့်စွာ သင်ဆိုသနည်း။

အရှင်သာရိပုတ္တရာ။ ။တပည့်တော်မှာ ဉာဏ်မရှိ သော်လည်း၊ ဟောအပ် သော တရားကို အစဉ်သျှောက်၍ အနုမာနဉာဏ်ဖြင့် ဘပည့်တော် သိပါသည်ဘုရား။

(အရှင်သာရိပုတ္တရာ၏ အနုမာန ဉာဏ်သည် သဗ္ဗညုတဉာဏ်နှင့်အလားတူသည်ဟု အဋ္ဌကထာ၌ ဆိုသည်)။

ဘုန်းတော်ကြီးမား မြတ်စွာဘုရား အလွန်တရာ လုံခြုံခိုင်မာ၍ တံခါး တစ်ပေါက်သာ ရှိသော နယ်ခြားမြို့တစ်မြို့၌ အရာရာ သတိ ပညာနှင့် ပြည့်စုံသော ကံခါးစောင့်သည် မြို့ပတ်ဝန်းကျင်၊ မြို့ပတ်လမ်းမျာ်း၌ ကြည့်ရှုစစ်ဆေးရာ၊ နေရာအားလုံး ကြောင်တစ်ကောင်မှ မဝင်နိုင်အောင် လုံခြုံသည်ကို တွေ့မြင်သဖြင့် ''ဤမြို့၌ ဝင်ထွက်ကြသူ ဟူသမျှ ဤတံခါးပေါက်ဖြင့်သာ ဝင်ထွက်နိုင်ကြသည်'' ဟု တံခါးစောင့် စဉ်းစားမိသလို၊ မြတ်စွာဘုရား ဟောတော်မူအပ်သော တရားအစဉ်ကို လျှောက်၍၊ အနုမာန ဉာဏ်ဖြင့် 'ကာလသုံးပါး ဘုရားရှင်မျာ်းသည် နိဝရဏတရား ငါးပါးကို ပယ်ရှား၍၊ သတိပဋ္ဌာန်တရား လေးပါးတို့၌ စိတ်ကိုထား ကာ၊ ဗောဇ္ဈင် ခုနစ်ပါး ပွား မျာ်းသည်ရှိသော် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်ကို ရတော်မူကြသည်' ဟူ၍ တပည့်တော် သိပါသည်ဘုရား။

ဘုန်းတော်ကြီးမား မြတ်စွာဘုရား၊ အရှင် အဿဇိထံမှ ယောဘာပန်ဖြစ်ခဲ့သော တပည့်တော်အား မြတ်စွာဘုရားသည် အဆင့်ဆင့် မြင့်မြတ်သော တရားတော်ကို ဟောတော်မူခြင်းကြောင့် သာဝကဉာဏ် အထွတ်အထိပ်သို့ ရောက်ရပါသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် တရားအားလုံးကို ကိုယ်တိုင် မှန်စွာ သိတော်မူပါပေ၏။ တရားတော်ကို ကောင်းစွာ ဟောတော်မူပါပေ၏၊ ဘုရားသားတော် သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူပါပေ၏။ ဤသို့ နှလုံးသွင်း၍ မြတ်စွာဘုရား၌ တပည့်တော် ကြည်ညိုလှပါသည်ဘုရား။

ဤသို့သော ပါထိကဝဂ် သမ္မသာဒနီယ ဒေသနာတော်ကို အစဉ် မှီး၍ တပည့်တော်ကလည်း အဘိဓမ္မနာဒ ဆရာတော်ဘုရားကြီးအား ဤသို့ လျှောက်ထားပူဇော်ပါရစေ။

အရှင်ကောသလ္လ။ ။သာသနာတော်၌ ထူးချွန်မြင့်မား ဆရာတော်ကြီးဘုရား၊ မြတ်ဗုဒ္ဓ၏ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ရာ၌ ဓမ္မနာဒ ဆရာတော်ဘုရားကြီးထက် သာလွန်သူ ၁၀-ရာစုအထက်၊ ၂၀-ရာစုအတွင်း ချဉ်းနင်းဝင်သူ မည်သူမျှ ရှေးကလည်း မရှိစဖူး၊ နောင်ကိုလည်း ရှိမည် မဟုတ်၊ ယခုလည်း မရှိပါ၊ ဤသို့ ဓမ္မနာဒ ဆရာတော် ဘုရားကြီးအား တပည့်တော် ကြည်ညိုပါသည် ဘုရား။

ဆရာတော်ကြီးတစ်ပါး။ ။မောင် ကောသလ္လ၊ ဓမ္မနာဒအား ချီးမွမ်း စကားကို မတုန်မလှုပ် ကိုယ်တိုင်သိသလို ခြင်္သေ့မင်းပမာ ရဲရင့်စွာ သံဃာ့ဆိုပေ၏။

မောင်ကောသလ္လ၊ ရှေးရှေး ဝန်ဆောင်တော်မူကြပြီး၊ နောင် ဝန်ဆောင်တော်မူကြမည့် အရှင်မြတ်ကြီးများနှင့် ယခုဝန်ဆောင်တော်မူကြသော အရှင်မြတ်များ၏ စိတ်ကို သင်၏ စိတ်ဖြင့် "သာသနာရှေ့တန်းဝင် ထိပ်ခေါင်တင် အားလုံးတို့သည် သာသနာရေးရာ အဖြာဖြာကို သဒ္ဓါရွှင်လန်း ဤသို့ ကြိုးပမ်းတော်မူကြ၏" ဟူ၍ သင် ပိုင်းခြား သိသလော။

အရှင်ကောသလ္လ။ ။ဒီလိုဆေတာ့ ပိုင်းခြားမသိပါဘုရား။

ဆရာတော်ကြီးတစ်ပါး။ ။"မောင် ကောသလ္လ၊ သင်မှာ ကာလသုံးပါး ပိုင်းခြားသိနိုင်သော ဉာဏ် မရှိပါဘဲလျက် အဘယ့်ကြောင့် ခြင်္သေ့မင်းပမာ ရဲရင့်စွာ သင်ဆိုတိုသနည်း။

အရှင်ကောသလ္လ။ ။တပည့်တော်မှာ ဉာဏ် မရှိသော်လည်း အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးဘုန်းဆိုင်ရာ အမိန့်သံနှင့် တကွ ယခု ပစ္စက္ခဓမ္မနာဒ ဆရာတော်ဘုရားကြီး၏ သာသနာပြု လုပ်ရပ်အစဉ်ကို တပည့်တော်၏ အနုမာနဉာဏ်ဖြင့် သိသမျှ လျှောက်တင်ပါသည် ဘုရား။

သက်တော်ရှည်ဆရာတော်ကြီးဘုရား၊ မြတ်စွာဘုရား လက်ထက်တော်အချိန် ဝိသာခါ အနာထပိဏ်တို့၏ နေအိမ်၌ သံဃာတော်များ သီတင်းသုံးရန် ထိုင်ခင်း ငါးရာစီ နေ့စဉ်ခင်းထားသည်ကို ကြားသိရသော သူသူငါငါ အများတကာက "ဤ ဝိသာခါ အနာထပိဏ်တို့သည် အုံဖွယ်ရှစ်ဖြာ သာသနာတော်ကို ယုံကြည် မြတ်နိုးအလွန်တရာ အားကိုးကြသည်" ဟု တထစ်ချ အမှန် ကောက်ကေ သိနိုင်ကြသလို၊ တပည့်တော်သည်လည်း အဘိဓဇ ဓမ္မနာဒ ဆရာတော်ဘုရားကြီး၏ ငယ်စဉ်ကစ သက်တော် ၇၀ အနီးကျအောင် အားထုတ်နေသမျှ သာသနာ့ဝန်ကြီးအသီးသီးကို နီးနားမကွာ ကြည့်ညို့နေရပါသဖြင့် ယခုကဲ့သို့ ခြင်္သေ့မင်းပမာ ရဲရင့်စွာ လျှောက်ထားပါရစေ ဘုရား။

အဘိဓဇ ဓမ္မနာဒ ဆရာတော်ဘုရားကြီးဘုရား၊ ဆရာတော်ဘုရားကြီးသည် သာသနာတော်တွင် မည်သူမျှ မဆောင်နိုင်သော ဂုဏ်ကျေးဇူး အနန္တ၊ သာသနာ့ တာဝန်ကြီး အဝဝကို ကျနပီပြင် အပြီးအဆုံးသို့ ပန်းဝင်အောင် ကြည့်လင် ရှင်ပြသော စေတနာ၊ စည်ပင်ရွှန်းစိုသော ခန္ဓာကိုယ်တို့ဖြင့် နေဘစ်ဆူ လပမာ သာသနာတော်ရောင် ဝင်းထိန် တောက်ပလာအောင် အားထုတ် ကြိုးပမ်း ထမ်းဆောင်တော်မူနိုင်ပါစေဟု တပည့်တော်များ၏ ဖြောင့်မတ်သော စေတနာ၊ ကြည့်လင်ရှင်ပြသော သဒ္ဓါတို့ဖြင့် မာန်တံခွန်နှိမ်ချိုး လက်စုံမိုး၍ ဦးခိုး လျှောက်ထားပါသည် ဘုရား။



ကံစကာင်းဆူများ

ဤတရားကို နာကြရသည်
ယခုအခါပြည်ထောင်စုမြန်မာ
နိုင်ငံတော်သူ၊ နိုင်ငံတော်သားများ
သည် အလွန် ကံကောင်းကြပေ
သည်၊ အာဘယ်ကြောင့်နည်း ဟူမူ
ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့်တွေ့
ကြုံကြရသောကြောင့်ပေတည်း။

ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံ
ရသောကြောင့် ဘုရား တရား သံ
ဃာ ရတနာမြတ် သုံးပါးကို ယုံ
ကြည်လေးမြတ် ဆည်းကပ်နိုင်ဘ
ဗုဒ္ဓသာသနာဝင် သူတော်စင် ဖြစ်ရ
သူတိုင်းသည် "ကောင်းတာ ပြု
လျှင် ကောင်းကျိုးရမည်၊ ဆိုးတာ
ပြုလျှင် ဆိုးကျိုးရမည်" ဟူသော
ကံ ကံ၏အကျိုးကို သိမြင်ယုံကြည်
သည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်
ကို ရရှိကြပေသည်။

ထိုဗုဒ္ဓသာသနာဝင်သူတော်စင်
တို့သည် "ဘုရားဖက်လျှင် အသက်
ရှည်သည်၊ တရားဖက်လျှင် အမျက်
ပြေသည်၊ သံဃာဖက်လျှင် အခက်
ဝေသည်" ဟူသော ယထာဘူတ
ကျသည့် ခံယူ ကျင့်သုံး ချက်ကို
လည်းလက်ကိုင်ထားကြပေသည်။

"ဒါနပြုလျှင် ချမ်းသာသည်၊
သီလ ဆောက်တည် ကျင့်သုံးလျှင်
အနာဂတ်အသက်ရှည်သည်၊ ဘာ
ဝနာပွားလျှင် လက်ငင်း စိတ်ချမ်း
သာ၍ နိဗ္ဗာန်တံခါးပွင့်သည်" ဟူ၍
လည်း ခံယူကျင့်သုံးကြပေသည်။

တရားဟောသူမှ တရားနာလျက် ပူဇော်သူသို့

ဆရာတော်ဘုရားကြီး၏ တရားနာများတွင် စာရေးသူလည်း တစ်ပါး အပါအဝင် ဖြစ်ပေသည်။ စာရေးသူသည် မြန်မာပြည် အနှံ့အပြား ဘယ်နေရာတွင်မဆို ဆရာတော်ဘုရားကြီး၏တရားပွဲနှင့်သာ တွေ့ကြုံက နာယူ မှတ်သားမိအောင် နာယူမှတ်သားသကဲ့သို့၊ အနီးကပ် တွေ့ဆုံဖူးမြော်ခွင့်ရကာလည်း တွေ့ဆုံဖူးမြော်၍ အဆုံးအမ သြဝါဒများကိုလည်း တစ်ခွန်းရရ နှစ်ခွန်းရရ နာကြားမှတ်သား ရေးမှတ်လေ့ ရှိပေသည်။

စာရေးသူသည် ငယ်စဉ်ကပင် စာရေးရော၊ တရားဟောပါဝါသနာကြီးသူ ဖြစ်ရာ စာရေးဆရာ ဓမ္မကထိကဖြစ်ရန် သူများရေးသော စာကို ဖတ်၍၊ သူများဟောသော တရားကိုလည်း နာယူခဲ့ပေသည်။ စာမဖတ်ဘဲ စာရေးဆရာ မဖြစ်နိုင်သလို၊ တရားမနာဘဲလည်း ဓမ္မကထိက မဖြစ်နိုင်ဟု ယူဆယုံကြည်ပါသည်။

စာရေးသူသည် ၁၃၂၉ ခုနှစ်မှ ၁၃၃၁ခုနှစ် အထိ သုံးနှစ်ပတ်လုံး ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ခြီးမြှောက်မှုဖြင့် မန္တလေးမြို့၊ စိန်ပန်းရပ်၊ ရတနာပုံမဟာစည်သာသနာ့ရိပ်သာတွင် ဆရာတော် ဦးသုဇာတ၏ ဥပတ္ထမ္ဘက ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ခဲ့ပေသည်။

စာရေးသူသည် ထိုစဉ်က ၁၀-ဝါ၊ ၁၁-ဝါ မျှရရှိသေးသော်လည်း ဗုဒ္ဓဓမ္မလောကစာမစောင်စသည်များတွင် စာရေး၍ မြန်မာပြည် အနှံ့အပြား တရားဟောကြားနေပေပြီ။

လူရွှင်တော်များပြောသလို ပြောရလျှင် နိုင်ငံကျော် မင်းသား ဖိုးစိန်ကြီးကညောင်တုန်းမှာ ရုံပွဲကပြနေစဉ် ငါကလည်း ကုက္ကိုတုံးပေါ်မှာ ဆေးလိပ်သောက်နေတယ်ကွ ဆိုသလိုပင် မင်းကွန်းဆရာတော်ဘုရားကြီးသည်ပခုက္ကူသို့ကြွရောက်

ထိုသို့ သရဏာဂုံသုံးပါး ကိုးကွယ်ဆည်းကပ်မှုနှင့် ဒါနသီလ ဘာဝနာ ကျင့်သုံးမှု မှန်ကန်ရေးအတွက် ပရိယတ် ပဋိပတ် နှစ်ရပ် ကျွမ်းကျင်ရဟန်းရှင် ပညာရှိ သူတော်ကောင်း သံဃာတော်များ၏ လမ်းညွှန်ဟောကြားသော တရားတော်တို့ကို နာကြား ကျင့်သုံးရပေသည်။

ယနေ့ မျက်မှောက်ခေတ် ထေရဝါဒ ဗုဒ္ဓသာသနာရေးလောကတွင် ဗုဒ္ဓမြတ်စွာသက်တော် ထင်ရှားခေတ်က ဗုဒ္ဓမြတ်စွာဘုရား၏ ညီတွေးတရား ဘဏ္ဍာတိုက်စိုး အရှင် အာနန္ဒာမထေရ်မြတ်အလားသို့ ထူးခြားစွာ ပေါ်ထွန်းလျက် ရှိတော်မူသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာတိုက်စိုး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးမျိုး၏ လမ်းညွှန်ဟောကြားသည့် ကိုးကွယ် ဆည်းကပ် ကျင့်သုံးရေး လမ်းညွှန်တရားတို့ကို နာကြားရသူ ဗုဒ္ဓဲသာသနာဝင် ပြည်ထောင်စု မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့သည် အလွန်ကံကောင်းကြပေသည်။

ဘုရားပေးသော တရားဆေးတော်များကို နှလုံးအိမ် ဘဏ္ဍာတိုက်ထဲဝယ် အမြဲ သိုလှောင်ထားတော်မူသော မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် လိုရာ လိုရာ တရားတို့ကို လိုတိုင်း လိုတိုင်း ဟောကြားတော်မူနိုင်ပါပေသည်။

ဆရာတော်ဘုရားကြီး၏ တရားတော်ကို နာကြားရသူတို့သည် ရတနာမျိုးစုံ သိုလှောင်ထားသော ဘဏ္ဍာတိုက်ကို ဖွင့်လှစ် အလှူပေးသော သေဋ္ဌေးအိမ်သို့ အလှူခံ ရောက်ရသည့် အလားမကုန်နိုင်မခန်းနိုင်သောတရားတော်တို့ကို အကြိမ်ကြိမ် နာကြားကြရပေသည်။

၍ ပဉ္စရုပဆေးလိပ်ရုံပိုင်ရှင် မိသားစု၏ ရှင်ပြုပွဲတွင် တရား ဟောကြားတော်မူစဉ် စာရေးသူလည်း ပခုက္ကူမြို့တခွင်ဝယ် တရားပွဲများ ဟောကြားလျက် ရှိနေပေသည်။

၁၃၃၀ ခု၊ တန်ဆောင်မုန်းလကွယ်ညမှစ၍ နတ်တော်လဆန်း ၉ ရက်နေ့အထိ ပခုက္ကူမြို့ ရပ်ကွက် အနှံ့အပြားတွင် တရားပွဲများ ဆင်၍ ဟောကြားရန် စီစဉ်ထားပေသည်။ တရားပွဲဆင်၍ ဟူသည် စာရေးသူသည် ပခုက္ကူမြို့ မဟာဝိသုတာရာမကိုက်၌ ရဟန်းတစ်ဝါရမှ ၅-ဝါရအထိ စာသင်ကြားနေခဲ့ရဖူးရာ၊ သတင်းသုံးဖော် ရဟန်းများနှင့် တပည့် ဒကာ ဒကာမများက နာချင်ကြ၍ စာရေးသူက်လည်း ဟောချင်သောကြောင့် တ်ရားပွဲဆင်၍ ဟောသော တရားပွဲများ ဖြစ်သည်။

သို့သော် ဘုန်းရှိရောက်က ဘုန်းမဲ့ ပျောက်၏ ဆိုဘိသို့ စာရေးသူ စီစဉ်ထားသော တရားပွဲရက်များတွင် ၁၃၃၀-ခု၊ နတ်တော်လဆန်း ၄-ရက်နှင့် ၅-ရက် ည ၂-ညတွင်မူ ပဉ္စရုပ ဆေးလိပ်ရုံနှင့် မဟာဝိသုတာ ရာမတိုက်တွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တရားပွဲနှင့် တိုက်ဆိုင်နေပေသည်၊

ထို့ကြောင့် စာရေးသူသည် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး တရားပွဲရက် မဘိုင်မိ တန်ဆောင်မုန်းလကွယ်နှင့် နတ်တော်လဆန်း ၁-၂-၃ ရက် ညများတွင် ပခုက္ကူမြို့ ပေါက်လမ်းကွက်သစ်ရပ်၊ ဘောဂဝတီလမ်းနှင့် စာရေးတန်း၊ မကူညီးတန်းရပ်၊ အောင်စေတီဘုရားတွင် တရားပွဲများကို ဟောကြား၍ မင်းကွန်း ဆရာတော်ဘုရားကြီး၏ တရားပွဲပြီးနောက် နတ်တော်လဆန်း ၆-၇-၈-၉ ရက် ညများတွင် ဖန်းခါးပင် ကျောင်းတိုက်၊ အရှေ့ခြောက်ကန်ရွာ၊ ပေါက်လမ်း၊ ဗိုလ်ချုပ်လမ်း၊ သုခိတာရာမ သတိပဋ္ဌာန်ရိပ်သာများတွင် တရား ဟောကြားရပေသည်။

စာရေးသူ၏ တရားပွဲမှာ ပရိသတ် ၁၀၀-မှ ၅၀၀-ထက် ပိုမများသော်လည်း မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တရားပွဲကား ပရိသတ် ၅၀၀၀-မှ ၁၀၀၀၀-ခန့်အထိရှိပေသည်။

စာရေးသူသည် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး မဟောကြားမီ ညများနှင့် ဟောကြားပြီး ညများတွင် ပခုက္ကူမြို့တစ်ခွင်၌ ဓမ္မကထိက ဖြစ်ခဲ့၍ ဆရာ့တော်ဘုရားကြီး ဟောကြားသော ညများတွင် တရားနာ တစ်ပါးအဖြစ် ဆရာတော်ဘုရားကြီးအား ကြည်ညိုကော်ရော် ပူဇော်ခဲ့ပါသည်။

မင်းကွန်း ထို့ဝိဒုတ စာကျက်နည်း

ထိုတရားပွဲရက်အတွင်း ပခုက္ကူမြို့ မဟာဝိသုတာ ရာမတိုက်၌ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ခေတ္တတည်းခို သီတင်းသုံးရာသို့ သွားရောက်၍ ဆရာတော်ဘုရားကြီးအား စာကျက်နည်းနှင့် တရားဟောနည်းကို မေးလျှောက်ရာ ဆရာတော်ဘုရားကြီးက ဤသို့ မိန့်တော်မူ၏။

"စာကျက်တဲ့အခါ အားကောင်းဖို့လိုတယ်၊ တို့ တိပိဋကဓရ စာမေးပွဲ ဝင်စဉ် တချို့က ကိုယ်တော်လေးက ခန္ဓာကိုယ် ပိန်သေးသေးနဲ့ တိပိဋကဓရ စာမေးပွဲကို ဝင်နိုင်ပါ့မလားလို့ သံသယနှင့် ပြောဆို လျှောက်ထားကြတယ်။

ဒီတော့ တပည့်တော်က အားကောင်းပါတယ်လို့ ဖြေခဲ့တယ်၊ အားကောင်း ဆိုတာ ရူပကာယရုပ် ဝဖြိုးတောင့်တင်း အားကောင်းတာလောက်ကို ပြောတာ မဟုတ်ဘူး။ နာမ်ပိုင်း ဆိုင်ရာ ဘုရားဟောကြားတော်မူတဲ့....

၁။ ဉာဏ်ပါဒလအား

၂။ သတိပဋ္ဌာနလအား

၃။ သမာဓိဗလအား

၄။ ဝိရိယဗလအား

၅။ ပညာဗလအား · ဆိုတဲ့ ဗိုလ်ငါးပါးအား ကောင်းတာကို ပြောတာပဲ။

ဒီလို ဗိုလ်ငါးပါး အားကောင်းကောင်းနဲ့ ကျက်ဆောင်လျှင် ပိဋကသုံးပုံကို ဆောင်နိုင်ပါတယ်-လို့ ပြောခဲ့ရတယ်၊

ယခု ဘုန်းကြီးတို့ ပိဋကသုံးပုံကို ဆောင်လာတာဟာ အဲဒီ အားငါးမျိုးကောင်းလို့ ဆောင်နိုင်တာပဲ။"

ဤကား ဆရာတော် ဘုရားကြီး၏ တိပိဋကမရ စာကျက်နည်း ဖြစ်ပါ၏။ မှန်ပါသည်၊ ဤအားငါးပါးကောင်းက မိမိ ၁ ဂါရမီကံ အလျောက် ထွန်းပေါက်သော ပညာတတ် ပုဂ္ဂိုလ် ဖြစ်နိုင်သည်မှာ မလွဲပါပေ။ ထို့ပြင် ဤ ဗိုလ်ငါးပါး အားအင် ပြည့်စုံက ပဋိပတ်ဘက်က ယောဂီများလည်း အရိယာ ဖြစ်နိုင်ကြောင်း ဗုဒ္ဓမြတ်စွာ ဘုရား ဟောကြားတော် မူထားပါပေ၏။

မင်းကွန်း တိပိဋကမရ ဆရာတော်ဘုရားကြီး၏ အမိန့် စကားတော်သည် ဘုရားစကားတော် ပေတည်း၊

မင်းကွန်း တိပိဋက တရားဟောနည်း

ထို့နောက် ဆရာတော်ကြီးက တရားဟောနည်းကိုလည်း ဤသို့ မိန့်ကြားတော် မူပါသည်။

"တရားဟောနည်းကလည်း ကိုယ်မပိုင်ဘဲနှင့် ဟိုနယ် ဒီနယ် တရားမဆင်နဲ့၊ ဘုရား ဟောကြားထားတော်မူတဲ့ သုတ်တော်ဖြစ်ဖြစ်၊ ဇာတ်ဝတ္ထုဖြစ်ဖြစ်၊ အစကနေ အဆုံးအထိ ရအောင် ကျက်မှတ်ပြီး၊ အသံကိုလည်း မတိုးလွန်း၊ မကျယ်လွန်း၊ မမြန်လွန်း၊ မနှေးလွန်းနဲ့ မှန်မှန်သာ ဟောပါ၊ တရားပေးကောင်း ဖြစ်ပါလိမ့်မယ်။"

ဘုရားတရားဘော်ဟာ အစအလယ် အဆုံး ကောင်းခြင်း သုံးပါးနှင့် ပြည့်စုံပြီးသားပါ။

ခန္ဓိယာဉ်ကိုစီး၍ လိုရာ ခရီးကြွသည်

မင်းကွန်း တိပိဋကမရ ဆရာတော် ဘုရားကြီးက ဗုဒ္ဓ သားတော်ပိပီ ခန္ဓိကို လက်ကိုင်သုံး၍ အများ၏ အမုန်း မခံရဘဲ ကြည်ညိုလေးစားမှုကို သာ ခံတော်မူရပေသည်။

၁၃၃၀-ခု၊ နတ်တော်လဆန်း ၄-ရက်နေ့ ညတွင် ပခုက္ကူမြို့၊ ပဥ္စရုပ ဆေးလိပ်ရုံ မိသားစု၏ ရှင်ပြုအလှူ မင်္ဂလာပွဲ၌ မင်းကွန်း တိပိဋကမရ ဆရာတော် ဘုရားကြီးသည် "သုမန သာမဏေဝတ္ထု" ကို ဟောကြားတော်မူပါသည်။ တရားနာပရိသတ်မှာ တချို့ ညနေ ၂-နာရီခန့်ကတည်းက ထမင်းထုပ်ဖြင့် အဝေးမှလာကြပြီး နေရာယူနာကြားကြသည်။ တရားနာ ပရိသတ် ၅၀၀၀-ခန့် ရှိမည် ထင်သည်။

(သုမန သာမဏေဝတ္ထုကို ဆရာတော် ဘုရားကြီး၏ အသံသွင်း တရား တိပ်ခွေများတွင် နာကြားနိုင်ကြပေသည်။)

ထိုတွင် နိဒါန်းစကားကို ဖော်ပြလိုပေသည်။

"တပည့်တော်တို့ ပခုက္ကူမြို့က ဝိပဿနာမြို့တော် ဘုရား၊ သုတ္တန်ဝတ္ထုကိုတော့ ပရိသတ် သိပ်ကြိုက်ကြမှာ မဟုတ်ဘူး ဘုရား၊ တပည့်တော်တို့ ဝိပဿနာပဲ နာကြားချင်ကြတယ် ဘုရား-လို့ ဒီပခုက္ကူမြို့က ဒကာ တစ်ယောက်က လာလျှောက်တယ်။

ဘုန်းကြီးတို့က ပရိယတ္တိ ဓမ္မကထိက ဘုန်းကြီးပါ၊ ဝိပဿနာဟောပါဆိုလျှင် နက်ဖြန်ခါညကျတော့ မဟာ ဝိသုတာရာမ ကျောင်းတိုက်တွင် အဘိဓမ္မာဟရဋ္ဌဂုရု ဆရာတော်ဘုရားကြီးအား ပူဇော်တဲ့အနေနဲ့ ဟောပါမယ်၊ ဒီမှာတော့ ရှင်ပြုအလှူမို့ သုမနသာမဏေဝတ္ထုကိုပင် ဟောပါရစေ။

နက်ဖြန် ဝိပဿနာဘရားကို ဟောမည်ဆိုတာကလည်း ဆေးစာကိုသာ ရွတ်ပြမှာပါ၊ ဆေး

နည်းကို သဘောကျလျှင် ကိုယ့်ဟာကိုယ် ဖော်စားကြပါ၊ ဆေးနည်း ဖော်ပြီးသား အလွယ်တကူ စားလိုကြလျှင် ပခုက္ကူမှာ မဟာစည်သာသနာ့ရိပ်သာတွေ ရှိပါတယ်၊ အဲဒီမှာ သွားပြီး အဆင်သင့် စားနိုင်ကြပါတယ်။''

ဤသို့လျှင် နိဒါန်းပျိုး၍ တရားကို ဟောကြားတော်မူပါသည်။

ဤ နိဒါန်း စကားတွင် ထူးခြားသည်မှာ မြို့တိုင်း ရွာတိုင်းတွင် တတ် ယောင် ကား ဝိပဿနာတရား ဝါသနာအိုးများသည် ထင်ပေါ် ကျော်ကြားသော ဆရာတော်ကြီးများကြွလာလျှင် လူတွင်ကျယ်လုပ်၍ လျှောက်သင့် မလျှောက်သင့် မစဉ်းစားဘဲ ကိုယ့်အလိုဆန္ဒကို သာကြည့်ပြီး ဆရာလုပ်သလို လျှောက်ထားတတ်ကြပေသည်။

ရှင်ပြုအလှူပွဲတွင် ဝိပဿနာအလုပ်တရားချည်း သက်သက် ဟောရန် လျှောက်ထားလာသော ဒကာကြီးအား မဆိုမဆိုင် မရှုပ်နှင့်ဟု မငေါက်ငမ်းသည့်အပြင် ဒကာကြီး၏ အလို ဆန္ဒလည်း ပြည့်ဝ၊ အဘိဓမ္မာရဌဂုရု ဆရာတော်ကြီးကိုလည်း ပူဇော်မှုကိစ္စပြီး၍ သာသနာ့ ရိပ်သာတွေကိုလည်း ချီးမြှောက်လျက် ယခုညမှာမူ ရှင်ပြုအလှူနှင့် သက်ဆိုင်သော သုမန သာမဏေ ဝတ္ထုကိုပင် ရည်မှန်းချက်အတိုင်း သည်းခံ၍ ဟောကြားတော်မူပေသည်။

ဩဂ်-ပညာ့ကို သူတော် စင်ကြီး များ သည် နှစ်ဘက်စွန်းလွတ်၍ အပြစ်ကင်း အကျိုးရှိအောင် ခန္ဓီသုံး၍ ကျင့်သုံးတော် မူတတ်ကြပါပေသည် တကား။ ခန္ဓီယာဉ်ကိုစီး၍ လိုရာခရီးကို ကြွတော်မူနိုင်ကြပါပေသည် တကား။

နိဒါနသင်္ဂဟဒီပနီ သက္ကစ္စဒါနဒီပနီ

၁၃၃၀-ခု၊ နတ်တော်လဆန်း ၅-ရက်နေ့တွင် ထိုပဋ္ဌာန်းပ မိသားစု၏ ရှင်ပြုအလှူပွဲ၌ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ အလယ် နှစ်ထပ်သိမ် ကျောင်း တိုက်ကြီး ပေါ်ဝယ် ပခုက္ကူတိုင်းသား ဒကာတော်ဘုရားက ရေစက်ချ၍၊ မင်းကွန်းတိုင်းသား ဒကာတော်ဘုရားကြီးက အနုမောဒနာတရားကို ဟောကြားတော် မူပါသည်။

ဤနေ့ တရားပွဲကား နေနှင့်လ၊ ရွှေနှင့်မြဆိုဘိသို့ တိုင်းသူကဓရနှစ်ပါး ချီးမြှောက်တော်မူသွားကြပုံမှာ လွန်စွာ လိုက်ဖက်၍၊ တရားနာများ အားတက်ရွှင်လန်း ပီတိပန်း ပွင့်ကြရပါပေသည်။

မင်းကွန်းတိုင်းသူကဓရ ဆရာတော်ဘုရားကြီးက ''သပ္ပုရိသဒါနသုတ်'' ကို ဟောကြားတော်မူပါသည်။(သပ္ပုရိသဒါနသုတ်ဘရားကိုမင်းကွန်းတိုင်းသူကဓရ ဆရာတော်ဘုရားကြီး၏ ထိုတရားအသံဝွင်း တိပ်ခွေများတွင် နာကြားနိုင်ကြပါသည်။)

ထိုတွင် သက္ကစ္စဒါနနှင့် ပတ်သက်၍ မိန့်ကြားသွားချက်မှာ အထူး မှတ်သားဖွယ် ကောင်းလှ၏။

''ဒီအလှူရေစက်ချပွဲကို စီစဉ်ရာမှာ ဒကာမကြီးတွေ ပါပဲ့ မရဘူး၊ သံဃာတော်တွေ များတဲ့သိမ်တိုက်ကြီးထဲဆိုတော့ အမျိုးသား ဂေါပကလူကြီးတွေပဲ စီစဉ်ပုံ ရတယ်။

ကြည့်ပါလား၊ ကန်တော့ပွဲ ပြင်ရာမှာ လင်ပန်းမပါဘဲ အုန်းသီးနှင့် ငှက်ပျောသီးတွေ ပါကော်ဇောအခင်းတွေပေါ်မှာ စုပုံထားတယ်။

အလှူပေးတဲ့ နေရာမှာ သက္ကစ္စဒါနမြောက်မှ အကျိုးပေး ထက်သန်ပြီး ကျော်စော သတင်း ပံ့သင်းတယ်။

"ဘုရားလက်ထက်ကစပြီး အိမ်ထောင်စုတွေမှာ အမျိုးသားနာမည်ပေါ်တဲ့ အိမ်ထောင်စု၊ အမျိုးသမီးနာမည်ပေါ်တဲ့ အိမ်ထောင်စုရယ်လို့ နှစ်မျိုးရှိတယ်၊ ဒါဟာ သက္ကစ္စဒါနအရ ကွာခြားပုံတွေပဲ၊

"ကျောင်းဒကာ အနာထပိဏ်သေဋ္ဌေးကြီး" လို့သာ နာမည်ထင်ရှားခဲ့တယ်: အနာထပိဏ်သေဋ္ဌေးကြီးရဲ့ ဇနီး ကျောင်းအမ ပုညလက္ခဏာ ဒေဝီလို့မျှား သိသူ အနည်းသား။ လူတွေမပြောနဲ့ စာတတ်ပေတတ် ဘုန်းကြီးများပင် သတိရခဲတယ်။

"နောက်ပြီး 'ပုဗ္ဗာရုံ ကျောင်းအမ ဝိသာခါ' လို့သာ နာမည် ထင်ရှားခဲ့တယ်၊ ကျောင်းအစ်မဲ ဝိသာခါရဲ့ခင်ပွန်း 'ကျောင်းဒကာ ပုဏ္ဏာဝဏ္ဏသေဋ္ဌေး' လို့ သိသူ အနည်းသားပဲ"

လှည်းကူးမြို့မှ ဇနီးမောင်နှံ

"ဟို မကြာသေးမီကာလက လှည်းကူးမြို့တွင် လယ်ပိုင်ရှင် ဦးဖေ–ဒေါ်လေးဆိုတာ ရှိခဲ့သတဲ့၊ အဲဒီ ဇနီးမောင်နှံတွင်လည်း ဦးဖေရဲ့ နာမည် မပေါ်လွင်ဘဲ ဒေါ်လေးရဲ့နာမည်သာပေါ်လွင်သတဲ့။

"ဘယ်သွားမလို့လဲ" လို့ မေးရင် ဒေါ်လေးအိမ် သွားမယ်လို့ ပြောသလို၊ ဘယ်က လာသလဲ မေးရင်လည်း ဒေါ်လေးအိမ်က လာတယ်လို့ ပြောကြသတဲ့။

"ဒီတော့ ဦးဖေက မခံနိုင်ဘူး၊ ဒါနဲ့ တစ်ခါတော့ ဦးဖေဟာ ဝတ်ကောင်း စားလှများကို ဝတ်ဆင်ပြီး ဒေါက်မြင့်မြင့်ချောချော မြင်းကြီးကိုစီးပြီး အလှူပွဲတစ်ခုကို သွားသတဲ့၊ ဦးဖေကလည်း ချောချောခန့်ခန့်ပါပဲတဲ့။

"ဒီတစ်ခါ အလှူအိမ်အရောက်တွင် ကလေးတွေ ဝိုင်းလာပြီး 'ဟာ....ဒေါ်လေး မြင်းကြီးကလှလိုက်တာကွာ၊ ဒေါ်လေးမြင်းကြီးက ကြီးလိုက်တာကွာ' လို့သာ ချီးကျူးကြပြီး မြင်းပေါ်က ဦးဖေကိုမူ ဘယ်ကလေး တစ်ယောက်ကမှ မချီးကျူးကြဘူးတဲ့၊ ဒါဟာ သက္ကစ္စဒါနနှင့် ပတ်သက်ပြီး ကွာခြားချက်တွေပဲ။

ဘုန်းကြီးက အမျိုးသမီးတွေဘက်က လိုက်ပြောတာ မဟုတ်ဘူး၊ မယုံရင် တန်ခိုးကြီးဘုရားရှေ့မှာသွားပြီးတစ်နေ့လောက်လေ့လာကြည့်ပါ။

အမျိုးသားတွေ ဘုရားဖူးလာရင် ပိုသီပတ်သီနဲ့ ပျာယီပျာယာ လာပြီး ပန်းဝယ်လည်း ပန်းသည်က ပေးတာကို မရွေးဘဲ အလွယ်တကူ ယူပြီး မပြင်မဆင်ဘဲ၊ ရေမလဲဘဲ ညောင်ရေအိုးထဲ ထိုးစိုက်တယ်၊ ဘုရားကို ပေါက်ဆိန်ပေါက် ဝတ်ချ၊ ဩကာသ တိုတို ဆိုပြီး ပြန်ကြတာပဲ။

အမျိုးသမီးတွေကတော့ ကွန်ဒြေရရလာ၊ ပန်းဝယ်ရင်လည်း ရွေးချယ်ယူဘယ်၊ ပန်းကို လှလှပပ စင်စင်ကြယ်ကြယ် ဖြစ်အောင် ဆေးကြောပြင်ဆင်တယ်၊ ညောင်ရေအိုးလဲ ရေ လဲတယ်၊ ကျကျနန သေသေချာချာ ရှိခိုး ဆုတောင်းပြီး ပြန်တယ်။

အမျိုးသား အမျိုးသမီး ကွာခြားပုံ ပြောရရင် ဘုန်းကြီးကျောင်း ဘုရားခန်းနှင့် သီလရှင်များ ဘုရားခန်းတောင်မှ မတူဘူး။

များသောအားဖြင့် ဘုန်းကြီးကျောင်း ဘုရားခန်းက ရှုပ်တုတ်တုတ် မွဲခြောက်ခြောက်၊ သီလရှင်များကျောင်းဘုရားခန်းက သန့်သန့်ရှင်းရှင်း ဝေဝေဆာဆာ ကြည်ညိုဖွယ်ရာ များတတ်တယ်။

ဤသို့ပင် မင်းကွန်း ဝိုပိဋ္ဌက ဆရာတော် ဘုရားကြီးက ညွှန်ကြားဆုံးမသြဝါဒ ပေးတော်မူပါသည်။

သြော် .... အတော် မှတ်သား လိုက်နာဖွယ် ကောင်းလေစွ....။

နိဗ္ဗာန် လိုချင်ပို ဓမ်တယ်

ထိုညဉ့် ပခုက္ကူမြို့ မဟာဝိသုတာရာမ သိမ်တိုက်ကြီးပေါ်တွင် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီးက သိလဝန္တသုတ္တန် ဝိပဿနာတရားကို ဟောကြားတော်မူပါသည်။

ဆေးစာရွက်ပြမည်ဆိုသည့်အတိုင်း သိလဝန္တသုတ်တော် ပါဠိဖွဲ့ဆိုဆဲယန္တင် မုံရွာလယ်တီ ဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်ကျမ်းလာ အဘိဓမ္မာသဂၤဟပိုဒ် သဘောဝဏ္ဏကို ရွတ်ဖတ်၍ ရှင်းပြတော်မူပါသည်။ တရားက လေးနာရီခွဲကျော်ကြာသော်လည်း ပရိသတ် သုံးပုံနှစ်ပုံလောက်ကတော့ အိပ်ငိုက်နေကြလေသည်။ (ထို သိလဝန္တသုတ္တန် ဝိပဿနာ တရားတော်ကိုလည်း ဆရာတော်ဘုရားကြီး၏ အသံသွင်း တိပ်ခွေများတွင် နာကြားနိုင်၍၊ ဟောစဉ် တရားစာအုပ်တွင်လည်း ဖတ်ရှုနိုင်ပေသည်။)

ထိုတွင် နိဗ္ဗာန်ကို ပုထုဇဉ်အဖြစ်နှင့် လိုချင်ဖို့ခက်ကြောင်းကို ဤသို့ မိန့်တော်မူ၏။

"ဝိပဿနာ တရားဆိုတာ နိဗ္ဗာန် ရောက်ကြောင်းတရားပဲ၊ နိဗ္ဗာန်ကို အရိယာဖြစ်လို့ သိမြင်မှ သဘောကျမယ်၊ ပုထုဇဉ်တွေအနေနဲ့ကတော့ လိုချင်ဖို့ ခက်တယ်။

ပန်းချီကျော် ဘစ်ယောက်ကို ခေါ်ပြီး လူ့ချမ်းသာ ခံစားပုံဆွဲပြပါဆိုလျှင်လည်း ဆွဲပြလို့ကြည့်ဗျော်ရှုဗျော်ရှိမယ်၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ခံစားပုံ ဆွဲပြပါဆိုလို့ ဆွဲပြရင်လည်း ကြည့်ဗျော်ရှုဗျော် ရှိမယ်။

အဲ-နိဗ္ဗာန်ချမ်းသာကို ပန်းချီဆွဲပြပါဆိုလျှင် ပန်းချီကျော်လည်း အဆွဲရခက်ပြီ။

နိဗ္ဗာန်ဆိုတာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းပြီး ဝေဒယိတသုခ အားလုံးငြိမ်းတာကိုး" ဟူ၍ ထည့်သွင်း ဟောကြားတော်မူသွားပါပေသည်၊

ဤကား မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တရားဟောကြားနည်း ဖြစ်ပေသည်။

မှန်ပေသည်။ ဆရာတော်ဘုရားကြီး ဟောကြားတော်မူပုံမှာလည်း ယခု ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော အတိုင်းပင်တည်း၊

အထူးအားဖြင့် ဆရာတော်ဘုရားကြီး၏ တရားဟောစဉ် စာအုပ်များကို ဖတ်ရှုကျက်မှတ်၍ ဆရာတော်ဘုရားကြီး၏ တရားပွဲများကို များများ နာကြား မှတ်ယူသွားက မိမိတို့၏ ပါရမီကံအားလျော်စွာ ဓမ္မကထိကကောင်း တစ်ပါးဖြစ်နိုင်ကြပါပေသည်။

ထိုကြောင့် ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများသည် အလွန်ကံကောင်းကြပေသည်။


အဘယ်ကြောင့်နည်းဟူမူ....

ဤလိုထူးခြားသည့် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးကို ဖူးမြော်ကြည်ညိုပူဇော်ခွင့် ရကြ၍ ဆရာတော်ဘုရားကြီး၏ တရားတော်ကို ကြားနာ မှတ်သားခွင့် ရကြသောကြောင့်ပေတည်း။

အရှင်ကုန္ဒကာ
ညောင်ကန်အေးဆရာတော်

ဆဋ္ဌသင်္ဂါယနာတော်
ဆရာတော်

ရဂေါဇွန်း



အညွှန်းစကား

မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီး၏ သက်တော် ၇၅-နှစ်ပြည့် စိန်ရတု မွေးနေ့ပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် မင်းကွန်း တိပိဋက=နိကာယ သာသနာပြုအဖွဲ့က ထုတ်ဝေဖြန့်ချိခဲ့သော မြန်မာသက္ကရာဇ် ၁၃၄၈-၁၃၄၉။ ခရစ် ၁၉၈၇ ခုနှစ် အထူး ပြက္ခဒိန်တော်ကြီး၏ နောက်ဆုံး အခမ်းပိုတွင် ကျေးဇူးရှင် ဘဘိဓမ္မာရေဒ္ဓဂုရု ပထမ တိပိဋကဓရ မင်းကွန်း စမ္မနာဒဆရာတော်ဘုရား ဘာဝင်မြင်ခဲ့သော စာဒမ်းပွဲမျှားနှင့် ဆက်ကပ်ဘလူခံ ရရှိခဲ့သော အောင်လက်မှတ် ဘွဲ့တံဆိပ်ဘဒ်မျှား ဟူသော ခေါင်းစဉ်နှင့် ဇယားတစ်ခု ပါရှိခဲ့ပေသည်။

ယင်းဇယားတွင် အမှတ်စဉ် ၁ မှ ၃၁ အထိ သက္ကရာဇ်စဉ်အတိုင်း မြန်မာသက္ကရာဇ် ၁၂၀၆ ခုနှစ်၊ သာမဏေဘဝမှ စ၍ အောင်ခြင်္သေ စာမေးပွဲများနှင့် ဘွဲ့တံဆိပ်များကို ဖော်ပြထား သဖြင့် ဖတ်ရှုကြည်ညိုစိမ့်ဖွယ် ဖြစ်ရသည်၊ ထပ် ကာထပ်ကာလည်း ဖတ်ရှုနေမိသည်၊ ယင်းတွင် ဝါတော် ၂၆ အရွယ် ဆဋ္ဌသံဂါယနာနှင့် ပတ် သက်သော ဘွဲ့တံဆိပ်တော်များပင် ၇-ခု နှင့်နှင့် တွေ့ရပေသည်။ ဆဋ္ဌသင်္ဂီတိ ဓမ္မဝိဿဇ္ဇနာ ဆဋ္ဌ ဆံဂါယနာဝင် သာသနာပြု လက်မှတ်စောင် ဟူ သောဘွဲ့တံဆိပ်တော်မှာသရာတော်ဘုရားမှတပါး အခြား မည်သူတစ်ဦးတစ်ယောက်မျှ မရသော တံဆိပ်တော်ဖြစ်၍ အထူးခြားဆုံးသော တံဆိပ် တော်ပင် ဖြစ်၏။

တံဆိပ်တော်ထူးခြားသည်လောက်ပင် ထိုအချိန် အခါက နွေစဉ်ရွှတ်ဆိုဖြေကြားနေသကဲ့သို့ ညစဉ် မြန်မာတစ်နိုင်ငံလုံး လွှမ်းနေသော ရေဒီယိုမှ အသံတော်ကိုလည်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ သည် မြို့ကြီး မြို့ငယ်များမှသည် တောခေါင် တောဖျားများအထိ နာယူကြည်ညိုမဆုံး ဖြစ်ခဲ့ ကြရသည်။ ခာတ်ပြားအဖြစ် ဖြန့်ဝေရောင်းချခဲ့ သဖြင့် အချို့အခြားရွာများ၌ ယခုကိုင် အလှူအတန်း များတွင် ဖွင့်လှစ်နာယူနေကြသေးသည်။

ထို့ကြောင့် ဆရာတော်ဘုရား၏ မျှားပြားလှ စွာသော ဂုဏ်ရည်များတွင် "ဆဋ္ဌသင်္ဂီတိဝိဿဇ္ဇ က" ဟူသော ဂုဏ်ထူးကို ထုတ်ဖော် ချီးကျူးရ လျှင် ထိုအဖြာဖြာရားတော်ကို ကြားနာဖူးသူတိုင်း က နှစ်လိုကြည်နူးမဆုံး ဦးတင်ကုန်း ကြည်ညိုမဆုံး တပြုံးပြုံး ဖြစ်ကြရသည်။

သို့သော်....

ယင်းဆဋ္ဌသင်္ဂီတိဝိဿဇ္ဇက ဟူသော ဂုဏ်ရည် မှာ မြင့်မားလွန်းလှသဖြင့် သာမန်ပညာရှင်တိုင်း အဖို့ မချီးကျူးနိုင်ပေ၊ ပေါ်လွင်အောင် မဖော် ထုတ်နိုင်ပေ။ ဆရာတော်ဘုရားအတွက် အချို့ သော ပူဇော်ပွဲတို့တွင် စာရေးသူတို့သည် ယင်း ဂုဏ်ထူးကို ရတု၊ ဩဘာ၊ စာ၊ ကဗျာ တို့ဖြင့် ချီးကျူးခဲ့ဖူးပါ၏။ ဖော်ထုတ်ခဲ့ဖူးပါ၏။ သို့သော် သမုဒ္ဒရာကြီးကို ကမ်းစပ်မှနေ၍ လက်ညှိုးညွှန်ရ ဘိသကဲ့သို့သာ ဖြစ်ခဲ့ပါလေသည်။

ထို့ပြင်....

ကိုယ်နှင့်မဆိုင် ဉာဏ်မပိုင်ဘဲနှင့် လှိုင်လှိုင် ကြီး ချီးကျူးရေးသားနေပါကလည်း ဆူမိုက် ချီးမွမ်း ဂုဏ်နာဇမ်း၏ ဟူသော စကားကဲ့သို့ ဂုဏ်မထင်ရှား ဂုဏ်ပျက်ပြားဖွယ်ရာသာ ဖြစ် တော့မည်။

ပဌာန်းဆရာတော်ဘုရား၏ ရေးသားချက်

ဂုဏ်ကြီးသူ၏ ဂုဏ်ရည်ကို ဂုဏ်ရည်တူချင်း ချီးမွမ်းခြင်းသည်သာ အကောင်းဆုံး ဖြစ်နိုင်ပေ သည်။ ထို့ကြောင့် "ဤဆရာတော်ဘုရားကြီးမှူး သော တိပိဋကနိကာယ ဘတိဃသုံးနှစ်ခရီး စာ စောင်အတွက် ဆရာတော်ဘုရားနှင့် ဆိုင်သော ဆောင်းပါးတစ်စောင် ရေးသား ပို့ပေးပါ" ဟု စာစောင်ဆိုင်ရာများထံမှ တောင်းဆိုသောအခါ ဤစာရေးသူသည် မျှားစွာ အခက်အခဲ တွေ့ရ ပေတော့သည်။ သို့သော် တောင်းဆိုထားသဖြင့် မရေးရှုလည်း မဖြစ်တော့သဖြင့် ကြံမိကြံရာ ဂုဏ် ရည်တူ ဆရာတော်ဘုရား တစ်ပါး၏ ရေးသား ချက်ကို အကူအညီ ယူရတော့သည်။

ပဌာန်းဆရာတော်ဘုရား—

ဤစာရေးသူ၏ ဆရာတော်မြတ် တစ်ပါးပင် ဖြစ်၏။ မဗိုးရိမ်ပါဠိဆရာတော်ဟုလည်း ထင်ရှား ပေသည်။ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ပဌာန်း ဆရာတော်ဘုရားသည် စာရေးအကျော် ဆရာတော်တစ်ပါး ဖြစ်သည့်အပြင် တိပိဋကဓရ ဆရာတော်ဘုရားကြီးနှင့်လည်း အလွန်တရာ ရင်း နှီးကျွမ်းဝင်တော်မူသည်။

အတူတကွလည်း ကာလကြာရှည်စွာ သီတင်သုံး ဖူးသည်၊ ထို့ကြောင့် ဂုဏ်ရည်တူချင်း ခြီးကျူးမှု ဖြင့် အချက်ကျကျ ခြီးကျူးရေးသားနိုင်ပေသည်။

ပဌာန်း ဆရာတော်ဘုရားသည် ဆဋ္ဌသံဂါယ နာ ပါဠိတော်အပြီး၊ မြန်မာသက္ကရာဇ် ၁၃၁၀ ခုနှစ် (၁၉၅၆ ခုနှစ်) ကဆုန်လပြည့်နေ့က သာသနာ ၂၅၀၀ ပြည့်အထူး (ဗုဒ္ဓဇယန္တီကာလ) ထုတ် သတင်းစာတစ်စောင်တွင် ပူပူနွေးနွေး ခြီး ကျူးဆောင်းပါး တစ်စောင် ရေးသားတော်မူခဲ့ ပေသည်။ "မြွေမြွေချင်း ခြေမြင်သည်" ဟူသော စကားကဲ့သို့ ပညာရှင်တစ်ဦး၏ ဂုဏ်ရည်ကို ပညာရှင်တစ်ဦးကသာ အချက်ကျကျ ခြီးကျူး ရေးသားနိုင်ပေရာ၊ စာရေးသူသည် တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ "ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက" ဂုဏ်ရည်ကို မိမိ တိကျအောင် မဖော်ထုတ်နိုင်၊ မဖော်ထုတ်နိုင်သည့် အတူတူ ထိုအချိန်က ပဌာန်း ဆရာတော်ဘုရား ခြီးကျူး ရေးသားချက်များကို သာ ပြန်လည် ဆန်းသစ်လျက် ဤခေတ်သူ ခေတ် သားတို့ ဖတ်ကြားပူဇော်နိုင်ရန် ထုတ်ဖော်တင် ပြလိုပါသည်။

ဆရာတော်ဘုရား၏ ဂုဏ်နှင့်တန်အောင် ထုတ် ပြန်ရေးသားထားသော ပဌာန်းဆရာတော်ဘုရား ၏ ခြီးကျူးပုံတို့ကို လေးလေး နက်နက် ဖတ်ရှု ကြည်ညိုလိုက်ကြစေချင်ပါသည်။



ဆဝါရသဘောဖြင့် ရှင်းပြချက်

"မင်္ဂလေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ္တိဟူ ဆိုအပ်သော ဓမ္မာနုဿတိ အာရုံဆယ်မျိုးတို့တွင်ပရိယတ္တိအာရုံတည်း ဟူသော သော့ချက်ဖြင့် အရှင်ဝိစိတ္တာသာရာ ဘိဝံသ၏ နှလုံးအကြည် သော့အိမ်ကို တစ် ချိန်တည်း ဖွင့်လှစ်လိုက်သည်နှင့် တစ်ပြိုင် နက်၊ အရှင် ဝိစိတ္တာသာရာဘိဝံသ၏ ရုပ် ခန္ဓာ၊ နာမ်ခန္ဓာ ယန္တရားတို့သည် မရပ် မနား သွားရာမှာလည်း စာ၊ အိပ်ရာမှာ လည်း စာ၊ ကျရိယာပထ လေးပါးလုံးမှာ စာ၊ ပြောဆိုကြံစည်မှုမှာလည်း စာ၊ အာရုံ စူးစိုက်ချက် အလွန် နာလှပါပေသည်။ အခြား တပါးကုန်ဃော လောကီအာရုံ ခြောက်ပါး များပြားလှစွာသောသော့တူ တို့ဖြင့် ဘယ်သူမျှ ဝင်ရောက်၍ ပိတ်နိုင် ခွင့်၊ ဖွင့်နိုင်ခွင့် မရနိုင်တော့လေပြီ"။

ပဌာန်းဆရာတော်က ဤသို့ ပဌာန်း ပစ္စည်း ဆက် စကားဖြင့် မရပ်မနား လည်ပတ်ပုံသဘော တရားကို ရေးပြပြီးနောက်၊ လည်ပတ်နေသော ယန္တရားကြီးကို ရပ်တံ့ရန် ကြံရွယ်သူတို့ လက် မြှောက်အရှုံးပေးရပုံကိုလည်း ကျန်းမာရေးကို အကြောင်းပြပြီး ရပ်နားရန်၊ သို့မဟုတ်-သင့်တန် ရုံ အသုပ်လုပ်ရန် တားမြစ်ကြ၊ အကြံပြုကြသည် ကို အရှင်က မိမိ၏ သဒ္ဓါအဟုန်ကို မတုန်မလှုပ် စေသင့်ကြပါကြောင်း တောင်းတောင်းပန်ပန် နှင့် အပြောပင် မခံဘဲ မှန်မှန်ချိတက်၍၊ မျှော်လင့် ချက်အတိုင်း အောင်ပန်းဆင်သွားပုံဖြင့် "ပရိ ယတ် တည်းဟူသော ဓမ္မာရုံသော့ချက်ဖြင့် စက် ယန္တရား နှိုးလိုက်သည့်အခါ ဘယ်နေရာကမျှ ဆွဲရပ်၍ မရနိုင်ပုံကို" ပုံဖော်တော်မူထားသည်။

အဌကထာနှင့်တကွသော ပိဋကသုံးပုံ ဆရာ့စုံတို့ကို ဖြေကြားမှုနှင့် ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက ဖြေဆိုသူတို့တွင် စံချိန်အသစ်ထွင်၍ ထားနိုင်သော အရှင်ဝိစိတ္တာသာရာဘိဝံသည် ထိုပိဋကသုံးပုံ တည်းဟူသော ဓမ္မာနုဿတိတရားတော်အာရုံ၌ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်၊ စိတ်ဓာတ် အတွင်း ဉာဏ်အတွင်းတို့မှာ လင်းရောင်ခြည် ယှက်ဖြာ၍ ထို ကေဂ္ဂတာ၊ ထို သမ္မာသတိ မဂ္ဂ ပုဗ္ဗဂ်မတရားတို့ကိုလည်းသစ္စာလေးပါးဖြင့် ခွဲခြမ်း အမြဲတန်း ထိန်းသိမ်းမွေးမြူနိုင်သော ဓမ္မဝိဟာရီ ပုဂ္ဂိုလ်ကစ်ဦးလည်း ဟုတ်မှန်လှပါ၏ပသည်။

အရှင် ဝိစိတ္တာသာရာဘိဝံသည့် အဌကထာနှင့် တကွသော ပိဋကသုံးပုံ ဓမ္မာနုဿတိ တရားတော်၌–

(က) ခိုင်ခိုင်ခံ့ခံ့ ပျံ့ပျံ့ပျူးပျူး အထူးထိခိုက် အမြစ်စိုက် အမြစ်တွယ်၍ ထားနိုင်သော အသိအလိမ်မာ ဉာဏ်ပညာ အမောဟ ဟေတု သတိထူးကိုလည်း ဆွတ်ခူးပိုင်ဆိုင်သူ ဖြစ်ပါပေသည်။

(ခ) ထိုမှတပါး "ဓာတာ ဝစသာ မနသာ အနုပရိစိတာ" ပိဋကသုံးပုံ အလုံးစုံတို့ကို အကုန်နှုတ်ငုံဆောင်မှုနှင့် ပြန်ဆိုမှု ဖြေကြားမှု နှလုံးသွင်းမှုတို့အတွက် မဖြစ်လျှင်မနေ အရိုးကြေကြေ အရေခြောက်ခြောက် မကြောက်မရွံ့ နောက်မတွန့်သော တကယ့်ဆန္ဒ၊ တကယ့်ဝီရိယ၊ တကယ့်စိတ်၊ တကယ့် အသိဉာဏ်တို့နှင့် နာမ်ခန္ဓာ ရုပ်ခန္ဓာ အားလုံးတို့ကို သိမ်းကျုံးအုပ်ချုပ်နိုင်သော ဇွဲကောင်းမှု အဓိပတိသတ္တိကုဏ်နှင့်လည်း ပြည့်စုံကြွယ်ဝသူ ဟုတ်မှန်လှပေပါသည်။

(ဂ) ထိုမှတပါး စိတ်စေတနာ ကောင်းကောင်းဖြင့် မညောင်းမညာ ကောင်းစွာအလုပ်လုပ်နိုင်သောစေတနာ၊ သမ္မာသတ္တိ၏ ပိုင်ရှင်တစ်ဦးလည်း ဟုတ်မှန်လှပေ၏။

တစ်ဖန် "ဆိဝိဉ္ဇကစရန္တိ စမ္မဘဏ္ဍာဂါရိက" ဟူသော ခေါင်းစဉ်ဖြင့်–

"တိပိဋကဓရ စာ ပြန်ပွါးနှင့် တိပိဋကဓရ (ရေးဖြေ)စာမေးပွဲကို ဂုဏ်ထူးဝိသေသနှင့် တကွ ပြန်ဆို ရေးဖြေ အောင်မြင်ခဲ့ခြင်းသည် တိပိဋကဓရဘွဲ့တံဆိပ်အတွက် ဖော် ပြချက်မျှသာ ဖြစ်ပေသည် (၀၇) စာရစာကျေသည့်အလုပ်ကိုပွဲထုတ် ပြရုံမျှသာ ဖြစ်ခဲ့ပေသည်၊ ဆဋ္ဌ သံဂါယနာသဘင် ဆင်ယင် ကျင်း ပလိုက်သည့်အခါရဟန်းပရိသတ်၊ မင်းပရိသတ်၊ ပြည်သူလူထု ပရိ သတ်၊ ရဟန်းပညာရှိ၊ လူပညာရှိ တို့အလယ်ဗဟိုတွင် နေ့စဉ်နေ့တိုင်း အာဂုံ နှုတ်တက် အရက္ခကျက်လျက် ဘွက်လက် ချောမော အံ့သြစဖွယ် အကျယ်ဝိတ္ထာရ ဝေဖန်၍ပြပြီးလျှင် သဒ္ဓါပသန္နဖြစ်လောက်အောင်ဖြေ ဆိုချင်းငင်းလိုက်သည့်အချိန်အခါ သို့ ဆိုက်ရောက်မှသာ၊ (၀၈)ပညာ ရဲရင့် ပွဲလယ်ဘင်၍ ပြလိုက်သော အချိန်အခါကာလကျရောက်မှသာ လျှင်မိမိပိုင်ဆိုင်သိမ်းဆည်း၍ထား ခဲ့သော တိပိဋကဓရဘွဲ့တံဆိပ်ကို တော်ကြီးအတွင်းမှ သန့်ရှင်းသာ ယာလိုရာရွေးနှုတ် တမုဟုတ်ခြင်း တစ်ခဏခြင်း ဖြန့်ခင်း ဖြေပြခွင့် ကြုံကြိုက်ရပေသောကြောင့် သာ မုဏ်ကံသီ ဂဓမ္မပါဠိတော်ဘဏ္ဍာဂါထုပ် အမျိုးမျိုးတို့ကို ပိုင်ဆိုင်သော ဓမ္မ ဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်အတွက် ဖော်ပြ ဖြန့်ဖြူးချက် အစစ်အမှန် ပင် ဖြစ်၍နေရပေတော့သည်။

(ဃ) ပိဋကသုံးပုံ "ဓမ္မာနုသတိ" ကုဋ္ဌာရုံ တို့မှ အစုံအလင် ယူငင်ထုတ်ဆောင်၍ ထားအပ်သော တရားအရသာ ကောင်းကောင်းတို့ကို စိတ်စေတနာ အတွေ့အထိတို့ဖြင့် မိမိရရ ဝဝလင်လင် သုံးဆောင်ချင်သလို သုံးဆောင် မှီဝဲနိုင်စေရန် ရှာကြံစုဆောင်းနိုင်မှု နာမ်အာဟာရ သတ္တိ အစွမ်းဖြင့်လည်း မမောမပန်း ဖြည့်ဝအားရှိသူ တစ်ဦးပင် ဖြစ်ပါပေသည်။

(င) အရှင်ဝိစိတ္တာသာရာဘိဝံသသည် ပိဋကသုံးပုံ "ဓမ္မာနုသတိ" ဓမ္မာရုံတို့နှင့် တွေ့ကြုံဆက်ဆံမိသည်နှင့်တစ်ပြိုင်နက် မိမိ၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယနှင့် နာမကာယ အကြည်အလင်းတို့ကို ဆိုင်ရာပိုင်နိုင်စွာ အုပ်ချုပ်လျက် အလုပ် လုပ်နိုင်သော ကုန်ဖြိုယသတ္တိထူးကိုလည်း ပိုင်ဆိုင်သူ ဖြစ်ပါပေသည်။

(စ) အရှင်ဝိစိတ္တာသာရာဘိဝံသ သည် ပိဋကသုံးပုံ "ဓမ္မာနုသတိ" အာရုံ၌ မတုန်မလှုပ် မဆုတ်မနစ် အားစစ်ကြံစည်မှု၊ အပြန်ပြန် အလှန်လှန်အဖန်ဖန် ညက်ညက်ညောညော တွေးတောမှု ပရိယတ် ဓမ္မကွန်မှာ အင်မတန်ကြည်နူးနှစ်သက်မှု ပိဋကတ်တော်၏ ဓမ္မအရသာကို အဝခံစား သုံးဆောင်မှု၊ စိုက်စိုက်စူးစူး အထူးမြဲမြံရှုအားသန်လှသော စျာနသတ္တိကိုလည်း ပိုင်ဆိုင်သူတစ်ဦး ဖြစ်ပေသည်။

(အဋ္ဌကထာ ဋီကာနှင့် တကွသော) သုံးပုံ ပိဋကတ် ပရိယတ်တော်အုပ်မှာ အရှုပ်အထွေး ကင်းရှင်းလွတ်လပ်စွာ ကျွမ်းကျင်တတ်မြောက်ခြင်း ဟူသမျှ အကုန်ရှင်း ထိုးထွင်းကြံဖန် အားထုတ်စာ လွန်စွာမှတ်မိ သမွာသတိ ရှိရုံမျှမက ကောင်းကောင်းကျ၍ လမ်းမလမ်းမှန်ကို သက်သက်သာသာ ဖြောင့်မတ်စွာ လျောက်နိုင်သော မဂ္ဂသံတို့ အမျိုးနှင့်လည်း အချိုးကျ ပြည့်ဝစုံလင်သော ပုဂ္ဂိုလ်ထူး ဖြစ်ပါပေသည်။

အတ္တုက္ကံသနပရဝမ္ဘန မပါမှန်ရာကို အကျင့်ချုပ်ပြီး အဟုတ်ကို ပြုရမည်ဆိုလျှင် "ကွာ...ဓမ္မဝိဟာရီ ဟောတီ" ပြဆိုခဲ့ပြီး ဖြစ်သည့်အတိုင်း မက်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိဟူဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်တို့ အနက် ပိဋကသုံးပုံ ဓမ္မာနုဿတိ ဓမ္မာရုံတို့နှင့် ထုံစိမ်မွမ်းမံ အမှန်ကြည့်မြ သိလ သမာဓိ ပညာ ဆင့်ကာ ဆင့်ကာ ပါရမီဖြည့်ဆည်း ခရီးစဉ် အတိုင်း အတန်းတက်ခဲ့ပေသည့်အတွက် ဆဋ္ဌသံဂါယနာသာဝင် ဆင်ယင်သည့် အခမ်းအနားမှာ ဤမျှလောက် များပြားလှကုန်သော သုံးပုံပိဋကတ် ပရိယတ်စာပေတို့ကို မထစ်မငေါ့ ပေါ့ပါးလျင်မြန် လေယာဉ်ဟန်သို့ နှုတ်သံအာဂုံ စုံစုံလင်လင် တွင်တွင်ကျယ်ကျယ် တင့်တယ်စွာ ပြန်ဆိုနိုင်ခြင်း ဖြစ်ပေသည်။ ပြဆိုခဲ့ပြီးသော ဤအကြောင်းတို့ကို ကောင်းစွာ ရှင်းလင်းခွင့် ရသဖြင့် အထိုက် အလျောက် ရှင်းလင်းသင့်သည့်အတိုင်း အနည်းငယ် ရှင်းလင်း၍ ပြလိုက်ခြင်း ဖြစ်ပါပေသတည်း။"

(၁၃၁၈-ခု၊ ကဆုန်လပြည့် ၂၄၊၅၊၅၆ သာသနာ ၂၅၀၀ မြည့် အထူးထုတ်
ဟံသာဝတီသတင်းစာ၊ နှာ-၉-၁၀ မှ)

ရေဝတ်ဆွန်း



တိဝိဋကဓရကောလာဟလ ဖြစ်ပေါ်ခြင်း

အရှင်ကောဏ္ဍည

ခေတ္တာဃာတလ ငါးမျိုး

လောကမှာ အုန်းအုန်း ကျွက်ကျွက် ဖြစ်ခြင်း အကြောင်းတို့သည် ငါးပါးတို့ပင်တည်း၊ ထိုငါးပါးတို့တွင်–

(၁) စကြာမှာ နှစ်တစ်ရာ
(၂) ကမ္ဘာမှာ သိန်းထား
(၃) ဘုရားမှာ နှစ်တစ်ထောင်
(၄) မင်္ဂလာမှာ ဆယ့်နှစ်နှစ်
(၅) မောနေယျမှာ ခုနစ်နှစ်

ဟူ၍ ကောလာဟလ ငါးပါးရှိခဲ့ရာ ဤငါးပါးတည်း၌ တိပိဋကဓရ ကောလာဟလထည့်လိုက်လျှင် ကောလာဟလ ခြောက်ပါးဖြစ်နိုင် ကောင်း၏။

ကျွန်ုပ်တို့ မြန်မာပြည် လွတ်လပ်ရေးမရမီ ဆယ်နှစ်ခန့် အချိန်လောက်မှာ သေဋ္ဌေးကြီး ဆာဦးသွင်၊ သေဋ္ဌေးကတော် ဒေါ်ဒေါ်သိမ်း မိသားစုတို့ သိဟိုဠ်ကျွန်း ဘုရားရှင်၏ စွယ်တော် မြတ်ကို သွား၍ ဖူးကြစဉ် တစ်ခုသော နွေတ်ဆက်ပွဲမှာ စွယ်တော်အမတ်ကြီးများနှင့် သာသနာရေး၊ ဘာသာရေး စပ်မိစပ်ရာ ပြောကြားသော အခါ စွယ်တော် အမတ်ကြီးများက "ခင်ဗျားတို့ မြန်မာပြည်မှာ စာတတ် ပုဂ္ဂိုလ်၊ ကျမ်းပြုပုဂ္ဂိုလ် တွေတော့ ပေါများပါရဲ့ 'တိပိဋကဓရ' ပုဂ္ဂိုလ်ရယ်လို့ မကြားဘူးပါ" ဟု ပြောကြားသော အခါ ဟုတ်ပါရဲ့ ကျွန်တော် များ လဲ မကြားဘူးပါဟု ဝန်ခံရလေ၏။

သေဋ္ဌေးကြီး၏ စိတ်ထဲမှာ အောင့်သက်သက်နှင့် ဝန်ခံကတိ ပြောကြားပြီးသော အခါ သေဋ္ဌေးကြီးသည် စွယ်တော်ကို ဖူးပြီး တပည့်တော်တို့ မြန်မာပြည်မှာ လွတ်လပ်ရေးရရှိပါက အမြင့်ဆုံး ဖြစ်သော "တိပိဋကဓရ" စာပြန်ပွဲတော်ကြီး ကျင်းပပူဇော်ပါမည်ဟု အဓိဋ္ဌာန်ပြုကာ ဆုတောင်းလေ၏၊

မြန်မာပြည် လွတ်လပ်ရေး အရောင်သမ်းပြီး ၁၉၄၈–ခု၊ ဇန်နဝါရီလ (၄) ရက် အာရုံတက် အချိန်၊ ဒေ၊ မြောက်ကြီးများပစ် ဖောက်လှုပ် ယူနီယံ ကျက်အလံကိုချကာ ပြည်ထောင်စုအလံကို လွှင့်တင်ကာ စိုက်ထူလိုက်လေ၏။

သေဋ္ဌေးကြီးသည် ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့ဝင် လူကြီးမင်းများနှင့် သူ၏ အဓိဋ္ဌာန်ချက်အတိုင်း အမြောက်သံများကို အထိမ်းအမှတ်ပြုကာ သူ၏ အိမ်နေရာဟောင်းကို စာတော်ပြန် မဏ္ဍပ်ကြီး ဆောက်ရန်အတွက် ပန္နက်ချလိုက်လေ၏။

တိပိဋကဓရ သာသနာပြု ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးကား ထိုစဉ်က အာဏာပိုင်အဖွဲ့များထဲမှ သမ္မတ၊ ဝန်ကြီးချုပ်၊ သာသနာရေးဝန်ကြီးက စပြီး တိုင်းပြည်မှက်နှာဖုံးဖြစ်သော သေဋ္ဌေးကြီးတွေ၊ မြို့လူကြီးတွေ အသီးအသီး ဖွဲ့စည်းထားသဖြင့် ပြည်ထောင်စုခေတ်မှာ အခိုင်အမာ ဆုံး၊ အတောင့်အတင်းဆုံး အသင်းကြီး ဖြစ်လေ၏။

ပထမတွင် ပိဋကသုံးပုံကို ၁-နှစ်တည်း ပြန်ဆိုရမည်ဟုပင် ဖြစ်၏။ နောင်သောအခါ ဆရာတော်တစ်ပါးက သေဋ္ဌေးကြီး ဆာဦးသွင်နှင့် တွေ့သောအခါ "ဒါယကာကြီးတို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ပိဋကသုံးပုံကို ၁-နှစ်တည်း ပြန်ရမည်ဟု ကြော်ငြာ တွေ့ရကြောင်း၊ ၁-နှစ်တည်းပြန်ဖို့မဖြစ်နိုင်ကြောင်း" ပြောသောအခါ၊ "တပည့်တော်တို့က ပိဋကသုံးပုံဆိုတာ စာအုပ်သုံးအုပ် ထင်မိလို့ပါ ဘုရား" ဟု ရိုးသားစွာ လျှောက်ထားသံကို ကြားလိုက်ရ၏။

နောင်သောအခါ ရန်ကုန်မြို့ ပုဇွန်တောင်နော်မန်ကျောင်းကြီးဆရာတော် ဦးဉာဏာ၊ ခြောက်ထပ်ကြီး ဆရာတော် ဦးကောဏ္ဍည စသော ဆရာတော်ကြီးများကို နာယက ဥက္ကဋ္ဌတင်ကာ ပိဋကသုံးပုံကို-

၁။ ဝိနည်းပိဋကတ် တစ်ပုံ

၂။ သုတ္တန်ပိဋကတ် ဒီဃနိကာယ်တစ်ပုံ

၃။ အဘိဓမ္မာပိဋကကို နှစ်ပုံ ပုံကာ လေးနှစ်ခွဲကာ ပြဋ္ဌာန်းရလေ၏။

မြန်မာသက္ကရာဇ် ၁၃၁၀-ခုနှစ်သို့ ရောက်သောအခါ "တိပိဋကတ် စာတော်ပြန် ရေးဖြေ" လက်မှတ်ထိုး ၆-ပါး အသီးအသီး ပေါ်ပေါက်လာသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရလေ၏။ လက်မှတ်ထိုး ဆရာတော် များမှာ ဝါးခယ်မ၊ ကျိုက်ထို၊ မြိတ်မြို့၊ စစ်ကိုင်း၊ လှည်းကူး စသည် တို့မှ ဖြစ်လေသည်။ အချို့ ဆရာတော်များမှာ သက်တော် ၅၀-ကျော်များပင် ဖြစ်လေသည်။

ထို့ကြောင့် တိပိဋကဓရစာတော်ပြန် ပွဲတော်ကြီး ဆယ်နှစ်ဆယ်မှီး ရှိသောအခါ သရုပ်ကောင်ပေါ်လာသဖြင့် တိပိဋကဓရမှာ ဆယ်နှစ်တာ ကာလာဟလ တစ်ပါးတို့ သင့်လေတော့၏။

သေဋ္ဌေးကြီးဆာဦးသွင်၏ ပင်ဖိတ်ချက်

ဤကဲ့သို့ သာသနာတော်၌ ရှေးက မပြုလုပ်ဖူး၊ မဆောင်ရွက်ဖူး သေးသော အဓိကာရကောင်းမှုကုသိုလ်ထူး ပြုလုပ်သောအခါ သေဋ္ဌေးကြီး ဆာဦးသွင်သည် မိမိတို့ သမီး ခင်ပွန်း အိမ်ထောင်ပြုသည်မှ စ၍ ကိုးကွယ်ဆည်းကပ်ခြင်းဝါဒ ခံခဲ့သော သစ္ဓာဒိဋ္ဌိကာ ကျမ်းပြု ရွှေတံဆိပ်ရသိဟိုဠ်ပြန် ကျေးဇူးရှင် ဆရာကြီး ဒေါမမွစာရီ၊ ညီမ ဒေါက္ကန္ဒစာဂီတို့ကို လည်းကောင်း၊ မိမိတို့ ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှင့် ထောက်ပံ့ပူဇော်ထားသော ယခု တိပိဋကဓရ ကျေးဇူးတော်ရှင် ဒုတိယ ဓမ္မနာဒ ဆရာတော် ကလေးကို လည်းကောင်း ဤပွဲတော်ကြီးမျိုးကို အဘယ်မှာ မတက်ရောက်စေဘဲ ရှိပါအံ့နည်း။

သို့အတွက်ကြောင့် သေဋ္ဌေးကြီးသည် သူ၏ သာသနာ့ ဆွေမျိုးများ ဖြစ်ကြသော မန္တလေးမြို့ ပိုက်ကျုံးရပ် ဓမ္မနာဒကျောင်းတိုက်ဒကာသစ်ကုန်သည် ဦးမြို့-ဒေါ်ဒေါ်ဆင်တို့မှ တစ်ဆင့်စာနှင့် တစ်ဖုံ၊ ကြေးနန်းနှင့် တစ်မျိုး စာပြန်ပွဲတော်အမိန့်ကြွဖို့ရန် အတန်တန် ပင့်လျှောက်ထားလေ၏။

ဤစာရေးသူနှင့် ဓမ္မနာဒဆရာတော်

သက္ကရာဇ် ၁၃၀၆ ခုနှစ်၊ ပြာသိုလ ရဟန်းခံဥပသမ္ပဒ မဂ်လာပွဲတွင် မင်းကွန်းမှ လှည်းနှင့်ကြွကာ ဆရာတော်ကိုယ်တိုင် အနုသာသကမှုပြုကာ ကမ္မဝါစာကိုလည်း ပါဠိတော်နည်း ဒွန်ဝိမတိဋီကာနည်း ဒွန်ကမ္မဝါကို အထူးပင် ချီးမြှင့်ခြင်း ခံခဲ့ရလေသည်။

သက္ကရာဇ် ၁၃၀၆ ခုနှစ်၊ ပြာသိုလ ရဟန်းခံဥပသမ္ပဒ မဂ်လာပွဲတွင် မင်းကွန်းမှ လှည်းနှင့်ကြွကာ ဆရာတော်ကိုယ်တိုင် အနုသာသကမှုပြုကာ ကမ္မဝါစာကိုလည်း ပါဠိတော်နည်း ဒွန်ဝိမတိဋီကာနည်း ဒွန်ကမ္မဝါကို အထူးပင် ချီးမြှင့်ခြင်း ခံခဲ့ရလေသည်။

ထိုစဉ်က ဖက်ဆစ်ကျပန်တို့သည် မြစ်ကြီးနား မှ တပြည်းပြည်းစစ်တပ်တွေ ပြန်ဆုတ်ချိန်ဖြစ်နေ၍ ခေါင်းပေါ်မှ လေယာဉ်ပျံ ဘာဝီနှင့် နေရချိန် ဖြစ်ပါသည်။

ဤစာရေးသူသည် ၁၃၀၈-ခု နယုန်လတွင် ရဟန်းတစ်ပါအရ စစ်ကိုင်းမြို့နယ် တောင်ရင်းရွာ ဆယ်ကြိုးကျောင်းတိုက်မှ မင်းကွန်း ဓမ္မနာဒ ဆရာတော်၏ ခြေတော်ရင်းသို့ ဝပဲစင်း ခိုလှုံခွင့် ရရှိခဲ့ပါသည်။

ဆရာတော်နှင့် တစ်ကျောင်းတည်း နေရပုံကား ၁၃၀၉ ခုနှစ် ရောက်သောအခါ ဆရာတော်သည် မိမိ လိုပ်ခေါင်းဆေး တင်ရန်အတွက် ကျေးဇူးတော်ရှင် မစိုးရိမ် ဆရာတော်ကြီးထံမှ လိပ်ခေါင်းဆေးကို ဦးပဉ္စင်းအား အယူခိုင်းပြီး ဆရာတော် ကိုယ်တိုင်ပင် ဆေးဖော်ကာ လိမ်းပေးသောအခါ ၅ ရက်လောက် တင်မိလျှင် လက်သီးဆုပ်ပမာဏာ ညိုမည်းပြီး အနာတွေ ပွထလာကာ မအိမသာ ခံစားတော် မူရသဖြင့် စာရေးသူနှင့် ကန်ကြီးကုန်း ဘုန်းကြီး ဦးနာဂိတ တို့အတူ နွေနေညည အားလပ်နေသောဆရာကြီး ဒေါ်ခမ္မစာရီ ကျိုက်လတ် ဇရပ်ကြီး အပေါ်ထပ်မှာ ဖန်ခေကျိုခြင်း၊ ဖန်ရေဆေးပေးခြင်း၊ ဆေးတင်ပေးရခြင်း စသောအားဖြင့် ရင်းရင်းနှီးနှီး ပြုစုမှုလေ၏။ အနာပျောက်၍ ရောဂါမှ ထသော်လည်း ၎င်းကျိုက်လတ်ဇရပ်ကြီးပေါ်မှာပင် နှစ်ဝါညဝါ စာဝါများကို ပို့ချတော်မူလေ၏

ခုန်ကုန်ဦး တိပိဋကစာနာသင်ကြားခြင်း

၁၃၁၀ ခုနှစ် ရောက်သောအခါ သေဋ္ဌီးကြီး၏ပင့်စာအရ-

၁။ ဆရာတော်

၂။ ပစ္ဆာသမဏ တစ်ပါး (စာရေးသူ)

၃။ ဆရာမကြီး ဒေါ်ခမ္မစာရီ

၄။ ယခုဘွားဘွားလေးခေါ် ဒေါ်ကွန်စာဂီ

၅။ သူတို့၏ အလုပ်အကျွေး ဆရာလေး ဒေါ်ပုညဝတီ

ရထားလမ်းတွေ မသာယာသဖြင့် လေယာဉ်ဖြင့်သွားရန် ငါးဦးသားအတွက် လေယာဉ်ပျံကိုပါစားလှယ် စိန်ဝင်းဘရားသားမှာ လေယာဉ်လက်မှတ်ယူကာ မေမြို့ အနီးစခန်း လေဆိပ်တက်ကာ 'ဒါကိုဒါ' အမျိုးအစား လေယာဉ်ဖြင့် ၂ နာရီကျော်ကျော် စီးရသည်။

စက်သံကြမ်းသဖြင့် စကား ပြောမရပါ၊ နားများကို ဝါဂွမ်း ဆို့ထားရသည်၊ နာရီဝက်လောက် စီးမိသောအခါ သိလရှင် ဆရာကြီး၏ ညည်းသံကို ကြားယောင်မိသေး၏၊ အပွတိဋ္ဌေ အနာလယမွေ=ဆွေတိုင်ရာ မှီခိုရာ အားထားစရာ မရှိဟု ဆိုလိုရင်း ဖြစ်ပါသည်။

သေဋ္ဌီးကြီးများသည် လေဆိပ်မှ ကြိုကာ သမက်ဖြစ်သူ စက်ရှင်မင်းကြီး ဦးစန်းမောင်-ဒေါ်ခင်ခင်ကြီးတို့နှင့်အတူ နေသဖြင့် 'ဝင်ဒါမိယာ'နေအိမ်သို့ သွားကြရ၏။ အဖော်ယမကာများ ကပ်ပြီးသောအခါ ငါးထပ်ကြီး ဘုရားကြီး အနီး အောင်မြေသုခ ကျောင်းတိုက်ဆရာတော် ဦးဝိသုဒ္ဓ ထံသို့ တည်းခိုရန် ပို့ပေးပါသည်။ ဦးဝိသုဒ္ဓကား ဆာ ဦးသွင်-ဒေါ်ဒေါ်သိန်းတို့နှင့် သားရင်းတမျှ ချစ်ခင်ကြည်ညို လေးစားကြ၏။

တိပိဋကစာနာရခြင်း

၁၃၁၀ ခု တပို့တွဲလဆန်း ၆ ရက် ရောက်သောအခါ နံနက်ခင်း ဂ နာရီ အချိန်လောက်မှ စပြီး စာပြန်ပွဲတော် ဖွင့်ရန်ဖြစ်သည်။စာတော်ပြန်ပွဲမဖွင့်ခင် နှိုင်ငံတော် ဝန်ကြီးချုပ်၊ ၎င်း နောက်နှိုင်ငံတော်သမ္မတကြီးရောက်ရှိကာ၊ သံဃာ

ပရိသတ် ဝင်လာကတည်းကလက်အုပ်များခြီကာ ပြန်သည့်တိုင်အောင် မချသော လက်အုပ်ကို မြင်ရသဖြင့် စာပြန်ပွဲတော်ကြည့့် အရှင်တစ်ပါး ဖြစ်သော ဓမ္မနာဒ ဆရာတော်ကလေးစိတ်မှာ....

"ဩော်.....ငါတို့၏ သာသနာတော်ကား အင်္ဂလိပ်မင်းလက်ထက်က ဆိုလျှင် အင်္ဂလိပ်များ အောက်မှာ နေခဲ့ရသည်။ ယခုလွတ်လပ်သည့့် နိုင်ငံဖြစ်ကတည်းက နိုင်ငံတော် သမ္မတ၏ ဦးထိပ်မှာ စံပယ်ကွန့်မြူးတော် မူနေပါပြီတကား"

ဟု ဓမ္မ သံဝေဂဉာဏ် တဖွားဖွား ဖြစ်ပွားတည် ရှိလျက် နေ၏။ (မှတ်ချက် – ဆရာတော်ကား ထိုစဉ်က ၁၈ ဝါမျှသာ ရသေး၏။)

စာပြန်ပွဲတော် အခမ်းအနားမှာပင်တာဝန်ကျ ပုဂ္ဂိုလ် အသီးသီးတို့သည် ဤစာပြန်ပွဲတော်ကြီး ဖြစ်ပေါ်လာပုံအကြောင်း၊ သာသနာ ဘော်ကို အမြင့်ဆုံး ပူဇော်လိုကြောင်းများ၊ စာပြန်ပုဂ္ဂိုလ်တို့အား အဘိသိက်ရေစင်ဖြန်းခြင်း၊ အောင်ဆုမင်္ဂလာအောင်ဂါထာများကို ရွတ်ပွားကာပူဇော်ကြပုံများ ဖူးမြင်ရသူတို့၏ စိတ်နှလုံးမှာ ပီတိတွေ တပြုံးပြုံး ဖြစ်ပွားကြရပါ၏။

ဖွင့်ပွဲကြီး ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် မိမိတို့ တာဝန်ကျရာ နာယက စာထောက် စာမဆရာတော်များ စာထောက်စာမ မှတ်ချက်ချဆရာများ အသီးသီးနေရာချပြီးသောအခါ ဥက္ကဋ္ဌ ဘဒ္ဒန္တ ကောဏ္ဍည မထေရ်မြတ်သည် စာပြန်ခုံ တစ်ခုံတစ်ခုံမှာ ၁၅ မိနစ်ခန့်မျှ မတ်တတ်ရပ်ကာ စာနာတော်မူပြီး ဥက္ကဋ္ဌ သေဋ္ဌေးကြီး ဆာဦးသွင်ကို မိန့်တော်မူသည်မှာ "ဒကာကြီးတို့ ဘုန်းကြီးတို့ စာပြန်ပွဲကြီး ပျပ်နားပစ်လိုက်ကြစို့" ဟု အမိန့်ရှိသောအခါ သေဋ္ဌေးကြီး မျက်စိမျက်နှာပျက်ကာ "ဘာပြုလို့တုန်း ဆရာတော်" ဟု လျှောက်ထား သောအခါ၊ ယခု ၅-မိနစ်အတွင်းမှာပင် ၃-ကြိမ် ၄-ကြိမ် ထောက်နေရပြီ၊ စာပြန်ပွဲ စည်းမျဉ်းကလေး တစ်နေ့ ၃-ကြိမ် ထောက်ရလျှင် အကျဟု သတ်မှတ်ချက်ထားတယ်" ဟု မိန့်ကြားသောကြောင့် "ဆရာတော်ဘုရား ယခုနှစ်တော့ အစဦးဆုံး ဖြစ်တော့ မူရအောင် သည်းခံပြီး ကျင်းပ ပေးတော်မူပါဦးဘုရား" ဟု လျှောက်ထားရလေ၏။

ဥပဒေကို အလွန်အကဲ တိကျသော ဘုရားကြီး ဆရာတော်နှင့် ဥပဒေကို ရှေ့ဆုံးက လိုက်နာ ဆောင်ရွက်သော သေဋ္ဌေးကြီးသည် ဘုရားကြီး ဆရာတော်ကျမှပင်အရှုံးပေးလက်မြှောက်ရတော့ သည်ဟု ကောက်ချက် ချမိလေတော့၏။ ဥက္ကဋ္ဌ ဆရာတော်က ဤကဲ့သို့ အသိပေး အမိန့်ရှိလိုက် တာလည်း အလွန်ပင်ကောင်းလှပါ၏။ သို့မဟုတ်လျှင် ဆရာတော်တွေက (ကက်-ဖဲ့ စကား ပြောသလို) မျောက် ထေပြီး မှေးလိုက်ကာ ဆွမ်းစား ကောင်းအောင်လုပ်နေကြတာ" ဟု စွပ်စွဲကောင်း စွပ်စွဲနိုင်ရာ၏။ ဥက္ကဋ္ဌ ဒကာကြီးဘက်က လျှောက်ထားသော စကားလည်း အလွန်ပင် တန်ကြေးရှိလှပါ၏။ ယခုအချိန် ထိအောင် ပထမဆုံး ကျင်းပသည့်မူအတိုင်း ဆောင်ရွက်နေကြရသည်။

ဇွဲကောင်းသော နာယကနှင့် စာဆေးပြန်သံဃာ လူကြီးမင်းများ

ဤအချိန်၌ အင်းစိန်မြို့မှ အစိုးရတပ်နှင့် ကရင်သူပုန်တို့ တိုက်ပွဲကား တဝုန်းဝုန်း တအုံးအုံးနှင့် အခြောက်သံတွေကြားမှာ စာမေးပွဲတော်ကြီး ကျင်းပကြသည်မှာ အံ့သြစရာပင်။ အင်းစိန် စောဘွားကြီးကုန်းနှင့် ကုက္ကိုင်း သာသနာ့ရိပ်သာကား အလွန်ကြီး မဝေးလှပေ။

သေဌေးကြီးကား စိတ်မပျက်သည့်အပြင် "တပည့်တော် လုပ်ရင် သည်လို အပြောက်သံတွေနှင့် လုပ်ရတတ်ပါတယ်" ဟု လျှောက်ထား သည်၊ မှန်၏။ စာပြန်ပွဲတော် သံမဏ္ဍာပ်ကြီး ထောက်စဉ်ကပင် အပြောက်သံ အထိမ်းအမှတ်နှင့် တည်ဆောက်ခဲ့ရသည် မဟုတ်ပါလော။

စာပြန်ပွဲတော်ကြီးကား တစ်ပါး တစ်ပါး စာပြန်ရန် တစ်ထောင်တန် ပြင်ဆင် ခင်းကျင်း လျက် ရှိ၏။ စည်းမျဉ်း ဥပဒေတော်ကြီးကလည်း တစ်ရက်အတွက် ၃—ခါ ထောက်မ—ပေးရလျှင် ရှုံးရ၏ရေးဖြေပိုင်းမှာလည်း တစ်ကျမ်းတစ်ကျမ်း လျှင် ရာခိုင်နှုန်း ရိုးရိုး ၃၅—မှတ်၊ ဂုဏ်ထူး အောင် ၁၀၊ ဂ၅—မှတ်ရမှ အောင်သည်။ ကျမ်းခွဲမရှိ၊ တစ်ကျမ်းကျလျှင် အကုန်ကျတော့၏။

ပထမဦးဆုံး အာဂုံပြန်ပွဲတော်ကြီးကို ပွဲကြည့်ပရိသတ် တစ်ပါးအနေဖြင့်ပင် ဝင်သော ကျေးဇူးရှင် ဓမ္မနာဒဆရာတော်ကလေးကား ပွဲကြည့်လာခဲ့သည့် ရည်ရွယ်ချက်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

၁။ တိပိဋကဓရ စာပြန်ပွဲလက်မှတ်ထိုး သံဃာ ၆—ပါး ရှိတယ်။ ထိုအရှင်မြတ် ၆—ပါး ပြန်ဆိုပုံကိုကြည့်ပြီးတော့ သွက်လက်လျင်မြန်ဖျတ်လတ်ပုံ ဆွေးနွေးမယ်၊ အရှင်တို့ ဘယ်လို ကျက်သလဲ၊ ကိုယ်သိတဲ့နည်းအပြင် ထိုအရှင်မြတ်တို့ အထံကနည်းကိုပါ ငါခံယူမယ်။

၂။ ဤတိပိဋကဓရ စာမေးပွဲ အရည်အချင်း ဘယ်လောက်ရှိမှ ဂုဏ်ထူးနှင့် အောင်မလဲ၊ စာမေးပွဲ အရည်အချင်းကို ကောင်းကောင်းကြီး သိအောင် ငါစုံစမ်းမယ်။

ဤရည်ရွယ်ချက် နှစ်ပါးဖြင့် ပွဲကြည့်လာခြင်း ဖြစ်ပါသည်။

အာဂုံပြန်ပွဲတော်ကြီး အမြောက်သံ တအုံးအုံး တဝုန်းဝုန်း တဗိန်းဗိန်း ကြားမှ ပြီးဆုံးသွားသောအခါ ဂုဇ္ဇသာသနာနုဂ္ဂဟဥက္ကဋ္ဌ ဘုရားကြီး ဆရာတော်က "မောင်ဝိစိတ္တ ... မင်း ပုစ္ဆကလုပ်ကွာ" ဟု အမိန့်ရှိသောအခါ ဆရာတော်က လက်အုပ်ချီပြီး ပြန်ကြား လျှောက်ထား လိုက်သည်မှာ "တပည့်တော် မလုပ်ပါရစေနဲ့"။ "ဘာဖြစ်လို့တုန်းကွာ" မေးမြန်းရာ....

"တပည့်တော် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ဖွင့်တဲ့နေ့တုန်းက နိုင်ငံတော် သမ္မတကြီး အမှူးပြုသော နိုင်ငံတော် အာဏာပိုင် အဖွဲ့ဝင် လူကြီးများ၊ သေဌေးကြီး ဆာဦးသွင် အမှူးပြုသော အဖွဲ့ဝင် လူကြီး လူကောင်းများ၏ လက်အုပ်ကြွေး တပည့်တော်တို့ မြန်မာနိုင်ငံတော်ရှိ သံဃာတော် ခြောက်သောင်းကျော်တို့ အပေါ် တင်ရှိနေပါတယ်။ (မှန်ပေ၏၊ ယခုချီနေကြသော လက်အုပ်ကား ပရိတ်တရား နာချင်၍ ချီသော လက်အုပ် မဟုတ်ပါ၊ အရှင်ဘုရားတို့ သံဃာတော် ခြောက်သောင်းကျော်ထဲမှ တိပိဋကဓရ ထုတ်ပေးတော်မူကြပ်ဟု အဝုတ္တာသိဒ္ဓိနည်းဖြင့် အဓိပ္ပာယ်သက်ရောက်နေသည် မဟုတ်ပါလော။) ၎င်း တင်ရှိနေသော ရှာပုံတော် လက်အုပ်ကြွေးကို ဆပ်ချင်ပါတယ်၊ တပည့်တော် အဲဒီကြွေးကို ဆပ်ဖို့ တာဝန် ရှိပါတယ်၊ ဒါကြောင့် လာမည့်နှစ် လက်အုပ်ကြွေးကို ဆပ်ဖို့ တာန်သိလို့ ဆပ်ပါရစေ၊ ဒီတာဝန်ကို တပည့်တော် ခေါင်းပေါ်မှာ တက်နေပါတယ်၊ ရှိနေပါတယ်၊ ဒါကြောင့် ဆရာတော် ခိုင်းလိုလျှင် ပုစ္ဆက = ပုစ္ဆာထုတ်က လွဲလျှင် ထွေးခံဆေးတဲ့ ကိစ္စအထိ တပည့်တော်ကို ခိုင်းတော်မူပါ"

ဟု ထပ်ဆင့်ကာ လျှောက်ထားလေ၏။ ဤစကားလည်း မှန်လှပေ၏။ ဖခင် သေဌေးကြီးကဦးစီးပြီး တိပိဋကဓရပုဂ္ဂိုလ် ရှာနေသဖြင့် မိဘ

အပေါ် ကျရောက်နေသော တာဝန်ဟာ ငါ့တာဝန်ပဲဟု တာဝန်သိသော သားတစ်ယောက် အနေဖြင့် တာဝန်ကို ခေါင်းပေါ် ဆွဲတင်လိုက်ခြင်းပင် ဖြစ်ပါသည်။

တိပိဋကဓရ အလျာ ဓမ္မနာဒဆရာတော်ကလေးသည် ဥက္ကဋ္ဌဆရာတော်ကြီး၏ ခွင့်ပြုချက်အရ ဓမ္မာစရိယ ဥက္ကဋ္ဌ ဖြစ်တော်မူသော ဗားကရာတောရ ဆရာတော်ကို အမှူးထား၍ ဓမ္မာစရိယ ဆရာတော်အားလုံးကို ပင့်ဆောင်ကာ အောင်မြေသုခကျောင်း တိုက်မှာ ပင် မေးခွန်းပုစ္ဆာ လျှို့ဝှက်စွာ ထုတ်တော်မူကြ၏၊ ထိုစဉ်က တိပိဋကဓရ ပုစ္ဆာများမှာ ယခုခေတ် ဓမ္မာစရိယ စာချတန်း ပုစ္ဆာကဲ့သို့ ထုဟ်တော်မူကြ၏၊ နောင်သောအခါ မစိုးရိမ် ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယ မဏ္ဍရကြီး၏ အကြံပေးချက်အရ ပုစ္ဆာကို မူပြောင်းကာ ယခု မေးနည်းအတိုင်း ထုတ်ဆောင်တော်မူကြလေ၏။

ဤနည်းဖြင့် ရေးဖြေ စာမေးပွဲကြီး ပြီးဆုံးသွား၍ အာဂုံ. ရေးဖြေ နှစ်ထွေသော ဂေဇက် ထုတ်ပြန် ကြေညာသောအခါ သုညပင် ကြေညာဂေဇက်ထွက်ပေါ်လာ၏။ ဂေဇက် ကြေညာပြီး တစ်လမြောက် ရောက်သောအခါ အမြောက်သံတွေကြားမှ မဆုတ်မနစ် ဇွဲလုလွအားသစ်တော်မူသဖြင့် ဇွဲဆုပေးရန် ပူဇော်ပွဲသဘင်ကျင်းပကာ တစ်ပါး တစ်ပါးမှာ နှစ်ထောင်ခန့်တန် အပူဇော်ကို ခံတော်မူရလေ၏။

သုည ဂေဇက် ကြေညာသောအခါ သေဋ္ဌေးကြီး ဆာဦးသွင်၏ မျက်နှာ မသာယာပုံကို မြင်လိုက်ရသော ကျေးဇူးတော်ရှင် တိပိဋကဓရ လောင်းလျာဆရာတော် အရှင်သူမြတ်၏ စိတ်ထဲမှာလည်း ခမည်းတော် သေဋ္ဌေးကြီး စိတ်မကောင်းသလို ဖြစ်ကြရသည် (ထိုအချိန်က စာပြန်ပွဲတော် သက်သက် စရိတ်စက ငါးသောင်းကျော်ခန့် ကုန်ကျစရာ ဖြစ်နိုင်ပါသည်၊ ငွေတန်ဖိုးရှိချိန် ဖြစ်ပါသည်။)

တိပိဋကဓရဖြစ်ရန် ဇွဲအားမာန်

သို့သော် ဆရာတော် အရှင်သူမြတ်ကား ဤမျှပင် ရပ်ထားတော်မမူဘဲ ဆက်လက်၍ အကြံကောင်းဝင်လာပုံမှာ–

"ဒီသာသနာ လက်အုပ်ကြွေးတော့တင်ပြီ၊ ဒီလက်အုပ်ကြွေး မင်း ဆပ်နိုင်ပါ့မလား၊ မင်းရဲ့ခန္ဓာကား ပိန်ချိလှ၏၊ ဤ စာပေကိစ္စကား ခန္ဓာ မပြဋ္ဌာန်း ဉာဏ်ပြဋ္ဌာန်း၏၊ ဝန်ထုပ်ဝန်ပိုး ထမ်းဆောင်သော သူ့တို့မှာ သာ ခန္ဓာဝန်ပြဋ္ဌာန်း၏၊ ဒီစာပေလုပ်ငန်း ကြိုးပမ်းနေချိန်မှာ လေပြတ်ပြီး သို့မဟုတ် အားပြတ်ပြီး သေနိုင်၏၊ မင်းရဲ့ ခန္ဓာကိုယ်ကို စွန့်ရဲ့လား၊ စွန့်ရဲလျှင်၊ မင့်ခန္ဓာ သာသနာတော်အား လှူလိုက်ပါ"

ဟု ခန္ဓာကိုယ်ကို သာသနာတော်အား လှူကာ တိပိဋကဓရ လမ်းစဉ်ကို ရှာဖွေကြိုးကုတ် အားထုတ်တော့၏။

ဆရာတော်သည် ဆုံးဖြတ်ချက် ချပြီးသည်မှစ၍ ဗိုလ်ကြီးငါးပါး၊ အားကြီးငါးတန်အခြေခံလျက် အဓိဋ္ဌာန်ပုံ ဦးထိပ်ခြုံကာ လက်အုပ်ကြွေးဆပ်ဖို့အရေး အသက်ပေးကာ ဆုံးဖြတ်တော်မူလိုက်၏။

ဆရာတော်သည် သဒ္ဓါ သတိ သမာဓိ ပညာဟူသော ဗိုလ်ကြီးငါးပါး၊ အားကြီးငါးတန် အခြေခံလျက်–

(၁) ဆန္ဒဝတော မေကိ နာမကမ္မံ နသိဋ္ဌာတိ=ဆန္ဒကဲမို့၊ ငါသို့သည်၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။

(၂)ဝီရိယဝတော မေကိ နာမကမ္မံ နသိဋ္ဌာတိ=ဝီရိယကဲမို့၊ ငါသို့သည်။ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။

(၃) စိတ္တဝတော မေကိ နာမ ကမ္မံ နသိဗ္ဗတိ=စိတ်ဓာတ်ကဲမို့၊ ငါသို့သည်၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအုံးနည်း၊

(၄) စိမ်သဝဒတာ မေ ကိ နာမ ကမ္မံ နသိဗ္ဗတိ=ပညာကဲ့မို့၊ ငါသို့ဘဲသည်၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာ မပြီး ရှိအုံးနည်း ဟူသော ဥဒါန်းပမာ အခါခါကျူးရင်တော်မူလေ၏။

ဆရာတော်သည် ဗိုလ်ကြီးငါးပါး အားကြီးငါးတန် အခြေခံလျက် အဓိလေးပုံ ဦးထိပ်ခြုံကာ မိမိကိုယ်တိုင်လည်း ဤတရားများ လက်ကိုင်ထားတော်မူ၏၊ တပည့်တပန်း အပေါင်းအား လည်း မပြတ်မပြတ် ဆုံးမတော်မူ၏။

ထို့ကြောင့်

မလုပ်မခြေ၊ လုပ်မှုခြေ၊ သဘောစင်လှစေ၊
အစေခြေသာခွဲ၊ အလုပ်မဲ့ တဲ့ခဲ့မလွတ်ဧ။

ဟူသော ဤလက်ာ ဆောင်ပုဒ်အတိုင်း ပြုကျင့်သိုက်နာတော်မူလေ၏။

ဆရာတော်ဘုရားသည် လက်အုပ်ကြွေးဆပ်ဖို့ အရေး ဆုံးဖြတ်တော်မူပြီး သည်မှစ၍ ,ဗိုလ်ကြီးငါးပါး အားကြီးငါးတန် အခြေခံကာ အဓိလေးပုံ ဦးထိပ်ခြုံပြီး၊ ရန်ကုန်မြို့ အောင်မြေသုခကျောင်းတိုက်မှာပင် ပွဲကြည့် သံဃာတစ်ပါး အဖြစ်မှ မဟာသောတုဇနတစ်ပါးအဖြစ်သို့ ဝန်ခံကာ ပါရာဇိကဏ် ပါဠိဘော်ကြီးကိုအဖော်ပြုကာ နေ့နေ့ညည သရဇ္ဈာယ် တော် မူခဲ့ပါတော့သတည်း။



၄၆ ✻ မင်းကွန်းတို=နိသာသနာပြုအဖွဲ့

ဆရာတိုင်ကြား ဧလျောက်ထားချက်

(၁) အို အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် ဆရာသခင် အရှင်သူမြတ်ဘုရား၊ ဆရာတော်ဘုရား၏ ဆန္ဒတော်ကြီးကား ရှစ်သောင်း လေးထောင် နက်ဝှမ်းဆောင်သော မဟာသမုဒ္ဒရာတမှ နက်နဲ ကျယ်ဝန်းတော်မူလှ၍ တပည့်တော်များ မကူးမခပ်နိုင်သဖြင့် လက်မှိုင်ချကာ ကျန်ရစ်ခဲ့ရပါတော့သည်ဘုရား။

(၂) အို အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် ဆရာတော် အရှင်သူမြတ်ဘုရား၊ ဆရာတော်ဘုရား၏ ဝိရိယတော်ကြီးကား ရှစ်သောင်း လေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်မင်းကြီးတမှ အလွန်ပင် မြင့်မားတော်မူလှ၍ တပည့်တော်များ တက်လှမ်းခြင်းငှာ မစွမ်းနိုင်သဖြင့် လက်မှိုင်ချကာ ကျန်ရစ်ခဲ့ရပါတော့သည် ဘုရား။

(၃) အို အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် ဆရာအရှင်သူမြတ်ဘုရား၊ ဆရာတော် ဘုရား၏ စိတ်ဓာတ်ဘော်ကြီးကား နှစ်သိန်း လေးသောင်းချင့် ပေါင်းယူဇနာ ထူထဲစွာသော မဟာပထဝီဤမြေကြီးတမှ ကြီးမားပြန့်ကျယ် ထူထယ်ရှိတော်မူလှ၍ တပည့်တော်များ ဖောက်ထွင်း တူးဆွခြင်းငှာ မစွမ်းနိုင်သဖြင့် လက်မှိုင်ချကာ ကျန်ရန်ခဲ့ရပါတော့သည် ဘုရား။

(၄) အို အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် ဆရာအရှင်သူမြတ်ဘုရား၊ ဆရာတော် ဘုရား၏ ပညာတော်ကြီးကား ကြိုး၊တာ၊ဝါးတို့ဖြင့် တိုင်းတာ နှိုင်းယှဉ်ခြင်းငှာ မတတ်ရာသော ဟင်းလင်းပြင် အဇဋာဝေဟင် မိုးကောင်းကင်ကြီးတမှ ကျယ်ဝန်း မြင့်မားတော်မူလှ၍ တပည့်တော်များ တိုင်းတာ နှိုင်းယှဉ်ခြင်းငှာ မတတ်နိုင်သဖြင့် လက်မှိုင်ချကာ ကျန်ရစ်ခဲ့ရပါတော့သည် ဘုရား။

ဦးကောဏ္ဍညသိရီ
ရွှေဘုံသာတောင်ရင်း




အမတ်ပေါင်းစုံ

အရှင်ဇေရဝံသ (ပုသိမ်)

တိဒိဋ္ဌကရဲ့ ဖြစ်လာပုံ

မြတ်စွာဘုရားရှင် လက်ထက်တော်က ရှင်အာနန္ဒာသည် အကြားအမြင် များခြင်း၊ မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားဒေသနာများကို သတိကြီးစွာဖြင့် မှတ်သား နာယူထားနိုင်ခြင်း၊ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း သိသော အစွမ်း ရှိခြင်း၊ လုံ့လ ဝီရိယကောင်းခြင်း၊ မြတ်စွာဘုရားရှင်အား လုပ်ကျွေး ပြုစုခြင်း ဟူသော အကြောင်းတို့ကြောင့် "တရားဘဏ္ဍာစိုး" ဟူသော အမြတ်ဆုံး တေဒင် ဘွဲ့ကို ရရှိခဲ့ပေသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာမဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဝုရ မင်းကွန်း ဓမ္မနာဒ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ သည်လည်း သူတစ်ပါးတို့ ရနိုင်ခဲလှသည့် တရား ဘဏ္ဍာစိုး = ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ကို ရရှိခဲ့သော ပုဂ္ဂိုလ်ဖြစ်၍ ခေတ်သစ် အာနန္ဒာ ဟု တင်စားမိပါသည်။ သို့အတွက်ကြောင့် ၂၀ ရာစု သာသနာပြု ပုဂ္ဂိုလ်ကျော် ဆရာတော်ဘုရားကြီး၏ ဘဝမှတ်တမ်း တစ်စိတ် တစ်ဒေသကို ဖော်ပြရန် အခွင့်သို့ ရောက်ရှိပါပြီ။



တိပိဋကဆရာတော်ဘုရားကြီးကို မန္တလေးတိုင်းမြင်းခြံမြို့နယ် ကျည်းဟင်းရွာနေ သူကြီး ဦးဆုံ၊ သူကြီးကတော် ဒေါ်ဒေါ်ဆင် တို့မှ သက္ကရာဇ် ၁၂၃၃ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၃ နာရီ အချိန်တွင် ဖွားမြင်ခဲ့ပါသည်။ ၆ နှစ်သားအရွယ်တွင် အတိုး ဆရာကြီး ဦးချယ်၊ အဘွားဒေါ်အုံတို့က ပထမဦးဆုံး ရွင်ပြု၍၊ ၁၀ နှစ်သားအရွယ်တွင် တစ်ဖန် မယ်တော် ဒေါ်ဒေါ်ဆင်က ဒုတိယအကြိမ် ရွင်ပြုမင်္ဂလာ ဆင်ယင်ပါသည်။ သက္ကရာဇ် ၁၂၄၂ ခုနှစ် နွေဘိုးတန်ခူးလဆန်း ၆ ရက် ကြာသပတေးနေ့တွင် မင်းကွန်းတောင်ရိုး ငွေတောင်တောရ ရွှေကျင်တိုက်ခန္ဓာ သိမ်တော်ဝယ် ဓမ္မနာဒ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍၊ ရန်ကုန် အိမ်ကြီးချောင် သစ္စဝါဒီ ပါဠိဘာသာဌီကာ ကျမ်းပြုဆရာကြီး ဒေါဓမ္မစာရီကို အမှူးပြု၍ ရန်ကုန်မြို့ စက်သေဋ္ဌေး ဆာ ဦးသွင်၊ သေဋ္ဌေးကတော် ဒေါ်ဒေါ်သိန်းတို့က စတုပစ္စယ သာသနာ့ ဒါယကာအဖြစ် ခံယူလျက် ကျေးဇူးရှင် ဆရာတော်ကြီးများက **ရဟန်းအဖြစ် ချီးမြှောက်ကြသည်။**

ရဟန်း ၃ ဝါအရ ၁၂၄၆ ခုနှစ်တွင် သကျသီဟဝဋ်သကာ ဘွဲ့ကို ရသည်။ ထိုနှစ်မှာပင် **အစိုးရ** ပထမကျော် အောင်သည်။ ၁၃၀၂ ခုနှစ်၌ ပထမဆုံး ကျင်းပသည့် **အစိုးရ** ဓမ္မာစရိယ စာချတန်း၌ နှစ်ချင်းစွဲ ဂုဏ်ထူး သုံးကျမ်းဖြင့် အောင်မြင်၍ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဘွဲ့ကို ရရှိတော်မူပါသည်။

၁၃၁၀ပြည့်နှစ် တပို့တွဲလဆန်း ၆ ရက် ကြာသပတေးနေ့မှ စ၍ ကျင်းပသော တိပိဋကစာမေးပွဲကြီးတွင် ၁၃၁၅ ခုနှစ် ခြောက်ကြိမ်မြောက် စာမေးပွဲ၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ကို ရရှိတော်မူ၍၊ တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတ **အိမ်၌ ချီးကျူးပူဇော်ပွဲ** ကျင်းပသည်။

ဆရာတော်သည် တိပိဋကဘွဲ့တော် ရရှိရန် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ကျမ်းပေါင်း ၁၅ ကျမ်း၊ အုပ်ရေ ၂၀၊ စာမျက်နှာ ၃၉၀၃ မျက်နှာကို နှုတ်ဖြင့် ပြန်ဆိုခဲ့ရသည်။ နှုတ်ဖြင့်ပြန်ဆိုရာ၌ တစ်နေ့လျှင် ၅ ကြိမ်ထက် ပို၍ ထောက်မ ပေးရလျှင် ကျရှုံးသည်။ ၅ ကြိမ်အတွင်း သာထောက်မ ပေးရလျှင်သာမန်အောင်သည်။ အထေ၀က် အမ လွတ်ကင်းလျှင် ဂုဏ်ထူးဖြင့် အောင်သည်။ ဂုဏ်ထူးနှင့် အောင်သော သူများကို ဝိသိဋ္ဌဝိနယဓရ၊ ဝိသိဋ္ဌအာဘိဓမ္မိက၊ ဝိသိဋ္ဌဒီဃဘာဏက ဘွဲ့များ ဆက်ကပ်သည်။ တိပိဋကစာမေးပွဲတွင်

သာမန် အောင်မြင်လျှင် တိပိဋ္ဌကဓရဘွဲ့သာရပါသည်။ ပိဋ္ဌကသုံးပုံစလုံးကို ဂုဏ်ထူးဖြင့် အောင်မြင်၍ ဝိသိဋ္ဌဝိနယဓရ၊ ဝိသိဋ္ဌအာဘိဓမ္မိက၊ ဝိသိဋ္ဌဒီဃဘာဏကက ဘွဲ့တံဆိပ်တော် ၃ ခုစလုံး ရရှိခဲ့ပါမှ ဝိသိဋ္ဌတိပိဋ္ဌကဓရ ဘွဲ့တော်ကို ဆက်ကပ်ခြင်းခံရသည်။

သဒ္ဓော ရေးဖြေတွင် တိပိဋ္ဌကကောဝိဒ ဖြစ်နိုင်ရန် အတွက် အထက် ဖော်ပြပါ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ကျမ်းစာအုပ်ပေါင်း ၂၀၊ စာမျက်နှာ ၃၉၀၃ ကို အာဂုံနှင့် သဒ္ဓောအဓိပ္ပာယ် ကျေညက်ရမည့်အပြင်၊ အဋ္ဌကထာ အုပ်ရေ ၁၀ စာမျက်နှာ ၃၀၁၃၊ ဋီကာ စာအုပ်ရေ ၁၄၊ စာမျက်နှာ ၆၁၂၁ ပေါင်း နောက်ထပ် စာအုပ် ၂၄ အုပ်၊ စာမျက်နှာ ၉၉၃၄ တို့ကိုလည်း မှတ်မိအောင် လေ့လာ ကြည့်ရှုရသေးသည်။ ထို့ကြောင့် တိပိဋ္ဌက ကောဝိဒ ဖြစ်ရန် စာအုပ်ပေါင်း ၄၄ အုပ်၊ စာမျက်နှာ ၁၇၉၁၃ မျက်နှာကို ပိုင်နိုင်တိကျစွာ အာဂုံဆောင်ရန် လိုပေသည်။

ထိုမျှနှင့် မပြီးသေးခဲ့။ သဒ္ဓောရေးဖြေ စာမေးပွဲတွင် ကျမ်းတိုင်းကျမ်းတိုင်း၊ စာအုပ်တိုင်း စာအုပ်တိုင်း အတွက် ပုစ္ဆာ ၁၀ ပုဒ်ကိုအမှတ် ၁၀၀-ပေး၍ မေးမြန်းရာ ၃၅ မှတ် ရလျှင် သာမန် အောင်ဟု သတ်မှတ်သည်။ ၈၅ မှတ်နှင့် ၎င်းအထက် အမှတ်ရမှ ဂုဏ်ထူး အောင်ဟု သတ်မှတ်ပါသည်။ သဒ္ဓောရေးဖြေစာမေးပွဲတွင် သာမန်အောင်လျှင် ဝိနယကောဝိဒ၊ အာဘိဓမ္မကောဝိဒ၊ ဒီဃနိကာယကောဝိဒ ဘွဲ့များသာ ရနိုင်သည်။ ဂုဏ်ထူးနှင့် အောင်မှသာ မဟာဝိနယကောဝိဒ၊ မဟာအာဘိဓမ္မကောဝိဒ၊ မဟာဒီဃနိကာယကောဝိဒဘွဲ့များ ရနိုင်ပါသည်။ သုံးပုံစလုံးကို သာမန် အောင်လျှင် တိပိဋ္ဌကကောဝိဒ ဘွဲ့ကို မျိုးမြွှင့်ပါသည်။ ဂုဏ်ထူးနှင့် အောင်မှသာ မဟာတိပိဋ္ဌကကောဝိဒဘွဲ့ကို ဆက်ကပ်ရပါသည်။

ဆရာတော်သည် ပိဋ္ဌကသုံးပုံကို ဂုဏ်ထူးနှင့် အောင်မြင်ခဲ့သော ပုဂ္ဂိုလ်ဖြစ်၍ ဗုဒ္ဓသာသနပိဿဲတိပိဋ္ဌကဓရ မဟာတိပိဋ္ဌကကောဝိဒ ဘွဲ့ကို ရခဲ့ခြင်း ဖြစ်ပေသည်။ ဆရာကော်သည် စာမေးပွဲ ၁၈ ခုကို ဖြေဆို အောင်မြင်၍ အောင်လက်မှတ် ၁၈ စောင်နှင့် ဘွဲ့တံဆိပ် တော်ပေါင်း ၂၈ ခုကို ဆက်ကပ်ခြင်း ခံရသည်။

လောကဟိတဓရ ဖြစ်လာပုံ

ဆရာတော်သည် သာသနာရေးသာမက လူမှုရေးကိုပါ စိတ်ဝင်စားသော ဆရာတော် ဖြစ်ပါသည်။ ဆရာတော်သည် မင်းကွန်းရှိ စေတီတော်များနှင့် မင်းကွန်းရွာကို လျှပ်စစ်မီးလင်းစေခဲ့သည်။ ကျေးလက် ကျန်းမာရေး ဆေးပေးဌာန်၊ မင်းကွန်းတိုက်နယ် ဆေးရုံများကို မိမိအတွက် လာရောက် ယူဒါန်းသည့် စေတနာရှင်များအား သဘောပေါက်အောင် ဟော ပြော၍ ခေတ်သစ်အလှူအဖြစ် ဆောက်လုပ်လှူဒါန်း စေခဲ့သည်။ မင်းကွန်းရဲဌာနအတွက် အမှုထမ်း တန်းလျား၊ အမိုးအကာ၊ ရေကန်၊ လျှပ်စစ်မီးတို့ဖြင့် ကူညီပေးခဲ့ပါသည်၊ ပညာရေးနှင့်ပတ်သက်၍ မင်းကွန်း အလယ်တန်း ကျောင်းတွင် အုတ်နံရံကပ် နှစ်ထပ် ကျောင်းဆောင်၊ သောက်ရေကန်များ လှူဒါန်းခဲ့သည်။

ဆရာတော်၏ မွေးဖွားရာဇာတိ မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာကျောင်းအနီးတွင် ကျောက်တံတားများ၊ ကျောက်လမ်းများ၊ ချောင်းကူးတံတားများ ပြုလုပ်ပေးခဲ့သည်။ မလွန် ဆန်လှူ အသင်းကြီး အတွက် "သုံးထပ်တိုက်ညီမူရာ ခန်းမဆောင်ကြီး" တစ်ခု တည်ဆောက်နိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။

၁၃၂၃ ခုနှစ်က တိပိဋ္ဌက ဆရာကော်ဘုရားကြီးနှင့် ပါမောက္ခ ဝဏ္ဏကျော်ထင် အတူးကု ဆရာဝန်ကြီး ဦးသာလှကို့က ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးကို ဦးဗိုးပမာန နာယကချုပ် တင်လျက် မိုးမိတ် စေတီတော်များ ပြုပြင်စောင့်ရှောက်ရေး အဖွဲ့ကြီးကို ဖွဲ့စည်း၍ ပြန်လည် ပြုပြင်ခဲ့သည်။ ကို ကုန်းမြင့်ပင် ၁၃၄၀ ပြည့်နှစ်၊ ကဆုန်လမှ စ၍ တိပိဋ္ဌက နိကာယ သာသနာပြု အဖွဲ့ ဖွဲ့ကာ စတင် အကောင်အထည်



ပေါ်ကြသည်။ ၁၃၄၂ ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၄ ရက်နေ့တွင် ၅ သိန်းကျော် တန်ဖိုးရှိသော စာအုပ်များနှင့် ပိဋကတ်တိုက်ကို မင်းကွန်း တိပိဋကနိကာယဘိုက်ဆာတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပ ပွင့်လှစ်နိုင်ကာ၊ သာဒုနာဘာဇာနည်များကို ဖေးထုတ်ပေးခဲ့သည်၊ စာအုပ်ရှစ်ထုပ်၊ စာမျက်နှာပေါင်း ၅၅၁၆ ရှိ နိဒါန်းသာသနာ မဟာဝဂ္ဂဝဏ္ဏနာ ကျမ်းကြီးကိုလည်း ပြုစုထားသည်။

၁၃၄၁ ခုနှစ်၊ နယုန်လပြည့်နေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဆိပ်ခေတာ် ၁၉၀၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် သာသနာတော်၏ အမြင့်ဆုံး ဖြစ်သော အာဘိဓမ္မာဝရဉဉာဏ ဘဒ္ဒန္တဆိပ်ခေတာ်ကို ရရှိတော်မူသည်။



မြန်မာနိုင်ငံတွင် သံဃာတစ်သိန်းကျော်တို့၏ ကိုယ်စား သံဃ သမ္မုတိရ ၁၂၂၆ ပါး တက်ရောက်၍၊ ၎င်းထဲမှ ဗဟို သံဃာ့ဝန်ဆောင် ၂၉၉ ပါး ရွေးချယ်တွင် တိပိဋက ဆရာတော်ဘုရားကြီး ပါဝင်၍ ၎င်းအထဲမှ ဆရာတော် ၃၁ ပါး ပါဝင်သော နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ကို ဖွဲ့စည်း၊ တည်ထောင်ရာတွင် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အဖြစ် တည်တည်ကြီးကြီး ရွေးကောက် တင်မြှောက်ကြသည်။

ပထမအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ တတိယအကြိမ် အစည်းအဝေးက အာဏာပြုသော ပရိယတ္တိ ဒီပံကိန်းမူ ၄ ချက်ပါ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပရိယတ္တိပညာရေး တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းခဲ့ ဆောက်လုပ်ရေး၌ ထို တက္ကသိုလ်ကြီး နှစ်ဧလုံး ဆောက်လုပ်လှူဒါန်းရေး တာဝန်ကြီးကို ဦးဓမ္မဘဲပန်းထက်၌ ဓမ္မနာဒတိုက် တိပိဋက နိကာယ တိုက်ကြီးတို့၏ တာဝန်များ ရှိနေသည့် အကြားက မိမိ၏ အင်အားကို စိတ်ချယုံကြည်၍ ရဲရဲကြီး ဘာဝနယူ ထမ်းရွက်တော်မူသည်။

ယခုအခါ တိပိဋကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ဆိုလျှင် တစ်ပြည်လုံးသာမက တစ်ကမ္ဘာလုံး ကပင် သိရှိနေကြပြီ၊ အမျိုးဘာသာ သာသနာအကျိုး အတွက် ဆောင်ရွက်ဖို့ လူ့ပြည်လူ့ရွာ ရောက်ရှိလာသည့် သာသနာ့ အာဇာနည် ခေတ်သစ် အာနန္ဒာ မဟေရ၏ မြတ်ကြီးပါလားဟု ချီးကျူးပူဇော်မိပါသည်၊

အရှင် ဆေရဝံသ (ပုသိမ်)

တိပိဋကနိကာယသာသနာပြုအဖွဲ့

တတိယ သုံးနှစ်ခရိုး

၂ ဒုတိယကဏ္ဍ

တိပိဋကစရ ဓမ္မဘဏ္ဍာဂါရိက

ထုတ်ဖြာဟာ ဒုဗ္ဗိ

ဝဒ္ဓနာကထာများ

ဒုတိယကဏ္ဍ

ပရိတ်ကယား

၁။ ဆရာဝန်ကြီး ဦးသာလှ — သာသနာတော်အတွက်ဆောင်ရွက်ချက်များ ၂၄

၂။ စစ်ဂုံဦး ကြည်ညွှန့် — အောင်မြင်မဆုံး အောင်မေ့အုံး ၃၁

၃။ပခုက္ကူ။ အရှင်ကေလာသ — မြန်မာစာ ဩဝါဒါ စရိယအဖွဲ့ဥက္ကဋ္ဌ ၈၁

၄။ ဓမ္မဃောသက ဦးမောင်မောင် — ရယူလိုသောဆု ၈၅

၅။ ဦးအောင်သိမ်း — မမေ့နိုင် မပန်းနိုင် ၈၉

၆။ ဦးမောင်မောင်လေး — တိပိဋကဆရာတော် နှင့် သမိုင်းပေးတာဝန် ၉၃

၇။ ဇေယျာမောင် — ကြည်ညိုသဒ္ဓါဇီတိဖြာလျှက် ၁၀၂

၈။ ဦးကြင် — ရွှေပင်နားဧတဒဂ္ဂရွှေကျေး ၁၁၈

၉။ အရှင်ဓန္ဓာဝဓရ (ပဲကတိုး) — မဏိဇောဘာ ငြည်တန်မြသို့ ၁၀၂

၁၀။ ဆရာဝန် တင်ရွှေ — ထူးခြားသော အရည် အသွေးများ ၁၁၅

၁၁။ ဦးချမ်းသာ — ဇေယျာသီရိမင်္ဂလာရတုပိုဒ်စုံ ၁၂၁

၁၂။ မင်းယုဝေ — တိပိဋကဓရ ဆရာတော် ၁၂၃

၁၃။ ကိုလေး (အင်းဝဂုဏ်ရည်) — မဟာ ထေရပူဇော ၁၂၅

၁၄။ ဦးကိုကို — ကမ္မာအနှံမှ ဒါယကာ ဒါယိကာမများ ၁၂၇

၁၅။ တက္ကသိုလ် မောင်စောလွင် — ပညာ သဘာ အာဘာ နတ္ထိ ၁၃၃

၁၆။ မြဝင်း (ဒဿန) — အနီးကပ်ဖူးမြော်ရခြင်း ၁၃၇

၁၇ ခင်မောင်ညို — ဟေးငပြာ ရေးသားတော် မူတာဘွဲ့ထဲက ၁၄၁

၁၈။ ဦးနေဝင်း — ပရိယတ္တိသာသနာ့ဂုဏ်ဆောင် ၁၄၈



ကျွန်တော်တို့၊ လူနေမှု ကျန်းမာရေးတိုက်ကြီးပြို့ သဒ္ဓမ္မ ဧရာတိကာရုံ ကျောင်းတိုက်ပေါ်တွင် ပင်ပန်းနွမ်းနယ်
လှုပ်ပြိုဖြစ်သော တိပိဋကဓရ ဆရာတော်ဘုရားကြီး အား ဖူး မြင်ရပုံ။



မင်းကွန်းတိုင်ရာဒေသရှေးဟောင်းအုတ်ဂူ သာသနာတော်အတွက်

ဆောင်ရွက်ချက်များအကျဉ်းချုပ်

တည်ထောက်ထင်...အာထူးကုဆရာဝန်ကြီး.....

ဦးသာလွန်

ဆရာတော် ဘုရားကြီးသည် တိုင်းပြည်အတွက်၊ လူမျိုးအတွက် ဘာသာအတွက်၊ သာသနာတော်အတွက် ဆောင်ရွက်တော်မူရာတွင်၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အများအကျိုးအတွက် အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိတော်မူရာ ယနေ့အထိပင် ဖြစ်ပါသည်။

သာသနာတော်အတွက် ဆောင်ရွက်တော်မူရာတွင် အထူးဝိသေသဖော်ပြရန်မှာ ရှေ့ပိုင်းသုံးသွယ်နောက်ပိုင်း သုံးသွယ်ရှိသည်ဟု သတ်မှတ်၍ သာသနာပြုလုပ်ငန်းရပ်ကြီးများဟု ခေါ်တွင်ရမည် ဖြစ်ပါသည်။

ရှေ့ပိုင်း သာသနာပြုလုပ်ငန်း သုံးသွယ်မှာ ၁-တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ရရှိအောင် ဆောင်ရွက်တော်မူခြင်း ဖြစ်ပါသည်။ထိုဘွဲ့တံဆိပ်တော်ရရှိတော်မူရန် ဆောင်ရွက်တော်မူခြင်းကို အဘယ့်ကြောင့် သာသနာပြုလုပ်ငန်းတစ်ရပ် ဖြစ်သည်ကို တင်ပြရပါသော်၊ မြန် မာနိုင်ငံမှ ထေရဝါဒ ငါးနိုင်ငံဖြစ်သော မြန်မာ၊ သီဟိုဠ်(သီရိလင်္ကာ)၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လော ဟူသော ထေရဝါဒ ငါးနိုင်ငံကို ကိုယ်စားပြု၍ ဆဋ္ဌသံဂါယနာတင်ရန် စီစဉ်ခဲ့ပါသည်။

ထိုသို့စီစဉ်ရာတွင် အထူးအားဖြင့် သီဟိုဠ်နိုင်ငံမှ မြန်မာနိုင်ငံက ကိုယ်စားပြု၍ သံဂါယနာတင်မည် ဆိုပါက ပိဋကတ်သုံးပုံ အာဂုံဆောင်သော အရှင်မြတ် ရှိပါသလား၊ သံဂါယနာတင်ပွဲတွင် မေးသမျှဖြေဆို နိုင်မည့် အရှင်မြတ် ရှိပါသလားဟူသော အချက်နှစ်ချက် ထုတ်ဖော်ခဲ့ပါသည်။

ထိုအချက်နှစ်ချက်ကို အခြေခံ၍ ထိုစဉ်က နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က ဦးစီး၍ တိပိဋကဓရ စာမေးပွဲများ ကျင်းပရာတွင် နှစ်နှစ်တိတိပေါက်ရန်း ရန် အလားအလာမရှိသဖြင့် ဆရာတော်ဘုရားကြီးက သာသနာပြုရန်ဆုံးဖြတ်၍ တိပိဋကဓရ စာမေးပွဲကို ၁၃၁၂ ခုနှစ်မှ စတင်၍ ဝင်ရောက်ဖြေဆိုခဲ့ရာ ပိဋကတ်သုံးပုံကို အာဂုံရော ရေးဖြေပါ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူ၍ ဝိသိဋ္ဌနှင့်မဟာအထွတ်တပ်၍ မဟာတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ရရှိပြီး သာသနာပြုပါသည်။

၂။ ဆက်လက်၍ သာသနာ ပြုတော်မူသည်မှာ ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင် ဆင်ယင်ကျင်းပရာတွင် ထေရဝါဒဒေါနိုင်ငံမှ သံဃရာဇာ မဟာထေရ်ကြီးများနှင့် ရဟန်းရှင်လူ အများတို့၏ ရှေ့တော်မှောက်တွင် ပိဋကတ်ဆိုင်ရာ ကျမ်းစာအထွေထွေတို့ကို မေးသမျှ စာအုပ် စာရွက် မပါ အလွတ် ဖြေဆိုတော်မူခဲ့ပါသည်။

ဤသို့ ဖြေတော် မူရာ၌ နောက်ကြောင်း သံဂါယနာတင် သမိုင်းကို ပြန်ပြောင်း လေ့လာကြည့်ပါက ပထမသံဂါယနာတင်စဉ်က အရှင်မဟာကဿပမထေရ်ကြီး မေးမြန်းတော်မူသည်ကို ရဟန္တာများဖြစ်ကြသည့် အရှင်ဥပါလိက ဝိနည်း၊ အရှင်အာနန္ဒာက သုတ္တန်နှင့် အဘိဓမ္မာ ကျမ်းစာများကို ဖြေကြားတော်မူသည့်နေရာတွင် ဆဋ္ဌသံဂါယနာတင်ပွဲတွင် ဆရာတော်ဘုရားကြီး တစ်ပါးတည်း သာ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်သုံးပုံကို ဖြေကြားတော်မူ၍ ဒုတိယသာသနာပြု လုပ်ငန်းရပ်ကြီးကို ဆောင်ရွက်တော်မူပါသည်။

၃။ ဆရာတော်ဘုရားကြီး၏ ဟတိယ သာသနာပြု လုပ်ငန်းဟု ခေါ်ဆိုရမည့်အချက်မှာ မဟာဗုဒ္ဓဝင်ကျမ်းကြီးခြောက်တွဲ၊ ရှစ်အုပ်ကို ဦးစီးရေးသားတော်မူခြင်းပင် ဖြစ်ပါသည်။ ထိုမဟာဗုဒ္ဓဝင်ကျမ်းကြီးမှာ ပဌမသံဂါယနာတင် မင်းတုန်းမင်းကြီး လက်ထက်က ပင် စီစဉ်ရေးသားရန် ဆောင်ရွက်ခဲ့သော်လည်း၊ ပုဂ္ဂိုလ်တစ်ဦးကရေးလိုက် ပုဂ္ဂိုလ်တစ်ဦးက ဆောက်ပြလိုက်နှင့် မဆောင်မမြင် ဖြစ်ခဲ့ရာတွင် ဆရာတော်ဘုရားကြီး ရေးသားပြုစုသောအခါတွင်မှ ပြီးပြည့်စုံ၍ ပြီးမြောက်အောင်မြင်ပြီးလျှင် ယနေ့ပရိယတ္တိ စာသင်တိုက်များတွင် အသုံးပြုရသော ပိဋကတ်ကျမ်းစာအုပ်များအဖြစ် တည်ရှိလျက်ရှိပါသည်။

ဤနေရာတွင် တစ်ချို့နှာ မြန်မာနိုင်ငံရှိ သံဃဂိုဏ်းကြီးများအနက် ဒွါရဂိုဏ်း၊ သာသနာပိုင်၊ ဟသ်္တာတမြို့ ရေတံခွန်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူချက်ကို ဝင်ပြလိုပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကို ရဟန်းရှင်လူအားလုံး ကြည်ညိုကြရာတွင် ရဟန်းများ ကြည်ညိုကြသည့် အကြောင်းရင်းမှာ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို လိုလေသေးမရှိပြီးပြည့်စုံအောင် ရေးသားတော်မူ၍ ဖြစ်ကြောင်းနှင့်ထိုကျမ်းစာအုပ်ကြီး ရှစ်အုပ်မှာ စာမျက်နှာပေါင်း ခြောက်ထောင်ကျော်ရှိပြီး၊ ဥပသကာ၊ ဥပသကီ အများပြည်သူတို့ကြည်ညိုကြခြင်းမှာစာမျက်နှာ ခုနစ်ထောင်ကျော်ရှိသော ပိဋကတ်သုံးပုံ ကျမ်းရင်းများကိုအာဂုံဆောင်နိုင်ပြီးအဋ္ဌကထာ၊ ဋီကာ၊နိဿယ အစုံရှိသည့် ကျမ်းကြီးများကိုလည်း ထုံးလိုမွှေရလိုနှောက်နိုင်သဖြင့် ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူ၍ ကြည်ညိုကြခြင်းတို့ကို ခွဲခြား၍ မိန့်ကြားမျိုးကျူးတော်မူခဲ့ပါသည်။

ဆရာဝန်ကြီး ဦးသာလှသည် ဘဝကံကောင်းထောက်မသဖြင့်ဖော်ပြရာပါ ရှေ့ပိုင်းသာသနာပြုလုပ်ငန်းကြီး ဆုံးသွယ်ဟု သတ်မှတ်သည့် သာသနာတော်အတွက် ဆောင်ရွက်ရာတွင် ဆရာတော်ဘုရားကြီး၏ အနီးသို့ခရာက်ရှိပြီး ကြည်ညိုပူဇော်ခွင့် ရရှိခဲ့ပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရရှိမည့်နှစ်ဝင့် အာဂုံပြန် ရေးဖြရာတွင် အနီးကပ်၍ ပူဇော်ခဲ့ရပြီး ရေးဖြစာမေးပွဲနှင့် မြန်မာလက်နှိပ်စက်ဖြင့် ခရေးခဖြနေသည်ကို ဖူးမြော်ရ၍ အံ့ဩကြည်နူးခဲ့ပါသည်။ ၁၃၁၅ ခု၊ တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် ဆရာတော်ဘုရားကြီးသည် မဟာတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရရှိပြီး ဆရာဝန်ကြီး ဦးသာလှသည်လည်း ထိုနှစ် တပေါင်းလတွင် အမ်ဘီဘီအက်စ် ဘွဲ့ရရှိပြီး ဆရာဝန် ဖြစ်လာပါသည်။

ဆက်လက်၍ ဆဋ္ဌသံဂါယနာတင်ပွဲ ကျင်းပရာတွင် ဆရာဝန်တစ်ဦးလိုအပ်၍ သာသနာ့ရေးဌာနက တောင်းခံလာရာ ဆရာဝန် ၁၆ ဦးအနက်မှ ပဲန္နီက်ရာတွင် ဆရာဝန်ကြီးဦးသာလှ ပဲပေါက်၍ သံဂါယနာတင်ပွဲတွင် ဦးစွာပထမ တာဝန်ခံ ဆရာဝန်အဖြစ် ဆောင်ရွက်ခဲ့ရသောကြောင့် ဆရာတော်ဘုရားကြီးကို အနီးကပ်ကြည်ညိုပူဇော်ခွင့် ရရှိပြီးလျှင် သံဂါယနာတင်ပွဲကိုပါ အားပါးတရ ပူဇော်ကြည်ညိုခွင့် ရရှိခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်နေရာမှ နိုင်ငံခြား ပညာသင်ရွေးချယ်ခံရပြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပညာတော်သင်အဖြစ် သွားရောက်သင်ကြား၍ ဘွဲ့လွန်ဒီဂရီ ရရှိပြီး ပြန်လာသောအခါ၊ အဋ္ဌကထာ သံဂါယနာတင်ပွဲသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

၁၉၅၆-ခုနှစ်တွင် ဆရာဝန်ကြီး ဦးသာလှအား မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ တာဝန်ချထားပြီး လပိုင်းမှအကြာတွင် ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးကို ကြည့်ရှုစောင့်ရှောက်ရန် ပူးတွဲတာဝန်ပေးပါသည်။ ထိုသို့ ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးကို ကြည့်ရှုရင်း မင်းကွန်းဘက်ကမ်းရိုး၊ ရဟန်းရှင်လူ၊ သီလရှင်များသာမက၊ လူအိုရုံမှ ဘိုးဘွားများကိုပါ ကုသိုလ်ဖြစ် ကျန်းမာရေး စောင့်ရှောက်ကြည့်ရှုပါသည်။

ထိုအချိန်တွင် ဆရာတော်ဘုရားကြီးသည် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစုနေဆဲအချိန် ဖြစ်ပါသဖြင့် ဆရာတော်ဘုရားကြီးရေးပြီးသော ကျမ်းစာများကို သိရှိမက်လာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ဗုဒ္ဓသာသနပဲ့နှိပ်တိုက်သို့ ပို့၍ ပဲ့နှိပ်တိုက်မှ ပဲ့နှိပ်ပြီးစာများကို ပရုဖ်ဖတ်ရန်၊ သုတ်သင်ရန် ဆရာတော်ဘုရားကြီးထံသို့ ပို့ဆောင်ဆက်ကပ်ခြင်း စသည့် စာပို့စာယူ အလုပ်ကို ကူညီပြုလုပ်ဆောင်ရွက်၍ ကုသိုလ်ထူးကို ရယူပါသည်။

မဟာဗုဒ္ဓဝင်ကျမ်းကြီး ခြောက်တွဲ ရှစ်အုပ်သည် ၁၃၇၁-ခု ပထမဝါဆိုလပြည့်ကျော် ၁၃ ရက် ၈နေ့နေ့တွင်မှ ပြီးစီးပါသည်။ ဤကဲ့သို့ ဆောင်ရွက်နေဆဲကာလတွင် ယခု ဆရာတော်ဘုရားကြီး သာသနာပြုနေသည်မှာ တစ်ဦးတည်း ဆောင်ရွက်နေတော်မူခြင်းဖြစ်သည်။ မိမိသည် ဘဝကံကောင်း၍ ပါရမီဖြည့်ပြီး ပူဇော်ခွင့်ရရှိခဲ့သည်။

နောက်နောင် ဆရာတော်ဘုရားကြီး သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လာသောအခါ၊ အများပြည်သူတို့ပါဝင်၍ ဆောင်ရွက်ပြီး ကုသိုလ်ထူးကို ရရှိနိုင်ရန် စွမ်းဆောင်မည်ဟု သံန့်ဝဉာန်ချခဲ့ပါသည်။

ကံအားလျော်စွာ ဆရာတော်ဘုရားကြီး၏ ယနေ့ဆောင်ရွက်တော်မူနေဆဲဖြစ်သော ဒုတိယပိုင်း သာသနာပြုလုပ်ငန်းကြီး သုံးသွယ်ပေါ်ထွန်း၍ လာပါသည်။

ထိုဒုတိယပိုင်း သာသနာပြုလုပ်ကြီးသုံးသွယ်မှ ပထမသာသနာပြုလုပ်ငန်းမှာ "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရ" အရှင်မြတ်များပေါ်ထွန်းရေးပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ဤဒုတိယပိုင်း ပထမသာသနာပြုလုပ်ငန်းကြီးကို ဆောင်ရွက်တော်မူလိုသည်မှာ ကြာမြင့်လှပြီဖြစ်သော်လည်း အချိန်အခါကို စောင့်တော်မူ၍ ၁၃၄၀ ပြည့်နှစ်တွင် မိမိတိပိဋကဓရဘွဲ့တံဆိပ်တော်ရရှိခဲ့သည်မှ ၂၄ နှစ်ပြည့်၍ ၂၅ နှစ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်၍၊ မိမိ တိပိဋကဓရဆွမ်းဆန်တော်လစာငွေ ၃၁၀/-ကို သာသနာပြုအဖွဲ့တစ်ခုဖွဲ့၍ လွှဲအပ်ပြီး၊ ထိုလစာငွေများကို လစဉ်ထုတ်ယူ 'မ'တည်ပြီး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်များ မိမိကဲ့သို့ ပေါ်ထွန်းလာအောင် ဆောင်ရွက်ရန် စီစဉ်တော်မူပါသည်။

၁၃၄၀ ပြည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် တိပိဋက = နိကာယ သာသနာပြုအဖွဲ့ကြီးကိုဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် ဆရာဝန်ကြီး ဦးသာလှကိုထားရှိကာ၊ မန္တလေးဌာနခွဲ၊ စစ်ကိုင်းဌာနခွဲ၊ ရန်ကုန်ဌာနခွဲ ဟူ၍ ဌာနခွဲကြီး သုံးခုသတ်မှတ်ပြီး၊ မြို့နယ်ရပ်ကွက် ကျေးရွာ တိပိဋက-နိကာယ သာသနာပြုအကျိုးတော်ဆောင်များအဖွဲ့ကို မလွန်ဆန်လှသင်းထောက်များအား အခြေခံ၍ ဖွဲ့စည်းဆောင်ရွက်စေတော် မူပါသည်။

အဘယ့်ကြောင့် မလွန်ဆန့်လှသင်းထောက်များကို အခြေခံ၍ ဖွဲ့စည်းရသည်ကို တင်ပြရပါသော် မန္တလေးမြို့မလွန်ဆန့်လှအသင်းကြီးက စစ်ကိုင်း ဟောင်ရိုး၊ မင်းဝန်တောင်ရိုး၊ မင်းကွန်းတောင်ရိုးတွင် သီတင်သုံးနေထိုင်တော်မူကြသော ရဟန်းသာမဏော၊ သီလရှင်၊ လူသူဘော်တို့ကို နှစ်စဉ်ဆွမ်းဆန်ဘော် လှူဒါန်းလျက်ရှိရာ၊ တဖြည်းဖြည်း လှူဒါန်းသည့်အင်အား နည်းပါးလာသည်ကို တွေ့မြင်ရသဖြင့်၊ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မြို့နယ်ကျေးရွာများအထိ ကြွတော်မူပြီး၊ ဆန်လှူသင်းထောက်များကို ဖွဲ့စည်း၍ ဆန်လှူအသင်းကြီးကို ပြန်လည်၍ အသက်သွင်းပေးသည့်ပမာ ဆောင်ရွက်တော်မူပါသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဖွဲ့စည်းပေးတော်မူသော ဆန်လှူသင်းထောက်များကို အခြေခံ၍၊ တိ = နိသာသနာပြု အကျိုးတော်ဆောင်များအဖွဲ့ကို ဖွဲ့စည်းစေပါသည်။

တိပိဋကဓရ = နိကာယ သာသနာပြုအဖွဲ့သည် ဆရာတော်ဘုရားကြီးနှင့် ဆရာဝန်ကြီး ဦးသံလှတို့ ပြုပြင်မွန်းမံတည်ဆောက်ထားသော မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေတွင် တိပိဋက-နိကာယကျောင်းတိုက်ကြီးကို စတင်ဖွင့်လှစ်ပြီး ဆောင်ရွက်ခဲ့ရာ၊ ယခုအခါတွင် ဆယ် နှစ် အ ခြို့ ကာ လ သို့ ရောက်ရှိလာပါပြီ၊ ထိုဆယ်နှစ်အတွင်း ပိဋကတ်နှစ်ပုံခွဲဆောင် တစ်ပါးနှင့်တစ်ပုံ၊ တစ်ပုံခွဲဆောင် ၁၇ ပါး မျ ပေါ်ထွန်း၍ လာခဲ့ပါပြီ။

ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်နှင့်လည်း ပြည့်၍ လာသည့် အားလျော်စွာ မလွန်ဆန်လှူအသင်းက စားစရာဆွမ်းဆန်ကို လှူဒါန်းသကဲ့သို့၊ တိပိဋက = နိကာယ သာသနာပြုအဖွဲ့ကရဟန်း၊ သာမဏေများကို သက်နှံးတစ်စုံကျနှင့် သီလရှင်များအတွက် ဝတ်စုံဘစ်စုံလှူဒါန်းလာခဲ့ရာ၊ ယခုအခါ ၂၇ နှစ် အခြို့ကာလသို့ပင် ရောက်ရှိလာခဲ့ပါပြီ။

ဆရာတော်ဘုရားကြီး၏ ဒုတိယပိုင်း ဒုတိယသာသနာပြုလုပ်ငန်းဟု ခေါ်ဆိုရမည့်အချက်မှာ ပြည်တွင်းပြည်ပ သာသနာပြုကြမည့် သံဃာတော်အရှင်မြတ်များ ပေါ်ထွန်းရေးအတွက် မန္တလေးမြို့နှင့် ရန်ကုန်မြို့တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ ဆောက်လုပ်ဖွင့်လှစ်ရေးပင် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံအပေါင်းရှိ သံဃ ဂိုဏ်းကြီး ၉ ဂိုဏ်းမှ ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများထံသို့ ဂိုဏ်းပေါင်းစုံ စုပေါင်း၍ သာသနာတော်ကြီး အမွန်ရှည်စွာ ထွန်းကားလာနိုင်ရန် သာသနာတော်သန့်ရှင်း တည်တန့် ပြန့်ပွားရေးအတွက် စုပေါင်းညီညာဆောင်ရွက်ပေးတော်မူပါရန် လျှောက်ထားခဲ့ပါသည်။

ထိုလျှောက်ထားချက်အရ ဂိုဏ်းကြီး ၉ ဂိုဏ်းမှ ဆရာတော်ဘုရားကြီးများ စုပေါင်းဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်ကြရာတွင် နေ့စဉ်ဆောင်ရွက်ရန် ဖြစ်သော သာသနာရေးကိစ္စများ၊ ပရိယတ္တိပညာရေးရာကိစ္စများနှင့် ဝိနိစ္ဆယရေးရာကိစ္စများကို ဆောင်ရွက်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး ပေါ်ပေါက်လာခဲ့ပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးအား အကျိုးတော် ဆောင် ချုပ် အ ဖြစ် တင်မြှောက်ပြီး ဆောင်ရွက်ကြရာတွင် ပရိယတ္တိပညာရေး မူကြိုးများ ချမှတ်ရာ၌ မူတစ်ရပ်ဖြစ်သော ပြည်တွင်းပြည်ပ သာသနာပြုနိုင်ရန်၊ ပိဋကတ်သုံးပုံကို ဘာသာငါးမျိုးဖြင့် သင်ကြားပို့ချပေးနိုင်မည့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက်သိုလ်ကြီး နှစ်ခု မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ဆောက်လုပ်ဖွင့်လှစ်ရန် ဆုံးဖြတ်ကြပါသည်။

၁၃၄၄- ခုနှစ်တွင် ဦးစွာပဲထမ မန္တလေးမြို့သည် သံဃာ့မြို့ဖြစ်သည့် အားလျော်စွာ မန္တလေးမြို့၌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး ဆောက်လုပ်လှူဒါန်းပါရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးအား လျှောက်ထား၍ မေတ္တာရပ်ခံပြီး တာဝန်ပေးအပ်ပါသည်။

ဆရာတော်ဘုရားကြီးက မိမိကိုယ်တိုင် ဦးဆောင် ပဓာန နာယကဆရာတော်ကြီးအဖြစ် ဆောင်ရွက်လျက်ရှိသော တိပိဋက = နိကာယ သာသနာပြုအဖွဲ့အား ထပ်ဆင့် တာဝန်ပေးပြီး၊ "မန္တလေးမြို့နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့" ကို ဆရာဝန်ကြီး ဦးသာလှအား ဥက္ကဋ္ဌအဖြစ်ထားရှိပြီး ဆောက်ရွက်စေပါသည်။

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့သည် အလှူရှင် စေတနာရှင်များ ပေါ်ပေါက်အောင် ဆောင်ရွက်ပြီး ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း သာသနာ့မြေ ဖြစ်ပြီးဖြစ်သော မြေနေရာကို ရှာဖွေကြရာ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရွေးချယ် သတ်မှတ်ပေးသော၊ သီပေါမင်း၏ မယ်တော်လောင်းရှည် မိဖုရားကြီးဆောက်လုပ်ပြီး ဆက်လက်၍ အပြီးသတ် ဆောက်လုပ်လှူဒါန်းသည့် စုဖုရားလတ်၏ ကောင်းမှုတော် မဟာဝိဇယာပုည မှန်ကျောင်းတိုက်မြေနေရာကို ရယူခဲ့ပါသည်။

အလှူရှင် အသီးသီး ပေါ်ပေါက်လာပြီး ဆောက်လုပ်ကြရာတွင် တစ်နှစ်အတွင်း၌ပင် လိုအပ်သော သာသနိက အဆောက်အဦးများ၏ သုံးပုံတစ်ပုံခန့် အလှူရှင်ပေါ်လာ၍ ဆောက်လုပ်ရာတွင် အောင်မြင်မှုရရှိခဲ့ပါသည်။

ထိုအောင်မြင်မှုကို တွေ့မြင်တော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က မင်းကွန်းတိပိဋကဓရ

ဆရာဘော်ဘုရားကြီးအား ဦးဆောင်ထား၍၊ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ကို ဆရာဝန်ကြီး ဦးသာလှကိုပင် ဥက္ကဋ္ဌအဖြစ်ထား၍ရှိပြီး ဆောင်ရွက်ရန် စီစဉ်ပေးတော်မူကြပါသည်။

ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ် လှူဒါန်းရေးအဖွဲ့သည် ပထမဦးစွာ မြေနေရာကို ရှာဖွေကြရာတွင် သာသနာ့မြေ မဖြစ်သေးသော လှူဒါန်းသည့်မြေအား စေတနာ ဒါနသာအလှူခံပြီး၊ ဂိုဏ်းဘုန်းကြီးများ ပြုလုပ်စီမံထားခဲ့သော ကျောင်းတိုက်နေရာများကိုလည်း သန့်ရှင်းမှုရှိမည်ဟု မယူဆ၍ ခေတ်မှီစံပြ ကမ္ဘာ့စံချိန်မှီ သာသနာ့တက္ကသိုလ်ကြီး ဆောက်လုပ်ရန်အတွက် အဖက်ဖက်ရှုထောင့်အမျိုးမျိုးမှ ဝေဖန် သုံးသပ် စဉ်စားကြရာတွင် သိရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသာလျှင် အသင့်တော်ဆုံးဖြစ်သည်ကို တွေ့မြင်ကြသဖြင့် ဒုတိယဝန်ကြီး ဦးကြည်ညွှန့်နှင့် ညှိနှိုင်းပြီး သိရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေတွင် မြေနေရာ သီးခြား သတ်မှတ်၍ သာသနာ့တက္ကသိုလ်ကြီး ဆောက်လုပ်ရန် စီစဉ်ကြပါသည်။

သတ်မှတ်ထားရှိသော မြေနေရာ အနေအထားနှင့် တကွ ပါရှိလာသော အဆောက်အဦးများနှင့် ဆင့်သဲဂါယနာတင် စဉ်ကမှ်ပြီး ဖြစ်သော၊ ကပ်လျက်ရှိ အဆောက်အဦးများ၏ အနေအထားတို့ကို လေ့လာသုံးသပ်ပြီး သာသနာ့တက္ကသိုလ်ကြီး ဆောက်လုပ်ရာတွင် ဖော်ပြပါမူများကို ချမှတ်ကြပါသည်။

(၁) သတ်မှတ်သော မြေနေရာတွင် သာသနာ ၂၅၀၀ အထိမ်းအမှတ်အဖြစ် ထေရဝါဒငါးနိုင်ငံမှ မဟာထေရ်ကြီးပေါင်း အပါး ၂၅၀၀ တို့ သိမ်သမုတ်ပြီး ဆောက်လုပ်ထားသော မဟာသိမ်တော်ကြီးကို ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း ကျောင်းတိုက်များ တည်ဆောက်ရာတွင် သာသနာ့အုတ်မြစ်ဖြင့်သော သိမ်ကို အလျင်ဦးစွာ ဆောက်လုပ်ရန်ဖြင့်ပါသည်။

(၂) နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ဘုရားကြီးများ သီတင်းသုံး နေထိုင်တော်မူရာနှင့် ရုံးတော်အဖြစ် သတ်မှတ်ထားရှိသော ဇမ္ဗုဒီပကျောင်းဆောင်နှင့် သာသနာ့တက္ကသိုလ်ကြားရှိ မြေနေရာကို ဗုဒ္ဓမြတ်စွာလက်ထက် တော်က ကျောင်းတော်ကြီးများ ဆောက်လုပ်ရာတွင် ဥယျာဉ်တော်ကြီးများပါ ပါရှိခဲ့သည်ဟု ထင်ရှား အရ မဟာဥယျာဉ်တော်ကြီးတစ်ခုဖြစ်မြောက်အောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။

(၃) သိရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ အဆောက်အဦးများသည် ဆင့်သဲဂါယနာသမိုင်းကို ဖော်ပြပြီး သုံးထပ်တိုက်များဖြစ်ပါသဖြင့် ယခု ဆောက်လုပ်မည့် အဆောက်အဦးများသည် နိုင်ငံတော် သံဃမဟာနာယက သမိုင်းကို ဖော်ပြ၍ လိုက်လျောညီထွေဖြစ်အောင် သုံးသပ်တိုက်များ ဆောက်လုပ်ရန် ဖြစ်ပါသည်။

(၄) သာသနာ့ တက္ကသိုလ်ကြီး ဆောက်လုပ်ရာတွင် လိုအပ်မည့် သာသနိုက အဆောက်အဦးများကို တွက်ချက် စီစဉ်ပြီးနောက်–

(က) ဘွဲ့နှင်းရန် ဘွဲ့နှင်း ဓမ္မာရုံကြီးမှာ မန္တလေးမြို့နိုင်ငံတော်ပရိယတ္တိ သာသနာ့ ဘက္ကသိုလ် အတွက်သာလျှင် လိုအပ်ပြီး၊ ရန်ကုန်မြို့တွင် ဆင့်သဲဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးရှိနေပြီးဖြစ်၍ ဆောက်လုပ်ရန် မလိုအပ်တော့ကြောင်း ဆုံးဖြတ်ကြပါသည်။

(ခ) ထို့အပြင် ပိဋကတ်တိုက်နှင့် ဆေးရုံလည်း အနီး ကပ်တည်ရှိနေသဖြင့် ဆောက်လုပ်ရန် မလိုအပ်ကြောင်း ဆုံးဖြတ်ကြပါသည်။

သို့ပါ၍ သာသနာ့တက္ကသိုလ်ကြီးတွင် စိမံချက်ချမှတ်ရာ၌ ကြီးလေးကြီး စိမံချက်ဟု ခေါ်တွင်ရမည့် ၁-သိမ်တော်ကြီး၊ ၂-တက္ကသိုလ်ကြီး၊ ၃-မဟာဘေးမဲကင်းတော်ကြီး၊ ၄-မဟာဥယျာဉ်တော်ကြီးတို့ ဖြစ်ပေါ်လာစေခဲ့ပါသည်။

မဟာသိမ်တော်ကြီးကို ပြုပြင်မွမ်းမံဆောက်လုပ်ရန် စီစဉ်ရာတွင် လက်ရာကိုကြည့်ရှုလေ့လာရာ၌ ပျ။ခေတ် လက်ရာဖြင့် စိမံဆောက်လုပ်ခဲ့သည်ဟု မှန်းဆရသဖြင့်

ပိုမိုပီပြင်စေရန် ၂၂-နေရာ၌ပျူခေတ်ဟန် လုက်ရာများ ဖြည့်တင်းမွန်းမံပြင်ဆင်ပြီး သုံးထပ်ထီးတော်ကို တင်လျက် မဟာသိမ်တော်ကြီးကို ဦးစွာပထမဆောက်လုပ်ခဲ့ပါသည်။သိမ်တော်ကြီး ပြီးသောအခါနာယကချုပ်နှင့် နာယက ဆရာတော်များ (အုပ်ချုပ်ရေးနှင့် သင်ကြားရေးဘက်ဆိုင်ရာ ဆရာတော်များ)သီတင်းသုံးကျောင်းဆောင် သုံးထပ်တိုက်သုံးလုံး ဆောက်လုပ်ရန် စီစဉ်ရာတွင် ကျပ်ငွေ သိန်းခြောက်ဆယ်ကျော်မျှ သုံးစွဲရမည်ကို တွက်ချက်ရရှိကြောင်း အကြောင်းကြား၍ သတင်းဖြန့်ချိလိုက်သည်နှင့် တပြိုင်နက် လူဒါန်းကြသူများ ပေါ်ပေါက်လာပြီး ပြည့်စုံသလောက် ဖြစ်လာပါသည်။

ဆက်လက်၍ စာသင်မဟာဌာန သုံးထပ်တိုက် သုံးလုံးနှင့် မုခ်ဦးဆောင်များ ဆောက်လုပ်ရန် ကျန်ငွေ သိန်းခုနစ်ဆယ်ကျော်မျှ သုံးစွဲရမည် ဖြစ်ကြောင်း သတင်း ဖြန့်ချိလိုက်ရာတွင်လည်း လူဒါန်းကြသူများ ပေါ်ပေါက်လာခဲ့ပါသည်။

သို့ပါ၍ စာသင်သံဃာများ သီတင်းသုံး ကျောင်းဆောင်များ ဆောက်လုပ်ရန်အတွက် စီစဉ်ကြရာဝယ် ဆရာတော် ဘုရားကြီးအား အများဆုံး စာသင်သံဃာမည်မျှ လက်ခံထားရှိရန် အစီအစဉ် ရှိပါသလဲဟု လျှောက်ထားရာတွင်၊ သာသနာ့တက္ကသိုလ်ကြီးများမှာ နှစ်ခုသာဖွင့်လှစ်ရမည်ဖြစ်ပြီးအထက်မြန်မာပြည်အတွက် မန္တလေးမြို့တွင် သာသနာ့ဘက္ကသိုလ်တစ်ခု၊ အောက်မြန်မာပြည်အတွက် ရန်ကုန်မြို့တွင် သာသနာ့တက္ကသိုလ်တစ်ခု ဆောက်လုပ်ဖွင့်လှစ်ပြီး၊ တက္ကသိုလ်တစ်ခုလျှင် သံဃာအပါး ငါးရာ လက်ခံထားရှိရန် စီစဉ်ချက် ရှိကြောင်းကို မိန့်ကြားတော်မူပါသည်။

သံဃာအပါး ငါးရာဆန့် သုံးထပ်တိုက်ကျောင်း မည်မျှဆောက်ရမည်ကို တွက်ချက်၍ မြေနေရာနှင့်လျာထားကြည့်ရာတွင် သုံးထပ်တိုက် ၁၄ လုံး ဆောက်လုပ်ရန် ဖြစ်ပေါ်လာသဖြင့်၊ ဆရာတော်ဘုရားကြီး၏ ဩဝါဒမူ တစ်ချက်ဖြစ်သော သံဃမဟာ နာယက သမိုင်းကို မှတ်တိုင်အဖြစ် ထားရှိစေရန်၊ ပြည်နယ်နှင့်တိုင်း ၁၄ ခုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုဖြစ်သည့်အားလျော်စွာ ပြည်နယ်နှင့်တိုင်း အမည်များဖြင့် ခေါ်ဝေါ်သတ်မှတ်၍ ဆောက်လုပ်ကြရန် စီစဉ်ပါကြောင်းကို ဆရာတော်ဘုရားကြီးအား လျှောက်ထားကြပါသည်။

ဆရာတော်ဘုရားကြီးက သာသနာ့တက္ကသိုလ်များဖြစ်သည့်အားလျော်စွာ အဆောင်များ၏အမည်နောက်တွင် ဝိဇ္ဇာလယဟူသော ပါဠိစကား ထည့်သွင်းခေါ်ဝေါ်စေရန် မိန့်ကြားတော် မူပါသည်။ ဆရာတော်ဘုရားကြီး၏ အမိန့်တော်အရ ကချင်ပြည်နယ်ဝိဇ္ဇာလယ ကျောင်းဆောင်၊ မန္တလေးတိုင်းဝိဇ္ဇာလယ ကျောင်းဆောင် စသည်ဖြင့် အခေါ်အဝေါ်များ ဖြစ်ပေါ်လာခဲ့ပါသည်။

ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်တွင် ပင်မအဆောက်အဦးပေါင်း ၅၀ ကျော်မျှဆောက်လုပ်ရန်ဖြစ်ပြီး၊ အရံအဆောက်အဦးများ အပါအဝင် အဆောက်အဦးပေါင်း ၇၀ကျော်မျှရှိမည်ဖြစ်ပါသည်။ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ပင်မအဆောက်အဦးပေါင်း ၇၀ ကျော်ခန့်ရှိ၍ အရံအဆောက်အဦးများ ပါဝင်ပါက ၈၀ ကျော်ခန့် ရှိလာမည် ဖြစ်ပါသည်။

ဝိဇ္ဇာလယစာသင်သံဃာ သီတင်းသုံးဆောင် သုံးထပ်တိုက်ကျောင်း ရန်ကုန်မြို့တွင် ၁၄ ဆောင် ရှိပြီး၊ မန္တလေးမြို့တွင် မြေညံ့ပါသဖြင့် နှစ်ထပ်သာလျှင် ဆောက်လုပ်ရန် သင့်တော်သောကြောင့် ဝိဇ္ဇာလယ ၂၄ ဆောင် ရှိမည်ဖြစ်ပါသည်။

စာသင်သံဃာ သီတင်းသုံးဆောင် ၊ ဝိဇ္ဇာလယ ကျောင်းဆောင်များအတွက် စီမံချက်ချလိုက်သည်နှင့် တပြိုင်နက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ သတင်းကြားသိရသူ အလှူရှင်များက ဝတ္ထုငွေများ ပေးပို့လှူဒါန်းကြသည့်အပြင်၊ ရန်ကုန်မြို့တွင် နေထိုင်လျက် ရှိကြသော ပြည်နယ်နှင့်တိုင်း အသီးသီးမှ အလှူရှင်များကလည်းလာရောက်လှူဒါန်းကြပါသည်။ ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ ဦးစွာပထမ စတင်လှူဒါန်းသည့် ပြည်နယ်မှာ ချင်းပြည်နယ်ဖြစ်ပြီး ကျပ်ငွေငါးသောင်း စတင်ပေးပို့ လှူဒါန်းပါသည်။

ဖော်ပြပါ စီစဉ်ချက်များနှင့် လှူဒါန်းလာကြပုံများကို မြင်တွေ့ရသောအခါ မင်းကွန်းဘိပိဋ္ဌကဓရ ဆရာတော်ဘုရားကြီးက သာသနာ့တက္ကသိုလ်များ ဆောက်လုပ်ဖွင့်လှစ်မည့် ရည်ရွယ်ချက် လုပ်ငန်းစဉ်များနှင့် မိမိတို့၏ မိဘဘိုးဘွားများလက်ထက်ကပင် မပေါ်ပေါက်ဖူးခဲ့သော ပြည်တွင်းပြည်ပ သာသနာပြုကြမည့် လုပ်ငန်းအတွက် သိရှိနားလည်ကြသူများသာလျှင် ယခုအခါ လှူဒါန်းနေသည်ကို တွေ့ရှိရသည့်အပြင်၊ အထူးအားဖြင့် ဝိဇ္ဇာလယကျောင်းဆောင်များ၏ အမည်နာမများကပင်လျှင်ထိုပြည်နယ်တိုင်းတို့မှပါဝင်လှူဒါန်းဆောက်လုပ်ကြမည့် အဓိပ္ပာယ်ကို ပေါ်လွင်နေသည်ဖြစ်သောကြောင့် တိုင်းပြည်အတွင်းရှိ လူတိုင်းလူတိုင်း

သိရှိနားလည် သဘောပေါက်ကြစေရန်နှင့် လူတိုင်း လူတိုင်း အနည်းဆုံး တစ်ကျပ်တစ်ပြားဖြင့် ကျောင်း ဒါယကာများအဖြစ် ခံယူနိုင်ကြစေရန် ဆောင်ရွက်ကြပါဟု မိန့်ကြားတော်မူပါသည်။

ထိုမိန့်ခွန်းတော်အရ ဆိုင်ရာဆိုင်ရာ ပြည်နယ်တိုင်း၊ မြို့နယ်ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးဘက် ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း အသီးသီးတို့က ဆောင်ရွက်ကြမှသာလျှင် လှည်းနေလှေအောင်း မြင်း ဇောင်းမကျန် သိရှိနားလည် သဘောပေါက်ကြပြီး အနည်းဆုံး စေတနာဒါန ဖြစ်ပေါ်ကြမှာ မလွဲမသွေ ပင် ဖြစ်ပေသည်ဟု သတ်မှတ်၍ နိုင်ငံတော်အစိုးရနှင့် အထူးအား ဖြင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဌာနတို့နှင့် တိုင်ပင်ညှိနှိုင်းပြီး ပြည်ထဲရေးနှင့်သာသနာ ရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ တွဲဖက် ညွှန်ကြားရေးမှူး ဦးတင်ဦး၊ သာသနာ့တက္ကသိုလ်ကြီး များ ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာဝန် ကြီး ဦးသာလှနှင့် အမှုဆောင်များတို့သည် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးနှင့်အတူ ပြည်နယ် တိုင်း မြို့တော်များသို့သွားရောက်၍ အုပ်ချုပ်ရေး ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ လူကြီး များနှင့် တွေ့ဆုံညှိနှိုင်းပြီးဆရာတော်ဘုရားကြီး သြဝါ ဒနှင့် တရားဒေသနာများကို နာယူကာ စီစဉ်ဆောင် ရွက်ကြပါသည်။

ထိုသို့ဆောင်ရွက်ကြရာတွင် ဝတ္ထုငွေများ စုပေါင်း စုဆောင်း၍ လှူဒါန်းကြမည်ဖြစ်ပါသဖြင့် အစစ စနစ် တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပြည်နယ်တိုင်း မြို့ နယ်ဥပဋ္ဌာက အဖွဲ့များကို ဖွဲ့စည်းထားရှိရန် ဆရာ တော်ဘုရားကြီးကညွှန်ကြားတော်မူပါသဖြင့် ပြည်နယ် တိုင်း မြို့နယ်ဥပဋ္ဌာက အဖွဲ့များကိုဖွဲ့စည်း၍ ဆောင် ရွက်ကြပါသည်။ ဥပဋ္ဌာက အမည်ကို အထူးပေးအပ် တော်မူခြင်းမှာ ဗုဒ္ဓမြတ်စွာကို အနီးကပ်ပြုစုရာတွင် အသာဆုံး အမြတ်ဆုံး ဘွဲ့ထူးတေဒင် ဖြစ်ပါသဖြင့် ညီတော်အာနန္ဒာ ရရှိသည့် ကေဒင်ငါးတန်မှ တစ်တန် ၏အမည်ဖြစ်ပါသောကြောင့် ဥပဋ္ဌာကအဖွဲ့ဝင်သူတော် စင်တို့သည် သာသနာ့တက္ကသိုလ်ကြီးများနှင့် အနီးကပ် ပြုစုလုပ်ကျွေးနေရမည့် အဓိပ္ပာယ်ပေါ်လွင်လျက် ရှိပါ သည်။

ပြည်နယ်တိုင်း မြို့နယ် ဥပဋ္ဌာကအဖွဲ့များ ဖွဲ့ပြီး ဆောင်ရွက်ကြရာတွင် ဝိဇ္ဇာလယသုံးထပ်တိုက်ကျောင်း တစ်ကျောင်းလျှင် ကျပ်ငွေ တစ်ဆယ့်ရှစ်သိန်း၊ တစ်ထပ်လျှင် ခြောက်သိန်းကျ လှူဒါန်းနိုင်ကြောင်း သိရှိ လာသောအခါ ရောဝတီတိုင်း၊ မကွေးတိုင်း မြို့မှ မြေညီ ထပ်တစ်ထပ်၊ မကွေးတိုင်း ရေနံချောင်းမြို့မှ မြေညီ ထပ်တစ်ထပ်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့မှ မြေညီ ထပ်တစ်ထပ်ကျနှင့် မန္တလေးမြို့မှ မဟာဗန္ဓုလဦးဆိုင် ဒေါ်စောတင်တို့က မြေညီထပ်တစ်ထပ်အတွက် ကျပ်ငွေ ငါးသိန်းတို့ကို စတင်လှူဒါန်းကြပါသည်။

အင်အားနည်းသော ကယားပြည်နယ်နှင့် ချင်း ပြည်နယ် ဝိဇ္ဇာလယ ဓမ္မကျောင်းဆောင်များ အတွက် လည်း ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့်ဝိုင်းဝန်း ပံ့ပိုးလှူဒါန်းကြရန် ဆုံးဖြတ်ကြပြီး လှူဒါန်းလျက်ရှိ ကြပါသည်။ မိုးကုတ်မြို့နယ်နှင့် မြိတ်မြို့နယ် တို့မှ သံဃာအပါး ၂၅၀ ဆွမ်းကပ်နိုင်သည့် ကျပ် ၁၅ သိန်း ဘန် ဆွမ်းစားကျောင်း ၂-ကျောင်းအတွက် တာဝန် ယူကြပါသည်။

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့မှ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်ဘုရားကြီးက ရှမ်း ပြည်နယ် ဝိဇ္ဇာလယ ကျောင်းဆောင်အတွက် ဘုရား ဆောင် ပါဝင်အောင် ဆောက်လုပ်ပေးပါရန်နှင့် ထပ်မံ၍ ကျပ်ငွေတစ်သိန်းလှူဒါန်းရန် ဒါယကာပေါ် ပေါက်ပါကြောင်း အကြောင်းကြားလာသောအခါ ပြည်နယ်နှင့်တိုင်း အမည်များဖြင့် ဆောက်လုပ်သော ဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းတို့တွင် အားလုံး တန်းတူညီတူ ဘုရားဆောင်များပါဝင်အောင်ဆောက် လုပ်ရန် ဆုံးဖြတ်ပြီး ဘုရားဆောင်တွင် တည်ထား ကိုးကွယ်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးတို့တွင် မပြု မပြင်နိုင်၍ ထားရှိသော ရှေးဟောင်း ဗုဒ္ဓ ဆင်းတု တော်များကို ပင့်ဆောင်၍ မွမ်းမံပြင်ဆင်ပြီး ရောင် တော်ဖွင့်၍ ကိုးကွယ်ကြရန် ဆုံးဖြတ်ပြီး ပူးတွဲပါ စာ ရင်းအရ ဆင်းတုတော်များကို မွမ်းမံပြင်ဆင် ရောင် တော်ဖွင့်လျက်ရှိပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင်နှစ်ဆောင်မှာပြီးစီးပြီဖြစ်ပါ ၍ သံဃာတော်များ သီတင်းသုံးလျက်ရှိရာ ကြည်ညို ဖွယ်ရာ ဖူးမြင် တွေ့ရှိနေရပြီ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ သြဝါဒတော်အရ လူ တိုင်း လူတိုင်း ကျောင်းဒါယကာအဖြစ် ခံယူနိုင်ရေး ကို ဆောင်ရွက်ကြရာတွင် ဗုဒ္ဓမြတ်စွာ ဟောကြား တော်မူသော တရားဒေသနာတော်အရ ကျောင်း အလှူရှင်နှင့် ကျောင်းဒါယကာအဖြစ် ခံယူခြင်းတို့ မတူညီကြကြောင်း သိရှိနားလည်သဘောပေါက်လာ ကြသည့်အားလျော်စွာ မိမိတို့ ဆောက်လုပ်လှူဒါန်း သော ကျောင်းဆောင်အတွက် ပြင်ဆင်ထိန်းသိမ်းရန်

ငွေပေးဒေသာပင်နှင့် ၁-နှစ်လျှင်တစ်ရက် ရက်သတ်မှတ်ပြီး ဆွမ်းကပ်လှူဒါန်းနိုင်ရန် ဆွမ်းပဒေသာပင်တို့ကိုပါ ထူထောင်လှူဒါန်းကြရန် တိုင်းအသီးသီးက စီစဉ်ကြပြီး ငွေပေးဒေသာပင်နှစ်ပင် ထူးထောင်ပြီး စတင်၍ ဆွမ်းကပ်လှူလျက်ရှိနေကြပါပြီ။ ဆရာတော်ဘုရားကြီးကိုလည်း တိုင်းနှင့်ပြည်နယ်တို့၏ မြို့တော်များကို သာ ကြွရောက်၍ ရေစက်ချ တရားဒေသနာများ ချီးမြှင့်တော်မူနေသည်မှ သွားလာရေး လွယ်ကူပြီး အချိန်ရရှိသလောက် မြို့နယ်များသို့ပါ ကြွရောက်တော်မူ၍ တရားဒေသနာများ ချီးမြှင့်ပြီး ရေစက်သွန်းချအမျှပေးဝေရန်အတွက် စီစဉ်ဆောင်ရွက်လာရာ ယခုအခါ မြို့ပေါင်း ၁၄၅ မြို့သို့ ကြွရောက် ချီးမြှင့်ပေးတော်မူပြီး ဖြစ်ပါသည်။

ပြည်နယ် တိုင်း မြို့နယ် ဥပဋ္ဌာကအဖွဲ့အမှူဆောင်လူကြီးများနှင့် စေတနာရှင်များ၏ သဒ္ဓါစိတ်ဇော တွေ့မှာ ပိုမိုတိုးတက်ပွားများလာသည့် အားလျော်စွာ သာသနာ့တက္ကသိုလ်ကြီးများအတွက် အခြား လိုအပ်မည့် သာသနိက အဆောက်အဦးများကိုပါ ဆက်လက်၍ စုပေါင်း စုဆောင်းပြီး လှူဒါန်းလိုပါကြောင်း လျှောက်ထားကြသဖြင့် ပူးတွဲပါစာရင်းအရ မန္တလေးမြို့နှင့် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်တို့တွင် ပြည်နယ်နှင့်တိုင်း အသီးသီးမှ လှူဒါန်းကြရန် သတ်မှတ်လျာထားချက်များကို ကြည်ညိုဖွယ်ရာ တွေ့မြင်ဖတ်ရှုလေ့လာနိုင်ပါသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး နှစ်ခုစီတွင် ပိဋကတ်သုံးပုံကို အင်္ဂလိပ်၊ မြန်မာ၊ ပါဠိ၊ သင်္ကာဒ၊ ဟိန္ဒီ ဘာသာငါးမျိုးတို့ဖြင့် သင်ကြားပို့ချမည်ဖြစ်ရာ ထိုဘာသာငါးမျိုး ပိဋကတ်စာအုပ်များ အထူးလိုအပ်လာပြီဖြစ်ပါ၍ အထူးအားဖြင့် ယခုအခါ သာသနာ့တက္ကသိုလ်ကြီး နှစ်ခုတို့တွင် တတိယနှစ်သင်တန်းသို့ ရောက်ရှိလာပြီဖြစ်၍ အင်္ဂလိပ်လို ပိဋကတ်စာပေများကို သင်ကြားပို့ချတော့မည် ဖြစ်ပါသောကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ထပ်မံ၍ ပိဋကတ် စာအုပ်များကိုပါ ပုံနှိပ် လှူဒါန်းပါရန် မေတ္တာရပ်ခံထားသည့် အားလျော်စွာ ဘာသာငါးမျိုး ပိဋကတ်စာအုပ်များကို ပုံနှိပ်နေဆဲ ရှိပါသည်။ အလှူရှင်များသည်း ယခုလို ကြုံတောင့်ကြုံခဲ့ ပိဋကတ်သုံးပုံ လှူဒါန်းရန် အခွင့်ထူးရေး တစ်ကြိမ်ကစ်ခါမှ မရဘူးသေးကြသဖြင့် ဝမ်းမြောက်ဂုဏ်ယူ၍ ဝမ်းသာဒါန်း၊ သဒ္ဓါဒါန မြှုပ်လျက်ရှိကြပါသည်။

ဆရာတော်ဘုရားကြီးနှင့် ဥက္ကဋ္ဌဆရာဝန်ကြီးဦးသာလှဘို့သည် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး ဆောက်လုပ်လှူဒါန်းရန် စီစဉ်ကြရာတွင် ရရှိသော မှန်ကျောင်းတိုက်မြေနေရာ၌ သာသနိက အဆောက်အဦးများ ပြည့်စုံအောင် နေရာချထားရန်အတွက် မလုံမလောက်ရှိသည့်အပြင် ရန်ကုန်နှင့် မန္တလေး တပြေးညီညာ တန်းတူညီတူ ပရိယတ္တိသာသနာ့တက္ကသိုလ် ပညာရေးစီမံချက်တို့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ချမှတ်ဆောင်ရွက်သည့်နည်းတူ မန္တလေးမြို့တွင်လည်း ကြီးလေးကြီးစီမံကိန်းဝင် ဆောင်ရွက်ရန်အတွက် ကျောင်းတိုက်၏ အရှေ့ဘက်နှင့် မြောက်ဘက်ရှိ ယခင် သီပေါမင်းလက်ထက်က သတ်မှတ်ခဲ့သော မီးဘေးမြေခေါ်သည့် သာသနာ့မြေများကို ရရှိရန် မန္တလေးတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌထံ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံစာပေးပို့ရန် ဆုံးဖြတ်ပြီး ဆောင်ရွက်ပါသည်။

ထို့ပြင် မန္တလေးမြို့သည် သံဃာ့မြို့တော် ဖြစ်သည့်အားလျော်စွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဦးစွာပထမ သာသနာ့တက္ကသိုလ်ကြီးဆောက်လုပ်ရန် စီစဉ်သည့်အားလျော်စွာ သာသနာ့တက္ကသိုလ်တွင် တက္ကသိုလ်အတွက် ဆေးပေးခန်းကလေးမျှသာ ပါဝင်ဆောက်လုပ်ထားရှိခြင်းမပြုလုပ်ဘော့ဘဲ သာသနာ့တက္ကသိုလ်အနီးတွင်မန္တလေးမြို့ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး သီးသန့်ဆောက်လုပ်၍ တိပိဋကနိကာယ သာသနာပြုအဖွဲ့က ကြပ်မတ်ကွပ်ကဲ ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွင့်လှစ်ထားရှိရန် ဆုံးဖြတ်၍ စီစဉ်ပါသည်။

ထိုသို့ စီစဉ်ရာတွင် သာသနာ့ တက္ကသိုလ်ကြီး၏ တောင်ဘက်ရှိ စိန်တုံးကျောင်းတိုက်မှ တိုက်ပိုင်ဆရာတော်များ ခွင့်ပဝ သတ်မှတ်ပေးသည့် မြေနေရာတွင် အဘွင်းလူနာဆောင်များ ဆောက်လုပ်ရန် မြေနေရာ ရရှိ၍ ဆောက်လုပ်နေဆဲရှိပါသည်။

ပတ္တရာကျောင်းတိုက်မှ တိုက်ပိုင် ဆရာတော်ကြီး သတ်မှတ်ခွဲဝေပေးသည့် မြေနေရာတွင် ပြည်ပ သူနာဆောင်နှင့် နာလန်ထဆောင် ဇရပ် စသည်တို့ကို ဆောက်လုပ်ရာ မြို့စီးပြုပြစ်၍ ပြည်ပသူနာဌာနများကို ဖွင့်လှစ်ထားရှိခဲ့ရာ ယခုအခါ တတိယနှစ်သို့ပင်ရောက်ရှိလာပါပြီ၊

မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး၏ ထူးခြားချက်များမှာ—

(၁) ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကြွရောက်၍ ဆေးကုသမှုခံယူကြသော သံဃာတော်များအား ဝိနည်းတော်နှင့်အညီ ဆေးကုသမှုခံယူနိုင်ကြစေရန်။

(၂) ဆရာဝန်များနှင့် ဆေးရုံကြီးများ၏ ထုံးတမ်းစဉ်လာအရ ဆေးကုသ၍ ၇ ရက်၊ ၁၀ ရက်တစ်ကြိမ်မှသာ ပြသရန် လိုအပ်သော သံဃာတော်များသည် ဆေးရုံမှဆင်းပြီး မိမိတို့ဒေသသို့မပြန်မီ ဆရာဝန်များ ချိန်းဆိုသည့်အတိုင်း ရောဂါ ပျောက်ကင်းသည်အထိ ကုသ၍ နေထိုင်သီတင်းသုံးရန် နာလန်ထဆောင် ဆောက်လုပ်ထားရှိရန်။

(၃) ဆရာတော်၊ သံဃာတော်များတွင် ဖြစ်ပွားနှုန်းများသော ရောဂါများကို ခွဲစိပ်နှင့် ကုသအထူးဌာနများ အပြင် အထူးကုဌာနများသီးသန့်ထားရှိ၍ကုသပေးရန်။

(၄) သံဃာတော်များ သူနာပြု သင်တန်းကျောင်းဖွင့်လှစ်ထားရှိရန်တို့ ဖြစ်ပါသည်။

သံဃာတော်များ သူနာပြုသင်တန်းကျောင်းဘွင့်ဖွင့်ပြုတော်မမူသည့် ကုသရေးသင်တန်းပါဝင်ခြင်းမရှိဘဲ လွန်စွာ အရေးကြီးသည့် ကျန်းမာရေးဘက်တွင် အဓိကကျသည့် ပြုစုရေးနှင့် ကာကွယ်ရေးသင်တန်းများကို စာတွေ့ လက်တွေ့ ပို့ချပေးရန် ဖြစ်ပါသည်။ သူနာပြုသင်တန်း အောင်မြင်တော်မူကြသော ရဟန်းသံဃာတော်များသည် မိမိတို့သီတင်းသုံးရာ ကျောင်းတိုက်များသို့ ပြန်လည်ကြွရောက်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စာသင်တိုက်၊ ကျောင်းတိုက်များအဖြစ် တည်ထောင်ထားရှိပါက ဆရာတော်ကြီးများ သက်တန်း ပိုမိုရှည်ကြာ၍ သာသနာတော်ကြီးအတွက် ဆောင်ရွက်တော်မူနိုင်ကြမည့်အပြင် ဗုဒ္ဓမြတ်စွာ အထူးလိုလားတော်မူသည့် ပါသာဒိကဂုဏ်နှင့် ညီညွတ်သည့် ကျောင်းတိုက်ကြီးများ မြန်မာပြည်အနှံ့ တည်ရှိနေပေလိမ့်မည်ဟု မျှော်ကြေငှာရပါသည်။

ယခုကဲ့သို့ မန္တလေးမြို့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး ဆောက်လုပ်ဖွင့်ရန် စီစဉ်ပြီး ပြင်ပသူနာဌာနများပါ ဖွင့်လှစ်ထားရှိနေပြီဖြစ်ကြောင်း သိရှိလာသည့်အခါ ဆရာတော်ဘုရားကြီး၏ သာသနာ့ပြုလုပ်ငန်းကြီးသုံးသွယ်ဖြစ်သော-


(၁) တိပိဋကရေ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်များပေါ်ထွန်းရေးအတွက်မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေတွင် တိပိဋက = နိကာယ ကျောင်းတိုက်ကြီးဖွင့်လှစ်၍၊ ရန်ကုန်မြို့ အမှတ် ၁၂ နယူးလင်းလမ်းတွင် တိပိဋကကျောင်းတော်နှင့် မန္တလေးမြို့ သာသနာ့တက္ကသိုလ်အနီးတွင် တိပိဋက ကျောင်းတော်များ တိုက်ခွဲအဖြစ် ဖွင့်လှစ်ဆောင်ရွက်ခြင်း သာသနာပြုလုပ်ငန်း။

(၂) ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ ဆောက်လုပ်ဖွင့်လှစ်ပြီး ပြည်ဘွင်း ပြည်ပသာသနာပြုကြမည့် အရှင်မြတ်များ ပေါ်ထွန်းအောင်ဆောင်ရွက်သည့် သာသနာပြုလုပ်ငန်း။

(၃) ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဂိလာန သံဃာတော်များအား အထူးကုဌာနများဖွင့်လှစ်၍ ဝိနည်းတော်နှင့်အညီ ဆေးကုသမှုခံယူနိုင်ရန် သာသနာပြုသည့် လုပ်ငန်းရပ်များ အားလုံးအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဆရာတော်ဘုရားကြီးဦးဆောင်၍သာသနာတော်အတွက် ဆောင်ရွက်သည့် လုပ်ငန်းအားလုံးတို့အဘွက် ပါဝင်လှူဒါန်းပြီး ကာယဒါန၊ ဥာဏဒါန။ ဝတ္ထုဒါနအစုံအညီဖြင့် ကူညီဆောင်ရွက်လာကြပါသည်။

သို့ပါ၍ ဆရာတော်ဘုရားကြီး၏ ပင်မ ပထမအစဦးတည်၍ ဆောင်ရွက်သည့် တိပိဋက = နိကာယသာသနာပြုအဖွဲ့အား တိပိဋက = နိကာယဥပဋ္ဌာက ပင်မအဖွဲ့ဟု အမည်ပြင်ဆင်သတ်မှတ်ကာ ပိုမိုကျယ်ပြန့်စွာ ဖွဲ့စည်း၍ ဆောင်ရွက်ကြပါသည်။။ ထိုသို့ဆောင်ရွက်ကြရန် ဆရာတော်ဘုရားကြီး၏ သြဝါဒကိုခံယူ၍ ယခု အခါ သာသနာ့ဘက္တသိုလ်ကြီးနှစ်ခုတွင်ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးနှင့် လိုအပ်သော ပိဋကတ်စာအုပ်များကိုပါ လှူဒါန်းလျက်ရှိရာ တိပိဋက နိကာယဥပဋ္ဌာကအဖွဲ့ အဆင့်ဆင့်တို့၏ သားစဉ်မြေးဆက် သာသနာ့အမွေခံယူနိုင်ရန် ဆောင်ရွက်ချက်ကြီးတစ်ရပ်ဖြစ်ပါကြောင်း။

ဝဏ္ဏဓဇကျော်ထင် အထူးကုဆရာဝန်ကြီး
ဦးသာလှ



ရန်ကုန်မြို့ နိုင်ငံတော်မရိယတ္တိသာသနာ့ တက္ကသိုလ်တွင်
ဆောက်လုပ်လျက်ရှိဝါဒသော
ဖြည်နှယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌကြီးများ
ဦးဆောင်၍ လှုဒါန်းကြသည့်
ဝိဇ္ဇာလယစာသင်သံဃာ သီတင်းသုံး ဓကျောင်းဆောင်များတွင်
တည်ထား ကိုးကွယ်ရန်
ဗုဒ္ဓဆင်းတုတော်များ အလှူရှင်စာရင်း

၁။ ကချင်ပြည်နယ်ဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက် ဆရာတော် ဦးသီလဝံသက လှူဒါန်းပါသည်။

၂။ မန္တလေတိုင်းဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် မန္တလေးတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးညီဝင်းက ကျောက်ဆည်မြို့မှ ပင့်ဆောင် လှူဒါန်းပါသည်။


၃။ ရှမ်းပြည်နယ်ဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် ရှမ်းပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဘသန်းက ရွာငံမြို့မှ ပင့်ဆောင် လှူဒါန်း ပါသည်။

၄။ မကွေးတိုင်းဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် မကွေးတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ထူးက ပင့်ဆောင် လှူဒါန်းပါသည်။

၅။ ပဲခူးတိုင်းဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် တိပိဋကတ = နိကာယ သာသနာပြုအဖွဲ့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူဒါန်းရေးအဖွဲ့နှင့် ပင်မဥပဒ္ဒာကတို့၏ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ + ဒေါ်ခင်ညွန့်တို့က ကနောင်မင်းသားကြီး ကိုးကွယ်ခဲ့သော ဆင်းတုတော်ကို မြန်အောင်မြို့ ဦးကွန်ဒါသဘကျောင်းတိုက်မှ ပင့်ဆောင်လှူဒါန်းပါသည်။

၆။ ကယားပြည်နယ်ဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် ကယားပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်က ပင့်ဆောင် လှူဒါန်းပါသည်။

၇၊ ကရင်ပြည်နယ်ဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် မန္တလေးတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးညီဝင်းက မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ ပင့်ဆောင် လှူဒါန်းပါသည်။



မင်းကွန်း တိ=နိ သာသနာပြုအဖွဲ့



၈။ မွန်ပြည်နယ်ဝိဇ္ဇာလယ လေးထပ်တိုက်ကျောင်းအတွက် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ ကျိုက်ထီးဆောင်း ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများက ရဟန်္တာ ရုပ်တု တော် နှစ်ဆူနှင့်တကွ ပင့်ဆောင် လှူဒါန်းပါသည်။

၉။ စစ်ကိုင်းတိုင်းဝိဇ္ဇာလယ လေးထပ်တိုက်ကျောင်းအတွက် စစ်ကိုင်းတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သူရဦးကျော်စွာက ပင့်ဆောင် လှူဒါန်းပါသည်။

၁၀။ ချင်းပြည်နယ်ဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် စစ်ကိုင်းတိုင်း မြဝတီသူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သူရဦးကျော်စွာက ပင့်ဆောင် လှူဒါန်းပါသည်။

၁၁။ ရခိုင်ပြည်နယ်ဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် မန္တလေးတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးညိုဝင်းက ကျောက်ဆည်မြို့မှ ပင့်ဆောင် လှူဒါန်းပါသည်။

၁၂။ ရောဝတီတိုင်းဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် ရောဝတီတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်က ပင့်ဆောင် လှူဒါန်းပါသည်။

၁၃။ တနင်္သာရီတိုင်းဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် ရောဝတီတိုင်း မြန်အောင်မြို့မှ အရှင်ဣန္ဒာသဘ-က ပင့်ဆောင် လှူဒါန်းပါသည်။

၁၄၊ ရန်ကုန်တိုင်းဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းအတွက် တိပိဋကဓရ - နိကာယသာသနာပြု အဖွဲ့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး များ ဆောက်လုပ် လှူဒါန်းရေးအဖွဲ့နှင့် ပင်မဥပဋ္ဌာကအဖွဲ့တို့၏ ဥက္ကဋ္ဌ ဆရာ ဝန်ကြီး ဦးသာလှ + ဒေါ်ခင်ညွှန့်တို့က မန္တလေးမြို့မှ ပင့်ဆောင်လှူဒါန်း၍၊ မင်္ဂလာတောင်ညွှန့်မြို့နယ် ၁၀၁-လမ်း အမှတ် ၃၁ နေ ဒေါ်ချစ်ညွှန့်နှင့် မိသားစုက ရောင်းတော်ဖွင့်ရန် ကျပ်ငွေ ခြောက်ထောင် လှူဒါန်းပါသည်။

ကြေးနီတွင်းမှ ကုန်ကြမ်းသယ်ယူပို့ဆောင်ရေးအတွက် ယာယီကုန်တင်ကားငှားရမ်းခြင်းဆိုင်ရာ ဈေးနှုန်းထုတ်ပြန်ကြေညာခြင်း

ကြေးနီတွင်းမှ ကုန်ကြမ်းသယ်ယူပို့ဆောင်ရေးအတွက် ယာယီကုန်တင်ကားငှားရမ်းခြင်းဆိုင်ရာ ဈေးနှုန်းထုတ်ပြန်ကြေညာခြင်း

၁၉၈၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ စ၍ အကျိုးသက်ရောက်သည့်အတိုင်း

စဉ်	ကုန်ကြမ်းအမျိုးအစား	ယူနစ်	ဈေးနှုန်း (ကျပ်)
၁။	ကြေးနီသတ္တုတောင်ကြီး	တန်	၁၀၀၀
၂။	ကြေးနီသတ္တုတောင်ငယ်	တန်	၁၀၀၀
၃။	ကြေးနီသတ္တုဒေါင်းတောင်	တန်	၁၀၀၀
၄။	ကြေးနီသတ္တုမြောက်ဘက်ကုန်းမြင့်	တန်	၁၀၀၀
၅။	ကြေးနီသတ္တုအရှေ့ပိုင်းတွင်း	တန်	၁၀၀၀
၆။	ကြေးနီသတ္တုအနောက်ပိုင်းတွင်း	တန်	၁၀၀၀
၇။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့်	တန်	၁၀၀၀
၈။	ကြေးနီသတ္တုမြောက်ပိုင်းတွင်း	တန်	၁၀၀၀
၉။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (ဆင်းသက်)	တန်	၁၀၀၀
၁၀။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (တက်)	တန်	၁၀၀၀
၁၁။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (ပြန်)	တန်	၁၀၀၀
၁၂။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (ပြန်၊ ဆင်းသက်)	တန်	၁၀၀၀
၁၃။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (ပြန်၊ တက်)	တန်	၁၀၀၀
၁၄။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (ပြန်၊ ပြန်)	တန်	၁၀၀၀
၁၅။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (ပြန်၊ ပြန်၊ ဆင်းသက်)	တန်	၁၀၀၀
၁၆။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (ပြန်၊ ပြန်၊ တက်)	တန်	၁၀၀၀
၁၇။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (ပြန်၊ ပြန်၊ ပြန်)	တန်	၁၀၀၀
၁၈။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (ပြန်၊ ပြန်၊ ပြန်၊ ဆင်းသက်)	တန်	၁၀၀၀
၁၉။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (ပြန်၊ ပြန်၊ ပြန်၊ တက်)	တန်	၁၀၀၀
၂၀။	ကြေးနီသတ္တုတောင်ပေါ်ကုန်းမြင့် (ပြန်၊ ပြန်၊ ပြန်၊ ပြန်)	တန်	၁၀၀၀

ဒေသ	ခရီးအကွာအဝေး	ကုန်တင်ကားငှားရမ်းခ	ကုန်ထုတ်နှုန်းမြင့်မားသည့်ကာလ ခရီးသွားခ	ကုန်ထုတ်နှုန်းနိမ့်သည့်ကာလ ခရီးသွားခ
၁။	ကြေးနီတွင်းမှ မြို့ပြဈေးကွက်သို့	၁၂၀	၁၅၀	၁၀၀
၂။	ကြေးနီတွင်းမှ ဆိပ်ကမ်းသို့	၂၄၀	၃၀၀	၂၀၀
၃။	ကြေးနီတွင်းမှ ရထားဘူတာသို့	၁၆၀	၂၀၀	၁၃၀
၄။	ကြေးနီတွင်းမှ ဆည်ရေတိုက်သို့	၈၀	၁၀၀	၆၅
၅။	ကြေးနီတွင်းမှ ဆည်ရေတိုက်သို့ (ပြန်)	၈၀	၁၀၀	၆၅
၆။	ကြေးနီတွင်းမှ ဆည်ရေတိုက်သို့ (ပြန်၊ ဆင်းသက်)	၈၀	၁၀၀	၆၅
၇။	ကြေးနီတွင်းမှ ဆည်ရေတိုက်သို့ (ပြန်၊ တက်)	၈၀	၁၀၀	၆၅
၈။	ကြေးနီတွင်းမှ ဆည်ရေတိုက်သို့ (ပြန်၊ ပြန်)	၈၀	၁၀၀	၆၅
၉။	ကြေးနီတွင်းမှ ဆည်ရေတိုက်သို့ (ပြန်၊ ပြန်၊ ဆင်းသက်)	၈၀	၁၀၀	၆၅
၁၀။	ကြေးနီတွင်းမှ ဆည်ရေတိုက်သို့ (ပြန်၊ ပြန်၊ တက်)	၈၀	၁၀၀	၆၅
၁၁။	ကြေးနီတွင်းမှ ဆည်ရေတိုက်သို့ (ပြန်၊ ပြန်၊ ပြန်)	၈၀	၁၀၀	၆၅
၁၂။	ကြေးနီတွင်းမှ ဆည်ရေတိုက်သို့ (ပြန်၊ ပြန်၊ ပြန်၊ ဆင်းသက်)	၈၀	၁၀၀	၆၅
၁၃။	ကြေးနီတွင်းမှ ဆည်ရေတိုက်သို့ (ပြန်၊ ပြန်၊ ပြန်၊ တက်)	၈၀	၁၀၀	၆၅
၁၄။	ကြေးနီတွင်းမှ ဆည်ရေတိုက်သို့ (ပြန်၊ ပြန်၊ ပြန်၊ ပြန်)	၈၀	၁၀၀	၆၅

ဈေးနှုန်းသည် ကုန်တင်ကားပိုင်ရှင်နှင့် ကုန်ပို့သူတို့ ပူးတွဲသဘောတူညီချက်အရ ပြင်ဆင်သတ်မှတ်ထားသော ဈေးနှုန်းဖြစ်သည်။ ကုန်ကြမ်းအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားခြင်းမရှိသော်လည်း ကုန်ကြမ်းတင်ပို့ရာတွင် ကုန်ကြမ်းအမျိုးအစားအလိုက် ကုန်ကြမ်းတင်ပို့ခြင်းကို ခွဲခြားသတ်မှတ်ထားသော ဈေးနှုန်းဖြစ်သည်။ ကုန်ကြမ်းအမျိုးအစားအလိုက် ကုန်ကြမ်းတင်ပို့ခြင်းကို ခွဲခြားသတ်မှတ်ထားသော ဈေးနှုန်းဖြစ်သည်။

ဈေးနှုန်းသည် ကုန်တင်ကားပိုင်ရှင်နှင့် ကုန်ပို့သူတို့ ပူးတွဲသဘောတူညီချက်အရ ပြင်ဆင်သတ်မှတ်ထားသော ဈေးနှုန်းဖြစ်သည်။ ကုန်ကြမ်းအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားခြင်းမရှိသော်လည်း ကုန်ကြမ်းတင်ပို့ရာတွင် ကုန်ကြမ်းအမျိုးအစားအလိုက် ကုန်ကြမ်းတင်ပို့ခြင်းကို ခွဲခြားသတ်မှတ်ထားသော ဈေးနှုန်းဖြစ်သည်။ ကုန်ကြမ်းအမျိုးအစားအလိုက် ကုန်ကြမ်းတင်ပို့ခြင်းကို ခွဲခြားသတ်မှတ်ထားသော ဈေးနှုန်းဖြစ်သည်။

စဉ်	အစီအစဉ်အစား	၁၉၁၉-ခုနှစ်လက္ခဏာအထိလျှင်		၁၉၀၉-ခုနှစ်ပြီးလအတွင်းလျှင်		လျှင်စုစုပေါင်း	
၂၁။	နာယကချုပ်ဆရာတော်ကျောင်း						
	(က) သိမ်ကြီးစေ့ (ဒီ၊ အီး)	၄၆၇၇၁၁	၂၅			၄၆၇၇၁၁	၂၅
	(ခ) တီ - နီ အကျိုးတော်ဆောင်	၁၂၁၂၄၄၇	၅၀			၁၂၁၂၄၄၇	၅၀
	(ဂ) မဟာစည်	၄၂၇၀၅၀		၅၀၀၀၀		၄၇၇၀၅၀	
၂၂။	ကထိက/လက်ထောက်ကထိကကျောင်း (ဥတ္တရဆောင်)						
	(က) ဒေါ်မြသွယ်နှင့် ဓမ္မမိတ်ဆွေ	၆၁၃၀၀၀				၆၁၃၀၀၀	
	(ခ) ဗုဒ္ဓဂယာအဖွဲ့	၄၂၆၆၀၀				၄၂၆၆၀၀	
	(ဂ) မြည့်တွင်းအခွန်ဥဒ်းစီး	၁၉၅၄၅၁	၄၅	၄၅၀၀		၁၉၉၉၅၁	၄၅
၂၃။	ကထိက/လက်ထောက်ကထိကကျောင်း (ဒက္ခိဏာဆောင်)						
	(က) ပညာရေးမိသားစု	၂၁၉၄၉၃	၁၅	၂၅၂၀		၂၆၂၀၆၀	၁၅
	(ခ) ကြည့်မြင်တိုင် ညီ-ဇော	၄၃၂၆၃၂	၉၁	၁၀၀၀၀၀		၅၃၂၉၃၂	၉၁
	(ဂ) သုဘာ့/သုဘဒ္ဒါအဖွဲ့	၆၀၄၆၆၅				၆၀၄၆၆၅	
၂၄။	မဟာဌာနအဆောင် (၁)						
	(က) ဝိနယ (ဦးမောင်၊ ဒေါ်မြမူ)	၆၁၀၀၀၀				၆၀၀၀၀၀	
	(ခ) သုတ္တန် (သုဒတ္တာ/သုဘဒ္ဒါ)	၆၂၀၂၄၀				၆၂၀၂၄၀	
	(ဂ) အဘိဓမ္မ (သုဒတ္တာ/သုဘဒ္ဒါ)	၆၉၀၀၅၀				၆၉၀၀၅၀	
၂၅။	မဟာဌာနအဆောင် (၂)						
	(က) ပါဠိဓာတေ						
	(ခ) မြန်မာစာတေ – (ဗုဒ္ဓဂယာ)	၆၆၂၅၀၀				၆၆၂၅၀၀	
	(ဂ) အင်္ဂလိပ်စာတေ (သိမ်ကြီးစေ့း အေ+ဘီ)	၆၃၂၅၀၀				၆၃၂၅၀၀	
		၆၁၀၀၀၀				၆၁၀၀၀၀	
၂၆။	မဟာဌာနအဆောင် (၃)						
	(က) ပိဋကတ်						
	(ခ) ကျမ်းပြု – (မထသ)	၁၀၀၀၀၀၀				၁၀၀၀၀၀၀	
	(ဂ) ညီမှု						


စဉ်	အကြောင်းအရာ	၁၉၀၉-ခုမတ်လကုန်ထိလူဦးရေ		၁၉၀၉-ခု၊ပြီလအတွင်းလူဝင်လူထွက်စုစုပေါင်း		လူဦးရေ
၂၇။	မဟာဌာနမုခ်ဦးကျောင်းဆောင်	၄၀၂၃၄	၂၉			၄၀၂၃၄ ၂၉
၂၈။	စာကြည့်တိုက်	၄၃၆၄၅၆				၄၃၆၄၅၆
၂၉။	မဟာဥယျာဉ်တော်ကြီး	၅၆၀၆၁				၅၆၀၆၁
၃၀။	မဟာဘေးမဲ့ကန်တော်ကြီး	၃၂၁၂				၃၂၁၂
၃၁။	ဥပဒ္ဒါကရုံးနှင့် ဗုဒ္ဓဆင်းတုတော်	၄၀၂၀				၄၀၂၀
၃၂။	ဝိဇ္ဇာလယကျောင်းဆောင်များ					
၃၃။	၁ မန္တလေးဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၂၁၀၃၁၉၉	၁၀	၁၁၀၀		၂၁၀၀၃၁၉ ၁၀
	၂ ကချင်ပြည်နယ်ဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၂၀၀၃၆၆၀	၀၃			၂၀၀၃၆၆၀ ၀၃
	၃ ရှမ်းပြည်နယ်ဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၂၁၉၉၃၀	၀၃	၀၂၃၃		၂၂၀၁၀၆၃ ၀၃
	၄ မကွေးတိုင်းဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၂၉၆၅၃၁၄		၁၀၀		၂၉၆၅၀၁၄
	၅ ပဲခူးတိုင်းဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၂၃၀၉၄၃	၁၅			၂၃၀၉၄၃ ၁၅
	၆ ကယားပြည်နယ်ဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၆၉၃၆၁၃		၅၀၀၀		၇၄၃၆၁၃
	၇ မွန်ပြည်နယ်ဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၂၃၂၀၉၅၅	၆၀			၂၃၂၀၉၅၅ ၆၀
	၈ ကရင်ပြည်နယ်ဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၁၀၆၁၉၀၀	၂၅			၁၀၆၁၉၀၀ ၂၅
	၉ စစ်ကိုင်းတိုင်းဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၂၄၉၆၂၁၅	၃၀	၂၅၀၀၀		၂၅၂၁၂၀၅ ၃၀
	၁၀ ချင်းပြည်နယ်ဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၄၃၆၃၀၀				၄၃၆၃၀၀
	၁၁ ရခိုင်ပြည်နယ်ဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၁၀၃၆၅၄၄	၄၂	၁၃၀၀၃	၉၀	၁၀၉၃၅၄၀ ၃၂
	၁၂ ရောဝတီတိုင်းဝိဇ္ဇာလယနှင့်သီးခြားဌေး	၅၉၃၉၃၂	၀၈	၃၂၂၁၉၆	၄၀	၆၆၉၀၄၃၀ ၂၀
	၁၃ ရန်ကုန်တိုင်းဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၅၆၀၉၀၃၂	၃၁	၁၅၂၃၀	၆၀	၅၆၆၅၁၁၀ ၃၁
	၁၄ တနင်္သာရီတိုင်းဝိဇ္ဇာလယနှင့်သီးခြားလူဦးရေ	၉၅၀၉၅၉	၂၅			၉၅၀၉၅၉ ၂၅
	၁၅ ဓမ္မဘဏ္ဍာဂါရပို့ကတ်ကျောင်း	၁၆၃၂၅				၁၆၃၂၅
	၁၆ ရေစင်၊ ရေစက်၊ ရေလှောင်ကန်၊ မိလ္လာနှင့် ရေမြောင်း					
	၁၇ လျှပ်စစ်မီးပြင်ပ	၅၅၄၂၂	၂၀			၅၅၄၂၂ ၂၀

၁၀	ကုန်းဆီဆိုင်	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၁၁	ကုန်းဆီဆိုင်ကြီး	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၁၂	ကုန်းဆီဆိုင်ကြီးများ	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၁၃	ကုန်းဆီဆိုင်ကြီးများ (က)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၁၄	ကုန်းဆီဆိုင်ကြီးများ (ခ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၁၅	ကုန်းဆီဆိုင်ကြီးများ (ဂ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၁၆	ကုန်းဆီဆိုင်ကြီးများ (ဃ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၁၇	ကုန်းဆီဆိုင်ကြီးများ (င)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၁၈	ကုန်းဆီဆိုင်ကြီးများ (စ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၁၉	ကုန်းဆီဆိုင်ကြီးများ (ဆ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၂၀	ကုန်းဆီဆိုင်ကြီးများ (ဇ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၂၁	ကုန်းဆီဆိုင်ကြီးများ (ဈ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၂၂	ကုန်းဆီဆိုင်ကြီးများ (ည)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၂၃	ကုန်းဆီဆိုင်ကြီးများ (ဋ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၂၄	ကုန်းဆီဆိုင်ကြီးများ (ဍ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၂၅	ကုန်းဆီဆိုင်ကြီးများ (ဏ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၂၆	ကုန်းဆီဆိုင်ကြီးများ (တ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၂၇	ကုန်းဆီဆိုင်ကြီးများ (ထ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၂၈	ကုန်းဆီဆိုင်ကြီးများ (ဒ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၂၉	ကုန်းဆီဆိုင်ကြီးများ (ဓ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၃၀	ကုန်းဆီဆိုင်ကြီးများ (န)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၃၁	ကုန်းဆီဆိုင်ကြီးများ (ပ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၃၂	ကုန်းဆီဆိုင်ကြီးများ (ဖ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၃၃	ကုန်းဆီဆိုင်ကြီးများ (ဗ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၃၄	ကုန်းဆီဆိုင်ကြီးများ (ဘ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၃၅	ကုန်းဆီဆိုင်ကြီးများ (မ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၃၆	ကုန်းဆီဆိုင်ကြီးများ (ယ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၃၇	ကုန်းဆီဆိုင်ကြီးများ (ရ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၃၈	ကုန်းဆီဆိုင်ကြီးများ (လ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၃၉	ကုန်းဆီဆိုင်ကြီးများ (ဝ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၄၀	ကုန်းဆီဆိုင်ကြီးများ (သ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၄၁	ကုန်းဆီဆိုင်ကြီးများ (ဟ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၄၂	ကုန်းဆီဆိုင်ကြီးများ (ဠ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၄၃	ကုန်းဆီဆိုင်ကြီးများ (အ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၄၄	ကုန်းဆီဆိုင်ကြီးများ (ဣ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၄၅	ကုန်းဆီဆိုင်ကြီးများ (ဤ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၄၆	ကုန်းဆီဆိုင်ကြီးများ (ဥ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၄၇	ကုန်းဆီဆိုင်ကြီးများ (ဦ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၄၈	ကုန်းဆီဆိုင်ကြီးများ (ဧ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၄၉	ကုန်းဆီဆိုင်ကြီးများ (ဩ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀
၅၀	ကုန်းဆီဆိုင်ကြီးများ (ဪ)	၁၂၉၀၀၄	၀၂	၂၀၉၉၃၄	၀၄	၂၀၉၉၃၄	၁၀

ဒီဇင်ဘာလ ၂၀၁၂	ဒီဇင်ဘာလ ၂၀၁၁-၁၉၅၃	ဒီဇင်ဘာလ ၂၀၁၀-၁၉၅၃	ဇယားနံပါတ်
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၅၁
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၅၂
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၅၃
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၅၄
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၅၅
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၅၆
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၅၇
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၅၈
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၅၉
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၆၀
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၆၁
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၆၂
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၆၃
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၆၄
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၆၅
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၆၆
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၆၇
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၆၈
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၆၉
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၇၀
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၇၁
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၇၂
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၇၃
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၇၄
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၇၅
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၇၆
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၇၇
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၇၈
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၇၉
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၈၀
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၈၁
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၈၂
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၈၃
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၈၄
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၈၅
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၈၆
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၈၇
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၈၈
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၈၉
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၉၀
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၉၁
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၉၂
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၉၃
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၉၄
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၉၅
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၉၆
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၉၇
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၉၈
ကုန်းဆီဆိုင်ကြီးများ (ဿ)	၁၉၅၃	၁၉၅၃	၉၉
ကုန်းဆီဆိုင်ကြီးများ (ှ)	၁၉၅၃	၁၉၅၃	၁၀၀

ပြည်နယ်နှင့်တိုင်း ဝိဇ္ဇာလယသုံးထပ်တိုက်ကျောင်း ဆောက်လုပ်လှူဒါန်းရေးအတွက် ပြည်နယ်နှင့်တိုင်းများက ၁၉၇၉ ခုနှစ်၊ ဖြေလကုန်ထိ လှူဒါန်းငွေစာရင်း

စဉ်	ပြည်နယ်နှင့်တိုင်း	၁၉၇၉-ခု၊ မတ်လအထိ လှူဒါန်းငွေ	၁၉၇၉ ခု၊ ဧပြီလအတွင်း လှူဒါန်းငွေ	၁၉၇၉ ခု၊ ဧပြီလကုန်ထိ စုပေါင်း	မှတ်ချက်
၁။	ကချင်ပြည်နယ်	၂၀၈၃၆၆၈ ၀၇		၂၀၈၃၆၆၈ ၀၇	
၂။	ကယားပြည်နယ်	၆၉၃၆၁၃	၅၀၀၀၀	၇၄၃၆၁၃	
၃။	ကရင်ပြည်နယ်	၁၀၆၁၉၀၁ ၂၅		၁၀၆၁၉၀၁ ၂၅	
၄။	ချင်းပြည်နယ်	၄၇၆၇၀၈		၄၇၆၇၀၈	
၅။	စစ်ကိုင်းတိုင်း	၂၄၉၆၂၁၅ ၃၀	၂၅၀၀၀	၂၅၂၁၂၅ ၃၀	
၆။	တနင်္သာရီတိုင်း	၉၅၀၉၅၉ ၃၅		၉၅၀၉၅၉ ၃၅	
၇။	ပဲခူးတိုင်း	၂၇၁၉၄၄၃ ၁၅		၂၇၁၉၄၄၃ ၁၅	
၈။	မွန်ပြည်နယ်	၂၃၂၀၉၅၅ ၆၀		၂၃၂၀၉၅၅ ၆၀	
၉။	မန္တလေးတိုင်း	၂၁၀၇၁၉၉ ၁၀	၁၁၀၀	၂၁၀၀၃၇၉ ၁၀	
၁၀။	မကွေးတိုင်း	၂၉၉၅၇၁၄ ၀၀	၁၀၀	၂၉၉၅၇၁၄	
၁၁။	ရခိုင်ပြည်နယ်	၁၀၇၆၅၅၄ ၄၂	၁၇၀၈၃ ၉၀	၁၀၉၃၅၄ ၃၂	
၁၂။	ရှမ်းပြည်နယ်	၂၀၉၄၇၀ ၀၃	၀၂၃၄၃	၂၂၀၁၀၆၃ ၀၃	
၁၃။	ရန်ကုန်တိုင်း	၅၆၀၉၀၇၂ ၃၁	၅၅၂၃၀ ၆၀	၅၆၂၀၁၀ ၉၁	
၁၄။	ဧရာဝတီတိုင်း	၅၉၃၉၂၂၃ ၀၀	၃၂၂၁၉၆ ၄၀	၆၂၀၁၂၂ ၂၀	
		၃၂၂၃၉၆၆၂ ၅၄	၉၅၃၀၀၀-၉၀	၄၄ ၉၂၂၄၂၂၉	



ပန်းချီတင်လှဝင်းဆင်

အောင်မြင်မဆုံး အောင်လေဦး

စစ်ကိုင်းကြည့်တွန့်

"မြတ်စွာဘုရား၊ တစည်ပင်သည် ချမ်းသာမှုကို ဘရင်းပြု၍ ချမ်းသာမှုကို စရိုင်စေ၏၊ ဆင်းရဲမှုကို ဘရင်းပြုမှသာလျှင် ချမ်းသာမှုကို ရိုင်စေသည် ဟု၍ သစ္စာစေပါတ်ပါသည်"

တတိယသုံးနှစ်ခန်း ၃၄ ဂု

ယင်းသို့ ဖော်ပြခဲ့သည့် မြတ်စွာဘုရားကိုယ်တော်တိုင်က ထောက်ခံတော်မူခဲ့သည့် "ချမ်းသာမှုကိုအရင်းပြု၍ ချမ်းသာမှုကို မရနိုင်ချေ။ ဆင်းရဲမှုကိုအရင်းပြုမှသာလျှင် ချမ်းသာမှုကို ရနိုင်ပေသည်" ဟူသော ဗောဓိမင်းသား၏ စကားကို ကျွန်တော် အလွန် သဘောကျနှစ်သက်မိပါသည်။ အကြိမ်ပေါင်းများစွာ ထောက်ခံပါသည်။

ကျွန်တော် တွေ့ကြုံသိမြင်ခဲ့ရသမျှသော အကြောင်းအရာများဖြင့် နှိုင်းယှဉ်ကာ စစ်တမ်းထုတ်ကြည့်မိပါသည်။ **သူသူငါငါ သာမန်လူစားများဖြင့် စစ်တမ်း** ထုတ်သည်ကို အပထား၍ ယခု မျက်မှောက်ကာလ သာသနာသမိုင်း၌ အပေါ်လွင်ဆုံး အထင်ရှားဆုံး အောင်ပွဲအရဆုံး ဖြစ်တော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး၏ ဖြစ်တော်စဉ်များဖြင့် နှိုင်းယှဉ်ကာ စစ်တမ်းထုတ်မိသည်ကို ဤတတိယသုံးနှစ်ခရီး စာစောင်၌ ရေးသားတင်ပြလိုပါသည်။ ဗောဓိမင်းသား၏စကားကို သက်သေထုတ်၍ ထောက်ခံလိုပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး၏ များလှစွာသော အောင်ပွဲတို့ထဲမှ ထုတ်နုတ်၍-

(က) တိပိဋကဓရအဖြစ် အောင်ပွဲရခြင်း

(ခ) ဆဋ္ဌသင်္ဂါယနာတော်ဝယ် အဖြစ် အောင်ပွဲရခြင်း

(ဂ) ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်ကျမ်းပြု အဖြစ် အောင်ပွဲရခြင်း

(ဃ) နှိုင်ငံတော် သံဃမဟာနာယကအဖွဲ့အတွင်း ရေးမှူးချုပ်အဖြစ် အောင်ပွဲရခြင်း

(c) တိပိဋကနိကာယနှင့် နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ကြီးများကို တည်ထောင်အောင်ပွဲရခြင်း

ဟူသော အောင်ပွဲကြီးများကို ရရှိခဲ့ရာ၌ မည်မျှလောက်ဆင်းရဲမှုကို အရင်းပြုခဲ့ရကြောင်းကို ကျွန်တော် သိရှိရသမျှ ဖော်ပြပါမည်။



ဟူ၍ ဗောဓိ မင်းသားက မြတ်ဗုဒ္ဓ ရှင်တော်ဘုရားအား လျှောက်ထားခဲ့ပါသည်။

ထိုအခါ မြတ်စွာဘုရားရှင်က ဗောဓိမင်းသား၏ စကား မှန်ကန်ကြောင်းကို ကိုယ်တော်တိုင်လက်တွေ့ ဖြစ်ခဲ့ရသည့် ကြီးကျယ်မြင့်မြတ်လှစွာသော မင်းစည်းစိမ်ကို စွန့်လွှတ်ခဲ့၍၊ အလွန်တရာ ပင်ပန်းဆင်းရဲ ခက်ခဲလှစွာသော ဒုက္ကရအကျင့်များကို ခြောက်နှစ်တိုင်တိုင် ကျင့်သုံးခဲ့ပြီးမှ အတုကင်းပ သုံးလောကထွတ်ထား သဗ္ဗညုဘုရား ဖြစ်ခဲ့ရပုံများကို အကျယ်တဝင့် ဖွင့်ဆို ဟောကြားတော်မူပြီး ထောက်ခံတော် မူခဲ့ပါသည်။
(မ၊ ၂။ ၂၇၇)

(က) တိပိဋကရေးဆောင်ပွဲရခြင်း

တိပိဋကရေး အောင်ပွဲရခြင်းနှင့်ပတ်သက်၍ပညာရှိများစွာတို့က အသေးစိတ်၍ များစွာချီးမွမ်းခဲ့ကြပြီးဖြစ်၍ စာရှုသူများစွာ သိရှိခဲ့ကြပြီးဖြစ်ပါသည်။ ဤနေရာ၌ အကျယ်ခဲ့. စာဖွဲ့၍ ရေးပြရန် လိုမည်မထင်ပါ။ လိုအပ်သမျှသာ အကျဉ်းကလေး ရေးပြချင်ပါသည်။

တိပိဋကရေးဟူသော ဘွဲ့မှာ ပိဋကသုံးပုံ ဆောင်နိုင်သူဟူ၍ အဓိပ္ပာယ်ရှိပါသည်။ ပိဋကသုံးပုံဟူသည် မှာလည်း သင်ရိုးသင်စဉ်ရှိသည့် ပိဋကတ်တော်များသာ ဖြစ်ပါသည်။ သင်ရိုးသင်စဉ်မရှိသည့်ကျမ်းအပ်ပိဋကတ်တော်များ မပါဝင်ပါ။ ယင်းသင်ရိုးပိဋကတ်တော်၏အတိုင်းအတာမှာ-

၁။ ပါရာဇိက၊ ပါစိတ္တိယ၊ မဟာဝဂ္ဂ၊စူဠဝဂ္ဂ ပရိဝါရဟူသော ဝိနည်းပိဋကတ် စာအုပ်ကြီး ငါးအုပ်၊ စာမျက်နှာပေါင်း ၂၂၆၀။

၂။ သီလက္ခန္ဓဝဂ္ဂ၊ မဟာဝဂ္ဂ၊ ပါထိကဝဂ္ဂ ဟူသော ဒီဃနိကာယ်၊သုတ္တန်ပိဋကတ် စာအုပ်ကြီးသုံးအုပ်၊ စာမျက်နှာပေါင်း ၇၀၂။

၃။ ဓမ္မသင်္ဂဏီ၊ ဝိဘင်္ဂ၊ ဓာတုကထာ၊ ပုဂ္ဂလပညတ္တိ၊ ကထာဝတ္ထု၊ ယမက၊ ပဋ္ဌာန ဟူသော အဘိဓမ္မာပိဋကတ်စာအုပ်ကြီးတစ်ဆယ့်နှစ်အုပ်၊ စာမျက်နှာပေါင်း ၄၉၄၄။

အားလုံး သင်ရိုးပိဋကသုံးပုံစာအုပ်ကြီး နှစ်ဆယ်၊ စာမျက်နှာပေါင်း ၇၉၀၃ ဟု အတိုင်းအတာပမာဏကြီးမား များပြားလှပေသည်။ ဤမျှကြီးမားများပြားလှသည့် စာပေများမှာ မြန်မာဘာသာဖြင့်ရေးသားထားသည်မဟုတ်ပါ။ ဟိုရွေးနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်အခါက ပြောဆိုသုံးစွဲခဲ့သည့် မဂဓတိုင်းသုံးပါဠိဘာသာဖြင့် ရေးသားထားခဲ့ပါသည်။

သာမန် ပုဂ္ဂိုလ်တစ်ယောက်အတွက် ဤကဲ့အစွမ်းဝိရိယအစွမ်းများကို အားကိုး၍ ''တိပိဋကဓရ'' ဘွဲ့ရထောင် လုပ်မည်ဟု ဆုံးဖြတ်၍ နေမော တဿ မှစ၍ ပတ်ကာ ကျက်ကာဖြင့် စာပတ်ရံ ကျက်ရံဖြင့် ရနိုင်ထောင်နိုးလိမ့်မည်မဟုတ်ပါ။ ရွေးဦးစွာ ပြုလုပ်သင့်သည့် လုပ်ငန်းစဉ်များကို ကြိုတင်၍ တတ်သိလိမ်မာထောင် သင်ယူရဓေသးသည်၊ ယင်းကို အကျဉ်းချုပ်မှ ပော်ပြပါရဓေ၊

မြန်မာဘာသာကိုသာ တတ်သိ၍ မြန်မာစကား ပြောဆိုသည့် မြန်မာတစ်ယောက်မှသာပြစ်သော ဆရာတော် အလောင်းအလျာသည် မြန်မာစာအခြေခံကကြီး၊ ခခွေးမှ စ၍ သင်ပုန်းကြီး ကုန်ပြီးနောက် ပါဠိဘာသာနှင့် ရင်းနှီးစေရန် ပါဠိဘာသာဖြင့် ရေးထားသည့် မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး တစ်ဆယ့်တစ်သုတ်တို့ကို ဖတ်ရသည်၊ ကျက်ရသည်၊ ပြန်ရ အံရသည်။ နိဿယနည်းမြန်မာပြန်ဖြင့် တွဲ၍ဖတ်ရသည်။ ကျက်ရသည်၊ ပြန်ရ အံရသည်။

ထို့နောက်မှ တစ်ဆင့်တက်၍ ပါဠိဘာသာ၏ သဘောအဓိပ္ပာယ်နှင့်ဗုဒ္ဓအဘိဓမ္မာ၏သဘောအဓိပ္ပာယ်များကို အခြေခံဖြင့် အကျဉ်းချုပ် တတ်သိနားလည်စေရန် သဒ္ဒါကြီးရှစ်စောင်နှင့် မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်း၊ အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိဟ်ကျမ်းများကို ဆရာထံ၌ တက်ရသည်။ ကျက်ရသည်။ ပြန်ရသည်။ အံရသည်။ ဆိုင်ရာသဘောအဓိပ္ပာယ်များကို ဖတ်ရကြည့်ရသည်။ ဆိုင်ရာအဖွင့်ကျမ်း၊ ဋီကာကျမ်း၊ မြန်မာစကားပြေကျမ်းများကို ဆရာထံ တက်ရသည်။ ကြည့်ရ ဖတ်ရသည်၊ လေ့လာရသည်။ အရကျက်သင့်သမျှ အရကျက်ရသည်။

ထို့ပြင်အဘိဓာန်ကျမ်း၊ဆန်းကျမ်း၊အလင်္ကာကျမ်း၊ ဘေဒစိန္တာကျမ်း၊ ကစ္စာယနသာရကျမ်း စသော သဒ္ဒါငယ်ကျမ်းများကို ဆရာထံ၌ တက်ရသည်။ ကျက်ရသည်။ ဖတ်ရသည်။ ပြန်ရ အံရသည်။ အဓိပ္ပာယ်ကြည့်ရသည်။ ဆိုင်ရာအဖွင့်ကျမ်း၊ ဋီကာကျမ်းများကို တက်ရသည်။ ကြည့်ရသည်။

အဘိဓမ္မာဆိုင်ရာ ညဝါဟူ၍ခေါ်သော မာတိကာ အရေးကောက်ကျမ်း၊ ဓာတုကထာ အရေးကောက်ကျမ်း၊ ယမိုက် အရေးကောက်ကျမ်း၊ ပဋ္ဌာန်းအရေးကောက်ကျမ်းများကို ညအခါ၌ ဆရာထံတက်ရသည်။ ဆရာပြောပြရုံဖြင့် အလွတ်လိုက်၍ ဆိုရသည်။ ယင်းညဝါကျမ်းများ၏ အခြေခံသရုပ်ခွဲခြင်း၊ ဝိထိဆုခြင်း၊ သုံးချက်စုံနှင့် ပစ္စည်းပြိုင်များကို တစ်ဖက်တစ်လမ်း ကြွေတင်လေ့လာရသည်။ သဒ္ဒါဆိုင်ရာ ပုဒ်စစ်၊ သုတ်စစ်၊သဒ္ဒါစစ် စသည်တို့ကိုလည်း ကျက်ရ၊ မှတ်ရ၊ လေ့လာရသည်။ ယင်းသို့ တိပိဋက အခြေခံကျမ်းများကို ကျွမ်းကျင်လိမ္မာစေရန် ရက်၊ လ၊ နှစ် များစွာလေ့လာရသည်။ အထပ်ထပ်တက်ရ၊ ကျက်ရ ပြန်ရ၊ အံရသည်။ ကျွမ်းကျင်ကြောင်း တတ်ခြင်ကျွမ်းကျင်ကြောင်းများကို သက်သေခံ ရဓေရန်အတွက် ပထမငယ်ဘဏ်း၊ ပထမလတ်ဘဏ်း၊ ပထမကြီးတန်းများ၊ ပရိယတ္တိသာသနာ

ဟိတ စာမေးပွဲခေါ် မန္တလေးမြို့ သကျသီဟစာမေးပွဲ စာသင်တန်းများကို စမ်းသပ်ဖြေဆိုရသည်။

ယင်းစာမေးပွဲများကိုအောင်မြင်ပြီးနောက်မှ ဆရာနည်းကျကျ ဝါကျခွဲပုံ၊ တက်ပုံ၊ ထွက်ပုံ နည်းအမျိုးမျိုးဖြင့် စောဒနာပုံ၊ သောဓနာပုံ၊ ဥသ်နည်း အရကောက်ပုံ၊ နေတ္တိနည်း အရကောက်ပုံ၊ အလင်္ကာနည်း အရကောက်ပုံ၊ ယမိုက်နည်း အရကောက်ပုံ၊ ပဋ္ဌာန်းနည်း အရကောက်ပုံ၊ ပဋ္ဌာန်းပစ္စည်းပြိုင်ပုံ၊ နည်းလေးဆယ်၊ ဥပစာဆယ်ပါး၊ သံဝဏ္ဏနာနည်းများ ကြိယာဝါဒ်တန် ကောက်ပုံများ စသည့် နည်းမျိုးပေါင်း အစုံအလင်ကို တတ်ကျွမ်း နားလည်အောင် ပါရာဇီကဏ် အဋ္ဌကထာ၊ သီလက္ခန်အဋ္ဌကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာဟူသောအဋ္ဌကထာကြီးသုံးကျမ်းကို ဆရာထံမှာတက်၍ သင်ယူရသည်။ ကိုယ်တိုင် လေ့လာဖတ်ရှုရသည်။

ဖော်ပြခဲ့သည့် အဋ္ဌကထာကြီးသုံးကျမ်းကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်လိမ္မာတတ်သိပြီဟုယူဆမှ စမ်းသပ်၍ အစိုးရစာမွာစရိယတန်းနှင့် သကျသီဟ ဓမ္မာစရိယတန်းများကို ဝင်ရောက်ဖြေဆိုရသည်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်အလျာ မင်းကွန်းဆရာတော်ကြီးသည်မူကား သကျသီဟဓမ္မာစရိယဘန်းကို စာသင်တန်းအောင်ပြီး နှစ်မခြားဘဲ အဋ္ဌကထာကြီး သုံးကျမ်းကို ဖြေဆို၍ အောင်မြင်တော်မူခဲ့သောကြောင့် ပရိယတ္တိ သာသနာဟိတ စမ္မာစရိယဝင္ဒ သကာဘွဲ့ကို ရရှိခဲ့သည်။ အစိုးရဓမ္မာစရိယတန်းကိုလည်း အလွယ်တကူ အောင်မြင်တော်မူသောကြောင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

ဤသို့ ရက်၊ လ၊ နှစ်ဖြင့်ချီ၍ တိပိဋကအခြေခံစာပေများကို သင်အံလေ့ကျက်ကာ ဆင်းရဲပင်ပန်းစွာ ကြိုးစားပမ်းတေ်မူပြီးကာမှ ဖော်ပြခဲ့သည့် များပြားကြီးကျယ်လှသည့် ပိဋကသုံးပုံကို စတင်လေ့လာနိုင်ပါသည်။ လွယ်လွယ်ကလေး မြန်မာစာဖတ်တတ်ရုံမျှဖြင့် လေ့လာနိုင်သည် မဟုတ်ပါ။

ဤနေရာ၌ စာရှုသူ တွေးကြည့်စမ်းပါ။ သာမန်လူတစ်ယောက်အတွက် မင်္ဂလသုတ်တစ်သုတ်မျှ အရကျက်ရန် ခက်လှပါသည်။ ဓမ္မာစကြာတစ်သုတ် အရကျက်ရန် ခက်လှပါသည်။ ကျက်လို့ရပြီး မမေ့အောင် ဆောင်ထားရန် ခက်ပြန်ပါသည်။ ဆောင်နိုင်ပြီးလည်း ဘယ်နေရာကစ၍ ဘယ်အထိ ပြန်ဆို၍ပြပါဟု ခိုင်းကပြန်ဆို၍ပြနိုင်ရန် ခက်ပြန်ပါသည်။ ပြန်ဆိုနိုင်ပါလျှင်လည်း ဘယ်ပါဠိက ဘယ်လိုအနက်ရှိသည်။ ဘယ်လို အဓိပ္ပာယ်ရှိသည်ကိုမေးလျှင် ဖြေနိုင်ရန် ပို၍ခက်ပါသည်။ ဤမျှတင်္သိနားလည်ရန်အတွက် ကြိုးစားလေ့ကျက်ရသည်မှာ အဘယ်မျှလောက် ပင်ပန်းဆင်းရဲလိုက်ပေလိမ့်မည်နည်း။

စိတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးကား ပင်ပန်းဆင်းရဲစွာ ပိဋကတ်အခြေခံစာများကို လေ့လာတတ်မြောက်ခဲ့ပြီးနောက် ဖော်ပြခဲ့သည့် မင်္ဂလသုတ်နှင့် ဓမ္မစကြာသုတ်တို့ထက် အဆပေါင်းများစွာကြီးမား များပြား ခက်ခဲနက်နဲလှသော ပိဋကသုံးပုံစာအုပ်ကြီးနှစ်ဆယ်(၂၀)၊ စာမျက်နှာပေါင်း ၇၉၇၃ ကို အရကျက်ခဲ့သည်။ ဆောင်ထားနိုင်ခဲ့သည်။ ဖြတ်ကျော်ခုန်လွှား၍ မေးချင်းရာမေး၊ ပြန်ဆိုနိုင်ခဲ့သည်။ အဓိပ္ပာယ်သဘော ခဲရာခက်ဆစ် မေးချင်သလို မေး၍ ဖြေနိုင်ခဲ့သည်။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းမည်မျှလောက် ပင်ပန်းဆင်းရဲစွာ လေ့လာကြိုးစားခဲ့ရလေမည်နည်း။ လွယ်လွယ်ကူကူ စားကာ သောက်ကာ ရယ်ကာ ပြုံးကာဖြင့်ကား မဟုတ်နိုင်ပါခြေ။ ဆင်းရဲပင်ပန်းခြင်းကို အရင်းပြုကာသာ စိတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအောင်ပန်းကို ဆင်မြန်းခဲ့ရခြင်းဖြစ်ပေလိမ့်မည်ဟူ၍ လွယ်လွယ်ကလေး ဆုံးဖြတ်သိနိုင်ပါသည်။

(ခ) ဆဋ္ဌသံဂီတိဒိဿဓုရဟဖြစ် အောင်ပွဲရခြင်း

မြန်မာပြည်၌ သာသနာသမိုင်း တွင်လောက်အောင် ထင်ရှားသည့် အလုပ်ကြီးတစ်ခုကို လုပ်ဆောင်ခဲ့သည်။ ယင်းအလုပ်မှာ ဆဋ္ဌသံဂါယနာတင်ပွဲ ဆင်နွှဲခဲ့ခြင်းဖြစ်သည်၊ သံဂါယနာတင်ပွဲဟူသည်မှာ သာသနာနှစ်ပေါင်းနှစ်ထောင်ငါးရာ၌ ခြောက်ကြိမ်သာပြုလုပ်နိုင်ပေသေးသည်။ ယခု မြန်မာပြည်က ထေရဝါဒဖြစ်သည့် သီဟိုဠ်၊ ကမ္ဘောဒီးယား၊ ယိုးဒယား၊ လာအို ဟူသော နိုင်ငံတို့နှင့် ပူးပေါင်း၍ နောက်ဆုံး ခြောက်ကြိမ်မြောက် သံဂါယနာတင်ခြင်း ဖြစ်သည်။

ဆဋ္ဌသံဂါယနာတင်ရာ၌ ဆရာတော် သံဃာတော်များသည်။

၁။ သဂီတိကာရကနာယက (သံဂါယနာအကြီးအမှူး) တာဝန်

၂။ ဩဝါဒါစရိယ (သံဂါယနာ ဩဝါဒပေး) တာဝန်

၃။ သဂီတိဘာရနိဋ္ဌာရက (သံဂါယနာ ဝန်ဆောင်) တာဝန်

၄။ သဂီတိဝိနာယက (သံဂါယနာ စီမံခန့်ခွဲရေး) တာဝန်၊

၅။ သဂီတိအာရက္ခက(သံဂါယနာ စောင့်ထိန်းရေး) တာဝန်၊
၆။ ကထာဝိဿဇ္ဇက (စုံစမ်းရေး) တာဝန်၊
၇။ ပဝကွသမွဝေဓက (သတင်းပြန်ကြားရေး) တာဝန်၊
၈။ သဂီတိပုစ္ဆက (သံဂါယနာအမေး)တာဝန်
၉။ သဂီတိဝိဿဇ္ဇက (သံဂါယနာအဖြေ) တာဝန်
၁၀။ ဝေယျာဝစ္စကရ (အမှုဆောင်) တာဝန်
၁၁။ ဘတ္တုဒ္ဒေသက (ဆွမ်းညွှန်း) တာဝန်
၁၂။ ဩသာနသောဓေယျ (နောက် ဆုံး အပြီးသတ် ပါဠိပြင်) တာဝန်
၁၃။ ပါဠိပဋိဝိသောဓက (ပါဠိထပ်မံ ပြင်ဆင်ရေး) တာဝန်
၁၄။ ပါဠိမူလဝိသောဓက (ပါဠိအခြေခံ ပြင်ဆင်ရေး) တာဝန်
၁၅။ သဂီတိပါဠိပါဌက(သံဂါယနာတင် ခေါင်းဆောင်ရွတ်ဖတ်ရေး) တာဝန်

ဟူ၍ တာဝန်ကြီး ၁၅ မျိုး ခွဲဝေ၍ တာဝန်ထမ်းဆောင်ကာ ဆဋ္ဌသံဂါယနာဟောင်ပွဲကို ဆင်နွှဲတော်မူခဲ့ကြပေသည်။

ယင်းတာဝန် ၁၅-မျိုးတွင် ၉—နံပါတ် သံဂါယနာအဖြေတာဝန်မှာ အလွန်ခက်ခဲ၍ ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်အရှားပါးဆုံး တာဝန်ကြီးတစ်ရပ်ဖြစ်ပေသည်။ ယင်း တာဝန်ကြီးကို ထမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်ကို ထေရဝါဒ ငါးနိုင်ငံမှ ကြွလာကြသည့် သံဃာတော်များအထဲမှ စူးစမ်းရှာဖွေသော အခါ ဘိပဋကဓရ မင်းကွန်းဆရာတော်အရှင် ဝိစိတ္တသာရာဘိဝံသမှတစ်ပါး အခြားသော ပုဂ္ဂိုလ်ကို ရှာဖွေ၍ မတွေ့ရပဲ ဖြစ်နေပေသည်။

ထို့ကြောင့် ဆရာတော်ကြီးများသည် တိပဋကဓရ အရှင် ဝိစိတ္တသာရာဘိဝံသအား ဓမ္မဘဏ္ဍာဂါရိက (တရားဘဏ္ဍာတိုက်စိုး) ဘွဲ့ကို အပ်နှင်းပြီး သဂီတိဝိဿဇ္ဇက(သံဂါယနာအဖြေ) တာဝန်ကို ထမ်းဆောင်ပါရန် တိုက်တွန်းတော်မူကြသောကြောင့် တိပိဋကဓရ မင်းကွန်းဆရာတော်က လက်ခံတာဝန်ယူခဲ့ရသည်။

ယင်း သံဂါယနာအဖြေတာဝန်သည်ကား၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီး ခါဝ ပထမ သံဂါယနာတင်စဉ်အခါကပင်လျှင် အရှင်အာနန္ဒာနှင့် အရှင် ဥပါလိတို့နှစ်ပါး ခွဲဝေ၍ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကြီးလေးလှသည့် ဧရာမတာဝန်ကြီး ဖြစ်ခဲ့သည်။ ယင်း တာဝန်ကြီးကို ယခု ဆဋ္ဌသံဂါယနာတင်ပွဲ၌ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးမှ ထမ်းဆောင်တာဝန်ယူထမ်းဆောင်တော် မူခဲ့ရပေသည်။ ဆဋ္ဌသံဂါယနာတင်ပွဲ အစမှအဆုံးတိုင်အောင် ကြိုးစားဆောင်ရွက်ခဲ့ရသည်။

သဂီတိဝိဿဇ္ဇက (သံဂါယနာအဖြေ) တာဝန်ဟူသည်မှာ သဂီတိပုစ္ဆက ပုဂ္ဂိုလ်က ပိဋကသုံးပုံ သင်ရိုးပို့ဋကစာအုပ်ကြီး ၂၀-ထဲမှ မေးသမျှကို ဖြေဆိုရသည့် အလုပ်ကြီးဖြစ်သည်။ အမေးပုဂ္ဂိုလ်က မေးချင်သည့် သုတ်နှင့် သိက္ခာပုဒ်များဆိုင်ရာ—

၁။ နိဒါန - ဟောကြားရခြင်း အကြောင်းအရာ
၂။ ဌာန - ဟောကြားသည့် အရပ်
၃။ ကာလ - ဟောကြားသည့် အချိန်
၄။ ပုဂ္ဂလ - ဟောကြားသည့် တရားကို ခံယူသူ
၅။ ဓမ္မ - ဟောကြားသည့် တရားတော် အကြောင်းအရာများကို စိစစ်မေးမြန်းသည်၊ ယင်းမေးသမျှကို အဖြေဆရာတော်က ဖြေဆိုရပေသည်။ ယင်းသို့ ဖြေဆိုရာ၌ စာတက်၍ ပိဋကတ်ကို တတ်သိနားလည်ရုံဖြင့် မပြီးပါ။

၁။ ကျန်းမာရေးနှင့် ပြည့်စုံခြင်း
၂။ စကားအသုံးအနှုန်း အစီအစဉ် ကောင်းမွန်ပြည့်စုံစွာ ပြောနိုင်ခြင်း
၃။ အသံ ညြောနှင့် ပြည့်စုံခြင်း
၄။ ရှင်လူ ပရိသတ်ထဲ၌ ရဲရင့်ခြင်း
၅။ တစ်နာရီခန့်အတွင်း၌ ဟည်ငြိမ်စွာ ထိုင်၍ မရပ်မနားပဲ ကရားရေလွတ်သကဲ့သို့ ဖြေဆိုနိုင်ခြင်း

ဟူသော အင်္ဂါလက္ခဏာများဖြင့် ပြည့်စုံရမည် ဖြစ်ပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော်ကြီးသည်ကား ဖော်ပြခဲ့သည့် အခြင်းအရာ အင်္ဂါလက္ခဏာများဖြင့် ပြည့်ဝစုံလင်သောကြောင့် သံဂါယနာအဖြေတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့သည်။ ယင်းသို့ ထမ်းဆောင်သည်မှာ တစ်ရက် ၂၈၉နေ့မျှသာ မဟုတ်ပါ။ နေ့ဝဉ်ရက်ဆက် မပျက်မကွက်စေဘဲ ဆဋ္ဌသံဂါယနာ တင်နေသည့် ကာလ ၁၃၁၆ ခုနှစ်မှ ၁၃၁၈ ခုနှစ်အထိ နှစ်နှစ်ကြာသည့် အထိ ပထမသင်္ဂါယနာမှ ပဉ္စမသင်္ဂါယနာတို့အထိ သင်္ဂါယနာကြီး ငါးကြိမ်တိတိ အပြည့်အဝ တာဝန် ထမ်းဆောင်ခဲ့ပါသည်။

ယင်းသို့ ပင်ပင်ပန်းပန်း ကြိုးကြိုးစားစားအချိန်များစွာ ဆင်းရဲခြင်းကို ရင်းနှီးခံယူကာဆောင်ရွက်ခဲ့ပြီးမှသာ ဆဋ္ဌသင်္ဂီတိဝိဿဇ္ဇကအဖြစ်ဖြင့် အောင်ပွဲကို ဆင်နွှဲနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

(၈) ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်ကျမ်းပြုအဖြစ် အောင်ပွဲရခြင်း

"ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်ရာ၏"

ဟူသော ရှေးမြန်မာပညာရှင်များ ရေးသားမိန့်မှာသည့်လင်္ကာအတိုင်းပင်လျှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရား၏ ဥာဏ်ပညာကြီးမားပုံ၊ စိတ်ထား သဘောထား ကောင်းမြတ်ပုံများကို မြန်မာပြည်တလွှား ရှင်လူအများက ထင်ရှားစွာ သိကြသည်။

ထိုစဉ်အခါက ဝန်ကြီးချုပ်ဖြစ်သူက မြန်မာစာပေသမိုင်း၌ လစ်ဟပ် လိုအပ်လျက်ရှိသော ပြည့်ဝ စုံလင်သည့် ဗုဒ္ဓဝင်ကျမ်းကြီးတစ်စောင်ကို ဆရာတော် ရေးသားပြုစုပါလျှင် အောင်မြင် ပြီးမြောက်နိုင်မည် ဖြစ်ကြောင်း တထစ်ချ ဆုံးဖြတ်သိရှိပေရကား ဆရာတော်ဘုရားအား "မြတ်စွာဗုဒ္ဓနှင့် စပ်ဆိုင်သမျှအကြောင်းအရာ မှန်ပါက အပ်ကျသည်ကိုပင် မကျန်ရစေဘဲ ပြည့်ဝစုံလင်သည့် ဗုဒ္ဓဝင်ကျမ်းကြီးတစ်ဆူ ပြုစုတော်မူပါဘုရား" ဟူ၍ လျှောက်ထား တောင်းပန်ပေသည်။

ယင်းတောင်းပန်ချက်အရတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားသည် ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားပြုစုတော် မူခဲ့ပါသည်။ ယင်းဗုဒ္ဓဝင်ကျမ်းကြီးသည်ကား မြန်မာစာပေသမိုင်း၌ ပေါ်ထွက်ခဲ့သမျှဗုဒ္ဓဝင်ကျမ်းများတွင် အကြီးမားဆုံး၊ အကျယ်ပန်းဆုံး၊ အပြည့်စုံဆုံး၊ အခိုင်မာဆုံး၊ အကောင်းမြတ်ဆုံး ဗုဒ္ဓဝင်ကျမ်းကြီးတစ်ဆူ ဖြစ်ပေသည်။

ယင်းသို့ အကောင်းမြတ်ဆုံး ဗုဒ္ဓဝင်ကျမ်းကြီးတစ်ဆူ ဖြစ်ရခြင်း၏ အကြောင်းကို ရှာကြည့်ပါလျှင် ကျမ်းပြုပုဂ္ဂိုလ်မှာ ဖော်ပြခဲ့သည့်အတိုင်း ပညာပြည့်ဝ၍ နှလုံးလှသော ပုဂ္ဂိုလ်ကျော်ကြီး ဖြစ်သည့်အပြင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနကလည်း လိုအပ်သမျှ အသိပညာရှင် အတတ်ပညာရှင်များ ဟူသော လူအင်အားဖြင့် လည်းကောင်း၊ စာလုံး၊ စက္ကူ၊ စက် ဟူသောပစ္စည်းအင်အားများဖြင့်လည်းကောင်း လိုလေသေး မရှိရုံ၊ ပြည့်ဝစုံလင်စွာ ထောက်ပံ ကူညီနိုင်သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓသာသနာမဟာဗုဒ္ဓဝင် ကျမ်းကြီး သည်ကား အတွဲအား ဖြင့် ၆–တွဲ၊ အုပ်ရေအား ဖြင့် ၈–အုပ်၊ စာမျက်နှာပေါင်း ၅၀၀၀ ကျော်ဖြင့် အနုဒိပနီ၊ အောက်ခြေမှတ်ချက်၊ မှတ်သားဖွယ်အကွာရာစဉ်တို့ဖြင့် ခန့်ညားဝင့်ကြွား တင့်တယ်လှ၍ ဂုဏ်ယူဖွယ် ကောင်းလှပါသည်။

ဤမျှလောက် ခန့်ညား ဝင့်ကြွား ထည်ဝါဂုဏ်မြင့်လှစွာသော ဗုဒ္ဓဝင်ကျမ်းကြီးကို ဆရာဟော်သည် မည်မျှလောက် ဆင်းရဲပင်ပန်းစွာဖြင့် ရေးသားပြုစုတော်မူခဲ့ရပါသနည်း။ ကျွန်တော်တို့ အကဲခပ် လေ့လှာကြည့်ကြပါဦးစို့။

ဆရာတော်သည် ရှေးဦးစွာ ဗုဒ္ဓဝံသပါဠိတော်၊ ဗုဒ္ဓဝံသအဋ္ဌကထာတို့ကိုမဖျော်ဖြေထား၍ ဗုဒ္ဓအကြောင်းအရာ ပါဝင်သမျှ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော ပါဠိစာပေ၊ မြန်မာစာပေ၊ အထွေထွေအစားစားသော စာပေများကို ဖတ်ရှုလေ့လာတော်မူရသည်။ ဖတ်ရှု၍ စုံလင်စွာ ပိုင်ပိုင်နိုင်နိုင် သိမြင်ပြီးမှ ကိုယ်တော်တိုင် လက်နှိပ်စက်ဖြင့် စိတ်တိုင်းကျ ရိုက်နှိပ်ကာ သာသနာ့ရေးဦးစီးဌာန ပုံနှိပ်တိုက် စာပြင်မှုးချုပ်ထံသို့ လိပ်မူလျက် ပို့ပေးသည်။

ယင်းစာမူကို ပုံနှိပ်တိုက်စာပြင်၊ စာစီ၊ စက်ဆရာများက မှန်ကန်အောင် "ပထမဖတ် စာဖောင်" ပြုလုပ်၍ ဆရာတော်ထံသို့ ပို့ရသည်။ စာမူမှဂယ်လီပရူး၊ ဖောင်ပရူကြမ်းဖြစ်လာပြီးယင်း ပထမဖတ် စာဖောင်ကြမ်းကိုဆရာတော်က တစ်လုံးမကျန်ရအောင် အပြန်အလှန် အလှန်လှန် ဖတ်ရှုတော်မူ၍ ကြိုက်သလိုပြင်ဆင်တော်မူသည်။ ပြီးမှ သဘောကျမှ ပုံနှိပ်တိုက်သို့ ပြန်ပို့လိုက်သည်။

ယင်း ပထမဖတ် စာဖောင်ကိုပင် ပုံနှိပ်တိုက်ကထပ်မံ၍ ဆရာတော်မူအတိုင်းကျအောင် ပြင်ဆင်ကာ စာမျက်နှာအချောဖွဲ့၍ "ပရူဖောင်" ဟု မှတ်ကာ ဆရာတော်ထံ ပြန်ပို့ရသည်။

ယင်း "ပရူဖောင်"ကိုလည်း ဆရာတော်က ပြန်၍ ဖတ်ရသည်။ အနေအထား စာသားများ မှန်ကန်ပြီး ဆရာတော် စိတ်တိုင်းကျပြီဆိုမှ ပုံနှိပ်တိုက်သို့ ရိုက်နှိပ်ရန် အမိန့်ပေးသည့် "ရိုက်ဖောင်" အဖြစ် ပို့လိုက်သည်။

ယင်းရိုက်ဖောင်ကို ပုံနှိပ်တိုက်ကစိတ်ချစွာ ပြင်ဆင်ကာ စက်တင်၍ စက္ကူချောပြင့် ဖောင်ချောရိုက်၍ ဆရာတော်ထံသို့ ဆက်ကပ်ရသည်။

ယင်း ဖောင်ချောဖြစ်လာသောအခါ၌လည်း ဆရာတော်က လက်မလွှတ်ရသေးချေ၊ တစ်လုံးမကျန် ထပ်မံ၍ ဖတ်ရသေးသည်၊ ဘယ်နေရာမှာ ဘာလိုသည်၊ ဘာကို ထပ်မံဖွင့်ပြသည့် အနုဒီပနီမှာ ထည့်သင့်သည်များကို စိစစ်ကြည့်ရသည်၊ ရေးသင့်သည့် အနုဒီပနီကို ထပ်မံရေးရသည်။

ဤသို့လျှင် ဆရာတော်သည် ရှာဖွေကြံဆစာမူရေးပြီးမှပင်လျှင် ဖောင်ချောဖြစ်ရန်အကြိမ်များစွာဆင်းရဲခံကာ ဖတ်ရှုဖော်မူရပါသည်။ စာဘစ်မျက်နှာ မကပါ။ စာမျက်နှာ ၁၆ မျက်နှာကို တစ်ဖောင်ဖွဲ့ထားသည့် စာဖောင်များစွာ ဖြစ်ပါသည်။

ပိုမိုထင်ရှားအောင် ရေးပြရမည်ဆိုလျှင် စာရှုသူဖတ်ရှုရသည့် ကြီးမားများပြားပါသည်၊ ပြည့်ဝစုံလင်ပါသည်၊ ခန့်ညားသားနားပါသည်ဟူ၍ ကောင်းချီးသြဘာ ထောမနာပြုရသော ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်ကျမ်းကြီး တစ်စောင်လုံး၌ ဆရာတော်၏ဉာဏ်တော် အစဉ်ဖြင့် မဆင်ခြင် မသုံးသပ်ရသည့်အကြောင်းအရာဟူ၍ မရှိပါ။ ကိုယ်တော်တိုင် မရေးသား မရိုက်နှိပ်သည့် စာတစ်လုံးမျှ မပါဝင်ပါ။ အနည်းဆုံး ငါးကြိမ်လောက်မျှ မဖတ်ရှုသည့် စာဖောင်ဟူ၍ မတွေ့နိုင်ပါ။

စာရှုသူများသည် တစ်ကြိမ်မျှပင် အချိန်ယူ၍ ကြိုးကြိုးစားစား ဖတ်ရှုရသည့်ဗုဒ္ဓဝင်ကျမ်းကြီးဘစ်စောင်လုံးကိုပင် ဆရာတော်၏ ဉာဏ်အမြင်ဖြင့် ဆင်ခြင်သုံးသပ်ပြီး ဖြစ်ပါသည်။ ဆရာတော်ကိုယ်တော်တိုင် ရေးသားရိုက်နှိပ်သည့် စာလုံးများဖြစ်ပါသည်၊ ဆရာတော်ကိုယ်တိုင် အနည်းဆုံး ငါးကြိမ်လောက် ဖတ်ရှုသုံးသပ်ခဲ့ပါသည်။

ဤရွေ့ဤမျှသောက် ဆင်းရဲပင်ပန်းခြင်းကို ရင်နှီးခြင်းပြုပြီးမှသာ ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် ကျမ်းပြုအဖြစ် ဆောင်ပွဝင်ဟူ၍ သမိုင်းတင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

(ဃ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ဆုတွင်းစရုပ်ပုံစာပြုစုခြင်း စောင်ရွှေရခြင်း

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကမင်းကွန်းဆရာတော်ဘုရားကြီးသည်ကား ဆက်တိုက် ဆက်တိုက် ပင်လျှင် မနေမနား ကြီးမားလေးလံလှသော ဝန်ထုပ်ဝန်ပိုးကြီးများကို အချိန်ကာလရှည်လျားစွာ ထမ်းဆောင်၍ လာခဲ့ရမေသည်။ တိပိဋကဓရဖြစ်ရန် ကြိုးစားခဲ့ရသည်။ ဆဋ္ဌသံဂါယနာပွဲ၌ အစားလဲခွင့်မရ ထမ်းဆောင်ခဲ့ရသည်။ ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်ကျမ်းကြီးကို ကြိုးပမ်းပြုစုခဲ့ရသည်။ သက်တော်ရွယ်တော်မှာလည်း ခုနစ်ဆယ် ကျော်သို့ပင် ရောက်ရှိလာခဲ့ပေပြီ။ ပင်ပန်းနွမ်းလျ အားအင်ဆုတ်ယုတ်တော်မူစ ပြုလာခဲ့ပေပြီ။

ယင်းသို့သောအချိန်အခါမှာ အေးချမ်းငြိမ်သက်စွာ နှစ်သက်ရာတရား ပွားများအားထုတ်ကာ ကိုယ်စိတ်နှစ်ပါး အနားယူသင့်လှပေသည်။ သို့သော် ဆရာတော်၏ ကံဇာတာက ဘယ်လိုမျှား ဖန်လာလေသည် မသိ၊ သက်စွန်ကြိုးပမ်း ထမ်းဆောင်ရမည့် သာသနာတော်သန့်ရှင်းတည်တန့်ပြန့်ပွားရေးကိစ္စကြီးက အရှိန်အဟုန်ပြင်းထန်စွာဖြင့် ပေါ်ပေါက်၍ လာခဲ့ပေတော့သည်။

ယင်းကိစ္စကြီးကို အပြီးတိုင်ဆောင်ရွက်ရန်အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး ဖွဲ့စည်းသောအခါ ဆရာတော်မှာ အရေးပါလှသော အတွင်းရေးမှူးချုပ်နေရာမှာ တာဝန်ယူခဲ့ရပြန်သည်။ သက်တော်ငှင့် သက်သာဖြင့် သာမန် အဖွဲ့ဝင်နေရာမှာ မနေရရှာပါလေ။ ဤမျက်မြင်လောကမှာ အသင်းအဖွဲ့တိုင်းဥ်ပင်လျှင် အတွင်းရေးမှူးချုပ်နေရာသည် တာဝန်ကြီးမားအလုပ်များကြောင်းကို စာရှုသူ အသိပင် ဖြစ်ပါလိမ့်မည်။

ဤသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စသည်ကား လွန်စွာ အရေးကြီးလှသည်။ အနည်းငယ်မျှ တိမ်းစောင်းလွဲချော်၍ မရပေ။ တစ်ချက်မျှ ယိမ်းသွားလျှင် သာသနာတော်ကြီး တိမ်းပါးနိုင်ပေသည်၊ သို့စင်မျှလောက် အရေးကြီးလှသော သာသနာ့ကိစ္စကြီးဌ် ဆရာတော်သည် တိမ်းရှောင်၍ အချောင်ခိုနေရန် မသင့်ချေ။ မားမားမတ်မတ် ရှေ့ကန်းမှရပ်၍ တာဝန်ယူမှ ဖြစ်ချမည်။

အကြောင်းမှာ ဆရာတော်သည်တိပိဋကဓရပုဂ္ဂိုလ်ကြီးဖြစ်သည်။ သာသနာ့ အသက်သဖွယ်ဖြစ်သော ဝိနည်းပိဋကတ်ကို အရဆောင်နိုင်သည်၊ ဝိနည်းဂါးကျမ်း အာဂုံပြန်ဆိုတုန်းတ အထောက်အမ မရှိဘဲ ပြန်ဆိုနိုင်သောကြောင့်လည်းကောင်း၊ ရေ.၍ ပြေဆိုရာ၌ရိုး ရိုးအောင်မှတ်ထက် များစွာ ကျော်လွန်၍အောင်သောကြောင့်လည်းကောင်း "ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ မဟာဝိနယာကာရိဒ" ဘွဲထူးကိုလည်း ရရှိခဲ့သည်၊ အာစရိယဝါဒ ဂရုးရှေးသော ဝိနယဝိနိစ္ဆယများကိုလည်း၊ တတိသိ နားလည်သာည်၊ ဤသို့သော

အကြောင်းများကြောင့် သံဃာတော်အများကလည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အတွင်းရေးမှူး တာဝန်ကို ယူရန် တိုက်တွန်းတောင်းပန်၍ ရွေးကောက်တင်မြှောက်ကြသည်။ ဆရာတော်ကိုယ်တိုင်ကလည်း ဤတာဝန်နှင့် စတွဲရားများကို ရှောင်ရှား၍ မသင့်ဟု သဘောပေါက်နားလည်သောကြောင့် ပေးအပ်သည့်တာဝန်ကို ကြည်ဖြူစွာ ထမ်းဆောင်ခဲ့ပေသည်။

အန္တော ဇဋာ ဗဟိဇဋာ–တွင်းပြင်နှစ်ဖြာ ရှုပ်ထွေးလှစွာသော ပါရာဇိကအမှု၊ ကျောင်းကန်လုမှု၊ ဓမ္မအာစရိယမြင့်းခုံမှု တစ်ခုမက များပြားလှစွာသော သာသနာ့ရေးရာ များစွာသော အမှုအခင်းတို့သည်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသို့ တိုက်ရိုက် တစ်ဖြာသွယ်ဝိုက်ကာတစ်နည်း အကြိုးအသေးများစွာ ဆိုက်ရောက်၍လာလေရာ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးမှာ မသက်မသာ ဆင်းရဲပင်ပန်းကြီးစွာဖြင့် ဦးဆောင်ဖြေရှင်းပေး၍ နေရပေသည်။

ယင်းသို့ ဖြေရှင်းပေးနေရသည်မှာ တစ်နေ့၊ တစ်ရက်၊တစ်လမျှမက လပေါင်းများစွာ နှစ်ချီ၍ကြာလာသောအခါ၊ ဆရာတော် တောင့်မထားနိုင်ဘဲ ယိုင်လဲလုမျှ ဖြစ်ရပါလေပြီ။ တိပိဋကဓရ စာမေးပွဲအတွက် တက်ရ ကျက်အံရ ပြန်ရသည်တို့မှာ တစ်ပါးတည်းသာ ကစားဖြင့် လောဘ ဒေါသ မောဟ ကင်းကွာသည့် ချမ်းသာအေးမြသည့် တရားဓမ္မများနှင့် လုံးထွေးရစ်ပတ်၍ နေရသည်။အပူအပင်ကင်းစင်လှချေ၏။

သင်္ဂီတိဝိဿဇ္ဇက အလုပ်တာဝန်ဖြင့် သံဂါယနာတင်နေသည့် တရားတော်များနှင့် ပတ်သက်သည့် အမေးများကို ဖြေဆိုရသည်မှာလည်း လောဘ ဒေါသ မောဟ မပါ အေးချမ်းသာယာလှပါသည်။ ပူဖွယ်ရာ မရှိပါ။

မဟာဗုဒ္ဓဝင်ကျမ်းကြီးရေးသားပြုစုရသည်မှာလည်း မြတ်ဗုဒ္ဓရှင်တော်ဘုရားနှင့် တရားတော် သံဃာတော် အကြောင်းအရာများဖြင့်သာ အမြဲမပြတ် ရစ်ပတ်လုံးထွေးနေရသောကြောင့် ပူပင်ကင်းကွာ အေးချမ်းလှပါသည်။ လောဘ ဒေါသ မောဟ မာနမပါ ပူစရာဟူ၍ မြူမွှေးမျှ မသန်းပါ။ ယခု ပါရာဇိကအမှု၊ ကျောင်းကန်လုသည့်အမှု၊ ဓမ္မ အဓမ္မဟု ငြင်းခုံမှုများကို နာကြားရသည်မှာ လောဘသံ ဒေါသသံ မောဟသံ မာနသံများ ဆူညံ၍ ပူလှံ တောက်လောင်လွန်းလှပါသည်။

ဤသို့ ဤသို့သော ကိုလေသာမီး တောက်ပံ့၍ ပူလောင်လှသောအလုပ်ကို အမြဲမပြတ် တရစပ် လုပ်ကိုင် ကြာနာ သိမြင်နေရသော ရက်နေ့ လ နှစ် ပေါင်း များလာသည့် ၁၃၄၆ ခုနှစ်၊ ပြာသိုလ၊ ၁၉၈၄-ခု၊ ဒီဇင်ဘာလလောက်အချိန် ရောက်သည့် အခါဦးကား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ အတွင်းရေးမှူးချုပ် ဆရာတော်ကြီးမှာ မစားနိုင် မသောက်နိုင် ယိမ်းယိုင်လဲကျ၍ မထနိုင်ဘဲ သည်းသန်လှစွာ ရောဂါဝေဒနာ စွဲကပ်လာပါလေတော့သည်။ မင်းကွန်းဓမ္မနာဒချောင်မှ မန္တလေးမြို့ ပရိယတ္တိသာသနာ့တက္ကသိုလ် နယ်မြေရှိ သုဒတ္တအနာဆောင်သို့ ပြောင်းရွှေ့ထားရသည်။ အထူးကု ဆရာဝန်ကြီဦးသာလှ ခေါင်းဆောင်သည့်သမားတော်ကြီးများက နေ့ညမပြတ် စောင့်ကြပ် ကုသနေရသည်။

ဆရာတော်ကြီး၏ အခြေအနေမှာလည်း သေမည်လား ရှင်မည်လား တွေးတောဖွယ်ရာဖြစ်နေပါသည်။ တစ်ခါတစ်ခါ သတိကွာလျှာ မိန်းမော၍ပင် သွားတတ်ပါသည်။ ပါးစပ်မှလည်း အသံမထွက် လက်ဟန်ခြေဟန်နှင့်သာ ပြောဆိုနေရပါသည်။အာဟာရမာတ် ပြတ်လပ် မသွားစေရန် နှာခေါင်းမှာ ပိုက်တပ်၍ အသက်ဓာတ်ကို ဆက်စပ် ပေးနေရပါသည်။ ဆေးသွင်းရသည်၊ အစာသွင်းရသည်။

မြန်မာပြည်အရပ်ရပ်မှာမူကား ''တိပိဋဓရက မင်းကွန်းဆရာတော်ဘုရား ဘဝနတ်ထဲ ပုံလွှဲနံတော်မူပြီ'' ဟူ၍ပင် သတင်းစကား ပြောကြားနေကြပါသည်။ သာသနာရေးဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ် တာဝန်ကို ထမ်းဆောင်နေသော ကျွန်တော်သည် ယူကြုံးမရ ပူပန်လှသောကြောင့် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် မန္တလေးမြို့ သုဒတ္တဆောင်သို့ တယ်လီဖုန်းဆက်၍ သတင်းမေးနေရပါသည်။ အကြောင်းရှိလျှင် အမြန် တယ်လီဖုန်းဆက်ရုန် မှာထားရပါသည်။

ဆရာတော်ဘုရားအတွက် လိုအပ်သော၊ လိုအပ်လိမ့်မည်ဟုထင်သော ဆေးပစ္စည်း၊ ဓာတ်စာ အာဟာရများကိုလည်း မရရအောင်ရှာဖွေ၍ လေယာဉ်ရထားများဖြင့် ပေးပို့ဆက်ကပ်နေရပါသည်။ အချိန်အတော်ကြာလာသောအခါ ဆရာတော်ဘုရား၏ ရောဂါသက်သာလာပြီ၊ကိုယ်တိုင် မတ်တတ်ထမသွားနိုင်သော်လည်း လက်တွန်းလှည်းပေါ်မှာ ထိုင်နိုင်၍ သုဒတ္တာအဆောင်ပေါ်မှာ လှည့်၍ တွန်းပေးသည်ကို ခံယူနိုင်နေပါပြီဟူ၍ သတင်းစကား ကြားသိရမှ ''အင်း....တော်ပါသေးရဲ့''ဟူ၍ သက်ပြင်းချနိုင်ပါတော့သည်။

တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီးသည် နိုင်ငံးတော် သံဃမဟာနာယကအဖွဲ့ အတွင်းရေးမှူးချုပ်အဖြင့် အောင်ပွဲရခဲ့ပါ၏။ ယခုလည်း ရနေဆဲဖြစ်ပါ၏။ သို့သော် ရေးသားဖော်ပြခဲ့သည့်အတိုင်း ဆင်းရဲပင်ပန်းခြင်းကို အရင်းခံ၍ သာ အောင်ပွဲမဂ်လာကို ခံယူနေခြင်း ဖြစ်ပါသည်။

(ဇ) တိပိဋကရေနိကာယနှင့် နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ဓမ္မာစရိယများကို တည်ထောင်စေအောင်ပွဲရခြင်း

တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးသည် ရေးသားဖော်ပြခဲ့ပြီးသော ထက်ထက်မြက်မြက် ထူးထူးခြားခြား အောင်ပွဲကြီးများကို ရခဲ့ခြင်းကို ထောက်ဆ၍ ဤပုဂ္ဂိုလ်မြတ်ကြီးသည်ကား မြင့်မြတ်စူးရှကောင်းမြတ်လှသည့်တိဟိတ်ဥက္ကဋ္ဌ ကာမာဝစရ ကုသိုလ်ကံကြောင့် လူ့ဘဝ လူဖြစ်လာရသည့် ပုဂ္ဂိုလ်ကြီးတစ်ဆူဖြစ်ကြောင်း ကောင်းကောင်းကြီး အကဲခပ် သိရှိနိုင်လောက်ပါပြီ။

ထို့ကြောင့် မြင့်မြတ်သောပုဂ္ဂိုလ်တို့သည် မြင့်မြတ်သောအကြံ ဖြစ်ပေါ်ကတ်၍ မြင့်မြတ်သောအလုပ်ကို လုပ်တတ်သည့်သဘောတံထွာ စမ္မတာအတိုင်း ဆရာတော်မှာ မြင့်မြတ်သောအကြံအစည်များ ဖြစ်ပေါ်လာပြီး မြင့်မြတ်သောအလုပ်များကို ပြုလုပ်ဆောင်ရွက်ပါလေတော့သည်။ ယင်းမှာ-

(က) သာသနာသည် ပရိယတ္တိသာလျှင် အခြေခံဖြစ်သည်။ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရန်အတွက် ပိဋကသုံးပုံနှင့် နိကာယ ငါးရပ်ကို လေ့လာကျက်မှတ် သင်ယူသည့် ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်များ ပေါ်ပေါက်ထွန်းကားရန် လိုအပ်သည်ဟု၍ အကြံဖြစ်ပေါ်လာခဲ့ပါသည်။

ယင်းသို့ မှန်ကန်မြင့်မြတ်သည့်အကြံဖြစ်သည့်အတိုင်း ဆရာတော်ကိုယ်တိုင် ပဓာန နာယကပြုလုပ်၍ အထူးကဆရာဝန်ကြီး ဒေါက်တာသာလှကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေကာ တိပိဋက - နိကာယ သာသနာပြု အဖွဲ့ကြီးဖွဲ့စည်းစေလျက် မင်းကွန်းမိုးမိတ်ကုန်းပြင်၌ တိပိဋကနှင့် နိကာယဓရဖြစ်ထာ[illegible] ကြိုးစားသင်ယူမည့် စာသင်သားများကို ပူဇော်ကိုးကွယ်ရန် တိပိဋကနိကာယကျောင်းတိုက်ကြီး တည်ထောင်တော်မူသည်။

ကျောင်းတိုက်၌ ပိဋကတ်သုံးပုံနှင့် နိကာယ်ငါးရပ်ကို လေ့လာ သင်ကြားမည့် သာသနာ့အာဇာနည်လောင်း စာသင်သားများကို လက်ခံ သိတင်းသုံးနေစေကာ ပစ္စည်းလေးပါး အပြည့်အစုံ ထောက်ပံ့လှူဒါန်းပြီး ကိုးကွယ်ထားပေသည်။ ယခုအခါ ယင်းအကြံအစည်နှင့် ဆောင်ရွက်ချက်ကြောင့် ပိဋကတစ်ပုံဆောင်၊ နှစ်ပုံဆောင်များ ပေါ်ထွန်းလာကာ များစွာအောင်မြင်လျက် ရှိပါသည်။

(ခ) ဒုတိယမြောက် မြင့်မြတ်သော အကြံအစည်မှာ သာသနာတော်သန့်ရှင်းတည်တံ့ရေး ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေး အစည်းအဝေးပွဲကြီးကဆုံးဖြတ်ချက် ချမှတ်ထားသည့် ပရိယတ္တိ စီမံကိန်းနှင့်အညီ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်ကြီး နှစ်တိုက် တည်ထောင်ရန် ဖြစ်ပါသည်။

ယခုအခါ ယင်းကျောင်းတိုက်ကြီးများကို တည်ထောင်ပြီးစီးသင့်သမျှ ပြီးစီးအောင်မြင်နေပြီ ဖြစ်ပါသည်။ မန္တလေးမြို့ ပရိယတ္တိသာသနာ့ ဘက္ကသိုလ်ကျောင်းတိုက်ကြီး၌နာယကချုပ်နှင့်ကထိကဆရာတော်များ၊ စာသင်သားများပြည့်စုံ၍သင်တန်းများပင် စတင်ဖွင့်လှစ်နေပြီ ဖြစ်ကြောင်း သိရပါသည်။ ရန်ကုန်မြို့ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးမှာလည်း အစစပြည့်စုံနေပြီဖြစ်၍ မကြာမီ သင်တန်းများ စတင်ဖွင့်လှစ်လိမ့်မည်ဟု သိရှိရပါသည်။

ယင်းတက္ကသိုလ်ကြီးများ ပြီးစီးလျှင် ဘာသာကြီးငါးရပ်ဖြင့် ပိဋကတ်တော်ကို သင်ပေးပြီး ပြည်ဘွင်းပြည်ပ၌ ဗုဒ္ဓသာသနာ ပြုစုမည် ဖြစ်ပါသည်။ ယခုအခါ အလှူတော် ရန်ပုံငွေများ ပြည့်စုံသလောက်ရှိ၍ ကျောင်းဆောင်ကြီးများလည်း တစ်ဆောင်ပြီး တစ်ဆောင် ပေါ်ပေါက်လျက်ရှိရာ မကြာမီ ပရိယတ္တိစီမံကိန်းကြီး ပြီးစီးအောင်မြင်မှာမည် ဖြစ်ပါသည်။

ဤမျှလောက် ပြုံးမားလှသည့် စီမံကိန်းကြီးအဆိုန်အနည်းငယ်အတွက် ပြီးစီးအောင်မြင်ခဲ့ခြင်းမှာ ဆရာတော်ဘုရား မေးနမန်း ကြိုးစား၍ ဆင်းရဲပင်

ပန်းခြင်းဖြင့် ရင်းနှီးဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

မှန်ပါသည်၊ ဆရာတော်ဘုရားကြီးသည် နေပူမိုးရွာ အနှီးအဝေး မရွှေ့ဘဲ ကုန်းကြောင်း ရေကြောင်း လေကြောင်း ခရီးများဖြင့် ဥက္ကဋ္ဌကြီး အထူးကု ဆရာဝန်ကြီး ဦးသာလှကို နောက်ပါခေါ်ကာ မြို့ရွာများစွာသို့ ကြွရောက်တော်မူ၍ တရားဟောပြောခြင်း အလှူရေစက်ချခြင်းများကို ပြုလုပ်ဆောင်ရွက်တော် မူခဲ့ပါသည်။

အချို့မြို့ရွာများမှာ နံနက်ပိုင်းတရားပွဲ၊ အချို့မြို့ရွာများမှာ နေ့လယ်ပိုင်း တရားပွဲ။ အချို့မြို့ရွာများမှာ ညနေပိုင်း တရားပွဲ၊ အချို့ မြို့ရွာများမှာ ညပိုင်းတရားပွဲ ဟူ၍ တရားပွဲများကို ကပ်ပွဲပြိုးတစ်ပွဲကျင်းပ၍ တက္ကသိုလ် ကျောင်းတော်ကြီးများ ဖြစ်မြောက်ရေးကို ဆောင်ရွက်တော် မူခဲ့ပါသည်။

ကျွန်တော် သိလိုက်ရသည့် ကြိုးပမ်းချက်တစ်ကွက်မှာ ဆရာတော်သည် နောက်ပါ ဝဏ္ဏကျော်ထင်အထူးကု ဆရာဝန်ကြီး ဦးသာလှနှင့် အဆက်မြန်မာပြည်ကသာ၊ ထီးချိုင့်၊ ရွှေကူ၊ မြစ်ကြီးနား စသော မြို့ကြီးများသို့ ဧရာဝတီမြစ်ကြောင်းဖြင့် ကြွသွားကာ တရားဟောခဲ့ပြီး၊ မန္တလေးမြို့သို့ ပြန်ကြွလာရာ ည ၈ နာရီမှ ပြန်ရောက်ပါသည်။ နောက်တစ်နေ့ နံနက် ၆-နာရီမှာထ၍ မော်တော်ကားဖြင့် ရွှေဘိုမြို့သို့ ကြွသွားရာ လမ်းမှာ ဆားဟောင်၊ ရွှေကျင်၊ ဝက်လက်မြို့တို့၌ တရားဟော ရေစက်ချခဲ့ပြီးမှ နေ့ ၁၂-နာရီလောက်မှ ရွှေဘိုမြို့သို့ရောက်ပြီး တရားပွဲစ၍ ရေစက်ချရပါသည်။ ပြီးလျှင်ပြီးချင်း ဆိပ်ခွဲသို့ဆက်သွားပြီး တရားဟော ရေစက်ချ၍ မန္တလေးမြို့သို့ ပြန်ကြွခဲ့ရပါသည်။ မန္တလေးမှ မင်းကွန်းသို့ ခေတ္တပြန်၍ ကျိန်းစက်ကာ နောက်တစ်နေ့မှာ မြင်းခြံမြို့သို့ ဆက်လက်ထွက်ရပြန်ပါသည်။

သက်တော် ၇၃-နှစ် အရွယ်ရှိ နာဖျားမကျန်းရှိရာမှ နာလန်ထစ ဆရာတော်ကြီးတစ်ပါးအတွက်မှာ အတိုင်းထက်အလွန် ပြင်းထန်လှသော ဆောင်ရွက်ကြိုးပမ်းချက် ဖြစ်ပါသည်၊ ဤကဲ့သို့ မနေမနား ကြိုးစား၍ အပင်ပန်း အဆင်းရဲဖြင့် ရင်းနှီးမှု ကြောင့်လည်း ဖော်ပြခဲ့သည့်အတိုင်း မင်းကွန်း မိုးမိတ် ဓိပိဋ္ဌကနိ ကာယ ကျောင်းတိုက်ကြီးနှင့် မန္တလေး+ရန်ကုန်မြို့ကြီးများ၌ ပရိယတ္တိ သာသနာ့တက္ကသိုလ်ကျောင်းတိုက်ကြီးများ ပြီးစီးအောင်မြင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့လျှင် ဗောဓိမင်းသားက မြတ်စွာဘုရားအား လျှောက်ထားခဲ့သည့် "ချမ်းသာမှုကို အရင်းပြု၍ ချမ်းသာမှု မရနိုင်ချေ။ ဆင်းရဲမှုကို အရင်းပြုမှ ချမ်းသာမှုကို ရှိနိုင်ပေသည်" ဟူသော စကားမှာ ပင်ပန်းဆင်းရဲမှုကို အရင်းပြု၍ အောင်မြင်မှုကြီး ငါးမျိုးကို ရခဲ့သော တိပိဋ္ဌကခရ ဓမ္မာဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ်အရ သိသာထင်ရှားလှပါတော့သည်။

နိဂုံးချုပ် ဆုတောင်းကဗျာ

သို့သော် ဆရာတော်ဘုရားကြီး၏ ဆင်းရဲပင်ပန်းခံ၍ ကြိုးစားမှုကား ဤမျှဖြင့် မရပ်တန့်သေးပါ။ အောင်မြင်မှုများကလည်း ရပ်တန့်မည် မဟုတ်သေးပါ။ ထို့ကြောင့် ကျွန်တော်တို့ ငယ်စဉ်အခါက ဆရာသမားမိဘများက သင်ကြားပေးသည့် ကျောင်သုံး ကလေးကဗျာဖြစ်သည့်-

တတ်စရှိလျှင်၊ တတ်ချင်ချင်တည့်၊
တတ်ပင်တတ်မျိုး၊ တတ်စပျိုး၍၊
တတ်ရိုးမယ်မောင်၊ တတ်စထောင်သည်၊
တက်အောင်မောင်ထွေး၊ သင်စို့လေး။ ။

ဟူသော စာတတ်ကဗျာလေးကို မှီငြမ်းပြု၍ ရေးသားသည့် အောင်ပွဲဝင်ကဗျာကလေးကို အောင်ပွဲရှင် တိပိဋ္ဌကခရ ဓမ္မာဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော်ကြီး အား နိဂုံးချုပ်အဖြစ်ဖြင့် ရိုသေစွာ လျှောက်ထားလိုက်ပါသည်။

အောင်ပွဲဝင်ကဗျာ

အောင်စရှိလျှင်၊ အောင်ချင်ချင်တည့်။
အောင်ပင်အောင်မျိုး၊ အောင်စပျိုး၍၊
အောင်ရိုးအောင်စဉ်၊ အောင်ပွဲဝင်သည်၊
အောင်မြင်မဆုံး၊ အောင်လေအုံး။ ။

စစ်ကိုင်းကြည်ဇွန်



မြန်မာစာပေ
သုတိဒါစရိယအဖွဲ့
ဥက္ကဋ္ဌဆရာတော်
တိပိဋကစရဏမဟာဂန္ထာဘိရိက
အာဘိဓဇမဟာရဋ္ဌဂရု

ဘဒန္တဝိစိတ္တသာရာဘိဝံသ

အရှင်ကေလာသ

ပန်းချီ တင်မောင်မှုံ



တိပိဋကရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌ ဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးသည် သာသနာ့ရေးရာ ကိစ္စ၊ စာပေရေးရာ ကိစ္စ အဝဝတွင် အထက်တန်းကချည်း ထူးချွန်စွာဆောင်ရွက်တော်မူခဲ့သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည်။

သမိုင်းပြောင်သည့် ဆောင်ရွက်ချက်များ

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆဋ္ဌသံဂီတိပုစ္ဆက မဟာစည်ဆရာတော်ကြီး ဘဒ္ဒန္တသောဘန မေးသမျှကို အာကာမိုးခွင် သိန္ဓောနှင်သကဲ့သို့ လျင်မြန်စွာ ဖြေဆိုတော်မူခဲ့ခြင်း၊ ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းကြီး ၆-တွဲ၊ ဂ-အုပ် ဦးစီး၍ ရေးသားစီရင်တော်မူခြင်း၊ မြန်မာတစ်နိုင်ငံလုံး၌ တရားပွဲပေါင်း ရာထောင် များစွာ ဟောတော်မူခြင်း၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် တာဝန် ဆောင်ရွက်ခြင်း၊ မင်းကွန်းမိုးမိတ်ကုန်းမြေ၌ တိပိဋကနိကာယ မကျောင်းတိုက်ကြီး တည်ထောင်၍ ပိဋကတ်ဆောင်ပုဂ္ဂိုလ်ကျော် သာသနာ့ အာဇာနည် များစွာတို့ ပေါ်ထွန်းအောင် ဆောင်ရွက်တော်မူခြင်း၊ မန္တလေး၊ ရန်ကုန် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ပေါ်ထွန်းအောင် ဆောင်ရွက်တော်မူခြင်း စသည်တို့မှာ အလွန်လျင် အံ့ဩဖွယ်ကောင်းသည့် သမိုင်းပြောင်သည့် တိပိဋကရ ဆရာတော် ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ဆောင်ရွက်ချက်များ ဖြစ်သည်။

မြန်မာစာပေ သြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ တာဝန်

၎င်းပြင် ဆရာတော်ဘုရားကြီးသည် မြန်မာစာပေ သြဝါဒါစရိယအဖွဲ့ကြီး၏ ဥက္ကဋ္ဌ တာဝန်ကိုလည်း မားမား မတ်မတ် ဆောင်ရွက်တော်မူခဲ့လေသည်။ မြန်မာစာပေနှင့် ပတ်သက်ပြီး မြန်မာစာအဖွဲ့က သြဝါဒ ခံယူလာပါက သြဝါဒ ပေးနိုင်ရန်အတွက် မြန်မာစာပေ သြဝါဒါစရိယ ဆရာတော်များ အဖွဲ့တစ်ခု ဖွဲ့ပေးရန်

သာသနာရေးဦးစီးဌာနက် နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့အား လျှောက်ထားခဲ့ရာ ၁၉၇၆–ခုနှစ်၊ ဒီဇင်ဘာလ ၂၂-ရက်နေ့တွင် ကျင်းပသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏ ဒုတိယ အကြိမ် အစည်းအဝေးက မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးအား ဥက္ကဋ္ဌအရာ ထား၍ အဖွဲ့ဝင် ဆရာတော် ၆-ပါး ပါရှိသော မြန်မာစာပေ သြဝါဒါစရိယအဖွဲ့ကို ဖွဲ့စည်းပေးတော်မူခဲ့လေသည်။

မြန်မာစာပေ သြဝါဒါစရိယအဖွဲ့

မြန်မာစာပေ သြဝါဒါစရိယ အဖွဲ့ဝင် ဆရာတော်များမှာ –

(၁) ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ အကျိုးတော်ဆောင်) တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဘိဓဇ မဟာရဋ္ဌဂုရု ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ ဥက္ကဋ္ဌ။

(၂) ဘဒ္ဒန္တတိဿ (နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် အဖွဲ့ဝင်)အဂ္ဂမဟာပဏ္ဍိတကျိုက်သီမွန်ကျောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ အဖွဲ့ဝင်။

(၃) ဘဒ္ဒန္တဒေဝိန္ဒာဓိပတိ (ဟည်တောဆရာတော်) တည်တောကျောင်း၊ ထီးချိုင့်မြို့နယ်။ အဖွဲ့ဝင်၊

(၄) အဒ္ဒန္တကေလာသ၊ မဟာဝိသုဒ္ဓာရာမတိုက်၊ ပခုက္ကူမြို့။ အဖွဲ့ဝင်။

(၅) ဘဒ္ဒန္တအာဒိစ္စ၊ တောင်ပေါ်ကျောင်း၊ အမှတ် ၃ ရပ်ကွက်၊ ဆားလင်းကြီးမြို့။ အဖွဲ့ဝင်။

(၆) ဘဒ္ဒန္တတိလောကသာရ (နိုင်ငံတော် ဗဟို သံဃဝန်ဆောင်) မြို့သစ်ကျောင်း၊ မလိုင်မြို့နယ်၊ အဖွဲ့ဝင်၊

တို့ ဖြစ်ကြသည်။

ဘုဒ္ဓန္တရသြဘာသာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဖျာပုံတိုက်သစ်ကျောင်း၊ သရက်တောတိုက်၊ ရန်ကုန်။

ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်ကျောင်းသစ်ကျောင်း၊ ရန်ကုန်။

တို့ကိုထည့်သွင်းသဖြင့် မြန်မာစာပေသြဝါဒါစရိယအဖွဲ့သည် ဆရာတော်ဘုရားကြီး မိန့်ကြားဟော်မူချက်အားလျော်စွာ မဂ္ဂင်ရှစ်ပါးနှင့်အညီ အဖွဲ့ဝင် ဆရာတော် ရှစ်ပါး ဖြစ်လာလေသည်။

မြန်မာစာပေအဖွဲ့နှင့် မြန်မာစာအဖွဲ့တို့ကို အကြိမ်ကြိမ် သြဝါဒပေးတော်မူခြင်း

မြန်မာစာအဖွဲ့နှင့် မြန်မာစာပေသြဝါဒါစရိယအဖွဲ့တို့သည် မြန်မာစာနှင့် ပတ်သက်၍ လည်းကောင်း၊ အက္ခရာသမိုင်းနှင့် စပ်၍လည်းကောင်း အကြိမ်ပေါင်းများစွာ စည်းဝေးတိုင်ပင်ညှိနှိုင်းခဲ့ကြလေသည်။ ယင်းသို့ စည်းဝေး ညှိနှိုင်းတိုင်ပင်တိုင်းလိုလို ဆရာတော်ဘုရားကြီးသည် မြန်မာစာရေးရာနှင့် စပ်၍ လည်းကောင်း၊ မောဂ္ဂလ္လာန် စသော ပါဠိသဒ္ဒါရေးရာနှင့် စပ်၍ လည်းကောင်း နည်းပေးလမ်းညွှန် အဆုံးအမ သြဝါဒ ပေးတော်မူလေသည်၊ ၎င်းပြင် အဖွဲ့ဝင် အချင်းချင်း တစ်ပါးနှင့် တစ်ပါး၊ တစ်ဦးနှင့် တစ်ဦး မငြင်းခုန်ကြရန်၊ ပညာသား မပြရန်၊ မြန်မာစာပေအဖွဲ့ဝင် လူဒါယကာများအနေနှင့်လည်း မြန်မာစာပေသြဝါဒါစရိယ ဆရာတော်များ၏ စကားကို လိုက်နာရန် တို့ကိုလည်း မင်းဆရာပြော လောမတက်နှင့် စသော မှတ်သားဖွယ်ရာ နီတိစကားများဖြင့် မိန့်ကြားသြဝါဒပေးတော်မူပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသ ၊ ဆရာတော်ဘုရားကြီးကား အဘာက်ဘက်မှ လိုလေသည်မရှိ ပြည့်စုံသည့် သာသနာပြု ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်မော် ဂုဂ္ဂိုလ်ထူး ဖြစ်တော်မူပါသတည်း။

ဘဒ္ဒန္တဝိစိတ္တော ထေရော၊
ဝိသိဋ္ဌော ထေရပုဂ်ဂေါ။
ပဓာနော သဗ္ဗကိစ္စေသု၊
သဗ္ဗညုဗုဒ္ဓသာသနေ။

ပဒုက္ကာ။ အရှင်ကေလာသ

မင်းကွန်းတိ=နိသာသနာပြုအဖွဲ့



(၁)

"ကျွန်တော်ကတော့ဗျာ ဘာပဲဖြစ်ဖြစ် ဆရာတော်ဟာ ဆုကြီးပန် (ဘုရားဆု) ပုဂ္ဂိုလ်ပဲ ဖြစ်ရမယ်လို့ ဆိုချင်တယ်" ဟု အဘိဓမ္မာ ပြန့်ပွားရေးအသင်း၏ ဥက္ကဋ္ဌကြီး ဆရာဦးကျော်က ပြောသည်။ ၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလအတွင်းလောက်က ဖြစ်မည် ထင်ပါသည်။ သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီး အမှူးပြုသော ရန်ကုန် မြို့ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးက ကျင်းပသော နိကာယ်ငါးရပ် စာလျှောက်မေးပွဲကြီးတွင် ဝင်ရောက် ဖြေဆိုတော်မူကြသည့် သံဃာတော်များအား ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သိမ်တော်ကြီး၌ ဆွမ်း ဆက်ကပ် လှူဒါန်းကြစဉ် အခါက ဆရာ ဦးကျော်နှင့် စာရေးသူတို့ တွေ့ဆုံမိကြခြင်း ဖြစ်ပါသည်။

၁၃၄၀ ပြည့်နှစ်၊ နယုန် လပြည့်ကျော် ၅ ရက်၊ (၂၅-၆-၇၈) နေ့တွင် ကုတ်ကိုင်း မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီး၌ မင်းကွန်း ဓမ္မနာဒတိုက် ပဓာန နာယက ဆရာတော် အရှင် ဝိစိတ္တ သာရာဘိဝံသ၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ရရှိသည့် ၂၅ နှစ်မြောက် အထိမ်း အမှတ် ငွေရတုသင်္ဘင် ပူဇော်ပွဲကို အထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးသာလှ အမှူးပြုသော ၂၅ ဦး ကော်မတီအဖွဲ့က ခမ်းနားသိုက်မြိုက်စွာဖြင့် ဆင်ယင်ကျင်းပခဲ့ကြပါသည်။

ရယူလိုသော ဆု

ဓမ္မဇောသကဦးမောင်မောင်



ဤပူဇော်ပွဲသဘင်၌ မင်းကွန်း တိုပိဋ္ဌကရေ ဆရာတော် ဘုရားက တိပိဋ္ဌကရေ စာမေးပွဲ ဖြစ်ပေါ်လာပုံ၊ တိပိဋ္ဌက စာမေးပွဲ ဝင်ရောက်ဖြေဆိုရပုံ စသည်တို့ကို အကျယ်တဝင့် မိန့်ကြားသွားပါသည်။

၂၅ ဦး ကော်မတီ၏ တာဝန်ပေးချက်အရ ဤ ငွေရတုသဘင် ပူဇော်ပွဲ မှတ်တမ်း အစီရင်ခံစာ ကို လည်းကောင်း၊ ထွန်းထွန်းမြင့် ပုံနှိပ်တိုက်မှ ဗမာ့ခေတ် ကိုထွန်းအိ ၏ မေတ္တာရပ်ခံချက်အရ ဆရာတော်ဘုရား ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ငွေရတု သြဝါဒကထာ ကို လည်းကောင်း စာရေးသူက ကုသိုလ်ဖြစ် စေတနာ့ ဝန်ထမ်း ရေးသားခဲ့ပါသည်။ ပူဇော်ပွဲ အစီရင်ခံစာကို ၁၉၇၈ ခု၊ အောက်တိုဘာလတွင် အုပ်ရေ-၂၅၀၀ နှင့် ထေရုပ္ပတ္တိ အကျဉ်းနှင့် သြဝါဒကထာကို ၁၉၇၉ ခု ဖေဖော်ဝါရီလတွင် ပထမအကြိမ် အုပ်ရေ-၁၀၀၀၀ တို့ကို ပုံနှိပ် ဖြန့်ဖြူးခဲ့ကြပါသည်။

"သြဝါဒကထာ စာအုပ်မှာ ဆရာတော်ဟာ ပကတိ သာဝက ဆုလောက် ကိုသာ လို ချင်ပါတယ် လို့ ဦးမောင်မောင်ရဲ့ စာအုပ်မှာ တွေ့ရတယ်။ အဲဒါဟာ မဖြစ်နိုင်ဘူး။ သမ္မာဓိ ဆုကြီးပန်သာ ဖြစ်ရမယ်လို့ ကျွန်တော်ကတော့ တထစ်ချ ပြောချင်တာပဲ" ဟု ဦးကျော်က စကား ဆက်သည်။

"ငွေရတုပူဇော်ပွဲမှာ ဆရာတို့လဲအရှိသားပဲ၊ ဆရာတော်ရဲ့ သြဝါဒကထာကို ကက်ဆက်ခွေနဲ့ အသံသွင်းယူထားပြီး အဲဒီတိပ်ခွေမှာပါတဲ့ ဆရာတော်ရဲ့ မိန့်ခွန်းအတိုင်း အတိအကျ ကူးယူပြီး ကျွန်တော် ရေးထားတာပဲ။ ပုံမနှိပ်မီ စာမူကြမ်းကိုလဲ ဆရာဝန်ကြီး ဦးသာလှတို့ရဲ့ အဖွဲ့ကို တင်ပြပါသေးတယ်။ ဒီတော့ ဆရာတော်ဟာ ပကတိသာဝကဗောဓိဆုကိုသာ လိုချင်ပါတယ်ဆိုတဲ့ အချက်ဟာ အမှန်ဖြစ်ပါတယ် ခင်ဗျာ" ဟု ကျွန်တော်က ဖြေကြားသည်။

"ဒါပေမယ့် ဆုကြီးပန် ဖြစ်သင့် မဖြစ်သင့်ပြဿနာနဲ့ ပတ်သက်ပြီး ကျွန်တော်က ဆရာတော်ထံ စာဖြင့် ရေးသား လျှောက်ထား မေးမြန်းထားပါတယ်။ ဆရာတော်ရဲ့ စိတ်ဆန္ဒက ပြောင်းလဲချင် ပြောင်းလဲနိုင်တယ်။ သို့သော်လည်း ဆရာတော်ရဲ့ ဆောင်ရွက်ချက် လုပ်ငန်းတွေကတော့ ဆုကြီးပန် ပုဂ္ဂိုလ်မြတ်များရဲ့ ဆောင်ရွက်ချက်တွေ အမှန်ပဲလို့ ကျွန်တော် ပြောရမှာပဲ" ဟု ဆရာ ဦးကျော်က ပြောသည်။ ဆရာတော် ဘုရားက မည်ကဲ့သို့ ဖြေကြားသည်ကိုတော့ ကျွန်တော် မသိရပါခင်ဗျ။

ဤတွင် ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ အကျဉ်းနှင့် ငွေရတု ဩဝါဒကထာ စာအုပ်ငယ်တွင် ဖော်ပြ ပါရှိသည့်အတိုင်း ငွေရတုသဘင်၌ ဆရာတော် မြွက်ကြား သည့် ဩဝါဒကထာ အနှမောဒနာ တရားမှ ကောက် နုတ်ချက် တစ်ရပ်ကို ထုတ်ဖော် တင်ပြလိုပါသည်။

"တာဝန် သိသူမှာ တာဝန် ရှိသည်" ဟူသော် ဆောင်ပုဒ် အတိုင်း၊ တာဝန် သိသူသည် တာဝန် ဆောင်ရွက်ရပါသည်။ တာဝန်သိ၍ တာဝန် ဆောင် ရွက်သူမှာ တာဝန် တိုး၍တက်ပါသည်။ ဤစကားကို ပြောရတာ ရည်ရွယ်ချက် ရှိပါသည်။ (နိကာယ် သာသနာ ထွန်းကားရေး အသင်း၏ ဝိနည်းပူဇော်ပွဲ) အစီအစဉ်အရ ဝိနည်း အပူဇော်ခံ အရှင်သူမြတ်တွေ သည် အပြည့်အစုံ ကိုယ်သဘောကျ ကိုယ့်ဆန္ဒ ရှိတဲ့ အတိုင်း အသီးသီး ပြောကြတော့ ဘုန်းကြီးသည် "ငါလဲ ငါ့ခံယူချက်ကို ပြောဦးမှ တော်မှာပဲ၊ အစီ အစဉ်ထဲမပါသော်လည်း ခံယူချက်ကိုပြောပါရစေဗျာ" လို့ တောင်းပန်ပြီးတော့ မိမိရဲ့ ခံယူချက်ကို ဆောင် ပုဒ်နဲ့ ပြောခဲ့တယ်။

"ဘုန်းကြီးရဲ့ ခံယူချက်သည် 'အရင်း ကြီးကြီးနဲ့ အမြတ်အစွန်းနည်းနည်းလိုချင်တာဘုန်းကြီးရဲ့ခံယူချက် ပါပဲ'လို့ အဲဒီလိုပြောတယ်။ဒီဆောင်ပုဒ်ရဲ့ အဓိပ္ပာယ်က အရင်းကြီးကြီးနဲ့ အမြတ်နဲနဲ လိုချင်တယ်ဆိုတာ 'မိမိရဲ့ ဆောင်ရွက်ချက်ကို ဘေးက တစ်ဦးတစ်ယောက် ကြည့် လျှင် သမ္မောဓိဆုကြီးများ ပန်ထားသလားလို့ အောက် မေ့ မှတ်ယူဖွယ်ပါပဲ' သို့သော် ဘုန်းကြီး၏ ဆုပန် ချက်သည် –

ဒုတိယေ အတ္တဘာဝမ်ဳိ၊
လဒ္ဓါ သပ္ပညနိဿယံ၊
ခမ္မဝရောတိ နာမေန၊
သောတာပန္နော မရွ ဘဝေ။

ဒုတိယကိုယ်အပြစ်(ဒုတိယဘဝ)၌ မိတ်ဆွေကောင်း ပညာရှိတို့၏ အမှီကို ရပြီး ဝမ္မဝရ ဟူသော အမည်ဖြင့် သောတာပန် နတ်သား ဖြစ်ရပါလိုက်လို့ ဆုတောင်း ပါတယ်၊ ဤဘုရားသာသနာတော်မှာပင် ကျွတ်တမ်း ဝင်ရပါလိုက်လို့ ဆုတောင်းပါဟယ်၊ အရင်းကြီးကြီးနဲ့ အပြုက်နည်းနည်း၊ ပိုချင်တဲ့ ဟုတ်ရဲလိုက် 'မိမိဆောင်ရွက် ချက်က သမ္မောဓိဆုကြီးပန် ပုဂ္ဂိုလ်ကြီးများလို ရွက် ဆောင်ပြီးတော့ လိုချင်တဲ့ဆုဟာလည်း သာဝကဗော ဓိမှ၊ ပကတိသာဝကဗောဓိ ဆုလောက်သာ လိုချင်ပါ တယ်၊ ဒါ ဘုန်းကြီးရဲ့ ခံယူချက်ပါပဲ"

ဆရာတော်ဘုရား၏ ခံယူချက်နှင့် ရယူလိုသောဆုကို ဤအတိုင်းပင် ငွေရတုစာသတင်၌ စာရေးသူက မှတ် တမ်းတင်ခဲ့ပါသည်။ ထို့အပြင် ဒေါက်တာ ဦးသာလှ တို့၏ တိပိဋကနိကာယ သာသနာပြုအဖွဲ့က ကြီးမှူး ကျင်းပပြုလုပ်သော အဘိဓမ္မဟာရဋ္ဌရဂု ဘွဲ့တံဆိပ် တော်ရအထိမ်းအမှတ် ပူဇော်ပွဲ၌ ဖြန့်ချိဝေငှသော ဆရာတော်ဘုရား၏ ဆွမ်းဆန်တော်အလှူစာတမ်းတွင်

"တပည့်တော်သည် အဘိဓမ္မဟာရဋ္ဌဂု" ဘွဲ့တံဆိပ် တော်အတွက် သက်မှတ်ပြဋ္ဌာန်းအပ်သော ဆွမ်းဆန် တော် ဝတ္ထုတို့ကို နှစ်စဉ် နိဗ္ဗဒ္ဓလူဒါန်းမည်မှာ အမှန် ပင် ဖြစ်ပါသည် ဘုရား။ ။

အဘိဓမ္မဟာရဋ္ဌဂုရုဆွမ်းဆန်တော်ပတ္ထုတို့ကိုတပည့် တော်သည် ကိုယ်ရေး ကိုယ်တာအတွက် အသုံးမပြုဘဲ ပညာသံဝတ္ထုနိက = ကုသိုလ်တရား ဖြစ်ပွားစေသော ဌာ (တိပိဋကဓရ ဆွမ်းဆန်တော် + အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော်များကဲ့သို့) နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား ဗောဓိဉာဏ်ကို ဆုပန်း၍ လှူဒါန်းပါ၏ ဘုရား။ ဗောဓိဉာဏ်ကို ဆုပန်း၍ လှူဒါန်းပါ၏ ဘုရား။ ။

ဣတိ မေ ပုညံ ဗောဓိဉာဏာယ ပစ္စယော ဟောတု။

ဤအလှူတော်စာတမ်းကို ၁၃–၁–၈၄ နေ့စွဲဖြင့် မင်းကွန်းဓမ္မနာဒတိုက်တွင် ဆရာတော်ဘုရားကိုယ်တိုင် လက်မှတ် ရေးထိုးထားတော် မူပါသည်။

မေမြို့၊ ရတနာမာရ်အောင် ကျောင်းတိုက်မှ နာယကဓရာတော် အရှင်ပညာသီတ (ခမ္မာစရိယ ပါဠိပါရဂူ) ပြုစုရေးသား၍ မင်းကွန်း တိပိဋကဓရ စိန်ရတုပူဇော်ရေးအဖွဲ့က ထုတ်ဝေဖြန့်ချိသော စိန်ရတု အထိမ်းအမှတ် ထေရုပ္ပတ္တိအကျဉ်းစာအုပ်၊ စာမျက်နှာ ၃၉ ခွဲလည်း ဤသို့ ရေးသားဖော်ပြထားသည်ကို တွေ့ရပါသည်။

"နိုင်ငံတော်အစိုးရကလည်း ထိုအချိန်က ရန်ကုန် မြို့ ဂျုဝလီဟောဝယ် ပထမကျော်ပူဇော်ပွဲ အကြီး အကျယ်ပြုလုပ် ပူဇော်ကြပါသည်။ (၁၂၄၆–ခု၊ ခရစ် ၁၉၃၅ ခုနှစ်တွင် ပထမကျော် ထောင်သည်။)

ထိုပူဇော်ပွဲတွင် စေတနာရှင် အသီးသီးတို့က လှူဒါန်း ကြသည့် ရွှေတံဆိပ်များကို ရွှေတိုဇံစေတီတော် ကြီးအား ဗောဓိဆုကို ရည်မှန်း၍ လှူဒါန်းပူဇော် ပါသည်။ ဂေါပကလူကြီးများက ပြတိုက်အဝင်ဝတွင် ပြသထားကြပါသည်ဟု ဖော်ပြထားရာ ၌သည်မှာ လည်း ဗောဓိဥာဏသမ္ပယောဂတို့ ပင် ဖြစ်ပါသည်။

(၃)

ဗောဓိဆု အမျိုးအစားကို ဤသို့ ခွဲခြားထားပါ သည်၊

(၁) သမ္မာသဗောဓိဆု–
(က) ပညာဓိက- လေးသခြေ်နှင့် ကမ္ဘာဘစ်သိန်း
(ခ) သဒ္ဓါဓိက- ရှစ်သခြေ်နှင့် ကမ္ဘာတစ်သိန်း
(ဂ) ပီရိယာဓိက - တစ်ဆယ့်ခြောက် သခြေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ကြရသည်။

(၂) ပစ္စေက ဗောဓိဆု – နှစ် သ ခြေ် နှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ရသည်။

(၃) အဂ္ဂသာဝကဗောဓိဆု – တစ် သ ခြေ် နှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ရသည်။

(၄) မဟာသာဝကဗောဓိဆု– က မ္ဘာ တစ် သိန်း ပါရမီ ဖြည့်ရသည်။

(၅) ပကတိ သာဝကဗောဓိဆု– က မ္ဘာ အ ပိုင်း အခြားမရှိ၊ ပါရမီ ဖြည့်ရသည်။

မဟာဗုဒ္ဓဝင် ပထမတွဲ (ပထမပိုင်း) ဗုဒ္ဓဒွပဒ ဒုလ္လဘ အခန်းတွင်–

(၁) သမ္မာသမ္ဗောဓိဉာဏ်၌ လိုလား တောင့်တ သော ကုသိုလ်ဆန္ဒ ပြင်းထန်လှသည့် ပုဂ္ဂိုလ် သူမြတ်ကြီးများကို သမ္မာသမ္ဗောဓိသတ္တ = သတ္တဥ္ဇု ဘုရားအလောင်း

(၂) ပစ္စေကဗောဓိဉာဏ်၌ လိုလား တောင့်တ သော ကုသိုလ်ဆန္ဒ ပြင်းထန်လှသည့် ပုဂ္ဂိုလ် သူမြတ်ကြီးများကို ပစ္စေကဗောဓိသတ္တ = ပစ္စေကဗောဓိအလောင်း

(၃) သာဝက ဗောဓိဉာဏ်ကို လိုလား တောင့် တသော ကုသိုလ်ဆန္ဒ ပြင်းထန်လှသည့် ပုဂ္ဂိုလ်သူမြတ်ကြီးများကို သာဝက ဗောဓိ သတ္တ = တပည့် သာဝကအလောင်း ဟူ၍ ခေါ်ဆိုကြ၏။ သာဝကဗောဓိ သတ္တခေါ် သော တပဲည့် သာဝက အလောင်းတော် တို့တွင်

(က) အဂ္ဂသာဝက အလောင်းတော်
(ခ) မဟာ သာဝက အလောင်းတော်
(ဂ) ပကတိ သာဝက အလောင်းတော် (ကန္ဒင့်ခ မှ တပါး ကြွင်းသော ရဟန္တာအလောင်း အလျာများ)

ဟူ၍ သုံးမျိုးသုံးစားရှိသည် စသည်ဖြင့် ခွဲခြားဖော်ပြ ထားသည်ကို တွေ့ရပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတိုင်း မည် သည့် ကောင်းမှု ကုသိုလ်ကိုမဆို ပြုလုပ်ကြရာ၌ မင် တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရက် တိုတိုနှင့် ရလွယ် ရောက် လွယ် ကြ ရ ပါ လို ၏၊ ရလွယ် ရောက်လွယ်ကြပါစေဟုဆုတောင်း ဆုယူပြုလေ့ရှိကြပါ သည်။ မင်၊ ဖိုလ်၊ နိဗ္ဗာန်သို့ မည် သည့် ပုံစံ မျိုး ဖြင့် ရောက်လို ရလို မျက်မှောက် ပြုလိုကြသည်ကိုမူကား ဆန္ဒပြုကြရပါမည်။ ဗောဓိဉာဏ် ၅ မျိုး (တစ်နည်း) ၃ မျိုးတို့ကို အထက်တွင် ဖော်ပြခဲ့ပါပြီ။ မင်းကွန်း တိပိဋကဓရ ဆရာတော် အရှင်သူမြတ်ကား အရင်း ကြီးကြီး အမြတ်နည်းနည်းဖြင့် ပကတိသာဝက ဗောဓိ ဆုကိုသာ ရည်မှန်းထားကြောင်းဖြင့် ဆရာတော်ဘုရား၏ ရယူလိုသောဆုကို တိတိကျကျ ဖော်ပြထားသည်ဖြစ် ရာ စာရှု့သူ သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့ သည်လည်း မိမိတို့လိုရာဆုကို တောင်းယူလျက် ကုသိုလ် တရားတို့ကို ကြိုးစားအားထုတ်နိုင်ကြပါစေဟု ဆန္ဒ ပြုရပါသည်။

ဆရာတော်၏ သာသနာတော်အတွက် သာသနာ ရေးဆိုင်ရာလုပ်ငန်း အရပ်ရပ်တို့မှာ သာမန်ပုဂ္ဂိုလ် တို့ မဆောင်ရွက်နိုင်၊ မစွမ်းဆောင်နိုင်သည့် ဝိသေသ လုပ်ငန်းကြီးများဖြစ်သည်ကို ရှင်လူအားလုံး သိရှိကြ ပြီးဖြစ်ရာ၊ ဆရာတော်ဘုရားသည် ကြီးလေးလှသော သာသနာ့တာဝန်ကြီးကို ကျန်းကျန်းမာမာနှင့် အဖြိုး တိုင် ဆက်လက် ဆောင်ရွက်တော်မူနိုင်ပါစေဟု ကြည် ညိုလေးစားသောစိတ်ဖြင့် မေတ္တာပို့ ဆုတောင်းရပါ သတည်း။

ဓမ္မဝေါသက ဦးမောင်မောင်
ရန်ကုန်မြို့။



ဦးအောင်သိန်း

ဗဟောနိုင် ဗပန်းနိုင်
ဒေသနာစိုး တမြိုင်မြိုင်

အံ့ခ်ီးမကုန်သင်္ဃိဂုဏ်များ :

နတ်တော်လ၏ နံနက်ခင်းသည် မန္တလေးတောင်ခြေတွင် မပူမနွေး အအေးဓာတ်သုတ်လူး လေဖြူးဖြူး လာနေချိန်ဖြစ်သည်၊ ကျောက်တော်ကြီးဘုရား ကုသိုလ်တော်ဘုရားတို့မှ သံသာလွင်လွင် ကြည်လင်သော ဆည်းလည်းသံမှာ သည် အရုဏ်ဦး နေခြည်သွေးနှင့် အတူ တဖြည်းဖြည်း နားဝင်သို့ သာသာယာယာ ရောက်လာနေကြ၏၊ ဆောက်လုပ်နေဆဲဖြစ်သော နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ဝင်းကြီး အတွင်းရှိ နာရီစင်မှ ထွက်ပေါ်လာသော သံစုံစပ်ချိုး စိတ်အာရုံနှိုးပြီးမှ ချိုမြသော သံမှုန် ငါးနာရီ ထိုးသံသည် သုဒတ္တာ ဥယျာဉ်သို့ ကြည်လင်စွာ ရောက်လာလေသည်။

ရွှေဘိုခရီး

ထိုနေ့ကား ၁၃၄၉-ခု၊ နတ်တော်လပြည့် စနေနေ့ (၅-၁၂-၈၇) ဖြစ်သည်၊ အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် ရွှေဘိုမြို့သို့ ကြွရောက် တရားဟောမည်ဖြစ်သည်၊ ကျွန်တော်သည် ဆရာဝန်ကြီး ဦးသာလှ ဦးဆောင်သော ဥပဋ္ဌာက အဖွဲ့နှင့်အတူ ဆရာတော်ကြီး၏ ရွှေဘိုခရီးကို လိုက်ပါမည် ဖြစ်ပါသည်၊ နံနက် ၅-နာရီ ထိုးသံနှင့်အတူ အိပ်ရာမှထပြီး ခရီးအတွက် ပြင်ဆင်ကြသည်၊ မကြာမီ ကား ၂-စီးနှင့် သုဒတ္တအဆောင်မှ ထွက်ခွာလာကြပြီး ဂေါဝိန်ဆိပ်ကမ်းသို့ လာခဲ့ကြသည်။

ဂေါဝိန်ဆိပ်ရောက်၍ ခေတ္တကြာသော် မင်းကွန်းမှ မော်တော် ဆိုက်ရောက်လာလေရာ ဆရာတော်ကြီးကို ခရီးဦးကြို ကန်တော့ကြသည်၊ ဆရာတော်ကြီး ကားကား ၁-စီး၊ တပည့်ဒကာများက ကား ၂-စီးဖြင့် မန္တလေးမှထွက်၊ တောင်မြို့ကိုဖြတ်၊ စစ်ကိုင်းတံတားကြီးကို ကျော်လာခဲ့ရာ စစ်ကိုင်းမြို့သို့ ရောက်သော အချိန်တွင် နေစင်စင် လင်းလေပြီ။

ထိုနေ့က ဆရာတော်ကြီးသည် ဆား တောင်ရွာ ဓမ္မာရုံတွင် လည်းကောင်း၊ ရွှေကျင်ရွာထိပ် အထူးဆောက်လုပ်ထားသော မဏ္ဍပ်တွင် လည်းကောင်း၊ ရွှေဘိုမြို့လယ် ဓမ္မာရုံကြီးတွင်လည်းကောင်း၊ ဆိပ်ခွန်ရွာ မဟာစည်ရိပ်သာတွင်လည်းကောင်း၊ စုရုံးရောက်ရှိနေကြသော ပရိသတ်များကို မန္တလေးမြို့တွင် ဆောက်လုပ်နေသော နိုင်ငံတော် ပရိယတ္တိတက္ကသိုလ် အဆောက်အဦးများ ဆောက်လုပ်ရေး အလှူငွေ အရပ်ရပ်အတွက် တရားဟောခြင်း၊ ရေစက်ချခြင်းများကို ဆက်တိုက် ပြုလုပ်ရရာ နားနေချိန် ရတော်မမူပေ၊ နေ့ခင်းနေသည် အတော်ပူအိုက်လှ၏၊ အများအားဖြင့် မော်တော်ကားလမ်း ကောင်းမွန်၍ သွားလာရေး အတော် အဆင် သက်သာပါ၏။ သို့သော် ရွှေဘိုမှ ဆိပ်ခွန်သို့ သွားသောလမ်းမှာ ချိုင့်ဝှမ်းပေါများ ဖုံထူထပ်သဖြင့် မသက်သာလှပေ။

လွန်ခဲ့သော (၄-၁၂-၈၇) နေ့က မင်းကွန်းမိုးမိတ်ကုန်းမြေတွင် ရန်ကုန် မန္တလေးမှ စုဝေးရောက်ရှိလာသော စာရေးဆရာ၊ သတင်းစာဆရာ၊ ပန်းချီဆရာ၊ ဓာတ်ပုံဆရာများကို ညှိခံဟောပြော စာစောင်များ ဝေငှ ပေးအပ်ပြီး မအားလပ်ခဲ့သော ဆရာတော်ကြီးသည် ယနေ့လည်း နံနက်စောစောမှ စတင်၍ လေးဌာနတွင် တစ်ဆက်တည်း သွားလာဟောပြော နေရပြန်သည်၊ သက်တော်ကြီးရင့်ချိန်တွင် အားလပ်နားနေချိန်မထား၊ မီးရထား၊ ရေယာဉ်၊ လေယာဉ်၊ မော်တော်ကားဖြင့် မနေမနား ဇွဲလုံ့လကြီးမားလှသော ဆရာတော်ကြီး၏ ကျန်းမာရေးသည် အလုပ်များသလောက် အင်အားကောင်းနေပေသည်၊ အံ့ဩဖွယ်ကောင်းလေစွ၊ နောက်ဆုံးစခန်းဖြစ်သော ဆိပ်ခွန်ရွာမှပြန်ထွက်၊ ရွှေဘိုမြို့ကိုဖြတ်၍ ပြန်လာသောအချိန်တွင် ညနေ ၆-နာရီကျော်လေပြီ။

ဆရာတော်ကြီးသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အားကိုးယုံကြည်စွာ တာဝန်ပေးအပ်ချက်အရ အထက်နိုင်ငံ အောက်နိုင်ငံအတွက် ပရိယတ္တိတက္ကသိုလ်ဆောက်လုပ်ရေး တာဝန်ကြီးများကို မည်သည်းမည်။ ထမ်းဆောင်နေခြင်း ဖြစ်သည်၊ နဂိုကပင် ဓမ္မဒါနတရားအလှူကို အမြဲတစေ ပေးလှူလာခဲ့သော ပုဂ္ဂိုလ်သည် ဤဘာဝနာကြီးကို ရွှင်လန်းဝမ်းမြောက်စွာ လက်ခံခဲ့သည်၊ လှုပ်လှုပ်ရှားရှား မနားမနေ တက်တက်ကြွကြွ ဆောင်ရွက်နေခြင်းသည်ပင် ဆရာတော်ကြီးအဖို့ အားဆေးကြိုး ဖြစ်နေလေသည်၊ ဓမ္မကိစ္စတွင် မရောင့်ရဲ အားမရနိုင်သော ပုဂ္ဂိုလ်ကြီးပေတကား—ဟု တွေးတောမိသည်၊ မမောနိုင်-မပန်းနိုင် ဒေသနာမိုးတဖြိုင်ဖြိုင် ရွာသွန်းခဲ့ပုံများကို ရွှေဘိုမှ အပြန်ခရီး တစ်လျှောက် စဉ်းစား၍လာခဲ့မိပါသည်။

အထက်ပစ္စယံ အသင်းသားများအား ဟောသောတရား

လွန်ခဲ့သော ၁၃၃၃-ခုနှစ်က ဖြစ်၏၊ အတိအကျ ဆိုရသော် ၁၃၃၃-ခု၊ ကဆုန်လဆန်း ၃-ရက် (၂၃-၄-၇၁) နေ့ကဖြစ်၏၊ ကျွန်တော်နှင့် ရွှေတိုက်စေတီတော် အထက်ပစ္စယံ အသင်းမှ အသင်းသား ၁၀-ယောက်တို့သည် မင်းကွန်း ဓမ္မနာဒတိုက်သို့ နေ့မွန်းလွဲစ ရောက်သွားကြသည်၊ ဦးပဉ္ဇင်း ဦးဝေပုလ္လနှင့် ဦးကောဏ္ဍညတို့က တရုတ်စကားပင်များ အကိုင်းချင်းယှက်အောင် စိုက်ထားသော လမ်းခြားနေသည့် ဗန္ဓုလဓမ္မာရုံကြီးအောက်ထပ်တွင် နေထိုင်ကြရန် နေရာချထားပေးသည်။

လာရောက်သည့် အကြောင်းထူး ရှိ-မရှိ မေးမြန်းရာ ဆရာတော်ကြီးအား ဖူးမြော်ရန် တရားနာရန် လာကြောင်း လျှောက်ထားကြသည်။

ညနေ ၅-နာရီခန့်တွင် ဓမ္မနာဒ တိုက်ကျောင်းဘက်မှ ဆရာတော်ကြီး၏ တရားတော်သံကို ပီသစွာကြားနာရသည်၊ ဓမ္မာရုံ ပြင်ဘက်တွင် ရှိနေသော ခုတင်ကြီးများပေါ်တွင် ကျွန်တော်တို့တတွေ ထိုင်ကာ တရားနာနေကြသည်၊ နာရီဝက်ခန့်ကြာသော် ဦးဝေပုလ္လရောက်လာ၍ မေးမြန်း၏။

"အဆင်ပြေကြရဲ့လား"

"နေထိုင်ရေး၊ စားသောက်ရေး အဆင် ပြေပါတယ် ဘုရား၊ ဒါပေမယ့် တရားဘာ့ မနာရသေးဘူး ဘုရား"

"တရားဖွင့်ပေး ထားတယ်လေ"

"ဒီလိုဆို တပည့်တော်တို့ ဒီထိအောင်လာဖို့ ဘယ်လိုတော့မှာလဲ ဘုရား"

"ကိုယ့်အိမ်မှာကိုယ် တိပ်ခွေဖွင့် နာနေရုံပေါ့"

ဦးပဉ္စင်း ဦးဝေပုလ္လသည် ခဏကြာ ပြုံးကြည့်နေပြီး ပြန်ကြွသွားသည်၊ တရားသံလည်း တိတ်သွား၏၊ နေဝင်ရီတရော ၇-နာရီခန့်တွင် ကျောင်းသားတစ်ယောက် ရောက်လာပြီး ဆရာတော်ကြီးကို ဖူးမြော်ရန် လာနိုင်ကြောင်း ပြောလာသည်၊အားလုံးအဝတ်အစားလဲကာ လိုက်သွားကြ၏၊ ဆရာတော်ကြီးကို ကျောင်းပေါ်တွင် တစ်ပါးတည်း ထိုင်နေလျက် ဖူးမြော်ရ၏၊ ရောက်လျှင် ဆရာတော်ကြီးသည် နှုတ်ဆက် ပဋိသန္ဓာရ စကား အနည်းငယ်ပြောဆိုပြီးနောက် တရားဟောလေ တော့သည်။

ရှေးဦးစွာ ထာဝရဥစ္စာ၊ ဇင်္ကာဥစ္စာ၊ အင်္ဂသမဥစ္စာ၊ အနုဂါမိက ဥစ္စာဟူ၍ ဥစ္စာလေးမျိုး ရှိပုံကို အကျယ်တဝင့် ဟောတော်မူသည်၊ ထိုလေးမျိုးအနက် သံသရာတစ်လျှောက် မိမိအား သုဂတိကောင်းကျိုးပေးမည့် အနုဂါမိကဥစ္စာ သိမ့်မြဲသင့်ပုံ၊ မည်သို့ မည်ပုံ သိမ့်မြဲရပုံတို့ကို ဟောတော်မူသည်။

ယခုအခါ ကံကောင်းထောက်မ၍ ဗုဒ္ဓပွါဒနဝမအခါကောင်းကြီးကို ရနေကြသည်၊ သာသနာ ပွင့်လင်းရာ ဒေသတွင် လူဖြစ်လာရသည်၊ မိမိကိုယ်တိုင်က သမ္မာဒိဋ္ဌိအယူကို ရရှိထားကြသည်၊ မျက်စိ နား နှာ ကိုယ်အင်္ဂါကောင်း ရရှိနေကြချိန်တွင် ပါရမီဉာဏ် အလျောက် ပေါက်ရောက်နိုင်သော အခွင့်အရေး ကိုယ်စီရှိကြသည်၊ ရှင်တော် ဘုရားက အကျဉ်းဟောပြမှုနှင့် တရားထူးရရှိနိုင်သော သံဒိဋ္ဌရစိပုဉ္ဇိလ၊ ဃလယ်ဃလတ် ရှင်းလင်းပြသမှုဖြင့် ကျွတ်တန်း ဝင်နိုင်သော မျှော်မှန်းစိပုဉ္ဇိလ၊ အကျယ်တဝင့် ကြားနာ ကျင့်ကြံရမှ တရားထူးရမည့် ဝိတ်ထ်ာရရှိစိ ပုဂ္ဂိုလ်ဟူ၍ သုံးမျိုးခွဲခြားဟောထားခဲ့သည်၊ ပဥ္စဝဂ္ဂီရဟန်းတို့ကဲ့သို့ သံဒိတ်ထ်ာရစိ မဟုတ်၊ ဥရုဝေဠကဿပ၊ နဒီကဿပကဲ့သို့ မဇ္ဈိမရှိစိ မဟုတ်သည်တိုင်အောင် အရှင်ရာဟုလာကဲ့သို့ ဝိတ်ထ်ာရရှိစိအနေ မှန်းဆ၍ တရားအားထုတ်သင့်ပုံကို ရှင်းပြတော်မူသည်။

မြတ်စွာဘုရားက အရှင်ရာဟုလာအား သာမဏေရပဥ်ဟာမှစပြီး အဘိဏှရာဟုလောဝါဒသုတ်တော်ကိုလည်း ဟောပြရသည်၊ အမွှလဋ္ဌိက ရာဟုလောဝါဒ သုတ်ကိုလည်း ဟောရသည်၊ မဟာရာဟုလောဝါဒ သုတ်ကိုလည်း ဟောတော်မူရသည်၊ ဤသို့စသည်ဖြင့် ရာဟုလသံယုတ်ပါ သုတ္တန်ပေါင်း ၂၀-ကို ဟောတော်မူခဲ့ရာ အရှင်ရာဟုလာသည်–

ဧကော
ဝူပကဋ္ဌော
အပ္ပမတ္တာ
အာတာပီ
ပဟိတတ္တော–

ဟူသော ယောဂါဝစရ ပုဂ္ဂိုလ်တို့၏ အင်္ဂါ ၅-ပါးနှင့်အညီ အားထုတ်ခဲ့ပုံတို့ကို စကားပြော ဆွေးနွေးပုံများဖြင့် ဆရာတော်ကြီးက စိတ်ရှည်လက်ရှည် ရှင်းပြတော်မူသည်။

၇-နာရီက စတင်ခဲ့သော တရားသည် အရှိန်ကောင်းနေသည်၊ အချိန်ကား ၉-နာရီ တိုင်ခဲ့ပြီ၊ ကျွန်တော်တို့ တရားနာတစ်စုသည် ဟိုပြောင်း ဒီပြောင်း ခဏခဏ လှုပ်ရှားနေကြ၏၊ ဆရာတော်ကား ငြိမ်သက်စွာထိုင်လျက် တရားကို ဆက်လက်ဟောနေလေသည်။

သမထဝိပဿနာ ကမ္မဋ္ဌာန်း အားထုတ်ရာ၌ တေပရိဝဋ္ဋမဒေသနာနည်းဖြင့် မည်သို့ဆောင်ရွက်ရပုံ၊ ဝိမုတ္တိပရိပါစနိယတရား ၁၅–ပါးနှင့် ပြည့်စုံသင့်ပုံ၊ ခန္ဓာ ၅–ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ ဆပ္ပါက ကမ္မဋ္ဌာန်း စသည်တို့ကို ကျေညက်အောင် လေ့လာ၊တရားကို တွေ့အောင်ရှာ လက္ခဏာရေး သုံးပါး တင်ရှုရှာ၊ မိမိနှင့် သပ္ပါယအဖြစ်ဆုံးဟု ယူဆသောနည်းကို စွဲစွဲမြဲမြဲအားဆုတ်လျှင် ဝိတ်ထ်ာရ ရှစိအနေဖြင့် ပင် မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပုံတို့ကို ရှင်းပြတော်မူသည်။

ထိုအဆုံး တရားဆွေးနွေးပွဲကား အလွန် စိတ်ဝင်စားဖွယ်ကောင်းပြီး အကျိုးတရားများ ပေးလှုပေသည်၊

တရားနာရင်း မရှင်းလင်းသော အချက်များကို မေးမြန်းခွင့်ပြုပြီး နားလည်သည့်တိုင်အောင် ရှင်းပြတော်မူသည်။

နံရံပေါ်က တိုင်ကပ်နာရီသည် ၁၈-မိနစ် တစ်ကြိမ် သံစုံမြည်လျက်ရှိသည်၊ ထိုသို့ ဟောရင်း ပြောရင်း မေးရင်း၊ ဖြေရင်းနှင့်ပင် ၁၁-နာရီ ကျော်ခဲ့လေပြီ။ ၇-နာရီက စခဲ့သော တရားသည် ဆုံးမည့်လက္ခဏာမရှိသေး၊ ကျွန်တော်တို့ တရားနာ အသင်း သားများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဆရာတော် နားနေရန် အချိန်တော်ပြီဟု မျက်ရိပ်မျက်ခြည် ပြနေကြပြီ။ ကျွန်တော်က လျှောက်ထားလိုက်၏။

"၁၁-နာရီတောင် ကျော်သွားပြီ၊ ဆရာတော်လဲ တော်တော်ပင်ပန်းသွားပြီ ထင်ပါကယ်ဘုရား"

"အေး....အေး....ဒကာကြီးတို့ နားချင်လည်း နားကြပေတော့"

"မဟုတ်ပါဘူး ဘုရား၊ တပည့်တော်တို့ အတွက် မဟုတ်ပါ၊ ဆရာတော်နားရအောင် လျှောက်ထားခြင်းပါဘုရား" ဟုထပ်ဆင့်ပြောလိုပါ၏သေး၏၊ သို့သော် မလျှောက်တော့ပါ၊ အသာအယာ ဦးချကန်တော့ပြီး မမှာရုံသို့ ပြန်လာခဲ့ကြပါသည်၊ တရားဟောပြော နေရလျှင် အမြဲတန်း လန်းဆန်းနေသော ပုဂ္ဂိုလ်ကြီးပါတကား။

ဒုလဘ ဦးပဉ္စင်း ၂-ပါး

ထိုညနေက ရန်ကုန်မှ တမင်လာ လာရောက်ကြသည့်အပြင် အသင်းသား ၁၀-ဦး ရှိသဖြင့် အပင်ပန်းခံ ဟောပြောသည်ဟု ယူဆရန်ရှိပါ၏၊ ထိုသို့ကား မဟုတ်ပါချေ။


၁၃၃၇-ခု၊ တော်သတင်းလက ဖြစ်သည်၊ ယခု တိပိဋကာ = နိကာယ အဖွဲ့တွင် ဒုတိယ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူ ဦးစောလှိုင်နှင့် ကျွန်တော် ဓမ္မနာဒတို့က်တွင် ဒုလဘရဟန်း၀တ်နှင့်ရှိနေစဉ်ကတစ်ခါကြုံရပြန်သေးသည်၊ ထိုနေ့ညနေက ၅-နာရီခန့်တွင် ဆရာတော်သည် မန္တလေးဘက်သွားရန် ပြင်ဆင် နေချိန်ဖြစ်၏၊ ကျွန်တော်က အနားသို့သွား၍ ဦးချရင်း—

"ဟိုဘက်ကမ်း တရားပွဲရှိဆလား ဘုရား"

"ဟုတ်တယ်၊ ဦးပဉ္စင်းလိုက်ဦးမလား"

"မလိုက်တော့ပါ ဘုရား"

ယခင်တစ်ကြိမ်က ဤသို့ လိုက်သွားဖူး၏၊ ဆရာတော်သည် မန္တလေး မြောက်ပြင်ဘုရားနှီ ဘုရားအာရုံခံတန်ဆောင်းတွင် တရားဟောရာ ကျွန်တော်သည် ဆရာတော်နှင့် လိုက်ပါရင်း တရားပလ္လင်နောက်ရှိ ဘုရားလိုဏ်ဂူအတွင်းတွင် အိုက်စပ်ပူလောင်စွာ ပိတ်လှောင်ပြီး နေခဲ့ရသည်ကို သတိရနေမိပါသည်၊ တရားပွဲသည် ၃-နာရီခန့် ကြာခဲ့သည်။



ထိုနေ့ည ၁၀-နာရီခွဲအချိန်ခန့်တွင် ဆရာတော်သည် မန္တလေးဘက်မှ ပြန်ရောက်လာရာ ဦးဇဝန (ဦးစောလှိုင်) နှင့်အတူ ကျောင်းပေါက်ဝတွင် ကြိုဆိုရင်း နူတ်ဆက်လိုက်၏။

"အရှင်ဘုရား ပြန် ကြွ လာ တာ စောသား ပဲဘုရား"

"ဟုတ်တယ်၊ ဦးပဉ္စင်းတို့ ကျောင်းပေါ်တက်ကြဦးလေ။"

ဦးပဉ္စင်း ဦးဇဝနနှင့် ကျွန်တော် (ဦးအဂ္ဂဓမ္မ) တို့သည် ဆရာတော်နှင့်အတူ ကျောင်းပေါ်သို့တက်လိုက်သွားပြီး ဝရံတာ ရှေ့ခန်းတွင် ထိုင်နေကြသည်။

"ဒီနေ့ည နေက ဘာရားပွဲ ဘာတရားဟောခဲ့ပါလဲဘုရား၊"

နူတ်ဆက်စကားအနေဖြင့် တရားခေါင်းစဉ်ကို မေးလိုက်ခြင်းဖြစ်ပါသည်။ ဆရာတော်သည် ဘာမျှမပြောသေးဘဲ တပတ်နွမ်းသက်နှံးကို လဲလှယ်ဝတ်နေသည်။ ထိုနောက် ကျောင်းနှင့် ၂-ထပ်တိုက်အကြား သွပ်အမိုး မိုးထားသော ဧရံတာတွင် လာရောက်ထိုင်ကာ-

"ကဲ-ဦးပဉ္စင်း ၂-ပါးကိုဒီနေ့ည နေက ဟောခဲ့တဲ့ တရားဟောရသေးတာပေါ့"

ဟု အမိန့်ရှိကာ တကယ့်တရားပွဲအတိုင်း (သက်နှံးမရုံခြင်းမှ တပါး) ဟောပါတော့သည်။...

"ကောဇာသက္ကရာဇ် ၁၃၃၇-ခု၊ သာသနာတော် ၂၅၁၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀-ရက်၊ မင်းကွန်းဓမ္မနာတိုက်ကျောင်းအမကြီး ဒေါ်ဒေါ်ဆင်၏ သံမဏ္ဍပ်အတွင်း ရုန်ကုန်မြို့မှ လာရောက်၍ ဒုလ္လဘသံဝဂ ရဟန်းဝတ်နေကြသော ဦးအဂ္ဂဓမ္မနှင့် ဦးဇဝနတို့အား ဟောကြားအပ်သော ပဉ္စကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်လာ ဌာနသုတ္တန်တရားတော်၊ ဝါ-တစ်နည်းအားဖြင့်အဘိဏှပစ္စဝေက္ခဏာ သုတ္တန်တရားတော်"

ဟု ခေါင်းစဉ်တပ်ကာ မန္တလေးပွဲမှာ ဟောခဲ့သော အဘိုင်း အစ အဆုံး ဟောပါတော့သည်၊ မန္တလေးတွင် ဟောစဉ်က မဟောမီ ငါးပါးသီလပေးခြင်းနှင့် အချီးနိဒါန်း အနည်းငယ်သာ ကွာခြားသည်ဟု သိရပါသည်။

ယခုတရားပွဲကား ရဟန်းတော်များအား ဟောသော အထူးတရား အနေဖြင့် လေးနက်သော အဓိပ္ပာယ်များကို ဖော်ထုတ်ကာ ပိုမိုပြည့်စုံအောင် ဟောတော်မူသည်၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သိုတင်းသုံးနေတော်မူခိုက် တပည့်သာဝကတို့အား ကိုယ်တော်မြတ်၏ ဆန္ဒတော်အတိုင်း စိတ်တိုင်းကျ ဟောထားသော တရားဖြစ်၍ တရားမျိုး ၄-ပါးတွင် အဘ္ဘုတ္ဓာသယသုတ္တန်ကဲ့ပ



ဖြစ်ကြောင်း၊ ပညာတတ်တရားများမပါဘဲ တရားသား သက်သက် အနှစ်ချည်းဖြစ်သဖြင့် အခြားသူတွေ့နိုင်မျာ လို မဟုတ်ဘဲ ခြောက်သွေ့ သည့်ပုံ ထင်ရကြောင်း၊ သို့သော် ဤတရား အဆုံးအမအတိုင်း ကျင့်ကြံလိုက်နာခြင်းဖြင့် ရဟန္တာဖြစ်သည်အထိ ရနိုင်သော အကျိုးရှိကြောင်း၊ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ကျေနပ် သဘောကျသော ဟရားတော်ဖြစ်ကြောင်း၊ တရားသားဟောတော်မူပြီးသည့်နောက်မှာပင် ဝုတ္ထာတ္ထသင်္ဂဟ အဖြစ် အထူး ဂါထာ ၅-ပုဒ်ဖြင့် ဥဒါန်းကျူးတော်မူခဲ့သေးကြောင်းကို ကျယ်ပြန့်စွာ ရှင်းလင်းဟောပြတော်မူလေသည်။

ထိုအထူးတရားသည် ဂ၅-မိနစ်ကြာလေရာ၊ ပြီးဆုံးသောအခါ နောက်ထပ် ၁၀-မိနစ်ခန့် ဘုရားရှင် ဥဒါန်းကျူးရင့်ပုံ အချို့အချက်များကို ဖြေရှင်းပြနေသေးသည်၊ အချိန်မှာ ၁၂-နာရီထိုးပြီး၍ ၁၀-မိနစ်ပင်ကျော်လေပြီ။

"၁၂-နာရီတောင် ကျော်သွားပြီဘုရား။"

"ကဲ....ကဲ ဦးပဉ္စင်းတို့ ကိုယ့်ကျောင်း ကိုယ်ပြန်နားကြပေတော့"

ဦးဇဝနနှင့် ကျွန်တော်တို့သည် သလွာဝတီကျောင်းသို့ ပြန်လာခဲ့ကြသည်။

ဤတရားပွဲကို တရားနာသူ ၂ ဦးရှိ၍ ဟောကြားသည်ဟု ဆိုနိုင်ပါ၏၊ ထိုသို့ ယူဆလျှင် လွဲပါလိမ့်မည်၊ ဘရားဟောသင့်လျှင် တစ်ဦးတည်းကိုလည်း ဟောတော်မူပါသည်။ ကြုံခဲ့ရပုံကား ဤသို့ ပါတည်း။

မော်တော် ကားပေါ်တွင်

လွန်ခဲ့သော ၁၀ နှစ်က ဖြစ်သည်၊ တစ်နေ့သောနံနက်တွင် ဆရာတော်သည် မန္တလေးမြို့သို့ ပြန်ရန် လေယာဉ်ကွင်းသို့အသွား မင်းကွန်းဆေးရုံအတွက်ကျွန်တော်တို့လူသော နဝကမ္မကို လက်ခံရန် ကျွန်တော်တို့အိမ်သို့ ကြွရောက်လာလေသည်၊ နေ့ဆွမ်းကို မန္တလေးရောက်မှဘုဉ်းပေးရန်ဖြစ်၏၊ မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ဖုန်းဆက်စုံစမ်းရာ လေယာဉ်ထွက်ချိန် ၂ နာရီခန့်နောက်ကျမည်ဟု သိရ၍၊ ကျွန်တော်တို့အိမ်မှာပင် ဆွမ်းကပ်ရန် စီစဉ်လိုက်သည်။ ဆွမ်းစားပြီးသောအခါ မသေချာသောလေယာဉ်အတွက် ကြောင့်ကျမှုရှိနေ၍ အိမ်တွင်တရားဟောချိန်မရ၊ကိုယ်က စောစောရောက်မှကောင်းမည်ဟု သဘောရကြသဖြင့် လေယာဉ်ကွင်းသွားရန် ပြင်ဆင်ရ၏၊ ထိုစဉ်တွင် ဆရာတော်အား လေယာဉ်ကွင်းသို့ပို့ဆောင်ရန် သာသနာ့အလံ တလူလူလွင့်ထားသော မာစီဒီကားကြီးတစ်စင်း ရောက်လာသည်၊ ဆရာတော်သည် ထိုကားကြီးပေါ်သို့ ပဲစ္ဆာသမဏ ဦးပဉ္စင်းနှင့် ကပ္ပိယဒကာကြီး ဦးလူပေါကို တက်စီးစေလျက်ကိုယ်တော်မူကား ကျွန်တော်၏ ကားညှံ့ကားဟောင်းပေါ်သို့ တက်ထိုင်တော်မူသည်။ဆရာတော်မြွက်ကြားပုံကား....

"ဒကာကြီးကို ကားပေါ်မှာ အနှေးမောင့်နာတရားဟောရဦးမယ်၊ ဒကာကြီးကားနဲ့ သွားမယ်"

ကျွန်တော်၏အိမ်မှ လေဆိပ်သို့ မှန်မှန်မောင်းလျှင် ၂၄ မိနစ်ခန့် ကြာလေရာ လမ်းတစ်လျှောက်လုံး ဒေသနာမိုး တဖြိုင်ဖြိုင် ရွာသွန်းခဲ့လေသည်၊ ဟောသော တရားကား သပ္ပုရိသ ဒါနတရားတော် ဖြစ်သည်၊ ရှေးသူတော်ကောင်း အလောင်းတော်ကြီးများသည် ဒါနမူကြိုး ၅ ချက်နှင့်အညီ အလှူဒါနပြုကြပုံ၊ ထိုမူ ၅ ချက်တို့တွင် မည်သည့်အချက်နှင့် ညီညွတ်လျှင် မည်သို့သော ကောင်းကျိုး ခမ်းသာခံစားရသည် စသည်ဖြင့် ရှင်းလင်း ဟောပြတော်မူလေသည်။

ဓမ္မကိစ္စ အားမရ

ဆရာတော်ကြီးသည် တရားဟောပြောခြင်း၊ တရားဖြန့်ဖြူးခြင်း၊ ဓမ္မကိစ္စတို့၌ အားမရနိုင်သော ပုဂ္ဂိုလ်ကြီးဖြစ်တော်မူပါသည်။

ယံ ဟိ ကယိရာ၊ တံ ဟိ ဝေဒေ။

မလုပ်မပြော လုပ်မှပြော သဘော စင်လှစေ။

ဟူသော ဆောင်ပုဒ်ကို ကြုံးဝါး၍ စာမျက်နှာ ၄၉၀၀ ကျော်သော ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်စာအုပ်ကို ဦးစီးရေးသား တော်မူခဲ့သည်၊ ကေသရာဇာ ခြင်္သေ့မင်းသည် သားကောင်ကြီးသည် ငယ်သည် မဟူ တူမျှသောခွန်အားကို သုံးတတ်ဘည်ဟူသကဲ့သို့ ဆောင်ရွက်တတ်ပုံကို တစ်ခါက တွေ့မြင်ခဲ့ရသေး၏။

၁၃၃၆ ခုနှစ်က ဖြစ်သည်၊မအူပင်မြို့နယ် လက်ခုပ်ပင်ရွာတွင် အဘိဓမ္မာပြု ဆရာကြီး ဦးထွန်းတင်သည် သာသနာ့ရောင်ခြည်အဖွဲ့ ဖွဲ့စည်းကာ အဘိဓမ္မာပြန့်ပွားရေးကို ကြိုးစားနေချိန်ဖြစ်သည်၊ ဆရာကြီး၏ တပည့်မကြီးဖြစ်သော ဒေါ်ကြင်မြိုင်သည် အဘိဓမ္မာစာမေးပွဲ၊ဝိသုဒ္ဓိမဂ်စာမေးပွဲ အဆင့်ဆင့်တို့ကို အောင်မြင်ပြီးသောအခါ ပိဋကမြန်မာပြန် စာအုပ်များကို

ကျေညက်အောင် လေ့လာပြီး ကောင်းနိုး ရာ ရာသုတ္တန်များကို စုစည်းရေးသား ပြုစုထား လေသည်၊ တစ်နေ့သောအခါ ထိုဖိုင်တွဲအထူကြီးကို ကျွန်တော် ထံယူလာပြီး ဆရာတော်ကြီးအား ပြပေးပါ၊ စာသား ဝါကျ အထား အသို မှားယွင်းသော် လည်းကောင်း၊ အယူအဆ ချွတ်ချော်နေသော် လည်းကောင်း ပြင်ဆင်ပေးပါရန် တောင်းပန်ပေးပါဟု ပြောဆိုလာပါသည်၊ ဆရာတော်ကြီးသည် မလွန် ဆန် လူ အသင်းကို စွန့် နှင့် အထက်အောက်မြန်ပြည်တလွှား သွားလာနေ၍ မအား အောင်ဖြစ် နေသည်ကို တွေ့မြင်နေရပါသည်။ သို့သော် ဆရာကြီးဦးထွန်းတင်နှင့် ဒေါက်ကြင်မြို့ဝင်တို့ ဆန္ဒအတိုင်း လျှောက်ထားပေးရမည့် တာဝန်ရှိနေသဖြင့် ဆရာတော်ကြီးအား ချဉ်းကပ်ရပါသည်၊ စာမျက်နှာ ၅၀၀ ကျော်ရှိသော လက်ရေးမူဖိုင်တွဲကြီးကို လက်ခံနိုင်မည် မထုတ်ဟု ပေးတောထားပါသည်။

တစ်နေ့တွင် ဆရာတော်ကြီး ခေတ္တတည်းခိုနေသော မဟာစည်ရိပ်သာသို့ သွား၍ အကျိုးအကြောင်း လျှောက်ထားပြီး ဖိုင်တွဲကြီးပြသရာ အလွယ်တကူပင် လက်ခံလိုက်သဖြင့် အတော်အံ့သြမိပါသည်၊ ဆရာတော် သည်ခရီးသွားလာရင်းအာဂန္တုအဖြစ်တည်းခိုဆောင် ပေါ်တွင်လည်းကောင်း၊ သင်္ဘောပေါ်တွင် လည်းကောင်း၊ ရထားပေါ်တွင်လည်းကောင်း အားလပ်ချိန် အနည်းငယ်ရတိုင်း လိုအပ်သလို ပြင်ဆင် တည်းဖြတ်၍ လက်နှိပ်စက်ရိုက်ပေးရာ ၄ လခန့်အကြာတွင် လက်နှိပ်စက်ရိုက်ပြီး စာမူဖိုင်တွဲ လေးစောင်ပြန်ပေးပါသည်၊ ထိုစာမူကို ၁၉၇၇ ခု၊ နိုဝင်ဘာလတွင် စက်တင်ပုံနှိပ်ပြီးစီးရာ စာမျက်နှာ ၂၇၅ ပါသော "သာသနာ့ကြယ်ခရာင်စာဟမ်း" ဟူသော ကျမ်းစာစာအုပ်ထွက်ပေါ်ခဲ့လေသည်၊

ဗိုလ်ကြီးမှူးဟာအဖွဲ့

ဆရာတော်ကား မြတ်စွာဘုရားက ထာရွှင်နာဂံစားအား ဟောကြားသွန်သင်ပြသော အတိုင်းအာမိသကိစ္စကို ရွောင်ရှားလိုသည်၊ ဓမ္မကိစ္စဆိုလျှင် အချိန်အခါ နေရာမရွေး အားပေး ပံ့စိတ်ရှိသည်၊ တစ်ခါက ပဋ္ဌာန ဗျူဟာအဖွဲ့ တည်ရာဌာနသို့ ကြွရောက်လာပြီး အဖွဲ့က ရွာဖွဲ့ထုဆောင်းထားသော ပစာထုပ်များကိုယူကြည့်ပြီးလျှင် ကိုင်တွယ်နည်း၊ ဆောင်ရွက်ထိန်းသိမ်းနည်း ထားသိုနည်းတို့ကို အသေးစိတ် ညွှန်ကြားတော်မူခဲ့သည်။ ပိဋ္ဌကဗျူဟာအဖွဲ့သည် ရွှေတိဂုံ ထီးတော်ရိပ်တွင် တည်ရှိကာ၊ ပေစာထုပ်များအတွင်း ကွယ်ပျောက်နေသော အဖိုးတန်ကျမ်းကြီးများကို ပုံနှိပ်စာအုပ်အဖြစ် ဖော်ထုတ်နေသောအဖွဲ့ဖြစ်သောကြောင့် ဆရာတော်ကြီးသည် အဖွဲ့၏ လုပ်ငန်းကို နှစ်သက်အားရတော်မူသဖြင့် ကိုယ်တိုင် ကြွရောက် အားပေးခြင်း ဖြစ်သည်။ ထို့မျှဖြင့် အားမရသေးသဖြင့် စာအုပ်သစ် တစ်အုပ် တစ်အုပ် ထွက်တိုင်း ဓမ္မဒါန အလှူငွေငါးရာကျပ် ချီးမြှင့်ပေးလှူလေ့ရှိသည်။ ယခု အဖွဲ့က ကျမ်း စာအုပ် ဂ အုပ် ပုံနှိပ်ပြီးဖြစ်သဖြင့် ဆရာတော်ထံမှ အလှူငွေ လေးထောင်ကျပ် ရရှိပြီး ဖြစ်သည်။ တစ်ချိန်တွင် ပိဋ္ဌကဗျူဟာအဖွဲ့ ယိုယွင်းပျက်စီးတော့မည့် အခြေအနေ ပေါ်ပေါက်ခဲ့ရာ၊ ဆရာတော်ကြီးကနည်းလမ်းညွှန်ပြ အားပေးတော်မူသဖြင့် သံဃာတော် ၅၃၁ ပါး အပါအဝင် အသင်းသား ၁၃၉၈ ဦးပါဝင်သော ပိဋ္ဌကဗျူဟာအဖွဲ့ ပြန်လည် အသက်ဝင်လာခဲ့သည်။ ဆရာတော် ပြောပြလေ့ရှိသည်မှာ "တာဝန်သိသူသည် တာဝန်ရှိသည်" ဟူ၏။ ထိုဝါဒအတိုင်း တာဝန်ပိနေသော ပုဂ္ဂိုလ်ကြီးပါတကား။

တရားရှည်ကြီးများ

ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကြီးသည် ချိန်ခွင်ကြီးလေးလက်ကဲ့သို့ နာရီပေါင်း ၉၄ နာရီကြာသည့်တိုင်အောင် အဆက်ဆက်ဟောရသော တရားရှည်ကြီးများကိုလည်း၊ ပင်ပန်းသည် သဘောမထား၊ ၁၉၇၈ ဂါထာကို ဖွင့်ဆိုခဲ့ထွင် တန်ဆာဆင်၍ ဟော ပြောရသော ဘုရိဒတ်ဇာတ်တော်ကဲ့သို့သော တရားရှည်ကြီးများကိုလည်း မတွန့်တို၊ ဓမ္မကိစ္စ၌မွေ့လျော်ပြီး ဓမ္မဒေသနာ၊ ဓမ္မဒါန၌ မရောင့်ရဲနိုင်သောပုဂ္ဂိုလ်ကြီး ဖြစ်သည်၊

၁၃၃၁ ခု၊ သီတင်းကျွတ်လတွင် မန္တလေးမြို့ ရွှင်ဥပဂုတ် အရွက်တော်ဝတ်အသင်း၏ ဆွမ်းသိမ်းပွဲ၌ ဟောသော တရားကို သတိရမိသေးသည်၊

"ဘုန်းကြီးဟာ ဒီနေ့ည ဘုရိဒတ်ဇာတ်တော်ကြီးကိုပဲ ဟောရဦးမှာပဲ၊ ဒီည တရားနဲ့ဆိုရင် ၇ ကြိမ်-မြောက်ဖြစ်နေပြီ၊ ၁၉၇၈ ဂါထာကုန်အောင် ဟောရတာ မလွယ်ပါဘူး၊ ခဲခဲယဉ်းယဉ်း အခဲ့ရယ်-တွေဖော်ပြီး ပင်ပင်ပန်း

ပန်း ဟောခဲ့ပြီးပါပြီ၊ တရားတော်က ရှည်လွန်းလို့ ပရိသတ်ကိုလဲ အားနာလှပါပြီ၊ ဘာပဲဖြစ်ဖြစ် ဒီညတော့ အလောင်းတော်ပြန်ဖြေတဲ့ ၄၈ ဂါထာ၊ ကာဏာရီဠဂျောတဲ့ ၁၅ ဂါထာပေါင်း ၃၆ ဂါထာအနက် ကျန်သေးတဲ့ ၃၃ ဂါထာကုန်အောင်တော့ ဟောရမှာပဲ၊ သန်းခေါင်ကျော်မှ ပြီးချင်လဲ ပြီးပါစေတော့"

ဟု ပရိသတ်အား တောင်းတောင်းပန်ပန် ဟောတော်မူခဲ့လေသည်။

တစ်ခါ ၁၃၃၂ ခုနှစ်က မန္တလေးမြို့ မေယဂိရိရပ် ဓမ္မာရုံတွင် တရားဟောရန်ရှိရာ ချိန်ခွင်ကြီးလေးလက် တရားအဆက် ဖြစ်သော သာမာဝတီဇာတ် နောက်ဆုံးပိုင်းကို ဟောရန် စိတ်ကူးလာခဲ့၏။ တရားပွဲရောက်ကာမှ နောက်ပါ ဦးပဉ္စင်း ဦးဝေပုလ္လက လျှောက်ထားသည်။ "တရားပွဲတောင်းသော ဒါယကာကြီးက ဒက္ခိဏာဝိဘင်္ဂသုတ်တရားတော်ကို နာလိုပါသတဲ့ဘုရား"

ထိုသို့ ကြားရပြီးနောက် တရားပွဲ စတင်သော အခါ....

"အင်း....ဒီနေ့ည သာမာဝတီဇာတ်သိမ်း နောက်ဆုံးပိုင်းကို ဟောမယ်လို့ပဲ၊ တရားပွဲဒါယကာကြီးက ဒက္ခိဏာဝိဘင်္ဂသုတ်ကို နာလိုပါတယ်ဆိုတော့ တရားနှစ်ပုဒ်စလုံးကို ဟောရတော့မှာပေါ့၊ ခေါင်းတစ်လုံးထဲ ရေအိုးနှစ်လုံးရွက်လိုက်ပါမယ်"

ဟု ကြေညာကာ တရားနှစ်ပုဒ်စလုံးကို ဟောလေတော့သည်။

ဟောခွင့်ရခိုက် မနားမနေဟောမည်

တစ်ခါက ဆရာတော်ကြီး အားလပ်နေချိန် တစ်ချိန်တွင် တစ်ယောက်တည်း လျှောက်ထားခွင့် ရ၍ လျှောက်ထားဘူးသည်။ အသက်အရွယ် ကြီးရင့်လာသောအခါ အင်အားဆုတ်ယုတ်မြဲဖြစ်ပါသည်၊ နားနေချိန် များများယူသင့်ပါသည်။ ကျန်းမာရေးကို ဦးစားပေး အလေးပေးသင့်ပါသည်။ တရားကြွာရှည် ဟော့ရခြင်းကြောင့် သြောင်းသြာကိုက်ခဲခြင်း၊ မောပန်းခြင်းများ ဖြစ်နိုင်ပါတယ်ဟု လျှောက်ထားရာ ပြန်လည် အမိန့်ရှိပုံကား....

"ဘုရားတရားတော်ကို ဟောရတာ ဘယ်သူ့ကိုမှ မမုန်းတီးပါဘူး၊ ဒီပါးစပ်ဟာ ဘဝပေါင်းများစွာ ထင်ရာတွေ့ ပေါက်လွှတ်ပဲစားပြောလာခဲ့တာ၊ အခုလို ဘဝကောင်းအခါကောင်း ကြုံခိုက် ရှင်တော်မြတ်ဘုရားရဲ့ တရားတွေ ပေးလှူဖြန့်ဖြူးနေရတာ အင်မတန်မွန်မြတ်တဲ့ အလုပ်ပဲ့ မဟုတ်လား"

ထိုခံယူချက်နှင့်အညီ ယခုအထိ မြန်မာပြည် ဒေသအားလုံး ချောင်ကြိုချောင်ကြားမကျန် တလှုပ်လှုပ် သွားလာလျက် တရားအလှူကို အဆက်မပြတ် ပေးလှူလျက်ရှိနေပါသည်။

*

စစ်ကိုင်းမြို့ကို ဖြတ်သန်းပြီး စစ်ကိုင်းတံတားကြီး ပေါ်ရောက်သောအခါ စစ်ကိုင်းတောင်ရိုး ရွှေမင်းဝံတောင်ရိုးစေတီများကို မီးတဝင်းဝင်း ကြည်ညိုရသည်၊ အချိန်ကား ည ၇ နာရီခွဲကျော်လေပြီ၊ မန္တလေးဂေါဝိန်ဆိပ်ကမ်း ပြန်ရောက်သောအခါ ဂ္ဂနာရီရှိနေလေပြီ၊ ကျွန်တော်တို့သည် ဆရာတော်အား နှုတ်ဆက်ဖူးမြော်ပြီး ဆရာတော်သင်္ဘောသို့ ဆင်းသွားသောအခါ သူဇတ္တာအဆောင်သို့ ပြန်လာခဲ့ကြသည်။

ဆရာတော်၏ နောက်က အလွတ်လိုက်ပါခဲ့သော ကျွန်တော်တို့အနေဖြင့် ခရီးပန်းလာခဲ့သဖြင့် စောစော အိပ်ရာဝင်လိုကြသည်၊ ဆရာတော်ကား မော်တော်သင်္ဘောဖြင့် မင်းကွန်းဘက်ရောက်အောင် တစ်နာရီကျော်ကျော် စီးသွားရဦးမည်၊ မင်းကွန်းဆိပ်ကမ်းမှ တစ်ဖန် ကားဖြင့် ဓမ္မနာဒတိုက်သို့ သွားရဦး မည်၊ ကျောင်းသို့ ပြန်ရောက်ချိန်တွင် ၁၀-နာရီလောက်ရှိပေလိမ့်မည်၊ ကျွန်တော်တို့ မောမောပန်းပန်း အိပ်နေချိန်တွင် ကျောင်းရောက်ကာစဖြစ်သော ဆရာတော်ကြီးသည် နက်ဖြန်ခါ သဘက်ခါ တရားပွဲများတွင် ဘယ်ဒေသနာမိုးရွာသွန်းဖြိုးရမည်လဲဟူ၍ စိတ်ထဲတွင် စီစဉ်နေပေလိမ့်မည်ဟု တွေးတောရင်း ဆရာတော်ကြီး၏ ဇွဲလုံ့လ ဝီရိယ သဒ္ဓါစေတနာကို အံ့ချီးမကုန် ဖြစ်ရပါသတည်း။

ဦးအောင်သိမ်း

နံ့ာယက

တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့

ကိုဝိဇ္ဇာရဲ့
ဆရာတော်ဘုန်းကြီး
သမိုင်းပေးတာဝန်
ဗမာစစ်ပွဲ
ဒုံးပျံပေါင်းပေါင်းလေး

ဆက်ဆက်ဆုံးနှစ်စဉ်းး ၄၇



တိပိဋကဟူသော နိကာယ သာသနာပြုအဖွဲ့၏ ပထမသုံးနှစ်ခရီး စာအုပ်ကြီးကို ထုတ်ဝေစဉ်က ကျွန်တော်သည်လည်း မိမိစွမ်းဆောင်နိုင်သော အဖွဲ့မှ ပါဝင်ဆောင်ရွက်ခဲ့သဖြင့် တိပိဋကဓရဆရာတော်ကြီးကိုယ်တိုင် အခမ်းအနားဖြင့် ချီးမြှင့်သော ပထမသုံးနှစ်ခရီး စာအုပ်ကြီးတစ်အုပ်ကို လက်ခံရရှိခဲ့ပါသည်။

ပထမသုံးနှစ်ခရီး စာအုပ်ကြီးမှာ ဆရာတော်၏ဂုဏ်သိက္ခာ၊ တိပိဋကဟူသော နိကာယ သာသနာပြုအဖွဲ့၏ ဂုဏ်သိက္ခာတို့နှင့် လျော်ညီစွာ ထည်ဝါခန့်ညားလှပါသည်။ အတွင်းစာ သားဦးလည်း ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့် သာသနာတော်အတွက် ဆောင်ရွက်တော်မူပုံမျှားကိုလည်းကောင်း၊ တိပိဋကဟူသော နိကာယသာသနာပြုအဖွဲ့ကြီး၏ စနစ်တကျ အကွက်စေ့လှသော လုပ်ငန်းစဉ်များကို လည်းကောင်း ပညာရှင် အသိုးသီးတို့က ဘက်စုံရှုထောင့်မှ အသိုးသီး ရေးသားတင်ပြ ထားကြသည်ကို တွေ့ရှိရပါသည်။

စာအုပ်ကြီးကို မြင်ရရုံဖြင့် ဝမ်းမြောက် ကျေနပ်ခြင်း ဖြစ်ခဲ့ရခြင်းအပြင် အတွင်းစာသားများကို ဖတ်ရှုရသောအခါ၌ကား အတိုင်းမသိသော ကြည်ညိုသဒ္ဓါစေတနာများ ဖြစ်ပွားခဲ့ရပါသည်။

တိပိဋကဓရ ဆရာတော်ဘုရားကြီးနှင့် တိပိဋကဟူသော နိကာယ သာသနာပြုအဖွဲ့ကြီးသည် ပထမသုံးနှစ်ခရီးကို လွန်မြောက်ခဲ့ပြီး နောက်တွင်လည်း မိမိတို့၏ အကြီးအကျယ် မွန်မြတ်လှသော လုပ်ငန်းများကို အရှိန်အဟုန် ပြင်းစွာဖြင့် ဆက်လက်



ဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော်တို့ မြင်ကြ၊ ကြားကြ၊ သိရှိကြပါသည်၊ ဆရာတော်သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင်အဖြစ်ဖြင့် လည်းကောင်း၊ တိပိဋကာ=နိကာယ သာသနာပြု အဖွဲ့ကြီး၏ ရှေ့ဆောင်လမ်းပြ နာယက အဖြစ်ဖြင့် လည်းကောင်း၊ သာသနာတော်၏ အကျိုးစီးပွားကို သက်တော်ရွယ်တော်နှင့် မမျှအောင် မရပ်မနား ဆောင်ရွက်လျက်သာ ရှိခဲ့ပါသည်။ သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရက ဆရာတော်အား နိုင်ငံတော်၏ အမြင့်ဆုံးဘွဲ့တံဆိပ်တော်ဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်းမှာ ထိုက်တန်စွာ ပူဇော်ဆက်ကပ်ခြင်းဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် နိုင်ငံသူ နိုင်ငံသား အားလုံး ဝမ်းမြောက်ကြည်နူးမဆုံး ရှိခဲ့ကြပါသည်။ ဤဒုတိယသုံးနှစ်ခရီး ကာလအတွင်း တိပိဋကမရဆရာတော်နှင့် တိပိဋကာ=နိကာယ သာသနာပြု အဖွဲ့ကြီး၏ ဆောင်ရွက်ချက်များအနက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် ဖွင့်လှစ်မည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများအတွက် ကျောင်းအဆောက်အဦး စသော အခြေခံ လိုအပ်ချက်များကို တာဝန်ယူ၍ စိမံဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမှာ ချီးကျူးဖွယ် အကောင်းဆုံးဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ အမှန်စင်စစ်ဤလုပ်ငန်းကြီးမှာ သာမန် ပုဂ္ဂိုလ်၊ သာမန် အဖွဲ့အစည်းတစ်ရပ် အနေဖြင့် တာဝန်ယူဆောင်ရွက်ရန် စဉ်းစားရုံမျှပင်စဉ်းစားဝံ့သည်မဟုတ်သော လုပ်ငန်းကြီး ဖြစ်ပါသည်။ ဆရာတော်နှင့် ဆရာတော်၏ အဖွဲ့ကြီးက ထိုလုပ်ငန်းကြီးကို ပြောင်မြောက်စွာစီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမှာ လောကစကားနှင့်ဆိုရသော် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုက်ခြင်းပင် ဖြစ်ပါသည်၊

ဗုဒ္ဓသာသနာတော်သမိုင်းဌ သမိုင်းပေး တာဝန်ကို ထမ်းဆောင်နိုင်ခဲ့သော ပုဂ္ဂိုလ်ဘို့မှာ အရေအတွက်အားဖြင့် မများလှပါ၊ ထိုဘာဝန်ကို



ရှေးဦးစွာ ပြောင်မြောက်အောင် ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်မှာ ရှင်မဟာကဿပမထေရ်ကြီးပင် ဖြစ်ပါသည်။ ရှင်မဟာကဿပသည် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သုံးလမြောက်အချိန်တွင် ဗုဒ္ဓ၏ ဓမ္မဝိနယတို့ကို မပျောက်မပျက် ရှည်မြင့်စွာ တည်တန့်စေရန်အတွက် ရဟန္တာ ငါးရာတို့ကို ဦးဆောင်ကာ ပထမ သံဂါယနာ တင်ခဲ့သည်။ စင်စစ် ဤတာဝန်ကို မြတ်စွာဘုရား ကိုယ်တော်တိုင်က နှုတ်တိုက်မြွက်ဟခဲ့ခြင်း မပြုသော်လည်း သွယ်ဝိုက်သော နည်းအားဖြင့် ရှင်မဟာကဿပအား ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။

ရှင်မဟာကဿပသည် ပီပွလိ လုလင်ဘဝဖြင့် မြောက်မြားစွာသော မိဘအမွေအနှစ်၊ ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ ရဟန်းပြုခဲ့သူ ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသည် ပီပွလိလုလင်အား လမ်းခရီးမှ တကူးတကကြိုဆို၍ သုံးခွန်းသော ဩဝါဒစကား တို့ကို မိန့်ကြားခြင်းဖြင့် ရဟန်းအဖြစ် အသိအမှတ် ပြုခဲ့ပါသည်၊ ဤသို့ ဆုံးမဩဝါဒကို ခံယူခြင်းဖြင့် ရဟန်းအဖြစ် အသိအမှတ် ပြုခြင်းခံရသော ပုဂ္ဂိုလ်ကား ဤသာသနာ၌ ရှင်မဟာကဿပ တစ်ပါးတည်းသာ ရှိခဲ့ပါသည်။ ရဟန်းခံခြင်း ဂ-မျိုး ရှိသည့်အနက် ရှင်မဟာကဿပကဲ့သို့ ဩဝါဒခံယူခြင်းဖြင့် ရဟန်းအဖြစ်သို့ရောက်ခြင်းကို "ဩဝါဒူပသမ္ပဒါ" ဟု ခေါ်ပါသည်။

မြတ်စွာဘုရားသည် ရှင်မဟာကဿပအား လမ်းခရီးတစ်ဝက်မှ ကြိုဆို၍ ဆုံးမဩဝါဒကို ခံယူစေခြင်းဖြင့် ရဟန်းအဖြစ် အသိအမှတ် ပြုတော်မူခဲ့သည့်အပြင် မိမိနှင့် သင်္ဃန်းချင်းလဲလှယ်ဝတ်ရုံစေခြင်းဖြင့်လည်း အခြားတပည့်သာဝကတို့နှင့်မတူ၊ တစ်မူထူးခြားစွာ ချီးမြှောက်ခဲ့ပါသည်။ ထို့နောက်တွင် ရှင်မဟာကဿပသည် မြတ်စွာဘုရား၏ ဟောကြားညွှန်ပြမှုကိုခံယူလျက် ဓုတင် ၁၃-ပါးကို အသက်ထက်ဆုံး ကျင့်သုံးဆောက်တည်ခဲ့သည့်အပြင် စျာန်သမာပတ် ဝင်စားမှုတို့၌လည်း အထူး လေ့လာပွန်းတီးခဲ့ပါသည်။ ရှင်မဟာကဿပသည် နိရောဓသမာပတ်ကို မကြာခဏ ဝင်စား၍ ထိုသမာပတ်မှထသည့် အခါတိုင်းလည်း ဆင်းရဲနွမ်းပါးသော ပုဂ္ဂိုလ်များကို ရှာဖွေချီးမြှောက်ခဲ့ပါသည်။

ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းတော်ဥယျာဉ်၌ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူသောအခါ ရှင်မဟာကဿပသည် ခုနစ်သိန်းသော ရဟန်းတို့၏ အကြီးအမှူး ဖြစ်လာခဲ့ပါသည်။ ထိုအခါ အရှင်မဟာကဿပသည် အချိန်အခါ၏ လိုအပ်ချက်ကိုလည်းကောင်း၊ အရှည်ကို မြော်မြင်၍ မြတ်စွာဘုရားက မိမိအား သူမတူသော ချီးမြှောက်မှုများဖြင့် ချီးမြှောက်ခဲ့ခြင်းကိုလည်းကောင်း ကောင်းစွာ ဆင်ခြင်စဉ်းစားမိခဲ့သောကြောင့် ဗုဒ္ဓမြတ်စွာ၏ ဓမ္မဝိနယများကို ဆောလျင်စွာ သံဂါယနာသင်ရန် စီမံစိုင်းပြင်းခဲ့ခြင်း ဖြစ်ပါသည်၊

သံဂါယနာတင်ခြင်း ဟူသည်တို့ကို ဓမ္မဝိနယတို့နှင့်ပတ်သက်၍ ဟောကြားရာအရပ်၊ ဟောကြားသည့်ပုဂ္ဂိုလ်၊ ဟောကြားခြင်း၏အကြောင်းစသော အချက်အလက်များကို ပြည့်စုံစွာ မေးမြန်းစိစစ်၍ ထိုအချက်အလက်များနှင့်တကွမှုရင်း ဟောကြားချက်တို့ကို သံဂါယနာတင် မထေရ်အားလုံး စုပေါင်းရွတ်ဆိုကြခြင်း ဖြစ်ပါသည်။

ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ ငါးရာတို့သည် ဗုဒ္ဓမြတ်စွာ၏ ဓမ္မဝိနယတို့ကို စုပေါင်းရွတ်ဆိုကြပြီးနောက် ယင်းတို့ကို ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ် ပိုင်းခြားသတ်မှတ်၍ ပုဂ္ဂိုလ်အသီးသီးတို့အား စဉ်ဆက်မပြတ် ဆောင်ယူပို့ချ သင်ကြားကြရန် တာဝန်ခွဲပေးခဲ့ပါသည်။

ပိဋကတ်သုံးသွယ်နှင့် နိကာယ် ငါးရပ်တို့ကို အသီးသီး ဆောင်ယူပို့ချ သင်ကြားရန် တာဝန် ယူခဲ့သော ပုဂ္ဂိုလ်များမှာ –

ဝိနယပိဋကက – ရှင်ဥပါလီနှင့် တပည့်များ
အဘိဓမ္မပိဋကက – ရှင်သာရိပုတ္တရာနှင့် တပည့်များ
ဒီဃနိကာယ် – ရှင်အာနန္ဒာနှင့်တပည့်များ
မဇ္ဈိမနိကာယ် – ရှင်သာရိပုတ္တရာ၏ တပည့်များ
သံယုတ္တနိကာယ်– ရှင် မ ဟာ က သ ပ နှင့် တပည့်များ
အင်္ဂုတ္တရနိကာယ်– ရှင်အနုရုဒ္ဓနှင့်တပည့်များတို့ ဖြစ်ပါသည်။

တိပိဋကဓရ ဆရာတော်နှင့် ပတ်သက်၍ ရှင်မဟာကသပ မထေရ်ကြီး၏ အကြောင်းကို သာဓက ဆောင်ရခြင်းမှာ ဗုဒ္ဓ သာသနာတော်၌ သမိုင်းပေး တာဝန်ကို ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့ခြင်းအား ထင်ရှားပေါ်လွင်စေရန် ဖြစ်ပါသည်။ ရှင်မဟာကသပ နည်းတူပင် ဒုတိယသံဂါယနာမှ ရှင်မဟာယသ၊ တတိယသံဂါယနာမှ ရှင်မဟာမောဂ္ဂလိပုတ္တတိဿနှင့် ရှင်မဟာမဟိန္ဒတို့သည် လည်းကောင်း၊ သာသနာ နှစ်ကိုးရာကျော်မှ အဋ္ဌကထာ ဆရာ ရှင်မဟာ ဗုဒ္ဓဃောသ၊ ပုဂံခေတ်ဦးမှ ရှင်အရဟံစသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း ထူးခြားသော သာသနာ့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သောပုဂ္ဂိုလ်များပင် ဖြစ်ပါသည်။

ဤသို့ ထူးခြားသော သာသနာ့ တာဝန်ကို ဆောင်နိုင်ခြင်းမှာ အကြောင်းမဲ့ မတော်တဆ ဖြစ်ပေါ်ခဲ့ခြင်း မဟုတ်၊ ထူးခြား နက်နဲ သိမ်မွေ့သော အကြောင်း အထောက်အပံ့တို့နှင့် ပြည့်စုံကြွယ်ကြွက်မှသာ ဖြစ်ပေါ်လာနိုင်သောကိစ္စပင် ဖြစ်ပါသည်။ တိပိဋကဓရ ဆရာတော်၏ဘဝဖြစ်စဉ်ကို ပြန်ပြောင်း ကြည့်မည် ဆိုလျှင် ဆရာတော်၏ အလောင်းအလျာသည် ငယ်ရွယ်စဉ်မှစ၍ တည်ငြိမ်မှု၊ နိုင်မြဲမြဲပြောင်းလဲသော သတိ၊ သမာဓိ၊ ဝီရိယတို့ဖြင့် အစဉ်တစိုက် ကြိုးစား အားထုတ် တော်မူခဲ့ရုံသာမက ဆရာကောင်း သမားကောင်းတို့၏ မှန်ကန်သော လမ်းညွှန်မှု၊ စေတနာသဒ္ဓါထက်သန် မွန်မြတ်လှသော တပည့် ဒါယကာတို့၏ ထောက်ပံ့ကူညီမှုကိုလည်း ကောင်းစွာ ရရှိခဲ့ကြောင်း တွေ့မြင်ရပါသည်။

ဤသို့ အကြောင်း အထောက်အပံ့ အမျိုးမျိုးတို့ဖြင့် ပြည့်စုံမှုကြောင့် "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက"ဘွဲ့ကို ဆွတ်ခူးလျက် သာသနာတော်နှစ်ထောင့်ငါးရာကျော် ခေတ်၏ "အာဇာနည် ပုဂ္ဂိုလ်ထူး" ဖြစ်လာသော အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်သည် ဆဋ္ဌသံဂါယနာ၌ ဝိသဇ္ဇကတာဝန်ကို ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့်တကွ ဗုဒ္ဓဘာသာလောက တစ်ရပ်လုံး၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့ပါသည်။

မြတ်စွာဘုရားသည် ရှင်မဟာကသပနှင့် စပ်၍ ချီးကျူးစကား မြွက်ကြားရာ၌ "ရဟန်းတို့၊ ကသပသည် ရသမျှသော ပစ္စည်းလေးပါးဖြင့် ရောင့်ရဲလေ့ရှိ၏။ ရသမျှသော ပစ္စည်းလေးပါး ဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ဆိုလေ့ ရှိ၏" ဟု မိန့်ကြားခဲ့ပါသည်။

တိပိဋကဓရ ဆရာတော်သည်ကား မိမိ ကိုယ်တိုင် ပိဋကတ်သုံးပုံကို ဆောင်ရုံသာမက မိမိနှင့် အလားတူ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်များ အဆက်မပြတ် ပေါ်ထွက်လာစေရန်လည်း များစွာ လိုလားတောင့်တတော်မူခဲ့ပါသည်။ ထို့ကြောင့်လည်း မိမိ၏ တိပိဋကဓရ ဘွဲ့ရသည်မှ ၂၅ နှစ်မြောက်အချိန်ကာလတွင် တိပိဋက-နိကာယ သာသနာပြုအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာတော်၏ ပြင့်ပြင်သော ဂုဏ်ရွယ်ချက်များ၊ ပည်မှအောင်မြင်ခဲ့သည်ဆိုသောအချက်ကိုမူ ဤတိပိဋက-နိကာယ သာသနာပြုအဖွဲ့၏ တတိယသုံးနှစ်ခရီး၊ တတိယသုံးနှစ်ခရီး စာစောင်များက အထင်အရှား ပြသလိမ့်မည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ပါသည်။

(စွမ်းဆောင်ရည်) ဦးဒေဝင်းဒေဝင်းလေး



ဓင်းကွန်းဒေသ ယခင်နှင့် ယခု

၁၉၇၇ ခု ဒီဇင်ဘာလ ၄ ရက်နေ့တွင်၊ မင်းကွန်း တိပိဋကဓရ=နိကာယ သာသနာပြု အဖွဲ့ကြီး၏ ဖိတ်ကြားချက်အရ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ပေးအပ်ချီးမြှင့်မည့် တိ=နိ ဒုတိယ သုံးနှစ်ခရီး စာစောင်ကို အမြတ်တနိုး လက်ခံယူနိုင်ရန် မမျှော်လင့်ဘဲ မင်းကွန်းသို့ စစ်ပြီးခေတ်၌ ဒုတိယအကြိမ်မြောက် ရောက်ခဲ့ရပေသည်။

ဤတစ်ကြိမ် မင်းကွန်းသို့ သွားရောက်စဉ် ပြောင်းလဲတိုးတက်မှု အဖုံဖုံကို ကြုံတွေ့ရသဖြင့် သွားရကျိုး နပ်လှသည်ဟု လှိုက်လှိုက်လဲလဲ ဝမ်းမြောက်ခဲ့ရသည်။ မန္တလေး ဆိပ်ကမ်းမှ စထွက်ကတည်းကပင် ပြောင်းလဲမှု အထွေထွေကို စတင်တွေ့မြင်ရတော့သည်။ ယခင်က နာရီပေါင်းများစွာ ငှက်သမ္မန်နှင့် ရောမြစ်ကြောကို ဖြတ်ကူးခဲ့ရာမှ ယခု မရမ်းခြံဆိပ်ကမ်းမှ မိုးမိတ်ကုန်းမြေ ဆိပ်ကမ်းသို့ ဘစ်နာရီသာသာကလေးတွင် သက်သက်သာသာ ဆိုက်ရောက်သွားခဲ့ရသည်။ ယခင်က မြစ်အလယ်မှ လှမ်းမြင်နေရသည့် ရှုမြင်ခင်းမှာ စိတ်မချမ်းမြေ့ဖွယ် မင်းကွန်း စေတီပျက်ကြီးနှင့် ပြိုကွဲစပြုနေသော ခြသေ့ရုပ်ကြီး ၂ ကောင်သာ ဖြစ်ခဲ့သည်။



ကြည်ညိုသဒ္ဓါ ဒိဋ္ဌိကြွယ်ရောင်

ယခုမူ သမင်ခြံ ပေါက်တောကို လွန်၍အလယ်ကျွန်းကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ပထမသုံးနှစ်ခရီးစာစောင် ရှေ့ဦးစာမျက်နှာတွင် ဖော်ပြထားသည့် မင်းကွန်း၊ မိုးမိတ်ကုန်းမြေ ဓာတ်ပုံအတိုင်း သာယာလှပ တင့်တယ်ခမ်းနားသော မိုးမိတ်ကုန်းမြေရှုမြင်ခင်းကို တွေ့မြင်လိုက်ရသဖြင့် ရင်ထဲတွင် သိမ့်ခနဲ ဖြစ်သွားခဲ့ရပေသည်။ ကုန်းတော်ခြေရင်းအထိ မော်တော်ကိုခုတ်မောင်းသွားစဉ်လည်း အမြှောက်အမြင်ကြီးလသော မင်းကွန်းဆရာတော်ဘုရားကြီး၏ အလိုဆန္ဒတော်၊ ဘုန်းတံတော်ကြောင့် ပေါ်ပေါက်လာခဲ့သော မင်းကွန်း တိုက်နယ်ဆေးရုံ အဆောက်အဦးများ၊ မင်းကွန်း တွဲဖက်အထက်တန်းကျောင်းအဆောက်အဦးများကို ရင်သပ်ရှုမော အုံဩဖွယ် တွေ့မြင်ရပေသည်။

မင်းကွန်းမိုးမိတ်ကုန်းမြေ

စစ်ပြီးခေတ်အထိ ဤနေရာ ဤဌာနများတွင် ဆင်းရဲနွမ်းပါးသောကျေးရွာသားများ ထွန်ယက်စိုက်ပျိုး အသက်မွေးဝမ်းကျောင်း ရှာဖွေနေထိုင်ခဲ့ကြသည့် ရေးနှစ်ပေါင်း ၂၀၀ ကျော်လောက်က ဤဒေသတစ်ဝိုက်တွင်ဘိုးတော်ဘုရားသည် မင်းညီ

မင်းသား မှူးမတ်အများ ခြံရံလျက် စံပယ်တော် မူခဲ့သည် ဆိုသည်မှာ ယုံတမ်းစကားဟုပင် မှတ်ထင်ဖွယ်ရာ၊ ဟောင်းနွမ်းပျက်စီး ဆူးခြုံအုပ်ဆိုင်း နေသော ဘုရားပျက်၊ ပုထိုးပျက်၊ ရွာသိမ် တဲပုတ်များကိုသာ တွေ့မြင်ခဲ့ရာမှ ယခုအခါတွင် မင်းဝံတောင်တန်းကို နောက်ခံပြုကာ တိပိဋကနိကာယ စာချဆရာတော်များနှင့် စာသင်သံဃာတော်များ သတင်းသုံးတော်မူကြရန် များပြားလှသည့် တိုက်ကျောင်း အဆောက်အဦးများ၊ ယင်းတို့ ရှေ့ဘက်တွင် တောင်ကုန်း ကမူ အသီးသီး၌ တင့်တယ်သပ္ပာယ်စွာ ဖူးတွေ့ရသည့် မိုးမိတ်စေတီတော်၊ စက်တော်ရာ စေတီတော်နှင့် ဂန္ဓကုဋီ၊ အရံစေတီတော်များ စသည်ဖြင့် သာသနိကအဆောက်အဦးများ ပြည့်နှက်လျက် စိတ်နှလုံးချမ်းမြေ့ဖွယ် သာသနာ့ကုန်းမြေကြီး ဖြစ်လျက်နေပေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပေသည်။

ဒုတိယသုံးနှစ်ခရီးစာစောင် ဓမ္မလက်ဆောင်

မန္တလေးသို့ မီးရထားအဆိုက် နောက်ကျသဖြင့် ဒီဇင်ဘာလ ၄ ရက်နေ့က မိုးမိတ်ကုန်းမြေသို့ မွန်းလွဲ ၁၂ နာရီထိုးပြီးမှ ရောက်ရှိနိုင်ခဲ့ကြသည်။ ရောက်လျှင်ရောက်ခြင်းပင် မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့၏ ဒုတိယ သုံးနှစ်ခရီးစာစောင် ဓမ္မလက်ဆောင် ပေးအပ်ချီးမြှင့်ပွဲကို စတင်ကျင်းပသဖြင့် အခမ်းအနားကျင်းပရာ ဇရပ်ကြီးသို့ ကမန်းကတန်း ဝင်သွားခဲ့ကြရပါသည်။

အခမ်းအနား ပြီးမြောက်သောအခါ ညနေ ၅ နာရီကျော်ပင် ရှိသွားပေပြီ၊ တည်းခိုရမည့် ကျောင်းတိုက်အောက်ထပ်တွင် နေရာယူကြကာ ခေတ္တနားနေကြပြီးသောအခါ နေရောင်ပျောက်၍ မှောင်ခိုန် ရောက်ခဲ့ပေပြီ။ အနီးအပါးတွင် တည်ရှိတော်မူသော မိုးမိတ် စေတီတော်ကြီးနှင့် စက်တော်ရာ စေတီများကိုသာ ဓာတ်မီးရောင်၊ လရောင် အောက်တွင် ကြည်နူးစွာ ဖူးမြော်ကန်တော့၍ ဆရာဦးရန်အောင်၏ ဗဟုသုတဖြစ်ဖွယ် အသွယ်သွယ်တို့ကို နားထောင်ရင်း တစ်ညတာ နားစက်ခဲ့ရပါသည်။

ကြည်နူးမဆုံး ဗီတိဖုံး

ဒီဇင်ဘာလ ၅ ရက်နေ့ နံနက် စောစောထ၍ တည်းခိုနေသော ကျောင်းဆောင်ပတ်ဝန်းကျင်ရှိ တိပိဋကဓရလောင်းလျှံသံဃာတော်များသီတင်းသုံးရာ ကျောင်းများနှင့် သာသနသောတိကဏိသိမ်တော်ကြီး စသည်တို့ကို အပြင်မှပင် လှည့်ပတ်လေ့လာ၍ တစ်ဘက်တောင်ကုန်းသို့ ကူးကာ နှစ်လုံးပေါက် ရေပြဿနာကို ဖြေရှင်းပေးနေသည့် ရေလှောင် ကန်တော်ကြီး၊ ကျောက်စာတိုင် ပိဋကတ်တိုက်၊ ပိဋကတ် စေတီတော်မြတ် စသည်တို့ကို ကတိုက်ကရိုက် လေ့လာဖူးမြော်ကြရသည်။ ထိုမှတစ်ဖန် ဓမ္မနာဒချောင်သို့ ဆရာတော်၏ ကျစ်ကားနှင့် အပြေးသွားကြ၍ ဆရာတော် သီတင်းသုံးရာ၊ ကျမ်းပြုရာကျောင်းဆောင်၊ ကျောင်းတိုက်တို့ကို ပူဇော်ပြီး ဂ နာရီ မော်တော်အမိ မင်းကွန်း လူအိုရုံဆိပ်ကမ်းသို့ ကမန်းကတန်း ဆင်းခဲ့ကြရသည်။

ဆရာတော်၏ ပြင်းပြသောဆန္ဒ၊ သူမတူဝီရိယနှင့် ကြီးမားသော စေတနာ သဒ္ဓါတရားတို့ဖြင့် ထွန်းကားပေါ်ပေါက်လာသော တရေတ် ဆန်းလာသည့် မင်းကွန်းနယ်တဝှမ်းတွင် ကြည့်ရှုလေ့လာစရာ ပူဇော်စရာ သာသနိက အဆောက်အဦးများ၊ လူမှုရေးဆိုင်ရာ ကုသိုလ်ကောင်မှုများမှာ မရေမတွက်နိုင်ခလောက်အောင် စည်ပင်တိုးတက်လျက်ရှိကြသည်။ ၎င်းတို့ကို ပြည့်စုံစေ့ငှအောင် တိုတောင်းသော အချိန်အတောအတွင်း၌ မည်သို့မျှ မလေ့လာနိုင်ခဲ့ပါ၊ သို့သော် မင်းကွန်း ဆိပ်ကမ်းမှ မော်တော်ထွက်ခွာလာစဉ် မိုးမိတ်ကုန်းမြေတော်ကို ပြန်လည်လှမ်းမျှော် ကြည့်ရှုရင်း မြက်ခြုံပိတ်ပေါင်း ကာဆီးလျက် ပျက်သုဉ်းနေ

သည့် ကုန်းမြေဒေသကို စိမ်းလန်းစိုပြေ, ကျက်သရေရှိလှသည့် သာသနာ့နယ်မြေအဖြစ်သို့ သစ်လွင်လာနိုင်ရန် ဖန်တီးနိုင်သည့် ဘုန်းကံတော်ကား အံ့ဩဖွယ် ရှိလှပါသည်။ စိတ်နှလုံးမှာ ကြည်နူးမဆုံး ပီတိတွေ ဖုံးခဲ့ရပေသည်။

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်

မန္တလေးဘက်သို့ ပြန်လည် ဆိုက်ရောက်လာသော အခါတွင် မန္တလေးတောင်ခြေရှိ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်သို့ သွားရောက်လေ့လာခွင့်ရခဲ့ကြပါသည်။ ၁၉၇၇-ခုနှစ် မေလတွင်းကပင် ယင်းတက္ကသိုလ်သို့ လေ့လာရေးခရီးတစ်ခေါက် မိမိတစ်ဦးတည်း ရောက်ခဲ့ဖူးပြီး ဖြစ်သော်လည်း ယခုတစ်ကြိမ်တွင် စာသင်သားတို့ သီတင်းသုံးရန် အဆောင်များ၊ စာသင်ခန်းကျောင်းဆောင်များ တိုးတက်ပြီးစီးနေသည်ကို တွေ့မြင်ခဲ့ရပေသည်။ မေလက ရောက်ခဲ့စဉ်က တက္ကသိုလ်နာယကချုပ် ဆရာတော်ဘုရားကြီးအား တစ်နာရီကျော်ကြာမျှ လျှောက်ထားမေးမြန်းခွင့်ရခဲ့၍ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး၏ ရည်မှန်းချက်နှင့် စာပေပို့ချမှု အစီအစဉ်တို့ကို အသေးစိတ် လေ့လာနိုင်ခဲ့ပါသည်။ ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်းနှင့် ဆက်လျက် ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီးသည်လည်း ငွားငွားစွင့်စွင့် ပေါ်ထွန်း လာနေပြီကို လည်း မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပေသည်။

ဆရာတော်ဘုရားကြီးအား တစ်နာရီကျော်ကြာမျှ လျှောက်ထားမေးမြန်းခွင့်ရခဲ့၍ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး၏ ရည်မှန်းချက်နှင့် စာပေပို့ချမှု အစီအစဉ်တို့ကို အသေးစိတ် လေ့လာနိုင်ခဲ့ပါသည်။ ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်းနှင့် ဆက်လျက် ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီးသည်လည်း ငွားငွားစွင့်စွင့် ပေါ်ထွန်း လာနေပြီကို လည်း မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပေသည်။

ဝန်းကျင်ရှိ အတုမရှိကျောင်းတော်ကြီး၊ ရွှေနန်းတော် ကျောင်းတော်ကြီး၊ ကျောက်တော်ကြီး ဘုရား စသည်တို့ကို ငယ်စဉ်ကပင် အကြိမ်ကြိမ် ရောက်ရှိ လေ့လာခဲ့ဖူးသည့် ဌာနများ ဖြစ်ပေသည်။ ဒုတိယကမ္ဘာစစ်အတွင်းက မူ မဟာဝိဇယာပုည မှန်ကျောင်းတော်ကြီးကို မီးသင့်လောင်၍ ပျက်စီးသွားခဲ့ပေရာ အုတ်လှေကား ပျက်သာလျှင် ကြွင်းကျန်ခဲ့လေသည်။ တံတိုင်း မီးတားများလည်း ပြိုကျပျက်စီးကုန်ပြီဖြစ်ရာ တလင်းပြင်ကြီး အဖြစ် စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်နေခဲ့ရပေသည်။

ယခုမူ ထိုမြင်ကွင်းကို ပြောင်းလဲပစ်လိုက်သော ဓမ္မဓရသာသနသောဘိဏီ ပိဋကတ် သိမ်တော်ကြီး၊ နာယကချုပ်နှင့် ပါမောက္ခ၊ ကထိကများ သီတင်းသုံးရာကျောင်း စာသင်သားများ သီတင်းသုံးရာ ကျောင်းဆောင်များ၊ စာသင်ဆောင်များ၊ နာရီစင်ကြီး၊ သာသနာ့ဆေးရုံကြီး စသော အဆောက်အဦးများ ပေါ်ထွက်လာခဲ့ချေပြီ။ ဆက်လက်၍ ၁၄ ကေ ကျယ်ဝန်းသော မြေနေရာတွင် သာသနိက အဆောက်အဦး အမြောက်အမြား ထွန်းပေါက်လာကြပေဦးမည်။ မန္တလေးတောင်ခြေ သာသနာ့တက္ကသိုလ်ကြီးမှ ထွက်ခွာလာခဲ့စဉ်ကလည်း မင်းကွန်းဆရာတော် အရှင်သူမြတ်ကြီးသည် အဟောင်းကွယ်ပျောက် အသစ်ရောက်၍ ထွန်းတောက်ကျက်သရေ တက်ဖြိုးဝေစေရန် အံ့ဖွယ်သရဲ စွမ်းဆောင်တော် မူနိုင်ပါဘိဟု ပီတိလှိုက်ဖို ကြည်ညိုစိတ်တွေ ယိုစီးလာခဲ့ပြန်ပေသည်။

၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် စာပေ ဂီတ ပန်းချီ၊ ပန်းပု အနုပညာရှင်များအား ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်ရေးဒါန်းရေး အဖွဲ့ကြီးက ရန်ကုန်မြို့ နိုင်ငံတော် သာသနာ့တက္ကသိုလ်ကြီးတွင် ဆောက်လုပ် ပြီးစီးသမျှသော သာသနိက အဆောက်အဦးများကို လေ့လာ ကြည့်ညို

ကြည့်ရှု အကြဉာဏ်များ နှိုးနှော ဖလှယ်ကြရန် ဖိတ်မန္တ္တကပြုသဖြင့် တက်ရောက်ခဲ့ရပြန်ပါသည်။

ကမ္ဘာအေး မဟာသိမ်တော်ကြီးတွင်

အခမ်းအနားများ ကျင်းပမည့် နေရာသည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေတွင် ဆဋ္ဌသံဂါယနာတင်ပွဲကြီး ကျင်းပခဲ့စဉ်က တည်ဆောက်ခဲ့သော မဟာသိမ်တော်ကြီးအပေါ် ထပ်တွင် ဖြစ်လေသည်။ ယင်း သိမ်တော်ကြီးသို့ ဆဋ္ဌသံဂါယနာတင်ပွဲကြီး ကျင်းပနေစဉ်က လေ့လာခဲ့ဖူး၍ နောက်ဆုံးအကြိမ်အဖြစ် ၁၉၈၁ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် နှစ်ကြိမ်တိုင်တိုင် ရောက်ခဲ့ဖူးပါသည်။ နိုင်ငံခြားသား ယောဂီများ၏ ဒုလ္လဘရဟန်းခံပွဲများတွင် ကိုယ်တိုင် ရဟန်းခံခဲ့ပြီးနောက် နိုင်ငံခြားသားများအထွက် ဥပသမ္ပဒာကံဆောင်ရာတွင် မေးခွန်းမေးရာ ဆုံးမသြဝါဒပေးရာတို့၌ စကားပြန်အဖြစ် ဖြင့် ပါဝင်ကူညီခဲ့ရသောကြောင့် ထိုသိမ်တော်ကြီး အတွင်းအပြင်ကို ကောင်းစွာသိမြင်လေ့လာခွင့် ကြုံခဲ့ရပါသည်။

ရှေးယခင်က သိမ်တော်ကြီး

ဆဋ္ဌသံဂါယနာတင်ပွဲကြီး ဆင်နွှဲပြီးနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး မပေါ်ပေါက်မီကြားကာလတွင် လုံလောက်သော ကြည့်ရှုထိန်းသိမ်းမှု ပြုပြင်မွန်းမံမှု ကင်းမဲ့ခဲ့သဖြင့် ရာသီဥတုဒဏ်၊ မသမာသူများ၏ ဖျက်ဆီး နှောင့်ယှက်မှုဒဏ်ကို ခံနေရရှာသော မဟာသိမ်တော်ကြီး၏ အတွင်းအပြင် ဖုံအလိမ်းလိမ်း၊ သစ်ရွက်ခြောက် အထွေထွေ ရှုပ်ပွေနေသမျှကို ရဟန်းခံပွဲပြုလုပ်မည့် နံနက်ကျမှ ဥစ္စာရင်လို ဥစ္စာရင်ခဲကြကာ ရှင်းလင်းသုတ်သင်ခဲ့ကြရသည်။ ညှိုးငယ်ရောင် မျက်နှာတော်ဆောင်လျက်ရှိသော ရုပ်ပွားဆင်းတုတော် ရှေ့မှ ညောင်ရေအိုး များတွင် ခြောက်သွေ့နေသော ပန်းခိုင်အဟောင်းများကို ဖယ်ရှားသန့်စင်၍ လန်းဆန်းသော ပန်းအလှများဖြင့် အသစ်လဲလှယ် ပူဇော်ခဲ့ကြရသည်။

ယခု မဟာသိမ်တော်ကြီး

ယခုတစ်ကြိမ် မဟာသိမ်တော်ကြီးသို့ ဆိုက်ရောက်သွားသည်နှင့် တစ်ပြိုင်နက် ကြီးစွာသော ပြောင်းလဲမှုများ ဖြစ်ခဲ့လေပြီဟု အံ့သြဝမ်းမြောက်သွားရသည်။ အဝေးမှလှမ်းကြည့်စဉ်ကပင် မဟာသိမ်တော်ကြီး၏ ပြင်ပ အသွင်အပြင်မှာ ယခင် ပုံတော်နှင့် ကွဲပြားခြားနားနေသည်ကို သတိပြုမိသည်။ ယခုပုံတော်မှာ ပိုမိုပြေပြစ် ကြည်ညိုဖွယ်ရှိသည်ဟု ထင်မြင်လိုက်သည်။ သိမ်တော်ကြီး၏ အဝင်ဝ လှေကားဦးနှင့် နဖူးစည်းများမှာလည်း ယခင်က ပြောင်ချော သက်သက်မှ ယခုအခါ အမွမ်းအပြောက်၊ စဉ့်ပန်းခွက်စသည့် အနုပညာလက်ရာများဖြင့် ခြယ်မှုန်းမွမ်းမံ ထားသည်ကို တွေ့ရှိရပေသည်။

သိမ်တော်ကြီး အတွင်းသို့ ရောက်သွားသော အခါတွင်လည်း မိမိ၏ မျက်စိများကိုပင် မယုံနိုင်လောက်အောင် ရင်သပ်ရှုမောအံ့သြဖွယ်တိုးတက် ပြောင်းလဲခဲ့သော ရှုမြင်ခင်းက ဆီးကြိုနှုတ်ဆက်လိုက်ပေသည်။ ရောင်ခြည်တော်များ လွှင့်ထုတ်နေသည်ဟု ထင်ရလောက်အောင် တဖိတ်ဖိတ် ရောင်လျှံများ ဝေဝေဖြာနေသည့် မြတ်စွာဘုရား ရုပ်ပွားတော်နှင့် ရှစ်ကျိပ်သော သာဝကမျာ၏ ဆင်းတုတော်များကို လည်းကောင်း၊ မှန်စီရွှေချပန်းရုပ်လုံးရုပ်ကြွတို့ဖြင့် မွမ်းမံထားသော အထိမ်းအမှတ်တိုင်ကြီး ၆ တိုင်၏ တစ်ဖြစ်လဲ ခန့်ညားထယ်ဝါနေကြပုံကို လည်းကောင်း တအံ့တသြ ရှုမြင်ကြည်ညိုရပြန်သည်။ ကျွန်တော့် အနေဖြင့် ပန်းချီ၊ ပန်းပု ပန်းတော့ စသည့် သုခုမ အနုပညာ အခြေခံ ခေါင်းပါးရကား မဟာသိမ်တော်ကြီး၏ ထူးခြားဆန်းပြား တင့်တယ်ခမ်းနားနေပုံကို ထိုက်ထိုက်တန်တန် စာပန်းချီ ချယ်ပြနိုင်

စွမ်း မရှိလှပါ။ အကျဉ်းချုပ်၍ တင်ပြရသော် ယခုကဲ့သို့ ပြုပြင်မွမ်းမံ ထားလိုက်သော မဟာသိမ်တော်ကြီးသည် ပေါ်ပေါက်လာမည့် ရန်ကုန်မြို့ သာသနာ့ တက္ကသိုလ်ကြီးမှ နာယကချုပ်၊ ကထိကနှင့် စာသင်သား သံဃာတော်များ၏ ဥပုသ်ပြုကြရာ ဝိနည်းကံများ ဆောင်ရွက်ရာ ထွတ်မြတ်သည့် သာသနာ့ အဆောက်အဦးကြီး တစ်ခုအဖြစ်မျှသာမဟုတ် နောင်လာနောက်သား အဆက်ဆက် လေ လာဆည်းပူးနိုင်ကြရန်ပျှ ခေတ်မှစ၍မျက်မှောက်ခေတ်တိုင်အောင် ပြောင်မြောက်ထွန်းပေါ်ခဲ့သည့် မြန်မာ့ရိုးရာ ဗိသုကာပညာနှင့် မှန်စီရွှေချ၊ ရုပ်လုံးကြွ၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့ စသည့်ပန်း ၁၀ မျိုးပြပညာစွမ်းလက်ရာမွန်များကို ထိန်းသိမ်းစောင့်ရှောက် · ခင်းကျင်းပြသနေသည့် အနုပညာ ပြတိုက်ကြီးအဖြစ် ကာလရှည်ကြာစွာ တည်ရှိနေပေလိမ့်မည်ဟုသာ တင်ပြလိုပါသည်။

ထီဝိဇဏရ ဩဝါဒ

ထိုနေ့က နာရီပြန် ၁ ချက်အချိန် ဆရာတော်ကြီး ခေတ္တပြန်လာ၍ အဖူးမြော်ခံ သီလပေး၊ ဩဝါဒပေးတော်မူ၍ ပြန်လည်ကြွသွားပြီးနောက် ခေတ္တအနားယူနေစဉ် ကျွန်တော်သည် မင်းကွန်းမိုးမိတ်ကုန်းမြေတွင် တွေ့ခဲ့ရသော ရှုမြင်ကွင်း၊ မန္တလေး ရွှေကျောင်းတော်ကြီး နေရာဟောင်းတွင် ငွားငွား စွင့်စွင့် ပေါ်ထွက်လာသော မန္တလေးမြို့ သာသနာ့တက္ကသိုလ်ကြီးမှ သာသနိကအဆောက်အဦးများ ရှုမြင်ခင်းနှင့် ယခုတစ်ဖန် မျက်ဝါးထင်ထင် မြင်နေရသော သစ်လွင်တောက်ပသည့် မဟာသိမ်တော်ကြီး၏ အခြေအနေတို့ကို ပြန်လည်သုံးသပ်နေမိပါတော့သည်။

အန္ဓရိဏ် ဘဇန္တ၊ အမ္ဘုတံ ဘဇန္တ

ထိုစဉ် အခမ်းအနားမှူးက ပမ္မောလင့်ဘဲ အကြံဉာဏ်များ နှီးနှောဖလှယ်သည့် အနေဖြင့် စကားအနည်းငယ်ပြောရန် တိုက်တွန်းလာသဖြင့် စကားပြောခွက်ရှေ့တွင်ရပ်လျက် မိမိ၏ ဆတွင်း သဏ္ဌာန်၌ အသင့်ဖြစ်ပေါ်နေခဲ့သည့် ကြည်ညိုသဒ္ဓါစိတ်တို့ကြောင့် ဆရာတော်ကြီးအား ရည်မှန်း၍ လျှောက်ထားမိသည်မှာ အန္ဓရိဏံ ဘဇန္တ၊ အမ္ဘုတံ ဘဇန္တ အရှင်ဘုရားသည်-

၁။ ပူပြင်းခြောက်သွေ့သော ကန္တာရကို စိမ်းလန်းစိုပြေအောင် ဖန်ဆင်းတော် မူနိုင်ပေ၏။

၂။ အဟောင်းအနွမ်း အပျက်မှ အသစ်ဖြစ်အောင် စီမံတော် မူနိုင်ပေ၏။


၃။ ဖရိုဖရဲ ပြိုကွဲနေသည်မှ အကောင်းပကတိကျက်သရေ ရှိအောင် ဆောင်ရွက်တော် မူနိုင်၏။

၄။ အနိဋ္ဌာရုံ မြင်ကွင်းကို ကဋ္ဌာရုံ ရှုခင်းသို့ ပြောင်းလဲပေးတော် မူနိုင်ပေ၏။

၅။ ကျက်သရေချို့တဲ့ မင်္ဂလာမဲ့သည်မှ ကျက်သရေပြည့်ဖြိုး မင်္ဂလာတိုးအောင် ဆောင်ရွက်တော် မူနိုင်ပေ၏။

အရှင်ဘုရားသည်ကျွဲကဲ့သို့ထူးကဲသော ဘုန်းကံပါရမီရှင် ဖြစ်တော်မူသည်နှင့်အညီ ဆင်းရဲနွမ်းခြောက် သုခပျောက်၍ ဖရိုဖရဲ ပြိုကွဲပျက်စီး အနိဋ္ဌာရုံများ ဖိစီးခြင်းခံနေရသော စိတ်ဟောင်း စိတ်ပျက်၊ စိတ်လက်မကြည် ရှိနေကြသော ပြည်သူပြည်သား အပေါင်းအား စိတ်သစ်၊ စိတ်လန်းဆေးချမ်းသာယာ မင်္ဂလာရှိသော ဘဝအခြေသို့ ပြောင်းလဲရောက်ရှိရန် စွမ်းဆောင် နိုင်လိမ့်မည်၊ ကူညီတော် မူပေလိမ့်မည်။ အဟောင်းအဟောင်းများကို ပြုပြင်ပြောင်းလဲစေ၍ အသစ်အသစ်တို့ကို ဖြစ်ပေါ်လာစေလိမ့်မည်ဟု ယုံကြည်အားထားကိုးစားသဖြင့် ကြည်ညိုသဒ္ဓါပိုကာ ပိတီတွေပြာလှုက် လိုမ့်ကာလိုမ့်ကာ ယိုစီးလာရုံကား ခပြာကြားလိုသမျှ မပြောကြားနိုင်တော့ဘဲ စကားပြောခွက်ရှေ့မှ ခပ်သုတ်သုတ် ထွက်ခဲ့ရပါတော့သည်။

ဧဝံ ဆရာစောင်



ပန်းချီတင်လှဝင်းထင်

ရွှေပင်နားတော့ ရွှေကျွဲ

ဦးကြင်〈အငြိမ်းစားသံအမတ်ကြီး〉


ကမ္ဘာတစ်ဝှန်းလုံးရှိ အကြီးဆုံး ကြေးသွန်း ခေါင်းလောင်းကြီးများတွင် တစ်ခု အပါအဝင် ဖြစ်သည့် ခေါင်းလောင်းကြီး တည်ရှိရာ မင်းကွန်း တောင်ရိုး မင်းကွန်းဒေသသို့ ယခင်က ဤစာရေးသူမှာ တစ်ခေါက်မက အခေါက်ခေါက် ရောက်ခဲ့ဖူးပါသည်၊ သို့သော် မင်းကွန်း တောင် ဘက်ဖျား ဒေသရှိ မိုးမိတ်စေတီတော်များ တည် ရှိရာ ကုန်းမြေသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ခဲ့ ပါ။ ၁၃၄၉ ခု နတ်တော်လဆန်း ၁၃ ရက်နှင့် ၁၅ ရက် နေ့များက မင်းကွန်း တိုင်းရင်းသား သာသနာပြု အဖွဲ့ကြီး၏ ဖိတ်ကြားချက် အရ မိုးမိတ်စေတီများ ကုန်းမြေသို့ ဤဆောင်းပါးရှင် သွားရောက်ခဲ့ပါသည်။

ထိုသို့ သွားရောက်ခဲ့ခြင်းမှာ ကျေးဇူး ရှင် အဘိဇေမဟာရဋ္ဌဂု တိပိဋကဓရ မင်းကွန်း ဆရာ တော ဘုရားကြီးအား ပူဇော်ကန်တော့ရန်နှင့် ဆရာတော်ဘုရားကိုယ်တော်တိုင် ချီးမြှင့်လှူဒါန်း သော မင်းကွန်း တိပိဋကနိကာယ သာသနာပြု အဖွဲ့၏ ဒုတိယသုံးနှစ်ခရီးသမိုင်းဝင် မော်ကွန်း တင် စာစောင်ကို ဗဟိုဌာနဖြစ်သော မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်၌ လက်ခံရယူရန် ဖြစ်ပါသည်။

၁၃၄၉ ခု နှစ်ဦးပိုင်းက ဤဆောင်းပါးရှင် မှာ အမေရိကန်ပြည် ဖလော်ရစ်ဒါနယ်သို့ သွား ရောက်ခဲ့သဖြင့် ကျေးဇူးရှင်တိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရားကြီးအားအနီးကပ် ဖူးမြော်ကန်

တော့မှ မပြုရသည်မှာ ကာလအတန် ကြာသွားခဲ့ပါသည်။ သို့သော် ဉာဏ်လင်းစာပေမှ ကိုအောင်ဇံနီးမောင်နှံတို့က ဤစာရေးသူအား ဓမ္မဒါန ပြုထားသည့် ပုံတော်နှစ်ပုံအနက် အမြင့် တစ်ပေ နှစ်လက်မနှင့် အကျယ် ဆယ်လက်မမျှ ရှိသော "အဘိဓမ္မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းကြီး (၃)သွယ်" ဟူသော ဆေးရောင်စုံပုံတော်ကြီးကို အမေရိကန်ပြည်တွင် ဤဆောင်းပါးရှင် တည်း ခိုသောဖလော်ရစ်ဒါနယ် ဖို့(တ)လော့ဒါဒေးမြို့ ရှိ သားသမီးများ၏အိမ်သို့ ရွေးမဆွ ကာ ဖို့ထားခဲ့ သဖြင့် ထိုဒေသ၌ နေစဉ်နှင့်အမျှ ဘုရားရှိခိုး ဝတ် ပြုတိုင်း ဖူးမြော်ပူဇော်ရရုံမျှမက "မလှူရသေး သော အလှူကို ပေးလှူရခြင်းကြောင့် မရဘူး သောကုသိုလ်ကို ရယူနိုင်ပါသည်" ဟူသော သြ ဝါဒကိုလည်း အမြဲနာယူခဲ့ရပါသည်။ သို့ဖြစ်၍ ကျေးဇူးရှင် ဆရာတော်ဘုရားအား မျက်မြင်ဒိဋ္ဌ ကိုယ်တိုင်ကိုယ်ကျ မဖူးရသော်လည်း ပုံတော်နှင့် သြဝါဒကို ဖူးမြော် နာယူခဲ့ရသဖြင့် ကျေနပ်မှု ရတန်သမျှ ရရှိခဲ့ပါသည်။

မိုးမိတ် စေတီတော်များ ကုန်းမြေ၌ ဤစာ ရေးသူမှာ ရှေးဦးစွာ ကြည်ညိုစိတ် ဖြစ်ပေါ် လာမှုကား ဆိတ်ငြိမ်မှု ဖြစ်ပါသည်။ ကျောင်း ပေါင်း ဂဖ'ကျောင်းနှင့် သံဃာတော် ၁၃၂ ပါးမျှ သီတင်းသုံးလျက်နေတော်မူသော တိပိဋကဓရ ဓာသင်တိုက်ကြီးကား ထိုသို့ တိတ်ဆိတ် ၍ ဝိဝေက ဖြစ်လိမ့်မည်ဟု ယခင်က မထင်မှတ် ခဲ့ပါ၊ သံဃာတော် အရှင်မြတ်များကိုလည်း ကျောင်းများမှ အပြင်အပတွင် သွားလာ လှုပ် ရှားမှုကို မတွေ့မမြင်ရ၊ နေ့ဆွမ်း ဘဉ်းပေးချိန် ကျရောက်၍ ကြေးမောင်းခေါက်သည့်အခါမှသာ ဓနသိဒ္ဓိုင်ကိုယ်စီ ပခုံးမှာတင်လျက် ဆွမ်းစား ကျောင်းသို့ စက္ကူခြေခွကာ ဘည်ငြိမ်စွာ ကြွလာ တော်မူကြသည်ကို ကြည်ညိုလေးမြတ်စွာ ဖူးမြော် ရပါသည်၊



ကျောင်းတိုက် ပရဝုဏ်အတွင်းတွင် အညစ်အကြေး ကင်းစင်လျက် လွန်စွာ သန့်ရှင်းလှ၍ ဖုတ်မှုန် မထရအောင် ရေဖြန်း၍ ထားသည်၊ စင်စစ်အားဖြင့် မင်းကွန်းစေတီတော်များ ကုန်းမြေရှိ တိပိဋကနိကာယ စာပလွင် ကျောင်းတိုက်ကြီးကား ဗုဒ္ဓရှင်တော်မြတ်ဘုရား လိုလားတော်မူသော သန့်ရှင်းမှုကို ပကတိ ဆောင်တော်မူလျက် ပရိယတ် စာသင်တိုက်နှင့် မတူလှဘဲ ကမ္ဘာ့ဘုန်းကျောင်း ဟုသာ မရောက်ဘူးသူများ မှတ်ယူပေလိမ့်မည်။

ထိုပိဋကတ် စာသင်တိုက်ကြီး၌ စာသင်သား သံဃာတော် အရှင်မြတ်တို့မှာ ဆွမ်း၊ ကွမ်းမှအစ ပစ္စည်းလေးပါးတို့နှင့် အချိန်အခါမရွေး အမြဲပြည့်စုံလျက် ပလိဗောဓ ကြောင့်ကြမှု လုံးဝ ကင်းဆိတ်သဖြင့် "စာကျက်၊ စာအံ၊ စာကြံ၊ စာကြည့်" မှုတို့ကို အချိန်ရှိသမျှ လုံ့လစိုက်ခွင့် ရကြ၍ နိုင်ငံတော်အစိုးရ ကျင်းပသော တိပိဋကစာမေးပွဲတွင် နှစ်စဉ် ထူးခြားစွာ အောင်မြင်တော်မူကြပေသည်။

သာသနာပြုရာတွင် ပစ္စည်းလေးပါး ပြည့်စုံမှုကား လွန်စွာ လိုအပ်သည့် အရင်းခံအကြောင်းဖြစ်ပါသည်။ ဗုဒ္ဓ ရှင်တော်မြတ်ဘုရား ရွှေလက်ထက်တော်ကပင်လျှင် အနာထပိဏ် သေဋ္ဌေးကြီး၊ ဝိသာခါ ကျောင်းအမကြီး၊ အဇာတသတ်မင်း၊ ဆရာဇီဝက စသော ဒါယကာ၊ ဒါယိကာမကြီးများ ကိုးကွယ်ထောက်ပံ့မှုဖြင့် ဗုဒ္ဓသာသနာ ပြန့်ပွားလာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အနော်ရထာ မင်းမှ အစ မင်းတုန်းမင်း၊ သီပေါမင်းတို့တိုင်အောင် သာသနာတော်ကို ကြည်ညို်လေးစားသော မင်းကောင်းမင်းမြတ်များ၏ သဒ္ဓါကြည်ဖြူအထောက်အပံ့ကို ခံယူကာ ဗုဒ္ဓသာသနာ အဝွန့်ရှည်စွာ တည်တန့်လာခဲ့ပါသည်။

မြန်မာမင်းဆက် ပြိုပျက်သွားသည်နှင့် တစ်ပြိုင်နက် ပစ္စည်းလေးပါး ရှားပါးမှုကြောင့် သာသနာ ပြုရေးမှာ ရှေးရှေးကာလများကဲ့သို့ မလွယ်ကူလှတော့ဘဲ ယခင်က သာသနာ့နေဝန်း လွန်စွာ ထွန်းကားသော မင်းနေပြည် မန္တလေးမြို့တော်ကြီးမှာပင် ဆွမ်းပြည့်စုံမှုအတွက် သံဃာတော် အရှင်မြတ်များမှာ မိမိတို့၏ သလုံး မြင်းခေါင်းကို အားပြု၍ ဆွမ်းခံစားနိုင်ပါမှပဲ ပင်ပန်းကြီးစွာ သာသနာ ပြုခဲ့ကြရပါသည်။

ဘဝနတ်ထံ ပို့လွန်တော်မူသော အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သူရိယာဘိဝံသ အရှင်မြတ် စာသင်သားဘဝက ဆွမ်းနှင့် ချဉ်ပေါင်ရွက် တစ်စီးမျှသာ ဆွမ်းခံရသဖြင့် ကပ္ပိယကာရကကိုလွှဲအပ်၍ ချက်ပြုတ်ချိန် မရသဖြင့် ချဉ်ပေါင်ရွက်ကို ဆားပက်ကာဝါး၍ ဆွမ်းနှင့် မျိုချရသည်အထိ ဆွမ်းဆင်းရဲမှု ကြုံတွေ့ခဲ့ရကြောင်း ကြားနာရဖူးပါသည်။

ထိုသို့ ဆင်းရဲဒုက္ခ အဆီးအတား အနှောင့်အယှက် လုံးဝ မရှိဘဲ ဆွမ်းဘဉ်းပေးချိန်နှင့် ကျိန်းစက်ချိန်မှအပ ကျန်အချိန်များတွင် ပရိယတ်ပဋိပတ် သာသနာတို့ကို အားပေးအားထုတ်ခွင့် ရခြင်းကား ယခုမျက်မှောက်ကာလမှာပင် ရှာမှရှားလှပါပေသည်။

"မြတ်စွာဘုရား၊ နေရှမည်သောရွှေဟောင်ကြီး၌ တည်ကုန်သော ငှက်တို့သည် ရွှေအဆင်းကဲ့သို့ ထွန်းလင်းသော အရောင်အဝါရှိကြကုန်သည်ဖြစ်၍သာလျှင်၊ အလွန် အဆင်းလှကြကုန်သည် ဖြစ်၍သာလျှင် ရှုဖွယ် ရှိကြကုန်လျက် လင်းတတို့သည် လည်းကောင်း၊ ကျီးတို့သည်လည်းကောင်း ရွှေရောင်ပြေးနိုင်ကြကုန်၏။

ဤသို့ သဘောရှိကုန်သော ဂုဏ်ရှိရာဌာနဖြစ်သော သာသနာတော်၌ အဘယ် ဂုဏ်ရှိလိုသောသူသည် မပျော်မွေ့နိုင်ဘဲ ရှိတော့အုံးနည်း"

ဟု ဝိစိတြဝန္ဒနာ ဘုရားရှိခိုးတွင် ရွှေကျင်ဆရာတော်ဘုရားကြီးက မြတ်စွာဘုရား သာသနာတော်ကို ယခုကဲ့သို့ ချီးကျူးထားတော်မူပါသည်။

ဟိမဝန္တာတောင်ကြီးကို အမှီသဟဲပြုရသဖြင့် အင်ကြင်းပင်ကြီးများမှာ သုံးပါးသော ကြီးပွားခြင်း ဖြင့် ကြီးပွားကြပါသည်။ အခေါက်အပွေးအားဖြင့်လည်း ကြီးပွားကြပါသည်။ အသားအနှစ်အားဖြင့်လည်း ကြီးပွားကြပါသည်။ အရွက်အပွင့်အားဖြင့်လည်း ကြီးပွားကြပါသည်။ ထို့အတူ ပညာရှိ သူတော်ကောင်းများကို မှီခို ဆည်းကပ်ရသဖြင့် လူသတ္တဝါအပေါင်းမှာ သုံးပါးသော ကြီးပွားခြင်းတို့ဖြင့် ကြီးပွားကြပါသည်။ သမ္မာတရားအားဖြင့်လည်း ကြီးပွားကြပါသည်၊ သီလတရားအားဖြင့်လည်း ကြီးပွားကြပါသည်။ ပညာတရားအားဖြင့်လည်း ကြီးပွားကြကြောင်း အင်္ဂုတ္တိုရ် ပါဠိတော်မှာ မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ရွှေပင်နားတော့ ရွှေကျေး ဆိုဘိသကဲ့သို့ နိဒါကျမ်းမှာ လာရှိတာက –

မဟန္ဒံ နိဿယံကတွာ၊
ဥဒ္ဒကောပိ မဟာဘဝေ၊
ဟေမပဗ္ဗတံ နိဿာယ၊
ဟေမပက္ခီ ဘဝန္တိ တေ။

မဟန္တံ၊ ဂုဏ်ဒြပ်ပြင့် ကြီးမြတ်သောသူကို၊ နိဿယံကတွာ၊ အရှည်အမြဲ အမှီသဟဲပြုရသောကြောင့်။ ဥဒ္ဒကောပိ၊ သေးသိမ် နုနယ် ဂုဏ်သိမ်ငယ်သောသူသည်လည်း။ မဟာ၊ ကြီးပွားတိုးတက် တန်ခိုးထွက်သည်၊ ဘဝေ၊ မုချမသွေ ဖြစ်ရပေ၏။ ဟေမပဗ္ဗတံ၊ ရွှေအဆင်းဖြင့် ထွန်းလင်းသော တောင်ကို။ နိဿာယ၊ နားခိုမှီရ တည်နေကြသဖြင့်။ တေ၊ ထို ရွှေတောင်ထက်၌ အစဉ်တစိုက် ပျော်ပိုက်နေသော ငှက်တို့သည်။ ဟေမပက္ခီ၊ ရွှေရောင် ထွက်သည့် ရွှေငှက်တို့သာ။ ဘဝန္တိ၊ ရှုဖွယ်ဆင်းလှ ဖြစ်ကြရကုန်သတည်း။

သို့ဖြစ်၍ မိုးမိတ်စေတီတော်များ ကုန်းပြတွင် အခြေစိုက်လျက်ရှိသည့် မင်းကွန်း တိပိဋကနိကာယ သာသနာပြုအမွှဲကြီး၏ မူလဘုတ အမွှန်အစ ပဘဝအာဒီကမ္မိကဖြစ်တော်မူသော ထိုအမွှဲကြီးကို ဓဟိပြု၍ သာသနာပြု လုပ်ငန်းကြီး ၃ သွယ်ကို နေ့ညမအား ဆောင်ရွက်တော်မူလျက် ရှိသော ဗုဒ္ဓသာသနာ စည်ပင်ကြီးပွားရေးအတွက် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ မှီခို အားထားရာ ဖြစ်တော်မူသော ရွှေတောင်ကြီးတမျှ မှီးတော်မူရသော ကျေးဇူးရှင် တိပိဋကဓရအဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော်ဘုရားကြီးသည် သက်တော် ရာကျော် ရှည်တော်မူရန်ပဌာနာပြုလျက်–

ဇီဝတံ ဇီဝတံ ထေရော၊
ဇယတံ ဇယတံ ဇယော။

ထေရော = မင်းကွန်း တိပိဋကနိကာယ သာသနာပြု အဖွဲ့ကြီး၏ မူလဘူတ အမွှန်းဇစ ပဘဝအာဒီကမ္မိကဖြစ်တော်မူသော တိပိဋကဓရ အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော်ဘုရားကြီးသည်။

ဇီဝတံ = အာယုကပ်ထက် လွန်ကျော်တက်၍ မပျက်မြိတည် အသက် ရှည်သူတို့ထက်။

ဇီဝတံ=ဇီဝတု=နှစ်ပေါင်းရာကျော် သမ္ဘာတော်ဖြင့် သင့် လျော် ကောင်းမြတ် အာယုဓာတ်ကြောင့် မပြတ် ကျန်းမာ ရွှင်လန်းစွာဖြင့် မြင့်ကြာမြတည် သက်တော် ရှည်ပါစေသတည်း။

ဇယတံ = အောင်ခန်းသဘင် အောင်လမ်းမည်ဖြင့် အောင်မြင်ထူးကဲ အောင်ပွဲပန်ဆင် အောင်မြင်သူတို့ထက်။

ဇယတံ=ဇယတု=ကျန်းမာချမ်းသာ၊ စန်းပမာသို့ ဝမ်းသာကြည်လင် သာသနာပြုရာ လုပ်ငန်းအဖြာဖြာတွင် ထာဝစဉ် အောင်မြင်ပါစေသတည်း။

(ဦးထြေး)
အငြိမ်းစားဆရာမထိုက်

မဟာဇေယျာ

ပြည်တန်ဖြာဘုံ

အရှင်စန္ဒာဝရ(ပဲကတိုး)



တောက်ပရောင်ခြည် မဟာထေရ်

စိတ္တိကတံ မဟပ္ဖဒ္ဓ
အတုလံ ဒုလ္လဘ ဒဿနံ။
အနောမဿတ္တ ပရိဘောဂံ
ရတနံ တေန ဝုစ္စတိ။ ။

စိတ္တိကတံ-စိတ်၌ စွဲကပ် အလေးပြုအပ်၏။မဟပ္ဖဒ္ဓ-အဖိုး မျှားစွာလည်း ထိုက်တန်ပါ၏။ အတုလဒ္ဓ-အတုလည်းမရှိ၊ ဒုလ္လဘဒဿနံ-မြင်ရခဲသော အရာလည်း ဖြစ်၏။ အနောမဿတ္တပရိဘောဂဒ္ဓ—မယုတ်မည့် သူမွန် သူမြတ်တို့သာ သုံးဆောင်ရာလည်းဖြစ်၏။ တေန-ထိုအကြောင်းများကြောင့်။ ရတနံ—ရတနာ ဟူ၍။ ဝုစ္စတိ-ဆိုအပ်၏။

ဗုဒ္ဓဘာသာဝင်တို့၏ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးရာဖြစ်သော ဘုရား တရား သံဃာကို ရတနာဟု ခေါ်ဆိုကြသည်။ ထို့ပြင် သမီးပျိုတို့၏ ဆံပင်၊ နား၊ လည် စသည်တို့၌ ဆင်ယင်ထုံးဖွဲ့ကြသော စိန် ရွှေ ပတ္တမြား တို့ကိုလည်း ရတနာဟု ခေါ်ဆိုကြသေး၏။ အဘယ်ကြောင့်နည်း။ ရတနာဟူသည် အလေးပြုအပ်၏၊ အဖိုးများစွာ ထိုက်တန်၏၊ တုပြိုင်ဘက်မရှိ၊ မြင်ရခဲ၏၊ သူမွန် သူမြတ်တို့သာ ဆုံးဆောင်ရာဖြစ်၏၊ ထို့ကြောင့်ရတနာဟုခေါ်၏။ တစ်နည်းအားဖြင့် လောကလူသားတို့၏ စိတ်နှလုံးကို နှစ်သက် ပျော်ရွှင်စေတတ်သော အရာဝတ္ထုသည် ရတနာမည်၏။

ဤသို့ လောကလူသားတို့၏ စိတ်နှလုံးကို နှစ်သက်ရွှင်လန်းစေတတ်သော မဏိဇောတပြည်တန်မြို့ တည်းဟူသော ကျောက်မြတ်ရတနာတစ်တုံး အမိမြန်မာမြေမှ ထွက်ပေါ်ခဲ့လေပြီ၊ အမိမြန်မာမြေပေါ်မှ ထွက်ပေါ်လာသော ကျောက်မြတ်ရတနာသည် ယနေ့ ကမ္ဘာ့စေးကွက်အလယ်တွင် မည်၍ မည်မျှ ဂဏန်းချ၍ တန်ဖိုး မပြတ်နိုင်ပေ။ ၎င်း၊ ကျောက်မြတ်ရတနာ ဟူသည့် အခြားမဟုတ်၊ မင်းကွန်းဓမ္မနာဒ ဆရာတော်ပင်တည်း။


ဆရာတော်သည် ထက်သန်သော ဉာဏ်ပညာကြီးမားသော ၂လုံ့လစွမ်းအားတို့ဖြင့် အမျိုးဘာသာသာသနာအတွက်၂ အရှိန်ကျကျ အရေခန်းခန်း နောက်မဆုတ်တမ်း ဆောင်ရွက်တော် မူခဲ့သည်။

"မပျင်းမရိ၊ လုံ့လရှိ၍
သတိအထဲ၊ အရိုးစွဲအောင်
ကဖောင်ဖောင်လျှင်၊ သန်းခေါင်ညဉ့်နက်
သင် ကျက်သမျှ၊ စစကုန်စေ၊
နေ့ကိုအလွတ် ရွတ်နိုင်စေ"

ဟူ၍ အင်းဝခေတ် စာဆိုတော်ရှင် မဟာသီလဝံသ မထေရ်ကျော် မိန့်မှာတော်မူသည့်အတိုင်း ငယ်စဉ်ကာလ ၁၃-၄ နှစ်သားမှစ၍ မြင်းခြံမြို့ သံဃ သာမဂ္ဂီဝိနည်း စာပြန်ပွဲတွင် သဒ္ဒါကြီးရှစ်စောင်၊ သင်္ဂြိဟ်ကိုးပိုင်းတို့ကို အထောက်အမလွတ်ကင်းစွာဖြင့် ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးသကဲ့သို့ အာဂုံပြန် ဆိုခဲ့လေသည်။

တောက်ချင်သည့် မီးခဲ ရဲရဲနှင့် ဟူသော စကားသည် ဆရာတော်အတွက် ဆိုထားခဲ့လေသည်လားမသိ။ ဆရာတော်သည် ထိုသို့ ငယ်စဉ်ကာလ သဒ္ဒါ၊ သင်္ဂြိဟ် စသော ပိဋကတ်တော်၏ အခြေခံကျမ်းစာတို့ကို ရဲဝံ့ပီပြင် ပြတ်သားစွာဖြင့် ပြန်ဆိုခဲ့ရာမှစ၍ အစိုးရ ငယ်၊ လတ်၊ ကြီး၊ ကျော်၊ ဓမ္မာစရိယ၊ အဘိဝံသ၊ ဝဋ်ဒသကာ စသောဘွဲ့တံဆိပ်တော်များကို ရဟန်းဘဝ ၉ ဝါ ရစတွင် ရရှိတော် မူခဲ့လေသည်။ ထို့ပြင် ၁၃၂၁ ခု ဝါတော် ၂၀ အရတွင်လည်း သာမန်ပုဂ္ဂိုလ်တို့ ကြုံတွေ့ရန်ပင် မဝံ့ရဲလောက်သော ပါဠိတော် အုပ်ရေ ၂၀၊ စာမျက်နှာ ၆၁၂၁ မျက်နှာ၊ အဋ္ဌကထာဋီကာ အုပ်ရေ ၂၄ အုပ်၊ စာမျက်နှာ ၃၉၀၃ မျက်နှာရှိ ပိဋကသုံးပုံကို ၂၃ ဝါ အတွင်း ခြားနှစ်မရှိဘဲ လေးနှစ်တာခရီးမျှဖြင့်သာ ဒိသိဋ္ဌမဟာ ဟူသော ဂုဏ်ထူးနှစ်ခုဖြင့် ပြန်-ပြေ အောင်မြင်ခဲ့သည်။

ဤတိပိဋကအောင်မြင်တော်မူသည့်နှစ်မှာပင် စတင်ကျင်းပသည့် ထေရဒါဒ ငါးနိုင်ငံစုပေါင်း၍ ဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင်ပွဲတွင် မဟာစည်ဆရာတော်၏ အမေးကို ကျေးဇူးရှင်ဆရာတော်ဘုရားသည် ကမ္ဘာ့ပညာရှိများအလယ်တွင် စာအုပ်ကိုကြည့်၍ ပြေဆိုနေသကဲ့သို့ မကြောက်မလှဲ ရဲဝံ့ပြတ်သား၊ ကြည်လင် ခန့်ညားသောအသံတော်ဖြင့် ပြေကြားနိုင်ခြင်း



ကြောင့် ဘုန်းတော်ဘုရားဝတ္ထု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်နှင့် မင်းပေး ခတ်နှိပ် နိုင်ငံတော်တံဆိပ်တွင်း ပါရှိသော ဆင်စွယ်ယပ်ဝန်းတော်၊ နောက်ပါတပည့်နှစ်ဦးနှင့်အတူ ရာသက်ပန် ကုန်း၊ ရေ၊ လေ အခမဲ့ စီးနှင်းသွားလာခွင့် အထက်တန်းလက်မှတ်တို့ကို ပထမဦးစွာ အလှူခံ ရရှိတော်မူသည်။ ဤကား ဆရာတော်၏ ထက်သန်သော ဉာဏ်ပညာ၏ ရလာဘ်တို့ပေတည်း။

ဆရာတော်သည် အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်ရာတွင်လည်း စံပြပုဂ္ဂိုလ်တစ်ပါး ဖြစ်ပေသည်။ မိမိကို အကြောင်းပြု၍ ရရှိလာသော ပစ္စည်းလေးပါးတို့ကို အမျိုးဘာသာ သာသနာအတွက် အကျိုးရှိအောင် ခွဲခြမ်းဝေဖန်၍ လှူဒါန်းတော်မူလေ့ရှိသည်။ အရှင်မြတ်များ (ရဟန်းတော်)၊ ရှင်သာမဏေများ၊ သိက္ခာရှင်များ၊ ကျေးငှဲးရှင်များ ဟူသော ရှင်လေးရှင်တို့ကို နှစ်စဉ်လှူဒါန်း ပူဇော်ခြင်း၊ မင်းကွန်း လူအိုရုံရှိ အဘိုးအဘွားတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး စသည်တို့ကို ပြည့်စုံစေရန် စွန့်ကြဲပေးကမ်းခြင်း၊ မင်းကွန်းကျေးရွာလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေးတို့ကို ပြည့်စုံစေရန် ချီးမြှောက်ထောက်ပံ့ခြင်း၊ မိမိ၏ တိပိဋကဓရ ဆွမ်းဆန်တော်၊ အဘိဓမ္မာဓရဂုရု ဆွမ်းဆန်တော်၊ အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော်များဖြင့် နောင် အနာဂတ် သာသနာတော်၏ အညွှန့်အဖူးဖြစ်ကြသော တိပိဋကနိကာယမရ သာသနာ့အာဇာနည် ပုဂ္ဂိုလ်တို့အား ပြုစုပျိုးထောင် မြေတောင်မြှောက်ပေး၍ လှူဒါန်းခြင်း၊ မိမိ၏ မွေးဖွားရာဇာတိဒေသရှိ လူထုအများ ချမ်းသာကြစေရန်နှင့် ရပ်ရွာသာယာ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းများ ဆောက်လုပ် လှူဒါန်းခြင်း၊ လမ်းခင်း တံတားပြင်ခြင်း၊ လျှပ်စစ်မီးစက်လှူဒါန်းခြင်း စသည်ဖြင့် ချီးမြှောက်ထောက်ပံ့သည်။

စစ်ကိုင်း၊ မင်းကွန်း၊ မင်းဝံတောင်ရိုးရှိ သံဃာတော်များ၊ သီလရှင်များနှင့် မန္တလေး ပြင်လေးပြင် သံဃာတော်များ အား ဆွမ်းဆန်တော်များ အချို့ကျခွဲဝေ လှူဒါန်းနိုင်ရန်လည်း အမြဲမြဲအရှာရှာတို့၌ မလွန်ဆန်လှူသင်းထောက်ခွဲများ ဖွဲ့စည်းပေး၍ သဒ္ဓါတရားတိုးပွားစေရန် ဟောပြောပြသ ဆုံးမခြင်း၊ ထို့ပြင် မြန်မာနိုင်ငံဟစ်ဝှမ်းရှိ ဂိုဏ်းပေါင်းစုံ သံဃမဟာနာယက အဖွဲ့ကြီး၏ အကျိုးတော်ဆောင်ချုပ် ဆရာတော်တစ်ပါးအဖြစ်ဖြင့် သာသနာ့တာဝန် ထမ်းဆောင်ကာ၊ ရန်ကုန်—မန္တလေးမြို့တို့၌ ပရိယတ္တိသာသနာ့ တက္ကသိုလ်ကျောင်းတော်ကြီးတို့ကို ပေါ်ထွက်လာစေခြင်း စသည်တို့သည် ဆရာတော်၏ ကြီးမားသော လုံ့လဝီရိယဖြင့် အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်ခြင်း၏ ခိုင်မာသော သက်သေသာဓကတို့ပင် ဖြစ်ပါသည်။ ဤသည်တို့ကား ဆရာတော်၏ ကြီးမားသောလုံ့လဝီရိယဖြင့် အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်ခြင်း၏ ရလာဘ်တို့ပင်တည်း။

ဤသို့ အမျိုးဘာသာသာသနာအတွက် ချမ်းသာ၍ ကြီးပွားစည်ပင်အောင် ကိုယ်အား ဉာဏ်အား တို့ဖြင့် အားပေးဆောင်ရွက်ကာ၊ မိမိ သူတပါး နှစ်ဦးသား၏ အကျိုးစီးပွားကို ကျင့်သော ဥဘယဟိတပဋိပန္နပုဂ္ဂိုလ်ကို ဘုရားရှင်ကိုယ်တိုင် ချီးကျူးတော် မူခဲ့လေသည်။

တောလုံးမှုကြိုင် ရဟန္တလိုင်

ကေနာပိ သုရုက္ခေန
ပုပ္ဖတေန သုဂန္ဓိနာ။
ဝါသိကံ တံ ဝနံ သဗ္ဗံ
သုပုတ္တေန ကုလံ ယထာ။ ။

ဟု စာဏက္ကနိဓိ ဆရာကြီး မိန့်မှာသည့်အတိုင်း ရဟန္တကြိုင်ဆန်း ဖူးပွင့်လန်းလျက်ရှိသော ပန်းလှ အပေါင်း သစ်တစ်ပင်ကောင်းကြောင့် ထက်အောက် ကြေညာ ဝနာတစ်ခွင်လုံး ရနံ့ဖုံးရလေသကဲ့သို့ ဓမ္မနာဒ ဆရာတော်တည်းဟူသော အမျိုးကောင်းသား တစ်ယောက်ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုး တစ်မျိုးလုံးသည် ကမ္ဘာမှာ မြန်မာဟော့ဟု တင့်တယ်ဝင့်ကြွားစွာဖြင့် မားမားမတ်မတ် ရပ်တည်နိုင်ပေသည်။

ထိုသို့ အမျိုးဘာသာသာသနာအတွက် အားသွန်ကြိုးပမ်းလုံ့လစွမ်းဖြင့်ထမ်းဆောင်လျက်ရှိသော ဤဓမ္မနာဒ ဆရာတော်ဘုရားကြီးသည် လောကလူသားတို့၏ စိတ်နှလုံးကို နှစ်သက်ပျော်ရွှင်စေတတ်သောကြောင့်-

မဏီဇောတ၊ ပြည်တန်မြနှင့်
သိင်္ဂီရွှေညာ၊ ရတနာတိ
အဝါလှံတက်၊ ရောင်ခြည်ထွက်မူ
စုံမက်ဖွဲ့ချီး၊ အဖိုးကြီး၏။ ။

ဟူသည်နှင့်အညီ ဗုဒ္ဓဘာသာ မြန်မာလူမျိုးနှင့် လောကလူသားအားလုံးအတွက် မဏီဇောတ ပြည်တန်မြသို့ ပါပေတည်း။

အရှင်စန္ဒာဝရ
မဟာသုဇောဓာရုံတိုက်၊စစ်ကိုင်းမြို့။

မင်းကွန်း
တိပိဋကဓရ
ဆရာတော် ဘုရားကြီး၏

ထုံးခြားသော

အရည်အသွေးများ

ဆရာဝန်တာဝန်ဖွဲ့

ဦးဝင်းမြင့်

ပါရဂူဘွဲ့ရထိုက်သည့်ကျမ်းကြီး ပြုစုပုံ

စာရှုသူတို့ ရွှေတိဂုံစေတီတော်သို့ အကြိမ်ကြိမ် ရောက်ဖူးပါလိမ့်မည်။ ကုန်းတော်ပေါ်မှာ နှံ့စပ်သူဟု အမည်ခံယူကောင်း ခံယူပါလိမ့်မည်။ သို့သော် စာရေးသူက ဥက္ကလာပမင်းကြီး၏ ရုပ်ပုံသည် စေတီတော်၏ မည်သည့်ထောင့်တွင် ရှိပါသလဲဟု မေးသော် မည်သူမျှ ရုတ်တရက် အဖြေပေးနိုင်မည်မဟုတ်၊ တွေမြင်ဖန်များပါလျက် အမှတ်မဲ့နေပြီး သတိမပြုမိ၍ တည်နေရာကို အတိုအကျ မည်မှန်ပြန်နိုင်ခြင်း ဖြစ်၏။

အလားတူပင် မြန်မာနိုင်ငံသားတိုင်း မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီးကို ဖူးခွင့်ရကြပါလိမ့်မည်။ သို့သော် ဆရာတော်ဘုရားကြီး၏ ထူးခြားသော အရည်အသွေးတို့ကို လူတိုင်း မြင်တွေ့ကြမည်မဟုတ်။ စာရေးသူလည်း အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့၏။ ဆရာတော်ဘုရားသည် ဘဝပါရမီကြောင့် အတန်းတိုင်းမှာ ပညာထူးချွန်ခဲ့၍ ပိဋကသုံးပုံကို အလွယ်တကူ အာဂုံဆောင်နိုင်သည်။ တိပိဋကစာမေးပွဲ ဖြေဆိုရာ၌ အထောက်အကူ လုံးဝကင်းစင်အောင် ရွတ်ဆိုနိုင်သည်။ ရေးဖြေစာမေးပွဲတွင် အမှားကင်းစင်စွာ လက်နှိပ်စက်ဖြင့် မှင်ဖျက်မရှိစေဘဲ တရှိန်တည်း ခရားမှ ရေသွန်သလို ဖြေဆိုနိုင်သည်။ ထို့ကြောင့် နှစ်အတိုဆုံးနှင့် ဂုဏ်ထူးအများဆုံးဖြင့် အောင်မြင်သော ပုဂ္ဂိုလ်ထူးဖြစ်သည် ဟူ၍သာ မြင်ခဲ့ပါသည်။

လွန်ခဲ့သော ၂-နှစ်က ကျပန်နိုင်ငံမှ လန်ဒန်တက္ကသိုလ်၌ ပါရဂူဘွဲ့အတွက် ကြိုးစားနေသော ကော့ကော်အမည်ရှိ အမျိုးသမီးတစ်ဦး မြန်မာနိုင်ငံကို ရောက်လာခဲ့သည်။ မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာ အမျိုးသမီးတို့၏ ဘဝကို ကျမ်းပြုမည် ဖြစ်ရာ ဗုဒ္ဓဘာသာအကြောင်းကို ခရေစေ တွင်းကျ သိရအောင် လေ့လာခဲ့သည်။ ရန်ကုန်မြို့ စမ်းချောင်း ဒေါ်ဉာဏစာရီ သီလရှင် စာသင်တိုက်တွင် သီလရှင်ဝတ်ပြီး မြန်မာစာနှင့် ဗုဒ္ဓစာပေကို လေ့လာကာ အစိုးရ၏ ပညာတော်သင်အဖြစ် ၁-နှစ်ကျော် နေထိုင်သွားခဲ့သူ ဖြစ်သည်၊ သူမသည် မြန်မာနိုင်ငံတွင် နေထိုင်စဉ် ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသည့် နေရာအနှံ့ ရောက်ခဲ့သလို တွေ့ဆုံသင့်သော လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ် အားလုံးနှင့် တွေ့ဆုံခဲ့သည်။ စာရေးသူကလည်း ဒေါ်ဉာဏစာရီ စာသင်တိုက်၌ လုပ်အားပေး ဆရာဝန်တစ်ဦး ဖြစ်ရာ သူမနှင့် ရင်းနှီးခဲ့ပါသည်။

သူမလန်ဒန်သို့ မပြန်မီ မြန်မာနိုင်ငံမှ အထူးခြားဆုံး ပုဂ္ဂိုလ်သည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ဖြစ်သည် ဟု ဆိုခဲ့သည်။ ဆရာတော်ဘုရားကြီး၏ ဂုဏ်ပုဒ်မှာ သူမ ပြောမှ မြင်ခဲ့မိသည်။

ယင်းတို့ကား-

၁။ ဆဋ္ဌသံဂါယနာတင်ပွဲတွင် မထာစည် ဆရာတော်က မေးသည့် မေးခွန်းများကို တိပိဋက ဆရာတော်က ဖြေဆိုသည့်အသံ-

ကြည်လင်၏။
ပြတ်သား၏။
သာယာနာနပျော်ဖွယ် ကောင်း၏။
အချက်အလက်နှင့် ပြီးပြည့်စုံ၏။
အသံသြဇာနှင့် ပြည့်စုံ၏။
ဆွဲဆောင်နိုင်၏။

၂။ မဟာဗုဒ္ဓဝင်ကျမ်းကြီး ခြောက်တွဲ၊ ရှစ်အုပ်ကို ဦးစီးရေးသားခဲ့ခြင်း-

ကမ္ဘာကျော် စာရေးဆရာကြီး အချို့လည်း ဤမျှထူထဲသော အချက်အလက်နှင့် ပြည့်စုံသော ကျမ်းစာအုပ်မျိုးကို ပြုစုနိုင်ကောင်း ပြုစုနိုင်ပါလိမ့်မည်။ သို့သော် လူသိနည်းသော အချက်က ဤကျမ်းစာကို

ပြုစုရန် အစိုးရက ကျွမ်းကျင်သော လူပုဂ္ဂိုလ်အချို့ကို တာဝန်ပေးခဲ့၏။ လုပ်ငန်းရှေ့မတိုးခဲ့၊ ဤအခြေအနေမှာ ဆရာတော်ဘုရားအား ရေးသားပေးပါရန် မေတ္တာရပ်ခံလာသောအခါ ဆရာတော်က–

(က) သူရေးသား ပြုစုပြီးသည့်အခါ ဘွဲ့တံဆိပ်မပေးရန်နှင့်၊

(ခ) စာမူခမချီးမြှင့်ရန် မေတ္တာရပ်ခံ ခဲ့သည်ဟု သိရသည်။

ယခု ဤကျမ်းကြီး ပြီးသောအခါ စွယ်စုံကျမ်းအရွယ် စာအုပ်များဖြစ်၏။ မြတ်ဗုဒ္ဓ၏ ဘဝကို ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အချက်အလက် အားလုံးပြည့်စုံစွာ သူ့နေရာနှင့်သူ ဖြည့်စွက်ထား၏။ အမှားအယွင်းမရှိ၊ ထို့ကြောင့် လူကြုံက်များကာ အကြိမ်ကြိမ် ပုံနှိပ်နေရ၏။ နောက်ထပ်လည်း အကြိမ် မည်၍ မည်မျှ ဆက်လက်ပုံနှိပ် နေရဦးမည်မသိ၊ ဤစာအုပ်တွဲ၏ စာမူခကို သတိထား တွက်ကြည့်လျှင်–

စာတစ်အုပ်တန်ဖိုး=၄၀–ကျပ်

စာအုပ်တစ်တွဲတန်ဖိုး ၄၀ × ၈ =၃၂၀-ကျပ်

တစ်ကြိမ်ပုံနှိပ်အုပ်ရေ ၅၀၀၀=၅၀၀၀×၃၂၀

=၁၆၀၀၀၀၀၀ - ကျပ်

ရသင့်သောစာမူခ ၁၀ % =ကျပ် တစ်သိန်း ခြောက်သောင်း

ငါးကြိမ်ထက်မနည်း ပုံနှိပ်ပြီးခဲ့ရှိမည့် စာမူခမှာ ၁.၆ သိန်း×၅= ၈ သိန်းကျပ်

ဤမျှများပြားသော ငွေကြေးကို မည်သူက မရလိုဘဲ ရှိပါလိမ့်၊ အစိုးရထံမှ ရရှိမည့်ငွေ ဖြစ်သဖြင့် မည်သူ့ကိုမှလည်း လက်ဖြန့်တောင်းခံနေစရာ မလို၊ သာမန်လူသားဆိုလျှင် ဤမျှများပြားသော ငွေကို ကိုယ်ရေးကိုယ်တာအတွက် မသုံးသည့် တိုင်အောင် မိမိလွဒါန်းလိုသော ကိစ္စမျှား အတွက် အသုံးပြုမိမည် ဖြစ်၏။



မင်းကွန်းဆရာတော်ဘုရားသည်
သာမန်ဆရာတော်များထက်
လွန်စွာ ထူးမြတ်ပါသည်ဟု
ပြောကြားခဲ့သော
လန်ဒန်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိရန်
ကြိုးစားပမ်းသင်ယူနေသော
ဂျပန်အမျိုးသမီး(ဒေါ်ဒေါ်)ကို
သီလရှင်အဝတ်အစားဖြင့် တွေ့ရစုံ

ပြည်သူ့ဘက်ကအဖြစ်ရပ်တည်နေသောဆရာတော်

(၀၇) ပြည်သူ့ဆရာတော်

ဗုဒ္ဓဘာသာမှာ ကမ္ဘာ့နိုင်ငံအများသို့ ပျံ့နှံ့လျက်ရှိ၏။ ထို့ကြောင့် နိုင်ငံအပေါ်မူတည်၍ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ အမူအကျင့်သည်များစွာ ကွာခြားလျက် ရှိကြသည်။

အချို့ နိုင်ငံများတွင် ဆရာတော်များသည် နိုင်ငံတကာ စီးပွားရေးကုမ္ပဏီများ၌ အစုရှယ်ယာများ ထည့်ဝင်ထားသဖြင့် ဝင်ငွေအမြောက်အများ ရရှိလျက်ရှိရာ သူတို့ နေထိုင်သော ကျောင်းတော်များမှာ လွန်စွာ ခေတ်မီလျက်ရှိ၏။ ဓလုတ်တစ်ချက်နှိပ်ရုံနှင့် အလိုအလျောက် ဖွင့်ပိတ်



ဆရာတော်များ
ကြွချီတော်မူလာသည်ကို
လူသွားလမ်းဘေးမှ
စောင့်မျှော်နေကြသော
ဝေဒနာရှင်များ

သော တံခါးများ၊ အကောင်းဆုံး ကုလားထိုင်၊ အိပ်ရာ စသည်တို့ဖြင့် တန်ဆာဆင်လျက် ရှိ၏။ မြန်မာနိုင်ငံမှာပင်လျှင် အခို့သော ဘုန်းကြီးကျောင်းများမှာ ပြည်သူလူထု၏ အဆင့်နှင့် မမှီနိုင်လောက်အောင် အဆင့် ကင်းကွာလျက် ရှိ၏။

မင်းကွန်း တိပိဋကဆရာတော်ဘုရားမှာမူကား ပြည်သူက အဆင့်အတန်း မည်သို့ ရှိရှိ ပင့်ဖိတ်သော နေရာကို ကြွ၏။ ဆရာတော်၏ကျောင်းမှာ အထူးထူးသော အဆောင်အယောင်များ မရှိ။ သူ၏ တပည့်လက်သားများ သီတင်းသုံးရာ မိုးမိတ်ကုန်းမြေကမှ ကျောက်စာတိုက်များ၊ စေတီပုထိုးများဖြင့် အစစ အရာရာ ခမ်းခမ်းနားနား ရှိသေး၏။ ဆရာတော် သီတင်းသုံးရာ မင်းကွန်းမှာ ကျောင်းတော်က ရိုးရိုးသားသားနှင့် တောစပ်အနီး တစ်နေရာ ဖြစ်၏။

ဤအချက်ကို သူမ ပြောပြသော်လည်း စာရေးသူက ကောင်းစွာ သဘောမပေါက်ခဲ့ပေ။

သဘောမပေါက်ရခြင်းမှာလည်း စာရေးသူကိုယ်တိုင်က ဆရာတော်နှင့် နီးစပ်မှု မရှိခဲ့၍ ဖြစ်ပါသည်။

ပြည်သူ့ဘက်သား ဆရာတော်

စာရေးသူမှာ ဘွဲ့လွန် ဆရာဝန်ကြီး ဆိုသော်လည်း ဆင်းရဲနွမ်းပါးသော အနာကြီးရောဂါသည်များနှင့်သာ အချိန်ကုန်ခဲ့သူဖြစ်၍ ငွေကြေးအထူးချမ်းသာလှသူမဟုတ်ပါ။ ထိုကြောင့် ငွေကိုသိန်းနှင့် သောင်းနှင့် လှူနေကြသော လူအများစုဝေးရာ မင်းကွန်းဆရာတော်လို ပုဂ္ဂိုလ်မျိုးကို ရှောင်ခဲ့သည်။ စာရေးသူ အဆင့်နှင့် တန်သော စာသင်တိုက်များမှာသာ အချိန်ပိုင်း ဆေးခန်းများ ဖွင့်လှစ်ပြီး စိတ်ကျေနပ်မှု ရယူခဲ့ပါသည်။ တစ်နေ့တွင် ရန်ကုန် စမ်းချောင်းရပ်ရှိ ဒေါ်ဉာဏာစာရီ စာသင်တိုက်အတွက် မှတ်တမ်း စာတစ်အုပ် ရေးရန် အကြောင်း ပေါ်လာပါသည်။

စာသင်တိုက် တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ရုံမျှမကသီလရှင်အကျော်အမော်များ အများဆုံး ထွက်ပေါ်ရာဌာနလည်း ဖြစ်နေသည်။ အထက်မှ ကချင်၊ ရှမ်း၊ ပလောင်။ အောက်ပြည်မှ ဆလုံ၊ မွန်၊ ကရင်စသည့် တိုင်းရင်းသူအများအားကိုးရာ၊ ပညာ သင်ကြားရာ ဌာနကြီးဖြစ်၍ မှတ်တမ်း မှတ်ရာများ ရှိသင့်သည် ထင်သဖြင့် စာရေးသူ ကြိုးစား ရေးသား ပြုစုခဲ့ခြင်း ဖြစ်သည်။ စာမူက ပြီးပြီ။ သို့သော် စကားချီး ရေးပေးဖို့ လိုသေးသည်။

မင်းကွန်းဆရာတော်ကို သတိရမိသည်။ ဆရာတော်သည် မွေးနေ့ရောက်တိုင်း ရဟန်းသာမဏေများကိုသာ မက သီလရှင်များကိုပါ နှစ်စဉ် ပစ္စည်း ပြန်လည် လှူဒါန်းနေသူဖြစ်၏။ သို့သော် ဆရာတော်တို့လို မအားမလပ်သော ပုဂ္ဂိုလ်က ဤဌာနမျိုးအတွက် စာမူရေးသား ချီးမြှင့်နိုင်ပါ့မလား၊ ဆရာတော်က ရေးသားချီးမြှင့်ခဲ့သော် သီလရှင်များ ရွေ့ရေးအတွက် များစွာ ကြည်လင်သွားစရာ ရှိ၏။ ထိုကြောင့် မဝံ့မရဲနှင့် ဆရာတော်အား စာမူချီးမြှင့်ပါရန် စာဖြင့်တောင်းခံမိပါသည်။

သုံးလကြာသွားပြီ။ ဆရာတော်ထံမှ အဖြေပြန်မရ။ စာရေးသူ၏ စာမူက အသင့်ဖြစ်နေပြီ။

ထိုကြောင့် ဆရာတော်၏ ရန်ကုန်မှ ကျောင်းတော်သို့ မဝံ့မရဲ သွားရောက် စုံစမ်းခဲ့မိသည်။ ဆရာတော်က မရှိ၊ ခရီးထွက်နေသည်။ ဒုတိယတစ်ကြိမ် သွားပြန်သည်။ ဆရာတော်က မရှိ။ ဤနည်းဖြင့် ခြောက်ကြိမ် ခြောက်ခေါက်မြောက် သွားပြီး သောအခါ မှန်မှန် ဝန်ခံရလျှင် စိတ်က အတော်လေး ခုသွားမိသည်။ မချိုးမြွှင့်နိုင်လျှင်လည်း ပြီးတာပဲ။ သိသိသာသာ ပြတ်ပြတ်သားသား သိချင်လှသည်။ ဂေါပကများကို မေးမြန်းတော့လည်း မရေမရာသော အဖြေကို ရ၏။


ဤလိုနှင့် ၇ ကြိမ်မြောက် ထပ်မံ ကြိုးစားသောအခါ ဆရာတော် ကျောင်းပေါ်မှာ ရှိနေသည်။ သွားရောက် စုံစမ်းကြည့်ပါဟု အောက်မှ ပြောလိုက်သဖြင့် ဆရာတော်၏ အခန်းရှိရာသို့ တက်သွားမိသည်။ စာရေးသူ၏ စိတ်ထဲမှာတော့ ကြောက်သလိုလို၊ ရွံ့နေသလိုလို အမျိုးစုံအောင် ခံစားနေရသည်။

ဆရာတော်အား ပက်လက်ကုလားထိုင်ပေါ်၌ စာတစ်အုပ် ဖတ်နေသည်ကို ဖူးတွေ့ရသည်။ကြမ်းပြင် အခင်းကလည်း အထူသားနားခြင်း မရှိ။ သာမန် ကော်ဇော အဟောင်း တစ်ချပ်ကို ခင်းထားသည်။ ခုတင်ကလည်း အဟောင်း၊ မွေ့ရာထူထူထဲထဲ မရှိ၊ ခြင်ထောင်ကလည်း အရောင်အဆင်း ကင်းမဲ့နေသေးသည်၊ ခြင်ထောင်ကို တင်ထားရာတွင် မသေမသပ်ရှိသဖြင့် အစတစ်ဖက် အောက်ကိုကျနေသည်၊ ခြင်ထောင်ဇာက သုံးလက်မလောက် ထောင့်စုံတ်နေသည်ကို အပ်ချည်ဖြင့် သီထားသည်ကို အထင်အရှား မြင်တွေ့ရသည်။ ခေါင်းအုံးစွပ်ကလည်း ဖြူဆွတ်နေခြင်း မရှိ။ သို့သော် သပ်သပ်ရပ်ရပ်တော့ ရှိသည်။ မနှိုင်းစကောင်း နှိုင်းရလျှင် ဆရာတော်၏ အိပ်ရာမှာ သာမန် ငွေကြေး ပြေလည်သူတစ်ယောက်၏ အိပ်ရာလောက်ပင် တန်ဖိုးမရှိ၊ စာရေးသူ ကျေချမ်းသွားမိသည်။ ကြက်သီးများပင် ထမိသည်။ ဆရာတော်အပေါ် စာရေးသူ ထားရှိခဲ့သော အမြင်နှင့် အသွင်မှာ များစွာ ကွာခြားနေသောကြောင့် ဖြစ်ပါသည်။



•

ဆရာတော်ကုကုထံမှ သီလခံယူနေကြသော
ဧဝဒေနာရှင် ရဟန်းရှင်လူ သူဘာမျာ.
ခန်းလုံးပြည့်ရုံမက ရုံပြင်ဆိုလျှံထွက်နေသည်"



ဆရာတော်ဘုရားကြီးများ
ထောက်ကြီ့
အနာကြီးဆေးရုံသို့
ကြွတော်မူစဉ်
ဆေးရုံကြီးကြပ်မှူး
ကော်မတီဥက္ကဋ္ဌအား
စကားလက်ဆောင်ပါး
နေသော
မကင်းဆရာတော်

ထိုစဉ် ရဟန်းတစ်ပါး ကြွလာသည်။ စာရေး သူက အဆိုပါ ရဟန်းအား သူလျှောက်ထားလို တာကို အရင်လျှောက်ထားရန် ခွင့်ပေးလိုက်၏။ အဆိုပါရဟန်းက "သူဟာ ကချင်ပြည်နယ်မှ ဖြစ်ကြောင်း၊ ဆရာတော်အား သူ၏ မြို့နယ်သို့ ကြွရောက်ပါရန် ပင့်ဖိတ်လိုကြောင်း၊ ဆရာတော် အလှူမှာ သူ၏ ဒကာ ဒကာမများ ပါဝင်လို ကြောင်း၊ ဆရာတော်ကိုလည်း ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့လိုကြကြောင်း၊ သူ နေထိုင်သော ဒေသမှာ ခရစ်ယာန် ပေါများ၍ ဝတ္ထုပစ္စည်းအလှူတော့ များများရစရာမရှိကြောင်း၊ သို့သော် ရွှေ့အလား အလာ သာသနာအတွက် ဆရာတော် ကိုယ်တိုင် ကိုယ်ကျ ကြွရောက်နိုင်မည် ဆိုလျှင် ခရီး ကြမ်း တမ်း၍ ဆရာတော်၏ ကျန်းမာရေးအတွက် ဂေါပကလူကြီးများကမလိုက်စေလိုကြကြောင်း"

စသည်ဖြင့် လျှောက်ထားရာ ဆရာတော်က

"ငါ ဆင်းရဲချမ်းသာ မရွေး ပင့်သောနေရာ ကို ကြွစားလိုက်ပါသည်။ အခုလိုခေါင်တဲ့ဒေသ မျိုးကို ငါက ပိုပြီး လိုက်ချင်သေးတာပ၊ ခရီး ကြမ်းတာက ကိစ္စမရှိပါဘူး၊ အောက်မှာ ပြော ထား၊ ဆရာတော်လိုက်ဖို့ သဘောတူပါတယ်လို့" ဟု မိန့်ကြားလိုက်သဖြင့်

စာရေးသူမှာ ကြက်သီးမွေးညင်းများပင် ပို၍ ထမိပါသည်။

ပြီးတော့ စာရေးသူ၏အလှည့်။

"စာရေးသူက သမိဒ္ဓေါဒယဒေါ်ဉာဏာစာရီ စာသင်တိုက် မှတ်တမ်းအတွက် စာမူ ရေးသား ထား၊ပါသလား" ဟု မေးရာ၊ ဆရာတော်က

"အေး....မင်း မရသေးဘဲကိုး၊ ငါ စာတိုက် နှင့် ပို့ထားတာ ကြာပြီပဲ။ နေဦး" ဟု ဆိုကာ သူ၏ ဖိုင်တွဲကို ဖွင့်ရှာပါသည်။ပြီးနောက် စာရေး သူအား ဆရာတော် လက်ထဲမှ ကျန်သော လက်နှိပ် စက်ဖြင့် ရိုက်ထားသည့် မိတ္တူကို ပေးပါသည်။

စာရေးသူ ဆရာတော်အပေါ် အထင်မှားမိ သည်ကို ဘယ်လို တောင်းပန်ရမည် မသိ။

စာမူ ရလာခဲ့ပြီ၊ စာရေးသူ ရေးသားထား သော စာအုပ်နှင့် ပေါင်းစပ်လိုက်လျှင် ဝမ်းသာ လိုက်သည်ဖြစ်ခြင်း၊ သက်ဆိုင်ရာသို့ စာမူကို စာအုပ်ဖြစ်အောင် ထိုးအပ်လိုက်သည်။ သို့သော် အကြောင်းတစ်ခုကြောင့် စာမူမှာ ယနေ့တိုင် စာအုပ် ဖြစ်မလာနိုင်သေး။

စာရေးသူ ရှက်မိပါသည်။

သို့သော် စာရေးသူ ရလိုက်သော အကျိုးက ဆရာတော်သည်

ပြည့်သူ့ဘက်က အမြဲရပ်တည်သော

အဆောင် အယောင် အခမ်းအနားတွေကို အထူး မလိုလားသော

စာပေရေးရာတွင် လွန်စွာတိကျသော၊မြတ်နိုး သော၊ ပြည့်သူ့ဆရာတော် ဟူ၍....

စာရေးသူ အထင်မှားမိသည်ကို ကန်တော့ တောင်းပန်လျက်....

ဆရာဝန် တင်ဇော်



(၁) ဘုန်းတန်းစကာ၊ သိရိဖြာသား၊. ဓမ္မာသောက၊ ရာဇိန္ဒနှင့်၊ အနော်ရထာ၊ နရိန္ဒာသို့၊ သာသနာတွင်း၊ ညစ်ကြေးကင်းရှိ၊ သန့်ရှင်းပွားပြန့်၊ ကမ္ဘာဖြန့်ဟု၊ သိန်းသန်းသံယာ၊ ထေရ်ထေရာနှင့်၊ မဟာသံယ၊ နာယက၏၊ ဓမ္မရွှေစက်၊ မိန့်ဖော်ချက်ကို၊ ပေါင်းဖက်ရာဇာ၊ စက်အာဏာဖြင့်၊ ကူးကာပြည်တင်း၊ ဆောင်ရွက်ခြင်းတွင်၊ ထွန်းလင်းလှ၀ါ၊ သာသနာ၌၊ မဟာသံယ၊ နာယက၏၊ ဟိတကျိုး၀ဆောင်၊ သာ၀င်၀ပြောင်သား၊ မြင့်ခေါင်စိတ်ထား၊ ထေရ်ဘုရားဟု၊ သက်ကားခုနစ်ဆယ်၊ သုံးနှစ်ကြွယ်လွန်၊ သုံးသွယ်ပိဋက၊ မြတ်၀ရှင့် ဓမ္မဘဏ္ဍာ—ဂါရိကာတည့်၊ ဝိစိတ္တသာရာ – ဘိ၀ံသဟု၊ ဓမ္မစေတီယ၊ ထေရိန္ဒကား၊ သုံး၀သိက္ခာ၊ မြင့်မိုရ်ချာသို့၊ လေးပြာ၀ိပတိ၊ ပြည့်စုံဘိတည့်၊ သိရိသိရိန်၊ ဇေယျသိန်နှင့်၊ တေဇိန်တေဇာ၊ သီလ၀ါဟု၊ ဆင့်ကာတံခွန်၊ ပိုးသို့ ခွန်သော်၊ မိုးစွန်ကိုတောက်၊ ပိုးသို့ဖောက်မှု၊ မိုးအောက်စံပြု၊ ပညာထုလည်း၊ ဓမရုဉ်းကိုင်၊ နွန်းနှန်းနိုင်၏။ ဘုန်းလိုင်တေဇာ၊ သိရိန္ဒာတည့်၊ မ၀သမေတုံ၊ စပယ်ထုံက၊ တူစုံယှဉ်ကာ၊ ပုဏ္ဏမာ၌၊ စန္ဒာငွေလ၊ ကြယ်ဇေဋ္ဌနှင့်၊ သမယမဟာ၊ နေမြတ်စွာဟု၊ ကောဇာသက္ကရာဇ်၊ တစ်ထောင်သုံးရာ၊ လေးဆယ်သာ၌၊ ညွှန်ကာအစွန်း၊ ခြောက်နှစ်ထွန်းသော်၊ အောင်ကွန်းဇေယျာ၊ ဘုမိန္ဒာဟု၊ မဟာပါသာဏ၊ လိုက်ဂုမြတ္တင်၊ ဇာဘိ၀ဇမဟာရဋ္ဌဂုရု၊ ပြည်သူ့ဆရာ၊ ဘွဲ့ထူတံဆိုးကို၊ ဂုန္ဓာနတ်မင်း၊ လူမင်း–မင်းတို့၊ ဘွဲ့နှင်းဆက်ပွဲ၊ ဩမ်ဩမ်သဲမှု၊ ချီးဖွဲ့ပူဇော်၊ သောင်းထိုက်ကျော်သည်း ။

ဘုန်းစတ်စတစ္စာ ညီးညီးလင်းရကို၊
ဂုန်းစမ်စပြုမှာ ထီးထီးစင်းကကို၊
နွန်းလျှော်စဝကာ ချီးချီးကျင်းပကို း ။

(၂) နှုန်းနှန်းဒေဝရာ၊ ရာ—ရာဇာတို့၊ သာသနာကို၊ ညွှန်ကြည်ညို၍၊ထိုထိုလေးဝ၊ ပစ္စယဖြင့်၊ နှစ်လှ
ငါးထောင်၊ မြင့်ရှည်ခအောင်ဟု၊ ရှေ့ဆောင်ပရိယတ်၊ ပဋိပတ်နှင့်၊ ထွတ်မြတ်
ပဋိဝေ၊ သုံးဆင့်ဝေလျက်၊ သုံးထွေသာသနာ၊ သုံးဆင့်ဖြာဟု၊ ပူဇော်ပူဇာ၊ ဂါရဝဖြင့်၊ သုံးပါးစေတနာ၊
ညွှန့်ဝေဖြာလျက်၊ သဒ္ဓါကော်ရော်၊ ရှိပူဇော်တည့်၊ ဘုန်းတော်ခြောက်ဖြာ၊ မြတ်စွာနာ၏၊ သာသနာသက်၊
ငါးထောင်ဝက်တွင်၊ ပေါ်ထွက်နေဝန်း၊ ဥဒယ်စွန်းမှ၊ ရောင်ဝဲန်းထောင်ခြည်၊ တက်ထွန်းစည်သို့၊ ထက်ပြည်
နတ်တို့၊ ဆောင်ပို့လာ၍၊ အောင်မျိုတေဇာ၊ ဘုန်းသမ္ဘာနှင့် ပါရမီထူးလှ၊ မြတ်ထေရဟု၊ ဆဋ္ဌသံဂီတိ၊
ဝိသဇ္ဇက၊ ဓမ္မအရာ၊ အာနန္ဒာနှင့်၊ တဖြာဥပါလိ၊ နက်နဲဘီသား၊ ဝိနည်းအရာ၊ ဖြေထေရာဟု၊ နှစ်ဖြာ
ဂုဏ်ရ၊ သီရိနွယ်၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိကာနှင့်၊ ဝိစိတ္တသာရာဘိဝံသကား၊ အနဝတတ္တဲ့- အိုင်
မွန်လှမှ၊ ဥသဘရေပြွန်၊ မြရည်သွန်သို့၊ သံဝှန်လျှံထွက်၊ တစ်ခဲနက်ဖြင့်၊ အဆက်မပြတ်၊ ပြန်ဆိုလတ်၍၊ နှုတ်
လွတ်ဖြေပွဲ၊ အံ့မရဲတည့်၊ ကျော်သံဝှန့်ဆူ၊ မြကျွန်းဌမှ၊ ဇမ္ဗူသပြေ၊ သီးမှည့်ကြွေသို့၊ လျှံဝေသံမြူး၊ အံ့လှ
မူး၍၊ ဆော်ကျူးသံဝါ နတ်စည်သာတည့်၊ မဟာအဂ်-ပဏ္ဏိတမှ၊ အဆင့်မြင့်လှ၊ အဘိဓမ္မဟာရဋ္ဌဂုရု၊ ပြည်
သူ့ဆရာ ဘွဲ့ထွတ်ချာကို၊ သဒ္ဓါစင်းလင်း၊ ပူဇော်ခင်းဝယ်၊ နတ်မင်းလူမင်း၊ အမင်းမင်းတို့၊ ဘွဲ့နှင်းသဘင်။
ပွဲကြိုးယင်က၊ ငှက်ခွင်တိ သာ၊သုံဓမ္မာတွင် ကွန္ဒာဘုန်းရှင်၊နတ်သဘင်နှင့်၊ နှိုင်းကင်နှုန်းဖော် တူပြိုင်မော်သည်။

နှုန်းလျော်စေကာ ချီးချီးကျင်းပကို၊
ဘုန်းတော်တေဇာ ညီးညီး လင်းရကို၊
ကုန်းမော်မြေမှာ ထီးထီးစင်းကကို။ ။

(၃) ကုန်းနန်းကေသရာ၊ ဟေမဝါဟု၊ သခ္ဘီသုံးထောင်၊ တောကုန်အောင်တွင်၊ ရဲခါသတ္တိ၊ တုမရှိ
သား၊ ပိဋကတ်သုံးပုံ၊ နှုတ်အာဂုံနှင့်၊ သုံးစုံသိက္ခာ၊ ခိုင်ကြည်စွာဖြင့်၊ ပညာ
ရဲရင့်၊ ပွဲလယ်တင့်လျက်၊ ခေါင်မြင့်ဝေဟင်၊ အာကာပြင်၌၊ ငွေစင်လျှံကြွား၊ သော်တာတွားသို့၊ သုံးပါး
သာသနာ၊ ထွန်းရောင်ဝါ၏၊ အာကာဗေဒွန်း၊ လနယ်ထွန်းတည့်၊ ဘက်ကျွန်းပညာ၊ မဟာအဂ်-ပဏ္ဏိတနှင့်၊
ဘွဲ့လှထွတ်ချာ၊ မဟာအဘိဓ၊ ရဋ္ဌဂုရု၊ ဂုဏ်ပေါင်းစုသည့်၊ ပြည်သူ့ဆရာ၊ ထေရိန္ဒာဟု၊ ဝိစိတ္တသာရာ-
ဘိဝံသကို၊ ဗြဟ္မာရေသွန်း။ ဒေဝါညွှန်းတည့်၊ လေးကျွန်းဥိးကိုင်၊ မိုရိမဏ္ဍိုင်ဟု၊ ရောင်ဆိုင်လေးတွေ၊ အာ
ကာဗေဒမျှ၊ ဖန်-ရွှေ-ငွေ-မြ၊ ထွန်းထွန်းပသား၊ သဒ္ဒါပြမြဲရွှန်း၊ ဇမ္ဗူကျွန်းဟု၊ ကျွန်းကျွန်းဥိးသျှောင်၊ ကျွန်း
မျှဉ်နောင်တွင်၊ မြတ်ခေါင်ငါးဆူ၊ ပွင့်လိမ့်ဟူ၍၊ ဇမ္ဗူအောင်ချာ ဘဒ်-ကမ္ဘာဝယ်၊ သကျာမရဇိန်၊ စောမု
နိန်၏၊ လျှံထိန်ဝင်းဝါ၊ သဲသနာလျှင်၊ နှစ်ခါတစ်ထောင်၊ ငါးရာဆောင်၍၊ စက်ရောင်ဝန်းလှည့်၊ ခေါင်း
မွန်းတည့်လျက်၊ စွန်းပြည့်နှစ်ဆယ်၊ ခုနစ်ကယ်က၊ဘုန်းကြွယ်ထွန်းတင့်၊ ကံမွန်ဆင့်လျက်၊ ရင့်လှပါရမီ၊ နွယ်
သာကီလျှင်၊ နောင်ညီနှစ်ဖော်၊ နှိုင်ငံတော်၏၊ ထွန်းပေါ်မြင့်မြတ်၊ ပရိယတ်တက္ကသိုလ်၊ လူနတ်ကြို၍၊ မြည်ို
ရစ်သန်း၊ အောင်ရွှေမန်းနှင့်၊ ရန်ကျွန်းရန်ကုန်၊ တေဇဂုဏ်နှင့်၊ ယမုန်သီတာ၊ ဥိးညွတ်ကာဖြင့်၊ ဘူမာဘူမ၊
ဘူမိန္ဒဟု၊ မဂ်လသိရိန်၊ ကုန်းမဟိန်ဝယ်၊ ဒေဝိန်ညွှန်ပြ၊ ဝန်ဆောင်ရသည့်၊ ဝိစိတ္တသာရာ-ဘိဓ၏၊ တောက်ပ
ရွှေဘုန်း ကိုးရပ်ချုန်းသည်။ ။

ကုန်းမော်မြေမှာ၊ ထီး-ထီးစင်းကကို၊
နှုန်းလျော်စေကာ ချီး-ချီးကျင်းပကို၊
ဘုန်းတော် တေဇာ ညီး-ညီးလင်းရကို။ ။

မှတ်ချက် —(၅-လုံးချီ၊ ၉-လုံး၊ မဏိဆံကျင် ၃—ထပ်ချစ္ဆယမက ရွှေလောင်းပြန်၊ သော်တာရောင်၊)

စပ်ဆိုပူဇော်သူ စားဆိုတော် မဟာသရေစည်သူ ဥိးချမ်းသာ
(အိုင်-စီ-အက်စ်၊ အငြိမ်းစား) လက်ခံ မင်းညို၊
သီဆိုပူဇော်သူ အာဆိုတော်-ရီရီသန့်



ပင်းယုင်ဝ

မင်းကွန်းတိပိဋကဓရ
ဆရာတော်ဘုရားကြီးသို့

သမုဒ်ပင်လယ်၊ ရေပြင်ကျယ်လျှင်
အုံဖွယ် နက်ကျယ်ပေတော့သည်။
သမုဒ်ပင်လယ်၊ ပမာနယ်လျှင်
မြက်ရှင်ဆရာ၊ ထေရ်မဟာ၏
ပညာဉာဏ်ကြွယ်၊ အာသွယ်သွယ်သည်
အုံဖွယ် နက်ကျယ်ပေတော့သည်။

တတိယအုံးနှိပ်စီးရီး ၁၂၃

ဟိမဝန္တာ၊ တောင်သေလာလျှင်
ကမ္ဘာမြေဝယ်၊ တင့်ဆန်းကြယ်သည်
အံ့ဖွယ် မြင့်မားလေတော့သည်။
ဟိမဝန္တာ၊ တောင်ပမာသို့
မဟာထေရ်ရှင်၊ မြတ်သခင်၏
စွမ်းအင်ကြီးလှ၊ မြတ်လုံလျှင်
တုပမလွယ်၊ ဗိုလ်ပုံလယ်၌
အံ့ဖွယ် မြင့်မားလေတော့သည်။
ညတန်ဆောင်မုန်း၊ အလှမှုန်း၍
မိုးလုံးပတ်လည်၊ အာကာဆီဝယ်
စုံညီငွေကြယ် ထွန်းတော့သည်။
ငွေကြယ်စုံညီ၊ ထွန်းလင်းသည်သို့
ကြည်လင်သဒ္ဓါ၊ ထေရ်မဟာ၏
သာသနာပြု၊ မြတ်ကောင်းမှုတည့်
စုစုကုသိုလ်၊ မျှားထိုထိုလျှင်
ကြည်ညိုစဖွယ်၊ တုယူဖွယ်လျှင်
အံ့ဖွယ်စုံညီ မျှားတော့သည်။
အံ့ဖွယ်ဖြာဖြာ ဆောင်နိုင်ပါသော
ဆရာမြတ်ရှင်၊ ထေရ်သခင်ကို
ကျွန်လျှင်ရိုကျိုး၊ လက်စုံမိုး၍
ရှိခိုးပူဇော်ပါ၏ ဘုရား။ ။

(မင်းယု၀၀)



စစ်ကောင်စေတရုပ်ပေါ်

ကိုလေး

(အင်းဆိုဝှက်ရာဇည်)



စာမူနှိပ်လွှဲ

မဟာဂုဏ် ကမ္ဘာတုန် အခါကြုံရ
ကြာပဒုံအလု ပွင့်ချိန်သော်
စာအာကုန်သဖို့ အခွင့် အကြိမ် ပေါ်ပြီ
အရှင့် အရှိန် အစော် အခေါင် အဖျား
တီ တီ ကျ ကျ
ဗီ ဗီ ရ ရ
တီ ပိဋက မြတ်ဘာသာကို
ကမ္မ မှန်စွာ ဆောင်စွမ်းနိုင်ဟုရား

ထုတ်ဝေသူ/နှစ်ရှည် ၁၂၅

အကာ မပါ လုံးဝ
ဘာသာ နှလုံးလှ
သာသနာ အဆုံး အမ ခံထမ်းပိုင်သည်
ဉာဏ်ပန်း လှိုင်လှိုင် ကြူစွတကား
အကြုံစွမ်း မြိုင်မြိုင် တူတကွသွားဖို့
ဖြူလွတရား ရွှန်းသစ်စေ
ရော ရေပြာ ခွေကာ ရစ်
သေလာ အနှစ် မင်းကွန်း နက်သန်မြေ

အကျိုး နိမိတ် အဆုံးမြင့်
ပျိုး ရိတ် ထုံးဖြင့်
မိုးမိတ် ကုန်းမြင့် ထာဝရ ဝေပြီ
ဉာဏဝေသီ မှန်စေသတည်းဟု
ဉာဏ်ရှေသီးသည့် ဗုဒ္ဓတက္ကသိုလ်
ဥက္ကဋ္ဌ ချက်ဗဟို
ဘဂဝါ ဇိန
သာဝကာ အဓိကရ
မဟာအဘိဓံ ဗောဓိပျိုကို
ဩ ၏ ဆိုကာ ကန်တော့သည် ဘုရှင့်လေး
ကိလိဋ္ဌာ မပါရ
တိဟိတ်တကာ နာယက
ဝိစိတ္တာသာရ မဟာ့ မဟာ ထေရ်ကို
ကဗျာ့ ကဗျာ အညီ ကန်တော့သည်ဘုရှင့်လေး

သဒ္ဓါဗလဝ
အချာပဝရ
မဟာအမစ ကူးရပါအောင်
ဦးချခါခါ ကန်တော့သည်ဘုရှင့်လေး။ ။

* ကိုလေး (အင်းဝဂုဏ်ရည်)
(သီးကုံးပူဇော်ပါတယ်)



ဒဲ့ဒီ

ဆရာတော်ဘုရားကြီးနှင့်

ကမ္ဘာအနှံ့မှ

ဒါယကာဒါယိကာမများ

မန္တလေးမှမင်းကွန်းသို့

၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့က မန္တလေးမြို့တွင် ဖြစ်ပါသည်၊ ကျွန်တော်တို့စကား မင်းကွန်းတောင်ရိုးတိပိဋကနိကာယ ကျောင်းတိုက်ကြီးတွင် ဒုတိယသုံးနှစ်ခရီး စာစောင်အတွက် ဆောင်ရွက် ခဲ့ကြသော စာဒရုးဆရာများအား ဂုဏ်ပြုသော အခမ်းအနားကို တက်ရောက်ရန် ဖြစ်ပါသည်။

ကျွန်တော်၏ တာဝန်မှာ ထိုအခမ်းအနား တက်ရောက်ရန်သာ မဟုတ်၊ တန်ဆောင်မုန်းလပြည့်နေ့က ကျင်းပခဲ့သော ထီးတင်ပွဲနှင့် ဘုရားပွဲသို့ တက်ရောက်လာကြသော ဂျပန်အမျိုးသား ၁၂၄ ဦးတို့က မိမိတို့နှင့် တစ်ပါတည်း ယူဆောင် လာကြသော ဆေးဝါးပစ္စည်းများကို သံဃဆေးရုံများသို့ လှူဒါန်းရန် ပါဝင်ပူးပေါင်းပါသည်။

ထိုနေ့နံနက် စောစောတွင် မန္တလေးမြို့ သုဒတ္တာ၊ သုဘဒ္ဒါ ကည်းခိုဆောင်တွင် တည်းခို နေကြသော အမှုဆောင်လူကြီးများနှင့် စာရေးဆရာကြီး များမှာ မနက်စောစောကပင် မင်းကွန်းသို့ ကူးကြပါသည်။

ကျွန်တော်.မှာ ဥက္ကဋ္ဌကြီး၏ တာဝန်ပေးချက်အရ မိတ္ထီလာကို ရောက်ရှိလာမည့် ဂျပန်များ လှူဒါန်းသော ဆေးဝါးများကို စောင့်ဆိုင်းပြီးမှ နောက်ဆုံး အသုတ်နှင့် လိုက်သွားရန် ဖြစ်ပါသည်၊ အကြောင်း မည်သည်ကြောင့်သဖြင့် မိတ္ထီလာမှကားမှာ နောက်ကျနေသော ကြောင့် ကျွန်တော် မော်တော်ဆိပ်သို့ ရောက်သည့် အခါတွင် မင်းကွန်းသွားသည့် မော်တော်မှာ ထွက်နှင့်နေပြီဖြစ်သောကြောင့် လှမ်းဟားသဖြင့် မော်တော်မှာ ပြန်လည် ကမ်းကပ်၍ ခေါ်သောကြောင့် အပြေးအလွှား လိုက်ပါသွားရပါသည်။

မော်တော်ပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်တည်း ကျွန်တော်၏ အမည်ကိုလှမ်း၍ ခေါ်သံကြား သဖြင့် ကြည့်လိုက်သောအခါ ကျွန်တော်၏ တက္ကသိုလ် ကျောင်းသားဘဝက ဆရာဖြစ်ခဲ့သည့် မန္တလေး တက္ကသိုလ် အဂိုပတိ ကျောင်းအုပ်ဆရာကြီး ဦးကိုလေး (လေးမျောမောင်) ဖြစ်နေသည်ကို မတွေ့ရှိရပါသည်။


ဆရာကြီး၏ မိတ်ဆက်ပေးမှုကြောင့် စာရေးဆရာ အကျော်အမော်များနှင့် သိခွင့်ရခဲ့ပါသည်၊ မင်းကွန်းက အခမ်းအနားသို့ ရောက်သောအခါတွင် မြန်မာပြည်ရှိ စာရေးဆရာ အကျော်အမော် အားလုံး စုဝေးနေကြသော်လည်း ကောင်းရှိရပါသည်၊ အခမ်းအနားတွင် စာရေးဆရာများကို ဂုဏ်ပြုသည့် အနေနှင့် သုံးနှစ်ခရီး စာစောင် ၁-အုပ်စီ ဓမ္မဒါနပြုခဲ့သည့်အပြင် နောက်ထပ် သုံးနှစ်ခရီးတွင်လည်း ရေးသားကြရန် ဖိတ်ခေါ်သည်ကို ကြားသိရသည့်အခါတွင် ထိုတတိယ သုံးနှစ်ခရီး စာစောင်တွင် စာရေးဆရာ အကျော်အမော် ကြီးများကြားတွင် ကျွန်တော်လို နာမည်မရှိသောသူက စာဒရုးရမည်မှာ မဝံ မရဲ ဖြစ်လာပါသည်။

ကံ.ကော်ပင်စောင့် နတ်သမီးပုံ

သို့သော် ထိုခရာန်ပင် ဝတ္ထုကြောင်း တစ်ပုဒ်ကို သတိရမိပါသည်၊ ထိုဝတ္ထုကြောင်းမှာ– သီဟိုဠ်ကျွန်းတွင် ရဟန်းတစ်ပါး မဟာသမယသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ပြီးလျှင်ပြီးချင်း "သာဓု" သုံးကြိမ် ခေါ်သံကြား၏။

"တောတွင်းဌာ မည်သူလာ၍ သာဓုခေါ်သနည်း" ဟု မေးမြန်းရာ "ဘုရားတပည့်တော်မသည် ကန့်ကော်ပင်စောင့်သည့် နတ်သမီး ဖြစ်ပါသည်၊ အရှင်ဘုရား ရွတ်ဖတ်သော ပရိတ်တော်မှာ မြတ်စွာ ဘုရားသခင် မဟာသမယသုတ်တော်ကို ဟောကြားသည်နှင့် အတူတူပင် ဖြစ်ပါသည်" ဟု လျှောက်ထား၏။

ထိုအခါရဟန်းက "အသင် မြတ်စွာဘုရား သခင် ဟောကြားစဉ်က မည်သည့်နေရာမှ နာသနည်း" ဟု



မေးမြန်းရာ နတ်သမီးက "တပည့်ဘော်သည် စော စောပိုင်းဌ မြက်စွာဘုရားသခင် အနီးအနားတွင် နာ လျက်ရှိပါသည်၊ သို့သော် စကြဝဠာတိုက်တစ်သောင်း မှ တန်ခိုးကြီးသော နတ်ဗြဟ္မာများ ရောက်ရှိလာသော အခါတွင် တဖြည်းဖြည်း သူတို့အား နေရာပေး၍ ဖယ် ပေးရပါသည်၊ ဘုရားတပည့်တော်သည် မည်မျှပင် ဝေးပါစေ၊ မြတ်စွာဘုရားသခင်၏ ပရိတ်တော်ကို ဆုံးအောင် နာမည်ဟုအားခဲ၍ နောက်သို့ တဖြည်း ဖြည်း ဖယ်ပေးရရာ နောက်ဆုံးတွင် သမုဒ္ဒရာအတွင်း ၌ ကိုယ်တစ်ပိုင်းနှစ်၍ နာရပါသည်၊ မြတ်စွာဘုရား၏ အသံတော်မှာလည်း ပကတိကြည်လင်၍ အနားနား တွင် နာရသကဲ့သို့ရှိပါသည်" ဟု လျှောက်သည်။

ထိုဝတ္ထုကြောင်းကို သတိရလာသောအခါ နတ် သမီး၏ ထုံးကိုနှလုံးပြု၍ ငါလည်း ဤအလွန်ကျော် ကြားသော စာရေးဆရာကြီးများကြားတွင် မည်သည့် ကဏ္ဍမှ ပါရပါရ ဆရာဘော်ဘုရားကြီးအား ပူဇော် ရခြင်းသည်သာ အဓိကဟု အောက်မေ့၍ ဤဆောင်း ပါးဖြင့် ပူဇော်ပါသည်။

ကမ္ဘာမှာ မှတ်ဉာဏ်အကောင်းဆုံး

များမကြာမီကပင်တိပိဋကတ = နိကာယသာသနာပြု အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သော ဆရာဝန်ကြီး ဦးသာလှသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဂုဏ်ထူးဆောင် ဆရာ ဝန်ကြီးတစ်ဦးအနေဖြင့် ဖိတ်ခေါ်၍ အကြံဉာဏ် တောင်းခြင်းခံရသည်။

ထို့နောက် ဆရာကြီးအား စာအုပ်ကြီး တစ်အုပ် လက်ဆောင်ပေးရာ ထိုစာအုပ်ထဲ၌ ကမ္ဘာတွင် မှတ် ဉာဏ်အကောင်းဆုံးဟု မှတ်တမ်းတင်ထားသော ဆရာတော်ဘုရားကြီး၏ ဂုဏ်ပုဒ် ပါဝင်ပါသည်။

ဆရာတော်ဘုရားကြီးသည် စာမျက်နှာ ရှစ်ထောင် ကျော်ရှိသော ပိဋကသုံးပုံ = နိကာယအား ဖြင့် ငါးရပ် ဓမ္မဘုန်းအား ဖြင့် ဝဋ္ဋဝဋ္ဋ အား ဖြင့် အားလုံးကို ထောက်ဆောင်နိုင်ကြောင်း၊ ကမ္ဘာကျော် စာအုပ်ကြီးတွင် မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါသည်။

စာရေးသူ၏ ကိုယ်တွေ့မှာ မြန်မာပြည်သား ဗုဒ္ဓ ဘာသာဝင်များသာမဟုတ် နိုင်ငံခြားသား ဗုဒ္ဓ ဘာသာဝင်များပင် လျှင် ဆရာတော်ဘုရားကြီး၏ မူးမြောက်ရသည့်အခါ မိတ်နှလုံးချမ်းမြေ့၍ စိတ်ထား မှာ နူးညံ့မှောက်မှောင်း၊ ပါးကြောင်း တွေ့ရပါသည်။

တစ်ခါက မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီး ဆောက်လုပ်ရေးအတွက် ကျင်းပ သော အစည်းအဝေးသို့ တက်ရောက်သောအခါ ဆရာ တော်ဘုရားကြီးကို စာရေးသူက ဆေးရုံပစ္စည်း အချို့ ကို လှူဒါန်းမည့် ဒါယကာများနှင့် ဆက်သွယ်ပေးလို ကြောင်း လျှောက်ထားရာတွင် ဆရာတော်ဘုရား ကြီးက—

"ဒကာရေ၊ ဒကာ ဒီလိုဆန္ဒရှိတာကိုပဲ ဘုန်း ကြီး ဝမ်းမြောက်၍ သာဓုခေါ်ပါသည်၊ ဒကာ လုပ်စရာရှိတာ ဆက်လုပ်ပါ၊ ပစ္စည်းမရလျှင် လည်းမည်သို့မျှ စိတ်ပူပင်မှု မရှိပါနှင့်၊ ဒကာ၏ စေတနာမှာ ယခု ချက်ချင်းပင်လျှင် ကုသိုလ်ရ နေပြီ" ဟု မိန့်တော်မူသံ ကြားရသည့်အခါ ကြက်သီး မွေးညင်းများပင် ထမိပါသည်။

ထို့ကြောင့် ဆရာတော်ဘုရားထံမှ ခွင့်ပြုချက် ရ သည်နှင့် ပစ္စည်းလှူဒါန်းမည်ဟု အလားအလာရှိသော ဂျပန်နိုင်ငံ အာရှ ဗုဒ္ဓဘာသာအသင်းသို့ ဓမ္မမိတ်ဆွေ ဖြစ်သော မိတ္ထီလာမြို့မှ ဦးသိဟန်နှင့် တိုင်ပင်၍ စာ ရေးရာ အလှူရှင်များထံမှ လှူဒါန်းပါမည်ဟု ဆန္ဒ ပြုချက်များ ရရှိခဲ့ပါသည်။

ဆေးအလှူရှင်များ

ထိုအသင်းကြီးမှ ခေါင်းဆောင်များဖြစ်သော ဂျပန်·မဟာယာနဂိုဏ်းချုပ် ဆရာတော်ကြီး တကုမို ကုဆုနိုကိန့်ထိုအသင်းကြီး၏ အရေးပါအရာရောက်ဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်သော ဂျပန်ဘုန်းတော်ကြီး ရှုကိုကို ကျိုးမားတို့သည် ၁၉၇၇ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ကြွရောက်လာပြီး ရန်ကုန်မြို့တိပိဋက = နိကာယ သာသနာပြုအဖွဲ့တွင် သာသနာရေးကိစ္စများ ဆွေးနွေးကြပါသည်၊ ထို့နောက် သာသနာ့ ဆေးရုံ အတွက် လိုအပ်နေသော ဆေးရုံပစ္စည်းများကို လှူဒါန်း မည်ဖြစ်ကြောင်း ကတိပြုသွားကြပါသည်။

ဒွန်လတွင် မည်သည့်ဆရာတော်ဘုရားမျှ၏ ဟရာ ကိုမျှ မနာကြားဘူး၊ မည်သည့် ဆင်းတုတော်ကိုမျှ မမူးဘူးဘဲ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြသော ခင်ပွန်းသည်မှာ ဂျပန် အမေရိကန်ကပြား၊ ဇနီးသည်က အမေရိကန်လူမျိုးအစစ်ဖြစ်၍ အမေရိကန် ပြည်သား များပြင်းထန်သော ဘာဝဆောက်ဇနီးမောင်နှံ (ကုမာရ ကာဿပနှင့် ဝိသာခါဟု အမည်ခံယူဆားကြသူ) တို့ သည် ဆရာတော်ဘုရားကြီး၏ အမူးပြု၍ တည်ဆောက်

နေသော မန္တလေး ဇီဝိတဒါန သာသနာ့ ဆေးရုံကြီးသို့ ဆေးဝါးများ လှူဒါန်းကြပါသည်။

ထိုဆေးရုံအပြင် အောက်ဖော်ပြပါ ဆေးရုံများသို့လည်း ဆေးဝါးများ လှူဒါန်းခဲ့ကြပါသည်–

(၁) စစ်ကိုင်းတောင်ရိုး အာယုဒါန ဆေးရုံ
(၂) စစ်ကိုင်း တောင်ရိုး ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံ
(၃) မင်းကွန်းတိုက်နယ် ဆေးရုံ
(၄) ပဲခူးမြို့ သံဃာနှင့် သီလရှင် ဆေးပေးခန်း
(၅) ရန်ကုန်မြို့ တောင်တန်း သာသနာပြုအဖွဲ့ကြီးများဖြစ်သည်။

ဗုဒ္ဓဘာသာဝင် ဖြစ်ခြင်း

ထိုဇနီးမောင်နှံတို့ ဗုဒ္ဓဘာသာ ဖြစ်လာရခြင်း၏ အကြောင်းရင်းမှာ-

ထိုဇနီးမောင်နှံသည် ယခင်က ခရစ်ယန်ဘာသာကို အလွန်ကိုင်းရှိုင်းသူများဖြစ်ကြ၏၊ တက္ကသိုလ်တွင် မိမိသင်ယူသော ဒဿနိက ဗေဒဘာသာကို မဟာဝိဇ္ဇာဘွဲ့ရပြီးနောက် ဒေါက်တာဘွဲ့ရယူရန် ထပ်မံကြိုးစားသည်။

ဗုဒ္ဓ ကျမ်းစာများကို လေ့လာရသည့်အခါမှ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာပါသည်၊ ထို့နောက် ကာလာမသုတ်ကို ဖတ်ရသည်နှင့် တစ်ပြိုင်နက် "ငါတို့သည် တရားစစ် တရားမှန်ဖြစ်သော ဗုဒ္ဓဘာသာကို ကူးပြောင်း၍ ကိုးကွယ်တော့အံ့" ဟု နှုံးသံမဏ်အဓိဋ္ဌာန်ဖြင့် ဆုံးဖြတ်ချက်ချပြီးလျှင် သရဏာဂုံသုံးပါးတည်ကာ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။

သူတို့သည် အမေရိကန်ပြည်မှ ကျပန်ပြည်သို့ ကူးပြောင်း နေထိုင်၍ တရားမမှုကို ရှာဖွေကြရာ စိတ်တိုင်းကျ မတွေ့ရှိရသဖြင့် မြန်မာပြည်သို့ လာရောက်ခဲ့ကြသည်၊ မြန်မာပြည်တွင် ဆရာတော်ဘုရားကြီးနှင့် တွေ့ပြီး ဒကာရင်းများဖြစ်လာကြကာ တရားထိုင်ခြင်း၊ ဗုဒ္ဓစာပေ လေ့လာခြင်းတို့ကို ပြုလုပ်ကြပါသည်၊ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်တွင် လစာဟစ်ပြား တစ်ချပ်မျှမယူဘဲ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပြသရေးဘက်မှ အမှုထမ်းလိုကြောင်း လျှောက်ထားကြပါသည်။

လခမယူဘဲ မည်ကဲ့သို့ စရိတ်သုံးစွဲမှု ပြုမည်နည်းဟု မေးမြန်းစုံစမ်းကြည့်ရာ ၎င်းတို့က မိမိတို့သည် ဗုဒ္ဓဘာသာဝင်ဖြစ်သည့် နှုန်းအလျောက် ငါးပါးသီလ မြဲခဲ့ကြကြောင်း၊ အရက်သေစာနှင့် ဆေးလိပ်မသောက်ခြင်း၊ သက်သက်လွတ်စားခြင်းတို့ကို ပြုလုပ်သည့် အချိန်မှစ၍ စရိတ်စက သက်သာလာပြီး ငွေများစုမိကြောင်း၊ ထို့ပြင် ကျပန်ပြည်တွင် လက်ရှိရရှိနေသော ဝင်ငွေမှာ တစ်လလျှင် ယန်း ၈ သိန်း ရှိကြောင်း၊ ထိုငွေများနှင့် မိမိတို့ တစ်သက်ဘာ သုံးစွဲသွားနိုင်ကြောင်း ပြောကြားပါသည်။

သက်နှံးအလျောက်

သူတို့သည် မြန်မာပြည်မှ အပြန်တွင် ယိုးဒယားပြည်ရှိ ဒုက္ခသည် စခန်းသို့သွားရောက် ဒါနပြုကြရာ ဆရာတော်ဘုရားကြီး၏ တပည့်ရင်းများက သက်နှံး ၂၇ စုံ လှူဒါန်းလိုက်ကြပါသည်၊ ထိုသက်နှံးများကို ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် သံဃာတော်များအား လှူဒါန်းရာထိုသံဃာတော်များက ဝမ်းသာလွန်းကြ၍ "တို့ရဲ့ညီအစ်ကို ရင်းချာများဖြစ်ကြသော မြန်မာ ဗုဒ္ဓဘာသာဝင်များက တို့ကို အသိအမှတ်ပြုကြတယ်နော်" ဟု ပြော၍ မျက်ရည်ကျကြသည်ဟု သိရှိရပါသည်။

ဇွန်းချမ်းဌာန

၁၉၇၇ ခု၊ သြဂုတ်လတွင် အာရှ ဗုဒ္ဓဘာသာအသင်းမှ အတ်ဆုမတ်ရှူအို အမည်ရှိ ကျပန်အမျိုးသား တစ်ဦးသည် မြန်မာပြည်သို့ အလည်ရောက်သည်နှင့် ဆရာတော်ဘုရားကြီးအား ရန်ကုန်မြို့ နယူးလင်းလမ်းရှိ တိပိဋကကျောင်းတော်သို့ သွားရောက် ဖူးမြော်ခဲ့ပါသည်၊ ထို့ပြင် မန္တလေးမြို့ရှိ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ သုဘဒ္ဒါ၊ သုဒ္ဓတ္တဆောင်များကို လေ့လာပြီး မင်းကွန်း တောင်ရိုးရှိ ပင်မ တိပိဋကကျောင်းတော်ကြီးသို့ လည်းကောင်း၊ ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ဓမ္မနာဒချောင်သို့ လည်းကောင်း၊ မင်းကွန်း တိုက်နယ် ဆေးရုံနှင့် ဆရာတော်ကြီး နာယကအဖြစ် ဆောင်ရွက်တော်မူသော မင်းကွန်း လူအိုရုံသို့ လည်းကောင်း သွားရောက်လေ့လာပါသည်။

သူသည် အသက်အရွယ်အားဖြင့် ၃၂ နှစ်မျှသာရှိသေး၍ အိမ်ထောင်မရှိသေးသော လူငယ်တစ်ဦးဖြစ်ရာ ယခင်က ဘာသာရေးကို လေးစားမှုမရှိခဲ့သော်လည်း ဆရာတော်ဘုရားကြီးအား ဖူးတွေ့ရ

ခြင်း၊ ဆရာတော်၏ သာသနာရေး ဆောင်ရွက်ချက်များကို တွေ့မြင်ရခြင်းတို့ကြောင့် မိမိသည် ခွင့်ရက်ရှည်ရသောအခါ မြန်မာနိုင်ငံသို့ လာ၍ ရဟန်းခံလိုကြောင်း ဆန္ဒပြုသွားပါသည်၊ ၎င်းက မိမိသည် ကမ္ဘာ့နိုင်ငံ အသီးသီးသို့ လာရောက်ဖူးကြောင်း၊ သို့သော် မိမိ၏ စိတ်နှလုံး ငြိမ်းချမ်းမှု ရရှိသည့်နေရာမှာ ဤမိုးမိတ်ကုန်းမြေနှင့် စစ်ကိုင်းတောင်ရိုးပင် ဖြစ်ကြောင်း မှတ်ချက် ချသွားပါသည်။

မိတ္ထီလာမြို့တွင် ဂျပန်တို့ တည်ထားကိုးကွယ်သော နဂါးရုံဘုရား ထီးတော်တင်ပွဲကြီးကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပါသည်၊ ထိုထီးတော်တင်ပွဲကြီးတွင် သာသနာ့ ဥသျှောင်ဖြစ်တော်မူသော နိုင်ငံတော် သံဃမဟာနယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၊ ကျွန်တော်များ၏ တိပိဋကဓရ ဆရာဟော်ဘုရားကြီး အပြင် အဘိဓမ္မာဂုဏ်ရှု ဖြစ်တော်မူသော ကိုးဆောင်ဆရာတော်၊ နန္ဒိသေနာဂုမ ဆရာတော်အစရှိသော ဆရာတော်ကြီးများအပါအဝင် စုစုပေါင်း သံဃာအပါး ၁၅၀ ကျော် ကြွရောက် ချီးမြှင့်ကြပါသည်၊ တိပိဋကဆရာတော်ကြီးလည်း ကြွရောက်ချီးမြှင့်၍ ထီးတော်တင်ပွဲအကြို ရေစက်ချပါသည်။ ဆရာတော်ကြီး၏ တပည့်ဦးဝေပုလ္လနှင့် သဲကုန်း ဆရာတော် ဦးဉာဏိသရတို့က ရတနာသုတ် ပရိတ်တော်များ ဟောကြားပါသည်၊ ထူးခြားသည်မှာ ဓမ္မကထိက ဆရာတော်သုံးပါးစလုံးပင် တရား ဟော ကြား ရာ၌ ရတနာသုတ်တော်ချည်း ဖြစ်နေသည်ကို တွေ့ပါသည်၊ ဂျပန်လူမျိုး ၁၂၄-ဦး တက်ရောက် ကြည်ညိုကြပါသည်။

ဂျပန် ၁၀၀ ကျော်သည် သာသနာနှင့် ပတ်သက်၍ လှူဒါန်းရာတွင် ၎င်းတို့ တစ်နိုင်စာသယ်ယူလာသည့် ပစ္စည်းများအနက် ဆေးဝါးအများအပြား ပါရှိလာပါသည်၊ ထိုဆေးဝါများကို တိပိဋက - နိကာယ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌကြီး ဦးသာလှနှင့် မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံ တာဝန်ခံ ဆရာဝန်ကြီး ဦးမောင်ကလေး ဟိုဠံဒီးစီး၍ အောက်ဖော်ပြပါ ဆေရုံများနှင့် သာသနာပြုဌာနများသို့ ဆေးဝါးများ လှူဒါန်းခဲ့ကြပါသည်။

(၁) မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး
(၂) စစ်ကိုင်း တောင်ရိုး အာယုဒါန သံဃာ့ ဆေးရုံ
(၃) မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟို ဌာန မဟာဝိသုဒ္ဓါရုံတိုက် သံဃာ့ ဆေး ပေး ခန်း
(၄) ဆရာတော်ဘုရားကြီး၏ မင်းကွန်းတိုက်နယ် ဆေးရုံ
(၅) ပဲခူးမြို့ သံဃာနှင့် သီလရှင် ဆေးပေးခန်း
(၆) ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၏ မွေးရာဇာတိဖြစ်သော ပဲခူတိုင်း ဝမ်းဘဲအင်း ဆေးပေးခန်း
(၇) ပဲခူးတိုင်း၊ ကဝမြို့နယ် ခမဲပြင် ဆုတောင်း ပြည့်ဘုရား
(၈) ရန်ကုန် တောင်တန်းသာသနာပြုအဖွဲ့ကြီး
(၉) မန္တလေး ပြည်သူ့ ဆေးရုံကြီး
(၁၀) မိတ္ထီလာမြို့ သံဃာ့ ဆေးရုံ

ထေရဝါဒ ဗုဒ္ဓဘာသာရှိရာ ဌာန

၁၉၈၈ ဇန်နဝါရီလတွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့ကြီးမှ အမှုဆောင်လူကြီးများ ဖြစ်ကြသော မစ္စတာ ကင်းန်ဆာတို့နှင့် မစ္စတာဆုဝိမတတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာကို လေ့လာရန်အတွက် မြန်မာပြည်သို့ ရောက်ရှိလာကြပါသည်၊ ခရီးရောက်မဆိုက်ပင် ထိုသွေ့သည်များသည် ဆရာတော်ဘုရားကြီးများကို ပူးမြော်ခွင့်ရရန်အတွက် ပဲခူးမြို့မ ဆရာတော်ဘုရားကြီးနှင့် ကျွန်တော်တို့ ဆရာတော်ကြီး ဦးဝိစိတ္တာဆရာတော်ကြီး ၂-ပါး ကြွရောက်နေသည့် ကမ္ဘာအေးကုန်းမြေရှိ ရေစက်ချအခမ်းအနားတစ်ခုသို့ သွားရောက် ဖူးမြော်ကြပါသည်။

ဧည့်သည်များသည် ဆရာတော်ဘုရားကြီးများအား ပူးမြော်ရသဖြင့် စိတ်နှလုံးချမ်းသာ၍ ဝမ်းသာနေကြပါသည်၊ ဆရာတော်ဘုရားကြီးများ ဟောကြားဆုံးမတော်မူကြသော တရားစကားများကို စာရေးသူက ဘာသာပြန်ပေးရပါသည်၊ ပဲခူးမြို့မ ဆရာတော်ကြီးက သီလ၊ သမာဓိ၊ ပညာနှင့် စပ်သော တရားစကားများကို ဟောကြားတော်မူပါသည်၊ ထို့နောက် ကျွန်တော်တို့ ဆရာတော်ဘုရားကြီး ဦးဆောင် ပဓာနပြုတော်မူသော တိပိဋက-နိကာယ သာသနာပြုအဖွဲ့က ဆောက်လုပ်လှူဒါန်း ပျက်ရိုသော ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် နယူးလင်းလမ်းရှိ တိ-နိကျောင်းတော်တို့ကို လှူလာကြပါသည်။

မန္တလေးသို့ ရောက်သောအခါ မန္တလေးမြို့ရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့ ဘက္ကသိုလ်နှင့် ဇီဝိဘဒါန သာသနာ အထူးကုဆေးရုံ သုဘဒ္ဒါ၊ သုဒတ္တာ အဆောင်များသို့ သွားရောက်လေ့လာပြီးလျှင် မင်းကွန်းတိုက်နယ် ဆေးရုံနှင့် မင်းကွန်းလူအိုရုံတို့ကို သွားရောက် လေ့လာကြပါသည်။

ဤသည်များ မြန်မာပြည်သို့ လာရောက်လေ့လာရသည့် အဓိကရည်ရွယ်ချက်မှာ ဂျပန်ပြည်တွင် ထေရဝါဒနှင့် ပတ်သက်သော စာအုပ်ကြီးတစ်အုပ် ထုတ်ဝေရန်အတွက် လာရောက် လေ့လာကြခြင်း ဖြစ်ပါသည်၊ ၎င်းတို့သည် ဤကဲ့သို့ သာသနာ၏ အမွေအနှစ်များ တည်ရှိသော ကျောင်းတိုက်များသို့ လာရောက် လေ့လာရသဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အတွက် များစွာမှ အကျိုးရှိကြောင်း ပြောပြကြပါသည်၊ ၎င်းတို့သည် ဂျပန်ပြည်သို့ ရောက်သောအခါတွင် တစ်နေ့လျှင် စောင်ရေ ၅ သန်းစီ ထုတ်ဝေရသော မအနိဆျ၊ ရှင်းဘွန်းနှင့်တကွ အခြားသတင်းစာကြီး နှစ်စောင်တွင်ပါ ထေရဝါဒ အကြောင်းကို ဖေဖော်ဝါရီလတွင် ၆ ရက်ကြာမျှ ရေးသား ဖော်ပြကြပါသည်၊ ၎င်းရေးသော ဆောင်းပါးရှည်ကြီးတွင် ပါဝင်သော အချက်အလက် အနည်းငယ်ကို ဖော်ပြလိုပါသည်။

"ဗုဒ္ဓဘာသာကို လေးလေးစားစားလိုက်နာသော နိုင်ငံကို တွေ့ရှိလိုသော ဆန္ဒဖြင့် လိုက်လံရှာဖွေရာ ယခုအခါတွင် ဗုဒ္ဓသာသနာတော်ကြီး တကယ်အခြေစိုက်သော နိုင်ငံကို တွေ့ရှိရပါသည်၊ ထို နိုင်ငံမှာ တခြားနိုင်ငံ မဟုတ်ပါ၊ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံဖြစ်သော မြန်မာနိုင်ငံ ဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးကို လိုက်လံစူးစမ်း လေ့လာရာတွင် အရက်သမားနှင့် အရက်ဆိုင် မတွေ့ရခြင်းမှာ ထူးခြားချက်ပင် ဖြစ်ပါသည်၊ တခြားနိုင်ငံများတွင် ရှင်ဘုရင် မင်းညီ၊ မင်းသားများ၊ ရုပ်ရှင်မင်းသား မင်းသမီးများလာလျှင် ဝိုင်းအုံကြည့်ကြသကဲ့သို့ မြန်မာပြည် နိုင်ငံရှိ သံဃာတော်များ ကြွလာလျှင် ရိုရိုသေသေ လက်အုပ်ချီ၍ ဖူးမြော်ကြသည်ကို တွေ့ရပါသည်၊ မြန်မာပြည်သို့ ရောက်လျှင်ရောက်ခြင်း ထိုနိုင်ငံ၏ အထွတ်အထိပ် ဖြစ်တော်မူကြသော ဆရာတော်ကြီးနှစ်ပါးကို ဖူးမြော်ရသဖြင့် မိမိတို့မှာ အလွန်ကံကောင်းကြောင်း" အစချီ၍ ဆရာတော်ဘုရားကြီးများ ဟောကြားတော်မူသော တရားများကို ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ပူဇော်မစဲတဖွဖွ

၁၉၇၈ ခုနှစ်၊ မတ်လအတွင်းက ဂျပန်ပြည်တွင် ကမ္ဘာ့အကြီးဆုံး လျှောင်းတော်မူ ကိုယ်တော်ကြီး တည်ဆောက်မည့်အဖွဲ့သည် စာရေးကိရိယာနှင့် ဆေးဝါးများကို ယူဆောင်လာခဲ့ပါသည်။ ထိုအဖွဲ့က ဆရာတော်ဘုရားကြီး၏ သာသနာပြု လုပ်ငန်း ဖြစ်သော မန္တလေးမြို့နှင့် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်များအပြင် တိပိဋကနိကာယ ကျောင်းတိုက်ကြီးသို့ ဂျပန်ပြည်လုပ် စာရေးကိရိယာ အကောင်းစား များနှင့် မန္တလေး ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးနှင့် မင်းကွန်းတိုက်နယ် ဆေးရုံသို့ ဆေးဝါးများ လှူဒါန်းကြပါသည်။

ထိုလထဲမှာပင် ဂျာမနီပြည်မှ ဒေါက်တာ ရီယင် ရှက်ကယ်သည် မြန်မာပြည်သို့လာရောက်၍ ဘုရားပုထိုးများ ဖူးမြော်ရင်း သာသနာရေးတွင် အသုံးပြုနိုင်သော ပစ္စည်းများ လှူဒါန်းလိုကြောင်း ဆန္ဒပြုသွားကြပါသည်။

၁၉၇၈ မေလ ၂၉-ရက်နေ့တွင် သီရိလင်္ကာနိုင်ငံမှ ဆရာတော်နှစ်ပါးနှင့် ဒါယကာတစ်ဦး၊ ဒါယိကာမနှစ်ဦး မြန်မာပြည်သို့ လာရောက်၍ ဆရာတော် ဘုရားကြီးအား ဂါရဝပြုကြပါသည်၊ ဒါယိကာမနှစ်ဦးမှာ အခြားမဟုတ်၊ ယခင်က ဆရာတော် ဘုရားကြီး၏ သာသနာပြု လုပ်ငန်းဖြစ်သော ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ဝင်းအတွင်းရှိ မဟာသိမ်တော်ကြီးတွင် လာရောက်၍ ရှင်ပြုပွဲ ကျင်းပသွားသော ယခင် မြန်မာနိုင်ငံဆိုင်ရာ သံမိုင်္ဂသံအမတ်ကြီး၏ ဇနီးနှင့်သမီးဖြစ်ပြီး ယခုအခါတွင် ဂျပန်နိုင်ငံဆိုင်ရာ သီဟိုဠ်သံအမတ်ကြီး ဖြစ်ပါသည်။

အမျှားသိကြသည့်အတိုင်း ဆရာတော် ဘုရားကြီးနှင့် ပတ်သက်၍ ရေးသားဂုဏ်ပြုရမည်ဆိုလျှင် သမုဒ္ဒရာမင်အိုး ရွှေမြင့်မိုရ် ကလောင်ရိုးဖြင့် ထက်မံုး ကောင်းကင် သင်ပုန်းဖြင့် စီစဉ် စေ့စုံ ရေးခြယ်ထုံလည်း မကုန်ဆုံးနိုင်သော ဂုဏ်ကျေးဇူးဘော်များဖြင့် ပြည့်စုံသော ကျေးဇူးရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အာဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသအား ဤဆောင်းပါးဖြင့် တုပဲကွ ရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော်ကန်တော့အပ်ပါသတည်း။

ဦးကိုကို



ဒီပါဠိ စကားလုံးဟာ ကျွန်တော်တို့ ခေတ် မနှလေး တက္ကသိုလ်ရဲ့ တံဆိပ်မှာ ရေးထားတဲ့ ဆောင်ပုဒ် အရေးအသား ဖြစ်ပါတယ်။

ဒီစကားရဲ့အတိမ်အနက်ဟာ ဘယ်ကလောက် အထိ တန်ဖိုးရှိတယ် ဆိုတာကိုတော့ တိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရားကြီးရဲ့ ကြီးကျယ်လှတဲ့ ဉာဏ်ပညာတော်ကို ကိုယ်တိုင် ဖူးတွေ့ သိရှိရမှ ထင်ရှားလာရပါတယ်။

မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီးရဲ့ သာသနာပြုလုပ်ငန်းကြီး ၃-သွယ်ဖြစ်တဲ့....

(၁) တိပိဋကဓရ အရှင်မြတ်များ ပေါ်ထွန်း ပွားများရေး။

(၂) ပြည်တွင်းပြည်ပ သာသနာ့ပြုအရှင်မြတ် များ ပေါ်ထွန်းရေး၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ကြီးများ ဆောက်လုပ်လှူဒါန်းရေး။

(၃) ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံ ကြီး ဆောက်လုပ်လှူဒါန်းရေး။



ကာယ သာသနာပြုအဖွဲ့ ပထမသုံးနှစ်ခရီးစာအုပ် ထူထူကြီး ထွက်လာတဲ့အခါ ဝယ်ယူ ဖတ်ရှုတော့လည်း ဆရာဓနဉ်ကြီး ဦးသာလှရဲ့ ဆောင်းပါးကို ဖတ်ရပါတယ်။ ကာယအား၊ ဉာဏအား၊ ဒါနအား ပေးလှူကြဖို့လိုအပ်နေတာသိလာရပါတယ်။

ကျွန်တော်လည်း ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှာ. တီ = နီ သာသနာပြု အဖွဲ့ရဲ့ ရာသက်ပန်အဖွဲ့ဝင် ဖြစ်လာရပါတယ်။ အဖွဲ့ဝင် အမှတ်စဉ်က (မတ–၁၈၁) ဖြစ်ပါတယ်။

အဖွဲ့ဝင်ဖြစ်လာခဲတာ့ ပေးတတ်ဝန်ကို ကျေနပ်နေရာက ထမ်းရွက်ဖို့၊ ကုသိုလ်ယူဖို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။ ပထမဆုံး ကျောင်းအစ်မကြီး ဒေါ်ရွှေညွန့် ဦးဆောင်တဲ့ ဝေယျာဝစ္စအဖွဲ့မှာ တာဝန်ပေးပါတယ်။ နောက် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ် လှူဒါန်းရေး အဖွဲ့မှာ ကြီးကြပ်ရေး တာဝန်ယူရပါတယ်။ စနေနေ့တိုင်း ကွင်းဆင်း ကုသိုလ် ယူရပါဘယ်။ ဒီနောက်မှာ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး ဆောက်လုပ် လှူဒါန်းရေး အဖွဲ့မှာ ပါဝင် ကုသိုလ်ယူခွင့် ရပြန်ပါတယ်။

၁၉၇၆ ခု၊ မေလ ၁၁–ရက်နေ့မှာ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပင်မဥပဒ္ဒာက အဖွဲ့မှာ ဆော်သြရေးနဲ့ ပြန်ကြားရေးမှူး အဖြစ် တာဝန်ပေးလို့ ကုသိုလ်ယူခွင့် ရခဲ့ပြန်ပါတယ်။ ဒီလိုနဲ့ အဝေးကနေ တဖြည်းဖြည်း တိုပို ဋ္ဌကရ ဆရာတော် ဘုရားရဲ့ ခြေတော်ရင်းမှာ စွမ်းအား ရှိသမျှ ကုသိုလ်ယူခွင့် ရလာပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ဉာဏ်ပညာတော်ကြီးမား ပုံတွေကို ကြည်ညိုခွင့် ရလာပါတယ်။

"ပညာနှင့်ယှဉ်သော စိတ်သည်သာလျှင် ဗဟုသုတ အကြားအမြင် အသင်အတတ်နှင့် ပြည့်စုံသော အဖြစ်ကို ပြုတတ်၏။ ဗဟုသုတနှင့် ပြည့်စုံ၍

လုပ်ငန်းကြီးတွေမှာ ကိုယ် တိုင် ကိုယ် ကျ ကုသိုလ်ယူဖို့ အခွင့်အလမ်းရလာမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ ရှမ်းပွဲရပ်က မိုးမိတ်ကုန်းမြေ ဓမ္မပါလ ကျောင်းဒါယကာ လွယ်လင် ဦးလှမောင်၊ ဒေါ်စိန်မေတို့နဲ့ ကို=နီ သာသနာပြု အဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏာကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှတို့ရဲ့ ကျေးဇူးကို လဲ ဖော်ပြပါရစေ။

လွယ်လင် ဦးလှမောင်က ကျောင်းဒကာ ပီပီ ကုသိုလ်ကောင်းမှုပြုတိုင်း ကျွန်တော် ကို ခေါ်တဲ့အတွက် မိုးမိတ်ကုန်းမြေရဲ့ သာသနာပြု လုပ်ငန်းကြီးကို သိခွင့်ရပါတယ်။ မင်းကန်း တီပိဋ္ဌက = နီ

အသိအလိမ္မာ ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်သည်သာလျှင် အကျော်အစော လာဘ်ပူဇော်သက္ကာရ ဂုဏ်ကျက်သရေကို ပွားများစေတတ်၏။''

''ထို့ကြောင့် ပညာရှိ ပုဂ္ဂိုလ်မြတ်သည်သာလျှင် စင်စစ် လောကီ လောကုတ္တရာ ချမ်းသာအမျိုးမျိုးကို ရရှိပေ၏၊'' ဆိုရိုးစကားကို သဘောပေါက်ရပါတယ်။

သုတဗုဒ္ဓ အောင်ပွဲရ

သဗ္ဗညု ဗုဒ္ဓ
ပစ္စေက ဗုဒ္ဓ
စတုသစ္စ ဗုဒ္ဓ
သုတ ဗုဒ္ဓ

ဆိုတဲ့ ဗုဒ္ဓလေးပါးမှာ တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးဟာ 'သုတဗုဒ္ဓ တစ်ပါး' ဖြစ်ပါတယ်။

လေခဆေကော ဝါစဆေကော
ဂန္ဆဆေကော သုဝါစကော။
ဝိဓာယကဆေကော သူရော
နိဒ္ဒါက္ခော၀ သ ကမ္မနိ။ ။

ယော- အကြင်သူသည်
လေခဆေကော- အရေး အသား တတ်လိမ္မာ၏။
ဝါစဆေကော- အဖတ် အရွတ် တတ်လိမ္မာ၏။
ဂန္ဆဆေကော- ကျမ်းဂန် တတ်လိမ္မာ၏။
သုဝါစကော- ကောင်းစွာ ပြောဆိုတတ်၏။
ဝိဓာယကဆေကော- ဥပါယ်တမည် အစီအရင် တတ်လိမ္မာ၏။
သူရော- တည်တံ့ရဲရင့်၏၊
သ သော-ထို ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသောသူသည်။
ကမ္မနိ- အလုံးစုံသော အမှုကိစ္စ၌၊
နိဒ္ဒါက္ခော၀- ဆင်းရဲမရှိသည်သာလျှင်၊
ဘ၀ေ- ဖြစ်၏၊

... အာကာသ ကောင်းကင်မှာ နက္ခတ် တာရာအများအပြား အရောင်အ၀ါထွန်းလင်းတောက်ပပေမယ့် လပြည့်နေ့ ညအခါ ဝိုင်းဝိုင်း စက်စက် ဝွေလမင်း ပေါ်ထွက်လာတော့ ကောင်းကင်မှာရှိသမျှ နက္ခတ် တာရာအပေါင်းကိုလွှမ်းမိုးခြုံအုပ်ပြီး အမိုက်မှောင် ပယ်ဖျောက်ထွန်းလင်းတောက်ပသလို ပညာရှိသူတော်သူမြတ်ဟာ ဒါနသီလ ဘုန်းကျက်သရေ မင်္ဂလာ ကောင်းမြတ်တဲ့ တရားများတည်ရှိပြီး ထွန်းတောက်နေပါတယ်။ ပညာဉာဏ်ဟာ အမြင့်ဆုံးလို့ ဗုဒ္ဓ ရှင်တော်ဘုရားက ဟောကြား ချီးမွမ်း မိန့်မြွက်တော်မူပါတယ်။

ပညာရှိပုဂ္ဂိုလ်ရဲ့ ပြုလုပ်တဲ့ကိစ္စတွေဟာ အလုံးစုံ ပြီးမြောက် အောင်မြင်ရပါတယ်။ ဉာဏဝတော ကမ္မသိဒ္ဓါ။

ဆရာတော်ဘုရား အောင်ပွဲများ

တိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရားကြီးဟာ ၁၃ နှစ်သား အရွယ် (ခရစ်နှစ်-၂၉၂၄)မှာ မြင်းခြံမြို့နယ်လုံးဆိုင်ရာ သံဃသာမဂ္ဂီအသင်းကြီးက ကြီးမှူးကျင်းပတဲ့ ဝိနည်းစာပြန်ပွဲမှာ 'တစ်စွဲပြီး' အောင်မြင်တော်မူခဲ့ပါတယ်။

၁၄ နှစ်သား (ခရစ်-၁၉၂၅) မှာ စံပြသာမဏေအဖြစ် ဂုဏ်သတင်း ကျော်စော သွားပါတယ်။

၁၅ နှစ်သား (ခရစ်-၁၉၂၆) မှာ အစိုးရပထမပြန် စာမေးပွဲ ပထမငယ်တန်းကို အောင်မြင်တော်မူပါတယ်။

၁၆-နှစ်သား ခရစ်-၁၉၂၇ မှာ ပထမလတ်တန်း အောင်ပန်း ဆွတ်ခူးတော်မူပါတယ်။

ခရစ်နှစ် ၁၉၂၉-မှာ မင်းကွန်းတောင်ရိုးဓမ္မနာဒကျောင်းတိုက် အရှင်ပညာစက္ကအထံ ပညာဆည်းပူးရပါတယ်။

မင်းကွန်း ဆရာတော်ဘုရားဟာ ခရစ်နှစ်-၁၉၃၁-မှာ ပထမတန်းအဆင့်ကို အောင်မြင်တော်မူပါတယ်။

ခရစ် ၁၉၃၂-ခုနှစ်မှာ ပရိယတ္တိ သာသနာ့အနုရက္ခက ဘွဲ့ကံဆိပ်တော် အောင်ပန်းဆင်မြန်းနိုင်ပါတယ်။

ပရိယတ္တိ သာသနာ့ဟိတ (သက္ကသီဟ)သီးခြားစာသင်တန်းကို နှစ်ချင်းစီ အောင်မြင်တော်မူပါတယ်။ မူလဘွဲ့တော်မှာ "အဘိဝံသ" (ထူးကဲမြင့်မြတ်တဲ့ အနွယ်တော်) ထပ်ဆင့်ရတော်မူလို့ အရှင်ဝိစိတ္တသာရာဘိဝံသ ဖြစ်လာပါတယ်။ ပထမကျော် အောင်ပန်းကိုလဲ တစ်နှံပါတ်စီ အောင်မြင်ပြန်ပါတယ်။

ခရစ် ၁၉၃၄ ခုနှစ်၊ ရဟန်းသုံးဝါ ရပြီးချိန်မှာ ပရိယတ္တိ သာသနာ့ဟိတ (သက္ကသီဟ) ဓမ္မာစရိယ စာချတန်းကို နှစ်မခြား အောင်မြင်တော်မူပါတယ်။ အရင်တုန်းက မကြုံစဘူး မဖြစ်စဘူး ထူးကဲလှလွန်းလို့ ဆရာတော်ကို ပရိယတ္တိသာသနာ့ဟိတ အသင်းကြီးက "ပရိယတ္တိ သာသနာ့ဟိတ ဓမ္မာစရိယ ဝင်္သကာ (ဦးဆောက်ပန်း) ဘွဲ့ပုံတော်" ဆက်ကပ်ပါတော့တယ်။

အစိုးရ ပါဠိပထမပြန် အစိုးရပထမကျော် ဘွဲ့တံဆိပ်တော် ဆက်ကပ်တဲ့အခါမှာလဲ ရွှေတံဆိပ် ၁၇ ခု အပူဇော်ခံတော်မူရပါတယ်။

ပရိယတ္တိ သာသနာ့ဟိတ (သက္ကသီဟ) ဓမ္မာစရိယ အာဒီကမ္မိက (ဝင်္သကာ)အစိုးရ ပထမကျော် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဟာ ရဟန်းသိက္ခာ ၂ ဝါအရမှာ ဥပဇ္ဈာယ် ဆရာ ဓမ္မနာဒ ဆရာတော်ဘုရားကြီး ဘဝနတ်ထံလွန်တော်မူပါတယ်။ ဒီအခါမှာ ဓမ္မနာဒကျောင်းတိုက် ဆရာတော်ဘုရားကြီးရဲ့ အရိုက်အရာ သာသနာ့အမွေကို ဆက်ခံရပါတယ်။

ခရစ် ၁၉၄၀-ပြည့်နှစ် မန္တလေးတောင်ခြေသုဓမ္မာပဋ္ဌာန်းဇရပ်ကြီးများတွင် ပထမဆုံး စတင်ကျင်းပတဲ့ အစိုးရ ဓမ္မာစရိယ စာချတန်းကိုလဲ နှစ်ချင်းစီ ဂုဏ်ထူးနဲ့ အောင်မြင်တော်မူလို့ "သာသနာ့ဓဇ သိရီပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော် ဆက်ကပ် ခံတော်မူရပါတယ်။

အောင်ပွဲရခြင်း အကြောင်းရင်း

စတ္တာရော မေ ဘိက္ခဝေ ဓမ္မာ ပညာဝုဒ္ဓိယာ သံဝတ္တန္တိ။

ကတမေ စတ္တာရော။

သပ္ပုရိသ သံသေဝေါ သဒ္ဓမ္မသဝနံ ယောနိသော မနသိကာရော ဓမ္မာနုဓမ္မာပဋိပတ္တိ။

ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ဓမ္မာ ပညာဝုဒ္ဓိယာ သံဝတ္တန္တီ"တိ။ "

အဂုတ္တိရ် ပါဠိတော်လာ ပညာရဲ့ကြီးမြတ်ခြင်း အကြောင်း ၄ ပါးကြောင့်ပါပဲ။

သူတော်ကောင်းကို ကောင်းစွာ မှီဝဲဆည်းကပ်ရခြင်း။

သူတော်ကောင်းတို့၏ တရားကို နာရခြင်း။

သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း။

သူတော်ကောင်းတရားကိုကျင့်ခြင်း။

ဒီတရား ၄ ပါးဟာ ဉာဏ်ပညာ ကြီးပွားစေတယ်ဆိုတာ မှန်လှပါတယ်။


မင်းကွန်း ဓမ္မနာဒ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားဟာ ၁၉၅၄-ခုနှစ်မှာ တိပိဋကဓရ သာသနာ့အာဇာနည်အဖြစ် အပူဇော်ခံတော်မူရပါတယ်။ ဆရာတော်ဘုရားကြီး၏ ဉာဏ်ပညာကြီးမားပုံကို ကမ္ဘာကပင် အံ့ချီးကြရပါတယ်။

ပညာဟိ သေဋ္ဌော ကုသလာ ဝဒန္တိ၊
(ပညာသည်သာလျှင်အမြတ်ဆုံးပေတည်း)
ပညာ သမာ အာဘာ နတ္ထိ။
(ပညာနှင့်တူသော အလင်းရောင်သည် မရှိပါတကား)

မင်းကွန်း တိပိဋကဓရ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးရဲ့ ကြီးမားလှတဲ့ဉာဏ်ပညာတော်အား ဦးခိုက်ပူဇော်လျက်-

တက္ကသိုလ်မောင်စောလွင်

(သာသနာ့အလင်းရောင် ဦးဖေမြင့်၏ မဟာထေရပွတ်တိကထာမှ ကောက်နုတ်ချက်များ ရယူပါတယ်။)



တစ်ခါသော် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ရေနံချောင်းမြို့သို့ မလွန်ဆန်လှူသင်း ဆွမ်းဆန်တော် ရေစက်ချ တရားဟောရန် ကြွတော်မူလာပါသည်။

ဆရာတော်ဘုရားကြီးသည် ရေနံချောင်းမြို့သို့ ရောက်လျှင် ရွာသစ်ရပ်၊ ဦးဘဖြူ=ဒေါ်တင်မြင့် တို့တိုက်တွင် သီတင်းသုံးတော်မူလေ့ ရှိပါသည်။ ယခုလည်း ဦးဘဖြူ=ဒေါ်တင်မြင့်တို့ တိုက်တွင် သီတင်းသုံးတော်မူပါသည်။

ဆရာတော်ဘုရားကြီး ထိုသို့ သီတင်းသုံးတော်မူနေကြောင်းကို 'ရေနံချောင်းဦးခင်မောင်မြ' က ကျွန်တော် ထံ စာရေးအကြောင်းကြားပါသည်။ ကျွန်တော်သည် အကြောင်းကြားစာ ရလျှင်ရချင်း ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ဦးဘဖြူ=ဒေါ်တင်မြင့်တို့တိုက်သို့ ထွက်ခဲ့ပါသည်။

မှတ်မှတ်ရရ၊ ထိုနှစ်ကား ဝဒ္ဒ၉၉ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ဂ-ရက်(၁၉၇၇ ခုနှစ်၊ ဇူလိုင်လ ဂ-ရက်)သောကြာနေ့။ ဦးဘဖြူ=ဒေါ်တင်မြင့်တို့တိုက်သို့ရောက်တော့ နေ့လယ် ၂ နာရီလောက်ရှိပါပြီ။ 'ရေနံချောင်း ဦးခင်မောင်မြ' ကိုလည်း အဆင်သင့်တွေ့ရပါသည်။ ဦးခင်မောင်မြသည်ကျွန်တော့်အား ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ တိုက်အပေါ်ထပ်သို့ ခေါ်ဆောင်သွားပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် တိပိဋကဆရာတော်ဘုရားကြီးကို အနီးကပ် ဖူးခွင့်ရပါသည်။ သိလိုသမျှကိုလည်း မေးမြန်းလျှောက်ထား

ခွင့် ရပါသည်။ စင်စစ် ထိုအခွင့်အရေးသည် လွယ်ကူသော အခွင့်အရေး မဟုတ်ပါ၊ ရတောင့်ရခဲ အခွင့်အရေး ဖြစ်ပါသည်။ ကျွန်တော်သည် ထို အခွင့်အရေးကို အနှစ်နှစ် အလလ စောင့်ခဲ့ရပါသည်။ ယခုမှပင် ထိုအခွင့်အရေး ပြည့်မြောက်ပါတော့သည်။ ကျွန်တော်သည် ဝမ်းသာမဆုံး ကြည်နူးမဆုံး ဖြစ်မိပါသည်။ အခွင့်အရေး ပြည့်မြောက်အောင် ကူညီဆောင်ကြဉ်းပေးခဲ့လေသော 'ရေနံချောင်း ဦးခင်မောင်မြ' ကိုလည်း ကျေးဇူးဟင်မဆုံး ဖြစ်မိပါသည်။

အိမ်သို့ ပြန်ရောက်သောအခါ ဆရာတော် ဘုရားကြီးအား ဖူးမြော်ခွင့်ရခဲ့ပုံ၊ ဆရာတော် ဘုရားကြီးအား မေးမြန်းလျှောက်ထားခွင့် ရခဲ့ပုံ တို့ကို အမှတ်တရဖြစ်စိမ့်သောငှာ ကျွန်တော်သည် မှတ်တမ်းစာအုပ်ထဲတွင် မှတ်မှတ်ရရ ရေးမှတ်ထားလိုက်ပါသည်။ ဂ-နှစ်ကျော်ကြာခဲ့ပါပြီ။ယခု ထိုမှတ်တမ်းကို ပြန်ဖတ်လိုက်သောအခါ ကိုစဉ်က ကျွန်တော်ရေးမှတ်ထားခဲ့သောအကြောင်းအချက်များသည် ဆရာတော်ဘုရားကြီး၏ - ဘဝဖြစ်စဉ်နှင့် စပ်လျဉ်း၍ အများ သိသင့် သိထိုက်သော၊ အများ ကြည်ညိုသဒ္ဓါ ပွားများထိုက်သော အကြောင်းအချက်များ ဖြစ်နေသည်ကို တွေ့ရပါသည်။

ထို့ကြောင့် အများသိရှိ၍ ကြည်ညိုသဒ္ဓါ ပွားများနိုင်စေရန် ထိုစဉ်က ရေးမှတ်ထားသည့် အတိုင်း ဖော်ပြလိုက်ပါသည်။အမှတ်အသားတိမ်းပါး ချွတ်ချော်သည်တို့ ပါရှိခဲ့လျှင် အသင့်အတင့် နှလုံးသွင်းကြပါဟု တောင်းပန်ပါသည်။

၁၃၃၉ ခုနှစ်၊ ပထမ ဝါဆိုလပြည့်ကျော် ဂ-ရက်၊ (၁၉၇၇ ခုနှစ်၊ ဇူလိုင်လ ဂ ရက်) သောကြာနေ့။

ထိုနေ့ကား ထူးခြားသောနေ့၊ အမှတ်တရနေ့ ဖြစ်ပါသည်။ ထိုနေ့က 'ရေနံချောင်း ဦးခင်မောင်မြ'၏ အကြောင်းပြမှုကြောင့် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးကို အနီးကပ် ဖူးခွင့်ရလိုက်ပါသည်။ ရတောင့်ရခဲ အခွင့်အရေးပေတည်း။

ဆရာတော် ဘုရားကြီး၏ ခြေတော်ရင်းသို့ ရောက်သွားသောအခါ ဆရာတော် ဘုရားကြီးအား ဒကာတစ်ဦးက ဝတ်ဖြည့်နေသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် ဆရာတော်ဘုရားကြီးအား ထိခြင်းငါးပါးနှင့် ပြည့်စုံသော ရှိခိုးခြင်းဖြင့် ရှိခိုးလိုက်ပါသည်။

ကျွန်တော် ရှိခိုးသည်ကိုမြင်သောအခါ ဆရာတော်ဘုရားကြီးသည် ဝတ်ဖြည့်နေသော ဒကာကို **အရပ်ခိုင်းပြီး** လျှောင်းနေရာမှ ထထိုင်ပါသည်။ 'ဘယ်သူလဲ'ဟု ဦးခင်မောင်မြမှတစ်ဆင့် မေးပါသည်။

'ရေနံချောင်း၊ ဒေသကောလိပ်။ ဒဿနိကဗေဒဌာနက ဆရာဦးမြဝင်းပါဘုရား'ဟု ဦးခင်မောင်မြက လျှောက်ထားပါသည်။

''ဩော်....ဒဿနဆရာကြီးပေကိုး''

ဆရာတော် ဘုရားကြီးက 'ဒဿန' ဟူသော စကားကို သက်တသံဖြင့် မိန့်ပါသည်။ ဤသို့ဖြင့် ဒဿနပညာအကြောင်းကို စ,ပါတော့သည်။

''အိန္ဒိယဒဿနပညာကို တကယ် နားလည်ချင်ရင် သက်တဘာသာကို တတ်ဖို့ လိုတယ်။ သက်တဘာသာနဲ့ ပြုစုထားတဲ့ ဒဿနပညာကျမ်းတွေအများကြီးရှိတယ်။ ဆဋ္ဌသံဂါယနာမှာ အဲဒီကျမ်းတွေ ထွက်လာတယ်။ 'ကထာဝတ္ထု အာနဋ္ဌိကာ'ကို ပြန်ရိုက်တဲ့အခါ အောက်ခြေမှတ်စုအဖြစ် သက်တံတကျမ်းအညွှန်းတွေ ထည့်ထားတယ်။ မြန်မာနိုင်ငံမှာ သက်တတတ်ကျွမ်းတဲ့ ဘုန်းကြီးတွေ အများကြီးရှိတယ်။ သူတို့ဆီမှာ သင်ကြပေါ့။ စစ်ကိုင်းတောင်ရိုးက ဘုန်းကြီးတစ်ပါးဆီမှာ.... ရွှေဂူ

ချောင်မှာ သီတင်းသုံးတယ်ထင်ပါရဲ့၊ အဲ့ဒီ ဘုန်းကြီးဆီမှာ သက္ကတဒဿန ကျမ်းတွေ ရှိတယ်။ အင်း....သက္ကတကိုတော့ တတ်ထား ဖို့ကောင်းတယ်၊ ကျုပ်တော့ ကုလားကိုရင် ကြီးဆီမှာ သက္ကတသင်ယူဖူးတယ်။ 'သက္ကတ သိက္ခာ .မဇ္ဈရိ' ကျမ်းကို တစ်နေ့တည်းနဲ့ ကုန် အောင် သင်ခဲ့တယ်။ ကုလား ကိုရင်ကြီးက အတော်.ကို အံ့အား သင့်သွားတယ်။

ဘုရား.... တယ်တော်တယ်ဘုရား၊ တပည့် တော်တို့ ၆–လလောက်သင်မှ ကုန်တာကို ဘုရားက တစ်နေ့တည်းနဲ့ ကုန်အောင်သင် တယ်။ ဘုရား– အိန္ဒိယကိုသွားပါ၊ အိန္ဒိယ ရောက်ရင် ဘုရား တန္ဒစ်တည်းနဲ့ ပဏ္ဍိတ် ဖြစ် မှာ သေချာပါတယ်။ ဘုရား အိန္ဒိယကိုသွား ရင် တဘ်နိုင်သလောက်ကူပါ့မယ်'လို့ ကုလား ကိုရင်ကြီးက ပြောရှာတယ်။ ကျုပ်တို့လို မာဂဓဘာသာကို အနုစိတ်သင်ထားတဲ့ သူ တွေအဖို့ သက္ကတဘာသာ လိုက်ရတာ လွယ် ပါတယ်။''

ဆရာတော်က စကားကိုခေတ္တရပ်ကာ ဘေး တွင် ချတားသောဒန်ခွက်ထဲမှ၊ လက်ပန်တန်း မတင်မြင့် ဆေးပေါ့လိပ်ကိုယူ၍ မီးညှိပြီး တဖွာ နှစ်ဖွာ ဖွာလိုက်ပါသည်။

''သုံဗောဓာလက်ာရ ကျမ်းဟာလဲ သက္ကတ အလင်္ကာကျမ်းတွေက ဆင်းသက် လာတာမဟုတ်လား ဘုရား''

ကျွန်တော်က ဆရာတော်အား ဆက်လက် လျှောက်ထားလိုက်ပါသည်။

''ဒဂ္ဂုံရဲ့'ကာဗျဒဿကျမ်း'ကိုမှီပြီး အရှင် သမိုရကို့ဘ မထေရ်က ရေးထားတာပါ၊ အရှင်သမိုရကို့တမထေရ်ရဲ့ အနွံ့အနွံ့ကလဲ ကဗျာဆန်ပါတယ်။ဒဂ္ဂုံက သူ့ရဿတိ နတ် သမီးကို ကန်ဟော့တယ်။ ကျုပ်တို့အရှင် သမိုရကို့တ မထေရ်က ပိဋကတ်သုံးပုံ တည်း ဟူသော သူ့ရဿတိနတ်သမီးကို ကန်တော့ တယ်၊ (ဆရာတော်က 'မုနိန္ဒဝဒနမ္ဘောဇ.... အစချီသော ဂါထာကို ရွတ်ဆို၍ အနက်ပေး ပါသေးသည်)ဒဂ္ဂုံရဲ့ကာဗျဒဿကျမ်းမှာက အမျိုးသမီးရဲ့ အလှအပနဲ့ ပတ်သက်တာကို ဥပမာပေးတယ်။ အရှင်သမိုရကို့တ မထေရ် ကတော့ ဗုဒ္ဓနဲ့ ဆိုင်တဲ့ ဥပမာကိုပေးတယ်။ မတူဘူးဗျ။''

ဆရာတော်က စကားကိုရပ်ပြီး ဆေးလိပ်ကို တဖွာနှစ်ဖွာ ဖွာပြန်ပါသည်။ ဆရာတော်အား ဖူးမြော်လိုသောဒကာ၊ ဒကာမများလည်း တဖွဲဖွဲ ရောက်လာကြပါသည်။

''ဒဂ္ဂုံက တယ်ပြီးအဖွဲ့အဖွဲ့ကောင်းတယ်။ ကျုပ်တို့ စာပေနယ်မှာ ဒဂ္ဂုံနဲ့ယိုးစွဲလိုက်တာ ကတော့ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ပါပဲ။ ဆရာဦးမောင်ကြီးကလဲ အလွန်တော်တဲ့ လူဗျ။ ကျုပ်တို့က ဦးမောင်ကြီးကို မိလိုက်သေးတယ်''။

(ဆရာတော်က လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရဲ့ အလှဘွဲ့တေးထပ်တစ်ပုဒ်ကို ရွတ်ဆိုပြပါသေးသည်။)

ဆရာတော် ထိုသို့ရွတ်ဆိုပြသောအခါ ကျွန် တော်သည် ဆရာတော်၏ စာနှံ့စပ်ပုံကို မချီးကျူးဘဲ မနေနိုင် ဖြစ်မိပါသည်။ 'ဆရာတော် နယ် ရှာရှာဖွေဖွေ သူမို့လို့ရတတ်ပလေ'ဟုလည်း စိတ် ထဲက ချီးကျူးမိပါသည်။

ထို့နောက် ကျွန်တော်သည် ဆရာတော်အား ပါဠိစာပေအကြောင်းကို ဆက်လက် လျှောက် ထားမိပြန်ပါသည်။

ဆရာတော်က ဘဋ္ဌသံဂါယနာ၊ တိုင်းပါဠိ စာအုပ်များနှင့် ဆဋ္ဌသံဂါယနာ တင်ပြီးနောက် ရိုက်နှိပ်သည့် ပါဠိစာအုပ်များကို ကိုးကား၍ ရှင်း ပြပါသည်။

''ဆဋ္ဌတိုင်းဒီ ရိုက်နှိပ်ထားတဲ့ ပါဠိစာ တွေမှာ အဖြတ်အစောက်မရှိဘူးဗျ။ တပြင် တည်း ရိုက်ထားတယ်၊ အားကာသ မရှိဘူး။

အကြား မရှိဘူးလို့ ဆိုကြပါစို့။ အခုခေတ် ရထားစီးရတာနဲ့ တယ်တူတာပဲ။ ရထားတွဲက ခရီးသည် ၆၄ ယောက်လို့ ရေးထားတယ်။ ဒါပေမယ့် ပါလာတဲ့ခရီးသည်က ၁၀၀ ကျော် လောက် ရှိတယ်။ ကျန်းမာရေးနဲ့ မညီဘူးသို့ ဆိုရမှာပဲ။ ဆင်ခြေမတိုင်မီက ရိုက်နှိပ်ထားတဲ့ ပါဠိစာအုပ်တွေဟာ အဲဒီအတိုင်းပဲ။ ပြွက်သိပ်ပြီး ရိုက်ထားတော့ ဘယ်လို ဖတ်ရမှန်း မသိတောဘူး။

မြန်မာ အက္ခရာနဲ့ စီရင်ထားတဲ့ ပါဠိကို မဖတ်တတ်စရာ မရှိပါဘူး။ မဖတ်တတ်တာက ဘယ်နားမှာ ဘယ်လို ဖြတ်ရမယ်ဆိုတာ မသိလို့ပါပဲ။ ဆင်ခြေ မူတွေမှာ အဲဒီ အချက်တွေ ပြင်ထားတယ်။စုဆဉ်ပါဠိတော်ကို ဟိုတုန်းက စာမျက်နှာ ၄၀၀ ဖလောက်နဲ့ အပြီးရိုက်တယ်။ ဆင်ခြေမူမှာတော့ စာမျက်နှာ ၅၀၀ လောက် ဖြစ်သွားတယ်။ အပိုဒ်တွေ ခွဲထားတယ်။ကော်မာတွေ ထည့်ထားတယ်။ အဲဒီလို ရိုက်လိုက်တော့မှ ကျုပ်တို့ ပါဠိစာပေဟာ ကမ္ဘာ့အဆင့် အတန်း မှီသွားတယ်။

ပြောရဦးမယ်ဗျာ၊ ဟိုတုန်းက သံဂါယနာတင် ကိစ္စနဲ့ နိုင်ငံရပ်ခြားက ဘုန်းကြီးတွေလာကြတယ်။ ကျုပ်နဲ့ မင်းကွန်းလိုက်လာတဲ့ ဘုန်းကြီးတွေက သီဟိုဠ်ဘုန်းကြီးနဲ့ယိုးဒယား ဘုန်းကြီး။ သူတို့ ပြန်ခါနီးတော့ "အလိုရှိတာကို မိန့်ပါဘုရား"လို့ ကျုပ်က လျှောက်တယ်။

အဲဒီတော့ သီဟိုဠ်ဘုန်းကြီးက ခါးပန်းကြိုးလိုချင်တယ်တဲ့။ကျုပ်က ၃ ဒါဇင်လောက် လှူလိုက်ပါတယ်။ယိုးဒယား ဘုန်းကြီးကတော့ နိကာယ်ငါးရပ်မူ လိုချင်တယ်တဲ့ဗျား။ ကျုပ်က မပေးချင်ဘူး၊ ရိုက်ထားတဲ့ မူတွေက ခုနတုန်းက ကျုပ်ပြောသလို ကျန်းမာရေးနဲ့ မညီညွတ်ဘူး။ ဒီတော့ ကျုပ်က 'ဆရာတော်၊ဆင်ခြေမူ ပြီးမှ ယူပါ။ ပြီးခါနီးပါပြီ။ ၂ နှစ်လောက်ဆိုရင် အပြည့်အစုံ ရပါပြီ'လို့ လျှောက်တယ်။

အဲဒီတော့ ယိုးဒယားဘုန်းကြီးက ဘာပြောတယ် မှတ်သလဲ။ 'ဆင်ခြေမူ ပြီးတော့လဲ ယူမယ်။ အခု မူလဲ ယူချင်တယ်'တဲ့။ ကျုပ်လဲ ရှက်ရှက်နဲ့ လှူလိုက်ရတယ်"

ထို့နောက် ကျွန်တော်သည် ဆရာတော်အား သာသနာရေးနှင့် ပတ်သက်၍ လျှောက်ထားပါသည်။ ထိုအခါ ဆရာတော်က အောက်ပါအတိုင်း မိန့်ဆိုပါသည်။

"ပရိယတ္တိသမားကလဲ ပဋိပတ္တိသမားကို တယ်ပြီး အကောင်းမပြောချင်ဘူး။ ပဋိပတ္တိသမားကလဲ ပရိယတ္တိသမားကို တယ်ပြီး အကောင်းမပြောချင်ဘူး၊ ကျုပ်ကတော့ ပရိယတ္တိ အဝန်းအဝိုင်းထဲမှာ ရှိတယ်။ ပရိယတ္တိက အခြေအမြစ်၊ ပဋိပတ္တိက ပင်စည်၊ ပဋိဝေဓက အခက်အလက်၊သာသနာတော်တည်းဟူသော သစ်ပင်ကြီးကို ကိုယ့်အတာနဲ့ ကိုယ် ထမ်းနေကြတာ။ ဘယ်သူ့ကိုမှ အပြစ်ပြောလို့ မဖြစ်ဘူး။ ဘုန်းကြီးကတော့ ဘယ်သူ့ကိုမှ အပြစ်မပြောဘူး။အသင့်အတင့် နှလုံးသွင်းနေလိုက်တာပဲ"

ကျွန်တော်တွင် ဆက်လက် လျှောက်ထားစရာတွေ တသီတတန်းကြီး ရှိနေပါသည်၊ ကျွန်တော် လျှောက်ထားလျှင်လည်း ဆရာတော်ကဆက်လက် ဖြေဆိုမည် ဖြစ်ပါသည်။ သို့ရာတွင် ဆရာတော်၏ ညတရားပွဲက ရှိနေသေးသည်။ ထို့ပြင် ဆရာတော်အား ဖူးမြော်လိုသော၊ ဆရာတော်အား မေးမြန်း လျှောက်ထားလိုသော ,ဆရာတော်၏တပည့် ဒကာ၊ ဒကာမများကလည်း ရှိနေပါသေးသည်။ ထို့ကြောင့် ကျွန်တော်သည် ဆရာတော်အား ခွင့်ပန်၍ ပြန်ခဲ့ပါသည်။

(ဤစာဖြင့် ဆရာတော်ဘုရားကြီးအား ပူဇော်ပါ၏။)

မြဝင်း (ဒဿန)



(၁)

ဘုရားဂုဏ်ကိုဘုရားသာ အကုန်သိသည်

မြတ်စွာဘုရား၌ တစ်ဆူ၏ ဂုဏ်ကျေးဇူးတော်ကို မြတ်စွာဘုရား၌တစ်ဆူပင် ကုန်အောင် မဟောနိုင်ဟု လေ့လာ မှတ်သားခဲ့ဖူးပါသည်။ ထိုနည်းတူ—တိပိဋကဆရာတော်ဘုရားကြီး၊ တစ်ပါး၏ ဂုဏ်ကျေးဇူးတော်ကို ထခြားတိပိဋကဓရ ဆရာတော်တစ်ပါးက၊ ကုန်စေအောင်မဟောနိုင်ရာ၊ ထိုသို့ဆိုလျှင် သာမန်ပုဂ္ဂိုလ်များ အနေဖြင့် တိပိဋကဓရဆရာတော်ဘုရားကြီး၊ တစ်ပါး၏ ဂုဏ်ကျေးဇူးကို၊ ထဆုံးဖော်ပြနိုင်ဖွယ် မရှိပေ၊ မိမိတို့ ဉာဏ်လုပ်ငန်းပိသမျှ ဖော်ပြကြသော်လည်း၊ အပြည့်အဝ ထတိထက္ကဖော်ပြနိုင်ဖွယ် မဖြင့်ပေ။

၄-၁၂-၁၉၇၇ နေ့က မင်းကွန်း မိုးဝိတ်ကုန်းမြေ၌ ပြုလုပ်သည့် ပညာရှင်များအား ဂုဏ်ပြုပွဲ၌၊ ဆရာကြီး ဦးသုခက—ပထမသုံးနှစ် ခရီးစဉ်တွင် ဆရာတော်ဘုရားကြီးနှင့်တိပိဋက - နိကာယသာသနာပြု ဆွမ်းကြီး၏ အကြောင်းကို ပညာရှင်တို့ လက်စွမ်းပြထား၍၊ "ဒုတိယသုံးနှစ်ခရီး" စာစောင်အတွက် ကြိုတင်၍ စိတ်ပူခဲ့ကြောင်း၊ ဖော်ပြခဲ့သည်။ သို့သော်လည်း "ဒုတိယသုံးနှစ်ခရီး" စာစောင်သည် ပိုမိုရှင်းကောင်းမွန်သေသပ်ကျနမှုရှိသည်ကို တွေ့မြင်ရကြောင်း၊ လျှောက်ထားခဲ့သည်။

ပထမသုံးနှစ်ခရီး ''စာစောင်တွင် ဆရာတော်ဘုရားကြီး၏ လုပ်ရပ် စေတနာ၊ အပြုအမူတို့ကို အားသွန်ရေးသားထား၍ ထိုထက်ကျော်လွန်ပြီး ရေးနိုင်မည်လားဟူ၍၊ မူလက ဆရာကြီး စိတ်ပူပန်ခဲ့သည်။ ကျော်၍ရေးနိုင်သည်ကို ဆရာကြီး ဝမ်းမြောက် ဝမ်းသာတွေ့ခဲ့ရသည်။ ဤအချက်ကပင်လျှင် ဆရာတော်ဘုရားကြီး၏ စေတနာနှင့် လုပ်ငန်းများ အကြောင်းပြော၍မကုန်၊ ရေး၍မကုန်နိုင်ကြောင်း ထင်ရှားလျက်ရှိသည်။

အမှန်စင်စစ် လူထု ဒေါ်အမာ ဒလျှာက်ထား ပြောဆိုခဲ့သကဲ့သို့ စာရေးဆရာ၊ ပန်းချီဆရာ၊ ဓာတ်ပုံဆရာ၊ ပန်းဂုံဆရာ စသည့် အနုပညာရှင် တစ်စုတို့၏ ရေးသားဖော်ထုတ်တင်ပြချက်များသည်၊ ဆရာတော်ဘုရားကြီး၏ ဆောင်ရွက်ချက်များနှင့် နှိုင်းယှဉ်လျှင် ''အုတ်တစ်ချပ်–သဲတစ်ပွင့်'' မျှသာ ဖြစ်ကြပါသည်။ စာရေးသူကလည်း၊ သဲတစ်ပွင့်၏ ကစ်ကုဋ္ဌေပုံတစ်ပုံမျှပင် ဖော်ထုတ်ရေးသားနိုင်စွမ်း ရှိမည်မထင်ပါ။

တစ်ဖန် – ဆရာတော် ဘုရားကြီး၏ဘဝ၊ စာပေအရေးအသား၊ အဟောအပြောနှင့် လုပ်ရပ်တို့ကို တင်ပြရန် ကြံစည်သောအခါ အစဉ်ပင် လက်တွန့်နေခဲ့ပါသည်။ လက်တွန့်ခဲနေသည်မှာလည်း အကြောင်းရှိပါသည်။ မိမိ၏ဉာဏ် ထစ်ထွာတစ်မိုက်မျှဖြင့် ပူဇော်ရေးသားသည့်အခါ၊ ပူဇော်ရာမရောက်ဘဲ နေမည်ကို အလွန်ပင် စိုးရိမ်မိပါသည်။ ရေးသာ ရေးရသည်၊ ရေးရတာ လက်မရဲလှပါ။

ကုန်းဘောင်ခေတ်က မြင်းထိန်း ''ငတာ'' သည် လူစုံစုဝေးဝေးရှိရာ၊ အလှူအိမ်၊ မသာအိမ်တို့တွင် ပညာရှိဟန်ဆောင်ကာ ဝိမုတ္တိရသကျမ်း၊ ကာယနုပဿနာကျမ်း၊ ဥတုဘောဇနသင်္ဃာကျမ်း များကို ဝေဖန်မှုပြုလေ့ရှိသည်။ ထိုအခါ ရွှေပြည်ဝန်ကြီး (ယောအတွင်းဝန်မင်းကြီး) ဦးဘိုးလှိုင်က ဒေါင်းဒင်္ဂါး ၁၆-ပြား ထုတ်ပေး၍ ''ရော့ ၎င်းငွေနှင့် မောင်မင်းပုဆိုးဝယ်၍ဝတ်လေ၊ နောက်ကိုယနွေကစ၍ ငါရေးသောကျမ်းများကို လူတွေ့တိုင်း မချီးမွမ်းလေနဲ့၊ ကြည့်ရှုရန်မတိုက်တွန်း လေနဲ့နော်။ ကြားလား။ မှတ်သားလေ''ဟု ဟောင်းပန် တားမြစ်ခဲ့ကြောင်း မှတ်သားဖူးပါသည်။

မိမိလည်း လုံချည်ဖိုး ရလေမည်လား။ ရမည်မထင်ပါ၊ ဆရာတော်ဘုရားကြီးက သည်းခံ၍သာ နေမည်မှာ သေချာလှပါသည်။ သို့ပါ၍ ဆရာတော်ဘုရား၏ ခြေအစုံကို ဦးခိုက်ကာ ရေးသား လိုက်ပါသည်ဘုရား။

(၂)

ဆရာတော်ဟောကြားသည့် ပရိတ်တော်တရားတော်

''စာရွက်ကလေးများ ရေးထားတာ ရှိသလား၊ ဟိုစာရွက်တွေက ဘာစာရွက်တွေတုံး?''

''အင်ကြင်းဆောင်အဆောင်မှူးနဲ့ တပည့်တွေဝါဆိုသက်နှံး ကပ်တာပါဘုရား''

အမေးနှင့်အဖြေ ဆီလျော်မှုမရှိ၊ မေးသူမှာ တိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။ ဖြေသူမှာ–ဤစာရေးသူ ငမိုက်သားပင် ဖြစ်ပါသည်၊ တိပိဋက-နိကာယကျောင်းတိုက်သို့ အကြိမ်ကြိမ်ရောက်ပါလျက်၊ အလှူအတန်းမှန်သမျှ အကြိမ်ကြိမ်ဝင်ရောက် စား၍သုံး၍ခဲ့ပါလျက်၊ အလှူရှင်တိုင်း၏ အမည်ကို ရေးသားကာ ဆရာတော်ဘုရားကြီးကို ကပ်သည့်အခါ၊ ဆရာတော်ဘုရားကြီးက အလှူရှင်စုံစေ့အောင် ထည့်သွင်းကာ ရေစက်ချတတ်သည်ကို သိပါလျက်၊ သတိမေ့လျော့ ပေါ့ဆကာ အလှူရှင်အမည်နှင့် အခမ်းအနား အစီအစဉ်ကို ဆက်ကပ်လျှောက်ထားခြင်း မပြုမိသဖြင့်၊ ဆရာတော်ဘုရားကြီးက မေးမြန်းမှသာ၊ သတိရကာ လျှောက်ထား ဖြေကြားခြင်း ပြုလိုက်ရသည်။

ထိုအခါကမှ ဆရာတော် ဘုရားကြီးက လက်ခံတော်မူကာ၊ ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။ ဆရာတော်ဘုရားကြီး ရွတ်ဆိုတော် မူလေ့ရှိသော ပရိတ်တရားတော် အစီအစဉ်မှာ–

(၁) ဆွမ်းရပ်ချိန်မှ ဆွမ်းလောင်းချိန်အထိ မေတ္တာစျာန်ဝင်စားကာ၊ ဆွမ်းလောင်းသူရောက်မှ စျာန်မှထ၍ အလှူခံပြီး၊ တစ်ဇွန်းတစ်ယောက် မျက်ိုပင် အကျိုးကြီးအောင် အလှူခံတော်မူသော၊ အရှင်သုဘူတိမထေရ်ထုံးကို နှလုံးမူသောအားဖြင့် မေတ္တာသုတ်ကို ရွတ်ဖတ်ပွားများတော်မူသည်။

(၂) ၎င်းနောက်၊ ၁၂ လရာသီစိုးရိမ်ကြရသော မီးဘေးအန္တရာယ်မှ အကာအကွယ်၊ အရံအတား ဖြစ်စေရန်၊ ပခုက္ကူရေစကြို ဆရာတော်ဘုရားကြီးများ ကျင့်သုံးတော်မူသည့်မူအတိုင်း ဝဋ္ဋသုတ်ကို ရွတ်ဖတ်ပွားများတော်မူသည်။

(၃) သာသနာတော်အား ဒကာ၊ ဒကာမတို့က ပူဇော်ရာတွင် ပူဇော်ထိုက်အောင်၊ အနုဿတိဘာဝနာ

၃· ပါး ရွတ်ဆို ပွားများသော အားဖြင့် ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါးနှင့် သံဃာဂုဏ်တော် ၉ ပါးတို့ကို ပွားများသည်။

(၄) ထင်မံ၍ အလှူဒါန၏ အကျိုးကြီးမား စေရန်၊ အစီးအပွားမဲ့ကို ဖယ်ရှားလိုသောမေတ္တာ၊ အစီးအပွားကို ရယူလိုသောမေတ္တာ၊ မေတ္တာနှစ်ပါး ပွားသောအားဖြင့် ယုံဒုန္ဒဳမိတ္ထံ၊ ၃ ဂါထာ၊ ယံသဒ္ဓိ မိတ္တံ၊ ၃ ဂါထာ၊ ဘဝတု သပ္ပမင်္ဂလံ ၃ ဂါထာ ရွတ်ပွားတော်မူသည်။

(၅) ရွတ်ပွားရာ၌၊ နာယူသူဒကာဒကာမများ၊ သူ့အပိုင်းနှင့်သူ အာရုံပြု၍ နာယူနိုင်အောင် ကြိုတင်ကာ ရှင်းပြ ထားသည်။ ရွတ် ပွား သည့် အ ခါ၌ လည်း၊ "အရဏဝိဘင်္သုတ္တန်"၌ လာရှိသည့်အတိုင်း၊ မလျင်မဆောစေဘဲ၊ အနက်အဓိပ္ပါယ်ကို သိသိပြီး၊ တစ်ပိုဒ်ကို တစ်ခါတစ်ခါရပ်၍ ရွတ်ဆိုပွားများတော်မူသည်။

(၃)

သပ္ပုရိသဒါန = သူတော်ကောင်းအလှူ

အများအားဖြင့် မသိနားမလည်သူတို့က ဗုဒ္ဓဘာသာစာပေတို့၌ အမျိုးသမီးများကို နှိမ်သည် မန်လည် ဆရာတော် အစရှိသော ဆရာတော်ဘုရားကြီး အစပြုသော ဆရာတော် ဘုရားကြီးများကလည်း၊ အမျိုးသမီးများကိုနှိမ်၍ ဟောကြားသည်ဟု ယူဆလေ့ရှိသည်။ ယောကျ်ား၊ မိန်းမ ခွဲခြားခြင်းမဟုတ်ဘဲ၊ ကျား၊မမဟူ ပုဂ္ဂိုလ်သတ္တဝါတို့၌ ရှိတတ်သည်။ ကိလေသာ တို့၏ သဘောကိုသာ ဟောပြောခြင်းဖြစ်ကြောင်း၊ သတိမမူမိကြပေ။ ရန်ကုန်တက္ကသိုလ်၊ လိုင်နယ်မြေ၊ အင်ကြင်းဆောင်၌ (၁၃၄၉) ခုနှစ် ဝါဆိုလဆန်း ၉· ရက်နေ့က ဆရာတော်ဘုရားကြီး ဟောကြားသော တရားတော်ကိုနာရလျှင်၊ အမျိုးသမီးများကို နှိမ်သည်ဟု မထင်ဘဲ၊ အမျိုးသားများကို နှိမ်သည်ဟုပင်၊ အထင်ခရာက်စရာရှိသည်။

ထိုနေ့က၊ ဆရာတော်ဘုရားကြီးသည်၊ အင်ကြင်းသူတို့ လက်ခွမ်းပြထားဒသာ လူဖွယ်ဝတ္ထုအစုစုကိုအတန်ကြာပင် ရှစားခတော်မူသည်။ တရားဟောကြားရာ၌ "သဒ္ဓါကြည်ညို၊ ရိုသေလွယ်စွာ အခါကိုသိ၊ မစွန်းငြိဘဲ၊ မထိမဝါး၊ လှူဘုံငြား-ငါးပါးသပ္ပုရိသပြက်ဒါန" ဟု ရွတ်ဆိုကာ၊ သပ္ပုရိသဒါနသုတ်ကို ဟောပြစတော်မူခဲ့ပါသည်။



သပ္ပုရိသဒါန၏ အကျိုးဆက်ကိုလည်း-

(၁) သဒ္ဓါကြည်ရွှင်၊ လှူဒါန်းလျင်၊ ရုပ်သွင်အဆင်းလှ။

(၂) ရိုသေလူငြားး၊ သူ့စကား၊ အများနာယူကြ။

(၃) အခါသိသဖြင့်၊ လူတုံလဖ်၊ ချိန်သင့်ကောင်းကျိုးရ။

(၄) မစွန်းငြိတောင်း၊ လူတုံရှောင်း၊ အကောင်းသုံးဆောင်ရ။

(၅) မထိမပါး၊ လူဆုံငြားမူ၊ ထိုသည်သူ၏၊ ပြောထူများပြား၊ စည်းစိမ်အား၊ ငါးပါးရန်မခ။

သပ္ပုရိသဒါန ကျိုးဆက်၊ ဤငါးချက် နှုတ်တက် ဆောင်ကုန်ကြ ဟု လင်္ကာစီကာ၊ ဟောတော်မူခဲ့ပါသည်။ အထူးသဖြင့် "သင်္ကစ္စဒါန" အကြောင်းကို အထူးသဖြင့် ဟောကြားပါအံ့ဟု ဟောတော်မူခဲ့ပါသည်-

သင်္ကစ္စဒါန-ရိုသေစွာ လှူဒါန်းခြင်း

"ဘုန်းကြီးတို့ ကျေးဇူးဦး မစိုးရိမ် ဆရာတော်ကြီးကတော့၊ (သင်္ကစ္စဒါနက အမျိုးသမီးများက ပိုသက်)တဲ့ ဘယ်လိုလဲဆိုလို့ရှိရင် ဟော ရွှေတိဂုံဘုရားသွားကြည့်၊ တို့-ဒကာကြီးတွေကျတော့ စောင်းတန်းတက်၊ ပန်းဝယ်၊ကျွန်တော်တို့ ပန်းတစ်ကျပ်ဖိုး ပေးစမ်းပါဗျာပြော ပဲနဲ့သည်က-အောက်က တစ်ပတ် ရစ် တွေခံပြီးတော့ ပေးပေမယ့်၊ အဲဒီအမျိုးသားကျတော့ မသိဘူး၊ ပန်းသည်ပေးလိုက်တာ ယူလာပြီးတော့၊ ဘုရားပေါ်လဲ ရောက်ကရော၊ ပန်း ဟောင်း တွေ ထည့် ထား တဲ့ တကောင်းကြီးဝဲ (ဂျွန်း) ဆိုထိုးပြီး၊ သြကာသ-သြကာသ ခပ်မြန်မြန်ရွတ်ပြီးတော့ သွားတယ်ကွာ-တဲ့၊ ဒါ-စ်တို့အမျိုးသားတွေ ယောဘုယျ ဒီအတိုင်းပဲ"

"အမျိုးသမီးတွေကျတော့၊ သင်္ကစ္စဒါနရှိတယ်။ ဘယ်လိုလဲဆိုတော့ ပန်းဝယ်ဦးတော့ကွာ၊ ဟိုက ပန်းသည်က တစ်ပတ်ရစ်တွေထည့်ပေးရင်၊ မျက်စေ့ကအမြဲရှင်ထားတာ၊အဲဒီတစ်ပတ်ရစ်တွေ မထည့်ပါနဲ့၊ဟိုဘက်က ပန်းလန်းလန်းဆန်းဆန်းထည့်ပါ၊ လန်းလန်းဆန်းဆန်းလိုချင်တယ်၊ အဲဒီလိုပြောတာတဲ့၊ ဝယ်တော့လဲ သူတစ်ကျပ်ပေးရရင်၊ တစ်ကျပ်တန်ပန်းကို ရအောင်ဝယ်တာ"

"ဘုန်းကြီးများ ကျောင်းဒကာလေးပေါ့လေ၊ ဘုန်းကြီးတို့မှာ- ကျောင်းဒကာကြီး၊ ကျောင်းဒကာလေး နှစ်ယောက်ရှိတယ်။"

"အဲဒီ ကျောင်းဒကာလေးနဲ့ ပတ်သက်ပြီးတော့၊ သပ္ပုရိသဒါန-သင်္ကစ္စဒါနနဲ့ ပတ်သက်၍၊ မစိုးရိမ်ဆရာတော်ကြီးက ဒီလိုပြောတယ်ဆိုတယ် ဆိုတဲ့အကြောင်းပြောတော့၊ သူတို့ကတော့-ဒါအမျိုးသမီးတွေကိုက သူတို့ (ရိုင်းရိုင်း) သဝန်တိုလို့၊ ဘာလို့နဲ့ပြောတယ်။ ဒါ-ဒီလိုမပြောနဲ့လေလို့၊ ကိုယ်ရှော်တာ ကိုယ်ရှော်တာ သိပေါ့ဗျာလို့၊ ခင်ဗျား-တစ် ကျပ် ပေး ပြီး တော့၊ တစ်ကျပ်မတန်တဲ့ တစ်ပတ်ရစ်တွေ နောက်ကခံတာကို ယူတာ ဒါ-ကိုယ်ရှော်တာလဲ ကိုယ်သိပေါ့"

"အမျိုးသမီးများဟာ အဲဒီလို တစ်ကျပ်ပေးရင် တစ်ကျပ်တန်တာ ရအောင်ယူတယ်၊ ဒီလို မှန်တဲ့အတိုင်းတွက်မှပေါ့၊ ဘုန်းကြီးများ-ကျောင်းဒကာ ဒီအတိုင်းပြောရပါတယ်၊ သင်္ကစ္စဒါနနဲ့ ပတ်သက်ပြီးတော့၊ မစိုးရိမ် ဆရာတော်ကတော့ အဲ့ဒီလိုကွဲတဲ့၊ စာစ်ကျပ်ပေးရင် တစ်ကျပ်တန်တဲ့ပန်းကို ရအောင်ယူတယ်၊ ဘုရားရှေ့ ရောက်ပြန်တော့လဲ မိမ်တို့ပါတဲ့ ပန်းကလေးရေမရအရရွာတယ်၊ ရွာပြီးမှဆေးလို့၊ သပ်သပ်ရပ်ရပ်ဖြစ်ပြီးပြန်တော့လဲပဲ၊ နဂိုရှိတဲ့ ပန်းတကောင်းကြီးကို ဟိုနား သွား မြောင်းနား သွား၊ သွားပြီးတော့ ခြောက်နေတာတွေ ဘာတွေဖယ်၊ နဂိုရှိတဲ့ တစ်ပတ်ရစ်များကို နည်းနည်းရေလေး ဘာလေးဆေးပြီး နောက်ခံထား၊ မိမိယူလာတဲ့ပန်းကို ကြည့်လိုက်ရင်-ကြည့်ညို့ဖွယ်ဖြစ်အောင် ပြင်ပြီးမှ လှူတာ ပြင်းဆင်ပြီးမှ လှူတာ"

"မစိုးရိမ် ဆရာတော် ဆိုလိုတာက၊ သင်္ကစ္စဒါနပစ္စည်းကို ပြင်ဆင်ပြီးမှ လှူတာ၊ ဒါကိုပြောတာ၊ အဲပြီးပြီဆိုမှ တကထဲ-"

နမော တေ သပ္ပဒဿာမိ၊
နမော တေ ကရုဏာကယ။
နမော တေ တိဏ္ဏသံသာရ၊
နမော တေ အမတံဒဒ-။

သာသာယာယာနဲ့၊ အဲဒီလိုစိတ်ပါ လက်ပါလှူတာတဲ့၊ သူတို့လှူပုံက သင်္ကစ္စဒါန အင်မတန်မြောက်တယ်၊ အဲဗျာ-ဖယောင်းတိုင်ပဲဆိုပါစို့၊ ဟိုဝုန်းကတော့ ရှစ်တိုင်ထုပ်ကများတာကိုး၊ အဲ့တော့-ဖယောင်းတိုင်ဆိုပဲဦးစို့ တို့အမျိုးသားတွေကျတော့၊ ဘုရားရှေ့-ဖယောင်းတိုင်ရှစ်တိုင်ထုပ်၊ ရှစ်တိုင်ကို ရှစ်တိုင်လိုက်ပဲ၊ တစ်ခါတည်း မီးခြစ်နဲ့ ခြစ်ပြီးတော့ မီးရှို့ပြီးတော့-အဲဒါလှူလိုက်တာပဲ၊ အမျိုးသမီးများကတော့၊ တစ်တိုင်နဲ့ တစ်တိုင် တစ်ထွာလောက်ခြားပြီးတော့၊ တန်း

ပြီးမှ လူတာတဲ့၊ ကြည့်လိုက်ရင် ကြည့်ညှိုဖွယ်ဖြစ်အောင်၊ လိုရင်းကတော့-ကြည့်လိုက်ရင် ကြည့်ညှိုဖွယ်ဖြစ်အောင် ပြင်ဆင်လူတာဟာ၊ သက္ကစ္စဒါန-တဲ့၊ အမျိုးသမီးများက၊ သက္ကစ္စဒါန အောင်အောင်မြင် မြင်ပါတယ်ကွာတဲ့၊ ဒါ-ဘုန်းကြီးတို့ ကျေးဇူးဥ မစိုး ရိမ် ဆရာတော်ဘုရားကြီး မိန့်ကြားတာမှတ်ရပါတယ်။

"ဒါနကအကျိုးပေးလိုက်လို့၊ ဥစ္စာစီးပွား၊ အခြွေအရံ၊ သမီးသား ဇနီးမယား၊ ကျွန်ယောကျ်ား ကျွန်မိန်းမ၊ အစေအပါး အလုပ်သမား တွေ တကတဲ့ ကျွန်ုပ်ဝိုင်းရံ၊ ခြံလို့၊ မိမိက သက္ကစ္စဒါနပြုခဲ့တော့၊ အဲဒီ မိမိရဲ့ အခြွေအရံတွေက မိမိပြောလိုက်ရင်-ဟော ဒီလက်အုပ်ကလေးမြှောက်ပြီး၊ ကောင်းပါပြီ ခင်ဗျာ၊ ကောင်းပါပြီခင်ဗျာနဲ့ တရိုတသေ ကိုယ်ပြောတာကို နားထောင်တယ်၊ နာယူတယ် ပြန်လိုက်-သက္ကစ္စမပါခဲ့ဘူးနော်၊ လူတုန်းကသက္ကစ္စမပါခဲ့ဘူး၊ လူတော့လူတယ်၊ အဲဒီပုဂ္ဂိုလ် ဥစ္စာစီးပွားတော့ ပေါ၏၊ သို့သော် သူရဲ့ အခြွေအရံဖြစ်တဲ့ သမီးသား၊ ဇနီးမယား၊ ကျွန်ယောကျ်ား—ကျွန်မိန်းမ၊ အလုပ်သမား အစေအပါး၊ သူပြောရင် နားမထောင်ချင်သလိုလို အရေးမစိုက်ချင်သလိုလို တကတဲ့၊ အဲဒီမှာ နောက်ထပ် အကုသိုလ်တွေ တိုးကုန် ဒါ-သက္ကစ္စမပါတာ ကိုယ့်ဖာသာ ကိုယ် ပြန်စဉ်းစားနော်"

"အရပ်ပြော ပြောရရင်၊ သက္ကစ္စပါရင် သြဇာညောင်းတယ်၊ဥပမာဒီအိမ်ထောင်စု မိသားစု ဒုကာကြီးရှိတယ်—ဒကာမကြီး ရှိတယ်၊ အမျိုးသားက သြဇာညောင်းရင် တန်တော့ သူတို့ အိမ်ထောင်စုမှာ အမျိုးသားက သက္ကစ္စပါတယ်၊ အမျိုးသမီးက သြဇာညောင်းရင်၊ အမျိုးသမီးက သက္ကစ္စပါဝယ်လို့၊ ကံအကဲကို ခတ်တတ်ရတယ်"

"မြတ်စွာဘုရား လက်ထက်ကို မှန်းပြီးတော့ စိတ်ကူးနဲ့ အာရုံပြုကြည့်စမ်း၊ ဗုဒ္ဓဘာသာ တို့သူငါတွေ ဇေတဝန်ကျောင်းဆောက်တာ ဘယ်သူတုံး၊ ဟာ-အနာထပိဏ်ကဿ အာရာမေ မကြားဘူးဘူးလား၊ ဇေတဝန်ကျောင်းနဲ့ ပတ်သက်ရင်ပေါ်လေ အနာထပိဏ်ကိုပဲ တို့တစ်တွေ သိတယ်၊ ဥပမာ-နေပါဦး အဲဒီဇေတဝန်ကျောင်းဆောက်တဲ့ ကျောင်းအမကြီးက ကဲဘယ်သူတုံး၊ မသိပါဘူး ဗုဒ္ဓဘာသာတွေပြောရင်၊ ပုညလက္ခဏဇာတ်ဝင်တဲ့၊ ဘုန်းကြီးမှာတောင် ကျောင်းအမကြီးရဲ့ နာမည်ကို တော်တော်မှတ်ရတာ၊ ဒီတော့ အနာထပိဏ်တို့ရဲ့ ဆိပ်ထောင်စုမှာ အနာထပိဏ်ဟာ သက္ကစ္စဓါနပါခဲ့တယ်"

"တစ်ခါ—အမျိုးသမီး သြဇာညောင်းတာ၊ ပုပ္ပါရုံကျောင်းဆောက်တာ ဘယ်သူတုံး?မေးလိုက်ရင် ပုပ္ပါရုံကျောင်းအမ ဝိသာခါဆိုတာ မကြားဘူးဘူးလား၊ ဝိသာခါတို့ အိမ်ထောင်စုကျတော့ ဝိသာခါကပဲ သက္ကစ္စပါတဲ့ သဘောရှိတယ်နော်၊ ဘယ်သူမှ-ပုပ္ပါရုံကျောင်းကို ပုညဝန္ဓနသေဋ္ဌေးဆောက်လုပ် လူဒါန်းတာပါလို့ ဘယ်သူမှ မပြောဘူး၊ တစ်နည်းအားဖြင့် ပြောရင် ပုညဝန္ဓနသေဋ္ဌေးကို၊ အရေးကို ဘယ်သူမှ မစိုက်ဘူး၊ တန်တော့-သူတို့ အိမ်ထောင်စု သူတို့ မိသားစုမှာတော့ ဝိသာခါက သက္ကစ္စပါတယ်လို့ ဒီလို အောက်မေ့ရမှာ၊ မှတ်ရမယ်"

"ဒါ—မမြင်ရတဲ့ အင်မတန် အတိတ်ဖြောပါတယ်၊ ဘုန်းကြီးတို့ ဒီမနီးမဝေးပြောရရင်...."

"ဘုန်းကြီးများရဲ့ ရဟန်းအမဟာ ဒေါဒေါသိန်းတဲ့ လှည်းကူးက၊ ဒေါဒေါသိန်းရဲ့ မိဘနှစ်ပါးမှာ ဦးဖေ ဒေါလေးတဲ့၊ မြေပိုင်ရှင်၊ အင်မတန်ချမ်းသာတယ်၊ မြေတွေကေပါင်း ထောင်ချီပြီးတော့ ရှိတယ်"

"အဲဒီရှိတဲ့ လူတွေမှာ ဒေါလေးနဲ့ ဦးဖေ၊ ဦးဖေပိုင်တဲ့လယ်လဲ ဒေါလေးပိုင်တဲ့လယ်ပဲ၊သို့သော်-အလုပ်သမားတွေကို မေးလိုက်ရင်၊ မင်း ဘယ်သူ့ပွဲမှာ လုပ်တုံးဆိုရင် ဦးဖေပွဲမှာ လုပ်တယ်လို့ တစ်ယောက်မှ မပြောဘူး၊ ဘယ်လိုပြောတုံး?၊ မင်း ဘယ်သူ့ပွဲမှာ လုပ်တုံး? ကျွန်တော် ဒေါလေးပွဲမှာ လုပ်တယ်၊ ဟိုလူ မေးရင်လဲ ဒေါလေးပွဲပဲ၊ ဘယ်လောက်များ ဒေါလေးတို့ သက္ကစ္စပါတုံး၊ တစ်ချိန်မှာ ဦးဖေတို့ ဒေါလေးတို့ရဲ့ တပည့် လယ်သမားတစ်ယောက်က အလှူလှူတယ်"

ဒီတော့ ဦးဖေက သူ့ဘပည့်ရဲ့ အလှူကို ပေါ်လေချီးမြှောက်သောအနေနဲ့၊ အမျိုးသားဝတ်စုံဝတ်၊ သူတို့ခေတ်တုန်းက မော်တော်ကား ခေတ်မဟုတ်ဆူး၊ တကတဲ့ ခေါင်းပေါင်းဖြူဖော့လုံးနဲ့၊ ထိုင်မသိမ်း အင်္ကျီနဲ့၊ ပုဆိုးတောင်ရှည်နဲ့၊ ပြီးတော့ မော်တော်ကားခေတ်၊ မီးရထားခေတ် မဟုတ်သေးတော့ မြင်းကို ကကြိုးတန်ဆာများ စုံလင်အောင် ဆင်ပြီးတော့၊ မြင်းနဲ့ သူ့တပည့်ရဲ့ လယ်ထဲက အလှူကိုသွားတာ၊

လှည်းကူးမြို့ ပေါ်မှာ 'သွားတော့၊ လမ်းဟစ်လျှောက်လုံး၊ ကလေးတွေက အဲဒီမြင်းကြီးကို မော့မော့ကြည့်ပြီးတော့ ဘာပြောလဲ(ဟာ ဒေါလေးရဲ့ မြင်းကြီး ဟ၊ဒေါလေးရဲ့ မြင်းကြီးဟ၊ဒေါလေးရဲ့ မြင်းကြီးဟ) နဲ့ ကလေးတွေက ဒေါလေးရဲ့ မြင်းကြီးပဲ ပြောတယ်၊ မြင်းပေါ်က ပါလာတဲ့ ဦးဖေကို ထည့်ကိုမပြောဘူး"

"ဒီတော့ ဒီစကားကို ထောက်သဖြင့် ဦးဖေ ဒေါ်လေးမှာ ဒေါ်လေးက သက္ကစ္ဆပါတယ်လို့ ဒီလိုမှတ်ရမှာပေါ့နော် အများအားဖြင့် အမျိုးသမီးက သက္ကစ္ဆပါပါတယ်၊ ဒါကြောင့် အိမ်ထောင်စု မိသားစုမှာ အမျိုးသမီးက အမေက ပိုပြီးတော့ ဩဇာညောင်းတာများတယ်နော်၊ ဒါသတိပြုဖို့ ပြောပါတယ်၊ သက္ကစ္ဆဒါန။"

(၄)

မဟာဝဇိရ ဝိပဿနာ တရားတော်

နောက်တစ်ရက် ဝါဆိုလဆန်း (၁၀) ရက်နေ့တွင်၊ ဆရာတော်ဘုရားကြီးအား အင်းလျားဆောင်သို့ ပင့်ဆောင်ပေးရပြန်သည်။ အင်းလျားဆောင်၌ ရုပ်ပွားတော်မြတ်ကို အနေကဇာ တင်တော်မူသည်။ ကျောင်းသူများ ပြင်ဆင်ပူဇော်ထားသမျှကို အားပါးတရ ကြည်ညိုကာ "ပြောင် ပြောင် လက် လက် တွေ ပူဇော်ထားတော့၊ ပြောင်ပြောင် လက်လက်တွေ ဝတ်ရတယ်" ဟု စာရေးသူကို မိန့်ဟော်မူသည်။ စာရေးသူက သစ်သီးဆွမ်း အလုံးလိုက် တင်ကောင်းသလား ဘုရားဟု လျှောက်ထားသောအခါ၌၊ "ဒီလိုပဲလှူနေကြတာပဲ၊ စေတနာအလျောက်ပေါ့" ဟု မြေကြားတော်မူသည်။

အနေကဇာ တင်တော်မူပြီး တရားဟောရန် ခန်းမသို့ ကြွသည့်အခါ၌၊ ပန်းခင်းပူဇော်ထားသော လမ်းမှ ကြွတော်မူရရာ ပန်းများကို မနင်းဘဲ ကြွတော်မူသည်။ "မနင်းရက်ပါဘူး" ဟု မိန့်တော်မူသည်။ စီးလာသော ဘိနပ်ကိုပင် ချွတ်ကာ ပဓာသမကာ ဆရာတော်ဦးကုသလကို "ဗိုလ်ကု ယူခဲ့တော့" ဟု မိန့်သည်။ စာရေးသူက ဒီနေ့လဲ သပ္ပုရိသဒါနနဲ့ တူတယ်ဟု ထင်မိသည်။ သို့ဆသော် စာရေးသူ ထင်သလို မဟုတ်ပေ။

အဖျူးရှင်အမည်နှင့် အစီအစဉ်ကို စောစောကထဲကပင် စာရွက်တွင်ရေး၍ ဆက်ကပ်လိုက်သဖြင့်၊ မနေ့ကလို မေးနေရန်နဲ့ ဖြေနေရန်မလိုတော့ပေ။ တရားနာပရိသတ်ကလည်း၊ ထိုနေ့တွင် အထူးများပြားသည်။ ပညာရေးဌာနဝန်ကြီး၊ ဒု-ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားခန့်မှူးများ၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများပါ လာရောက် နာယူကြသည်။ ဆရာတော်ဘုရားကြီးက အနေကဇာတင် အခမ်းအနားအကြောင်း မိန့်ကြားသည်။ အင်းလျားအဆောင်သူများကလည်း တရိုတသေနာကြားကြသည်။ ဆရာတော် ဘုရားကြီးက ဆက်လက်၍ မြတ်စွာဘုရား အလောင်းတော်၏ မဟာဝဇိရဝိပဿနာတရား ပွားများ အားထုတ်တော်မူပုံကို ဟောပြလေသည်။

စကြဝဠာတိုက် ကုဋေတစ်သိန်း၌၊ ဝိပဿနာ တင်ရမည့် တရားအစုမှာ—

အဝိဇ္ဇာပေါင်း ကုဋေတစ်သိန်း၊
သင်္ခါရ၊
ဝိညာဉ်၊
နာမ်ရုပ်၊
သဠာယတန၊
ဖဿ၊
ဝေဒနာ၊
တဏှာ၊
ဥပါဒါန်၊
ဘဝ၊
ဇာတိ၊
ဇရာမရဏ၊

ကို့လည်း ကုဋေကစ်သိန်းစီ ဖြစ်၍၊ စုစုပေါင်း ကုဋေတစ်သန်း နှစ်သိန်းကို ဝိပဿနာ တင်ရသည်။

အလောင်းတော်သည်၊ ကုဋေတစ်သန်း နှစ်သိန်းသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါတရားအစုတို့၌၊ တစ်ခုတစ်ခုလျှင် အနိစ္စဝိပဿနာဉာဏ်၊ ဒုက္ခဝိပဿနာဉာဏ် အနတ္တဝိပဿနာဉာဏ်ဟူ၍၊ ဝိပဿနာဉာဏ်သုံးပါးစီသုံးပါးစီ ဖြစ်သောကြောင့် မဟာဝဇိရဝိပဿနာဉာဏ်တော်ပေါင်း ကုဋေသုံးသန်း ခြောက်သိန်း ဖြစ်ကြောင်း ဟောကြားတော်မူသည်။

နိဂုံးချုပ်သည့်အခါ "ဒီလိုတရားမျိုးကို ဒီလိုပရိသတ်မျိုးမှ မဟောရင်၊ ဘယ်လိုပရိသတ်မျိုး ဘုန်းကြီး ဟောရမလဲ၊ တို့နဲ့တကယ် ထိုက်တန်တဲ့တရားကို တို့နာယူရတယ်လို့ ဝမ်းမြောက်ကြ" ဟု ဆိုသောအခါ ပရိသတ်အားလုံးတို့က အားပါးတရ၊ သာဓု အနုမောဒနာ ခေါ်ဆိုကြသည်။

(၅)

နေ့စဉ်ပွားများသည့် တရားတော်များ

(၁၃၃၆) ခုနှစ်က ဆရာတော် ဘုရားကြီးသည် ဆရာတော်ဦးဗုဒ္ဓ၏ဓမ္မစက္ကပဝတ္တနသုတ်အနတ္တလက္ခဏာသုတ်၊ မဟာသတိပဋ္ဌာနသုတ် ၃ သုတ်၏ ပါဠိဋီကာနှင့် စတုရာရက္ခတရားလေးပါး ၄ ကျမ်းတွဲကို၊ သမ္မတစာအုပ်ဆိုင်အတွက်တည်းဖြတ် သုတ်သင်ကာ နိဒါန်း

ရေးသား ချီးမြှင့်တော်မူခဲ့ပါသည်။ နိဒါန်း၌–ဝေယန်ဘုံမြင့်တိုက်၊ ချမ်းသာကြီး ဆရာတော်ဘုရား အမိန့်ရှိခဲ့သော–

"နေ့စဉ်နေ့စဉ် နှာရူ–လျှာပွတ်ဆေးစား၍၊ ခုနစ်ရက်တစ်ကြိမ် ငန်းဆေးကြီးကို သောက်ရပါတယ်"

–ဟူသော စကားတော်ကို ပြန်လည်ဖော်ထုတ် ထားသည်။ နေ့စဉ်ခမမစက္ကပဝတ္တံနသုတ္တန်နှင့် အနတ္တလက္ခဏသုတ်တို့ကို ရွတ်ပွား၍၊ ခုနစ်ရက်ဘစ်ကြိမ်ကျ မဟာသတိပဋ္ဌာန်းသုတ်ကို ရွတ်ပွားနှလုံးထား ရန်၊ ထပ်မံဖော်ထုတ်ပြန်ပါသည်။

"(ငါသည် တရားနှလုံး ကျင့်သုံးပေအံ့) ဟူသော နှလုံးသွင်း၍ ဤစာအုပ်ကို ရွတ်ဖတ်လျှင်သော် လည်းကောင်း၊ နှုတ်တော် အာဂုံဆောင်၍ ရွတ်ပွားလျှင်သော်လည်းကောင်း၊ အသင်သူတော်ကောင်းတို့အဖို့ ရာဘဝနာမယ ကောင်းမှုကုသိုလ်ဟူ၍ ဖြစ်ပွားနိုင်ပါသည်။ ယင်းသို့ ဖတ်နိုင်ရွတ်နိုင်ရန် ပေယျာလမကန်ဘဲ၊ ပါဠိ + အနက်ကို အပြည့်အစုံ ဖော်ပြထားပါသည်" ဟူ၍ နိဒါန်းသွယ်ထားပါသည်။

စာရေးသူအနေဖြင့်၊ နေ့စဉ်ရွတ်ရန်လည်းကောင်း၊ တစ်ပတ်တစ်ခါ ရွတ်ရန်လည်းကောင်း ဝန်လေးနေမိရာ အောက်ပါဩဝါဒကို တွေ့သောအခါ မရွတ်ဘဲမနေရဲလောက်အောင် ဖြစ်သွားပါသည်။

"သို့ရကား ဗုဒ္ဓဘာသာ၏ အသင်သူတော်စင် အပေါင်းတို့သည်၊ "ဆေးလိပ် သောက်တတ်+ကွမ်းစားတတ်သောသူသည်၊ အလုပ်ကိစ္စ မအားလပ်ရကပင် ဆေးလိပ် သောက်ချိန်+ကွမ်းစားချိန်ကိုမရ အရယူ၍ ဆေးသောက်-ကွမ်းစံားသည်အလား" မိမိတို့ အလုပ်အကိုင် မအားသည့်ကြားကပင်၊ တရားဝါသနာအထုံ ပြင်းထန်စွဲမြဲသူများပီပီ၊ အချိန်ကိုမရအရယူ၍၊ ဤ"ဗုဒ္ဓဘာသာ၏ ရေသောက်မြစ် အနှစ်တရားလေးကျမ်းတွဲ"ကို ရွတ်ဖတ်ပွားများ နှလုံးထားကြ၍ ဘာဝနာမယကောင်းမှု၊ ယခုဘဝရသော အသက်၏ ကုသိုလ်အနှစ်ကို အားသစ်ကြိုးမပမ်းနိုင်ကြပါစေကုန်သတည်း။

(၆)

ဆရာတော်ဘုရား၏ တရားအနှစ်ချုပ်

"သတ္တဝါများစွာတို့သည် ပဋ္ဌာပွန်ဘဝ၌ မိမိတို့ ရလတ္တံ့သော အကျိုးစီးပွားကို စွန့်လွှတ်၍ သုတပါဠိဟိ ဃကျိုးစီးပွားကို အများအားပြင့် ဆောင်ရွက်နိုင်ခဲကြပါသည်" ဟု သိတဂူ ရေအလှူမော်ကွန်း၌ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက ရေးသားခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ပင်လျင် ပစ္စုပ္ပန်ဘဝ၌ ရလတ္တံ့သော မိမိအကျိုးကို စွန့်လွှတ်တော်မူကာ အများ၊ ဘာသာ၊ သာသနာ၏ အကျိုး၊အများ၏ အကျိုးကို ဆောင်ရွက်တော်မူနေပါသည်။

ဆောင်ရွက်နိုင်ခဲသော အလုပ်ကို အလွယ်တကူပင် ဆောင်ရွက်တော် မူနေပါသည်။မဆောင်ရွက်ခဲ့ဖူးသော အလုပ်ကို ဆောင်ရွက်ခဲ့သောအလုပ်ကို ဆောင်ရွက်ခြင်းကြောင့် မရဖူးသေးသော အကျိုးတရား များ မည်မျှရမည်ကိုလည်းကောင်း၊ ရခဲ့သော အကျိုးများ မည်မျှလွယ်မည်ကိုလည်းကောင်း စာရေးသူ၏ ဥာဏ်တိမ်ငယ်ဖြင့် မတိုင်းတာနိုင်ပါ။

စူဠဝဂ္ဂပါဠိတော်၌ လာရှိသော ဘုရားရှင်၏ ဥဒါန်းစကားကိုသာ သတိရမိပါသည်။

"သူတော်ကောင်းသည် ကောင်းသောအမှုကို လွယ်ကူစွာ ပြုအပ်၏။
သူယုတ်မာသည် ကောင်းသောအမှုကို ပြုနိုင်ခဲ၏။
သူယုတ်မာသည် မကောင်းမှုကို ပြုလွယ်၏။
အရိယာသူတော်ကောင်းတို့သည် မကောင်းမှုကို မပြုအပ်၊ မပြုနိုင်"။

(၇)

အထက်၌ ဖော်ပြခဲ့သော မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ အဟော အပြော အရေးအသားတို့သည် စာရေးသူအား–

(က) တရိုတသေ လှူတတ်ရန်နှင့် မိမိအား မရှိမသေ ပြုလာလျှင် စိတ်ထားတတ်ရန်၊
(ခ) ထိုက်တန်သော တရားကို ကြိုးစားနာယူတတ်ရန်၊
(ဂ) မအားလပ်ဟု အကြောင်းပြကာ၊ ပရိတ်ဟရာဇတ်များ မရွတ်ဖတ်ဘဲ မနေမိရန်၊
(ဃ) ဆောင်ရွက်နိုင်ခဲသော အလုပ်တို့ကို ကြိုးစား ဆောင်ရွက်ရန် – အစဉ်ပင် သတိပေးဆုံးမလျက် ရှိနေပါသည်။

(ရှိသေစွာ ဦးခိုက် ဝှက်ပါသည် အရှင်ဘုရား)

ခင်ပေါင်ညို
(ဘာဂဓေဒ)



* မိတ်ကလျာတွေ စိတ်သာချပေတော့၊ ဝိဇ္ဇာလယ တက္ကသိုလ်
* နိဗ္ဗာန မဂ်ဖိုကို၊ ရက်တိုတို မျော်မှန်း၊
* လှူဒါန်းလို့ ဝေါင်းဆိုဆိုသည်၊ ကောင်းမှုထိုထို ပွားစေဖို့လမ်း။
* မြတ်ဗုဒ္ဓ သာသနာကို၊ ကမ္ဘာကိုဖြန့်မြန်း။
* သတ္တဝါတွေ မလွတ်တန်းသာပ၊ ကျွတ်တန်းဖြင့် ဝင်ကြဖို့ရာ
* ထေရ်ဘုန်းမော် ရှင်ရဟန်းတွေက၊ ကြွမြန်းလို့ပြုမယ် သာသနာ
* လူ့ဘောင်ကြီး ဤကမ္ဘာမှာ၊ သာသနာတည်ကြောင်းပ
* မဟီတစ်သောင်း စကြဝဠာ၊ အေးဖို့ကြုံလာ၊
* အခါမဝေးသမို့ ကမ္ဘာအေးဖို့၊ ကိန်းခန်းကြုံပြီ
* ငြိမ်းချမ်းရေးဆိုတာ မဝေးတော့ပြီဗျလေး။
* ကမ္ဘာတစ်ဝှမ်းသို့ သာသနာလွှမ်းလို့၊ အသရေဆောင်လျှင်
* မြန်မာ့ဂုဏ်ရောင် ထွန်းပြောင်ပြီဗျလေး။

ကမ္ဘာ့ခေါင်းဆောင်ကြီးများ ငြိမ်းချမ်းရေးအခါတော်နှင့် ကိုက်ညီသည့်အတွက် ဤကျောင်း တော်ကြီးကို ဂုဏ်ပြုမှတ်တမ်းတင်သောအားဖြင့် ဤတေးထပ်ဖြင့် ပူဇော်ကန်တော့ပါသည်။

ဦးနေဝင်း
ဥပဋ္ဌက—အဖွဲ့ဝင်
ဝါယာလက်။

တိပိဋကတ = နိကာယ သာသနာပြုအဖွဲ့

တတိယ သုံးနှစ်ခရီး



တတိယကဏ္ဍ

ဗဟုဇနဟိတပကာသနီ

တတိယကဏ္ဍ

မာတိကာ

၁။ တက်လူ	စိတ်တစ္ဆေ	၁၅၁
၂။ ကျော်လှိုင်	ပရိတ် မေတ္တာ	၁၅၂
၃။ ထီးချိုင့်နတ်စိုး	လောဘဒေါသမာနကင်းလျှင်	၁၅၃
၄။ တင်ထွန်း (ဗိုလ်)	ရောင်ပါနေသို့ ထွန်းပါစေ	၁၆၃
၅။ ဌေးလွင် (ဆားလင်းကြီး)	သုံးနှစ် ခရီး	၁၇၀
၆။ မင်းသုဝဏ်	ရဟန်းတော်တို့အတွက်သူနာပြု သင်တန်း	၁၇၅
၇။ ဦးပညာသာမိ	တိပိဋကရေ ဩဝါဒ	၁၇၈
၈။ ဦးထွန်းလှိုင်	တိပိဋကခရေ ပုဂ္ဂိုလ် တပါး၏ တန်ဖိုး	၁၈၁
၉။ သောင်းထိုက်	ခေတ်မီစံပြ ကမ္ဘာ့စံချိန်မီ	၁၈၉
၁၀။ ခင်စပယ်	ဝ-လေးလုံး မင်္ဂလာ	၁၉၄
၁၁။ ချစ်ဦးညို	ပရ ဟိတ စိတ်မြတ်	၁၉၇
၁၂။ ရွှေဘို မိမိကြီး	ပြည်ရွှေဘိုက ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း	၂၀၁
၁၃။ မင်းဘူး မျိုးသက်အောင်	သာသနာတော်ပြန့်ပွားရေး	၂၀၈
၁၄။ ရှင်ဝဇီရပါဏိ (မြေထဲ)	ရင့်စေလိုပါသည်။	၂၁၁
၁၅။ တည်သော ဆရာတော်	ဧရာမ တရားကြီး	၂၁၅
၁၆။ လေလှိုင်း ခရီးသည်	နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်	၂၁၈
၁၇။ ကိုရင်စစ်	သာသနာ အရှင်ခံ တည်တံ့နိုင်ရန်း	၂၂၃
၁၈။ မာဂဓိသာစည်	အရှင်မြတ် ငါးပါး	၂၂၇



အိပ်မက်ပုံပြင်ရိပ်

တစ်ရေးနိုးမှ၊ စိတ်ကြံရ၍
ရသည့်စိတ်ကြံ၊ အိပ်မက်ဆန်သည်
နက်ဖြန်ငါမှ–ရှိပါ့မလား။

နေ့ညသံသရာ၊ ကံကြမ္မာက
ဖန်လာမချို့၊ မှန်စွာပို့၏
ပသို့ဆိုစေ၊ စိတ်ဘဝွေနှင့်
မိတ်ဆွေလေသော၊ ရန်သူလောဟု
စောကြောခက်စွ–ငါပါလား။

မရှိတောင့်တ၊ ရှိကြောင့်ကြနှင့်
အတ္တမင်းမူ၊ မာနထူ၏
ပုသည်သောက၊ အိပ်နိုးထ, တိုင်း
ဆုံးမခက်စွ–ငါ့ပါလား။

ငါဟုသမုတ်၊ အကျွန်ုပ်သည်
အရွယ်ကြီးပြတ်၊ အမြင့်ဇာတ်မှ
ဘယ်ရပ်ဘယ်ရွာ ပြန်မည်လဲ–
ကံဆရာက–စေခိုင်းဆဲ–
နောင်ပရပန်းပန်း-အကြိတ်ခဲ–
ပုံပြင်ထဲမှာ-ငါမပြး ။

တက်လှ

ပရိတ်ဒေသနာနှင့် တိပိဋကဝရသုတ္တန်တော်ကြီး ပေတို့

ကျော်လိုင်

ပရိတ်တော်အယူအဆ

ပရိတ်ဟူသော ဝေါဟာရသည် ဘုရားမပွင့်မီကပင် ထွန်းကားနေသော ဝေါဟာရဖြစ်သည်။ ပရိတ်ချည် ပရိတ်သဲ–အသုံးအဆောင်လည်း ထွန်းကားနေသည်။ သို့သော် ထိုပရိတ် ဟူသည် ယနေ့တွင်ကျယ်နေသော ပရိတ်တော်များကား မဟုတ်ချေ။ ဘုရားအလောင်း မဃလုလွင်တို့ သုံးသော ပရိတ်-ဟူသည်–

ငါးပါးသီလ
မေတ္တာ
ဒါန
လမ်းပြင်ခြင်း
ရေတွင်းရေကန်တူးခြင်း-တို့ ဖြစ်သည်။

ထိုအရာတို့သည်–

မန္တန်လည်း မည်၏၊
ပရိတ်လည်း မည်၏၊
အင်အားလည်း မည်၏။

တေလပတ္တဇာတ်၌ ပရိတ်ချည် – ပရိတ်သဲ တို့ကို စီရင်သည် ဟု ပါသည်။ မည်သည့်အရာကို ပရိတ် ခေါ်မှန်း မသိရချေ။

မြတ်စွာဘုရား လက်ထက်တော်၌ကား ပရိတ် ဒေသနာကို မြတ်စွာဘုရား ကိုယ်တော်တိုင်သည် လည်းကောင်း၊ တပည့်သာဝကတို့သည် လည်းကောင်း၊ ရွတ်

တော်မူလေ့ရှိသည်ကို အထင်အရှား တွေ့လာရပါသည်။ အာယုဝဍ္ဎန သတ္တိသား၀တ္ထု၌ ခုနစ်ရက်သာ အသက်ကြွင်းရှိသော ကလေးငယ် အသက်ရှင်ရေး-အသက်ရှည်ရေးအတွက် ရဟန်းတော်များက ၇-ရက်ပတ်လုံး ပရိတ်ရွတ်ပေးတော်မူကြသည်။ ၇-ရက်စေ့သောအခါ မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း ပရိတ်ရွတ်တော် မူပါသည်။ ထို့ကြောင့် ထိုကလေးသည် အသက် ၁၂၀ ရှည်သည့် အာယုဝဍ္ဎန သတ္တိသား ဖြစ်လာပါသည်။ ဤနေရာ၌လည်း အဘယ်အရာကို ပရိတ်အဖြစ် ရွတ်တော်မူကြကြောင်း မဆိုရချေ။

ပရိတ်တော်များ

သို့သော် ၀ေဿာလီပြည်၌ ဘေးကြီး ဆိုက်သောအခါ မြတ်စွာဘုရားသခင်သည် ရတနသုတ် ပရိတ်ကို ရွတ်အာနန္ဒာအား သင်ပေးတော်မူ၍ ရွတ်စေတော်မူပါသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း ရွတ်တော်မူပါသည်၊ ၀ေဿာလီပြည် ဘေးကြီး ငြိမ်းပါသည်။

မေတ္တိသုတ် ပရိတ်ကိုကား ရက္ခစိုး နှောင့်ယှက်ခံရသော ရဟန်းတော်များကို သင်ပေးတော်မူခြင်း ဖြစ်ပါသည်၊ ထိုရဟန်းတော်များ မေတ္တာသုတ် ရွတ်သဖြင့် ရက္ခစိုး နှောင့်ယှက်သည့်ဘေး ကင်း၀ေးရုံမျှမက ရင်၀ယ်သားကဲ့သို့ ပြုစုစောင့်ရှောက်မှုကိုပင် ခံယူတော် မူကြရပါသည်။

ခန္ဓသုတ် ပရိတ်ကား မြွေဘေး ကြုံရသော ရဟန်းများကို မြတ်စွာဘုရားသခင် ချပေးတော်မူသော ပရိတ်ဖြစ်ပါသည်၊ ဤပရိတ်၏ တန်ခိုးကြောင့် မြွေဘေး ကင်းဘေး၊ မြွေကိုက်ခံရသော်လည်း အသက်မသေရချေ။

မောရသုတ် ပရိတ်ကား ဘုရားအလောင်းနှစ်ဦး ဥဒေါင်းမင်းဘ၀က အိပ်တန်း ဆင်း-တက် နေမင်းကို ရှိခိုးပုံ ဖော်ပြသော ပရိတ်ဖြစ်သည်။

၀ဋ္ဋသုတ် ပရိတ်ကား ဘုရားအလောင်း ငံးမင်း ဖြစ်စဉ် တောမီးလောင်ရာ၊ မိဘတို့ ပစ်ခွာကြပုံ-စားကောင်ရှိလျှက် မှုန်ဝါးခြင်းရှိလျက် မသွားနိုင်ပုံကို ခံစားခဲ့ရသဖြင့် မီးဘေးမှ လွတ်ကင်းရပုံကို ဟော်ပြသော ပရိတ်ဖြစ်သည်။

ဓဇဂ္ဂသုတ် ပရိတ်သည် ခြောက်ခြင်း၊ ကြောက်မီးငွေ့ညှင်းထခြင်းရှိလျှင် ဘုရား၀တ်တော်၊ တရား၀တ်တော် သံဃာ၀တ်တော် ရွတ်ကြ ဟော်မည်ဟု ဘုရား ပိန့်ကြားတော်မူသော ပရိတ်ဖြစ်သည်။

အာဋာနာဋိယသုတ် ပရိတ်ကား ဒီဃနိကာယ်၊ ပါထိက၀ဂ်လာ၊ အာဋာနာဋိယသုတ်ကား မဟုတ်ခဲ့၊ ခုနစ်ဆူသော ဘုရားရှင်တို့ကို ရှိခိုးသည့် ပဏာမ ၇ ဂါထာမျှသာ ထိုသုတ်မှာပါသည်၊ ကျန်ဂါထာများကား ဘုရား၀ုဏ်တော်နှင့်ဆုတောင်းမေတ္တာပို့များ ဖြစ်သည်။

အင်္ဂုလိမာလသုတ် ပရိတ်ကိုကား "၀ံ၀ဒေဟိ = ဤသို့ဆိုလော့" ဟု မြတ်စွာဘုရားက အင်္ဂုလိမာလ မထေရ်ကို သင်ပေးတော် မူပါသည်။ ဤပရိတ်၏ တန်ခိုးကြောင့် မီးမဖွားနိုင်သော အမျိုးသမီးများ လွယ်ကူစွာ သားဖွားရ၏။

ဗောဇ္ဈင်သုတ် ပရိတ်ကား ဗောဇ္ဈင်သုတ် အကျယ်ကို ဗောဇ္ဈင် ၇-ပါး အကျဉ်းထား၍ရှင်မောဂ္ဂလာန်နှင့် ရှင်မဟာကဿပတို့ မကျန်းမာစဉ် ဗောဇ္ဈင် ၇-ပါးကို ဟော်ရပုံ၊ မြတ်စွာဘုရား နာမကျန်း ဖြစ်တော်မူသောအခါ စုန္ဒထေရ် ရွတ်ပေးရပုံကို ဖော်ပြ၍ သစ္စာပြုသော ပရိတ်ဖြစ်ပါသည်။ ဤသုတ်၏ တန်ခိုးကြောင့် ရောဂါပျောက်ရုံမျှမက နိဗ္ဗာန်တိုင်အောင် ရနိုင်ပါသည်။

ပုဗ္ဗဏှသုတ် ပရိတ်ကား သုနက္ခတ္တ စသော ၃-ဂါထာသာ ပါဠိတော်၌ပါသည်၊ ကျန်ဂါထာကား မှား-အစီးအပွားမဲ့ကို ဖယ်ရှား၍ အစီးအပွား ရှိအောင် မေတ္တာ ပွားသောအားဖြင့် ထည့်သွင်း ထား သော ဂါထာများ ဖြစ်သည်။

ထိုပရိတ်တော်တို့၏ ရှေးဦးစွာ မင်္ဂလာ ပွားစေခြင်းငှာ မင်္ဂလသုတ် ကို ပရိတ်အဖြစ် ထားတော်မူကြခြင်း ဖြစ်သည်။

ဤသို့အားဖြင့် ပရိတ်တော်၌ အထင်အရှားရှိသော သုတ်များ၊ ပါဠိတော်ကို အခြေခံ၍ ရှေးဆရာတို့ စီကုံးသော သုတ်များကို ပေါင်း၍ ပရိတ်ကြီး ၁၁ သုတ်အဖြစ် ယနေ့ အသုံးပြုနေကြခြင်း ဖြစ်ပါသည်။

ပရိတ်တော်ဘာကျိုးများ

ပရိတ်ကြီး ၁၁ သုတ်၊ အငယ်ဂါထာများကို လေ့လာကျင့်သုံးသည် ပရိတ်သည် မည်သို့ တန်ခိုးကြီးကြောင်း အထင်အရှား တွေ့ရပါသည်။

မင်္ဂလသုတ် အစွမ်းကရ မင်္ဂလသုတ်ကို ရွတ်လျှင် မင်္ဂလာများလှုံး ပျောက်သည်၊ (မင်္ဂလာအပေါင်း နှင့် ပြည့်စုံသည်)၊

ရတနာသုတ် အမွှမ်းအရ ရတနာသုတ်ကို ရွတ်လျှင် ရောဂါဘယဘေး၊ ဘီလူးဘေး၊ ငတ်မွတ် ခေါင်းပါးဘေး ကင်းဝေးသည်။

မေတ္တာသုတ်အမွှမ်းအရ၊ မေတ္တာသုတ်ကို ရွတ်လျှင် ဘီလူးတို့ မနှောင့်ယှက်နိုင်၊ ချမ်းသာစွာ အိပ်ရသည်။ အိပ်မက်ဆိုး မမက်။

ခန္ဓသုတ်အမွှမ်းအရ-ခန္ဓသုတ်ရွတ်လျှင် မြွေဆိပ်က အစ၊ အဆိပ်မှန်သမျှ ကင်းပျောက်သည်။

မောရသုတ် အမွှမ်းအရ မောရသုတ်ကို ရွတ်လျှင် ဖမ်းဆီးချုပ်နှောင်မခံရ၊ တမလွန် မျက်မှောက်လက် ရောက် စီးပွား၊ ကြီးမား ဖြစ် ထွန်း ကြောင်း၊ ကောင်းမြတ်သော ဗြဟ္မမန္တန်ကြီး ဖြစ်သည်။

ဝဋ္ဋသုတ် အမွှမ်းအရ - ဝဋ္ဋသုတ်ကို ရွတ်လျှင်၊ ၁၆ မင်း ပယ်စား မီးကွင်းသော ဘုရားအလောင်း ငုံးမင်း၏ သစ္စာ အာနုဘော် ကြောင့် မီး ဘေး ကင်း ဝေးသည်။

ဓဇဂ္ဂသုတ် အမွှမ်းအရ ဓဇဂ္ဂသုတ်ကို ရွတ်လျှင် ကောင်းကင်ကကျစေ၊ မြေမှာကဲ့သို့ ထောက်ရာ တည်ရာကိုရ၏။ ကြောက်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း ကင်း၏။

အာဋာနာဋိယသုတ် အမွှမ်းအရ အာဋာနာဋိယသုတ်ကို ရွတ်လျှင် ဘီလူးတို့ ပူးဝင်နှောင့်ယှက်သည့် ဘေးမှ ကင်းဝေးသည်။

အင်္ဂုလိမာလသုတ် အမွှမ်းအရ အင်္ဂုလိမာလသုတ်ကို ရွတ်လျှင် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းသည်၊ အမျိုးသမီးများ လွယ်ကူစွာ မီးဖွားနိုင်သည်။

ဗောဇ္ဈင်သုတ် အမွှမ်းအရ ဗောဇ္ဈင်သုတ်ကို ရွတ်လျှင် ဗောဇ္ဈင် ၇ ပါးကို ပွားများသူသည် မာရ်မင်း၏ စစ်သည်ကို နိုင်၍၊ နိဗ္ဗာန် ရနိုင် သည်။ ဤ ဗောဇ္ဈင် ၇ ပါးသည်ပင်လျှင် နတ်ဆေး ဖြစ်သည်၊ ရောဂါဘယကို ကုစားတတ်သည်။

ပုဗ္ဗဏှသုတ်ကိုရွတ်ဖတ်လျှင် မကောင်းသော အတိတ် နိမိတ် ကင်းဝေးသည်၊ကောင်းကျိုးချမ်းသာ မင်္ဂလာ ဖြစ်ထွန်းသည်။ ဤသို့သော အကျိုးတရားများကို -

ပဋ္ဌာနန္တရိယ ကံကြီးမထိုက်သူ
နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်သူ
ပရိတ်အာနိသင်ကို ယုံကြည်သူတို့ လက်တွေ့ ခံစားရသည်။

ပရိတ်တော်၏ တန်ခိုးကြောင့် -
မြွေမကိုက်ခဲ့၊ ဖွင့်ထားသော ပါးစပ် ပိတ်သွား၏။

ချိန်ရွယ်ဆောင်းသော လက်နက် ပြုန်းကျဲသွား၏။
အမှောက်ထွက်သော ဆင်ပြောင်ကြီး ရှောင်ရှားသွား၏။
မီးငြိမ်းသွား၏၊
အဆိပ်သည် အာဟာရ ဖြစ်သွား၏။
ရန်သူသည် ကျေးကျွန် ဖြစ်လာ၏။
ကျော့ကွင်း မဖွဲ့မိ။

ပရိတ်ကြီး ပရိတ်ငယ်

ပရိတ်ကြီးဟူဆိုသဖြင့်ပရိတ်ငယ်ဟူ၍ရှိသေးသလော ဟု စောဒနာဖွယ် ဖြစ်ပါသည်။ ပရိတ်ငယ်ဟူ၍ သီးသန့် မရှိသော်လည်း "ပရိတ္တံ တံ ဘဏာမဟေ" ဟု ပါလျှင် ပရိတ်ကြီးဟု အစဉ်အလာ ယုံကြည်မှု ရှိပါသည်။ မည်သို့ဆိုစေ၊ မြန်မာတို့ ထုံးစံမှာ ပရိတ်ကြီး ၁၁ သုတ် ဟူ၍သာ အသိအမှတ် ပြုကြပါသည်။

ယနေ့ တွင်ကျယ်နေသော ပရိတ် ၁၁ သုတ်သည် မည်သည့်ခေတ်အခါက ထင်ရှား တွင်ကျယ်လာသည်ဟု မသိရချေ။ သရေခေတ္တရာမြို့ဟောင်းကို တူးဖော်ရာက မြို့ထောင့်တိုင်များ၌ မဂ်သုတ်၊ ရတနာသုတ်၊ မေတ္တာသုတ်တို့၏ အပိုင်းအစကို တွေ့ရသဖြင့် ရှေးခေတ်က ပင်လျှင် ပရိတ်အရံအတားသည် မြန်မာ့လူဘောင်၌ ခေတ်စားခဲ့ပြီဟု ဆိုနိုင်ပါသည်။

ပရိတ်ရွတ်ခြင်းဓလေ့များ

ရှေးခေတ်၊ ဆရာတော်များသည် ပရိတ်ရွတ်မှုကို အထူးအလေးပေးတော် မူခဲ့ကြပါသည်။ ပုဂံ ကျောက်စာများတွင်လည်း ပရိတ်ရွတ်မှုအစဉ်အလာရှိခဲ့ကြောင်း၊ အထောက်အထားများ တွေ့ရပါသည်။ ရှေးက ဆရာတော်အချို့သည် ပရိတ်ရွတ်ရာ၌ တန်ခိုးထက်ကြောင်း တောထဲ၌ ပရိတ်ရွတ်ရာ သားရဲ၊ မြွေ တို့ပင် ပရိတ် နာလာကြကြောင်း သိရပါသည်။

သို့သော် ယနေ့မျက်မှောက်ခေတ်တွင် ပရိတ်ရွတ်မှုသည် ပေါ့ပေါ့တန်ဆန် ဖြစ်နေသည်ကို တွေ့ရမပါသည်။ သာရေး နာရေး ကိစ္စများ၌ မြင်တွေ့နေရသည်မှာ ပရိတ်ရွတ်သည့် အရှင်မြတ်အချို့သည် ကွမ်းသီးသော်လည်း စိတ်နေ၏။ အခြားတပါး သို့သော်လည်း အာရုံများနေ၏။ ပါးစပ်က ရွတ်သမျှသည်လည်း တက်သုတ်ရိုက်၍ ရွတ်ခြင်းသာ ဖြစ်သည်၊ စာစဉ်ဝါတစ်ရံဖြတ်လမ်းကလိုက်၍ ရွတ်သည်လည်းရှိ၏။ ရွတ်သည့်အသံကလည်း မိုးကြိုးရွာသကဲ့သို့ တစ်ဝေါဝေါ ဖြစ်နေသည်။ ကြားသူ နာသူမှာလည်း ကြည်ညိုသဒ္ဓါမဖြစ်၊ ရွတ်သူမှာလည်း ဘာဝနာမဖြစ်ချေ။

ဤအဖြစ်ကို မြင်တော်မသော မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ပရိတ် ရွတ် တော် မူ ရာ၌ ကြားနာသူလည်း သဒ္ဓါပွားအောင်၊ ရွတ်သူလည်း ဘာဝနာပွားအောင် ကြိုးစားအားထုတ်တော် မူပါသည်။ ဤသို့ အားထုတ်ရာ၌ ဒါယကာ–ဒါယိကာမ အပေါင်းကိုလည်း အရေးထား၊ သံဃာတော်ကိုလည်း လေးစားစွာ လက်အုပ်ချီ၍ ဤသို့ပန်ကြားပါသည်–

"အနာထပိဏ်သေဋ္ဌေး၏ ညီတော် (ချမ်းသာစွာ နေသူတို့တွင် တေဒဂ်တတန်၊ မြတ်သောအလှူခံပုဂ္ဂိုလ်တို့တွင် တေဒဂ်တတန်) တေဒဂ် ၂-တန်ရ အရှင် သုဘူတိမထေရ်သည် ဆွမ်းခံကြွသောမူသောအခါ အိမ်စဉ်တစ်လျှောက် မေတ္တာစျာန်ကို ပြည့်စုံစေ၍ (ဝင်စား စေ၍) ဆွမ်းခံရပ်၏။ ဒါယကာတို့အား အကျိုးကြီးလိမ့်မည်-ဟု မေတ္တာစျာန်မှထ၍ ဆွမ်းကိုခံယူ၏။ ဤသို့ အရှင်သုဘူတိမထေရ်သည် လူသူ အကျိုးကြီးအောင် အလှူခံသလို၊ အရှင်သုဘူတိမထေရ်၏ ညီတော် စဉ်ဆက်ဖြစ်သော အရှင်မြတ်များကလည်း မန္တလေး မဟာဝိသုတရာမတိုက်ကို တည်ထောင်တော်မူသော ပခုက္ကူရေစကြို ဆရာတော်ဘုရားများ၏ နည်းအတိုင်း မေတ္တာ ၁၁ နည်း ပွားသောအားဖြင့် အလှူအကျိုးကြီးအောင် မေတ္တာဘာဝနာကို အာရုံပြု၍ မေတ္တာသုတ် ရွတ်တော်မူကြပါလိမ့်မည်။

"၁၂ လရာသီ စိုးရိမ်ရသော မီးဘေးကာကွယ်ရန် စဉ့်သုတ်ကို ရွတ်တော်မူကြပါလိမ့်မည်"

"သာသနာ ဒါနပူဇော ဖြစ်စိမ့်သောငှာ အနုဿတိ ဘာဝနာသုံးပါးကို ပါဠိလိုပွားသောအားဖြင့် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ရွတ်ပွားတော်မူကြပါလိမ့်မည်"

"အစီးအပွားမဲ့ကို ဖယ်ရှား၍ အစီးအပွားရှိအောင် မေတ္တာနှစ်ပါး ပွားသောအားဖြင့် "ယံ ဒုဿီလျံ" ၃ ဂါထာ၊ "ဘဝတု သဒ္ဓမင်္ဂလံ" ၃ ဂါထာကို ရွတ်ပွားတော်မူကြပါလိမ့်မည်"

"ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ [illegible] အာရုံပြု၍ ပရိတ်တော်နာယူကြစဉ်သူတော်ကောင်းတို့၊ [illegible]

ဤသို့ ဟူဒါယကာတို့ကို ဟိုက်ဝွန်းတော်မူပြီး နောက် သံဃာတော်အရှင်မြတ်တို့ကိုလည်း လက်ဆုပ် ဦးလှိုက်၊ အောက်ပါအတိုင်း ကြားတော်မူပြန်စေသည်။

"အရှင်ကောင်းတို့ဘုရား။ ။အရဏဝိသင်္သုတ်လာ အရဏဝိဟာရ-ဆင်းရဲကင်းကွာ နေရေး တရားတော် အရ

အတရမာနော၀ ဘာသေယျ၊ နော တရမာနော = မလျင် မဆော တရားဟောရာ၏၊

"မလျင် မဆော၊ တရားဟော၊ ပြေချော်မှု သိမ်စွ" ဟူသည်အတိုင်း ပရိတ်၏အနက်ကို အတတ်နိုင်ဆုံး ဆင်ခြင်၍ ရွတ်တော်မူကြပါဘုရား"

"ပရိတ်နာသူ ဒါယကာ၊ ဒါယိကာမတို့မှာ ပရိတ်တော်၏အနက်ကို မသိလင့်ကစား သဒ္ဓါတရားပွား လျင်ပင် ကျေးဇူးကြီးလှပါသည်။ ရွတ်သူအရှင်ကောင်းတို့ကသာ ပရိတ်တော်၏အနက်ကို ဆင်ခြင်ရမည် ဖြစ်ပါသည်ဘုရား"

"မေတ္တာသုတ်၌-ပထမပါဒနှင့် ဒုတိယပါဒသည် မတြိဘုများသော မတ္တာဝုတ္တိ ဂါထာများဖြစ်၍၊ ရွတ်ဆိုရာ၌ ပါဒချင်း ရောစတ်ပါလည်။ ထို့ကြောင့် ဂ-လုံးတစ်ပိုဒ် တစ်ခါတစ်ခါရပ်၍ မလျင် မဆော ရွတ်တော်မူကြပါဘုရား"

လျင်လျင်မြန်မြန် ရွတ်ခြင်းဖြင့်
ကာယောပိ ကိလမတိ = ကိုယ်ပင်ပန်း၏၊
စိတ္တံပိ ဥပဟညတိ = စိတ်ပင်ပန်း၏။
သရောပိ ကုပ္ပတိ = အသံပျက်၏၊
ကဏ္ဌောပိ အာတုရိယတိ = လည်ချောင်းနာ၏။
အဝိသဒ္ဒံပိ ဟောတိ = အရေးအကြိုးရွတ်သူ၏ အသံ မသန့်ရှင်း၊
အဝိညေယျံ = အနက်အဓိပ္ပါယ်မသိလွယ်။

ဤအပြစ်များကို ရှောင်ရှားနိုင်ရန် ပြည်းပြည်းရွတ်တော်မူကြပါဘုရား။

မေတ္တာပွားနည်း ၁၁ ပါး

ဤသို့ လျှောက်ထားပြီးလျှင် တစ်လုံးချင်း၊ တစ်ပိုဒ်ချင်း ပြည်းပြည်းလေးလေးရွတ်တော်မူပါသည်။ မေတ္တာသုတ်လာ မေတ္တာ ၁၁ နည်း ပွားနည်းမှာ ဤသို့ဖြစ်ပါသည်။

(၁) လုံးစုံများစွာ၊ သတ္တဝါ။ ချမ်းသာကိုယ်စိတ် ပြုပါစေ၊
ဥပါဒါရုံငေး ကင်းစင်ဝေး ပြုံးအေးကြပါစေ၊

(၂) ကြောက်စရာတစ် မကြောက်တစ် နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်ပြုပါစေ၊ ဥပါဒါရုံငေး ကင်းစင်ဝေး၊ ပြုံးအေးကြပါစေ၊

(၃) မြင်းအပ် မမြင်းအပ်၊နှစ်ရပ်များစွာ၊သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၄) ဝေးနေ နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ အေးငြိမ်းကြပါစေ။

(၅) ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ အေးငြိမ်းကြပါစေ။

(၆) ရှည် တို အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၇) ကြီး ငယ် အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ အေးငြိမ်းကြပါစေ။ ။

(၈) ဆူ ကြုံ အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ကင်းစင်ဝေး၊ အေးငြိမ်းကြပါစေ။ ။

(၉) လူအချင်းချင်း လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။ ။

(၁၀) အထင်သေးခြင်း အချင်းချင်း၊ ကင်းရှင်းကြပါစေ။ ။

(၁၁) ဆင်းရဲလိုခြင်း အချင်းချင်း၊ ကင်းရှင်းကြပါစေ။ ။

တစ်လုံးချင်း တစ်ပိုဒ်ချင်းကို ဖြည်းလေးစွာ ရွတ်တေ်မူမှလည်း ဤမေတ္တာ ၁၁ နည်းကို နှလုံးသွင်းနိုင်မည်။ ဤသို့ နှလုံးသွင်း၍ မေတ္တာဘာဝနာ ပွားမှလည်း လူသူမှာ အကျိုးကြီးပါမည်။

ပရိတ်ရွတ်ရာ၌ အစီအရင်များ

ဝန္ဒသုတ်သည် ဘုရားအလောင်း ဝုံးမင်း သစ္စာပြုပုံ ဖြစ်သည်။ ဘုရားအလောင်းနေရာ၌ ရွတ်သူကို အစားထိုး၍ မဖြစ်ချေ။မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာကို ပူဇော်သောအားဖြင့်သာ ရွတ်ရသည်ဖြစ်၍ လက်အုပ်ချီပြီးလျှင် ဘုရားအလောင်း ဝုံးမင်း၏ သစ္စာ အာနုဘော်၊ မြတ်စွာဘုရား၏ ဒေသနာ အာနုဘော် ကြောင့် မိုးဘေးကင်းဝေးကြပါစေ ဟူသော မေတ္တာ ဖြင့်သာ ရွတ်တော်မူပါသည်။ ဤဝဋ္ဋသုတ်ကို ရွတ်တော်မူသောအခါ အထူးအာရုံထား သောနေရာဌာနဒ္ဒေသ အရပ်အပိုင်းအခြားကို လက်ညှိုးလေးဖြင့် လှုပ်ရမ်းလျက် မေတ္တာထား၍ ရွတ်တော်မူပါသည်၊ ရဟန်းတော်ဖြစ်၍ လက်ရုံးကိုဆန့်တန်းရန်လည်း မလျှော်ချေ။ စကားပြောခွက်ကို လက်မှာကိုင်ထားရသဖြင့်ဤမျှသော ကာယဝိညတ်ကိုသာ ဆရာတော်ကြီး ပြုတော်မူပါသည်။

ထို့နောက် ဤတိပိုသော စသော ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ရွတ်ပွားတော်မူသော အခါ ဇုဒ္ဓါနုဿတိ ဘာဝနာ၊ ဓမ္မာနုဿတိ ဘာဝနာ၊ သံဃာနုဿတိ ဘာဝနာကို ပွားတော်မူရင်း ရတနာသုံးပါးကို လက်အုပ်ချီမိုး ရှိခိုးပူဇော်လျက်သာ ရွတ်တော်မူပါသည်။

အလှူရှင် ဒါယကာ၊ ဒါယိကာမအပေါင်း၏ အစီးအပွားမဲ့ကို ဖယ်ရှား၍ အစီးအပွားရှိအောင် မေတ္တာပါးကို ပွားတော်မူလျက် "ယံ ဒုန္နိမိတ္တံ" စသည်ကို ရွတ်တော်မူပါသည်။

ဆရာတော်ကြီး ပရိတ်ရွတ်တော်မူနေစဉ် ဆရာတော်ကြီး၏အသံကိုသာမက၊ရူပကာယတော်ကိုပါ အာရုံပြု၍ ကြည့်ပါလျှင် ထူးခြားသော အမူအရာတို့ကို ဖူးမြင်ရမည် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် တရားဒေသနာကို ရှိသေသည်မှာ မဆန်း၊ လူဒါယကာတို့ လက်အုပ်ချီမိုး ရှိခိုး၍ လျှောက်ထားသမျှကိုပင်လျှင် လက်အုပ်ချီလျက် နာယူလေ့ရှိပါသည်။

ထို့ကြောင့် ဟရားတော်၌လည်း လေးစား၊မေတ္တာကိုလည်း အလေးထားတော်မူသော ဆရာတော်ကြီး၏ ပရိတ်ဒေသနာသည် အလှူဒါယကာတို့ အဖို့ လွန်စွာကျေးဇူးများမည်မှာ ကေန်ဖြစ်ပါသည်။အဘယ်ကြောင့် ဆိုသော် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင်က အရှင် သု ဘူ တိ မ ထေရ် မြတ် ၏ ထုံးကို နှလုံးမူ၍ မေတ္တာပွားတော်မူခြင်း၊ ဒါယကာ အပေါင်း တို့မှာလည်း ပရိတ်တော်၏ အနက်ကို မသိစေကာမူ ဆရာတော် ဘုရားကြီး ရွတ်ပွားတော်မူသော ပုဒ် ပါဠိ အက္ခရာတို့ကို ပီသစွာ နာကြားနေရသည်ဖြစ်ရာ အသံတော်၌ ကြည်ညိုသဒ္ဓါပွားရင်း ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကို အာရုံပြု၍ ပရိတ်တော်ကိုနာယူနေကြရသောကြောင့် ဖြစ်ပါသတည်း။ ။

ကျော်လှိုင်

လောဘဒေါသမာနကင်းလျှင်

လွန်ဒေါင်မြင့်

တိုးတိုးနိုးနိုး



ပုံ-ဖြူသန့်လှ

တတိယဆုံးနှစ်ခေါင်း ၁၅၇

ဤခေတ် အရှင်အာနန္ဒာ

ဓမ္မဘဏ္ဍာဂါရိက ဆိုသည်မှာ တရားဘဏ္ဍာတော်ကို ဆောင်ထားနိုင်သူကို ဆိုပါသည် ဘုရားရှင်လက်ထက်တော်ကာလက ညီတော်အာနန္ဒာကို တရားဘဏ္ဍာတော်များ ဆောင်ရွက်ထားနိုင်သူဖြစ်၍ ဓမ္မဘဏ္ဍာဂါရိက အရှင်မြတ်ဟု ခေါ်ဝေါ်ကြသည်။ အရှင်အာနန္ဒာ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် ဓမ္မဘဏ္ဍာဂါရိက အမည်ရသူ တစ်ဦး တစ်ယောက်မျှ မထွက်ပေါ်ခဲ့ဘူး ပါခြေ။

အရှင် အာ နန္ဒာ သည် တရားဘဏ္ဍာတော်ကိုလည်း ဆောင်တော်မူသည် ပထမသံဂါယနာအခါက သုတ္တန္တပိဋကနှင့် အဘိဓမ္မာပိဋကတို့ကို ဖြေဆိုတော်မူခဲ့သော ဓမ္မဝိသဇ္ဇက ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူသည်။

သံဂါယနာ အလျဉ်သည် ပဌမမှ ဒုတိယ ဒုတိယမှ တတိယ တတိယမှ စတုတ္ထ၊ စတုတ္ထမှ ပဉ္စမ၊ ပဉ္စမမှ ဆဋ္ဌအကြိမ်သို့ စီးဆင်းလာသောအခါ မြန်မာနိုင်ငံတော်သို့ ဆိုက်ရောက်တော်မူလာသည်။

မြန်မာနိုင်ငံတော်၌ ဆဋ္ဌသံဂါယနာ သဘင်ဆင်ယင်သော အချိန်တွင် ဆဋ္ဌသံဂါယနာသဘင်ဆင်ယင်ခြင်းငှာ ထိုက်သော် ပိဋကတ်သုံးပုံဆောင် ဓမ္မဘဏ္ဍာဂါရိက အရှင်မြတ်တစ်ပါး ထင်ရှားစွာ ဖြစ်ထွန်းပေါ်ပေါက်တော်မူနေပြီ....

ဆဋ္ဌသံဂါယနာသဘင်၊ ဆင်ယင်သောအခါထို ဓမ္မဘဏ္ဍာဂါရိက အရှင်သည် အရှင်အာနန္ဒာကဲ့သို့ပင် မထေရ်ကြီးများ မေးမြန်းသမျှသော ပိဋကသုံးသွယ်....နိကာယ်ငါးရပ်လာ တရားများကို မြင်းကောင်းပြေးသကဲ့သို့ ဖြေဆိုတော်မူခဲ့သည်ထို့ကြောင့် ထိုအရှင်မြတ်အား ဒုတိယ အရှင်အာနန္ဒာ ဟူ၍ ပညတ် ခေါ်ဝေါ်ခဲ့ကြသည်။

ထိုအရှင်မြတ်အား ပိဋ္ဌကတ် သုံး သွယ် ကို ဆောင်နှိုင်ခြင်း၊ ဥပဓိရုပ်၏ ကောင်းခြင်း၊ အသံ သြဇာနှင့် ပြည့်စုံခြင်း၊ အဟောအပြောကောင်း ခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင် အများသည် ဘုရားတစ်ဆူ ပွင့်တော်မူသကဲ့သို့ မှတ်ယူ ကြည်ညိုခဲ့ကြပါသည်။ ထိုအရှင်မြတ်သည်ကား....

ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဠံသကာ
အဋ္ဌကထာ ပြန်အကျော်
အစိုးရ ပဌမကျော်
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ဝိသိဋ္ဌဝိနယဓံရ မဟာဝိနယကောဝိဒ
ဝိသိဋ္ဌအာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ
ဝိသိဋ္ဌဒီဃဘာဏက မဟာဒီဃနိကာယ
ကောဝိဒ
ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ
ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက
ကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသံဂီတိ ဝိဿဇ္ဇက
အဂ္ဂ မဟာပဏ္ဍိတ
အဘိဓဇ မဟာရဋ္ဌဂုရု--

စသော ဂုဏ်ပုဒ်များဖြင့် တန်ဆာဆင်အပ်သော မင်းကွန်းသခင် ထေရ်အရှင်ကြီးဖြစ်ပါသည်။

ကမ္ဘာပျံးလူဘို့သည် နေ-လကို တောင့်တကြသကဲ့သို့ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဗုဒ္ဓဘာသာဝင်များသည်လည်း ဆရာတော်ကြီးကို တောင့်တကြပါသည်၊ ဆရာတော်ကြီးကို အလွန် ပူးမြင်လိုကြပါသည်။

"ဂုဏာဝဠေ ပဿန္တိ ဇနာ"

ဆိုသည်အတိုင်း သာမန်ဂုဏ်ရှိသော မင်းသမီး မင်းသား အရပ်သား များကိုပင် လူတို့သည် အလွန်ကြည့်လို မြင်လိုကြပါ၏ အလွန်ဂုဏ်ကောင်းကြီးမားသော ဆရာတော်ကြီးကိုမူကား အဘယ်မှာ မပူးမြင်လိုဘဲ ရှိကြပါမည်နည်း။

သို့သော် ဆရာတော်ကြီးအနီးအပါး နေထိုင်ကြရသူများက ဆရာတော်ကြီးအား နေ့စဉ် ဖူးတွေ့နေကြရသဖြင့် ဆရာတော်ကြီးအား ဖူးတွေ့ကြရခြင်းအတွက် ဘာမျှ အခက်အခဲ ရှိမည် မဟုတ်ပါသော်လည်း အခေါင်းတောမြို့ တောရွာတို့၌ နေထိုင်ကြရသူများအတွက်ကား ဆရာတော်ကြီးအား ဖူးတွေ့ရန်ပင်လျှင် ဒုလ္လဘကြီးတစ်ပါး ဖြစ်ခဲ့ပါသည်။

တိပိဋကဓရ ထီးချိုင့်သို့ ကြွခဲ့

ထီးချိုင့်မြို့သည် စစ်ကိုင်းတိုင်း မြောက်ပိုင်းကျ၍ ရောဝတီမြစ်ကမ်းမှ ရှေးဟောင်းမြို့ကလေး တစ်မြို့မျှ ဖြစ်သည် ထိုထီးချိုင့်မြို့၌ ရောဝတီမြစ်ကြောင်းလမ်းမှ တပါး ရထားလမ်းလည်း မရှိ၊ ကားလမ်းလည်းမရှိသောကြောင့် ချောင်ကျသော မြို့တစ်မြို့ ဖြစ်သည်။

ထီးချိုင့်မြို့နှင့် ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကား မည်သို့မျှ အဆက်အစပ်မရှိ၍ ထီးချိုင့်နယ်သူ နယ်သားများအတွက် ဆရာတော်ကြီးအား ဖူးမြော်ခွင့်ရရန် အလွန် ခက်လှပါသည်။

သို့သော် ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး၏ ကျောင်းဒါယကာ၊ ရဟန်း ဒါယကာဖြစ်သော ဦးမြို့သည်ကား ထီးချိုင့်မြို့သား ဖြစ်ခဲ့သည်၊ ကျောင်းဒါယကာကြီး၊ ဦးမြို့ကောင်းမူ ကျောင်းများသည် ထီးချိုင့်မြို့၌လည်း ရှိသည်။ ထီးချိုင့်မြို့ကျောက်စေတီတိုက်ကျောင်း၊ ရွှေအင်ကြင်းတောရ ကျောင်းများသည် ဦးမြို့၏ ကောင်းမှုများ ဖြစ်ကြသည်၊ ဦးမြို့၏ ဆွေမျိုးများသည်လည်း ထီးချိုင့်မြို့၌ ရှိကြသည်။

တစ်ရံရောအခါ ဦးမြို့၏ ဆွေမျိုးများက ရှင်ပြုအလှူပွဲထုပ်သည်၊ ထိုအလှူသို့ ကြွပါရန် ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးအား ပင့်ကြသည်၊ ဆရာတော်ကြီးသည် ရဟန်း ဒါယကာ၊ ကျောင်းဒါယကာကြီး၏ [illegible] ဆောက်မြောက်တော်မူ၍ အဆန်းသစ်ကြီး ဖြစ် ထီးချိုင့်မြို့သို့ ကြွလာတော်မူသည်။

ငဲ့ညှာတတ်သည့် ဆရာတော်

ဤမျှ ဂုဏ်တော်ကြီးမားသော ဆရာတော်ကြွလာတော် မမူဘူးသောကြောင့် ထီးချိုင့်မြို့သူမြို့သားများ ပျာပျာသလဲ ဖြစ်နေကြသည်၊ထီးချိုင့်၌ မော်တော်ကား မရှိသောကြောင့် ကား ဖြင့်လည်း ပင့်စရာမရှိ၊ နွားလှည်းကြီးနှင့် ပင့်ရန်လည်း အမြင်မတော် ဆင်တော်နှင့် ခလောက်ဖြစ်ချေပြီ....

ဘယ်လို ပင့်ကြမည်နည်း။ လူထမ်းယာဉ်နှင့် ပင့်မှ တော်မည်၊ လူထမ်းယာဉ်နှင့် ပင့်လျှင်လည်း အကြိုအဆို အသိုင်း အဝိုင်းလည်း ပါဦးမှဖြစ်မည်၊ ဤသို့ဖြင့် ရဟန်းရှင်လူ ဝိုင်းအုံ၍ လူထမ်းယာဉ်ဖြင့် သင်္ဘောဆိပ်ကမ်းမှ ကြိုကြသည်၊ သင်္ဘော ဆိုက်လျှင် ဆိုက်ချင်း ကြိုဆိုရေး ခေါင်းဆောင်များ ဆရာတော်ကြီး သီတင်းသုံးရာ သင်္ဘော ဦး ခန်းသို့ သွားကြသည်၊ အကြိုအဆို ပုဂ္ဂိုလ်များကို မြင်၍ ဆရာတော်ကြီး သင်္ဘောအခန်းမှ ထွက်တော်မူလာပြီးလျှင် ဆိပ်ကမ်း၌ ကြိတ်ကြိတ်တိုးနေသော လူများကို ကြည့်၍ "ဘာလုပ်ကြတာလဲ" ဟု မေးပါသည်။

ဆရာတော်ကြီးအား အကြိုလာပါကြောင်း လျှောက်ထားကြသောအခါ ဆရာတော်ကြီးသည် လက်ကာတော်မူ၍။

"အို....ဘာလုပ် ဒီလို လုပ်ကြတာလဲ၊ အလကားရှုပ်လို့၊တို့မှာလည်း ခြေထောက်ပါ,ပါတယ်၊ သူများသွားသလို သွားမှာပေါ့၊ လူယာဉ်"မစီးပါရစေနှင့်"ဟု ငြင်းပယ်တော်မူပါသည်။

ကြိုဆိုရေး ပုဂ္ဂိုလ်များက ဒကာများကို ချီးမြှောက်တော်မူသောအားဖြင့် စီးတော်မူပါဘုရား ဟု ထပ်ကာ, ထပ်ကာ လျှောက်ထားသော အခါမှ....

"အေးကွယ်....ခုတော့ အားနာပါးနာ စီးရတော့မှာပဲ၊ အပြန်တော့ မလုပ်ကြပါနှင့်" ဟု တောင်းပန်တော်မူ၍ ထမ်းစင်ထက်သို့ တက်တော်မူပါသည်။

ဖော်ရွေတတ်သည့် ဆရာတော်

"ဆရာတော်ကြီးနှင့် မကြုံတွေ့မီက ဤမျှ ဂုဏ်တော်ကြီးမားသော ဆရာတော်ကြီးကား အမျှားနှင့် ရောနှောခြင်းမပြုဘဲ ကိုယ့်ဂုဏ်နှင့်ကိုယ် တစ်ကိုယ်တည်း နေမှာပဲဟု ယူဆ၍ ဆရာတော်ကြီး သီတင်းသုံးရန် သီးသန့်နေရာ ပြင်ဆင်ထားကြပါသည်၊ ခဲဖွယ်ဘောဇဉ် သုးဆောင်ရန်အတွက်လည်း တစ်သီး တခြား စီမံထားကြပါသည်။

ထိုအခါ ဆရာတော်ကြီးက–

"တပည့်တော်ကို သီးသန့်ခွဲမထားကြပါနှင့်၊ တပည့်တော်ဟာ သံဃာတော်အများနှင့် အတူအိပ်ပြီး သံဃာတော်အများနှင့် အတူစားချင်ပါတယ်"

ဟု အများနှင့် လိုက်လျောစွာ မိန့်ဆိုတော်မူပါသည်။

ဆရာတော်ကြီးသည် ထီးချိုင့်မြို့သို့ ကြွရောက်တော်မူစဉ်ကာလက ရွှေစည်းခုံကျောင်းတိုက်၌ သီတင်းသုံးတော်မူပါသည်၊ ထီးချိုင့်ရွှေစည်းခုံကျောင်းတိုက်သည် မြို့လယ်၌တည်ရှိ၍ ကျောင်းအုတ်တံတိုင်းကိုလွန်လျှင် မြို့တွင်းသို့ ရောက်ပါသည်။

ဆရာတော်ကြီးသည် အညောင်းလည်း ပြေ ဇေ....ဗဟုသုတလည်း ဖြစ်စေဟူသော သဘော ဖြင့် ကျောင်းဝင်းကို လှည့်လည် ကြည့်တော်မူ သည်။ ကျောင်းဝင်း အရှေ့ပေါက်သို့ ရောက် တော်မူလျှင် ရပ်တံ့တော်မူ၍-

''ဒီအနီးအနားမှာ ဆံပင်ညှပ်ဆိုင် ရှိ သလား?ဟု မေးတော်မူပါသည်။

''ရှိပါတယ်ဘုရား ဆရာတော် ဘာအလိုရှိလို့ ပါလဲဘုရား''ဟု လျှောက်ထားသောအခါ

''ခေါင်းမှာဆံပင်ရှည်နေတာ စက်ကတ်ကြေး နှင့် ညှပ်ပစ်ချင်တယ်၊ ငြူန်းခနဲရောက်စမို့ ခေါင်း မရိတ်ဝံ့ဘူး၊ အအေးမိမှာစိုးတယ်''ဟု မိန့်တော် မူပါသည်။

''ဒီလိုဆို....ဆံပင်ညှပ်သမားကို တပည့်တော် ပေါ်ပေးပါရစေဘုရား။

''မခေါ်နှင့်၊ မခေါ်နှင့်၊ ကိုယ့်အတွက်နှင့်သူ တပါး တာဝန်ကြီးသွားလျှင် မကောင်းဘူး။ အဲ့သည်ဆိုင် ဘယ်နားမှာလဲ၊ လာ....လိုက်ခဲ့စမ်း ပါ၊ အဲသည်ဆိုင်သွားပြီး ညှပ်ကြပါစို့''

''မကောင်းပါဘူး ဆရာတော်ဘုရား။ တပည့် တော်ခေါ်ပေးပါရစေ၊ ဒီကျောင်းမှာ ညှပ်တော် မူပါဘုရား''

''ဘာလို့မကောင်းရမှာလဲ၊ ဆံပင် ညှပ်တာ ကြာတာမှတ်လို့....လာပါ....လိုက်သာ လိုက်ခဲ့ပါ''

ဆရာတော်အား ဆက်၍ မလျှောက်ထားဝံ့ တော့သဖြင့် ဆံပင်ညှပ်ဆိုင်အထိ လိုက်သွားရပါ သည်။

ဆရာတော်သည် ဆံပင်အညှပ်ခံကာ ဦးခေါင်း ကို သုတ်သင်ပြီးမှ ကျောင်းသို့ပြန်ကြွပါသည်။

ဆရာတော်ကြီးနှင့် နှစ်ရက်-သုံးရက်မျှ ချဉ်း ကပ်နေခဲ့ရသဖြင့် ဆရာတော်ကြီး၏ သဘောထား ကို ရိပ်စားမိခဲ့ပါသည်၊ ဆရာတော်ကြီးသည် ယနေ့တွင် လိုတရသော ပတ္တာပြားကြီးကဲ့သို့ တစ် တိုင်းပြည်လုံး အုန်းအုန်းကျွက်ကျွက် ပူဇော်ခြင်း ကို ခံယူတော်မူနေရပြီ....

ဆရာတော်ဘုန်းကြီးခြင်း အကြောင်းရင်း

လူသာမန်တို့ စိတ်မျှမကူးဝံ့သော တိပိဋကဓရ ထုတ်လုပ်ရေး၊ ဝိဇ္ဇာလယကျောင်းတော်ကြီးများ တည်ဆောက်ရေးတို့ကို အောင်မြင်စွာ ဆောင် ရွက်တော်မူလျက် ရှိပါပြီ။

ဆရာတော်ကြီး ဤမျှ အောင်မြင်တော်မူခြင်း ကား ပိဋကတ်သုံးပုံကို အာဂုံဆောင်ရွက်တော် မူနိုင်ခြင်းကြောင့်လည်းမဟုတ်၊ ဆဋ္ဌသံဂါယနာ ဝင် အရှင်သခင် · ဖြစ်တော်မူသောကြောင့်လည်း မဟုတ်၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုး တော်ဆောင် အရှင်သခင်ဖြစ်တော်မူသောကြောင့် လည်း မဟုတ်ပါချေ။

ဆရာတော်ကြီးသည် အထက်တန်း ပညာရှင် ကြီး ဖြစ်ပါသည်၊ ဓမ္မကထိက အကျော်အမော် ကြီးဖြစ်ပါသည်၊လောဘ,ဒေါသ,မာန်မာနတရား တို့သည် ဤသို့သော ထိပ်သီးပုဂ္ဂိုလ်ကြီးများ အား ပူးဝင်၍ နှိပ်စက်တတ်ပါသည်။

''လောဘ၏ ဖိစီးနှိပ်စက်ခြင်းကို ခံရလျှင် ရသမျှကို လိုချင်သည်၊ တော်ပါပြီ-တန်ပါပြီ ဟု မဆိုပြီ ပီးပုံကြီးသည် ထည်သမျှသော လောင်စာကို ဝါးမြိုသကဲ့သို့ လောဘသမား

သည် ရလေလိုလေ....အိုတစ္ဆေဖြင့် ရောင့်ရဲမှု ကင်းကွာလာသည်။

လောကကြီးသည် ပဋိပက္ခဓာတ်နှင့် အမြဲယှဉ် နေသည်။ ။

လိုချင်လျှင် မရ၊ မလိုချင်မှရသည်။

လောဘကြီးသူမဲ့၍
လောဘနည်းသူ ချမ်းသာသည်။

"ဒေါသ၏ ဖိစီးနှိပ်စက်ခြင်းကိုခံရလျှင် မြင် မြဲင်တကာအပေါ် အမျက်ထွက်သည်၊ မာန်လိုက်၊ မဲလိုက်၊ ဆဲလိုက်၊ ဆိုလိုက်ဖြစ်လာသည်။ ထိုအခါ ဒေါသ၏ ဆန့်ကျင်ဘက် တရားတို့၏ တိုက်ခိုက် ခြင်းကိုခံရ၍ အများကမုန်းခြင်း၊ ကြဉ်ဖယ်ခြင်းကို ခံရတတ်သည်။

"မာန၏ဖိစီးနှိပ်စက်ခြင်းကိုခံရလျှင် ငါလို လူ ဇမ္ဗူမှာရှိသလားဟု ဆောင့်ကြွားကြွား ဖြစ်လာသည်။ သူတပါးအပေါ် အထင် အမြင် သေးလာတတ်သည်၊ ကိုယ်ချင်းစာ တရား ကင်းလာတတ်သည်။ ထိုအခါ မာန၏ ဆန့်ကျင်ဘက်တို့ တိုက်ခိုက်ခြင်းကြောင့် လူထု က မာနရှင်ကို လျစ်လျူရှုခဲ့ကြသည်။ ။

ဆရာတော်ကြီးကား စာသိပုဂ္ဂိုလ်ကြီးမျှမက ငါသိပုဂ္ဂိုလ်ကြီးဖြစ်၍ ဂါဟတည်းဟူသောဘီလူး၏အကိုက်ကို ခံတော်မမူပါ။ ဂါဟကင်းတော်မူသောကြောင့် လောဘ အားနည်းတော်မူသည်။ မာနအားနည်းတော်မူသည်။ ဒိဋ္ဌိအားနည်းတော်မူသည်။

သူတပါးအပေါ် ကိုယ်ချင်းစာနာတတ်သည်၊ မပြတ်မေတ္တာပွားတော်မူသည်။ သူတပါးကို ချစ်ခင်တတ်သည်။

ထို့ကြောင့် ဆရာတော်ကြီးကိုမြင်လျှင် မြင် သူတိုင်းက ချစ်ခင်သည် မြင်သူတိုင်းက လေးစား သည် မြင်သူတိုင်းက လွှုချင်တန်းချင်သည်၊

ဤအကျိုးဂုဏ်အင် အာနိသင်များကား ဆရာ တော်ကြီး၏ လောဘနည်းခြင်း၊ ဒေါသနည်း ခြင်း၊ မာနနည်းခြင်း၊ ကိုယ်ချင်းစာနာတတ်ခြင်း ၏ ပစ္စက္ခအကျိုးများပင် ဖြစ်ကြပါသည်။ ပစ္စက္ခ၌ ပင်လျှင် ဆရာတော်ကြီး၌ ဤမျှအကျိုးတရား ခံစားတော်မူနေရပါမူ သံသရာအကျိုးကိုမူကား အထူးပြောစရာ မရှိဖြစ်ပါသည်။

အကျွန်ုပ်တို့သည် ဆရာတော်ကြီးကဲ့သို့ လော ကီ လောကုတ္တရာအကျိုးတရားများ ခံစားစံစား လိုကြပါ၏ သို့သော် ဆရာတော်ကြီးကဲ့သို့ လော ဘ၊ ဒေါသ၊ မာနဘရားများကို ကင်းပါးအောင် မရွက်ဆောင်ခဲ့ကြပါ။


အကယ်၍သာ လောဘ၊ ဒေါသ၊ မာန်မာန တရားများကိုဆရာတော်ကြီးကဲ့သို့ကင်းပါးအောင် ပြုထားကြမည်ဆိုပါက အကျွန်ုပ်တို့သည်လည်း ဆရာတော်ကြီးကဲ့သို့ပင် ဟုန်းဟုန်းတောက် ကြီး ပွားကြမည် ဖြစ်ပါသတည်း၊

ထီးချိုင့်နတ်စိုး



ရောင်ပါဒနှင့်
ထွန်းပါစေ

တင်ထွန်း(မိုလ်)



ဆရာတော်ဘုရား မိန့်ကြားတော်မူပုံ

''အရှင်မြတ်တို့သည် သဗ္ဗညုမြတ်စွာ သာသနာတော်သုံးရပ်တို့တွင် ရေကန်ကြီး၌ ကန်ပေါင်ကန်ရိုးနှင့် ဥပမာတူသော၊ သစ်ပင်ကြီး၌ ဓရသောက်မြစ်နှင့် ဥပမာတူသော ပရိယတ္တိသာသနာကို အာခါလေးမြင့်ရှည်ကြောတင့်အောင် မြောက်ပင့် အားပေးမည်ဟူသော မြင့်မြတ်သော ရည်သန်ချက်ဖြင့် ဤတိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီးသို့ ဝင်ရောက် ပြန်ဆို၊ ရေးဖြေတော်မူကြရန် နှစ်တန်သော အာဂုံ၊ သတောတည်းဟူသော ပရိယတ္တိ သာသနာတော်၏ အဆီအနှစ်မျှားကို အာဃာတ်ဆည်းပူးပြီး အသင့်ရှိနေကြပြီဟု ယုံကြည်ပါသည်ဘုရား''

အကြိမ် ၄၀ မြောက် တိပိဋကဓရ ရွှေးချယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်က သမ္မာဒနိယ ဩဝါဒကထာကို မြွက်ကြားနေခြင်း ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးဟာ အသံတော်သည် တစ်လုံးချင်း ကြည်လင်ပီသစွာ ဆက်လက် ထွက်ပေါ်လာနေပါသည်။

"သာသနာတော် တိုးတက်သန့်ရှင်း တည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်ကြရာ၌ ပရိယတ္တိ သာသနာတော်သည် အခြေခံ အရင်းမူလ အကျဆုံး ဖြစ်သည်ကို သိရှိတော်မူကြ၍ လည်းကောင်း၊ ထိုပရိယတ္တိ သာသနာတော်တွင်လည်း ဝိနည်းသာသနာတော်သည် သာလွန်၍ အခြေခံ အရင်းမူလကျသည်ကို ဆင်ခြင် သိမြင်တော်မူကြ၍ လည်းကောင်း၊ တိပိဋကဓရ အလျာ စာတော် ပြန်ပွဲဝင် အရှင်ကောင်းမှန်သမျှ အရည်အချင်းစုံပြည့်ဝသည့် ဝိနယဓရပုဂ္ဂိုလ်တွေ စင်စစ် ဖြစ်စေရမည်ဟူသော မြော်မြင်ချက် ကြီးစွာဖြင့် တိပိဋက ရွေးချယ်ရေး ဤစာမေးပွဲကြီး၌ ဝိနည်းကို ပထမ ဖြေဆိုရမည့် ဘာသာ မဖြေမနေရ ဘာသာအဖြစ် သတ်မှတ်ပြင်ဆင် ပြဋ္ဌာန်းကြောင်းကို အရှင်မြတ်တို့ ကောင်းစွာ သိရှိပြီး ဖြစ်ကြပါသည် ဘုရား;"

ဆရာတော်ကြီး၏ မိန့်ဆိုချက်ကို ကြားနာရင်း ဆရာတော်ကြီး သက်တော် ၃၉ နှစ် အရွယ် ၁၃၁၂ ခုနှစ် ဆီက ၃ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် ဆရာတော်ကြီးသည် ဝိနည်း ဘာသာကိုပင် ပထမဆုံး စတင်၍ ပြန်ဆို ရေးဖြေခဲ့သည်ကို သတိရလာမိပါသည်။ ထိုစဉ်က ဆရာတော်ကြီးသည် ဝိနည်း ၅ကျမ်းကို အာဂုံရော ရေးဖြေပါ တစ်နှစ်တည်း ဂုဏ်ထူးအသီးသီးဖြင့် အောင်မြင်ခဲ့၍ တိပိဋက ရွေးချယ်ရေး စာမေးပွဲအပေါ် အားလျော့စ ပြုလာသော လူအများ၏ သံသယကို ပယ်ပျောက်စေခဲ့သည် မဟုတ်ပါလား။

"ဝိနည်း ပိဋကတ်တော်သည် သီလ သမ္ပဒါအား ကျေးဇူး များကြောင်း၊ သုတ္တန် ပိဋကတ်တော်သည် သမာဓိသမ္ပဒါအား ကျေးဇူးများကြောင်း၊ အဘိဓမ္မာ ပိဋကတ်တော်သည် ပညာ သမ္ပဒါအား ကျေးဇူးများကြောင်း အဋ္ဌကထာ ဖွင့်ပြချက်တို့ကို ပြက်ပြက်ထင်ထင် အရှင်မြတ်တို့ အကြိမ်ကြိမ်အထပ်ထပ် လေ့လာမှတ်သား အပ်ပြီး ဖြစ်ပါသည်။

အရှင်မြတ်တို့သည် ဝိနည်းပိဋကတ်ကို အထပ်ထပ် ရွတ်အံ ကြံစည်ပွား များ မှတ်သား ကျင့်ကြံခြင်းဖြင့် သီလ သမ္ပဒါကို အလွယ်နှင့် ဖြည့်ကျင့်နိုင်ကြပြီး လျှင် သုတ္တန် ပိဋကတ်၊ အဘိဓမ္မာ ပိဋကတ်တို့ကို အထပ်ထပ် ရွတ်အံ ကြံစည်ပွား များ မှတ်သား ကျင့်ကြံခြင်းတို့ဖြင့် သမာဓိ သမ္ပဒါ၊ ပညာသမ္ပဒါ နှစ်သွယ်တို့ကိုလည်း အလွယ်နှင့် ဖြည့်ကျင့်နိုင်မည် ကေန်အမှန်ပင် ဖြစ်ပါသည်။ ဤနည်း အားဖြင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ဘုရား သာသနာတော်သည် အရှင်မြတ်တို့၏ လုံ့လဝီရိယဖြင့် ဆထက်ထမ်းပိုး၊ တိုးတက်လင်းပြောင်၊ အရောင်ပဝင်း ထွန်းလင်းမည် ကေန်အမှန်ပင် ဖြစ်ပါသည် အရှင် ဘုရားတို့"

ဆရာတော်ကြီးသည် ပိဋ္ဌကတ်သုံးပုံကို အထပ်ထပ် ရွတ်အံကြံစည်ပွားများမှတ်သား ကျင့်ကြံခြင်းဖြင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို အလွယ်နှင့်ဖြည့်ကျင့်နိုင်မည် ဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်သည် လည်း အရောင်ပဝင်း ထွန်းလင်းနိုင်မည် ဖြစ်ကြောင်းကို ရှင်းလင်းမြွက်ကြား၍ နေပါပြီ။

တကယ်တော့ ဤလမ်းစဉ်သည် ဆရာတော်ကြီး လျှောက်လှမ်ရှိသော၊ ဆရာတော်ကြီး နှစ်ခြိုက်သော လမ်းစဉ်ပင် ဖြစ်ပေမည်။ ဤလမ်းစဉ်ကို ကျင့်သုံးခြင်းဖြင့် အောင်မြင်မှု အတိုင်းအတာကို လွန်ခဲ့သော ၃၄ နှစ်က ဘူမိနက်သန်မှန်ရာ ဤဖလ်ယဉ်ဓမ္မာရုံပေါ်၌ပင် ဗုဒ္ဓသာသနာ ဝိသိဋ္ဌ တိပိဋ္ဌကဓရ ဗုဒ္ဓသာသန မဟာပိဋ္ဌက ကောဝိဒ ဘွဲ့တံဆိပ်တော်ကို ဆွတ်ယူ အောင်မြင်ခြင်းဖြင့် အများအား သိစေခဲ့ပါပြီ။ တကယ်ကြိုးစားလျှင် ရနိုင်သည့်လမ်းစဉ်ဖြစ်ကြောင်းကိုလည်း သက်သေထူခဲ့ပါပြီ။

သမိုင်းကြောင်းအရ ကျင့်သုံးခဲ့ကြပုံများ

သမိုင်းကြောင်းကိုပြန်ကြည့်ပါက ဤလမ်းစဉ်သည် သံဂါယနာတင် ခေါင်းဆောင် အရှင် မဟာကဿပ၊ အရှင် မဟာ ယသ၊ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ စသည့် မထေရ်ကြီးများနှင့် ရဟန္တာ အရှင်မြတ်များ နှစ်ခြိုက်ကျင့်သုံးခဲ့သော လမ်းစဉ်လည်း ဖြစ်ပေမည်။ ထိုထက်ပို၍ ဆိုသော် မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်ပင် ၄၅ ဝါ ပတ်လုံး ပိဋ္ဌကတ်သုံးပုံ၊ နိကာယ်ငါးရပ်ကို အရပ်ရပ်သို့ လှည့်၍ အထပ်ထပ် ဟောဆိုခြင်းဖြင့် ဤလမ်းစဉ်ကို ကိုယ်တိုင်လည်း ကျင့်သုံး၊ အများကိုလည်း ကျင့်သုံးစေကာ သာသနာ့ မီးရှူးတိုင်များကို လှည့်လည် ထွန်းညှိပေးခဲ့သည်ပင် မဟုတ်ပါလော။

ထို ဗုဒ္ဓ ထွန်းညှိ ပေး ခဲ့ သော မီးရှူး တိုင်များမှ ဆင့်ပွား ထွန်းယူ လာခဲ့ကြသည့် မီးရှူးတိုင်များ၏ အရောင်သည် ယခုအခါမည်မျှတောက်ပနေပါသနည်း။ ဗုဒ္ဓသာသနာတော်၏ မူလပင်မတည်ရာ အိန္ဒိယပြည်သည် ယခုအခါ ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံ ဟုတ်ပါရဲ့လား။ ယခင်က ဗုဒ္ဓသာသနာတော် ထွန်ကားခဲ့သော မလေးရှား၊ အင်ဒိုနီးရှား၊ ပီလစ်ပိုင်စသော နိုင်ငံများ၏ ယခုအခါ ဗုဒ္ဓဘာသာ ကိုးကွယ်မှု အခြေအနေသည် မည်သို့နည်း။ ဤသို့ မှက်စိကို ဝဲကြည့်က ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းလှပါတော့သည်။

ရေအိုင်ငယ်သည် ရေခန်းခြောက် လွယ်ပေမည်။ ထို့ထက် ရေကန်သည် ခန်းခြောက်ခဲလိမ့်မည်။ ထို့ထက် မြစ်ချောင်းတို့သည် ခန်းခြောက်ခဲပေလိမ့်မည်။ ထို့ထက် ပင်လယ်သည် ခန်းခြောက်ခဲပေလိုမ့်မည်။ ထို့ထက် တစ်ကမ္ဘာလုံးရှိ သမုဒ္ဒရာ ၅ စင်းမှ ရေတို့သည် ခန်းခြောက်ရန် မဖြစ်နိုင်လောက်အောင်ရှိပေလိမ့်မည်။ ထိုသို့ ဆိုလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး မခန်းခြောက်စေရန်အတွက် နယ်ပယ်သည် မည်မျှကျယ်ဝန်းပါမှ စိတ်ချရပါပေမည်နည်း။

ကမ္ဘာကို သာသနာဖြူရန်

တစ်နေ့က ဟိတေသီအမှုဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် သွားရာ အမှုဆောင် တစ်ဦးက ဤနှစ်ပါးစာ စာအုပ်တစ်အုပ် ပေးပါသည်။ စာအုပ်အမည်က 'ကမ္ဘာမှာ သာသနာပြုမည်' ဟူ၏။ ပိဋ္ဌကတ်ဘာသာပြန် စာပေဖြန့်ချိရေးအဖွဲ့က ထုတ်ဝေခြင်းဖြစ်သည်။ စာအုပ်ကို ဖွင့်ကြည့်လိုက်သည်နှင့် 'တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော်၏ ဖိတ်ကြားနှုံးဆော် မိန့်မြွက်တော်မူချက်' ဟူသော ခေါင်းစဉ်နှင့် ဆရာတော်ကြီး၏ ပုံတော်ကိုပါ ဖူးတွေ့ လိုက်ရသည်။ သို့နှင့် ကျွန်ုပ်လည်း ချက်ချင်းပင် စိတ်ဝင်စားစွာ ဖတ်ကြည့်မိသည်။

"ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့မှာ ကံကောင်း ထောက်မ၍ ဗုဒ္ဓ ရှင်တော်ဘုရား၏ တရားအမြိုက်ဆေးကို မှီဝဲသုံးစွဲလိုက်နာကျင့်ကြံကြရ၍ ကိလေသာမီး ငြိမ်းအေးမှုသုခချမ်းသာကို အထိုက်အလျောက် ခံစားကြရသော်လည်း ဗုဒ္ဓ ရှင်တော်ဘုရား၏ တရားအမြိုက်ဆေးကို မှီဝဲသုံးစွဲခွင့်မရကြသော ကမ္ဘာ့လူသားအများစုတို့မှာ ယခုထက်တိုင်ပင် လောဘ၊ ဒေါသ၊ မောဟ မီးသုံးပါး အလောင်အမြိုက် ခံနေကြရ၍ ဆင်းရဲဒုက္ခကြီးစွာ ရောက်နေကြရသည်ကို ဓမ္မအမြင်ဉာဏ်ဖြင့် ကြည့်လျှင် လင်းလင်းထင်ထင် သိမြင်နိုင်ပါသည်။

တစ်နည်းဆိုရလျှင် လောဘ၊ ဒေါသ၊ မောဟမီးသုံးပါး အလောင်အမြိုက် ခံနေရ၍ ဆင်းရဲဒုက္ခကြီးစွာ ရောက်နေကြသော ကမ္ဘာ့လူသား အများစုတို့မှာ မိမိတို့၏ ဆင်းရဲဒုက္ခငြိမ်းအေးကြောင်း နည်းလမ်းကောင်းတို့ကို များစွာ တောင့်တ မျှော်လင့် နေကြပါသည်။ ဥပမာအားဖြင့် ဆင်းရဲဒုက္ခ ရောက်နေသော ဆွေမျိုး တစ်ယောက် (သို့မဟုတ် ဆွေမျိုးတစ်စု)ကို မေတ္တာကြီးမားသော ဆွေမျိုး မိတ်သင်္ဃာသည် ထိုဒုက္ခမှ လွတ်ငြောင်း နည်းလမ်းကောင်းကို စွမ်းနိုင်သမျှ ညွှန်ကြားပေးဝေသကဲ့သို့ ထို့အတူ လောဘ၊ ဒေါသ၊ မောဟမီးသုံးပါး ငြိမ်းကြောင်း ချမ်းသာကြောင်းကို ကောင်းစွာ သိမြင်ကြသော သံဃရတနာ ဆွေမျိုးတော်သင်္ဃာတို့ ခဲကြသော အကျွန်ုပ်တို့သည် သံဃရတနာဆွေမျိုးတော်များ ဖြစ်ခဲကြသည့် ကမ္ဘာ့လူသား ဒုက္ခသည်များအား



စွမ်းအား ရှိသလောက် ထိုဒုက္ခမှ လွတ်မြောက်ရေး မြတ်စွာဘုရား၏ တရားရေအေး အမြိုက်ဆေးကို ဖြန့်ဝေပေးဌ မိမိတို့ တတ်နိုင်သလိုကူညီသင့်ကြပါသည်။"

ဆရာတော်ကြီး၏ နှုံးဆော် မိန့်မြွက်တော်မူချက်ကို ဖတ်ရင်း ကျွန်ုပ်သည် ၆ ကျိပ်သော ရဟန်းတော်များအား မြတ်စွာဘုရား သာသနာပြု စေလွှတ်တော်မူပုံကို သတိရမိပါသည်၊ မြတ်ဗုဒ္ဓသည် မိဂဒါဝုန်တောဌ ပထမဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ဗုဒ္ဓမြတ်စွာမှ တပါး ရဟန္တာ၊ ရဟန်း တော် ပေါင်း ၆ ကျိပ် အတိရှိလေပြီဖြစ်ရာ ထို ၆ကျိပ်သော ရဟန်း တို့ကို ခေါ်၍ "ဘိက္ခုတို့ ငါသည် လူနတ်တို့၌ ဖြစ်သော တဏှာရာဂကျော့ကွင်းမှ လွတ်ကင်းတော်မူခဲ့ပြီ။ အသင်တို့လည်း လူနတ်တို့၌ဖြစ်သော တဏှာရာဂကျော့ကွင်းမှ လွတ်ကင်းခဲ့ကြကုန်ပြီ" ဟု စကားချီပြီး "သင်တို့ ထိုထို၌၌လှည့်လည်ကြချေ။အစ အလယ် အဆုံး ၃ပါး စလုံး ကောင်းမြတ်၍ အနက်အဓိပ္ပာယ် ပြည့်စုံသော တရားတော်များကို ဟောကြချေ။ ကိလေသာမြူ နည်းပါး၍ ပညာမျက်စိ အားကောင်းသော သတ္တဝါများ ရှိကြပေသည်။ ထိုသတ္တဝါတို့သည် တရားမနာရသောကြောင့် ရသင့်သော တရားထူးမှ ယုတ်လျော့နေကြသည်၊ တရားကို သိလွယ်သူတွေ ရှိကြပေလိမ့်မည်" ဟု မိန့်တော်မူပြီး သာသနာပြု စေလွှတ်တော် မူခဲ့သည် မဟုတ်ပါလား။

ယခုလည်း မင်းကွန်းဆရာတော်ဘုရားကြီးက ကမ္ဘာ့လူသား ဒုက္ခသည်များအား မိမိတို့ စွမ်းအား ရှိသလောက် ထိုဒုက္ခမှ လွတ်မြောက်ရေးအတွက် မြတ်စွာဘုရား၏ တရားရေအေး အမြိုက်ဆေးကို ဖြန်းပေးဝေဌရန်မိန့်တော်မူ၍ သာသနာပြုရန်နှုံးဆော်နေပါပြီ။

သာသနာပြုရန် လိုအပ်သည့်စွမ်းအားများ

ကမ္ဘာ့လူသားအများကို သာသနာပြုမည် ဆိုပါက သာသနာပြုမည့်သူကိုယ်တိုင်က စွမ်းရည်ပြည့်ဝနေဖို့လိုပေမည်။ စစ်မှန်သော ထေရ်ရဝါဒ ဗုဒ္ဓသာသနာဖြင့် စမ္မာစရိယ၊ မဟာဓမ္မာစရိယ၊ ကေပိဋ္ဌကဓရ၊ ဒွိပိဋ္ဌကဓရ၊ တိပိဋ္ဌကဓရ စသည်ဖြင့် ပရိယတ်တိအရာတွင် ကျွမ်းကျင်သော၊ စည်းကမ်းပိုင်းအရ ဝိနယဓရ ဖြစ်တော်မူသော၊ ပဋိပတ်တိ အကျင့်တရားကိုလည်း လမ်းညွှန်နိုင်သော စွမ်းရည်ထူးသူတို့ လိုပါမည်။

ထို့ပြင် ကမ္ဘာ့လူသား အများ တို့ကို နားလည်အောင် ဟောပြော ညွှန်ပြနိုင်ရန်အတွက် သာသနာ့ရကျွမ်းကျင်သူများ၊ ဗဟုသုတ ပြည့်စုံသူများ၊ ခေတ်မီသင်ကြားနည်းစနစ်တို့ကို နားလည်သူများ လိုအပ်ပါ

မည်။ ထို့ပြင် သာသနာပြုရန်အတွက် လုံ့လထက်သန်သူများ၊ သည်းခံနိုင်သူများနှင့်ဇွဲ ရှိသူများလည်း လိုအပ်ပါပေမည်။

ဤသို့ အဖက်ဖက်မှ စွမ်းရည် ပြည့်ဝသူများကို စနစ်တကျ ပြုစုပျိုးထောင်ရန်အတွက် ခေတ်မီကျောင်းတော်ကြီးများ၊ သာသနာ့တက္ကသိုလ်ကြီးများသည် မရှိမဖြစ် လိုအပ်သည်သာ ဖြစ်ပေသည်။ ထိုလိုအပ်ချက်တို့ကား ယခုအခါ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဖွင့်လှစ်ခြင်းဖြင့် ပြည့်ဝစေပါပေပြီ။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ မင်းကွန်း ဆရာတော်ကြီးအား တာဝန်ပေးချက်အရ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဖြစ်မြောက်ရေးအတွက် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ပါသည်။ ၁၃၄၄-ခုနှစ်တွင် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ကို လည်းကောင်း၊ ၁၃၄၅-ခုနှစ်တွင် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ကို လည်းကောင်း ဖွဲ့စည်းခဲ့ပါသည်။ မန္တလေးနှင့်ရန်ကုန် နှစ်ဖွဲ့စလုံးအတွက် ဥက္ကဋ္ဌမှာ တိပိဋကနိကာယအဖွဲ့ကြီး၏ ဥက္ကဋ္ဌဖြစ်သော ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှပင်ဖြစ်ပါသည်။ ဆောက်လုပ်လှူဒါန်းရေးအဖွဲ့နှင့် ပင်မဥပဒ္ဒာကအဖွဲ့များ၏ အဖွဲ့ဝင်များမှာလည်း တိပိဋကနိကာယအဖွဲ့ဝင်များကိုပင် အခြေခံထားခဲ့ပေသည်။

သာသနာပြုဌာန်းအား စုဆောင်းခြင်း

တိ-နိအဖွဲ့ကြီး၏ ကြီးပမ်းမှုနှင့် ဆရာတော်ကြီး၏ ဘုန်းအရှိန်ကြောင့် တိ-နိအဖွဲ့ကြီး၏ တတိယသုံးနှစ်ခရီး ကာလအတွင်းဖြစ်သော ၁၃၄၈-ခု၊ နယုန်လပြည့်ကျော် ၁ ရက် ၂၃-၆-၁၆ နေ့တွင် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးကို လည်းကောင်း၊ ၁၃၄၈-ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက် (၂၁-၈-၁၆) နေ့တွင် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးကို လည်းကောင်း ပြီးနှင့်ပြီးသော အဆောက်အအုံများနှင့် စတင်ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါသည်၊ ဤသို့ ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ တတိယသုံးနှစ်ခရီးအတွင်း၊ တိ-နိထဘပဲကြီး၏ ကြီးစွာသော အောင်မြင်မှုကြီးပင် မဟုတ်ပါလော။



နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများတွင် မဟာဌာန ၁၀ ခု ဖွင့်လှစ်၍ သင်ကြားမည်ဟု သိရပါသည်၊ နိကာယဝါးရဝဆိုင်ရာ မဟာဌာနသုံးခု (ဝိနယ၊ သုတ္တန၊ အဘိဓမ္မ) စာဝပ ဘာသာဆိုင်ရာ

မဟာဌာနသုံးခု (ပါဠိစာပေ၊ မြန်မာစာပေ၊ အင်္ဂလိပ်စာပေ) သမိုင်းဘာသာဆိုင်ရာ မဟာဌာနလေးခု (သာသနာဝင်၊ ဂန္ထဝင်၊ စာပေသမိုင်း၊ ဘာသာသမိုင်း)တို့ ဖြစ်ကြပေသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ရာ၌ အဓိကရည်မှန်းချက်များကို လည်း ကြည့်ပါဦး။

ပရိယတ္တိသာသနာ့ တက္ကသိုလ်၏ ရည်မှန်းချက်များ

၁။ ဗုဒ္ဓမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အထက်တန်း ကျွမ်းကျင် ဆောင်ရွက်နိုင်ရန်။

၂။ အကျင့်သိက္ခာ မြင့်မားစေခြင်း၊ ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း၊ ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေခြင်း၊ မြန်မာစာပေ အရေးအသား တော်စေခြင်းဟူသော အရည်အသွေးများနှင့် ရဟန်းတော်များ ပြည့်စုံစေရန်။

၃။ ပြည်တွင်းပြည်ပတို့၌သာသနာပြုစွမ်းနိုင်သော ရဟန်းတော်များ ပေါ်မေါက်လာစေရန်။

၄။ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး မြန်မာတစ်နိုင်ငံ၌သာမက နိုင်ငံတကာတို့၌ပါ ထွန်းကားစေရန်။

၅။ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်တို့မှကြီးပွားရေး၊ တိုးတက်ရေး၊ ချမ်းသာရေး၊ ငြိမ်းချမ်းရေး နည်းလမ်းများကို ဖော်ထုတ်၍ လူသားတစ်ရပ်လုံး အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ရန်။

၆။ ကမ္ဘာ့လူသားတို့ ကွေကြိုခံစားနေရသော ကိုယ်စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ကို ဗုဒ္ဓမြတ်စွာ၏ တရားရေစင်ဖြင့် သက်သာပျောက်ကင်းစေရန်။

၇။ ဗုဒ္ဓမြတ်စွာ တရားတော်ဖြင့် လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟတရားတို့ နည်းပါးစေပြီး၊ ချစ်ကြည်စွာ အတူတကွ နေထိုင်ရေးအတွက် ဆောင်ရွက်ရန်။

၈။ ကမ္ဘာပေါ်၌ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ကလိသာ၊ မစ္ဆရိယစသော တရားဆိုးများကြောင့် ဖြစ်ပေါ်ရသော စစ်ပွဲအမျိုးမျိုး ချုပ်ငြိမ်းစေပြီး ဒေသငြိမ်းချမ်းရေးများ ရရှိစေရန်။

၉။ ကမ္ဘာဖျက် အဏုမြူစစ်ပွဲကြီးများ ဖြစ်ပွားမလာအောင် ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်ကို ဗုဒ္ဓတရားတော်ဖြင့် အလင်းရောင်ပေးရန်။

၁၀။ အဖျက်စွမ်းအားကို ဖန်တီးနေကြသည့် သိပ္ပံပညာရှင်ကြီးများအနေဖြင့် ဆင်ခြင်တုံတရားရှိလာပြီး၊ အပြုစွမ်းအားများကိုသာ လုပ်ဆောင်လာကြစေရေးအတွက် ဗုဒ္ဓ၊ ဓမ္မ၊ အမြင့်သစ်များ ရရှိစေရန်။

၁၁။ လူသားတို့ မလွဲမရှောင်သာတွေ့ကြုံနေရသော ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဆင်းရဲခြင်းတို့မှ ထာဝစဉ် ကင်းလွတ်ရေးအတွက် ဗုဒ္ဓမြတ်စွာ၏ တရားလမ်းစဉ်များကို ကမ္ဘာအနှံ့ဖြန့်ချီပေးရန်။

တို့ဖြစ်ပေသည်။

အဓိကရည်မှန်းချက်များကို ကြည့်ရုံဖြင့် သာသနာ့တက္ကသိုလ်ကြီးများ၏ အဆင့်အတန်းကို **ခန့်မှန်း**နိုင်လောက်ပေပြီ။

ပြည့်စုံလှသည့် ဗုဒ္ဓသာသနာတော်

ရည်မှန်းချက် ၁၀ ခ်ပါသကဲ့သို့ ယနေ့ခေတ်ကား သိပ္ပံပညာရှင်ကြီးများ ကြီးစိုးသောခေတ်၊ သိပ္ပံခေတ်ပင် ဖြစ်ပါသည်။ သိပ္ပံပညာကို လေ့လာရာ၌ သဘောတရားလည်းရှိသည်။ လက်တွေ့လည်းရှိသည်။ စနစ်တကျ လုပ်ဆောင်ရန် စည်ကမ်းချက်များလည်း ရှိသည်။ သဘောတရားတစ်ခုသည် လက်တွေ့နှင့်မကိုက်ညီက လက်မခံပေ။ တစ်နည်းအားဖြင့် သဘောတရားမပါသော လက်တွေ့နှင့် လက်တွေ့မပါသော သဘောတရားတို့ကို လက်မခံကြပေ၊ ထို့ကြောင့်ပင် "သိပ္ပံသမားပဲ လက်တွေ့မှယုံနိုင်မယ်" ဟူသော စကားသံမျိုးကို ယခုခေတ်၌ ကြားရတတ်ပေသည်။

ဗုဒ္ဓမြတ်စွာသာသနာတော်၌ သဘောဟူ ဆိုအပ်သော အတိမမှာပိဋကတ်၊ လက်တွေ့ဟု ဆိုအပ်သော သုတ္တန်ပိဋကတ်၊ စည်းမျဉ်းစည်းကမ်းဟု ဆိုအပ်သော ဝိနည်းပိဋကတ်တို့ အပြည့်အစုံရှိနေသည်ကို လေ့လာက တွေ့ရပါမည်။ ထိုသို့ဆိုလျှင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် သိပ္ပံနည်းမကျပါလော။ လက်တွေ့မှယုံလိုသူ သိပ္ပံသမားတို့ မလေ့လာထိုက်ပါလော။ လာလေ့လာကြည့်ကြစမ်းပါဟု မခေါ်ထိုက်ပါလော။ ခေါ်ထိုက်သည်သာ ဖြစ်ပါ၏။ ဟိပဿိကော = လာပါရှုပါ ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင်တိုက်တွန်း ပြည့်နှန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူပါပေသည်။ သန္ဒိဋ္ဌိကော = ကျင့်ဆောင်သူတို့အား ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစားရသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံတော်မူပါပေသည်ဟု မြတ်ဗုဒ္ဓကိုယ်တိုင် တရားဂုဏ်တော် ၆ ပါးဖွင့် **အတီအလင်း** ဟောကြားထားသည် မဟုတ်ပါလော။

အကယ်၍သာ သီပွ ပညာကို လိုလားအားထားသူများ သီပွ ပညာရှင်များသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို နှစ်ခြိုက်လေ့လာ သင်ယူလေ့ကျင့် အားထုတ်လာကြမည်ဆိုလျှင် သီပွ ပညာ ထွန်းကားလာသကဲ့သို့ ကမ္ဘာ့အနှံ့အပြား ဗုဒ္ဓသာသနာထွန်းကား၍ သီပွ ပညာကြောင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးကြွယ်ဝ ချမ်းသာကြသကဲ့သို့ ဗုဒ္ဓသာသနာတော်ကြောင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးကြွယ်ဝ ချမ်းသာပြီး ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးသည် မလွဲမသွေ ဖြစ်လာပေမည် မချွတ်ပါတည်း။

နေရောင်ထက်ပြောင် သာသနာ့ရောင်

တစ်ချိန်က ပြိတိသျှအင်ပါယာသည် နေမဝင် အင်ပါယာဟု ကမ္ဘာ့အလယ် ဝင့်ထယ်ခဲ့ကြ၏။ ဘာကြောင့် နေမဝင် အင်ပါယာ ဖြစ်ရပါသနည်း။ ကမ္ဘာတလွှား နယ်မြေအနှံ့အပြားကို ပိုင်ဆိုင်ထားသဖြင့် တစ်နေရာ၌ နေဝင်သော်လည်း အခြားနယ်မြေတစ်ခု၌ နေကို တွေ့မြင်ကြရခြင်းကြောင့် ဖြစ်သည်။ နေမင်း၏အရောင်ကား ကမ္ဘာလောကတစ်ခုလုံးကို ထွန်းလင်းတောက်ပစေနိုင်ပါ၏။ ထိုထက်ပို၍ နေစကြဝဠာအတွင်းရှိ ဂြိုဟ်များ အားလုံးကိုပင် တွန်းလင်းတောက်ပစေနိုင်ပါ၏။ အကယ်၍ ဗုဒ္ဓမြတ်စွာ၏ သာသနာရောင်ဝါသည် နေရောင်ကဲ့သို့သာ ထွန်းလင်းတောက်ပလာမည်ဆိုလျှင် ဗုဒ္ဓမြတ်စွာ သာသနာသည်လည်း နေမဝင် သာသနာတော်ကြီး ဖြစ်လာပါပေမည်။

ထိုသို့ဆိုလျှင် သာသနာရောင်ဝါ တွန်းလင်းတောက်ပရန်အတွက် ဗဟိုချက်သည် မည်သည့်နေရာ ဖြစ်သင့်ပါသနည်း။ အထူးဖြေရန်မင် လိုမည်မထင်ပါ။ ထေရဝါဒ ဗုဒ္ဓသာသနာတော် အစစ်အမှန် အထွန်းကားဆုံးဖြစ်ရာ ဤမြန်မာနိုင်ငံတော်ပင် ဖြစ်သင့်ပါတော့သည်။ အလျဉ်းသင့်၍ ကျွန်ုပ်တို့ ရန်ကုန်တက္ကသိုလ် (ဗိုလ်တဇထောင်နယ်မြေ) ဗုဒ္ဓဘာသာအသင်း၏ တံဆိပ်ယူထားပုံကို တင်ပြလိုပါသည်။ တံဆိပ်ပုံမှာ ကမ္ဘာမြေပုံအဝိုင်း၌ မြန်မာနိုင်ငံနေရာမှ စတင်ထွက်သော ဗုဒ္ဓသာသနာ ရောင်ခြည်များသည် ကမ္ဘာအနှံ့ လွှမ်းပိုးပျံ့နှံ့နေသည်ပုံ ဖြစ်ပါသည်။ ဤပုံသည်ပင်လျှင် ကျွန်ုပ်တို့အသင်း၏ ရည်မှန်းချက်လည်း ဖြစ်ပါ၏။

ဤသို့ ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထွန်းစေလိုလျှင် ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး၏ "တာဝန်သိသူမှာ တာဝန်ရှိသည်"ဟူသော ဩဝါဒ ထိုင်း မြန်မာနိုင်ငံတော်သား ဗုဒ္ဓဘာသာဝင် ထပေါင်းတို့သည် တာဝန်ရှိသူများ ဖြစ်သင့်ကြသည်။ တာဝန်သိသူများ ဖြစ်သင့်ပါပေသည်။ သာသနာပြုရာ၌ သံဃာတော်များ၏ အဝိုင်းရှိသကဲ့သို့ လူစတ်ကြောင်များ၏ အဝိုင်းလည်းရှိရာ ဆရာ၊ ဒကာ လက်တွဲညီဖို့လိုပါသည်။

ဆရာ-ဒကာလက်တွဲညီမှု၏ သာဓကတစ်ခုကို ပြရလျှင် ကျေးဇူးရှင် မင်းကွန်းတိပိဋကဆရာတော်ကြီးနှင့် တိ=နိအဖွဲ့ကြီး၏ ဥက္ကဋ္ဌ အထူးကုဆရာဝန်ကြီး ဦးသာလှတို့ဆရာ-ဒကာအတွဲပင် ဖြစ်ပါသည်။ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ရှိ ဝိဇ္ဇာလယ ကျောင်းဆောင်များ ဆောက်လုပ်ရေးအတွက် အလှူငွေကို ဆရာတော်ကြီးနှင့် ဆရာဝန်ကြီးတို့ဆရာ-ဒကာအတွဲသည် ပြည်နယ်နှင့်တိုင်း အသီးသီး မြို့နယ်အသီးသီးသို့ လှည့်လည်၍ အလှူခံလျက် ရှိကြသည်ကို သတင်းစာများ၌ မကြာခဏ တွေ့ကြရပေလိမ့်မည်။

ဤသို့ ဆရာတော်ဘုရားကြီးကိုယ်တိုင် လှည့်လည်၍ အလှူခံယူပြီး ရေစက်ချ တရားချီးမြှင့်ပေးခြင်းကြောင့်လည်း တိုတောင်းသော ကာလအတွင်း ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး ဆောက်လုပ်ရေးမှာ ပိုမို အောင်မြင်ရပါသည်ဟု ကျွန်ုပ်ဆိုလျှင် မှားအံ့မထင်ပါ။ အဘယ်ကြောင့်ဆိုသော် မျိုးစေ့ကောင်း၊ မိုးရေ၊ ရာသီဥတုကောင်းစေကာမူ လူတို့သည် မြေသြဇာပိုမိုကောင်းသည့် လယ်ယာမြေ၌သာ စိုက်ပျိုးလိုကြသည် မဟုတ်ပါလား။

၁၃၄၉-ခု နတ်တော်လဆန်း ၁၄ ရက်နေ့တွင် ကျင်းပသည့် မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့မှ ဦးစီးထုတ်ဝေသော ဒုတိယသုံးနှစ်ခရီး စာစောင်ကြီးတွင် ပန်းချီ၊ ဓါတ်ပုံ၊ ကဗျာ၊ လက်ာ၊ ဆောင်းပါး၊ ဩဝါဒကထာ တရားဒေသနာ စသည်များ ရေးသားပေးပို့ကြသူ ပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်ရန် မင်းကွန်းတိပိဋကနိကာယကျောင်းတော်ကို ရောက်ခဲ့စဉ်က ကျောင်းတိုက်အတွင်းရှိ အုတ်ရေကန်တစ်ခု၏ နံရံတွင် ရေးသားထားသော စာကြောင်းလေး ၃ ခုကို သတိပြုမိသည်။ "တိပိဋက-နိကာယ သာသနာပြုအဖွဲ့၏ အာသီသ"ဟု ခေါင်းစီးရေးထား၏။ အဖွဲ့ကြီး၏ အာသီသမှာ ကျွန်ုပ်၏အာသီသနှင့် တစ်ထပ်တည်းပင် ဖြစ်၍ ဤဆောင်းပါးအား ဤအာသီသကို ရင်ကျူး၍ နိဂုံးချုပ်လိုပါသည်။

* တိပိဋကဝင်၊ ထေရ်အရှင်၊ အောင်မြင်ကြပါစေ။
* နိကာယစာဝင်၊ ထေရ်အရှင်၊ အောင်မြင်ကြပါစေ။
* နိကာယ်ငါးပါး ပိဋကသုံးပြာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းပါစေ။

တင်ထွန်း (နိုဝ်)



ထူးကဲသော သာသနာပြု အဆင်းကြီး

အာဒီကမ္မိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော် အရှင်မြတ်သည် ကိုယ်တော်တိုင် ဦးဆောင်၍ 'တိပိဋက=နိကာယ သာသနာပြု' အဖွဲ့ကြီးကို ၁၃၄၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁၀-ရက် (မြန်မာ နှစ်ဆန်း ၁-ရက်) နေ့တွင် ဖွဲ့စည်း တည်ထောင်တော်မူခဲ့သည်။ 'သာသနာ့သမိုင်းတွင် မပေါ်ပေါက်ဘူးသေးသော' အဖွဲ့ဟုပင် ဆိုရပါမည်။

သာသနာတော်၏ အခြေခံ မူလ ပမာနမှာ ပရိယတ္တိ သာသနာ ဖြစ်သည်။

ဟူသော အဆိုကို အားလုံးကပင် လက်ခံထားပြီး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ပရိယတ္တိ သာသနာတော် တည်တံ့ ပြန့်ပွားရေးအတွက် စာပေ ပို့ချခြင်း၊ စာပေများကို ကျက်မှတ်သင်အံ လေ့လာခြင်းတို့ကို ကိုယ့်အား ကိုယ်ကိုးဖြင့် ကြိုးစား ဆောင်ရွက် တော်မူ ခဲ့ကြသည်။ သဒ္ဓါသန်သန် ဇွဲသန်သန်ဖြင့် အချိန်မှန်အောင် ကြိုးစားတော်မူ ခဲ့ကြသည်။ ယင်းသို့ ကြိုးစားမှုကြောင့်လည်း မြန်မာနိုင်ငံ၏ ပရိယတ္တိ သာသနာသည် ကမ္ဘာက လေးစားလောက်အောင် အရည်အသွေး အဆင့် အတန်း မြင့်ခဲ့သည်။ ကမ္ဘာက လေးစားရသော ပညာရှင်ကြီးများ ပေါ်ထွက် ထွန်းကားခဲ့သည်။

သို့သော် ထို ပရိယတ္တိဝန်ဆောင် အရှင်မြတ်တို့အား အင်တိုက် အားတိုက် လိုလေသေး မရှိ

''ဒု'' ၏ အားပေးခဲ့သော အသင်း အဖွဲ့ကား သာသနာ့သမိုင်းတွင် ''ပီပီပြင်ပြင်'' မပေါ်ခဲ့သေးဟု ထင်ပါသည်၊ထင်ပေါ်လျှင်သာ စင်တော်က ကောက်၍ ချီးမြှောက် ပူဇော်ကြသည်။ အသိအမှတ်ပြုကြသည်၊ မှန်ပါသည်။

ဘာသာဋီကာ ကျမ်းပေါင်းများစွာ ပြုစုခဲ့သော ဆရာတော် အရှင်ဇနကာဘိဝံသ၏ စာသင်သား ဘဝ ပခုက္ကူ၌ တွေ့ကြုံခံစားခဲ့ရသော သူ၏ စာသင်ဘဝကို–

ရွှေနန်းရှင်သဗ္ဗညူ၊ ကပ်ဝင်လှူခါတွင်
နတ်တွင်လူ့ ပဝရာ သခင်တောင်
တခါစဉ်ဆီက။
ဆွမ်းအတွက် ပက္ကဝါပေါ်မှာ ကြံရွာ
တော်မူခဲ့သဗျ။

* * *

အစာအတွက်ကြောင့် လျှာမထွက်ပါစေယ်
ဘာအတွက်တာ ပူရပချိမ့်လေး။

ဟု တေးထပ်ရေး၍ စိတ် အား တင်း ခဲ့ ပုံ ကို မှတ်တမ်းတင်ထား သည်။

တိပိဋကက= နိကာယ သာသနာပြုအဖွဲ့ကား တိပိဋကဓရ အာဇာနည် အရှင်မြတ်များ ပေါ်ထွက်ရေးအတွက် ထိုအရှင်မြတ်တို့အား မပင်မပန်း ရွှင်လန်းစွာ စာပေကြိုး စား နိုင်ရန် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့သည်။ လိုလေသေး မရှိအောင် စောင့်ရှောက်သည်၊ ထို့ကြောင့်ပင် ''သာသနာ့သမိုင်းတွင် မပေါ် ပေါက် ဘူးသေးသော အဖွဲ့'' ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

သုံးနှစ်ခရီး မှတ်ဆင်းများ

တိပိဋကက= နိကာယ သာသနာပြုအဖွဲ့သည် မိမိ၏ သာသနာပြု လုပ်ငန်းရပ်များကို မှတ်တမ်းတင်ရန်အတွက် . သုံးနှစ်ခရီး စာစောင်ထုတ်ဝေရန် မူကြခဲ့သည်၊ ပထမ သုံးနှစ်ခရီး စာစောင်ကို ၁၃၄၄-ခ ဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။ ပထမသုံးနှစ်ခရီး၏ သမိုင်းမှတ်တိုင်ကို စိုက်ထူလိုက်ခြင်းပင် ဖြစ်သည်။

တိပိဋက=နိကာယ သာသနာပြုအဖွဲ့၏ (၁၃၄၃-၁၃၄၄-၁၃၄၅) ဒုတိယသုံးနှစ်ခရီး သာသနာပြု လုပ်ငန်းများကို 'ဒုတိယသုံးနှစ်ခရီး' တွင် မှတ်တမ်းတင်ထားသည်။ ဒုတိယသုံးနှစ်ခရီးသည် ၁၃၄၆ ခုနှစ် မြန်မာ နှစ်ဆန်းတစ်ရက်နေ့တွင် ပြည့်ခဲ့သည်။ သို့သော် 'ဒုတိယသုံးနှစ်ခရီး' သည် ၁၃၄၉ ခုနှစ်တွင်မှ ပေါ်ထွက်လာသည်။ သာသနာ့တာဝန်များ ''ပိ'' နေသောကြောင့် စာစောင်ထွက်ရေး နှောင့်နှေးခံရသည်ဟု ဆိုပါသည်။

တိပိဋ္ဌက=နိကာယ သာသနာပြုအဖွဲ့၏ တတိယသုံးနှစ်ခရီး စာစောင်အတွက် စာမူတောင်းခံလွှာကို ၁၃၄၉ တပို့တွဲလဆုတ် ၆ ရက် (၁၉၈၈-ဖေဖော်ဝါရီလ ၈-ရက်) နေ့စွဲဖြင့် တောင်းခံခဲ့ရာ တတိယသုံးနှစ်ခရီးပင် ပြည့်ပေတော့မည်။ တိပိဋ္ဌက=နိကာယ သာသနာပြုအဖွဲ့၏ သုံးနှစ်ကာလအတွင်း ကြိုးပမ်း ဆောင်ရွက် ချက်များဖြစ်၍ ''သုံးနှစ်ခရီး'' ဟု တင်စား၍ ခေါ်ဝေါ်ခဲ့ခြင်း ဖြစ်သည်။

ယခု တတိယသုံးနှစ်ခရီးကား ''တင်စားထားသော'' သုံးနှစ်ခရီးမဟုတ်ပေ။ တကယ့် သုံးနှစ်ခရီးဟုပင် ဆိုထိုက်လှသည်။ တတိယသုံးနှစ်ခရီးသည် ခရီးကြမ်းကို မနားတမ်း လျှောက်ခဲ့ရသော ခရီးဟုပင် ဆိုထိုက်လှပါသည်။ တိပိဋ္ဌက=နိကာယ သာသနာပြုအဖွဲ့ကြီး၏ သာသနာပြု လုပ်ငန်းများတွင်–

''ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူဒါန်း ဖွင့်လှစ်ရေးလုပ်ငန်း'' သည်။

တစ်ခန်းဟစ်ကလွှာပါဝင်ခဲ့သည်၊ ယင်းလုပ်ငန်းကြီး ပေါ်ပေါက်လာရခြင်းသည်လည်း တိပိဋ္ဌက=နိကာယ သာသနာပြုအဖွဲ့ကြီး၏ အောင်မြင်မှု၏ ရလဒ်ဟုပင် ဆိုရပါမည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် တိပိဋကတ=နိကာယ သာသနာပြုအဖွဲ့၏ သာသနာရေးလုပ်ငန်း ဆောင်ရွက်ချက်များ အောင်မြင်မှုကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ စေတနာ အပြည့်အဝဖြင့် အားပါးတရ ဆောင်ရွက်မှုနှင့် တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဘုန်းကံပါရမီကိုလည်းယုံကြည်လေးစားအားထားသည်။ ထို့ကြောင့်ပင် ၁၃၄၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ဂ–ရက်၊ နေ့စွဲပါ စာဖြင့် မန္တလေးမြို့တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော သာသနိုက အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရန် တာဝန်ပေးအပ်ခဲ့သည်။

တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခြင်း

တိပိဋကဓရ ဆရာတော်ဘုရားကြီး ကလည်း ပေးအပ်သောတာဝန်ကို ဝမ်းမြောက် ရွှင်လန်းစွာ လက်ခံတော်မူခဲ့သည်။ ပထမပေးအပ်သော တာဝန်ကိုအားသွန်ဆောင်ရွက်ဆဲ ဒုတိယတာဝန် တစ်ရပ် ထပ်မံလာပြန်သည်။ ၁၃၄၅–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅–ရက်၊ နေ့စွဲဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က မေတ္တာရပ်ခံစာ တစ်စောင် ရောက်လာပြန်သည်။

ရန်ကုန်မြို့၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး ဖွင့်လှစ်နိုင်ရေးအတွက် ဝိဇ္ဇာလယ သာသနာ့ အဆောက်အအုံ ကျောင်းဆောင်များ ဆောက်လုပ် လှူဒါန်းရန် ဖြစ်သည်။ ဆရာတော် ကလည်း မငြင်းမဆန် လက်ခံတော်မူခဲ့သည်။

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဟူသည်၊ သာမည အဆောက်အအုံလေး မဟုတ်ပေ။ ဂုဏ်ဒြပ်မြင့်မားသလို အဆောက်အအုံများကလည်း ထယ်ဝါခန့်ညားစွာ သာသနာ့ ကျက်သရေ၊ တက္ကသိုလ်၏ ကျက်သရေကို ဆောင်နိုင်ရပေမည်။ တက္ကသိုလ်တစ်ခုအတွက် ရှိသင့်ရှိထိုက်သော အဆောက်အအုံများ ပြည့်စုံရပေမည်။

တိပိဋကဓရ ဆရာတော်သည် တာဝန်ကြီးမားလှသော သာသနာ့တက္ကသိုလ်ကြီးများ ပြီးမြောက်အောင် ဆောက်လုပ်လိုသော "စေတနာ" တွင် "မေတ္တာ"က ဆောင်းလာသည်၊ လွှမ်းမိုးလာသည်။ 'ပြည်သူ ပြည်သားတိုင်း ကျောင်းဒကာဖြစ်စေလိုသော မေတ္တာ' ပင် ဖြစ်ပါသည်။

သာသနာ့ တက္ကသိုလ်ကြီးများ ဆောက်လုပ်ရန် တာဝန်ယူချိန်တွင် ဆရာတော်၏ သက်တော်ကား ၇၀ ကျော်ခဲ့ပေပြီ။ ဇရာ၏ လက္ခဏာများပင် ပေါ်လွင်ခဲ့ပေပြီ၊ ဆရာတော်၏ စေတနာနှင့် မေတ္တာတို့က အသက်အရွယ်ကြီးမှုကို ပဓာန မထား၊ ဇရာတရားကို ပျက်ရယ်ပြုနေသည်ဟုပဲဆိုရမည် ထင်ပါသည်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ ဆောက်လုပ် လှူဒါန်းရေးအတွက် ဥက္ကဋ္ဌကြီးဦးသာလှနှင့် ဆရာဒကာတွဲ၍ မမောမပန်း ခရီးကြမ်း ထွက်ခဲ့ရသည်။

တိပိဋကဓရ ဆရာတော်ဘုရား ကြိုးစားရပုံ

အနီးကပ်ဆုံးဖြစ်သော ၁၉၇၇–ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၁၉၇၈–ခုနှစ် ခရီးစဉ်မှ တစ်စိတ်တစ်ဒေသကို တင်ပြလိုပါသည်။

၁။ ၁၃၄၉–နတ်တော်လဆန်း ၁၀(၁၉၇၇ နိုဝင်ဘာလ ၃၀) က ချင်ပြည်နယ် ဝိဇ္ဇာလယ သုံးထပ်ကျောင်း ဆောက်လုပ်ရေးအတွက် ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်မှ လှူသော အလှူငွေများ စုပေါင်းရရှိခဲ့ပါ။

၂။ ၁၃၄၉–နတ်တော်လဆုတ် ၉ (၁၉၇၇ ဒီဇင်ဘာ ၁၄) ပုသိမ်မြို့ ရောဝတီတိုင်း ပြည်သူ့ကောင်စီရုံး ရောရွှေဝါခန်းမ၌ ရောဝတီတိုင်းမှ လှူဒါန်းသော စုပေါင်း အလှူငွေ ရရှိခဲ့ပါ။

၃။ ၁၃၄၉-ခု နတ်တော်လဆုတ် ၁၀ (၁၉၈၇-ဒီဇင်ဘာ ၁၅) ရောတီတိုင်း ငပုတောမြို့ စိန်ပန်း ကျောင်းတိုက်၌ ငပုတောမြို့နယ်မှ လှူဒါန်းသော စုပေါင်း ရေစက်ချပွဲ။

၄။ ၁၃၄၉-နတ်တော်လဆုတ် ၁၄-ရက် (၁၉၈၇-ဒီဇင်ဘာ ၁၉) ရန်ကုန်တိုင်း အလုံမြို့နယ် ခန်းမ၌ အလုံမြို့နယ်မှ လှူဒါန်းသော စုပေါင်း ရေစက်ချပွဲ။

၅။ ၁၃၄၉-ပြာသိုလဆန်း ၅ (၁၉၈၇-ဒီဇင်ဘာ ၂၄) အင်းစိန်မြို့နယ် ဆောက်လုပ်ရေးကော်ပိုရေးရှင်း ပင်မအလုပ်ရုံ၌ ကျင်းပသော ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စုပေါင်း အလှူ ရေစက်ချပွဲ။

၆။ ၁၃၄၉-ပြာသိုလဆန်း ၇ (၁၉၈၇-ဒီဇင်ဘာ ၂၆)ကျိုက္ကလို့ ဘုရားကြီးဓမ္မာရုံ၌ ကျင်းပသော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်မှ လှူဒါန်းသော စုပေါင်း ရေစက်ချပွဲ။

၇။ ၁၃၄၉-ပြာသိုလဆန်း ၁၄ (၁၉၈၇-ဒီဇင်ဘာ ၂၈)လှည်းတန်းမြို့ ဓမ္မာရုံ၌ ကျင်းပသော ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အထက်တန်းကျောင်း အမှတ်-၂ စပယ်ခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ လှူဒါန်းသော စုပေါင်း ရေစက်ချပွဲ။

၈။ ၁၃၄၉-ပြာသိုလဆုတ် ၁ (၁၉၈၈-ဇန်နဝါရီ ၄) လသာမြို့နယ် ဓမ္မာရုံ၌ ကျင်းပသော ရန်ကုန်တိုင်း လသာမြို့နယ်မှ လှူဒါန်းသော စုပေါင်း ရေစက်ချပွဲ။

၉။ ၁၃၄၉-ပြာသိုလဆုတ် ၄ (၁၉၈၈-ဇန်နဝါရီ ၇) ရန်ကင်းဆရာအတတ်သင်အစည်းအဝေး ခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်မှ လှူဒါန်းသော စုပေါင်း ရေစက်ချပွဲ။

၁၀။ ၁၃၄၉-ပြာသိုလဆုတ် ၆ (၁၉၈၈-ဇန်နဝါရီ ၀) သိမ်တော်ကြီး ဓမ္မာရုံ၌ ကျင်းပသော ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် အတွင်းရှိ စျေးများ၊ ဌာနဆိုင်ရာများနှင့် လုပ်သား ပြည်သူများက လှူဒါန်းသော စုပေါင်း ရေစက်ချပွဲ။

၁၁။ ၁၃၄၉-ပြာသိုလဆုတ် ၁၁ (၁၉၈၈ ဇန်နဝါရီ ၁၄) ချင်းပြည်နယ်၊ တီးတိန်မြို့နယ် ခိုင်ကမ်းကျေးရွာ အလှူမဂ်လာ မဏ္ဍပ်၌ ကျင်းပသော ချင်းပြည်နယ်မှ လှူဒါန်းသည့် စုပေါင်း ရေစက်ချပွဲ။

၁၂။ ၁၃၄၉-ပြာသိုလဆုတ် ၁၃ (၁၉၈၈ ဇန်နဝါရီ ၁၆) မော်လိုက်မြို့ မြို့မဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသော စစ်ကိုင်းတိုင်း မော်လိုက်မြို့နယ်မှ လှူဒါန်းသော စုပေါင်းရေစက်ချပွဲ။

၁၃။ ၁၃၄၉-တပို့တွဲလဆုတ်- ၁၃ (၁၉၈၈ ဖေဖော်ဝါရီလ ၁၅) ရန်ကုန်မြို့ အမှတ် ၁၂၊နယူးလင်းလမ်းရှိ၊ တိပိဋကကျောင်းတော်၌ ကျင်းပသော ရခိုင်ပြည်နယ်မှ လှူဒါန်းသည့် စုပေါင်း ရေစက်ချပွဲ။-

စသော ခရီးစဉ်များကား ဆရာတော် ကိုယ်တော်တိုင် ကြွရောက်ခဲ့ရသော ခရီးစဉ်များဖြစ်သည်၊ ဤခရီးစဉ်များကို ကြည့်ပါ။ အထက်နှင့် အောက်တိုင်းစုံ နယ်စုံ ရောက်အောင် နေ့ရက်မအား၊ အနားမယူ ကြွတော်မူခဲ့ရသည်။

သာသနာတော်အတွက် မိမိ၏ ပင်ပန်းဆင်းရဲမှုကို အလေးမမူလျစ်လျူရှုကာ အပင်ပန်းခံတော်မူခဲ့သည်။ သက်တော် ၇၀ ကျော်ပြီ ဖြစ်၍ ခန္ဓာကိုယ် ခန့်ကျန်းမှု အားနည်းလာခဲ့သော်လည်း ညည်းညူတော်မမူခဲ့ချ။ ရောက်ချ အခမ်းအနားတွင် (ရေစက်ချချိန်မှ ကြွရောက်ခြင်း မဟုတ်ဘဲ) အချိန်ပြည့် သီတင်းသုံးတော်မူသည်။ တရားဟောသြဝါဒပေးရာ၌လည်း အတိုချုံး၍ အကျဉ်းရုံးလေ့မရှိပေ၊ တချို့ဒေသ၌ ညတရားပွဲကိုပင် ချီးမြှောက်တော်မူသည်။

ကိုယ်ရေး ကိုယ်တာ ကိစ္စတွင်ကား ဆရာတော်သည်၊ ဤမျှ အပင်ပန်းခံတော်မမူခဲ့ပေ။ ဆရာတော် တိပိဋကဓရ ဘွဲ့တော်ရစဉ်က သက်တော် ၄၀-ကျော်မျှသာ ရှိပါသေးသည်။ ပဲဥိုး ထွက် အာဒိကမ္မိက တိပိဋကဓရ ဆရာတော် ဖြစ်သည့် အားလျော်စွာ ဂုဏ်ပြုခြီးကျူး ပူဇော်လိုသော တိုင်းခရိုင်မြို့နယ်များက များလှပါသည်။ ဆရာတော်သည် လက်မခံခဲ့ပါ၊ ယနေ့ သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်ရေးအတွက် ကြွေးကြော်ရသော ခရီးနှင့်စာလျှင် နှိုင်းမရအောင် နည်းလှပါသည်။ ခန္ဓာကိုယ် ခန့်ကျန်းမှုလည်း ပြည့်စုံသော အချိန်ပင် ဖြစ်ပါသည်။ သို့သော်-ဆရာတော်သည်-

* တိပိဋကဓရ၊ ဖြစ်ရတဲ့ အာနိသင်၊
ဒီကိုယ်တော် ဖတ်ဖတ်မောပေါ့ (ကွယ်)
ပြောမပြချင်။ ။

ကိုယ့်ကျောင်းနှင့် ကိုယ့်ရပ်ခွင်၊
နေချင်လျက် မနေရ။

ပူအအေး ယှက်ထွေး ဒဏ်ခံလို့၊
စုံအဆန် မြန်းရတဲ့ ခရီးမှာ (ကွယ်)
ကြီးတဲ့ဒုက္ခ။ ။

* မငြင်းတဲ့ မဆန်သာ၊
နိုင်ငံတော် သာသနာရေး ပေမို့၊
ပြေးမလွတ်ပါ။ ။

သူတကာ ချမ်းသာလို့ ထင်မြင်ကြ၊
သို့ကတဲ စိတ်ထဲမှာ သံဝေယူလို့၊
ကံ မွေ ဟူ ဤ အဖြစ်ကို (ကွယ်)
နှစ်လို့ခံရ။ ။

ဟု ညည်းချင်း သံဝေဂ ကဗျာကို ရေးဘော်မူခဲ့ပါသည်။ ထိုစဉ်က ခြီးကျူးပူဇော်ပွဲများကား မိမိအတွက်သာ ဖြစ်သည်။

ဆရာတော်ဘုရား၏ ကြွေးစားမှုပန်းတိုင်

ယနေ့ ဆရာ ဒကာလက်တွဲကာ ပင်ပန်းမှုကို အလေးမထားဘဲ၊ သာသနာတော်အတွက် ခရီးကြမ်းထွက်နေခြင်းကို တွေ့မြင်ရသောအခါ ဒုဋ္ဌဂါမဏိမင်းကြီး သစ္စာဆိုသော ဂါထာလေးကို သတိရမိပါသည်။

ရဇ္ဇသုခါယ ဝါယာမော၊
နာ+ယံ မမ ကဒါစိ ပိ၊
သမ္မုဒ္ဓံ သာသနဿေဝ၊
ဌာပနာယ အယံ မမ။

"ငါယခု စစ်တိုက်ခြင်းသည် မင်းစည်းစိမ်ဟူသော ငါ၏ ကိုယ်ကျိုးစီးပွားကို ရလိုသော လုံ့လ ဘယ်အခါမှ မရှိခဲ့ဘူးပါ။ မြတ်စွာဘုရားရှင် သာသနာတော် စည်ပင်ပြန့်ပွားရှိသတ္တဝါအများ ချမ်းသာရန် အလို့ငှာသာ ဖြစ်ပါသည်"

စသော သစ္စာပြု စကားပင် ဖြစ်သည်။

ဆရာတော် ဦးစီး တည်ထောင်တော်မူသော တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့၏ တတိယသုံးနှစ်ခရီးတွင် ဆရာတော် ခရီးကြမ်း ထွက်ခဲ့ရခြင်းကား-

ကိုယ်တည်း တစ်ယောက်၊ ချမ်းသာရောက်ဖို့၊
ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊
ရှည်ကြာထွန်းကား၊ စည်ပင်ပွားလျက်၊
တရားရောင်ခြည်၊ ကမ္ဘာတည်အောင်၊
ယုံကြည်လေးနက်၊ ငါဆောင်ရွက်သည်၊
တိုးတက် သာသနာတည်စေသော်-
ဟူသော မွန်မြတ်သော ခရီးကြမ်းပါတကား။

ဌေးလွင် (ဆားလင်းကြီး)

ရဟန်းတော်တို့အတွက်
သူနာပြုသင်တန်း
ပထမပိုင်း



ကုကုကျင့်ဟောင်း နည်းလမ်းကောင်း

ဂေါတမ မြတ်စွာဘုရားသည် ညီတော်အာနန္ဒာနှင့်
အတူ ဝမ်းလား၍ အားပြတ်နေသော ရဟန်းတစ်ပါး
ကို ဆေးကြောသုတ်သင် ပြုစုယုယတော်မူသည်ဆိုသော
အတ္ထုပ္ပတ္တိကို အင်္ဂလိပ် ဘာသာရေး တရားတော်
ပေါင်းချုပ် စာတစ်အုပ်တွင် တစ်ခါတုန်း က ဖတ်
ရပါသည်။ အထူး ဝမ်.မြောက် သဒ္ဓါပေါက်မိပါသည်။

ငရဲခန်း-ဘရားများနှင့် ဘုံခန်းတရားများ အကြားတွင် လူထုပရိသတ် သိမှတ်ဖွယ်၊ ဆွေးနွေးဖွယ်၊ ဟာပြောဖွယ် လိုက်နာကျင့်သုံးဖွယ် တရားအများ ရှိပါသေးကလား ဟူ၍ သဘောပေါက် မျက်မှောက်ပြုမိပါသည်။ ထို့ကြောင့် ဝိနည်းပိဋကတ မဟာဝဂ္ဂပါဠိတော် ဂိလာနဝတ္ထုကထာကို ရှာဖွေဖတ်ရှု ကျေနပ်နှစ်သိမ့်မိပါသည်။ မကြားဖူး မဖတ်ဖူးသေးသူတို့ ကြားဖူး ဖတ်ဖူးကာ မိမိနည်းတူ ကျေနပ်နှစ်သိမ့်ကြရလေအောင် ရည်စူးလျက်လည်း "သူနာပြုဘုရား" ဟူသောအမည်ဖြင့် ကဗျာတစ်ပုဒ်ကိုရေးစီ၍ ၁၉၅၈-၅၉ ခု ဆေးသိပ္ပံကျောင်းများသမဂ္ဂ နှစ်လည် မဂ္ဂဇင်းတွင် အောက်ပါအတိုင်း ထည့်သွင်းဖော်ပြခဲ့ပါသည်။

သူနာပြုဘုရား

ကိုယ်ရိပ်သဏ္ဌာန်၊ ညီအာနန်နှင့်
မြတ်မွန်ထွတ်ထား။ တို့ဘုရားသည်
တစ်ပါးသောခါ၊ ဒေသစာဖြင့်
တိုက်တာ လှည့်၍ ကြည့်သတည်း။

ကျီးသံ သဲသဲ၊ ယင်မဲမဲနှင့်
ပြာမွဲညစ်ရောင်၊ ဓာကျောင်းတစ်ဆောင်ကို
ဘုန်းခေါင်ဘုရား၊ ဝင်၍သွားသော်
သနားစဖွယ်၊ ကျောင်းအလယ်၌
ကျင်ငယ် ကျင်ကြီး၊ တင်းကြပ်စီးလျက်
ကိုယ်ထီးလျောင်းရှာ၊ ထေရ်သူနာကို
မြတ်စွာ တွေ့ရပါသတည်း။

အမိသည်သား၊ ပြုသောလားသို့
ဘုရားမြတ်မွန်၊ ညီ အာနန်ကို
ချီးရန် ရေကောင်း၊ ဆောင်ပါတောင်းလျက်
သွန်းလောင်းသုတ်သင်၊ ပြီးစီးလျှင်မူ
ခေါင်းတွင်ဘုရား၊ လက်ဖော်ထား၍
ညီဘွားခြေက၊ ပြိုင်တူ မလျက်
မြတ်လှနေရာ၊ ညောင်စောင်းသာတွင်
ကောင်းစွာ အိပ်စေ တင်သတည်း။

ထို့နောက်ရှင်တော်၊ စည်းဝေးခေါ်၍
မြွက်ဖော်စကား၊ မိန့်တော်ကြား၏
မိခြား ဖဝေး၊ တစ်ရပ်ကျေးတွင်
ချီးအေးကြည်သာ၊ တရားရှာသည်
များစွာအပေါင်း၊ ရဟန်းကောင်းတို့
ညှံ့ပျောင်းကြည်ဖြူ။ နာသောသူကို
ငါတူကြင်နာ၊ ပြုစုပါက
မြတ်ရာရောက်လိမ့် ကေန့်တည်း။

ထို့နောက် မမှတ်မိတော့သော မဂ္ဂဇင်းတစ်စောင်တွင် ဤဂိလာနဝတ္ထုကထာ၌ မြတ်စွာဘုရားမိန့်ကြားတော်မူသော စာပိုဒ်တစ်ပိုဒ်ကို မြန်မာပြန်၍ အောက်ပါအတိုင်း ထည့်သွင်းပြန်ပါသည်။

ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ၊
သော ဂိလာနံ ဥပဋ္ဌဟေယျ။
ငါ၏ချစ်သား၊ ရဟန်းများတို့
ငါ့အားကြည်ဖြူ၊ ပြုစုသူသည်
ငါ့တူညီမျှ၊ ဂိလာနကို
ဖေးမကြင်နာ၊ ပြုစုရာ၏။

မြတ်စွာဘုရား၊ မှာခဲ့ကြားသည်
အများလူတို့ မှတ်ရာတည်း။

ဤမြတ်စွာဘုရား၏ ဩဝါဒကထာ မြန်မာပြန်ချက်သည် မဂ္ဂဇင်းထဲတွင် မြုပ်ပျောက်၍မသွား၊ ရန်ကုန်မြို့၊ ဗဟုန်းရပ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံ အဝင်ဝတွင် သရုပ်ဖော်ပန်းချီလက်ရာနှင့် အတူ ကူးယူဖော်ပြထားခြင်းကို ခံရပါသည်။

ထို့အတူပင် ထိုကထာတွင် မြတ်စွာဘုရားက မေးတော်မူ၍ ရဟန်းများက ဖြေကြားသည် မှာလည်း မှတ်ဖွယ်ဖြစ်ပါသည်။ ဂိလာနရဟန်းနှင့် မေးဖြေပုံမှာ ဤသို့—။

မေး။ ။ရဟန်း၊ သင်၏ရောဂါကား အဘယ် ရောဂါနည်း။

ဖြေ။ ။အရှင်ဘုရား၊ အကျွန်ုပ်၏ရောဂါကား ဝမ်းသက်သော ရောဂါပါတည်း။

မေး။ ။ရဟန်း၊ သင့်အား အလုပ်အကျွေးရှိ၏လော။

ဖြေ။ ။မရှိပါအရှင်ဘုရား။

မေး။ ။ရဟန်းတို့သည် အဘယ့်ကြောင့် သင့်ကို မလုပ်ကျွေးကုန်သနည်း။

ဖြေ။ ။အရှင်ဘုရား၊ အကျွန်ုပ်သည် ရဟန်းတို့အား မလုပ်ကျွေးဘူးပါ။ တို့ကြောင့် ရဟန်းတို့ကလည်း အကျွန်ုပ်ကို မလုပ်ကျွေးပါကုန်။

ဂိလာန ရဟန်းနှင့် အမေးအဖြေ ပြုလုပ်ပြီးနောက် တခြားရဟန်းများကို စည်းဝေးစေပြီးလျှင် မေးတော်မူပြန်သည်။ ရဟန်းတို့က ဖြေပုံမှာလည်း အထက်ပါအတိုင်းပင်။

"အရှင်ဘုရား၊ ဤရဟန်းသည် ရဟန်းတို့အား မလုပ်ကျွေးဘူးပါ။ ထို့ကြောင့် ထိုရဟန်းကို ရဟန်းတို့သည် မလုပ်ကျွေးပါကုန်" ဟု လျှောက်ထားကြသည်။

ထိုအခါမြတ်စွာဘုရားက ဂိလာနရဟန်းနှင့် တခြားသောရဟန်းတို့၏ အကြောင်းပြချက်ကို ချေဖျက်၍ မိန့်တော်မူသည်မှာကား– "ရဟန်းတို့ သင်တို့အား လုပ်ကျွေးမည့် အမိအဖတို့ မရှိကုန်။ ရဟန်းတို့ သင်တို့သည် အချင်းချင်း မလုပ်ကျွေးခဲ့လျှင် အဘယ်သူသည် လုပ်ကျွေးလတ္တံ့နည်း။"

"ရဟန်းတို့၊ ငါဘုရားကို လုပ်ကျွေးသော ရဟန်းသည် နာဖျားသော ရဟန်းကိုလုပ်ကျွေးရာ၏" ဟူ၍ တိကျပြတ်သားသော စကားတော် ဖြစ်ပါသည်။

ဤမိန့်တော်မူချက်လာ 'အချင်းချင်း' (အညမည) ဆိုသောစကားကို မြတ်စွာဘုရားက သရုပ်ပြ ဖွင့်ဆိုပြန်ပါသေးသည်။ ပထမဆုံး ပုဂ္ဂိုလ်မှာ အောက်ပါ စာပိုဒ်တွင် ပါရှိသည့် ဥပဇ္ဈာယ်ဆရာ ဖြစ်ပါသည်။

အကယ်၍ ဥပဇ္ဈာယ်ဆရာ ရှိငြားအံ့၊ ဥပဇ္ဈာယ်ဆရာသည် အသက်ထက်ဆုံး လုပ်ကျွေးရမည်။ ထို နာဖျားသောရဟန်း ရောဂါပျောက်ငြိမ်းသည့် တိုင်အောင် ဆိုင်းငံ့ရမည်။ (သစေ ဥပဇ္ဈာယော ဟောတိ၊ ဥပဇ္ဈာယေန ယာဝဇီဝံ ဥပဋ္ဌာတဗ္ဗော၊ ဝုဋ္ဌာနမဿ အာဂမေတဗ္ဗံ။)

(၁) "အချင်းချင်း" ဆိုသောပုဒ်ကို ဤကဲ့သို့ "ဥပဇ္ဈာယ်ဆရာ"ဖြင့် စဲချိ၍ ဆက်လက်ဖော်ပြသော၊ တာဝန်ရှိပုဂ္ဂိုလ်တို့မှာကား

(၂) ဆရာ (အာစရိယ)
(၃) အတူနေဘယ်သို့ (သဒ္ဓိဝိဟာရိက)
(၄) အနီးနေတပည့် (အန္တေဝါသိက)
(၅) ဥပဇ္ဈာယ်တူ အပေါင်းအဖော် (သမာနုပဇ္ဈာယက)
(၆) ဆရာတူရဟန်း (သမာနာစရိယက)
(၇) သံဃာ (သံဃ)

ဟူ၍ဖြစ်ပါသည်။ သံဃာဆိုသောစကားကို ကြည့်ခြင်းဖြင့် ရဟန်းအပေါင်းအစည်း တစ်ခုလုံးတွင် နာဖျားသော ရဟန်းကို လုပ်ကျွေးရန် တာဝန်ရှိကြောင်း မိန့်ဆိုတော်မူသည်ဟု နားလည်မိပါသည်။

ဤမျှမကသေးပါ၊ ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် လုပ်ကျွေးရခက်ပုံ၊ ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသောရဟန်းသည် လုပ်ကျွေးရလွယ်ပုံတို့ကိုလည်း၊ အကျယ်တဝင့် ဖွင့်ဆိုဟောပြတော် မူပါသည်။

ထို့ပြင် သူနာပြုရဟန်းတွင် ရှိရမည့်အင်္ဂါရုပ်တို့ကိုလည်း၊ ဤကဲ့သို့ ဓမ္မဟောပြီးတော်မူပါသည်။

"ရဟန်းတို့၊ ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော သူနာပြုရဟန်းသည် သူနာကို လုပ်ကျွေးရန် သင့်လျော်၏။

(၁) ဆေးကို စီရင်ခြင်းငှာစွမ်းနိုင်၏။ (ပဋိဗလော ဟောတိ ဘေသဇ္ဇေ သံဝိဓာတုံ။) သင့်သည်မသင့်သည်ကို သိ၏။ (သပ္ပါယာ သပ္ပါယံ ဇာနာတိ။)

(၂) မသင့်သောဆေးကို ပယ်၏။ (အသပ္ပါယံ အပနာမေတိ။) သင့်သောဆေးကို ဆက်၏။ (သပ္ပါယံ ဥပနာမေတိ။)

(၃) မေတ္တာစိတ်ရှိသည်ဖြစ်၍ သူနာကိုလုပ်ကျွေး၏။ (မေတ္တစိတ္တော ဂိလာနံ ဥပဋ္ဌာတိ။) (ဆွမ်းသက်နှံး အစရှိသော) အာမိသကို အလိုရှိသည်ဖြစ်၍ လုပ်ကျွေးသည်မဟုတ်။ (နော အာမိသန္တရော။)

(၄) ကျင်ကြီးကျင်ငယ် တံတွေးအန်ဖတ်တို့ကို စွန့်ပစ်အံ့သောငှာ စက်ဆုပ်ရွံရှာခြင်းမရှိ။ (အဇေဂုစ္ဆီ ဟောတိ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ဝန္တံ ဝါ နီဟာတုံ။)

(၅) သူနာကို အချိန်အခါအလျောက် တရားစကားဖြင့် (အကျိုးစီးပွားကို) သိမြင်စေခြင်းငှာ (တရားကို) ဆောက်တည်စေခြင်းငှာ (တရားကျင့်သုံးရန်) ထက်သန်ရွင်လန်းစေခြင်းငှာ စွမ်းနိုင်၏။ (ပဋိဗလော ဟောတိ ဂိလာနံ ကာလေန ကာလံ ဓမ္မိယာ ကထာယ သန္ဒဿေတုံ သမာဒပေတုံ သမုတ္တေဇေတုံ သမ္မဟံသေတုံ။)

ဤမျှကား ဂိလာနဝတ္ထုကထာမှ သင့်နိုးရာရာတို့ကို ကောက်နုတ်တင်ပြချက် ဖြစ်ပါသည်။ မြတ်စွာဘုရား၏ ဆန္ဒတော်မှာကား ရဟန်းတိုင်းလိုလိုပင် သူနာပြုအင်္ဂါတို့နှင့် ပြည့်စုံစေချင်ခြင်း ဖြစ်ပါသည်၊ သူနာပြုစေချင်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါက မှက်မှောက်ခေတ် ဆေးပညာအရ သင်တန်းပေးနေသော သူနာပြုသင်တန်းများနည်းတူ ဝိနည်းတော်နှင့်လည်း ကိုက်ညီ၍ ခေတ်နှင့်လည်း ဆီလျော်သော သူနာပြုသင်တန်းများ ရဟန်းလောကတွင် မရှိသင့်ပါလား။ ပဋိဗလော ဟောတိ ဘေသဇ္ဇေ သံဝိဓာတုံ-ဆိုသော အင်္ဂါရုပ်မှာ အသင်ဆကြား၊ အလေ့အလာမရှိလျှင် မလွယ်ကူသော အင်္ဂါရုပ် ဖြစ်ပါသည်။ ထို့ကြောင့် မြို့ကြီးငယ် ရွာတိုင်းကျောင်းတိုက်တိုင်းတွင် သူနာပြုသင်တန်းတက်၍ သူနာပြုပညာကို တတ်သိကျွမ်းကျင်သော ရဟန်းများမရှိသင့်ပါလား။ ဆင်ခြင်သုံးသပ်ကြပါရန် လေးမြတ်စွာ တင်ပြအပ်ပါသည်။

ဓင်းသုဝဏ်



သမာဓိကောင်းမှု ဖြစ်အောင် ပြုလုပ်တဲ့ ကိစ္စမှာ သင်္ကြိုဟ်ကမ္မဋ္ဌာန်းပိုင်း ကမ္မဋ္ဌာန်း ၄၀ ထဲက တစ်ပါးပါး စီးဖြန်းလျှင် သမာဓိကုသိုလ်ကောင်းမှု ဖြစ်ပါတယ်၊ **မိမိတို့အဖို့ ကမ္မာကြီးနဲ့လဲ** လိုက်လျော ယနေ့ခေတ်နဲ့လဲ ကိုက်ညီတဲ့ **မေတ္တာဘာဝနာ**တည်းဟူသော အပွမညာကမ္မဋ္ဌာန်းကို **စီးဖြန်း၍** သမာဓိကောင်းမှု အနုဂါမိကဥစ္စာကို **ရယူကြရအောင်** သူတော်ကောင်းတို့—

ဒိသာဖရဏာ မေတ္တာပွားများပုံ

၁။ အရှေ့မျက်နှာ၌ အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

၂။ အနောက်မျက်နှာ၌

၃။ တောင်အရပ်မျက်နှာ၌

၄။ မြောက်အရပ်မျက်နှာ၌

၅။ အရှေ့တောင်ထောင့်အရပ်မျက်နှာ၌

၆။ အရှေ့မြောက်ထောင့် အရပ်မျက်နှာ၌

၇။ အနောက်ဘောင်ထောင့်အရပ်မျက်နှာ၌

၈။ အနောက်မြောက်ထောင့်အရပ်မျက်နှာ၌

၉။ အောက်အရပ်မျက်နှာ၌၊ ထက်ဝန်းကျင် အနန္တစကြဝဠာ အပါယ်ဘုံသား အနန္တသတ္တဝါတို့

၁၀။ အထက်အရပ်မျက်နှာ၌ ထက်ဝန်းကျင် အနန္တစကြဝဠာ အနန္တနတ်ဗြဟ္မာတို့

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

မေတ္တာသုံတိတ်လာ မေတ္တာဘဝနားနည်း ၁၁ နံနည်း

၁။ သဗ္ဗေသတ္တာ သုခိနော ဟောန္တု

(က) လုံးစုံများစွာ၊သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ တသန္နဉ်ထာဝရ ဒုက္ခမေတ္တာ

(က) ကြောက်တတ် မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ ဒိဋ္ဌနှင့် အဒိဋ္ဌ ဒုက္ခမေတ္တာ

(က) မြင်အပ် မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(ခ) ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဒူရနှင့် အဝိဒူရ ဒုက္ခမေတ္တာ

(က) ဝေးနေ နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ကင်းစင်ဝေး၊ငြိမ်းအေးကြပါစေ။

၅။ ဘူတနှင့် သမ္ဘဝေသီ ဒုက္ခမေတ္တာ

(က) ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၆။ ဒီဃ၊ ရဿ၊ မဇ္ဈိမ တိုကမေတ္တာ

(က) ရှည် တို ထွာလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၇။ မဟန္တ၊ အဏုက၊ မဇ္ဈိမ တိုကမေတ္တာ

(က) ကြီး ငယ် ထွာလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၈။ ထူလ၊ အဏုကြ၊ မဇ္ဈိမ တိုကမေတ္တာ

(က) ဆူ ကြုံ အလတ်၊သုံးရပ်ခန္ဓာ၊သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၉။ နာ ပဓရာ ပရံ နိုက္ခေဝထ
လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

၁၀။ နာတိ မညေထ ကတ္ထစိ နာ ကံစိ
အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

၁၁။ ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခ မိစ္ဆေယျ၊
ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

တိပိဋကဓရဆရာတော် ဘဒ္ဒန္တနေမိန္ဒ
ဩဝါဒကထာ

သဗ္ဗ ပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

၁။ မကောင်းမှုရှား၊ ကောင်းမှုပွား၊ စိတ်ထား ဖြူစင်စေ။

၂။ မြတ်စွာဘုရား၊ ရှင်ဘော်များ၊ ဟောကြား ဆုံးမပေ။

၃။ လိုက်နာကုံကာ၊ ကောင်းကျိုးရ၊ ဒုက္ခလွတ် မည်ပေ။

ဓမ္မပဒ ဝါဠိတော်လာ ချမ်းသာ ၁၂-ပါး

၁။ ကိစ္စကြုံလျှင်၊ မိတ်ကောင်းယှဉ်၊ ကြည်ရွှင် ချမ်းသာသည်၊

၂။ ရှိသမျှနှင့်ပင်၊ ကျေနပ်လျှင်၊ ကြည်ရွှင် ချမ်းသာသည်၊

၃။ သေခို်နှိုးလျှင်၊ ကောင်းမှုယှဉ်၊ ကြည်ရွှင် ချမ်းသာသည်၊

၄။ ဒုက္ခကုန်စင်၊ ရုန်းပယ်လျှင်၊ ကြည်ရွှင် ချမ်းသာသည်၊

၅။ မွေးမေမိခင်၊ လုပ်ကျွေးလျှင်၊ ကြည်ရွှင် ချမ်းသာသည်၊

၆။ ကျွေးဖေဖခင်၊ လုပ်ကျွေးလျှင်၊ ကြည်ရွှင်ချမ်းသာသည်။

၇။ ရဟန်းတော်ရှင်၊ စောင့်ရှောက်လျှင်၊ ကြည်ရွှင်ချမ်းသာသည်။

၈။ အမိုးဟာရှင်၊ ဒစောင့်ရှောက်လျှင်၊ ကြည်ရွှင်ချမ်းသာသည်။

၉။ အိုးသည်တိပင်၊ သီလစင်၊ ကြည်ရွှင်ချမ်းသာထည်။

၁၀။ သင်္ခါကြည်လင်၊ စွဲမှီလျှင်၊ ကြည်ရွှင်ချမ်းသာသည်။

၁၁။ ပညာစုံလင်၊ ရရှိလျှင်၊ ကြည်ရွှင်ချမ်းသာသည်။

၁၂။ မကောင်းမှုကြဉ်၊ မပြုလျှင်၊ ကြည်ရွှင်ချမ်းသာသည်။

* ချမ်းသာတရား၊ ဓာလှံနှစ်ပါး၊ မှတ်သားလိုက်နာသည်။

* လိုက်နာကျင့်လျှင်၊ ဆင်းရဲစင်၊ ကြည်ရွှင်ချမ်းသာသည်။

တိပိဋကစရ ဆရာတင် ဘဒ္ဒန္တ ကောသလ္လ၏ ဩဝါဒကထာ

၁။ သူ့ကိုသက်ဖြတ်၊ သက်တိုလတ်၊ မသတ်အသက်ရှည်။

၂။ ညှဉ်းဆဲသူအား၊ ရောဂါများ၊ သနား ကျန်းမာသည်။

၃။ ဒေါသမီးလျှံ၊ အကျည်းတန်၊ သည်းခံရုပ်လှသည်၊

၄။ မနာလိုမှာ၊ ခြံရံကွာ၊ ကြည်သာမြင်ရံစည်။

၅။ မခေးသူက၊ မွဲပြာက၊ ကွာပေါကြွယ်သည်။

၆။ မရှိမငေ၊ မျိုးယုတ်မာ။ ရှိငေသမျိုးမြတ်သည်။

၇။ မမေးမမြန်း ညွှာမြင်ကန်း၊ စုံစမ်းဉာဏ်ပြီးသည်။

* ဘုဉ်မိန့်ကြား၊ ဟာမြဲများကို၊ နာကြားသိယူ၊ များရှင်လူ၊ ကြည်ဖြူအားထုတ် လုပ်သင့်သည်။

[စိုးကမ္ဘ ပိဘဝ်သုဂ်အရ ကဗျာရေးဖွဲ့ထားပါသည်။]

တိပိဋကစရ ဘဒ္ဒန္တ သုမင်္ဂလ သေက်ခရ၏ ဩဝါဒကထာ

ဘုန်းကြီးအနာနဲ့ ဩဝါဒပေးရလျှင် "သရဏဂုံကို ကောင်းကောင်းနာယူပါ" လို့ဩဝါဒပေးပါတယ်၊ သရဏဂုံသည် ဗုဒ္ဓဘာသာမှန်သမျှနှင့် ဆက်စပ်နေ၍ ဒုတိယဘဝ၌ သုဂတိရောက်ရေးအတွက် ဘဝသံသရာခရီး၌ အထက်တန်းကျကျ အမျိုးဘာသာ သာသနာကို စောင့်ရှောက်နိုင်ရေး၊ နောက်ဆုံးဘဝ၌ လွယ်ကူစွာ ဟရားထူးရရေး တို့အတွက် ကောင်းကောင်းကြီး ကျေးဇူးပြုနိုင်လို့ တိုက်တွန်းရခြင်း ဖြစ်ပါတယ်။

အပဒါန် ပါဠိတော် သရဏဂမနိယထေရ်၏ ဝတ္ထုမှာ သရဏဂုံအကျိုး ဂ မျိုးကို အောက်ပါအတိုင်း ဟောကြားထားပါတယ်။

ဒိသာသု ပူဇိတော ဟောမိ၊
တိက္ခပညော ဘဝါမဟံ၊
သဗ္ဗဒေါ နူဝတ္တန္တိ။
အမိတ ဘောဂံ လဘာမဟံ။
သုဝဏ္ဏာ ဝဏ္ဏော သဗ္ဗတ္ထ၊
ပဋိကန္တော ဘဝါမဟံ။
မိတ္တာနံ အစလော ဟောမိ၊
ယသော အဘိဂုဏော မမံ။

၁။ အရပ်မျက်နှာတိုင်းမှာ အပူဇော်ခံရခြင်း

၂။ ဥာဏ်ပညာထက်မြက်ခြင်း

၃။ နတ်အားလုံးက အလိုလိုက်ခြင်း

၄။ စည်းစိမ်ဥစ္စာ များပြားစွာရခြင်း

၅။ ရွှေအဆင်းတမျှ ရုပ်ရေလှပခြင်း

၆။ ချစ်ခင်နှစ်သက်မှုကို ခံယူရရှိခြင်း

၇။ မိတ်ဆွေများ ခိုင်မြဲခြင်း

၈။ ကျော်စောမှု ဂုဏ်သတင်း ပြန့်နှံ့ခြင်း

သရဏဂုံအကျိုး ဂ—မျိုးကို မှတ်သားပြီး ဗုဒ္ဓဘာသာ စိတ်ဓာတ် မြဲမြံရေးအတွက် ဘာသာရေးအဓိဋ္ဌာန် ၃ ချက်ကို ဓမ္မလက်ဆောင်အဖြစ် ပေးလိုက်ပါရစေ။

၁။ ဘုရားကိုသာ၊ တစ်သက်တာ၊ မြဲစွာကိုးကွယ်မည်။

၂။ တရားကိုသာ၊ တစ်သက်တာ၊ မြဲစွာကိုးကွယ်မည်။

၃။ သံဃာကိုသာ၊ တစ်သက်တာ၊ မြဲစွာကိုးကွယ်မည်။

* သရဏဂုံစိတ်ဓာတ်၊ ကမ္ဘာပြန့်၊ အနှံ့တည်စေသော်။

ဦးပညာသာမ

ဦးထွန်းလှိုင်

(အငြိမ်းစားသာသနာ့ဦးစီးဌာနမှ
အယ်ဒီတာချုပ်)

တိပိဋကဓရ
ဗဟုဿုတပဋိဘာန
တန်ဖိုး

လောကဥ္စ လူသားတို့သည် ရွှေ ငွေ စိန် ကျောက် နီလာ ပတ္တမြားစသော လောကီ ရတနာတို့၏ တန်ဖိုးကို အရည်အသွေး အလေး ချိန် ပမာဏနှင့် ကာလ ဒေသ အခြေအနေအရ ညှိနှိုင်း ထောက်ဆ၍ ဆုံးဖြတ်လေ့ရှိကြသည်။ တိပိဋကရ ပုဂ္ဂိုလ် တစ်ပါး၏ တန်ဖိုးကို အဘယ်သို့ ညှိနှိုင်း ထောက်ဆ၍ ဆုံးဖြတ်ကြပါမည်နည်း....

စေတိယင်္ဂဏ စာလျှောက်မေးခန်း

ကျွန်တော်၏ မိတ်ဆွေ ဆရာကြီး ဦးစာကျော် သည် ၁၃၄၉–ခုနှစ် နတ်တော်လဆန်း ၂-ရက် (၂၂-၁၁-၈၇) တနင်္ဂနွေနေ့၌ နံနက် စောစော ကပင် သား သား နား နား ခန့် ခန့် ညား ညား ဝတ်စား ဆင်ယင်၍ ရွှေတိဂုံဘုရား ကုန်းတော် ပေါ်သို့ တက်ရောက်လာခဲ့သည်။

အကြောင်းမှာ ရွှေတိဂုံဘုရား ယင်ပြင်တော်ရှိ စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟအသင်းကြီး၏ အကြိမ် ၇၀ မြောက် စာလျှောက်မေးခန်း အာဂုံ အစမ်းစတင် ကျင်းပမည်ဖြစ်သောကြောင့် ပေတည်း။

စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ အသင်းကြီးသည်ကား ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော် ရင်ပြင်၌ တည်ရှိကာ မန္တလေးမြို့ သကျသီဟ ဘုရား ရင်ပြင်တော်၌ တည်ရှိသည့် ပရိယတ္တိ သာသနာတော်ကို ချီးမြှောက် ထောက်ပံ့နေသော အသင်းကြီးဖြစ်ပေသည်။ နှစ်စဉ် ပရိယတ္တိအရာ၌ ကျွမ်းကျင်လိမ္မာသည့် ရဟန်းတော်များ ပေါ်ထွက်စေရန် စာမေးပွဲ ကျင်းပပြုလုပ်၍ မွေးထုတ်ခနေသော သာသနာပြုအသင်းကြီး ဖြစ်ပေသည်။

ယနေ့ စာလျှောက်မေးခန်း ဖွင့်ပွဲတွင် နှစ်တိုင်း နှင့်မတူ တစ်မူထူးခြားစွာ နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ကြီး၏ အတွင်းရေးမှူးချုပ် တိပိဋကရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ကိုယ်တော်တိုင် ကြွရောက်ပြီး အဖွင့်မိန့်ခွန်းမြွက်ကြားတော်မူမည် ဖြစ်ကြောင်း ဆရာကြီးဦးစာကျော် ကြို၍ဝင်၍ သတင်းရထားသည်၊ ထို့ကြောင့်ပင်လျှင် တမင်တကာ စောစောကြီး အားသွန်ခွန်စိုက် တက်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

ဆရာကြီး ဦးစာကျော်သည် ရွှေတိဂုံ စေတီတော်ကြီးကို ဦးချရှိခိုး၍ စာပြန်ပွဲ ကျင်းပရာ ဌာနသို့ အသွေးနှင့်၍ လာခဲ့သည်။ စာဖြေမည့် ရဟန်းတော်ကလေးများ ဟိုနေရာ ဒီနေရာတို့၌ မိမိတို့ ပြန်ဆိုရမည့် စာကို အာရုံပြုကာ ငြိမ်သက်စွာ ထိုင်နေသည်ကို လည်းကောင်း၊ ပါးစပ်မှ ပွစိပွစိလုပ်ကာ တိုးတိုးရွတ်ဆိုနေသည်ကို လည်းကောင်း စာအုပ်ကိုလှန်၍ စူးစူးစိုက်စွာ ဖတ်၍ မှတ်နေသည်ကို လည်းကောင်း ကြည့်ညိုဖွယ်ရာ ဖူးတွေ့ရပါသည်၊ မကြာမီပင်....

"နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အတွင်း ရေးမှူးချုပ် အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ကြွလာပါပြီ ခင်ဗျား"

ဟူ၍ အသံခဲ့စက်မှ ကြွေးကြော်သံ ပေါ်ထွက်လာပြီး မကြာမီပင် တိပိဋကဓရ ဆရာတော် ကြွဝင်လာကာ အာသင်္ဂပြင်ဆင်ထားသည့် ပလ္လင်တော်ပေါ်သို့ သီတင်းသုံး ထိုင်နေတော်မူပါသည်။

အခမ်းအနားမှူးက အစီအစဉ်များ ဖတ်ကြားလျှောက်ထားပြီး မကြာမီပင် တိပိဋကဓရ ဆရာတော်၏ မိန့်ခွန်းပြောရန် အလှည့် အကြိမ်သို့ ရောက်လာပါသည်။ ဦးစာကျော်သည် မိမိ၏ စိတ်ကို ဆရာတော်၏ မိန့်ခွန်း တစ်ခုတည်းမှာ သာ တည်နေစေလျက် စူးစိုက် တည်ငြိမ်စွာသာ နာယူနေပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် မိန့်ခွန်း

သက္ကရာဇ် တစ်ထောင့်သုံးရာ လေးဆယ့်ကိုး ခုနှစ် နတ်တော်လဆန်း နှစ်ရက် တနင်္ဂနွေနေ့ ဤနေ့ စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ အသင်းကြီးက စာလျှောက်မေးခန်းပွဲ စတင် ကျင်းပတဲ့

အခါမှာ စာသင်တန်း စာချုတန်း စာဖြေ သံဃာများ ဖက်နှင့် စာမေးပွဲ ကျင်းပပြုလုပ် ပူဇော်သည့် ပုဂ္ဂိုလ်များဖက် လို့ နှစ်ဖက်ရှိရာတွင် စာဖြေသံဃာတော်များဖက်ကို ရှေးဦးစွာ လျှောက်ထားပြောကြားလိုပါသည်။

စာဖြေ အရှင်မြတ်တို့ ဘုရား၊ အရှင်မြတ်တို့သည် မြတ်စွာဘုရား သာသနာ့ ဝန်တာကို ထမ်းဆောင်တော်မူကြရာ၌ အခြေခံ ကျမ်းစာများနှင့် ပါဠိတော် အဋ္ဌကထာ ကျမ်းများစွာကို သင်ယူလေ့ကျက် နှုတ်တက်ရွရွ ဆောင်ထားတော်မူကြ၍ အာဂုံပြန်ဆိုခြင်း၊ ရေးသား ဖြေဆိုခြင်းများကို အားခွန်စိုက်ထုတ် ပြုလုပ်ကြရပါသည်။

ယင်းသို့ ပြုလုပ် ဆောင်ရွက်ရသည့် တရားတော်များ၏ အတိုင်းအတာ ပမာဏသည် အလွန်ကြီးမား များပြားလှပါသည်။ ယင်းကြီးမားများပြားသည့် တရားတော်များ၏တန်ဖိုး ပမာဏသည်လည်း လွန်စွာ ကြီးမား များပြားလှပါသည်၊ ဤနေရာမှာ အရှင်မြတ်တို့ ဆောင်ထားကြသည့် ကြီးမား များပြားလှသော တရားတော်တို့၏ တန်ဖိုးကို အရိပ်အမြွက်မျှ မှန်းဆ၍ သိကြရအောင် မြတ်စွာဘုရား အလောင်းတော် ဖြစ်သည့် မဟာသုဘသောမ မင်းကြီး ပြောကြားခဲ့သည့် စကားရပ်ကို အထောက်အထားပြု၍ အရှင်မြတ်တို့အား တပည့်တော် လျှောက်ထားချင်ပါသည်၊ အရှင်မြတ်များ သတိထား၍ စဉ်းစားဆင်ခြင်တော်မူကြပါ။

မဟာသုတသောမဇာတ်အကျဉ်း

အရှင်မြတ်တို့ဘုရား....တပည့်တော်တို့၏ အားထားကိုးကွယ်ရာ ဖြစ်တော်မူသော သုံးလောကထွတ်ထား မြတ်စွာဘုရားသည် နုစဉ်အခါက ကုရုတိုင်း ဟတ္ထိနာပုရမြို့၌ ကောရဗ္ယမင်းကြီး၏ သားတော် မဟာသုဘသောမ မင်းသားဖြစ်ခဲ့ပူးပါသည်။

မဟာသုတသောမ မင်းသား အသက်အရွယ် ရောက်သောအခါ ခမည်းတော်နှင့် မယ်တော်တို့က တက္ကသိုလ်သို့သွား၍ အဟတ်ပညာသင်ယူရန် စေလွှတ်ပါသည်။ အခြားသော ပြည်ထောင်တိုင်းသား မင်းအမျိုးကလည်း မိမိတို့၏သားတော်များကို တက္ကသိုလ်သို့သွား၍ ပညာသင်ကြားရန် စေလွှတ်ကြပါသည်။ ထိုမင်းသားအများထဲတွင် ဗာရာဏသီပြည့်မှ ဖြဟ္မဒတ္တမင်းသားလည်း ပါဝင်ခဲ့ပါသည်။

မဟာသုတသောမ မင်းသားသည်ကား ပညာတော်သင် မင်းသားများထဲတွင် ဉာဏ်အကောင်းဆုံးပညာအတော်ဆုံးဖြစ်သောကြောင့် တက္ကသိုလ်ဆရာကြီးက လက်ထောက်ဆရာအဖြစ် လွှဲထား၍ အခြားမင်းသားများကို ပညာသင်ကြားပေးရပါသည်။ အခြားမင်းသားများက လေးစားကြရပါသည်။

အတတ်ပညာများ စုံလင်စွာတတ်မြောက်ကြ၍ မင်းသားများ တိုင်းတော်ပြည်တော်သို့ ပြန်ကြ၍ လမ်းဆုံမှ ခွဲခွာကြရမည့်အချိန်၌ မဟာသုတသောမ မင်းသားက မင်းသား အား လုံး အား ''အဆွေတော်တို့၊ အဆွေတော်အားလုံးသည် မိမိတို့ နေပြည်တော်သို့ ပြန်လည်ဆိုက်ရောက်ကြသောအခါ မိမိတို့၏ ခမည်း တော် မင်းကြီး၏ အရိုက်အရာဖြစ်သောထီးနန်းစိုးအုပ် မင်းလုပ်ကြရပါလိမ့်မည်။ ယင်းသို့မင်းဖြစ်သောအခါ ရှေးမင်းကောင်း မင်းမြတ်များ ကျင့်ရိုးလမ်းကြောင်းမှ မတိမ်းမစောင်းအောင် ကျင့်သုံးကြပါကုန်'' ဟူ၍ ဆုံးမစကား ပြောကြားလိုက်သည်။

ယင်းသို့ ဆုံးမစကား ပြောကြားရခြင်းမှာ.... ဗာရာဏသီမင်းဖြစ်မည့် ဖြဟ္မဒတ္တမင်းသား၏ ရုပ်လက္ခဏာများ ကြမ်းတမ်းရက်စက်မည့် သဘောကို ဖော်ပြနေသောကြောင့် သတိပေးလို၍ ပြောခြင်းဖြစ်ပေသည်။

မှန်လှပါသည်။ မင်းသားများ မိမိတို့ တိုင်းပြည်သို့ ရောက်၍ မင်းဖြစ်သို့ ရောက်ကြသော အခါ ဗာရာဏသီဖြဟ္မဒတ္တမင်းသားသည် ထူး

ထူးခြားခြား အသားဟင်းကို ကြိုက်ပါသည်၊ အသားဟင်းမပါဘဲပွဲတော်မတည်နိုင်အောင် ဖြစ်နေပါသည်။

ပေါရိသာဒ လူသားစားမင်း

တစ်နေ့သောအခါ အသားဟင်းကို ကြိုက်နှစ်သက်လှသည့် ဗြဟ္မဒတ္တမင်းသား စားရန် အသားဟင်းကို မရနိုင်သောကြောင့် စားတော်ကဲ ရသကသည် သင်းချိုင်းမှ လူသေကောင်၏ အလောင်းမှ အသားကို လှီးယူကာ ချက်၍ ပွဲတော် ဆက်လိုက်လေသည်။ ဗြဟ္မဒတ္တမင်းသည် လူသားကို စားမိသောအခါ အလွန်အရသာရှိလှသောကြောင့် "အမြဲမပြတ် လူသားကိုချက်၍ ဆက်သရမည်"ဟူ၍ အမိန့်တော်မှတ်လိုက်သည်။ ထို့ကြောင့် စားတော်ကဲ ရသကသည် လူသားကို နည်းအမျိုးမျိုးဖြင့်ရှာ၍ ဆက်သရသည်။

နောက်ဆုံး၌ ဗြဟ္မဒတ္တမင်း လူသားစားကြောင်း လူအများသိကြသောအခါ စစ်သူကြီး ကာဠဟတ္ထခေါင်းဆောင်သည့် မှူးမတ်ဗိုလ်ပါလူများစွာတို့က ဗြဟ္မဒတ္တမင်းကို တိုင်းပြည်မှ နှင်ထုတ်လိုက်ပါသည်။ ထိုအခါမှစ၍ ဗြဟ္မဒတ္တမင်းသည် တောအုပ်ကြီးတစ်ခုမှာနေကာ ခရီးသွားသူ လူအများကို ဖမ်းဆီးသတ်ဖြတ်၍ စားလေသည်။ သူ့ကို လူအများက "ပေါရိသာဒ=လူသားစားမင်း"ဟု ခေါ်ကြပါသည်။

ပေါရိသာဒသည် လူများကို လိုက်လံဖမ်းယူစဉ် တစ်ချိန်၌ မတော်တဆ ခြေဖဝါးမှာ ရှားငုတ်စူး၍ အနာကြီးဖြစ်ကာ ညောင်ပင်ကြီးတစ်ပင်အောက်မှာ လှဲနေရရှာပါသည်။ ထိုအခါကြံရာမရ အားငယ်လှသောကြောင့် "အရှင်ညောင်ပင်စောင့်နတ်မင်း၊ အကျွန်ုပ်အား ဤခြေနာပျောက်အောင်စောင့်ရှောက်မ'စကုသတော်မူပါ၊ပျောက်လျှင် အရှင်နတ်မင်းအား ဇမ္ဗုဒီပါကျွန်းရှိ တစ်ရာ့တစ်ပါးသော မင်းတို့၏ လည်ချောင်းသွေးဖြင့် ပူဇော်ပါမည်"ဟု ပန်ကြားသည်။

ပေါရိသာဒသည် ငြိမ်သက်စွာ နေသောကြောင့် လည်းကောင်း၊ အစာမစားသောကြောင့် လည်းကောင်း မကြာမီပင် ခြေထောက်အနာ ပျောက်ကင်းသွားပါသည်။ ယင်းသို့အနာပျောက်သည်ကို "ညောင်ပင်စောင့်နတ် ကယ်မ၍ ပျောက်သည်"ဟု ယူဆကာ ဇမ္ဗုဒီပါကျွန်းရှိမင်းများကို ဖမ်းယူလေတော့သည်။ ဖမ်းပြီး လည်ချောင်း သွေး ဖောက် ရန် လက်ဝါး နှစ်ဖက်ကို ဖောက်၍ နွယ်ကြိုးဖြင့် သီပြီး ညောင်ပင်မှာ ဆွဲထားပါသည်။

နောက်ဆုံး မင်းအားလုံးကို ဖမ်းယူရရှိပြီး မဟာသုတသောမမင်းကိုသာ ဖမ်းယူရန် လို့တော့သည်။ ထို့ကြောင့် ပေါရိသာဒသည် မဟာသုတသောမမင်း ခေါင်းဆေးမင်္ဂလာ ပြုလုပ်ရန် မင်္ဂလာရေကန်သို့အလာကို စောင့်ကာ ရေကန်ထဲ ကြာပင်အောက်မှ ချောင်းနေလေသည်။

မဟာသုတသောမမင်း မင်္ဂလာ ရေကန်သို့ ခေါင်းဆေးရန်လာစဉ် လမ်းခုလတ်မှာ "အောင်စေသတည်း"ဟု အောင်ဆုတောင်းကာ ပုဏ္ဏားတစ်ယောက် ဆီးတားသောအခါ မင်းကြီးသည် ရထားကိုရပ်၍ ပုဏ္ဏားအား အကျိုးအကြောင်းကို မေးသော်....

"မင်းကြီးနှင့်ထိုက်တန်သော ဂါထာလေးပုဒ်ပါပါသည်။ နာကြားတော်မူပါ"ဟူ၍ လျှောက်တင်ပါသည်။ မဟာသုတ သောမမင်းကြီးက-

"အချင်းပုဏ္ဏား၊ ယခု ငါ မင်္ဂလာကန်သို့ ခေါင်းဆေးမင်္ဂလာပြုရန် သွားပါဦးမည်။ ပြန်လာသောအခါကျမှ သင်ဟောမည့်တရား လေးဂါထာကို နာယူပါမည်။ ခေတ္တစောင့်နေပါ။" ဟူ၍ ကတိပေးစကား ပြောကြားပြီး မင်္ဂလာကန်တော်သို့ ဆက်၍သွားပါသည်။

မင်္ဂလာကန်သို့ရောက်ပြီး ခေါင်းလျှော် ရေချိုးပြီးသော် အဝတ်မလဲသေးမီ ရေခြောက်အောင် ရပ်တန့်ကာ နေစဉ်မှာ ရေကန်ထဲ ကြာပင်အောက်မှ စောင့်နေသည့် ပေါရိသာဒသည် တစ်ဟုန်တည်း တက်လာ၍ ''ငါကွ ပေါရိသာဒ'' ဟု အော်ဟစ်ကြုံးဝါးကာ မဟာသုတသောမမင်းကြီးကို ထမ်းယူလျက် ဆင်မြင်းရထား စစ်သည်များကို ကျော်နင်း ခုန်လွှားရှာ တောထဲသို့ ပြေးသွားလေသည်။

ယင်းသို့ ထမ်းယူလာစဉ် ရေချိုးခေါင်းလျှော်ပြီးခါစ မဟာသုတသောမ မင်းကြီး၏ ဆံပင်မှ ရေစက်များသည် ပေါရိသာဒ၏ ခြေထောက်ပေါ်သို့ ကျပါသည်၊ ရေစက်ကျသည်ကို ငဲ့၍ မျက်ရည်ကျသည်ဟု ထင်သောကြောင့် ''မဟာသုတသောမမင်းကြီး၊ ကြောက်သလား'' ဟု ပေါရိသာဒက မေးပါသည်။

''ပေါရိသာဒ-ငါမကြောက်ပါ၊ စိုးရိမ်ခြင်းတော့ ဖြစ်မိပါသည်။ ယင်း စိုးရိမ်ခြင်းမှာ မင်္ဂလာကန်သို့ လာခါနီးမှာ ပုဏ္ဏားတစ်ယောက်အား 'မင်္ဂလာကန်မှ အပြန်မှာ ဂါထာလေးပုဒ်ကို နာယူပါမည်၊ စောင့်နေပါ' ဟု ချိန်းဆိုခဲ့သည့် ကတိပျက်မည်ကို စိုးရိမ်ခြင်း ဖြစ်ပါသည်။ ပေါရိသာဒ–ငါ့အား ဂါထာလေးပုဒ်ကို နာယူရန် ခေတ္တပြန်လွှတ်ပါ၊ ဂါထာလေးပုဒ်ကို နာယူပြီး သင့်ထံ လာခဲ့ပါမည်။''

ဟူ၍ ပြောဆို ခွင့်တောင်းသည်။ ကျိန်စာလည်း ဆိုသည်။

ထိုအခါ ပေါရိသာဒက မဟာသုတသောမမင်းကြီးကို ပြန်၍ လွှတ်လိုက်သည်၊ မဟာသုတသောမ မင်းကြီးသည်လည်း ချိန်းဆိုထားသည့်အတိုင်း နန္ဒပုဏ္ဏား မဟာပြသည့် ဂါထာလေးပုဒ်ကို နာယူသည်၊

သတာရဟ ဆစ်ကုတန် ဂါထာများ

(က) သကိဒေဝ သုတသောမ၊
သင်္ဘီ ဟောတိ သမာဂမော။
သာ နံ သင်္ကိ ပါလေတိ၊
နာသင်္ဘီ ဗဟုသင်္ကမော။

မဟာသုတသောမ မင်းကြီး၊ အကြင်သူသည် တစ်ကြိမ်မျှသာလျှင် သူတော် ကောင်း တို့နှင့် ပေါင်းသင်းရခြင်းသည်ဖြစ်၏။ ယင်းတစ်ကြိမ်မျှသာ ပေါင်းသင်းလိုက်ရခြင်းသည် ထိုသူအား မကောင်းပယ်မြစ် ကောင်းရာဖြစ်ရန် စင်စစ် စောင့်ရှောက်နိုင်ပါပေ၏။ သူတော်မဟုတ် သူယုတ်တို့နှင့် များစွာပေါင်းသင်းရခြင်းသည်ကား မစောင့်ရှောက်နိုင်ပါချေ။

(ခ) သင်္ဘီရေဝ သမာသေထ၊
သင်္ဘီ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊
သေယျော ဟောတိ နပါပိယော။

သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းပါ၊ သူတော်ကောင်းတို့နှင့်သာ ခင်မင်ပါ၊ သူတော်ကောင်းတို့၏ တရားမြတ်ကို သိမြင်ခြင်းကြောင့် ကောင်းမြတ်သည့် အကျိုးသာ ဖြစ်နိုင်ပါသည်။ ယုတ်ညံ့သည့် အကျိုးတရား မဖြစ်ပွားနိုင်ပါ။

(ဂ) ဇ်ဂန္တီ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော နဇရံ ဥပေတိ၊
သန္တော ဟဝေ သင်္ဘိ ပဝေဒယန္တိ။

လှပဆန်းပြား မင်းဂေါ်ရထားတို့သည် အမှန်ပင်လျှင် အိုမင်းနွမ်းပါး ပျောင်းသွားတတ်ကြပေသည်၊ ထို့အတူသာ ကိုယ်ခန္ဓာသည်

လည်း နွမ်းပါး ယိုယွင်း အိုခင်းသွားတတ်ပါ
ပေသည်။ သူတော်ကောင်းများ၏ မြတ်တရား
သည်ကား ဟောင်းနွမ်းသွားခြင်း မရှိပါခေ့။
ငြိမ်သက် ကြည်လင် သူဘော်စင်တို့သည်ကား
အမှန်အား ဖြင့် သူတော်ကောင်းတရားကိုသာ
လျှင် ထုတ်ဖော် ညွှန်ပြ ဟောကြားကြပါ ကုန်
၏။

(ဃ) နဘဉ္ဇဒူရေ ပထဝီ စ ဒူရေ၊
ပါရံ သမုဒ္ဒဿ တထာ ဒူရေ။
တတောဟဝေ ဒူရဘရံ ဝဒန္တိ၊
သတဉ္ဇ ဓမ္မမာ အသံတဉ္ဇ ရုဇာ။

မိုးကောင်းကင်သည်လည်း မြေပြင်နှင့် ဝေး
ကွာပေသည်၊ မြေပြင်သည်လည်း မိုးကောင်း
ကင်နှင့် ဝေးကွာပေသည်။ ထို့အတူ သမုဒ္ဒရာ
၏ ဟိုဖက်ကမ်းနှင့် ဤဖက်ကမ်းသည်လည်း
ဝေးကွာပေ၏။ မဟာသုတသောမမင်းမြတ်
ကောင်းကင်နှင့် မြေလွှာ သမုဒ္ဒရာကမ်းနှစ်ဖက်
ဝေးကွာသည်ထက် သူတော်တရားနှင့် မသူ
တော်တရားတို့ အလွန် ကွားခြားကြဲသည်
ဟူ၍ အစဉ်အလာအား ဖြင့် ပြောကြားကြပါ
ကုန်၏။

ဤသည်လျှင် နန္ဒပုဏ္ဏား ဟောကြားသည့်
လေးဂါထာ ဖြစ်ပါသည်။ ယင်းဂါထာ လေးပုဒ်
သည် ဤဘဒ္ဒကမ္ပာ၌ သုံးဆူမြောက် ပွင့်တော်မူ
သည့် ကဿပ မြတ်စွာဘုရား ဟောကြားတော်မူ
ခဲ့သည့် တရားဒေသနာ ဂါထာများ ဖြစ်ပါသည်။
ကဿပ မြတ်စွာဘုရား သာသနာတော် ကွယ်
ပျောက်သွားသည့်အခါ မပျောက်မကွယ်သေးဘဲ
ကျန်ရှိနေသည့် ဂါထာများ ဖြစ်ပါသည်။

နန္ဒပုဏ္ဏား ဟောပြသည့် ဂါထာ လေးပုဒ်ကို
မဟာသုတ သောမ မင်းကြီး နာကြားရသော
အခါ "ဤဂါထာများသည်ကား ဘုရား တပည့်
သာဝကာရသေ့၊ လူပညာရှိနှင့် ပစ္စေက ဗုဒ္ဓ အာရှင်
များ ဟောကြားသည့် ဂါထာများ မဟုတ်နိုင်ချေ၊
သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ဟောသည့်
ဂါထာများသာ ဖြစ်ချေသည်" ဟူ၍ ဆုံးဖြတ်
သိရှိ၍ထီးနန်း စည်းစိမ်ဖြင့်ပင် ပူဇော်ချင်ပါသော်
လည်း နန္ဒပုဏ္ဏားနှင့် မထိုက်တန်ကြောင်းကို သိ
သောကြောင့် နန္ဒပုဏ္ဏားကိုပင် မေး၍ ပူဇော်အံ့
ဟူ၍ ကြံစည်ကာ....

"အချင်းနန္ဒပုဏ္ဏား၊ သင်သည် အခြား
မင်းအား ဤဂါထာများကို ဟောခဲ့တုန်း
က အဘယ်မျှလောက် အပူဇော်ခံခဲ့ရပါ
သနည်း"



ဟူ၍ မေးပါသည်၊ ထိုအခါနန္ဒပုဏ္ဏားက–

"အရှင် မင်းကြီး၊ အခြား မင်းများကိုဟော သောအခါ တစ်ဂါထာလျှင် အသပြာငွေ တစ်ရာဖြင့် ပူဇော်ပါသည်။ ထို့ကြောင့် ဤဂါထာများသည် 'သတာရဟ=တစ်ရာတန်' ဂါထာမည်ပါသည်။ အကျွန်ုပ်သည် ဂါထာလေးပုဒ်အတွက် လေးရာရခဲ့ဖူးပါသည်။"

ဟူ၍ ဖြေကြား လျှောက်ထားလေသော် မဟာသုတသောမ မင်းကြီးက....

"အချင်းနန္ဒပုဏ္ဏား၊ သင်သည်အဖိုးတန် ဂါထာများကို ဆောင်၍ ထားခဲ့ပါလျက် ဂါထာ၏ တန်ဖိုးကို မသိပါလေ၊ ဤဂါထာများသည် တစ်ဂါထာလျှင် "တစ်ထောင်တန်သည့် သဟဿာရဟ" ဂါထာများဖြစ်သည်။ ထို့ကြောင့် လေးဂါထာအတွက် အသပြာ လေးထောင် ယူပါလေ"

ဟူ၍ ဆုံးဖြတ်ပြီး ငွေအသပြာ လေးထောင်ဖြင့် နန္ဒပုဏ္ဏားအား မဟာသုတသောမ မင်းကြီးက ပူဇော်ပါလေသည်။

"စာပြန်ပွဲဝင် အရှင်မြတ်တို့ဘုရား၊ တပည့်တော် လျှောက်ထားခဲ့သည့် အတိုင်း မဟာသုတသောမ မင်းကြီးက ဘုရားဟော ဂါထာတစ်ပုဒ်ကို တစ်ထောင်တန် ဟူ၍ ဆုံးဖြတ်ခဲ့ပါသည်။

ယခု အရှင်မြတ်တို့ ဆောင်ရွက် ပြန်ဆိုနေကြသည့် တရားဒေသနာတော်တို့သည် ရာထောင်မျှမကပါ၊ အလွန်များပြားလှပါသည်။ နန္ဒပုဏ္ဏားအား ဂါထာ လေးပုဒ်အတွက် လေးထောင် ပူဇော်သည်ဟု ဆိုပါလျှင် အရှင်မြတ်တို့အား ရာထောင်မက သော တရားဒေသနာများ အတွက် ထောင် သောင်း သိန်း သန်းမက ပူဇော်သင့်လှပါသည်။ အရှင်မြတ်တို့ကိုလည်း "ထောင် သောင်း သိန်း သန်းမကတန်ဖိုးရှိသော တရားရတနာ ပိုင်ရှင်ကြီးများ" ဟူ၍ ဆိုသင့်လှပါသည်။အရှင်မြတ်တို့အား စာလျှောက်မေးခန်း ပွဲကြီး ကျင်းပပြုလုပ်၍ ကြည်ညိုသဒ္ဓါ ထက်သန်စွာဖြင့် ပူဇော်ကြသည့်စေတီယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ အသင်းကြီးသည်လည်း ထောင်သောင်း သိန်းသန်းမက တန်ဖိုးကြီးမား လှသည့် တရားရတနာများကို ပူဇော်နေသည် ဖြစ်ပါကြောင်း တပည့်တော် လျှောက်ထားပါသည် ဘုရား"



ဤသို့ တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော်၏ စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟအသင်းကြီးက ကျင်းပပြုလုပ်သည့် အကြိမ်ခုနစ်ဆယ်မြောက် စာလျှောက်မေးခန်း ဖွင့်ပွဲ၌ မိန့်ကြားတော်မူသော ဩဝါဒကထာ မိန့်ခွန်းကို ကျွန်တော့်၏ မိတ်ဆွေ ဆရာကြီး ဦးစာကျော်က ကျွန်တော့်အား သူမှတ်သားမိသမျှကို ထပ်ဆင့်ဖောက်သည်ချ၍ မိန့်ကြားတော်မူပါသည်။

ယင်း မိန့်ခွန်းကို ကြားနာရသည့် ကျွန်တော်မှာ လွန်စွာမှပင် ကြည်လင် ရွှင်လန်း ဝမ်းသာခြင်း ဖြစ်ရပါတော့သည်။

မှန်လှပါသည်၊ ကျွန်တော်တို့သည့် ဒုလ္လဘသာသနာနှင့် ကြုံရလာခိုက်၌ ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာတော်ကို မြောက်မြားစွာ နာယူခွင့် ရနိုင်ကြပါသည်။ မြောက်မြားစွာ သင်ယူလေ့လာခွင့် ရနိုင်ကြပါသည်။ မြောက်မြားလှစွာသော တရားတော်ကို လေ့လာသင်ယူနေသော ပုဂ္ဂိုလ်များ၊ တရားတော်ကို ဆောင်ထားကြသော ပုဂ္ဂိုလ်များကို ခြိုးမြောက် ထောက်ပင့် ပူဇော်ခွင့်ရနေကြပါသည်။ ယင်းသို့ အခွင့်အရေး ထူးကြီး ရနေကြသည့် ဖြစ်ပေရာ အဘယ်မှာ ဝမ်းမသာဘဲ ရှိ ဟူ၍ ဖြစ်ပါသတည်း။
ပါအုံနည်း။

ကျွန်တော်၏ စိတ်အစဉ်မှာ ပီတိလွှမ်း၍ ဝမ်းသာနေခိုက် ဉာဏ်ပညာများကလည်း ရွှင်လန်းလာပေသောကြောင့် ဆရာကြီး ဦးစာကျော်နှင့် အောက်တွင် ဆက်လက် ဖော်ပြသည့် အတိုင်း အမေးအဖြေ ပြုလုပ်မိကြပါသည်။ ယင်း အမေးအဖြေမှာ-

(မေး) ဒီလို တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားက မိန့်ခွန်း မြွက်ကြားတယ်ဆိုတော့ ကျွန်တော်က ဆရာကြီးကို ဉာဏ်စမ်း ပုစ္ဆာတစ်ခု မေးချင်တယ်ဗျ။

(ဖြေ) မေးလေ၊ ဖြေမယ်၊ ပုစ္ဆာတစ်ခုမကဘူး၊ ပုစ္ဆာဆယ်ခု မေးနိုင်တယ်။

(မေး) ကောင်းပြီ မေးမယ်၊ တိပိဋ္ဌကဓရ ပုဂ္ဂိုလ်တစ်ပါးဟာ ဘယ်လောက် တန်ဖိုးရှိပါသလဲ၊ကဲ....ဆရာကြီး ဖြေစမ်းပါ။


(ဖြေ) ထောင် သောင်း သိန်း သန်းက ကျော်လွန်ပြီး ကုဋေ ကုဋ်ဒဉ်မက အသင်္ချေယျ အပ္ပမေယျ အနန္တ တန်ဖိုးရှိတာပေါ့ဗျ။

(မေး) တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကတော့ ဇာတက ပါဠိတော် အဋ္ဌကထာနဲ့ စရိယာ ပိဋ္ဌက ပါဠိတော် အဋ္ဌကထာများမှာလာတဲ့ မဟာသုတသောမ မင်းကြီးရဲ့ စကားကို အထောက်ပြ မိန့်ကြားတယ် ဆရာကြီးက ဘာကို အထောက်ပြ ဖြေတာလဲ။

(ဖြေ) မဟာသုတသောမ မင်းကြီးရဲ့ စကားကို အထောက်ပြမိန့်ကြားတော်မူတဲ့တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ရဲ့ မိန့်ကြားချက်ကို အထောက်ပြ ဖြေတာပေါ့ဗျာ။

သာသနာပြု တိပိဋ္ဌကရေ ပုဂ္ဂိုလ်များ ထွက်ပေါ်ပါစေ။
ထွက်ပေါ်လာသည့် တိပိဋ္ဌကဓရ ပုဂ္ဂိုလ်များသာသနာပြုပါစေ။
သာသနာတော်ကြီး သန့်ရှင်း တည်တံ့ပြန့်ပွားပါစေ။

ဦးထွန်းလှိုင်
အငြိမ်းစား သာသနာ့ရောင်ခြည်
အယ်ဒီတာချုပ်။



သာသနာ့တက္ကသိုလ် ကျောင်းကြီးများ

သာသနာ့ တက္ကသိုလ်များနဲ့ ပတ်သက်ပြီး နှစ်ပိုင်း ခွဲခြားတင်ပြပါမယ်။ပထမပိုင်းမှာ ပြည်တွင်း သာသနာ ပြုရေးနဲ့ ပတ်သက်လို့ မိုလ်ချုပ်အောင်ဆန်း အမြင်ကို မီးမောင်းထိုး၊ ဖော်ပြသွားပြီး ဒုတိယပိုင်းမှာ ကမ္ဘာ့ ဗုဒ္ဓသာသနာပြုရေးနဲ့ ပတ်သက်ပြီး စာရေးသူ ထင်မြင် ချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

နှစ်ပိုင်းစလုံးမှာပဲ သာသနာ့ တက္ကသိုလ်များနဲ့ ပတ် သက်ပြီး မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိ ဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တာသာရ ဘိဝံသ ဆရာ တော်ဘုရားကြီး ထားရှိတဲ့ သာသနာ့တက္ကသိုလ်များ ဟာ ဓမ္မဝိနံပြ ကမ္ဘာ့ဝံဖြိန်ဒီ ပြစ်ရေး ရည်မှန်း ချက်ကြီးကို ဦးတည်ရေးသား ဖော်ပြသွားမှာ ဖြစ်ပါ

ပြည်တွင်းသာသနာပြုရေး

ပြည်တွင်းသာသနာပြုရေးနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်း အမြင်ကို စာရေးသူ သိရှိရတာဟာ ယင်းမာပင်မြို့နယ်၊ မြစိမ်းတောင်တောရ ဆရာတော်ဘုရား ကျေးဇူးကြောင့်ပဲ ဖြစ်ပါတယ်။

၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလ ထဲက စာရေးသူဟာ မြစိမ်းတောင်တောရ ဆရာတော် ဘုရားက စာတစ်စောင် ရေးသားပေးပို့ခဲ့ပါတယ်။

စာအကြောင်း ဖော်ပြခြင်းမပြုမီ မြစိမ်းတောင်တောရဆရာတော်အကြောင်းနည်းနည်း ဖော်ပြဖို့လိုပါလိမ့်မယ်။ ဆရာတော်ဟာ ဘီအိုင်အေရဲဘော်ဟောင်းကြီးပါ။ ဗိုလ်ချုပ်အောင်ဆန်းအနားမှာ နေဖူးပြီး ဗိုလ်ချုပ် ကရားတွေ မပြတ် ကြားနားလာသူ တစ်ဦး ဖြစ်ပါတယ်။

မြစိမ်းတောင်ဆရာတော်က စာရေးသူရဲ့ 'အမေရိကန် စစ်ဦးစီးတက္ကသိုလ်' စာအုပ်နဲ့ အတွေးအမြင်မှာပါတဲ့ စာရေးသူရဲ့ ဆောင်းပါးတွေ အကြောင်းရေးလိုက်တာပဲ ဖြစ်ပါတယ်။

ဆရာတော်စာထဲက သာသနာပြုရေးနဲ့ ပတ်သက်တဲ့ သက်ဆိုင်ရာ စာပိုဒ်တွေကို ဖော်ပြသွားပါမယ်။ ဆရာတော်က ဒီလို ရေးခဲ့ပါတယ်။

"ဒုတိယ ကမ္ဘာစစ် အတွင်းက ဗိုလ်ချုပ် (အောင်ဆန်း)က စစ်ဝန်ကြီးဘဝ။ အဲဒီတုန်းက ဗိုလ်ချုပ်ဟာ တနင်္ဂနွေနေ့တိုင်း အာရှလူငယ် အစည်းအရုံးကို လာတယ်။ အဲဒီမှာ နေ့လည် ၁–နာရီမှာ လူငယ်တွေ ဆွေးနွေးပွဲ ရှိတယ်။

ဘုန်းကြီးတို့က အဲဒီတုန်းက ဗိုလ်ချုပ်ရဲ့ မိန့်ခွန်းတွေ နားထောင်ရအောင် (ဆွေးနွေးပွဲကို) မှန်မှန် တက်ခဲ့တယ်။

တစ်နေ့ ဗိုလ်ချုပ်က မင်းတို့ ကရင်အမျိုးသားတွေ အင်္ဂလိပ်ကို လိုလားတာ အပြစ်မဟင်ကြနဲ့၊ **ကရင်အမျိုးသားတွေအပေါ်** အင်္ဂလိပ် ခရစ်ယန် သာသနာပြုဘုန်းကြီးတွေ ကျေးဇူးပြုတာတွေကအတော်ကြီးတယ်။

တို့မြန်မာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး တွေဟာ ခရစ်ယန် သာသနာပြု ဘုန်းကြီးတွေလို ဆောင်ရွက်ရင် ဘယ်လောက်ကောင်းမလဲ၊ အမျိုးသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံပြုစုရေး၊ ပြန်လည်ထူထောင်ရေးတွင် ဘုန်းကြီးတွေ ဆောင်ရွက်ရင် အောင်မြင်နိုင်မယ့် အကြောင်းတွေ" ဗိုလ်ချုပ်က ပြောပြသွားတယ်။

ဒါဟာ ဗုဒ္ဓသာသနာပြုရေးနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းအမြင်နဲ့ ဒါကို သဘောကျနှစ်ခြိုက်လို့ သူမှတ်သားမိသမျှ မြစိမ်းတောင်တောရ ဆရာတော်က ပြန်ပြောပြတာ ဖြစ်ပါတယ်။

ဒီမိန့်ခွန်းဟာ အာရှလူငယ်ဌာနချုပ်ကို ဗိုလ်ချုပ်လာပြီး ဟောပြောတာ ဖြစ်လို့ သတင်းစာတွေထဲမပါတော့ တိုင်းပြည်က မသိခဲ့ရပါ။ ကျွန်တော် အနေနဲ့တော့ သာသနာပြုရေးနဲ့ ပတ်သက်တဲ့ ဒီ ဗိုလ်ချုပ်အောင်ဆန်း သဘောထားကိုလည်း မကြားဖူး၊ ဖတ်လည်း မဖတ်ခဲ့ဖူးပါ။ ခုမှ ဗိုလ်ချုပ်ကို မှီလိုက်ပြီး ဗိုလ်ချုပ်အနားမှာ နေခဲ့ဖူးတဲ့ မြစိမ်းတောင်တောရ ဆရာတော်က ပြန်ပြောပြလို့ ကျွန်တော်တို့တွေ သိကြရတာ ဖြစ်ပါတယ်။ ဆရာတော်ကို ကျေးဇူးတင်မဆုံးအောင် ဖြစ်ရပါတယ်။

ဒီအချက်ကို အခု သာသနာ့ တက္ကသိုလ်ကြီးတွေကို ဦးစီးလုပ်ဆောင်နေသူတွေ အထူးသတိပြုဖို့ စာရေးသူက လေးလေးနက်နက် ပန်ကြားလိုပါတယ်။

ဗိုလ်ချုပ် ဘယ်လောက် အမြင်ကျယ်တယ်၊ ဘယ်လောက် လက်တွေ့ကျတယ်ဆိုတာ ဒီမှာမြင်ရတာပဲ။

သာသနာပြု အဖွဲ့နှစ်ဖွဲ့ရှိတယ် ဆိုကြပါစို့။ တစ်ဖွဲ့က တိုင်းရင်းသားတွေ ပညာရေးကို တကယ့် စေတနာနဲ့ လုပ်ဆောင်ပေးတယ်။ သူတို့တွေ ကျန်းမာရေးကို အထူးဂရုစိုက်လို့ ဆေးတွေ ပေးတယ်။ ဖျားနာဒဏ်ရာရသူတွေကို ဆေးကုသပေးမယ်။ သူတို့ သာရေးနာရေးကို ကိုယ်ဖိ ရင်ဖို့ ကူညီပေးမယ်။ နောက်တစ်ဖွဲ့က ဒါတွေ တို့အလုပ်မဟုတ်ဘူး၊ တို့အလုပ်က သာသနာပြုဖို့ သက်သက်ပဲဆိုပြီး လူမှုရေးတွေကို မျက်ကွယ်ပြုထားမယ်ဆိုရင် ဘယ်သာသနာပြုအဖွဲ့က ပိုအောင်မြင်မလဲ။ ဒါ အလွယ်ကလေးပါ။ မေးနေဖို့တောင်မလိုတဲ့ မေးခွန်းပါ။



တကယ်ကျတော့ ဟိုရှေးပဝေဏီကစပြီး အုပ်ချုပ်သူ လူဝန်းစားနဲ့ အပေါ်ပိုင်းက လူတွေက ဘာသာရေးရဲ့ နိုင်ငံရေးတာဝန်တွေ၊ လုပ်ဆောင်နိုင်တာတွေကို သိရှိပြီး အမျိုးမျိုး တိုင်းပြည်အကျိုးရှိအောင် ဘာသာရေးကို အသုံးပြုလာကြပါတယ်။

ဒီမှာ ယခုခေတ် ဖြစ်ပျက်နေတာတွေ၊ တခြား သာသနာပြု အဖွဲ့ဝင်တွေ ဘယ်လိုလုပ်နေတယ် ဆိုတာတွေကို လက်တွေ့ကျကျ ကြည့်နိုင်ဖို့ လိုပါတယ်။

ဝိနည်း အရေးကြီးခြင်း

ဝိနည်းတော်က အရေးကြီးပါတယ်။ ဝိနည်းတော်ဟာ သာသနာ့ အသက်ဝိညာဉ်ပါပဲ။ ဒီတော့ ဝိနည်းတော် နဲ့လဲ ကိုက်ညီအောင် မိမိ သာသနာပြုမယ့် ဒေသ တိုင်းရင်းသားတွေရဲ့ လို အပ် ချက် တွေ ကို လဲ ဖြည့်ဆည်းနိုင်အောင် သာသနာပြုအဖွဲ့တွေမှာ ခေတ်ပညာသင်ပေးမယ့် လူဒါယကာအဖွဲ့တွေ၊ ဆေးကုပေးမယ့် သူနာပြု(လူဒါယကာ)အဖွဲ့တွေနဲ့ တွဲဖက်ပေးတန်ပေးဖို့ သေသေချာချာ စဉ်းစားကြဖို့ တာဝန်ရှိသူများအား စာရေးသူ ပန်ကြားလိုပါတယ်။

ခုခေတ်မှာ ငွေမပါရင် ဘာမှမဖြစ်ပါ။ ဒီတော့ ဆရာတော်ဘုရားတွေ ငွေမကိုင်ရသော်လည်း ဒါယကာတွေက ကိုင်တွယ်သုံးစွဲဖို့ ဆရာတော်ဘုရားများအတွက် နဝကမ္မ လူသလိုပေါ့။ ခေတ်လိုအပ်ချက်ကို အလေးပေး ကြည့်ကြဖို့ လိုပါလိမ့်မယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်က ဝိနည်းတော်မှာ အသေးအဖွဲကိစ္စတွေ၊ ခေတ်နဲ့ မလျော်တော့တဲ့ ဟာတွေကို ပြုပြင်နိုင်တယ်လို့ ခွင့်ပြုထားကြောင်း စာရေးသူ မှတ်သားရဖူးပါတယ်။ ဒီအချက်ကို သာသနာပြု အဖွဲ့တွေ အလေးအနက် စဉ်းစားကြဖို့ စာရေးသူ ဝိုင်သေလေးစားစွာ လျှောက်ထားအပ်ပါတယ်။

စနစ်တကျလုပ်ဆောင်နိုင်အောင် ရန်ကုန်နဲ့မန္တလေးမှာ ဖွင့်လှစ်ထားတဲ့ သာသနာ့ တက္ကသိုလ်ကြီးတွေမှာ စာသင်ကြားရေး အခြေခံပညာရပ်တွေ၊ ဆေးကုသမှုနဲ့ပတ်သက်တဲ့ အခြေခံပညာရပ်တွေကိုပါ ဘုန်းတော်ကြီးတွေကို သင်ကြားပေးဖို့ လိုပါလိမ့်မယ်။

တကယ်ဘုန်း တိုင်းရင်းသားတွေကို စာသင်ပေးဖို့ ဆေးကုသပေးဖို့ကတော့ လူဒါယကာတွေ ဒါယိကာမတွေက လုပ်ရမှာဖြစ်ပေးတာ သူတို့ကလွဲရင် တိုင်းနဲ့ပြည်နယ် ဘယ် ဘုန်းတော်ကြီး ကျောင်းဆိုင် ဘုန်းတော်ကြီး ကျောင်းတွေမှာ လူဒါယကာတွေအားလုံး စာသင်

ကြားဖရေး သင်တန်းတွေ၊ ဆေးကုံသမူ၊ အနောက် တိုင်း ဆေးပညာ၊ တိုင်းရင်း ဆေးပညာတွေ သင် ကြားပေးဖို့ သင်တန်းတွေ ဖွင့်လှစ် သင်ကြားပေးဖို့ လိုပါလိမ့်မယ်။

တကယ် စနစ်တကျဖြစ်အောင် ဆိုရင်တော့ သာ သနာပြု တစ်ဖွဲ့မှာ စာသင်ကြားရေး ဆရာ ဆရာမ ဘယ်နှစ်ဦး၊ ဆေးကုသရေး ဆရာ ဆရာမ ဘယ်နှစ်ဦး ပါရမယ်ဆိုပြီး ဖွဲ့စည်းပုံတွေ ရေးဆွဲထားပြီး ပုံမှန်ခန့် အင်ထားရပါလိမ့်မယ်။

ပြီးတော့ လုပ်နည်းကိုင်နည်းတွေပါ စနစ်တကျဖြစ် ရအောင် ဘယ်အခြေအနေတွေမှာ ဘယ်လိုလုပ်ရမယ်၊ ဘာလုပ်ရမယ်ဆိုပြီး ပုံမှန်လုပ်နည်းကိုင်နည်းတွေ သတ် မှတ်ထားဖို့ပါ လိုမှာ ဖြစ်ပါတယ်။

သင်ယူရမည့် ပညာရပ်များ

ပြီးတော့ တိုင်းနဲ့ ပြည်နယ် အသီးသီးမှာ သူ့နယ်နဲ့ သူ ထူးခြားချက်တွေ သီးခြားလိုအပ်ချက်တွေ၊ လူမျိုး စုတွေရဲ့ သီးခြား ယဉ်ကျေးမှု ဓလေ့ ထုံးစံတွေ ရှိပါ တယ်။ ဒါတွေကို တိုင်းနဲ့ ပြည်နယ် ကျောင်းထိုင် ဆရာတော်များ ကောလိပ်တွေမှာ အလေးပေး သင် ကြားပေးရပါမယ်။

ဥပမာ-ချင်းတောင်မှာ သာသနာပြုမယ့်ပုဂ္ဂိုလ်တွေ ကို ချင်းတောင်ရဲ့ ထူးခြားချက်တွေ၊ အနေအထိုင် အစားအသောက် ဓလေ့ထုံးတမ်းတွေ အကုန်သင်ပေး လိုက်ရပါမယ်။

က ချင်ပြည်နယ် သွားမယ့် ပုဂ္ဂိုလ်တွေ အတွက် "ရှဝါရှား"တဲ့ ကိစ္စကို မသင်လို့ မဖြစ်ပါဘူး။ ဒါမျိုး တွေကို သင်ကြားပေးလိုက်ဖို့ အလွန် အရေးကြီးပါ တယ်။

ဒါတွေကို ကျောင်းထိုင် ဆရာတော် ဘုရားများ သင်တန်း သင်ရိုးနဲ့ သာသနာပြု ဒါယကာအဖွဲ့ဝင် သင်တန်း သင်ရိုးတွေမှာကို ထည့်သွင်း သင်ကြားပေး ရမှာ ဖြစ်ပါတယ်။

ကျောင်းထိုင် ဆရာတော်များအတွက် တိုင်းနဲ့ ပြည် နယ်များမှာ ဖွင့်မယ့် ကျောင်းတွေကို ကျောင်းအဆင့် ထက် တစ်ဆင့် မြှင့်ပြီး ကောလိပ်အဆင့်မှာ ထားဖို့၊ ပြီးတော့ ဒီကောလိပ်တွေကို ရန်ကုန်နဲ့ မန္တလေး သာသနာ့ တက္ကသိုလ်ကြီးတွေနဲ့ ပေါင်းစည်းထားဖို့ စာရေးသူက ကမ္ဘာအေး ကုန်းမြေ ဆွေးနွေးပွဲမှာ အကြံပေးဖူးပါတယ်။ (၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ထုတ် မိုးဝေ မဂ္ဂဇင်း ရှု။)

ဥပမာ-အထက်မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းနဲ့ ပြည်နယ် ကောလိပ်တွေကို မန္တလေး သာသနာ့ တက္ကသိုလ်နဲ့ ပေါင်းစည်းထားပြီး အောက်မြန်မာနိုင်ငံက တိုင်းနဲ့ ပြည်နယ် ကောလိပ်တွေကို ရန်ကုန် သာသနာ့ တက္ကသိုလ်နဲ့ ပေါင်းစည်းထားဖို့ပဲ ဖြစ်ပါတယ်။

ဒီလိုလုပ်ခြင်းဖြင့် သာသနာ့ တက္ကသိုက် တစ်ခုစီမှာ ၃-ခုစီ ရှိလာမှာ ဖြစ်ပါတယ်။

မေမြို့ စစ်တက္ကသိုလ်ကို ရန်ကုန်တက္ကသိုလ်နဲ့ ပေါင်း စည်းထားလို့ စစ်တက္ကသိုလ် ကျောင်းဆင်းတွေကို ရန်ကန်တက္ကသိုလ်က ဘီအေ၊ ဘီအက်စ်စီတွဲ့ ပေးလို့ ရပါတယ်။

ဒီနည်းအတိုင်းပဲ တိုင်းနဲ့ ပြည်နယ် အသီးသီးက ကောလိပ်တွေက အောင်မြင်သူများကို ရန်ကုန်နဲ့ မန္တလေး သာသနာ့ တက္ကသိုလ်တွေက ဘွဲ့တွေ ဒီပလိုမာ လက်မှတ်တွေ ပေးနိုင်မှာ ဖြစ်ပါတယ်။

ပြည်ပ သာသနာဖြန့်ရေး

ပြည်ပ သာသနာပြုရေးနဲ့ ပတ်သက်ပြီး အရေး အကြီးဆုံးကတော့ တခြားနိုင်ငံတွေမှာ ဖွင့်လှစ်ထားတဲ့ သာသနာ့ တက္ကသိုလ်အကြောင်း ကျွန်တော်တို့တွေ အမြဲ သိရှိနေဖို့ လိုပါတယ်။

ဒါကို ကမ္ဘာအေး ကုန်းမြေ ဆွေးနွေးပွဲမှာ ဆရာ ပါရဂူနဲ့ ဆရာဦးကိုကိုလေး (ဆရာ ဇေယျာမောင်)တို့ ကလဲ့ ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။

တခြား တက္ကသိုလ်တွေမှာ ဘာတွေ သင်ကြားနေကြ တယ်၊ သင်ရိုးတွေ ဘယ်လို ရှိတယ်၊ အမြဲ ကျွန်တော်တို့ တွေ သိရှိနေဖို့ လိုပါတယ်။

ဖြစ်နိုင်ရင်တော့ တခြားနိုင်ငံတွေက ဗုဒ္ဓ သာသနာ့ တက္ကသိုလ်တွေတင် မကဘဲ တခြား ဘာသာကြီးတွေ ဖြစ်တဲ့ ခရစ်ယန် သာသနာပြု တက္ကသိုလ်တွေ၊ ဟိန္ဒူ၊ အီစလမ် သာသနာပြု တက္ကသိုလ်တွေကိုပါ ကျယ်ကျယ် ပြန့်ပြန့် လေ့လာစေလိုပါတယ်။

ဒါမှ ရန်ကုန်နဲ့ မန္တလေး ဗုဒ္ဓသာသနာ့ တက္ကသိုလ် တွေဟာ မင်းကွန်း ဆရာတော်ဘုရားကြီး လိုလား‌တဲ့ ခေတ်မီ စံပြကမ္ဘာ့ စံချိန်မီတက္ကသိုလ်ကြီးတွေ ဖြစ်လာ မှာ ဖြစ်ပါတယ်။

ပြီးတော့ နောက်တစ်ချက်က စိတ်သဘာဝ လေ့လာရေး နဲ့ ပတ်သက်ပြီး ကမ္ဘာ့တက္ကသိုလ်ကြီးတွေမှာ ဓာတ်ခွဲခန်းကြီးတွေမှာကို စိတ်သဘာဝကို လေ့လာနေကြပါပြီ။

ခေတ် သိပ္ပံနည်းတွေနဲ့ စိတ်သဘာဝကို လေ့လာနေကြတာ အလွန်ကို အားရစရာ တွေ့နေရပါတယ်။

ဒါကြောင့် ရန်ကုန်နဲ့ မန္တလေး သာသနာ့ တက္ကသိုလ်ကြီးတွေမှာ စိတ်ပညာဌာနကြီးတွေ ပရစိတ်ပညာဌာနကြီးတွေ ဖွင့်လှစ်ပြီး ခေတ်မီ ဓာတ်ခွဲခန်းကြီးတွေပါ ဖွင့်လှစ်ထားရှိဖို့ စာရေးသူ အကြံပြုလိုပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ခေတ်သစ် နိုင်ငံကြီးတွေမှာ လုပ်နည်း ကိုင်နည်း ချဉ်းကပ်နည်း နှစ်မျိုး ကွဲနေပါတယ်။

အင်္ဂလိပ် အမေရိကန်နဲ့ အနောက်နိုင်ငံတွေမှာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဝါသနာပါရာ အပွဲအစည်း အချို့က ပရစိတ်ပညာကို လေ့လာနေကြပြီး တက္ကသိုလ်ကြီးတိုင်းမှာကို ဒီဘာသာရပ်ကို အလေးထား လေ့လာနေကြပါတယ်။ အလျင်ကထက် လူထုကပါ ဒီဘာသာရပ်ကို သိတ်စိတ်ဝင်စားလာကြပါပြီ။

ကျွန်တော်တို့တွေ ကွန်မြူနစ်လို့ သိနေကြတဲ့၊ ရုပ်ဝါဒီလို့ သိနေကြတဲ့ ဆုံဗီယက်ပြည်ထောင်စု၊ ဘူဂေးရီးယား၊ ချက်ကိုဆလိုဗက်ကီးယား နိုင်ငံတွေမှာတော့ ပရစိတ်ပညာ ဘာသာရပ်ကို အစိုးရမျှားကိုယ်တိုင်က တကယ် စိတ်ပါဝင်စားပါ အားပေးပြီး ငွေတွေပုံအောပြီး လေ့လာနေကြတာ တွေ့ရပါတယ်။

ဒါကြောင့် ပရစိတ်ပညာ ဘာသာရပ်မှာ ကွန်မြူနစ် နိုင်ငံတွေက အနောက်နိုင်ငံတွေထက်၊ ကျွန်တော်တို့ မြန်မာနိုင်ငံ အပါအဝင် တတိယကမ္ဘာထက် ရှေ့တန်းက ပြေးနေပြီ ဖြစ်ပါတယ်။

ခုခေတ်မှာ စေတီပုထိုးရင် သိပ္ပံပညာကို လှစ်လျူရှုထားလို့ မရပါဘူး။ ဒါကြောင့် စိတ်သဘာဝကို ခေတ်သိပ္ပံပညာနဲ့ လေ့လာဖို့၊ စမ်းသပ်ကြဖို့ စာရေးသူ တင်ပြနေရခြင်းပဲ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ သာသနာ့တက္ကသိုလ်ကြီးတွေမှာ ခေတ်မီအောက်ဆက် အပါအဝင် ပုံနှိပ်တိုက်ကြီးတွေ ထားပြီး ပုံနှိပ်ပြန်အုံးရုံးကိုပါ ဌာနကြီးတစ်ခု ဖွင့်လှစ်ထားကာ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ စာထုပ်ခတွေ စာဆောင်တွေ ပြန်အုံပေးနိုင်ပဲ ဖြစ်ပါတယ်။

သီရိလင်္ကာနိုင်ငံက မဟာစေတီ ဒေါ်ပွဲစည်း ဒီလစဉ်ထုတ် ဗုဒ္ဓစာစဉ်တွေ ထုတ်နိုင်ဖို့လိုပါတယ်။ ပြီးတော့ ဒီစာစောင်တွေကို ကမ္ဘာမှာကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိပေးဖို့လိုပါတယ်။

ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ စာအုပ်တွေနဲ့ ပတ်သက်လို့ စာအုပ် ၂-အုပ်ပဲ ဥပမာအဖြစ် တင်ပြလိုပါတယ်။ ရာဟုလာဝါဝုလ္လရေးတဲ့ စာအုပ်နဲ့ သီရိလင်္ကာက ရှုပဇ္ဇ ပါမောက္ခ လက်ရှိမိနရဆုရေးတဲ့ စာအုပ်မျိုးဆိုရင် တကယ့်ကမ္ဘာ့စံချိန်မီ စာအုပ်မျှားဖြစ်လို့ ဒီလို စာအုပ်ဆိုကြပါစို့၊ ၅၀၀၀ ရိုက်နှိပ်ဖြန့်ချိနိုင်ယင်တကယ့် အာဇာနည်သာသနာပြုပုဂ္ဂိုလ် ၅၀၀၀ ကမ္ဘာ့(အင်္ဂလိပ်စကားပြော) နိုင်ငံအသီးသီးကို ခွဲဝေ စေလွှတ်လိုက်သလို ဖြစ်မယ်လို့ စာရေးသူ နားလည် ခံယူထားပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဗုဒ္ဓဘာသာနဲ့ ပတ်သက်လို့ ဒီလို ရေးနိုင်သူတွေ အဝေတာ်လေး ရှိပါတယ်။ အထူးသဖြင့် ပဋိပတ္တိအရာမှာ ဗမာက ကမ္ဘာမှာကို ရှေ့တန်းက ပြေးနေပါတယ်။

ဒီပဋိပတ္တိအရာမှာ တကယ် ပေါက်ရောက်နေတဲ့ ပုဂ္ဂိုလ်ကြီးမျှား ဆေရှုပွတ်ကို အင်္ဂလိပ်ဘာသာနဲ့ ဒီအဖြစ်မှန်တွေကို ကမ္ဘာကသိအောင် ရေးသားဖြန့်ချိပေးဖို့ပဲ လိုနေပါတယ်။

ဒီလိုအပ်ချက်ကို သာသနာ့တက္ကသိုလ်တွေမှာ ဖွင့်လှစ်ထားရှိမယ့် ပုံနှိပ်ထုတ်ဝေရေး ဌာနကြီးတွေက တာဝန်ယူရမှာ ဖြစ်ပါတယ်။

အစအနေနဲ့ဆိုတာ့ ပုံနှိပ်ထုတ်ဝေရေးကို ရန်ကုန် သာသနာ့တက္ကသိုလ်ကပဲ ဦးဆောင်လုပ်ပေးပြီး၊ နောက် လူအားငွေအား တတ်နိုင်တော့မှ မန္တလေးသာသနာ့တက္ကသိုလ်ကို လိုအပ်ပင် တိုးမဲ့လုပ်ဆောင်ဖို့ အကြံပြုလိုပါတယ်။

ပြန်ပြီးခုံုပ်လိုက်ယင် ပြည်တွင်းသာသနာပြုရေးမှာ တိုင်းနဲ့ပြည်နယ်တွေမှာ ဖွင့်လှစ်မယ့် ကျောင်းထိုင်ဘုန်းတော်ကြီး ကောလိပ်တွေကို သာသနာ့တက္ကသိုလ်ကြီးမျှားနဲ့ ပေါင်းစည်းပေးပြီး လူဒကာတွေအတွက် လူမှုရေး သင်တန်းတွေ ဖွင့်လှစ်ပေးဖို့နဲ့ ပြည်ပသာသနာပြုရေးအတွက်—

* တစ်ခြားသာသနာ့ တက္ကသိုလ်တွေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖို့
* ပရစိတ်ပညာဌာနကြီးနဲ့ ဓာတ်ခွဲခန်းတွေ ဖွင့်လှစ်ပေးဖို့
* ပုံနှိပ်တိုက်ဝေရေး ဌာနကြီး ဖွင့်လှစ်လုပ်ဆောင်သွားကြဖို့ အကြံပေးတိုက်တွန်းအပ်ပါသည်။

စံသာင်းထိုက်

ဝလေးလုံးမင်္ဂလာ

ခင်စပယ်

ဝ-ဝ-ဝိ-ဝါ လေးလုံးစာ

စာရေးသူတို့ ယေဘုယ်ကာလ ကလေးဘဝ တုန်းက ဆရာသမား လူကြီးမိဘများက

"ဝ,မရှိဘဲနှင့် ဝိ,မလုပ်ချင်နဲ့"
"ဝ,မသိဘဲနှင့် ဝိ,ဖြစ်မလာနိုင်"

စသည်ဖြင့် မကြာခဏ ဆုံးမလေ့ရှိသည်၊ ဘာကို ဆိုလိုသည် ဟူ၍ မသိခဲ့၊ ဝ,နှင့် ဝိ,တို့၏ အဓိပ္ပာယ်ကိုလည်း ပြန်မမေးမိ၊ မေးလည်း မမေးတတ်၊ ဘုန်းကြီးကျောင်းရောက်၍ သင်ပုန်းကြီး ကုန်ပြီး မင်္ဂလသုတ်ကို တက်ခဲ့ရ၏ ဝ,နှင့် ဝိ, ပါနေသော်လည်း ကလေးပီပီ ဉာဏ်မမီ၍ မသိရှိခဲ့၊ မင်္ဂလသုတ်မှ တစ်ဆင့်တက်၍ ဆယ်စောင်တွဲသာ ကုန်သွားသည်၊ ဆရာသမား လူကြီးမိဘများ၏ နှုတ်မှတဖွဖွ ပြောသော ဝ,နှင့် ဝိ,တို့၏ အဓိပ္ပာယ်ကို နားမလည်ခဲ့။

စဉ်းစား တွေး ခေါ် တတ် သော အရွယ်သို့ ရောက်မှ ဝ,နှင့် ဝိ,တို့၏ အဖြေကို သိရတော့သည်၊ ဝ,နှင့် ဝိ,သာမက "ဝ-ဝ-ဝိ-ဝါ" ဟူသော ဝလေးလုံး၏ အဓိပ္ပာယ် ကျယ်ဝန်း မှုကို ပါ သဘော ပေါက်တော့သည်။

ဆရာသမား လူကြီးမိဘတို့ ရည်ညွှန်း ပြောဆို သော ဝ,လေးလုံးကား-

၁။ အသေဝနာ စ ဗာလာနံ
၂။ ပဏ္ဍိတာနဉ္စ သေဝနာ
၃။ ဓိနယော စ သုသိက္ခိတော
၄။ သုဘာသိတာ စ ယာဝါစာ

ဟူသော မင်္ဂလာတရားတော်တွင် ပါရှိသည့် "-ဝ ဝ-ဝိ-ဝါ" အက္ခရာများ ဖြစ်လေသည်။

ပထမ ဝ, ဖြင့် လူမိုက်ကို ရှောင်ရန်
ဒုတိယ ဝ, ဖြင့် ပညာရှိကို ပေါင်းရန်
တတိယ ဝိ, ဖြင့် လူ, ကျင့်ဝတ်ကို သင်ကြားရန်
စတုတ္ထ ဝါ, ဖြင့် စကားပြောချိုသာ ယဉ်ကျေးရန် ဖြစ်သည်။

ပထမ ဝ=လူမိုက် ရှောင် မင်္ဂလာ

အသေဝနာ စ, ဗာလာနံ ဟူသော မင်္ဂလာတရားတော်အရ ပါဝင်မိတ်ဆက်ခေါ်ဆောလူဆိုးလူမိုက်များနှင့် ကင်းရှင်းဖို့ အရေးကြီးပါသည်။ လူဆိုးလူမိုက်ကို ဆရာအမှတ် မှီဝဲသော် မိတ်ဆွေအဖြစ် ပေါင်းသင်းသော် မိမိသည်လည်း လူဆိုးလူမိုက်ဘဝသို့ ရောက်ရှိပြီး ဒုစရိုက်နယ်ပယ်မှ ထွက်မရအောင် ဘဝ နစ်မွန်းတတ် လေသည်၊ သေပြီးနောက်ကာလ၌လည်း အပါယ်ဝရဲသို့ မလွဲမချော် ရောက်ရပေဦးမည်၊ အမဲပုပ် ငါးပုပ်များကို ထုပ်သော ဖက်ရွက်ကဲ့သို့ လူဆိုးလူမိုက်၏ ဓာတ်များ ကူးစက်ခံရမည်ကို သတိပြုကြရန် ဖြစ်ပါသည်။

အပေါင်း အသင်း မှားယွင်းမှု ပါပမိတ္တကြောင့် ဖခင်အရင်း ဗိမ္ဘိသာရမင်းကို သတ်မိသော အဇာတသတ်ကဲ့သို့ အကျိုးယုတ်မည်ကို သတိရှိရန် ဖြစ်ပါသည်။ သို့ဖြစ်၍ လူကြီး မိဘ ဆရာသမားတို့က အပေါင်းအသင်း မမှားစေရန် "အသေဝနာ စ ဗာလာနံ" ဟူသော ပထမ ဝ, အက္ခရာကို ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

ဒုတိယ ဝ=လူထိမ်ဓာဒဝါဒီး ဓဝ်ဃာ

ပက္ကိတာနဉ္စ သေဝနာ ဟူသော မင်္ဂလာတရား တော်အရ ကလျာဏ မိတ္တခေါ်သော မိတ် ကောင်း ဆွေကောင်းနှင့် ထိတွေ့နီး ၁ပ်ရန် အထူး အရေးကြီးပါသည်၊ အကျင့်စာရိတ္တ ကောင်းမွန်သော ပုဂ္ဂိုလ်များကို ဆရာအမှတ် မိတ်ဆွေအမှတ် မှီဝဲပေါင်းသင်းသော် မိမိသည် လည်း လူကောင်း သူကောင်းဘဝသို့ ရောက်ရှိပြီး သုစရိုက်တရား၌ မွေ့လျော်သူ တစ်ယောက် ဖြစ် နိုင်ပါသည်။ စဟယ်ပန်း နှင်းဆီပန်းများကို ထုပ်သော ပဝါကဲ့သို့ သူတော်ကောင်း ဓာတ်များ တူးစက်နိုင်ပုံကို သတိပြုကြရန် ဖြစ်ပါသည်။

ကလျာဏမိတ္တ၏ ကျေးဇူးကြောင့် ရဟန်း သံဃာများနှင့် ရင်းနှီးရခြင်း သာသနာတော်နှင့် ထိတွေ့ နီးစပ်ရခြင်း တရားစာပေ လိုက်စားခွင့် ကြုံခြင်း မင်္ဂဖိုလ် နိဗ္ဗာန်အထိ ရောက်စေနိုင်ခြင်း စသော အကျိုးဆက်များကို ရရှိနိုင်ပါသည်။ ဥပတိဿနှင့် ကောလိတ မိတ်ဆွေနှစ်ဦးတို့၏ ဖြစ်ရပ်ကိုသာကေ ထုတ်နိုင်ပါသည်။ သို့ဖြစ်၍ လူကြီး မိဘ ဆရာသမားတို့က ကလျာဏမိတ္တကို ပေါင်းတတ်စေရန် "ပက္ကိဘာနဉ္စ သေဝနာ" ဟူသော ဒုတိယ ဝ,အကွက်ကို ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

တတိယ ဝ=စည်းထိန်းခြင်း

ဝိနယော စ သုသိက္ခိတော ဟူသော မင်္ဂလာ တရားတော်၌ လူ့ကျင့်ဝတ် (လူ့စည်းကမ်း) ကို ဝိနယ ခေါ်၏၊ လူမှုနေထွင် လူ့စည်းကမ်းကို လိုက်နာဝတ်ပြု ဖြစ်၏၊ စည်းကမ်းသည် လူ့အဖွဲ့ အစည်း ဖြစ်၍ လူ့စည်းကမ်း (လူ့ကျင့်ဝတ်)ကို လိုက်နာ သောသူသည် ဘုရားကြိုက် အများကြိုက် ဖြစ်၍ အရှိုးတန် လူတစ်ယောက်ဟု ဆိုနိုင်၏၊

လူတစ်ယောက် စည်းကမ်းဖောက်သော် မိသားတစ်စု အကျင့်ပျက်သော်၊ ဝန်ထမ်းများ စည်းကမ်းမလိုက်နာသော် တစ်ဦး တစ်ယောက် သာ ထိခိုက်ခြင်းမဟုတ်ဘဲ ဆက်နွယ်သမျှအား လုံး ထိခိုက်နိုင်ပါသည်၊ တိုင်းပြည်နှင့် လူမျိုး မဖွံ့ဖြိုး မတိုးတက်သည့်အပြင် ကမ္ဘာ့အလယ်၌ ရှက်ဖွယ် လည်း ကောင်းပါသည်၊ သို့ဖြစ်၍ စည်းကမ်းကို ရိုသေတတ်စေရန် လူ့ကျင့်ဝတ်ကို မဖောက်ဖျက် စေရန် ရှေးလူကြီး မိဘများက ပထမ ဝ,ကို ရှောင်ပြီး ဒုတိယ ဝ,ကို ပေါင်းကာ တတိယ ဝိ, ကို လိုက်နာကြပါဟု ညွှန်ကြား ဆုံးမခဲ့ခြင်း ဖြစ် ပါသည်။

စတုတ္ထ ဝါ=ဆိုဆံဝါ

အပြောအဆို ချိုသာယဉ်ကျေးခြင်းကို "သု ဘာသိတာ စ ယာဝါစာ" မင်္ဂလာအဖြစ် မြတ်စွာ ဘုရားက ဟောကြားထားပါသည်။ အပြောအဆို ချိုသာ ယဉ်ကျေးခြင်းသည် လူ့ယဉ်ကျေးဘို့၏ ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်၍ အများကပင် ချစ်ခင် နှစ် သက်ကြသည်၊ သုဘာသိတအရ စကား အင်္ဂါ လေးတန်ကိုလည်း သိမှတ်ထားသင့်သည်။

၁။ ပြေပြစ်အောင် ပြောတတ်ခြင်း
၂။ တရားနှင့်အညီ ပြောတတ်ခြင်း
၃။ တစ်ဖက်သား နားဝင်အောင် ပြောတတ် ခြင်း
၄။ မှန်ကန်မှုရှိခြင်း

ဤဂုဏ်အင်္ဂါ လေးရပ်နှင့် ပြည့်စုံသော စကားမျိုး ကို "သုဘာသိတ" ဟု ဆိုရသည်။

ကောင်းစွာပြောကြား၊ တရားနှင့်ယှဉ်၊ နားဝင်ချိုသာ၊ မှန်စွာဆွေးလွယ်၊ ဤလေးသွယ်၊ နှုတ်ဝယ်ဂုဏ်အင်္ဂါ၊

အပြောအဆို ယဉ်ကျေးလိမ္မာခြင်းဖြင့် အများ၏ ခွစ်ခင်မှုကို ခံရမဲ့မှာက မိမိ၏ လုပ်ငန်း ကိုင် ဟူသမျှကိုလည်း တိုးတက် ကြီးပွားနိုင်လေ သည်၊ အပြောအဆို ယဉ်ကျေးခြင်းသည် လူအများက မုန်းတီးကြသည့်အပြင် မိမိ၏ လုပ်ငန်းကိုစ အဝဝ တို့လည်း ပျက်ပြား ခတ်ယုတ်နိုင်လေသည်၊

ကေနိပါတ် နန္ဒိဝိသာလဇာတ်တွင် တိရစ္ဆာန်နွားပင် ဖြစ်လင့်ကစား ရိုင်းရိုင်းစိုင်းစိုင်း ပြောကြားသည်ကို မနှစ်သက်ဘဲ ချို့ချို့သာသာ ပြောဆိုမှ သဘောကျပြီး အစွမ်းကုန် စန်ကို ရုန်း၍ ပြသည်ကို လည်းကောင်း။

တိကနိပါတ် သုဇာတာဇာတ်တွင် တစ်နန်းတော်လုံးက မုန်းတီးကြသော ဘုရင် မယ်တော်ကြီးအား တစ်တီတူးငှက်နှင့် ဥသြငှက်ကလေးတို့၏ တွန်ကျူးသံ ကွာခြားမှုကို သာဓကပြု၍ ချို့သာယဉ်ကျေးစေသည်ကို လည်းကောင်း စံနမူနာအဖြစ် ကြည့်ရှု သုံးသပ် နိုင်ပါသည်။

စတုက္ကနိပါတ် သဗ္ဗံ မံသလာဘ ဇာတ်တွင် အမဲသားပိုင်ရှင် မုဆိုးကြီး အထံမှ

၁၊ ဟယ် မုဆိုး ဟူသော စကားကြောင့် မကောင်းသော အသားရသူ

၂။ အကို မုဆိုး ဟူသော စကားကြောင့် ပေါ်မှ အသား ရသူ

၃။ ဖခင် မုဆိုး ဟူသော စကားကြောင့် အသဲအဆုပ် ဝမ်းတွင်းသား ရသူ

၄။ မိတ်ဆွေ မုဆိုး ဟူသော စကားကြောင့် လှည်း တစ်စီးလုံး ရသူ

သေဋ္ဌေးသား လေးယောက်တို့၏ ဇာတ်လမ်းကို ရှု၍ "သုဘာသိတ" ၏ အကျိုးသက်ရောက်မှုကို သဘောပေါက်သင့် ကြပေသည်။

သို့ဖြစ်၍ လူကြီး မိဘ ဆရာသမား တို့က "သုဘာသိတာ စယာဝါစာ" ဟူသော မင်္ဂလာတရားဟော်နှင့် အညီ ချို့သာယဉ်ကျေးစွာ ပြောတတ်စေရန် စတုတ္ထ ဝါအက္ခရာကို လိုက်နာကြဟု တိုက်တွန်းခဲ့ခြင်း ဖြစ်ပါသည်။

အရပ် ၆–မျက်နှာ

အရှေ့ မိဘ၊ တောင်မှ ဆရာ၊
နောက်မှာမယား၊ မြောက်ကား မိတ်ဆွေ၊
အောက်ခြေ ကျွန်မှတ်၊ ထက်ရပ် သံဃာ၊
မှတ်သားပါ၊ ခြောက်ဖြာ တံခါးပေါက် ဟူသည်နှင့် အညီ–

၁။ မိဘတည်း ဟူသော အရှေ့အရပ်
၂၊ ဆရာသမားတည်း ဟူသော တောင်အရပ်
၃။ သားမယားတည်း ဟူသော အနောက်အရပ်
၄၊ မိတ်ဆွေတည်း ဟူသော မြောက်အရပ်
၅။ ကျေးကျွန်တည်း ဟူသော အောက်အရပ်
၆၊ ရဟန်း သံဃာတည်း ဟူသော အထက်အရပ်တို့ကို သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ သခင်ကျင့်ဝတ်၊ ဒကာကျင့်ဝတ်တို့ဖြင့် လုံခြုံအောင် စောင့်ရှောက်သကဲ့သို့ "ဝ, ဝ, ဝိ, ဝါ" ဟူသော မင်္ဂလာလေးပါးကိုလည်း လိုက်နာပြုကျင့် ကြရမည်။

ဤအကြောင်းကို ပေါရာဏ ဒီပနီ ဒုတိယတွဲတွင် မှော်ဘီ ဆရာသိန်းကြီးက အောက်ပါအတိုင်း ကဗျာရေးစပ်ထားပါသည်။

ဝ, လေးလုံး ကဗျာ

မှတ်ပါရစ်စေ၊ မျိုးလေးထွေတို့၊
မကျေနိုင်ဆုံး၊ ဝ, တစ်လုံးနှင့်၊
ပွားပြုံးနောက်ဝ၊ တစ်ဝ, နှစ်ဝ, ၊
အဝ, ဝ, တည့်၊ ရှေ့ဝ, ခုန်ကျော်၊
နောက်ဝ, မြော်၍၊ ဝ, ပေါ် ဝိ, တင်၊
ဝိ, ကိုမြင်သော်၊ ဝါပင်ကြီးပေါက်၊
သုခဒုက္ခရောက်လိမ့်၊ ရှေ့နောက် နှစ်ဝ, ၊
ဝ, နှင့် ဝ, လျှင်၊ ဝ, ဝ, မကျေ၊
ဝ, လေ ဝ, လွင့်၊ စွင့်စွင့် ဝ, တင်၊
ဝိ, မတင်သော်၊ ဝါပင်မပေါက်၊
ဒုက္ခရောက်လိမ့်၊
ရှေ့နောက်မြောက်တောင်၊
ထက်ခေါင်အောက်ရပ်၊
ခြောက်ထပ်မျက်နှာ၊
သိကောင်းစွာသည်၊ လေဖြာဂေါတွာ၊
သုခလိုလား၊ သကောင့်သားတို့။

ဤမျှ ဆိုလျှင် "ဝ, ဝ, ဝိ, ဝါ" တို့၏ အဓိပ္ပာယ်ကို တီးမိခေါက်မိလောက်ပါပြီ။ စာရှုသူများ ဝ, လေးလုံး မင်္ဂလာကို ကျင့်သုံးနိုင်ကြပါစေ။

ခင်စေယျ

မဟာဗုဒ္ဓဝင် ကျမ်းပြုနိဂုံးမှတွေ့ရသော

တိပိဋကဓရ အရှာတော်ကြီး၏
ပရဟိတစိတ်ဖြာတ်
ချစ်နိုးဖွယ်





ဆရာတော်ကြီး၏ ဘဝ တစ် သက် တာ ဝယ် အများဝေနေယျတို့ ကောင်းကျိုးအတွက် မည် ရွေ့,မည်မျှအထိရွက်ဆောင်သယ်ပိုးတော်မူခဲ့သည်၊ သယ်ပိုးတော်မူဆဲရှိသည်ကို ကျွန်တော် မခန့်မှန်း နိုင်ပါ။ ဝတ္ထု (၎င်း) အားဖြင့် လည်းကောင်း၊ အခြားသော ပစ္စည်း အသုံးအဆောင်၊ ရိက္ခာ၊ ဆေးဝါး စသည်များ အားဖြင့် လည်းကောင်း ဆရာတော်ကြီး လှူဒါန်းခဲ့သည်ကို အများသိပြီး ဖြစ်ပါသည်။

မဟာသမုဒ္ဒရာတွင် ယုန်သူငယ်ခြေ 'ထောက် ကြည့်'ပါတော့မည်။ အစခပ်သိမ်း ပရဟိတာကိုသာ ရှေ့ထားခဲ့တော်မူသည့် ဆရာတော်ကြီး၏ များ မြောင်လှစွာသော အကျိုးဆောင်လုပ်ငန်းတို့ အနက်မှ တစ်ခုသော အမှုကို ကျွန်တော် သာမက တင်ပြပါမည်။

အတွဲ ၆–တွဲ၊ အုပ်ရေ ၈–အုပ် ရှိသော မဟာဗုဒ္ဓဝင်ကို ဆရာတော်ကြီး ပြုစုံ (ဦးစီး ရေးသား) ခဲ့ပါသည်။ က၊ ကာ၊ ခ၊ ခါ ဗျည်း များဖြင့် ထိုးသော အနုဒိပနိ စာမျက်နှာများ အပါအဝင် စာမျက်နှာပေါင်း ၅၂၄၈ မျက်နှာ ရှိပါသည်။ မဟာဗုဒ္ဓဝင် လာ ဓမ္မရသ ဓမ္မသုတ တန်ဖိုးကို အထူး ညွှန်ပြနေစရာ မလိုတော့ပါ၊ ကျမ်းအဆူဆူ ပညာရှိ အဆူဆူတို့၏ စကားများ စွာနှင့် ဆက်စပ်ညှိနှိုင်းလျက် အကျယ်တဝင့် ပြုစုံ ထားတော်မူသော မဟာဗုဒ္ဓဝင် ကျမ်းကြီးသည်၊ ကျွန်တော်တို့၏ ဦးထိပ်တက်၌ ထာဝရ တည်နေ မည် ဖြစ်ပါသည်၊

ယင်း မဟာဗုဒ္ဓဝင် ကျမ်းကြီး၏ နောက်ဆုံးအုပ် ဆဋ္ဌမတွဲ (ဒုတိယပိုင်း) နောက် ဆုံး ပိုင်း တွင် ဆရာတော်ကြီးသည် ကျမ်းပြီး နိဂုံးဆုတောင်း ၉ ဂါထာ ကို ရေးသား စီရင်တော်မူပါသည်။

၉ ဂါထာ ပါဠိနှင့် ပါဠိအနက်တို့ကို အခြေ ခံ၍ အများနားလည် လွယ်သော စကားပြေဖြင့်၊ ထို ဆုတောင်း ၉ ဂါထာအား ဤသို့ ကျွန်တော် ပြန်လည် စီစဉ်ကြည့်ပါမည်။

၁ဂါထာ ၁၊ ၂၊ ၃။ ကောဇာသင်္ကရာဇ် ၁၃၃၁၊ သာသနာ ၂၅၁၃ ခုနှစ်၊ ပထမပါဆိုလဆန်း ၁၃ ရက်၊ စနေနေ့ နံနက် ၁၁ နာရီ အချိန်၌ ဆဋ္ဌသံဂါယနာ အခါတော်နှင့် တွဲယှဉ် ထွန်း ပေါ်သည်ဟု ဆိုထိုက်သော(ဤ)မဟာဗုဒ္ဓဝင် ကျမ်းသည် ပြီးဆုံးခြင်းသို့ ရောက်ခဲ့လေပြီ။

၂ဂါထာ ၄။ ဗုဒ္ဓကိစ္စ ငါးပါးကို နေ့ညဉ့် မပြတ် ပြုကျင့်တော်မူသော မြတ်စွာဘုရားရှင် ကိုယ် တော်မြတ်သည် လေးဆယ့်ငါးဝါ ကာလ ပတ်လုံး ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့ကို မဂ္ဂင် ရှစ်ပါး တရားတော်ဖြင့် နိဗ္ဗာန်ကမ်းသို့ ထုတ် ဆောင် ဆယ်ယူ ကယ်တင်တော်မူခဲ့လေပြီ။

၃ဂါထာ ၅။ ရှေးပုညကြောင့် ငယ်စဉ်မှ ယခု တိုင် စာမျက်စိဖြင့် သတို့မကွာ နေခွင့်ရခဲ့ပါ

သော အကျွန်ုပ်သည် မျက်မှောက် ကြုံလာသော ဤဘုရား သာသနာ၌ လေးဆယ့်ငါးခန်းရှိသော ဤ မဟာဗုဒ္ဓဝင် စာတော်ကျမ်းဖြင့် ဘုရားရှင်ကိုယ်တော်မြတ်အား စိတ်ဝမ်းနွံကျိုး မာန်ကိုချိုး၍ မြတ်နိုးကော်ရော် ရှိခိုးပူဇော်ပါ၏ ဘုရား။

ဂါထာ ၆။ အကျွန်ုပ်သည် ဤ မဟာဗုဒ္ဓဝင်ကျမ်းအား ဝိရိယ၊ ဉာဏ၊ သဒ္ဓါ ယှဉ်ဘက်လျက် ကြိုးပမ်း ပြုစုရသော အကြင်ကုသိုလ်ကို ရအပ်လေပြီ။ ထိုကုသိုလ်၏ အာနုဘော်ကြောင့် (အလုံးစုံသော သတ္တဝါတို့သည် မြတ်စွာဘုရား၏ တရားတော်ကို ပြိုင်းပြိုင်းတင်တင် အမှန်အတိုင်း သိမြင်ကြ၍)

ဂါထာ ၇။ သန့်ရှင်း စင်ကြယ်သော၍ မင်္ဂိုလ်၏ အဟန့်အတားတို့ကို ပယ်ရှားဖို့ငှာ လွယ်ကူချမ်းသာစွာသော၊ ဖြူစင်သော ပဋိပတ် အကျင့်မြတ်ဖြင့် စိုးရိမ်ပူဆွေးခြင်း အလျှောင်းမရှိသော၊ ပင်ပန်းခြင်းကင်းသော၊ အလောင်အမြိုက် ဘေးလည်းမရှိသော၊ လွန်စွာ မြင့်မြတ်သော၊ ကျွတ်ရာလွတ်ရာတည်းဟူသော နိဗ္ဗာန်ချမ်းသာသို့ ဆိုက်ရောက် နိုင်ကြပါစေကုန်သတည်း။

ဂါထာ ၈။ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓံ သာသနာတော် သုံးရပ်သည် အနှစ် ငါးထောင် ကာလပတ်လုံး တည်ထွန်း တောက်ပပါစေသတည်း။ အလုံးစုံသော လူနတ် ဗြဟ္မာ သတ္တဝါတို့သည် တရားတော်၌ ကိုးကွယ်ရာ ကောန်ဖြစ်သည်ဟု နှစ်နှစ်ကာကာ ယုံကြည်စွာဖြင့် အလေးမူကြပါစေကုန်သတည်း။

ပိုးနတ်မင်းသည်၊ (မြေညှိုရာအရပ်၌ ငါးရက်တစ်ကြိမ်၊ မြေအလတ်စားအရပ်၌ ဆယ်ရက်တစ်ကြိမ်၊ မြေကောင်းရာအရပ်၌ တစ်ဆယ့်ငါးရက် တစ်ကြိမ်) ရွာချိန်သင့်ရာ ညှိုအခါ၌ မြို့ပြည်ရွာသို့သာ သာယာစည်ပင်အောင်ရွာဖြိုးသွန်ပါစေ သတည်း။

ဂါထာ ၉။ ရွှေးအထက်ကျော်ကာလ ဘုန်းတန်ခိုးကြီးကြွေးကြွေကုန်သော မဟာသမ္မတ အစရှိသည့် ဘုရားအလောင်း ရွှေးမင်း ကောင်း တို့သည် တိုင်းသူပြည်သား အပေါင်းတို့ကို မင်းကျင့်တရား ဆယ်ပါးဖြင့် မိဘအရာ တည်နေကာ ရန်မာရဲငြိမ်းအောင် ထိန်းသိမ်း စောင့်ရှောက်သကဲ့သို့ ဤ နိုင်ငံ၏ မင်းမြတ်တို့သည်၊ ပြည်ထောင်စုသား လူအများကို မင်းကျင့်တရား ဆယ်ပါးဖြင့် မိမိ၏ ရင်ဝယ် သားကဲ့သို့ ငြဟ္မာစိုရ်မိုးကို ဖြိုးစွေသွန်းကာ တိုင်းပြည်ကြီး သာယာအောင် စောင့်ရှောက် ချီးပင့်နိုင်ပါစေ သတည်း။

ဤကား ဂါထာ ကိုးပုဒ်လာ အကြောင်းအရာ ဖြစ်ပါသည်။

ဂါထာ ကိုးပုဒ်အပြီးတွင် 'မှတ်ချက်' သို့မဟုတ် 'နောက်ဆက်တွဲ' သဘောဖြင့် ဤသို့ ဆက်လက် ဖော်ပြပါသေးသည်–

"အရှင် မဟာဗုဒ္ဓ ယဲ့သဲသ အဋ္ဌကထာ ဆရာတော်သည် ဇာဘိဓမ္မာ ပိဋကအဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာ ပဋ္ဌာနကရဏ အဋ္ဌကထာ ကျမ်းကြီးများအဆုံး နိဂုံး၌ "ယံ ပတ္တံ ကုသလံ တဿ" အစရှိသော လေးဂါထာတို့ဖြင့် ဆုတောင်း အာသီသ ပြုတော်မူခဲ့ပါသည်။

အကျွန်ုပ်တို့သည်လည်း ထိုအရှင် မဟာဗုဒ္ဓ ယဲ့သဲသ အဋ္ဌကထာ ဆရာတော်၏ ဆုတောင်း အာသီသ ဂါထာတို့ဖြင့်ပင် အလွန်ကြည်ညိုစွာ ဆုတောင်း အာသီသမှု ပြုကြပါသည်။ ထိုသို့ ပြုခြင်းဖြင့်–

"သစ္စံ ပုနပိ သစ္စန္တိ၊ ဘုဇမုက္ခိပ္ပ ဝုစ္စတေ။
သကတ္ထော နတ္ထိ နတ္ထေဝ၊ ပရသတ္ထ မကုဗ္ဗတော
တောတိ ဝေနတေ၀ ပရတ္ထော၀ သပ္ပုရိသေဟိ တတ္တတ္ထော၊ ပရတ္ထေ သမ္မာဒိတေ ပန သက္ကတ္ထော သုနေ၀ နာမ။"

ယင်း၏ အနက်မြန်မာပြန်ကို သီးသန့်ထုတ်နှုတ်ကြည့်ပါက အောက်ပါအတိုင်း ထွက်ပါသည်။

"သူတပါး၏ အကျိုးကို မပြုသော သူ့အားဆုံးရှာ ဝိပိ အကျိုးသည် မရှိနိုင်၊

တကယ်ကို မရှိနိုင်။ ဤစကားမှန်၏။ တစ်ဖန် လည်းမှန်၏။ ဤသို့လက်ရုံးကို ချိုးမြောက်၍ ဆိုအပ်၏။ (ချိုးမြောက်၍ဆိုလော့) ဤသို့ ကဝိတို့တို့ ပုဂ္ဂိုလ်ဂ္ဂိုလ်တို့ မိန့်ဆိုတော်မူကြခြင်းကြောင့်၊ သူတော်ကောင်းမှန်သမျှသည် သူတပါး၏ အကျိုးကိုသာလျှင် အဦးထားကာ ပြုထိုက်စွာ၏။ သူတပါး၏ အကျိုးကို ပြည့်စုံစေအပ်သည် ရှိသော်ကား၊ မိမိအကျိုးသည်ပြည့်စုံသည်သာလျှင် မည်၏။''

''ဤတွင် ရွှေ့မဟာဗုဒ္ဓဝင်ကျမ်း အလုံးစုံပြီး၏'' ဟူသော နောက်ဆုံး စာတမ်းထိုးပြီးမှပင် ဆရာတော်ကြီးသည် အလွန်ရိုးစင်းသော ဆုတောင်းတစ်ခုကို ပြုခဲ့ပါသည်။ ယင်းကား ပုဒ္ဓံ ဆာနှင့် ပြည့်စုံရုပါလို၏ ဟူသော တိုတိုရှင်းရှင်း စာသားလေးပင် ဖြစ်ပါသည်။

စာမျက်နှာပေါင်း ငါးထောင့် ငါးရာနီးပါး ပြုစုံ စီရင်တော်မူခဲ့ပြီး ရေးထိုးသော ကျမ်းပြီးနိဂုံးမှာ ထိုမျှသာ ဖြစ်ပါသည်။ မဟာဗုဒ္ဓဝင် ခြောက်တွဲ ရှစ်အုပ်ကို ညွတ်နှူးစွာ ဖတ်ရှုလာခဲ့သူများအဖို့ ဤရွှေ့ ဤမျှသော ကျမ်းမဟာကြီး၏ နိဂုံးအဆုံးတွင် ဆရာတော်ကြီး၏ ကျမ်းပြီးနိဂုံးသည်လည်း ဆုကောင်းတွေ၊ အာသီသတွေ၊ ဆန္ဒတွေ၊ ဝေဝေဆာဆာ၊ မြိုင်မြိုင်ဆိုင်ဆိုင်ကြီးလာတော့မည်ဟု မျှော်လင့်ကောင်း မျှော်လင့်ကြပေမည်။

သို့သော် ဆရာတော်ကြီး၏ နိဂုံးကား ပကတိရိုးစင်းလှပေစွ။

ထို့ထက်မူ ''ဤကျမ်းကို ပြုစု စီရင်ရသော အကျိုးအားကြောင့် မည်သည့်အပြင်၊ မည်သည့် အရာတို့ဖြင့် ပြည့်စုံရပါလို၏'' ဟူ၍ ကျမ်းဆရာအတွက် ဆုတောင်းခြင်းမရှိဘဲ ''သဗ္ဗေသတ္တာ'' အတွက်သာ ဆုတောင်း အာသီသ ပြုတော်မူသည်ကို အတိအလင်း တွေ့နေရပေသည်။

(၁) အလုံးစုံသော သတ္တဓါတို့သည် မြတ်စွာဘုရား၏ တရားတော်ကို အမှန်အတိုင်း သိမြင်ကြပါစေ။

(၂) နိဗ္ဗာန် ချမ်းသာသို့ ဆိုက်ရောက် နိုင်ကြပါစေ။

(၃) သာသနာတော် သုံးရပ်သည် အနှစ်ငါးထောင် ပတ်လုံး တည်ထွန်းပါစေ။

(၄) အလုံးစုံသော သတ္တဝါတို့သည် တရားတော်၌ နှစ်နှစ်ကာကာ ကိုးကွယ်ယုံကြည်ကြပါစေ။

(၅) မြို့ပြည်ရွာ သာယာစည်ပင်အောင် မိုးရွာသွန်းပါစေ။

(၆) မင်းကောင်း မင်းမြတ်တို့သည် မင်းကျင့်တရားဖြင့် ပြည်ထောင်စုသားတို့အား စောင့်ရှောက် ချီးပင့်ကြပါစေ။

ဤကား ကျမ်းပြီး နိဂုံးလာ၊ ကျမ်းဆရာ၏ ဆုတောင်း အာသီသ အချုပ်ပင် ဖြစ်ပါသည်။

ဒါန သီလ အမှုကိစ္စတစ်ခုခုပြုပြီး လေတိုင်း ''အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ဥစ္စာများခြင်း၊ ခွန်အားကြီးခြင်း'' စသည်ဖြင့် မိမိအတွက် ဆုတွေ တစ်လှေကြီးတောင်းကာ အာသီသတွေ တစ်ပုံ တစ်ခေါင်းပြုကြသော ကျွန်တော်တို့တစ်တွေ၏ အပြုအမူကို၊ ဆရာတော်ကြီး၏ ကျမ်းပြီး နိဂုံးဆုတောင်းက၊ သွယ်ဝိုက်၍ ဆုံးမ သတိပေးသကဲ့သို့ ရှိနေပေသည်။

မဟာဗုဒ္ဓဝင် ကျမ်းပြီး နိဂုံးကို ဖတ်ရှု နှလုံးသွင်းပြီးသည့် အဆုံး၌ ကျွန်တော်သည် မိမိကိုယ် မိမိ ဤသို့ မေးမိပါသည်။

- သူတပါး၏ အကျိုးကို မည်ရွေ့ မည်မျှ ပြုပြီး ပြီနည်း။
- မိမိအကျိုးထက် သူတပါး၏ အကျိုးကို မည်မျှလောက် အဦးထားခဲ့ပြီနည်း။
- မိမိအကျိုးအလို့ငှာ တစ်စုံတစ်ခု ဆောင်ရွက်ပြီးတိုင်း ပြီးတိုင်း မည်သို့သော ဆုတောင်း အာသီသများကို တောင်းဆိုခဲ့သနည်း။

ချစ်ဦးညို



သာသနာ့အတွက် လိုထပ်ချက်

၁။ ဆယ်ဝါပြည့်တင်း

၂။ ဝိဘင်းနှစ်ဖြာ

၃။ ကမ္မာကမ္မ

၄။ ခန္ဓတစ်ပုဒ်၊

၅။ နာဝ် ရူဝ် ဝိုင်ဝိုင်း၊ စဟာဒွန်းနိုင်၊
ကျောင်းထိုင်ဂါးဘဂံ။

မြန်မာနိုင်ငံအတွင်း၌ ဗုဒ္ဓသာသနာတော် ထွန်းပြောင်၍ သမိုင်းတစ်လျှောက် ယခု မျက်မှောက်ခေတ်သည် တစ်မျိုးတပုံ ဂုဏ်ယူအပ်သော ခေတ်ကောင်းအမှန် ဖြစ်ပါသည်။

သာသနာတော် နှစ်ပေါင်း ၂၅၀၀ အတွင်း၌ ၆-ကြိမ် ပြုလုပ်ခဲ့သော သံဂါယနာတင် ပွဲတော်ကြီးများထဲက နောက်ဆုံး ၂-ကြိမ်မှာ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည် ဖြစ်ရာ ဆဋ္ဌသံဂါယနာတင်ပွဲတော်ကြီးကို ယခုခေတ်လူများ ကြုံကြိုက်ရခြင်း

ပိဋကသုံးပုံထာဂုံဆောင်နိုင်စွမ်းသော သာသနာ့ထာဝရနည် ဟုဂ္ဂိုလ်များ ပေါ်ထွန်းသည်ကို မျက်မြင်ကိုယ်တွေ့ ကြည်ညိုရခြင်း

ရွှေမင်းများလက်ထက်နှင့် ဗောဓိလိပ်မင်း လက်ထက်တို့တွင် မဟေါ်ပေါက်ပူး သေးသော သာသနာ့ဓာတ်၊ ဆောင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ပေါ်ထွန်းလာသည်ကို မြင်တွေ့ကြရခြင်း

ဤ ဂုဏ်ယူလောက်သော အကြောင်းရပ် သုံးမျိုး အား မျက်ဝါးထင်ထင် တွေ့မြင်ကြရခြင်းသည် ခေတ်လူထုအဖို့ ရှေးလူများမရဖူးသော လောကုတ္တရာဆိုင်ရာ အခွင့်ကောင်းများပင်တည်း။ စင်စစ် ဤဖြစ်ရပ်များသည် မြန်မာနိုင်ငံတော်တွင် သာသနာ ပြန့်ပွားမှုဌာနေခြားသော မှတ်တိုင်ကြီးများ ဖြစ်ချေသည်။

ဆိုခဲ့သော် သာသနာတော် အကျိုးပြု လုပ်ငန်းကြီး သုံးရပ်လုံးပင်လျှင် ဆရာတော်ဘုရားသည် အဓိက ပုဂ္ဂိုလ်နေရာမှ ပါဝင် ဆောင်ရွက်တော်မူခဲ့သည်ချည်း ဖြစ်လေသည်။

အဘယ် ဆရာတော်ပေနည်း။

ယင်းဆရာတော်ကား 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ' ဘွဲ့မည်ရ မင်းကွန်း ဆရာတော်ဘုရား ပေတည်း။ ဆရာတော်ဘုရား ဘွဲ့မည်ရည်သည် ရှည်လျားလှ၏။ ရှည်လျားသည်နှင့် အမျှ ဘွဲ့မည်ရည်၏ တန်ဘိုးအနှဲ့ အားကောင်းစွာ သဘောပေါက်ခြင်းဖြင့် နှုတ်တက်ရွရွ ရွတ်ဆိုကြည့်ပါမူ ရွတ်ဆိုသူသည် "ဒီ ပုဂ္ဂိုလ်မျိုး ဒီတစ်ခေတ်တွင် ဒီတစ်ဆူသာ ဇမ္ဗူကျော်ချောက် တံခွန်ဆောက် ပေါ်ထွန်းကြောင်း" အလိုအလျောက် သဘောပေါက်လာစေသည်။

အကြင်သူတစ်ဦးသည် ဆရာတော်ဘုရား၏ ပညာရည်၊ ဆရာတော်ဘုရား စေတနာ၊ ဆရာတော်ဘုရား၏ သာသနာပြုလုပ်ငန်း စွမ်းဆောင်မှုများအား အဘယ်မျှလောက်သော အတိုင်းအတာ အထိ နားလည်လေသနည်း။ ထိုသူသည် သူနားလည်သရွေ့ အတိုင်းအတာနှင့်အမျှ ပီတိရှိန်းရှိန်းထအောင် ဝမ်းမြောက်စွာ သာဓု အနုမောဒနာ ခေါ်ပေလိမ့်မည်။ ဤနည်း အားဖြင့် ဆရာတော်ဘုရား၏ ဂုဏ်သတင်းကား ကြားရုံမျှဖြင့် တပါးသူတို့အဖို့ အလိုလို ကုသိုလ်ပွားစေသည်တကား။

ဆရာတော်နှင့် ရွှေဘိုမြို့

ထိုဆရာတော်ဘုရားနှင့် ကျွန်မတို့ ရွှေဘိုမြို့နယ်လူထု သည် အထူးကံပါခဲ့ကြောင်း ဖော်ပြရန်မှာ အနည်းငယ် အတိတ်ဆောင်ရန်လိုပါ၏။ သို့ဖြစ်လျှင် ၁၃၁၅-ခုနှစ် တွင် အလုံးစုံသော တိပိဋကစာမေးပွဲကြီးကို ဆရာတော် ဖြေဆို အောင်မြင်ခြင်းက စရပါမည်။ ထိုအချိန်တွင် ရွှေဘိုမြို့နယ်လူထုအနေဖြင့် ဆရာတော်ဘုရားသည် အမျိုးသားလုံးဆိုင်ရာ ပန်းထွက်ချာအဖြစ် သာသနာ့ဥယျာဉ်တွင် လန်းလန်းစွင့်စွင့် ပွင့်လာခြင်းကို ကောင်းစွာ နားလည်ခြင်းအားဖြင့် ကြိုဆို ဝမ်းမြောက်ခဲ့ကြပါသည်။ ထို့နောက် ၁-နှစ်ဖြစ်သော ၁၃၁၆-ခုနှစ်တွင်မူ ရန်ကုန်မြို့ မဟာပါသာဏ လိုဏ်ဂူတွင် ဆဋ္ဌသံဂါယနာတင်ပွဲကြီး ပြုလုပ်သောအခါ ပုစ္ဆကအမေး ဆရာတော်အဖြစ် ရွှေဘိုမြို့နယ် အင်ကြင်းတော ကျေးရွာဇာတိဖြစ်သော မဟာစည်ဆရာတော် ဦးသောဘဏ္ဍာက ဆောင်ရွက်၍ ဝိဿဇ္ဇက အဖြေဆရာတော်မှာ ယခု ဖော်ညွှန်းရာ တိပိဋကဓရ ဆရာတော်ဘုရားပင် ဖြစ်လေသည်။

ထိုအခါ ရွှေဘိုမြို့နယ်လူထုသည် မိမိတို့ ရွှေဘိုနယ် ဇာတိဖြစ်သော အမေးဆရာတော်၏ ရှင်းလင်းပြတ်သားသော အသံနှင့် ယှဉ်တွဲလျက် အဖြေ ဆရာတော်၏ မဆုပ်မဆိုင်းဘဲ နှုတ်တက်အာဂုံ ဖြေဆိုသံမှာ ကြည်ညိုဖွယ်ကောင်းလှသဖြင့် အသံလွှင့်စက်မှ နေ့စဉ် အချိန်မှန် ကြားနာခဲ့ရခြင်းကို ယနေ့တိုင် မမေ့နိုင်

အောင် ကြားယောင်လျက် ရှိဆဲသာ။ ဤတွင် မူလက ဆရာတော်အား မြတ်နိုးပူဇော်ပြီးသား စိတ်စေတနာတို့သည် အတောမသတ်နိုင်အောင် ထပ်ဆင့်ပွားများလာကြတော့သည်။ ထိုသည့်နောက် ကာလများတွင်လည်း ဆရာတော်ဘုရားသည် ရွှေဘိုသို့ သာသနာရေးကိစ္စများဖြင့် ရံဖန်ရံခါ ကြွရောက် လာ သည့် အ ခါ သောင်းသောင်းဖြဖြ ကြိုဆို ပူဇော်သမှုပြုခဲ့ကြရပါ၏။

များမကြာမီကမူ နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ကြီးသည် လက်ရှိအခြေအနေအရ လိုအပ်နေသော ရေးကမရှိပူးသေးသော် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများကို နိုင်ငံအတွင်း တည်ထောင်ရန် စီမံကိန်းတစ်ရပ် ချမှတ်တော်မူကြပါသည်။ ဤစီမံကိန်းကား ဗုဒ္ဓသာသနာ့ ဥယျာဉ်ကြီး စည်ပင်ရှင်သန်ရေးအတွက် အရေးပါလှသော ဥယျာဉ်မှူး သင်တန်းဟု ဆိုဖွယ်ရှိပေသည်။ ယင်းသင်တန်းကျောင်းများကို နိုင်ငံတော်၏ တိုင်းကြီးခုနှစ်တိုင်းတွင် တစ်တိုင်းလျှင် တစ်ကျောင်းသာ ဖွင့်လှစ်မည်ဖြစ်ပါသည်။

ထိုအခါ တိုင်းအသီးသီး၌ရှိသော ဒေသမြို့များအနက် မည်သည့်တိုင်းအတွက် မည်သည့်မြို့တွင် ဖွင့်သင့်သည်ကို တစ်ဆင့်တက်ပြီး ဆွေးနွေး ရွေးချယ်တော်မူကြရပြန်သည်။ ဤတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၌ အကျိုးတော်ဆောင်ချုပ်အဖြစ် တာဝန်ထမ်းလျက်ရှိသော ဆရာတော်ဘုရားသည် စစ်ကိုင်းတိုင်းအတွင်း သင်တန်းကျောင်း ဖွင့်ရန်မြို့မှာ ရွှေဘိုမြို့ဖြစ်ထိုက်ကြောင်း သက်ဆိုင်ရာတွင် အဆိုပြုတော်မူလေသည်။

ရွှေဘိုသား သာသနာ့အာဇာနည်များ

ရွှေဘိုဒေသကလည်း ခေတ်အဆက်ဆက် သာသနာ့သူရဲကောင်း ထေရ်ဓရာရှင်များ ပေါ်ထွန်းခဲ့သော အစဉ်အလာကောင်း ရှိခဲ့သည်ဒေသ ဖြစ်ပါသည်။ ဆိုခဲ့သော ရွှေဘိုနယ်မှာ သာသနာ့ သူရဲကောင်းများ အနက် အောက်ပါဂုဏ်လွန်များ ပါဝင်ပါသည်။ ယင်းတို့အား သက္ကရာဇ် ၎င်းနောက် ဆစဉ်ဆတိုင်း ဆိုရလျှင် ကုန်းဘောင်ခေတ်၊ သက္ကရာဇ် ၁၁၁၅-ခုနှစ် နန်းတက်သော ထလောင်းဘုရား ဦးအောင်ငယ္ယလက်ထက်၌ မင်းဆရာပြစ်သော၊ မဟာဘုတလယသ ဆရာတော်။

သက္ကရာဇ် ၁၁၄၃-ခုနှစ်နန်းတက်သော ဘိုးတော်ဘုရား (ခေါ်) စဝံမင်းလက်၌ မောင်းထောင် သာသနာဝိုင် ဆရာတော်။

သက္ကရာဇ် ၁၁၈၁-ခုနှစ် နန်းတက်သော ဘကြီးတော် (ခေါ်) စစ်ကိုင်းမင်းလက်ထက်၌ ဆရာတော် ဦးဗုဒ္ဓိ။

သက္ကရာဇ် ၁၂၂၄—ခုနှစ် နန်းတက်သော မင်းတုန်းမင်းကြီး လက်ထက်၌ သီလုံးဆရာတော်တို့ဖြစ်ကြပြီး၊ ယခုမျက်မှောက်ခေတ်တွင် အင်ကြင်းပင်ဆရာတော်၊ အောင်မြေဆရာတော်၊ ဝေဘူဆရာတော်ဟူ၍ သုံးဘွဲ့ရ အင်ကြင်းပင်ကျေးရွာဇာတိ ဆရာတော် ဦးကုမာရ၊ အင်ကြင်းတောကျေးရွာဇာတိ မဟာစည်ဆရာတော် ဦးသောဘဏ္ဍနှင့် သရိုင်ကျေးရွာဇာတိ မန္တလေးမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ တို့ဖြစ်ကြပါသည်။

ဤစာရင်းမှာ ကျွန်မ ဆည်းပူးမိသမျှ ဖော်ပြခြင်းဖြစ်ပါ၏။ လက်လှမ်းမမှီ၍ မဖော်ပြနိုင်သော ရွှေဘိုနယ်ဖွား ဆရာတော်များ မုချကျန်ရှိပါလိမ့်ဦးမည်။

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း

ဤသို့ ဤနှယ် အစဉ်အလာကောင်း ရှိခဲ့သော ရွှေဘိုဒေသ၌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဖြစ်မြောက်စေရန် ဆရာတော်ဘုရား အဆိုပြုခြင်းသည် အိုင်ကုန္ဒလာတွင် ပဒုမ္မာပေါက်စေရန် မျှော်စေ့ချပေးသည့်သဖွယ် ဖြစ်တော့သည်။ ထို့အပြင် ရွှေဘိုမြို့ပေါ်တွင် ကျေးဇူးရှင် အောင်မြေ ဆရာတော်ဘုရား သီတင်းသုံးတော် မူခဲ့သော ကျောင်းတိုက်ကြီးတွင် လျော်ပတ်သော ကျောင်းအဆောက်အဦး များကလည်း အဆင်သင့်ရှိပြီးသား ဖြစ်သောကြောင့် သင်တန်းကျောင်းအတွက် အထူးဝယ်ဆောက်ရန် မလိုတော့ပေ။

ထိုကဲ့သို့ အဖက်ဖက်က အကြောင်းကောင်းများ ပြည့်စုံခြင်းကို သိမြင်ပြီး တင်သွင်းသော ဆရာတော်ဘုရား၏ အဆိုပြုချက်သည် ကောင်းစွာအောင်မြင်လေ၏၊ ထိုအောင်မြင်ပြီးနောက် ၁၃၄၇-ခုနှစ် ကဆုန်လပြည့်ကျော် ၁၅-ရက်(၁၀—၅-၀၅)နေ့တွင်မူ ရွှေဘိုမြို့၊ အောင်မြေကျောင်းတိုက်ကြီး၌ "ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း" ကို ဆရာတော်ဘုရားကိုယ်တိုင် ကြွရောက်ဖွင့်လှစ်ပေးတော်မူပါသည်။

ဤကျောင်းသည် ရန်ကုန်မြို့တွင် ဖွင့်ပြီးသော ကျောင်းပြီးလျှင် ဒုတိယဖွင့်သောကျောင်းပင်၊ ဤသင်တန်းကျောင်းမျိုး၊ ရွှေ၊ က မပေါ်ပေါက်ပွားသေးပါ။

ထို့ကြောင့် ဤကျောင်း၏ အကျိုးအကြောင်းကို အကျဉ်းအားဖြင့် သိသာရုံဖော်ပြပါဦးမည်။

အစဉ်ရှေ့လျား ပြောင်းလဲနေသော စနစ်နှင့် ခေတ်အလျောက် ယနေ့ မျက်မှောက်ခေတ်သည် သင်တန်းခေတ်၊ စာမေးပွဲခေတ် ဖြစ်လေသည်။ ထို့ကြောင့် ဤကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဟူသည်မှာ ခေတ်၏အခြေအနေအရ လိုအပ်သောကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ စင်စစ်မူ ရည်ရွယ်ချက်ရော လက်တွေ့ပါ အဆင့်မြင့်လှသော သင်တန်းပေးတည်း၊ ဤသို့ အဆင့်မြင့်မားလှသည့် သင်တန်းအဖို့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကြီးက လိုအပ်သလို သတ်မှတ်ပေးသော စည်းကမ်းချက်များ သူ့နေရာနှင့်သူ ဖြဌာန်းပြီး ဖြစ်ပါသည်။

ဤသင်တန်းသို့ ဓာက်ရောက်ခွင့်ရရန် အောက်ပါအချက် ၂-ရပ်နှင့် ပြည့်စုံရပါမည်။

(၁) ရဟန်းအဖြစ် ၃-ဝါ ပြည့်ပြီး ဖြစ်ရန်

(၂) ပဌမကြီးတန်း အောင်မြင်ပြီးဖြစ်ရန်

စစ်ကိုင်းတိုင်းအတွင်း ဒေသအသီးသီးမှ သင်တန်းတက်ခွင့် လျှောက်ထားကြသော ပုဂ္ဂိုလ်များအနက်မှ သတ်မှတ်ချက်ပြည့်စုံပြီး တက်ခွင့်ရသူ သင်တန်းသား ရဟန်းတော် ၄၅-ပါးတို့သည် ပထမအပတ် သင်တန်းကို တက်ရောက် သင်ကြားနေကြလေပြီ။ ယင်းတို့တွင် ရှမ်းအမျိုးသား ရဟန်းများလည်းပါဝင်သောကြောင့် တိုင်းရင်းသားအားလုံးအတွက် အားတက်ဝမ်းမြောက်ဖွယ်ပင် ဖြစ်တော့သည်။

သင်တန်းကာလမှာ ၂-နှစ် ဖြစ်ပါသည်။ သင်ယူရမည့် ဘာသာရပ်များတွင် အင်္ဂလိပ်စာ၊ သခ်ၤာ၊ ပထဝီ၊ သမိုင်း ဘာသာရပ်များ အပါအဝင် အကျဉ်း ၁၁ မျိုးနှင့် အကျယ် ၁၃ မျိုး ရှိပြီး တစ်နေ့လျှင် ၇-ချိန် ပို့ချပေးပါသည်။ သီတင်းနေ့များတွင်မူ စာဝါမရှိပေ။ သင်တန်းဆရာ အဆင့်တွင် ဓမ္မာစရိယ အောင်မြင်ပြီး ဆရာတော် ၁၁-ပါးက တာဝန်ယူထားကြပြီး၊ ကျောင်းအုပ် ဆရာတော်မှာ ရွှေဘိုမြို့၊ ရန်အောင်မင်္ဂလာကျောင်း ကျောင်းထိုင်ဆရာတော်ဖြစ်သော ဦးပဏ္ဍိတ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ဖြစ်ပါသည်။

ပစ္စည်းလေးတန် ပြည့်စုံရန်

ရွှေဘိုမြို့ခံ လူကြီးများကလည်း မိမိတို့မြို့၏ ကျက်သရေဆောင်အဖြစ် ဤကျောင်းအတွက် နှစ်သက် ဂုဏ်ယူကြသည်နှင့်အမျှ ကျောင်း၏ ဝေယျာဝစ္စများကို တတ်နိုင်သလို စိတ်ထက်သန်စွာ ပါဝင် ဆောင်ရွက်ကြပေသည်။ တစ်နည်းအားဖြင့် ကိုယ့်မြို့ ကိုယ့်ဒေသ သာသနာရေး ကိစ္စများတွင် တာဝန် သိသူများအဖို့ တာဝန်ရှိလာသည်ဟု ဆိုနိုင်ပါ၏။ ယင်းမြို့ခံ လူကြီးများ အနက်မှ ဤကျောင်း ပြုစု စောင့်ရှောက်ရေးအတွက် အဖွဲ့ဝင် ၁၆-ဦး ပါဝင်သော ဥပဇ္ဈာယ်အဖွဲ့ ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌမှာ ဦးအောင်ခင် (ကုန်သည်ကြီး) ဖြစ်ပါသည်။

ယင်းအဖွဲ့သည် ဆရာတော်ဘုရား၏ဩဝါဒအတိုင်း သင်တန်းသား ရဟန်းတော်များ ဆွမ်းကွမ်းကိစ္စ ကောင်းစွာ ပြည့်စုံစေရန် အစီအစဉ်ချမှတ်ပြီးဖြစ်သည်။ ၎င်းမှာ မည်သည့် ဆွမ်းဒါယကာ ဖြစ်စေ တစ်နေ့စာ ဆွမ်းခဲ့ဘွယ်တို့အတွက် ဝတ္ထုငွေ ၄၅၀ ကျပ် လှူပါလျှင် ဗာဟိရ မမျှားစေပဲ အဖွဲ့က တာဝန်ယူ ကပ်လှူပေးမည့် အစီအစဉ် ဖြစ်သည်။ သို့မဟုတ် ဆွမ်းဒကာများက မိမိတို့ကိုယ်တိုင် စီမံပြီး အောင်မြေကျောင်းတိုက် သင်တန်းကျောင်းသို့ သွားရောက် ကပ်လှူလိုလျှင် လည်းကောင်း၊ မိမိတို့နေအိမ်သို့ ပင့်ဖိတ်၍ လည်းကောင်း၊ ဆန္ဒအတိုင်း ကပ်လှူနိုင်သည်။ စေတနာရှင် ဆွမ်းဒကာဦးရေ များလှသောကြောင့် တန်းစီစနစ်အရ ရှေ့သို့ နှစ်သခန့် ကြိုတင်စာရင်းပေးထားပါမှ ဆွမ်းကပ်ရက် ရနိုင်ပါမည်။

သို့ဖြစ်ရာ သင်တန်းဝင် ရဟန်းတော်များ ဆွမ်းကိစ္စအတွက် နေ့စဉ် မြို့ကွင်းသို့ ဆွမ်းခံကြွရန် မလိုတော့ပါ။ မိမိတို့ ဆိုင်ရာ စာပေ ဘာသာရပ်များ တွင်သာ တစ်ခုတည်းသော အာရုံ ရှေးရှုဦးတည်လျက် ကြိုးစားအားထုတ်နိုင်ကြလေပြီ။ စင်စစ်မူ ဤသင်တန်းကျောင်းဝင် ရဟန်းများသည် မင်းကွန်း တိပိဋကတ=နိကာယ ကျောင်းတိုက်ဝင် ရဟန်းများ ပြီးလျှင် ဒုတိယ အဆင့်အနေဖြင့် အရေးပါလှသော သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များပင် မဟုတ်ပါလော။

ဤသို့ဤနှယ် တိပိဋက = နိကာယ ကျောင်းတိုက်တွင် ဖြစ်စေ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းတွင် ဖြစ်စေ၊ သာသနာ့ဝန်ဆောင်၊ သာသနာ ပြန့်ပွားမှု အရပ်ရပ်တွင် ထေရ်အရှင်များ၏ စွမ်းအားလုံ့လ သက်သက်မျှဖြင့် အလုံးစုံ စည်ကား ဖွံ့ဖြိုးရန် မဖြစ်နိုင်သေးပါ။ နိုင်ငံတော်၏ ဦးစီးဦးကိုင် ဖြစ်သော မင်း အစိုးရတို့၏ အားပေး ထောက်ပံ့မှု ရရှိရန်မှာ အရင်းခံ ပဓာန လိုအပ်ချက်အဖြစ် အရေးပါလှ၏။ ယင်းအမျက် ပြည့်စုံမှသာ အရာရာ ခရီးရောက် ပြီးမြောက်နိုင်ပါမည်။

ဤအကြောင်းကို ကောင်းစွာ သိမြင်ပြီး ဖြင်သော ဆရာတော်ဘုရားသည် သင်တန်းကျောင်း ဖွင့်ပွဲတွင် ချီးမြှင့်သော သြဝါဒ မိန့်ခွန်း၌....

"ဗြိတိသျှခေတ် နောက်ပိုင်း မြန်မာပြည် သာသနာမှာ ဓမ္မစက်အင်အား မည်မျှပင် ကြီးမားစေကာမူ၊ အာဏာစက်အကူအညီကို မရရှိခဲ့သဖြင့်...."

ဟူ၍ ထည့်သွင်း မိန့်ကြားတော်မူခဲ့ပေသည်။

ဆရာတော်ဘုရား၏ လက်တွေ့ကျကျ မှန်ကန်လှသော ယင်း အဆိုအမိန့် စကားများအား ကြားနာ ရသော အခါ ကျွန်မ၏ စိတ်တွင်—

မင်းနှင့် သံဃာ
သံဃာနှင့် သာသနာ
သာသနာနှင့် မင်းတို့ အကြောင်းမကင်း၊ စပ်လျဉ်း ယှက်နွယ် ဆက်သွယ်ဆောင်ရွက်ခဲ့ကြပုံများကို စဉ်းစား ထင်မြင်လာပါတော့သည်။

ရွှေဘိုမြို့ မြို့တည် နန်းတည် အလောင်းဘုရား ဦးအောင်ဇေယျနှင့် မင်းဆရာ အတုလယသဆရာတော်တို့ အမေးအဖြေ ပြုခဲ့ပုံ တစ်ချက်ကို စိတ်မျက်စိတွင် တစ်ဆက်တည်း ထင်မြင်လာသောကြောင့် ထိုအကြောင်းကို အောက်တွင် ဖော်ပြလိုက်ပါသည်။

ဤဘုရင်အမေး သာသနာပိုင်အဖြေ

(နန်းစဉ်ပုစ္ဆာဝင် အလောင်းဘုရားအမေး၊ အတုလယသ ဆရာတော်အဖြေ အနှောင့်ရွေပိန်းချ၊ ကိုးကြောင်းပေစာ၊ အချုပ် (က) ရှေ့ဘက်နှင့် (ကော) စကျာဘက်မှ။ သတ်ပုံသတ်ညွှန်း မူရင်းအတိုင်း)

"ဒကာတော်လျှောက်သည် ဆရာတော်၊ ဆွမ်းသင်္ကန်းကျောင်း ဆေးပစ္စည်းတို့ကိုဝ် ဒကာတို့က လှူသောကြောင့်၊ ဆရာတို့က ပန္နားဒါယကာခေါ်သည်မှာ သံသာပါ၏။ ကရောင်းတို့ကိုဝ် သာသနာဒါယကာခေါ်ကြသည်၊ မင်းကရောင်တို့က သာသနာတော်ကို လှူသလော၊ မင်းကရောင်တို့က လှူမှုပင် ဆရာတို့မှာ သာသနာ ရှိလေသလော ဆရာဟော်၊

ဘုရားပရိနိဗ္ဗာန် စံဝင်စကပင် သာသနာရေးရွက် မင်းအစိုးရတို့၏ အကူအထောက်ကို ရမှသာ ပြီးမြောက်နိုင်ကြောင်း အထင်အရှား ဟော်ဆိုခဲ့ပေသည်။

အဖြေတစ်နည်းလည်း။ "သာသနေ ဒါယကော၊ သာသနဒါယကော၊ ဟုတပ္ပုရိသ်သမာသ် ပြုရမည်။ "သာသနေ သာသနကမ္မေ၊ သာသနာတော်အမှုဌ်၌။ ဒါယကော၊ ပေးတတ်သည်တည်း၊ သာသနဒါယကော၊ သာသနာတော်အမှုဌ် ဆွမ်းပစ္စည်းလက်မှ အာဏာကိုပေးတတ်သည်။ အရကား သာသနာတော်ဌ် ကြည်ညို့သော သာသနဒါယကာတော် ကရောင်မင်းကိုရ၏။

ပြကြောင်းသက်သေကား။ "ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူသည့်နောက်၊ လေးလမြောက် ရာဇဂြိုဟ်ပြည်ဝေဘာရတောင် စရည်ပင်ရောက်ရာလိုင်၏အနီ ရတနာမဏ္ဍပ်၌၊ ရှင်မဟာကဿပအမှူးရှိသော ရဟန္တာ ၅၀၀ သင်္ဃနာတင်မည် ပြုတော်မူရာတွင် ကရောင်မင်းတို့၏ အာဏာကိုရမှ သာသနာတော်အမှုကို ဆောင်နိုင်မည်ဟု ရှင်မဟာကဿပမထေရ်က အဇာတသတ်မင်းမှာ အာဏာရပ်ခြေဟု ရဟန္တာတို့ကို စေတော်မူ၍ ရပ်စေလျှင် ဘန္တေ ဝိသတ္ထာ ကရောထ။ မမ အာဏံ တုမှာကံ အာဏံ ကရောထ၊ စသည်ဖြင့် အဇာတသတ်မင်းကြီး လျှောက်သည်။

အဓိပ္ပာယ်ကား။ "အရှင်ဘုရားတို့ လွတ်လွတ်ပြုတော်မူကုံ။ ဒကာတော် အာဏာသည် အရှင်ဘုရားတို့၏ အာဏာတော်ဖြစ်ကုံဟု အဇာတသတ်မင်း သံဃာတော် ၅၀၀ တို့ကိုဝ် အစိုးအပိုင်အာဏာကိုဝ် လှူလိုက်၍၊ အာဏာကိုဝ်အမှီပြု၍ ရဟန္တာ ၅၀၀ တို့ ၇-လပတ်လုံး သင်္ဃနာ တင်တော်မူကြကုန်သည်။ ထို့ကြောင့် သာသနာတော်သည် သာသနာတော်ကို ဆောင်သောရဟန်း၊ သာသနာတော်ပြုသောမင်း၊ သည်နှစ်ပါး၌တည်သည်ဟု မှတ်တော်မူရမည်။

အထက်တွင် ပြဆိုခဲ့သော နန်းစဉ်ပုစ္ဆာ ပေမူအရ ဘုရားပရိနိဗ္ဗာန် စံဝင်စကပင် သာသနာရေးရွက် မင်းအစိုးရတို့၏ အကူအထောက်ကို ရမှသာ ပြီးမြောက်နိုင်ကြောင်း အထင်အရှား ဟော်ဆိုနိုင်ပေသည်။

အထက်ပါအတိုင်း သာသနာပြုမှုများမှတွင် မင်းအစိုးရ၏ အားနည်းကွက်များမှာ အားရပါလှကြောင်းနှင့် သာသနာ၏ [illegible] မင်းနှင့်သံဃာညီညွတ်မှု ပြစ်နိုင်ကြောင်း၊ [illegible] ဆရာတော်ဘုရားက ထည့်သွင်း မိန့်ကြား[illegible] ဖြစ်ပါသည်။ ထို့အပြင် ယင်း မိန့်ခွန်းတစ်[illegible]

"ပြည်ထောင်စု မြန်မာနိုင်ငံ သာသနာခေတ်သို့ ရောက်ခဲ့သောအခါ၌ကား သာသနာတော်အတွက် အားတက်ဖွယ် ယနေ့ ဂုဏ်းပေါင်းစုံ သံဃနာယကခေတ်သို့ ရောက်ရှိလာသဖြင့် တိုး၍တိုး၍ အာဏာစက် အကူအညီရရှိလာသဖြင့်"

ဟူ၍ နိုင်ငံတော်အစိုးရက သာသနာတော်ပြုစုကြောင်းရည်ညွှန်းတော်မူခဲ့ပါသည်။ ဤသို့လျှင် ကျောင်းဖွင့်ပွဲအခမ်းအနား၌ ဆရာတော်ဘုရား မြွက်ကြားသော ဩဝါဒမိန့်ခွန်းမှာ မပျောက်မပျယ် စကောင်းသော မော်ကွန်းဝင်မိန့်ခွန်းတစ်ရပ် ဖြစ်သောကြောင့် အရှည်တည်တံ့စေခြင်းငှာ အောက်တွင် အပြည့်အစုံ ဖော်ပြလိုက်ပါသည်။

"၁၃၄၇-ခု ကဆုန်လပြည့်ကျော် ၁၅-ရက် (၁၈၊ ၅၊ ၈၅) ရွေတိုမြို့၊ အောင်မြေကျောင်းတိုက်အတွင်း ဖွင့်လှစ်အပ်သော 'စစ်ကိုင်းတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း' ပထမအကြိမ် သင်တန်းဖွင့်ပွဲ၌ ခင်းကွန်းတိပိဋကဓရ ဆရာတော်၏"

သမ္မာဒိဋ္ဌိယကထာ စာတန်း

၁။ ဆယ်ဝါပြည့်တောင်း
၂။ ဝိဘင်းနှစ်ဖြာ
၃။ ကမ္မာကမ္မ
၄။ ခန္ဓကပုဒ်
၅။ နာမ်ရုပ်ပိုင်ပိုင်၊ ဟောစွမ်းနိုင်၊ ကျောင်းထိုင်ဂါးအင်္ဂါ။ ။

"သိဒ္ဓံ။ ။ပရိသုပဋ္ဌာက ဗဟုသုတခေါ်ဆိုကျောင်းထိုင် ပုဂ္ဂိုလ်သင်တန်းကို စွမ်းစွမ်းတမံမွမ်းမံသင်ကြားကြမည့် သက္ကပုတ္တိယ ဘုရားသားကောင်း အရှင်မြတ်အပေါင်းတို့—

အရှင်မြတ်တို့အဖို့ရာ ဝမ်းမြောက်ဖွယ်ရာစကား တပည့်တော် စဉ်းစားမိသမျှ လျှောက်ထား ပြောကြားလိုပါသည်မှာ အရှင်ဘုရားတို့မခတ်၊ တပည့်တော်တို့ခေတ်ဟု ခေါ်ဆိုရမည့် မြန်မာပြည်၏ သာသနာအချိန်ကား

(က) ပြိတိသျှခေတ်နောက်ပိုင်း
(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်ခေတ်

ဟူ၍ ၂ ပိုင်း ခွဲခြား စဉ်းစားရမည် ဖြစ်သည်။ ထိုနှစ်ပိုင်းတွင်

(က) တပည့်တော်တို့ ယခင်က တွေ့ရသော ပြိတိသျှခေတ်နောက်ပိုင်း မြန်မာပြည်သာသနာမှာ ဓမ္မစက် အင်အား မည်မျှပင် ကြီးမားစေကာမူ၊ အာဏာစက် အကူအညီကို မရရှိခဲ့သဖြင့် စည်းမဲ့ပေါက်လွတ် ဖြစ်ချင်သလို ဖြစ်ခဲ့ရာ ကျောင်းထိုင်ဘုန်းကြီး အရည်အချင်း မပြည့်ဝဘဲလျက် ကျောင်းထိုင်ပြုလုပ်ကြသော ပုဂ္ဂိုလ်များ တစ်နေ့တခြား ထွန်းကားပေါ်ပေါက်ခဲ့ပြီး၊ မည်သည့်ဆရာတော်၏ ဩဝါဒဓမ္မစက်ကိုမျှ အလေးမထား၊ ဘုရားအဆုံးမကို မသိမြင်၊ ငါ့ကျောင်းငါထိုင် မခိုင်ကျိုးကျိုး၊ ငါ့လေ ငါထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ဟူသောစကားများ တစ်နေ့ထက်တစ်နေ့ ခေတ်စားလျက်၊ ကျောင်းထိုင်ဘုန်းကြီး အရည်အချင်း ပျက်ယွင်းကြီးမက ယုတ်လျော့ပျက်ယွင်း၍ လာခဲ့ရပါသည်။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ သာသနာတော်ခေတ်တို့ ရောက်သောအခါ၌ကား၊ သာသနာတော်အတွက် အားတက်ဖွယ် ယနေ့ "ဂုဏ်းပေါင်းစုံ သံဃနာယကခေတ်"သို့ ရောက်ရှိလာသောအခါ တိုး၍တိုး၍ အာဏာစက် အကူအညီရရှိလာသဖြင့် သာသနာတော်စောင့် သံဃာ့မဟာထေရ်များ တစ်သားတည်း ညီညွတ်တော်မူကြကာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးတို့အတွက် စည်းကမ်း နည်းလမ်း အဖုံဖုံတို့ကို တိုင်ပင်ဆွေးနွေး အကြိမ်ကြိမ်စည်းဝေးကြလျက် အထူးထူးသော သာသနူပကာရ ဓမ္မမူတို့ကို အဆူဆူချမှတ်ခဲ့ရာ—

ဂဝံဧတရမာနာနံ၊
ဥဇုံ ဂစ္ဆတိ ပုဂ်ဂေါ။
သဗ္ဗဂါဝီ ဥဇုံယန္တိ၊
နတ္ထေ ဥဇုံ ဂတေ သတိ။
ဧဝမေဝ မနုဿေသု၊
ယော ဟောတိ သေဋ္ဌသမ္မတော။
သော သဧ ဓမ္မံ စရတိ၊
ပဂေဝ ကုတရာ ပဇာ။

ဟူသော ဒေသနာတော်အရ၊ ရှေ့ဆောင်နွားလား ဥပမာထားရသည့် ကျောင်းထိုင်ပုဂ္ဂိုလ်များ အင်္ဂါပြည့်ဝ ရှေ့ဆောင်ကြမှသာလျှင် ဘုရားသာသနာလွန်စွာတည်တံ့ ပြန့်ပွားပေလိမ့်မည်ဟု အလေးအနက်

တိုင်ပင်ဆင်ခြင် စဉ်းစားတော်မူကြ၍၊ နိုင်ငံတော်အတွင်း ပြည်နယ်ခုနစ်ပြည်နယ်နှင့် တိုင်းခုနစ်တိုင်းရှိခဲ့ရာ ပြည်နယ်တစ်ခုတစ်ခု တိုင်းတစ်ခုတစ်ခုလျှင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့်အတိုင်း ယနေ့ခေတ်ကာလတွင် ရာဇဂြာနီ မင်းနေပြည် ဖြစ်သော ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းကို ရှေးဦးစွာ ဖွင့်လှစ်ပြီးနောက် ဒုတိယမြောက်အနေဖြင့် အရှင်တို့ တပည့်တော်တို့၏စစ်ကိုင်းတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းကို ယနေ့ယခု ဖွင့်လှစ်အပ်ပါသည်။

ထိုသို့ ရန်ကြီးအောင် ကုန်းဘောင် ရွှေဘိုမြို့၊ အောင်မြေကျောင်းတိုက်အတွင်း၌ ဖွင့်လှစ်အပ်သော "စစ်ကိုင်းကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း" တွင် အရှင်မြတ်တို့သည် ရှေးဦးစွာ သင်တန်းဝင် အရှင်မြတ်များအဖြစ် ခံယူတော်မူနိုင်ကုန်ရကား အရှင်မြတ်တို့အဖို့ရာ ကပည့်တော်၏ ပဋိဘာန် ဉာဏ်အမြင်ထဲမှာ—

"သုဓညာဝတ ဘုန်းကံတရား လွန်ကြီးမားပါပေ
ကုန်စွဘကား" ဟုအားရမ်းနှစ်ထောက် ဝမ်းမြောက်ရပါသည်ကို—

သုဓညာ ဝတ ဘဒ္ဒန္တာ၊
ယေ တုမှေ ရဋ္ဌသာသနေ။
ပရိသာယ ဥပဋ္ဌာကာ၊
ဘဝိဿထ ဗဟုသုတာ။
ဘဒ္ဒန္တာ—

သာကီယဇာတ် အရှင်မြတ်တို့ဘုရား။ ပရိသုပဋ္ဌာကာ၊ ဗဟုသုတသင်တန်းစွမ်းစွမ်းတမံ မွမ်းမံရွှင်ကြည်သင်ယူမည်ဟု ရွယ်ရည်မှန်းထား အရှင်မြတ်တို့ဘုရား၊ ယေ တု-မှ၊ အကြင် အရှင်ဘုရားတို့သည် ရဋ္ဌသာသနေ၊ ပြည်ထောင်စု ဆိုရွယ်လစ်သမ္မတ၊ မြန်မာနိုင်ငံ၊ နိုင်ငံတော် သံဃမဟာနာယကသာသနာ့ခေတ်ဦးအချိန်ထူး၌ ပရိသာယ၊ အနီးထဲမှောက် ရောက်လာတဲ့လတ် ပရိသတ်အား၊ ဥပဋ္ဌာကာ၊ ဝမ်မရေအေး အပြီကိုဆေးကို တိုက်ကျွေးပြုစုမွေးမြူနိုင်မှုတို့ လုလုကဲ့လဲ့ ပြည့်စုံတော်မူကြကုန်သော၊ ဗဟုသုတာ၊ ဆယ်ဝါပြည့်တင်း ဝိဿင်း နှစ်ပြာကမ္ဘာကမ္ဘ ခန္ဓကာမုံ နာယ်ရပ်ပိုင်ပိုင် တောစွမ်းနိုင်ဟု ကျောင်းထိုင်ပုဂ္ဂိုလ် ဗဟုသုတ၊ ဝါးခြောင်းကုက်နှင့် ပြည့်စုံကြကုန်သည်၊ ဘဝိဿထ ၂-နှစ် သင်တန်း မွမ်းမံဆင်ယင် တောင်ပြင်တဲ့လစ် အပြစ်ကြီး ပြစ်ကြပေလိမ့်မည်။

သုဓညာဝတ၊ ပမတ္တဲခေါ်ဆို ပုဂ္ဂိုလ်အပေါင်း အမြင်စောင်း၍ ငါ့ကျောင်းငါထိုင်မခိုင်ကျိုးကျိုး ထိုအမျိုးဌ်တစိုးတစီ မပါရှိပဲ သတိမြဲမြံ ပညာဥာဏ်နှင့် ဘုန်းကံမြင့်ထွား ကြီးမားတော်မူကြပါပေတကား၊ ဟု အားရလိုက်လိုက်ပဋိဘာန် ဂါထာမိုဒ်ကို နှစ်ခြိုက်ကြည်ညိုရွှတ်ဆိုကာ ထုတ်ဖော်ပြော၍ တပည့်တော်၏ သမ္မာဒနိယကထာ အစဉ်ကို ဤတွင်ပင် ပမ္မတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသည်။ ပရိသုပဋ္ဌာက ဗဟုသုတခေါ်ဆို ကျောင်းထိုင် ပုဂ္ဂိုလ် သင်တန်းကို ရွှင်လန်းကြည်ဖြူ။ သင်ယူတော်မူကြမည့် သာသနာ့အာဇာနည်အလောင်း အရှင်ကောင်းတို့။

ပုံ/ဦးဝိစိတ္တသာရာဘိဝံသ
၁၅-၂-၉၇

ဆောင်းပါးနိဂုံး

နိဂုံးချုပ်ဆိုရသော် ကျွန်မတို့၏ ရွှေဘိုမြို့တွင် ဆရာတော်ဘုရား တည်ဆောက်ဖွင့်လှစ် ပေးတော်မူသော ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းကြီးသည် မြို့၏ ကျက်သရေဆောင်အဖြစ် ခန့်ညားဝင့်တယ်စွာ ဖြစ်မြောက်ခဲ့ပါပြီ။

အစဉ်အလာ ကောင်းမှုးဖြင့်တကွ ဘူမိနက်သန်မှန်သော ဤအောင်မြေ ဤဌာန ဤကျောင်းမှ သာသနာ့ အာဇာနည်ထေရ် အရှင်မြတ်များ ထွန်းပေါက်လိမ့်မည်ဟု အများက အားထားယုံကြည်လျက် ရှိကြပါကြောင်း။

ကျေးဇူးစကား။ ။ကျွန်မအား ဆောင်းပါးရေးပါရန် မေတ္တာရပ်ခံသော မင်းကွန်းတိပိဋကေနိကာယ သာသနာပြုအဖွဲ့၏ သုံးနှစ်ခရီးစာစောင် ထုတ် ဝေ ရေး အဖွဲ့ ကြီး အား လည်း ကောင်း၊ ဆောင်းပါး ဖြစ်မြောက်ရေးတွင် အကူအညီပေးသော သင်တန်းကျောင်းအုပ်ဆရာတော်ဘုရား ကျောက်ကာကျောင်းတိုက် ဆရာတော်ဦးကုဿလ၊ သင်တန်းကျောင်း ဥပဋ္ဌာကများ အမှုဆောင်ထဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမောင်တို့ထား လည်းကောင်း များစွာကျေးဇူး ပြုနိုင်ပါသည်။

ဒေါ်ခင်မြင့်

တတိယ ဆုံးနှစ်ခရီး ဩဂုတ် ၂၀၀၇



သာသနာတော်သန့်ရှင်းတည်တံ့ခြင်းဟူသောအကြောင်း

မင်းကွန်း-မျိုးသတ်ဘောင်

အကြီးမားဆုံး ဗုဒ္ဓတန်ခိုးသိုလ်

ကမ္ဘာပေါ်တွင် အေဒီ ငါးရာစု ခေတ်က အလွန်ကြီးမားသော တန်ခိုးသိုလ်ကြီးတစ်ခု ရှိခဲ့ဖူးသည်။ ထိုတန်ခိုးသိုလ်ကြီးသည် အတိတ်တွင် ရှိခဲ့သည့် ဝလ္ဘီ ဗုဒ္ဓတန်ခိုးသိုလ်၊ ဝိကရမသီလာ ဗုဒ္ဓတန်ခိုးသိုလ်၊ ဇဂန္ဒလ ဗုဒ္ဓတန်ခိုးသိုလ်၊ ဩဒန္တပုရဗုဒ္ဓတန်ခိုးသိုလ်၊ ခိုတန်ရှိ သံဃာသုံးထောင် သီတင်းသုံးသော ဝိဟာရကျောင်းတိုက်နှင့် ယနေ့ ကမ္ဘာ အရပ်ရပ်မှာ တည်ရှိနေသည့် ဗုဒ္ဓစာပေ သင်ကြားရေး တန်ခိုးသိုလ်ကြီးများထက် အဆများစွာ သာလွန် ကြီးကျယ်ပေသည်။

အေဒီ ဆိုးရာစုဝယ် အိတလီနိုင်ငံ၊ ဘလာနီမြို့တွင် ဥရောပတိုက်အတွင်း ရှေးအကျဆုံး တည်ထောင်ခဲ့သည့် တန်ခိုးသိုလ်ထက် နှစ်ပေါင်းလေးရာကျော် စော၍ တည်ထောင်နိုင်ခဲ့သောကြောင့် ဂုဏ်ယူဝင့်ကြွားစရာ ဖြစ်ခဲ့သည်။ ထိုတန်ခိုးသိုလ်ကား အခြားမဟုတ်။ အေဒီ ငါးရာစုတွင် ကုမာရဂုတ္တာမင်း တည်ထောင်ဖွင့်လှစ်ပေးလိုက်သော ဆာဇ်ဂြိုဟ်မြို့နှင့် ၇-မိုင်ခန့်တွင် တည်ရှိသည့် နာလန္ဒတန်ခိုးသိုလ် ကြီးပင် ဖြစ်သည်။

နာလန္ဒသည် မြတ်ဗုဒ္ဓ၏ ဓမ္မစာပေ သင်ကြားရေး သမိုင်းဌာ လူသိထင်ရှားဆုံး တန်ခိုးသိုလ် ဖြစ်သည်သာမက ကမ္ဘာ့ လောကဓာတ် ပညာ သင်ကြားရေး တန်ခိုးသိုလ်ကြီးများ၏ အရင်းဦးဆုံး ဖြစ်ပေသည်။ နာလန္ဒတန်ခိုးသိုလ်မှာ အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ (၍)၊ နီပေါ(လ်)၊ မွန်ဂိုးလီးယား၊ တရုတ်စသော နိုင်ငံပေါင်းစုံမှ လာရောက် သင်ကြားကြသည်။ စာသင်သားဦးရေ တစ်သောင်းကျော်ရှိပြီး နည်းပြ၊ ကထိက၊ ပါမောက္ခများမှာ ၁၅၀၀ ဦး ရှိလေသည်။ ထိုနာလန္ဒတန်ခိုးသိုလ်တွင် ဗုဒ္ဓ၏ ဓမ္မများကို ပို့ချသင်ကြားသည်။ ထို့ပြင် ဝေဒပညာ၊ ဆေးပညာ၊ သင်္ချာ၊ သဒ္ဒါ၊ ဓာတုဗေဒ၊ သတ္တုဗေဒများကိုလည်း သင်ကြားခဲ့သည်။

တရုတ်ပြည်သား နာလန္ဒတက္ကသိုလ် ပါမောက္ခ ရွှင်ကျန်နှင့် ယိကျင့်တို့၏ မှတ်တမ်းများအရ နာလန္ဒတက္ကသိုလ်၏ ကြီးကျယ်ခမ်းနားပုံ အခန်းကဏ္ဍကို မျက်ဝါးထင်ထင် သိမြင်ခံစားရသည်။ ဗုဒ္ဓဝါဒ တွေးခေါ်ရှင် နာဂဇုနလို ပုဂ္ဂိုလ်မျိုးတို့ကိုလည်း ဤနာလန္ဒမှပင် မွေးထုတ်ပေးသည်။ မြတ်ဗုဒ္ဓ၏ ဓမ္မများ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထွန်းကား နေခြင်းသည်ပင် ဤနာလန္ဒတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သော ကမ္ဘာ့သာသနာပြု အာဇာနည်တို့၏ ဂုဏ်ကျေးဇူး၊ နာလန္ဒတက္ကသိုလ်၏ ဂုဏ်ကျေးဇူးဟု ဆိုရပေမည်။

တက္ကသိုလ်ကြီး ပျောက်ကွယ်ခြင်း

ဤမျှ ကြီးကျယ် ခမ်းနားခဲ့သော နာလန္ဒတက္ကသိုလ်ကြီးသည် အေဒီ ဆယ့်နှစ်ရာစုတွင် မိုးမှောင်ကျခဲ့ရသည်။ မလို မုန်းတီးသူတို့သည် လက်နက် အင်အားကို သုံး၍ တက္ကသိုလ် အဆောက်အအုံများကို ဖျက်ဆီးခဲ့ကြသည်။ ရဟန်းတော်များကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ကြသည်။ စာပေပိုဒ်ကတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ တူရကီ မှတ်တမ်းများအရ ဆိုပါမူ ရာပေါင်းများစွာသော အသေခံရဟန်းတော်များကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ကြပြီး ကျမ်းဂန်စာပေများကို မီးရှို့ခဲ့သည်မှာ လပေါင်းများစွာ လောင်ကျွမ်းနေသည်ဟု ဆိုသည်။ မိုက်ရိုင်းလွန်းစွတကား။

နာလန္ဒ တက္ကသိုလ် မရှိတော့သော အိန္ဒိယတွင် ဗုဒ္ဓသာသနာသည်လည်း ကွယ်စပြုခဲ့ရလေသည်။ ယနေ့ နာလန္ဒအရပ်တွင် နာလန္ဒ တက္ကသိုလ်ဟူ၍ ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ် မထင်မရှား တည်ရှိ နေသေးသော်လည်း အတိတ်မှ နာလန္ဒကိုတော့ မီနိုင်ရန် မလွယ်ကူတော့ပေ။

သာသနာတော်တွင် နာလန္ဒ ဆုံးရှုံးရမှုမှာ သာသနာတော် ဆုံးရှုံးရမှုနှင့် ထပ်တူထပ်မှုဖြစ်သည် ဆိုရသော် လွန်မှားလွန်လေမလား မသိပေ။ စာရေးသူကတော့ ထိုသို့ပင် ပို၍ ဆိုလိုက်ချင်ပါသည်။

ထို့ကြောင့် စာရေးသူသည် ၁၉၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၄-ရက်နေ့တွင် မင်းကွန်း မိုးမိတ်ကုန်းမြေတိပိဋကနိကာယ သာသနာပြုကျောင်းတိုက်၌ ကျင်းပသော မင်းကွန်း တိ-နိ သာသနာပြု အဖွဲ့၏ဒုတိယသုံးနှစ်ခန်း စာဆုပ်ကြီးတွင် ဦးရေးသားပူဇော်ကြသည့် စာရေးဆရာ၊ ပန်းချီဆရာ၊ ဓာတ်ပုံဆရာတို့ကို ဂုဏ်ပြုပွဲနှင့် မန္တလေးမြို့ ပရိယတ္တိသာသနာ့တက္ကသိုလ်၊ သံဃာ့ဆေးရုံကြီးတို့ကို လေ့လာရေးပို့ ထားပြန်၌ မင်းကွန်း တိ-နိ သာသနာပြု ကျောင်းတိုက်ကြီး၊ သံဃာ့ဆေးရုံကြီးတို့၏ ကြီးကျယ်ခမ်းနားပုံတို့ကို ကြည့်ရှုလေ့လာခဲ့ရသဖြင့် ဝမ်းမြောက် ဝမ်းသာ ပီတိဖြာခဲ့ရသလို ထိုထို ကျောင်းတိုက်ကြီးတို့နှင့် ဆေးရုံကြီးတို့ သာသနာတည်သရွေ့ တည်ဖို့အရေး တွေးပူခဲ့မိသေးသည်။

ထိုဂုဏ်ပြုပွဲ၌ မန္တလေး ပရိယတ္တိသာသနာတက္ကသိုလ် ဆေးရုံကြီးတို့ တည်ဆောက်ခဲ့ရပုံတို့ကို အချိန်မရွေရှင်းလင်းမပြနိုင်ခဲ့သဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၊ ပရိယတ္တိ သာသနာ့တက္ကသိုလ် မဟာသိမ်တော်ကြီးတွင် ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့၌ စာပေ၊ ပန်းချီ၊ ဓာတ်ပုံပညာရှင်များကို ဖိတ်ကြားပြီး ခံပြီး ရန်ကုန်၊ မန္တလေး ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ တည်ဆောက်ပုံတို့ကို တိ-နိ သာသနာပြု အဖွဲ့နှင့် တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူဒါန်းရေး အဖွဲ့ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှက တစ်ကျောင်းဆင်း တစ်ကျောင်းတက်ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ပရိယတ္တိသာသနာ တက္ကသိုလ်ကြီး တည်တံ့ရေး

ပညာရှင်တို့က မရှင်းလင်းသည်တို့ကို မေးမြန်းကြပါသည်။ ထိုအထဲတွင် စာရေးသူသည် ရင်ထဲမှာ လိပ်ခဲတင်းလင်းဖြစ်နေသည့် ဖြစ်ခဲ့သည့် တက္ကသိုလ်ကြီးများ အရှည်ခန့် တည်တံ့ရေးကို မည်သို့မည်ပုံ ဆောင်ရွက်ထားကြပါသလဲ-ဟု မေးမြန်းမိပါသည်။

ထိုအခါ ဥက္ကဋ္ဌကြီးဦးသာလှက-"ဒီကိစ္စအတွက် အလှူခံတဲ့နေရာမှာ ကျောင်းဆောင်ကြီးတွေ ဆောက်ဖို့နှင့် ဆွမ်းကွမ်းဝေယျာဝစ္စ၊ ကျောင်းသုံးပရိဘောဂ၊ ကျန်းမာရေးအတွက် ဆေးဖိုးဝါးခ၊ ကျောင်းတော်ကြီးများ အရှည်သဖြင့် တည်တံ့ရေး စသည်ဖြင့် ခွဲခြားအသုံးခံပြီး ခွဲခြားသုံးစွဲပါတယ်၊ အရှည်သဖြင့် တည်တံ့ဖို့အရေးအတွက် ငွေပေးသောပင်ကြီးများ စိုက်ထူထားကြောင်း" ရှင်းလင်းဟင်ပြသွားပါသည်။ ထိုသို့ ဥက္ကဋ္ဌကြီး၏ ရှင်းလင်းဟင်ပြမှုကိုကြားရမှ စာရေးသူ၏ရင်မှ အပူသည် ငြိမ်းအေးသွားတော့သည်။

သံဃာရတနာသည် သဒ္ဓမ္မဟာဘုရားသခင် ကိုယ်တော်မြတ်ကြီးသော်မှ မလွန်ဆန်နိုင်သည်မှာ မှန်၏၊ သို့သော် "သံဃာရတနာပဲ၊ ဖျက်စီးဖို့နဲ့ ဖျက်စီးရမှာပဲ" ဟုဆိုကာ လက်ပိုက်ကြည့်နေလျှင်တော့ တာဝန်မဲ့ရာကျလွန်းပါသည်။ ထို့ကြောင့် ရှေးအထက်ကျော်ကာရိမှသူတော်သူမြတ်တို့သည် [illegible] တာဝန်မဲ့ရာ မရောက်အောင်

မိမိတို့တတ်နိုင်သမျှ စောင့်ရှောက် ထိန်းသိမ်းခဲ့ကြသည်။ ဤတွင် ရှေးခေတ် ပုဂံပြည်မှ သူတော်သူမြတ်တို့၏ သာသနာအရေး မျော်တွေးကာ ထိန်းသိမ်းခဲ့ပုံကို ဆက်လက်တင်ပြလိုပါသည်။

ပုဂံခေတ်အလှူမှတ်တမ်း

ရှေးခေတ် ပုဂံသူပုဂံသား တို့သည် ရှင်အရဟံနှင့် အနော်ရထာမင်းတို့၏ ကျေးဇူးကြောင့် ရတနာသုံးပါးနှင့် ထိတွေ့လာရသဖြင့် ဘာသာရေးအမြင် ပီပြင်ကြည်လင်လာ၏။ ယဉ်ကျေးသိမ်မွေ့လာ၏။ ကိုယ်ချင်းစာနာဘတ်လာ၏။ ထို့ကြောင့် ပုဂံသူ ပုဂံသား တို့သည် ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်ကာ စာသင်တိုက်ကြီးများကို ဆောက်လုပ်လှူဒါန်းခြင်း၊ စာချစာသင်တို့ကို လှူခြင်းဖြင့် စေတနာသဒ္ဓါတရား တို့ကို မှန်ကန်စွာ အသုံးပြုလာနိုင်ကြသည်။ မိမိတို့လှူဒါန်းပြီးသည်များကို နောက်လူတို့ သာဓုခေါ်နိုင်စေရန်နှင့် အတုယူကာ သာသနာတော်ကို ထောက်ပံ့နိုင်စေရန် ကျောက်စာရေးထိုးကာ အမွေပေးခဲ့ကြသည်။ ထိုအလှူမှတ်တမ်းများကိုကြည့်လျှင် သာသနာတော်၏ မူလအဓိကဖြစ်သော ပရိယတ္တိသာသနာ အရှည်တည်တံ့ပြန့်ပွားရေးအတွက် ပိဋကတ်တိုက်များ၊ စာသင်တိုက်ကြီးများ တည်ထောင်ခြင်းနှင့် ထိုကျောင်းတိုက်ကြီးများ အရှည်တည်တံ့ရေးအတွက် စာချစာသင်အရှင်တို့ကို လှူဒါန်းလေ့ရှိကြောင်း တွေ့ရသည်။

သူတော်စင်တို့ အတုယူ သဒ္ဓါပွားစေရန် ဖရှေးခေတ် ပုဂံသူ ပုဂံသားတို့၏ အလှူမှတ်တမ်းကို အနည်းငယ် ထုတ်ပြရသော်၊ သက္ကရာဇ် ၅၉၇-ခုနှစ် ထိုးမင်းဆရာဒိတရစ်ကျောက်စာတွင်-

> "ဤပယ်လယ် ၅၀ တွင် ၂၀ ကာ ဘုရားဖို့။ ၅ ပယ် တရားဝန်းဖို့၊ ၁၀ ပယ်ထေရ်ဖို့၊ ၁၅ ပယ် စာသင်ဖို့တည်း။

ဟု ရတနာသုံးပါးကို အချို့းကျလှူပြီး စာသင်စာချတို့ကို သီးခြားလှူဒါန်းထားသည်။

သက္ကရာဇ် ၅၉၇-ခုနှစ်ထိုးမင်းအမတ်ဥာဏဝိစည်ကျောက်စာတွင်-

> စလင်းမိုးယပုံလယ် ၃၀ ကာ၊ ကျောင်းစာသင်ခပင်းရှိ စားမှုစိုက်သတည်း။ နောင်ပေးသော မခံပေါင်းလယ် ၃၀၀၊ ကျောင်းထေရသာ စိုက်သတည်း"

ဟု စာသင်တိုက်ရှိ စာသင်သားပိုင်းနှင့် စာချပိုင်းခွဲခြားပြီး လယ်မြေလှူဒါန်း ပဒေသာပင် စိုက်ထားပါသည်။

သက္ကရာဇ် ၆၀၃-ခုနှစ်ထိုး မိဖုရားဖွားစောဂ၏ ကျောက်စာတွင် "စာသင် ၁၀ တိုက် သို့လည်း တစ်လ ၅ တင်ပေးစေသတည်း" ဟု သူများလို လယ်ကိုမလှူ၊ လယ်မြေမှတွက်သော စပါးကိုသာ စာသင်တိုက် ၁၀-ခုသို့ ၅-တင်းကျ လှူဒါန်းထားပါသည်။

သက္ကရာဇ် ၆၁၅-ခုနှစ်၌ သမန္တကူဋဓနိးမောင်နှံတို့ ရေးထိုးခဲ့သောကျောက်စာတွင်-

> "တန်ဘိုင်တစ်ထပ်အတွင်း စာသင်ကျောင်း ၂၀ ဤမျှပြု၍ လွတ်စံသော" ဟု စာသင်သားများအတွက် စနစ်တကျ ကျောင်းဆောက်လှူဒါန်းကြောင်း သိရပါသည်။


ပဒေသာပင် စိုက်ထူလှူဒါန်းခြင်း

ဤသည်တို့ကို ထောက်၍ ရှေးပုဂံသားတို့သည် သာသနာသုံးရပ်တွင် ပရိယတ္တိ သာသနာတော်သည် အဓိကအခြေအမြစ်ကျသဖြင့် ပရိယတ္တိကို စောင့်ရှောက်သင်ယူနေကြသော စာချစာသင် ထေရ်အရှင်တို့နှင့် စာသင်တိုက်များကို လှူဒါန်းလေ့ရှိကြောင်း သိရသည်။ သူတို့သည် ပစ္စုပ္ပန် သာသနာစည်ပင်မှုကို သာမက အနာဂတ်တွင်လည်း သာသနာ ထာဝရတည်တံ့မှုကိုလဲ ရှေ့ရှုပြီး လယ်မြေများ လှူဒါန်းကာ ပဒေသာပင်ဒါနထုပ်ကို စနစ်တကျ ထုပ်ခဲ့ကြသည်။

ကျွန်တော်များ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် လည်း အထက်ကဖော်ပြခဲ့သည့်အတိုင်း ရှေးပုဂံခေတ်က ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ကဲ့သို့ သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာသည်သာ အဓိက ကျကြောင်း သိမြင်ပြီး မြတ်ဗုဒ္ဓ၏ သာသနာတော် အရှည်ခန့်၍ တည်တံ့စေရန် မင်းကွန်း တိပိဋကနိကာယ သာသနာပြု ကျောင်းတော်၊ ရန်ကုန် မန္တလေး ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး များနှင့် အမြို့မြို့ အရွာရွာရှိ စာသင်တိုက်ကြီး, ငယ်တို့၌ ထာဝရ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းကာ သာသနာပြု ကုသိုလ်ထူးကို ရယူသင့်ကြောင်း တင်ပြအပ်ပါသတည်း။ ။

ဦးမျိုးသက်အောင်
အယ်ဒီတာ
ဗုဒ္ဓဓမ္မလောကတိုက်

ကျိုက်ထီးရိပ်ခြေ



"ဒီလူ အတော်နူတဲ့ လူပဲ" ဟု လည်းကောင်း၊ "ကျွန်တော် ဒါလောက် မနူးပါဘူးဗျာ" ဟု လည်းကောင်း တွင်တွင်ကျယ်ကျယ် ပြောဆို သုံးနှုန်းလျက် ရှိကြ၏။

စင်စစ်မူ ဤနူသည်၊ ရင့်သည် ဟူသော ဝေါဟာရ စကားမှာ သစ်ပင်၊ သစ်သီး၊ ပန်းမာလ်တို့ အပေါ်၌သာ ပြောဆိုသုံးနှုန်းရိုး ရှိသည်။ သို့ ရှိသော်လည်း ဤသစ်ပင်၊ သစ်သီး၊ ပန်းမာလ်တို့၏ အနူ အရင့် ဟူသည်ကို လူသားတို့ အပေါ် တင်စား၍ ဤလူသည် နူ၏။ ဤလူသည် ရင့်၏။ အနှစ်ပြည့်၏ဟု ခေါ်ဝေါ် ပြောဆိုနေကြခြင်း ဖြစ်ပါသည်။

"နူသော သစ်ပင်သည် အကာပဲ့ပဲ့ အနှစ်မဲ့လျက် အသုံးမဝင်၏သို့ နူသောသစ်သီးသည်လည်း ချိုမြိန်ကောင်းမြတ် အရသာဓာတ်ကို မပေးနိုင်ဘဲ ချဉ်စုတ်စုတ် ဖန်တန်တန် ခါးသက်သက် မနှစ်မြို့စရာ အရသာမျိုးကိုသာ ပေးတတ်ပေသည်။

အနှစ်မပါ အကာသာရှိသည့် နူနယ်သော သစ်ပင်သည် လူသားတို့၏ အကျိုးပြု အသုံးအဆောင်အတွက် ဘာတစ်ခုမျှ ဖြစ်ပေါ်မလာနိုင်သကဲ့သို့၊ အသီးနူနူသည်လည်း လူသားတို့၏ မြတ်မြတ် နိုးနိုး ခူးယူသုံးဆောင် စားသောက်ခြင်းကို ခံယူရမည် မဟုတ်ပေ။

ထို့ပြင် နူနူနယ်နယ်သစ်ပင်ငယ်သည် သဘာဝရာသီဥတုတို့၏ အလှည့် အပတ် အပြောင်း အလဲ ဒဏ်ကို မခံနိုင်ရှာဘဲ ပျက်စီးလွယ်တတ် သကဲ့သို့ အသီးနူနူသည်လည်း အတိမ်းအစောင်း မခံနိုင်ဘဲ ပျက်စီးလွယ်တတ်ပြန်လေသည်။ နူနူအရွယ် သေးငယ်ခြင်းတို့၏ သဘောသဘာဝတရားပေတည်း။

အပြန်အားဖြင့် ဆိုရသော် ရင့်နေပြီဖြစ်သော သစ်ပင်ကြီးသည် အနှစ်ပြည့်ဝလျက် ရှိသည်။ ထို

အနှစ်သည်လည်း တန်ဖိုးမျှားစွာ ရှိသည်။ ထိုတန်ဖိုးရှိသော အနှစ်ကို အသိပညာရှင်၊ အတတ်ပညာရှင် ဖြစ်သော လူသားများသည် ခုတ်ယူ ဖြတ်တောက်ပြီး မိမိတို့ နေအိမ်တိုက်တာမှ အစ ပြုလုပ်ရာကို ပြုနိုင်ပါသည်။ သုံးလိုရာကို သုံးနိုင်ပါသည်။ လူသားတို့အတွက် အလွန် အကျိုးကျေးဇူးများလှပေ၏။

ထို့အတူ အရင့်မှန်ပြီး ရွှန်းရွှန်းအိအိ ဝင်းဝင်းမှည့်လျက် နေသော သစ်သီးကို လူတို့သည် မြင်ရုံမျှဖြင့်ပင် ရွှင်လန်း စေတတ်ပါ၏။ ဝမ်းမြောက်စေတတ်ပါ၏။ အပြုံးပန်းကို ပွင့်လန်း စေတတ်ပါ၏။ စားသုံးလိုက်သောအခါတွင်လည်း ချိုမြိန်ကောင်းမွတ် ရသာဓာတ်ကိုပေးပါ၏။စွဲမက်စေပါ၏။ လူသားတို့ အသက်ဇီဝ ရှည်ကြာ ကျန်းမာစွာ နေနိုင်ရေးအတွက်လည်း အာဟာရ အဖြစ် အလွန် ကျေးဇူးပြု၏။

အနှစ်ပြည့်လျက် ရင့်မာနေပြီဖြစ်သော သစ်ပင်သည် သဘာဝ ရာသီဥတုဒဏ်ကို ကြုံကြုံခံ တည်နိုင်စွမ်း ရှိသလို ရင့်သော သစ်သီး သည်လည်း သဘာဝ လောကခံတို့၏ အတိုက်အခိုက်ကို ခံနိုင်စွမ်း ရှိပေသည်။

ထိုသစ်ပင် သစ်သီးတို့၏ အနှအရင့်ကို အကဲဖြတ်ရာ၌ အပေါ်ယံ အခေါက်အပွေး အရောင်အသွေးကိုကြည့်၍ လွယ်လွယ်ကူကူပင် သိနိုင်သလို၊ လူသားတို့၏ အနှအရင့်ကို အကဲဖြတ်ရာ၌လည်း ထိုသူ၏ ပြောပုံဆိုပုံ၊ လုပ်ပုံကိုင်ပုံနှင့် ထိုသူ၏ အပြုအမူ ဆက်ဆံပုံများကို ထောက်ဆ၍ ဤလူသည် စိတ်သဘောထား နု၏၊ သေး၏၊ သိမ်၏၊ ညံ့၏။ ဤလူသည် ရင့်ကျက်၏။ သဘောထားကြီး၏။ အနှစ်ပြည့်၏။ လူကြီးပီသ၏ဟု အကဲဖြတ် သိမှတ်ရမည် ဖြစ်ပေသည်။

သစ်ပင် သစ်သီးတို့၌ အတွင်း အနှစ်ပြည့်ဝမှုသည် အရေးပါ အရာရောက်ဆုံး ဖြစ်သကဲ့သို့ လူသားတို့ တွင်လည်း အတွင်း စိတ်ဓာတ် ဖြူစင်ပြည့်ဝမှု ရင့်ကျက်ကြည်မှုသည် ဒဿကအလို အပ်ဆုံးဖြစ်လေသည်။

နန်းခြင်း၊ ရင့်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတော်အရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးက သြဝါဒစကား မြွက်ကြားခဲ့ဖူးပါသည်။

တစ်ချိန်တစ်ခါက ဒါယကာ တစ်ယောက်သည် ဆရာတော်ဘုရားကြီးထံမှောက် ရောက်လာပြီး-

"တပည့်တော်တို့ကတော့ ဆရာတော်ဘုရားတို့ကိုပဲ ကြည်ညိုလေးစားနေရပါတော့သည်ဘုရား၊ မြို့ကြီးပြကြီးမှကိုယ်တော်တို့ကို မကြည်သို့ မလေးစားနိုင်တော့ပါဘုရား" ဟု ပြောဆိုလျှောက်ထားလေ၏။

ထိုအခါ ဆရာတော်ဘုရားက-

"ဒကာကြီး၊ ဘာ အကြောင်း ကြောင့်မျှား မကြည်ညို မလေးစားနိုင်ရပါသလဲ"

ဒကာ။ "မြို့ကြီးပြကြီးက ကိုယ်တော်တွေက ဘုရား-ဘောပွဲ၊ရုပ်ရှင်ပွဲ၊အငြိမ့်ပွဲ၊ ဇာတ်ပွဲမှ အစ နေရာ တကာသူတို့ ပါပါနေလို့ပါပဲ ဘုရား"

ဆရာတော်။ "ကျွန်း သစ်တို့ ရှားနှစ်ဘို့ဟာ အဖိုးတန်သလား၊ မတန်ဘူးလား ဒကာကြီး"

ဒကာ။ "မှန်လှပါ၊ များစွာ တန်ဖိုးရှိကြောင်းပါဘုရား"

ဆရာတော်။ "အဲဒီ ကျွန်းသစ်တို့ ရှားနှစ်တို့မှာလဲ အကာရယ်၊ အနှစ်ရယ်လို့ နှစ်မျိုးရှိရာ ဘယ်ဟာက ပို၍ တန်ဖိုး ရှိပါသလဲ"

ဒကာ။ "အနှစ်ကပို၍ တန်ဖိုးရှိကြောင်းပါဘုရား"

ဆရာတော်၊ "အနှစ်က တန်ဖိုးရှိလျှင် ဒီအနှစ်ပြည့်ဝလာဖို့ကု နှစ်ပေါင်း ဘယ်လောက် ကြာအောင် မွေးယူရပါသလဲ"

ဒကာ။ "နှစ်ပေါင်းများစွာ ကြာအောင် မွေးယူရပါဘုရား"

ဆရာတော်၊ "အနှစ်ပြည့်မယ်ဆိုတဲ့ ကျွန်းသစ်

နှုန့်၊ ရှားပင်ငယ်ငယ်ကလေးများကို အနှစ် မရှိရပါ့မလားလို့ မွေးမထားဘဲ ခုတ်လှဲသတ်ပစ်လိုက်မယ်ဆိုရင် ဒီကျွန်းပင်၊ ရှားပင်ကလေးများ အနှစ် ပြည့်ဝလာနိုင် ပါဦးမလား''

ဒကာ။ ''အနှစ် ပြည့်ဝ မလာနိုင် တော့ပါဘုရား''

ဆရာတော်။ ''ဒီလိုပဲ ဒကာကြီး၊ အခု မြို့ကြီးပြကြီးက ကိုယ်တော်ကလေးတွေဟာ ကျွန်းပင်ငယ်၊ ရှားပင်ပေါက်များပမာ အနှစ် ထည့်ကြတုန်းပဲ ရှိပါသေးတယ်။ နောင် တစ်ချိန် အနှစ် ပြည့်ဝလာတဲ့အချိန်၊ ဒကာကြီးများ အနေနဲ့ ဘောပဲ့၊ ရုပ်ရှင်ပဲ့ကြွပါဘုရားလို့ ကားနဲ့သွားပြီးပင့်တော့ ဘယ်လိုမှ မလိုက်ကြတော့ဘူး ဒကာကြီး၊ အခုနေ နှုန့်ငယ်ငယ် အနှစ်ထည့်နေခိုက်အချိန်မှာ အနှစ် မပြည့်ရပါ မလားလို့ မကြည့်ညို မလေးစားဘဲ ခုတ်လှဲထားလိုက်မယ်ဆိုလျှင် တန်ဖိုးရှိတဲ့ သီလ အနှစ်တရား၊ သမာဓိ အနှစ်တရား၊ ပညာ အနှစ် တရားတွေ ပြည့်ဝလာနိုင်မှာ မဟုတ်တော့ဘူး ဒကာကြီး'' ဟုဆရာတော်ဘုရားက မိန့်ကြားတော်မူလိုက်သောအခါ–

ဒကာကြီး၏ စိတ်အစဉ်တို့သည် ဖြူလွလွ ဝါဂွမ်းအိအိ ဆီရွှမ်းရွှမ်း ထိ၏သို့ နှစ် သက် ခြင်း အပြည့် ဝမ်းမြောက်ခြင်း အပြည့်တို့ဖြင့်–

''မှန်လှပါဘုရား၊ တပည့်တော် သာသနာကို ကြည်ညို တတ်ပါပြီဘုရား'' ဟု လိုက်လိုက် လဲလဲ လျှောက်ထားသွားပါတော့သည်။

ဤဩဝါဒစကားဖြင့် ဆရာတော်ဘုရားကြီးသည် ဒကာကြီး၏ အတွေးအခေါ် အမြင်ကို ရင့်သန်စေလိုက်ခြင်းပင် ဖြစ်ပါသည်။

ဤသို့ အဆူဆူသော ဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒစကား၊ တရားနည်းလမ်းအတိုင်း ကျင့်ကြံနေထိုင် ပြောဟော ဆိုဆုံးမတော်မူသော တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် မိမိ စာပည့်အပေါင်း၊ ရှင်အပေါင်းတို့အား လည်း မိမိကျင့်ကြံကြိုးကုတ် အားထုတ်တော်မူ သကဲ့သို့ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြစေရန် တိပိဋကာ = နိကာယ သာသနာပြု အဖွဲ့ကြီးနှင့် တိပိဋကနိကာယ ကျောင်းတိုက်ကြီးတို့ကို တည်ထောင်ကာ မိမိ၏ နည်းစနစ်များကို အမြဲတန်းပေးပြီး သွန်သင်ပြသဆုံးမလျက်ပင် ရှိပါသည်။

ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒ တရားတော်များနှင့် ဆရာတော်ဘုရားကြီး၏အနေအထိုင် အပြုအမူများပါမကျန် အတုယူကာ လိုက်နာ ကျင့်သုံးသွားကြမည် ဆိုပါက ကျွန်ုပ်တို့သည် မကြာမတင် ရင့်ကျက်ခြင်း၊ အနှစ် ပြည့်ဝခြင်းသို့ ရောက်လာကြမှာ ဖြစ်ပါသည်။ ထိုသို့ အနှစ်ပြည့်ဝ ရင့်ကျက်လာသော လူရှင် ရဟန်းတို့ သည်သာ မိမိ၏ အကျိုး၊ သူတပါး လူအများတို့၏ အကျိုးတို့ကို ဆောင်ရွက်နိုင်ပေမည်။ လူ့ဘဝ သာယာရေး၊ လူ့လောကသာယာရေးတို့၌ အကျိုးပြုနိုင်ပေလိမ့်မည်။ လူ့ဘဝ ရလာခြင်း၏ အကျိုးတို့ကို ကောင်းကောင်းကြီး ခံစား စံစားရပေလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့ ရဟန်းရှင်လူ အားလုံးတို့သည် ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ နေမှု၊ ထိုင်မှု အဆုံးအမ ဩဝါဒစကား တရားတော်အတိုင်း အတုယူကာ ကျင့်ကြံခြင်းဖြင့် တစ်နေ့ထက် တစ်နေ့၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ်၊ တစ်ဘဝထက် တစ်ဘဝ ရင့်ကျက်ခြင်း၊ အနှစ် ပြည့်ဝခြင်းသို့ ရောက်နိုင်ကြပါစေကုန်သောဟု ပတ္ထနာပြုလိုက်ရပါသည်။

အရှင် ဝဒီရပါဏိ (ဧမြဲဆဲ)
မဓေ့်ယာဉ်ပျဉ် မော်ကွန်းကျောင်း
တိပိဋကနိကာယ ကျောင်းတိုက်
မိုးမိတ်ကုန်းဧမြ၊ မင်းကွန်း။



ရောပ
တရားကြီး

ထီးချိုင့်မြို့ တည်တော ဆရာတော်

တတိယသုံးနှစ်စီး ※ ၂၁၅၅

အုတ်မြစ်ချပွဲတော်

ကောဇာသက္ကရာဇ် ၁၃၄၉-ခု၊ ကဆုန်လပြည့်နေ့သည်ကား ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ဝိဇ္ဇာလယ သုံးထပ်ကျောင်းများ အုတ်မြစ်ချပွဲ သဘင် ဆင်ယင်သောနေ့ဖြစ်ပါသည်၊ ထိုနေ့တွင် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးမှ ပင့်ဆောင်ထားသော သံဃာနာယက ဆရာတော်ကြီးများသည် နံနက် ၈ နာရီအချိန်မှစ၍ ကြည်ညိုဖွယ်ရာ သင်္ဃန်းကိုယ်စီ ရုံ၍ ထီးဖြူတော်များ အုပ်မိုးကာ ကမ္ဘာအေး ကျောင်းဆောင်များမှ ဝိဇ္ဇာလယ အုတ်မြစ်ချ မဏ္ဍပ်သို့ ခြေလျင်စီတန်း၍ ကြွတော်မူကြပါသည်။

၈ နာရီခွဲတွင် ဆရာတော်ကြီးများ မဏ္ဍပ်အတွင်း ဝင်ရောက်တော်မူကြသည်။

ဆရာတော်ကြီးများနှင့် ည့ွှပရိသတ်တို့အား ကြိုဆိုသောအားဖြင့် စည်တော်ကြီးအဖွဲ့မှ အောင်စည်သံ ရင့်ကျူး၍ ကြိုဆိုနေကြပါသည်။

ရန်ကုန်မြို့
နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်
ဝိဇ္ဇာလယ သုံးထပ်ကျောင်းများ
အုတ်မြစ်ချ အောင်ပွဲ (၈၀) ပေါ်

တစ်ထောင့်သုံးရာ လေးဆယ့်ကိုး
ရေးဖွဲ့မြတ်နိုး ခေတ်ကောဇာ၊
ကဆုန်ပြိဿ ပုဏ္ဏမအခါဝယ်၊
ဂုဏ်ကြွသမ္ဘာ ရောင်ဝါထွန်း။
ရှင်စောဗုဒ္ဓ ထွတ်မြတ် သာသနာသည်
လွတ်လပ်သာယာ ပြန့်ပြူးရန်ဘို့ညွှန်း။ ။

ကမ္ဘာအေးဟု သာသနာ့ မြေဝယ်၊
ထာဝရအခြေတယ် (တည်) လ,နေဝန်း၊
မြန်မာ့ကျက်သရေ လက်ဝေခွန်းအောင်၊
တက္ကသိုလ်ကွန်း စိုက်ထူထောင်။

ထေရ်ပေါင်းများစွာ ငါးရာမကနှင့်၊
သိကြား,ဗြဟ္မာ, ဒေဝ, အုတ်မြစ်ချ ပွဲအောင်။
ပရိယတ်နှင့် ပဋိပတ်နှောင်သည်၊
သုံးထပ်အဆောင်ဆောင် ဝိဇ္ဇာလယတို့၊
ဟိတ်သမ္ဘာကြွ ဖြိုးလက်အာဘာ၊
တိုးတက် သာသနာ။

မြန်မာတစ်ဝန်း၌ သဒ္ဓါအစွမ်း သာသည်
ကမ္ဘာလွှမ်းကာ ရောင်ဝန်းဖြာလို့မ့်လေ။
အုတ်မြစ်ချပွဲ သိမ့်ဆဲညာသည်
ခြိမ့်ဝဲ သာသနာ တောက်ထွန်း ပါလိမ့်လေး။

ဆရာတော်ကြီးများ အသီး,အသီး မိမိတို့ နေရာ၌ သီတင်းသုံးတော်မူမိလျှင် အခမ်းအနား မှူးက အုတ်မြစ်ချ အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာ၍ အစီအစဉ်ကို ဖတ်ကြားပါသည်။

အစီအစဉ်အရ ဝိဇ္ဇာလယ ကျောင်းတော်များ ဖြစ်ပေါ်လာပုံ သမိုင်းနှင့် လုပ်ဆောင်ချက်များကို သက်ဆိုင်ရာ တာဝန်ခံများက ဖတ်ကြားပါသည်။ထို့နောက် ပြည်နယ်အလိုက် တိုင်းအလိုက် ပြည်နယ် နာယက တိုင်းနာယက ပြည်နယ်အကျိုးဆောင် တိုင်းအကျိုးဆောင်များ ဝိဇ္ဇာလယ ကျောင်း၏ အုတ်မြစ်များကို ချကြပါသည်။

ဤသို့ ဟောရင်း ပြောရင်း အလုပ်လုပ်ရင်း ဖြင့် အချိန်သည် ကုန်စ, ကုန်စပြုလာသည်။

နာရီလက်တံသည် ဆယ်နာရီခွဲဆီသို့ ညွှန်ပြနေပြီ၊ပင့်ဆောင်၍ ကြွရောက်တော်မူလာကြသော ဆရာတော်များ အားလုံး ဆွမ်းမဘုန်းပေးကြရသေးပါ။

အုတ်မြစ်ချ ကိစ္စကားပြီးပါပြီ။ သို့သော် မင်းကွန်း ဆရာတော်ဘုရားကြီး ဩဝါဒပေးရန် ရေစက်ချပေးရန် တာဝန် ကျန်နေသေးသည်။

ဆရာတော်ကြီးသည် နာရီကို ကြည့်တော်မူပြီး အခု အချိန်မရှိတော့ဘူး ဆရာတော်များ ဆွမ်းကပ်ရန် ကိစ္စ နီးနေပြီ ဒါကြောင့် ခတ်မြန်မြန် လုပ်ကြစို့....

ဘကြီးတော် မင်းတရားရဲ့ မိဖုရားကြီး ဒေါ်နုဟာ ညောင်ကန် ဆရာတော်ဗုဒ်ကို အလွန် ကြည်ညိုတယ်၊ ညောင်ကန် ဆရာတော် သီတင်းသုံးရန် အတွက် အင်းဝ မြို့တော်မှာ အုတ်ကျောင်းတော်ကြီး တည်ဆောက်တယ်၊ အုတ်ကျောင်းတော်ကြီး ပြီးစီးတော့ ကျောင်းတင်ပွဲတော်ကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်သတဲ့၊ ဒီကျောင်းတင်ပွဲတော်မှာ ဆရာတော်ဗုဒ်ကို တရားဟောဖို့ သံဃာတော်များက တိုက်တွန်းကြတော့ ဆရာတော်ဗုဒ်က စတဲ့ ပဋ္ဌာန်း ပစ္စယုဒ္ဒေသ ၂၄-ပစ္စည်း ရွတ်ပြီး ရပ်နေလိုက်သတဲ့၊ဒီအခါ ဆရာတော်ပိုးက-

"ဘယ်နယ် ကိုဗုဒ် ဘုရင်နှင့် မိဖုရားကြီးက အလွန် သဒ္ဓါတော်မူလို့၊ ကျောင်းကြီးမိုးပါးနီးအောင် ဆောက်ပြီး အလွန်ကြီးတဲ့ အလှူတော်ကြီး ပေးပါတယ်ဆိုမှ ဘယ်နယ် တရားတိုတိုနှင့် ဖြတ်လိုက်ရတာလဲလို့ဆိုသတဲ့၊ ဒီတော့ ဆရာတော်ဗုဒ်က ဒါဟာ တရားတိုတိုမဟုတ်ပါဘူး ရောမတရားကြီးပါဘုရား လို့ လျှောက်သတဲ့-

ဆရာတော်ပိုးက ဘယ်မှာ ရောမတရားကြီး ဟုတ်လို့တုန်း၊ ပစ္စယုဒ္ဒေသလေးကပဲလို့ ပြောတော့ ဆရာတော်ဗုဒ်က အရှင်ဘုရား ဒီတရားကို ပစ္စယုဒ္ဒေသလေးပဲလို့ မိန့်တော်မမူပါနှင့်၊ ဘုရား ဟောတော်မူတဲ့ တရားတော်တွေထဲမှာ ဒီပဋ္ဌာန်း တရားတော်ဟာ အကြီးဆုံး၊အနက်နဲဆုံး၊ အခက်ခဲဆုံး၊အသိမ်မွေ့ဆုံး၊အနှုံးညံ့ဆုံး ဖြစ်ပါတယ်။ဒါကြောင့် ဘုရင်နှင့် မိဖုရားက ရောမအလှူကြီး လှူတဲ့ အခါ အလှူနှင့်လိုက်အောင် တပည့်တော်က ရောမ တရားတော်ကြီးကို ဟောရပါတယ် ဘုရားလို့ လျှောက်ထားသတဲ့-


အေး သည်ယနေ့ ဝိဇ္ဇာလယ သုံးထပ်ကျောင်းများ အလှူဟာလဲ အင်မတန်ကြီးတဲ့ ရောမ အလှူကြီး ဖြစ်တယ်၊ ရောမ အလှူကြီး ဖြစ်တဲ့ ဝိဇ္ဇာလယ သုံးထပ်ကျောင်းများ ရေစက်ချပွဲမှာ ရောမ တရားကြီးဖြစ်တဲ့ ပစ္စယုဒ္ဒေသ တရားတော်ကြီးကို ဟော[illegible]....ဟု မိန့်တော်မူကာ-

[illegible]

[illegible]

[illegible]

လေလျှိုင်းစရိုးသည်
နှင့်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်



ပန်းချီ ကြည်သိန်း

လေလွင်းခရီးသည်။ ။ချစ်စွာသော လေလှိုင်းပရိသတ်တို့ – မန္တလေး၊ မင်းကွန်း၊ စစ်ကိုင်းနဲ့ အမရပူရ ခရီးစဉ်တွေ ပြီးခဲ့လို့ ရန်ကုန်မြေကိုတော့ ပြန်နင်းခဲ့ပါပြီ။ ရန်ကုန် ပြန်အရောက်မှာ ယခင်က စီစဉ်ထားတဲ့ အတိုင်းပဲ ဦးတင်မောင်နဲ့အတူ လိုက်သွားလို့ ရန်ကုန်၊ နယူးလင်းလမ်းရှိ တိပိဋကဓရ – နိကာယ ကျောင်းတော်ကြီးကို ရောက်ခဲ့တယ် ခင်ဗျား။ အဲဒီမှာ ဆရာကြီး ဒေါက်တာ ဦးသာလှနဲ့ ဘွဲ့ကြိုလို့ အခုလို သီခွင့် ရခဲ့တယ်ပေါ့။

ဆရာကြီး ဦးသာလှ။ ။နံပါတ်တစ် သာသနာပြုလုပ်ငန်းကြီးကတော့ တိပိဋကဓရ အရှင်မြတ်များ ပေါ်ထွန်းရေး၊ ဒါကို ဒီနေ့အထိ စီစဉ်ဆောင်ရွက်နေပါတယ်။ ၁၃၄၀-ခုကနေ ဒီနေ့ထိ ကျွန်တော်တို့ ၁၀-နှစ် ကျော်ကျော် အချိန်ကာလအတွင်းမှာ တိပိဋကဓရ(ကျွန်တော်တို့) ၂-ပုံဆောင် အရှင်မြတ်များ ၁ ပါး၊ ပေါ်ပြီးတော့ ၁ပုံ ၁ပုံခွဲအောင် ၁၁ ပါးလောက် ပေါ်ထွက်လာပါတယ်။

၁၃၄၅ – ခုနှစ် ကျတော့ ဆရာတော်ဟာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ရဲ့ တာဝန်ပေးပြီးတော့ မေတ္တာရပ်ခံချက်အရ မန္တလေးမြို့နဲ့ ရန်ကုန်မြို့မှာ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူခါနီးဖို့ တာဝန်ယူပေးပါတယ်။ ဟာဝန်ယူတဲ့အခါမှာလဲ မန္တလေးနဲ့ ရန်ကုန် ပရိယတ္တိ သာသနာ့ တက္ကသိုလ်များ ဆောက်လုပ်လှူခါနီးရေးအဖွဲ့ဥက္ကဋ္ဌ အဖြစ် ကျွန်တော် ပဲ့ ထားရှိပါတယ်။ ထားရှိပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်တော့ ဒီ သာသနာ့ တက္ကသိုလ်ကြီးတွေက နေပြီးတော့ ပြည်တွင်း ပြည်ပ သာသနာပြုနိုင်မယ့် အရှင်မြတ်များ ပေါ်ထွန်းဖို့ ဖြစ်ပါတယ်။ ဒါ ဒုတိယ သာသနာပြု လုပ်ငန်း ဖြစ်ပါတယ်။

တတိယ သာသနာပြု လုပ်ငန်းကြီးကတော့ မန္တလေးမြို့မှာ ဒီ တက္ကသိုလ် ကြီးများ မှာပဲ မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး ဖွင့်ဖို့ပါ။ ပြင်ပလူနာဌာနကော့ ဖွင့်ပြီးပါပြီ။

လေလှိုင်းခရီးသည်။ ။ဒီနောက်မှာတော့ ကမ္ဘာအေးစေတီအနီးရှိ သာသနာ့တက္ကသိုလ်ကြီးကို သွားကြတယ်လေ။ အဲဒီမှာ သာသနာ့ တက္ကသိုလ်ရဲ့ နာယကချုပ်ဖြစ်သူ သိရိပဝရ ဓမ္မာစရိယဘွဲ့ရ ဆရာတော် ဘဒ္ဒန္တ တိလောကနဲ့ တွေ့ဆုံပြီး ရန်ကုန် သာသနာ့တက္ကသိုလ်အကြောင်းကို လေ့လာခဲ့ရ ပြန်ပါဟယ်။

နာယကချုပ်။ ။ဘုန်းကြီးတို့ ဒီတက္ကသိုလ်ကို နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်လို့ ခေါ်ပါတယ်။ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်မှာ မဟာဌာန ၇ ခု ရှိပါတယ်။ မဟာဌာနကြီး ၇ ခုကတော့ ဝိနယ မဟာဌာန၊ သုတ္တန္တ မဟာဌာန၊ အဘိဓမ္မ မဟာဌာန၊ စာပေ မဟာဌာန၊ ပဋိ မဟာဌာန ရယ်လို့ ၇ ခု ရှိပါတယ်။ ဝိနည်း

၅ ကျမ်းနဲ့ စာပေမျာ်းကို သင်ကြား‌ပို့ချပေး‌ပါတယ်။ သုတ္တန္တမဟာဋ္ဌာနမှာလဲပဲ သုတ္တန်‌ပိဋကတ် တော်မျာ်းကို ပို့ချ ပေး‌ပါတယ်။ အဘိဓမ္မမဟာဋ္ဌာနမှာလဲပဲ့ အဘိဓမ္မာ ၇ ကျမ်း(ဘုန်းကြီးတို့) ပိဋကတ်တော်မျာ်းကို ပို့ချပေး‌ပါတယ်။ စာပေဋ္ဌာနမှာတော့ ပိဋကတ်ဆိုင်ရာ မြန်မာစာပေ၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေ၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေလို့ ဒီ မဟာဋ္ဌာနခွဲ သုံးခုရှိပါတယ်။ သမိုင်း မဟာဋ္ဌာနမှာ (ဦးဇင်းတို့) သာသနာ့သမိုင်း၊ ပိဋကတ်သမိုင်း၊ ကဝိကဿ သမိုင်း၊ ကမ္ဘာ့ကိုးကွယ်မှု ဘာသာကြီး သမိုင်း ရယ်လို့ သမိုင်းဘာသာရပ် ၄ မျိုး ရှိပါတယ်။

အဲဒီနောက် အဆင့်အား‌ဖြင့် ဆိုလို့ရှိရင် ဓမ္မာစရိယ အောင်မြင်‌ပြီးသော သံဃာတော်မျာ်းကို ဒီတက္ကသိုလ်ကြီးကနေပြီးတော့ အင်းထရင့် (ဝင်ခွင့်)စာမေးပွဲ ဖြေဆိုရပါတယ်။ အောင်မြင်မှသာလျှင် ဓမ္မာစရိယအောင် သံဃာတော်မျာ်းကို ရွေးချယ်သင်ကြား ပို့ချခွဲခြင်း ဖြစ်ပါတယ်။

လေလှိုင်းခရီးသည်။ ။အဲဒီလိုရွေးချယ်ရာမှာ သံဃာအရေအတွက် အကန့်အသတ် ရှိပါသလား ဘုရား။

နာယကချုပ်။ ။ဗဟုသုတ တက္ကသိုလ်ဖြစ်ခြင်းကြောင့် ဒီအရေ အတွက် **အကန့်အသတ်** ရှိပါတယ်။ (ဘုန်းကြီးတို့) လျှောက်လွှာတင်‌ပြီးတော့ ရေးဖြေအောင်တဲ့ ပုဂ္ဂိုလ် လျှောက်လွှာတင်တဲ့ဦးရေက ၁၄၀ ကျော် ရှိပါတယ်။ ရေး ဖြေအောင်မြင်တဲ့ ပုဂ္ဂိုလ်ကဘုန်းကြီးတို့ ၃၃–ဦး ရှိပါတယ်။

လေလှိုင်းခရီးသည်။ ။အရှင်ဘုရား– သံဃာတော်မျာ်းကို စာမျာ်း ပို့ချရာမှာ ဆရာတော်ဘုရားအနေနဲ့ နာယကချုပ် အနေနဲ့ ဆောင်ရွက်တဲ့နေရာမှာ အထောက်အကူပေး‌ကြတဲ့ ဆရာတော်ရဲ့ လက်ထောက် အဖြစ်နဲ့ နာယက ဆရာတော် ဘယ်နှစ်ပါး ရှိပါသလဲ ဘုရား။ အဲဒီ နာယက ဆရာတော်တွေဟာ ဘယ်ဆရာတော်ကနေ ဘာသာရပ်တွေကို တာဝန်ယူ‌ပြီး သင်‌ပြပေး‌ပါသလဲ ဘုရား။

နာယကချုပ်။ ။ဘုန်းကြီး အောက်မှာ နာယကယခုလက်ရှိ နာယက စုစုပေါင်း မဟာဋ္ဌာန ၅ ခု အနက် ဝိနယ မဟာဋ္ဌာန၊ သုတ္တန္တ မဟာဋ္ဌာန၊ အဘိဓမ္မ မဟာဋ္ဌာန၊ သုံးခု စတင်ဖွင့်ပါတယ်၊ ဝိနယ မဟာဋ္ဌာနမှာ ဘဒ္ဒန္တအဘယာလင်္ကာရ သိရိပဝရ ဓမ္မာစရိယ ပါဠိပါရဂူ ဆရာတော်ကနာယက အဖြစ် ဆောင်ရွက်ပါတယ်။ သုတ္တန္တမဟာဋ္ဌာနမှာ ဘဒ္ဒန္တ ပဏ္ဍိတ ဘိဝံသ သိရိပဝရ ဓမ္မာစရိယကနေပြီးတော့ ဆောင်ရွက်ပါတယ်။ ဒီနောက် အဘိဓမ္မ မဟာဋ္ဌာနမှာ ဘဒ္ဒန္တ တိလောကာဘိဝံသ သိရိပဝရ ဓမ္မာစရိယ သက္ကသီဟ ဓမ္မာစရိယ ဆရာတော်က နာယကအဖြစ် ဆောင်ရွက်ပါတယ်။

လေလှိုင်းခရီးသည်။ ။သာသနာ့တက္ကသိုလ်မှာ အစမှ အဆုံး(တက်ယင်) ဘယ်လိုဘွဲ့ထူးမျိုး ပေး‌ပါသလဲ အရှင်ဘုရား။

နာယကချုပ်။ ။ဒီတက္ကသိုလ်မှာ ၅ နှစ် တက်ရောက်ခွင့်ရှိပါတယ်၊ ဒီ ၅ နှစ်အတွင်းမှာ ပထမ ၃ နှစ်၊ ဒုတိယ ၂ နှစ်က ရေးဖြေစာမေးပွဲကို ဖြေရပါမယ်၊ အဲဒီပြီးလို့ စာမေးပွဲအောင်လို့ရှိယင် သုံးနှစ်မြောက်မှာ ဒီသင်တန်းသမား တစ်ယောက်ဟာ ကျမ်းစာကို ရွေးချယ်၍ စာတမ်းတင်ရပါမယ်၊ ထိုစာတမ်းတင်လို့ရှိယင် စာတမ်းကို အဖွဲ့က ရွေးချယ်‌ပြီးတော့ သတ်မှတ်ထား‌တဲ့ အချိန်မှာမဟာဓမ္မစရိယဘွဲ့ကိုရရှိမှာဖြစ်ပါတယ်။

လေလှိုင်းခရီးသည်။ ။စာခစာက တပည့်တော်‌ကြား‌လိုက်ရတဲ့ အထဲမှာဆိုယင် **ဒီသာသနာ့**တက္ကသိုလ်မှာ အင်္ဂလိပ်စာပေသင်ကြား‌ကြောင်း‌လဲ သိလို‌က်ရပါတယ်။ အဲဒီတော့ ဆရာတော်တို့ သာသနာ့တက္ကသိုလ်မှာ အင်္ဂလိပ်စာကို ဘယ်ပုံဘယ်နည်း သင်ကြား‌နေသလဲ ဆိုတာကိုလဲ ရှင်း‌ပြပါဦးဘုရား။

နာယကချုပ်။ ။အင်္ဂလိပ်စာ မဟာဋ္ဌာန အနေနဲ့ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေမျာ်းသာ ဖြစ်ပါတယ်။ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေမျာ်းဖြစ်လို့ သက္ကတဆိုင်ရာ အင်္ဂလိပ်ဘာသာနဲ့ ကစ်ဆက်ထဲမှာ သက္ကတဘာသာရေး စာပေမျာ်း အင်္ဂလိပ်ဘာသာနဲ့ ရေး‌ထား‌တဲ့ ပိဋကတ်ဆိုင်ရာ စာပေမျာ်း‌ကိုသာ သင်ကြား‌ခြင်း ဖြစ်ပါတယ်။

လေလှိုင်းခရီးသည်။ ။အခု နား‌ဆင်ခဲ့ရတာကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ နာယကချုပ်ဖြစ်သူ သိရိပဝရဓမ္မာစရိယဘွဲ့ရ ဆရာ‌ဟော် ဘဒ္ဒန္တတိလောကနဲ့ တွေ့ဆုံမေး‌မြန်း‌ခန်း‌ပဲ ဖြစ်ပါတယ် ခင်ဗျား။

အဲဒီနောက်မှာ‌ဝေး့ သာသနာ့ တက္ကသိုလ်ဝင်း‌ထဲမှာရှိကဲ့ အဆောက်အဦးတစ်ခုထဲ သွား‌ကြည့်‌ကြပါ

ဟယ်၊ အဲဒီထဲမှာဆိုယင် နောင်အနာဂတ်မှာ ပြည့်ပြည့်စုံစုံ ဖြစ်ထွန်းလာမယ့် သာသနာ့ တက္ကသိုလ်ကြီးရဲ့ အဆောက်အဦး မှန်သမျှကို မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် မြော်ပြီးတော့ တွေးကြည့်နိုင်ကြရအောင် ပုံစံငယ်လေးတွေ ပြုလုပ်ဖန်တီးပြီးတော့ စားပွဲခုံရှည်ကြီး တစ်ခုပေါ်မှာ တင်ပြထားတာ ဖြစ်ပါတယ်။ အဲဒီအကြောင်းတွေကို မိတ်ဆွေဟောင်းဖြစ်သူ ဦးသန်းထံမှာ စူးစမ်းကြည့်တဲ့အခါမှာတော့–

အခုကျွန်တော် ရှေ့မှာ တွေ့ရတာ ကတော့ ဒီသာသနာ့တက္ကသိုလ်ရဲ့ ပုံစံငယ်ပေါ့နော်။

ဦးသန်း။ ။ဟုတ်ကဲ့ခင်ဗျာ၊ ဒီပုံစံငယ်ထဲမှာ ကျွန်တော်တို့ ညာဘက်ကပေါ့လေ သာသနာ့တက္ကသိုလ်ပုံစံငယ်ရဲ့ ညာဘက်မှာဆိုယင် ကမ္ဘာအေးစေတီ ရှိတယ်၊ အလွန်မှာပေါ့လေ။ ရှေ့တည့်တည့် အလွန်မှာဆိုယင် လိုက်ဂူတော်ကြီး (ဟို) သံဃနာယက အဆောင်တွေရှိတယ်၊ အဆောင်တွေက ကျွန်တော်တို့ ဇမ္ဗုဒီပကျောင်းရယ်၊ ပုဗ္ဗဝိဒေဟကျောင်းရယ်၊ ဆွမ်းစားကျောင်းရယ်၊ နောက်ပြီးတော့ ဆေးရုံရယ်၊ ဟိုဘက်က ဥတ္တရကုရု၊ အပရဂေါယာန၊ ဟိုဘက်ကလိုက်ဂူ လိုက်ဂူဟိုဘက်ကဆိုယင် ကျွန်မတော်တို့ ပိဋ္ဌကတ်တိုက်ပါ၊ ဒီလိုရှိတယ်၊ အဲဒီဥစ္စာကတော့ သံဃာယနာတင်တုန်းက သာသနာ ၂၅၀၀ တုန်းက သံဃနာယကတွေ ပေးထားတဲ့ အမည်တွေပါခင်ဗျာ။

လေလှိုင်းခရီးသည်။ ။ ဟုတ်ကဲ့ ကျွန်တော် ရှေ့တည့်တည့်မှာ ရှိတာကတော့ သံဃာတော်များသီတင်းသုံး နေထိုင်ဖို့ ဆောက်ဖို့ ရည်ရွယ်ထားတဲ့ ကျောင်းဆောင်တွေပေါ့နော်။

ဦးသန်း။ ။ဟုတ်ကဲ့–ကျောင်းဆောင်တွေပါ၊ ဒီကျောင်းဆောင်တွေ ဆိုလို့ရှိယင် ကေပါင်းဘယ်လောက်ရှိသလဲ ဆိုယင် ၄၂-ကေ ရှိပါတယ်၊ ၄၂-ကေ ရှိတာက တိုင်း ၇-တိုင်း၊ ပြည်နယ် ၇-ခု ပါဝင်ပါတယ်။ ပါဝင်လာတော့ ဒီအထဲမှာ ဟားလုံး ၁၄-ခုပါ။ တိုင်း ၇-တိုင်း၊ ပြည်နယ် ၇-ခု ဆိုတော့ အားလုံး ၁၄-ခုရှိပါတယ်ခင်ဗျား ၁၄-ခု ရှိတော့ ဒီအထဲမှာ ၄၂-ကေထဲမှာ အမှန်မှာ ဆိုလို့ရှိယင်(ကျွန်တော်တို့) ကမ္ဘာအေးဘုရားကို ကယ်ပြီးတာ (ကျွန်တော်တို့) ဘက်ဂကျင်း လုပ်ပြီးတာ ကမ္ဘာအေးဘုရားထီအောင် သာသနာ့ တက္ကသိုလ် လုပ်မှာ ပါ ဆိုပြီးတော့ လျှောက်ထားရပါတယ်။ ဆောက်မယ့် ဥစ္စာက ဆွမ်းစားဆောင်ရယ်၊ ဆွမ်းပြင်ရယ်၊ ဆွမ်းချက်ရယ်၊ ဓမ္မသာလာရယ်၊ ဘဏ္ဍာဂါရိကရယ်၊ အဲဒါ ကမ္ဘာအေးဘုရားက သမဝါယမ တန်ဆောင်းနောက်မှာ ကပ်ပြီးတော့ ရှိပါတယ် ခင်ဗျ။

လေလှိုင်းခရီးသည်။ ။အခု ဒီဘက်မှာ ရှိတဲ့ သာသနာ့ တက္ကသိုလ် အဲဒီ အဆောင်တွေအကြောင်းနည်းနည်း အာရုံစိုက်ကြရအောင်နော်။

ဦးသန်း။ ။အခု ပြထားတဲ့ ပုံစံငယ်အတိုင်းဆိုယင် အဲဒီ အဆောင် နာမည်တွေက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ရောဝတီဆိုတဲ့ ပြည်နယ်နဲ့တိုင်း ၁၄ ခု အမည်များ ဖြစ်ပါတယ်။

လေလှိုင်းခရီးသည်။ ။နောက်ဆုံးမတော့ လိုက်လံပို့ဆောင်သူ ဦးလေး ဦးတင်မောင်ကိုပဲ တိပိဋ္ဌက-နိကာယ အဖွဲ့အကြောင်း၊ ရန်ကုန်နဲ့ မန္တလေး သာသနာ့တက္ကသိုလ် အကြောင်းများကို လေလှိုင်းခရီးသည်ကနေ မေးမြန်းပြီး ခုတစ်ဆင့် တင်ဆက်လိုက်ရတာ ဖြစ်ပါတယ် ခင်ဗျား။

တိပိဋ္ဌက-နိကာယ အဖွဲ့မှ ဦးတင်မောင်က ဘာတာဝန်ယူပါသလဲ ခင်ဗျား။

ဦးတင်မောင်။ ။ဘက္ကာရေးမှူး တာဝန်ပါ။

လေလှိုင်းခရီးသည်။ ။ဘက္ကာရေးမှူး တာဝန် ယူတယ်ဆိုတော့ ဘက္ကာရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ဦးတင်မောင်ကိုပဲ မေးရတော့မှာပေါ့နော်။

ဦးတင်မောင်။ ။ကျွန်တော်တို့အဖွဲ့မှာ တိပိဋ္ဌက-နိကာယ အဖွဲ့ ဘက္ကာရေးက သပ်သပ်၊ ဆောက်လုပ်ရေးကသပ်သပ်၊ အဲဒါကတော့ ကျွန်တော်နဲ့ မဆိုင်ဘူး။ အဲဒါကတော့ ဘက္ကာရေးမှူး ဦးအောင်သန်း ဆိုတဲ့ လူကဆောက်လုပ်ရေးနဲ့ ပတ်သက်ပဲ ဒေါက်တာကိုင်ပါတယ်။

လေလှိုင်းခရီးသည်။ ။သံဃာတော်များကို ပစ္စည်းလေးပါး ကိုင်တွယ် ပတ်သက်လို့ ဦးတင်မောင် ကတော့ နှံ့ချယ်လို့ သိရပါတယ်။

ဦးတင်မောင်။ ။ကယား ကချင် အဲဒီလို တာဝန်ပေးချက်ရယ်၊ ဦးဇင်းသံဃာတော်များ နာယကအဖွဲ့ အစည်းတွေရဲ့ တာဝန်

ပေးချက်-အဲဒီသံယ်ာတော်တွေရဲ့ ဆွမ်း ကွမ်း ပစ္စည်းလေးပါး ထောက်ပံ့ရေး အဖွဲ့အတွက် ဒုတိယဥက္ကဋ္ဌက တာဝန်ယူရပါတယ်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ဂဟကသိုလ်က စာချစာသင် ဆရာတော်များကို အနီးကပ်ပြုစုဖို့အတွက် ဥပဋ္ဌာကအဖွဲ့ ဖွဲ့ရမယ်ဆိုလို့ ဥပဋ္ဌာကအဖွဲ့ ဖွဲ့ပါတယ်။ အဲဒီဥပဋ္ဌာကအဖွဲ့မှာ ဆရာဝန်ကြီးဦးသာလှက ဥက္ကဋ္ဌ၊ ကျွန်တော်က ဒုတိယဥက္ကဋ္ဌ။ ဒုတိယဥက္ကဋ္ဌအတွက် သံယ်ာတော်များကို အနီးကပ် ပြုစုရေး တာဝန်ယူရပါတယ်။ ပထမဆွမ်း၊ နောက်ပြီးတော့ ၁-နှစ်ကို သုံးကြိမ်—ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း၊ တပေါင်းလမှာ ဆုန္နင်းသင်္ကန်းအစုံ၊ ၁-နှစ်ကို သုံးကြိမ် လှူပါ့မယ်ဆိုပြီးတော့ အခု သင်္ကန်းရယ် ဆွမ်းရယ် ကတိပြုထားပါတယ်။

လေလှိုင်းခရီးသည်။ ။အဆောက်အဦးတွေနဲ့ ပတ်သက်လို့ ဦးတင်မောင်နဲ့ သိသင့်သိထိုက်တာတွေကို ပြန်ဆွေးနွေးချင်ပါတယ်။ အခု အဆောက်အဦးအခုဘယ်လောက်ဆောက်ဖို့ စိမ်ကိန်းရှိတယ်၊ အဲဒီလိုရှိတဲ့ စိမ်ကိန်းထဲကနေ ခုလောလောဆယ် အဆောက်အဦး ဘယ်နှစ်ခု ဆောက်လုပ်နေသလဲ၊ ယင်း အဆောက်အဦးတွေကို ဘယ်အစီအစဉ်နဲ့ ဆောက်လုပ်နေသလဲ ဆိုတာကို ဦးတင်မောင်အနေနဲ့ ရှင်းပြပါ။

ဦးတင်မောင်။ ။အခုလုပ်နေတာ အဓိက နာယကချုပ် ဆရာတော်ကျောင်းဆောင်၊ နာယကများသီဟဠိုင်းသုံးဆောင်၊ အဲဒါက လုပ်ဆောင်ဆဲ၊ ဟိုဘက်က လုပ်ဆောင်နေတာက စာသင်ဆောင်ဖြစ်တယ်၊ အဲဒီတော့ သီတင်းသုံးဆောင်က နာယကများ သီတင်းသုံးဆောင် ၂ ဆောင်၊ နောက် စာသင်သံယာတော်များ သီတင်းသုံးဆောင် ၂ ဆောင်၊ နောက်စာသင်ဖို့ ကျောင်းဆောင်က ၁ ဆောင် = ပေါင်း ၅ ဆောင်၊ ဒီနှစ်ထဲမှာပြီး ရပါမယ်။

လေလှိုင်းခရီးသည်။ ။သာသနာ့တက္ကသိုလ်အဆောက်အဦးတွေ တည်ဆောက်ဖို့ အလှူခံထားတဲ့ ငွေအရေအတွက် ဘယ်လောက်ရှိသွားပြီလဲ။

ဦးတင်မောင်။ ။မန္တလေးမြို့က သိန်းသုံးဆယ်ကျော်သွားပါပြီ၊ ရန်ကုန်က သိန်းနှစ်ဆယ် ကျော်လောက်ပဲ ရှိသေးတယ်၊ ဒါပေမယ့် အခု ခန့်မှန်းခြေအားဖြင့် မကြာမီအတွင်း မန္တလေးကို ရန်ကုန်က မှီလိမ့်မယ်လို့ ယူဆရပါတယ်၊ ဒါပေမယ့် မန္တလေးကလဲ ဆရာတော်ဘုရားကို လှူပါတယ်၊ ရန်ကုန်က အလှူရှင်တွေကလဲ ဆရာတော်ဘုရားကို လှူပါတယ်။

လေလှိုင်းခရီးသည်။ ။မန္တလေးမှာပဲ သာသနာ့တက္ကသိုလ် တည်ဆောက်နေတယ်လို့ ပြောသွားတော့ စောစောက ဦးတင်မောင် ရှင်းသွားတာက ရန်ကုန်သာသနာ့တက္ကသိုလ် အဆောက်အဦးတွေ ဘယ်လိုတည်ဆောက်လျက် ရှိတယ်ဆိုတာ အသေးစိတ်ပြောသွားတာ ကြားရပါတယ်၊ မန္တလေးနဲ့ ပတ်သက်လို့တော့ သာသနာ့ တက္ကသိုလ် အဆောက်အဦးတွေ တည်ဆောက်နေတာ ဘယ်လိုအခြေအနေမျိုး ရောက်နေပါပြီလဲ၊ အဲဒီမှာကော သာသနာ့တက္ကသိုလ် စတင်ဖွင့်နိုင်ပြီလား။

ဦးတင်မောင်။ ။မန္တလေးက သာသနာ့တက္ကသိုလ် ဆောက်တာဟာ ပထမဆုံးဆောက်တာ၊ ရန်ကုန်ထက် ၂ နှစ်စောပြီး ဆောက်တာ၊ မန္တလေး သာသနာ့တက္ကသိုလ်ဆောက်ရတာက ၁၃-ခုနှစ်၊ မန္တလေးမှာ သိမ်ပြီးသွားပြီ၊ ဆရာတော်များ သီတင်းသုံးဖို့ ကျောင်းဆောင် ၂ ဆောင် ပြီးပါပြီ။ စာသင်သား သီတင်းသုံးဖို့ ကျောင်းဆောင်ကလဲ ၂ ဆောင် ပြီးသွားပြီ၊ စာသင်ဌာနက ၂ ဆောင် ပြီးသွားပြီ၊ ဆွမ်းစားကျောင်းကြီးကလဲ ပြီးသွားပြီ၊ အဲဒီမှာ နာရီစင်ကြီးကလဲ ပြီးသွားပြီ။

လေလှိုင်းခရီးသည်။ ။ဘယ်တက္ကသိုလ်က စ,တင်ဖွင့်လှစ်ပါလဲ။

ဦးတင်မောင်။ ။မန္တလေး တက္ကသိုလ်က ရန်ကုန်တက္ကသိုလ်ထက် တစ်လနောက်ကျပြီးမှ ဖွင့်ရပါဘယ်။


လေလှိုင်းခရီးသည်။ ။အဲဒီက သင်တန်းတက်တဲ့ သံယာဘယ်နှစ်ပါးရှိသလဲ။

ဦးတင်မောင်။ ။အဲဒီမှာ သင်တန်းတက်ဘဲ့ သံယာ့ ၃၄ ပါးရှိတယ်၊ ဒီထက် ၂ ပါးပိုတယ်။

လေလှိုင်းခရီးသည်။ ။အခု ကြားခဲ့ရတာကတော့ တိပိဋကတ = နိကာယ သာသနာပြုအဖွဲ့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဦးတင်မောင်ကနေ ပြောပြသွားခြင်း ဖြစ်ပါတယ်။

ဒီတွင်ပဲ လေလှိုင်းခရီးကတ္တာကို နိဂုံးချုပ်ပါရစေခင်ဗျား။

လေလှိုင်းခရီးသည်



သာသနာအရှည်ခံ တည်တံ့ခိုင်ရေး

ကိုရင်စစ်

ဒုတိယအုံးနှစ်ဇူလိုင်

သီဟိုဠ်ကျွန်းဥ၌ ပြာဟမ္မဏ်တိဿ စက္ကာလသူဧိုး ဘေးကြီး ၁၂-နှစ်ကြာ ဆိုးသွမ်းမှု ငြိမ်းအေး ပြီးနောက်၊ ကလ္လရွာ ဇနပုဒ် မက္ကာလာရာမ ကျောင်းတိုက်၌ သံဃာ့ပရိသတ် အစည်းဝေး ကြီးတွင် အောက်ဖော်ပြပါ ပြဿနာနှစ်ရပ်ကို အခြေအာ့တင် ဆွေးနွေး ညှိနှိုင်းပွဲတစ်ခု ဖြစ်ပေါ် ခဲ့ဖူးပေသည်။

"ပရိယတ္တိ နှံ့ ခေါ် သာသနာ့ မူလံ၊
ဥဒါဟု ပဋိပတ္တိ"

သင်အံပို့ချမှုသည် သာသနာအရှည် တည်တံ့ခြင်း၏ မူလအခြေခံအကြောင်း တရားလား၊ အကျင့်ပဋိပတ်သည် မူလအခြေခံအကြောင်း တရားလား ဟူ၍ဖြစ်ပါသည်။

ပံ့သုကူဓုတင်ဆောင် အရှင်မြတ်များ သည် အကျင့်ပဋိပတ်သာ ပဓာနဖြစ်ကြောင်း အခိုင် အမာ ပြောလျက်၊ ဓမ္မကထိက အရှင်မြတ်များ ကမူ သင်အံပို့ချမှု ပရိယတ်သည်သာ မူလပဓာန ဖြစ်ကြောင်း ရဲတင်းစွာ အဆိုပြုကြလေသည်၊

သို့ရာတွင် အကျိုးအကြောင်း အကိုးသာဓက ကင်းသော စကားဖျင်းသည် ပညာရှိများကို မနှစ်သက်စေနိုင်ရကား အကိုး သာဓကများနှင့် ထုတ်ဆောင်ပြကြရန် နှစ်ဘက်သဘောတူညီမှု ရရှိခဲ့လေသည်။

ပံသုကူဓုတင်ဆောင် အရှင်မြတ်များ သည် အရိယတုဏှီဘာဝဖြင့် ငြိမ်သက်နေကြသော ပရိသတ်အား အကိုးများကို ရှောက်ထားကြသည်။

"သုဘဒ်၊ ဤရဟန်းတို့ ကောင်းစွာ (ကျင့်ကျင့်ကြံကြံ) နေထိုင်ကြမည် ဆိုလျှင် ရဟန္တာတို့ဖြင့် မဆိတ်သုဉ်းသော လောကကြီး ဖြစ်ရာ၏" (ဒီ၊ ၂၊ ၁၂၅) ဟု လည်းကောင်း။

"မင်းမြတ်၊ ငါ့ဘုရား သာသနာသည် ပဋိပတ်သာ မူလပဓာန၊ ပဋိပတ်သာ အနှစ်ဖြစ်၍၊ ပဋိပတ်ကျင့်ဆောင်ထားသဖြင့် သာသနာ တည်နိုင်၏" ဟု လည်းကောင်း အကောင်းဆုံး စာပိုဒ်ကို ဆွဲထုတ်၍ တင်ပြကြလေသည်။

ဤသို့ထိထိမိမိကြိုး လျှောက်ထားလိုက်ရသည့် အတွက် ဝင့်သော မြင့်သော မျက်နှာအနေအထား ဖြင့် မနေကြစေကာမူ အားရလျက် ကျေနပ်လျက် ရှိနေကြသည်။

မူတင်ဆောင် အရှင်မြတ်များ စကားအဆုတ် တင်ပြီး နှုတ်ဆက်လိုက်သည်နှင့် တစ်ပြိုင်နက် ခမ္မကထိက အရှင်မြတ်တို့သည် ဦး ညွှတ် လျက် လက်အုပ်ချီပြီး ပြန်လည်ချေပ စကားလှမျာဖြင့် ဖြည်းညင်းစွာ လျှောက်ထားကြသည်မှာ–

"သုတ်၊ အဘိဓမ္မာ၊ ဝိနည်းထွန်းပနေသေး သမျှ နေတက်သည့်ပမာ လောကဋ္ဌ အလင်းရောင် တွေ မြင်နေကြရ၏၊ သုတ် အဘိဓမ္မာ ဝိနည်း မဆောင်ရွက်နိုင်ကြ၍ ကွယ်ပသွားကြပြီဆိုလျှင် နေဝင်သလိုပဲ လောကကြီ'မှာ အမိုက်တိုက်ကြီး ဖြစ်လိမ့်မည်၊ သင်အံပို,ချ ကောင်းစွာ ဆောင် ရွက်ထားသည့် သုတ် အဘိဓမ္မာ ဝိနည်း ထင် ရှားရှိနေသော် ပဋိပတ်ကို ကောင်းစွာ စောင့် ထားသည်မည်၍၊ ထို အကျင့်ဋ္ဌ ရပ်တည်သော ပညာရှိသည့် နိဗ္ဗာန်ကို ကေန်ရမည်" ဟု ချေ ပရာ။

ထိုအခါ မူတင်ဆောင် အရှင်မြတ်များ နှလုံး သားတွင် ကျင့်မှုထက် သင်မှုက ပမာန ကျနေ ကြောင်း ကောင်းကောင်းကြီး သဘောပေါက် သွားကြပါသည်။ မှန်ကန်တည့်မတ်သော စကား မှန်များကို ပြန်လည်ချေပခွင့် လမ်းမမြင်ဘဲ နှုတ် ဆက်လျက် ငြိမ်သက် ကျေနပ်နေကြပါသည်။ ဓမ္မ ကထိက အရှင်မြတ်များ၏ ထိုပိသည့်စကားသည် သာ အရာဝင်လျက် သူတော်စင်များ၏ စိတ် ဓာတ်ကို မြှင့်စေပါသည်။

ဆုံးခြင်းချက်ချုပ်

ဤအခန်းအဆက်တွင် ဒေါက်တာ ညိုမိုးဝင်းကြီးက အောက်ပါမှတ်တမ်းတင်ပြခြင်း နှစ်ရပ်နှင့် တကွ ထပ်တည်ပြဆုံးဖြတ်ခြင်း တစ်ရပ်ကို ထုတ်ပြန်ခဲ့ ကြပါသည်။

(၁) နွားလား အရာအထောင်အတွင်း အနွယ်ကို စောင့်နိုင်သော နွားမတစ်ကောင်မျှ မရှိခဲ့လျှင် အနွယ်ပြတ်သွားနိုင်သလို၊ ဝိပဿနာ အလုပ် အားထုတ် နေကြသော ရဟန်းအရာ အထောင် ရှိစေကာမူ၊ သင်အံပို,ချမှု မရှိခဲ့သော် မဂ်ကို ထိုးထွင်းသိမှုမည်သည် မရှိနိုင်ဟူသော အချက်နှင့်–

(၂) မြေဦးမြေပဲထားသော ရွှေအိုးများကို သီနိုင်ဖို့ရာ ကျောက်ထက်အက္ခရာ တင်ထားသော မှတ်တမ်းများ ဆောင်ထားနိုင်သမျှ ရွှေအိုးများ ပျောက်ဆုံးသွားမှု မဖြစ်နိုင်သလို၊ သင်အံပို,ချမှု ပရိယတ် ဆောင်ထားနိုင်သော် သာသနာ ကွယ် ပျောက်မသွားနိုင် ဟူသော အချက်နှစ်ရပ်ကို မှတ်တမ်းတင်ခဲ့ကြပါသည်။

သာသနာအရှည် တည်တံ့ နိုင်ဖို့ရာအတွက် ပရိယတ်သည်သာ မူလပဓာန ဖြစ်သည်ဟု တညီ တညွတ်တည်း ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။

၁၂–နှစ် ကျော်တိုင်တိုင် စက္ကာလ သူခိုးဘေး ကြီးထက္ကြ၍ တိုင်းပြည် ပတ်မွတ်နေကြစဉ် သစ်ဥ သစ်ဖု သစ်မြစ် သစ်ရွက်တို့ကို ခြိုးခြိုးခြံခြံ ရှာကြံ မှီဝဲရင်း သစ်ဥ သစ်ဖုတို့ မရနိုင်သည့်နောက်ဆုံး ရေစို သဲပုံကလေးများအပေါ် ဝမ်းလျားမှောက် ခေါင်းချင်းဆိုင်၍ ပရိယတ်ကို အသက်ပေး ဆောင်လာကြသော အရှင်မြတ်များ၊ စတုတ္ထ သံဂါယနာ မတောင်မီ အနှစ် ၄၅၀ ကျော် အဆက် ဆက် နှုတ်တက်အာဂုံဆောင်လာကြသော အရှင် မြတ်များ၏ကျွန် "ပရိယတ်သည်သာ ပဓာန" ဟုဆုံး ဖြတ် အတည်ပြုသွားသည်ကို လေးစားတော်မူလှ သော တိပိဋကဓရ မဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ဘုရား ကြီးသည် ကိုယ်တိုင်ကျင့်သုံး ပရိယတ်ကို သိပ်တန်း ဆောင် ပုဂ္ဂိုလ်မြတ်ကျော်အများစု ရဲရဲကြီး ရင်တည် လျက် ပိပိန် မြန်မာ [illegible]

ကျောင်းတိုက်ကြီး တည်ထောင်ပြီး ပရိယတ်ဝန်ဆောင် ပုဂ္ဂိုလ်ကျော်များကို မွေးထုတ်လျက် ရှိပါသည်။

မိုးမိတ်ကုန်းမြေမှ ဝိဇ္ဇာ နိကာယဆောင်များ

ထို ပုဂ္ဂိုလ်ကျော်များ အတွက် "လေးထွေ ပစ္စည်း" ပြည့် စုံ အောင် ပြုစု စောင့် ရှောက် ရန် "တိပိဋကာ=နိကာယသာသနာပြုအဖွဲ့" ဖွဲ့စည်းစေ ပြီး ထိုအဖွဲ့ကြီး၏ပြုစုမှု အေး ရိပ် အောက် တွင် ကြောင့်ကြမဲ့ သီတင်းသုံးလျက် သာသနာ၏ အခြေခံမူလ ပဓာနပရိယတ် အလုပ်များကို ပဓာန ကြိုးစား စေတော်မူပါသည်။

ထိုမိုးမိတ်ကုန်းမြေတွင် ခိုဝင်လျက် နေထိုင် ကြသော ပုဂ္ဂိုလ်ကျော်များလည်း တစ်နှစ်ထက် တစ်နှစ် တိုးတက်လျက်ရှိပါသည်။ အောင်မြင်မှု ပန်းရနံ့ များလည်း မိုးမိတ်မြေမှသည် မြန်မာပြည် အနှံ့ပျံ့ဝေ သင်းကြူလျက် ရှိပါသည်။

ဤကဲ့သို့တစ်နှစ်ထက်တစ်နှစ်ပရိယတ်ဝန်ဆောင် အရှင်မြတ်များ တိုးတက်စည်ကား အောင်မြင်မှု များ ကြီးမားလာနိုင်ရန်မှာလည်း ထိုအရှင်မြတ် များ အပေါ်၌၊

"ချစ်သားစုန္ဒ၊ နိကာယ်ငါးစုံ သုံးပုံပိဋကတ် ပရိယတ်ကို တတ်ကျွမ်းသော ထို ရဟန်း တော် သည် သင်ချစ်သားတို့၏ တပည့်သာဝက မဟုတ်၊ ဤရဟန်းသည် သင် ချစ် သား တို့ ၏ ဘုရားပင် တည်း" ဟု ကိုယ်တော်မြတ်အရာ၌ ထား၍ ချီး မြှောက်တော်မူသည်ကို အာရုံပြုပြီး လေးစား မြတ်နိုးမှု ရှိရပါမည်။

ဤသို့တပည့် ဒကာ ဒကာမများ ရှိသေလေး စားမှု ရှိလာသည်နှင့် တစ်ပြိုင်နက် ပစ္စည်းလေး ပါး လှူရမည်ဟု အောက်မေ့လာပါမည်။ လှူ ဒါန်းလာသော် "ငါ့သား ရဟန်း တော်များ ပစ္စည်းလေးပါးဖြင့်မပင်ပန်းဘဲ ချမ်းချမ်းသာသာ စာပေသင်ယူပို့ချမှုကို ပြုလျက် သာသနာ ငါး ထောင် တည်ရစ်ပါလိမ့်မည်" ဟု ဗုဒ္ဓမျော်မှန်းခဲ့ သည့်အတိုင်း တိပိဋကာ=နိကာယ သာသနာပြု အဖွဲ့ကြီးသည် ပြည်သူတို့၏ သဒ္ဓါအား ကို အသုံး ပြု၍ လှူဒါန်းလျက် ရှိပါသည်။

သာသနာစောင့်မည့် အရှင်မြတ် များလည်း ငြိမ်းချမ်းစွာ သီတင်းသုံးလျက် ဝတ်တရား များ မချွတ်ယွင်းစေဘဲ စာအံ စာပြန် စာဆွေးနွေး သံတို့ဖြင့် "သာသနာ ငါးထောင် ထမ်းဆောင် နေ့တိုင်း ကြိုးနှယ်ဆိုင်းလျက်" ရှိကြပါသည်။ သာသနာအရှည်ခံ့ တည်တံ့နိုင်ရေးအတွက် ဆရာ–ဒကာနှစ်ဖြာလက်တွဲ အားကုန်ကဲ့လျက်ရှိပါသည်။

ဤတွင် စာရေးသူသည် သုတ်တော်တစ်ခုကို သတိ ရလာပါသည်–

ကောသလတိုင်း တစ်ခုသော တောအုပ်၌ သီတင်းသုံးသော စာသင်သား ရဟန်းတစ်ပါး သည် ဆရာသမား၌ ပြုရမည့် နိဗန္ဓဝတ်များ ပြုစုပြီး ပါဠိုစာပေများ သင်ယူ၍ နေဝင်သည် တိုင်အောင် စာအံ စာပြန်သရဇ္ဈာယ်မှုကို ပြုသည်။ တစ်ဖန် ဆရာအား ပြုသင့်သော ဝတ်များပြုပြီး၊ ညဉ့်ဦး ပထမယာမ်၌လည်း စာပြန်မှုကို ပြုပြန် သည်။ မတ္တိမယာမ်၌ကိုယ်ပင်ပန်းမှု အနားပေး ခဏလေး ကျိန်းစက်သည်။ တစ်ဖန်လင်းအားကြီး ပစ္ဆိမယာမ်မှ အရုဏ်တက်သည် တိုင်အောင် စာ ပြန်စဉ် မိမိ၏ ရှေးရှေးချုပ်ပြီးသော စာပြန်သံ သဒ္ဒရုပ်ကို အာရုံပြု၍ အပျက်သဘောဖြင့် နှလုံး သွင်း ဆင်ခြင်သုံးသပ်သည်။ ထိုစိတ္တဇသဒ္ဒရုပ်မှ ကြွင်းသော အမှိုရုပ် အမှိုခံ ရုပ်နာမ်နှင့် ရုပ်ခန္ဓာ ငါးပါး၌ ဝိပဿနာပွားရာ ရဟန္တာ အဖြစ်သို့ ရောက်သွားပါသည်။ (သံ၊ ဋ္ဌ၊ ၁၊ ၂၇၀)

ဤမိုးမိတ်ကုန်းမြေ ဝိဝေကဌာနေတွင် ကြောင့် ကြမဲ့ သီတင်းသုံး၍ စာအံ စာပြန်မှုကိုပြုကြသော အရှင်မြတ်များကိုလည်း စာပြန်ရင်း စိတ္တဇသဒ္ဒ ရုပ်၏ ခယဓမ္မကိုရှုပွားကာ အာသဝေါကင်းတော် မူသော ထိုအရှင်မြတ်ကဲ့သို့ မဖြစ်နိုင် မပေါ်ပေါက် နိုင်ဟု မည်သူဆိုရဲပါမည်နည်း။

ကောင်းစွာ ရွက်ဆောင်ထားသည့် ပိဋကတ် သုံးဖြာ ထင်ရှားရှိနေသော် ပဋိပတ်ကို ကောင်း စွာ ဆောင်ထားသည်ဖြစ်၍၊ ထိုပဋိပတ်၌ ရပ် တည်သော ပညာရှိ(စာသင်သား)သည် နိဗ္ဗာန်ကို ကောန်ရရမည် မဟုတ်ပါလော။

ကိုရင်စစ်

ပိဋ္ဌကတ် သုံးပုံအောင် အရှင်မြတ် ငါးပါး

နွှစ်လေးဆယ်မှာ ငါးပါးသာ

ပြည်ထောင်စု မြန်မာနိုင်ငံတွင် အဆင့်အမြင့်ဆုံးဖြစ်သော တိပိဋ္ဌကဓရ ရွှေးချယ်ပွဲကြီးကို နိုင်ငံတော်အစိုးရ၏အကူအညီဖြင့်လည်းကောင်း၊ ပြည်သူလူထု၏ အကူအညီဖြင့် လည်းကောင်း ၁၃၁၀-ခုနှစ်မှ စ၍ ကျင်းပလာခဲ့သည်၊ ၁၃၁၀-ခုမှ ၁၃၅၀ အထိ အနှစ် ၄၀ အတွင်း တိပိဋ္ဌက ဓရဘွဲ့ရ အာဇာနည် အရှင်မြတ်ငါးပါးမျှသာ ထွက်ပေါ်ပါသေးသည်။

ယင်းသို့ ခဲယဉ်းစွာ ထွက်ပေါ်ရခြင်းမှာ ပြန်ဆို ဖြေကြား လေ့လာ ကြည့်ရှုရသော ကျမ်းစာများ၏ ကျယ်ဝန်းမှားပြားခြင်း၊ ခက်ခဲ နက်နဲခြင်း ကြောင့် ဖြစ်ပါသည်၊ တိပိဋ္ဌကဓရဘွဲ့ ရရှိနိုင်ရန်-

ဓိနည်း ငါးကျမ်း ပါဠို၊ စာမျက်နှာ ၂၂၆၀

သုတ်သုံးကျမ်းပါဠို၊ စာမျက်နှာ ၇၀၂

အဘိဓမ္မာခုနစ်ကျမ်း ပါဠို၊ စာမျက်နှာ ၄၉၄၁

စုစုပေါင်း စာမျက်နှာ ၇၉၀၁ ကို ပြန်ဆိုရပါသည်။ အာဂုံပြန်ပြီးနောက်-

ပါဠိတော် စာအုပ် ၂၀၊ စာမျက်နှာ ၇၉၀၁

အဋ္ဌကထာ စာအုပ် ၁၀၊ စာမျက်နှာ ၃၀၁၃

ဋီကာ စာအုပ် ၁၄၊ စာမျက်နှာ ၆၁၂၁

စုစုပေါင်း စာမျက်နှာ ၁၇၉၁၄ မျက်နှာတွင် ပါရှိသော အနက်အဓိပ္ပာယ်များကို သဘောရေးပြေ ဖြေ ဖြစ် ပြေဆိုနိုင်စွမ်းရှိရပါသည်။ ယင်းသို့ ခက်ခဲမှုကြောင့် အနှစ် ၄၀ အတွင်း ၅ ပါးမျှသာ ပေါ်ထွက်ရခြင်း ဖြစ်ပါသည်။

အနှစ် ၄၀ တွင် ခဲယဉ်းစွာ ၅ ပါးမျှသာ ပေါ်ပေါက်ခဲ့သော သာသနာ့အာဇာနည် အရှင်မြတ်ငါးပါးတို့၏ အကြောင်းကို ၎င်းတို့၏ သြဝါဒများနှင့်အတူ အကျဉ်းချုပ် မှတ်သားနိုင်ရန် ဗဟုသုတအဖြစ် ဖော်ပြလိုက်ပါသည်။

ဒုနမင်းနှင့် ဘဒ္ဒန္တ ဝိစိတ္တ

ဦးဦးဖျားဖျား တိပိဋ္ဌကဓရဘွဲ့ကို ရရှိတော်မူသော ဆရာတော် ဒုံးဝိစိတ္တသာရာဘိဝံသ၏ ဖွားရာဇာတိမှာ မန္တလေးတိုင်း မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျည်းပင်ရွာ ဇာတိ ဖြစ်ပါသည်၊ အဖ ဦးကျော်ရွှေ၊ အမိ ဒေါ်သင်တို့မှ ၁၂၇၃-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁-ရက် (၁-၁၁-၁၉၁၁) ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်၊ ၁၂၉၂-ခုနှစ်တွင် ရဟန်းဘောင်သို့ ရောက်ရှိတော်မူပါသည်။

မြန်မာသက္ကရာဇ် ၁၃၁၅-ခုနှစ် ဒုတိယ မြောက် တိပိဋ္ဌကဓရ ရွှေးချယ်ပွဲတွင် တိပိဋ္ဌကဓရ စာမေးပွဲကို မင်းကွန်း ဓမ္မနာဒတိုက်မှ ဝင်ရောက် ဖြေဆို အောင်မြင်တော်မူပါသည်၊ သီကျော်၁၂၂-ဝါအရွတွင် တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ကို ဆက်ကပ်ခံရပါသည်။ တိပိဋ္ဌကဓရဘွဲ့ကို ပထမဆုံး ရရှိတော်မူသောကြောင့် ဘဒ္ဒန္တဝိစိတ္တ သာရ အရှင်သူမြတ်အား ရဲရင့်သော အလင်းရောင်ကိုပေးသည့် ကမ္ဘာဦးဖျား ထွက်ပေါ်သော နေမင်းကြီးနှင့် ဥပမာ ပေးသင့်ပါသည်။

လမင်းနှင့် တူသော ဘဒ္ဒန္တဇနိန္ဒာဘိဝံသ

ဒုတိယမြောက် တိပိဋ္ဌကဓရဘွဲ့ကို အလှူခံရရှိတော်မူသော အရှင်နေမိန္ဒ၏ ဖွားရာဇာတိမှာ မကွေးတိုင်း ပခုက္ကူခရိုင်မြို့နယ် ဘင်းဂန်ရွာ ဇာတိ ဖြစ်ပါသည်၊ အဖဦးဖိုးတစ်၊ အမိ ဒေါ်ထွား တုတ်တို့မှ ၁၂၈၃-ခုနှစ် ပြာသိုလဆုတ်ကျော် ဂ ရက် (၁၄-၁၂-၁၉၂၁) စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်၊ ၁၃၀၃-ခုနှစ်တွင် ရဟန်းဘဝသို့ ရောက်ရှိပြီး ရဟန်း၀ါ ၁၃-၀ါအရွတွင် တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ရရှိတော်မူပါသည်။

မြန်မာသက္ကရာဇ် ၁၃၂၁-ခုနှစ် ၁၂ ကြိမ်မြောက် တိပိဋ္ဌကဓရ ရွှေးချယ်ပွဲတွင် တိပိဋ္ဌကဓရ စာမေးကို ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးမှ ဝင်ရောက်ဖြေဆို အောင်မြင်တော်မူပါသည်၊ တိပိဋ္ဌကဓရဘွဲ့ကို ဒုတိယမြောက် ရရှိသောကြောင့် ဘဒ္ဒန္တနေမိန္ဒ အရှင်သူမြတ်အား အေားမြကြည်လင်သော အလင်းရောင်ကို ပေးသည့် လမင်းနှင့် တူသည်ဟု ဥပမာ တင်စားအပ်ပါသည်။

ရွှေရတနာနှင့် တူသော ဘဒ္ဒန္တ ကောဿလ္လ

တတိယမြောက် တိပိဋကဓရတွေ့ကို အလှူခံ ရရှိတော်မူသော အရှင်ကောဿလ္လ၏ ဖွားရာဇာတိမှာ ပဲခူးတိုင်း ပြည်မြို့ ဝက်ထီးကန် တိုက် နယ် ဝါးရုံဆိပ်ရွာ ဇာတိ ဖြစ်ပါသည်၊ အဖဦးဖိုးရင် အမိ ဒေါ်စိန်တို့မှ ၁၂၀၉-ခုနှစ် တော်သလင်း လဆန်း ၁၀-ရက် (၅-၉-၂၇) တနင်းလာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်၊ ၁၃၀၈-ခုနှစ်တွင် ရဟန်းဘဝသို့ ရောက်ရှိခဲ့ပြီး ရဟန်း၀ါ ၁၆ ဝါအရွတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ကို ရရှိတော်မူပါသည်။

မြန်မာသက္ကရာဇ် ၁၃၂၅-ခုနှစ် ၁၆-ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲကို ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက်မှ ဝင်ရောက်ဖြေဆို အောင်မြင်ပါသည်၊ တိပိဋကဓရတွဲ့ကို တတိယမြောက်ရရှိတော်မူသော အရှင်သူမြတ်အား အဖိုးတန်သော ရွှေရတနာနှင့် တူသည်ဟု ဥပမာ ဆိုသင့်ပါသည်။

မြရတနာနှင့် တူသော ဘဒ္ဒန္တ သုမင်္ဂလ

စတုတ္ထမြောက် တိပိဋကဓရတွဲ့ ကိုအလှူခံ ရရှိတော်မူသော အရှင်သုမင်္ဂလ၏ ဖွားရာဇာတိမှာ စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် အင်ကြင်းပင်ရွာ ဇာတိဖြစ်ပါသည်၊ ခမည်းတော် ဦးအောင်မယ်တော် ဒေါ်ခင်ကြည်တို့မှ ၁၃၀၈-ခုနှစ် ကဆုန်လဆန်း ၁၀ ရက် (၁၀-၅-၄၆) သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်၊ ၁၃၂၁-ခုနှစ်တွင် ရဟန်းဘဝသို့ ရောက်၍ တိပိဋကဓရ စာမေးပွဲကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်မှ ဝင်ရောက်ဖြေဆို အောင်မြင်ပါသည်။ တိပိဋကဓရတွဲ့ ရရှိချိန်၌ ရဟန်း၀ါ-၇ ဝါမျှသာရှိသေးပါသည်။

မြန်မာသက္ကရာဇ် ၁၃၃၅-ခုနှစ် ၂၆ ကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ပွဲတွင် ဖြေဆို အောင်မြင်သောကြောင့် စတုတ္ထမြောက် တိပိဋကဓရတွဲ့ ရအရှင်မြတ် ဖြစ်လာပါသည်၊ ထို့ကြောင့် အရှင်သူမြတ်အား ရွှေရတနာနှင့် လိုက်ဖက်သော မြရတနာနှင့် တူသည်ဟု ဥပမာပြုသင့်ပါသည်။

စိန်ရတနာနှင့် တူသော ဘဒ္ဒန္တ သိရိန္ဒ

ပဉ္စမမြောက် တိပိဋကဓရတွဲ့ကို အလှူခံ ရရှိတော်မူသော အရှင် သိရိန္ဒ၏ ဖွားရာဇာတိမှာ မကွေးတိုင်း ဂန့်ဂေါမြို့နယ် လက်ပံရွာ ဇာတိဖြစ်ပါသည်၊ ခမည်းတော်ဦးရဲနိုင်၊ မယ်တော် ဒေါ်တုတ်ခိုင်တို့မှ ၁၃၁၄-ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် (၂၆-၃-၁၉၄၃) သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်၊ ၁၃၂၄-ခုနှစ်တွင် ရဟန်းဘဝသို့ ရောက်ရှိပြီး ရဟန်း၀ါ ၂၂ ဝါအရွတွင် တိပိဋကဓရတွဲ့ကို ရရှိတော်မူပါသည်။

မြန်မာသက္ကရာဇ် ၁၃၄၆-ခုနှစ်တွင် တိပိဋကဓရ စာမေးပွဲကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်မှ ဝင်ရောက်ဖြေဆို အောင်မြင်တော်မူပါသည်၊ ထို့ကြောင့် အရှင်သူမြတ်အား အဖိုးတန် စိန်ရတနာနှင့် တူသည်ဟု ဥပမာ ဆိုသင့်ပါသည်။

တိပိဋကဓရ သာသနာ့ အာဇာနည် အရှင်မြတ် ၅ ပါး၏ ဘွဲ့တော်နှင့် အောင်မြင်သည့် ခုနှစ်များကို အလွယ်တကူ မှတ်သားနိုင်ရန် အောက်ပါ ဆောင်ပုဒ် ကဗျာများကို ဖော်ပြလိုက်ပါသည်။

ဆောင်ပုဒ် ကဗျာများ

၁။ အောင်စည် အောင်မောင်း၊
အာတိတ်ကောင်း၊
သိကြောင်းပထမ၊ ပိဋကတ်၊
နေနှင့်မုံ ခိုင်းကြ၊

၂။ အောင်စည်ကျော်အေး၊ အာတိတ်ပေး၊
သိရေးဒုတိယ၊ နေမိန္ဒ၊ လနှင့် မုံခိုင်းကြ၊

၃။ အောင်စည်ကျော်မွေး၊ အာတိတ်ပေး၊
သိရေးတတိယ၊ ကောဿလ္လ၊
ရွှေနှင့် မုံခိုင်းကြ၊

၄။ အောင်စည်ညိုမြိုင်၊ အာတိတ်ကိုင်၊
သိနိုင် စတုတ္ထ၊ သုမင်္ဂလ၊ မြနှင့် မုံခိုင်းကြ၊

၅။ အောင်စည်ရွှမ်းသော်၊ အာတိတ်ပေါ်၊
သိနော် ပဉ္စမ၊ သိရိန္ဒ၊ စိန်နှင့်မုံခိုင်းကြ၊

မဘဒ္ဒ-သာစည်

တိပိဋကာ = နိကာယသာသနာပြုအစွဲ

တတိယ သုံးနှစ်ခရီး

၅ တွဲထွက်လွှာ

ပရိယတ်တကွဆိုလိ
ကတော်များ

စာတွဲဆုံကဏ္ဍ

မာတိကာ

၁။	စန္ဒန (ဘားအံ) စိုးရိမ်ဖွယ်မရှိပါ။	၂၃၁
၂။	သီရိဓလာ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် အကြောင်း သိကောင်း စရာ	၂၃၈
၃။	နတ်မောက်အရှင်သုစိတ္တာသာလ	နေလအသွင်တည်ဆောက် ၂၅၁
၄။	ဒေါ်ရီကြိန်	အထူးခြားဆုံး သာသနာပြုပုဂ္ဂိုလ် ကျော် ၂၅၄
၅။	ပါရဂူ	နိုင်ငံတော် ဗရိယတ္တိ သာသနာ့ တက္ကသိုလ် ၂၅၉
၆။	ကိုဝင်းမောင်	ဗုဒ္ဓ၏ ခြေရာတော်များ ၂၆၅
၇။	အရှင်ကေသရ	တာဝတိံသာမှာကြီးမားသော ဘုံ ဝိမာန ၂၆၉
၈။	အရှင်မာနိတသီရိ	တွေ့ခဲ့လှုသည့် သာသနာ ၂၇၃
၉။	မန်းခေတ် ဦးလှရွှေ	ဝိသုဂါမသိမ် အကြောင်း ၂၇၉
၁၀။	ဦးရဲလွင်	အကြံပေးချက် ၂၈၉
၁၁။		စိန်ရတု ဝိဇာတ မင်္ဂလာ ၂၉၃
၁၂။	ဦးချမ်းသာ	စိန်ရတု ဝိဇာတ မင်္ဂလာရတု ပိုဒ်စုံ ၂၉၉
၁၃။	မြတ်ဆုဝေ	စည်းကမ်းရှိမှုအဓွန့်ရှည်မည် ၃၀၁
၁၄။	အရှင် ပဏ္ဍိတာ ဘိဝံသ	စိတ်ချရပြီဖြစ်၍ ၃၁၁

ဝန်း
ဘာကြောင့်
စိုးရိမ်ပူပန်ရပါသလဲ

ရန်ကုန်မြို့ ကမ္ဘာ့အားကုန်းမြေ၌ ကရင်ပြည်နယ် ဝိဇ္ဇာလယ သုံးထပ်တိုက် ကျောင်းဆောင်ကြီး ဆောက်လုပ်နေသည်ကို တွေ့မြင်ခဲ့ရသူများက နယ်တွင် ပြန်၍ အားပါးတရ ဖောက်သည် ချကြပါသည်။

ခမ်းမြောက်ဝမ်းသာ ပြောဆိုနေကြသော ထိုစကားများထဲတွင် ကရင်ပြည်နယ် ဝိဇ္ဇာလယ ကျောင်းဆောင်ကြီးသို့ ၁ နှစ်လျှင် ကရင်ပြည်နယ်မှ မမွာစရိယ အောင် ရဟန်းပျိုများ ဘယ် နှစ်ပါး ပို့နိုင်စွမ်း ရှိပါမည်နည်းဟူသော စိုးရိမ် ချက်လည်း ပါလေသည်။

အမှန်ဆိုရသော် ကရင် ပြည်နယ်မှ ရဟန်းတော်များသည် ပရိယတ္တိအရာ၌ အားနည်းခဲ့ကြသည်၊ ပါဠိပိဋကတ်တော်ကို စည်းကမ်းတကျ သင်ကြား ကြရသည်မှာ မနှစ်လေးမှ ဆင်းလာသော ဝဇီရာရာမ ဆရာတော်တို့ လက်ထက်ရောက်မှ ဖြစ်ပါသည်။ နှစ်ပေါင်း ၁၀၀ မျှသာ ရှိပါသေးသည်။ ထို့အလျင်ကမူ နိပါတ်တော်လာ ဇာတ်ဝတ္ထုများဖြင့် လုံးလယ်လိုက် နေကြသည်။

ပရိယတ္တိနှင့် ပတ်သက်၍ ကရင်စာပေသမိုင်းတွင် အစောဆုံးတွေ့ရသော ပေစာနှင့် ခရစ်နှစ် ၁၈၅၁ ခုနှစ်ရေး ပေဖြစ်သည်။ ဘုန်းတော်ကြီး ဦးဒီပ (ဦးယောင်း)က ဇွဲကပင်အထက် ရေတံခွန်ကျောင်း၌ ပြုစုသော သိဒ္ဓတ္ထမင်းသား တောထွက်ခန်း ပေ ဖြစ်သည်။

ကရင်ပြည်နယ် ရွှေဟောင်းစာပေနှင့် ယဉ်ကျေးမှုဖော်ထုတ်ရေး ကော်မတီက ပြုစုထားသော ပေရေး=ကရင်စာ, စာရင်းတွင် ခရစ်နှစ် ၁၈၅၁ မှ ၁၈၈၁ ခုနှစ်အထိ၊ နှစ်ပေါင်း ၃၀ အတွင်း မှတ်တမ်းတင်ထားနိုင်သည့် ပေအဆူ ၁၈ ဆူ စလုံးသည်၊ ဇာတ်ဝတ္ထုများ၊ ပုံပြင်များ၊ ဆုံးမစာများနှင့် အဘိဓမ္မာကောက်နှုတ်ချက် အချို့သာဖြစ်သည်၊ ပါဠိပိဋကတ် တော်များ၊ အဋ္ဌကထာများ၊ သဒ္ဒါကျမ်းများ ဟူ၍ကား ပေ ၁ ဆူမျှပင် မတွေ့ပါဟုဆိုလေသည်။

ထို အထောက်အထားများအရ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က ယနေ့ ကရင်ပြည်နယ်ဟုခေါ်သော သံလွင်မြစ် အရှေ့ဘက် တခိုင်၌ ကရင်ရဟန်းတော်များသည် နိပါတ်တော်လာ ဇာတ်ဝတ္ထုများကိုသာ ကျောင်းများတွင် သင်ကြား ပို့ချနိုင်ခဲ့ကြ၍ ပိဋကတ်တော်ကိုမူ ပို့ချနိုင်ခြင်းမရှိသေးဟု ယူဆနိုင်ပါသည်။ သုံးတေသီအချို့က, ကရင်တို့သည် နိပါတ်တော်လာ ဇာတ် ၅၂၀ နှင့် အကျွမ်းမဝင်မီ၊ အလွန်ရှေးကျသော ကာလကတည်းက ဇင်းမယ်ပဏ္ဏာသလာ ဇာတ် ၅၀ နှင့်ရင်းနှီးပြီးသား ဖြစ်သည်ဟု ဆိုလေသည်။

ရွှေဟောင်း စာပေနှင့် ယဉ်ကျေးမှု ကော်မတီ၏ စာရင်းအရသော် ကရင်ပြည်နယ်အတွင်း နှစ်ပေါင်း ၁၀၀ အထက် သက်တမ်းရှိသည့် ဘုန်းတော်ကြီး ကျောင်းများ၏ စာရင်းကို ပြုစုကြရာ၌ ထို ကျောင်း ဟောင်းကြီးများကို တည်ထောင်သူးသ ဘုန်းတော်ကြီး အားလုံးမှာ ဇင်းမယ် ယွန်းဂိုဏ်းမှ ရှမ်းယွန်း ဘုန်းတော်ကြီးများဖြစ်သည်ကို တွေ့ရသည်ဟု ဆိုသည်။ ထို တွေ့ရှိချက်အရ ဇင်းမယ်ပဏ္ဏာသသည်ထိုကိုယ်တော်ကြီးများနှင့်အတူ ပါလာခြင်းဖြစ်မည်ဟုယူဆကြသည်။

သို့ဆိုငြားသော်လည်း သံလွင်အရှေ့ဘက်ခြမ်း၌ နေသူများသည် အလွန်ရှေးကျသော ကာလကတည်းက ဇင်းမယ်နှင့် ဥဒဟို ကူးလူဆက်ဆံမှုရှိခဲ့သဖြင့် ဇင်းမယ်ပဏ္ဏာသသည် ထိုကိုယ်တော်ကြီးများ ကြွမလာမီကပင် ကရင်တို့ထံရောက်နှင့်ပြီး ဖြစ်သည်ဟု သုတေသီများက ယူဆကြသေးသည်။ ၎င်းတို့က ဇင်းမယ် ပဏ္ဏာသလာ 'သုဓနူ ဇာတ်'သည် ယနေ့ ကရင်၊ ကရင်နီ (ကယား) တို့၏ ကိုယ်ပိုင်တကယ့်ဖြစ်ရပ် ရာဇဝင် သမိုင်းကြီး အဖြစ် တည်ရှိနေသည်ကို တွေ့ရသည်။ ထိုသို့ ဖြစ်နိုင်ရန်မှာ နှစ်ပရိစ္ဆေဒ အလွန်ကြာညောင်းမှ ဖြစ်နိုင်ပေမည်။ နှစ်ပေါင်း ထောင်နှင့်ချီ၍ ကြာနိုင်သည်။ ထို့အပြင် ကရင်တို့၏ ရိုးရာပုံပြင်

ဖြစ်နေသော 'ချယ်မကိုကာ' ပုံပြင်မှာလည်း ဇင်းမယ်ပဏ္ဏာသလာ 'သတ္ထဓနုဇာတ်'ပင် ဖြစ်သည်၊ ကရင်ရာဇဝင်မှ 'အဓူလာမင်းကြီး' မှာလည်း ပဏ္ဏာသလာ 'တုလကဇာတ်'မှ 'တုလက' မင်းသားကို 'အဓူလာ'မင်းကြီးဟု အမည် ပြောင်းထားခြင်းသာ ဖြစ်သည်။ သို့ဖြင့် ဇင်းမယ် ပဏ္ဏာသ၏ သြဇာ အရိုန်အဝါ သက်ရောက်မှုသည် ကရင်တို့၏ နှလုံးသားအတွင်း၌ စိမ့်ဝင်နေခဲ့ရာ၊ ဇင်းမယ် ပဏ္ဏာသကဲ့သို့ပင် ဒါနမှု၊ သီလမှု၊ ခန္တီမှုတို့ဖြင့် မြွမ်းနေသည့် ဒုပါတ်တော်ဇာတ် ၅၅၀ ရောက်လာသောအခါ ကရင်အမျိုးသားများသည် ဝမ်းမြောက်ဝမ်းသာ လက်ခံကြမည်မှာ မလွဲဟု ကောက်ချက် ချကြလေသည်။

ရှေးကရင် ဘာသာရေး ဗဟုပေမူများ

ဤနေရာ၌ ခရစ် ၁၀၅၁-မှ ၁၀၀၁ အထိ၊ နှစ်ပေါင်း ၃၀ အတွင်း ကရင် ရဟန်းတော်များ ပြုစုသောပေ ၁၀-ဆူကို နှစ်အလိုက်စာရင်းချ၍ ဖော်ပြသင့်သည်ဟု ထင်ပါသည်။ သို့မှ ထိုအချိန်က ကရင်ကို့ ဒေသ၏ ပရိယတ္တိ သာသနာတော် အတိမ်အနက်နှင့် တစ်ဆင့်ထက်တစ်ဆင့် မည်သို့ကြီးစားအားထုတ်လာကြသည်ကို မြင်နိုင်ပါမည်။

၁၀၅၁-ခုနှစ်။ ဇွဲကပင် အထက် ရေတံခွန်ကျောင်း ဘုန်းကြီး ဦးဒီပ(ဦးယောင်း)က သိမ္ဗဟ္ထ မင်းသား တောထွက်ခန်းကို မွန်ဘာသာမှ ကရင်လိုပြန်သည်။ တဂုံပနော်ကျောင်း ဘုန်းတော်ကြီး ဦးသီဟ (နဲဒုံး)က အချောကိုင်သည်၊ က-ဂါး၊ ၃-အင်္ဂါ၊ ၇-ကြောင်းရေး ပေပြု။

၁၀၅၉-ခုနှစ်၊ ငါးပါးသီလ ဖောက်ဖျက်သူတို့ ကျရောက်မည့် အပြစ်များကို ပြဆိုသည့်ကျမ်း၊ ဦးယောင်းက မွန်ဘာသာမှ ပြန်ဆိုသည်၊ က-ကား၊ ၁ အင်္ဂါ၊ ၇ ကြောင်းရေး ပေပြု။

၁၀၆၆-ခုနှစ်၊ ဥပသကာတို့၏ ကျောင်းတွင်း ကျောင်းပြင် ကျင့်ဝတ်၊ ဆရာပိုင်းပါကိုယ်တိုင် ရေးကျမ်း၊ က-ငဲ၊ ၄ အင်္ဂါ၊ ၁၀ ရွက်၊ ၇ ကြောင်းရေး ပေပြု။

၁၀၆၇-ခုနှစ်။ ဇင်းမယ်ပဏ္ဏာသလာအရိန္ဒမ ဝတ္ထု၊ ဦးယောင်းက မွန်ဘာသာမှ ပြန်ဆိုသည်။ အရိန္ဒမ မင်းကြီး၏ ဒါနပါရမီကို ကူညီရန် သိကြားမင်းသည် ပုဏ္ဏားအိုအဆွင် ဆောင်၍ ရွှေစင် ၁၀၀၀ ကို မင်းကြီးထံမှ အလှူခံသည်။ မင်းကြီးနှင့် မိဖုရားတို့သည် ဗာဟိရက ဝတ္ထု ပစ္စည်းများကို လှူဒါန်းရုံဖြင့် မရောင့်ရဲနိုင်ဘဲ၊ မိမိတို့ ကိုယ်ကို သေဋ္ဌေး ၂ ဦးထံတွင် ကျွန်အဖြစ် ရောင်းချပြီး ဒါနပါရမီကို ဖြည့်ခဲ့ကြသည်။ မင်းကြီး၏ ဒါနပါရမီ ပြီးမြောက်သည့်အခါ သိကြားမင်းသည်၊ ကိုယ်ထင်ပြ၍ အရိုမန္ဒန မင်းကြီးနှင့် မိဖုရာကြီးတို့အား မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ တိုင်းပြည်နိုင်ငံကို ပြန်လည်ဆက်သလေသည်။ က-ခံ၊ ၂ အင်္ဂါ၊ ၁၀ ရွက်၊ ၇ ကြောင်းရေး ပေဖြူ။

၁၀၇၀-ခုနှစ်၊ မဟာနိပါတ်တော် ဇာတ်စဉ် ၅၃၈ တေမိဇာတ်၊ မွန်ဘာသာမှ အထက်ရေကံခွန်ကျောင်းတွင် ဦးစန္ဒဝါရက ကရင်လိုပြန်သည်။ က-ခံ၊ ၁ အင်္ဂါ၊ ၁၁ ရွက်၊ ၇ ကြောင်းရေးပေဖြူ။

၁၀၇၀-ခုနှစ်၊ မဟာနိပါတ်တော် ဇာတ်စဉ်၊ ၅၃၉-မဟာဇနက ဇာတ်၊ တရုတ်လှကျောင်း ဘုန်းတော်ကြီး ဦးညာဏ (နဲစံပွား)က မြန်မာဘာသာမှ ကရင်လိုပြန်သည်၊ ဂ--ဂူ၊ ၃ အင်္ဂါ၊ ၆ ရွက်၊ ၇ ကြောင်းရေး ပေဖြူ။

၁၀၇၀ -- ခုနှစ်၊ ရှင်ပြု ရဟန်းခံခြင်း၏ အကျိုးကျေးဇူး။ မွန်ဘာသာမှ နဲဒုံးက ပြန်ဆိုသည်၊ က-ခ၊ ၁ အင်္ဂါ၊ ၁ ရွက်၊ ၇ ကြောင်းရေး ပေဖြူ။

၁၀၇၁-ခုနှစ်၊ ရာမာယဏဝတ္ထု၊ မွန်ဘာသာမှ ပြန်သည်၊ ပြန်သူအမည် ရေးမထား၊ က-ဂ၊ ၂ အင်္ဂါ၊ ၇ ရွက်၊ ၇ ကြောင်းရေး ပေဖြူ။

၁၀၇၂-ခုနှစ်၊ ဦးရှင်ကြီးဝတ္ထု၊ တော်ပုံရှာသား ကိုရင်ရွှေပန်းသာက မွန်ဘာသာမှ ပြန်သည်၊ က-ခ၁၊ ၁ အင်္ဂါ၊ ၇ ရွက်၊ ၇ ကြောင်း ပေဖြူ။

၁၀၇၃-ခုနှစ်၊ မဟာနိပါတ်တော် ဇာတ်စဉ်၊ ၅၄၀၊ သုဝဏ္ဏသာမဇာတ်၊ အထက် ရေတံခွန်

ကျောင်း ဦးစန္ဒဝါရက မွန်ဘာသာမှ ပြန်သည်၊ က–ကား၊ ၁ အင်္ဂါ၊ ၆ ကြောင်းရေး ပေဖြူ။

၁၈၇၆–ခုနှစ်၊ ကမ္ဘာ လိပ်မကြီး ပုံပြင်၊ ဦးယောင်းရေးသည်။ က-ခု၊ ၁ အင်္ဂါ၊ ၅ ရွက်၊ ၇ ကြောင်းရေး ပေဖြူ။

၁၈၇၇–ခုနှစ်၊ ကာဠဒါယိ မထေရ် မြတ်စွာဘုရားပင့်ခန်း၊ အိမ်ထဲရွာ လေသာကျောင်း ဦးစိန္ဓာဂဝိ မြန်မာဘာသာမှ ပြန်သည်၊ က–ဝံ။ ၄ အင်္ဂါ၊ ၁၁ ရွက်၊ ၇ ကြောင်းရေး ပေဖြူ။

၁၈၇၈–ခုနှစ်၊ ခုဒ္ဒကနိကာယ်ဆဲ့ကိုးကျမ်းမှ လာသော ပါဠိဇာတ်၊ ကောဒသက နိပါတ် ဇာတ်တော်စဉ် ၄၇၅၅၊ မာတုပေါသကဇာတ်၊ မြန်မာဘာသာမှ ဦးစိန္ဓာဂဝိ ကရင်လိုပြန်သည်။ က–ဃော၊ ၃ အင်္ဂါ၊ ၉ ရွက်၊ ၇ ကြောင်းရေး ပေဖြူ။

၁၈၇၉–ခုနှစ်။ ပါရမီတရား၊ မွန်ဘာသာမှ ဦးစန္ဒဝါရ ပြန်သည်။ က–ငဲ၊ ၄ အင်္ဂါ၊ ၈ ရွက်၊ ၇ ကြောင်းရေး ပေဖြူ။

၁၈၇၉–ခုနှစ် ရာဟုလာအမွေတောင်းခန်း၊ မြန်မာဘာသာမှ ဦးစိန္ဓာဂဝိ ပြန်ဆိုသည်။ က-ဇု၊ ၇ အင်္ဂါ၊ ၇ ရွက်၊ ၇ ကြောင်းရေး ပေဖြူ။

၁၈၈၀–ခုနှစ်။ ဆိုလာဝန်မိကျောင်း ပုံပြင်၊ မွန်ဘာသာမှ ဦးစန္ဒဝါရ ပြန်သည်။ က-ငေါ၊ ၄ အင်္ဂါ၊ ၉ ရွက်၊ ၇ ကြောင်းရေး ပေဖြူ။

၁၈၈၀–ခုနှစ်။ နန္ဒကုမာဝတ္ထု၊ မွန်ဘာသာမှ ဦးစန္ဒဝါရ ပြန်သည်။ နန္ဒကုမာနှင့် ဇနီးလေးဦးတို့သည် သိက္ခယျဘုရားထံ ဝတ္ထုပစ္စည်းများ လှူ၍ တမလွန်ဘဝတွင် ပြန်လည်ပေါင်းရပြီး ပါရမီဖြည့်ဘက်များ ဖြစ်ရပါစေသားဟု၊ အသီးသီး ဆုပန်ကြသည်။ သက်တမ်းအတိုင်း နေ၍ ခန္ဓာစဲကြလေသောအခါ ဇနီးသည် လေးဦးတို့သည် နန္ဒကိန္နရီ ရေကန်ကြီးအနီးတွင် နေသော သစ်ခွပန်း ကြာပန်းတို့တွင် သန္ဓေတည်၍ မွေးဖွားလာကြပြီး နတ်တို့ ဖန်ဆင်းပေးသော ဘုံဗိမာန်၌ ချမ်းသာစွာ နေထိုင်ကြရလေသည်။ နန္ဒကုမာမင်းသားလည်း သေလွန်ပြီးသော် ဗာရာဏသီပြည် ဂြဟဒတ် မင်းကြီးထံ၌ နန္ဒအမတ်ကြီးအဖြစ် ထင်ရှား ကျော်စောလေသည်။ အတိတ်ဘဝက သိက္ခယျဘုရားထံတွင် ပြုခဲ့သော ကုသိုလ်ကောင်းမှုကြောင့်၊ နန္ဒအမတ်ကြီးသည် ဇနီးလောင်းလေးဦးနှင့် ပြန်လည် ပေါင်းသင်းရပြီး ဗာရာဏသီ၏ ထီးနန်းကိုပါ ရရှိလာ၏။ က-ဝံ၊ ၄ အင်္ဂါ၊ ၁၁ ရွက်၊ ၇ ကြောင်းရေး ပေဖြူ။

၁၈၈၁–ခုနှစ်။ အဘိဓမ္မာသရုပ်ပြ၊ အဝိဇ္ဇာဖုံးလွှမ်းနေ၍ ကာမဂုဏ် အာရုံနောက်သို့ လိုက်ပါနေသော စိတ်တည်း ဟူသော သားငယ်ကြောင့် မိခင်ရုပ်သည် ပဋိသန္ဓေနေခြင်း ဆင်းရဲ၊ အိုခြင်း ဆင်းရဲ၊ နာခြင်း ဆင်းရဲ သေခြင်း ဆင်းရဲတို့ကို အဖန်တလဲလဲ ခံရသည်။ ရုပ်တရားနှင့် နာမ်တရားတို့အစဉ်တွဲနေကြသဖြင့် နာမ်မလိမ္မာ၍ ရုပ်ဆင်းရဲရသည်။ နာမ်လိမ္မာမှသာလျှင် မိခင်ရုပ်သည် သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်မည်။ မွန်ဘာသာမှ ဦးစိန္ဓာဂဝိပြန်သည်၊ က-ဆော်၊ ၆ အင်္ဂါ၊ ၁၀ ရွက်၊ ၇ ကြောင်းရေး ပေဖြူ ဖြစ်သည်။

ခက်ခဲစွာ ဘာသာ ပြန်ဆိုရပုံ

ဤသည်ကို ကြည့်လျှင် ခရစ် ၁၈၄၁–မှ ၁၈၈၁–အထိ နှစ်ပေါင်း ၃၀-အတွင်း ကရင်တို့ကိုယ်ပိုင် ရေးနိုင်သော ပေမှာ ၂ ဆူသာရှိသည်။ ဥပသကာတို့ကျင့်ဝတ်နှင့် ကမ္ဘာလိပ်မကြီးပုံပြင် ၁ ပုဒ် ဖြစ်သည်။ ထိုကဲ့သို့ စာပေအခြေအနေတွင် ဖော်ပြပါ မွန်ဘာသာမှ ၁၂-ကျမ်းနှင့် မြန်မာဘာသာမှ ကျမ်း ၅ ကျမ်းကို ကရင်ဘာသာသို့ ပြန်နိုင်လာသည်မှာ အလွန်ကြိုးစားခဲ့ကြခြင်းပင် ဖြစ်ပါသည်။

ကရင်တို့ထံ နိပါတ်တော်များ မရောက်ခင် ဇင်းမယ် ပဏ္ဏာသက ဦးစွာ ရောက်နှင့်နေကြောင်း ဆိုခဲ့ပါသည်။ မူရင်း ဇင်းမယ် ပဏ္ဏာသ သည် ရှမ်းယွန်း အက္ခရာရေး ပါဠိဘာသာဖြစ်ရာ ယွန်း အက္ခရာ ပါဠိတော်သူ ကရင်တို့တွင် ထိုအချိန်က ရှိပါသလားဟု မေးစရာ ဖြစ်လာသည်။ ကရင်တို့နှင့် မြေကြောရေကြော တစ်ဆက်တည်း ဖြစ်သော ဇင်းမယ်နယ်တွင် ယွန်းဘုန်းတော်ကြီးများသည်

ပဏ္ဏာသလာ ဇာတ် ၅၀ ကို ယွန်းဘာသာဖြင့် သူတို့၏ ဒကာများအား ဟောပေမည်။ ထိုမှ ကရင်တို့က မိမိတို့ ဘာသာစကားဖြင့် ဖလှယ်ယူကြခြင်း ဖြစ်ပါသည်။

စာပေအနေနှင့်မူ ယွန်း အက္ခရာရေး ပါဠိ ဘာသာ ဇင်းမယ်ပဏ္ဏာသကို မြန်မာ အက္ခရာရေး ပါဠိဘာသာ ဇင်းမယ်ပဏ္ဏာသ အဖြစ်သို့ ရောက်အောင် မည်သည့် ခေတ်တွင် မည်သည့်ပညာရှင်က ဖလှယ်၍ ပေထက် အက္ခရာတင်ခဲ့မှန်း မသိရသေးပါ၊ အစောဆုံး တွေ့ရသော ပုံနှိပ်မူမှာ ၁၉၁၁-ခုနှစ် ဖြစ်၍ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက် ရန်ကုန် ရိုက်ဖြစ်ပါသည်။

စကား အလျှင်းသင့်၍ ဆက်ဆိုချင်သေး သည်မှာ ဇင်းမယ်ပဏ္ဏာသသည် ခရစ် ၁၁ ရာစုနှစ်က ပုဂံသို့ ရောက်ရှိနေကြောင်း တွေ့ရပါသည်။ ထီးလှိုင်ရှင် ကျန်စစ်မင်းကြီး ကောင်းမှုဖြစ်သော မြင်းကပါ အပယ်ရတနာ လှိုဏ်ဂူဘုရား နံရံဆေးရေးပန်းချီ၌ သုဓနုမင်းသား သည် ဌက်ဆင်စီး၍ ဒွေးမယ်နော် နောက်သို့ လိုက်ရာ ရသေ့ကျောင်းသို့ ရောက်လာပုံကို ရေးသားသည်ကို တွေ့ရပါသည်။

ညောင်းရမ်း ခေတ်တွင် ဝန်ကြီးပဒေသရာဇာသည်၊ ယနေ့အထိ မရှိးနိုင်သော "သူဇာပျို့" ကို ရေးခဲ့၏။ ယင်းမှာ ဇင်းမယ် ပဏ္ဏာသလာ "သုဓနုဇာတ်" ပင် ဖြစ်သည်။ ထိုဝန်ကြီးကပင် "မဏိကက်ပြဇာတ်" ကို ရေးသွားပါသေးသည်။ ၎င်းမှာလည်း ဇင်းမယ် ပဏ္ဏာသလာ "သတ္ထဝနုဇာတ်" ကို ပြဇာတ်အဖြစ် ပြောင်းလဲရေးဖွဲ့ထားခြင်းဖြစ်လေသည်။

ဆင်ခြေဆောစတင် သာဆနာပြုခဲ့ခြင်း

ကရင်တို့ ကြိုစားနေကြသော ပရိယတ္တိ သာသနာတော် အကြောင်းကို ပြန်ပြောကာက်ရသော် ၁၀၇၀ ခုနှစ် မင်းတုန်းမင်းကြီး နတ်ရွာစံသော အခါ သင်္ဃာဆရာတော်ဘုရားကြီးသည် မန္တလေးမှ ရန်ကုန်သို့ ကြွခဲ့ပေသည်။ ထိုအခါ မိမိတို့ဒေသအတွက်မူ ပြစ်မပါနေသော ပရိယတ္တိ သာသနာ့အရေးကို ရတက်မအေားနိုင်ကြသော မော်လမြိုင်မှ ဒါယကာများက ရန်ကုန်သို့ ဆင်း၍ သင်္ဃာဆရာတော်ဘုရားကြီးအား အကြောင်းစုံ လျှောက်ထား၍ ပင့်ကြရာ ဆရာတော်ကြီးသည် မော်လမြိုင်သို့ လိုက်ပါ ကြွလာတော်မူလေသည်။

ထိုအကြောင်းကို ၁၈၈၁-ခုနှစ်တွင် သင်္ဃာဆရာတော်ဘုရားကြီး ကိုယ်တိုင် ကြီးမှူးကြပ်မတ်၍ သမ္မတ်တော်မူသော မော်လမြိုင် ကျိုက်သံလံတောင်ခြေ ဒီပါရုံကျောင်းတိုက်ရှိ ဓမ္မဝိလာသိနီသိမ်အောင် ကျောက်စာတွင်–

"အဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တန်ဆိပ်ကျော်ဝှန်၊ ကိုတ္တိကဲလွန်သော သင်္ဃာ ဆရာတော်ဘုရားကြီး သည် ကောဇာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်ဝယ် စက်လှည့်ဆင်းကြွခဲ့၍ ရာမညတိုင်း တလိုင်း (မွန်) သုံးရပ်၌ သာသနာရေး ရှုပ်ထွေးညမ်းညစ်၊ အသွင်မှမှ၊ ရှန်စစ်၊ ဘေးကြီးဖြစ်သည်ကို၊ ကံမြစ် ဟန့်တား၊ သုတ်သင် ပယ်ရှား၊ လွှင့်ခြောက်လိုသောအားဖြင့်၊ ရပ်နားနေကြိုက်တွင်၊ ဤသိမ်ဒါယကာ၊ သတင်းနာ၍၊ ဖွေရှာကုတ်ပတ်၊ ပင့်ဆောင်လတ်ခဲ့ပြီးမှ၊ သိမသမုတိကံကို၊ စိမ်အားထုတ်၊ သမုတ်တော်မူပါဟု ပန်ထွားအပ်ရကား" စသည်ဖြင့် ရေးထိုးထားခဲ့လေသည်။

သင်္ဃာ ဆရာတော်ဘုရားကြီးသည် "ကျောင်းကန်ဘုရား စေတီများကို မိစ္ဆာတို့ဖျက်၍ မည်မျှပင် ပျက်စီးသော်ငြားလည်း၊ ဗုဒ္ဓတရား ဝမ္မ မပျက်စီးလျှင် သာသနာပျက်သည် မမည်" ဟု အယူရှိတော်မူသည့်အတိုင်း မော်လမြိုင်တွင် ပရိယတ္တိ စာသင်တိုက်များ ဖွင့်စေလျက် စာချဆရာတော်များကိုလည်း အညာမှ ပင့်ပေးတော်မူပါသည်၊ ရာဇဂုရု ဘွဲ့တံဆိပ်တော်ရှင် မိုးမဲကောင်း ဆရာတော်၊ ကတိုးဆရာတော်တို့မှာ အညာမှကြွလာသော ဆရာကောင်းကြီးများ ဖြစ်ပေသည်။

ဝိနိစ္ဆယမဏိဆရာစတင် သာဆနာပြုခဲ့ခြင်း

ခရစ် ၁၈၇၅ ခုနှစ်တွင် ပဓိရာ ရာမဆရာတော်နှင့် စိန်တုံးမဟုရာ မန္တလေးမှ ရောက်

လာသောအခါ သင်္ဇာ ဆရာတော်ဘုရားကြီးသည် လက်ရုံးတစ်ဆူ တိုးပြီ ဟူ၍ ဝမ်းမြောက်ခဲ့သော်လည်း ထိုနှစ်မှာပင် ဆရာတော်ဘုရားကြီး ပံ့လွန်တော်မူပါလေသည်။

ဝဇီရာ ရာမ ဆရာတော်သည် ကျိုက်သံလံတောင်စောင်းရှိ မယ်ပွင့် ကောင်းမှု ရတနာဘုံမြင့်ကျောင်းကို အလှူခံ၍ စာသင်တိုက် ဖွင့်ပြီးနောက် "မြို့က လူမျာသည် နား မျက် စိ ကြီး ကြ သည်၊ ဖတ်ရေး စာအုပ်မျာလည်း ရှိသည်၊ မေးရ မြန်းရ မည့် လူလည်း ပေါသည်၊ တောသည် မြို့နှင့် ပြောင်းပြန် ဖြစ်သည်၊ သာသနာတော် ပြန့်ပွားလိုလျှင် တောတိုး၍ ကြီးစားကြရမည်" ဟု အယူရှိသည်ဖြစ်ရာတောရွာမျာအထိ စာသင်တိုက်များ ဖွင့်နိုင်အောင် ကြိုးစားတော်မူပါသည်။ နယ်သို့ဆင်း၍ သိမ်များကိုလည်း သမုတ်တော်မူသည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့ကလေး၌ပင် ဝဇီရာ ရာမ ဆရာတော် ကြီးမှူးသမုတ်သွားသော သိမ် ၂ ဆူ ရှိပါသည်။ တောင်ပေါ် ကျောင်း သိမ်နှင့် အောက်ကျောင်းကြီးသိမ် ဖြစ်ပါသည်။

ပညာဘိသီရိ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု (ဝဇီရာရာမ ဆရာဖတော်နှင့်အတူ အာစာရမ္ဘကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု (မိုးယံးကောင်း ဆရာတော်)၊ သောဘိတာ လင်္ကာရကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု (ကတိုး ဆရာတော်)၊ မော်လမြိုင် ကမာကြည် ဆရာတော်၊ ဇာဒိမ္ဗဝံလ် ဆရာတော်၊ ထန်းတပင်ဆရာတော်၊ တောင်လေးလုံး ဆရာတော်ဘို့ ကြီးမှူး၍ သမုတ်ကြောင်း သိမ် ၂ ဆူ စလုံး၌ သိမ်အောင်ကျောက်စာစိုက်ထူထားပါသည်။

ထိုသိမ် ၂-ဆူအနက် တောင်ပေါ်ကျောင်းရှိ "သာသနမာဠိန်" သိမ်မှာ ရှစ်မြေ့ငုံသိမ်ဖြစ်ရာ အဘယ်ကြောင့် သမုတ်ရကြောင်းကို ထိုသိမ်ကျောက်စာ၌—

"အတိခုဒ္ဒက စသော ဆယ့်တစ်ပါးသော ဝိပတ္တိလက္ခဏာကို လွန်၍ သမ္မတ်သုံးပါးနှင့်ယှဉ်၍ အထောင့် ရှစ်ခု ရှိသော ယင်း သိမ်ကို သမုတ်သတည်း။ အထောင့်ရှစ်ထောင့်ကြောင့် အလိုရှိရာသံတောင်ကိုယူ၍ သမုတ်အပ်သည် ဖြစ်၍ လည်းကောင်း၊ လေးထောင့်ဖြစ်ခဲ့လျှင် ဥပုသ်အိမ်သည် ယွန်းစမုတ်ထုတ်၍ ဆောက်သည်ဖြစ်က တူရူအရပ်သို့ လွှတ်၍ အထောင့်အရပ်မှ အလပ်များရကား နံရံတွင်းက ကံပြုကြိုက် ဝိနည်း မလိမ္မာသော ရဟန်းတို့ လပ်ရာအရပ်နိုက် သွင်းနင်းကလျှင် ဝဂ္ဂကံဖြစ်ခြင်း အဖြစ်သို့ ပယ်လို၍ လည်းကောင်း၊ အထောင့်ရှစ်ခုဖြင့် သမုတ်အံ့သော သိမ်၏ ပမာဏကို မဇ္ဈိမသိမ်ပမာဏထက်လွန်၍ အလျားသုံးဆယ့်နှစ်၊ နံမိတ္တပမာဏကို ထောက်၍ ပထမကြားပြီး နံမိတ်နှိုက်ကပ်လျက်ကြားခြင်း၊ နံမိတ်အတွင်းနှိုက်စာည်၍ သမုတ်ခြင်း စသည်တို့ ဖြစ်ပါသည်။"

ဘားအံမြို့ လေသာကျောင်း၌လည်း ရှစ်မြှောင့် သိမ် ၁ ဆူ ရှိသေးသည်။ မည်သို့ပင်ဆိုစေ ဝဇီရာရာမ ဆရာတော် ဘုရားကြီးသည် မော်လမြိုင်ကို ဗဟိုပြု၍ ကရင်တို့ဒေသဖြစ်ထော ကော့ကရိတ်၊ ဘားအံ၊ လောင်းကိုင်၊ ကြာအင်းနှင့်ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ ပရိယတ္တိ သာသနာတော် ထွန်းလင်းရေးကို အထူး ကြိုးပမ်းခဲ့ပါသည်။ ကြိုးပမ်းသလောက် လည်း အောင်မြင်တော်မူပါသည်။ ကော့ကရိတ်မှ အောက်ကျောင်းကြီး (မြို့မကျောင်း၊ တောင်ပေါ်ကျောင်း၊ ဗောဓိကျောင်း၊ ရွှေကြက်မင်းကျောင်းတို့မှသည် ပရိယတ္တိ စာသင်တိုက်များ ဖြစ်လာသည်။ ဘားအံမှ လေသာကျောင်း)၊ ရွှေတိုကျောင်း၊ သရက်တောကျောင်းနှင့် မဲအောင်ကျောင်းတို့သည်လည်း ပရိယတ္တိ စာသင်တိုက်များ ဖြစ်လာသည်။ အထရံ မြစ်ဖျားကြာအင်း ဆိပ်ကြီးမှ သဒ္ဓမ္မဝါဒီ မင်းကျောင်းလည်း စာသင်တိုက် ဖြစ်လာသည်။

မော်လမြိုင်တွင်လည်း အင်းဝကျောင်း၊ကတိုးကျောင်း၊ ထွဋ်ခေါင်ကျောင်း၊ တောင်လေးလုံးကျောင်း၊ ကြံခင်းမကျောင်း၊ ထန်းတပင်ကျောင်း၊ ဝါ.ခယ်မ ကျောင်း၊ မိုးယံးကောင်း ကျောင်း၊

ကမာကြည်ကျောင်း၊ မင်းကျောင်း၊ ဇာဒိပ္ပိုလ်ကျောင်း၊ ဝဲပျံကျောင်း၊ ပြည်ကျောင်း၊ကျောက်တန်းကျောင်း၊ ရတနာဘုံမြင့်၊ ရတနာဘုံပျံ၊ တောင်ပေါက်အစရှိသောကျောင်းတို့မှာ အကျော်အမော် ပရိယတ္တိ စာသင်တိုက်ကြီးများ ဖြစ်လာကြလေသည်။

ဝဇီရာရာမ ဆရာတော်ဘုရား ပျံလွန်တော်မူသောအခါ တပည့်ကြီးဖြစ်သော ဘုံပျံဆရာတော်သည် ဝဇီရာရာမဂိုဏ်း၏ ဒုတိယမြောက် နာယကဆရာတော် ဖြစ်လာလေသည်။ ထိုအကြောင်းကို ကျိုက်သံလံတောင်စွယ်ရှိ ဘုံပျံဆရာတော်၏ အရိုးအိုး ဧစတီတော် ကျောက်စာ၌–

"ပြည်ခရိုင် ပန်းတောင်းမြို့ မြစိမ်းကျွန်းရွာဇာတိ၊ ပဝတ္တိ မော်လမြိုင် ရတနာဘုံပျံကျောင်းတိုက် အသျှင်ဝဇီရာရာမဂိုဏ်းကြီး၏ဒုတိယမြောက် သံဃပရိနာယက၊ ဂန္ဓကာရ၊ ဂဏဝါစက၊ အဂ္ဂမဟာပဏ္ဍိတ၊ ပထမဆုံး ပထမကျော်၊ အရှင်ကေတုမာလာလင်္ကာရသည်၊ ၁၂၂၈-ခု၊ ကဆုန်လဆန်း ၃ ရက်နေ့ ဖွား၊ ၁၃၁၀-ခု၊ ကဆုန်လဆုတ် ၁၀ ရက်နေ့၊ သက်တော် ၈၂–သိက္ခာတော် ၆၃–ဝါတွင် ဘဝနတ်ထံ စံလွန်သည်" ဟု ရေးထိုးထားပေသည်။

ထိုအသျှင်သည်ဝဇီရာရာမဆရာတော်ဘုရားကြီး ပြုစု ပျိုးထောင်ထားသော ပရိယတ္တိ သာသနာတော်ကို သက်တော် တည်တန့်ရေးနှင့် ပဋိပါတ်သာသနာတော်ကိုပါ အုတ်မြစ်ချရေး အတွက် ကရင်တို့ ဒေသဖြစ်သော ကျိုက်ဒုံ၊ လှိုင်းဘွဲ့၊ လောင်းကိုင်ကြောအင်း၊ ဒူးရင်းစင်း တောရ၊ ကောကရိုက်နှင့် ဘားအံအနီး ရပ်ရွာများသို့ ကြွရောက် သီဘင်းသုံးကာ ပရိယတ်နှင့် တွဲဖက်လျက် ပဋိပတ် သာသနာကို ပျိုးထောင်တော်မူပါသည်။

ထိုအသျှင်လက်ထက်တွင် [illegible] သည် ကရင်ကို ဒေသများမှ ပြောင်းရွှေ့ပြည်သို့ ဝင်လာသော၊ စစ်မီး ငယ် ပြေးပြည်ထောင်းခဲ့ ၃-နှစ်မှ ငေးတောင်းသားရှိသလောက်၊ လောင်နိုင်သလောက် လောင်ပြီးနောက် လာလမ်းအတိုင်းပင် ကရင်တို့ ဒေသကို ဖြတ်၍ ဆုတ်ခွာသွားလေ၏။ အဝင်ခတ် အထွက်ခတ်ဖြင့် နှစ်ပြန်အခတ်ခံရသော ကရင်ရွာများသည် ကျေမွ၍သွားလေ၏။ ပန်းကောင်း အညွှန့်ချိုးသည့်နှယ်၊ ကရင်တို့၏ ပရိယတ္တိ စာပေသည် ညှိုးခြောက်၍သွားလေသည်။

မျှော်လင့်ဖွယ်ရာ ကရင်ပြည်နယ် သာသနာ

ယနေ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ပေါ်ထွန်းလာသည်နှင့် ကြုံရသောအခါ ထိုတက္ကသိုလ်ကြီးများသို့ မိမိတို့ ကရင်ပြည်နယ်မှ ဓမ္မာစရိယ အောင် ရဟန်းပျိုများ ပို့နိုင်မည့် အင်အားရှိမှ ရှိပါမည်လားဟု စိုးရိမ်နေကြသူများအား ကျွန်ုပ်က ဝမ်းသာဖွယ်သတင်း တစ်ပုဒ် ပေးနိုင်ပါသည်။

ဝဇီရာ ရာမ ဆရာတော်ဘုရားကြီး ပျိုးထောင်တော်မူခဲ့သော ကရင်ပြည်နယ်အတွင်း ရှိ ပရိယတ္တိစာသင်တိုက်များအနက် စာသင်သား ရဟန်းတော် အပေါင်း ၅၀–အမှထက် ရှိသည့် စာသင်တိုက် ၈-တိုက် ကျန်နေပါသေး သည်။ ၎င်းတို့မှာ၊ ဘားမြို့အံပေါ်မှ ရွှေဘိုကျောင်း၊ မဲအောင်ကျောင်း၊ သရက်တော်ကျောင်း၊ လှိုင်းဘွဲ့မြို့မှ မြို့မကျောင်း၊ ကော့ကရိတ်မှ အောက်ကျောင်းကြီး(မြို့မကျောင်း)၊ ကျုံဒိုး တောင်ပေါ်ကျောင်း၊ ခယားအတွင်း ကျောင်း၊ ကြာအင်းဆိပ်ကြီးမှ သဒ္ဓမ္မဝါစီမင်းကျောင်းတို့ ဖြစ်ပါသည်။

မော်လမြိုင် ရန်ကုန်နှင့် မန္တလေးမြို့များတွင် သင်ကြားနေသော ကရင် ရဟန်းတော်များ မပါသေးပဲ၊ ကရင်ပြည်နယ် ၁–ခုတည်းဖွင့်ပင် စာသင်သား ၄၀၀-ရှိနေပါသည်။ ကမ္ဘာအေးကုန်းမြေရှိ ကရင်ပြည်နယ် ဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းကြီးတွင် မကြာမတင် ကရင်ပြည်နယ်မှ ဓမ္မာစရိယ အောင် စာသင်သားများဖြင့် စိုစိုပြည်ပြည် ရှိလာပါလိမ့်မည်၊ စိုးရိမ်နွယ်မရှိပါဟု ဆိုချင်ပါသည်။

နိုင်ငံတော်

ပရိယတ္တိသာသနာ့တက္ကသိုလ်

အကြောင်းသိကောင်းစရာအဖွာဖွာ



ဒီဇင်ဘာ ၂၀၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားဆုံးမတော်မူအပ်သော ဓမ္မ-ကွန္ဓာတရားများနှင့် ပါဠိအဋ္ဌကထာ ဋီကာ ယောဇနာ ပါဠိစာပေ သမိုင်း၊ မြန်မာစာပေသမိုင်း၊ ဘာသာရေး သမိုင်းစာများကို သင်ယူလေ့လာ ဆည်းပူးရာဌာနကြီး (၀၁) ကျောင်းတော်ကြီးသည် နိုင်ငံတော် ပရိ-ယတ္တိ သာသနာ့တက္ကသိုလ်ကြီးဖြစ်ပေသည်။ မကြာမြင့်မီ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပရိယတ္တိသာသနာ့ တက္ကသိုလ်တစ်ကျောင်းစီ ပေါ်ထွန်းလာပါတော့မည်။

နောက်ကြောင်းသမိုင်း အကျဉ်းချုပ်

မြန်မာနိုင်ငံတော် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် သာသနာတော် သက္ကရာဇ် ၂၅၀၀-ပြည့်နှစ် ဆဋ္ဌသင်္ဂါယနာ၌ ထပ်မံပြုပြင်၊ သုတ်သင် သန့်စင်ခဲ့ပြီး ဖြစ်ပါသည်။ ပါဠိတော်၊ အဋ္ဌကထာ ဋီကာ အားလုံးတို့ ပုဒီပါဠ်၊ ပုဒ်နေပုဒ်ထားအားဖြင့် သစ်လွင်ပြင်ပြင် သန့်ရှင်းခဲ့သည်မှာ အမှန်ဖြစ်ခဲ့ပါသည်။ ယင်း ဆဋ္ဌသင်္ဂါယနာ တင်ပြီးသည့် သာသနာ သက္ကရာဇ် ၂၅၀၀ ကျော် နောက်ပိုင်း ဆရာတပည့် ဆက်ဆံ ကွပ်ကဲမှုများ ပြေလည်မှု လျော့နည်းလာပြီး ဆုံးမ ဩဝါဒ ပေးရာ၌ မလိုက်မနာ အခက်အခဲများ ကြုံတွေ့ရသည့် အပြင် ကျောင်းလုပ်မှုများ၊ ငြင်းခုံခိုက်ရန် ဒေါသဖြစ်မှုများသည် များစွာ ပေါ်ပေါက်ခဲ့ခြင်းမှာ အများအသိပင် ဖြစ်ပေသည်။

သာသနာတော်မြတ်၏ ထိုထက်ဆိုးဝါးသော အခြေအနေမှာ ကျောက်သင်္ဘော၊ ကျောက်ပုံ၊ ကြောင်ပန်း၊ မိုးညှို စသည်ဖြင့် သီးခြားအမည် နာမများ ခံယူကာ ထေရဝါဒ ဗုဒ္ဓဘရားမှ သွေဖည်သွက် ယင်းတို့၏ဆင်ရာမြင်ရာ လိုရာများကိုပါ ဆွဲထည့်တီထွင်ကာ ဗုဒ္ဓစာရား ယောင်ယောင် အသွင်ဆောင်၍ ဟောပြောစည်းရုံးနေကြသော အစမှတ်ဒဿီများတို့သည် မြန်မာနိုင်ငံတော် ဆန့်ကျင်ပြားဝိပင် ကင်းရဲလက်ရဲ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးအား ထိုးခွဲ၍ ပြိုလဲအောင် ဟောပြောလှုပ်ရှား ခြေကုပ်ယူခဲ့ကြပေသည်။

မူဋ္ဌမြတ်စွာ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရန်အတွက် အခြေအနေများက တောင်းဆိုလာနေသည်

အထက်ဖော်ပြပါ မကောင်းသော အကြောင်းအရာ အခြေအနေအဖြစ် အပျက်များကြောင့် သာသနာတော်မြတ်သည် သန့်ရှင်းတည်တံ့ ပြန့်ပွားမှုများ လိုအပ်သော အချိန်အခါသို့ အမှန်စာကယ် ရောက်ရှိခဲ့ပေသည်။ ထို့ကြောင့် သာသနာတော်က ယင်း၏သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် လိုအပ်ချက်များကို ပြုလုပ်ဆောင်ရွက်ပေးရန် တောင်းဆိုလာခဲ့ပေသည်။ ဆရာတော် ဘုန်းကြီးများ ကိုယ်တိုင်ကလည်း ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနများသို့ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရန်အတွက် စာဖြင့်လည်းကောင်း၊ တိုက်ဆိုင်မှုရှိသော အခါ နှုတ်ဖြင့်လည်းကောင်း တောင်းဆိုတော်မူလာကြပေသည်။

ဤကဲ့သို့ သာသနာတော်နှင့် ဆရာတော်ကြီးများက တောင်းဆိုလာကြသဖြင့် နိုင်ငံတော်အနေဖြင့် မနေသာတော့ဘဲ၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးသည် ၁၃၄၁-ခုနှစ် ၁၉၇၀-ခုနှစ်၊ နှတ်တော်လမုစ၍ မြန်မာနိုင်ငံဘစ်ဝန်းလုံးရှိ ဥယျောင်ဆရာတော် ဘုရားကြီးများထံ ကိုယ်တိုင်သွားရောက်၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဂိုဏ်းပေါင်းစုံ သံဃာ အစည်းအဝေးပွဲကြီး ကျင်းပနိုင်ရေးအတွက် တာဝန်ခံ ပြုလုပ်ပေးတော်မူပါရန် လျှောက်ထားခဲ့ပေသည်။

သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများသည်လည်း တာဝန်ကျရာတိုင်းနှင့်ပြည်နယ်များသို့ ကိုယ်တိုင် သွားရောက်ကြ၍ ဝန်ကြီးများကဲ့သို့ အလားတူ လျှောက်ထားတောင်းပန်ခဲ့ကြပေသည်။ ဆရာတော် ဘုရားကြီးများကလည်း



ဝမ်းသာအား‌ရ နှစ်ထောင်းခြင်းများစွာဖြင့် သာဓုအနှ‌ေ
မောဒနာခေါ်၍ လက်ခံတော်မူကြလေသည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်း အဝေးပွဲကြီး စတင်ကျင်းပတော်မူကြသည်

ဤနည်းဖြင့် သံဃာ့ဝန်ဆောင် ၆၆ ပါး အဖွဲ့သည် ၁၃၄၁-ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်၊ (၁၊ ၂၊ ၁၀) နေ့မှ ၁၃၄၂-ခုနှစ် နယုန်လဆန်း ၁၀ ရက်၊ (၂၃.၅၊၁၀) နေ့အထိ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးပွဲပြီးဖြစ်မြောက်ရေးအတွက်ပြည့်စုံလုံလောက်စွာ ဆောင်ရွက်တော်မူကြပြီး၊ သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ (၂၄၊၅၊၁၀) နေ့မှစ၍ ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ (၂၉၊၅၊၁၀) နေ့အထိ လေးရက်တိုင်တိုင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ၁၂၂၇ ပါးဖြင့် ကျင်းပပြုလုပ်တော်မူကြပါသည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်

ဖော်ပြခဲ့သော ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေး ပွဲကြီးမှ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ၊ စသော စည်းမျဉ်းဥပဒေများကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ရာတွင် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးပေါ်ထွက်လာနိုင်မည့် ပညာရေးမူ လေးချက်ကို ဆုံးဖြတ် အတည်ပြုခဲ့ပါသည်။

ယင်းမူလေးချက်မှာ-

(၁) အကျင့်သိက္ခာမြင့်မားစေရန်၊
(၂) ပိဋကကျမ်းစာ နှံ့စပ်စေရန်၊
(၃) ပါဠိဘာသာတတ်မြောက် ကျွမ်းကျင်စေရန်၊
(၄) မြန်မာစာအရေးအသား တော်စေရန်

တို့ဖြစ်ကြသည်။

ယင်းပညာရေး မူလေးချက်သည် ပရိယတ္တိ သာသနာ့ ဟက္ကသိုလ်ကြီး သန္ဓေတည် ဖွားမြင် ပေါ်ပေါက်ရန်အခြေခံကျောင်းရင်း ဇာစ်မြစ်ဖြစ်သည်။

ယင်းပညာရေးမူ လေးချက်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရသည်။ သို့ဖြစ်၍ စနစ်သစ်ပညာရေးများကို ပထမပြန်နှင့်မမှာစရိယ စနစ်သစ် ပညာရေးကော်မတီ၊ တိပိဋကမရရွေးချယ်ရေး စနစ်သစ်ကော်မတီ၊ ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း ကော်မတီ၊ ပရိယတ္တိသာသနာ့တက္ကသိုလ် ကော်မတီ စသည်များကို ဖွဲ့စည်းပေး၍ စည်းမျဉ်း ဥပဒေများ ရေးဆွဲစေပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ ပြန်လည် တင်ပြစေခဲ့သည်။ ယင်း တင်ပြချက် စည်းမျဉ်း ဥပဒေများကို နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ အလှည့်ကျ အဖွဲ့က စိစစ်ဝေဖန်ပြီး ၄၅ ပါး စုံညီ အစည်းအဝေးသို့ တင်ပြဆွေးနွေး အတည်ပြုချက် ရယူခဲ့ပါသည်။

ယင်း ၄၅ ပါး စုံညီ အစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ပြီးနောက် ဖေါ်ပြပါ သက်ဆိုင်ရာ စည်းမျဉ်း ဥပဒေများကို နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြု ဆုံးဖြတ်ချက်ကို ရယူသည်။ ယင်း နိုင်ငံတော် ဗဟိုဝန်ဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ရယူပြီးနောက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် စနစ်သစ်ပညာရေးများကို အကောင်အထည် ဖော်ပေးရသည်။

သို့ဖြစ်၍ စနစ်သစ် ပထမပြန်မူလတန်း၊ အငယ်တန်း၊ အလတ်တန်းများအထိ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပထမကြိုးတန်းကို လာမည့်နှစ် စာမေးပွဲအမှိ အကောင်အထည်ဖော်တော့မည် ဖြစ်သည်။ စနစ်သစ် ဓမ္မာစရိယ စာမေးပွဲကိုလည်း ကော်မတီဖွဲ့၍ ပြဋ္ဌာန်းချက်များ ရေးသား နေပြီ ဖြစ်သဖြင့် မကြာမြင့်မီ အကောင်အထည်ဖော် ရွပ်လုံးပေါ်လာပေတော့မည်။ တိပိဋကဓရ ရွေးချယ်ရေး စနစ်သစ်ကို အကောင်အထည်ဖော်ခဲ့သည်မှာ သုံးကြိမ်မြောက်ရွေးချယ်ခဲ့ပြီး ဖြစ်ပေသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် အထက် ဖော်ပြခဲ့သည့် အတိုင်း ဂိုဏ်းပေါင်းစုံ သံဃ အစည်းအဝေးကြီးမှ အတည်ပြု သတ်မှတ်ပေးခဲ့သော ပညာရေးမူ လေးချက်ကို ခေတ်နှင့် လျော်ညီစွာ အကောင်အထည် ဖော်ဆုတ်ပေးခဲ့ပေသည်။ ယင်းသို့ ဖော်ထုတ်ပေးရာ၌ ရှေးဦးစွာ ပရိယတ္တိ ပညာရေးတက္ကသိုလ် (ဃခု) ပရိယတ္တိ သာသနာ့တက္ကသိုလ် တည်ထောင်နိုင်ရေးအတွက် ကျောင်းမြေနှင့် ကျောင်းအဆောက်အအုံများရရှိရေးအတွက် ၁၅-၁၀-၅၂ သောကြာနေ့၌ ကျင်းပသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (တတိယ အဖွဲ့ခွဲ)၏ တတိယအကြိမ် ကောဇသမ အစည်းအဝေး ဆုံးဖြတ်ချက်အရ မန္တလေးခွဲ ပရိယတ္တိ ပညာရေးတက္ကသိုလ် (ယခု) ပရိယတ္တိ သာသနာ့တက္ကသိုလ် တည်ထောင်နိုင်

ရေးအတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးဆောင်သော တိပိဋက = နိကာယ သာသနာပြု အဖွဲ့ကြီးအား မေတ္တာရပ်ခံ တာဝန်ပေးအပ်ရန် တညီတညွတ်တည်းဆုံးဖြတ်တော်မူပါကြောင်း လျှောက်ထားခဲ့လေသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တိုက်တွန်းချက် မေတ္တာရပ်ခံချက်ကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးနှင့် တိပိဋက = နိကာယ သာသနာပြုအဖွဲ့ကြီးက ဝမ်းမြောက်စွာ လက်ခံခဲ့ခြင်း

ထိုသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးက ယုံကြည်ကိုးစား အားထားတော်မူကြသည့် အတိုင်း မေတ္တာရပ်ခံ ပေးအပ်တော်မူသည်ကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော် ဘုရားကြီးနှင့် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယ သာသနာပြုအဖွဲ့ကြီး၏ ဥက္ကဋ္ဌ ဝတ္ထကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှအနှင့် အဖွဲ့ဝင်များတို့သည် ဝမ်းမြောက်ရွှင်လန်းစွာ လက်ခံတော်မူကြပြီး ယင်းပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး ဖြစ်မြောက်ရန် ကြိုးပမ်းဆောင်ရွက်တော်မူလျက် ရှိကြပေသည်။

ရန်ကုန်မြို့ ပရိယတ္တိ သာသနာ့ တက္ကသိုလ် အတွက် ဆွေးနွေးကြခြင်း

ထို့နောက်တစ်ဖန် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဦးဉာဏာဘိဝံသ ဦးဆောင်သော ပရိယတ္တိ သာသနာ့တက္ကသိုလ် စိစဉ်ချက်စည်းမျဉ်း ဇရုးဆွဲရေး ကော်မတီသည် မိုမိတာဝန်၊ မိုမိ ဝတ္တရားများနှင့်အညီ ခေတ်မီ ပရိယတ္တိသာသနာ့တက္ကသိုလ် ဆိုင်ရာ စိစဉ်ချက် စည်းမျဉ်းများကို ရေးသားပြုစုပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးထား ထပ်နှံသည်။

ယင်းနှင့်ရန်ကုန်မြို့ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး တည်ထောင်ရန် အတွက် တိပိဋက - နိကာယ အဖွဲ့ကြီးမှ ဖိတ်ကြားသဖြင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (တတိယအဖွဲ့ခွဲ) ဆရာတော်များနှင့် ပရိယတ္တိသာသနာ့တက္ကသိုလ်ဆိုင်ရာ စီမံချက် စည်းမျဉ်း ရေးဆွဲရေး ကော်မတီ ဆရာတော်များတို့သည် နယူးလင်းလမ်းရှိ တိပိဋကနိကာယကျောင်းဝင်းသို့ ကြွရောက်၍ ရန်ကုန်မြို့ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး တည်ထောင်ရေးနှင့် ပတ်သက်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အမှူးပြုသော တိပိဋက = နိကာယ သာသနာပြုအဖွဲ့၏ ဥက္ကဋ္ဌ ဝတ္ထကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှအမှူးပြုသော တိပိဋက = နိကာယ သာသနာပြု အဖွဲ့ဝင်လူကြီးမင်းများနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုကို ၁၃-၂-၂၀၀၂-ခုနှစ်၊ တပေါင်းလ ( ) ရက်နေ့၌ စည်းဝေးတိုင်ပင်ခဲ့ကြပေသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီးနှင့် တိပိဋက = နိကာယ သာသနာပြုအဖွဲ့ကြီးသည် ပေးအပ်သောတာဝန်များကို စတင်ဆောင်ရွက်ခြင်း

မန္တလေးမြို့နှင့် ရန်ကုန်မြို့၌ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး တစ်ကျောင်းစီ ထည်ထောင်ဖော်ထုတ်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က မေတ္တာရပ်ခံ တိုက်တွန်းခဲ့သည့် အတိုင်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘုရားကြီးသည် သာသနာ့တာဝန်ကို အပတ်တကုတ် ဝေါက်ချ၍ ထမ်းဆောင်တော်မူလာခဲ့သည့် သဒ္ဓါကြည်ရွှင် ပါရမီရှင် ဖြစ်တော်မူသည့်အတိုင်း မပေါ်စပူး၊ မကြုံစဖူး၊ မရှိခဲ့ဖူးသော ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး နှစ်ကျောင်း အကောင်အထည်ပေါ် ဆောင်ရွက်ပေးနိုင်ရန် တိပိဋက - နိကာယ သာသနာပြု အဖွဲ့၏ ဥက္ကဋ္ဌ ဝတ္ထကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှနှင့် အဖွဲ့ဝင် လူကြီးမင်းများတို့အား ထပ်ဆင့် တာဝန် တိုက်တွန်းပေးတော်မူသည်။

တိပိဋက - နိကာယ သာသနာပြု အဖွဲ့ကြီးသည် မန္တလေးမြို့၌ တစ်ကျောင်း၊ ရန်ကုန်မြို့တော်၌ တစ်ကျောင်း၊ ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတော်ကြီးများ အကောင်အထည်ပေါ် ဆောင်ရွက်နိုင်ရန် စီမံချက် စည်းမျဉ်းများနှင့်အညီ ပုံစံများ ထုတ်လုပ်ခြင်း၊ မြေနေရာများ သတ်မှတ်ခြင်း၊ လိုအပ်သော ပစ္စည်းများ ဝယ်ယူရရှိနိုင်ရေး စသော ကိစ္စအရပ်ရပ်အတွက် တာဝန်ခံ ကော်မတီများ ထပ်မံ ဖွဲ့စည်း၍ တာဝန်ယူ ဆောင်ရွက်-စေ ရန် ရှိနေခဲ့ပါသည်။

မန္တလေး ပရိယတ္တိသာသနာ့တက္ကသိုလ် နှစ်ခုစလုံး၏ တာဝန်ခံ ထဲက ဥက္ကဋ္ဌ ဝတ္ထကျော်ထင် အထူးကု ဆရာဝန်

ကြီး ဦးသာလှသည် အဖွဲ့ခေါင်းဆောင်ပီပီ နေ့မအား ညမအား အဖွဲ့သားများဖြင့် ဆွေးနွေးတိုင်ပင် စီစဉ် ဦးဆောင်မှုပေးလျက် မန္တလေးမြို့နှင့် ရန်ကုန်မြို့သို့ ခေါက်တုံ့ခေါက်ပြန် သွားလာ၍ အခြေအနေအရပ်ရပ် လုပ်ငန်းတိုးတက်မှုများကို ကြည့်ရှုစိစစ်၍ တိပိဋကဓရ ဆရာတော်ဘုရားကြီးအား အခြေအနေများကိုလျှောက်ထားပြပြီး ဆရာတော်ဘုရားကြီး၏ လမ်းညွှန်မှုများကိုလည်း နာခံမှတ်သားပြီး ဆောင်ရွက်ကြသည်။

ဆရာတော်ဘုရားကြီးလည်း မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်ပတ်၍ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက် ထမ်းဆောင်နေသည့်ကိစ္စများပင် လျော့ပေါ့ထားပြီး၊ ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ အောင်မြင်မှု ရရှိရေးကို ဦးစားပေး၍ နိုင်ငံတော်မြို့ကြီးများ၊ မြို့ငယ်များမှ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးအတွက် လှူဒါန်းမည့် အလှူပွဲ တရားပွဲများကိုသာ မိမိ ကျန်းမာရေးကိုပင် အလေးမပြုဘဲ လက်ခံဟောပြောအားထုတ်လျက် ရှိပါသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ ဒါယိကာမများထံလည်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘုရားကြီး ဦးဆောင်၍ တိပိဋကဓရ ၁ နိကာယအဖွဲ့ကြီးက ပရိယတ္တိ သာသနာ့ တက္ကသိုလ် ကျောင်းတော်ကြီး နှစ်ကျောင်း၊ မန္တလေးနှင့် ရန်ကုန်၌ ထွန်းပြောင် ပေါ်ပေါက်လာရန် ဆောင်ရွက်နေသည်ကို သဒ္ဓါကြည်နူးရွှင်မြူးတက်ကြွ စိတ်ဓာတ်ပွါဒ်တို့ဖြင့် လက်ခံကြပြီး အလှူပတ္ထုဥစ္စာများကို သိန်းသောင်းချီ၍ပင် ထည့်ဝင်လှူဒါန်းနေကြသည်မှာ အခါအားလျော်စွာ ရေစက်ချပွဲကြီးများ ပြုလုပ်ပေးနေကြောင်းကို ဗဟုသုတရလည်းကောင်း၊ သတင်းစားများမှ လည်းကောင်း၊ လုပ်သားပြည်သူတို့အား ကြေညာဖော်ပြလျက် ရှိပါသည်။

နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ကြီးကလည်း ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအတွက် အတွင်းပိုင်းလိုအပ်ချက်များကို အဆက်မပြတ် ကြုံတင်စီစဉ် ဆောင်ရွက်လျက်ရှိခြင်း

ဤသို့ ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတော်ကြီး နှစ်ကျောင်း ဆောက်လုပ် တည်ထောင်မှုကို တိပိဋကဓရ ဆရာကောဝိဘုရားကြီး ဦးဆောင်၍ တိပိဋကဓရ ၁ နိကာယ သာသနာပြု အဖွဲ့ကြီးက အကောင်အထည်ဖော်ဆောင်ရွက်နေသလို တစ်ဖက်မှလည်း နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ချုပ်ကြီးကလည်း ကျောင်းတော်ကြီးများ ပြီးမြောက်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးအား မူလ ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့သည့် အတိုင်း လွှဲအပ်ပေးသောအခါ တက္ကသိုလ်ပညာ ကျမ်းစာ ပြဋ္ဌာန်းချက်များ၊ တက်ရောက်သင်ယူမည့် စာသင်သား ရဟန်းတော်များ၏ အရည်အချင်း သတ်မှတ်ချက်များ၊ တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့များ၊ ပညာသင်အဖွဲ့များ၊ နဝကမ္မဋ္ဌာနများ၊ နာယကချုပ် ဆရာတော်များ၊ ဒုတိယ နာယကချုပ် ဆရာတော်များ၊ နာယက ဆရာတော်များ၊ ဂဏဝါစက ဆရာတော်များ၊ နယဒေသက ဆရာတော်များ၊ ဧည့်ပညာရှင် ဆရာတော်များ စသည်တို့ကို အသင့်ရရှိ ဆောင်ရွက်ထားသည်။

ပရိယတ္တိ သာသနာ့တက္ကသိုလ် စီမံချက် စည်းမျဉ်းများကို ရေးဆွဲစေခြင်း၊ နာယကချုပ်များ၊ နာယကများ၊ ဂဏဝါစကများ၊ နယဒေသက ဆရာလောင်းများကို သတင်းစာများမှ ကြေညာခေါ်ယူလျက် ရွေးချယ်စိစစ်ရေး ကော်မတီက စနစ်တကျ သတ်မှတ်စိစစ်ရွေးချယ်ပြီးနောက် ဆရာလောင်းများကို ကမ္ဘာအေးကုန်းမြေ အပရဂေါယာန ကျောင်းဆောင်၌တစ်ကြိမ်၊ ရန်ကုန်မြို့ နိုင်ငံတော် သံဃမဟာနာယက ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း၌ တစ်ကြိမ်၊ မွမ်းမံသင်တန်းများ ပြုလုပ်စေပြီး အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ မွမ်းမံသင်တန်း နှစ်ကြိမ် ပေးထားပြီးသော ဆရာလောင်း ရဟန်းတော်များမှာ ၂၀ ကျော် ၈၀ မျှ သင်တန်း ပေးထားပြီး ဖြစ်ပါသည်။

မွမ်းမံသင်တန်းပေးသော ဆရာများမှာလည်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ အပါအဝင် ရဟန်းတော် ဆရာများ၊ တက္ကသိုလ် ကောလိပ်မှ ပါမောက္ခများ၊ ကထိကများ၊ ဦးသုခ၊ ဦးဆန်းထွန်း၊ ဦးမာယံ၊ ဦးတက်တိုး၊ သိပ္ပံမှူးတင် အစရှိသော ပညာရှင် စာရေးဆရာကြီးများ၊ သာသနာရေးဦးစီးဌာနမှ ဦးကျော်လွင်၊ ဦးစံထွန်းမှတ်ဝင်း၊ ဦးတင်ဦး၊ ဦးရွှေအောင်၊ ဦးအုံမောင်၊ ဦးသိန်းအောင် အစရှိသော ပညာရှင် ဩဇာကြွယ်ရေးမှူးများ စသည်တို့က သက်ဆိုင်ရာ ဘာသာရေး ၂၀ ကျော်တို့ကို အသီးသီး တာဝန်ယူ သင်ပြပေးထားခဲ့ကြပါသည်။

အပရဂေါယာန ကျောင်းဆောင်၌ ပထမအကြိမ် ၆ လတာ ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆရာလောင်းများ မွမ်းမံသင်တန်း ဖွင့်ပွဲ၌ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ယခု ပြည်ထဲရေးနှင့် သာသနာရေး ပန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်ညွှန့်ကလည်း

ဤသင်တန်းသို့ တက်ရောက်လာကြသော ရဟန်းတော်များနှင့် မဟာနာယက ဆရာတော်များ အပါအဝင် သင်တန်းများ ပို့ချပေးမည့် ရဟန်းတော် ဆရာများ၊ လူပုဂ္ဂိုလ်ဆရာများတို့သည် သင်တန်းပြီးဆုံးအောင်မြင်သည်အထိ အချိန်ကာလအတွင်း၌ စိတ်ချမ်းသာစွာဖြင့် ဤကျောင်းဆောင်ကြီးကိုအသုံးပြု၍ ဆောင်ရွက်တော်မူနိုင် ပါကြောင်း၊ သာသနာရေး ဦးစီးဌာန လက်အောက်ခံ နိုင်ငံတော် သံဃာ့မဟာနာယက အဖွဲ့ကြီးအတွက် လိုအပ်သလို အသုံးပြုနိုင်ရန် အပ်နှံလှူထားပြီးဖြစ်ပါသောကြောင့် စိတ်တိုင်းကျ အသုံးပြုနိုင်ပါကြောင်း စသည်ဖြင့် လျှောက်ထားသွားပါသည်။

ယင်းခြောက်လ မွမ်းမံသင်တန်းကို စစ်ကိုင်းမြို့ မဟာဂန္ဓာရုံကျောင်း ဆရာတော် ဦးသုပညိဿာဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင်ဆွမ်းခံဘဉ်းပေးရန် သပိတ်နှင့် အိပ်ယာလိုပ်များကိုပါ သယ်ဆောင်ယူခဲ့၍ အပရဂေါယာန ကျောင်းဆောင်၌ပင် ညအိပ် သီတင်းသုံးပြီး ကြိုးကြပ်ကွပ်ကဲပေးတော်မူခဲ့သည်။ စာရေးသူအနေနှင့်လည်း ၆ လတိုင်တိုင် နံနက် သွားညပြန် အစီအစဉ်ဖြင့် ဆရာတော်ကြီးနှင့်အတူ သင်တန်းကိုကွပ်ကဲပေးသည့်အပြင် (ပစ္စက္ခသာသနာ) ဟူသောဘာသာရပ်တစ်ခုကို သင်တန်းသားရဟုန်းတော်များအား ပို့ချပေးခဲ့ပါသည်။

သင်တန်းသားရဟန်းတော် ၄၀-ကျော်အတွက် ဆွမ်းကွမ်းစသော တာဝန်ကို တိုင်ဋ္ဌက - နိကာယ သာသနာပြုအဖွဲ့က တာဝန်ယူခဲ့ခြင်း

သင်တန်းသား ရဟန်းတော်များ၏ ဆွမ်း ကွမ်း ဝေယျာဝစ္စ ကုန်ကျစရိတ်များကို တိပိဋကဆရာတော် ဦးဆောင်သော တိပိဋက - နိကာယသာသနာပြုအဖွဲ့က တာဝန်ယူထောက်ပံ့လှူဒါန်းခဲ့ပေသည်။ ချက်ပြုတ်ကျွေးမွေး ဆက်ကပ်ရေးအတွက် ဂဠုန်မင်း၊ ဦးတင်မောင်၊ သုခုမဒေါနန်းနှင့် ဒေါ်ခင်ညွှန့် ဦးဆောင်သော သုဒတ္တာနှင့် သုဘဒ္ဒါယောဂီအဖွဲ့က ၆ လတိုင်တိုင် သင်တန်းပြီးဆုံးသည်အထိ တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဒုတိယအကြိမ် မွမ်းမံသင်တန်းပေးသော အခါလည်း တိပိဋကဆရာ- ဦးဆောင်သော တိပိဋက = နိကာယအဖွဲ့က ဆွမ်း၊ ဆန်၊ ဆီစသော ဆွမ်းကွမ်းအဟုတ် ဝတ္ထုပစ္စည်းများကို ထောက်ပံ့ပေး၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် ဓမ္မာစရိယ (ဘီအေ) ဦးတိလောကဆရာတော်က ဦးဆောင်၍ ဆရာတော်၏ တပည့်ဒကာများက ချက်ပြုတ်ကျွေးမွေး ဆက်ကပ်ပေးခဲ့ကြပါသည်။

ယနေ့အထိ ရန်ကုန်၊ မန္တလေး ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတော်ကြီး နှစ်ကျောင်း၏ ဆောက်လုပ်ပြီးသော အခြေအနေ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ဦးဆောင်တာဝန်ယူလျက်ရှိသော တက္ကသိုလ်ကျောင်းတော်ကြီး နှစ်ကျောင်း ဆောက်လုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှနှင့် အကျိုးတော်ဆောင် ဦးမောင်မောင်ကြီးတို့၏ ဦးဆောင်မှုနှင့် ဆောက်လုပ်ရေးအဖွဲ့ဝင်ယ်တို့က တာဝန်အသီးသီး ခွဲဝေပြီး ညီညီညွတ်ညွတ် စည်းစည်းရုံးရုံး ပွဲနှင့်မာန်ဖြင့် ဆောက်လုပ်အကောင်အထည် ဖော်ခဲ့ရာ မန္တလေးပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး အဆောက်အဦးများမှာ သိမ်တော်ကြီးကို သိန်းနှစ်ဆယ်အကုန်ခံ၍ မွမ်းမံပြုပြင်ပြီးစီးခဲ့ပြီး၊ နာယကချုပ်နှင့် နာယကဆရာတော်များ၊ ဂဏဝါစကဆရာတော်များ၊ နယဒေသကဆရာတော်များ သီတင်းသုံးနေထိုင်ရန် နှစ်ထပ်တိုက်ကြီးတစ်လုံး၊ ရေတွင်းရေကန်များ စသည်တို့ ပြီးစီးနေပြီဟု သိရပါသည်။

စာသင်သား သံဃာများ သီတင်းသုံးနေထိုင်ရန် ကျောင်းဆောင်ပေါင်း ၇ ဆောင်အထိ ဆောက်လုပ်သွားမည်ဟု သိရပါသည်၊ ရန်ကုန်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး အဆောက်အဦးများမှာ မူလသိမ်တော်ကြီးကို သိန်းနှစ်ဆယ်အကုန်ခံ၍ မွမ်းမံပြုပြင်ပြီးစီးခဲ့ပြီး၊ နာယကချုပ်နှင့် နာယကဆရာတော်များ၊ ဂဏဝါစကဆရာတော်များ၊ နယဒေသကဆရာတော်များ သီတင်းသုံးနေထိုင်ရန် နှစ်ထပ်တိုက်ကြီးတစ်လုံး၊ ရေတွင်းရေကန်များ စသည်တို့ ပြီးစီးနေပြီဟု သိရသည်၊ မန္တလေးအဆောက်အဦးများကို ယခုမည်တပေါင်း

လပြည့်ကျော် ၅ ရက်နေ့၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အား ရေစက်ချ လွှဲအပ်တော်မူမည်ဟု သိရသည်။

ရန်ကုန်ပရိယတ္တိ သာသနာ့တက္ကသိုလ် အဆောက်အဦးကြီးများကို ပြီးစီးသမျှအတိုင်းအတာအရ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးအား တပေါင်းလပြည့်လောက်တွင် ရေစက်ချလှူဒါန်း၍ အပ်နှံနိုင်မည်ဟု သိရပေသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး အတွက် ပြည်သူများ ထည့်ဝင်လှူဒါန်းသော ဝတ္ထုငွေများ

ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကျောင်းတော်ကြီး နှစ်ကျောင်းအတွက် ရရှိအသုံးပြုသော အလှူငွေများမှာ၊ မန္တလေးတက္ကသိုလ်ကြီးအတွက် (၁၄၆) သိန်း ၂၈၂၉ ကျပ် ၁၉ပြား၊ ရန်ကုန်တက္ကသိုလ်ကြီးအတွက် လက်ရှိရ အလှူငွေနှင့် တာဝန်ယူထားသော အလှူငွေများပါ နှစ်ရပ်ပေါင်းစပ်သော ယက်ရှိ (၉၈) သိန်း ၃၄၉၂၈ ကျပ် ၀၃ ပြား ရရှိနေသည်ဟု သိရပါသည်။ တက္ကသိုလ် ကျောင်းတော်ကြီး နှစ်ကျောင်း ဆောက်လုပ်ရန်အတွက် ဤမျှသော သိန်းပေါင်းရာကျော် ဝတ္ထုငွေများရရှိသည်မှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးကိုယ်တိုင် ဦးဆောင်၍ တိပိဋကဓရ=နိကာယ သာသနာပြုအဖွဲ့ကြီး၏ စည်းရုံးလှုပ်ရှားမှုများကြောင့် ပြည့်စုံအောင်မြင်မှုဖြစ်သည်မှာ ထင်ရှားပေါ်လွင်လျက်ရှိပေသည်။

ဖွင့်လှစ်ခါနီးကျောင်းတော်ကြီးများ

အထက်၌ဖော်ပြခဲ့သည့်အတိုင်း ၁၃၄၂-ခု (၁၉၈၀) ခုနှစ် ပထမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့၍ ယင်းအစည်းအဝေးကြီးမှ သတ်မှတ်ပြဋ္ဌာန်းဆုံးဖြတ်ချက်များအနက် ပရိယတ္တိပညာရေးနှင့်ပတ်သက်၍ စနစ်သစ် ပထမပြန်နှင့် ဓမ္မာစရိယတိပိဋကဓရ ဒွေးချယ်ရေး၊ စနစ်သစ်များနှင့်တကွ ပရိယတ္တိသာသနာ့တက္ကသိုလ် ပညာရေးအထိပေါ်ပေါက်လာခဲ့သည်။ ပရိယတ္တိပညာရေး စီမံကိန်းပါမူဝါဒ သဘောထား နည်းစနစ်များကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးသည် စီမံချက် စည်းမျဉ်းများ အသီးသီး ရေးဆွဲစေ၍ အဆင့်ဆင့် အကောင်အထည် ဖော်လာခဲ့ရာ အရှိန်အဟုန် တိုးတက်မှုများ အဆက်မပြတ် မြင့်မားစေပြီး ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး လုံးလုံးပေါ်စေရန် ဆောင်ရွက်တော်မူခဲ့ရာ ပထမအကြိမ် ဂါးနှစ်သက်တမ်း ကုန်ဆုံးစေခဲ့၍ ဒုတိယအကြိမ် ဂါးနှစ်သက်တမ်း၏ ပထမနှစ်အတွင်းမှာပင် မန္တလေး ရန်ကုန် တက္ကသိုလ်ကျောင်းတော်ကြီးနှစ်ကျောင်း ဖွင့်လှစ်ပေးနိုင်တော့မည်မှာ လပိုင်းခြိန်သာ လိုအပ်နေပါတော့သည်။

ဝမ်းမြောက်ကြည်နူးနေတော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီး

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ မေတ္တာရပ်ခံ တာဝန်ပေးချက်အရ ပရိယတ္တိသာသနာ့ တက္ကသိုလ်ကျောင်းတော်ကြီး နှစ်ကျောင်း (မန္တလေး၊ ရန်ကုန်) ရုပ်လုံးဖော်ပေးရန် ဦးဆောင်တာဝန်ယူခဲ့သော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးသည် မိမိဦးဆောင်သော တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီးကို လက်တွဲခေါ်ကာ နိုင်ငံတော်အရပ်ရပ်မှ ထည့်ဝင်လှူဒါန်းသော အလှူငွေများဖြင့် ဆောင်ရွက်တော်မူလာခဲ့ရာ အကောင်အထည်ဖော် ရုပ်လုံးဖော်နိုင်တော့မည် ဖြစ်သည်။

ကမ္ဘာ့ တက္ကသိုလ်ကြီးများနှင့် အဆင့်တူ ပရိယတ္တိသာသနာ့ တက္ကသိုလ်ကျောင်းတော်ကြီး နှစ်ကျောင်း မြန်မာနိုင်ငံ သာသနာ့လောကဌ မပေါ်ပေါက်စဖူး ထူးထူးခြားခြား အံ့ဖွယ်ရာ ပေါ်ပေါက်လာတော့မည် ဖြစ်၍ ဆရာတော်ကြီးသည် အတိုင်းမသိသော ဝမ်းသာအားရ ကြည်နူးနှစ်သက် ကျေနပ်မှုရှိနေပုံကို ဖူးမြော်တွေ့မြင်ခဲ့ရပါသည်။

ယခုနှစ် ဆရာတော်ဘုရားကြီး၏ မွေးနေ့အကြို ပူဇော်ပွဲနေ့၌ စာရေးသူက "တက္ကသိုလ် ကျောင်းတော်ကြီးများ ဆောက်လုပ်ပြီးစီးမှု၊ ဖွင့်လှစ်ပေးနိုင်မှု အခြေအနေကို သိခွင့်ရှိပါက သိပါရစေဘုရား" ဟု လျှောက်ထားသောအခါ "တပည့်တော်များ ဘက်က လာမည့် တပေါင်းလပြည့်အတွင်း မန္တလေးတက္ကသိုလ်

အဆောက်အဦးများကို အတိုင်းအတာအရ ပြီးစီးလိမ့်မည်ဟု ထင်ပါသည်။ ရန်ကုန်တက္ကသိုလ် အဆောက်အဦးများကိုလည်း တစ်ချိန်တည်းလိုပင် ပြီးစီးနိုင်သမျှ ဆောက်လုပ်ပြီးစီးပါလိမ့်မည်။ ဖွင့်လှစ်နိုင်ဖို့ကတော့ တပည့်တော်များအပေါ်၌မတည်ပါ၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကြီးအပေါ်၌သာတည်ပါသည်"ဟု အားတက်သရော ဝမ်းမြောက်ကြည်သာ မိန့်သည်ကို ကိုယ်တိုင်ကြားနာခဲ့ရပါသည်။

ဤကဲ့သို့ ဆရာတော်ဘုရားကြီး ဦးဆောင်၍ အကောင်အထည်ဖော် ရုပ်လုံးဖော်ဆောင် ပေးနိုင်ခဲ့သော ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၊ မန္တလေး ရန်ကုန်၌ တစ်ကျောင်းစီ မကြာမြင့်မီ ထင်ထင်ရှားရှား ငွားငွားစွင့်စွင့် တင့်တင့်တယ်တယ် အမှန်တကယ် ပေါ်ပေါက်လာပါတော့မည်။

ကမ္ဘာ့နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၏ အဆင့်အတန်းအောက် မနိမ့်ကျသော နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ

ဖော်ပြခဲ့ပါအတိုင်း နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကျောင်းတော်ကြီး နှစ်ကျောင်း မန္တလေးနှင့် ရန်ကုန် တစ်ကျောင်းစီ တည်ဆောက်နေမှု ပြီးလုနီးပါး အခြေနေများနှင့်-

(က) နာယကချုပ်များ (ပါမောက္ခချုပ်များ)

(ခ) ဒုတိယနာယကချုပ်များ (ဒုတိယပါမောက္ခချုပ်များ)

(ဂ) နာယကများ (ပါမောက္ခများ)

(ဃ) ဂဏဝါစကများ (ကထိကများ)

(င) နယဒေသကများ (နည်းပြများ)

ရွေးချယ် ခန့်ထားနိုင်ရန်အတွက် တက္ကသိုလ်ဆရာလောင်း မွမ်းမံသင်တန်း နှစ်ကြိမ်ပေးခဲ့၍ သင်တန်းဆင်းပြီး ဆရာလောင်းများ ၇၀ ကျော် ဂ၀ မှာ အသင့်ရှိနေပြီး ဖြစ်သည်ကို ရေးသားဖော်ပြပြီး ဖြစ်သည့်အပြင် ရန်ကုန်ပရိယတ္တိ သာသနာ့တက္ကသိုလ်အတွက် နာယကချုပ် (ပါမောက္ခချုပ်) ဆရာတော်တစ်ပါးကိုပင် နိုင်ငံတော်သံဃမဟာ နာယက ၄၇-ပါးစုံညီ ထဝည်းအဝေး ဆုံးဖြတ်ချက်အရ ရွေးချယ်ထားပြီး ဖြစ်ကြောင်းကိုလည်း ဖော်ပြခဲ့ပြီးဖြစ်သည်။

ယခု တည်ထောင် ဖွင့်လှစ်မည့် တက္ကသိုလ်အမျိုးအစား တက္ကသိုလ် အဆောက်အဦးများနှင့် ရည်ရွယ်မျော်မှန်းထားချက်များကို အကျဉ်းချုံး ဆက်လက် ရေးသား ဖော်ပြရအုံးမည်ဖြစ်ပါသည်။

ပရိယတ္တိ သာသနာ့ တက္ကသိုလ်အမျိုးအစားများမှာ ကမ္ဘာ့နိုင်ငံများရှိ တက္ကသိုလ်များ၏ အဆင့်အတန်း အောက် မနိမ့်ကျသော တက္ကသိုလ်မျိုးသာဖြစ်စေရမည်။

တက္ကသိုလ် အဆောက်အအုံများမှာ အခြေခံအားဖြင့်-

(က) သင်ကြားရေးဆိုင်ရာ အပိုင်း

(ခ) နေထိုင်ရေးဆိုင်ရာ အပိုင်း

ဟု နှစ်ပိုင်း ခွဲခြားတည်ရှိရမည်။

(က) သင်ကြားရေး အပိုင်းတွင် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံကြီးတစ်ခု ရှိရမည်။ ယင်း အဆောက် အအုံတွင် နာယကချုပ်ဆရာတော် ရုံးခန်းနှင့် မော်ကွန်းထိန်း ဆရာတော် ရုံးခန်းများ တွဲဖက် ထားရှိရမည်။ ဘွဲ့နှင်း သဘင် ခန်းမကို ဘွဲ့နှင်းဓမ္မာရုံဟုလည်း ခေါ်ဆိုနိုင်ပါသည်။ ရန်ကုန်မြို့တွင် မဟာသာပါဏ လိုဏ်ဂူတော်ကြီးကို ဘွဲ့နှင်းဓမ္မာရုံကြီးအဖြစ် အသုံးပြုရန် ရည်ရွယ်ပါသည်။ သင်တန်းဆောင်များ၌ သက်ဆိုင်ရာ ဘာသာရပ် နာယကဆရာတော်များအတွက် ရုံးခန်းများ ပါရှိစေရမည်။ တက္ကသိုလ် စာကြည့်တိုက် အဆောက်အအုံ တစ်ခုကိုလည်း ယင်းသင်တန်းခန်းမ အဆောက်အအုံအနီး တည်ရှိရမည်။ စာကြည့်တိုက် အဆောက်အအုံ၌ တက္ကသိုလ် စာကြည့်တိုက်မှူး ဆရာတော်အတွက် ရုံးခန်း ပါရှိစေရမည်။

(ခ) နေထိုင်ရေးအပိုင်းတွင် နာယကချုပ်ဆရာတော်၊ ဒုတိယ နာယကချုပ် ဆရာတော်၊ မော်ကွန်းထိန်း ဆရာတော်၊ ဘာသာရပ်ဆိုင်ရာ နာယက ဆရာတော်တို့အတွက် ပြင်ပကျောင်း အဆောက် အအုံကြီး တစ်ခု (သို့မဟုတ်) သီးခြားကျောင်းဆောင်များ တည်ရှိစေရမည်။ သင်တန်းသားများ အတွက် ကျောင်းဆောင်များ တည်ရှိစေရမည်။

ဆွမ်းစား‌ကျောင်း၊ မီးဖို‌ဆောင် (မီးတင်း‌ကုပ်) စသည်များ‌ကိုလည်း ထား‌ရှိ‌ရမည်။ နေထိုင်‌ရေး‌အဆောက်‌အအုံ ပတ်ဝန်း‌ကျင်၌ ခဏ္ဍသိမ် တစ်လုံး ရှိ‌စေ‌ရမည်။ ရန်‌ကုန်‌မြို့တွင် သာသနာ ၂၅၀၀-ပြည့် အထိမ်း‌အမှတ် မဟာသိမ်‌တော်‌ကြီး‌အား မွမ်း‌မံ‌ပြင်‌ဆင်၍ အသုံး‌ပြု‌ရမည်။

မဟာဌာန‌ကြီး‌များ

ပရိယတ္တိ သာသနာ့‌တက္ကသိုလ် ကျောင်း‌တော်‌ကြီး၌ (၁) ဝိနယ‌မဟာဌာန
(၂) သုတ္တန်တ‌မဟာဌာန
(၃) အဘိဓမ္မ‌မဟာဌာန
(၄) ပိဋကစာပေ‌မဟာဌာန
(၅) သာသနာ့‌သမိုင်း‌မဟာဌာန
ဟူ‌သော လောလောဆယ် မဟာဌာန‌များ ၅-ဌာန ထား‌ရှိ‌မည်‌ဟု သိရ‌ပါ‌သည်။ နောင်‌တွင် အခါ‌အား‌လျော်‌စွာ မဟာဌာန‌များ‌ကို တိုး‌ချဲ့‌သွား‌နိုင်‌သည်‌ဟု‌လည်း သိရ‌ပါ‌သည်။

မဟာဌာန‌တစ်‌ခု‌စီ‌ကို နာယက‌ဆရာ‌တော်(ပါ‌မောက္ခ‌ဆရာ‌တော်) တစ်‌ပါး‌စီက တာဝန်‌ယူ ဦး‌ဆောင် သင်‌ကြား ပေး‌သွား‌ရမည်။ နာယက‌ဆရာ‌တော်(ပါ‌မောက္ခ‌ဆရာ‌တော်)၏ လက်‌အောက်‌တွင်‌ကထိက(ဂဏဝါစက)ဆရာ‌တော်၊ နည်း‌ပြ(နယ‌ဒေသက)ဆရာ‌တော်‌များ ရှိ‌ရမည်။ ယင်း‌ဌာန တစ်‌ခု‌စီ၌ ရုံး‌နှင့် ရုံး‌ဝန်‌ထမ်း‌များ‌လည်း ရှိ‌ရမည်။

ပရိယတ္တိ သာသနာ့‌တက္ကသိုလ်၌ သင်‌ကြား‌ရမည့် ဘာသာ‌ရပ်‌များ၏ နှစ်‌ကန့်‌သတ်‌ပိုင်း‌ခြား‌ချက်‌များ

ဘာသာ‌ရပ်‌များ နှစ်, ပိုင်း‌ခြား ကန့်‌သတ်‌ရာ‌တွင် ပရိယတ္တိ ပညာ‌ရေး စီမံ‌ကိန်း၌ ဖော်‌ပြ ထား‌သော ဘာသာ‌ရပ်‌များ‌နှင့် နှစ်, ခွဲ‌ခြား‌မှု‌ကို အခြေ‌ခံ‌ရမည်။ ယင်း စီမံ‌ကိန်း၌—

(က) ဓမ္မာစရိယ‌တန်း (ဝိဇ္ဇာ)
(ခ) မဟာ ဓမ္မာစရိယ‌တန်း (မဟာဝိဇ္ဇာ) ဟူ၍ နှစ်‌မျိုး ပိုင်း‌ခြား‌ထား‌သည်။
(က) ဓမ္မာစရိယ‌တန်း‌အ‌တွက် လေး‌နှစ် ခွဲ‌ခြား သတ်‌မှတ်‌ထား‌သည်။ ပထ‌မ‌နှစ်၌ ဝိနည်း၊



သုတ်တန်၊အဘိဓမ္မာ သုံးရပ်စလုံးနှင့် ဆက်ဆိုင်သော ပါဠိတော်၊အဋ္ဌကထာ ကျမ်းဂန်များ သွားလာနည်းဆိုင်ရာ အခြေခံ ဂန္ထန္တရကျမ်းစာများကို သင်ကြားရမည်။

(နိယံ၊ ဝါကျ၊ အတွက်၊ အတက်၊ဥာဿ်ကောက်၊ နေတ္တိ စသည်များ) ဖြစ်သည်။

ဒုတိယနှစ်၌ ပါရာဇိကဏ် ပါဠိတော် အဋ္ဌကထာကို သက်ဆိုင်ရာ ဋီကာများနှင့်တကွ ပြဋ္ဌာန်းသင်ကြားပေးရမည်။ တတိယနှစ်၌ သုတ်သီလကွန် ပါဠိတော် အဋ္ဌကထာကို သက်ဆိုင်ရာ ဋီကာများနှင့်တကွ ပြဋ္ဌာန်းသင်ကြားပေးရမည်။ စတုတ္ထနှစ်၌ ဓမ္မသင်္ဂဏီ ပါဠိတော် အဋ္ဌသာလိနီ အဋ္ဌကထာများကို သက်ဆိုင်ရာ ဋီကာများနှင့် တကွ ပြဋ္ဌာန်းသင်ကြား ပေးရမည်။

ဘွဲ့ပေးရမည့် စတုတ္ထနှစ်၌ စာတမ်းကို ရေးသားတင်ပြရမည်ဟု သိရပါသည်။ ဤသည်မှာ တက္ကသိုလ် ဓမ္မာစရိယတန်း(ဝိဇ္ဇာ) တန်း သင်ယူရမည် ဖြစ်သည်။

(ခ) မဟာဓမ္မာစရိယတန်း၌ ရေးပြေ ၂-နှစ်၊ ကျမ်းပြု ၃-နှစ် သတ်မှတ်ထား၍ ၅-နှစ် လေ့လာသင်ကြားရမည်။ ယင်းတက္ကသိုလ်ကြီးများ စတင်ဖွင့်လှစ်သောအခါ မဟာဓမ္မာစရိယတန်းကို ရွေးဦးစွာ လက်ခံသင်ကြားပေးရမည်ဟုလည်း သိရပါသည်။

စိမံခန်ခွဲရေးအဖွဲ့ ပညာပေးသင်ကြားရေးအဖွဲ့များ

တက္ကသိုလ် စိမံခန်ခွဲရေးအဖွဲ့နှင့် တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့ နှစ်ခုလုံးကို နာယကချုပ်က ဥက္ကဋ္ဌအဖြစ်၊ ဒုတိယနာယကချုပ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။ ယင်းအဖွဲ့များတွင် မော်ကွန်းထိန်းဆရာတော်၊ စာကြည့်တိုက်မှူး ကိုယ်စားလှယ်ဆရာတော်၊ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ် ဆရာတော်၊ ဘာသာရပ်ဆိုင်ရာ နာယကဆရာတော်များကိုယ်တိုင်ပါဝင်ရမည်။ ယင်းအဖွဲ့များအထက်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် ပညာရေးအဖွဲ့ယေ ရှိရမည်။



ဌာနခွဲများ၊ ဌာနစိုးများ၊ ဌာနဗိတ်များ

နာယကချုပ်နှင့် ဒုတိယနာယကချုပ် ဆရာတော်များအောက်၌-

(က) စီမံခန့်ခွဲရေးဌာနခွဲ
(ခ) စာကြည့်တိုက်ဌာနခွဲ
(ဂ) သင်ကြားရေးဌာနခွဲ

များရှိ၍ ဌာနခွဲမှူးများလည်း ရှိရမည်။ ယင်းဌာနခွဲများအောက်၌ မော်ကွန်းထိန်းဌာနစု၊ နဝကမ္မလုပ်ငန်းဌာနစု၊ အာရုံမှူးဌာနစုများနှင့် ဌာနစုမှူးများလည်း ရှိရမည်။

ဌာနစုအောက်၌ စာသင်သားရေးရာ (ကျောင်းသားရေးရာ) ဌာနဗိတ်၊ စာမေးပွဲရေးရာ ဌာနဗိတ်၊ သင်ကြားမှုရေးရာ ဌာနဗိတ်တို့လည်း ရှိရမည်။ ယင်းဌာနခွဲ၊ ဌာနစု၊ ဌာနဗိတ်များ၌ လူပုဂ္ဂိုလ် ဝန်ထမ်းများလည်း ရှိရမည်။ အားလုံးသည် ထေရဝါဒဗုဒ္ဓဘာသာဝင်များသာ ဖြစ်ရမည်၊

မဟာဓမ္မာစရိယ (မဟာဝိဇ္ဇာ) ဘွဲ့ယူနိုင်သော ဘာသာရပ်များ

(က) ပင်ရင်းပိဋကစာပေများ။ ဝိနယဘာသာ၊ သုတ္တန္တဘာသာ၊ အဘိဓမ္မာဘာသာရပ်များဖြင့် မဟာဓမ္မာစရိယဘွဲ့ (မဟာဝိဇ္ဇာဘွဲ့)ကို ယူနိုင်သည်။

(ခ) ပိဋကစာပေဘာသာများ။ ပိဋကဆိုင်ရာပါဠိစာပေ၊ ပိဋကဆိုင်ရာမြန်မာစာပေ၊ ပိဋကဆိုင်ရာအင်္ဂလိပ်စာပေသုံးမျိုးအနက် ဘာသာတစ်ခုစီဖြင့် မဟာဓမ္မာစရိယဘွဲ့ (မဟာဝိဇ္ဇာ) ဘွဲ့ကို ယူနိုင်သည်။

(ဂ) သာသနာ့သမိုင်း သာဘာများ။ ဗုဒ္ဓ သာသနာ့သမိုင်း၊ ပိဋကသမိုင်း ကဝိလက္ခဏာဘာသာသမိုင်း၊ ကမ္ဘာ့ကိုးကွယ်မှု ဘာသာသမိုင်း လေးမျိုးတို့အနက် တစ်ခုခုဖြင့် မဟာဓမ္မာစရိယဘွဲ့ (မဟာဝိဇ္ဇာဘွဲ့) ကို ယူနိုင်သည်။

ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး၏ ရည်ရွယ်ချက်များ

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် တည်ထောင် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များမှာ

(က) ဂိုဏ်းပေါင်းစုံ သံဃာတော်တစ်သိန်းခန့်တို့၏ ဆန္ဒနှင့်အညီ နိုင်ငံတော် သံဃ့မဟာနာယကအဖွဲ့က အပတ်တကုတ် ကြိုးစားအားထုတ် လျက်ရှိသော သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး အတွက် အထက်တန်းကျကျ ပညာရေး ဆောင်ရွက်ရန်၊



(ခ) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ချမှတ်ထားသော ပရိယတ္တိပညာရေးဆိုင်ရာ မူလေးချက်ဖြစ်သော

(၁) အကျင့်သိက္ခာမြင့်မားစေရန်
(၂) ပိဋကတ်ကျမ်းစာနှံ့စပ်စေရန်
(၃) ပါဠိဘာသာတတ်မြောက် ကျွမ်းကျင်စေရန်
(၄) မြန်မာစာ အရေးအသား ဟော်ကောင်းစေရန်

ဟူသော အရည်အသွေးနှင့် ပြည့်စုံသော် ရဟန်းသံဃာတော်များ ပေါ်ထွက်လာစေရန်

(ဂ) ပြည်တွင်းပြည်ပတို့၌ သာသနာပြု စွမ်းနိုင်သော သူတော်ကောင်း ရဟန်းတော်များ ပေါ်ထွက်လာစေရန်

(ဃ) ဗုဒ္ဓမြတ်စွာ သာသနာတော်ကို မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌သာမက နိုင်ငံတကာသုံး၌ပါ ပြန့်ပွားထွန်းကားလာစေရန်

(င) ပိဋကသုံးသွယ် နိကာယ်ငါးရပ်တို့၌ တည်ရှိနေသော ကြီးပွားတိုးတက် ချမ်းသာရေး နည်းလမ်းများ၊ ငြိမ်းချမ်းရေး နည်းလမ်းများကို ဖော်ထုတ်၍ လူသားလောကတစ်ခုလုံး အကျိုးဖြစ်ထွန်းလာကောင်း ဆောင်ရွက်ပေးရန်

(စ) ကမ္ဘာပေါ်၌ လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ကိလေသာမစ္ဆရိယ စသော တရားဆိုးများကြောင့် ဖြစ်ပေါ်လာရသော စစ်ပွဲအမျိုးမျိုး ချုပ်ငြိမ်းစေ၍ ဒေသဆိုင်ရာ ငြိမ်းချမ်းရေးများ ရရှိစေရန်

(ဆ) လူသားမျိုးဆက် တစ်ခုလုံး ပျက်ပြုန်းသွားစေနိုင်မည့်ကမ္ဘာဖျက်အကာ့မြူစစ်ပွဲကြီးများ ဖြစ်ပွားမလာအောင် ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်ကို ဗုဒ္ဓတရားတော်ဖြင့် အလင်းရောင်ပေးရန်

(ဇ) အဖျက်စွမ်းအားကို ဖန်တီးနေကြသည့် သိပ္ပံပညာရှင်ကြီးများ အနေဖြင့် ဆင်ခြင်တုံတရား ရှိလာပြီး၊ အပြုစွမ်းအားများကိုသာ လုပ်ဆောင် လာကြစေရန်အတွက် ဗုဒ္ဓ ဓမ္မ အမြင်သစ်များ ရရှိလာစေရန်နှင့် လူသားတိုင်း မလွဲမသွေ တွေ့ကြုံနေရသော ပဋိသန္ဓေ နေခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲတို့မှ အမှန်တကယ် ထာဝစဉ် ကင်းလွတ်ရေးအတွက် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များကို ကမ္ဘာအနှံ့ ဖြန့်ချိပေးရန် စသည်တို့ ဖြစ်ပေသည်။

ဤသည်တို့မှာ ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး တည်ထောင်ဖွင့်လှစ်ရာ၌ အဓိကကျသော ရည်ရွယ်ချက်များ ဖြစ်ပေသည်။



ဖွင့်လှစ်လုဆဲဆဲ ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတော်ကြီး နှစ်ကျောင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ တက္ကသိုလ်ကြီးများနှင့် ရင်ဘောင်တန်း အဆင့်မီသော ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဖြစ်ပါသည်

(က) တက္ကသိုလ်ကြီးများ၏ တည်ဆောဉနမှာ ရှေးဟောင်းမြို့တော်ဖြစ်သော မန္တလေးနေပြည်တော်နှင့် မျက်မှောက်ခေတ် မြို့တော်ဖြစ်သော ရန်ကုန် နေပြည်တော် ဖြစ်၍ တည်နေရာအားဖြင့်လည်း အဆင့်အတန်း မီပါပေသည်။

(ခ) ကျောင်းတော်ကြီးများ ပုံစံမှာ သင်ကြားရေးဆိုင်ရာ အပိုင်း၊ နေထိုင်ရေး ဆိုင်ရာ အပိုင်း၊ နှစ်ပိုင်း ခွဲခြား၍ စာသင်ဆောင်ကြီးများ၊ ပါမောက္ခချုပ်၊ဒုတိယပါမောက္ခချုပ်၊ ကထိက ဆရာတော်များ အသီးသီး၏ ရုံးခန်းများ၊ တက္ကသိုလ်စာသင်သားရဟန်းတော်တို့၏ သီတင်းသုံးနေထိုင်ရာ ကျောင်းဆောင်ကြီးများ၊ ဆွမ်းစား ဆောင်များ၊ ပန်းခြံ၊ ရေကန်များ၊ ကံကြီး ကံငယ်ပြုရာ သိမ်တော်ကြီးများ၊ ဘွဲ့ယူရာ ဘွဲ့နှင်းသဘင် ခန်းမများ စသည်ကိုဖြင့် တက္ကသိုလ်အင်္ဂါရုပ် ညီညွတ် ပီသသော ကျောင်းတော်ကြီး ပုံစံများ ဆောက်လုပ်ထား၍လည်း ကမ္ဘာ့စံချိန် မီပါသည်။

(ဂ) မဟာဌာနကြီးများမှာလည်း ဝိနယ မဟာဌာန၊ သုတ္တန္တ မဟာဌာန၊ အဘိဓမ္မ မဟာဌာန၊ ပိဋကစာပေ မဟာဌာန၊ သာသနာ့သမိုင်း မဟာဌာန ဟူ၍ မဟာဌာနကြီး ၅-ဌာနနှင့် ဖွင့်လှစ် တည် ထောင် ထား၍ လည်း ကမ္ဘာ့ တက္ကသိုလ်စံချိန်ကို အပြည့်အဝ မီလှပေသည်။ နောင်တွင် မဟာဌာနများကို တိုးချဲ့သွားနိုင်ရန်လည်း ဥပဒေက ခွင့်ပြုထားပေသည်။

(ဃ) နာယကချုပ် (ပါမောက္ခချုပ်)၊ ဒုတိယနာယကချုပ် (ဒုတိယ ပါမောက္ခချုပ်)၊ နာယက ဆရာတော်များ (ပါမောက္ခ ဆရာတော်များ)၊ ဂဏဝါစက ဆရာတော်များ၊ (ကထိက ဆရာတော်များ)၊ နယဒေသက ဆရာတော်များ (နည်းပြ ဆရာတော်များ)၊ စသော အရည်အချင်းပြည့် ပညာရှင်ရဟန်းတော်များ၊ ပြင်ပမှ လူပုဂ္ဂိုလ် ဥပ္ပဋ္ဌပညာရှင်များက အဆင့်ခွဲခြားသတ်မှတ် အုပ်ချုပ်သင်ကြား သွားမည် ဖြစ်၍လည်း ကမ္ဘာ့တက္ကသိုလ်များ အဆင့်အောက် ဘယ်နည်းနှင့်မျှ မနိမ့်ကျနိုင်ပေ။

(င) မော်ကွန်းထိန်း ဆရာတော်များ၊ စာကြည့်တိုက်မှူး ဆရာတော်များဖြင့် စာမေးပွဲ စီစဉ်မှုများ၊ တက္ကသိုလ်ပြဌာန်းချက် စာအုပ် စာတမ်း၊ မိဇြမ်းပြု စာအုပ် စာတမ်း စသည်များ အပြည့်အစုံ စီစဉ်ဆောင်ရွက်မှုရှိနေမည် ဖြစ်၍လည်း ကမ္ဘာ့ တက္ကသိုလ်များနှင့်မခြား တစ်မူ ထပ်တူညီမျှနေပေသည်။

(စ) အုပ်ချုပ်ရေး အဖွဲ့အစည်း၊ သင်ကြားရေး အဖွဲ့အစည်းဟူ၍ ခွဲခြားဆောင်ရွက်သွားမည် ဖြစ်၍လည်း ကမ္ဘာ့ တက္ကသိုလ်ကြီးများနှင့် ပုံစံ ထပ်တူထပ်မျှ ဖြစ်နေပေသည်။

(ဆ) အုပ်ချုပ်ရေး ကဏ္ဍ၊ သင်ကြားရေး ကဏ္ဍများ၌ ဌာနခွဲမှူး ဆရာတော်များ၊ ဌာနစုမှူး ဆရာတော်များ၊ ဌာနစိတ်မှူး ဆရာတော်များ၊ ဌေစာရင်းအင်း နဝကမ္မ အုပ်ချုပ်မှူး ဆရာတော်များနှင့် လူဝတ်ကြောင် စာရေး စာချီ စသည် များဖြင့် လှုပ်ရှားဆောင်ရွက် သွားမည် ဖြစ်၍လည်း ကမ္ဘာ့ တက္ကသိုလ်ကြီးများနှင့် မကွဲမခြား တသားတည်း တူညီနေမည် ဖြစ်ပေသည်။

အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း အဆောက်အအုံ ပုံစံ၊တည်နေရာ မြို့တော်၊ အုပ်ချုပ်ရေး အနေအထား၊ သင်ကြားရေးအဆင့်၊ ဘွဲ့ဒီဂရီ၊ မဟာဝိဇ္ဇာဘွဲ့အထိ အဆင့် ရှိနေ သဖြင့်လည်း ကမ္ဘာ့ တက္ကသိုလ်ကြီးများ အဖြစ် စံချိန်ကိုမမီပါဘူးဟု မည်သူတစ်စုံတစ်ယောက်က ပြောဆိုရဲပါမည်နည်း။ ကမ္ဘာ့တက္ကသိုလ်များအဆင့်ကို မီပါပေသည်ဟုသာ ဝန်ခံပြောဆိုရမည် ဖြစ်ပါပေသည်။

သီရိဝေလာ

နေလအာသွင်တည်စေသတည်း

နတ်ဖောက်အာရှင်သုစိတ္တာသာရ

နှစ်ဆူသော ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ

"ကမ္ဘာဦးက စတင်ပေါ်ပေါက်ခဲ့သော နေလ နှစ်ပါးတို့သည် ယနေ့တိုင် တည်ရှိနေသေး၏။ နောင်လည်း နှစ် သန်းပေါင်းများစွာ တည်ရှိပေလိမ့်ဦးမည်။"



(၁)

ရန်ကုန် ပရိယတ္တိ သာသနာ့တက္ကသိုလ်

ရန်ကုန်မြို့ ဟူသော အမည်သည် ကုန်းဘောင် မင်းဆက်ကို စတင် တည်ထောင်သော အလောင်း မင်းတရားကြီး ဦးအောင်ဇေယျ နှုတ်မြွက် မှည့် ခေါ်ခဲ့သော အမည်ဖြစ်၏။ ရန်ဟူသမျှ ကုန်ခန်း ရာမြို့=ရန်အပေါင်းကို နှိမ်နင်းကြိတ်ခဲ့ မှုန့်မှုန့် ညက်ညက်ခြေ၍ ကုန်လေပြီးသော မြို့ဟု ဆိုလို၏။ ရန်ကုန်မြို့တော်၌ပင် သာသနာ့သမိုင်း တွင်ရစ် စေသော ဆဋ္ဌသံဂါယနာ ပွဲမဟာကို ကျင်းပခဲ့ လေ၏။ အတိုင်းတိုင်း အပြည်ပြည်မှ ထီးဆောင်း မင်းများ ဘေးမသီ ရန်မခ ကြွရောက်ဖူးမြော်ခဲ့ အား ပေးခဲ့ကြသော ဇာကယ်ပွဲကြီးမဟာပေတည်း။

သာသနာတော်၏တန်ခိုး၊ မင်းအပေါင်းတို့၏ ဘုန်းကံ ဂျိန္နစ်ပါးတို့ကြောင့် သံဂါယနာ အောင် ပွဲ ခံခဲ့ကြရပေသည်။

ယခုအခါ ဤသံဂါယနာ ပွဲကြီး ကျင်းပရာ ကမ္ဘာအေး ကုန်းမြေ သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော်၏အနီး၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးသည် အံ့ခြီးဖွယ်ရာ ပေါ်ပေါက်ခဲ့၏။ ဤစာက္ကသိုလ်ကြီးကြောင့်ပင် ဗုဒ္ဓဘာသာ မြန်မာ တို့သည် ဘာသာသွေးများ နွေးထွေးလာကြ၏။ သဒ္ဓါတရားများ ရဲရင့်လာကြ၏။ ဘာလှုရမလဲ၊ ဘယ်အတွက် လှုရမလဲ ဟူ မေးမြန်းကာ တစ်သောင်း လှူသူ၊ တစ်သိန်း လှူသူ၊ အို ဆယ်သိန်း လှူသူ၊ သိန်းနှစ်ဆယ်၊ သိန်းသုံးဆယ် လှူသူတို့ပင် ပေါ်ပေါက်ခဲ့လေတော့သည်။

ကမ္ဘာဦးက နေမင်း (သူရိယ) ပေါ်ထွက်လာ သောအခါ လူသားတို့သည် ရဲရင့်ခြင်း စိတ်ဓာတ် များ တဖျတ်ဖျတ် အဟပ်ခံရပြီး ရဲရင့် ပြတ်သား လာသကဲ့သို့ ရန်ကုန်မြို့နေ ဗုဒ္ဓဘာသာတို့သည် ရဲရင့်လာကြကုန်၏။ ဝမ်းသာအားရ လာကြကုန် ၏။ ဤသူတို့၏ အလှူကို နမူနာယူကြ၍ ကြား ကြားသမျှ မြင်မြင်သမျှ ရှင်လူ အပေါင်းတို့သည် လည်း ရဲရင့်ခြင်းဓာတ်တွေ လျှပ်စစ်ဓာတ်ကူးဆက် သကဲ့သို့ တစ်ဟုန်ထိုး ဆက်ဆွယ်မိကြကာ လှူကြ လေတော့သည်။

မလှူရ မနေနိုင်အောင်ပင် နေ့ညမစဲ အံ့အဲ့ မကုန် သိမ့်သိမ့်တုန် မြေမိုးထိမျှ လှူဒါန်းကြပါ သတည်း။

ရန်ကုန်မြို့တော်ရှိ "နိုင်ငံတော် ပရိယတ္တိ သာ သနာ့ တက္ကသိုလ်ကြီးသည် ဆဋ္ဌသံဂါယနာတင်ရာ မဟာပါသာဏ လိုဏ်ဂူ၏အနီး၌ တည်ရှိနေသဖြင့် တက္ကသိုလ်၌ ကြွရောက် ပညာသင်ယူကြမည့် တက္ကသိုလ် ရဟန်းတော်များသည် သံဂါယနာ မထေရ်တို့၏ သာသနာ ချစ်စိတ်ဓာတ်ကို အား ကြီးသော အရှိန်ဖြင့် ကူးယူရရှိနိုင်စွမ်း ရှိပေသည်။ ဤစိတ်ဓာတ်ပိုင်ရှင်တို့ကား ဗုဒ္ဓအမွေကို မပျောက် လေအောင် စောင့်ထိန်းနိုင်ကြပေ၏။

တက္ကသိုလ်က ပေးသော သာသနာ့ရ ပညာ အဝဝတို့ဖြင့် မြတ်ဗုဒ္ဓ၏ မုခပါဌ်တော် များ မပျောက်မပျက်အောင် ကြံစည် ထိန်းသိမ်းခြင်း၊ ပြန့်ပွားအောင် ဆောင်ရွက်ခြင်းတို့ဖြင့် ဗုဒ္ဓ သာ သနာတော်ကြီးသည် နေမင်းကြီးပမာ ကမ္ဘာချဉ်း အောင် တည်ထွန်းနိုင်ပေလိမ့်မည်။

(၂)

မန္တလေးမြို့ ပရိယတ္တိ သာသနာ့ တက္ကသိုလ်

ရတနာပုံ မန္တလေးမြို့သည် ကုန်းဘောင်မင်း ၁၁ ဆက် အနက်မှ ဆယ် ဆက်မြောက် ဘဝရှင် မင်းတုန်းမင်းတရားကြီး တည်ထောင် ဖန်ဆင်း တော်မူခဲ့ခြင်း ဖြစ်၏။

ဗုဒ္ဓဘာသာ မင်းဆက်များဖြစ်သည့်အား လျော်စွာ မြို့နန်း တည်ရာမှာပင် ဗောဓွင် ခုနှစ်ပါးကို အမှူးထား လျက် ခုနစ်ဌာနပန္နက်ချ၍ တည်ဆောက်ခဲ့၏။ တစ်ခုသော ပန္နက်တော် ကား လောက မာရဇိန် စေတီတော်ပင် ဖြစ်သတည်း။

ထိုစေတီကား တင့်တယ်လှ၏။ သပ္ပာယ်လှ၏။ ခံ့ညားလှ၏။ တည်ကြည်လှ၏။ ပုဂံမင်းတို့၏ ရွှေစည်းခုံ ပုန်းအတူ အားမာန် သတ္တိ ဗိသုကာပညာ အပြည့် ရှိပါပေ၏။ ထို့ထက်သော်ကား ဘုရား စေတီရိပ်ရှိ လိုဏ်ဂူပေါင်း ၂၃၀ တို့ဖြင့် အတင့် အတယ် အခိုင်အမာ ကိုးကွယ် ပူဇော်ထားသော ဓမ္မစေတီ ကျောက်စာတော်တို့ကား ကမ္ဘာ့ အကြီး ဆုံး စာအုပ်ကြီးဟူ၍ ပြောစမှတ်ပြုလောက်အောင် ဂုဏ်ယူလောက်ပါပေ၏။ အံ့ချီးလောက်ပါပေ၏။

ဤလောက မာရဇိန် ကုသိုလ်တော် ပရဝုဏ် အတွင်း၌ သစ်ရိပ်ကို တည်းခိုမည်လော၊ ဘုရား ရိပ်ကို တည်းခိုမည်လော၊ ရ၏။ ထို့ထက် တရား ရိပ်ကို တည်းခိုဦးမည်လော၊ ရနိုင်ပြန်ပါပေ၏။ ဤနေရာရှိ ပဉ္စမသံဂါယနာတင် ကျောက်စာ တော်များကို ဖတ်ရှုမှတ်သား၍ ပြီးစီးလျင် ကမ္ဘာ့ အဆင့်အတန်းမီ တည်ထောင် ဖွင့်လှစ်နေပြီ ဖြစ်သော ''မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်'' သို့ ခြေလှမ်း တစ်ဟောင် သွားရုံဖြင့် ရောက်နိုင်ပေ၏။ ဤနေရာကား ရှေးမြန်မာမင်း တို့ ကောင်းမှုပြုရာ ဘူမိနက်သန် နေရာမှန်ပေ တည်း။

တက္ကသိုလ် ရဟန်းတော်များပြင့် စည်ကား နေပြီဖြစ်သော မန်း သာသနာကား တစ်ခေတ် ဆန်း သစ်ခဲ့ပါလေပြီ။ ရတနာတို့ စုပုံစုဝေးရာ ဖြစ်သောကြောင့် ''ရတနာပုံ'' ဟူ၍ မှည့်ခေါ်ခဲ့သော ဘဝရှင် မင်းတုန်းမင်းတရားကြီး၏အာဏာဆန္ဒကား သူ၏ သား, မြေး, မြစ်, နိုင်ငံသားတို့၏ ဆက်ခံမှု ကြောင့် စနှစ်လမင်းကြီးပမာ ကင်တယ် ထယ်ဝါ ပေါ်ခဲ့ပါလေပြီ။

လမင်းကြီးနှင့်တူသော ဤတက္ကသိုလ်ကြီး ပေါ်ပေါက်လာမှုကြောင့် မြန်မာနိုင်ငံတဝှမ်းလုံး၌ ဗုဒ္ဓဘာသာဝင် ရှင်လူ အပေါင်းတို့သည် လက်ပန်းပေါက် ခတ်မှု အံ့သြစမ်းသာကြလျက် ဘဝရှင်၏ မြေးမြစ်များ ပီသစွာ လှုဒါန်း ကြပြန်လေသည်။ ကျောင်း တစ်ဆောင်လုံး လှူသူ၊ ကျောင်း တစ်ဆောင်၏ ထက်ဝက်ကို လှူသူ စသည်ဖြင့် ဒါန ပါရမီရှင် ဆုလက်မှတ်ကို အရအမိ ယူလိုက်ကြလေသည်။

(၃)
နေ လ အတူ တက္ကသိုလ် နှစ်ဆူ

ဩော်.... လွတ်လပ်သော သမ္မတ မြန်မာနိုင်ငံတော် ခေတ်ဝယ် နေလ အသွင် ပေါ်ထင်လာသော သာသနာ့တက္ကသိုလ်ကြီး နှစ်ခုကား အားရဖွယ်ကြီး ဖြစ်ပါပေ၏။

ကမ္ဘာဦး သူတို့သည် နေလ နှစ်ပါး ထင်ရှားဖြစ်ပေါ်လာသောအခါ အားရဝမ်းသာကြသကဲ့သို့ ထို နေလနှစ်ပါး အသွင်ရှိသော တက္ကသိုလ်ကြီး နှစ်ခု ပေါ်ပေါက်လာသော ယခုအခါဝယ် ကျွန်ုပ်တို့ မြန်မာပြည်သူတို့သည် ရွှင်လန်း အားရကြပါကုန်၏။ ဝမ်းပန်းတသာ လှူဒါန်းကြပါကုန်၏။ ပိသားစု အလိုက်၊ ကျေးရွာ အလိုက်၊ မြို့နယ် အလိုက်၊ တိုင်းအလိုက်၊ ပြည်နယ်အလိုက် လှူဒါန်းကြသည်တို့မှာ မဖြစ်ဖူး သေးသော သဒ္ဓါတရားများဖြစ်ခဲ့ကြ၍ မလှူဖူးသေးသော အစီအစဉ်ဖြင့် လှူဒါန်းပူဇော်ခဲ့ကြခြင်းပင် ဖြစ်ပါတော့သည်။

ဤသို့လှူဒါန်းကြသဖြင့် ပေါ်ပေါက်လာသော ''တက္ကသိုလ် ညီနောင် နှစ်ပါးတို့သည် တက္ကသိုလ်၏ ဝုဏ်သိက္ခာကို ဆောင်နိုင်ဝါစေသတည်း။'' ထိုဂုဏ်သိက္ခာဖြင့်ပင် ဝုဠမြတ်စွာ သာသနာနှင့် ဒေသနာတော်တို့ကို ကမ္ဘာတလွှား ပျံ့နှံ့သွားအောင် ဆောင်ရွက် နိုင်ကြပါစေသတည်း။

နတ်ေစာက် အရှင်သုဓံသဘာရ

ထတိုယဆုံးနှစ်ခရီး ၁၄၃၇

တခုသော တနင်္ဂနွေနေ့၌ ကျွန်မသည် ကိုးမိုင် မဟာစည် သာသနာ့ရိပ်သာမှ သီလဆောက်တည် တရားအားထုတ်ပြီး ပြန်လာခဲ့သည်။ တနင်္ဂနွေနေ့တိုင်း ဤလောကုတ္တရာကိစ္စကို ကြိုးပမ်းပြုလုပ်ရပါသည်။

ထိုတနင်္ဂနွေက ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးကဝိ●ဇ က ဗာကုလ သုံတွဏ်တရားတော်ကို ဟောကြားလိုက်မါသည်။ အာရောဂျ ပရမာလာဘာ-ဟူသော စကားအရ လူ့ဘဝတွင် ကျန်းမာရေးထက် လိုလားအပ်သော ဆုမရှိနိုင်တော့ပါပေ၊ ဗာကုလမထေရ်ကြီး၏ စေတနာ သဒ္ဓါတရားနှင့် ကုသိုလ်ဒါနအကျိုးပေးပုံကို ကျွန်မအားကျမိပါသည်။

မြန်မာဗုဒ္ဓဘာသာတိုင်းက "အနာမဲ့သူ ရှင်ပါကူ" ဟူသော စကားကို ကြားဖူးကြမည်ဖြစ်သော်လည်း ရှင်ဗာကုလအကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်း သိချင်မှ သိကြပေမည်ဟု တွေးတောမိပါသည်။

ကျွန်မ ရိပ်သာတွင် ရှိနေဆဲ၊ မင်းကွန်းတိပိဋကနိကာယသာသနာပြု အဖွဲ့ ဥက္ကဋ္ဌကြီးဒေါက်တာသာလှ ကျွန်မတို့အိမ်သို့ ရောက်လာပြီးစာတစ်စောင်ပေးခဲ့ကြောင်း သိရပါသည်။ ထိုစာကား မင်းကွန်းတိပိဋကနိကာယသာသနာပြုအဖွဲ့၏ "သုံးနှစ်ခရီး" စာစောင်တွင် ဆောင်ပါးတစ်ခု ရေးသားပေးပို့ရန် အကြောင်းကြားစာ ဖြစ်ပါသည်။ အထက်ပါ အဖွဲ့ကြီး၏ ဦးစီးဦးဆောင် ဆရာတော်ကြီးကား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးပါတည်း။



ဆရာဝန်ကြီးဦးသာလှနှင့်ခွေးနွားခြင်း

ဆရာတော်ဘုရားကြီးကား ဗုဒ္ဓသာသနာတော်အတွက် အားအထားရဆုံး ပုဂ္ဂိုလ်တစ်ပါး၊ မြန်မာနိုင်ငံတွင် တိပိဋကခရစ္စာကို ဦးစွာပထမ ဆွတ်ခူးတော်မူခဲ့သော ပုဂ္ဂိုလ်ထူး၊ ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းများကား လက်ညှိုးထိုးမလွဲ၊ ရေတွက်မနိုင်အောင် များပြားလှပါသည်ဟု ဆိုသော်ကား မှားအံ့မထင်။ အားလုံးကိုလေ့လာစုပေါင်း ရေးသားမည်ဆိုပါက ကျမ်းကြီးအစောင်စောင်ပင် ဖြစ်နိုင်ပါသည်၊ မည်ကဲ့သို့သော ဆောင်းပါးဖြင့် ဆရာတော်ကြီးအား ပူဇော်ရပါမည်နည်းဟု ကျွန်မ တွေးရပါသည်။ တွေးနေ၍မရ၊ ဆရာဝန်ကြီးဦးသာလှ (ဥက္ကဋ္ဌ) ထံ ချဉ်းကပ်မှတော်တော့်မည်ဟု ဆရာကြီးရှိရာ နယူးလင်းလမ်းသို့ အရောက်သွားလိုက် ပါတော့သည်။

ဆရာကြီးကလည်း အငြိမ်းစားယူပြီး နိကာယ်သာသနာပြုလုပ်ငန်းကို ဇောက်ချ၍ လုပ်ကိုင်ဆောင်ရွက်ကုသိုလ်ရှာနေသူ ဖြစ်ရကား။

"ဆရာ-ကျွန်မ ဘယ်လိုဆောင်းပါးနှင့် ပူဇော်ယင်ကောင်းပါမလဲ"ဟု မေးကာမျှဖြင့် ဆရာသည် လန်းဆန်းသော အပြုံးပန်း ဝေဝေဆာဆာဖြင့်

"ဆရာတော်ကြီးရဲ့ ထူးထူးခြားခြား လုပ်ငန်းတစ်ရပ်ကို ဆရာမကို ကျွန်တော် ဦးဦးဖျားဖျား ဖောက်သည်ချလိုက်မယ်၊ အဲဒါရေးပေတော့"ဟု ပြန်ကြားလိုက်ပါသည်။

ဆရာတော် ဘုရားကြီးကိုယ်တိုင် ဦးဆောင်ပဓာနာယကအဖြစ် ဆောင်ရွက်တော်မူ၍ ဗုဒ္ဓ သာသနာတော်၏ အခြေအမြစ်ဖြစ်သည့် ပရိယတ္တိသာသနာတော်ကြီးကို စည်ပင်ပြန့်ပွားစေရန် မင်းကွန်းတောင်ရိုးမီးပိတ်စေတီတော်ကြီးမှာ ကုန်းမြေတွင် တိပိဋကနိကာယကျောင်းစိုက်ကြီး ဖွင့်လှစ်၍ မင်းကွန်း တိပိဋက - နိကာယသာသနာပြုအဖွဲ့ကြီး ပွဲစဉ်းကာ သာသနာတော်ကြီးကို ပြုစုမှီးထောင်လှက်ရှိသည်မှာ လူတိုင်းဆသိပင် ဖြစ်ပါသည်။

ယခုအခါကမ္ဘာထေးကုန်းမြေတွင် လည်းကောင်း၊ မန္တလေးပြိုတွင် လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ဘက္ကသိုလ်ကြီးများ ဆောက်လုပ်နေပေပြီ၊ ရန်ကုန်ပြို့ ကမ္ဘာဓေးကုန်းမြေတွင် ဆောက်လုပ်ထားမည့် ပရိယတ္တိသာသနာ့ဘက္ကသိုလ်ကြီးကို ဘုဂဝ-ခု တန်ခူးလပြည့်တွင် ပွင့်လှစ်ဘုဝမည်ဟု ကြားသိရပေပြီ၊

အထက်ပါ ကုသိုလ်တော်ကြီးများထက် ထူးခြားသည့် ကုသိုလ်ကောင်းမှုကြီးလည်း ပြုအံ့ဆဲဆဲ၊ ထို ကုသိုလ်တော်ကြီးကား "ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး" ဆောက်လုပ်လှူဒါန်းရန် စီမံလျှောထားအစီအစဉ်များ ပြုလုပ်ပြီးကြောင်း သတင်းကောင်းကိုကြားလိုက်ရပါသည်။

ရန်ကုန်မြို့တွင် ကိုယ့်မင်းကိုယ့်ချင်းလမ်း၌ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးရှိသည်။ မကြာမီက မြောက်ဥက္ကလာပတွင် သံဃာ့ဆေးရုံ ဖွင့်လှစ်ကြောင်း ကြားလိုက်ရသည်။ ကမ္ဘာအေးတွင်လည်း သံဃာ့ဆေးရုံရှိသည်၊ အခြားမြို့ကြီး ပြကြီးများတွင်လည်း သံဃာ့ဆေးရုံများ ဆောက်လုပ်ဆဲ လှူဒါန်းဆဲဖြစ်ကြောင်း ကြားသိရသည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံ

ယခု ဆရာတော်ကြီး ဦးဆောင်တည်ဆောက် ဖွင့်လှစ်မည့် ဆေးရုံကြီးအမည် ထူးခြားလှသည်။ သံဃာ့ဆေးရုံမဟုတ်ပါ။ "ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီး"ဟု ခေါ်ဝေါ်မည်ဟုဆိုသည်။ ကျွန်မက ဆရာအား

"ဆရာ-သံဃာ့ဆေးရုံလို့ မပညတ်ဘဲ သာသနာ့အထူးကုဆေးရုံကြီးလို့ အမည်ပညတ်ထားတာ အကြောင်းရှိပါသလား"ဟု ထပ်ကွန်မေးလိုက်သည်။

ဆရာကြီးက "ကျွန်တော်တို့ ဆရာတော်ကြီးက အလွန်အမြင်ကျယ်ဝေါ ခင်ဗျာ့။ ဒီအမည်က ဆရာတော်ကြီးကိုယ်တိုင် ရွေးထားတာပါ"ဟုဆိုသည်။

"ဆရာတော်ဘုရားက ရွေးထားတာဆိုတော့ လေးနက်တဲ့ ရည်ရွယ်ချက်ရှိမှာပေါ့နော်"ဟုကြားဖြတ် မေးလိုက်သည့်အခါ

"ဆရာမလဲ ကြားဖူးမှာပေါ့၊ သံဃာကိုလှူတာ ဂိုဏ်းဂဏကိုလှူတာ၊ ပုဂ္ဂလိကကိုလှူတာဆိုတဲ့ အလှူမျိုးတွေမှာ အုပ်ချုပ်သူ တစ်ပါးပါး ပံ့လွန်သွားအခါ၊ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာတဲ့အခါ ပြဿနာတွေ အမျိုးမျိုး ပြစ်နာကြတယ်မဟုတ်လား။ ဆရာတော်ဘုရားအနှင့်တော့ ကိစ္စမျိုးတွေက မကြားခဲ့ မမိခဲ့ရလို့ မပြစ်... ဒဲ့ဒီလို ပြဿနာတွေ မဖွဲ့ထွေးရအောင် သာသနာ့အထူးကုဆေးရုံလို့ သမုတ်မှာပါ။ သံယာ... တာကတဲ့ အာရုံ... ဆန်ကျားသားကား..."

"သာသနာ့ ဆေးရုံဆိုတော့ သာသနာတော် တိုးတက်ဖွံ့ဖြိုးမှု၊ သာသနာတော် သန့်ရှင်းမှု တည် တံ့မှုအတွက် ဆောင်ရွက်နေကြတဲ့ သံဃာစစ်စစ် များ ကျန်းမာရေးအတွက် တစ်နည်းဆိုရယင်တော့ သာသနာတော် ဖွံ့ဖြိုးတိုးတက်စေဖို့ သာသနာ့ အတွက် ရေစက်ချလှူဒါန်းမှာပါ။ ဒီဆေးရုံကြီးကို ဗုဒ္ဓသာသနာက ပိုင်ပါတယ်။ သာသနာ့ဆေးရုံကြီး ကို စောင့်ရှောက်ကြီးကြပ်မည့် ပုဂ္ဂိုလ်များကတော့ ကပ္ပိယကာရကအဖြစ်သာ တည်ရှိမှာပါ။ ရည်ရွယ် ချက်ကတော့ သာသနာလည်တရွေ့ သာသနာ့ ဆေးရုံကြီး တည်တံ့ခိုင်မြဲဖို့ပါပဲ"

စာရေးသူက သာဓုအနုမောဒနာ ခေါ်ပြီး ဆရာ ကြီးအား သိလိုသည့် အချက်များ မေးမြန်းပါသည်။ သာသနာ့ဆေးရုံကြီးကို မန္တလေး တက္ကသိုလ်အနီးတွင် တည်ဆောက်မည်ဖြစ်၍ အတွင်းသူနာအတွက်အဆောင် များ ဆောက်လုပ်ရန် စိန်တုံးကျောင်းတိုက်က မြေနေ ရာ လှူပြီး ဖြစ်ပါသည်။ ပြင်ပသူနာဌာနအတွက် မတ္တရာ ကျောင်းတိုက်က မြေနေရာလှူကြောင်းလည်း သိရှိရ ပေသည်။ ကုန်ကျငွေကို ကျပ်သိန်းနှစ်ရာ (သိန်း ၂၀၀) ခန့်မှန်းထားကြောင်း၊ ထိုသိန်း ၂၀၀ အနက် တစ်ဝက် ခန့်ကို ပေးလှူမည့် အလှူရှင်များထဲမှ ကတိရရှိပြီးဖြစ် ကြောင်း ဝမ်းမြောက်ဖွယ် ကြားသိရပေသည်။

ဤသာသနာ့ဆေးရုံကြီး၏ ထူးခြားချက်မှာ သံဃာ တော်များ၌ အဖြစ်များသော ရောဂါများကို ဦးစား ပေး၍ အထူးကုဆရာဝန်ကြီးများဖြင့် ကုသပေးမည် ဖြစ်ပေသည်။ အတွင်း သူနာများအတွက် ဖျားနာ ဆောင်၊ ခွဲစိတ်ကုသဆောင်၊ မျက်စိအထူးကုဆောင်၊ နှလုံးအထူးကု အဆောင်နှင့် သွားရောဂါ အထူးကု အဆောင်များ ထားရှိရန် စီစဉ်ပြီးဖြစ်ပေသည်။

ပြင်ပသူနာများအတွက်မှာမူ ဝိနည်းတော်နှင့်အညီ-

(၁) သီလရှင်နှင့် အမျိုးသမီးများအတွက် အဆောင်
(၂) သံဃာတော်များအတွက် သီးသန့်အဆောင်
(၃) လူယောကျ်ားများအတွက် သီးသန့် အဆောင် ထားရှိမည်ဖြစ်ပြီး
(၄) တိုင်းရင်းမြန်မာ အာယုဗေဒနည်းဖြင့် ကုသ မည့် အဆောင်လည်း ထားရှိမည် ဖြစ် ကြောင်း သိရပါသည်။

ပြည်ထောင်စုတစ်ခုလုံးမှ သံဃာတော်များ ဤ သာသနာ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူပြီး ပျောက် ကင်းစတွင် မိမိတို့ဌာနေကျောင်းသို့ မပြန်နိုင်မီ အား အင်ပြည့်ဖြိုးပြီး စိတ်ချလောက်အောင် ကျန်းမာလာ သည်အထိ သီတင်းသုံးရန် နာလန်ထဆောင်လည်း ထားရှိဦးမည်ဖြစ်ကြောင်း ပြောပြပါသည်။

အထူးအားဟက်စရာ ကိစ္စကား ဤသာသနာ့ဆေးရုံ ကြီးနှင့် တွဲလျက် သံဃာတော်များ ရောဂါကာကွယ် ရေးနှင့် ပြုစုရေးသင်တန်းကျောင်းပါ ဖွင့်လှစ်ထား မည်ဟု သိရှိရပါ၏။ ကုသရေးကား ရဟန်းတော် များ ဝိနည်းတော်အရ မပြုလုပ်ရပါ။ ဆရာများ မကျရောက် မကူးစက်နိုင်ရန် သန့်ရှင်းစွာ နေ, ထိုင်, စား, သောက်ရေး၊ ရဟန်းသံဃာများ မကျန်းမမာ ဖြစ်လာလျှင် တစ်ဦးကိုတစ်ဦး စနစ်တကျ ပြုစုနိုင်ရေး အတွက် သူနာပြု ပညာရပ်များ သင်ကြားပေးပြီး သာသနာ့ဆေးရုံကြီးတွင် လက်တွေ့ လေ့ကျင့် ပြသပေး နိုင်ရန် စီစဉ်စိုင်းပြင်းလျက် ရှိပေသည်။

ဤဆေးရုံကြီး စက်ယန္တယား ပုံမှန်လည်ပတ်နိုင်ရန် အကောင်းဆုံးသော ကုသမှုများ ပေးနိုင်ရန် အငြိမ်း စား အထူးကု ဆရာဝန်ကြီးများကလည်း အလှည့်ကျ အချိန်ပိုင်း တာဝန်ယူပေးမည်ဟူသော ကတိလည်း ပေးကြပြီး ဖြစ်ကြောင်း သိရှိရပေရာ၊ ဤသာသနာ့ ဆေးရုံကြီး ထီးထီးမားမား ပေါ်ပေါက်လာမည့် ကာလကိုသာ မျော်ရပေတော့မည်။ မပေါ်ပေါက်စရာ လည်း အကြောင်းမရှိ၊ တိပိဋကဆရာတော်ကြီး၏ သီလ ဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဆရာတော်ကြီး၏ စေတနာ၊ သဒ္ဓါ၊ မေတ္တာတော်အဟုန်နှင့် ပေါင်းစပ် ပြီး ဆရာတော်ကြီးနှင့် တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့ လုံ့လဝီရိယနှင့် ဆောင်ရွက်လျှင် မုချ အောင်မြင်မည်သာတည်း။

သာသနာ့ဆေးရုံကြီး အောင်မြင်စွာ တည်ဆောက် ရန် စေတနာထက်သန်၍ စီမံ စိုင်းပြင်းတော်မူသော ဆရာတော်ကြီးသည်လည်း ယခု ပစ္စက္ခဘဝတွင်ပင် ရှင် ဗာကုလကဲ့သို့ အနာဂင်းရှင်း သက်တော်ရှည်ခြင်း ဖြစ်ပါစေဟု ဆန္ဒပြုမိပါသည်။ စာရေးသူ ကြားနာ ခဲ့ရသော ရှင်ဗာကုလအကြောင်းကို စာရှုသူများနှင့် မိတ်ဆက်ပေးလိုပါသည်။

ရှင်ဗာကုလအကြောင်း

ရှင်ဗာကုလ၏အတိတ်ကို ဖော်ဆောင်ရလျှင်အနာမ ဒဿီ မြတ်စွာဘုရားလက်ထက်တွင် ဗာကုလဖြစ်မည့် အမျိုးသားမှာ ပုဏ္ဏားမျိုး၌ဖြစ်၍ ဗေဒင်သုံးပုံကို

သင်ကြားတတ်မြောက်ပြီးသူ ဖြစ်၏။ သို့သော် မိမိတတ်မြောက်ထားသည့် ဗေဒင်ပညာကို ပြန်လည်သုံးသပ်သည့်အခါ အနှစ်သာရမရှိ၊ အားကိုးလောက်စရာမရှိသည့်ဇာဖြစ်ကို တွေ့ရ၍ သံဝေဂဖြစ်ကာ တောထွက်၍ ရသေ့ပြုလုပ်လေတော့၏။

ရသေ့ဘဝနှင့် စျာန်အဘိညာဉ်များရခိုန် မြတ်စွာဘုရား ပွင့်တော်မူသည်ကို သတင်းကြားရ၍ မြတ်စွာဘုရားကို သွားရောက်ဖူးမြော်လေသည်။ သူ ဘုရားကို သွားရောက်ကန်တော့ခိုန် မြတ်စွာဘုရားမှာ လေနာရောဂါ ခံစားနေရခိုန် ဖြစ်ပါသည်။ ထို့ကြောင့် သူသည် ဟိမဝန္တာတောသို့ ပြန်ကာ သူတတ်ကျွမ်းနားလည်သည့် ဆေးမြစ်,ဆေးဥများနှင့် ဆေးဖော်စပ်၍ မြတ်စွာဘုရားထံတော် တစ်ခေါက်ပြန်လာပြီး ဆေးလှူလိုက်လေသည်။ မြတ်စွာဘုရားလည်း သူ ယူသောဆေးကို ဘုဉ်းပေးလိုက်ရာ လေနာရောဂါပျောက်ကင်းသွားတော့၏။

ထိုအခါ မြတ်စွာဘုရားက ရသေ့ကြီး ပေးလှူသောဆေးကြောင့် လေနာရောဂါ ပျောက်ကင်းသွားကြောင်း ရသေ့ကြီးအား ပြောတော်မူရာ ရသေ့ကြီးက ''တပည့်တော့်ဆေးကြောင့် လေနာရောဂါ ပျောက်ကင်းသည် မှန်ပါလျှင်၊ တပည့်တော် နိဗ္ဗာန်မရသေးသမျှ ဖြစ်လေရာဘဝတွင် အနာရောဂါ ကင်းရှင်း အသက်ရှည်ခြင်းဆုကို ရ ရပါလိုပါ၏''ဟု ဆုတောင်းခဲ့လေသည်။

ထိုရသေ့ကြီးသည် ထိုဘဝက သရဏာဂုံသာ တည်ခဲ့၍ သာသနာတော်တွင်း မရောက်ခဲ့ချေ။ ထိုဘဝမှ စုတေသည့်အခါ နတ်ပြည် လူ့ပြည် ဗြဟ္မာ့ပြည်တွင် ဘဝပေါင်းများစွာ ကျင်လည်ခဲ့ပြီး၊ ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်တွင် လူဖြစ်သည့်အခါ မြတ်စွာဘုရားက ရောဂါကင်းသော ရဟန်းပုဂ္ဂိုလ် တစ်ပါး အား ဘဒ္ဒပေးသည်ကို တွေ့ရလေသည်။ သူလည်း အလွန်အားကျ၍ မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာအား ပင့်ဖိတ်ပြီး ခုနစ်ရက်တိတိ ဆွမ်းကျွေးပြုစုပြီး ''တပည့်တော်သည် ဘုရားဟစ်ဆုဆု၏ သာသနာမှာ ရောဂါကင်းသည့် ပုဂ္ဂိုလ်အနေနှင့် ဘဒ္ဒ ရ ရပါလိုပါ၏''ဟု ဆုတောင်းပြန်သည်။ မြတ်စွာဘုရားကလည်း အနာဂတ်သဘာဂ်တော်နှင့် လွှမ်းကြည့်ပြီးမှ ဂေါတမမြတ်စွာဘုရား လက်ထက်ဘွဲ့ [illegible] ဆုတောင်း ပြည့်သိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူခဲ့ လေသည်။

ဓိပသီဘုရား လက်ထက်တော်တွင် [illegible] ထားလျှင်းတော် ရသေ့သည် မြတ်စွာဘုရားနှင့် တပည့်သား သံဃာတော်များ ပန်းနံ့က ရသည့် အဆိပ်ငွေ့ရှူမိသဖြင့် နာဖျားကုန်ကြသဖြင့် ထိုသံဃာတော်များကို ဆေးနှင့်ကုသခဲ့လေသည်။

ကဿပဘုရား သာသနာတော်မှာ လူဖြစ်ခဲ့ရသည့် ဘဝတွင်လည်း မိမိအိမ် ဆွေးမြည့် ပျက်စီးနေသည်ကို ပြင်ဆင်ရန် တစ်နေ့သောအခါ တောတွင်းသို့ သစ်ခုတ်သွားခဲ့၏။ သစ်ခုတ်အပြီး မြတ်စွာဘုရားနှင့် တပည့်သား သံဃာတော်များ သီတင်းသုံးရာ ကျောင်းကြီးပြိုပျက်နေသည်ကို တွေ့သည့်အခါ၊ မိမိအိမ်ကိုပြင်လျှင် ဤတစ်ဘဝသာ နေရမည်။ ရဟန်း သံဃာများ၏ ကျောင်းကိုပြင်လိုက်ပါက ဘဝသံသရာ အဆက်ဆက် အကျိုးပေးခံလမည်ဟု ဆုံးဖြတ်ကာ ကျောင်းတော်ကြီးနှင့်တကွ ဆွမ်းစားကျောင်း၊ ကုဋီ၊ စင်္ကြံအားလုံးကို ပြင်လိုက်သည့်အပြင် သံဃာတော် အရှင်မြတ်တို့အား ဆေးပစ္စည်းများနှင့် ထောက်ပံ့ပြီး ကျန်းမာရေးကို ပြုစုခဲ့လေသည်။

ဂေါတမမြတ်စွာဘုရားလက်ထက်တွင်ကား ကောသမ္ဗီပြည်သူဌေးကြီး ဇနီး ဝမ်းမှာ ပဋိသန္ဓေ စွဲပြီး မွေးဖွားရလေသည်။ ထိုအခါ ထုံးစံအတိုင်း မွေးဖွားစကလေးကို ယမုနာမြစ်တွင်း ရေချိုးပေးရ၏၊ ယင်းသို့ ရေချိုးနေစဉ် အထိန်းလက်မှ ငါးကြီးတစ်ကောင်က ကလေးငယ်အား ဟပ်မျိုသွားလေတော့သည်။ ကလေးမျိုမိသည့် ငါးကြီးမှာ ကလေးဝမ်းဗိုက်ရောက်သည်နှင့် ပူပြင်းသည့်ဒဏ် ခံရလျက် တံငါတို့ပိုက်ကွန်တွင် မိကာ သေရရှာသည်။ ထိုငါးကြီးကို ဗာရာဏသီပြည်မှ ကုဋုမ္ဗရစ်ဆယ်ကြွယ်ဝသည့် သေဋ္ဌေးကြီးမင်းနှင်း က ဝယ်ယူ၍ ငါးဗိုက်ကို ခွဲလိုက်သည့်အခါ သားရတနာကို ရရှိလေသည်။

သေဋ္ဌေးကြီး ဇနီးမောင်နှံက ချစ်ခင်ယုယ ကျွေးမွေးခဲ့ပြီး ကြီးပြင်းလာချိန်တွင် ပိရင်းဟရင်းများက သတင်းကြား၍ လိုက်လာကာ သားကိုတောင်းကြလေသည်။ မွေးမိဘနှင့် ကျွေးမိဘ အငြင်းအခုံ အမှုပွား၍ ဗာရာဏသီမင်းထံ ရောက်သွားကြ၏။ မင်းကြီးက ပိဘနှစ်ဦးစလုံး အသိအမှတ်ပြုကာ နှစ်ဆိတ်လှည့်စီးစေဟု အမိန့်မှတ်ချက်ပေးလိုက်သည်။ ထိုသို့ ပိဘနှစ်ဝိုက်မွေးသားသားဖွစ်၍ အမျိုးနှစ်မျိုးမှ ချမ်းချမ်းသာသာကြီးပြင်း [illegible] ကြားအား ဘာကလဟု [illegible] ကြသည်။

ဘုရားအဆက်ဆက်ကို ဆေးလူး၊ ကျောင်းလူး၊ ရဟန်း သံဃာများအား ပြုစုခဲ့သည့် ကုသိုလ်ကံ စေတနာကြောင့် ဗာကုလမှာ ငါးမျိုး၍လည်း မသေ၊ ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်မို့ ဘေးအန္တရာယ် ကင်းရှင်းခဲ့ရသည်။ အရွယ်ရောက်သည့် အခါ အိမ်ထောင်ပြုပြီး အသက်ရှစ်ဆယ် အရွယ်တွင် ဂေါတမမြတ်စွာဘုရား ဗာရာဏသီမြို့သို့ ကြွရောက်အလာ တရားတော်ကို နာရပြီး ရဟန်းအဖြစ် ရောက်ခဲ့လေသည်။ သာသနာတော်တွင်း ရောက်၍ ရှစ်ရက်ခြောက်သောနေ့တွင် ရဟန္တာ ဖြစ်တော်မူပြီး အသက် တစ်ရာ့ခြောက်ဆယ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူလေသည်။

စာရေးသူ၏ အာသီသနှင့် ဆုတောင်း

အထက်ပါ ရှင်ဗာကုလ အကြောင်းကို ဆရာတော်ထံမှ နာကြားရပြီး အပြန်တွင် ဆရာကြီး ဒေါက်တာသာလှ၏ ဆောင်းပါး တောင်းခံလွှာကို ရသည်။ တိပိဋကဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းများ အများအပြားမှ အဘယ် ကုသိုလ်အား ထူးထူးခြားခြား ပူဇော်ရပါမည်နည်းဟု စဉ်းစားမရ၍ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှထံ အကူအညီတောင်းသည့် အခါလည်း ဆရာကြီးက ဆရာတော် ဘုရားကြီး ဟည်ဆောက်မည့် သာသနာ့ အထူးကို ဆေးရုံကြီး အကြောင်း ပြောကြားလိုက်သည့် အခါ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များက "ငါတို့ တိပိဋကဆရာတော်ဘုရားကြီးလည်း သင် ကြည်ညိုစွာ ကြားနာခဲ့ရသော ရှင်ဗာကုလ မထေရ်ကြီး ကဲ့သို့ပင် ဆေးအလှူ၊ သူနာပြုစု စောင့်ရှောက်မှု အလှူ၊ ဆေးကုသရေးအတွက် အမျိုးမျိုးသော ကျောင်း အဆောင်ဆောင် လှူဒါန်းတော်မူမည်။ သင်သွား လေ့လာခဲ့လော့" ဟု တိုက်တွန်း နှိုးဆော်ပို့ဆောင်လေသလောဟုပင် ထင်မိပါတော့သည်။

ဗာကုလ မထေရ်ကြီး အကြောင်း လေ့လာကြည့်သည့်အခါ သူသည် ရဟန်းဖြစ်တော်မူသည့် အနှစ် ရှစ်ဆယ်ပတ်လုံး ကာမသညာ၊ ဗျာပါဒသညာ၊ ဝိဟိံသသညာ တည်းဟူသော သညာမျိုးကို လုံးဝ မသိခဲ့။ ကာမဝိတက်၊ ဗျာပါဒ ဝိတက်၊ ဝိဟိံသ ဝိတက်မျိုးလည်း စာစ်ရုံတဆစ်မှ မဖြစ်ဘူး၊ မသိဘူးသော ပုဂ္ဂိုလ်ဖြစ်သည့်အပြင် ကာမဂုဏ်ငါးပါးဌ သာယာသော၊ တပ်မက်သော စိတ် လုံးဝ မရှိခဲ့သော ပုဂ္ဂိုလ်ဖြစ်ကြောင်း တွေ့ရပါသည်။ သာသနာတော်တွင် ဘုရားဝိနည်းတော်ကို တိကျကျ လိုက်နာသည့် အမှန်စင်စစ် သန့်ရှင်းသော ပုဂ္ဂိုလ်ကြီး ဖြစ်၍ ကြည်ညိုရပါသည်။ အတိတ်ဘဝက ဘုရားလေးဆူကို ကိုယ်တိုင်ဖူးတွေ့ ပါရမီဖြည့်ခဲ့သည့် ပုဂ္ဂိုလ်ကြီးပေတကား။

ကျွန်မတို့၏ မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓသာသနာသန့်ရှင်းတည်တံ့ ပြန့်ပွားရေး အတွက် နေတစ်ဆူ၊ လတစ်ဆူကဲ့သို့ ပြည်သူတို့ အားထားရာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့၏ အကျိုးတော်ဆောင် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးကား ပိဋကတ်သုံးပုံကို ထုံးလိုချေ ရေလိုနှောက် နိုင်သော ပညာဂုဏ်နှင့် တကွ သီလ သမာဓိတွင်လည်း ရှင်ဗာကုလကဲ့သို့ သန့်စင်တည်ကြည် ခိုင်မြဲလှသော ပုဂ္ဂိုလ်ကြီးပါတည်း။

ဆရာတော် ဘုရား လည်း ဘုရားအဆူဆူကို ကိုယ်တိုင် ဖူးတွေ့ ပါရမီဖြည့်ခဲ့သော ပုဂ္ဂိုလ်ကြီး ဖြစ်နိုင်ပါသည်။ ဝေနေယျ သတ္တဝါတို့အား တရား ရအေး တိုက်ကျေးပြီး သံသရာ ဘေးမှ ကယ်တင်ရန် လည်းကောင်း၊ ဗုဒ္ဓသာသနာ အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေး တာဝန်ကို ထမ်းဆောင်ရမည့် ပုဂ္ဂိုလ်ဖြစ်၍ လည်းကောင်း၊ ဤမျှ သက်တော်ရှည်နေကြောင်း ထင်ရှားပါသည်။

မျက်မှောက်ဘဝတွင် ဆရာတော်ဘုရား၏ ကုသိုလ်တော်များကား ကြီးမားလှပါပေသည်။ ထိုထက်မက ဘုရား၏ တပည့်သား သံဃာတော်များ အတွက် သာသနာ့ ဆေးရုံကြီး ဆောက်လှူဦးမည့် စေတနာ သဒ္ဓါတရား အဟုန်ကြောင့် ဆရာတော်ဘုရားကြီးသည် ရှင်ဗာကုလ ကဲ့သို့ အနာရောဂါ ကင်းရှင်းစွာဖြင့် သက်တော် တစ်ရာ့ခြောက်ဆယ်ထိ ရှည်ကြာအောင် သာသနာ ပြုနိုင်ပါစေဟု ဆုတောင်း လိုက်ရပါတော့သတည်း။

ဒေါ်ရီကြွေန်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

ပါရုပ်



အိန္ဒိယပြည်မှ နာလန္ဒ တက္ကသိုလ်

သာသနာတော်သုံးရပ်၏ ရေသောက်မြစ်သည် ပရိယတ္တိ သာသနာဖြစ်လေသည်။ ဗုဒ္ဓ ဘာသာ နိုင်ငံများ၌ သာသနာတော်၏ ရေသောက်မြစ် ဖြစ်သော ပရိယတ္တိ ထွန်းကား ပြန့်ပွားရေးအတွက် ပရိယတ္တိကို သင်ကြားချပို့ရာ ဖြစ်သည့် ဗုဒ္ဓ တက္ကသိုလ်ကြီးများ ခေတ်အဆက်ဆက် ထင်ရှား ရှိခဲ့ကြသည်။ ယင်း တက္ကသိုလ်ကြီးများ အနက် ရှေးအကျဆုံးနှင့် အထင်ရှား အကျော်ကြားဆုံး တက္ကသိုလ်ကြီးမှာ နာလန္ဒ တက္ကသိုလ်ကြီး ဖြစ်လေသည်။

နာလန္ဒ တက္ကသိုလ်သည် ၅ ရာစုနှစ် အလယ်ပိုင်း ခေတ်ကာလလောက်က စတင်၍ ပေါ်ထွန်းလာခဲ့သည်။ နာလန္ဒ တက္ကသိုလ် တည်ရာမှာ နာလန္ဒာအမည်ရှိ အရပ်ဒေသဖြစ်သည်။ နာလန္ဒာသည် ရာဇဂြိုဟ် (ရာဇဂရိဟ) နှင့် ဂ မိုင်လောက် ဝေးပြီး ဗီဟာရ်ပြည်နယ်မြို့တော် ပတ္တနား(ယခင် ပါဋလိပုတ်) နှင့် ၅၅ မိုင် ဝေးသည်။ ယခု အချိန် အခါ၌ ပျက်စီးယိုယွင်းနေသော အုတ်အဆောက် အအုံများသာ တွေ့ရတော့သည်။ ယခု တွေ့ရသည့် အပျက်အစီးများ၏ နေရာ အကျယ်အဝန်း သည်ပင် ၂ မိုင်လောက် ရှိသည့်။ ယခု အချိန် အုတ်ပုံ ဘဝရောက်နေပြီ ဖြစ်သော်လည်း ယခင် ကမူ ကမ္ဘာ့အကြီးဆုံး တက္ကသိုလ်ကြီး တစ်ခု ဖြစ်ခဲ့သည်။ နိုင်ငံတကာမှ စာသင်သား ကျောင်းသား များ ပညာရင်နှံ့ သောက်စုံရာ ဗဟို ဌာနကြီး ဖြစ်ခဲ့သည်။ထိုစဉ်က နာလန္ဒ တက္ကသိုလ်သို့ တရုတ်၊ ဂျာန်၊ ကိုးရီးယား၊မွန်ဂိုလီးယား၊တိဗက်၊ သီဟိုဠ် (သီရိလင်္ကာ) စသော တိုင်း နိုင်ငံများမှ စာသင် သားများ လာရောက် ပညာသင်ကြားကြသည်။ ယင်းတို့ အထဲမှ တရုတ်ပြည်မှ ရဟန်းတော် ရှင် ဂျန်နှင့် ယိဂျင်တို့သည် ထင်ရှား ကျော်ကြား သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ယင်းတို့ နှစ်ဦးလုံး ပင် နာလန္ဒ တက္ကသိုလ်ကြီးနှင့် ပတ်သက်၍ မိမိတို့ ကိုယ်တွေ့ အကြောင်းများကို မှတ်တမ်းတင်ထား ကြသည်။

နာလန္ဒ တက္ကသိုလ်သို့ ဝင်ခွင့်ရရှိရေးမှာလည်း အလွန်တရာ ခက်ခဲသော အလုပ်ဖြစ်သည်။ ပညာရှင်များအဖွဲ့ တစ်ဖွဲ့မှ စမ်းသပ် စစ်ဆေးပြီး ကျနပ်လောက်သည့် အရည်အချင်းရှိပါမှ တက္ကသိုလ် ဝင်ခွင့်ရလေသည်။ ဝင်ခွင့် ဖြေဆိုသူများအနက် ၁၀ ယောက်တွင် ၃ ယောက်နှုန်းမျှသာ ဝင်ခွင့် ရရှိသည်ဟု တရုတ် ရုဟန်းတော် ရွှင်ကျန့်က ဖော်ပြထား သည်။ ထိုအချိန်က နာလန္ဒ တက္ကသိုလ် ကျောင်းထွက်ဆိုလျှင် မည်သည့် အရပ်ဒေသ၌ မဆို ဂုဏ်သိက္ခာ အထူးရှိလေသည်။ နာလန္ဒ တက္ကသိုလ်၌ ပညာသင်သော စာသင်သား ဦးရေ မှာ တစ်သောင်းခန့် ရှိသည်။ ဆရာ ဦးရေမှာမူ ကျောင်းသား ငါးယောက်ခန့်တွင် ဆရာ တစ်ဦးစီ လောက် ရှိသည်။ နာလန္ဒ တက္ကသိုလ်၌ သင်ကြား သော ပညာရပ်များမှာ ထိုခေတ်အခါက ထင်ရှား ရှိသည့် ထောင့်စုံဘက်စုံ ပညာရပ်များ ဖြစ်သည်။ နာလန္ဒ တက္ကသိုလ်မှ ထွက်သွားကြသော ပုဂ္ဂိုလ် များအနက် ကုမာရဇီဝ၊ ပရမတ္ထမထေရ်တို့သည် သက္ကဘ ဗုဒ္ဓစာပေ ကျမ်းဂန်များကို တရုတ် ဘာသာ ပြန်ဆိုကြသည် ဖြစ်၍ အထူးထင်ပေါ် ကျော်ကြားသော ပုဂ္ဂိုလ်များ ဖြစ်ပေသည်။

စစ်သည် တပ်သား မရှိသော ခံကပ်သည် အရာမထင်အသုံးမဝင်ပေ။ထိုနည်းတူစွာ စာကြည့် ပိဋကတ်တိုက် မရှိသော တက္ကသိုလ်ကျောင်းသည် လည်း အချည်းနှီး အလဟဿသာလျှင် ဖြစ်သည်။ စာကြည့် ပိဋကတ်တိုက်သည် တက္ကသိုလ်၏ ဂုဏ် အင်္ဂါရပ် ဖြစ်လေသည်။ စာကြည့် ပိဋကတ်တိုက် အဆင့် မြင့်လေလေ တက္ကသိုလ်၏ ဂုဏ်သိက္ခာ တက်လေလေ ဖြစ်သည်။ နာလန္ဒ တက္ကသိုလ်၌ ထိုအချိန် ထိုအခါက ပြိုင်ဖက်ကင်း စာကြည့် ပိဋကတ်တိုက်ကြီး ရှိလေသည်။ ရတန သာဂရ၊ ရတနောဒဓိ၊ ရတန ရဉ္ဇက အမည်ရှိ စာကြည့် ပိဋကတ်တိုက် အဆောက်အအုံကြီး သုံးခု ရှိလေ သည်။ ယင်းတို့အနက် ရတန သာဂရမှာ အထပ် ကိုးထပ် ရှိလေသည်။ ထိုစာကြည့် ပိဋကတ်တိုက်၌ ပညာရပ်အမျိုးမျိုးနှင့် ပတ်သက်သော ကျမ်းစာ အုပ်ပေါင်း သောင်းနှင့် သိန်းနှင့် ချီရှိလေသည်။ ဤရွေ့ဤမျှ ကြီးကျယ်သော နာလန္ဒ တက္ကသိုလ် ကြီးသည် ၁၃ ရာစုနှစ် အစောပိုင်းလောက်၌ မသမာသူများ လက်ချက်ဖြင့် ပြိုကျ ပျက်စီးသွား ခဲ့ရလေသည်။ ကမ္ဘာတဝှမ်း၌ ထင်ရှား ကျော် ကြားခဲ့သော ပညာသင်ကြားရာ ဗဟို ဌာနကြီး သည် ဇာတ်သိမ်း သွားခဲ့ရလေသည်။

သို့သော် အဟောင်းချုပ်ငြိမ်းသွားပြီးနောက် အသစ် ပေါ်လာစမြဲ ဖြစ်သည်။ အဟောင်း တစ်စ ခန်းသိမ်းသောအခါ အသစ် အစား ထိုး ပေါ်လာ သည်မှာ ဓံမွတာ သဘောတရား ဖြစ်သည်။နာလန္ဒ သို့ ရောက်သွားသူမှန်သမျှသည် နာလန္ဒတက္ကသိုလ် ဟောင်းကြီး၏ ပတ်ဝန်းကျင်၌ တိုက်တာ အဆောက်အအုံ သစ်များကို တွေ့ရပေလိမ့်မည်။ ထိုအဆောက်အအုံသစ်များမှာ နာလန္ဒတက္ကသိုလ် သစ်ဖြစ်လေသည်။ ထိုတက္ကသိုလ်သစ်ကို ဗီဟာရ် ပြည်နယ် အစိုးရက တည်ထောင်ထားခြင်း ဖြစ် လေသည်။ ထိုတက္ကသိုလ်သစ်ကို ၁၉၅၁-ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့က အိန္ဒိယနိုင်ငံ ပထမ ဦးဆုံး သမ္မတ ဒေါက်တာ ရာဂျိန္ဒရာပရာဆတ်က အုတ်မြစ်ချခဲ့လေသည်။ ထိုတက္ကသိုလ်မှာ ပါဠိနှင့် လည်းကောင်း၊ ဗုဒ္ဓစာပေနှင့် လည်းကောင်း ပတ်သက်၍ သုတေသန ပြုလုပ်သည့် ဘွဲ့လွန် တက္ကသိုလ် ဖြစ်လေသည်။ ထိုတက္ကသိုလ်၏ ပထမ ဦးဆုံး ဒါရိုက်တာမှာ ဘိက္ခု ဂျဂဒိရ်ကဿပ ဖြစ် လေသည်။ ထိုတက္ကသိုလ်အသစ်တွင်လည်း ပညာ ရှင်များ လေးစား အားထားရသည့် စာကြည့် ပိဋကတ်တိုက် ရှိလေသည်။ တက္ကသိုလ် စုတင် တည်ထောင်စဉ်က တိဗက်အစိုးရက တိဗက် ပိဋ ကတ်အစုံတစ်စုံနှင့် တိဗက် ရုပ်ပွားတော် တစ်ဆူ ပေးပို့လှူဒါန်းလေသည်။ ထိုင်းအစိုးရနှင့် ကျပန်း နိုင်ငံအမျိုးသား ဗုဒ္ဓဘာသာ ကောင်စီကလည်း ရွှေပါးသည့် ကျမ်းစာများ ပေးပို့လှူဒါန်းသည်။ အမေရိကန် အစိုးရကလည်း စာအုပ်နှင့် တက္ကသိုလ်

အသုံးအဆောင်ပစ္စည်းများ ဝယ်ရန် ဒေါ်လာ တစ်သောင်း လှူဒါန်းသည်။ ထိုတက္ကသိုလ်တွင် ယခု အချိန်၌ နိုင်ငံတကာမှ စာသင်သားများ ကျောင်းသားများ ပညာ သင်ကြား လျက် ရှိ ရာ မြန်မာနိုင်ငံမှ ရဟန်းတော်များလည်း ပညာ သင်ကြားလျက်ရှိကြသည်။ မြန်မာနိုင်ငံမှ ဓမ္မာ စရိယ အောင် မြင် ပြီး သော ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အား သီရိလင်္ကာ နိုင်ငံမှ တိပိဋကာ စရိယ အောင်မြင်ပြီး ပုဂ္ဂိုလ်ကဲ့သို့ပင် ထိုတက္ကသိုလ် ၌ ဝင်ခွင့်ပြုထားသည်။ ထိုတက္ကသိုလ်၌ ပညာသင် ကြားလျက်ရှိသော ကျောင်း သား များ အား အထောက် အပံ့လည်း ပေးသည်။ သီဟိုဠ် ရဟန်း တော်မဟာဗောဓိ ဂျာနယ် အယ်ဒီတာချုပ် ဘိက္ခု ဓမ္မရတနနှင့် မြန်မာရဟန်တော် ဦးဇာဂရတို့သည် ထိုတက္ကသိုလ်မှ ကထိကများဖြစ်ကြသည်။ သို့သော် ယခု အခါ၌ကား ဘိက္ခုဓမ္မရတနမှာ ပျံ လွန်တော် မူသွားပြီ ဖြစ်ပြီး ဦးဇာဂရမှာမူ သြစတြေလျသို့ ပြောင်းရွှေ့ သွားလေပြီ။

အိန္ဒိယပြည် ဗာရာဏသီ သက္ကတ တက္ကသိုလ်

အိန္ဒိယနိုင်ငံ၌ ပါဠိနှင့် ဗုဒ္ဓစာပေကို သင်ကြား သော အခြားတက္ကသိုလ်ကြီးတစ်ခုမှာ ဗာရာဏသီ သက္ကတတက္ကသိုလ်ဖြစ်သည်။အမှန်က ထိုတက္ကသိုလ် သည် သက္ကတ တက္ကသိုလ်ဖြစ်သည့်အတိုင်း သက္ကတ စာပေကို ဦးစားပေး သင်ကြားသည်။ သို့သော် လည်း ထို တက္ကသိုလ်၌ သက္ကတစာပေနှင့် အတူ ပါဠိနှင့် ဗုဒ္ဓ စာပေကိုလည်း အလေးထား၍ သင် ကြားပေးသည်။ပါဠိ မဟာဋ္ဌာနနှင့် ဗုဒ္ဓအဘိဓမ္မာ မဟာဋ္ဌာနကြီးနှစ်ခု ဖွင့်လှစ်ပေးပြီးလျှင် ပါဠိနှင့် ဗုဒ္ဓအဘိဓမ္မာဆိုင်ရာများကို ပီအိပ်ချ်ဒီ အဆင့် အထိ သင်ကြားပေးသည်။ ထိုတက္ကသိုလ်၌လည်း နာလန္ဒတက္ကသိုလ်သစ်ကဲ့သို့ပင် မြန်မာနိုင်ငံမှ ဓမ္မာ စရိယ စာမေးပွဲ အောင်မြင်သူများကို ဘွဲ့လွန် သင်တန်းအတွက် တက်ခွင့် ပြုထားပေသည်။

သီရိလင်္ကာမှ တက္ကသိုလ်များ

သီရိလင်္ကာ နိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရ အသိအမှတ်ပြု ဗုဒ္ဓဘာသာ တက္ကသိုလ်ကြီးများ ရှိလေသည်။ ထိုတက္ကသိုလ်များအနက် ဝိဒျာ လင်္ကာရ တက္ကသိုလ်မှာ အထူးသဖြင့် ထင်ရှား ကျော်ကြားသည်။ သီရိလင်္ကာ နိုင်ငံရှိ ဗုဒ္ဓဘာသာ တက္ကသိုလ်များကို ရဟန်းတော်များက အုပ်ချုပ် ကြလေသည်။ သို့ရာတွင် ထိုတက္ကသိုလ်ကြီးများ၌ ရဟန်းတော် ကျောင်း သား များ လည်း တက်ကြသည်။ ထို တက္ကသိုလ်ကြီးများ အနက် ဝိဒျာလင်္ကာရ တက္ကသိုလ်မှာ အထူး ထင်ပေါ် ကျော်ကြားသည်။ ထိုတက္ကသိုလ်သည် အစ ပထမက ဝိဒျာလင်္ကာရ အိုရိယင်တယ် ကောလိပ် အမည်ဖြင့် ကောလိပ် အဆင့်မျှသာ ရှိခဲ့သော်လည်း ယခု အခါ၌ကား တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်း ဖြစ်နေပြီ။ ထိုတက္ကသိုလ်၌ ရာဟုလာ သံကိစ္စည်းသည် နှစ်ကြိမ် တိုင်တိုင် ပါမောက္ခအဖြစ် ဆောင်ရွက်ဖူးသည်။ ၁၉၂၀–ခုနှစ် ကောလိပ် ဘဝ တုန်းက တစ်ကြိမ်၊ သက္ကတ ပါမောက္ခအဖြစ် ဆောင် ရွက် ခဲ့ ပြီး တက္ကသိုလ်ဖြစ်လာပြီးနောက် ၁၉၅၉ ကျသော အခါ၌ တစ်ကြိမ် ထိုတက္ကသိုလ်၏ ဒဿနိကပေဒ ဌာနတွင် မဟာ ဌာနမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံမှ တက္ကသိုလ်များ

ဂျပန် နိုင်ငံတွင်လည်း ဗုဒ္ဓဘာသာ တက္ကသိုလ် ကြီးများ၊ ကောလိပ်ကျောင်းများ ရှိကြသည်။ ယင်းတို့အနက် ဂယူးကောကု တက္ကသိုလ်၊ အိုတာနီ ဓာက္ကသိုလ်၊ ထိုက်ရှော တက္ကသိုလ်၊ ရစ်ရှော တက္ကသိုလ်၊ ကိုမာဇာဝါ တက္ကသိုလ်၊ ကာနာဂါ ဝါ၌ရှိသော ဘဆုရုမိ တက္ကသိုလ်၊ ကျိုတို၌ရှိသော ကျိုတိုအမျိုးသမီး ကောလိပ်၊ တိုကျို၌ရှိသော မုဆာရှိနုပိအမျိုးသမီးကောလိပ်တို့သည် ထင်ရှား သော ဗုဒ္ဓဘာသာ တက္ကသိုလ်နှင့် ကောလိပ် ကျောင်းများဖြစ်ကြသည်။ ယင်း တက္ကသိုလ်များ

အနက် အချို့တက္ကသိုလ်များ၏ သက်တမ်းမှာ သံမဏိ ရှည်ကြာလှလေပြီ။ အချို့မှာ မေကျိခေတ် ကပင် စတင်ပေါ်ပေါက်လာခဲ့ကြသည့် တက္ကသိုလ် ကျောင်းတိုက်ကြီးများ ဖြစ်ကြပေသည်။ ယင်း တက္ကသိုလ်များထဲက အိုတာနီ တက္ကသိုလ်ဆိုလျှင် ကိုလိုနီခေတ် ၁၉၀၇–ခုနှစ် လောက် ဟုန်း ကမြန်မာနိုင်ငံမှ နိုင်ငံရေး ခေါင်းဆောင် ဘုန်းတော်ကြီး ဦးဥတ္တမ သည်ပင် ပါဠိ ပါမောက္ခ အဖြစ် ၂–နှစ် ဆောင်ရွက်ခဲ့ဖူးသည်။

တရုတ်ပြည်မှ တက္ကသိုလ်

တရုတ်ပြည်တွင်လည်း ဗုဒ္ဓဘာသာတက္ကသိုလ် ရှိလေသည်။ ဗုဒ္ဓဘာဘာ အကယ်ဒမီ ခေါ်သော ထိုတက္ကသိုလ်ကို ၁၉၅၆ – ခုနှစ်က နှစ်ပေါင်း ၁၃၀၀ ရှည်ကြာခဲ့ပြီဖြစ်သည့် ပီကင်းမြို့ရှိ ဖာယွန်း အမည်ရှိ ကျောင်းတိုက်၌ ဖွင့်လှစ် တည်ထောင်သည်။ ထိုတက္ကသိုလ်သည် ယခုအခါ၌ ဗုဒ္ဓစာပေ သင်ကြားရေးနှင့်စပ်လျဉ်း၍ တရုတ်ပြည်၌ အကြီးမားဆုံးဖြစ်သည်။ တည်ထောင်ပြီးသည့် အချိန် ကာလမှစ၍ ယခု အချိန်အထိ ရဟန်း ၄၀၀ လောက်ကို အဆင့်မြင့်ပညာများ သင်ကြားပေးပြီး လေပြီ။

ထိုတက္ကသိုလ်၏ ယခုလက်ရှိ ဒု အဓိပတိမှာ ယဉ်ကျေးမှု တော်လှန်ရေး မတိုင်မီ ခေတ်က ထို တက္ကသိုလ်မှ ဘွဲ့ရသော ပုဂ္ဂိုလ် ဖြစ်လေသည်။ ထို တက္ကသိုလ်ကို ယဉ်ကျေးမှု တော်လှန်ရေးကာလ အတွင်း ပိတ်ထားပြီး ၁၀ နှစ်အကြာ ၁၉၇၆ ခုနှစ်၌ ပြန်ဖွင့်သည်။ တက္ကသိုလ်၏ အဓိပတိမှာ ချောင်ပုချု ဖြစ်လေသည်။ ထို တက္ကသိုလ်သည် ၁၉၇၆ ခုနှစ် စက်တင်ဘာလက နှစ် ၃၀ ပြည့် ထိမ်းအမှတ်ပွဲကျင်းပပြုလုပ်သည်။ထိုတက္ကသိုလ် ဖွင့်ပွဲတုန်းက နာလန္ဒ တက္ကသိုလ်မှ ရဟန်းတော်များ အပါအဝင် ခုနစ်နိုင်ငံမှ ရဟန်းတော်များ ပါဝင် တက်ရောက်ကြသည်။ နှစ်အနည်းငယ် အတွင်း၌ပင် ထိုတက္ကသိုလ်၏ လက်အောက်ခံ ကောလိပ်ကျောင်း ၂ ကျောင်း မြို့နှစ်မြို့၌ ဖွင့်လှစ်နိုင်ခဲ့လေသည်။

ဗီယက်နမ်မှ တက္ကသိုလ်

ဗီယက်နမ် နိုင်ငံ၌ပင် ဗုဒ္ဓဘာသာ တက္ကသိုလ် ရှိလေသည်။ ဟိုချီမင်းမြို့၌ ဗုဒ္ဓဘာသာတက္ကသိုလ်၏ လက်အောက်ခံ ဗုဒ္ဓဘာသာ အထက်တန်းကျောင်း ရှိသည်။ ထိုဗုဒ္ဓဘာသာ အထက်တန်းကျောင်းကို ၁၉၇၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည်၊ ဗီယက်နမ် တောင်ပိုင်းရှိ ရဟန်းတော် များနှင့် သီလရှင်များအတွက်လည်း ဟန္ဒိုင်မြို့၌ အလားတူ ကျောင်းတစ်ကျောင်း ရှိသည်။ ဟိုချီမင်းစီးတီး ဗုဒ္ဓဘာသာ အထက်တန်းကျောင်း၌ လေးနှစ်ကြာ သင်တန်းတက်ပြီး ပထမအကြိမ် သင်တန်းပြီးဆုံး အောင်မြင်သွားသူ ရဟန်းတော်နှင့်သီလရှင်ဦးရေ မှာ ၅၇ ပါး ရှိလေသည်။

မြန်မာဗုဒ္ဓဘုန်းတော်ကြီးကျောင်းမှ နိုင်ငံခြားပရိယတ္တိ သာသနာ့တက္ကသိုလ်သို့

မြန်မာနိုင်ငံ၌ ပါဠိနှင့် ဗုဒ္ဓစာပေကို သင်ကြားပေးသော အခြေခံဌာနများမှာ ကျေးရွာ ဘုန်းတော်ကြီးကျောင်းများ ဖြစ်ကြသည်။ ဘုန်းတော်ကြီး ကျောင်းများသည်ပညာသင်ကြားရာ အချက်အချာ ဌာနများ ဖြစ်ခဲ့သည်မှာ ရှေးမြန်မာဘုရင်များ ခေတ်အခါကပင် စတင်ခဲ့သည့် မြန်မာ့ရိုးရာ ဝလေ့ထုံးစံတစ်ခု ဖြစ်လေသည်။ သို့ရာတွင် ကိုလိုနီခေတ်တွင် ကိုလိုနီအစိုးရ၏ လက်အောက်ခံ လောကစာတတ် ကျောင်းများ ပေါ်ပေါက်လာသောအခါ ထိုဝလေ့ထုံးစံများသည် မေ့မိုန်းအားပျော့သွားခဲ့လေသည်။ သို့သော်လည်း ကျေးရွာများ၌မူ ထိုဝလေ့ထုံးစံကို ထိန်းသိမ်းထားနိုင်ခဲ့ပေသည်။ ကျေးရွာဘုန်းကြီးကျောင်းများ၏ ဗုဒ္ဓ

ဘာသာ စာပေ သင်ကြားရေးထက် အဆင့်မြင့်သော ပါဠိနှင့် ဗုဒ္ဓစာပေ သင်ကြားရေး ဌာနများမှာမူ မြန်မာနိုင်ငံ တစ်ဝှမ်းရှိ စာသင်တိုက်ကြီးများ ဖြစ်ကြသည်။ ထို စာသင် တိုက်ကြီးများ၌ ပါဠိနှင့် ဗုဒ္ဓစာပေကို ခေတ်အဆက်ဆက်က စပြီး အဆင့်အတန်းမြင့်မြင့် သင်ကြားပြသပေးမှု ရှိလာခဲ့လေသည်။ ထို စာသင် တိုက်ကြီးများ အနက် မန္တလေးနှင့် ပခုက္ကူမြို့ကြီးများ၌ ရှိသော စာသင်တိုက်ကြီးများမှာ ပါဠိတက္ကသိုလ်ကြီးများဟု ခေါ်ဆို ရလောက်အောင် ပါဠိ ပိဋကတ် စာပေကို အဆင့်အမြင့်ဆုံးအထိ သင်ကြားပေးခဲ့လေသည်။ တစ်ချိန်က မြန်မာနိုင်ငံ အဝှမ်းရှိ တချို့ စာသင်တိုက်ကြီးများသည် 'ပါဠိတက္ကသိုလ်' အမည်တပ်ပြီး ပါဠိစာပေ သင်ကြားရေးကို အားထုတ်ခဲ့ကြသည်။သို့သော်လည်း ထို'ပါဠိတက္ကသိုလ်'အမည်ခံ စာသင်တိုက်များမှာ ပထမပြန် စာမေးပွဲအတွက် သာလျှင် ရည်ရွယ်၍ တည်ထောင်ဖွဲ့စည်းထားခြင်းဖြစ်၍ 'တက္ကသိုလ်' အမည်နာမနှင့် အပြည့်အဝ လိုက်လျောမှု မရှိပေ။ တကယ့် တက္ကသိုလ် အမည်ခံထိုက်သော စာသင်တိုက်ကြီးများမှာ မန္တလေးနှင့် ပခုက္ကူမြို့ရှိ စာသင်တိုက်ကြီးများ ဖြစ်ပေသည်။

သို့ရာတွင် ထိုစာသင်တိုက်ကြီးများမှာ ပါဠိနှင့် ဗုဒ္ဓကျမ်းစာများကိုသာလျှင် သင်ကြား ပို့ချခြင်းပြုသဖြင့် ကမ္ဘာ့အဆင့်မီ နိုင်ငံတော်အစိုးရ အသိအမှတ်ပြု တက္ကသိုလ်များ စာရင်းတွင် မဝင်ပေ။ ထို့ကြောင့် မြန်မာနိုင်ငံလို ဗုဒ္ဓဘာသာ အထွန်းကားဆုံး နိုင်ငံတစ်နိုင်ငံ၌ နိုင်ငံတော်အစိုးရ အသိအမှတ်ပြု ကမ္ဘာ့အဆင့်မီ ဗုဒ္ဓဘာသာတက္ကသိုလ်ကြီးများ ပေါ်ထွက်လာဖို့ လိုအပ်သည်မှာ အချိန်ကာလ ကြာမြင့်လှ ပေပြီ။ ယခုအခါတွင်ကား ရန်ကုန်မြို့၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် တစ်ခုနှင့် မန္တလေးမြို့၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် တစ်ခု တည်ထောင်ပြီးပြီဖြစ်၍ ထို လိုအပ်ချက်မှာ ပြည့်တင်းသွားပေပြီ။ သို့သော် ထိုတက္ကသိုလ်ကြီးနှစ်ခု အနေနှင့် ရှေ့ဆက်လက်လျှောက်စရာရှိနေသေးသည်၊ နိုင်ငံတကာ ဗုဒ္ဓဘာသာတက္ကသိုလ်ကြီးများ၏ အင်္ဂါရုပ်နှင့် ပြည့်စုံသော ကမ္ဘာ့စံချိန်မီ ဗုဒ္ဓဘာသာတက္ကသိုလ်အဆင့်သည် ထိုတက္ကသိုလ်ကြီးနှစ်ခုအားစောင့်စား ဆီးကြိုနေပေသည်။





မင်းကွန်း မိုးမိတ်ကုန်းမြေရှိ သာသနိက ထင်ဆောက်အဦးများအနက် စက်တော်ရာ ပြာသာဒ်တော်သည်လည်း၊ တစ်ခုထပါအဝင် ဖြစ်ပါသည်၊ မိုးမိတ် စက်တော်ရာသည် အမရပူရ မြို့တည်နန်းတည် ဘိုးတော်ဝဇုံမင်းတရား ကြီး၏သားတော် "မဟာဝမ္မရာဇာ"ဘွဲ့ခံ မိုးမိတ်မင်းသား သတိုးမင်းရဲ့ ရွှေတောင်နှင့် ကြင်ရာတော် "သီရိမဂ္ဂလာနန္ဒဒေဝီ" မင်းသမီးတို့၏ ကောင်းမှုတော် ဖြစ်ပါသည်၊

မိုးမိတ် ဗုဒ္ဓဂြိုဟ်ရာတော်ကို စကျင်ကျောက်ဖြူသားပြင့် လက်ရာမြောက်စွာ ထုလုပ်ထားပြီး "လှ မ၊ အိမ်မွန်" စသော ၁၀၀ ကျော် ဗုဒ္ဓ၏ စက်လက္ခဏာ တော်များအပြင်၊ ဖဝါးဝဘက်၏တွင် "ဇာစကြိုးကြာ" စသော ထူးခြားတော်မူပေါင်း ပုံတော် ၁၃၆-ပုံတို့ဖြင့် တန်ဆာဆင်ထားကာ၊ တစ်ပန်းထပြင်မှ နဂါးနှစ်ကောင်က ပတ်ရံထားဘည်မှာ လက်ရာ-မြောက်လှ

သော အမရပူရခေတ် စံပြ ပန်းတမော့ လက်ရာတစ်ခု ဖြစ်ပေသည်။ နှောင်းခေတ်တွင်မှ နဂါးအကြေးခွံများကို မှန်နှစ် သားရိုးခင်း၍ ခြေရာတော်တစ်ဆူလုံးကို ရွေ ချထားသည်ဟု ယူဆရပါသည်။

ဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံတိုင်းလောက်တွင်ပင် ဗုဒ္ဓခြေရာတော်များ ထုလုပ်ရေးဆွဲမှုမဲ့လေ့ ထွန်းကားခဲ့ရာ၊ မြန်မာပြည်အနှံ့အပြား ကျောင်းကန်ဘုရားများ ရှိသော နေရာတိုင်းတွင် ခြေရာတော်များကို ဖူးတွေ့ ရတတ်ပေသည်။ သဲကျောက်နှင့် စကျင်ကျောက်ကို ထုလုပ်ထားသော ခြေရာတော်များကို အများဆုံးဖူးတွေ့ ရတတ်ပြီး နံရံ ပန်းချီရှိသော အချို့ဂူ ဘုရားများ၏ အမိုး သို့မဟုတ် အဝင်ပေါက်ခုံးတွင် ဆေးရေး ခြေရာတော်များကို တွေ့ရှိရတတ်သည်။ ထို့ပြင် အခြားသော ကျောက်အမျိုးမျိုးနှင့် ရွှေဇဝါ၊ ကြေး၊ အင်တေ၊ သားရိုး၊ မှန်၊ အုတ်ခွက်စသည့် အမျိုးမျိုး သော ပစ္စည်းတို့ဖြင့်လည်း ပန်းချီ၊ ပန်းပု၊ ပန်းဘော့၊ ပန်းတမော့၊ ပန်းယွန်း ပညာရှင်အသီးသီးတို့က မိမိတို့ တတ်ကျွမ်းရာ ပညာရပ်များဖြင့် ခြေရာတော်များ ထုလုပ် ပူဇော်လေ့ရှိကြကြောင်းကို လေ့လာမိသမျှ တင်ပြ လိုက်ရပါသည်။

ပုဂံခေတ်မတိုင်မီက ခြေရာတော်များ

မြန်မာနိုင်ငံတွင် ခရစ်နှစ်ပေါင်းစကပင် ဗိဿဏှိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော စသော မြို့ကြီး များ၌ ပျူယဉ်ကျေးမှုများ ထွန်းကားခဲ့သော်လည်း ပျူခေတ်လက်ရာများထဲတွင် ဗုဒ္ဓ၏ခြေရာတော်ကို မတွေ့ ရှိခဲ့ရပေ။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် ရှိသော ရွှေးဟောင်း ကြဲးသွန်းခြေရာတော်သည်ကား မြန်မာ ပြည်တွင် တွေ့ရသမျှသော ခြေရာတော်များ အနက် အဟောဆုံးဖြစ်ပြီး ခရစ်နှစ် ဂ–ရာစုခန့်ကဟု ခန့်မှန်း ရသည်။

ကြဲးသွန်းခြေရာတော်၌ အိန္ဒိယနိုင်ငံ ရှေးဟောင်း ခြေရာတော်များကဲ့သို့ပင် ၁၀၈ ကွက် စက်လက်ဂဏာ တော် အပြည့်မပါသေးဘဲ နေ၊ လ၊ ထီးဖြူ၊ စကြာ၊ ရေပြည့်အိုး၊ ကြာ၊ ငါးနှစ်ကောင်၊ ခွန်း၊ ယပ် စသော မင်္ဂလာနိမိတ် လက္ခဏာ ၃၀ ကျော်ခန့်ပါရှိပြီး ဝဲနှင့် ယာ လက္ခဏာများသည် တူညီမှုမရှိပါ။

သဲကျောက်ညို

ပုဂံခေတ်တွင် တူရွင်းတောင်နှင့် အခြားတောင်တန်း များမှထွက်သော စိမ်းဖန့်ဖန့် အရောင်ရှိ သဲကျောက် ညို့ကို စေတီပုထိုးများ တည်ထားရာ၊ ဆင်းတု၊ ရုပ်တု များ ထုလုပ်ရာတို့၌ တွင်ကျယ်စွာ အသုံးပြုခဲ့သည်။ ပုဂံသီရိပစ္စယာအရပ်၊ လောကနန္ဒာစေတီတွင် တွေ့ရ သော ခြေရာတော် [ပုံ(၃)]နှင့် ညောင်ဦးရွှေစည်းခုံ မှ ခြေရာတော်များမှာ ပုဂံခေတ်ဦး၌ ထုလုပ် ပူဇော် ကိုးကွယ်ခဲ့ကြသော သဲကျောက်ညို့ဖြင့် ထုလုပ်ထား သည့် သေသပ်ကောင်းမွန်သော ပန်းတမော့လက်ရာ များ ဖြစ်ကြပါသည်။ ပုဂံခေတ်နောက်ပိုင်းတွင် သဲ ကျောက်ညို့ဖြင့် ခြေရာတော် ထုလုပ်မှု နည်းပါးသွား ပြီး၊ ပင်းယ ရွှေစည်းခုံမှ အင်းဝခေတ်ဦး လက်ရာဟု ယူဆရသော ခြေရာတော်တစ်ဆူနှင့် တံတားဦးမြို့နယ်၊ တောင်တစ်လုံးတောင် အထက်ခြေရာတော်နှင့် အောက် ခြေရာတော် နှစ်ဆူတို့သည်သာ သဲကျောက်ညို့ဖြင့် ထု လုပ်သည်ကို တွေ့ရပါသည်။

ဝေဘူကျောက်

ပင်းယခေတ်နှင့် အင်းဝ ခေတ်ဦးပိုင်းလောက်တွင် ကျောက်ဆည်မြို့နယ် ဝေဘူဆောင်မှ ဝေဘူကျောက် (ကျောက်သားကြမ်းသော ထုံးကျောက်တစ်မျိုး) ကို ကျောက်စာများ ရေးထွင်းရာတွင် အသုံးများလာရာ ပင်းယရွှေစည်းခုံမှ အခြားခြေရာတော် တစ်ဆူကို ဝေဘူ ကျောက်ဖြင့် ထွင်းထုထားသည်ကို တွေ့ရသည်။ သို့သော် ဝေဘူကျောက်သည် ကျောက်သားကြမ်းတမ်း ပြီး ထွင်းထုရာတွင် ခက်ခဲသဖြင့် ခြေရာတော်တွင် ခြေချောင်းတော်များရှိ ခရုနှင့် ခရုပတ်ပုံများကိုသာ ထွင်းထုထားပြီး စက်လက်ဂဏာတော်များ ပါလေ့ရှိ သော ဖဝါးပြင်တွင် မည်သည့်လက္ခဏာ အရေး အကြောင်းမျှ မပါပါ။

လရှေးကျောက်နက်


မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေးစု ကျေးရွာ တွင်ကား လရှေး ကျောက်မှုန့်များပါသော ကျောက် နက်ကို ခြေရာပုံတော် ပြုလုပ် ကိုးကွယ် ထားသည်ကို ရှာပါးစွာ တွေ့ရှိရပါသည်။ စက်လက်ဂဏာတော်များ မှာ ဖဝါးလယ်၌ အဝိုင်း သုံးဆင့်ဖြင့် ဖော်ပြထားပြီး အမရပူရခေတ် ပန်းတမော့ လက်ရာဖြစ်ကြောင်း သိရှိ ရပါသည်။ ဘေးမှ နဂါးနှစ်ကောင် ခေါင်းချင်းလိမ် နေပုံကို ရုပ်ပြားဖြင့် ထွင်းထုထားပါသည်။ [ပုံ(၅)]

တောင်ဦးကျောက်


အင်းဝခေတ်တွင် ခရစ်ကြိုမြို့နယ်၊ တောင်ဦးအရပ်မှ ထွက်သော တောင်ဦးကျောက် ခေါ် သဲကျောက်နီ တစ် မျိုးကို အသုံးပြု ထုလုပ်ခြင်း ဓလေ့များစွာ တွင်ကျယ် လာပါသည်။ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်း ဘောင်ခေတ်ဦးတို့၌ ထုလုပ် ကိုးကွယ်ကြသော ခြေရာ

ဗုဒ္ဓ၏ ဇာတ်ကောင်များ

ကိုဝင်းမောင်
(တမ္ပဝတီ)



ဂ



၃

၂

၁ - မိုးမိတ်ကုန်းမြို့ (မင်းကွန်း) စက်တော်ရာ
အမရပူရခေတ် (စကျွတ်ကျောက်)

၂ - ရခိုင်ပြည်နယ် မြောက်ဦးမြို့ဟောင်း
ကြေးသွန်းပြောခေတ်

၃ - ပုဂံခေတ်ကျောက်ဆစ်လောက်ရာ
(ဆောကန္ဒာဘုရား)




(၄)




(၆)

(၉)



(၇)



၄ - ပင်းယျခေတ်၊ ဝေဘုကျောက်ဆစ်လက်ရာ

၅ - လချေးကျောက်နက်၊ ကျောက်ဆစ်လက်ရာ
ရွှေးဗုကျေးရွာ၊

၆ - တောင်ငူးကျောက်ဆစ်လက်ရာ

၇ - အမရပူရခေတ် ပန်းတမော့လက်ရာ

၈ - နံရံဆေးရေးပန်းချီလက်ရာ
(အင်းဝခေတ်)
၉ - သားရိုးခင်းလက်ရာ
၁၀ - ပန်းယွန်းရွှေဇင်ပန်းချီလက်ရာ











၁၁



၁၈



၁၉



၁၇

၁၁ - ကြေးသွန်းပန်းတဉ်းလက်ရာ (ရန်ကင်းတောင်)
၁၂ - ဆုတ်ရိုး အင်္ဂတေ ဆင်းတုတော် မှ
၁၃ - အင်္ဂတေ ပန်းတော့ လက်ရာ့ (တံတားဦး)
၁၄ - မှန်ပန်းချီ နှင့် သားရိုးကိုင် လက်ရာ

တော်များ အားလုံး နီးနီးပင် တောင်ဦးကျောက်နီဖြင့် ထုလုပ်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ(၆)

စကျင်ကျောက်

အမရပူရခေတ် ခြေရာတော်များတွင် ထူးခြားသော ပြောင်းလဲမှုများကို တွေ့ရတတ်ပါသည်။ အမရပူရခေတ်ဦးပိုင်းတွင် တောင်ဦးကျောက်ကိုသာ အသုံးများပြီး ၁၀၈ ကွက် စက်လက္ခဏာ ပုံတော်များကိုလည်း ဖဝါးပြင်၌ စတုရန်းကွက်များဖြင့်အပြည့် ထုထွင်းထားလေ့ ရှိပါသည်။ အမရပူရ ခေတ်နှောင်းပိုင်းတွင်ကား တောင်ဦးကျောက်အစား ပိုမိုမာကျောသည့် ကျောက်သလင်းဟု ခေါ်သော အဖြူရောင် စကျင်ကျောက်များကို ဆင်းတုတော်များ ထုလုပ်ခြင်း၊ ကျောက်စာရေးထိုးခြင်း၊ ခြေရာတော် ပုံများ ထုလုပ်ခြင်း တို့၌ အစားထိုး သုံးစွဲမှု များပြားလာသည်နှင့်အတူ "စက်လက္ခဏာတော်" ဆိုသည်မှာ စက်ဝိုင်းပုံတွင် လက္ခဏာတော်များ ထည့်သွင်းပါမှ ပိုမိုရှု စာဆိုနှင့် ညီညွတ်သည်ဟု သဘောရကာ မင်းမိန့်ဖြင့် စက်တော်ရာများ ထုလုပ်ရာတွင် အဝိုင်း သုံးဆင့်၊ လေးဆင့်၊ ငါးဆင့် စသည်တွင် ၁၀၈-ကွက် စက်လက္ခဏာ ပုံတော်များကို ထည့်သွင်း ထုလုပ်လေ့ ရှိကြပါသည်။

စက်ဝိုင်းပုံ ခြေတော်ရာများ အနက် အမရပူရမြို့၊ ရွှေဂူကြီး ခြေရာတော်၊ ကြေးလက်ဆက် ခြေရာတော်၊ အောင်မြေရွှေဘုံ ခြေရာတော်နှင့် မေယဝတီခြေရာတော်ဘို့သည် အနုစိတ်၍ လက်ရာကောင်းသော အမရပူရခေတ် စကျင်ကျောက် ပန်းတမော့ လက်ရာများ ဖြစ်ကြပါသည်။ ရတနာပုံခေတ် လက်ရာအနေဖြင့်မူ တိုင်းတားမင်းကြီး၏ ခြေရာတော်မှာ ပိုးပိတ် ခြေရာတော်ကဲ့သို့ပင် အဖြစ်တော်ပေါင်း ပုံတော်များဖြင့် ဝေဝေဆာဆာ ရှိလှပါသည်။

သို့သော် စကျင်ကျောက်ဖြင့် ဖဝါးပြင် အပြည့် စတုရန်းကွက်များ ထုသည့် ပုံအချို့ ရှိခဲ့သကဲ့သို့ သဲကျောက်နီဖြင့်လည်း စက်ဝိုင်းဆယ် ထက်ကွက်များ ထုလုပ်ထားသည်ကို အချို့နေရာ၌ တွေ့ရှိရ တတ်ပါသည်။ နောမည်ကျော် ရာမဇာတ်တော် ပန်းတမော့ လက်ရာများ တည်ရှိရာ ဘုတလင်မြို့နယ်၊ ဘုရားကြီးကျေးရွာမှ ခြေရာတော်တွင် ကား တောင်ဦးကျောက်တွင် စက်ဝိုင်း ငါးဆင့်အတွင်း၌ စက်လက္ခဏာတော်များ ကို ထွင်းထားပါသည်။ ပုံ(၇)

နံရံဆေးစရာပန်းချီ

ယုံစရာရှိသော ဘုရား နံရံများနှင့် မှတ်နာကျက် (ဦး)များ ဆေးရေး သား [illegible] ကျယ်ခဲ့ရာ ပုဂံ

မြို့တွင် သိမ္မစည်းဘုရား၊ လေဒကထိပ်ပန်ဘုရား စသည်တို့တွင် ပုဂံခေတ် နံရံဆေးရေး ပန်းချီလက်ရာ ခြေရာတော်များကို တွေ့ရှိရပါသည်။ အင်းဝခေတ်ဦး လက်ရာဖြစ်သော စစ်ကိုင်း ခြသေ့သုံးဆယ်ဘုရားအနီးမှ ဂူဘုရားတစ်ဆူတွင် ရှိသော ခြေရာတော်တွင်မူ လက္ခဏာတော် ၁၀၈-ကွက်အတွက် အကွက်များသာ ပါရှိပြီး လှုံ့မ၊ အိမ်မွန် စသော အရုပ်များ ရေးခြယ်ထားခြင်း မရှိခဲ့ပါ။

ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ဦး၊ အမရပူရခေတ်၊ ရတနာပုံခေတ် ဧးတီပုထိုး များတွင်လည်း ဆေးရေးခြယ်လေ့ ရှိရာ အင်းဝခေတ်တွင် နံရံဆေးရေး ပန်းချီရှိသော ဘုရားတိုင်း၏ ၆၀ ရာနှုန်းတွင် အဝင်ဝ ဝုံး(ခုံး)၏ အထက်၌ ခြေရာတော်အစုံ ရေးခြယ်ပူဇော်လေ့ ရှိသည်ကို တွေ့ရတတ်ပါသည်။ ပုံ(၈) ပခုက္ကူမြို့နယ် မှိုက်ပင်ကုန်း ကျေးရွာမှ သက္ကရာဇ် ၁၀၀၀-ပြည့်တွင် ရေးခြယ်ခဲ့သော ခြေရာတော် စစ်ကိုင်း တိလောကဂုရု ခြေရာတော်၊ ပုဂံ ဥပါလိသိမ် ခြေရာတော်တို့သည် ထင်ရှားသော ဆေးရေး ခြေရာတော်များ ဖြစ်ကြပါသည်။

သစ်စေးသား ရိုးခင်း

သဲကျောက်နီ၊ သဲကျောက်ညို နှင့် စကျင်ကျောက် ခြေရာတော် အချို့ကို ဗန္ဓာင်းခေတ် ကုသိုလ်ရှင်များက မှန်နှစ်၊ သားရိုးခင်း၊ ရွှေချသည့်ဓလေ့ ရှိခဲ့သည်ပြင် သစ်သားပြား ပေါ်တွင် စတုရန်းကွက်များ၊ ခရုခွေများကို သားရိုးဖြင့် ကြိုးခင်း၍ လက္ခဏာတော် ၁၀၈ ပါး ပုံတော်များကို သားရိုး ရုပ်ကြွဖြင့် ပြုလုပ်ထားသည့် သားရိုးခင်း ရွှေချ ခြေရာတော်တစ်ဆူကို ပုဂံမြို့ ရွှေစည်းခုံစေတီ ရာဟုထောင့် ပြာသာဒ်အတွင်း၌ ရှာဖွေ့ပါးစွာ မူးတွေ့နိုင်ပါသည်။ ပုံ(၉)

ပန်းယွန်းရွေ့ဝါ

ပန်းယွန်း အလှဆင်ပညာတွင် သစ်စေး သားရိုးဖြင့် ပန်းခက် ပန်းနွယ်၊ ရုပ်လုံး ရုပ်ကြွဖော်ခြင်း၊ အစိမ်း၊ အနီ၊ အဝါ သစ်စေးရောင်စုံတို့ဖြင့် သုံးဆယ်ယွန်း၊ ငေးထယ်ယွန်း ထိုးခြင်း အပြင် အနီ၊ အနက် သစ်မစေးပြင်ပေါ်တွင် ဆေးဒန်းရာရှိ ရွှေချသော ရွှေ့ဝါယွန်းလည်း အပါအဝင် ပြစ်ပါသည်။ ရွာပါးသော လက်ရာတစ်ခုအပြစ် စစ်ကိုင်းပြည် မြေ-တောင်ဦးပေါ် အရပ်မှ သံချက်ခဲ့အနီး ဘုရားတစ် [illegible] ပြောတော်အစုံကို ပုံး[illegible]သည်။ ပုံ(၁၀)။ မန္တလေးမြို့ [illegible] မိဘုရား [illegible] ရှင်လွန်းမယ်စေ [illegible] အရေး

မုခ်နှင့် တောင်မုခ်တို့တွင် လွန်ခဲ့သော ဆယ်နှစ်ခန့်က ရွှေဇဝါယွန်းလက်ရာ ခြေရာတော်များ ဖူးတွေ့ခဲ့ရဖူးသော်လည်း ယခု ထုံးသက်န်း ကုသိုလ်ရှင်များကြောင့် ရှုးပါးလှသော ရွှေဇဝါပန်းချီလက်ရာ ခြေရာတော်များမှာ ဖုံးကွယ်သွားပြီ ဖြစ်ပါသည်။

ကြေးသွန်းပန်းတဉ်း

မန္တလေးမြို့ ရန်ကင်း တောင်ခြေရှိ ညောင်ပင်ကျောင်းတွင်မူ စက်လက္ခဏာတော်များ ပါရှိသော ဗုဒ္ဓ၏ ခြေရာတော်ကို ကြေးဝါဖြင့် သွန်းလုပ်ပူဇော်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ(၁၁)။ ဆီမီးခုံရှာရှိ စေတီတော် တစ်ဆူနှင့် ဝေါမြို့နယ်၊ ငါးမာန်အောင်ဘုရားကို့ဘွင်လည်း ကြေးသွန်း ခြေရာတော်များရှိသည်ဟု သိရှိရပါသည်။ ငါးမာန်အောင် ဘုရား ခြေရာတော်မှာ ၁၂၀၀-ခုနှစ်က မန္တလေးမြို့တွင် သွန်းလောင်းပူဇော်ထားခြင်း ဖြစ်ပါသည်။

ပန်းတိမ်လက်ရာ

ကြေးပြား၊ ရွှေပြားများကို ချိတ်ကပ်နှင်း၍ ပုံဖော်ယူသော ကြေးပန်းတိမ်၊ ရွှေပန်းတိမ်လက်ရာ ခြေရာတော်များအနက် မိုးကောင်းမြို့၌ ကြေးပြားချိတ်နှင်း ကြေးပန်းတိမ် ခြေရာတော်တစ်ဆူ ပြုလုပ်ခဲ့ဘူးသည်။ မကြာခင် နှစ်များအတွင်းက ပြုလုပ် ပြီးစီးခဲ့သော မင်းပူး ရွှေစက်တော်မှ ရွှေပြားများဖြင့် ပြုလုပ်ထားသော ရွှေပန်းတိမ်လက်ရာသည် တန်ဖိုးကြီးမားလှသော လက်ရာတစ်ခု ဖြစ်ပေသည်။

ပန်းတော့အင်္ဂတေလက်ရာ

အုတ်ရိုးဖြင့် တည်ထားကိုးကွယ်ခဲ့သော ကြီးမားသည့် အင်္ဂတေ ဆင်းတုတော်ကြီးများ၏ ဖဝါးတော်တို့တွင်လည်း စက်လက္ခဏာတော်များ ထည့်သွင်းပြုလုပ်လေ့ရှိပါသည်။ စစ်ကိုင်းခါ မင်းဝဲတောင်မြောက်ဘက်မှ သုံးဆူတန်းစေတီအတွင်းရှိ တင်ပြင်ခွေ ဆင်းတုတော်ကြီး ၃-ဆူ၏ ဖဝါးတော်များဝယ် ပန်းတော့လက်ရာဖြင့် စက်လက္ခဏာတော်ပုံများ ထည့်သွင်း ပြုလုပ်ခဲ့ပါသည်။ ပုံ (၁၂) ထို့အတူ တံဂားဦးမြို့ ရွှေသာလျောင်း ဆင်းတုတော်ကြီး၏ ဖဝါးတော်တွင်လည်း အမရပူရခေတ် လက်ရာ စက်လက္ခဏာတော်အဝိုင်းများ ပါရှိခဲ့သည်။ ပုံ (၁၃)။ ရသေ့ကြီးဦးခန္ဓ၏ ကောင်းမှုဖြစ်သော မန္တလေး တောင်အင်ကြင်းတော ဘုရားအတွင်းမှ ဆင်းတုတော်ကြီး၏ ခြေဖဝါးတော်၌လည်း ပန်းတော့ အင်္ဂတေလက်ရာ၊ စက်လက္ခဏာတော် ၁၀၈-ကွက်ကို စတုရန်းကွက်မျသာ ထည့်သွင်း ပြုလုပ်ထားပါသည်။

မြေမီးဖုတ် အုတ်ခွက်

ရေစကြိုမြို့နယ်၊ မအူရွာရှိ ရွှေမုဋ္ဌော စေတီတော်တွင်မူ လွန်စွာ ရှားပါးလှသော ခြေတော်ရာ တစ်ဆူကို ဖူးတွေ့ခဲ့ရပါသည်။ သဲကျောက်တွင် ၁၀၈-ကွက် စက်လက္ခဏာတော်များနေရာ စတုရန်းကွက်များ ထွင်းထားပြီး စတုရန်း တစ်ကွက်စီတွင် မြေဖြင့် ပြုလုပ်၍ မီးဖုတ်ထားသော အနီရောင်အုတ်ခွက် စက်လက္ခဏာတော်များနှင့် ခြေချောင်းများဌ် ခရုသင်း၊ ခရုခွေပုံများကို ထည့်သွင်း မြှုပ်နှံထားပြီး အပေါ်မှ သစ်စေးသားရိုးဖြင့် ဘောင်ကွပ်ကာ ရွှေချထားပါသည်။

မှန်ပန်းချီ-သားရိုးခင်း

မန္တလေးမြို့၊ ရှင်အရဟံ သိမ်တွင်သစ်သား ခြေရာတော်၏ အောက်ခံသစ် သားပြား ကို ခြေရာတော် ချိတ်ဆွဲရန် ထောင်ထား၍ရသော ဘောင် တစ်ခုကို အပျက်အစီးများကြားမှ တွေ့ရှိရပြီး သစ်သားပြားပေါ်တွင် အုတ်ခွက်လက်ရာကဲ့သို့ပင် မှန်ကွက်ကလေးများကို နောက်မှ ဆေးရောင်စုံဖြင့် တစ်ကွက်စီ မှန်ပန်းချီရေးဆွဲပြီး ကပ်ထားကာ သားရိုးဖြင့် ဘောင်ကွပ်၍ မှန်စီရွှေချထားခဲ့သည့် သဲလွန်စများ တွေ့ရှိရပါသည်။ ရှေးဟောင်း မြန်မာပြည်အကြောင်း ရေးသားထားသော အင်္ဂလိပ်ဘာသာ စာအုပ် တစ်အုပ်တွင် ထိုခြေရာတော်နှင့် ပုံစံတူသော သစ်သားဘောင်တွင် မှန်ပန်းချီ လက်ရာကပ်၍ သားရိုးကိုင်ရွှေချ ခြေတော်ရာ အထောင်ပုံတစ်ခုကို ထည့်သွင်း ဖော်ပြထားပါသည်။ ပုံ (၁၄)။

ပဝါစ ပန်းချီ

ရှေးခေတ် မြန်မာ စစ်သည်တော်များ စစ်ထွက်ရာတွင် ခေါင်းပေါင်း ပဝါစကို အန္တရာယ်ကင်း အင်းများအရုပ်များရေးချယ်၍ အဆောင်အဖြစ် ယူသွားလေ့ရှိပါသည်။ ထိုအန္တရာယ်ကင်း အဆောင် ခေါင်းပေါင်း ပဝါစ တစ်ခု၌ ခြေတော်ရာပုံနှင့်အတူ "အစကြိုးကြာအဖြစ်တော်ပေါင်းပုံများ"၊ အင်းများ ပါရှိသည်ကိုလည်း တွေ့ရဖူးပါသည်။

ဤသို့ အားဖြင့် ဗုဒ္ဓဘာသာ ထွန်းကားခဲ့ရာ မြန်မာနိုင်ငံတွင် နေရာအနှံ့၌ ပန်းဆယ်မျိုး ပညာရှင်များသည် မိမိတို့ တတ်ကျွမ်းရာ ပညာဖြင့် စက်လက္ခဏာတော်များ ပါရှိသော ဗုဒ္ဓ၏ ခြေရာတော် အမျိုးမျိုးကို အထူးထူးသော ကြေး၊ ကျောက်၊ အင်္ဂတေ၊ သားရိုး၊ ပန်းချီစသည်တို့ဖြင့် ထုလုပ် ကိုးကွယ်လေ့ရှိခဲ့ကြောင်းကို တင်ပြအပ်ပါသည်။

ကိုဝင်းမောင် (တမွံတီ)

တာဝတိံသာဗျာကြီးမားသောဘုံဗိမာန်

ပဉ္စကျ။



ကျောင်းမှုရှင်ကို ကြိုဆိုခြင်း

နန္ဒိယကျောင်း ဒါယကာသည် မိဂဒါဝုန်မှာ ဗုဒ္ဓမြတ်စွာနှင့် သံဃာတော်များ သီတင်းသုံးရန် ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းပါသည်။ ဤကဲ့သို့ လူ့ပြည်မှာ ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းပြီးချိန် တာဝတိ်သာ နတ်ပြည်မှာ ကုသိုလ်ရှင် ကျောင်းဒါယကာ မသေမီပင် ကြီးမားသော ကောင်းမွန်သော အခြံအရံနတ်သမီးတို့ဖြင့် ပျော်မွေ့ဖွယ်ဖြစ်သော ဘုံဗိမာန်ကြီး ပေါ်ပေါက်နေပါသည်။ ကုသိုလ်ကောင်းမှုက ကြိုဆိုနေခြင်းဟု ဆိုရမည်ပင် ဖြစ်ပါသည်။

"ဆောက်လုပ်လှူဒါန်း ကျောင်းသခ်မ်းသည် ဥတုမညီမျှ အေးမြ စိမ့်ချမ်းခြင်းကိုလည်းကောင်း၊ ဥတုမညီပဲ အပူမဖာတ် လွန်ကဲခြင်းကို လည်းကောင်း၊ခြင်္သေ့,သစ်,ကျား,သားရဲ သားကောင်တို့ကို လည်းကောင်း၊ ကိုယ်ဖြင့်တွား၍ သွားတတ်သော ကျောရှည် ကင်း,မြွေတို့ကို လည်းကောင်း၊ ထိုးဆွနာကျင် မှက်ခြင်တို့ကို လည်းကောင်း၊ လေ,မိုး,မိုးနှင်း, ဆီးနှင်းတို့ကို လည်းကောင်း၊ စွေမှိုး၊စိမ့်မိုး၊မိုးရိုးရိုးစိတို့ကို လည်းကောင်း၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာပွားအောင် ဟန့်တား ဖျက်ဆီး တွန်းလှန်နိုင်ပါသည်။

လှူဒါန်းကြသော ကျောင်းတိုက်များ သည် ဥတုအလျောက် ဖြစ်ပေါ်လာသော ကြမ်းတမ်းထက်မြက် အခံခက်သော လေပူ၊နေပူ၊လေနေပူကို အပူဒဏ်ချက် မနှိပ်စက်အောင် ဖျောက်ဖျက်ဟန့်တားနိုင်ပါပေ၏၊ အိပ်ရာကျောင်းဦးကိန်းအောင်း ပုန်းလျှိုးခြင်းအကျိုးငှာ လည်းကောင်း၊ စျာန်ဝင်စား၍ လက္ခဏာယာဉ် ရှုစားရန်အတွက် အပူအအေး မျှတခြင်း=ဥတုသပ္ပါယ၊ နေထိုင်ရာနှင့် ပြည့်စုံခြင်း=အာဝါသ သပ္ပါယဖြင့် ချမ်းသာစွာ နေခြင်းငှာ လည်းကောင်း အမြဲပုံသေ ဖြစ်နိုင်ပါပေသည်။

သံဃာတော်များ ချမ်းသာစွာ သီတင်းသုံးနိုင်ရန် ဆောက်လုပ်လှူဒါန်းသော ကျောင်းအလှူကို အမြတ်ဆုံးဒါန အနုဿကုသိုလ်ထူးဟူ၍ အယုတ်အလတ် အမြတ်တရား ခွဲခြားသိမြင် ဘုရားရှင်သည် ခြီးကျူးမြောက်စားတော်မူအပ်ပါပေသည်။ ထိုသို့ အမြတ်ခေါင်ဖျား အကျိုးများခြင်းကြောင့် သာလျှင် မိမိ၏ နိဗ္ဗာန်တိုင်မြောက် ထက်တန်းရောက်သော ကောင်းကျိုးမင်္ဂလာ အဖြာဖြာကို တွေးဆဆင်ခြင် အမှန်မြင်သော သာသနာစည်ကား အရှည်ပွားရေး အားပေးလိုလား သဒ္ဓါပွားသော ကျောင်းအလှူကုသိုလ်ရှင်သည် ခြူးပန်းခြူးနွယ် အသွယ်သွယ်ဖြင့် လှပတင့်တယ် နှစ်သက်ဖွယ်ကောင်းကုန်သော ဂူ,လိုဏ်,ဇရပ်,ပြာသာဒ်, အုတ်ကျောင်း ထောင်ပေါင်းများစွာ နေစရာတို့ကို ကိုယ်တိုင်ဆောက်ရာ ဆောက်လုပ်စေရာပါသည်။

ဤသို့ ဆောက်လုပ်ပြီးစီးခဲသော ကျောင်းတော်ကြီးခွဲ စာတတ် ပေတတ် အကျင့်မြတ် အကျင့်ကောင်း စွယ်စုံကောင်း သာသနာပြုပုဂ္ဂိုလ်တို့ကို ပင့်တင်လှူကာ သီတင်းသုံးစေရာပါသည်။

ကောက်သုံးရပ်နှင့် မစပ်မသွယ် စင်ကြယ်ပြူဝင်း ဖြောင့်စင်း ရိုးသားတော်မူကြကုန်သော ပရိယတ် ပဋိပတ် နှစ်ရပ်ပြည့်လှိုင် ကျောင်းထိုင်ပုဂ္ဂိုလ်တို့အား ဆွမ်းနှင့် ဟင်းလျာ စားဖွယ်ရာကို လည်းကောင်း၊ အဖျော်ယမကာ သောက်ဖွယ်ရာကို လည်းကောင်း၊ ဝတ်ဖွယ်ရုံဖွယ် ခင်းနှီးဖွယ်တို့ကို လည်းကောင်း ကြည်လင်သဒ္ဓါ ဝမ်းသာသော စိတ်ဖြင့် အလွယ်တကူ လိုမူရရန် စီမံလှူဒါန်းကြရာသည်၊

ထိုသည့် ကျောင်းဒကာ ကျောင်းအမ သည်ဤ ဘုရားရှင် တည်ထားမိန့်မှာ သာသနာ၌ အမြစ်မှ ဖော်ထုတ်၍ ကောက်နှုတ် ဖျက်ဆီးတတ်သော သမထအခြေခံ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ ဓမ္မအစစ် အကြင်တရားနှစ်ကို အဆင့်ဆင့်ပွား မဂ်တရားဖြင့် ထင်ရှားပေါ်လွင် သိမြင်သည်ဖြစ်၍ အပူအပင် သူပင်မူလ အာသဝရန်ဘေး ကင်းဝေးသည်ဖြစ်၍ ကိလေခန္ဓာ နှစ်ဖြာရုပ်သိမ်း ချုပ်ငြိမ်းရာမှန်မြော် နိဗ္ဗာန်သို့ ဝင်စံရပါသည်။ ထို နိဗ္ဗာန် ရောက် ကြောင်း တရား ကောင်းကို ထို ကျောင်းနေ ရွှင်ပျော် ရဟန်းတော်တို့သည် ထို ကျောင်းဒကာ ကျောင်းအမအား ပိဏ္ဍပါတ် စည်း ဆွမ်းကုံ နည်းဖြင့် သင်းသီးပုဂ္ဂလိက တရား ဟောကြားတော်မူကြပါကုန်လိမ့်မည်။

ရာဇကြိုဟ်သေဋ္ဌေးနှင့် အနာထပိဏ်သေးဋ္ဌေး ကျောင်းဆက်သူမှာ ဗုဒ္ဓမြတ်စွာ ဟောထားသော ကျောင်းအနုမောဒနာ ဒေသနာများသည် မှတ်သားဖွယ်ရာ လွန်စွာကောင်းလှပါသည်ကို၊ ကျောင်းလှူခြင်း အကျိုးကြီးမားပုံကို ကြည်ညိုလှလေလာ၍ ကိုယ်တိုင်လည်း တတ်နိုင်သလောက် လှူရှိ အခြားသူများကိုလည်း တိုက်တွန်းသင့်ကြသည်၊

လယ် သ မား တစ် ယောက် သည် မိမိလယ်၏ အနီးအပါး၌ မိုးရွာနေပူခိုနားဖို့ တိဏကုဋိက=မြက်မိုးတဲလေး ဆောက် လုပ် ထား ပါ သည်။ အောက်က အခင်းဂ လည်း တိဏသန္ဌာရက=မြက်အခင်းဖြစ်ပါသည်။ မြက်ကိုမိုးပြီး မြက်ကိုပဲခင်းထားပါသည်။ လယ်စောင့်ယောကျ်ားက သူတည်းခိုဖို့ သက်သက် ထိုးထားသော လယ်တဲလေးသာဖြစ်ပါသည်။

တစ်နေ့သောအခါ ရဟန်းတစ်ပါးသည် ညအခါ မိမိ၏ ရဟန်းကိစ္စ ဝိပဿနာများ စီးဖြန်း၍ ကြွလာသောအခါ လယ်တဲအနီးအပါး ရောက်လာသောအချိန်၌ မိုးက တဖွဲဖွဲရွာလာသဖြင့် တဲကလေးကို မြင်၍ ထိုတဲကလေးထဲ ခေတ္တဝင်ရောက်တည်းခိုပါသည်။ ဝင်ခိုပြီး နိသိန္နမတ္တောဝ=နေထိုင်ကာမျှပင်လျှင်၊ ဥတုသပ္ပာယ=ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်း၊ ဥတု၏ မျှတမှုကို ရ၍ ဝိပဿနာကို စီးဖြန်းအား ထုတ်၍ ရဟန္တာအဖြစ်သို့ ရောက်သွားပါတော့သည်။

မြက်မိုးသော တဲကလေး၏ မြက်ခင်းကလေးပေါ် ထိုင်ပြီးလျှင်ကျိတ်ထဲခကဝင်ပြီး လာတုန်းက ပုထုဇဉ်ရဟန်းပဲ ဖြစ်ပါသေးသည်။ ပုထုဇဉ်ရဟန်းက မိုးရွာသဖြင့် တဲကလေးထဲဝင်ခို၊ ချမ်းချင်းသာသာနှင့် ဝမ်းမြောက် ဝမ်းသာ ဥတုသပ္ပာယ မျှတသဖြင့် ဝိပဿနာ စီးဖြန်းလိုက်သောအခါ ရဟန္တာဖြစ်သွားပါသည်၊ လယ်သမားက သူ့တဲကလေးအနီးသို့ နောက်ရက် ရောက်လာသော အခါ-

"ဘဲထဲမှာမည်သူပါလဲ"

"တဲထဲမှာ ရာဂကင်းတဲ့ ရဟန္တာ ဖြစ်ကြောင်း"

ဖြေပါသည်၊

ယခုကဲ့သို့ ဝိဇ္ဇာလယတိုက်ကြီးတွေကို မဆိုနှင့် သစ်ရွက် ဇရပ်တွေ၊ သစ်ခက်မိုး ထား သော မဏ္ဍပ်တွေ၊ သစ်ရွက်မိုး သစ်ရွက်ခင်းထားသော လယ်တဲတွေ၊ ဤကုသိုလ်မျိုးတို့၏ အကျိုးအာနိသင်ကိုတောင်မှ ရေတွက်ပိုင်းခြား၍ မကုန်နိုင်ဟု (ပဏ္ဏ-၂၊၄၄၊ ၁၈) အဋ္ဌကထာမှာ ပြဆိုထားပါသည်။ ဗုဒ္ဓဝင် အဋ္ဌကထာမှာလည်း ဗုဒ္ဓမြတ်စွာမှ တစ်ပါး ယောက်ျားပေါင်း အသောင်းတို့၏ ခံတွင်း ပါးစပ်ပေါင်း အသောင်းတို့ ဖြစ်သော်လည်း ဤကျောင်းအလှူဒါန၏ အကျိုးအာနိသင်ကို ကုန်စင်အောင် ပြောဆိုခြင်းငှာ မတတ်စွမ်းနိုင်ပါ ဟု ဖွင့်ဆိုထားပါသည်။

ယခုခေတ်၌ မန္တလေးမြို့မှာ သာသနိကကျောင်းတိုက် ဝိဇ္ဇာလယတွေ၊ ရန်ကုန်မြို့မှာ သာသနိကကျောင်းတိုက် အသီးအသီး သော ဝိဇ္ဇာလယတွေကို ဦးဆောင်ဦးကိုင်ပြုပြီး ဆောက်လုပ်နေကြသော ပဌမ တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်း ဆရာတော်ဘုရားကြီးနှင့် ဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌ အထူးကဲ့ ဆရာဝန်ကြီး ဒေါက်တာ ဦးသာလှ အစရှိသော သူတော်စင်တို့သည် တစ်နိုင်ငံလုံးသို့ လှည့်လည်၍ သာသနာတော်၏အကျိုး သည်ပိုးရွက်ဆောင်နေကြရာ "ခြေတစ်လှမ်း ရွှေတစ်သန်းတန်၊ ခြေတစ်ယိမ်း ရွှေတစ်သိန်းတန်" ဟု ဆိုသည့်အတိုင်း များစွာသော မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿဇော စိတ္တုပ္ပါဒ်တွေ ဖြစ်ပွားနေကြပြီး ဖြစ်သည့်အပြင် ဟိုအထက်တာဝတိံသာနတ်ပြည်မှာလည်း ကုသိုလ်ကောင်းမှုတွေက ကြီးဆိုသောအားဖြင့် ကြီးကျယ်ခန်းနားသော ဘုံဗိမာန်အဆောင်သစ်ကြီးတွေ ပေါ်ပေါက်နေလောက်ပြီ ဟု ဗုဒ္ဓဘာသာဝင်အားလုံးတို့က ယုံကြည်လျက်ရှိကြပါသည်။

ပခုက္ကူ။ အာရှင် ကေသရ

လယ်သမား၌ ကုသိုလ်ပွားရန် ပြောကြားသည်မှာ-

"လယ်စောင့် ယောက်ျားဒကာ၊ သင့်တဲထဲမှာ ခိုနားသော ငါရဟန်းသည် အာသဝေါကုန်ခန်းအောင်ကြိုးစားပြီး၍ ရဟန္တာဖြစ်သွားသော ရဟန်းပါ၊ ရဟန္တာဖြစ်သော ငါသည် သင့်တဲကလေးကို ယခုသုံးဆောင်အပ်ပါပြီ၊ သင့်တဲကလေးကို သုံးဆောင်သည့်အတွက် သင်ဝမ်းမြောက်ပါလျှင် ဤတဲကလေးကို ခဏခေတ္တခိုကိုးရသော ကုသိုလ်ကောင်းမှုအတွက်ကြောင့် သင်သည် ဘဝသံသရာမှာ ကြီးစွာသော စည်းစိမ်ချမ်းသာနှင့် အကျိုးစီးပွားများဖြစ်ထွန်းပါလိမ့်မည်၊ သင့်အား ရှည်စွာသော သံသရာကာလပတ်လုံး ချမ်းသာခြင်းငှာ ဖြစ်ပါလိမ့်မည်၊ ကြီးပွားခြင်းငှာ ဖြစ်ပါလိမ့်မယ်"

ဟု ရဟန်းက အမိန့်ရှိပါသည်။

လယ်သမားက ရဟန်း၏စကားကို ကြားရသောအခါ-

"ငါ့အား အရတော်ပေစွတကား။ လူ၏အဖြစ်ကို ကောင်းစွာလှလှ ရအပ်ပါပေစွတကား။" ဟု ဆို၍ ဝမ်းသာလွန်းသဖြင့် ဥဒါန်းစကား ဟစ်ကြွေးရင့်ပါသည်။

ဤကဲ့သို့ လယ်စောင့် ယောက်ျားနှင့် ရဟန်းတို့ အပြန်အလှန်ပြောဆိုနေကြသည်ကို ဗုဒ္ဓမြတ်စွာက ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားရ၍ ကြွလာတော်မူပြီး လယ်စောင့် ယောက်ျားကို-

"သင်သည် ဤ မြက်မိုး ကျောင်းကလေး လှူခဲ့သည့် ကုသိုလ်စေတနာအတွက်ကြောင့် ဘဝသံသရာမှာ သိကြားမင်းကြီးအဖြစ်က ၃၆ ကြိမ်၊ စကြဝတေးမင်းအဖြစ်က ၃၄ ကြိမ် ခံစားစံစားပြီး နောက်ဆုံး ရတနာကုဋေ အမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်ပါလိမ့်မည်"

ဟု ဗုဒ္ဓမြတ်စွာက ဗျာဒိတ်စကား မိန့်ကြားတော်မူပါသည်။

တွေ့ခဲ့လှသည့် သာသနာ
အရှင်မာနိတာသိရီ



ရည်ညွှန်းချက်

သာသနာကြည်ညိုလှပါသည်ဆိုပြီး သားငယ်များ
ကို သာသနာဘောင်၌ မထားနိုင်သူအားလုံးသို့

၁၃၄၈-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈
ရက်နေ့၊ နေ့ပိုင်းအချိန်တွင် စစ်ကိုင်းတိုင်း၊ စစ်
ကိုင်းမြို့နယ်၊ အုန်းတောရွာမှ မအေးအေးမြင့်
သည် သားဖြစ်သူ ကိုရင်ကလေးနှင့်အတူ ရောက်
လာသည်။

အေးအေးမြင့်– တပည့်တော်သား ကျောင်းအား ချိန် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက် ဇယ မေဒနီ ဝါဆိုဆရာတော်အထံမှာ သက်နှံး ဝတ်ပေးထားပါတယ်ဘုရား။

စာရေးသူ – ကောင်းပါတယ်၊ ကို ရင် က သက်နှံးဝတ်ပုံ၊ နေပုံ၊ ထိုင်ပုံ ကြည့်ရတာ အချိုးကျတယ်၊ အမြဲနေနိုင်လျှင် ကောင်း မယ်။

အေးအေးမြင့်– သူ့ပြောထားပါတယ်။ ဘွဲ့ရပြီး လျှင် သက်နှံးဝတ်နေချင် နေတော့လို့။

စာရေးသူ – ခုဆက်ပြီး နေလိုက်တော့ သာ မကောင်းဘူးလား။

အေးအေးမြင့်– တသက်လုံးနေပြီးသက်နှံးနဲ့အရိုး ထုတ်သွားနိုင်လျှင်တော့ ကောင်းပါတယ် ဘုရား၊ ဒီလိုမဟုတ်ပဲ လူထွက်လာမှာ စိုး တာပါ။

စာရေးသူ – ဒါတော့ ထွက်ချင်လဲ ထွက်မှာ ပေါ့။

အေးအေးမြင့်– ဟင် ဘုန်းကြီးလူထွက်ကြီး၊ ဘွဲ့လဲ မရ ဘာ ပဲမရနဲ့။

စာရေးသူ – အေးအေးမြင့်က ကိုယ့်သား သာ သနာဘောင် ရောက်ဖို့ထက် ဘွဲ့ရဖို့ စိတ် သန်နေတာကိုး။ ဘုန်းကြီးလူထွက်ဆိုလျှင် လောကမှာမကြီးပွားနိုင်ဘူး၊ လူတကွသိုလ် များက ဘွဲ့ကြီးတွေရထားတဲ့လူမှ ကြီးပွား နိုင်တယ်လို့ ထင်နေတာကိုး။ ကဲ လောကီ တကွသိုလ်က ဘွဲ့ကြီးတွေရတော့ ကြီးပွား မှာ သေချာရောလား။

အေးအေးမြင့်– ဒါတော့ မပြောနိုင်ပါ ဘုရား။

စာရေးသူ – ဒီလိုပြင် ဘာထူးသလဲ၊ ဘုန်းကြီး လူထွက်လဲ ကြီးပွားမည်လူ ကြီးပွားတာ ဘဲ၊ လူဘွဲ့ ရသူတွေလဲ ကြီးပွားမည်လူမှ ကြီးပွားတာဘဲ၊ အတိတ်ကုသိုလ်က် အကု အညီရတဲ့လူမှ ကြီးပွားတာပါ။ ဒီလိုပြော တော့ပညာမှုးနှင့် ဝိရိယစွမ်းရည်ကို ချီး နှိမ်ပြောရာ ရောက်နေတယ်၊ ဒီနေရာမှာ မြတ်စွာဘုရားက အသက်မွေးမှုနှင့် စပ်၍ ပုဂ္ဂိုလ် ၄-မျိုး ခွဲပြထားတာ သတိပြုရ မယ်။

အေးအေးမြင့်– အမိန့်ရှိပါ ဘုရား။

စာရေးသူ – ပုဂ္ဂိုလ် ၄-မျိုးက–

(၁) ဥဋ္ဌာနဗလူပဓိဝီ နှ ဏမ္မဗလူပဓိဝီ ပုဂ္ဂိုလ်

သူက လုပ်အားအကျိုးကိုသာ ခံစားရပြီး၊ အတိတ် ကုသိုလ်ကံရဲ့ အကျိုးကို လုံးဝ ခံစားခွင့် မရှိတဲ့ ပုဂ္ဂိုလ်ဘဲ။

(၂) ဏမ္မဗလူပဓိဝီ နှ ဥဋ္ဌာနဗလူပဓိဝီ ပုဂ္ဂိုလ်

သူက အတိတ်က ကုသိုလ်ကံရဲ့ အကျိုးကို သာ ခံစားရပြီး၊ လုပ်အားအကျိုးကို မခံ စားရတဲ့ ပုဂ္ဂိုလ်၊ အသက်မွေးမှုအတွက် အလုပ်လုပ်စရာမလိုဘဲ ရွှေး ကုံကြွေငွ် ရလာတဲ့ စည်းစိမ်တွေကို ခံစားရသူလို့ ဆိုလိုတယ်။

(၃) ဥဋ္ဌာနဗလူဝဓိဝီ နှဝ ဏမ္မဗလူဝဓိဝီ ပုဂ္ဂိုလ်

သူက လုပ်အားအကျိုးကိုလဲ ခံစားခွင့်ရ၊ ရွှေးကုသိုလ်ကံရဲ့ အကျိုးကိုလဲ ခံစားခွင့် ရတဲ့ ပုဂ္ဂိုလ်ဘဲ။ အသက်မွေးမှုအတွက် အလုပ်လဲလုပ်တယ်၊လုပ်သလောက်လဲ ရွှေး ကုသိုလ်က် ထောက်ပံ့လို့ အကျိုးခံစားခွင့် ရသူပြစ်တယ်။

(၄) ဝနဝ ဥဋ္ဌာနဗလူပဓိဝီ နှ ဏမ္မဗလူဝဓိဝဝုဂ္ဂိုလ်

သူက လုပ်အားရဲ့ အကျိုးကိုလဲ ခံစားခွင့် မရ၊ ရွှေးကုသိုလ်ကံရဲ့ အကျိုးကိုလဲ ခံစား ခွင့်မရတဲ့ ပုဂ္ဂိုလ်ဘဲ၊

ဒီပုဂ္ဂိုလ် ၄-မျိုးနှင့်စပ်ပြီး အကုန်အကြိုက် အဌ ကထာရဲ့ ရှင်းလင်းချက်ကို ပြောပြပေးမယ်၊

အေးအေးမြင့်– အမိန့်ရှိပါ ဘုရား။

စာရေးသူ – အင်္ဂတိုရ် အင်္ဂကထာက အမှတ်တစ် ပုဂ္ဂိုလ်ဟာ ရွေးကုသိုလ်ကံ ရဲ့ အထောက်အပံ့ကို မရတဲ့အတွက် တစ်နေကုန် တစ်နေခန်း အလုပ်လုပ်ကြရပြီး လုပ်အားအကျိုး အနည်းငယ်မျှ ခံစားနေကြရတဲ့ လူဆင်းရဲမျှားလို့ ဆိုတယ်။

အမှတ် နှစ် ပုဂ္ဂိုလ်ကတော့ စားဝတ်နေရေးအတွက် လုံးဝ အလုပ် လုပ်စရာမလိုပဲ ရွေးကုသိုလ်ဖြင့် အလိုလိုပြီးတဲ့ စည်းစိမ်ချမ်းသာတို့ကို ခံစားနေကြရတဲ့ နတ်ပြဟ္မာမျှားလို့ ဆိုတယ်။

အမှတ်သုံး ပုဂ္ဂိုလ်ကတော့ မင်းနှင့်အမတ်ကြီးမျှားလို့ဆိုတယ်၊ သူတို့ဟာရွေးကံအကူအညီကိုရလို့ အလုပ်လုပ်လျှင်လုပ်သလောက် ကြီးပွားတယ်။ ကမ္ဘာမှာ ကြီးပွားနေကြတဲ့ သေဋ္ဌေးကြီးမျှား အထက်တန်းလွှာက လူမျှားပါဝင်တာပေါ့။

အမှတ် (လေး) ပုဂ္ဂိုလ်ကတော့ ငရဲသားမျှားလို့ဆိုတယ်၊ စားဝတ်နေရေးအတွက် ဘယ်လောက်လုပ်လို့မှ အကျိုးခံစားခွင့် မရတဲ့ ပုဂ္ဂိုလ် မျှားပေါ့။



အေးအေးမြင့်– လူ့ပြည် မှာတော့ အမှတ်တစ် ပုဂ္ဂိုလ်မျိုးနှင့် အမှတ်သုံး ပုဂ္ဂိုလ်မျိုးနှစ်မျိုးသာရှိတာပေါ့။

စာရေးသူ – အင်္ဂကထာဆိုလိုတာက ဒီအတိုင်း ၄ မျိုးအကြောင်းကို

"လုပ်သားနှင့်နတ်၊ မင်းမူးမတ်၊ နောက်ထပ် ငရဲသား။

လုပ်အားကျိုးခံ၊ ကံကျိုးစံ၊ နှစ်တန်ကျိုးခံစား။

အကျိုးမရ၊ ထိုနှစ်ဝ၊ မှတ်ကြပုဂ္ဂိုလ်မျှား"

လို့ ဆောင်ပုဒ် လုပ်ထားတယ်။

အေးအေးမြင့်– ဒီလိုဆို လူ့လောက ကြီးပွားဖို့ ဆိုတာ လုပ်အားအကျိုးရော၊ ကံအကျိုးရော ခံစားခွင့်ရတဲ့ အမှတ်သုံး ပုဂ္ဂိုလ်မျိုးဖြစ်မှ ကြီးပွားမှာပေါ့။

စာရေးသူ – ဟုတ်တယ်၊ သူ့ကို အတိတ်ကုသိုလ်ကံက ကူညီနေတယ်၊ ဒါကြောင့် လုပ်သလောက် အဆင်ပြေတယ်။ ဒီတော့ ဘုန်းကြီးလူဆွက်ပဲ ဖြစ်ဖြစ်၊ လူ့တက္ကသိုလ်က ဘွဲ့ကြိုးတွေ တသီကြီးရထားသူပဲ ဖြစ်ဖြစ် ဒီအမျိုးအစားထဲပါမှ ကြီးပွားမှာဘဲ။

အေးအေးမြင့်– တပည့်တော်မ သား က လေးပညာရေး အောက်တန်းကျမှာ စိုးလို့ပါ ဘုရား။

စာရေးသူ – ဝိဇ္ဇာပညာရပ်၊ သိပ္ပံပညာရပ်လို့ ခုခေတ်ခွဲခြားထားတဲ့ အထဲမှာ ဝိဇ္ဇာပညာရပ်များကိုတော့ တို့ဘုန်းကြီးတွေ လေ့လာနေကြရတာပဲ။ တို့ပရိယတ္တိ ပညာရေးမှာ သာမာန်လူသား တစ်ယောက်က နိဗ္ဗာန်အထိ ကြီးပွားနိုင်တဲ့ နည်းလမ်းတွေ၊ ထို့ပြင် အခြား သိမှတ်ဖွယ်ရာတွေ လေ့လာလို့ မကုန်နိုင်အောင် ရှိနေတယ်။ ဥပမာ ယခု ပြောခဲ့တဲ့ စီးပွားရေးနှင့် စပ်တဲ့ ပုဂ္ဂိုလ်အမျိုးအစား ခွဲခြားပြမှုတွေ စသည်ပေါ့။



အေးအေးမြင့်– ဘုန်းကြီး ပရိယတ္တိပညာရေးမှာ သိပ္ပံပညာရပ်ဆိုင်ရာတွေ မပါပါဘူး ထင်ပါတယ်။

စာရေးသူ – ခုခေတ် သိပ္ပံ ပညာ ရပဲ မျိုး တွေတော့ မပါပါဘူး၊ ဒါပေမယ့် ပရိယတ္တိ ပညာရေးကို ချပေးခဲ့တဲ့ မြတ်စွာဘုရား လက်ထက်တော်က သိပ္ပံပညာကို လူရာမသွင်းကြဘူး။ အထင်သေးကြတယ်။

အေးအေးမြင့်– ခုခေတ်တော့ သိပ္ပံပညာရပ်က အထက်တန်းကျပါတယ် ဘုရား။

စာရေးသူ – အထက်တန်း ကျ တ ယ် ဆို တာ ထက် လူအများက အထင်ကြီးကြပါတယ် ဆိုလျှင် ပိုမှန်တယ်။ ဝိဇ္ဇာပညာရပ်နှင့် သိပ္ပံပညာရပ်ဆိုတာ တလှည့်စီ ထွန်းကား မြဲဘဲ။ ဝိဇ္ဇာပညာရပ် ထွန်းကားချိန်မှာ သိပ္ပံပညာနိမ့်ကျတာဘဲ၊ သိပ္ပံပညာ ခေတ် စားလာတဲ့ ခုလိုအခါတော့ ဝိဇ္ဇာပညာရပ်ကို လူတွေက အထင်သေးလာကြတယ်။

အေးအေးမြင့်– ဒီပညာရပ်နှစ်ခုက ဘယ်လို ကွာခြားပါသလဲ ဘုရား။

စာရေးသူ – ဝိဇ္ဇာပညာရပ်က စိတ်ပိုင်းဆိုင်ရာ နာမ်ယဉ်ကျေးမှုကို အခြေခံပြီး၊ သိပ္ပံပညာရပ်က ရုပ်ပိုင်းဆိုင်ရာ စူးစမ်းမှုကို အခြေခံတယ်။ ဒီနှစ်ခုမှာ သိပ္ပံပညာရပ်ရဲ့ စွမ်းဆောင်နိုင်မှုကို ဝိဇ္ဇာပညာရပ်က တာဝန်ယူနိုင်ပေမယ့် ဝိဇ္ဇာပညာရပ်ရဲ့ စွမ်းဆောင်နိုင်မှုကို သိပ္ပံပညာရပ်က တာဝန်မယူနိုင်ဘူး။

အေးအေးမြင့်– ဝိဇ္ဇာပညာရပ်က သိပ္ပံပညာရဲ့ စွမ်းဆောင်မှုကို တာဝန်ယူနိုင်ရဲ့လား ဘုရား။

စာရေးသူ – ယူနိုင်ပါတယ်။ ခုခေတ် ဒုံးပျံနဲ့ သွားလောက်တဲ့ခရီးကို ဝိဇ္ဇာပညာသုံးပြီး သွားနိုင်တယ်။ ဒါတွင်မက နတ်ပြည် ဗြဟ္မာပြည်အထိ ခရီး-ပါက်နိုင်တယ်။ ရေထဲ၊ မြေထဲ အကုန်သွားနိုင်တယ်။ ဟို မိုင်ပေါင်းများစွာဝေးတဲ့ အရပ်ကအသံတွေ ခုခေတ် ကြားကြရသလို ကြားနိုင်တယ်။ တံတိုင်းကြီးတွေ ဟိုဖက်မှာ ရှိတာတွေကို ဟို.... အဝေးကြီးမှာ ရှိတာတွေကို မြင်နိုင်တယ်။ နတ်ပြဟ္မာကြီးတွေကိုတောင် မြင်နိုင်တယ်။ လူတစ်ယောက်က အများကြီးဖြစ်အောင် စတဲ့ စွမ်းဆောင်မှုတွေ ဝိဇ္ဇာပညာရပ်မှာ ရှိတယ်။

အေးအေးမြင့်– ဒီပညာရပ်တွေကို ခုခေတ်မသုံးကြပါလား ဘုရား။

စာရေးသူ – ဒီပညာရပ်တွေက လောကီဖက်မှာ အလွန်အဆင့်မြင့်တဲ့ ပညာရပ်တွေပဲ၊ ဒီပညာရပ်တွေကို ဖြစ် စေ တဲ့ သိ လ နှင့် အင်အားကောင်းလှတဲ့ သမာဓိကို အခြေခံမှ ရတယ်။ တိ ဟိ တ် ပုဂ္ဂိုလ်ကြီး တွေကြီးစားအားထုတ်လျှင်ကောန်ရနိုင်ပါတယ်။

အေးအေးမြင့် - သိပ္ပံပညာရပ်ကတော့ ဝိဇ္ဇာပညာရပ်ရဲ့ စွမ်းဆောင်မှုတွေကို တာဝန်မယူနိုင်ဘူးလား ဘုရား။

စာရေးသူ – မယူနိုင်ဘူးလေ၊ ဝိဇ္ဇာပညာရဲ့ ထူးဆန်းတဲ့ စွမ်းရည်တွေယက် သာလွန်တဲ့ စွမ်းရည်တွေကို ပေးနိုင်တဲ့အပြင်၊ နာမ် [illegible]

ငြိမ်းချမ်းရေးကိုပါ ပေးစွမ်းနိုင်တယ်၊သိပ္ပံ ပညာကတော့ နာမ်ယဉ်ကျေးမှုကို လုံးဝ အခြေမခံဘဲ စူးစမ်းမှုကိုသာအခြေခံတော့ ငြိမ်းချမ်းရေးကို မပေးစွမ်းနိုင်ဘူး။ ဒါ ကြောင့် သိပ္ပံပညာတိုးတက်လေ အတွဲပြင်း ထန်လေ၊ မာန်တက်လေ၊ လောဘကြီး လေ၊ ဒေါသထူပြောလေဘဲ၊ဒီတော့ အမှန် သစ္စာတရားကို ဖုံးလွှမ်းမှု အဝိဇ္ဇာလဲ ပိုပို ကြီးလာတာပေါ့၊ ခုခေတ် သိပ္ပံပညာ တိုးတက်တဲ့ နိုင်ငံကြီးတွေကြည့်ပါ၊ ဘာ ဖြစ်နေကြသလဲ၊ သူ့ထက်ကိုယ် ပို့မိုက်ပြ နေကြတယ် မဟုတ်လား။

အေးအေးမြင့်– တပည့်တော်မ သား က လေး ရှေ့နှစ်ကျောင်းပိတ်လျှင်လဲ သက်နှံးဝတ် ပေးပါမယ် ဘုရား။

စာရေးသူ – အေးအေးမြင့်တို့ လောကီဆိုင် ရာ အစာတ်ပညာ အတန်း စာတွေထဲမှာ သံသရာဝဋ်က လွတ်ကြောင်းဆိုလို့ တစ်လုံး တစ်ပါဒမှမပါဘူး၊စဉ်ထဲလည်ဖို့ဘဲ။ခုလက် ငင်းဘဝ လက်ငင်းခဏကလေးအတွက်ပဲ၊ ဒီပညာရပ်တွေက သာသနာပ ကာလတွေ မှာလဲ သင်ယူနိုင်တယ်၊ ဘဝမျှားစွာက သင်လဲ သင်ခဲ့ဖူးလှပြီ။ ဒါကြောင့် ဘုန်း ကြီးအနေနှင့် ပြောရလျှင် တွေ့ခဲလှတဲ့ သာသနာတော်နှင့် တွေ့နေရတဲ့အခါမှာ ဒါတွေနှင့် အချိန်ကုန်မခံနိုင်ဘူး၊ ကိုယ်နှင့် စပ်တဲ့ လူတွေကို လဲသာသနာထဲ ဆွဲခေါ် မှာဘဲ။

အဲဒီ....ဝိဇ္ဇာပညာရပ်ကြီးတွေ သင်ယူလိုသူ အမျိုးကောင်းသား အာဇာနည်မျှား အတွက် မြန်မာပြည်အရပ်ရှိ စာသင်တိုက် ကြီးမျှား အပါအဝင် မန္တလေးမြို့နှင့် ရန်ကုန်မြို့ကြီး နှစ်မြို့မှာ ပရိယတ္တိ သာ သနာ့တက္ကသိုလ် ကျောင်းတော်ကြီး နှစ်ဆူ ပြိုင်တူ ပေါ်ထွန်းနေတယ်လေ....။

အရှင် မာနိတသိရီ

သိမ်သမုတ်ရန် ဝိသုဂါမ သိမ်မိန့်ခဲ့ခဲ့ရသည့်အကြောင်း

သိကောင်းစရာ အဖြာဖြာ

သာသနာ အခြေခံအောင်မြေ

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး က ချမှတ်ခဲ့သော ပရိယတ္တိ ပညာရေးဆိုင်ရာ မူဂ ရပ် ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရန်ကုန် မြို့နှင့် မန္တလေးမြို့တို့၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ကျောင်းတိုက်ကြီး ၂ တိုက်ဖွင့်လှစ်ရန် စီစဉ်ခဲ့ပါသည်။ ယင်းအစီအစဉ်အရ နိုင်ငံတော်သံဃ မဟာ နာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ တတိယအကြိမ် ကောဒသမ အစည်းအဝေးက ဆုံးဖြတ်ချက် (ပညာ ရေး) အရ မန္တလေးမြို့၌ နိုင်ငံတော် ပရိယတ္တိ သာ သနာ့ တက္ကသိုလ် ကျောင်းတိုက်ကြီးအတွက် လိုအပ် သော သာသနိက အဆောက်အဦးများ၊ ဆောက်လုပ် လှူဒါန်းနိုင်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ၁၅-၁၀-၈၁ နေ့စွဲဖြင့် ကျေးဇူးရှင် မင်းကွန်း တိပိ-ဋကဓရ ဆရာတော်ဘုရားကြီး ဦးဆောင်ပဓာန နာ ယက အဖြစ်ဖြင့် ဆောင်ရွက်ဝတ်မှုသော မင်းကွန်း တိပိဋက-နိကာယ သာသနာပြုအဖွဲ့ကြီးအား ပေတ္တာ ရပ်ခံ တာဝန် ပေးအပ်ခဲ့သည့် အခါလျှက် ယခုအခါ၌ မန္တလေးမြို့ အခြေစိုက်ပြုခြင်း (မင်းတုန်းမင်းကြီး၏ မိဖုရား ခေါင် လောင်းရှည် မိဖုရားကြီး၏ ကုသိုလ်တော်) မဟာဝိဇယာ ပုညမှန်ကျောင်းတိုက်ကြီး အကွင်းရှိ ဂိမ် ကိန်းချုပ် သာသနိက အဆောက်အဦးများ၊ ဆောက် လုပ်နေပြီ ဖြစ်ပါသည်။

ယင်းနိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး အတွင်း၌ အထူးလိုအပ်နေသော သိမ်တော်ကြီးတစ်လုံး သမုတ်နိုင်ရန်အတွက် ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက မင်းကွန်းတိပိဋက = နိကာယ သာသနာပြုအဖွဲ့ အကျိုးတော်ဆောင်ဖြစ်သူ မန္တလေးမြို့ ဆိုင်းတန်းရပ်နေ ကျွန်တော် မန်းခေတ် ဦးလှရွှေ (အမျိုးသား မှတ်ပုံတင်နံပါတ် အေအီး-၂၀၆၁၂၇)အား ပူးတွဲတင်ပြရာပါ မြေပုံအရ ၅၉ ပေ ပတ်လည် အကျယ်အဝန်းရှိသော သာသနာ့မြေကို ဗဒ္ဓသိမ်သမုတ်ရန်အတွက် ဝိသုဒ္ဓါမဘောဇကအဖြစ်ခန့်အပ်ပါရန်နှင့် ယင်းဗဒ္ဓသိမ်အတွက် လုပ်ကိုင်ဆောင်ရွက်ရန် ရှိသည့် ကိစ္စအဝဝတို့ကို ဆရာတော်ကိုယ်စား တာဝန်ယူ လုပ်ဆောင်နိုင်ပါရန်အတွက် ကျေနပ်စွာ ခွင့်ပြုပါကြောင်း အသိသက်သေ လူကြီးများ ရှေ့မှောက်တွင် ဆရာတော်ကိုယ်တိုင် လက်မှတ် ရေးထိုးလျက် အထူးကိုယ်စားလှယ် ပါဝါလွှဲအပ်သည့် စာချုပ်ကို ကိုယ်စားလှယ် လွှဲစာနံပါတ် ၆/၀၃ ဖြင့် ၁၃-၁-၀၃ နေ့က လွှဲအပ်ခန့်ထားခဲ့ပါသည်။

"အထူး ကိုယ်စားလှယ်ပါဝါ လွှဲအပ်သည့် စာချုပ် နေ့စွဲ။ ၁၉၀၃-ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့။

မန္တလေးမြို့တွင် သီတင်းသုံးနေတော်မူသော (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့နှင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ အကျိုးတော်ဆောင် မဟာဗုဒ္ဓဝင်ကျမ်းပြုဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ က မန္တလေးမြို့၊ ဆိုင်းတန်းရပ်နေ မန်းခေတ် ဦးလှရွှေ (အေအီး/၂၀၆၁၂၇) (မင်းကွန်း တိပိဋက နိကာယ သာသနာပြုအဖွဲ့၏ အကျိုးဆောင်)အား ဆရာတော်၏ တရားဝင် အထူးကိုယ်စားလှယ် အဖြစ် အောက်ပါအတိုင်း လွှဲအပ်ခန့်ထားလိုက်ပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ မေတ္တာရပ်ခံချက်အရ မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် (စံချိန်မီ) ကျောင်းတိုက်ကို ဆောက်လုပ် လှူဒါန်းရန် တာဝန်ယူ ဆောင်ရွက်နေဆဲ ဖြစ်ပါသော မင်းကွန်း တိပိဋက နိကာယ သာသနာပြုအဖွဲ့၏ အကျိုးဆောင်ဖြစ်သူ မန္တလေးမြို့၊ ဆိုင်းတန်းရပ် မန်းခေတ် ဦးလှရွှေ၊ အမျိုးသား မှတ်ပုံတင် အမှတ် အေအီး/၂၀၆၁၂၇ အား ပူးတွဲတင်ပြပါ မြေပုံအရ မန္တလေးမြို့၊ အရှေ့ပြင် (တက္ကသိုလ်ဆောက်လုပ်မည့်) မဟာဝိဇယာပုည်မှန်ကျောင်းတိုက်အတွင်း ၅၉ ပေ ပတ်လည် အကျယ်အဝန်းရှိသော သာသနာ့မြေကို ဗဒ္ဓသိမ် သမုတ်ရန် အတွက် ဝိသုဒ္ဓါမ ဘောဇက အဖြစ် ခန့်အပ်ပါရန်နှင့် လုပ်ကိုင်ရန်ရှိသည့် ကိစ္စအဝဝတို့ကို ဆရာတော်၏ကိုယ်စား တာဝန်ယူ လုပ်ဆောင်နိုင်ပါရန်အတွက် ကျေနပ်စွာ ခွင့်ပြုပါကြောင်း အောက်ပါ အသိသက်သေ လူကြီးများရှေ့တွင် ဆရာတော်ကိုယ်တိုင် လက်မှတ်ရေးထိုး လွှဲအပ်ခန့်ထားလိုက်ပါသည်။

အသိသက်သေလူကြီးများ

၁။ ပုံ/×××
စီအိပ်ချ်ယူ-၀၀၃၄၄၃

၂။ ပုံ/×××
ဦးကိုကို၊ ဒီဝိုင်-၀၀၃၂၆၂

ပုံ/ဦးဝိစိတ္တသာရာဘိဝံသ
အထူးကိုယ်စားလှယ် ပါဝါ လွှဲအပ်သူ

သိမ်သမုတ်နိုင်ရန်အတွက် သာသနာ့ လုပ်ထုံးလုပ်နည်း(သို့မဟုတ်)သိမ်နှင့်ပတ်သက်သောစည်းကမ်းများကို မတင်ပြမီ မှတ်သားဖွယ်ရာ သိမ်မိန့်တစ်ခုကို ဦးစွာတင်ပြလိုပါသည်။

၁၃၂၀-ခုနှစ် ဖ-ဆ-ပ-လ အစိုးရလက်ထက် အစိုးရမင်းများပေးသည့် ဝိသုဂါမသိမ် အမိန့်မှာ-

ရေစကြိုမြို့နယ်၊ နေရပ်-ပေါက်တော်တိုက်နယ်ရှိ ကွင်းအမှတ် ( ) တွင် ရှိသည့် ပူးတွဲ မြေပုံအရ အောက်ပါနယ်နိမိတ်အတွင်း ပိုင်းခြား သတ်မှတ်ထားသော ကေ ဝ၊ဝ၃ ရှိ မြေကို ပကတိရွာမှ ဝိသုဂါမ အသီးအခြား ရွာတစ်ခု ဖြစ်စေ။

ဤ ပိုင်းခြားသတ်မှတ်ပြီးသော အသီးအခြား ရွာအရပ်ကို လျှောက်ထားသူ ဦးဘတင်အား ဝိသုဂါမ ဘောဇက အသီးအခြား ရွာစားအဖြစ် ခန့်အပ်သည်။ လျှောက်ထားသူ ဦးဘတင် က ဝိသုဂါမဘောဇက အသီးအခြား ရွာစားအဖြစ် ခံစေ။

အသီးအခြား ရွာစားအဖြစ် ခံစေသည့် မြေကို ဗဒ္ဓသိမ် သမုတ်ရန် အသုံးမပြုလျှင် ပေးအပ်ရင်း အမိန့်မှာ ပျက်ပြယ်စေ။

၁၉၅၉-ခု၊ မတ်လ ၄ ရက်နေ့၊ ကောလိပ်တော် အရာရှိ

ပဲခူးတိုင်း၊

အထက်ပါအမိန့်အရ သိမ်သမုတ်မည့် မြေသည် ပကတိဂါမ (ရွာ) နှင့် ဆက်စပ်မှု မရှိရဘဲ ပကတိဂါမမှ ထုတ်နုတ်၍ သီးခြား ရွာစား၊ မြေစား ခန့်အပ်ရသည်ကို သိသာနိုင်ပြီ ဖြစ်ပါသည်။

သက်ဆိုင်ရာ မန္တလေး အနောက်မြောက်ပိုင်နယ် သံဃနာယကအဖွဲ့နှင့် တိုင်းသံဃနာယက အဖွဲ့တို့၏ သဘောတူညီမှုကိုလည်း ရယူခဲ့ရပါသည်။

ယင်းနောက် ကျွန်တော် (မန်းဒေတ် [illegible]းလွှဲ) အနေနှင့် သက်ဆိုင်ရာ မန္တလေး အနောက်မြောက်ပိုင်နယ်ပြည်သူ့ကောင်စီအဖွဲ့သို့ ဗဒ္ဓသိမ်သမုတ်ပြီး ဆောက်လုပ်နိုင်ရေးတွင် ပိုင်နယ်အစွန်ဦးစီး ဌာနမှူး၊ ပိုင်နယ်မြစာရင်းဌာန စသည်တို့နှင့် ညှိနှိုင်းပြီး လိုအပ်သော ဆောင်ရွက်မှုများ၊ ပြုထုပ်နိုင်ရန် သတ်[illegible] တစ်ရပ်ထနေပြင် အလှူခံအပြန် ပြုလုပ်ဆောင်ရွက်မှုနှင့် ပြုနိုင်ရေးအတွက် ဆောလျင်စွာ ဆောင်ရွက်ပေးပါရန် ပေတ္တာရပ်ခံသည်ကိစ္စကို ပြည့်နှင့်အကူ [illegible] နေ့ဖြင့် ပေးပို့ခဲ့ရပါသည်။

မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့
အနောက်မြောက်မြို့နယ်
မန္တလေးမြို့

နေ့စွဲ။ ၁၉၈၃-ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊

အကြောင်းအရာ။ ။နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်အတွက် ဗဒ္ဓသိမ် ဆောက်လုပ်ခွင့်ပြုရန်ကိစ္စ။

၁။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ မန္တလေး အနောက်မြောက်မြို့နယ်၊ ဒေါနဘွား ရပ်ကွက် အတွင်းရှိ မဟာဝိဇယာ ပုည်မှန် ကျောင်းတိုက် ကျောင်းဝင်းမြေကို နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး တည်ဆောက်နိုင်ရန် မှန်ကျောင်းတိုက် အရာရာမ်နှင့်တကွ ပစ္စည်းအရပ်ရပ်ကို ထိန်းသိမ်း စောင့်ရှောက်သော ဦးအရိယ(နွယ်ခွေဆရာတော်)မှ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ ၁၃၄၄ ခုနှစ်၊ တော်သလင်း လဆန်း ၁၃ ရက် (၂၈-၁၂-၈၂) နေ့တွင် အပြီးအပိုင် လှူဒါန်းပြီး ဖြစ်ပါသည်။

၂။ ယင်း မှန်ကျောင်းတိုက် စတုဒိသာ သံဃိကသာသနာ့မြေပေါ်တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်အတွက် လိုအပ်သော အဆောက်အဦးများကို ဆောက်လုပ်နိုင်ရန် ဆရာတော် ဦးဝိစိတ္တသာရာဘိစံသ (တိပိဋကဆရာတော်) အကျိုးတော်ဆောင်၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ခွဲ၊ တတိယအစည်းအဝေး၊ ကောဒသမ ဆုံးဖြတ်ချက်အရ လုပ်ငန်းတာဝန်များကို အပ်နှင်းခဲ့ပါသည်။

၃။ သို့ပါ၍ ယင်း မှန်ကျောင်းတိုက် မြေပေါ်၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး အတွက် ရှေးဦးပထမ သိမ်ဆောက်လုပ်နိုင်ရန် ဂေါပကအဖွဲ့မှ စီစဉ်လျက် ရှိပါသည်။

၄။ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်အတွက် ဗဒ္ဓသိမ် ဆောက်လုပ်နိုင်ရန် ဝိသုဂါမ သိမ် အမိန့် မြို့နယ်သံဃနာယက အဖွဲ့(အနောက်မြောက်) နှင့်တိုင်း သံဃနာယက အဖွဲ့မှသဘောတူညီမှုကိုရရှိပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ဗဒ္ဓသိမ် သမုတ်ပြီး ဆောက်လုပ်နိုင်ရေးတွင် မြို့နယ် အခွန်ဦးစီးမှူး၊ မြို့နယ် မြေစာရင်း စသည်တို့နှင့် ညှိနှိုင်းရန် လိုအပ်သော ဆောင်ရွက်မှုများ ပြုလုပ်ရန် အထူးကိစ္စတစ်ရပ်အနေဖြင့် အလျင်အမြန် ပြုလုပ်ဆောင်ရွက်ခွင့် ပြုနိုင်ရေးအတွက် ဆောလျင်စွာ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လိုအပ်သည့် မြေပုံများကို ပူးတွဲတင်ပြအပ်ပါသည်။)

ပုံ/ ....

(လှရွှေ)
အတွင်းရေးမှူး
နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ကျောင်းတိုက်
ဆောက်လုပ်လှူဒါန်းရေး ကော်မတီ၊
မင်းကွန်း တိပိဋကာ = နိကာယ သာသနာပြုအဖွဲ့။
မန္တလေးမြို့။

ဥက္ကဋ္ဌ၊ တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ မန္တလေးတိုင်း။
တိုင်းဦးစီးမှူး၊ တိုင်း သာသနာရေးဦးစီးဌာန၊ မန္တလေးတိုင်း။

တစ်ဖန် အထက်ဖော်ပြရာ ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ အထူး ကိုယ်စားလှယ် ပါဝါလွှဲအပ်ခြင်း ခံရသူ ကျွန်တော်ကပင် ယင်း မြေကို ဗဒ္ဓသိမ်သမုတ်ရန်အတွက် သာသနာ့မြေကို နိုင်ငံတော် အစိုးရသို့ စွန့်လွှတ်သည့် စာချုပ်ကို စာချုပ် နံပါတ် ၄၃/၈၃ ၁၉-၁-၈၃ နေ့က စွန့်လွှတ် စာတမ်း စာချုပ်ဖြင့် အသိသက်သေ လူကြီးများ ရှေ့မှောက်တွင် လက်မှတ် ရေးထိုးလျက် နိုင်ငံတော်အစိုးရသို့ စွန့်လွှတ် လိုက်ရပါသည်။

၁၉-၈-၀၃ ''မဒ္ဓဲသိမ်သမုဒ်ရန်အတွက်၊ သာသနာမြေကို စွန့်လွှတ်သည့်စာချုပ်''

နေ့စွဲ၊ ၁၉၀၃-ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့။

မန္တလေးမြို့တွင် သီတင်းသုံးတော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးဆောင်ဆောင် မဟာဗုဒ္ဓဝင်ကျမ်းပြု ဆရာတော် ဦးဝိစိတ္တ သာရာဘိဝံသက၊ သာသနာမြေကို၊ ဗဒ္ဓသိမ်သမုတ်ရန်အတွက်၊ နိုင်ငံတော်အစိုးရသို့ အောက်ပါအတိုင်း စွန့်လွှတ်ပေးလိုက်ပါသည်။

မန္တလေးမြို့၊ အနောက်မြောက်မြို့နယ်၊ ဒေါနဘွား ကွင်းအမှတ် ၄၁၇ အတွင်းရှိ မန္တလေးမြို့၊ အရှေ့ပြင် (တက္ကသိုလ်ဆောက်လုပ်မည့်) မဟာဝိဇ်ယာ ပုည်မှန် ကျောင်းတိုက်အတွင်း ၅၉ ပေ ပတ်လည် အကျယ်အဝန်းရှိသော သာသနာမြေကို ဗဒ္ဓသိမ်သမုတ်ရန်အတွက်၊ အထက်ဖော်ပြပါ ဆရာတော် ဦးဝိစိတ္တ သာရာဘိဝံသ (၎င်း၏ တရားဝင် အထူးကိုယ်စားလှယ် ပါဝါရရှိသူ မန်းခေတ် ဦးလှရွှေ)က ဤစွန့်လွှတ်စာတမ်းစာချုပ်ဖြင့် နိုင်ငံတော်အစိုးရသို့ စွန့်လွှတ်လိုက်ပါသည်။

ဦးဝိစိတ္တသာရာဘိဝံသ ၏
တရားဝင်အထူးကိုယ်စား လွှဲစာနံပါတ် (၆/၀၃) အရ
လွှဲအပ်ခြင်းခံရသူ-မန်းခေတ် ဦးလှရွှေ။
စွန့်လွှတ်သူ

အထက်ဖော်ပြပါအတိုင်း ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်၏ အထူးကိုယ်စားလှယ် ပါပါလွှဲအပ်ခြင်းခံရသူကျွန်တော် တို့ကမှ ဗုဒ္ဓသိမ်သမုတ်ခွင့် ရရှိနိုင်ရန် ရွှေးဦး ပရိက် ပြုဖွယ်ကိစ္စများ ပြုလုပ်ပြီးစီးသည့်နောက် သက်ဆိုင်ရာ မန္တလေး အနောက်မြောက်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ယင်း ဗဒ္ဓသိမ် သမုတ်ရန် လျှောက်ထားသည့် မြေနှင့်ပတ်သက်၍ အမှုတွဲ ဖွင့်လှစ်ပြီး၊ လိုအပ်သည့် ကိစ္စများ ဆောင်ရွက်ရန် မြို့နယ် အခွန်ဦးစီးဌာနမှူး (ပြည်တွင်း အခွန်များ ဦးစီးဌာန) မန္တလေး အနောက်မြောက် မြို့နယ်သို့ ၁၀-၁-၀၃ နေ့စွဲဖြင့် မြေပုံနှင့်အတူ ပူးတွဲပေးပို့ လွှဲအပ်ခဲ့ပါသည်၊

မန္တလေး အနောက်မြောက် မြို့နယ်၊ မြို့နယ် အခွန် ဦးစီးဌာနမှူးက ဂရန်မှ အမှတ် ၁၅၁/ ၁ ဧရာ/ ဂ၂-၀၃ အရ ၁၉-၁-၀၃ နေ့စွဲဖြင့် အမှုဖွင့်လှစ်ပြီး ယင်း မြေနှင့်ပတ်သက်၍ ကန့်ကွက်ပိုသူရှိက ကန့်ကွက် နိုင်ရန် မြို့နယ်ထဲခွန်ဦးစီးဌာနမှူးရုံးသို့ ၁၉၀၃-နှစ် ပေးပါဝါရှိလ ၄ ရက်နေ့ မတိုင်မီ ခိုင်လုံသော ထောက်ပြချက်များပြင့် လာရောက် ကန့်ကွက်နိုင် ကြောင်း၊ ကြေငြာချက်ကို ၁၉-၁-၀၃ နေ့ရက်နှင့် ထုတ်ပြန် ကြေငြာခြင်းနှင့် ယင်း၊ မြေသည် ရုံးကြပ် မြေ ဟုတ်မဟုတ် စသည် ထောက် ၃ ချက်ပါရှိသော သဘုံနှင့်ပတ်သက်သည့် စောင်ပြန်ချက်များ အစိုရှင်ခံ တင်ပြရန် မြို့နယ် ခြေစာရင်း၊ ၁နသို့ ၁၉-၁-၀၃ နေ့စွဲကပင် တောင်းခံခဲ့ပါသည်၊

ပြည်တွင်းအခွန်များဦးစီးဌာန
မြို့နယ်ဦးစီးအခွန်ဌာနမှူးရုံး
မန္တလေး၊ အနောက်မြောက်မြို့နယ်

စာအမှတ်၊ ၁၅၁/၁ အခ/ဂ၂-၀၃
နေ့စွဲ၊ ၁၉၀၃–ခု၊ ဇန်နဝါရီလ၊ ၁၉-ရက်

ကြော်ငြာစာ

မန္တလေး အနောက်မြောက်မြို့နယ်၊ ဒေါနဘွားရပ်၊ မဟာဝိဇယ ပုည်မှန်ကျောင်းတိုက်ဝင်းအတွင်းရှိ
မြောက်လားသော် အကွက် (၄၁၇) ဦးပိုင် (၁၀၇) မြို့နယ်သမဝါယမအသင်းမြေအစပ်
တောင်လားသော် သာသနာမြေ
အရှေ့လားသော် အကွက် (၄၁၇) ဦးပိုင် ၉၁/က မြို့နယ်သမဝါယမအသင်းမြေအစပ်
အနောက်လားသော် သာသနာမြေ

နယ်လေးရပ် သတ်မှတ်သည့်အတွင်းရှိ .၀၈ ကေကို နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင်အဖွဲ့မှ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးအတွက် ဗဒ္ဓသိမ်သမုတ်ခွင့်ပြုရန် လျှောက်ထားချက်အရ၊ ဗဒ္ဓသိမ် သမုတ်ပေးမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ရန် ဤရုံးသို့ ၁၉၀၃ ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မတိုင်မီ ခိုင်လုံသော အကြောင်းပြချက်များဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ပုံ .....
(ခင်မောင်သန်း)

ကြော်ငြာကပ်ရန်။
၁။ လျှောက်ထားမြေပေါ်တွင်ကပ်ရန်၊
၂။ ရပ်ကွက်သမဝါယမဆိုင်တွင်ကပ်ရန်၊
၃။ ရပ်ကွက်ပြည်သူ့ရုံးတွင်ကပ်ရန်၊
၄။ မြို့နယ်ပြည်သူ့ရုံးတွင်ကပ်ရန်၊
၅။ နန်းရေးစာတွင်ကပ်ရန်၊
၆။ ရုံးလက်ခံ။

အထက်ပါ မေးမြန်းချက် ၂ ချက်ကို မြို့နယ်မြေစာရင်းဌာနမှူးက မြို့နယ် အခွန် ဦးစီး ဌာနမှူးသို့ ၂၀-၁-၀၃ နေ့စွဲဖြင့် ပြန်ကြားခဲ့ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး
မန္တလေး၊အနောက်မြောက်မြို့နယ်
ဂရန်မူအမှတ်
နေ့စွဲ၊ ၁၉၀ ခု၊ လ ရက်၊

အမည်	ဦးလှရွှေ
အသက်	၆၇ နှစ်
အလုပ်အကိုင်	ပုံနှိပ်လုပ်ငန်း
နေရပ်	ဆိုင်ဘန်းရပ်၊ မန်းခေတ်သတင်းစာတိုက်
မွေးဇာတိ	တောင်း (၂၆ အကေရီလမ်း မန္တလေးမြို့) မတ္တရာမြို့နယ် တသစ်ခြံကျေးရွာ

အဘအမည် ဦးရွှေ့
လူမျိုးဘာသာ မြန်မာ ဗုဒ္ဓဘာသာ
အမျိုးသား မှတ်ပုံတင်အမှတ် အေအီး/၂၀၆၁၂၈

လာရောက်ထွက်ဆိုသည်မှာ

ကျွန်တော်သည် အကွက် ၄၁ ရရှိ အရွှေ့လားသော် ဒေါ်ကြည်မြ၊ အနောက်လားသော် အစိုးရလမ်း ၎င်းနောက် ရွှေကျောင်းကြီး၊ မြောက်လားသော် မြို့နယ်သမဝါယမ၊ တောင်လားသော် အုပ်စက်လမ်း ရှိပါသည်။ ၎င်းမြေမှာ အကျယ်အဝန်း ၁၅ ကေနီးပါး ရှိပါသည်။ ယင်းမြေမှာ မင်းတုန်းမင်း၏ မိဖုရားလောင်းရှည် မိဖုရားကြီးက သာသနာ့မြေအဖြစ် လှူခဲ့ပြီး ဘုန်းကြီးကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သော မြေဖြစ်ပါသည်။ ယင်းသာသနာမြေ၏ တနင်္ဂနွေထောင့်ရှိ ၅၉ ပေ ပတ်လည်ရှိ ပူးတွဲပါတင်ပြထားသော မြေနေရာကို ဗဒ္ဓသိမ်အဖြစ် ဆောက်လုပ်ရန် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ် ကျောင်းတိုက် ဆောက်လုပ်လှူဒါန်းရေး ကော်မတီ၊ မင်းကွန်းတိပိဋကဓရ နိကာယ သာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးလှရွှေက ယင်းကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဗဒ္ဓသိမ်ဆောက်လုပ်ခွင့် လျှောက်ထားခြင်း ဖြစ်ပါသည်။ အဆိုပါ သာသနာမြေ ပိုင်ဆိုင်သည့် ဘုန်းဘော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ ထံမှ ၎င်းဗဒ္ဓသိမ်ဆောက်ခွင့် သဘောတူညီချက် ရရှိပြီး ဖြစ်ပါသည်။

(၂) ဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ မန္တလေးအနောက်မြောက်မြို့ထံ သိသာပါရန်
(၃) ဦးလှရွှေ၊ ဆိုင်းတန်းရပ်၊ မန္တလေးမြို့ထံ သိသာပါရန်၊
(၄) တိုင်းအဆွန်ဦးစီးဌာနမှူး၊ မန္တလေးတိုင်း၊ မန္တလေးမြို့၊
အမှတ်တွဲအမှတ် ၁၅၁/၁ အခ/ဂ၂–ဂ၃ နှင့်အတူ ပူးတွဲပေးပို့သည့် မြေစွန် ၂/ ထပိုင်ပတ္တာ ၁–ခ ပုံစံဖြင့် ထုတ်ပြန်ရမည်ဖြစ်သော ဗဒ္ဓသိမ် သမုတ်ရန် ခွင့်ပြုမိန့်ကို မန္တလေး အရှေ့ပိုင်း မြောက်မြို့နယ်၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက လက်မှတ်ရေးထိုးရှိ သိမ်ဒါယကာ ဦးလှရွှေအား ထုတ်ပေးနိုင်ရေးအတွက် မန္တလေးအနောက်မြောက်မြို့နယ်၊ မြို့နယ်အဆွန်ဦးစီး ဌာနမှူးအား လိုအပ်သို့ ညွှန်ကြားပေးရန် မေတ္တာရပ်ခံချက်ဖြင့် လည်းကောင်း၊
(၅) မြို့နယ်အဆွန်ဦးစီးဌာနမှူး၊ မန္တလေးအနောက်မြောက် မြို့နယ်၊ မန္တလေးတိုင်း အဆွန်ဦးစီးဌာနမှူးတို့မှ အမှုတွဲရရှိသောအခါ ယင်း၏ညွှန်ကြားချက်အရ ဆောင်ရွက်ရန် ထပ်ကြောင်းကြားချက်ဖြင့် လည်းကောင်း၊
လိုအပ်သလို အရေးယူဆောင်ရွက်ရန် ပေးပို့ပါသည်။

ဆက်ခံစာရင်း

၁။ .....
(ဝိုးတိုးကြည့်)
ညွှန်ကြားရေးမှူး၊
ပြည်သူ့ကွင်းဆင်းမြို့နှင့် ဒေသဖွံ့ဖြိုးရေးဦးစီးဌာန

ဒုတိယ ပုံစံ ၂၀၁၄ ခုနှစ်၊ ဇွန်လ

ယင်းပြန်ကြားချက်အရ မြို့နယ် အခွန်ဦးစီးဌာနမှူးက မန္တလေးအနောက်မြောက်မြို့နယ် ပြည်သူ့ကောင်စီသို့ အမှုတွဲနှင့်တကွ ပြန်လည် အစီရင်ခံခြင်း။ 'မ-ပ-က က ၁-၂-၈၃ နေ့ အစည်းအဝေး ဆုံးဖြတ်ချက် အပိုဒ် (၂) အရ ကန့်ကွက်ရန် မရှိကြောင်း မြို့နယ် အခွန်ဦးစီးဌာနမှူးသို့ အမှုတွဲနှင့်တကွ ပေးပို့ ပြန်ကြားခဲ့ပါသည်။

ယင်းနောက် မြို့နယ် အခွန်ဦးစီးဌာနမှူးက မန္တလေးတိုင်း အခွန် ဦးစီးဌာနမှူးသို့ မန္တလေးတိုင်း ပြည်သူ့ကောင်စီ၏ အတည်ပြုချက် ရရှိနိုင်ရန် တင်ပြ အစီရင်ခံခြင်းနှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့၏ ၈-၂-၈၃ နေ့ ပြုလုပ်သော အစည်းအဝေး အမှတ်စဉ် ၃/၆၁ ဆုံးဖြတ်ချက်အရ ဗဒ္ဓသိမ် သမုတ်ရန် သဘောတူကြောင်း ၉-၂-၈၃ နေ့စွဲဖြင့် တိုင်း အခွန် ဦးစီးဌာနမှူးသို့ အမှုတွဲနှင့်အတူ ပြန်ကြားခဲ့ပါသည်။

မန္တလေးတိုင်း သာသနာရေး ဦးစီးဌာနမှူးက ၇-၂-၈၃ နေ့စွဲဖြင့် မန္တလေးတိုင်းအခွန်ဦးစီးဌာနမှူးသို့ ဗဒ္ဓသိမ် သမုတ်ခွင့်ပြုကြောင်း သဘောထား မှတ်ချက်ဖြင့် အမှုတွဲကို ပြန်လည်ပေးပို့ အစီရင်ခံခဲ့ပါသည်။

သက်ဆိုင်ရာ မြို့နယ်၊ တိုင်းအဆင့်ဆင့် ဌာနဆိုင်ရာများက တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ပြုလုပ်ရန်ကိစ္စများ ဆောင်ရွက် ပြီးစီးသည့်နောက် မြည်ထောင်စု ဆို ရှယ် လစ် သမ္မတ မြန်မာနိုင်ငံတော် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးရုံးက ဗဒ္ဓသိမ် သမုတ်ရန်အတွက် အခွန်လွတ် မြေဂရန် ထုတ်ပေးရန် မန္တလေးမြို့၊ ဆိုင်းတန်းရပ် သိမ်ဒါယကာ ဦးလှရွှေ၏ လျှောက်ထားချက်ကို ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေပုဒ်မ ၁၃(ဃ)အရ သဘောတူ ခွင့်ပြုသည့်အမိန့်ကို စာအမှတ် ၁-၅(၅၅)/ပတခ/မယ/ဂ၂(၁၉၃၈) နှင့် ရက်စွဲ ၁၃၄၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅-ရက် ၁၉၈၃—ခုနှစ်၊ မတ်လ ၄ ရက် နေ့စွဲဖြင့် မြို့နယ် အခွန်ဦးစီးဌာနမှူးတို့ ထံသို့ လိုသပ်သလို အရေးယူ ဆောင်ရွက်ရန် ပေးပို့ခဲ့ပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန
ဝန်ကြီးရုံး

၁၃၄၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
၁၉၈၃ ခုနှစ်၊ မတ်လ ၄ ရက်

မန္တလေးတိုင်း၊ မန္တလေး အနောက်မြောက်မြို့နယ်၊ ဒေါနဘွား ရပ်ကွက်၊ ဝပ်မြေ အရှေ့ကွင်း အမှတ် ၄၁၈၊ မြေကွက်အမှတ် ၂၉၈၊ မြေချိန် ဧရိယာ (၁၃.၇၇)ကေရှိ သာသနာ့မြေ အနက်မှ မြေချိန် ဧရိယာ (၀.၀၈)ကေရှိ မြေကို ဗဒ္ဓသိမ် သမုတ်ရန်အတွက် အခွန်လွတ် မြေဂရန် ထုတ်ပေးရန် မန္တလေးမြို့၊ ဆိုင်းတန်းရပ်နေ သိမ်ဒါယကာ ဦးလှရွှေ၏ လျှောက်ထားချက်ကို ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေပုဒ်မ ၁၃(ဃ)အရ သဘောတူ ခွင့်ပြုလိုက်သည်။

အမိန့်အရ

ပုံ/ ....

အေးကို

ဒုတိယဝန်ကြီး

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန

စာအမှတ်၊ ၁-၅ (၅၅/ပတခ/မယ/ဂ၂) (၁၉၃၈)
ရက်စွဲ။ ၁၃၄၄ ခုနှစ်၊ မတ်လ ၄ ရက်။

မိတ္တူ။ တစ်စောင်ကို—
(၁) ဥက္ကဋ္ဌ၊ တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ မန္တလေးတိုင်း၊ မန္တလေးမြို့၏ ၉-၂-၈၃ ရက်စွဲပါ စာအမှတ် ၃၁၄၉/၁၈၅/၈၃ ကို ရည်ညွှန်းလျက်

ယင်းနောက် စီမံ/ဘဏ္ဍာ ဝန်းကြီးဌာနက ခွင့်ပြု ချက်အရ တိုင်း အခွန်ဦးစီးဌာနက မြို့နယ် အခွန်ဦးစီး ဌာနသို့ သိမ်သမုတ်ခွင့်ပေးရန် လမ်းညွှန်မှုဖြင့် မန္တလေး အနောက်တောင်မြို့နယ် အခွန်ဦးစီးဌာနမှူးက ၁၃၄၄ ခုနှစ်၊တပို့တွဲလပြည့်ကျော် ဂ–ရက် (၇-၃-၈၃) နေ့စွဲ ဖြင့် ဗဒွသိမ် သမုတ်ရန် လျှောက်ထားသူ မင်းကွန်း တိ–နီ သာသနာပြုအဖွဲ့အကျိုးတော်ဆောင် မန်းခေတ် ဦးလှရွှေ(ကျွန်တော် အား)ဝိသုဂါမသောဇက=အသီး အခြား ရွာစားအဖြစ် ခန့်ထား ပေးအပ်လိုက်ပါသည်။ မြို့နယ် အခွန်ဦးစီးမှူး ဦးခင်မောင်သန်း (ကိုယ်ပိုင် အမှတ်(၇၈၃၁၄)မန္တလေးအနောက်မြောက်မြို့နယ် ဒေါနဘွား ရပ်ကွက်၊ ကွင်းအမှတ် ၄၁၇၊ ဦး မြေကွက် အမှတ် ၁၉၈ တွင် တည်ရှိသော ကေ ဝ၊၀၈ ရှိ မြေကို ပကတိဂါမ မူလရွာမှ ဝိသုံဂါမ အသီးအခြား၊ ရွာစား အဖြင့် အနောက်မြောက်မြို့နယ် အခွန်ဦးစီးဌာနမှူးက မြို့နယ် မြေစာရင်းဦးစီးဌာနမှူးသို့ သိမ်သမုတ်ခွင့် ပေး ပြီးဖြစ်၍ အမှုတွဲ၌ လိုအပ်သည်များကို မှတ်သားပြီး ပြန်လည်ပေးပို့ရန် ညွှန်ကြားခဲ့ပါသည်။

မြေယာမှတ်ပုံတင်စာအုပ် နံပါတ် ၁ တွဲ/၃၉ စာမျက်နှာတွင် ၁၉၈၂-၁၉၈၃ ခုနှစ် ဆိုင်ရာနံပါတ် စဉ်နှင့် ရေးသွင်းပြီး ဖြစ်သည့်ခရိုင်ရုံး၊ ၁၉၈၂-၁၉၈၃ခုနှစ် အခွန်တော်မှ နံပါတ် ၁၅၁/၁၀အခ ဂ၂/ဂ၃

ဝိသုဂါမသိမ်အဖြစ် အသုံးပြုရန် အသီးအခြား မြေပေးအဝိန်

ပြန်မာနိုင်ငံတော်အထက်ဝိုင်း မြွန်နှုန် နည်းဥပဒေ ၅၃ က။

ပြန်မာနိုင်ငံတော်အောက်ဝိုင်း၊ မြွန်နှုန်တော် နည်းဥပဒေ ၃၄။

ပြန်မာနိုင်ငံတော်အောက်ဝိုင်း၊ ဖြူရွာရှိ မြေယာ နည်းဥပဒေ ၅၂။

မန္တလေးခရိုင်၊ အနောက်တောင်မြို့နယ်၊ သီရိမာလာ အရွှေ့ရပ်နေ လျှောက်ထားသူ မန်းခေတ် ဦးလှရွှေ သိသာရန်မှာ၊ မန္တလေးခရိုင် အနောက်မြောက်မြို့နယ်၊ ဒေါနဘွားမုပ်ကွက်၊ ကွင်းအမှတ် (၄၁၇) ဦးမြေကွက်အမှတ် ၁၉၈ တွင် တည်ရှိ၍ မူးတွဲပါ မြေပုံအရ၊ အောက်ပါနယ်နိမိတ်များအတွင်း ဝိုင်းခြား သတ်မှတ်ထားသော ကေ ဝ.၀၈ ထိုမြေကို ပကတိဂါမ မူလရွာမှ ဝိသုံဂါမ အသီးအခြား ရွာတစ်ခုပြစ်စေ ရန် သတ်မှတ်ပေးလိုက်သည်။

ဤဝိုင်းခြား သတ်မှတ်ပြီးသော အသီးအခြားအရပ်ကို လျှောက်ထားသူ မန်းခေတ် ဦးလှရွှေ/အမျိုး သား မှတ်ပုံတင်အမှတ် အေအီး ၂၀၆၁၂၇ အား၊ ဗဒွသိမ်အဖြစ် အသုံးချရန် ဝိသုံဂါမကောင်က အသီး ထခြား ရွာစားအဖြစ် ခန့်ထားပေးထပ်ပါသည်။

နယ်နိမိတ်များ

မြောက်ထလာ၊	ဦးဝိုင် ၁၀၇ မြို့နယ်သစ်ဝါယမကသင်း။
အရှေ့ထလာ၊	အကွက် (၄၁၇) ဦးဝိုင် ၉၀/က မြို့နယ်သစ်ဝါယမကသင်း၊ မြေအစ်၊
တောင်ထလာ၊	သာသနာမြေ၊
အနောက်ထလာ၊	သာသနာမြေ၊

ပုံ .....
(ဦး ...)

ရက်စွဲ၊ ၁၉၈၃ ခုနှစ်၊ မတ်လ၊ ၇-ရက်၊

၄၉ထ

ထင်းသဆုံးနှစ်စဉ်၊ ***** ၁၀၄

"ဝိနည်းမှာသိမ် သဒ္ဒါမှာလိင်"ဟူသည်နှင့် အညီ ဝိနည်းအရာ၌ သိမ်ဟူသည်မှာ သာသနာတော်အတွက် အသက်သဖွယ် ဖြစ်သည်ကို ဘုရားရှင် ကိုယ်တော်တိုင် သိမြင်တော်မူသဖြင့် သိမ်နှပ်-သိမ်သမုတ်စဉ် လိုက်နာ ဆောင်ရွက်ရမည့် ကိစ္စများ အလေးအနက် ဒေကျယ် တဝင့် ညွှန်ပြပညတ်တော် မူခဲ့သည့်နည်းတူ "ရာဇာ ပဓာန ဆိုသလို သိမ်တစ်လုံး သမုတ်ရန် ဝိသုံဂါမ အမိန့်ရရှိနိုင်ရေးအပွက် ကျွန်တော် အနေနှင့် သက် ဆိုင်ရာ မြို့နယ်/တိုင်း အဆင့်ဆင့် ဌာနဆိုင်ရာများမှ စီမံ/ ဘဏ္ဍာဝန်ကြီးဌာန အဆင့်အထိ အဆင့်ဆင့် ဆက်သွယ်ဆောင်ရွက် လုပ်ကိုင် ခဲ့ရသည့် လုပ်ငန်း တာဝန်များ မည်မျှလေးနက်မှုရှိသည်ကို မှန်းဆသိသာ နိုင်ပြီဖြစ်၍ ဝိသုံဂါမအရာ သိကောင်းစရာ အဖြာဖြာ တို့ကို ဤမျှနှင့်ပင် လက်စသပ် ရပ်နားလိုက်ပါသည်။

ရေးသားတင်ဆက်အပြီး ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကို ဂုဏ်ပကာသန(၈၀) ပေါ် ကေးထပ်ဖြင့် ဆရာတော်ဘုရား၏ ဂုဏ်တော်တို့ ကို မှန်းဆပူဇော်ထားသည့် စစ်ကိုင်းတိုင်း ဆားတောင် အုပ်စု အင်းမရွာ ဥယျာဉ်ကျောင်း ဦးဝိစာရက ကျွန်တော်တို့ထံ ပေးပို့သည့် ၈၀-ပေါ် တေးထပ်ဖြင့် ဆရာတော်ဘုရားအား ဂုဏ်ပြုမှန်းဆ ပူဇော်အပ် ပါသည်။

မင်းကွန်းတိပိဋကဆရာတော်အရှင် ဝိစိတ္တာသာရာ ဘိဝံသ၏ ဂုဏ်ပကာသန ၈၀-ပေါ် တေးထပ်

သံဂါယနာ ဆဋ္ဌပွဲကိုလ၊
မှတ်ကြအမြဲ သိရှိစရာ၊
အမြတ်ပထမစွဲတဲ့ တိပိဋကာပါ၊
အဓိပတိနာယကာ အကျိုးဆောင်တစ်ပါး။
ရဋ္ဌဂုရု အဂ္ဂမဟာကို၊
ဆက်သန္တစ်ဖြာ မင်းကွန်းထေရ် မြတ်ဘုရား။
တိပိဋကာ ပွင့်လန်းဖြာအောင်
သင်တန်းဆရာ ဦးဆောင်ပြား။
ရှင်ရဟန်းအဖြာဖြာ အတူအအောင်များပါရဲ့
ဖူးခေါင်းတောင်ကြား မိုးမိတ်တလာ။
ဗုဒ္ဓတကွသိုလ် ကျောင်းဆောင်ကြီးကိုလ
ကောင်းအောင်ဦးစီး ပထမကျော်နှင့်ဓမ္မာစရိယာ။
သကျသီဟ အာဒိက ဝဋ္ဌသကာပါ
ဂါရိက ဘဏ္ဍာ တရားတော်စိုးပါပဲ၊
အများနော်အကျိုး ရှေးရှု စာတစ်အုပ်ပင်
ရေး-ပြု မဟာဗုဒ္ဓဝင်။
နတ်-သား-သိတဲ့ ဂုဏ်သုံးအင်မှာ
ကုန်ဆုံးမမြင် သိ-မိ-ပဉ်-ထင့်လေး။

ဦးလှရွှေ (မန်းခေတ်)
ဂုဏ်ထူးဆောင် နာယက
တိ = နိ သာသနာ့ပြုအဖွဲ့။



နိဒါန်းတော်

ဝဂိုလတ္တိသာသနာ့တက္ကသိုလ်အတွက်
အကြံပေးချက်များ



ရဟန်းစာဖတ်များနှင့် စေတ်ဝညာ

သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေး အဖွဲ့၊ ဥက္ကဋ္ဌအထူးကု ဆရာဝန်ကြီး ဦးသာလှ ထံမှ စာအမှတ် ဝဒဂ/ တိ/ နိ (ရက) စာစောင် ၁၉၈၇-ခု။ ဒီဇင်ဘာလ ၁၁ ရက်နေ့စွဲပါစာကို ဒီဇင်ဘာလ ၂၂ ရက်နေ့၌ တိုင်းရင်းပေ ကျောနယ်တိုက်မှ တစ်ဆင့်ရရှိ၍ ဤအကြံပေးချက်စာတမ်းကို ရေးသားရခြင်းဖြစ်ပါသည်။

ဥက္ကဋ္ဌ၏ စာနောက်ဆုံး၌ "ဆောက်လုပ်ပြီးစီးသမျှသော သာသနိက အဆောက်အအုံများကို လေ့လာကြည့်ရှု၍ အကြံကောင်း၊ ဉာဏ်ကောင်းများ ရယူနိုင်ရန် ပိတ်ကြားရခြင်း ဖြစ်ကြောင်း" ပါရှိပါသည်။ နှုတ်ဖြင့်အကြံပေးသည်ထက် စာဖြင့် ရေးသားတင်ပြသည်က ပို၍ ထိရောက်မည်ဖြစ်၍ ဤစာတမ်းကို ရေးသားရပါသည်။

မကြာမီက ကမ္ဘာအေးကုန်းပြေသို့ ရောက်ရှိ၍ ဆောက်လုပ်ဆဲ သာသနာ့တက္ကသိုလ် အဆောက်အအုံများနှင့် ပုံစံငယ်များကို လေ့လာခွင့် ရရှိခဲ့ပါသည်။ ဉာဏ်လင်း ဓမ္မပဒေသာ စာစောင်တွင် ဆရာတော် ဦးဝိစိတ္တာသာရ အပါအဝင် ထေရဝါဒ ဆရာတော်ကြီးများ အကြောင်း ကျွန်တော် ဆောင်းပါး ရေခဲ့ရာ၌ မန္တလေး သာသနာ့တက္ကသိုလ် စာတိုပုံများကို ထည့်သွင်း ပေးပြခဲ့ပါသည်။

ဤစာတမ်းကို ရေးသားရာ၌ ရဟန်းတော်များ ခေတ်ပညာသင်ကြားရေးတွင် ကျွန်တော် ပါဝင်လှုပ်ရှားခဲ့သည်ကို ဦးစွာ တင်ပြမှ ပိုမို ပြည့်စုံပါမည်။ ကျွန်-ဘဝသည် ကုပန်းခေတ်၌ ခေတ္တာဒုလ္လဘ

သက်နိုးဝတ်စဉ် ပခုက္ကူ ဆရာတော် ဦးနန္ဒဝသ (အဂ္ဂမဟာ ပဏ္ဍိတ) မှာ ကျွန်တော်တို့မြို့ ညောင်တုန်းခြံ သီတင်းသုံး၍ ဆရာတော်ထံ၌ သဒ္ဒါ, သဒ္ဒိုဟ်မှ စ၍ ပါဠိတော် အဋ္ဌကထာများကို ၅ နှစ်ကျော်ကြာမျှ လေ့လာ ဆည်းပူးခွင့် ရခဲ့ပါသည်။ ယခု လန်ဒန်မြို့၌ သာသနာပြုနေသော မြောင်းမြ ဆရာတော် ဦးဉာနိကမှာ စာချဘုန်းကြီးဖြစ်၍ သူ့ထံ၌ ပါဠိ၊ သင်္ကတ၊ ဟိန္ဒူနှင့် မြန်မာစာပေ ကဗျာအရေးအသားကို လေ့လာခဲ့ပါသည်။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး၌ ပခုက္ကူ ဆရာတော် ဦးပညာ ပံ့လွန်တော်မူးသာအခါ၊ ဆရာတော် ဦးနန္ဒဝံသမှာ ပခုက္ကူမြို့၊ မဟာဝိသုတာရုံတိုက်ကြီးတွင် စာပေပို့ချရန် ပြန်ကြွရပြီး ဦးဉာနိကမှာ ဘာသာန္တရသင်ယူရန် အိန္ဒိယသို့ကြွ၍ ကျွန်တော် ရန်ကုန်ရောက်ခဲ့ပါသည်။

ရန်ကုန်တွင်ရှိစဉ် ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးလွန်းဘော် ခေါင်းဆောင်သောအဖွဲ့က ရုဟန်းတော်များအား အင်္ဂလိပ်စာ သင်ကြားပို့ချသော သင်တန်းများတွင် တက်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေသော အင်္ဂလိပ်လူမျိုး မစ္စတာဖရန်စစ်စတိုရီနှင့် ဩစထရေလီးယားလူမျိုး မစ္စတာမောရစ်တို့ထံ တပည့်ခံ၍ အင်္ဂလိပ်စာ သင်ယူရာ သူတို့နှင့် ရင်းနှီးခဲ့ပါသည်။

အိန္ဒိယတွင် မဟာဝိဇ္ဇာဘွဲ့ယူ၍ ပြန်လည်ရောက်ရှိလာသော ဦးကေလာသမှာ ရဟန်းတော်များ ခေတ်ပညာ သင်ကြားရေးတွင် လှုပ်ရှားနေစဉ် ရွှေပေါက်ပင် ဦးဘသိန်း ခေါင်းဆောင်သော အဖွဲ့က နေရာရရှိရေးနှင့် ကျောင်းဖြစ်မြောက်ရေးတွင် ကူညီကြပါသည်။ ကမာရွတ်မြို့နယ် အာတီးယားလမ်း၊ ဘုရားသုံးဆူ ကျောင်းတိုက်မှာ ဂျပန်ခေတ်တွင် ဘုရားသုံးဆူ တည်တော်ကိုးကွယ်ရာမှ သာသနာ့မြေ ဖြစ်ခဲ့ပါသည်။ ထိုမြေပေါ်တွင် ကျွန်တော်၏ မိခင်ကြီးက သွတ်မိုးပျဉ်ထောင်ကျောင်း ဆောက် လုပ် လှူ ဒါန်း၍ ဦးကေလာသ ကျောင်းဖွင့်ရေးအတွက် ကျွန်တော်

ဆက်သွယ် ဆောင်ရွက်ပေးခဲ့ပါသည်။ ၂-ဘက် စလုံးမှ မူကို သဘောတူခဲ့ကြ၍ ကျောင်းဆောက် ရန် ပုံစံများကိုပင် ရေးဆွဲခဲ့ကြပါသည်။ သို့သော် ကျောင်း ဆောက် သူ များ က မြေဂရန်အပိုင်ရမှ ဆောက်နိုင်မည်ဆို၍ အလုပ် မဖြစ် ကြ တော့ ပါ၊ ဦးကေလာသမှာ ကမ္ဘာအေးအနီး ငွေစုံကျောင်း တိုက်တွင် နေရာရရှိ၍ ပြောင်း ရွှေ့ သွား ခဲ့ ပါသည်။

ထိုစဉ်က ကျွန်တော်မှာ ရဟန်း တော် များ ခေတ်ပညာသင်ကြား ရေး၌ စိတ်ပါဝင်စား စွာ လှုပ် ရှား ခဲ့ ပါ သည်။ ထိုအချိန်တွင် ရုန်ကုန် တက္ကသိုလ်၌ ရဟန်းတော်များ ပညာဆည်းပူး ခွင့်ကို ပိတ်ပင်လိုက်၍ ၁၉၅၂-ခုနှစ်ဆန်းတွင် ကျွန်တော် ရန်ကုန်တက္ကသိုလ်သို့ လူအဖြစ်နှင့် ရောက်ရှိသွားပါသည်။

ကမ္ဘာ့ ဗုဒ္ဓ တက္ကသိုလ် ကွာ

ရန်ကုန်တက္ကသိုလ် ပါဠိဘာသင်း အတွင်းရေး မှူး၊ ဥက္ကဋ္ဌအနေဖြင့် ရန်ကုန်တက္ကသိုလ် ပါဠို အသင်း မဂ္ဂဇင်းကို အင်္ဂလိပ်+မြန်မာ+ပါဠို သုံးဘာသာဖြင့် ၁၉၅၃-ခုနှစ်မှ စ၍ သုံးကြိမ် ထုတ်ဝေခဲ့ရာ ပြည်တွင်းပြည်ပမှ ပညာရှင်များနှင့် ဆက်သွယ်ရင်းနှီးခွင့် ရခဲ့ပါသည်။ ၁၉၅၈ခုနှစ် တွင် သင့်ဘဝ မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဖြစ် လာသောအခါ ထင်ရှားသော ရဟန်းပုဂ္ဂိုလ်– လူပုဂ္ဂိုလ်များနှင့် ရင်းနှီးခဲ့ရပါသည်။ ဆရာတော် ဦးဇဂနှင့် ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသတို့ဆို ပါဠို မဂ္ဂဇင်း ထုတ်ဝေစဉ်ကပင် ရင်းနှီးခွင့်ရခဲ့ ပါသည်။

၁၉၅၉-ခုနှစ်တွင် ကမ္ဘာ့ ဗုဒ္ဓ တက္ကသိုလ်မှ သီခြား ပွင့်လှစ်သော သံဃာတက္ကသိုလ် တွင် အုပ်ချုပ်ရေး အရာရှိအဖြစ် ဆောင်ရွက်ရသော အခါ သမဝါယမတန်ဆောင်း၌ ဝမ်းရေဒီယို အောင်မြင်ပြီး ရဟန်းတော် ၁၀-ကျော်မှ တက် ရောက်ကြပါသည်။ အုပ်ချုပ်ရေးအရာရှိအနေဖြင့် မြန်မာ့အသံကိုယ်စားလှယ်နှင့် ဆွေးနွေးချက်များ ဟောပြောချက်များကို တွဲဖက်အစီအစဉ်မှ အသံ လွှင့်ခွင့်ရခဲ့ပါသည်။ ထိုစဉ်က သံဃာ့တက္ကသိုလ်၏ ဦးတည်ရည်မှန်းချက်မှာ ယခု ပေါ်ပေါက်လာ သော သာသနာ့တက္ကသိုလ်ကြီးမျိုး ပေါ်ထွက် ရေးပင် ဖြစ်ပါသည်။

သံဃာ့ တက္ကသိုလ် ကွာ

သံဃာ့တက္ကသိုလ် စာသင်တန်းများကို သမ ဝါယမတန်ဆောင်းမှ သံဃာ့ဆေးရုံသို့ ပြောင်း ရွှေ့ပြီးနောက် ၁၉၆၀–ပြည့် နှစ်ဆန်းစတွင် ကမ္ဘာ့ ဗုဒ္ဓဘာသာ သမဂ္ဂိအဖွဲ့ချုပ်သို့ အုပ်ချုပ် ရေးမှူးအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင် ရပါသည်။ ၁၉၆၂-ခုနှစ် မတ်လ ၂ ရက်နေ့ တွင် တော်လှန်ရေးကောင်စီ တက်ရောက်ပြီး နောက်ပိုင်း၌ သံဃာ့တက္ကသိုလ်၊ ဘဏ္ဍာရေးမှူး ဗိုလ်မှူးကြီးကျော်စိုးက ပြည်ထဲရေးနှင့် သာသနာ ရေးဝန်ကြီးအနေဖြင့် သံဃာ့တက္ကသိုလ်အတွက် သီးသန့် ထောက်ပံ့ခဲ့သော်လည်း ဆောင်မြင်မှုမရှိ ဘဲ သံဃာ့တက္ကသိုလ်မှာ ရေကူး ဘူတာအနီး၌ ကိုယ်ထူကိုယ်ထ ရပ်တည်နေခဲ့ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာသမဂ္ဂိအဖွဲ့ချုပ်တွင် အင်္ဂလိပ် ဘာသာဖြင့် လစဉ် ဗုဒ္ဓဘာသာ သတင်းစဉ် စာစောင် ထုတ်ဝေရသောအခါ ကမ္ဘာတွင် ဗုဒ္ဓ ဘာသာ သာသနာပြုရာ၌ အင်္ဂလိပ်စာပေ အရေး ပါပုံကို သိရှိ၍ လာရပါသည်။ ၁၉၆၁-ခုနှစ်၊ နိုဝင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင် မြို့၌ ကျင်းပသော ၆ ကြိမ်မြောက် ဗုဒ္ဓဘာသာ ညီလာခံကြီးသို့ ရုံးအဖွဲ့မှူးအနေဖြင့် တက်ရောက် ခွင့်ရရှိခဲ့ရာ ဝတ်စကမ္ဘာလုံးမှ ဗုဒ္ဓဘာသာ ဒေါင်း ဆောင်များနှင့် ထိတွေ့ဆက်ဆံခဲ့ရပါသည်။

ထိုညီလာခံတွင် အင်္ဂလိပ်ဘာသာ စကားကို သာ ပြောဆိုကြပါသည်။ ထေရဝါဒ နိုင်ငံများ၌ ရဟန်းဘဝများ ပညာရေးကိုပါ လေ့လာခွင့် ရခဲ့ပါသည်။ ၁၉၆၃-ခုနှစ်တွင် အဖွဲ့ချုပ်ကို

ဘန်ကောက်မြို့သို့ ရွှေ့ပြောင်း ပေး လိုက် ပြီး နောက် ကျွန်တော်မှာ အမေရိကန် ပြန်ကြားရေး ဌာနခွဲ ဘာသာပြန် အယ်ဒီတာအလုပ်ကို ရရှိခဲ့ ပါသည်။ ထိုအလုပ်တွင် ဗုဒ္ဓဘာသာဆိုင်ရာ ကိစ္စ ပေါ်လာတိုင်း ဆောင်ရွက်ရပါသည်။

ဆရာတော်ကြီးများ ကဆုန်

၁၉၇၀-ပြည့် နှစ်ဆန်းတွင် တောင်ပုလု ဆရာ တော်နှင့် မဟာစည် ဆရာတော်တို့ အမေရိကန် ပြည်ထောင်စုသို့ သာသနာပြုကြွပုံကို လင်းရောင် ခြည်မဂ္ဂဇင်းခွဲ ကျွန်တော် ဆောင်းပါးရေးခွင့်ရ ပါသည်။ ဤသို့ ရေးရာ၌ ရဟန်းတော်များ အင်္ဂလိပ်ဘာသာစကား ပြောနိုင်ခြင်း၊ စာပေ ရေးသားနိုင်ခြင်း အကျိုး ကျေးဇူးများကို တွေ့ရှိ ရပါသည်။

မဟာစည် ဆရာတော်ကိုယ်တိုင် အင်္ဂလိပ်ဘာ သာဖြင့် စာတမ်းဖတ်ပြီး ဟောပြောခဲ့ပါသည်။ မြန်မာလူမျိုးတို့၏ စိတ်တွင် ရဟန်းတော်များ အင်္ဂလိပ်စာ မသင်ကောင်း၊ မသင်သင့်ဟူသော အစွဲအလမ်းရှိခဲ့ပါသည်။ စစ်ကြို့ခေတ်တွင် ဆရာ တော် ဦးသေဋ္ဌိလ အင်္ဂလိပ်စာ သင်ယူရာ၌ ဗုဒ္ဓ သာသနာလောကတွင် ဂယက်ရိုက်၍ ဆရာတော် ကြီးများ၏ ဆန္ဒကို တောင်းခံခဲ့ရပါသည်။

အမေရိကန် ပြန်ကြားရေးဌာန၊ ညွှန်ကြားရေး ဝန် မစ္စတာစကော့တန်နှင့် ပြန်ကြားရေးအရာရှိ မစ္စတာပကိုတာ တို့မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ သူတို့ ဒုလွှဘရဟန်းခံရာ၌ ဆရာတော် ဦးသေ ဋ္ဌိလ၏ အကူအညီဖြင့် ချမ်းမြေ့ရိပ်သာတွင် ရဟန်းခံပေးခဲ့ပါသည်၊ ချမ်းမြေ့ရိပ်သာ ဆရာ တော်မှာ ရှင်သာမဏေဝတ်ပေးခြင်း၊ ရဟန်း လောင်းဆုံးမခြင်းစသော ပြုဖွယ်ကိစ္စတို့ကို အင်္ဂလိပ်လို ပြောဆိုပြုလုပ်၍ အားရကျေနပ်ခြင်း ဖြစ်မိပါသည်။ ထိုကဲ့သို့ အင်္ဂလိပ်စာတတ် ရဟန်း တော်များ မရှိလျှင် ခက်ရချေရဲ့ဟု တွေးတော ဆင်ခြင်မိပါသည်။

ခေတ်ပညာ သင်နိုင်ပါစေ

ရဟန်းတော်များ အင်္ဂလိပ်စာ မသင်စေလို ခြင်းမှာ အင်္ဂလိပ်စာတတ်လျှင် လူထွက်မည် ဟူသော အစွဲအလမ်းပင်ဖြစ်ပါ၏။ အင်္ဂလိပ်စာ မတတ်ဘဲ လူဝတ်လဲကြသော ပုဂ္ဂိုလ် အများ အပြားရှိပါသည်။ ဆရာတော် ဦးသေဋ္ဌိလ၊ ဦးကေ လာသ (မဟာဝိဇ္ဇာ)၊ ချမ်းမြေ့ရိပ်သာ ဆရာ တော်နှင့် အခြားအင်္ဂလိပ်စာတတ် ရဟန်းတော် များစွာရှိ၍ ကမ္ဘာ့သာသနာပြု လုပ်ငန်းများ ဆောင်ရွက်နေကြပါပြီ၊ ပထမပြန် စာမေးပွဲများ၌ လောကဓာတ်ပညာ ပူးတွဲသင့်၊ မသင့်ကို အကျေ အလည် ဆွေးနွေး၍ သာသနာ့ တက္ကသိုလ်ကြီး ပေါ်ထွက်လာရခြင်း ဖြစ်ပါသည်။

သာသနာ့ တက္ကသိုလ်၌ အင်္ဂလိပ်စာ အရေး အဖတ် သာမက စကားပြော့ကိုပါ လေ့ကျင့် သင်ကြားသင့်ပါသည်။ အသက် ၃၀ ဝန်းကျင် တွင် အင်္ဂလိပ်စကားပြော သင်ရသည်မှာ အသံ ထွက်မှစ၍ အခက်အခဲရှိသည်မှာ မှန်ပါ၏၊ ဆရာ တော် ဦးသေဋ္ဌိလ စသော ရဟန်းတော်များမှာ အသက် ၂၀ ကျော် ၃၀ ဝန်းကျင်တွင် သင်ယူ ခဲ့ကြရပါသည်။ သာသနာ့တက္ကသိုလ်ကြီးမှ နိုင်ငံ ခြား သာသနာပြုပုဂ္ဂိုလ်များ ပေါ်ထွက်ရေးမှာ အဓိက ရည်မှန်းချက် ပန်းတိုင် ဖြစ်သော်လည်း သာသနာ့တက္ကသိုလ်ကျောင်းတော်ကြီးတွင် ပညာ သင်ယူ ဆည်းပူးခဲ့ကြသော ရဟန်းတော်များက မြန်မာနိုင်ငံ အနှံ့အပြားရှိ ကျေးလက် တောရွာ များမှ တောင်သူလယ်သမားများ၏ သားသမီး များအား ဗုဒ္ဓစာပေ၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် ခေတ်ပညာစာပေများကို သင်ကြားပေးနိုင်ပါစေ ဟု ဆန္ဒပြုရပါသည်။

"ဗုဒ္ဓသာသနာ ကမ္ဘာမှာ ရောင်ဝါနေသို့ ထွန်းပေသော်ဝ်"

သင့်ဘဝ ဦးရဲလွင်

စိန်ရတုဝိဇာတပူဇော မင်္ဂလာ

လူတစ်ဦး၏ တစ်သက်တာတွင် မွေးလ၌ မွေးနေ့၊ မွေးရက်၊ သုံးခု ဆုံတတ်ကြသည်ချည်း ဖြစ်ပါသည်။ သို့သော် ငွေရတု၊ ရွှေရတု၊ စိန်ရတု အခါမျိုး၌ ကြုံတတ်၊ ဆုံတတ်ခဲ၏။ ဤကြုံတတ် ဆုံတတ်ခဲသည့် အထဲမှပင် သည်းခံ, နှိမ့်ချ, မာနမပို၊ အလိုရမ်းကြီး, ရောင့်ရဲခြင်း တရား လက်ကိုင်ထား တော်မူသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ သက်တော် ၇၅ နှစ်ပြည့်၊ ၁၃၄၈-ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ရက်၊ ဗုဒ္ဓဟူးနေ့ စိန်ရတု ဝိဇာတအခါတော်ကား မွေးလ၊ မွေးရက်၊ မွေးနေ့ သုံးပါးကြိုက် ကြုံဆုံသော နေ့ထူး နေ့မြတ် ဖြစ်ပါချေသည်။ ဆရာတော်ဘုရားကြီးသည် ၁၂၇၃-ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ဖွား ဖြစ်တော်မူပါသည်။ ထိုသို့ မွေးလ၊ မွေးနေ့၊ မွေးရက် ကြုံခြင်း၊ ဆုံခြင်းသည် အလွန် ထူးခြားချက် ဖြစ်၏။

ဤသို့ ထူးခြားချက်နှင့် ပြည့်စုံသော မင်္ဂလာအချိန်၌ ဆရာတော်ဘုရားကြီး၏ သက်တော် ၇၅ နှစ်ပြည့် စိန်ရတု ဝိဇာတပူဇော မင်္ဂလာပွဲကို ဆင်နွှဲရန် တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ဝင် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ အား ထုတ်ခဲ့ကြပါသည်။

ဤစိန်ရတုဝိဇာတပူဇော မင်္ဂလာပွဲကို ဆင်ယင်သကာယနာ အဆိပ်းအမဲ့တ်ဖြစ်သည့် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ၊ မဟာသိမ်တော်ကြီး၌ လည်းကောင်း၊ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ မင်းကွန်း ဓမ္မနာဒတိုက်၌ လည်းကောင်း နှစ်နေရာခွဲ၍ ကျင်းပခဲ့ကြပါသည်။

မင်းကွန်း ဓမ္မနာဒတိုက်၌ကျင်းပသော စိန်ရတု ဝိဇာတပူဇော မင်္ဂလာ အခမ်းအနားတွင် ဆင်ခြင်သံဂါယနာ မဟာပါသာဏ လိုဏ်ဂူသဏ္ဌာန် မဏ္ဍပ်ကြီး စီမံဖန်ဆင်း၍ ၁၃၄၈ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ညစဉ် ညစဉ် ပိဋကနိကာယ်ဆောင် အရှင်မြတ်များက တရားဓမ္မဟောကြား၍ ဆရာတော် ဘုရားကြီးကို ပူဇော်ကြပါသည်။

နေ့ပိုင်းတွင်ကား မင်းကွန်း တိပိဋကဓရ စိန်ရတု ပူဇော်ရေး အဖွဲ့က တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့၊ နေ့လည် ၁၂ နာရီတွင် ပိဋကတ်တော် ၇၅ အုပ်ကို ရတနာကလပ်ဖြင့် ပင့်ဆောင်ကာ အခမ်းအနား စကြပါသည်။ ထိုအခမ်းအနားတွင် ဆရာတော်ဘုရားကြီး၏ ရှေ့ပိုင်း သာသနာပြုလုပ်ငန်းသုံးသွယ်တွင် အပါအဝင်ဖြစ်သော ဆင်ခြင်သံဂါယနာ ဝိဿဇ္ဇက အဖြစ်ကို အောက်မေ့ကြည်ညိုနိုင်ကြစေရန် ဆရာတော်ဘုရားကြီး၏ တပည့် ပိဋကနိကာယ်ဆောင် အရှင်မြတ်များက လဆန်း ၈ ရက်(၉-၁၁-၈၆)နေ့တွင် ဝိနည်းပိဋကပြန်ဆိုဟန်နှင့် သံဂါယနာတင်ဟန်။ လဆန်း ၉ ရက် (၁၀-၁၁-၈၆)နေ့တွင် သုတ္တန်ပိဋကကို ပြန်ဆိုဟန်နှင့် သံဂါယနာတင်ဟန်။ လဆန်း ၁၀ ရက် (၁၁-၁၁-၈၆)နေ့တွင်အဘိဓမ္မာပိဋကကို ပြန်ဆိုဟန်နှင့် သံဂါယနာတင်ဟန်တို့ကို ပုံစံတူ ပြုလုပ်၍ ဓမ္မသဘင် ဆင်ယင်ကျင်းပကာ ဓမ္မဒါန ပြုကြပါသည်။ လဆန်း ၁၁ ရက်နေ့ နံနက် အရုဏ်တက် အချိန်တွင် ရတနာပုံ ဝတ်အသင်းက ဝေယျာဝစ္စတာဝန်ယူ၍ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မြတ်စွာဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူဒါန်း၍ စိန်ရတု အထိမ်းအမှတ် ကျောက်စာတိုင်ကို ဖွင့်လှစ်တော်မူခဲ့ပါသည်။

ဆရာတော် ဘုရားကြီး၏ မွေးနေ့ တိုင်းတွင်
(က) ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့
တက္ကသိုလ်၊ (ခ) မန္တလေးမြို့၊ နိုင်ငံတော် ပရိ
ယတ္တိ သာသနာ့တက္ကသိုလ်၊ (ဂ) မင်းကွန်း မိုးမိတ်
ကုန်းမြေ တိပိဋကနိကာယ ကျောင်းတော်၊
(ဃ) မင်းကွန်း ဓမ္မနာဒ ကျောင်းတိုက်တို့၌ သာ
သနာတော် တည်သမျှ ဆွမ်းဒါနပြုနိုင်ရန် ဓမ္မဒါန
တိပိဋကဓရ စိန်ရတုပူဇော ထာဝရ ဆွမ်းပဒေသာ
ပင် စိုက်ထူ လှူဒါန်းပါသည်။

ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊
မဟာ သိမ်တော်ကြီး၌ ကျင်းပသော စိန်ရတု
ဝိဇာတပူဇော မင်္ဂလာကိုကား ဆရာတော်ဘုရား
ကြီး၏ မွေးနေ့မတိုင်မီ ရက်သတ္တပတ် အလိုကပင်
တင်ကြို၍ ငါးရက်တိုင် ကျင်းပကြပါသည်။ ထို
ငါးရက်တာအတွင်း ဗုဒ္ဓပူဇော၊ ဓမ္မပူဇော၊ သံဃပူဇော
ဟူ၍ ပူဇော်ပွဲသုံးရပ်ကို ပဓာနအဖြစ်သတ်မှတ်ကာ
ပူဇော်ကြခြင်း ဖြစ်ပါသည်။

တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့၊ နေ့လည်
၁၂ နာရီမှစ၍ ဘာသာရေး အသင်းအဖွဲ့များ၊
ရုပ်ရှင်၊ ဂီတ အနုပညာရှင်များက ဆရာတော်
ဘုရားကြီး၏ ဂုဏ်တော်များကိုသီကျူးကြပြီး ဆွမ်း
တော်ကြီး ပို့ပွဲကို ဆင်နွှဲခဲ့ကြပါသည်။ ထို ဆွမ်း
တော်ကြီး ပွဲကို ဘန်ဆောင်မုန်းလဆန်း ဂ ရက်
နေ့တွင် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင်
ကပ်လှူ၍ ဗုဒ္ဓပူဇော ပြုခဲ့ပါသည်။

ဓမ္မပူဇော အစီအစဉ်တွင် တိုင်းနှင့် ပြည်နယ်
အသီးသီးမှ ဆရာတော် ဘုရားကြီးထက် သက်
တော် ဝါတော်ကြီးသော ဆရာတော်ကြီး ၇၆
ပါးကို ပင့်၍ ဆရာတော်ကြီး၏ ရှေ့ပိုင်း သာ
သနာပြု လုပ်ငန်းသုံးရပ်တွင် အပါအဝင်ဖြစ်သော
မဟာဗုဒ္ဓဝင်ကျမ်းကြီး ၆ တွဲ ဂ အုပ်၊အစုံပေါင်း
၇၆ စုံကို လှူဒါန်းခဲ့ပါသည်။

သံဃပူဇော အစီအစဉ်တွင် သံဃာတော် ၂၅၀
အား ကထိန်သင်္ကန်း ဆက်ကပ်ပြီး၊ သီလရှင်
အား ဝတ်စုံ လှူပါသည်။

ထို့ပြင် ဆရာတော်ဘုရားကြီး ၁၂ နှစ်သား
အရွယ်မှစ၍ ရေးသားခဲ့သော ကဗျာလင်္ကာမှစ၍
စာမျိုးစုံကို စုဆောင်းကာ "တိပိဋကဓရ ကာဗျ
မာလာ" အမည်ဖြင့် လည်းကောင်း၊ လယ်တီ
ဆရာတော်ဘုရားကြီး၏ ပရမတ္ထ သံခိပ်ကို ဖြေဆို
သည့် ပရမတ္ထ သံခိပ် အဖြေ စကားပြေ ကျမ်းကို
လည်းကောင်း စိန်ရတု အထိမ်းအမှတ်အဖြစ် လှူ
ဒါန်းခဲ့ပါသည်။

တစ်ဖန် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာ
သနာ့ တက္ကသိုလ်၊ မန္တလေးမြို့ နိုင်ငံတော် ပရိ
ယတ္တိ သာသနာ့ တက္ကသိုလ်၊ မန္တလေးမြို့ ဇီဝိတ
ဒါန သာသနာ့ အထူးကဲ့ ဆေးရုံတို့၌ တည်ထား
မည့် ဆရာတော်ဘုရားကြီး၏ ကြေးသားရုပ် သုံးဆူ
အတွက် ပုံတူသွန်းလောင်းမှုကို ကမ္ဘာအေး မဟာ
သိမ်တော်ကြီးရှေ့ မြေကွက်လပ်၌ ပြုလုပ်ခဲ့ပါ
သည်။

စိန်ရတု ဝိဇာတပူဇော မင်္ဂလာအခါတော်၏
အသိုးအပွင့်အဖြစ် ယခုအခါ မင်းကွန်း၊ သဲဖြူဝ
ရွာ၌ စိန်ရတု အစိုးရမူလတန်းကျောင်း ပေါ်ထွန်း
လာခဲ့ပြီ ဖြစ်ပါသည်။

ဆရာတော် ဘုရားကြီး၏ ကြေး သား ရုပ် တု
သုံးဆူကိုလည်း သွန်းလောင်းပြီးစီးပြီဖြစ်ပါသည်။

မိန့်ကြားပြောဆိုချက်များ




ပဓာန အနု နာယက ဆရာတော် အရှင် နန္ဒိယ
သရုပ်ပြ သံဃါယနာဝိသဒ္ဓက အဖြေဆရာတော်အဖြစ်
ဆောင်ရွက်နေတော်မူပုံ



အရှင်တေနိယ သရုပ်ပြသံဃါယနာပုစ္ဆက
အမေးဆရာတော်အဖြစ်
ဆောင်ရွက်နေတော်မူပုံ




ဒွိပိဋကဓရ အရှင်ဇဂါယာမိန္ဒရတိဝံသ
အဘိဓမ္မ ပိဋကတ်ကို သရုပ်ပြ မြန်မာနေတော်မှုပုံ




ဒေါက်တာဝိနယက ဝိနယပိဋကတ်ကို
သရုပ်ပြ ပြန်ဆိုနေတော်မူပုံ



မန္တလေး တိ=နိ ဌာနခဲ့မှ
အမှုဆောင်လူကြီး ဦးအောင်ခန့်
ဆွေးနွေးတင်ပြနေပုံ



လိုဏ်ဂူ အဝင်မုခ်ဦး



သရုပ်ပြလိုဏ်ဂူတော်ကြီး
နှင့် ပရိသတ်များ



၁။ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်တွင်
ထားရှိ ပူဇော်မည့် ဆရာတော်ဘုရားကြီး၏ ကြွေးသွန်း ရုပ်တုတော်

၂။ မန္တလေးမြို့ ဇီဝဓာတုဂါန သာသနာ့ ဆေးကုသခြင်းရုံ၌ တည်ထားပူဇော်မည့်
ဆရာတော်ဘုရားကြီး၏ ကြွေးသွန်း ရုပ်တုတော်

၃။ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်၌ တည်ထားပူဇော်မည့်
ဆရာတော်ဘုရားကြီး၏ ကြွေးသွန်းရုပ်တုတော်



စိန်ရတု ပွဲတော်၏
အသီးအပွင့်ဖြစ်သော
မင်းကွန်းသဲဖြူချောင်းကျေးရွာမှ
စိန်ရတု စာသင်ကျောင်း



သုံးပုံပိဋကတ်ဝါကြီးမြတ်ဟု
သူရဿတီ နတ်ဒေဝီအာလား
လှုပျိုဖြူများက နိကာယ်ငါးရ
ပိဋကတ်သုံးပုံကို
ပင့်ဆောင်လာကြစဉ်



ဆယ်တာရွာ
ပုဂံဝင်းအဖွဲ့

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိဝိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရား၏ သက်တော်
၇၅ နှစ်ပြည့် မွေ.နေ့တွင်-
ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းပြေ မဟာ
သိမ်တော်ကြီး စေတီအတွင်း၌ ၁၃၄၈-ခုနှစ်
တန်ဆောင်တိုင်လတွင် ကျင်းပသော ပူဇော်ပွဲကြီးဝယ်
စာဆိုတော် မဟာသရေစည်သူ ဦးချမ်းသာ=(လက်ဝဲ
မင်းညို) တင်ဆက် ပူဇော်သည့် ရတုပိုဒ်စုံ

ရွက်ဖတ်ပူဇော်သူ ➡ စာဆိုတော် ရီရီသန့်

(၁) အုန်းတန်းတန်းဝေ၊ သိန်းသန်းနေသို့၊ ပရမေထွတ်ခေါင်၊ မေတ္တေးနောင်၏၊ ထွန်းပြောင်သာသနာ၊
ငါးထောင်ကြာသား၊ သာသနာဝေါသက်၊ ငါးထောင်ဝက်မှ၊ စွန်းထွက်သုံးဆယ်၊ ဘုန်းဆင့်ကြွယ်သော်၊
သုံးသွယ်ပိဋကတ်၊ မြတ်ဓရန္ဒာ၊ ဓမ္မဘဏ္ဍာ-ဂါရိကာဟု၊ "ဝိစိတ္တသာရ ဘိဝံသ" ၏၊ ဝမ္မဂုဏ်ဝါ၊ ခြောက်
ရောင်ဖြာနှင့်၊ သံဃာဘုန်းခေါင်၊ ကိုးဂုဏ်ဆောင်ကို၊ ခြောက်ဆောင်ဘုံက၊ ဦးတင်သရှင့်...။ မိုးဝစန္ဒီ၊ ပုဏ္ဏမီ
တွင်၊ သီတဂူသော်တာ၊ ကြယ်ညီလာခွဲ၊ ယှဉ်ကာထွန်းကြိုက်၊ ဘုဒ္ဓပိဒ်တည်း....။ သောင်းထိုက်ဇမ္ဗူ၊ မြန်မြေဌမှ၊
ဘူမိမင်းခေါင်၊ မြေတန်ဆောင်ဟု၊ သေဉ်အောင်မိပတီ၊ ဂုဏ်ထူးရှိသား၊ သီရိမင်္ဂလာ၊ ကုန်းမြတ်စွာ၌၊ မဟာ
တက္ကသိုလ်၊ လူနတ်ကြို၍၊ နုမျိုဖန်လာ၊ ဝိသုကာ၏၊ မဟာသိမ်တော်ကြီး၊ မိုးနှင့်နီးတွင်၊ အုံ့ချီးဂုဏ်ပြာ၊
ထေရ်မဟာ၏ ဇာတာသက်ခု၊ ဇေယျတုဟု၊ ရတုစိန်စီ၊ ကွန်မြူးချီသား၊ ညွှန်သီခုနစ်ဆယ်၊ ငါးနှစ်သွယ်က၊
တိပ်နွယ်ဝေးကင်း၊ မြူမှုးရွှင်းလျက်၊ ထွန်းလင်းရတု၊ လှုစုလှခေါင်၊ လှတန်ဆောင်တွင်၊ သုံးဆောင်ပိဋက၊
မြတ်ဓရန္ဒာ၊ ဓမ္မဘဏ္ဍာ ဂါရိကဟု၊ ထွတ်ချာအွဲရ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပြည်သူ့ဆရာ၊ ထေရိန္ဒာဟု၊ မဟာ
အဂ္ဂပဏ္ဍိတကို၊ ပူဇော်ဂါ၊ ကောရော်ကာပြင့်၊ ရာဇကျော်သက်ထူး၊ ကက်နေမြူးဟု၊ ငုံပူးမှုန်ခက်၊ စုံကြာလက်
နှင့်၊ ထိပ်ထက်ဦးပြင်၊ ဆယ်ညွှန့်ဆင်လျက်၊ ရှိတင်ပန်ရွက်၊ တောင်းဆုဆက်က၊ ရာသက်ကြူးကျော်၊ ခံ့ကုန်း
မော်သည်း....။

ဘုန်းတော်တော၊ နေဝါစောင်လျှံမှုန့် မြူးရွှင်ရွှင်....၊
နှုန်းဆယ်နေဝါ၊ ထေရာဝေါင်ဝပြင့် ဦးတင်တင့်....၊
ကုန်းမော်ဝပြမှာ၊ ဇေယျာအောင်သံလွှင့် ကျူးရင့်ရင့်....။ ။

(၂) ဤနှုန်းနှုန်းနှုန်းနေ၊ အစိန္တေ၏၊ သုံးတွေပိဋ္ဌက၊ မြတ်ဓမ္မလျှင်၊ မှောင်အဝိဇ္ဇာ၊ ကိလေသာအား၊ ဝိဇ္ဇာဥာဏ်ရောင်၊ အလင်းဆောင်လျက်၊ ပယ်ရှောင်ခွင်းခြွေ၊ ရှင်းလင်းပေ၏....။ သုံးထွေပိဋ္ဌက၊ မြတ်ဓရနှင့်၊ ဓမ္မဘဏ္ဍာ ဂါရိကာ ဟု၊ ဝိစိတ္တာသာရ ဘိဝံသလျှင်၊ ဓမ္မရှစ်သောင်း၊ လေးထောင်ဆောင်းကို၊ ကိန်းအောင်းကိုယ်တွင်း၊ ပူဇော်လျှင်း၍၊ မှောင်ခွင်းနေဝါ၊ လင်းလင်းဖြာတည်း....။ ကောဇာသဏ္ဌာဇ်၊ လူတို့နှစ်ကား၊ ဘစ်ထောင်ကိုတည်၊ သုံးရာရှည်၍၊ ညွန့်စည်လေးဆယ်၊ ရှစ်နှစ်ကယ်သော်၊ ဘုန်းကြွယ်လျှံထိန်၊ ရတုစိန်တွင် တသိရ်တင့်ကာ၊ ထေရ်မဟာ၏၊ ကဗျာ+လင်္ကာ၊ ထောမနာနှင့်၊ ဂါထာပေါင်းစု၊ ကျမ်းစောင်ပြုလျက်။ ဗာဟုသစ္စ၊ လောက်ဓမ္မ၊ နှစ်ကျိုးရ၍၊ သုတရှာသူ၊ စံနည်းယူဟု၊ မဒ္ဒူကုံးဘိ၊ တနှုန်းရှိသည့်၊ "တိပိဋ္ဌက ကာဗျမာလာ"၊ စာပဒေသာနှင့်၊ တဖြာပူဇော်၊ စာဆိုတော်၏၊ ကျမ်းမော် "အနူပညာ အလင်္ကာ" ဟု သဒ္ဒါလှုလှု၊ ပူဇော်ပြု၍၊ ရတုစိန်တွင်၊ ထိန်းမှတ်တင်ခဲ့....။ ထို့ပြင်တသီး၊ စာစောင်ကြီးဟု၊ ခရီးတဆစ်၊ ဒု–သုံးနှစ်၏၊ ရောက်လစ်အကြို၊ (တိ=နိ) ဘက္ကသိုလ်မှ၊ ဝိဓိရဇာနေး၊ ဥာဏ်စွယ်သွေးလျက်၊ မွေးနေ့ပူဇော၊ မှတ်တင်ကာတည့်....။ သာသနာနွယ်ဝင်၊ သီလရှင်ဟု၊ ရာတွင်ဆင့်ကြွယ်၊ ပါးငါးဆယ်အား၊ လှူဖွယ်ဝတ်စုံ၊ မွေးနေ့ကြုံ၍၊ ဖုံဖုံဒါန၊ မှတ်တင်ရသည့်....။ ထိုမှထာဝရ၊ ထိန်းမှတ်ပြသား၊ ထူးလှကြေးသား၊ ရုပ်တူပွားကို၊ သိကြားနတ်ညွှန်း၊ သုံးပုံသွန်းလျက်၊ စံကျွန်းစံကျော်၊ ထိန်းမှတ်ဖော်သည်။....။

ဤန်းသော်နေဝါ၊ ထေရာခေါင်စံမြင့် ဦးတင်တင့်....၊
ကုန်းမော်မြေမှာ၊ ဇေယျာအောင်သံလွှင့် ကျူးရင်ရင့်....၊
ဘုန်းတော်တေဇော၊ နေဝါရောင်လျှံပွင့် မြူးရွှင်ရွှင့်....။

(၃) ကုန်းနန်းနန်းဇွေ၊ သီရိမြေဦ၊ ဇေယျာကျူးရင့်၊ တေဇောထင့်သား....၊ ဘုန်းဆင့်ဆင့်ဆော်၊ ကုန်းမြင့်မော်မှ၊ ခြောက်ဖော်လျှံညီး၊ သိမ်တော်ကြီးတွင်၊ ဖွင့်ထိုးစံနေ၊ မြတ်ဇီနေဟူ၊ ခြောက်ထွေဘုန်းရှင်၊ ကိုးဂုဏ်ရှင်နှင့်၊ မြတ်ရှင်စိန္တေ၊ ပရမေဟူ၊ ငါးထွေမာရ်အောင်၊ မေတ္တေးနော်၏၊ ရုပ်ဆောင်ကိုယ်စား၊ စေတီပွားတွင်၊ ဝပ်တွားဆုပန်၊ ပြည့်ရမှန်၍၊ မိဋ္ဌာန်လှစ်ခြွေ၊ တောင်းဆုဝသား၊ မေရုမင်္ဂလာ၊ လေးကျွန်းဆိုင်သို့၊ မြဲခိုင်သီလ၊ လေးပါးပြု၍၊ တေရမဟာ၊ ဝိစိတ္တာလျှင်၊ ကျန်းမာကြည်နူး၊ စိတ်ရွှင်မြူးလျှက်၊ ရာကြူးသက်တော်၊ ရှည်စေသော်ဟု၊ မျှားဖော်ရှင်လူ၊ တောင်းဆုယူ၏။ သယမ္ဘူမြတ်စွာ၊ စောသတ္ထာ၏၊ သာသနာတော်ကျိုး၊ ပပဖြိုးအောင်။ သည်ပိုးနိုင်ကြောင်း၊ နှုတ်သံပျောင်းဖြင့်၊ အပေါင်းမြွက်ဟ၊ ဆုပန်ကြ၏....။ ဗုဒ္ဓပူဇာ၊ ဆင်ယင်ရာတွင်၊ သာသနာဖွံ့စုံ၊ ကောင်စီစုံနှင့်၊ သင်းစုံဆုတောင်း၊ မာစေကြောင်းရှင့်....။ ဆင့်လောင်းပူဇော၊ မြတ်ဓမ္မာတွင် "မဟာဗုဒ္ဓဝင်" ကျမ်းကျော်ထင်ကို၊ ထေရ်ရှင်ခုနစ်ဆယ်၊ ခြောက်ပါးကယ်အား၊ လှူဖွယ်ခြောက်တွဲ၊ ဆက်ကပ်ပွဲတည့်....။ လှူမြဲသံယော၊ ပူဇော်ရာဌ၌၊ နှစ်ရာငါးဆယ်၊ ထေရ်ဘုန်းကြွယ်အား၊ လှူဖွယ်စီမံ၊ "စီဝရ" တည့်....။ ဘုန်းလျှံရောင်ထိန်၊ ရတုစိန်တွင်၊ မှတ်ချိန်တင်ထား၊ ထေရ်ဘုရား၏၊ ထူးခြားဆောင်ရွက်၊ ထင်ရှားချက်မှာ၊ အောက်ထက်နှံ့သိ၊ ကျော်ကိတ္တိနှင့်၊ ပရိယတ်တက္ကသိုလ်၊ ကျောင်းထိုထိုက၊ ထူးပိုတသီး၊ ဆေးရုံကြီးကို၊ ချပြီးပန္နက်၊ အုတ်မြစ်ဆက်လျက်၊ တိုးတက်ဖန်လာ၊ဝိသုကာတည့်၊ သာသနာ့ဘုန်းတော်၊ နေနှုန်းလျှော်သည်။....။

ကုန်းမော်မြေမှာ၊ ဇေယျာအောင်သံလွှင့် ကျူးရင်ရင့်....၊
ဘုန်းတော်တေဇော၊ နေဝါရောင်လျှံပွင့် မြူးရွှင်ရွှင့်....၊
ဤန်းသော်နေဝါ၊ ထေရာခေါင်စံမြင့် ဦးတင်တင့်....။ ။

==

မှတ်ချက်* ၊ ၊ စက်ဝန်းမိုးဆွေ ၁၂–လုံး သုံးဆင့်၊ သုံးမိုဒ်ပေါင်း ၁၀၀–လုံး၊ သုံးဆင့်ခွဲနှုန်းချနည်း။

(လက်ဝဲမင်းညို)

၃၀၀ ✻ မင်းကွန်း ထိ=နိ သာသနာ့ပြုအမွေ



စည်းကမ်းရှိမှ အဓွန့်ရှည်မည်

လူ့လောကမှာဘဲ ဖြစ်ဖြစ်၊ သာသနာတော်မှာဘဲ ဖြစ်ဖြစ်၊ စည်းကမ်းရှိမှသာ အဓွန့်ရှည်မည်၊ မှန်ပါ၏။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ စည်းကမ်းမရှိသူကို တန်ဖိုးရှိသူဟု မဆိုနိုင်ပါပေ။ ဤလောကမှာ စည်းကမ်း ဥပဒေကို ကြဉ်၍ လောကီ လောကုတ္တရာ အကျိုးစီးပွားတို့ ပြီးစီးမှု မရှိနိုင်ပါပေ။ စည်းကမ်းဥပဒေကို ဖောက်ဖျက်နေသူကို လောကမှာ ပညာရှိမျှား၊ မချီးမွမ်းကြပါပေ၊ ဤစည်းကမ်း ဥပဒေနှင့် စပ်လျဉ်း၍ တစ်ချိန်က သာသနာတော် အရှည်တည်တံ့မှုကို မှော်တွေးကြောင့်ကြတော်မူသော အရှင် သာရိပုတြာသည် ဘုရားရှင် ဝေရဉ္ဇာပြည် ဥဇ္ဇဉ်ရုမည်သော ဘီလူး ဘုမ္မငိုး သိမ်းပိုက်အပ်သော တမာပင်ရင်းဝယ် သီတင်းသုံးတော်မူရာအခါ၊ ချဉ်းကပ်၍ လျှောက်ထားခဲ့ပေသည်။

လျှောက်ထားပုံ

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤနေရာအရပ်၌ ဆိပ်ငြိမ်ရာအရပ်သို့ ကပ်ပြီး တစ်ယောက်တည်း ကိန်းအောင်းစဉ် ဤသို့အကြံဖြစ်ခဲ့ပါသည်။

"အဘယ် ဘုရားရှင်တို့၏သာသနာတော်သည် ကြာမြင့်စွာ တည်ပါသနည်း၊ အဘယ် ဘုရားရှင်တို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်ပါသနည်း" ဟု အကြံဖြစ်ခဲ့ပါသည်။

"ဘုန်းတော်ကြီးငြား အို ရှင် တော် ဘုရား၊ အာဘယ် ဘုရားရှင်တို့၏ သာ သ နာ တော် သည် ကြာမြင့်စွာ တည်ပါသနည်း။ အာဘယ် ဘုရားရှင်တို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်ပါသနည်း" ဟု မေးလျှောက်လေလျှင်–

ဘုရားရှင်က "ဝိပဿီ၊ သိခီ၊ ဝေဿဘူ ဘုရားသုံးဆူတို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်။ ထိုဘုရားသုံးဆူတို့သည် သာဝကတို့အား တရားတော်ကို အကျယ်အားဖြင့် ဟောခြင်းငှာ ပင်ပန်းရုံသာဟု သဘောထားတော်မူကြပါသည်။ ထိုဘုရားရှင်တို့၏ သုတ္တကယျ၊ ဝေယျာကရဏ ဂါထာ၊ဥဒါန၊ကွတိဝုတ္တက၊ ဇာတက၊အဗ္ဘုတဓမ္မ ဝေဒလ္လတို့သည် အလွန်နည်းပါးလှ၏။ သာဝကတို့ အတွက် သိက္ခာပုဒ်လည်း မပညတ်ကြပါပေ။ ပါတိမောက်ကိုလည်း အကျယ်ရွတ်ပြတော်မမူကြပါပေ။ ဝိပဿီ၊သိခီ၊ ဝေဿဘု ဘုရားရှင်နှင့် ဗုဒ္ဓသာဝကတို့ ပရိနိဗ္ဗာန် စံလွန်ခြင်းကြောင့် နောက် နှောင်လာမည့် အနွယ်ဇာတ်အမျိုးမျိုးရှိကြသော သာဝကတို့အား ထိုဘုရားရှင်တို့၏ ဇြဟ္မစရိယခေါ် သာသနာတော်ကို လျှင်စွာပင် ကွယ်ပျောက်စေကြတော့သည်။"

ဥပမာ ပေးတော်မူပုံ

ဘုရားရှင်က–

"ချစ်သားသာရိပုတြာ၊ ပျဉ်ချပ်ပေါ်၌ ထားအပ်သော ပန်းသီတံ ချည်ဖြင့် မသိကုံးအပ်သော ပန်းအမျိုးမျိုးတို့ကို အရုပ်လေးမျက်နှာမှလာသည့် လိုင်း လေမုန်တိုင်းတို့ကြောင့် ပျက်စီးရသလိုပင် ထိုဘုရားရှင်တို့နှင့်တကွ ဗုဒ္ဓသာဝကတို့ ပရိနိဗ္ဗာန်ဝင်စံခြင်းကြောင့် နောက်နောင်လာမည့် အနွယ်ဇာတ်အမျိုးမျိုးမှ ထွက်၍ ရဟန်းပြုကြသော သာဝကတို့ ထိုဘုရားရှင်တို့၏ သာသနာတော်ကို ကွယ်စေကုန်ကြတော့သည်။"

ဟု မိန့်တော်မူပါသည်။ ဤသို့ ဝိပဿီစသော ဘုရားသုံးဆူတို့၏ သာသနာ ကြာမြင့်စွာ မတည်ခြင်း၏ အကြောင်းကို ကြားတော်မူသောအခါ "သိက္ခာပုဒ်တည်း ဟူသော စည်းကမ်းဥပဒေ ထုတ်မှသာ သာသနာ ကြာမြင့်စွာ တည်ခြင်းကို အလိုရှိတော်မူသော သာရိပုတြာသည် နေရာမှ ထပြီး အပေါ်ရုံ ကေစွည် သင်္ကန်းကို လက်ဝဲတဘက်ပခုံးထက်၌ ကိုယ်ဝတ် စမ္မာယ်တင်ကာ ဘုရားရှိတော်မူရာသို့ လက်အုပ်ချီပြီး သိက္ခာပုဒ် တည်းဟူသော စည်းကမ်း ဥပဒေထားရန် ပညတ်ရန် လျှောက်ထားလေသည်။

နိဂုံးယှဉ်ပြုချက် ဥပမာ

မကျွမ်းကျင် မလိမ္မာသော ဆေးဆရာမိုက်သည် မဖြစ်ပေါ်သေးသော အမာရွှိသော ယောက်ျားကို–

"အမောင်ယောက်ျား–လာ သင့်မှာ ဤနေရာ ကိုယ်အရပ်၌ အနာကြီးပေါက်၍ ပျက်စီးခြင်းသို့ ရောက်လိမ့်မည်၊ ကြံတင်၍ ဆေးကုပါ" ဟု ဆိုရာ–

"ဆရာတောင်းပန်ပါ၏။သင်ပင်လျှင် ထိုအနာကို ဆေးကုပါ" ဟု ယောက်ျားက ဆိုလေလျှင်–

ရောဂါမရှိသော ကိုယ်ခန္ဓာအရုပ်ကို ခွဲပြီး သွေးထုတ်, ဆေးလိမ်းခြင်း, ဖန်ဆေးခြင်း စသည်ဖြင့် ထိုအနာဖြစ်ရာ အရပ်ကို ကောင်းသော အရေရှိအောင် ပြုပြီး ထိုယောက်ျားကို–

"သင့်ရဲ့ ရောဂါကို အကျွန်ုပ် ဆေးကုပြီး၍ ဆေးဖိုး ဝါးခပေးပါ" ဟု ပြောလေသည်။

ယောက်ျားက ဆေးဆရာကို "ဤဆေးဆရာမိုက် ဘာပြောသလဲ၊ ဤဆေးဆရာသည် ငါ၏ ကိုယ်မှာ အဘယ် ရောဂါကိုကုသလဲ၊ ဤဆေးဆရာသည် ငါ့အား ကာယိကဒုက္ခကိုလည်း ဖြစ်စေသည် မဟုတ်ပါလား၊ ငါ့ကို သွေးသားကုန်ခမ်းခြင်းသို့လည်း ရောက်စေသည် မဟုတ်ပါလော" ဟု စွပ်စွဲ အပြစ်တင် ရွတ်ချလေသည်။

ဆေးဆရာ၏ ဂုဏ်ကျေးဇူးကိုလည်း မသိနိုင်လေရာသကဲ့သို့၊ ဤအတူပင် အကယ်၍ လွန်ကျူးမှု

အပြစ်မပေါ်ခင် တပည့်သာဝကများအား ဘုရား ရှင်သည် သိက္ခာပုဒ် တည်းဟူသော စည်းကမ်း ဥပဒေတော်ကို ပညတ်ထားခဲ့ပါလျှင် သူတပါး တို့ စွပ်စွဲခြင်းဘေးမှ မလွတ်နိုင်ပေ၊ ဘုရားရှင်၏ သိက္ခာပုဒ်ပညတ်နိုင်စွမ်း ဉာဏ်တော် အစွမ်း ကို လည်း မသိနိုင်ပေ၊ ပညတ်ပြီး သိက္ခာပုဒ်တည်း ဟူသော ဥပဒေစည်းကမ်းကိုလည်း ချိုးဖောက် ဖျက်ဆီးရာသည်၊ ဥပဒေပညတ် ထားတိုင်းလည်း မတည်နိုင်ပေ။

လွန်ကျူးမှု အပြစ်ပေါ်မှ ပညတ်လျှင် ကျွမ်း ကျင်လိမ္မာသော ဆေးဆရာသည် ပေါက်ရောက် လာသော အိုင်းအမာကိုခွဲခြင်း၊ ဆေးလိမ်းခြင်း, ကြပ်စီးခြင်း, ဖန်ဆေးခြင်း စသည်ဖြင့် ဆေးကု လေသော်၊ ရောဂါကင်းငြိမ်းပြီး အရေကောင်း အောင်ပြုကာ စွပ်စွဲခြင်းစသော ဘေးမဖြစ်ဘဲ ဆေးဆရာ၏ အစွမ်းသတ္တိကို သိရှိကာ ပူဇော် သက္ကာရကို ရရှိသလိုပင်၊ ဤအတူ အစွပ်အစွဲ မခံ ရဘဲ သဗ္ဗညုတဉာဏ်တော်စွမ်းကို သိရှိနိုင်ပေ သည်။ ဘုရားရှင်၏ သိက္ခာပုဒ်တော်တည်းဟူသော စည်းကမ်းဥပဒေ မပျက်စေဘဲ ပညတ်တော်မူသည့် အတိုင်း တည်ရှိလေသည်။ ဤသို့ သိက္ခာပုဒ်ပညတ် တော်မူရန် အချိန်မရောက်သေး၍ အရှင်သာရိ ပုတြာအား ဘုရားရှင်သည်

"သာရိပုတြာ-သိက္ခာပုဒ်တည်းဟူသော စည်း ကမ်းကို ပညတ်ရန်အချိန်ကို ငံ့လင့်ပါဦး" ဟု မိန့်တော်မူလေသည်၊

ဤသို့ သိက္ခာပုဒ်တည်း ဟူသော စည်းကမ်း ဥပဒေတော်ကို ပညတ်တော်မူခြင်းအား အချက် ကျလှပေသည်။ အကြောင်းကား ပေါ်လာလေ ပြီ၊ ရှင်သုဒိန်က မယား ဟောင်းအပေါ်၌ မေထုန် မှီဝဲခြင်းဟူသော အကြောင်းဝတ္ထု ပေါ်ပေါက် လာခြင်းကြောင့်ပင် ပညတ်တော် မူရပေသည်။ အကယ်၍ အကြောင်းဝတ္ထု မပေါ်ခဲ့ဘဲလျှင် ပညတ်ပါက ဘုရားရှင်အပေါ် စွပ်စွဲမှုများပေါ် နိုင်လေရာ၏။ ငါတို့ကား သဒ္ဓါပဋိဇီတများပင် ဖြစ်ပါလျက် ဘုရားရှင်က ဘာကြောင့် ဤသိက္ခာ ပုဒ်ကို ပညတ်သလဲ စသည်ဖြင့် ပြောဆိုစရာဖြစ် လာပေတော့သည်။ ယခုကား အကြောင်းဝတ္ထု ပေါ်လာခြင်းကြောင့် ပြောဆိုစရာမရှိတော့ပေ။ မှန်ပါ၏။ သိက္ခာပုဒ်ပညတ်ခြင်း၏ အကျိုး ၁၀ မျိုး ထဲတွင် ဒုမ္မင်္ကန် ပုဂ္ဂဟာနံ နိဂ္ဂဟာယဟူသောပုဒ်၌ ပင် ဒုမ္မင်္ကန်ဆိုသည်မှာ ဒုဿီလပုဂ္ဂိုလ်များပင် ဖြစ်လေသည်။

ထိုဒုဿီလ ပုဂ္ဂိုလ်များကို အရှိန်အစောင့်မဲ့ အောင် လုပ်ပါလျှင် သာမန်နှင့် မလွယ်ကူလှပေ။ ဆင်းရဲငြိုငြင်ပင်ပန်းပြီး ခဲခဲယဉ်းယဉ်း အရှိန် စောင့်မဲ့အောင် လုပ်ရပေသည်။ လွန်ကျူးမှုပြုလုပ် ဆဲ ပြုလုပ်ပြီး ဖြစ်တောင်မှ အရှက်မရှိကြပါပေ။ ထိုဒုမ္မင်္ကန်ပုဂ္ဂိုလ်များသည် သိက္ခာပုဒ် ဟူသော စည်းကမ်းဥပဒေမရှိလျှင် "ကျွန်ုပ်တို့ ဘာလုပ်တာ ကိုသင်တို့မြင်သလဲ၊ အကျွန်ုပ်တို့ ဘာလုပ်တာကို ကြားသလဲ၊ အကျွန်ုပ်တို့ဘာပြုလုပ်သလဲ၊ အဘယ် အကြောင်းဝတ္ထု၊ ကြောင့် ဘယ်အပတ်သို့ တင်၍ ငါတို့ကို နှိပ်ကွပ်သလဲ" သံယာကို ညှင်းဆဲနိုင် ပေသည်၊

အလားတူပင် ယခုအခါ စည်းကမ်းဥပဒေ မရှိသော ကျောင်းတိုက်များတွင် တစ်စုံတစ်ခု သော ဒေါသလွန်ကျူးမှု ဟူသော အကြောင်း ဝတ္ထုပေါ်လျှင် အုပ်ချုပ်ရသော နာယက ဆရာ တော်များ အကိုင်တွယ်ရခက်သည်။ သူတို့ကို ဆုံးမ လျှင် "ဘယ်စည်းကမ်းဥပဒေနှင့် လာပြီး ဆုံးမ

စထမ ပါရာဇိက သိက္ခာပုဒ်

ဝေရဉ္ဇာမြို့မှာ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးတော်မူပြီး နောက်ဆုံး ဝေသာလီမြို့ သို့ ရောက်တော်မူ၍ ကလန္ဒ သေဋ္ဌေး၏သား အရှင်သုဒိန်ကို အကြောင်းပြုပြီး ပထမပါရာဇိက သိက္ခာပုဒ်တော်တည်း ဟူသော စည်းကမ်းဥပဒေ တော် ပညတ်တော်မူခဲ့လေပြီ၊

တာလဲ၊ ငါတို့လုပ်တာကို ဘယ်သူမြင်သလဲ၊ အကြားနှင့်လုပ်တာ နစ်နာပါတယ်။ မလို၍ တိုက်ထားတာကို အတည်ယူ ဆုံးဖြတ်ခြင်းသည် မှားယွင်းလှသည်" စသည်ဖြင့် သံဃာကို ညွှင်းဆဲနိုင်ပေသည်။

သိက္ခာပုဒ်ရှိခြင်းကြောင့်

သိက္ခာပုဒ်ဟူသော ဥပဒေရှိလျှင် ထိုဒုမ္မက်၊ ဒုဿီလ ပုဂ္ဂိုလ်တို့ကို သံဃာသည် သိက္ခာပုဒ်ဟူသော ဥပဒေကိုပြကာ ဟုတ်မှန်သော ဝတ္ထု စောဒနာ၊ သာရဏာဝိနည်း ဥတ်ကမ္မဝါစာဖြင့် ဆုံးမကာ သာသနာတော်ကို မြင့်ရှည်မြားမြောင် ငါးထောင်ရှည် တည်တံ့နိုင်လေသကဲ့သို့–

ဤအတူပင် ယခုအခါ စည်းကမ်းဥပဒေရှိပြီး စည်းကမ်းဥပဒေအတိုင်း အတိအကျကိုင်တွယ်ကာ အုပ်ချုပ်နေသော ကျောင်းတိုက်များမှာ တပည့်သံဃာများ တစ်ခါတစ်ရံ ခွတ်ယင်း မှုအပြစ် ဒေါသပေါလာလျှင် စည်းကမ်းဥပဒေအတိုင်း မျက်နှာမလိုက် အတိအကျ အမှန်အကန် အရင်းအဖျား မခွဲခြားဘဲ လောကာမိသကို မငဲ့ဘဲ ဘုရားမျက်နှာ သာသနာ့မျက်နှာ တစ်ခုတည်းကို သာ ကြည့်ရှုပြီး ဆုံးမကာ အဓွန့်ရှည်စွာ တည်တံ့ခြင်းသို့ ရောက်နိုင်ပါ၏သည်။ အပြစ်ပေါ်လာလျှင်လည်း ဤအပြစ်မျိုးကို ဤသို့ စည်းကမ်းဥပဒေရှိသောကြောင့် ငါ့ရှင်အား ဤသို့ အပြစ်ပေးရခြင်းဖြစ်သည် စသည်ဖြင့် ဆုံးမလေလျှင် အဆုံးမ ခံရသူလည်း ဘာမျှ စောဒကမတက်နိုင်တော့ပေ။ သိက္ခာပုဒ် ရှိသောကြောင့် ဒုမ္မက်၊ ပုဂ္ဂိုလ်များကို နှိပ်ကွပ်ရခြင်းဟူသော အကျိုးကား သံဃဖာသူ သံဃာ (ခွမ်းသာ) ဖြစ်ရသလို၊ စည်းကမ်းဥပဒေရှိခြင်းကြောင့်ပင် အရိပ်နေနေ အခက်ချိုးချိုးလုပ်ကာ စည်းကမ်းမရှိသူ ပုဂ္ဂိုလ်တို့အား နှိပ်ကွပ်၍ စည်းကမ်းနှင့် နေထိုင်သူ ပုဂ္ဂိုလ်များ ချမ်းသာရာ ရပေတော့သည်။ ထို့ကြောင့်ပင် စည်းကမ်းဥပဒေကား ရှိထိုက်လှပေသည်၊

ဒုဿီလ ပုဂ္ဂိုလ်တို့ သဘော

ဒုဿီလ ပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော မလျောက်ပတ်မှုကို မြင်ပါလျှင် "ဤအမှုကို ဤမည်သောသူ ပြုလုပ်တာ ဖြစ်နိုင်သည်" ဟု အခြားသောပုဂ္ဂိုလ်များအပေါ် အထင်လွဲနေတတ်သည်။ သူက မကောင်းမှုပြုလုပ်နေတော့ သူ့အကြောင်းအရာကို အထက်နာယက ဆရာတော်များသိလျှင် ဤသူပင် ဖြစ်နိုင်သည်ဟု အထင်မှားမှု ဖြစ်နေခြင်းမျိုးပေတည်း။ တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် စည်းဝေးတိုင်ပင်ကြသော ရဟန်းတို့တို့မြင်၍ "အသို့နည်း၊ ဤရဟန်းတို့သည် ငါပြုလုပ်သောအမှုကို သိ၍ စည်းဝေးကြသလား" ဟု မိမိအပေါ်တွင်လည်း သက်ဝင်မကင်း ဖြစ်နေတတ်တော့သည်။ ထို့ကြောင့်လည်း ဒုဿီလပုဂ္ဂိုလ်သည် "ကုဓ တပ္ပတိ၊ ပေစ္စ တပ္ပတိ" ဤပစ္စပ္ပန်ဘဝတွင်လည်း ပူပန်ရ၊ တမလွန်ဘဝတွင်လည်း ပူပန်ရလေတော့သည်။

အလဇ္ဇီတစ်ယောက်က အလဇ္ဇီတစ်ရာပြည့်အောင် ပြုလုပ်နိုင်

အလဇ္ဇီပုဂ္ဂိုလ်သည် လဇ္ဇီပုဂ္ဂိုလ်နှင့် အတူတကွ သုံးဆောင်နိုင်သည်။ အာပတ်မသင့်ပေ၊ လဇ္ဇီပုဂ္ဂိုလ်သည် အလဇ္ဇီ ပုဂ္ဂိုလ်နှင့် "ဤပုဂ္ဂိုလ် အလဇ္ဇီ" ဟု မသိသေးသမျှကာလပတ်လုံး အတူတကွ သုံးဆောင်အပ်ပေသည်။ ဘာကြောင့်၊ အစစ်အမှန်အလဇ္ဇီပုဂ္ဂိုလ်ဟု သည်မရှိပါပေ။ အလဇ္ဇီမှန်းသိလျှင် ပြောဆိုရမည်။ "ငါ့ရှင်၊ သင်တို့ကာယဒွါရ ဝစီဒွါရတို့၌ လွန်ကျူးမှု ပြုလုပ်နေကြသည်။ ထိုသို့ ပြုလုပ်မှုမှာ မသင့်တော်၊ ဤသို့ နောင်မပြုလုပ်ပါနှင့်" ဟု ပြောရမည်။ စကားကို နားမထောင်ဘဲ ဆက်လက်ပြုကျင့်နေလျှင် ၎င်းပုဂ္ဂိုလ်နှင့်တကွ သုံးဆောင်မှုမပြုရာ။ အကြင်ရဟန်းသည် မိမိတာဝန်ဖြစ်၍ ဖြစ်သော အလဇ္ဇီနှင့်တကွ သုံးဆောင်မှုပြုလျှင် တားမြစ်ရမည်။ အကယ်၍ မရှောင်ကြဉ်ဘဲ သူ့ကို ချီးမြှောက်သောအားဖြင့် ဆန္ဒာဂတိလိုက်၍ ထိုအလဇ္ဇီနှင့်အတူ သုံးစွဲသော

ဗြာဟ္မဏတိဿသူပုန် ဘေးကြီး, ဖြစ်ရာအခါ ရဟန်းတစ်ပါးသည် မဟာနိဒ္ဒေသ ပါဠိတော်ကို အပါးဝစွာ လေ့လာအပ်ပြီး ထိုအချိန် နိကာယ်လေးရပ်ဆောင် မဟာတိဿထေရ်၏ ဥပဇ္ဈာယ် မဟာတိပိဋကထေရ်သည် မဟာရက္ခိတထေရ်ကို–

"ငါ့ရှင် မဟာရက္ခိတ၊ ဤအလင်္ကရဟန်း၏ထံမှ မဟာနိဒ္ဒေသပါဠိကို သင်ပါလေ" ဟု မိန့်လေလျှင်–

"အရှင်ဘုရား၊ ဤရဟန်းသည် ယုတ်မာသူဟု ဆိုပါတကား မသင်ယူလိုပါ" ဟု ပြောလေလျှင်–

"သင်သာ သင်ယူပါ-ငါ့ရှင်၊ ငါသင့်အနီးမှာ ထိုင်နေပါမည်" ဟု မိန့်ဒတ် မူလိုက်လေသည်။

"အရှင်ဘုရား ကောင်းပါပြီ၊ အရှင်တို့ အနီးအပါးဉ်နေသော် သင်ယူပါမည်" ဟု လျှောက်ကာ နေ့ရောညဉ့်ပါ မပြတ် သင်ယူလေသော် နောက်ဆုံးနေ့ ညောင်စောင်းအောက် မိန်းမတစ်ယောက်ကို မြင်၍–

"အရှင်ဘုရား၊ တပည့်တော်သည် ရှေးက ကြားရုံသာ ကြားဘူးပါ၏၊ တပည့်တော်သည် ဤသို့ မာတုဂါမ ရှိမှန်းကို သိပါက ဤကဲ့သို့ ရှုအပ်သော အလင်္ကထံ တရားကို မသင်ယူပါ" ဟု လျှောက်လေသည်။ ထိုမဟာရက္ခိတ မထေရ်ထံ ရဟန်းများစွာ မဟာနိဒ္ဒေသ ပါဠိတော်ကို သင်ယူကြလေတော့သည်။

ဤဝတ္ထုကလေးကို ထောက်ပြီး အလင်္ကပုဂ္ဂိုလ်ထံ ကွယ်လုနီးပါးကျမ်းစာကို ဓမ္မာနုဂ္ဂဟသဘောနှင့် သင်ယူသင့်သည်။ အကယ်၍ မသင်ယူခဲ့ပါလျှင် မဟာနိဒ္ဒေသ ပါဠိတော်ကွယ်ပျောက်၍ ဓမ္မကွန်ရာ ရှစ်သောင်း လေး ထောင်ပြည့်တော့ မည်မဟုတ်တော့ပေ၊ ထို့ကြောင့်သိက္ခာပုဒ် တည်းဟူသော စည်းကမ်းဥပဒေရှိ၍သာ ယခုကဲ့သို့ ဘုရားရှင် သာသနာတော်ကြီး ယခုထက်တိုင်

လင်္ဂီပုဂ္ဂိုလ်လည်း အလင်္ဂီပင် ဖြစ်သွားတော့သည်၊ ဤသို့ အလင်္ဂီတစ်ယောက်က အလင်္ဂီတစ်ရာပြည့်အောင် ပြုလုပ်နိုင်ခြင်း ဖြစ်လေသည်။ အနုရောဂါရှိသူ တစ်ယောက်နှင့်အတူ နေရ၍ ကြွင်းသောလူများ အနုရောဂါကူးစက်သွားခြင်းနှင့် တူလှပေသည်။ အနုရောဂါရှိသူကို ဖယ်ကြဉ်ထားရမည်သာ ဖြစ်လေသည်။ အလင်္ဂီပုဂ္ဂိုလ်၏ အလင်္ဂီပုဂ္ဂိုလ်နှင့် သုံးဆောင်မှု၌ အာပတ်မသင့်ပေ။ လင်္ဂီပုဂ္ဂိုလ်၏ လင်္ဂီပုဂ္ဂိုလ်တစ်ယောက်နှင့် အာမိသဓမ္မသုံးဆောင်မှုသည် မင်းသားနှစ်ယောက် ရွှေခွက်တွင် လက်နှိုက်၍ စားရခြင်းနှင့် တူလှပေသည်။ အလင်္ဂီပုဂ္ဂိုလ်သည် လင်္ဂီပုဂ္ဂိုလ်ကို ချီးမြှောက်သင့်၏။ လင်္ဂီပုဂ္ဂိုလ်ကို ချီးမြှောက်သော အလင်္ဂီမှာအာပတ်မသင့်ပေ။

လင်္ဂီပုဂ္ဂိုလ်က အလင်္ဂီပုဂ္ဂိုလ်ကို မချီးမြှောက်သင့်

အကယ်၍ လင်္ဂီပုဂ္ဂိုလ်က အလင်္ဂီပုဂ္ဂိုလ်ကို ချီးမြှောက်မိအံ့၊ ဆွမ်းအနုမောဒနာ ပြုခြင်းငှာ တိုက်တွန်းအံ့၊ တရားစကားပြောခြင်းငှာ တိုက်တွန်းအံ့၊ အမျိုးဒကာ ဒကာမတို့၌ ထောက်မိအံ့၊ လင်္ဂီအကြီးက အငယ်လင်္ဂီကို ချီးမြှောက်ပုံ အခြားသော လင်္ဂီပုဂ္ဂိုလ်သည် အလင်္ဂီပုဂ္ဂိုလ်ကို ငါတို့၏ ဆရာကို ဤကဲ့သို့လည်း ရှုအပ်၏ဟု လင်္ဂီ၏ ဂုဏ်ကျေးဇူးကို ပရိသတ်အလယ်၌ ချီးမွမ်းပြောဆိုအံ့၊ (လင်္ဂီအငယ်က လင်္ဂီအကြီးကို ချီမြှောက်ပုံ)၊ ဤအလင်္ဂီပုဂ္ဂိုလ်မျိုးကို သာသနာ ဆုတ်နစ်အောင် သာသနာကွယ်ပျောက်အောင် ပြုလုပ်သူဟု သိမှတ်ရတော့သည်။

●မွာနုဂ္ဂဟဖြင့် ဆင်ယူသင့်

ကွယ်လုနီးပါး စွန့်အဖျားဖွဖြတည်သော ကျမ်းစာကို အလင်္ဂီပုဂ္ဂိုလ်၏ သေလွန်ရာအခါ၌ ကွယ်ပျောက်လတံ့ ပြစ်၍ ထိုကျမ်းစာကို တရားကို ချီးမြှောက်သောအားဖြင့် သင်ယူသင့်ပေသည်။

အောင် တည်ရှိခဲ့ပေသည်။ သိက္ခာပုဒ်ပညတ်ရန် လျှောက်ထား တောင်းပန်သော ရှင်သာရိပုတြာသည်ပင် သာသနာတော်၌ စံပြပုဂ္ဂိုလ်တစ်ပါး အဖြစ် မှတ်ကျောက် အတင်ခံခဲ့ရပေသည်။

အခွင့်အရေး မယူ

တစ်ချိန်က ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း သီတင်းသုံးနေတော်မူစဉ် နေ့တိုင်း နေ့တိုင်း ည့်သည်တို့ တည်းခိုရာ ဇရပ်၌ လူတို့လူသော ဆွမ်းကို စားခြင်းကြောင့် အာဝါသထပိဏ္ဍာသိက္ခာပုဒ်ကို ပညတ်တော်မူသည်။ ထိုအချိန် အရှင်သာရိပုတြာသည် ကောသလတိုင်း ဇနပုဒ်ရွာငယ်တစ်ခုမှ သာဝတ္ထိမြို့သို့ ကြွသွားစဉ် တစ်ခုသော ည့်သည်တို့ တည်းခိုရာဇရပ်သို့ ချဉ်းကပ်မိလေသည်။ လူများကလည်း "အလွန်ကြာမြင့်မှ အရှင် သာရိပုတြာထေရ် ကြွလာတာပါ" ဟု ဆိုကာ ရိုသေစွာ ဆွမ်းလုပ် ကျွေးကြလေသည်။ ဆွမ်းစားပြီးရာအခါ အရှင် သာရိပုတြာအား ကြမ်းသောရောဂါဖြစ်ခဲ့လေသည်။ ဇရပ်မှဖယ်ခွာ၍ မကြွနိုင်တော့ပေ၊ လူတို့သည် နှစ်ရက်မြောက် ရှင်သာရိပုတြာအား "ဘုဉ္ဇထ ဘန္တေ = ဘုန်းပေးတော်မူပါ" ဟု လျှောက်လေသည်။ ထိုအခါ ရှင်သာရိပုတြာက "နေ့စဉ် နေ့စဉ် ဝင်နေ၍ ည့်သည်တို့ တည်းခိုရာဇရပ်၌ ဆွမ်းဘုန်းပေးသုံးဆောင်ခြင်းငှာ တားမြစ်တော်မူသည်" ဟု ကုက္ကုစ္စဖြစ်ကာ မခံယူတော့ပါ။ဆွမ်းတစ်ရက်ပြတ်တော့သည်။

ဤနေရာ၌ စံပြပုဂ္ဂိုလ်တစ်ပါးဖြစ်သည်ဟု ဆိုရပါမည်။ အကယ်၍ ယခုလိုအခါမျိုးမှာ ဆိုလျှင် မကျန်းမာ၍ ဂိလာနဖြစ်ချိန်မှာ "ဂိလာနဘဲ" ဟု သာမန်ပုဂ္ဂိုလ်သာဆိုလျှင် ဘုန်းပေးသုံးဆောင်မည်သာ ဖြစ်ပါ၏။ ရှင်သာရိပုတြာကတော့ သာသနာ့ စံပြပုဂ္ဂိုလ်တစ်ပါးဖြစ်သည့် အားလျော်စွာ သာသနာတော်ဝယ် အတုယူစရာ ချိန်ပမာဖြစ်ပါတော့သည်။ ရှင်သာရိပုတြာအတွက်နှင့် ဒဋ္ဌိကမ္မသိက္ခာပုဒ်မရှိခဲ့ပါပေ။ တင်းကြပ်ပြီးသိက္ခာပုဒ်ပင် လျှော့ကာ သက်သာရာ ရသွားတော့သည်။ ဤပုဂ္ဂိုလ်မျိုးကားကြိမ်တို့လွတ်သော သိန္ဓောမြင်းနှင့်တူသော ပုဂ္ဂိုလ်ဖြစ်ပါတော့သည်။ သာသနာတော်ဝယ် တပည့်ကောင်း ပီသသောသူတို့သည် အရှင်သာရိပုတြာကဲ့သို့ ဖြစ်ထိုက်တော့သည်။ ဤသည်ပင် မကျန်းမာမှု ဂိလာနကိစ္စကိုပင် အကြောင်းပြကာ အခွင့်အရေးယူတော်မမူပါပေ။ "အဟောအစ္ဆရိယံ" ဟုပင် နှုတ်မြွက်မိပါတော့သည်။

စာရေးတိုင်းပင် တိပိဋကဓရ ဆရာတော်၊ မဂ္ဂင်ဆရာတော်တို့၏ ဩဝါဒများကို ဆောင်းပါးနိဂုံးတွင် ရေးလေ့ရှိရာ ဤစာရေးစဉ်ပင် စာရေးသူသည် လွန်တော်မူသော တိုက်အုပ် ဆရာတော် ဦးဥက္ကံသာဘိဝံသ ဆရာတော်ဘုရားအား သတိရလာပါတော့သည်။ ဆရာတော်ကို သတိရလာပြီး ဆရာတော်၏ ဩဝါဒကိုပင် ဆောင်းပါးနိဂုံးတွင် ရေးရန် ဆုံးဖြတ်မိပါတော့သည်။ တိုက်အုပ်ဆရာတော်၏ ဩဝါဒကို ရေးလျှင်လည်း ဤနယူးလင်းလမ်း တိပိဋကဓရ ကျောင်းတော်တွင်းရှိ ပိဋကတ်တိုက်တွင်း၌ပင် ဩဝါဒပေးတော်မူသည်ကို သတိရလာပါတော့သည်။ ဆရာတော်ဘုရား၏ ဩဝါဒ မရေးခင် ၁၃၄၉-ခု တန်ဆောင်မုန်းလပြည့်ကျော် ဂ ရက်၊ မိုးမိတ်တို့=နိသံဃာတော်များ ရန်ကုန် တိပိဋကကျောင်းတော်သို့ ရောက်ရှိချိန် ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှသည် ဆရာတော်ဘုရား၏ ဩဝါဒပေးပြီးသော အဆုံး၌ လျှောက်ထားသည်မှာ တတိယသုံးနှစ်ခန့်ကျော် စာစောင်လည်း လာမည့် ဝါကျွတ်တန်ဆောင်မုန်းလ ဆရာတော်ဘုရား၏ မွေးနေ့အမှီ ထုတ်ပါမည်။ မိုးမိတ်ကုန်းမြေ ပိဋကတ်တိုက်၊ ရန်ကုန် နယူးလင်းလမ်း တိပိဋကကျောင်းတော်အတွင်းရှိ ပိဋကတ်တိုက်တို့၏ အကြောင်းရာကို ဆောင်းပါးအဖြစ်ရေးရန် လျှောက်ထားခဲ့ပေသည်။ မိုးမိတ်ကုန်းမြေရှိ ပိဋကတ်တိုက်အကြောင်းရာကို အနုနာယကအဖွဲ့ဝင် တစ်ပါးက ရေးသား

ခဲ့လေသည်။ ရန်ကုန် နယူးလင်းလမ်းရှိ ပိဋ္ဌကတ်တိုက် အကြောင်းရာကို ကျန်ရှိနေသေးသည်။ ထို့ကြောင့်ပင် လွန်တော်မူသော တိုက်အုပ် ဆရာတော်ဘုရားလည်း ဤပိဋ္ဌကတ်တိုက်ထဲ၌ပင် သြဝါဒပေးတော်မူ၍ သြဝါဒကို ရေးသော် သြဝါဒပေးရာဌာန အပါအဝင်ဖြစ်သည့် ပိဋ္ဌကတ်တိုက် အကြောင်းရာကိုလည်း မိမိ ဉာဏ် မှီသလောက် ရေးရတော့မည်သာ ဖြစ်တော့သည်။

နယူးလင်းလမ်း တိပိဋကကျောင်းတော်ရှိ ပိဋ္ဌကတ်တိုက်

ဤပိဋ္ဌကတ်တိုက်တွင် ပိဋ္ဌကတ်စာပေတို့သဲ့ကိန်းဝပ်တော်မူသည် မဟုတ်ပါပေ။ မင်းကွန်းတိပိဋ္ဌကဓရ ဆရာတော်ဘုရားကြီး၏ တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ၂၅ နှစ်မြောက် ငွေရတုပူဇော်ပွဲ၏ ၂၅ လမြောက် ငွေရတု၏ စိန်ရတု ပူဇော်အထိမ်းအမှတ် ပိဋ္ဌကတ်ငွေစေတီတော်၊ တိပိဋ္ဌကမဟာရဋ္ဌဂုရု ပလ္လင်တော်နှင့် ဆရာတော်ဘုရား၏ ရုပ်တုတော်၊ အဘိဓမ္မမဟာရဋ္ဌဂုရု အလံတော်၊ တိပိဋ္ဌကဓရအလံတော်၊ အဂ္ဂမဟာပဏ္ဍိတ အလံတော်၊ ပုဒ်အော ဟူသော အမှတ်အသား ပါရှိသော ဓမ္မဘဏ္ဍာဂါရိက ယပ်ဝန်းတော်၊ ထီးဖြူတော်၊ ကြာကလပ်နှင့် ကြာသက်န်းတော်၊ သင္ခါလီတရား ပလ္လင်တော်၊ ပန်းအိုးနှစ်လုံး၊ နိကာယ်ငါးရပ် ဓမ္မခက္ခန္ဓာ ရှစ်သောင်း လေးထောင်သော ဓမ္မစေတီတို့ ကိန်းဝပ်ရာ ပိဋ္ဌကတ်စာတိုက် ဗီရို ဂ လုံး၊ ဂန္ဆန္ဒရကျမ်းစာများ ထည့်သွင်းကာ ကိန်းဝပ်သော စာတိုက် ဗီရို ၁ လုံး၊ ပေါင်း စာတိုက်ဗီရို ၉ လုံးသော ဓမ္မစေတီတော်များ ကိန်းဝပ် စပွယ်တော်မူလေသည်၊ အခြားရွှေးဟောင်း အမွေအနှစ်ဖြစ်သော ပေစာအထုတ်ပေါင်း ၅၀ ကျော်၊ ဆရာတော်ဘုရား ဟောကြားတော်မူသော တိပ်ဘက္ကာတိုက်များ တည်ရှိလေသည်၊

စနစ်ကျလှပေသည်

ဓမ္မစေတီ စာတိုက်များတွင် ဝိနယပိဋ္ဌကနှင့် ဆိုင်သော စာအုပ်များတွင် (၁) ပါဋိတော်စာအုပ်များ အစဉ်တန်းတစ်ခု၊ (၂) အဋ္ဌကထာစာအုပ်များ အစဉ်တန်းတစ်ခု၊ (၃) ဋီကာစာအုပ်များတွင် ဋီကာပိုင်းဆိုင်ရာ အစဉ်တန်းတစ်ခု၊ (၄) ပါဋိတော် နိဿယများ စာအုပ်အစဉ်တန်းတစ်ခု၊ အဋ္ဌကထာ နိဿယ စာအုပ်များ အစဉ်တန်းတစ်ခု၊ ဂဏ္ဌိဒဂ်ဆစ် စာအုပ်များ အစဉ်တန်းတစ်ခုအား ဖြင့် ဝိနယပိဋ္ဌကတွင် စနစ်ကျပုံကို တွေ့ရှိပေသည်။

သုတ္တာန်ပိဋကဒီဃနိကာယ်

ဒီဃနိကာယ် ပါဋိတော်များ အစဉ်တန်း၊ အဋ္ဌကထာများ အစဉ်တန်း၊ ဋီကာများအစဉ်တန်း၊ ပါဋိတော်နိဿယများ၊ အဋ္ဌကထာနိဿယများ အစဉ်တန်းအား ဖြင့် သုတ္တန်ပိဋကဒီဃ နိကာယ်တွင်လည်း စီတန်းထားပုံ စနစ်ကျလှပေသည်။ သုတ္တန်ပိဋကမ မဇ္ဈိမနိကာယ်၊ မဇ္ဈိမနိကာယ် ပါဋိတော်များ အစဉ်တန်း၊ အဋ္ဌကထာများအစဉ်တန်း၊ ဋီကာများအစဉ်တန်း၊ ပါဋိတော်နိဿယများ အစဉ်တန်း စသည်ဖြင့် ထားရှိပုံမှာ အတူယူစရာပင် ဖြစ်ပါသည်။

သုတ္တန်ပိဋက သံယုတ္တနိကာယ်

သံယုတ္တနိကာယ် ပါဋိတော်များ၏ အစဉ်တန်း အဋ္ဌကထာများ၏ အစဉ်တန်း၊ ဋီကာများ၏အစဉ်တန်း၊ ပါဋိတော် နိဿယများ၏ အစဉ်တန်း စသည်ဖြင့် စည်းကမ်းဘကျ ဖြစ်လှပါသည်။

အင်္ဂုတ္တရနိကာယ်

ဤအင်္ဂုတ္တရနိကာယ် ပါဋိတော်များမှာလည်း ကျမ်းစဉ်အတိုင်း ထားရှိမှု၊ အဋ္ဌကထာများ၊ ဋီကာများမှာလည်း ဇာစဉ်ကျမှ ပါဋိတော်နိဿယများမှာလည်း စည်းကမ်းဘကျ ရှိလှပေသည်။

အဘိဓမ္မာပိဋက

ဤအဘိဓမ္မာ ပိဋကတ်၌လည်း ပါဠိတော်များ အစဉ်အတိုင်းရှိပြီး၊ အဋ္ဌကထာများမှာလည်း အစဉ်အတိုင်း၊ ဋီကာများမှာလည်း အစဉ်အတိုင်းရှိကာ ပါဠိတော်နိဿယများ၊ အဋ္ဌကထာနိဿျ များမှာလည်း အစဉ်မပျက် တွေ့ရှိပေသည်။

ခုဒ္ဒကနိကာယ်

ဤခုဒ္ဒကနိကာယ် ပါဠိတော် များမှာလည်း ပါဠိတော်အစဉ်အတိုင်း တည်ရှိပြီး၊ အဋ္ဌကထာများ၊ အချို့ဋီကာများ အစဉ်အတိုင်း တွေ့ရှိပေသည်။ ပါဠိတော် နိဿယများမှာလည်း အလားတူပင် တွေ့ရှိရပေသည်။ ဤသို့အား ဖြင့် ဂန္ထဋ္ဌရနှင့် တိပိဋကပါဠို–မြန်မာ အဘိဓာန် ကျမ်းကြီးများ၊ ကျမ်းညွှန်းအဘိဓာန်များ စီတန်းလျက် တွေ့ရသည်။ စိတ်ရှည်လက်ရှည် ထားတော်မူကြကာ မပျက်စီး မလေလွင့်ရအောင် စောင့်ရှောက်ကြသော အနုနာယက အရှင်ကေသဝ၊ အရှင်သောဘဏတို့၏ ပိဋကတ်တိုက် စည်းကမ်းရှိမှုမှာ အလွန်ပင် ချီးမွမ်းစရာ ကောင်းလှပါသည်။

စနစ်တကျ

စာအုပ်ကိုထုတ်၍ ကြည့်လိုသော အရှင်သည် စာအုပ်ထုတ်ယူသည့် နေ့ရက်နှင့် ခု နှစ် လတို့ပါထုတ်မည့် စာအုပ်အမည်နှင့် လက်မှတ်ထိုးကာ ထုတ်ရလေသည်၊ မိမိကြည့်ရှုပြီး စာအုပ်သွင်းရာ၌ ထုတ်ယူသောရက်စွဲကို မိမိ၏ လက်မှတ်ထိုးကာ ဖျက်ခဲ့ရပေသည်။ ဤသို့ စည်းစနစ် ကောင်းသည်ကို တွေ့ရပေသည်။

ပုံတော်များ

ထို့ပြင် တိပိဋကဓရ ဆရာတော်ဘုရား၏ ဆဋ္ဌသံဂါယနာ ဖြေတော်မူသော ပန်းချီပုံတော်သည်လည်းကောင်း၊ ဤပုံတော်မှာ သက်တော် ၄၀ ကျော်အရွယ်တော်ရှိပြီး တိပိဋကဓရ ဘွဲ့ရပြီးချိန် ဖြစ်လေသည်။ ဆရာတော်၏ ရုပ်သွင်ကား ငယ်ရုပ်သွင်တော်ဖြစ်ပြီး ကြည်လင်လှပေသည်။ ပုံတော် နေဟန်မှာ မိမိအပေါ်တွင် ကျရောက်လာမည့် တာဝန်ကို ထမ်းဆောင်မည့် သဘောမျိုးဖြင့်၊ မေးတော်မူမည့်အကြောင်းရာကို ဖြေဆိုရန်အသင့်ဟူသော အမူအရာဖြင့် စောင့်မျှော်နေဟန် ဖြင်လေသည်။

ထို့နောက် ဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစုတော်မူနေသော ပုံတော်ဖြစ်သည်။ ဤပုံတော်၏ အနေအထားမှာ ဆဋ္ဌသံဂါယနာအပြီးတွင် ဤဗုဒ္ဓဝင်ကျမ်းကို ပြုစုရ၍ သက်တော်အနေအား ဖြင့် ၅၀ တွင် ကျော်လည်းနည်းနည်း၊ လိုလည်းနည်းနည်း ဖြစ်သည့် အရွယ်တော်ရှိဟန်တူလေသည်။ ဤပုံတော်တွင် ပညာဝိမံသန သဘောရှိသည်။ ဉာဏ်စက္ခုဖြင့် စူးစူးစိုက်စိုက် မတိမ်းစောင်းရအောင် သတိ၊ သမာဓိ၊ ပညာ ဦးစီးကာ အပွဓာဒ တရားလက်ကိုင်ထားကား မချွတ်ယွင်းရအောင် သတိဆောင်နေသော ပုံတော်ဖြစ်သည်ဟု ယူဆရလေသည်။ ယခု ပြဆိုပြီးပုံတော်များမှာ နောင် သာသနာတော်ဝယ် နေဝါ၊ လဝန်း ထွန်းလင်းပြီး သာသနာ့ လုပ်ငန်းကြီးများ လုပ်ဆောင်ရန် လောကအကျိုး ဓမ္မအကျိုး ဆောင်ရွက်ရေး အထွက် သာသနာ့အလုပ်ကို လုံ့ပ်ဆောင်နေသော ပုံတော်များဖြစ်လေသည်။

သက်တော် ၇၁ နှစ်အရွယ်တော်ပုံတော်မှာ "နုနယ်ရုပ်ဆင်း၊ ပျိုချစ်ခြင်းကား၊ အိုမင်းနောက် ဆုံးရှိခြေ၏" ဟု မပြောသော်လည်း ပြောသကဲ့သို့ ဆရာတော်ဘုရား၏ ဗုဒ္ဓါနုဿတိဘာဝနာ၊ မေတ္တာဘာဝနာကို ပွားများနေသည့် ပုံဟန်ဖြစ်လေသည်။ "ငါသည်အိုရသကဲ့သို့ သင်တို့လည်း အိုရဦးမည်" ဟု ဖူးမြင်သူတို့အား တရားသံဝေရစေလေသည်။

ကျေးဇူးတော်ရှင် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ သက်တော် ၇၃၊ ဝါတော် ၅၃ ပုံတော်ကား ဆဋ္ဌသံဂီတိဝိသဇ္ဇက တိပိဋကဓရ ဓမ္မဘဏ္ဍာ

ဂါရိက အဘိဓမ္မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပြီး၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုး တော် ဆောင် ဖြစ် နေ ပြီး ချိန် ဖြစ် ၍ တိပိဋကေ= နိကာယ သာသနာပြုအဖွဲ့ လုပ်ငန်း၊ ရန်ကုန် မန္တလေး ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဖြစ် မြောက်အောင် ဆောင်ရွက်နေချိန်-မန္တလေး ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီးများ ဖြစ်မြောက်အောင် အားသွန်ကြိုးပမ်း ဆောင် ရွက်နေချိန် ဖြစ်လေသည်။ ဤပုံတော်မှာ ဆရာ တော်သည် သာသနာ့ တာဝန်ကြီးများကို ငါ ဆောင်ရွက်နေရပေပြီ၊ ဘုရားရှင်၏ သာသနာကို အနှစ် ငါးထောင်ကြာမြင့်အောင် တည်ပါစေဟု ရည်သန်ကာ ဆောင်ရွက်နေရပြီဟု ပီတိသောမနဿများ ဖြစ်နေဟန်ရှိလေသည်။ မေတ္တာဘာဝနာများ ပွားပါများ၍ မျက်နှာတော် အဆင်းကား သက်တော်ကြီးမြင့်သော်လည်း ပီတိသောမနဿကြောင့် ရွှင်လန်းနှစ်သက်ကာကြည်လင်ပြီး ငယ်ရုပ်သွင်တော် ကလေးများပင် ပေါ်နေသယောင်ယောင် ထင်ရပါတော့သည်။ တိုင်းသားပြည်သူ ကြည်ဖြူရွှင်လန်း လှူဒါန်းကြသော ဒါနဝတ္ထုများ တည်းဟူသော တိုက်စစ်ကို မေတ္တာဘာဝနာ တည်းဟူသော လက်နက်ဖြင့် ခံစစ်ဆင်ကာ နေဘော်မူသကဲ့သို့ ဖြစ်လေသည်။

ဝဏ္ဏာကျော်ထင်

အထူးကု ဆရာဝန်ကြီး ဦးသာလှ၏ပုံ

တိပိဋကေ=နိကာယ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ ဤပုံကား ပန်းချီဆေးရေးဖြင့် ရေးထားသောပုံ ဖြစ်လေသည်။

မန္တလေး ရန်ကုန် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများနှင့် ဇီဝိဘဒါန သာသနာ့အထူးကုဆေးရုံ၊ တိပိဋကေ=နိကာယဟောင်းတိုက်ကြီးများကို ဘယ်သို့ ဘယ်ပုံ ဆောင်ရွက်လျှင် ကြာမြင့်စွာတည်မည်နည်း၊ မည်သို့ ဆောင်ရွက်ပါလျှင် ဆရာတော် ဘုရား နှင့် တကွ တိပိဋကေ နိကာယ စာသင်သံဃာတော်များ ဆွမ်း, သင်္ကန်း, ကျောင်း ဆေးပစ္စည်း လေးပါးကို ပြည့်စုံအောင် ဆောင်ရွက်ရမည်နည်း စသည်ဖြင့် ကြံစည် တွေးတော်နေဟန်ဖြစ်သည်ဟု ခန့်မှန်းရပေသည် ဤမျှဖြင့် ရန်ကုန်မြို့ နယူးလင်းလမ်း တိပိဋက ကျောင်းတော်အတွင်းရှိ ပိဋကတ်တိုက် အကြောင်းရာကို မိမိဉာဏ်မှီသမျှ ရေးပြီးသည့်အဆုံး၌ လွန်တော်မူသော တိုက်အုပ် ဆရာတော်ဘုရား၏ သြဝါဒဖြင့် ဤ "စည်းကမ်းရှိမှ အဓွန့်ရှည်မည်" ဟူသော ဆောင်ပါးကို အဆုံးသတ်ရန် သြဝါဒကို ရေးပါတော့အံ့။

တိုက်အုပ် ဆရာတော်၏ သြဝါဒ

တိုက်အုပ် ဆရာတော်ဘုရားသည် ရန်ကုန်မှ မင်းကွန်းသို့ ပြန်ကြွခါနီးတွင် တိ=နိ သံဃာတော်များကန်တော့ရာ၌ သြဝါဒ ပေးတော်မူသည်မှာ "ဦးပဉ္စင်းတို့" ဟူသော ဆရာတော်ဘုရား၏ အသံတော်ကား ကြည်လင်ပြတ်သားစွာ ထွက်၍ လာပါတော့သည်။ အသံတော်ကား အောင်မြင်လှပါသည်။ တိုက်အုပ်ဆရာတော်၏ ရုပ်သွင်တော်ကား ကြည်လင်ပြီး တပည့်သံဃာတော်များ အပေါ် အကျိုးစီးပွားကို လိုလားတောင့်တသော ရုပ်အသွင်တော် ရှိနေပေသည်။

ထို့နောက်-

အယျမိတ္တစေတရံဝတ္ထု

"ဦးပဉ္စင်းတို့ကို ယခု ရန်ကုန်က ဒါယကာဒါယိကာမများက ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်းလေးပါး ဘာမျှ မလိုရအောင် ဆောင်ရွက်ပေးနေပါသည်။ ဒါယကာဒါယိကာမတို့ဆွမ်းကို ခံယူရာ၌ အားထုတ်အပ်သော ဝိရိယရှိသော အယျမိတ္တထေရ် ဟာကဿကလိုဏ်၌ သီတင်းသုံးနေတော့သည်။ ထို အယျမိတ္တထေရ်၏ ဂေါစရဂါမ်ရွာမှ ဝေးစ်ယောက်သော သီတင်းသည် ဒါယိကာမကြီး တစ်ယောက်ဟာ အယျမိတ္တထေရ်ကို သဒ္ဓး

ရင်းကဲ့သို့ ပြုကာ (မွေးစားသကဲ့သို့ ပြုကာ) ပြုစု စောင့်ရှောက် လုပ်ကျွေးနေလေသည်။ ဒါယိကာမကြီးဟာ တစ်နေ့သဘ် တောသွား မည်ပြုလုပ်နေစဉ် သမီးငယ်လေးကို–

"ချစ်သမီး၊ ဤနေရာအရပ်၌ ဆန်ဟောင်း လေးရှိသည်၊ဤနေရာ၌ထောပတ်၊ဤနေရာမှာ နို့ရည်၊ ဤနေရာမှာတင်လဲရှိတယ်၊ ချစ်သမီး လေး၏ မောင်တော် အယျမိတ္တာထေရ် ကြွလာ သောအခါ ဆွမ်းချက်ပြီး နို့ရည်၊ ထောပတ်၊ တင်လဲနှင့်တကွ လှူလိုက်ပါ၊ ချစ်သမီးလည်း စားပါ၊ ငါမိခင်မှာတော့ ယမန်နေ့က ကျက် လေပြီးသော တစ်ညဉ့်လွန်၍ သိုးလေပြီးသော ထမင်းကြမ်းလေးကို ပအုန်းရည်ဖြင့် စားပြီး ပြီ" ဟု တောသွားခါနီး သမီးကို မှာခဲ့လေ သည်။

သမီးကမေး

"နေ့လယ်မှာ မိခင် ဘာကို စားမည်လဲ၊" ဟု မေးလျှင်–

"ဟင်းရွက်ကျက်ကို ထည့်ပြီး ဆန်ကွဲတို့ဖြင့် ဟင်းခပ်ယာဂုကို ချက်ပြီးထားလိုက်ပါ–ချစ် သမီး" ဟု ပြောသွားလေသည်။

အယျမိတ္တာထေရ်သည် သင်္ကန်းရုံကာသပိတ် ကို သပိတ်အိတ်မှ ထုတ်ပြီး ဒါယိကာမကြီးမှာ သော အသံကို ဒီဗွသောတဖြင့် ကြားကာ မိမိကိုယ်ကို ဆုံးမပြီး–

အယျမိတ္တာထေရ်၏ ဆုံးမပုံ

"သီတင်းသည်ဒါယိကာမကြီးဟာ ပအုန်း ရည်နှင့် တစ်ညဉ့်လွန်ပြီးသော ထမင်းသိုး လေးကို စားသတဲ့၊ နေ့လယ်၌လည်း ဟင်းရွက် ကျက်ခတ်သော ဟင်းခပ်ယာဂုကို စားလိမ့် မည်တဲ့၊ သင့်အတွက် ဆန်ဟောင်း စသည်တို့ ကို ပြောကြားလေသည်။ သင့်ကို မှီ၍ ဤဥ ပါသိကာမကြီးဟာ လယ်ယာ၊ အာရာမ်မြေ၊ ထမင်း၊ အဝတ်တန်ဆာတို့ကို၊ တောင့်တသည် မဟုတ်ပေ။ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို တောင့်တကာ လှူဒါန်းပေသည်။ သင်ဟာ ဤစည်းစိမ်တို့ကို ပေးနိုင်စွမ်းရှိပါ သလား၊ မရှိပါသလားဟု မိမိကိုယ်ကို မေး မြန်းပြီး၊ ဤဆွမ်းကို ရာဂ ဒေါသ မောဟနှင့် တကွ ဖြစ်ပြီး ခံယူခြင်းငှာ မသင့်ပေဟု နှလုံး သွင်းကာ သပိတ်ကို သပိတ်အိတ်တွင် ပြန်ထည့် ကမ္ဘတ်သီးကို ခွဲတ်၍၊ ပြန်လည်ကာ၊ ကဿက လိုဏ်သို့ ကြွကာ သပိတ်ကို ညောင်စောင်း အောက်၊သင်္ကန်းကို ဝါးတန်းပေါ်၌ထားကာ "အရဟတ္တဖိုလ် မရောက်သမျှ ငါ့ဤလိုဏ်မှ မထွက်တော့အံ့" ဟု ဝိရိယကို ဆောက်တည် ကာ ထိုင်နေတော့သည်။

ရောက်ပြီ

ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး မမေ့ မလျော့မူ၍ နေသော ရဟန်းသည် ဝိပဿနာ ကို ပွားကာ နံနက်အခါဥပင် အရဟတ္တဖိုလ် ရောက်ပြီး ပွင့်လာသော ပဒုမ္မာကြာကဲ့သို့ ရဟန္တာကြီးဖြစ်ကာ ပြုံးလျက် ထိုင်နေတော့ သည်။

တိုက်အုပ် ဆရာတော်ဘုရားသည် ဤအယျ မိတ္တာထေရ်ကို နမူနာထားပြီး တပည့်သံဃာ တော်များအား ဤနယူးလင်းလမ်း တိုပို့ကတ် တိုက်ထဲတွင် ဤဩဝါဒပေးခဲ့ပေသည်။

"အယျမိတ္တာထေရ်သည် ဒါယိကာမကြီး ဆွမ်းကို ရဟန္တာဖြစ်မှ ခံယူကာ သုံးဆောင် သလိုပင် ဦးပဉ္စင်းတို့လည်း ရန်ကုန်မှ ဒါယိ ကာ ဒါယိကာမများ ဆွမ်းကို ဘုန်းပေးပြီး မိမိတို့ လိုလား တောင့်တသော စာမေးပွဲ အတန်း အသီးသီးကို အောင်မြင်ကာ ရဟန်း တရားကို အားထုတ်နိုင်ကြပါ ပေသတည်း"–

ဟု ဩဝါဒပေးကာ အဆုံးသတ် အပ်ပါ သတည်း။ ။

မြတ်ဆုဝေ



အရှင်ပဏ္ဍိတာဘိဝံသ
ဟောရည်သာသနာရိုးသား
စိတ်ချမ်းသာပြုပြင်ခြင်း

"မိုးမိတ်မြေ" ဟူသော စကားလုံးကို ကြားရသည်နှင့် အနာဂတ် သာသနာတော်အတွက် အားကိုးရမည့် ပရိယတ်ပညာရှင်လေးများ စုစည်း၍ သီတင်းသုံးနေထိုင်ရာ သာသနာ့ဘူမိနက်သန့် နေရာမြေတစ်ခုအဖြစ် စိတ်ထဲ၌ အလိုလို နားလည် လိုက်ပါသည်။ တစ်ဆက်တည်းပင် ထိုအရှင်လေးများနှင့် ဓမ္မပဋိသန္ဓာရ ပြုလိုစိတ်၏ စေစားချက်ကြောင့် မာရ်နတ်ကို မိန့်ကြားခဲ့သော ရှင်တော်ဘုရား၏ စကားတော်တစ်ခုကို အာရုံပြုမိပါသည်။ မာရ်နတ်သည် ရှင်တော်ဘုရားကို သဗ္ဗညုတဉာဏ်တော်ကို ရပြီဖြစ်၍ ရုပ်နာမ်ခန္ဓာဝန်ထုပ် ဝန်ပိုးကြီးကို ပစ်ချကာ နိဗ္ဗာန်နန်းသို့ ကြွမြန်းတော်မူရန် မသမာစိတ်ဖြင့် လျှောက်ထားလိုက်စဉ်က မိန့်ကြားတော်မူခဲ့သော စကားတော် ဖြစ်ပါသည်။

သားသမီး ကြောင့်ကြစိတ်ဖြင့် အသက်ဇီဝိန် ချုပ်ချိန်တန်သည့် ကာလတိုင်အောင် မချုပ်နိုင်ဘဲ အားအံခဲ့ကာ ထူးကဲရပ်တည် အသက်ရှည်လျက် သားသမီးတို့အတွက် လိုအပ်သလို စီမံဆောင်ရွက် သွားတတ်ကြသော မိဘများကဲ့သို့ပင် ရှင်တော်ဘုရားသည် အောက်ပါအတိုင်း မာရ်နတ်အား ပြန်လည်မိန့်ကြားတော်မူခဲ့ပေသည်။

"မာရ်နတ် ငါ့တုရား၏ ပရိသတ်လေးပါး တပည့်သာဝကများသည် မဂ်တရားထူးဖြင့် ထူးချွန်ထက်မြက်ကြသူများ, ယဉ်ကျေးသိမ်မွေ့ကြသူများ, ရဲရင့်သတ္တိရှိကြသူများ မဖြစ်ကြသေးသမျှ၊ ယောဂလေးပါးတို့၏ ကုန်ရာ အရဟတ္တမဂ်ကို ရကြ ရောက်ကြသူများ မဖြစ်ကြသေးသမျှ၊ ဝိဋ္ဌကတ်သုံးပုံဟူသောအာဂမသုတ, မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အဝိဂမသုတများနှင့် ပြည့်စုံကြွယ်ဝသူများ မဖြစ်ကြသေးသမျှ၊ ဝိဋ္ဌကတ်သုံးပုံဟူသော ပရိယတ္တိဓမ္မ, မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ပဋိဝေ

ဓမ္မကို ဆောင်နိုင်သူများ မဖြစ်ကြသေးသမျှ၊ ဓမ္မာနုဓမ္မဟူ ခေါ်ဆိုအပ်သော ဝိပဿနာတရား သတိပဋ္ဌာန်တရားကို ကျင့်ဆောင်သူများ မဖြစ်ကြသေးသမျှ၊ မိမိဆရာ ဘုရား၏ဝါဒကို သင်အံလေ့လာ၍ ဟောပြောသမှု မပြုနိုင်ကြသေးသမျှ၊ တစ်ခြားတစ်ပါး ဝါဒများကို မှန်ကန်သော ကြောင်းကျိုးယုတ္တိဖြင့် နှိမ်နှင်းဟောပြောမှု မပြုနိုင်ကြသေးသမျှ ငါဘုရား ပရိနိဗ္ဗာန်စံဝင်တော် မမူသေး။"

ဤစကားတော်အရ ရှင်တော်ဘုရားသည် ပရိယတ် ပဋိပတ် ပဋိဝေဓဟူသော သာသနာသုံးရပ်လုံး ပထမဆုံး မိမိတကိုယ်ရေ ပြည့်စုံမှုရှိစေရန်၊ ထို့နောက် တစ်ပါးသူတို့အတွက် တတ်စွမ်းနိုင်သမျှ ဟောပြော ပြသကြရန်နှင့်၊ သာသနာ့အန္တရာယ် ဆန့်ကျင်ဘက် ဝါဒမှားများကိုလည်း တွန်းလှန်ချေဖျက် နိုင်စေရန် ဟူသော ကြီးမားသော မျှော်လင့်ချက်၊ ရည်ရွယ်ချက်များကို ပရိသတ်လေးပါး၊ တပည့် သာဝကများအပေါ် ထားရှိတော်မူခဲ့ကြောင်း ထင်ရှားပါသည်။ ဤနေရာ၌ ပရိသတ်လေးပါး ဆိုသော်လည်း တပည့်တော်များ ရဟန်းပရိသတ်သာ အဓိကအကျဆုံး ဖြစ်ပါသည်။ ရဟန်းပရိသတ်ထဲတွင်လည်း မိုးမိတ်မြေ ပရိယတ် ပညာရှင်လေးများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ယုံမှားဖွယ်မရှိနိုင်ပါ။

ရှင်တော်ဘုရားသည် သူ၏ အားအကိုးဆုံး သာဝက ပရိသတ်ဖြစ်သော တပည့်တော်များကို ပရိယတ်တစ်ခုတည်းသာမက ပဋိပတ်၊ ပဋိဝေဓများ ဘက်စုံပြည့်စုံစေလိုတော် မူပါသည်။ ထို့ကြောင့် ပရိယတ် တဘဝန် တစ်ခုတည်းသာ ထမ်းဆောင်သည့် ပုဂ္ဂိုလ်များကို နားများကို ကိုယ်တိုင်စောင့်ရှောက် ကျွေးမွေးရသော်လည်း နှာ၏အရသာ ငါးမျိုးကို မစားသုံးရသော နှားကျောင်းသားဖြင့် ဥပမာပြု၍ လည်းကောင်း၊ ထို့ပြင် တစ်ပါးသူတို့အပေါ် လွှမ်းမိုးလိုခြင်း စသော မှားယွင်းသော နှလုံးသွင်းဖြင့် ပရိယတ် သင်အံသူ ပုဂ္ဂိုလ်

များကိုမူကား ထိုထက်ကြမ်းသော ဥပမာဖြစ်သည့် မြွေကို ဇီမကုပ်ဘဲ ခါးကိုချုပ်သဖြင့် ဒုက္ခရောက်ရသူနှင့် နှိုင်းယှဉ်ချက် ပြု၍လည်းကောင်း မိန့်ကြားတော်မူခဲ့ပါသည်။ ဤမိန့်ကြားချက်များနှင့် အခြားသော အလားတူ အဓိပ္ပာယ်ပါဝင်သည့် ဒေသနာတော်များကို ဆင်ခြင်ကြည့်လျှင် ရှင်တော်ဘုရားသည် ပဋိပတ် ပဋိဝေဓအထိ မရောက်ဘဲ ပရိယတ် သက်သက် လမ်းခုလပ်တွင်သာ ရပ်တန့်သွားကြမည့်အရေးကို တပည့်တော်များအတွက် ကြောင့်ကြမအေး ရှိတော်မူခဲ့ကြောင်းထင်ရှားလှပါ၏။

ထို့ပြင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကဲ့သို့ ပဋိပတ်, ပဋိဝေဓ နှစ်ပါးနှင့် ပြည့်စုံခြင်းသော်လည်း ပရိယတ္တိတည်းဟူသော အာဂမသုတ မရှိပြန်လျှင် ရှင်တော်ဘုရား၏ ကိုယ်စားအနေဖြင့် ထားရစ်ကာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆောင်ရွက်စေရာတွင် ထိထိရောက်ရောက် အားကိုး၍ မဖြစ်နိုင်ကြောင်းမှာလည်း မာရ်နတ် ကို မိန့်ကြား ခဲ့သော အထက်ပါ စကားတော်ဖြင့်ပင် ထင်ရှားပါသည်။

အထက်ပါ ဒေသနာမျိုးများစွာကို သင်အံ့လေ့လာကြသော တပည့်တော် များသည် ထို ဒေသနာများအတိုင်း ဆောင်ရွက်ရမည့် ပရိယတ်, ပဋိပတ် သာသနာ့တာဝန် နှစ်ခုစလုံးကို အသိဆုံးပုဂ္ဂိုလ်များ ဖြစ်ကြသည်ဆိုလျှင်လည်း လွန်ဖွယ်ရာ မရှိနိုင်ပါ။ တဆက်တည်းပင် "တာဝန်သိသူမှာ တာဝန်ရှိသည်" ဆိုသည့် ဆရာတော်ဘုရား၏ စကားတော်အတိုင်း တာဝန်လည်း အရှိဆုံးဖြစ်ကြသည် ဆိုလျှင်လည်း ငြင်းဆိုနိုင်ဖွယ် မရှိပါ။

တပည့်တော်များသည် ကြီးမားသော၊ နက်ရှိုင်းကျယ်ပြန့်သော သာသနာ့တာဝန်ကြီးများသည် အတိတ်သမိုင်းတွင်သာ ရှိခဲ့လေသယောင် နားလည် နေတတ်ကြပြီး ပစ္စုပ္ပန် ဖြစ်ပေါ်လျက်ရှိသော တာဝန်များနှင့် လာလတံ့ အနာဂတ်တာဝန်များအတွက်လည်း ဆိုဧရာ ဆရာတော်ဘုရားကြီးများသာ တာဝန်ရှိနေ သယောင် ထင်ယောင် ထင်မှား အမှတ်တမဲ့ ဖြစ်နေတတ်ကြပါသည်။ အနည်းငယ်မျှ သတိမူလိုက်လျှင်ပင် ယခု သက်တော် ထင်ရှား ရှိတော်မူကြသော ပရိယတ်, ပဋိပတ် သာသနာ့ဝန်ဆောင် ဆရာတော်ဘုရားကြီးများ စံလွန်တော်မူကြ၍ ထို ဆရာတော်ဘုရားကြီးများ၏ကိုယ်စား ပရိယတ်, ပဋိပတ် သာသနာ့တာဝန် အားလုံးကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို ညွှန်ပြပါဟုဆိုလာခဲ့သော် တပည့်တော်များမှတပါး အမြား ညွှန်ပြစရာ မရှိနိုင်ကြောင်း ထင်ရှား သိရှိနိုင်ပါသည်။ အရှင်မဟာကဿပနှင့် အရှင်အာနန္ဒာ မထေရ်မြတ်နှစ်ပါးမှစ၍မဟာစည်ဆရာတော်ဘုရားကြီးနှင့်တိုင်ငူက ဆရာတော်ဘုရား မထေရ်မြတ်နှစ်ပါး တိုင်အောင် သံဃာ့ဖခင်ကြီးများ ထမ်းဆောင်ခဲ့သော ကြီးမား၍ အရေးကြီးသော သံဃာယနာ ကဲ့သို့သော တာဝန်ကြီးများသည် တပည့်တော်များအပေါ် ရောက်ရှိလာပါလိမ့်မည်။ မိလိန္ဒမင်းကြီး၏ မေးခွန်းများ ကဲ့သို့သော ခက်ခဲနက်နဲသော မေးခွန်းများကို တပည့်တော်များ အမေးခံရပါလိမ့်မည်။ အရှင် ဥပါလိမှစ၍ ဝိနယဓရ မထေရ် အဆက်ဆက်တို့ မတိမ်းမစောင်း ဆုံးဖြတ်ခဲ့ကြသော ဝိနိစ္ဆယ တာဝန်များကိုလည်း တပည့်တော်များကိုင်တွယ် ဆုံးဖြတ်ကြရပါလိမ့်မည်။ ရက်စက်ကြမ်းတမ်းသော ဗြာဟ္မဏတိဿ သူပုန်ဘေးကဲ့သို့သော အန္တရာယ်များကိုလည်း တပည့်တော်များပင် ရင်ဆိုင်ဖြေရှင်းရပါလိမ့်မည်။ တရားတော်မြတ်ကို အလွဲအချော်လုပ်သော အရိဋ္ဌ ရဟန်းကဲ့သို့သော အတွင်းလူ အဖျက်အဆီးကိုလည်း တပည့်တော်များပင် တိုက်ခိုက်ချေဖျက်ကြရပါလိမ့်မည်။ အခြား အခြားသော ကြီးတင်ပြောပြု၍ မရနိုင်သော ကြီးမားသည့် ပရိယတ်, ပဋိပတ် သာသနာ့တာဝန်ကြီးများကိုလည်း တာဝန်ယူ ဆောင်ရွက်ကြရပါလိမ့်မည်။

ရှင်တော်ဘုရားသည် မိမိ၏ တပည့် သာဝကများကို စိတ်ချရပြီဖြစ်၍ ခန္ဓာဝန် ချတော်မူခဲ့လေပြီ။ အရှင် မဟာကဿပ၊ အရှင်အာနန္ဒာ မှစ၍ မဟာစည် ဆရာတော်ဘုရားနှင့် တိုင်ငူက ဆရာမတော်ဘုရားဘို့ တိုင်အောင်သော မဟာထေရ်ကြီးများ အဆက်ဆက်သည်လည်း ရှင်တော်ဘုရား စိတ်ချတော်မူလောက်အောင် ပရိယတ်, ပဋိပတ်, ပဋိဝေဒ ပြည့်စုံကြ၍ သာသနာ့တာဝန်ကြီးများကို အောင်မြင်စွာ ဆောင်ရွက်ပေးမူခဲ့ကြပြီ။ ယခုဆိုလျှင် မဟာစည်ဆရာတော်ဘုရားကြီးပင် စံလွန်တော်မူခဲ့လေပြီ။ ဤကဲ့သို့သော မထေရ်မြတ်ကြီးများ စံလွန်လေသော် ထိုမထေရ်မြတ်ကြီးများ၏ ကိုယ်စား တာဝန်ထမ်းဆောင်ကြမည့် တပည့်တော်များသည် ထို မထေရ်မြတ်ကြီးများ ကဲ့သို့ပင် ပရိယတ်, ပဋိပတ်စာတွေ့၊ လက်မတွေ့၊ တက်စုံ၊ ရွက်စုံဖြင့် ရှင်တော်ဘုရား တပည့်တော်များအပေါ် ထားရှိသော ကြီးမားသော မျော်လင့်ချက်၊ ရည်ရွယ်ချက်များနှင့် အညီ အနာဂတ် သာသနာ့ တာဝန်များကို ထမ်းဆောင်နိုင်ကြရေး အတွက် ကြိုတင်၍ ပြည့်ပြည့်စုံစုံ ကြိုးစားထားကြရန် လိုအပ်လှပါကြောင်း ဓမ္မပဋိသန္ဓာရ ပြုလိုက်ပါသတည်း။

အရှင်ပဏ္ဍိတာဘိဝံသ
(မဟာစည် သာသနာ့ရိပ်သာ)

တိပိဋကဓရ = နိကာယ သာသနာပြုအဖွဲ့

တတိယ သုံးနှစ်ခရီး

၅

ပဉ္စမကဏ္ဍ

ပါဠိတော်ဗုဒ္ဓဝင်

ပုဂ္ဂလပညတ်

ပဉ္စမကဏ္ဍ

မာတိကာ

၁။	ဓမ္မပဒဘာဏကာ	ဆန်းထွန်း(မန်းတက္ကသိုလ်)	၃၁၆
၂။	ပိဋကတ်တိုက်	ဥပနာယကဆရာတော်များ	၃၂၁
၃။	ဖေ-နှစ်တာ သာသနာပြုခရီး	မောင်သန့်စင် (တီ-နို)	၃၂၇
၄။	အသက်ရှည်စေလိုမန်းတောင် ရိပ်ခို	ဦးညီ	၃၃၁
၅။	ရှိခိုးပန်ထွာ ဝန္ဒနာ	ယုဝတီ ဇလွဝါစိန့်	၃၃၆
၆။	အဘိဓဇ မဟာရဋ္ဌဂုရု ဂုဏာပူဇော်ပွဲ	ဦးချမ်းသာ	၃၃၇
၇။	မင်းကွန်းအလှဘွဲ့	ထီးချိုင့်နတ်စိုး	၃၃၉
၈။	မဟာအဂ္ဂါ ဘိဓဇ မဂ်လာ ရတုပိုဒ်စုံ	ဦးချမ်းသာ	၃၄၁
၉။	ဆရာတော်လို ပုဂ္ဂိုလ်နဲ့တူတဲ့ ဆရာတော်	ဦးနန္ဒိယ (မုံရွာ)	၃၄၅
၁၀။	ညောင်မြေမဟီ သက်သေတည်	ဇေမြို့ ရတနာမာရ်အောင် ဆရာတော်	၃၅၀
၁၁။	မိုးမိတ်ကုန်း မြေလေ့လာရေး ဧမွခရီး	သကျကုမာရ	၃၅၉
၁၂။	ပဲခမဝင်ခင်ပြင်ကကျင်းပ နည်းပြဆရာမဟာ	မြကေခိုင်	၃၆၁
၁၃။	စာပေအနုပညာရှင်များ၏ဓမ္မခရီး	မောင်ရင့်ကျူး(မြောင်းမြ)	၃၇၁
၁၄။	ဆယ်နှစ်တာဇအောင်ပွဲ	။ ။	၃၇၇
၁၅။	ဆရာတော်ကြီး၏ပတ္တမြားဇမြေရိုး	ဦလင်မူး သမိန်	၃၈၁
၁၆။	ထောမနာ ဝန္ဒနာ	ဘဒ္ဒန္တ ဝေပုလ္လာ ဘိဝံသ	၃၉၁
၁၇။	ပတ္တမြားဆန်ကျိုးအဖိုးပြည်တန်	ဦးသန်းထွန်း (ရွှေဘို)	၃၉၅
၁၈။	အဘိဓဇ မဟာရဋ္ဌဂုဏာပူဇောပွဲ	- -	၄၀၁
၁၉။	အေးမြရိပ်ငူရွယ်ချူဒါန.... ရတုပိုဒ်စုံ	ဦးချမ်းသာ	၄၀၇
၂၀။	မွေးရပ်မြေသို့ တစ်ခေါက်	နိနိယဉ်	၄၀၁

ဓမ္မပဒဂါထာ

ဓမ္မပဒအာဿယာနုပြု

သန်းထွန်း

(မန္တလေးသို့)

ဤစာရေးသူသည် အသက် ၁၄-နှစ်ခန့် ရှင် သာမဏေဘဝ ရောက်စကပင် အဓိပ္ပာယ် နားလည်သည် ဖြစ်စေ၊ နားမလည်သည် ဖြစ်စေ စာအုပ် တော်တော် များများကို ဖတ်နေရသော 'စာတော်ဖတ်' တစ်ဦး ဖြစ်ပေ၏။ အကြောင်းသော်ကား မျက်စိအား အလွန် နည်းသွားရှာသော အသက် ၈၀ ကျော် ဆရာတော်ကြီး မိမိ ကျေးဇူးတော်ရှင်အား နေ့စဉ်မပြတ် စာဖတ်ပြနေရသောကြောင့် ပေတည်း။

ဟာသ်ာတ၊ သန္ဓသနော ရွာကျောင်း ဆရာတော် ဘုရားကြီးသည် ပထမ ရွှေကျင်ဆရာတော်ကြီး၏အဆက် အနွယ် ဘပည့်တပန်း တစ်ပါး ဖြစ်တော်မူပါ၏။ စာပေ အရအမိ များလှသည်ဖြင် စာကို မျက်စိဖြင့် မကြည့်နိုင် သောအခါ နားဖြင့် စာ,နာနေရမှ ကြည်နူးနိုင်သည် အထိ အလွန် စာဝါသနာပါတော်မူ၏။

ဤစာရေးသူသည် ငယ်စဉ်ကပင် အမျိုးမျိုးသော နိဿယများကို တစ်အုပ်ပြီး တစ်အုပ် ဖတ်နေရ၏။ ဖတ်ရသော နိဿယများတွင် ပြာသာဒ်ကျောင်း ဆရာတော်၏ ဓမ္မပဒ အဋ္ဌကထာ နိဿယ ၄ အုပ် ပါ၏။ ထို အချိန်လောက်က စ၍ ဓမ္မပဒနှင့် မိမိ ရင်းနှီးခဲ့ရ၏။

ဆရာတော်ကြီး အဖတ် ခိုင်းသော ကြောင့်သာ နိဿယများကို ဖတ်ဖတ် နေရသော်လည်း အကျိုး ဘယ်ရွေ့ ဘယ်မျှ များကြောင်း ငယ်လည်း ငယ်သေး သောကြောင့် ကောင်းကောင်း မသိခဲ့ပါ။

မိမိကိုယ်တိုင် အကျိုးမသိသော်လည်း အကျိုးရှိနေ သော အချက် ၂ ချက် ပေါ်ထွက်လာပါသည်။ သာကေ အားဖြင့် ပြောရသော် ဓမ္မပဒ အဋ္ဌကထာ နိဿယများ ကို ဖတ်ဖန် များသောအခါ ပါဠိတစ်ချက်၊ အနက် တစ်ကျော့ဖြစ်၍ 'အနက်ဥာဏ်' တစ်စ တစ်စ ကြီးနေ သည့်အပြင် ဓမ္မပဒ အဋ္ဌကထာလာ ဝတ္ထုကြောင်းများ နှင့်လည်း ဆိတွေ့ ယဉ်ပါးနေပါသည်။

မိမိ စာဖတ်ရသော အချိန်သည် မွန်းတည့် သို့မဟုတ် နာရီပြန့်တစ်ချက် အချိန် ဖြစ်တတ်ပါသည်၊ ဆွမ်းစား ပြီးစ၊ ဆွမ်းဆိယစ်ချိန်မှာ 'ဘတ္တ သမ္မဒီ ဝိနောဒေတွာ' (ဆွမ်းဆိယစ်ခြင်းကို ဖျောက်၍) ပင် မလုပ်ရသေးဘဲ အာခေါင် ခပ်စပ်စပ်နှင့် စာဖတ်နေရပါသည်။

တစ်ခါတစ်ခါ မိမိ အင်အားနှင့် မမျှသော စလင်း ဆရာတော်၏ ပါတိမောက္ခ ဟဒတ္ထ အနုဝဏ္ဏနာ၊ သစ်ဆိမ့် ဆရာတော်၏ ကခ်ါယောဇနာ မဟာဋီကာလို ပါဠိ ဘာသာဖြင့် ရေးသော ခပ်လေးလေး စာအုပ်ကြီးများ ကိုလည်း ဖတ်ပြနေရ၏။

တစ်ခါသဖြင့် ပါတိမောက္ခ ပဒတ္ထ အနုဝဏ္ဏနာကို ဖတ်ရင်း အနှက်လည်း လုံးလုံးမထင်၊ ပါဠိဖတ်ရသည်ကိုပင် ဝန်ခပ်လေးလေး ဖြစ်နေသော "ပေါခ်ါနဲ့ပေါခ်ံ" ဟူသော ပုဒ်တစ်ပုဒ်နှင့် မဆုတ်သာ မရှောင်သာ တွေ့နေရ၏။

ထိုအခါ စာ, နာနေသော ဆရာတော်ကြီးက "ပေါခ်ါနဲ့ပေါခ်ံ" "အဆင့်ဆင့်ဟဲ့" ဟု ဆိုလိုက်သည်ကို ယနေ့အထိ ကြားယောင်နေမိပါသေးသည်။

ဆရာတော်ကြီးက မိမိအား ခဏခဏ ဆုံးမဘူးသည်ကို ပြန်ပြောင်းအောက်မေ့လိုက်တိုင်း အောက်ပါစာကလေးကို သတိရရ နေမိပါသည်။

"စာတတ် လက္ခဏာ
ရှိလိုပါမူ
မြန်မာ အာဂုံ ရှိစေ။
ဂန္ဆန္တရ၊
ကျမ်းထိုမျှကို မှတ်လေ။"

(ရှင်ဓမ္မသာမိ နိယံ)

"အာဂုံ ရှိမှ
အာဂလူ"

"လွှသွားပမာ
ကျောက်ထက်စာသို့
လိုရာရအောင်
ကြံဆောင်လေ့ကျက်
ဇနက်အဓိပ္ပာယ်
နှုတ်ဝယ်ရွရွ
ထားနိုင်မှတည်
တစ်စပေါ်လျှင်
ချည်စင်သို့
သဘင်ပွဲမှောက်
ဆိုရေးရောက်က
လန်ကြောက်မရှိ"

(ရှင်မဟာရဋ္ဌသာရ)



စသောအဆုံးအမများ နားဝယ်ယဉ်ပါး ကြားယောင်နေပါလျက် မိမိမှာ အာဂုံ အာဂမနည်းပါးလှသည်။

မိမိ၏ ဆရာတော်ကြီးသည် ဓမ္မပဒ ပါဠိတော်ကို အမြဲ သရဇ္ဈာယ်တော်မူလေ့ ရှိသည်။ မိမိ အားလည်း တတ်အားသမျှ ရ, အောင် ကျက်ထားဖို့ တိုက်တွန်းတော်မူဘူးပါသည်။

ဘဝနောက်ပိုင်း တစ်စတစ်စ နားမျက်စိ ပွင့်လာတော့မှ သိရသည်ကား ပါဠိကို စကား(ဘာသာ) အနေဖြင့် လေ့လာကြသော လက်ဘဒိပ (သီဟဠ) နှင့် သျှာမ(ထိုင်း) ကမ္ဘောဒီးယား နိုင်ငံများတွင် ဓမ္မပဒ အဋ္ဌကထာ၊ ဇာတက အဋ္ဌကထာ များကို ဖတ်စာ (READER) အဖြစ်ဖြင့် အသုံးပြုနေကြသည်ဟူသော အချက်ပင် ဖြစ်သည်။

ဓမ္မပဒနှင့် ပတ်သက်၍ တတ်အားရှိသမျှ မှတ်သား ပိသမျှ ဂုဏ်ဖော်ချင်ပါသည်၊

စာပေနယ်ပယ်၌ အလွန် ကြီးကျယ်ထင်ရှားခဲ့သော ဥကၠာဘိဝံသ ဓမ္မသေနာပတိ ပထမ မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် မပြန်မဓနုရ ဥဘတောဝိဘင်းပြန်ဆိုပြီးနောက်၊ ပြန်လိုရာပြန် ကျမ်းတစ်စောင် တစ်ဖွဲ့ အနေဖြင့် ဓမ္မပဒကဲ့ ပြန်ဆိုမည့် အကြောင်း၊ စာရင်းသွင်းသည်ကို ဘိုးတော်မင်းတရား လက်ထက် မှတ်တမ်းများတွင် တွေ့ရပါသည်၊

(၂)

"ဤအရာဏေဉ်း သိစရာ၊ ဤအရာလဉ်း သိစရာ"
(ဒါလဲ သိစရာ၊ ဒါလဲ သိစရာ)

သိစရာတွေ အကုန်သိအောင် လိုက်နေပါက ကမ္ဘာထောင်သောင်း အသက်ပေါင်း များစွာ ဆုံးသည်တိုင် အောင် သိစရာတွေ နောက် လိုက်၍ ဆုံး တော့ မည် မဟုတ်ပါ။

ကြဒံ ဥယျ မိဒံ ဥယျ
ယော သဗ္ဗံ ဥတု မိစ္ဆတိ
အပိ ကပ္ပ သဟဿာယု
တဿန္တံ နာဓိဂစ္ဆတိ
(နိဓိ ရတနမာလာ)

ကြဒံ၊ ဤသည်ကား။ ဥယျံ၊ သိစရာပေတည်း။ ကြဒံ၊ ဤသည်ကား။ ဥယျံ၊ သိစရာပေတည်း။(ကြတိ၊ ဤသို့။ မနသိကတွာ၊ နှလုံးသွင်း၍။) ယော၊ အကြင် သူသည်။ သဗ္ဗံ၊ သိစရာဥသုံ့ အလုံးစုံကို။ ဥ တုံ၊ သိခြင်းငှာ။ ကြစ္ဆတိ၊ အလိုရှိပြားအံ့။ သော၊ ထိုသူသည်။ အပိ ကပ္ပ သဟဿာယု၊ ကမ္ဘာများစွာ သက်ရှည်ကြာလည်း။ တဿ၊ ထိုထိုများစွာ သိစရာ၏။ အန္တံ၊ အဆုံးသို့။ နာဓိဂစ္ဆတိ၊ ရောက်နိုင်တော့မည် မဟုတ်ပါ။

နိကာယ်အားဖြင့် ငါးတန်၊ ဓမ္မက္ခန်အားဖြင့် ရှစ်သောင်း လေးထောင် ရှိသော ဗုဒ္ဓ ဒေသနာတော်သည် သုတ် အရှည်၊ အလတ်၊ အတို မျိုးပြား အရေအတွက် အားဖြင့်သော်ကား–

(၁) ဒီဃနိကာယ	၃၄ သုတ်
(၂) မဇ္ဈိမနိကာယ	၁၅၂ သုတ်
(၃) သံယုတ္တနိကာယ	၇၇၆၂ သုတ်
(၄) အင်္ဂုတ္တရနိကာယ	၉၅၅၇ သုတ်

စုစုပေါင်း ၁၇၅၀၅ (တစ်သောင်း ခုနစ်ထောင် ငါးရာငါးသုတ်) ရှိပါသည်။

ကုန်ပြီလော။
မကုန်သေး။

(၅) ခုဒ္ဒကနိကာယ (က) ဝိနည်း ငါးကျမ်း
(ခ) အဘိဓမ္မာ ခုနစ်ကျမ်း
(ဂ) ခုဒ္ဒကပါဌ စသည် ၁၅ ကျမ်း

သုတ်ပေါင်း တစ်သောင်း ခုနစ်ထောင် ငါးရာငါး သုတ်လည်း မနည်း။ ဝိနည်းငါးကျမ်း ဆိုသည်ကလည်း ကျယ်ဝန်းပါဘိ။ အဘိဓမ္မာ ခုနစ်ကျမ်း ဆိုသည်ကလည်း နက်နဲသော ပင်လယ်သမုဒ်။ ခုဒ္ဒကပါဌ စသည်ကကော ကြည့်ပါဦး။

၁။ ခုဒ္ဒကပါဌ
၂။ ဓမ္မပဒ
၃။ ဥဒါန
၄။ ဣတိဝုတ္တက
၅။ သုတ္တနိပါတ
၆။ ဝိမာန ဝတ္ထု
၇။ ပေတ ဝတ္ထု
၈။ ထေရဂါထာ
၉။ ထေရီဂါထာ
၁၀။ ဇာတက
၁၁။ နိဒ္ဒေသ
၁၂။ ပဋိသမ္ဘိဒါမဂ္ဂ
၁၃။ အပဒါန
၁၄။ ဗုဒ္ဓဝံသ
၁၅။ စရိယာ ပိဋကဟု

ဤမျှလောက်ပင် ကောင်းကင်ကြယ် ပြောကျယ် များပြားသကဲ့သို့ များပြားနေသော ပရိယတ် စကြဝဠာကြီးကို အဘယ် သာမန်သူသည် စကြဝဠာ နှုတ် ခမ်းရေးပေါ်တက်၍ လက်စမတုံး အဆုံးတိုင် လျှောက် သွားနေနိုင်ပါအံ့နည်း။

သို့သော် တစ်ခုတော့ရှိသည်။

"ကွန်ချာ ရှုပ်စည်း
တစ်ဆုပ်တည်းသို့
ကမ္ဘည်းလိပ်ဖုံး
စာတစ်လုံးက
တွက်ကျုံး မိပွာယ်
အနက်ကျယ်သို့
ပင်လယ် မြစ်နက်
ရေတစ်စက်ကို
လျှာထက်ခါးငန်
သိစဟန်သို့။"

(ဘုံခန်းပျို၊ ၁၅ ပိုဒ်။)

ပိုက်ကွန်ကြီး ဘယ်လောက်ကားကား လက်နှင့် ဆုပ်လိုက်က လက်တစ်ဆုပ်စာမျှသာ ရှိသကဲ့သို့လည်း ကောင်း၊ အတွင်းက အကြောင်းအရာတွေ ဘယ်လောက် များများ ကမ္ဘည်းလိပ်စာမှာ အကုန်ပါသကဲ့သို့လည်း

ကောင်း၊ ပင်လယ်၏ အနေအထား ဘယ်လောက် နက်နက် ဘယ်လောက်ကျယ်ကျယ် ပင်လယ်တစ်ကွက်က ရေတစ်စက်မျှ လျှာပေါ်တွင်စမ်းက ပင်လယ်တစ်ပြင်လုံး ငန်မှန်း ခါးမှန်းသိရသကဲ့သို့လည်းကောင်း တို့တို့နှင့် မိသော "ပိဋကတ်ကွန်ချာ" တစ်ခုရှိလျှင် ယင်းကို လိုလားအပ်လှသည်။

အလျား ၁၀—လက်မခွဲသာသာ၊ အနံ ၇—လက်မရှိ ဆိုက်ကြီးနှင့် စာမျက်နှာပေါင်း ၆၅၁၉-ရှိသော မဟာဘာရတကျမ်းကြီး၏ အနှစ်သာရသည် အလျား ၅-လက်မခန့်၊ အနံ ၃-လက်မခွဲရှိ ဆိုက်ကလေးနှင့် စာမျက်နှာပေါင်း ၃၆၉—ရှိသော ဘဂဝတ်ဂီတာ အတွင်း၌ စုဝေးသကဲ့သို့ နိကာယ်အနှစ် စုဝေးသော ကျမ်းတစ်ကျမ်း ဗုဒ္ဓစာပေ၌ ရှိလျှင် ယင်းကို အလွန် လိုလားအပ်လှပါသည်။

ရှိပါသော်ကော။

ခုဒ္ဒကနိကာယ် ၁၅ ကျမ်းအနက် အမှတ် ၂ - ဓမ္မပဒကျမ်းသည် နိကာယ် အဆီအနှစ် စုဝေးရာ ကျမ်းတစ်ကျမ်းဖြစ်ပေသည်။ သဘောနက်သော်လည်း စကားလုံးမခက်သော ဂုဏ်ဓမ္မပဒမှာ ရှိသည်။

ခုဒ္ဒကနိကာယ် အဝင်အပါ အချို့သော ကျမ်းများမှာ ခေတ်လူများ၏ အတွန်းအထိုးခံနေရသဖြင့် ရှေ့ကျသလိုလို နောက်ကျသလိုလို ဖြစ်နေရရှာသည်။ များသောအားဖြင့် နောက်ပိုင်းဘက်သို့ ရ,သလောက် ဆွဲတွန်းပို့ ဆောင်ခြင်း ခံရသည်။

ဤနေရာ၌ ကထာသရိတ သာဂရကို တည်းဖြတ်သော ဝါသုဒေဝသမ္မ ၏ စာကြောင်းကလေးများကို သတိရမိသည်။

"နိသင်္ဂါ ဧဝါယံ ပါယော ယူရောပဒေသိယဝိဒ္ဒုနံယံ ပုရာတနမာနာနမပိ ဘာရတဝဿိယ ဂ္ဂန္ဆာနံ တံ ပကောတူနဉ္စ အဝါစိနတ္တာ သာဓနာယ ယာဝသက္ကံ ယတန္တေ။ ပတ္တောပိတံ ပါစိနတ္တာဝဒေါဓကေ သ,မတပဋိကုလေ ဒဋ္ဌေပမာကော 'ပက္ခိတ္တ မေတံ' ကုတော ဝတ္တာ သာဘိမတံ ပုရော ကုဇ္ဇန္တိ။"

ပုရာတန မာနာနမပိ၊ ရွှေးကျသည် ဖြစ်ပါကုန်လျက်လည်း။ ဘာရတ ဝဿိယဂ္ဂန္ဆာနဉ္စ၊ ကွန်ဖြူးယြစ်ကျမ်းတို့၏လည်းကောင်း၊ တံ ပကောတူနဉ္စ၊ ထိုကျမ်းများကိုပြုသော ကျမ်းပြုပုဂ္ဂိုလ်တို့၏လည်းကောင်း။ အဝါစိနတ္တာသာဓနာယ၊ နောက်ပိုင်းကျကြောင်း အခိုင်အမာပြုရန်၊ ယာဝသက္ကံ၊ တတ်နိုင်သလောက်၊ ပံ့ ယတန္တေ၊ ဆင်ကြောင် ကြိုးစားကုန်၏။ ဆယ်၊ ဤသဘောကား။ ပါယော ယူရောဝဒေသိယဝိဒ္ဒုနံ၊ များစွာသော ဥရောပတိုက်သား ပညာရှိများ၏။ (အကုန်ကား မဟုတ်)။ နိသင်္ဂေါဧဝ၊ သဘော တံထွာ ဓမ္မတာသာလျှင်တည်း၊ တံပါစိနတ္တာဝ ဗောဓကေ၊ ထိုကျမ်းများ၊ ကျမ်းပြုများ ရွှေးကျကြောင်းကို သိစေတတ်သော။ သ,မတိပဋိကုလေ၊ သူတို့အလိုနှင့် ဆန့်ကျင်သော။ ဒဋ္ဌေ၊ ခိုင်မာသော။ ပမာကော၊ အ ထောက် အ ထား ကို။ ပတ္တောပိ၊ ရပြန်ပါသော်လည်း။ 'တေ၊ ဤ အထောက်သာဓက၊ ပမာကသည်။ ပက္ခိတ္တ'၊ နောက်မှထည့်သွင်း၊ အင်တာပလေးရှင်း (INTERPOLATION) ပေတည်း။ ကုတော ဝတ္တာ၊ ဤသို့ ဆို၍။ သာဘိမတ မေဝ၊ သူတို့ကြိုက်သော အယူဝါဒ ကို သာ လျှင်။ ပုရောကုဗ္ဗန္တိ၊ ရှေ့တန်းတင်ကြကုန်၏။

ရွှေးကျသော ကွန်ဖြူယကျမ်းများ၊ ကျမ်းပြုများကို တတ်နိုင်သလောက် နောက်ပိုင်းကျအောင် 'ဆွဲချ' ပြုလုပ်ကြခြင်းကား ဥရောပတိုက်သား အများသော ပညာရှိတို့၏ သဘောသာတည်း။ ရွှေးကျကြောင်း ခိုင်လုံသော အထောက်အထား ရပြန်ပါကလည်း သူတို့အလိုကျ မဟုတ်လျှင် 'ဒါတွေ နောက်ထည့်တွေပါ' ဆို လိုက်၍ သူတို့ကြိုက်သော အဆိုကိုသာ ရှေ့တန်းတင်ကြ ပွဲထုတ်ကြကုန်၏။

ဗုဒ္ဓ၏ ဓမ္မပဒကား ဤသို့မဟုတ်၊ တင့်တောင့်, တင့်တယ် ရှိလှပါသည်။

တူးရာဖော်ရာကရမှ
ခပ်ဆွေးဆွေးတွေ့ရမှ

တန်ဖိုးထားတတ်သူတို့ အကြိုက် ခိုတန်လိုနေရာ မှီးမှာ အရေး (လိပ်) အား ဖြင့် ခရောင်၊ ဘာသာအား ဖြင့် မြာကြိုင့် ဓမ္မပဒကို တွေ့ရသည်။

တုရဖာန်လို နေရာမှီးမှာ သင်္ကရိုင့်ဘာသာ ဓမ္မပဒကို, တွေ့ရသည်။

ဗုဒ္ဓ သင်္ကဋဘာသာ၊ မဟာဝတ္ထုကဲ့သို့သော စာကြီးများ၌လည်း တွေ့ရသည်။

(ဓမ္မပဒသုဘဟဒဝဂ္ဂ)

မူလသင်္ကဋဘာသာ၊ တရုတ်ဘာသာပြန်၊ ဓမ္မပဒ နံ (ဖ-ဈု-ကိုင်) ကို ခရစ်နှစ်ပေါ်ပြီး သုံးရာစုတွင် (ခ-ပ၊ ၂၂၃) ၌ တွေ့ရသည်။ (ဓမ္မပဒ နံ=ဓမ္မပဒ ဘာသာပြန်)

တိဗက် ဘာသာပြန် (ခ-ပ၊ ဂ၁၇-ဂ၄၂) ဓမ္မပဒ နံလည်း ရှိသည်။

ရှင်နန္ဒ ပည ရေးသော စုဋ္ဌဂန္ထဝင်၌ ဓမ္မပဒ ဆရာ ကထာကို ရှင်ဗုဒ္ဓယောသ ဒရေးဟု ဆိုသည်။

ပိဋကတ်မှန်၌လည်း အလားတူဆိုသည်။

ဝမ်းပဲအင်းစံမင်းလက်ထက်၊ သက္ကရာဇ် ၁၀၄၃-ခု၊ ဘုံကျော်တုလွတ် ဆရာတော်၏ ပိဋကတ် သမိုင်း၌လည်း ရှင်မဟာ ဗုဒ္ဓဃောသရေးသည်ဟု ဆိုသည်။

ဘကြီးတော်လက်ထက်၊ သက္ကရာဇ် ၁၁၉၃-ခု ဘုတ်ကန် ဆရာတော်၏ ပိဋကတ် ခြေးမုံတွင် ရှင်ဗုဒ္ဓဃောသ ပြုသောကျမ်းစာရင်းတွင် ဓမ္မပဒအဋ္ဌကထာ မပါ။

ဓမ္မပဒ အဋ္ဌကထာကို ရှင်ဗုဒ္ဓဃောသ ပြု မပြု ပြဿနာ ရှိသည်။

ထားဝယ်။

ဓမ္မပဒ အဋ္ဌကထာ၏ အခြံအရံ ကျမ်းများ သိဟိုဠ်ကျွန်းမှာလည်း ရှိသည်။ မြန်မာပြည်မှာလည်း ရှိသည်။

မဓုရ ရသ ဝါဟိနီ၏ သာရတ္ထ ဒီပိကာ ဋီကာကို ရေးသော သီရိ သိဒ္ဓတ္ထသည် ဓမ္မပဒ လီနတ္ထ ဝဏ္ဏနာ ခေါ်သော ဓမ္မပဒ အဋ္ဌကထာ ဂဏ္ဌိကျမ်းတစ်ခု ရေးခဲ့သည်။

တက်နွယ်ကျောင်း (ချောင်း) ကျောက်စာ၊ ကျမ်းအလှူစာရင်း၌ (နံပါတ် ၁၀၇) ဓမ္မပဒ ဂဏ္ဌိ နိဿယဟူ ဓမ္မပဒ အဋ္ဌကထာ၏ အခြံအရံ ဖြစ်သော ကျမ်း တစ်ခု အမှတ်အသား တွေ့ရသည်။

ဘိုးတော် လက်ထက် သက္ကရာဇ် ၁၁၅၅-ခုနှစ်၊ ပြာသာဒ်ကျောင်း ဆရာတော် အရှင်သာရဒသီ ဓမ္မပဒ အဋ္ဌကထာ နိဿယဟု ရေးသဲ့သည်။

သက္ကရာဇ် ၁၂၀၈-ခု၊ တော်သလင်း လဆုတ် ၁၃ ရက်နေ့၊ ရွှေဘိုမင်း လက်ထက် အဂ္ဂမဟာလင်္ကာရ (သင်္ဃာ ဆရာတော်) မထေရ် ဓမ္မပဒ ပါဠိတော် နိဿယ ရေးသည်။

သက္ကရာဇ် ၁၂၂၈-ခု၊ မင်းတုန်းမင်း လက်ထက် ပခုက္ကူ၊ ရေစကြို၊ မင်းအိုတိုက် ဆရာတော် ဦးဝရသမ္ဘောဓိ ဓမ္မပဒ မဟာဋီကာကို ရေးသည်။

ရေးသရောအခါ မြန်မာဘာသာစကားပြေ ရတနာကရ ဝတ္ထုတော်ကြီး (၁၀၄၂-ခု၊ နယုန်လပြည့်၊ နံနက် ခင်းပြီး။ က-လျှူ။ ဂ-ကြောင်းရေး ပေ၊ အင်္ဂါ ၆၀ နှင့် ၆ ချပ်၊ မျဉ်းနီ။) စသည် အမည်ဖြင့် ဓမ္မပဒ ဝတ္ထုတော်ကြီးများကို ရေးကြသည်။ ရှင်သဒ္ဓမ္မာလင်္ကာရ၏ ရထနာကရ ဝတ္ထုတော်ကြီး အလွန်နာမည်ကျော်သည်။ ဆရာတော်၏ မှတ်ချက် စကား ဆန်းဆန်း ပြား ပြား များကိုလည်း တွေ့ရသည်။

ဓမ္မပဒ ဝတ္ထုတော်ကြီး အမည်ဖြင့် ဆရာတော်များ အစဉ်အဆက် ရေးသားခဲ့ကြပါသည်။

အင်္ဂလိပ်ဘာသာ၊ ဟိန္ဒီဘာသာ၊ ဗင်္ဂါလီဘာသာ စသော ဘာသာပေါင်းများစွာဖြင့် ဓမ္မပဒ ပါဠိ၊ သို့မဟုတ် ပါဠိ+အဋ္ဌကထာ တွဲလျက် ဘာသာပြန်ကြသော ကျမ်းပေါင်းများစွာလည်း ရှိကြပါသည်။

နာရဒ ဘိက္ခု၏ **THE DHAMMAPADA [A TRANSLATION]**

ရာဟုလာ သံကိစ္စည်း၏ ဓမ္မပဒံ(မူလ ပါဠိ၊ သက္ကတ ဆာယာ၊ ဟိန္ဒီ ဘာသာပြန်)

ကုန္ဒရ် ဒိဝါကာ၏ ဓမ္မပဒံ (နဂ သံဟိတာ၊ ဟိန္ဒီ ဘာသာပြန်)

သီရီ သီလာနန္ဒ ဗြဟ္မစာရီ၏ အမတ ဓာရာ ခေါ် ဗင်္ဂါလီ ဘာသာပြန် စသည်တို့သည် စံပမာဏ ဖြစ်ကြပါသည်။

(၃)

ဤစာရေးသူ အဝင်အပါ ဓမ္မမိဟ်ဆွေ ဥပါသကာ၊ ဥပါသိကာ၊ ဒကာဒကာမ အပေါင်းတို့သည်

၁။ ဒီဃဘာဏက
၂။ မဇ္ဈိမ ဘာဏက
၃။ သံယုတ္တ ဘာဏက
၄။ အင်္ဂုတ္တရ ဘာဏက
၅။ ဇာတက ဘာဏက
၆။ ဓမ္မပဒ ဘာဏက
၇။ ဥဘတော ဝိဘင်္ဂ ဘာဏက
၈။ မဟာ အရီယဝံသ ဘာဏက
၉။ မဟာ စတ္တာလီသက ဘာဏက
၁၀။ ခုဒ္ဒက ဘာဏက
၁၁။ ခန္ဓက ဘာဏက တည်းဟူသော ဘာဏက ၁၁ (ဆယ့်တစ်ခု) ရှိသည့်အနက် မိမိတို့နှင့် အဆီလျော်ဆုံး ဓမ္မပဒ ဘာဏက၊ ဓမ္မပဒ သာသနာပြု ဖြစ်ကြရလေအောင် ဓမ္မပဒ ဝတ္ထုတွေ ကြည်ကြ နေအောင် လေ့လာကြ၍ ဓမ္မပဒ ပါဠိတော်ကို အာဂုံ နှုတ်တက် ကျက်ဆောင်ကြလျက် နှစ်သက်ရာ ဘာသာပြန်များကို ကြည့်ရှုလေ့လာကြပါစို့။

"ဓမ္မပဒံ ဘဏာမ ဟေ...."
"ဓမ္မပဒံ ဘဏာမ ဟေ...."
"ဓမ္မပဒံ ဘဏာမ ဟေ..."

ဆန်းထွန်း(မန်းတက္ကသိုလ်)



ဆံခဝဲဥာဏ်ပွားကြပါရန်

မင်းကွန်းတိပိဋကာနိကာယ သာသနာပြုအဖွဲ့၏ စာအုပ်စာပေ ထုတ်ဝေရေးအဖွဲ့ငယ် အမှုဆောင်လူကြီး တစ်ဦးဖြစ်သော မြန်မာစာအဖွဲ့ဝင် ဆရာကြီး ဦးဆန်းထွန်း (ဆန်းထွန်း-မန်းတက္ကသိုလ်)သည် ၁၉၇၉-ခု၊ ဇွန်လ ၂၀ ရက်နေ့က ကွယ်လွန်သွားခဲ့ပါသည်။

ဆရာကြီးသည် ဤအဖွဲ့ကြီး မတည်ထောင်မီ မင်းကွန်းမိုးပေါ်ကုန်းပြေရှိ မိုးပေါတ် စေတီတော်များ ပြုပြင် ဆောင်ရွက်ရေးအဖွဲ့က မိုးပေါတ် စေတီတော်များ ပြုပြင်သော အခါကမင်းတုန်း ပညာရှင်ကြီး ရွှေပြည် ဦးဘာဘင်နှင့် တွဲဖက်ပါဝင် ဆောင်ရွက်ခဲ့ပါသည်။


မိုးမိတ်စေတီ ထီးတင်ပွဲတွင်လည်း အလင်္ကာကျော်စွာ ရွှေမန်း ဦးတင်မောင်၊ ဝဏ္ဏကျော်ထင် ဦးကင်္ကနက်စိန်၊ ဦးစိန်အောင်မင်းနှင့် ရွှေနှန်းတင် တို့နှင့်အတူ ထုတိသြဘာကဗျာများ ကိုယ်တိုင်စီကုံး ရွတ်ဆိုပူဇော်ခဲ့ပါသည်။ တိပိဋကနိကာယ သာသနာပြုအဖွဲ့ ဖွဲ့စည်းပြီးသော အခါလည်း အဖွဲ့က ဦးစီးကျင်းပသော ဆရာတော်ဘုရားကြီး၏ နှစ်စဉ်မွေးနေ့ပွဲ အပါအဝင် ပွဲလမ်းများ တွင်လည်း ကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏာပူဇာ ပွဲတော်ခါတွင် လည်ကောင်း၊ ပါဠိမြန်မာ ဂါထာကဗျာတို့ကို စီကုံးရွတ်ဆို၍ ပူဇော်ခဲ့သည်သာ ဖြစ်ပါသည်။

စာအုပ်စာပေ ထုတ်ဝေရေးအဖွဲ့ အစည်းအဝေး ကျင်းပတိုင်း တက်ရောက်၍ အကြံကောင်း ဥာဏ်ကောင်းများ ပေးခဲ့သည်ချည်း ဖြစ်ပါသည်။ ဤသို့ တိပိဋကနိကာယ သာသနာပြုအဖွဲ့အတွက် အဓိကရသော မြန်မာပညာရှိကြီး ဆရာကြီး ဦးဆန်းထွန်း ကွယ်လွန်သည့်အတွက် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး အနက်ပြန်ဆိုတော်မူသော အောက်ပါ ဂါထာပါဠိအနက်ဖြင့် သံဝေဂဉာဏ် ပွားတော်မူကြစေလိုပါသည်။

သဗ္ဗေ၀ နိက္ခိပိဿန္တိ၊
ဘူတာ လောကေ သမုဿယံ။
ယဲတ္ထ တောဒိသော သတ္ထာ၊
လော့ကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊
သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။ ။

ယတ္ထ လောကေ၊ ဖြစ်လျင်ပျက်ရ အကြောင်းလောကကြီးထဲ၌။ သမ္ဗုဒ္ဓေါ၊ သစ္စာဥေ့ယျ၊ ဓမ္မခပင်း လင်းလင်းထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသော။ ဗလပ္ပတ္တော၊ ကာယ ဉာဏ ဗလစွမ်းဟုန် အား ဆယ်စုံနှင့် ကုံလုံပြည့်၀တော်မူသော။ အပ္ပဋိပုဂ္ဂလော၊ နှိုင်းပြိုင်စံယူ ပုဂ္ဂိုလ်တူ ရှိတော်မမူသော။ သတ္ထာ၊ လူနတ်ဗြဟ္မာ သတ္တ၀ါတို့၏ ဆရာသခင် ဦးထိပ်တင်ကြီးဖြစ်တော်မူသော။ တောဒိသော တထာဂတော။ ဤသို့ ရွှအာပ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသော်မှ။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ဝင်စံတော် မူရချေသေး၏။ တတ္ထ လောကေ၊ ဖြစ်လျင်ပျက်ရ ထိုလောကကြီးထဲ၌၊ သဗ္ဗေ၀ ဘူတာ၊ ရှိသမျှ ဥဿံ သတ္တ၀ါအလုံးစုံတို့သည်ပင်လျင်။ သမုဿယံ၊ ရုပ်နာမ် စုအဟူသော ဤခန္ဓာကိုယ် အတွက်ဘောကို။ နိက္ခိပိဿန္တိ၊ စုတိတိုင်လစ် ထိုချိန်ခေတ်၀ယ် စွန့်ပစ်ကြရကုန်လိမ့်မည် တကား။

ပိဋကတ်တိုက်
ဥပနာယက ဆရာတော်များ



ပရိယတ္တိ သာသနာတော်အသက်

ပိဋကတ်သမိုင်းအစကို ညွှန်ပြရလျှင် သာသနာတော်နှစ် ၄၅၀ ခန့်က သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းလက်ထက်ကို ညွှန်ပြရပေလိမ့်မည်။ ထိုမင်း၏လက်ထက် မဟာဓမ္မရက္ခိတ မထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ် ငါးရာတို့က သီဟိုဠ်ကျွန်း မလယဇနပုဒ် (မာတုလဇနပဒ) အာလောကလိုဏ်ဂူ၌ ဗုဒ္ဓ၏ ကိုယ်တော်တိုင် နှုတ်တော်မှ ဟောကြားတော် မူအပ်သော ဓမ္မက္ခန္ဓာတို့ကို စတုတ္ထသံဂါယနာတင်၍ ပေထက်အက္ခရာထားတော်မူကြလေသည်။ ယင်းပိဋကတ်တော်များကို (A. D) ငါးရာစုခေတ်ဆီက အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် သီဟဠဘာသာမှ မာဂဓအသုံးအနှုန်း ပါဠိဝေါဟာရဖြင့် အက္ခရာအသွင် ကူးပြောင်းခဲ့လေသည်။ ထို့နောက် ရှင်မဟာ ဗုဒ္ဓဃောသ မထေရ်မြတ်သည် ၎င်း၏ ပါဠိ (မာဂဓ) အရေးအသား ပိဋကတ်ကျမ်းစာများကို မြန်မာပြည် ဓမ္မပါလမင်း တည်ထောင်စိုးစံခဲ့ရာ သုဝဏ္ဏဘူမိသီရိဇေယျ၂ သထုံပြည်သို့ ပင့်ဆောင်လာခဲ့သည်။

ထိုအချိန်တွင် ပုဂံပြည် သမုတိရာဇ်မင်း (ပုဂံတည်မင်း) မှစ၍ ရေသော် (၈) ဆက်မြောက် သေဠလည်ကြောင်မင်း၏သားတော် ကြောင်တူရစ်မင်း စိုးစံခိုက်နှင့် တိုက်ဆိုင်လျက်ရှိသည်။

ပိဋကတ်တော်များကို သထုံပြည်သို့ ပင့်ဆောင်လာခဲ့ပြီးနောက် မြန်မာ၊ မွန်၊ ရှမ်း၊ ရခိုင်၊ ယိုးဒယား၊ ဇင်းမယ်တို့မှ သံဃာတော်များ ကြွရောက်၍ သင်ကြားကူးယူ သယ်ဆောင်သွားကြလေသောကြောင့် ပိဋကတ်တည်ရှိရာအရပ် ဗုဒ္ဓဘာသာ သာသနာတော်မြတ် အရှိန်အဝါ တန်ခိုးအာဏာသည် တဖြည်းဖြည်း တိုးတက်၍ ပြန့်ပွားထွန်းလင်း စည်ပင်ခဲ့လေသည်။

ပိဋကတ်တိုက်အစ ပုဂံခေတ် အနော်ရထာမင်းက

သာသနာတော် သက္ကရာဇ် ၁၅၆၁-ခုနှစ်၊ ကောဇာသက္ကရာဇ် ၃၂၉-ခုနှစ်တွင် အနော်ရထာမင်းသည် ပုဂံပြည်ကို စိုးမိုးအုပ်ချုပ်တော် မူလေသည်။ ထိုအခါ ပုဂံပြည်တွင် ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်ဘက် အရည်းကြီး ရဟန်းများ သောင်းကျန်း၍ မဟာယာန ဂိုဏ်း လွှမ်းမိုးနေစဉ်အချိန် ဖြစ်လေသည်။

သထုံပြည်တွင် မနူဟာ (မနောဟာရ)၊ မနူဟာရ်မင်း အုပ်စိုး၍နေ၏။ ထိုခေတ်က သထုံပြည် မနူဟာမင်းလက်ဝယ်တွင် ပိဋကတ်အစုံပေါင်း ၃၀ မျှရှိလေသည်။ သို့ရာတွင် မနူဟာမင်းသည် ပိဋကတ်တော်များကို ကျယ်ကျယ်ပြန့်ပြန့် တိုးတက်စည်ပင်အောင် ဆောင်ရွက်နိုင်သော စွမ်းရည်ထူးမရှိပေ။ သဒ္ဓါတရားလွန်ကဲ

လျက် ပိဋကတ်တော်များကို ပန်း၊ ဆီမီး၊ နံ့သာရည် စသည်များဖြင့် ပူဇော်ကာ ကျေနပ်နှစ်သိမ့်၍ နေလေသည်။

သာသနာပြု မထေရ်ကြီးများသည် ပိဋကတ်တော် ပြန့်ပွားတိုးတက်ရန် မနူဟာမင်းထက် စွမ်းနိုင်ရည်ရှိမည့် သာသနာပြုမင်းကို ရှာဖွေတော် မူကြလေသည်။ သို့နှင့် သထုံပြည်ရှိ အမြော်အမြင် ကြီးမားတော်မူကြသော မဟာထေရ် အရှင်မြတ်ကြီးတို့၏ ညွှန်ကြားချက်အရ အရှင်ပြာဏဒဿီ (ဓမ္မဒဿီ) အမည်လည်းရှိသော ရဟန္တာအရှင်မြတ် ရှင်အရဟံကို မြန်မာပြည် ပုဂံသို့ ကြွရောက်စေပြီး အနူရုဒ္ဓါဟု တစ်နည်းထွင်သော အနော်ရထာမင်းအား တရားဓမ္မ ဟောပြောပြသကာ ကြည်ညိုစေခဲ့လေသည်။

ထို့နောက်တစ်ဖန် ရှင်အရဟံသည် သထုံပြည်မှ ထေရဝါဒီ ရဟန်းသံဃာတော် အမြောက်အများကို ပုဂံနေပြည်တော်သို့ ပင့်ဆောင်ခဲ့ပြန်ပေသည်။ အနော်ရထာမင်းသည် အရည်းကြီးတို့၏ အကျင့်သည် ဗုဒ္ဓဝါဒ၏ ဆန့်ကျင်ဘက် အဓမ္မဝါဒီများဟု သိသည်နှင့် တစ်ပြိုင်နက် အချို့ကို လူဝတ်လဲစေ၍ အဲမောင်း လှကိုင်များအဖြစ် လည်းကောင်း၊ အချို့ကို ဆင်ချေးကျုံးအဖြစ် လည်းကောင်း သွတ်သွင်းစေသည်။ အချို့ အရည်းကြီးများသည် ဘုရင့်အမိန့်ကို မခံလိုသဖြင့် တောင်ပေါ် အရပ်ဒေသသို့ တိမ်းရှောင်သွားခဲ့ကြလေသည်။ ပုဂံတွင် အရည်းကြီး ရဟန်းများ မရှိတော့သည့်နောက် အနော်ရထာမင်းသည် ရှင်အရဟံအား ဗုဒ္ဓသာသနာတော်အစစ် ထွန်းလင်းအောင် မည်သို့ပြုရပါမည်နည်းဟု လျှောက်ထားရာ ဗုဒ္ဓသာသနာတော် အစစ် ထွန်းလင်းတောက်ပရန် ပိဋကတ်ကျမ်းစာများ ရရှိရန် လိုကြောင်း၊ ပိဋကတ်ကျမ်းစာများသင်ကြားတတ်မြောက်ရန် လိုကြောင်း၊ ထိုပိဋကတ်တော်တို့သည် သထုံပြည်မှာ အစုံ ၃၀ ရှိကြောင်း၊ ၎င်းအစုံ ၃၀ ရှိသည့်အနက် တစ်စုံကို လက်ဆောင်ပဏ္ဏာများဆက်၍ သွားရောက် တောင်းသင့်ကြောင်း အမိန့်ရှိလေသည်။

ကျွမ်းကျင်လိမ္မာသော အမတ်တစ်ယောက်ကို ဝေလွှတ်တော်းစေရာ မနူဟာမင်းသည် မချေမငံ ငြင်းဆန်လိုက်သောကြောင့် အနော်ရထာမင်း ကိုယ်တိုင် ကောဇာသက္ကရာဇ် ၄၁၉-ခုနှစ်တွင် စစ်အင်အားကြီးစွာနှင့် သထုံပြည်ကို ချီတက်တိုက်ခိုက် အောင်မြင်တော်မူလေသည်။ ပိဋကတ်သုံးပုံ အစုံသုံးဆယ်ကို ဆင် ၃၂ စီးတွင်တင်၍ မနူဟာမင်းနှင့်တကွ ရဟန်းရှင်လူ မှူးမတ်ပညာရှိများကို ယူဆောင်၍ ပြန်လာခဲ့လေသည်။

ဤတွင် ပုဂံပြည်မှာ အရည်းကြီးများ၏ မဟာယာန ဂုဏ်းကွယ်ပျောက်၍ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာအစစ် ထွန်းလင်းတောက်ပ လာခဲ့လေသည်။

အနော်ရထာမင်း သထုံပြည်ကို မသိမ်းပိုက်မီက မွန်လူမျိုးတို့သည်သထုံမြို့ ရွှေစာရံဘုရား အုတ်တံတိုင်းအတွင်းဌာ ပိဋကတ္တယစေတီဟု သမုတ်ပြီး ဥမင်လိုဏ်ပြုလုပ်ထားလေသည်။

အနော်ရထာမင်းသည် သထုံပြည်မှ ပင့်ဆောင်လာသော ပိဋကတ်အစုံသုံးဆယ်နှင့်တကွ အဋ္ဌကထာ ဋီကာ စသည့် နာနာဂန္ထကျမ်းဂန်များ ကိန်းဝပ်ရန် ဘုံဝါးဆင့်ရှိ ခန့်ငြားတယ်ဝါလှသည့် ပိဋကတ်တိုက် ဆောက်လုပ်၍ လှူဒါန်းခဲ့လေသည်။ ထို့ကြောင့် စာကြည့်ပိဋကတ်သမိုင်းအစ အနော်ရထာမင်းက–ဟု ယူဆရပေမည်။

ထို အနော်ရထာမင်း၏ ပိဋကတ် စာပေများကို ရဟန်းရှင်လူ ပညာရှင်အပေါင်းတို့ ဆည်းပူးလာခဲ့ရာ ခေတ်အဆက်ဆက် ကျော်လွှား၍ ယနေ့တိုင်အောင် ပို့နှံ့လှာခဲ့သည်မှာ အထင်အရှားပင် ဖြစ်ပေသည်။

ဘိုးတော်ဘုရား၏ ပိဋကတ်တိုက်

သာသနာတော်သက္ကရာဇ် ၂၃၂၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၄၄-ခုနှစ်တွင် ဗဒုံမင်းတရားခေါ် ဘိုးတော်မင်းတရားသည် အမရပူရမြို့ကို တည်တော်၍ နန်းတက်တော်မူသောအခါ ပိဋကတ်သုံးပုံကို ပေမူ ၄၅ မူ ရေကူးစေ၍ ၄၅ မြို့သို့ ပေးပို့ပြီး ဗုဒ္ဓသာသနာ ပြန့်ပွားထွန်းလင်းစေရန် စာကြည့်ပိဋကတ်တိုက်ခွဲများ တည်ဆောက်ခဲ့လေသည်။

ပိဋကတ်ကျမ်းစာများသာမက ဆေးကျမ်း၊ နက္ခတ်၊ ဗေဒင် စသည့် လောကီကျမ်းများ ကိုလည်း သက္ကတ ဘာသာမှ မြန်မာ့ဘာသာသို့ ပြန်ဆိုပြန်ပြု၍ ပြုစုခဲ့လေသည်။

ခရစ်သက္ကရာဇ် ၁၇၉၅–ခုနှစ်၊ စက်တင်ဘာလ၊ ကောဇာသက္ကရာဇ် ၁၁၅၇–ခုနှစ်၊ တော်သလင်းလတွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ဗြိတိသျှသံအမတ် မိုက်ကယ်ဆိုင်း (Michael Symes) သည် ဘိုးတော်ဘုရား နန်းစံရာ အမရပူရမြို့သို့ ရောက်ရှိခဲ့ရာ ဘိုးတော်ဘုရား၏ စာကြည့်ပိဋကတ်တိုက် တွေ့မြင်ခဲ့ရပုံအကြောင်းစုံကို သူ၏ ခရီးစဉ်မှတ်တမ်း အစီရင်ခံစာအဆုပ်၌–

"ပဒုံမင်းတရား ခေါ်ကိုးဘော်ဦးဝိုင်းသည် ကမ္ဘာပေါ်ရှိ ဘုရင်တကာတို့ထက် သာလွန်ပိုမိုသော စာပေ



ပိဋကတ် တိုက်ကြီးကို စိုးပိုင်သော မင်းဖြစ်သည်''ဟူ၍ လည်းကောင်း၊ ပုဂံမင်းသား အိမ်တော်မှ ထွက်ခွာကာ ပိဋကတ်တိုက်တော်ကို ကြည့်ရှုကြရန် သွားကြသည်ကို လည်းကောင်း၊ ထိုပိဋကတ်တိုက်သည် ရွှေမြို့တော်၏ အနောက်မြောက်ထောင့်မှာ ရှိသည်ကို လည်းကောင်း၊ ပိဋကတ်တိုက်တွင် စာအုပ် သေတ္တာပေါင်း အလုံး ငါးဆယ်မျှ ရေတွက်၍ ရသည်ကို လည်းကောင်း၊အမှန်မှာမူ သေတ္တာ အလုံးပေါင်း ၁၀၀ ထက် မနည်းရှိမည်ဟု ခန့်မှန်း၍ရလေသည် ဟူ၍ လည်းကောင်း၊သေတ္တာအတွင်းရှိ စာအုပ် အမည်များကို ထိုသေတ္တာ၏ အပုံးပေါ်တွင် ရွှေစာလုံးများဖြင့် ရေးသားထားသည်ကို လည်းကောင်း၊ ပိဋကတ်တိုက်စိုးက စာအုပ်သေတ္တာ နှစ်လုံးကို ဖွင့်ပြလေရာ ဆင်စွယ် ပါးပါးလှပ်လှပ်ပေါ်ဘွင် လွန်စွာ လှပသော လက်ရေးလက်သားနှင့် ရေးသားထားပြီး စာသား၏ ဘေးတစ်ဘက် တစ်ချက်စီ၌ လက်ရာမြောက်လှသော ပန်းခက် ပန်းနွယ်များကို ရွှေရည်ဖြင့် ရေးဆွဲခြယ်လှယ်ထားသည်ကို လည်းကောင်း၊ ပါဠိဘာသာဖြင့် ရေးသားထားသော ဘာသာရေးကျမ်းဂန် စာပေများ တွေ့ရသည်ကို လည်းကောင်း၊ အခြား ဘာသာရပ်များ ဖြစ်သော ရာဇဝင်၊ သမိုင်း ဂီတ၊ ပန်းချီ၊ ဆေးပညာ စသည်များ ရှိသည်ကို လည်းကောင်း အစရှိသည်တို့ ဖော်ပြထားလေသည်။

ဘိုးတော် ဦးစိုင်း လက်ထက်မှာပင် ရတနာပူရ မြို့အင်းဝမှာ ဥစ္စာဓန ပေါကြွယ်ဝသော ဦးပု သည် စစ်ကိုင်းတိုင်း၊ မင်းကွန်းမှာ ဆရာတော် ဦးမုနိန္ဒ ဃောသ အရှင်မြတ်အတွက် ကျောင်းတိုက်နှင့်ပိဋကတ် တိုက်ကိုပါ ဆောက်လုပ် လှူဒါန်းခဲ့လေသည်။ ဦးပုကြီး လှူဒါန်းခဲ့သောကြောင့် ဦးပုကြီး တောင်ပိဋကတ်တိုက်ဟူ၍ အမည်တွင်လျက် ရှိလေသည်။ ဘိုးတော် ဗဒုံမင်း တရားမှ အစပြု၍ ဘကြီးတော် ခေါ် စစ်ကိုင်းမင်း၊ သာယာဝတီမင်း ခေါ် ရွှေဘိုမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်းဟု ဆိုအပ်သော မင်း အဆက်ဆက်တို့က ဦးပုကြီး တောင်ကျောင်းတိုက်ရှိ ကျောင်းထိုင် ဆရာတော် အစဉ်အဆက် တို့ကို ပစ္စယာနုဂ္ဂဟဖြင့် လှူဒါန်း စောင့်ရှောက် လာခဲ့ခြင်းကြောင့် ဦးပုကြီး ပိဋကတ်တိုက်ဟူ၍ ယနေ့တိုင်အောင် ထင်ရှားလျက် ရှိလေသည်။

ကျောက်ထက်အက္ခရာနှင့် မင်းတုန်းမင်းတရား

သာသနာတော် သက္ကရာဇ် ၂၄၁၅-ခုနှစ်၊ မင်းတုန်းမင်းတရား လက်ထက်၌ ပဉ္စမသံဂါယနာတင်၍ ပိဋကတ်

သုံးပုံကို အဓွန့်ရှည်စွာ တည်ပါစေခြင်းငှာ စကျင်တောင်ထွက် ကျောက်သလင်းပေါ်တွင် ပုဒ်၊ ပါဠ်၊ အကွာရာ မယိုမယွင်း စေရအောင် တံဆိပ်တော်ရ ဆရာတော်ကြီးများ ကြီးကြပ်၍ ထူထားကာ ကျောက်ချပ်ရေ ၂၂၉ ချပ်ကို ကျောက်ချပ် တစ်ချပ်တစ်ချပ်လျှင် အုတ်ပြာသာဒ်ဂူ တစ်ခုစီနှင့် မန်းတောင်ခြေ ကုသိုလ်တော်ဘုရား အနီးတွင် စိုက်တည်ထားခဲ့လေသည်။

သီဟိုဠ် ပိဋကတ်တိုက်

ရွှေရိုး အမည်ဖြင့် မြန်မာတို့အကြောင်းကိုရေးသော အင်္ဂလိပ်အရာရှိ ဆာ ဂျေ၊ ဂျီ၊ စပင်းကဲ့သည်မင်းတုန်းမင်းနှင့် သီပေါမင်း လက်ထက်တွင် မန္တလေး ရတနာပုံ နေပြည်တော်သို့ ရောက်ဘူးလေသည်။ ကိုယ်တိုင် မြင်တွေ့ ကြားသိသမျှကို သူရေးသော **The Burman-His Life and Notion** စာအုပ်၌ လက်ဘရာမ ဆရာတော် အုပ်ချုပ်သော သီဟိုဠ်ကျောင်းတိုက်ကြီး၏ ပိဋကတ်တိုက် အကြောင်း အရာများကို အောက်ပါအတိုင်း ရေးသားထားလေသည်။

သီဟိုဠ်ကျောင်းတိုက် စာကြည့် ပိဋကတ်တိုက်ကား စံပြ ဖြစ်သည်။ မန္တလေး မြို့တော်တွင် ဘာသာရေး ဆိုင်ရာ စာပေ ကျမ်းဂန် စုဆောင်းမှုဌာန အကောင်းဆုံး ပိဋကတ်တိုက်ဟု ဆိုနိုင်သည်။ အခြားဘုန်းကြီးကျောင်းများရှိ ပိဋကတ်တိုက်များထက် ပို၍ စနစ်တကျ သိမ်းဆည်း စုဆောင်း ထားသော စာကြည့် ပိဋကတ်တိုက် ဖြစ်သည်။ စာတိုက် သို့မဟုတ် လက်ရေးစာများ ထည့်ထားသော သေတ္တာကြီးများကို သုံးဘန်းစီထားသည်။ သုံးတန်းမှာလည်း တစ်တန်းနှင့် တစ်တန်း အထက်အောက် မနိမ့်မမြင့် စီထား သေးသည်။ သုတ်နှင့် ဇာတကတို့ကို အောက်တန်း စာတိုက်များတွင် ထည့်ထားသည်။ သည် အထက် အလယ်တန်း၌ သီဟိုဠ်ဦးကာများ အနောက် အဖွင့်များကို ထည့်ထားသော စာတိုက်များ စီထားသည်။ အပေါ်ဆုံးဟန်းတွင် နာမည်ကျော် ပညာရှိ ဆရာတော်ကြီးတို့ မြန်မာပြန်များနှင့် ရှင်းလင်း ဖွင့်ဆိုချက်များ သိမ်းထားသော စာတိုက်များ ရှိသည် စသည်ဖြင့် ရေးသားထားလေသည်။



ဗိုးဒိတ်ကုန်းပြေ ဝိဋကတ်တိုက်

ယခု ခေတ်ဝယ် ကျောင်းတိုက် အသီးသီး တို့၌ ပိဋကတ်တိုက်များ ဆောက်၍ ပိဋကတ်နှင့် နာနာဂန်

ကျမ်းဂန်များကို ထိန်းသိမ်းစောင့်ရှောက်ခါ ဗဟုသုတ ဖြန့်ဝေလျက်ရှိရာ စစ်ကိုင်းတိုင်း၊ မင်းကွန်း၊ မိုးမိတ် ဘုရား ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်ရှိ ပိဋကတ်တိုက်လည်း ပါဝင်သည်ဟု ဆိုရပေမည်။ ဤ ပိဋကတ်တိုက်၏ အဝင်ဝမှာ ပိဋကတ်တိုက် ဖြစ်ပေါ်လာပုံကို အောက်ပါအတိုင်း ရေးသားထားလေသည်။

"စစ်ကိုင်းမြို့နယ်၊ မန်းကွန်း တောင်ရိုး၊ ဓမ္မနာဒ ကျောင်းတိုက်ကြီး၏ ဦးစီး နာယကဖြစ်တော်မူသော ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ၏ တိပိဋကဓရ ဘွဲ့ တံဆိပ်တော် ရရှိတော်မူသည့် ၂၅-နှစ်မြောက် ငွေရတု သဘင် ပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်ဖြင့် သာသနာတော်နှစ် ၂၅၂၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၀-ပြည့်နှစ်၊ တော်သလင်း လပြည့်၊ ခရစ်နှစ် ၁၉၇၈-ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ စနေနေ့တွင် စတင်အုတ်မြစ်ချဆောက်လုပ်ထားသည်" ဟု ရေးသားထားလေသည်။

ဤပိဋကတ်တိုက်ကို တိပိဋက-နိကာယ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌ အထူးကုဆရာဝန်ကြီး ဦးသာလှ ဦးဆောင်၍ ၂၅ ဦးသော အကျိုးတော်ဆောင်အဖွဲ့(ရန်ကုန်)က ဦးစီး၍ ကောင်းမှုပြုလုပ်ထားလေသည်။ ပိဋကတ်တိုက် အတွင်း ဝင်မိလျှင် လေးဘက် လေးတန်၌ တိပိဋက ဆရာတော် ဘုရားကြီး ကိုယ်တိုင် ကုသိုလ် ပါဝင်ထားသော ပိဋကတ်စာအုပ် အပြည့်ထည့်ထားသည့် မှန်ဗီရိုကြီးများကို တွေ့မြင်နိုင်ပေသည်။ ၎င်း မှန်ဗီရိုကြီးများထဲ၌ စာအုပ် ရှာဖွေကြည့်ရှုလိုသူတို့အတွက် အလွယ်တကူ ကြည့်ရှု ရှာဖွေနိုင်ရန် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ မြန်မာပြန် အဘိဓာန်များနှင့် လောကုတ္တရာ ဆိုင်ရာ နာနာဂန္ထာရ ကျမ်းများကို စနစ်တကျ သူ့အကန့်နှင့်သူ ထားရှိလေသည်။ စာအုပ်ငှားသူတို့ ငှားရမ်းခြင်း၊ ပြန်လည် အပ်နှံခြင်း ပြုလုပ်လွယ်ကူစေရန် ဥပနာယက ဆရာတော်များက ကြိုးကြပ်၍ ဥပနာယက စာရေးက ဆောင်ရွက်လျက် ရှိလေသည်။ စာအုပ်ထုတ်ယူသည့် သံဃာတော်များနှင့် လူပုဂ္ဂိုလ်တို့၏ အမည်များကို အလွယ်တကူ ရှာဖွေ သိရှိနိုင်ရန် တနင်္ဂနွေစသည့် နေ့ခုနစ်နေ့ကို စာအုပ် ၇ အုပ် ပြုလုပ်၍ ထားရှိလေသည်။

ဤပိဋကတ်တိုက်ရှိ စာအုပ်များ စာရင်းကို အမှတ်စဉ် ပြုလုပ်ကာ သီးခြား စာရင်း ဖွင့်ထားလေသည်။ ခေတ်ပေါ် ပိဋကတ်တိုက် ဖြစ်၍ ပေစာထုပ်များ မရှိသော်လည်း ညောင်ရမ်း ဆရာတော် ပြုစုထားသော သီလက္ခန်ဒီကာသစ်နိဿယစသော ရှားပါးသောစာအုပ်များလည်း ရှိပေသည်။ ထို့ကြောင့် မိုးမိတ် ကုန်းမြေ တိပိဋက နိကာယ ကျောင်းတိုက်ရှိ ပိဋကတ်တိုက်သည် တိပိဋက နိကာယ စာသင်သားများနှင့် ပညာဗဟုသုတ လိုလား အာမျှော်းကောင်းသားများအတွက် အထူး အားထားရသော ပိဋကတ်တိုက်ကြီး ဖြစ်လေသည်။

ပရိယတ်သာ ပဓာန

ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဟူသော သာသနာတော်မြတ် သုံးပါးရှိရာ ပရိယတ္တိ သာသနာတော်သည် ကန်ဘောင်ရိုးနှင့် တူ၍ ပဋိပတ္တိ သာသနာတော်သည် ရေနှင့် တူပြီး ပဋိဝေဓ သာသနာတော်ကား ကြာမျိုးငါးပါးနှင့် တူလေသည်။ ကြာမျိုးငါးပါးတို့သည် ရေရှိမှ ပေါက်ရောက်ပြီး၊ ရေသည်လည်း ကန်ပေါင်ရိုး ခိုင်ခန့်စွာ တည်ရှိမှ အမြဲတည်လေရကား ကန်ပေါင်ရိုးသည်သာ မူလဘူတ အခြေခံ အကြောင်းရင်း ဖြစ်သကဲ့သို့၊ "သာသနာတော်မြတ် သည်လည်း ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တည်းဟူသော ပရိယတ္တိတည်ရှိမှသာ ပဋိပတ္တိ, ပဋိဝေဓတို့ တည်တံ့နိုင်မည် ဖြစ်လေရာ သာသနာတော် သုံးရပ်တွင် ပရိယတ္တိသာ မူလ အခြေခံအကြောင်းရင်း ဖြစ်ပေသည်။ ထို့ကြောင့် သမ္မာဟ ဝိနောဒနီအဋ္ဌကထာ၌ "သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ၊ ပတ္တိတော ဟိ တေပိဓံ သုတ္တာ ဒ္ဝေပိ ပူရေတိ၊ ပရိယတ္တိယာ ဋ္ဌာယ သာသနံ ဋ္ဌိတံ ဟောတိ" ဟု မိန့်ဆိုထားလေသည်။ သို့ဖြစ်ပါ၍ သာသနာတော်မြတ်ကြီး တည်တံ့ပြန့်ပွားရန်အတွက် ပရိယတ္တိ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်လျက် ရှိသော တပိဋကနှင့် နိကာယ်ဆောင် သံဃာတော်တို့ အားကိုးမှီခိုရာကို ညွှန်ပြရမည်ဆိုလျှင် ပိဋကတ်တိုက် များစွာတို့တွင် တစ်တိုက်အပါအဝင် ဖြစ်သော မိုးမိတ် ကုန်းမြေ၊ တိပိဋက နိကာယ ကျောင်းတိုက် ပိဋကတ်တိုက်ကိုလည်း ညွှန်ပြရမည် ဖြစ်ပေသတည်း။

ဥပနာယကဆရာတော်များ၊
တိပိဋက=နိကာယကျောင်းတိုက်
မိုးမိတ် ဘုရားကုန်းမြေ
မင်းကွန်း

မင်းကွန်း
တိပိဋကဓရဆရာတော်ဘုရားဖျော်
နှစ်တာသာသနာပြုခရီး



သရုပ်ဖော်တင်ကိုကော်

မောင်သန့်စင်

(တိ-နှိ)

(၁) အဖွဲ့အစည်းတစ်ခုတွင် ခေါင်းဆောင်ကောင်းရှိရန် အထူးလိုအပ်ပါသည်။ ခေါင်းဆောင်ကောင်း ပုဂ္ဂိုလ်အဖို့-

သည်းခံခြင်း-
နှိုးကြားခြင်း-
ထက်လွှဲလ ဝိရိယရှိခြင်း-
ဝေဖန်နိုင်ခြင်း-
သနားကြင်နာတတ်ခြင်း-

မြော်မြင် ဆင်ခြင်တတ်ခြင်း ဟူသော နာယကဂုဏ် ခြောက်ပါးတို့နှင့် ပြည့်စုံရပါမည်။ "တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ကြီး၏ဦးစီးနာယက ဖြစ်တော် မူသော တိပိဋကဓရ မမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားသည် ထိုနာယကဂုဏ် ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူပါသည်။

စည်းကမ်းသေဝပ်မှုကိုလည်း (လှေကားမှာ ဖိနပ်ချွတ်၊ ထီးထောင်ဒါကအစ) ညီညီညာညာ စည်းကမ်းရှိရှိဖြစ်ရန် အထူး အလေးထားတော်မူပါသည်၊ ထို့ပြင် အလုံပ်တစ်ခုကို ဆောင်ရွက်ပြီဆိုလျှင် (မောင်ရှင်လေးများအား ထီး, ဖိနပ်, လှူဒါန်းသည့် ကိစ္စမှအစ) မိမိပြုလုပ်သည့် ကုသိုလ်အမှု လုပ်ဆောင်ချက်ကို ရိုသေ လေးစားသောအားဖြင့် လက်နှစ်ဖက်ဖြင့် ကိုင်၍ သက္ကစ္စမြောက် လှူဒါန်းလေ့ ရှိပါသည်။

ခဲဖွယ်ဘောဇဉ် အာဟာရ မှိဝဲ သုံးဆောင်ရာ၌လည်း အာဟာရ၌ တပ်မက်မောခြင်း နည်းပါးအောင် သတိနှင့် ဘုန်းပေးသုံးဆောင်လေ့ရှိပါသည်။ မိမိနှင့် မသင့်မြတ်ဖူးထင်လျှင် မည်မျှပင် ကောင်းနေစေကာမူ ဘုန်းပေး သုံးဆောင်လေ့ မရှိပါ။ မိမိနှင့် သင့်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကိုလည်း မျှတရုံသာ ဘုန်းပေး သုံးဆောင်လေ့ ရှိပါသည်။ အာဟာရနှင့် ပတ်သက်၍ ဆရာတော်၏ ဆောင်ပုဒ်မှာ "မိမိနှင့် သင့်လျော်သော အာဟာရကို မျှတရုံ သုံးဆောင်ရမည်" ဟူ၍ ဖြစ်ပါသည်။ ဘောဇနေမတ္တညုတာနှင့် ညီညွတ်စေပါသည်။ ဆရာတော်ဘုရားသည် မည်ကဲ့သို့သော ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ၊ သတိရှိရှိ သက္ကစ္စမြောက် ပြုလုပ်လေ့ရှိပါသည်။

(၂) ဆရာတော်ဘုရားသည် ယခုအခါ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးအတွက် စိတ်အား ထက်သန်စွာ တာဝန်ယူဆောင်ရွက်လျက်ရှိပေသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် ပဓာန အကျိုးဆောင်အဖြစ်ဖြင့် လည်းကောင်း၊ စာမေးပွဲလောကတွင် အထက်တန်းအကျဆုံး ဖြစ်သော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကို ဝင်ရောက် ပြန်ဆို ဖြေဆိုကြမည့် တိပိဋကဓရ အလျာစာတော်သင် ရဟန်း သံဃာများ အစား အသောက် အနေအထိုင် အားလုံးမပူပင်ရပဲ ပိဋကသုံးသွယ်=နိကာယ ငါးထွေ စာပေများကို အချိန်ပြည့်ကျက်, အံ, ကြည့်, ကြုံ, လေ့လာနိုင်ရန်အတွက် "မင်းကွန်း တိပိဋက=နိကာယ ကျောင်းတိုက်ကြီး" ကို တည်ထောင်တော်မူပြီး ကျောက်တိုက်ကြီး၏ ဦးစီးနာယက အဖြစ်ဖြင့် လည်းကောင်း၊ သာသနာတော်အကျိုးကို သည်ပိုး ဆောင်ရွက်တော်မူပါသည်။

ယင်း တိပိဋက=နိကာယ ကျောင်းတိုက်ကြီး၌ နေထိုင် သီတင်းသုံးတော်မူကြသော သံဃာတော်များသည် ပလိဗောဓ နည်းပါးစွာဖြင့် တိပိဋက=နိကာယ စာပေများကို အချိန်ပြည့် ကျက်, အံ, ကြုံ, ကြည့်နိုင်ကြပါသည်။ (အမှန်အတိုင်း ဆိုရပါလျှင်) ဤကျောင်းတိုက်ကြီးသာ မပေါ်ပေါက်ခဲ့ပါလျှင် ဤစာရေးသူ အပါအဝင် သံဃာတော်

အများအပြားသည် တိပိဋ္ဌကစာမေးပွဲ နိကာယ် စာမေးပွဲများကို ဤမျှလောက် ဝင်ရောက်ပြန်ဆို ဖြေဆိုရန် စိတ်ကူးကြမည် မဟုတ်ပါ၊ စိတ်ကူး ရသည့်ပဲထားဦး၊ လက်တွေ့ အကောင်အထည် ပေါ်မည် မဟုတ်ပါ၊ လက်တွေ့ အကောင်အထည် ဖော်ကြသော်လည်း ဤမျှလောက် မြန်ဆန်စွာ အောင်မြင်ကြမည် မဟုတ်ပါ၊ ယခု ဤကျောင်း တိုက်ကြီး ပေါ်ထွန်းလာသည့်အတွက် တိပိဋ္ဌက နှင့် နိကာယ စာမေးပွဲများ ဖြေဆိုကြမည့် သံဃာတော်များသည် တနှစ်ထက်တနှစ် တိုး၍ သာလာပါသည်။

ဤ၊ တိပိဋ္ဌက=နိကာယ သံဃာတော်များသည် ယခုကဲ့သို့ တိပိဋ္ဌက စာပေများကို ကျက်, မှတ်, ကြည့်, အံ, ကြံတော်မူကြ၍ တနှစ်ပြီး တနှစ် စာမေးပွဲများ အောင်၊ ဘွဲ့ထူး ဂုဏ်ထူးများ ရရှိ ကြပြီး မိမိတို့၏ ပြည်နယ်၊ တိုင်း၊ မြို့နယ်များ၌ စာသင်တိုက်များ ဖွင့်လှစ်၊ တပည့် စာသင်သား သံဃာများကို စာပေတွေပို့ချ၊ တစ်ဖန် ယင်းတပည့် သံဃာများက နောက်ထပ် စာမေးပွဲ တွေအောင် ပြီး အဆင့်ဆင့် သာသနာ့ တာဝန်များကို ဆက်လက် ထမ်း ဆောင် သွား ကြ ပေလိမ့်မည်။ "သစ်တစ်ပင်ကောင်း ဌက်တစ်သောင်းခို" ဆိုသကဲ့သို့ တိပိဋ္ဌက=နိကာယ ကျောင်းတိုက်ကြီး ပေါ်ထွန်းလာသည့်အတွက် နောင်တစ်ချိန်တွင် ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်များ ဖြစ်လာကြမည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်များ မုချ ပေါ်ထွက်လာရပေမည်။

(၃) ဤးပြင် ဆရာတော်ဘုရားသည် သာသနာတော်အတွက် အကျိုးများမည့် (နောင်တစ်ချိန်တွင်မြန်မာနိုင်ငံ သာသနာသာမက ကမ္ဘာတစ်ဝန်းလုံးရှိ လူသားအားလုံးအတွက် အလွန်အကျိုးသက်ရောက်မည့်) လုပ်ငန်းကြီးတစ်ရပ်ကိုလည်း တာဝန်ယူ ဆောင်ရွက်လျက် ရှိပေသည်။ ယင်း သာသနာပြုလုပ်ငန်းကြီးကား ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ တည်ဆောက်နေဆဲဖြစ်သည့် "နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး" နှစ်ခုတို့ပင်တည်း။ မှန်ပါသည်၊ ယခု အချိန်အခါ သမယတွင် တိပိဋ္ဌက=နိကာယ ကျောင်းတိုက်ကြီးနှင့်အတူ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးတို့မှာလည်း (ပြည်တွင်း, ပြည်ပ သာသနာပြုနိုင်ရန်အတွက်) အထူး လိုအပ်လှပါသည်။ ၎င်း တက္ကသိုလ်ကြီးတို့မှ ပါဠိ၊ သက္ကတ၊ မြန်မာ၊ ဟိန္ဒီ၊ အင်္ဂလိပ်စာ-ဘာသာရပ် ၅-မျိုးတို့ဖြင့် ဗုဒ္ဓတရားတော်ကို ဟောပြော ပို့ချနိုင်အောင် သင်ကြားပို့ချပေးမည် ဖြစ်ပါသည်။

ကောင်းပါပေသည်။ ပြည်တွင်း၌ သာသနာပြုရန် လိုအပ်သကဲ့သို့ ပြဋ္ဌာန်းပမှာလည်း သာသနာပြုနိုင်ရန် လိုအပ်ပါသည်။ သို့မှသာ ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ကျယ်ကျယ်ပြန့်ပြန့် ထွန်းကား ရှင်သန်နေမည် ဖြစ်ပါသည်။ ပြည်ပ သာသနာပြုရာတွင် အဓိက လိုအပ်ချက်မှာ ပြည်ပ ဘာသာစကား(ယခု ကမ္ဘာသုံး စာပေ၊ ကမ္ဘာသုံး ဘာသာစကားဟု အများက သတ်မှတ်ထားသော) အင်္ဂလိပ်စာပေကို အထူးတတ်ကျွမ်းဖို့ လိုပေသည်၊ ယင်း အဓိက လိုအပ်ချက်မှာလည်း မကြာမီကာလအတွင်း ပြည့်စုံပေတော့မည်။ တိပိဋ္ဌကဆရာတော် အမှူးပြုသော တိပိဋ္ဌက=နိကာယ သာသနာပြုအဖွဲ့ကြီးက ဦးဆောင်၍ နိုင်ငံတော်အတွင်းရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ကိုယ်စား တာဝန်ယူ တည်ဆောက်ပေးနေသော နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးတို့က ပြည်တွင်းရော ပြည်ပပါ သာသနာပြုနိုင်ရန် အထွက် ကမ္ဘာသုံး ဘာသာစကားများကို တတ်ကျွမ်းသော သာသနာပြုပုဂ္ဂိုလ်များ မွေးထုတ်ပေးတော့မည် ဖြစ်ပါသည်။

(၄) အချို့က "ပြည်တွင်းမှာပဲ သာသနာပြုဖို့ လိုသည်၊ ပြည်ပမှာ သာသနာပြုရန်မလို၊ (အမေကျော်ပြီး ဒွေးတော်ကို လွမ်းဖို့မလို)" ဟု ပြောတတ်ကြသည်၊ ပြောကြသည်။ အားလုံး သံသယရှင်းအောင် ဖြေကြားလိုသည်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် လူ့ပြည်တွင် သာမက နတ်ပြည်အထိ သာသနာပြုတော်မူခဲ့သည်၊ ယခု

ပြည်တွင်း ပြည်ပဟူသည် နတ်ပြည်အထိ မရောက်သေးပါ၊ လူ့ပြည်မှာပဲ ရှိပါသေးသည်။ ဘုရားရှင်၏ တရားတော်များသည် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက်သာ မဟုတ်ပါ၊ လူ ပြည်တွင်ရှိကြသည့် လူသားအားလုံးအတွက်သာလည်း မဟုတ်ပါ၊ အမှန်ကား သုံးဆယ့်တစ်ဘုံမှာ ရှိကြသည့် သတ္တဝါအားလုံးအတွက် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ ဗုဒ္ဓတရားတော်များသည် ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားနေရန် လိုအပ်ပါသည်။

ရှင်းပါဦးမည်။ ယခင်က ဗုဒ္ဓသာသနာတော်သည် အိန္ဒိယနိုင်ငံ၌ နေလို့,လလို့, ထွန်းကားခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် ဗုဒ္ဓဘုရားပွင့်တော်မူရာ ဒေသ၊ ဘုရားရှင်ကိုယ်တော်တိုင် အမြို့,မြို့,အရွာ, ရွာ, လှည့်လည်၍ သာသနာပြုခဲ့ရာ ဒေသ ဖြစ်ပါသည်။ ယခု အိန္ဒိယနိုင်ငံ၏ အခြေအနေကို ပြန်ကြည့်ပါ၊ ဗုဒ္ဓဘာသာသည် အကြောင်းအမျိုးမျိုးတို့ကြောင့် ကွယ်ပျောက်သလောက် ရှိနေပါသည်။ အကယ်၍သာ ထိုစဉ်အခါက အိန္ဒိယနိုင်ငံသားသာသနာပြုပုဂ္ဂိုလ်များသည် ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြုပုဂ္ဂိုလ်များကို မလွှတ်ခဲ့ပါလျှင် ဗုဒ္ဓဘာသာသည် ပြည်တွင်း ပြည်ပအားလုံးမှ ကွယ်ပျောက်သွားမည်သာ ဖြစ်ပါသည်။

ရှေးက သာသနာပြုပုဂ္ဂိုလ်များသည် အမြင်ကျယ်ကျယ် ပြည်ပသာသနာ ပြုခဲ့သောကြောင့် သာလျှင် ယခု မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓသာသနာတော်သည် နေလို့,လလို့, ထွန်းကားခဲ့ပါသည်။ ကမ္ဘာ့မြေပုံကို ကြည့်လိုက်လျှင် မြန်မာနိုင်ငံသည် ဆီးရွက်မျှသာ ရှိပါသည်။ ယခုဗုဒ္ဓဘာသာ ထွန်းကားရာ ဒေသသည် အားရလောက်စရာ မရှိသေးပါ။ ထို့အပြင် မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓဘာသာသည် ကမ္ဘာပတ်လုံးတည်မည်ဟု မည်သူမျှ အာမ ဝန်တာ မခံနိုင်ပါ။ (ဘုရားရှင် ပွင့်တော်မူရာ အိန္ဒိယနိုင်ငံမှာပင် ဗုဒ္ဓသာသနာ ကွယ်ပျောက်ခဲ့သေးသည် မဟုတ်ပါလော)၊ ထို့ကြောင့် ဗုဒ္ဓဘာသာသည် ကမ္ဘာအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားနေရန် လိုပါသည်။

(၅) ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ကိုယ်တော်၏ တရားတော်များ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့နေဖို့ အထူး လိုလားတော် မူပါသည်။ ထို့ကြောင့်ပင် "ရဟန်းတို့ သာသနာပြုခရီး ထွက်ကြလော့။ လမ်းတစ်ကြောင်းမှာ ရဟန်းနှစ်ပါးပေါင်း၍ မသွားကြနှင့်" ဟု သာသနာပြုခရီးထွက်ဖို့ရန် မိန့်ဆိုတော်မူခဲ့ပါသည်။ ဗုဒ္ဓဘာသာ သာသနာပြုပုဂ္ဂိုလ်များသည် ပြည်တွင်းရော ပြည်ပပါ ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုနိုင်ဖို့ အထူးလို အပ်ပါသည်။ ယင်း လိုအပ်ချက်ကိုလည်း မကြာမီကာလတွင် ဖြေရှင်းပေးတော့မည်။ တိပိဋကဆရာတော်အမှူးပြုသော တိ=နို သာသနာပြုအဖွဲ့ကြီးက ဘည်ဆောက်ပေးနေသော နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးက ပြည်တွင်း ပြည်ပ သာသနာပြုနိုင်ရန်အတွက် ကမ္ဘာသုံး ဘာသာစကားများ တတ်ကျွမ်းသော သာသနာပြုပုဂ္ဂိုလ်များကို မွေးထုတ်ပေးတော့မည် ဖြစ်ပါသည်။

ယခုကဲ့သို့ တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ကြီး၏ ၆-နှစ်တာ ခရီးကာလအခါသမယတွင် ပြည်တွင်း ပြည်ပ သာသနာပြုနိုင်ကြမည့် တိပိဋကာ=နိကာယ ကျောင်းတိုက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်ကြီးများ ပေါ်ထွက်လာသည်မှာ ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် အထူး ကျေနပ်အားရလောက်ပါပေသည်။

နိဂုံး ဆုတောင်းချက်

တိ=နို သာသနာပြုအဖွဲ့ကြီး၏
၉-နှစ်တာ ခရီးကို ကြိုဆိုလျက်-
တိပိဋကဆရာတော်ဘုရား
သက်တော်ရာကျော် ရှည်ပါစေ-
တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ကြီး
တည်တံ့ခိုင်မြဲပါစေ-
ဗုဒ္ဓမြတ်စွာ သာသနာ
ငါးရာဆယ်လီ တည်ပါစေ သတည်း။

မောင်သန့်စင် (တိ=နို)



မြန်မာပြည်ရှိ သံဃာတော် အရှင်မြတ်များ၊
သီလရှင် ဆရာကြီးများ၊ ဆရာကလေးများ၊ ဗုဒ္ဓ
ဘာသာနွယ်ဝင် သူတော်စင်များ၏ စိတ်နှလုံးတွင်
ကြိမ်မီးတုံး သကဲ့သို့ ပူဆွေးသောက ရောက်ကြပြီး
အနီးရှိ ရဟန်းရှင်လူများကလည်း မျက်နှာငယ်
ကလေး များဖြင့် မြန်မာ တစ်ပြည်လုံး အဝေးရှိ

လူရှင်ရဟန်းတို့ကဲ့လည်း နားတစွင့်စွင့်နှင့် ဘယ်လို အခြေအနေ ရှိသလဲဟု လူကြုံမေးကြ၊ တယ်လီဖုန်း နှင့် မေးကြနှင့် စိုးရိမ်ကြီးစွာဖြင့် နေကြသည့်အချိန် ကား တိပိဋကဆရာတော်ဘုရားကြီး မင်းကွန်း ဓမ္မနာဒ ကျောင်းတော် တွင် အသည်းအသန် ရောဂါဝေဒနာ ခံရ၍ ဆေးကုသရန် မန်းတောင့် ရိပ်ဖြစ်သည့် သုဘဒ္ဒါဆောင်သို့ ပင့်ဆောင်ရောက် ရှိနေသည့် အချိန် ဖြစ်ပါသည်။

ရန်ကုန်မြို့မှ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ ဦးဆောင်သည့် တိ=နိ အဖွဲ့ဝင် ဥပါသကာများ နှင့် ဆရာကတော် ဒေါ်ခင်ညွန့် ဦးဆောင်သည့် ဥပါသိကာမများ တို့မှာလည်း အနီးဌ် ပြုစုရန် ကြိုတင် ရောက်ရှိနေပြီး ဖြစ်ပါသည်။

ပထမရောက်သည့် ပုဂ္ဂိုလ်များ ရက်ရှည်ကြာ လျှင် ဒုတိယရောက်သည့်ပုဂ္ဂိုလ်များနှင့် လဲလှယ်၍ ဒုတိယပုဂ္ဂိုလ်များ ရက်ရှည်ကြာလျှင် တတိယ ပုဂ္ဂိုလ်များနှင့် လဲ၍ ဆရာတော်ကို ရန်ကုန်မြို့သို့ ပင့်ဆောင်သည့် အချိန်အထိ နေထိုင် ပြုစုကြပါသည်။

မန္တလေးမြို့မှ ကျောင်းအမကြီး အမေညွန့် (ဒေါ်ရွှေညွန့်) ဦးဆောင်သည့် မန္တလေး တိ=နိ အဖွဲ့ဝင်များကလည်း နေ့စဉ် အနီးကပ် ပြုစုနေ ကြပြီး၊ စိုးရိမ်ဖွယ်ရာ ရှိသည့် ညများတွင် ညအိပ် ပြီး ပြုစုကြပါသည်။

ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှမှာ ညဥ့်သန်း ခေါင်ကျော် ၁ နာရီ ၁ နာရီခွဲ အချိန်များမှာပင် အိပ်ရာမှထ၍ ဆရာတော်၏ အခြေအနေကို ညစဉ် ကြည့်ရှုလေ့ ရှိပါသည်။

မန္တလေး ပြည်သူ့ ဆေးရုံကြီးမှ ပါမောက္ခ ဦးထွန်းသင် ဦးဆောင်သော ဆရာဝန်ကြီးများ သည် မင်းကွန်းမှ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ ပင့်ဆောင်လာသော တိပိဋကဆရာတော်ဘုရား ကြီးကို မန္တလေး ဂေါဝိန်၊ သစ်ထုတ်လုပ်ရေးရုံး ဆိပ်ကမ်းမှ သူနာပြုကားဖြင့် မန်းတောင်ရိပ် သုဘဒ္ဒါဆောင်သို့ ထပ်ဆင့် ပင့်ဆောင်လာခဲ့ကြ ပါသည်။

ရောက်လျှင် ရောက်ချင်း ပါမောက္ခ ဆရာဝန်ကြီး ဦးထွန်းသင် ဦးဆောင်သည့် ပြည်သူ့ဆေးရုံကြီးမှ ဆိုင်ရာ ဆိုင်ရာ တတ်ကျွမ်းသည့် ပါရဂူဆရာဝန်ကြီး၊ ဆရာဝန်မကြီးများသည် ကော်မတီဖွဲ့စည်း၍ နံနက် ၈ နာရီ ၁၀ကြိမ်၊ နေ့ ၁၂ နာရီ ၁၀ကြိမ်၊ ည ၈ နာရီ ၁၀ကြိမ်၊ ၃ ကြိမ် အစွမ်းကုန် စစ်ဆေး ကုသကြပါသည်။

ထို ဆရာဝန် ဆရာဝန်မကြီးများသည် တကယ့် သဒ္ဓါကြည်ညိုစိတ်ဖြင့် ဆရာတော်ကြီး အသက်ရှည်ကြာစွာ သာသနာပြုနိုင်ရန် ငါတို့သည်လည်း တတ်ကျွမ်းသည့်ပညာဖြင့် တစ်ဘက် တစ်လမ်းက ပါဝင်ကူညီ ကုသိုလ်ပြုမည်ဆိုသည့် စိတ်ထားဖြင့် ကုသနေကြသည်ကို တွေ့မြင်ရရာ သာမု အနုမောဒနာ ခေါ်ရပါသည်။

ဂေါတမမြတ်စွာဘုရား လက်ထက်တော်တွင် အရှင် ဗာကုလ မထေရ်သည် နှစ်ပေါင်း ရှစ်ဆယ်ကြာမျှ အိမ်ရာတည်ထောင် လူဘောင်ခွဲ နေစဉ် နံ့သာဥ-ရှိ။ အခါနှမျှလောက် သော်မှ လည်း၊ တစ်စုံတစ်ရာ အနာဟူ၍ မဖြစ်ခဲ့ဖူးဘဲ အနှစ် ရှစ်ဆယ်မြောက်၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဖြစ်သော အခါမှာလည်း အရှင် ဗာကုလ မထေရ်၏ အဖို့ရာ အနည်းငယ်မျှသော အနာရောဂါဟူ၍ မရှိသည့်အပြင် ပစ္စည်းလေးပါးတို့ဖြင့် ချို့တဲ့ခြင်းလည်း မရှိချေ။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ရှင်ဗာကုလ မထေရ်အား အပွာဗာဓ=အနာကင်းသော အရာဝယ် အသာဆုံး၊ အမြတ်ဆုံး တေဒင်္ဂရာထူးခွဲ ထား တော်မူလေသည်။

အရှင် ဗာကုလ မထေရ်သည် လူ့ဘဝခွဲ အနှစ် ရှစ်ဆယ်၊ ရဟန်းဘဝခွဲ အနှစ် ရှစ်ဆယ်၊ အသက် တစ်ရာ့ခြောက်ဆယ် အထိ ရှည်ကြာစွာ နေရပြီး ပရိနိဗ္ဗာန်ပြုပါသည်။

ဤကဲ့သို့ ဖြစ်ရခြင်းမှာ ၁ အသခ်ဲ့နှင့် ကမ္ဘာ ၁ သိန်း ထက်က အနောမဒဿီ မြတ်စွာဘုရား၏ လေနာ ရောဂါကို ပျောက်ကင်းအောင် သန့်ရှင်းသော ဆေးကုသမှုနှင့် ဝိပဿီမြတ်စွာဘုရား လက်ထက်တော်တွင် ဟိမဝန္တာမှာ အဆိပ်ပင်များ ပွင့်ကြသဖြင့် ထိုအဆိပ်ပင်မှ အဆိပ်ပွင့်တို့ကို တိုက်ခတ်လာသော လေအတွေ့ကြောင့် ဝိပဿီမြတ်စွာဘုရားနှင့် အဂ္ဂသာဝကာ မထေရ်နှစ်ပါးတို့ကို ချန်လှပ်၍ ရဟန်းတော် အားလုံး ဦးခေါင်းခဲနာ ရောဂါစွဲကပ်သည်ကို ပျောက်ကင်းအောင် ဆေးကုသမှုတို့ကြောင့် ဖြစ်ကြောင်းကို တိပိဋကဆရာတော်ဘုရား ရေးသား သည့် မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ၊ ပထမပိုင်းမှာ တွေ့ရှိရပါသည်။

မန္တလေးပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဆရာဝန်ကြီး ဦးထွန်းသင်နှင့် တကွ ဆရာဝန်ကြီးများသည် ဆရာတော်အား စေတနာ သဒ္ဓါတရား ထက်သန်စွာနှင့် ပျောက်ကင်းအောင် ဆေးကုသမှုပြုသည့်အတွက် အရှင် ဗာကုလ မထေရ် ကဲ့သို့ပင် အနာရောဂါ ကင်းရှင်းခြင်း၊ အသက်ရှည်ခြင်း၊ လာဘ်လာဘ ပေါများခြင်း အကျိုးများကို ခံစားရမည် ဖြစ်ပါသည်။

ဆရာကဒတော် ဒေါခင်ညွှန့်နှင့် ကျောင်းအမကြီး အမေညွှန့်တို့ ကလည်း မိမိတို့ ယုံကြည်ရာ ဗေဒင်၊ ယတြာဆရာများကို မေးမြန်းကြပြီး အသီးသီး မိဘိတို့ ဆရာများ ပြောသည့်အတိုင်း ယတြာ ချေရန် သစ်သီး၊ သစ်ရွက်၊ သစ်သား စသည်တို့ကို လည်းကောင်း၊ မြောက်အရပ် ဘုရား၊ တောင်အရပ် ဘုရားများကို လည်းကောင်း၊ ပြောသည့် သစ်သီး၊ သစ်ရွက် စသည်တို့ဖြင့် ဆွမ်းတော်တင်ခြင်း၊ ယတြာချေခြင်း လုပ်နေကြသည် မှာလည်း တစ်မျိုးပြီး တစ်ကိုး ဖြစ်ပါသည်။

တိပိဋကဆရာတော်ဘုရားကြီးသည် စစ်ကိုင်း တောင်ရိုး သရက်ပင်ရေခပ်အသင်းကြီး၏ ဩဝါဒ စရိယ ဆရာတော် ဖြစ်ပါသည်။

စစ်ကိုင်း တောင်ရိုး သရက်ပင်ဆိပ် ရေခပ်အသင်းကြီးကို ပန်းတနော်မြို့နယ်၊ မိန်းမပြေးကျေးရွာမှ ကျောင်းဒါယကာကြီး ဒေါ်အေးကျင်က သင်ခြံတစ်ခြံ လူဒါန်းထားပါသည်၊ လူဒါန်းသည့်

စာချုပ်တွင် လူသည့်နှစ်မှစ၍ သူ မကွယ်လွန်မီ တစ်နှစ်လျှင် ငွေ ၅၀၀ - လူဒါန်းပါမည်။ ကွယ်လွန်လျှင် ထိုသင်ခြံကို ရောင်း၍ ရရှိသည့် ငွေကို ရေစက်ကြီးအတွက် ငွေပဒေသာ စိုက်ထူပြီး အတိုးကိုသာ ရေစက်ကြီးတွင် လိုအပ်သလို သုံးစွဲရန် ဟူသော စာချုပ်ဖြင့် လူဒါန်းထားပါသည်။

ဆရာတော်ဘုရားကြီး စိုးရိမ်ရသည့်အခြေမှလွန် မြောက်သည့် ရက်တွင် ဒေါ်အေးကျင် ကွယ်လွန်ကြောင်း အကြောင်းကြားသဖြင့် ကျွန်တော်နှင့် ဦးစန်းတင်တို့ ပန်းတနော်မြို့သို့ သင်ခြံရောင်းရန် သွားကြပါသည်။

ထိုသို့ သွားရာတွင် မန္တလေးဘူတာမှ ရန်ကုန်ဘူတာအထိ မီးရထားပေါ်၌ တွေ့ရှိသမျှ ရဟန်းရှင်လူတို့က ဆရာတော်ဘုရားကြီး ဘယ်လိုအခြေရှိသလဲ၊ ဆရာတော်ဘုရားအတွက် စိုးရိမ်ပူပန်နေကြပါသည်။ ကျန်းမာစေရန် အမြဲဆုတောင်းလျက်ရှိပါသည် ဟုပြောဆိုကြပါသည်။

သံဃာတော် အရှင်မြတ်များကလည်း ဆရာတော်ဘုရားကြီးသည် သာသနာတော်တွင် မည်သည့်အချိန်ကမျှ မပေါ် ပေါက်ဖူး သေး သည့်၊ နောက် သာသနာတော် အတွက် အလွန် အကျိုးများမည့်၊ ရန်ကုန်နှင့်မန္တလေး နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများကို ဆောက်လုပ်နေဆဲဖြစ်၍ ဆရာတော်ကြီး မတော်တဆ ဖြစ်ခဲ့သော် တက္ကသိုလ်ကြီး ဆောက်လုပ်ရာမှာ ထိခိုက်နိုင်ပါသည်။ သာသနာတော်အတွက် ဆရာတော် မရှိလျှင် ဆုတ်ယုတ်နိုင်သဖြင့် ဘုန်းကြီးတို့က ဆရာတော်ကြီး ကျန်းမာစေရန် အမြဲဆုတောင်းနေပါသည်ဟု ပြောဆိုကြပါသည်။

ရန်ကုန် ရောက်၍ ရန်ကုန်မြို့မှ ပန်းတနော်မြို့သို့ သင်္ဘောနှင့်သွားရာ ရထားပေါ်မှာကဲ့သို့ပင် တွေ့သမျှ လူရှင် ရဟန်းတို့က "ဘုန်းကြီးတို့က ဝေးနေတော့ ပျံတော်မူပြီတောင် ကြားနေရတာ၊ ဒကာကြီးတို့နဲ့ တွေ့ရတော့မှ မဟုတ်ဘူးဆိုတော့ ဝမ်းသာလိုက်တာ" ဟု သင်္ဘောပေါ်မှာလဲ ပြောဆိုနေကြပါသည်။

တွေ့သမျှ ကြုံသမျှ ရဟန်း ရှင် လူတို့သည် ဆရာတော်အား လေးစားကြသည်၊ ချီးကျူးကြသည်၊ ကြည်သိုကြသည်သာ ဖြစ်ပါကလားဟု စဉ်းစားမိပါသည်။

မန္တလေးပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဆရာဝန်ကြီး ဦးထွန်းသင်အမျှူးပြုသော ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများ၏ စေတနာသဒ္ဓါတရား ထက်သန်စွာနှင့် ဆေးကုသမှုကြောင့်တစ်ကြောင်း။

ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှနှင့် ဆရာကတော် ဒေါ်ခင်ညွန့် ဦးဆောင်သော ရန်ကုန်မြို့မှ တိ=နိအဖွဲ့ဝင် ဥပါသကာမတို့၏ အနီးကပ်ပြုစုစောင့်ရှောက်မှုကြောင့် တစ်ကြောင်း။

မန္တလေးမြို့မှ ကျောင်းအမကြီး အမေညွန့် ဦးဆောင်သော မန္တလေး တိ=နိအဖွဲ့ဝင် ဥပါသကာ၊ ဥပါသိကာမတို့၏ ပြုစုစောင့်ရှောက်မှုကြောင့်တစ်ကြောင်း။

ထိုသို့ အကြောင်းများစွာတို့ကြောင့် ဆရာတော်ဘုရားကြီး ကျန်းမာ ချမ်းသာလာ၍ သာသနာပြုလုပ်ငန်းများကို ရွက်ဆောင်နေနိုင်သည်မှာ စင်စစ် "အသက်ကယ်တဲ့ ရှည်စေလို မြန်နွှာရေချိုသန်းတယ် မန်းတောင်ရိပ်ခို" ဆိုသည့် မန်းတောင်ရိပ် သုဘဒ္ဒါဆောင်သို့ ခိုမိသည့် အကြောင်း တစ်ကြောင်းလည်း ပါဝင်သည်ဟု ဆိုလိုပါသည်။

ထိုကဲ့သို့ ဆရာတော်ဘုရားကြီး မန်းတောင်ရိပ်ခိုမိအောင် အမြော်အမြင်ကြီးစွာနှင့် သုံဘဒ္ဒါဆောင်ကို မန်းတောင်ခြေ၌ ကြိုတင်ဆောက်လုပ်ခဲ့သည့် ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှအား လည်း ချီးကျူး၍ မကုန်ပါကြောင်း ရေသားတင်ပြရင်း တိပိဋကဆရာတော်ဘုရားကြီး အသက် ၁၂၀ ရှည်ကြာ၍ သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလျက်-

ဥက္ကဋ္ဌ ဦးညီ
စစ်ကိုင်းတောင်ရိုး သရက်ပင်ဆိပ် ရေခဲအသင်း
စစ်ကိုင်းမြို့။

ယုဝတီ

ရွှေဝါစိန်

ရဲပန်ယာဝန်ဒုက္ခ

ပန်းချီ မောင်ကျော်ညွှန့်•အဖို့

ရှိခိုးပန်တွား ဝန္ဒနာ

ထေရ်မြတ်အသျှင်၊ တို့သခင်ကား၊ သုံးဘင်သာသနာ၊ တည်စိမ့်ဌာဟူ၊ ဇရာဒုဗ္ဗလ၊ အချိန်ကျလည်း၊ ကြီးစွလုံ့လ၊ ဥဿဟဖြင့်၊ နေ့ညမပြတ်၊ လုပ်ဆောင်တတ်၏၊ ထေရ်မြတ်ဆရာ၊ လက္ခဏာလည်း၊ လေးဖြာသန္ဓ၊ လွန်ညီမျှ၍၊ တကွလေးမြတ်၊ ကြည်ညိုညွှတ်မိ၊ ရူပပွမာဏ=ရူပပွသန္ဓ၊ လှုပခန့်ငြား၊ သဒ္ဓါပွားကြ၊ အများဆည်းကပ်၊ မပြတ်နာချင်၊ သံစဉ်ပြေလျော်၊ ဃောသပွမာဏ = ဃောသပွသန္ဓ၊ စသည့်တရား၊ ပြည့်စုံငြားရှင့်၊ လေးပါးပစ္စည်း၊ အရသည်းလည်း၊ သုံးနည်းခွေတာ၊ လူခပွမာဏ = လူခပွသန္ဓ၊ မြတ်ဓမ္မကို၊ မြဲစွဲကျင့်သုံး၊ မပြီးဆုံးသေး၊ ကျင့်သုံးဝိနည်း၊ သိပ်သည်းညီစွာ၊ ကျင့်သိက္ခာနှင့်၊ မြတ်စွာဓူတင်၊ မေတ္တာယှဉ်တတ်၊ ဓမ္မပွမာဏ = ဓမ္မသန္ဓ၊ သီလသမာ.ဓိပညာဖြင့်၊ လွန်စွာပြည့်ငြား၊ မြတ်ဘုရား၏၊ သားတော်အစစ်၊ ကေန့်ဖြစ်၍၊ သျင်ချစ်မြတ်စွာ၊ ဟောညွှန်ပါသည်၊ သုံးဖြာပိဋကတ်၊ နှံ့စပ်သိမြင်၊ သံရှစ်အင်ဖြင့်၊ နားတွင်းချီသာ၊ သာယာနာဘွယ်၊ ဂုဏ်ပေါင်းကြွယ်လှ၊ မြိုင်လှယ်တောတိုင်း၊ အရိုင်းသစ်ပင်၊ ပေါများလျှင်လည်း၊ မည်တွင်စန္ဒကူး၊ ထိပ်ခေါင်ဖူးမှာ၊ လွန်ထူးရှားပါး၊ သည်စကားသို့၊ ပတ္တမြားမှန်ဘိ၊ မရှိတောင်တိုင်း၊ တွေးချင့်နှိုင်းမိ၊ တို့၏ဆရာ၊ မြတ်ဘုန်းလျာဏ၊ အခြားမရှိ၊ ပကတိထူးခြား၊ တစ်ပါးတည်းသာ၊ ဆိုထိုက်ပါ၏၊ သာသနာသုံးရပ်၊ အကျင့်မြတ်ဟူ၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ စွယ်စုံရသား၊ သံဃမဟာ၊ နာယကာဟူ၊ ဦးစွာပထမ၊ ပါဝင်ရ၍၊ သာသနာ့သန့်ရှင်း၊ ထွန်းခတာက်လင်းအောင်၊ အကျိုးဆောင်ခဲ့၊ မြန်ဘောင်အတွင်း၊ လှည့်လည်ရင်းဖြင့်၊ ခပင်များစွာ၊ ဝေနေယျာကို၊ ဒေသနာတရား၊ ဟောညွှန်ကြား၏၊ တရားရွေစည်၊ တီးတိုင်းမြည်ဘိ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ-ဂါရိက ဘွဲ့ရအကျော်၊ နိုင်ငံတော်က၊ ချီးပဂုဏ်ပြု၊ နှိုင်းတုစရာ၊ မမြင်ပါတည့်၊ သံဃာတော်များ၊ အားထားတွယ်တာ၊ သင်ရာစံပြည့်၊ တုမရှိသော ပရိယတ္တိ၊ ဘုန်းရှိသာသနာ၊ စည်ပင်ရာကို၊ တက္ကသိုလ်ကျောင်း၊ ပြီးမြောက်ကြောင်းတွက်၊ ရက်ဆက်မနား၊ လှည့်လည်သွားပြီး၊ တရားဟောပြ၊ ဒါနအလှူ၊ လက်ခံယူသည်၊ တို့ဉီးသူပြည်သား၊ ဒါယကာများလည်း၊ ရွှင်အားနူမော်၊ အုတ်အော်သောင်းနင်း၊ ရင်တွင်းကြည်လင်၊ သဒ္ဓါစင်၍၊ ဘဝင်ရွှင်လန်း၊ ပေးလှူဒါန်းကြ၊ ရေစက်ချပွဲ၊ နယ်တိုင်းနွေပေါ့၊ ဗဒ္ဓဂုဏ်ပြု၊ ရတုသီဖွဲ့၊ ရေးစီနွဲ့သူ၊ ကျွန်မှာမူဘေး၊ တွေးယူဉာဏ်ထုတ်၊ ဂုဏ်ပုဒ်မြောက်များ၊ ရေးသားဖုံဖုံ၊ အစွမ်းကုန်လည်း၊ ပြည့်စုံပြီပဲ၊ မဆိုရဲရှင့်၊ သဲသဲလှုပ်မျှ၊ ချီးကျူးကြသည့်၊ "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒန္တန္တဝိစိတ္တာသာရာဘိဝံသ" ထေရအရှင်၊ တို့သခင်ကို၊ ကြည်ရွှင်မြတ်လေး၊ ဂုဏ်ကိုတွေးလျက်၊ ငြိမ်အေးစီရီ၊ စာပန်းချီဖြင့်၊ ခြယ်သီဖွဲ့ကျူး၊ တင်ဉီးရှိခြောင်း၊ သွယ်ဖယောင်းခက်၊ ဆယ်ချောင်းလက်ဖြင့်၊ ထိပ်ထက်ဖြန့်မိုး၊ ပျပ်ဝပ်လျှိုးသည်၊ ရှိခိုးဝန္ဒနာပါ....ဘုရား။ ။

စာရေးဆရာမ ယုဝတီရွှေဝါဖိန်



အဘိဓဇမဟာရဋ္ဌဂုရုကာ၊ ရန်ကုန်၊ ပူဇော်ပွဲ

စာဆိုဇော်မဟာသရေစည်သူ

ဦးချမ်းသာ (အိုင်၊စီ၊အက်စ်) အငြိမ်းစား လက်ဝဲမင်းညို

(၁) နေပန်ဝါလျှင်၊ စကြာရဟတ်၊ မြင်းမိုရ်ပတ်၍၊ နေနတ်ကသည်၊ မေထုံလည်သော်၊ ထုံရည်စံပယ်၊ ကြိုင်လိုင်ကြွယ်လျက်၊ လူ့နယ်ခေါ်လစ်၊ သင်္ကရာဇ်ကား၊ တစ်ထောင်သုံးရာ၊ လေးဆယ်သာ၍၊ ညွှန်ကာအစွန်း၊ ခြောက်နှစ်ထွန်းသော်၊ အောင်ကွန်းမှန်လှ၊ မဟာဌာနဟု၊ ပါသာဏမဟာ၊ လိုက်ဂုသာတွင်၊ မဟာသမယ၊ နေပြတ်လှ၍၊ အဂ္ဂမဟာ၊ ပဏ္ဍိတာဟု၊ မဟာတောင်ရွှေ၊ လေးရောင်ခြွေသည့်၊ ရွှေ-ငွေ-ဖန်-ပြာ၊ လေးဘက်လှသို့၊ မဟာဝိနယ၊ စံတင်ပြလျက်၊ နောက်ကဆက်ကာ၊ မဟာအဘိဓမ္မ၊ စံပြောက်လှ၍၊ မဟာဒီဃ၊ နိကာယနှင့်၊ မဟာဂုဏ်ရ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ၊ ဂါရိကာဟု၊ ဝိစိတ္တာသာရ၊ ဘိဝံသကို သာသနာ့မင်း ပူဇော်ခြင်းပြင့်၊ ဆက်နွှင်းပြတ်လှ၊ အဘိဓဇ၊ မဟာပြဿ၊ ရဋ္ဌဂုရု၊ ပြည်သူ့ဆရာ၊ ဘွဲ့မဟာပြင့်၊ စာတော်ရွှေလိပ်၊ ဘွဲ့တော်နှိပ်လျက်၊ တံဆိပ်ဆက်ပွဲ၊ အုံမရဲတည့်၊ အုံအဲ့အုံသြော်၊ လူနတ်မျော်သာ၊ ဘုန်းတော် ပါရမီ၊ နွယ်သာကီလှင်၊ စုံညီသိက္ခာ၊ သုံးရောင်ပြာလျက်၊ သာသနာ့ကျိုး၊ ရာကျော်ကြိုးဟု၊ ထက်မိုးဒေဝါ၊ နတ်ဗြဟ္မာနှင့်၊ ဆုံကာခင်း၊ လှုမင်းမင်းတို့၊ ဘွဲ့နှင်းဆက်ရာ၊ လိုက်မဟာတွင်၊ မဟာတေဇော်၊ မဟာပုံကို၊ ရှိုင့်ဆန်းကြာ၊ တင်ဦးပြာလျက်၊ ဩဘာထောင်စည်၊ မြွက်သာကြည်ပြင့် သံရှည်ခဲနက်၊ တောင်းဆုဆက်သည်။

တက်နေရောင်မြူး၊ သက်တစ်ရာကြူး၍၊ ထူးတည့်လေး။ ။
လက်ဆွေခေါင်ကြူး၊ ထက်ပြဟ္မာဦး၍၊ ဖူးမည့်ရေး။ ။
ထက်ဝေတောင်ဦး၊ သင်္ကရာမှူး၍၊ ကျူးသည့်တေး။ ။

(၂) ဆွေစန္ဒာလျှင်၊ ပုဏ္ဏာဝန်းပြည့်၊ ဇမ္ဗူလှည့်၍၊ ထွန်းစည့်လျှံပ၊ ကြယ်ဇော်ဌနှင့် သဘင်မဟာ၊ ကြယ်ညီလာ၌၊ နှစ်ဖြာတူပြိုင်၊ နန်းချင်းဆိုင်သော်၊ ဘုန်းလှိုင်ညွန့်ခို၊ ပါရမီကြောင့်၊ သုံးလီပိုမူက၊ မြတ်ဓရုနှင့် ဓမ္မဘဏ္ဍာ၊ ဂါရိကာဟူ၊ ဝိစိတ္တာသာရ၊ ဘိဝံသဟူ၊ ဓမ္မစေတီယ၊ ထူးမြတ်လှလျှင်၊ ဆဋ္ဌမံမှ၊ သံဂယနာ၊ တင်ဆောင်ရာဟူ၊ မဟာဓမ္မ၊ သဘာယဝယ်၊ ဆဋ္ဌသံဂီတိ၊ ဝိသဇ္ဇက ဓမ္မအရာ၊ အာနန္ဒာဟူ၊ မြတ်စွာညီရှင်၊ ထေရ်သခင်၏၊ မွေစဉ်ကျူးသက်၊ ခံယူဆက်၍၊ နက်နဲဖြေရာ၊ ဝိနည်းမှာလည်း၊ ဥပါလိမွေ၊ ခံယူပေဘည့်၊ တထွေနိုင်ငံတော်၊ ခေါ်တွင်မည်ရ၊ သံဃမဟာ၊ နာယကဖွဲ့တော်၊ ကျူးဆောင်ကျော်ဟူ၊ ထင်ပေါ်ထူးလှ၊ ဝိစိတ္တတွင်၊ သာရဆက်ကာ၊ ဘိဝံသလျှင်၊ သာသနာသန့်ရှင်း၊ တည်တံ့ခြင်းနှင့်၊ ပွင့်လင်းပြန့်ရေး၊ အားသွန်ပေးလျက်၊ စည်းဝေးသံဃာ၊ ဂိုဏ်းစုံစွာ၌၊ မဟာဂုဏ်မြောက်။ တံခွန်ဆောက်သား၊ မောဂ္ဂလိပုတ္တ၊ တဝထေရ်ရဟံ၊ မွေဆက်ခံသို့၊ စံမြင့်မော်ဝင်၊ ရွှေကွန်းတင်သည့်၊ စုံလင်ဓိပတိ၊ လေးပါးညှိလျက်၊ အဘိဓဇ၊ မဟာရဋ္ဌဂုရု၊ ပြည်သူ့ဆရာ၊ ထေရိန္ဒာဟူ၊ ဝိစိတ္တာသာရ၊ ဘိဝံသလျှင်၊ သာသနာ့ရောင်ခြည်၊ ပွင့်လင်းစည်၍၊ ပြည်ပြည်ကမ္ဘာ၊ ထွန်းစိမ့်ငှာဟူ၊ သုံးဘဝသွေချင်၊ မြတ်ဘုန်းခေါင်တို့၊ ဦးဆောင်ညွှန်ပြ၊ တာဝန်ချ၍၊ တက္ကသိုလာ၊ နာလန္ဒာသို့၊ မန္တလာဘူမိ၊ အောင်သိဒ္ဓိနှင့်၊ သီရိမင်္ဂလာ၊ ဘူမိန္ဒာတွင်၊ မဟာနှစ်ဖော်၊ နိုင်ငံတော်၏၊ မြင့်မော်ပရိယတ်၊ တက္ကသိုလ်မြတ်ဟူ၊ လွှမ်းပတ်ထွန်းပ၊ တောင်ရောင်ခသည့်၊ အရုဏ်နေ၊ တက်သရေသို့၊ ထက်ဝေါဟာရ၊ ခရီးဆောင်ဟူ၊ ဘုန်းခေါင်သိကြား၊ မိန့်မြွက်ထားတည့် နတ်များနှစ်ခြိုက်၊ တံခွန်စိုက်မည့်၊ ကျောင်းတိုက်နှစ်ဆူ၊ အောင်လံထူ၍၊ ဝှန့်ဆူသံဃ၊ ဆေးရုံလှကို၊ မြမန်းတောင်ခြေ၊ ဘုံဆောင်ဝေလိမ့်၊ တေဇာတေဇိန်၊ ဇေယျသိန်နှင့်၊ သီရိန်သီရိ၊ ဘုန်းတန်းရှိဟူ၊ သိဒ္ဓိဂုဏ်အင်၊ သီဝလိရှင်သို့၊ လာဘ်ရွှင်ဆုလှ၊ တောင်းတိုင်းရ၍၊ အဘိဓဇမဟာ၊ ထေရ်မဟာ၏၊ မဟာသက်တော်၊ ရာ့ရှစ်ကျော်ဟူ၊ မြွက်ဖော်သံဝှန်း၊ အောင်စေညွှန်းတည့်၊ ထွန်းလင်းလှဖြာ၊ မြင်းမိုရ်ချာမှ၊ မြွက်သာမိန့်သံ၊ ဝိသုကံလျှင်၊ နာခံဦးရွက်၊ လက်စုံယှက်သည်။ ။

တက်ဝေတောင်ဦး၊ သင်္ကာရာဇ်မှူး၍၊ ကျူးသည့်တေး။
တက်နေရောင်မြူး၊ သက်တစ်ရာကြူး၍။ ထူးတည့်လေး။
လက်ဆွေခေါင်ကြူး၊ ထက်ပြဟ္မာဦး၍၊ ဖူးမည့်ရေး။

မှတ်ချက် *"စက်ဝန်းမိုးစွေ"(၁၂) လုံး (၃) ထပ် (၃)ပိုဒ် = ဇမ္ဗူတံခွန် (၃) ဆင့်ချွန် မျှနည်းဖြင့် တရာ့ရှစ်ပုံ စက်တော်စုံကို ကြာငုံထိပ်တင် ရှိပန်ဆင်သောအားဖြင့် လည်းကောင်း၊ သက်တော်ရှည်လျား တစ်ရာ့ရှစ်ပါးသော ဇထေရ်ဘုရားကြီးများအား ညွတ်ထွားကော်ရော် ပူဇော်သောအားဖြင့် လည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားအား ခံ့ကျန်းဘုန်းလှစ် သက်တော် တစ်ရာ့ရှစ်ပြည့်ရန် ဆုပန်ဆင်သောအားဖြင့် လည်းကောင်း၊ (၁၀၈) လုံးဖြင့် ကန်ဇော့ပူဇော်ပါသည်။

ပထမပိုဒ်တွင် မဟာ (၁၄)၊ ဒုတိယပိုဒ်တွင် (၇)၊ တတိယပိုဒ်တွင် (၆) ပေါင်း၊ မဟာ (၂၇) ချက် ပါဝင်သည်ကို သတိပြုပါရန်။

(ဂီတလုလင် မောင်ကိုကို ဖတ်ကြားပူဇော်သည်။)

လက်စဲမင်းညို

မင်းကွန်းအလှဘွဲ့

၁၀၊ ဝေါ စကားထပ်

မြစ်ကြီးရော ခွေကာခ၊
သေလာပဗွတ နောက်ကားခံ၊
နေမှာ တောက်ကြွ ကျောက်ပတ္တမြားဟန်လို၊
မောက်ကြွားအလှ ပြိုးပြက်မြူး။

စေတီပုထိုး အမျိုးစုံလင်သည်၊
တန်ခိုးဂုဏ်အင် နတ်နန်းဘုံသို့ထူး။ ။

သူတော်ကောင်းတို့ ခိုအောင်းမှန်သည်၊
ထိုထိုကျောင်းကန် ရေထွက်ဦး၊
တန်ဆောင်းဗိမန် ဖိတ်လှမြူးလို့၊
နိဗ္ဗာန်ကူးဖို့ ဆိပ်ကမ်းမည်၊
ပဋ္ဌကတ်သုံးသွယ် နိကာယ်လှမ်းမည့်၊
ကြီးကျယ်ရဟန်း ရွှင်လန်းစံပျော်တည်။ ။



တိပိဋကဓရမထေရ်သည်၊
အမတပြည် ဖော်ကာညွှန်းလို့၊
သော်တာဝန်းသို့ ပတ်သန်းခြံရံကာ၊
မဂ်နန်းစံသည့်ရွာ။ ။

ဓညာဝါသ ရပ်ရွာနာငယ်၊
အမြတ်သာသနာ ထိန်လင်းပါဘိလေ။ ။

မင်းကွန်းဂါမ သဘာဝအရာမှာ၊
ပဿာဒရောင်ဝါစိန်အဆင်း သာဘိလေး။ ။

ထီးချိုင့်၊ မိုးနတ်ရွာ



(၁) နေလတာရိန်။ ။တောက်ပြောင်ထိန်သား၊ ပေါ်ချိန်ဦးစွာ့၊ ကပွာစတွင်၊ အမှောင်ပယ်ဖျောက်၊ အလင်းဆောက်၍၊ ထက်အောက်လောက၊ ပြည့်ဆန္ဒသို့၊ ဇူမျှခုခါ၊ ဤကမ္ဘာတွင်၊ အဝိဇ္ဇာမှောင်၊ ကွယ်ပျောက်အောင်ဟူ၊ ရှေ့ဆောင်ပရိယတ်၊ အခြေမြတ်ကို၊ လွှမ်းပတ်ကမ္ဘာ၊ ထွန်းလင်းဖြာလျက်၊ ကမ္ဘာအေးကြောင်း ချမ်းသာပေါင်းနှင့်၊ ရှည်ကောင်းသာသနာ၊ ငါးထောင်ကြာခအောင်၊ တက္ကာသီလာ၊ နာလန္ဒာသို့၊ ဖြန့်ရာဌာန၊ ဟည်ဆောက်ကြဟူ၊ ဒေဝညွှန်းရာ၊ ဘူမဟာ၏။ “ကမ္ဘာအေး” ကုန်းမြေ သီရိဇေတွင်၊ ဘုန်းဝေသံဃ မဟာနာယကတို့၊ ပရိယတ်ဂုဏ်ဖြာ၊ ကျောင်းမဟာ၏၊ မဟာဌာန၊ ကိုးနဝကို၊ စ၍အုတ်မြစ်၊ ချတုံလစ်သား၊ သကြာဇ်တစ်ထောင်၊ သုံးရာဆောင်၍၊ ထွန်းပြောင်လေးဆယ်၊ ခြောက်နှစ်ကယ်သော်၊ မိုးလယ်ပါဒ်ညီ၊ ဘဂုနီနှင့်၊ စန္ဒီစန္ဒာ၊ ပုဏ္ဏမာတွင်၊ ယှဉ်လာထွန်းခိုန်၊ သာစွာ့မိန်တည့်၊ အာလိန်ငါးဆင့်၊ ဂေယန်မြင့်မှ၊ နတ်နှင့်ဒေဝါ၊ ကောင်းကြီးညာလျက်၊ ဒါယကာပေါင်း၊ အောင်ဆုညောင်းတည့်....၊ တစ်ပေါင်းမာသ၊ ပေါ်နေလတွင်၊ သာသနာ့ရောင်လင်း၊ မိုက်မှောင်ခွင်းလျက်၊ အောင်ခြင်းရှစ်ဖြာ၊ မြတ်ဇီနာ၏၊ သာသနာရောင်ဝှန်း၊ ငါးထောင်ညွှန်းသည်။ ။

နေဝန်းစက်လည် ခေါင်တည်လှမ်း၍ ဖြာစည့်စည့်၊
ဝေဖွန်းထက်ပြည် အောင်စည်ရှုမ်း၍ လာလှည့်လှည့်၊
ခေနန်းတက်မည် ရောင်ခြည်လျှမ်း၍ သာတည့်တည့်။ ။

(၂) ဒေဝရာဇိန်၊ ။မာ, မာဃိန်ကား၊ သီရိန်ထွန်းတင့်၊ လေးရောင်ဖွင့်လျက်၊ မြင့်မိုရ် မတ္တိုင်၊ လေးရောင်ပြိုင်သား၊ ဦးကိုင်ညွှန့်ကြွား၊ ဒေဝယန်ဖျားမှ၊ ဘုရားမြတ်စွာ၊ သာသနာကို၊ စောင့်ကာရိကျိုး၊ လက်စုံမိုးလျက်၊ မြင့်ဖြိုးသာသနာ၊ ငါးထောင်ကြာအောင်၊ ဒေဝါနတ်စက်၊ မမှစက်နှင့်၊ မင်းစက်ကူကာ၊ ဆောင်ကြဉ်းလာ၍၊ သာသနာတော်သက်၊ ငါးထောင်ဝက်မှ၊ စွန်းထွက်နှစ်ဆယ်၊ ရှစ်နှစ်ကယ်လျက်၊ မိန်လယ်ထွန်းသစ်၊ သင်္ကာရာဇ်ဝယ်၊ ရှင်ချစ်မြတ်စွာ၊ သာသနာ၏၊ မဟာသိမ်မော်၊ မြတ်ထီးတော်တွင်၊ မိုးပျော်တိမ်ယံ၊ ဝိသုကံ၏၊ စီမံအထူး၊ ကိုးမျက်ကြူးသည့်၊ စိန်ဖူးနဝရတ်၊ အထွတ်မြတ်ကို၊ နတ်ဆောင်မြူးကြွ၊ သိန္နောကသည့်၊ မာတလိနှင့်၊ ဝေယန္တယာဉ်ဖြင့်၊ ဝေဟင်ခရီး၊ ပင့်လာပြီး၍၊ ထီးတော်ထွတ်တွင်၊ စိန်ဖူးဆင်က၊ လှူရှင်ဒါယိကာ၊ မိမာတာဟု၊ သာသနာ့မိခင်၊ ဂုဏ်ပေါ်လွင်သား၊ များဖြင့်ကုံလုံ၊ ဒေါ်ဒေါ်ဖုံနှင့်၊ ပြည့်စုံပုံဆင့်၊ သား"ဦးမြင့်"တို့၊ ထူးတင့်စုံစွာ၊ မြတ်လှူဒါကို၊ ဒေဝါလူနှင့်၊ သာဓုဆင့်လျက်၊ ကျူးရင့်ကြွေးကာ၊ ကောင်းကြီးညာက၊ ပဌာသိခ်၊ ဗေလုဝ၏၊ စွမ်းပြနတ်စောင်း၊ ဘိသာတောင်းတည့်၊ ရင့်ညောင်းသံဝှန်း၊ ခေမာညွှန်းသည်....။

ဝေဖွန်းတက်ပြည် အောင်စည်ရှုမ်း၍ လာလှည့်လှည့်၊
ခေနန်းတက်မည် ရောင်ခြည်လျှမ်း၍ သာတည့်တည့်၊
နေဝန်းစက်လည် ခေါင်တည်လှမ်း၍ ဖြာစည့်စည့်။ ။

(၃) ဓနဇဓဇိမိန်။ ။ဇေယျသိန်တည့်....၊ ဘူမိန္ဒရာ၊ ဘုန်းသစ်ဖြာသား၊ မင်္ဂလာချက်ပွေ၊ ကုန်းရာဇေဟု၊ အောင်မြေမှန်လှ၊ ထွန်းတေဇနှင့်၊ ဆဋ္ဌသံဂါ၊ တင်ဆောင်ရာဟု၊ ပါသာဏမဟာ၊ လိုက်ဂူသာနှင့်၊ သုံးရွာကြော်ကြွေး၊ "ကမ္ဘာအေး"တို့၊ စုဝေးဆုံရာ၊ သုံးရောင်ဖြာသား၊ သာသနာမြေမြတ်၊ ပရိယတ်ထွန်းရာ၊ တက္ကသိလာကို၊ ဒေဝါညွှန်ပြ၊ ရွေးချယ်ကြ၍၊ အဘိဓ မဟာရဋ္ဌဂုရု ပြည့်သူ့ဆရာ၊ ထေရ်မဟာဟု၊ ဝိစိတ္တာသာရ၊ ဘိဝံသလျင်၊ စံပြတန်းဆောင်၊ ရှေ့ဦးဆောင်လျက်၊ ဝန်ဆောင်ယူကာ၊ နတ်ကူလာ၍၊ ဝေဆာမြိုင်မြိုင်၊ ပဒေသာခိုင်နှင့်၊ ပြီးပိုင်ပြောင်မြောက်၊ အပြီးရောက်ဟု၊ တည်ဆောက်ဆဲဆဲ၊ "အုတ်မြစ်"ပွဲတည့်၊ ဆင်နွှဲစုံစွာ၊ မြတ်သံယံနှင့်၊ မဟာထေရ်ကျော်၊ ရာ့ရှစ်ဖော်တို့၊ ဇမ္ဗော်ရွှေလှစ်၊ ငွေကျောက်ရစ်နှင့်၊ အုတ်မြစ်စီချ၊ ကိုးဌာနတည့်....။ ထိုမှတစ်ဖြာ၊ ထူးမြတ်ပါသား၊ မဟာထေရ၊ "ဘိဓ"က၊ "ပယောဂသိဒ္ဓိ" အောင်သိဒ္ဓိကို၊ သိဒ္ဓိတင်ကာ၊ ရာထောင်သာအောင်၊ ဖြန့်ကာဓမ္မ၊ မြတ်ဒါနတည့်....။ သာစွဲတပေါင်း၊ နတ်လူပေါင်းလျှံ၊ စုပေါင်းကုသိုလ်၊ များထိုထိုကြောင့်၊ မင်္ဂိုလ်ဖြောင့်တန်း၊ ရည်မှော်မှန်းသည်။ ။

ဝေနန်းတက်မည် ရောင်ခြည်လျှမ်း၍ သာတည့်တည့်၊
နေဝန်းစက်လည် ခေါင်တည်လှမ်း၍ ဖြာစည်စည်၊
ဝေဖွန်းထက်ပြည် အောင်စည်ရှုမ်း၍ လာလှည်လှည်။ ။

စစ်ဆိုဝုဓဇသူ
မဟာသဇေ္ဇဉသူ ဦးချစ်သာ
(ထက်ဝမင်းညို)



မဟာအဂ္ဂါဘိဓေမင်္ဂလာရတုဗိုဇ်စုံ

၁။ အောင်ဓေမြမြမန်း။ ။တောင်ရွှေနန်းနှင့်၊ ရောင်စန်းယှက်ကာ၊ ပုံရတနာတွင်၊ ရွှေဗျာသိုက်ညွှန်း၊ သုံးရောင်ထွန်းသား၊ ခေါင်းစွန်းစန္ဒီ၊ သဝဏ်နှင့်၊ ပုဏ္ဏမီပြည့်ဝန်း၊ ဘိုသိက်သွန်းက၊ ကြာဂန်းတောက်ပ၊ ထွန်းသည့်လဟု၊ သက္ကရာဇ်တစ်ထောင်၊ သုံးရာဆောင်၍၊ ရွှန်းပြောင်လေးဆယ်၊ ခြောက်နှစ်ကယ်သော်၊ ကိုးသွယ်ဂုဏ်အင်၊ ပြည့်စုံလင်သား၊ သာဝင်တစ်လျှောက်၊ တံခွန်ဆောက်လျက်၊ စံမြောက်စံပေါင်း၊ မယှဉ်တောင်းဟု၊ တစ်သောင်းရှစ်ပြန်၊ လေးထောင်လွန်သည့်၊ ခန္ဓာဓမ္မ၊ စေတီယကို၊ တည်တစ်ကိုယ်တွင်း၊ ပူဇော်လျင်း၍၊ မင်းမင်းညွတ်ခ၊ ဦးနှိမ်ချသား၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ၊ ဂါရိကာနှင့်၊ မဟာအဂ္ဂ၊ ပဏ္ဍိတဟု၊ ဝိစိတ္တာသာရ၊ ဘိဝံသတည့်၊ သံဃနာယကာ၊ ဖွဲ့မဟာ၏၊ ဟိတာကျိုးဆောင်၊ သာဝင်ပြောင်လျှင်၊ ဘုန်းခေါင်သာသနာ၊ ငါးထောင်ကြာအောင်၊ ကမ္ဘာပြည်ပြည်၊ ပြန့်ပွားစည်ဟု၊ ခိုင်တည်ခြေမြဲတ်၊ ပရိယတ်တက္ကသိုလ်၊ မန်းရိပ်ခိုနှင့်၊ ရန်ဖြိုအောင်မှန်၊ သာရပ်ဌာန်ဟု၊ ရန်ကုန်သာစွ၊ မျှ ပေါင်းခတွင်၊ တက္ကသိုလာ၊ နာလန္ဒာသို့၊ တည်ကာရွှေဆောင်၊ တာဝန်ဆောင်သည့်၊ တန်ဆောင်ပမာ၊ ထေရ်မဟာကို၊ မဟာအဘိဓဇ၊ ရဋ္ဌဂုရု၊ ဘွဲ့မြတ်ဆုဖြင့်၊ ရတုသဘင်၊ ပွဲကြီးယင်လျက်၊ စုံလင်မင်းမင်း၊ ဘွဲ့ကပ်နှင်းက၊ ခပင်းနက်လူ၊ ပူဇော်မူ၍၊ ဆွတ်ချူခြွေကာ၊ တောင်းဆုဖြာသည့်၊ မဟာသက်မော်၊ ရာ.ရှစ်ကျော်လျက်၊ ဘုန်းတော်ပွင့်လန်း၊ ဘုန်းတင့်တန်းသည်။ ၊



မဟာသရေစည်သူ
ဦးချမ်းသာ အကြီးစား အိုင်စီအက်စ်

မန်းစအာင်လယ်ယာ-တနေဖြာ၍-သာထွန်းသင်
စန်းစရောင်ယှက်ကာ-သဇေပြပြာ၍-သာဝန်းသင်
နန်းစထောင်ချက်ချာ-သစရဖြာ၍-သာဌန်းစသင်

၂။ စထောင်ချောတနန်း။ ။စန်းရောင်သန်းသည့်၊မြမန်းအောင်မြေ၊ သိရိဗွေကို၊ရေမြေပတ်ကုံး၊ ဦးညွတ်ရုံးသား၊ သုံးဆင့်သာသနာ၊ တည်ထွန်းရာဟု၊ မင်္ဂလာသိရိ၊ အောင်သိဒ္ဓိနှင့်၊ ဘူမိနက်သန်၊ မြေမြတ်ကြန်ကို၊ နတ်ဖန်တည်ထွန်း၊ ဗျာသိုက်ညွှန်းတည့်၊ ရောင်ဝှန်းသာသနာ၊ ငါးထောင်ကြာအောင်၊ ကွန္ဒာသိကြား၊ စောင့်ရှောက်ထားလျက်၊ နတ်များကူကာ၊ ထေရ်ထေရာနှင့်၊ ရာဇာပေါင်းဖက်၊ အားသွန်ချက်ကြောင့်၊ ထက်ဝက်သာသနာ၊ ကျော်လွန်ကာတည့်၊ ထိလာနဂရေ၊ မိတ်ကောင်းဆွေဟု၊ မန်းရွှေအောင်ချာ၊ တောင်လက်ယာတွင်၊ မဟာထေရ၊ ကုသလသာမိ၊ ထွန်းသိရိဟု၊ ဟိတကာရိ၊ ပါဠိဂုဏ်ရာ၊ တက္ကသိလာ၊ တိုက်မဟာ၏၊ မဟာနာယက၊ ထူးမြတ်လှဟု၊ သီလလေးပြာ၊ သိက္ခာကာမ၊ သာသနမာမက၊ ပရိယတ္တိဆေက၊ လင်္ကာပေသလ၊ ကုံလုံကို၊ အဂ္ဂဦးပြင်၊ ဆံကျင်မဟာ၊ ဟက္ကိတာနားပန်၊ ဆင်ရန်ဘွဲ့လှ၊ မင်းဆက်သတည့်၊ မြမန်းသိရိ၊ ကျော်ကိတ္တိနှင့်၊ ဇောတိကသမိုက်၊ မိုးကောင်းတိုက်၏၊ မကိုဋ်သရဖူ၊ ဆောင်းသသူဟု၊ လေးဆူသီလ၊ ဂုဏ်ကိုးဝန္ဒနင့် သုံးပါးသိက္ခာ၊ ပြည့်စုံစွာဟု၊ သုံးပြာပိဋကာ၊ ဓရရွှေးရာ၊ ဖွဲ့မဟာ၏၊ ဩဝါဒရိယ ဥက္ကဋ္ဌအား၊ မဟာထိုးရိုး၊ အဂ္ဂမိုးလျက်၊ ရွှက်ပြိုး ဟက္ကိတာ၊ ဘွဲ့-တင်လှကို၊ ရာဇရာဇာ၊ ဦးညွတ်ကာပြင့်၊ စုံပြာရှိတင် ဘွဲ့ဆက်ဆင်သော်-သုံးခွင်ရွှင်လန်း၊ အုံမခန်းသည်။ ။

နန်းတောင်ချက်ချာ–သရေဖြာ၍–သာရှုန်းသင်္ဘ
မန်းအောင်လက်ယား–တနေဖြာ၍–သာထွန်းသင်္ဘ
ဓနိဋ္ဌာန်းရောင်ယှက်ကာ–သပြေဖြာ၍–သာဝန်းသင်္ဘ

၃။ ရောင်ဇွေလဓနိဋ္ဌာန်း၊ ။အောင်မြေမန်းတွင်၊ တောင်နန်းဂိရိ၊ ဗျာညွှန်းဘိ၍၊ ဆိရိသိရိန်၊ ဇေယျသိန်နှင့်၊ တေဇိန်တေဇာ၊ ထိန်ထိန်ဝါသား၊ ခြောက်ဖြာ ဘုန်းရှင်၊ ကိုးဂုဏ်ရှင်ဟု၊ မြတ်ရှင်အောင်ရာ၊ ညောင်မြတ်စွာဟု၊ လက်ယာကိုင်းရွှေ ဗုဒ္ဓဟေမှ၊ ဇီနေကိုယ်စား၊ ရုပ်တော်ပွားကို၊ သိကြားကြည်ညို၊ နတ်လည်းလို၍၊ တက္ကသိုလ်ပရိယတ်၊ ကျောင်းဇော်မြတ်သို့၊ ပင့်လတ်ဆောင်ကြဉ်း၊ ဘိသိတ်ကျင်း၍၊ အောင်ခင်းစုံရာ၊ ပုံရတနာတည့်၊ သာသနာထိန်ဝင်း၊ ထောင်ရောင်လင်းလျက်၊ အကြွင်းသာသနာ၊ မြင့်ရှည်ကြာဟု၊ ဒေဝါသနင်း၊ ကူညီခြင်းဖြင့်၊ လူမင်းနတ်မင်း၊ ရဟန်းမင်းတို့၊ သုံးမင်းဆုံကာ၊ မြမန္တလာမှ၊ နာရဒါဘိဝံသ၊ ပရိယတ္တိ၊ သာသနဟိတ၊ သာသနဓဇ၊ သိရိပဝရ၊ ဓမ္မာစရိယဟု၊ မစိုးရိမ်တိုက်၊ ကျောင်းတော်နိုက်၏၊ သမိုက်ထူးလှ၊ နာယကကို၊ အဂ္ဂဦးသျောင်၊ လျှံပြောင်မဟာ၊ ပဏ္ဍိတာနားပန်၊ မင်းဆက်ပြန်တည့်၊ သုံးတန်စေတနာ၊ ညွှန့်ဓဇဖြာ၍၊ သဒ္ဓါစင်းလျင်း၊ ရွှေမန်းသင်းက၊ ဘုန်းမင်းခြောက်ဖော်၊ သုံးရပ်ကျော်နှင့်၊ တစ်ခေါတနန်း၊ ပဋ္ဌာန်းဘိဓဇ၊ အဂ္ဂနှစ်ကြွား၊ ကိုးပါးဘုန်းဝေ၊ မဟာထေရ်နှင့်၊ ရေသော်ဆက်ပွား၊ ဤလေးပါးတည့်၊ ထူးခြားလှစွာ၊ တိပိဋကာလျှင်၊ အဂ္ဂါဘိဓဇ၊ နှစ်ဖန်လှ၍၊ မြမန်းပွဲတွင်၊ ပထမရှုင်တည့်၊ ကြည်ရွှင်သဒ္ဓါ၊ ပွဲမဟာကို၊ ပူဇာခင်းကျင်း၊ ရွှေမန်းသင်းဟု၊ အောင်ခြင်းရှေ့ဆောင်၊ စံပြအောင်သည်။ ။

ဓနိဋ္ဌာန်းရောင်ယှက်ကာ–သပြေဖြာ၍–သာဝန်းသင်္ဘ
နန်းတောင်ချက်ချာ–သရေဖြာ၍–သာရှုန်းသင်္ဘ
မန်းအောင်လက်ယာ–တနေဖြာ၍–သာထွန်းသင်္ဘ

ဓာဆိုတော်
မဟာသရေစည်သူ ဦးချမ်းသာ



ဝွက်ဆို့

သဝရာဇေတ်လိုပုဂ္ဂိုလ်နဲ့တူတဲ့သဝရာဇေတ်

ဦးနန္ဒိယ၊ မုံရွာ၊

အကျင့်စာရိတ္တကို အမြဲတမ်း ချောင်းကြည့်နေမယ် ဆို ရင် ရှင်းရှင်းကြီး ပေါ်လာတတ်တယ်။ ဒါမှမဟုတ် အတူတကွ အနီးကပ်နေကြည့်ရင်လဲ ကောင်းမကောင်း သိသာထင်ရှားလှပါတယ်။

တချို့ပုဂ္ဂိုလ်တွေဆိုလျှင် အဝေးကတစ်ဖုံ၊ အနီးက တစ်မျိုး လေ့လာလေ ကြည်ညိုလိုမဆုံးတော့တဲ့ ပုဂ္ဂိုလ် တွေ ဖြစ်တာကိုလဲ တွေ့ရပါတယ်၊

ဟိုတုန်းကပေါ့၊ ဆရာတော်ကြီးတစ်ပါးက တံမြတ် စည်းလှည်းရင်း မြတ်ပင်လေးတစ်ပင်ကို နူတ်လိုက် သတဲ့။ အဲဒီအချိန်မှာ အခြားဆရာတော် တစ်ပါးက "ဆရာတော် မြတ်နူတ်နေတာပါလား" လို့ လျှောက် တော့ ဆရာတော်ကြီးက "လူတိုင်းလူတိုင်းမှာ ကောင်း တဲ့အကွက်ရော မကောင်းတဲ့အကွက်ရော ရှိတတ်တယ် တဲ့။ အဲဒီမှာ ကောင်းတဲ့အကွက်ကို ရအောင်ယူပါ" တဲ့။ အဲဒီလို ပြန်ပြောလိုက်ပါသတဲ့။

ဆရာတော်ကြီးရဲ့ စကားကို အလေးထားပြီး အခု ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား ကြီးရဲ့ ကောင်းတဲ့အကွက်ရော မကောင်းတဲ့ အကွက် ပါ လေ့လာလိုက်တော့ မကောင်းတဲ့အကွက် မတွေ့ရ ဘဲ ကောင်းကွက်တွေကြီးတွေ့ရပြီး အဲဒီ ကောင်းကွက် တွေက အတုမယူနိုင်လောက်အောင် တမူထူးခြားနေ ပါတယ်။

လူဆိုတာ ထူးခြားလေ စူးစမ်းမှု ခံရလေဆိုတာ ဓမ္မတာပါပဲ၊ ဆရာတော် တိပိဋကဓရ စာမေးပွဲ အာဂုံ ပြန်ဆိုစဉ်တုန်းကလဲ အစဉ်အတိုင်းသော်လည်းကောင်း၊ ခုန်ကျော်၍သော် လည်းကောင်း၊ နောက် ပြန်နေစဉ် အလယ်သို့ လည်းကောင်း စမ်းသပ် ပြန်ဆိုစေကြပါ တယ်။

အောက်စိုင်းတုန်းကလဲ ညတရားပွဲအပြီး စတုမဓုနဲ့ လက်ဖက်ခြောက်ပါတဲ့ ရေနွေးကပ်ကြပါတယ်၊ ဆရာ တော် လက်ဖက်ရည် ညနေ ဘုဉ်းပေး မပေး စုံစမ်းတဲ့ သဘောပါပဲ၊ ရေနွေးလဲ့ပြီး ခဏလောက်ကြာတော့ "ဆရာဟော် ဘုဉ်းပေးပါဘုရား" လို့ လျှောက်တော့ စတုမဓုဘုဉ်းပေးပြီး လက်တစ်ဘက်နဲ့ ရေနွေးပန်းကန် ကိုပါးစပ်နားတိုးလိုက် အောက်ချလိုက် လုပ်နေတယ်။ ရေနွေးလျှော့ရင် ငဲ့ရအောင် ကြည့်လိုက်တော့ ရေနွေး က လုံးဝမလျှော့ဘူး၊ ဘာယ်လျှော့မလဲ၊ လက်ဖက်ခြောက် ပါတဲ့ ရေနွေးမို့ ဟန်လုပ်ပြီး သောက်ပြနေတာကိုး။ ရေနံချောင်းက ဆွမ်းဒကာ တစ်ယောက် လျှောက် တာကိုလဲ ဆရာတော်က စကားပရိယာယ်နဲ့ ပြန်ဖြေ ကြားလိုက်တယ်။ အခြားတစ်ယောက်သာ အမေးခံရ ရင် မိမိ သိသလို ဖြေမှာပဲ။ မေးပုံ ကြည့်ပါဦး–

"ဆရာတော်ဘုရား၊ဒကာကြီးတစ်ယောက်ကို ဆရာတော်ကို အလျှောက်ခိုင်း လိုက်ပါတယ် ဘုရား၊ အလှူအတန်းမှာ ဘယ်အလှူဟာ အမြတ်ဆုံးတဲ့လဲ ဘုရား"တဲ့

အဲဒီတွင် ဆရာတော်က ဘာပြန်ဖြေသလဲ ဆိုတော့ "အဲဒီ ဒကာကြီး သိပြီးသား ဖြစ်ပါလိမ့်မယ်"တဲ့။

ဆရာတော်ဟာ ပိယဝါစာလဲ ဖြစ်ပြီး မှတ်သားထားလောက်တဲ့ စကားမျိုးတွေပဲ ပြောကြားလေ့ ရှိတာတွေ့ရပါတယ်။ မင်းကွန်း ရွာထိပ်မှာရှိတဲ့ မယ်တော်ကြီး ဘုရားနား ရောက်လို့ ဘုရားကြီးကို ပြုပြင်နေကြီတာကို မြင်တော့ ကားပေါ် အတူပါလာတဲ့ ဦးနန္ဒဝံသ (ဒီပဲယင်း)က-

"ဆရာတော် ဒီ မင်းကွန်းရွာ မော်တော် သမားတွေက စုပေါင်းပြီး ဘုရားကြီးကို ပြုပြင် နေကြတာလား ဘုရား"လို့ မေးလျှောက်တယ်။

ဆရာတော်က "ဦးဇင်း၊ မင်းကွန်းရွာက လူတွေက သိပ်အေးတယ် ဘုရား၊ ဒါ သူသို့ ပြင်တာ မဟုတ်ဘူး၊ ဘုန်းကြီးက အပြင်ခိုင်းထားတာ"တဲ့။

နောက် ရှိပါသေးတယ်၊ ဦးဇင်း လေး ငါးပါး ဘုရားဝတ်ပြုခါနီးလို့ ကျောင်းအောက်မှာ မတ်တတ်ရပ် နေကြတယ်။ အဲဒီအချိန် ဆရာတော်ကလဲ ကျောင်းပေါ်က ဆင်းလာရင်း တွေ့တော့ "ဦးဇင်းတို့ စာကြိုးစားကြနော်၊ စာကြိုးစားကြ၊ ကြိုးလာရင် ကိုရင်တွေ ဦးဇင်းတွေက ကိုယ့်အနား ကပ်မှာ မဟုတ်ဘူး၊ စာအုပ်နဲ့ အဖော်လုပ်ရမှာ"တဲ့။

မာန်မာနလဲ လုံးဝ မတွေ့ရသလောက်ပါပဲ၊ ဆရာတော်ဟာ တကယ်ပဲ ဘုန်းကြီးပါတယ်။ ဟောရ ပြောရ တာတွေကလဲ ဆက်တိုက်ဖြစ်နေတာ တွေ့ရလို့ တကယ်ပဲ ပင်ပန်း ဆင်းရဲလှပါတယ်။ အဲဒီလို ပင်ပန်း ဆင်းရဲတာတောင် တရားဟော ရေစက်ချအပြီး ဦးဇင်းတွေကို ဘာ ပြောသွား မှတ်တုံး၊ "ဦးဇင်းတို့ ဘုန်းက တော်ဝေါ်ကြီးတာ၊ တပည့်တော် ဦးဇင်းတို့ဘုန်း မနည်း အမှီလိုက်နေရတယ်"တဲ့။

လူတိုင်း လူတိုင်းမှာ ပိပိတို့ရဲ့ အလှူအတန်းတွေမှာ ဆရာတော်ကို တရားဟော ရေစက်ချ ပါလိုကြတယ်၊ ဒီနေရာမှာ ဆရာတော်ကို ငဲ့ပြီး အခြား ဆရာတော်တွေနဲ့ တရားဟော ရေစက်ချ လုပ်သင့်တယ် ထင်တယ်၊ ဒီလိုမှ မဟုတ်ဘူးဆိုရင် ဆရာတော်ကို ဒီလို လျှောက်သင့်တယ် ထင်တယ်၊ "ဆရာတော်၊ တပည့်တော်တို့ရဲ့ အလှူမှာ တရား မဟောပါနဲ့ သီလပေး ရေစက်ချလောက်ပဲ ချီးမြှင့်တော် မူပါဘုရား"လို့ လျှောက်ကြရင် ပိုကောင်းမလား လို့၊ ဒါပေမယ့်လေ ဆရာတော်က တရားဟောရမှာ ခံပွဲငး်တွေဝဲ့ပုံ ရှိပါတယ်၊

ဆရာတော်မှာ သိပ်အင်အား နည်းပါတယ်။ ဆွမ်း ဘုဉ်းပေးတာလဲ သိပ်မများပါဘူး၊ တချို့က အရာ တော်ကို ဆွမ်းကပ်ကြတယ်။ ကောင်းပေ့ဆိုတဲ့ ဟင်း တွေနဲ့ စီမံ ထားကြတယ်။ ဆရာတော်က ဘုဉ်းပေးခဲ့ ပါတယ်။ ဆရာတော်ကို မိမိတို့ကပ်တဲ့ ဆွမ်းဘုဉ်းပေး စေချင်ရင်တော့ပဲရာဇာခပ်ပြီး ချက်ထားတဲ့ပဲဆွမ်းရယ်၊ ဒန့်ဒလွန်ရွက် ဟုင်းချို သို့မဟုတ် ဘူးရွက်ဟင်းချိုတို့၊ ငါးကြော်ချက် ဒါမှမဟုတ် ငါးကြော် ရေနဲ့ စပ်စပ် ကြော်ထားတဲ့ ကန်စွန်းရွက်ရယ်၊ ဟင်းရွက်သုတ်ရယ်၊ ပြီးတော့ ပဲခြမ်းကြော်ကိုလဲ ဘုဉ်းပေးခါနီး ပဲနူးညံ့ သွားအောင် ရေနွေးလေး နည်းနည်း လောင်းထား ပါ။ ယိုးဒယား ခေါက်ဆွဲပြုတ်၊ အဲဒါတွေပဲ စီမံပါ။ ဒါတွေပဲ ဘုဉ်းပေးတာ များပါတယ်။

မန္တလေးဘက်မှာ ဆွမ်းစားကြွလို့ရှိရင် အင်မတန် သဒ္ဓါတရားရှိတဲ့ မိုးမိတ် ကုန်းမြေမှာ သံဃာတော်တွေ နေ့စဉ် ရက်ဆက် ဆွမ်းကျွေး ဆွမ်းကပ် မပြတ်ရအောင် တာဝန်ယူ ဆောင်ရွက်ပေးနေတဲ့ တိ=နိ သာသနာ့မိခင် ဒေါ်ရွှေညွန့်က အဲဒီ အာဟာရမျိုးကို ချိုင့်နဲ့ အမြဲ စီမံ ကပ်ရပါတယ်။

ဆရာတော်ဟာ တပည့်တွေ အပေါ်မှာ တစ်ပါးပဲ ဖြစ်ဖြစ်၊ အများကြီးနဲ့ပဲ ဖြစ်ဖြစ်၊ ကြီးကြီး ငယ်ငယ် 'မင်း' 'ငါ' ဘယ်တော့မှ သုံးတာ မတွေ့ရပါဘူး။ ကျန်းမာရေး ကောင်းတုန်းက မပြောနဲ့၊ ဆရာတော် အိပ်ယာထဲမှာပဲ ကျင်ကြီး၊ ကျင်ငယ် စွန့်မှန်း မသိတဲ့ အချိန်တောင် အသံထွက် မပြောင်းဘူး၊ ဦးဇင်းတွေက အိပ်ရာခင်းတွေ မနားတန်း လဲနေရတော့ အိပ်ရာခင်း လဲရတာလဲ သက်သာပါစေ၊ ဆရာတော်လဲ အနေအထိုင် ချမ်းသာ ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းငယ် စွန့်ဖို့ ကျင်ချောင်းကို ကျင်ငယ်ခွက်အပေါက်နဲ့ လက်နဲ့ကိုင်ပြီး ထည့်ပေးလိုက်တော့ အိပ်ရာကနိုးလာပြီး စိတ်တိုတိုနဲ့ ပြောလိုက်တာကတော့—

"ခုနကပဲ စွန့်ထားတာပဲ ဘုရား"တဲ့။

ဒါတောင် "ဘုရား"ဆိုတဲ့ စကားလုံး ပါသေး။ အခြား ပုဂ္ဂိုလ်သာဆိုရင် ဘယ်လို သုံးနှုန်းမလဲတော့ မပြောတတ်ဘူး၊ ဒါနဲ့ ကျင်ငယ်ခွက်ကို ပြန်သိမ်းထား လိုက်ရတယ်တဲ့။

တစ်ခါကလဲ ဆရာတော်ရဲ့ ပစ္စာသမဏဟာ လုပ်စရာ ရှိတာတွေ ကျုံးရုန်းလုပ်ပြီး ဆရာတော်အနားလာ ယပ်ခပ်နေရင်း ပင်ပန်းလာတယ်နဲ့ တူပါတယ်။ အဲဒီ အချိန်မှာ ပရိတ်သတ်ကလဲ များလွန်းတော့ ပစ္စာ သမဏက တစ်နေရာမှာ ခဏသွားနေလိုက်တယ်။ ဆရာ တော်မှာ နည်းနည်း စိတ်ဆိုးချင်တယ်နဲ့ တူပါတယ်။ အဲဒီ ပစ္စာသမဏကို ခေါ်ပြီး "ဦးဇင်း၊ ဦးဇင်းက တပည့်တော် နေရာမှာ နေ၊ တပည့်တော်က ဦးဇင်း နေရာမှာ နေမယ်"တဲ့။

ဦးဇင်း တစ်ပါးဆီ စာရေးသားပုံလဲ ကြည့်ပါဦး။

"ဦးသောဓက ထံသို့....

(က) ပူးတွဲပါ စာမူများကို မူရှင် အရှင်တို့ထံ အသီးသီး ကျေးဇူးပြုပေးပါ။

(ခ) ပယောဂသိဒ္ဓိ နိဿယစာအုပ်ကိုကြည့်ရှုပြီးက (ကုသိုလ်ရှင် စာရင်း ရေးလို၍) ပြန်ပေးလိုက်ပါဘုရား"တဲ့။

ရေနံချောင်း ဘက်က ဆွမ်းဒကာ တစ်ယောက်ရဲ့ ဆွမ်းတစ်ရက် တရားဟော ရေစက်ချမှာ လူက သုံး ယောက်ထဲပဲ။ လူသုံးယောက်ထဲပင် ဖြစ်လင့်ကစား စိတ် ပါ လက်ပါနဲ့တစ်နာရီ ကျော်အောင် နိဓိကဏ္ဍသုတ္တန်ကို ဟောပြီး ရေစက်ချပေးခဲ့ပါတယ်။

ဘုရားရှင် တို့ဟာ သတ္တဝါ တစ်ယောက် ဖြစ်စေ၊ နှစ်ယောက်ဖြစ်စေ၊ စကြဝဠာတစ်ခုလုံးမှာနေတဲ့ သတ္တဝါတွေပဲ ဖြစ်စေ တရားဟောလို့ ရှိရင် အညီအမျှ ဝိရိယထားပြီး တရားဟောတော်မူတယ်။ ပရိသတ် နည်းတာ မြင်လို့လဲ အားမလျော့ဘူး။ ပရိသတ်များတာ မြင်လို့လည်း ပို အားမတက်ဘူး ဆိုတဲ့ စာပေ အရှိကို လက်တွေ့အသိနဲ့ အသုံးချ ပြနေတာပါလားလို့ ထောက် မေ့ပိတယ်။

သနပ်ခါးမြစ်ဟာ ကြီးလေ ပွားလေ ဆိုသလို ဆရာတော် လဲပဲ ကြီးလာလေ မှတ်ဉာဏ်ပိုကောင်းလေ ဆိုရ မလားပဲ။ ဆရာတော်က ပရိတ်ကို ထပြတ်ထတောက် ပြောပြီး ဂါထာ ပါဠိ ကောက်ရွတ်လိုက်တော့ ကိုယ် စီဂါထာ ရပူးသလိုလို ရှိပါတယ်လောက်ပဲ သိရတော့ တယ်။ ဆရာတော်ကပြင့် ထာဒိတောင် စာတွေရတုန်း ပါပဲ။ ဆရားတော် ပြောလိုတာကစတော့ ဓနာက်ပိုင်း သာသနာမှာ ဦးဇင်းတို့ ခေါင်းဆောင် လုပ်ရမယ်၊ အဲဒီအခါမှာ ပါဠိအဖြတ်အတောက် မှန်ဖို့အကြောင်း၊ အများက ရွတ်နေတာက ယေ သန္တာ သန္တစိတ္တာ တီ သရဏ သရဏာ၊ အဲဒီမှာ ဖြတ်ပြီး ရွတ်နေတဲ့ အတွက် မှားတယ် ဆိုတဲ့ အကြောင်း၊ ဒီပါဠိဟာ ၂၁ လုံးတွဲ ဖြစ်လို့ သဒ္ဒရာဂါထာ ဖြစ်တဲ့ အကြောင်း "မြာဒ္ဒာ ယော ယောတြ ယေနတ္တိမုနိ ယတီယုကာ သဒ္ဒရာ ကိုတ္တိ ကာယံ" ဆိုတဲ့အတိုင်း "ယေသန္တာ သန္တ စိတ္တာ တီ သရဏသရဏာ တွေ လောကန္တရေ ဝါ" အဲဒီကျမှ ဖြတ်ရမယ့်အကြောင်း ပြောပါတယ်။

အဲဒီလို ဆရာတော်ဟာ တဲပည့်တွေ အပေါ်မှာ ဘယ်လို သနား ကရုဏာထားပြီး ဆုံးမ သြဝါဒ ညွှန် ပြလဲ့ ရှိပါတယ်။ ဘယ်အပိုင်းကတော့ဖြင့် ဆရာတော် ဟာ တပည့်တွေအပေါ် လိုတယ် ဟာတယ်လို့ မရှိဘဲ တပည့်တွေကသာ အမြဲတန်း လိုတာ ဟာတာလို့ ရှိနေ မှာပါပဲ။

ရာသီနှစ်တု ပူပြင်းလှတဲ့ ၁၃၄၆-ခု၊ တန်ခူးလဆုတ် ၁၃ ရက်၊ ညနေ ၃ နာရီလောက် ဆရာတော် ကြွလာ ပြီး သံဃာတော်များ၊ စုဝေးစေကာ ခုလို သြဝါဒ ပေး ပါတယ်။

"ဦးဇင်းတို့ မပူကြဘူးလား၊ သိပ်ပူတယ်၊ ဦးဇင်း တို့ကို မပူတဲ့နည်းပေးပါ့မယ်၊ တပည့်တော်တို့ မင်းကွန်း တောင်ရိုး ရန်ကင်းချောင် ဆရာတော်ကြီး နည်းကို ပေး ပါ့မယ်၊ ဆရာတော်ကြီးဆီ တပည့်တော် အခုလိုအခါ တပည့်တော်သွားတဲ့ အချိန်ကတော့ နည်းနည်း အေး ပါပြီ၊ ညနေ လေးနာရီလောက် နေမှာပါ၊ ဆရာတော် ကြီး နေတာက နွန်ပင် (နွန်ခန်း) ပတ်လည် သွပ်မိုး ကျောင်းမှာ အမြဲ သီတင်းသုံးနေတယ်၊ "ဆရာတော် မပူဘူးလား" လို့ တပည့်တော် လျှောက်တော့ "တပည့် တော် မပူအောင် နေတာ" လို့ ပြောတယ်၊ "ဘယ်လို နေသလဲဘုရား" လို့ လျှောက်တော့ "အလွန်အေးမြတဲ့ ပဒုမ္မာ ကြာအိုင်ကြီးထဲမှာ ဆင်းနေတယ်လို့ စိတ်ထဲမှာ အောက်မေ့လိုက်တာပဲ" လို့ ပြောတယ်၊ အဲဒီနည်းကို ဦးဇင်းတို့ မှတ်ထားကြ။

"နောက်တစ်ချက်က ရေကို ၁၂ နာရီကနေ၄ နာရီ အတွင်း မချိုးကြပါနဲ့၊ ဒီလို ရာသီမှာ ရေချိုးမှားပြီး ပခုက္ကူ ဆရာတော်၊ ဆရာတော် ဦးနန္ဒဝံသ၊ ဆရာတော် သုနံတို့ မိုးလွန်တော် မူကြတယ်။ ဆရာတော်ကြီးတွေ ဆိုတော့ ဘယ်သူကမှ မလျှောက်ရဲကြဘူး။

(၁) ရေချိုးမှား၊ (၂) ရေချိုးမမှားလို့ နှစ်မျိုး ရှိတယ်။ အဲဒီ နှစ်မျိုးမှာ ရေချိုးမှားလို့ မှားတာက မှားတယ်၊ ရေမချိုးလို့မှားတယ် ဆိုတာက ကျောက်

ပေါက်လို့ ၆ ရက် ရပြီးလျှင် ရေချိုးရတယ်။ ရေမချိုးရင် အဆင်သပဲ။ ပြီးစော့ ဦးဇင်းတို့ သုံးဖို့ စာအုပ်တွေ ယူလာတယ်၊ သုံးကြ။ ရန်ကုန်ကျောင်းက ဦးစီယမိန် စာအုပ်တွေ ရှာနေတယ်။ စာအုပ်တွေ ဗီရိုနဲ့အပြည့်ပဲ၊ ဘာလို့ ရှာနေရသလဲလို့ မေးတော့ 'ခဲတေးချင်လို့' လို့ ပြောတယ်။ ခဲမတေးဘဲ ဝမ်းဗိုက်ထဲ သွင်းထားပါလား လို့ ပြောလိုက်ရတယ်။ သုံးကြ၊ ကုသိုလ်ရအောင်" တဲ့။

ဆရာတော်ဟာ တပည့်တွေအပေါ် ကျန်းမာရေးလောက်သာ ဒေါက်ထောက်ကြည့်နေတာ မဟုတ်ပါဘူး။ နေရေး ထိုင်ရေး၊ စားရေး သောက်ရေး၊ စာကျက်ပုံ၊ စာကြံပုံ၊ ဖြေနည်းတွေ အဆုံး၊ မိဘက သားသမီးကို ပရိသတ်ရှေ့မှာရော၊ ကွယ်ရာမှာရော လိမ္မာရေးခြား ရှိအောင် ဆုံးမသလို ဆုံးမသွန်သင်ပေးဘယ်။

တပည့်တွေကို သိပ် အထက်တန်း ကျစေချင်တယ်။ ရေဒီယိုက တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲ ပုံစံသွင်းဖို့ ကြေညာရော၊ ၁၃၄၆-ခု၊ဝါဆိုလဆုတ် ၅ ရက် နံနက် ၈ နာရီလောက် လာပြီး မိန့်ပြန်ပါတယ်။

၁။ ည ရေဒီယိုက တိပိဋကဓရ စာမေးပွဲ ပုံစံသွင်းရန် ကြေညာတဲ့အတွက် ပုံစံဖြည့်ကြဖို့၊

၂။ အာဂန္တုကို အပထားပြီး ဧည့်သည် တွေကို အရေးတယူ ဂရုစိုက်ပြီး ဘုရားဖူး လိုက်မပို့ကြဖို့၊

၃။ ယမု အချိန်ကနေ ရေတွက်မယ်ဆိုရင် ငါးလ အချိန် ရသေးတဲ့ အတွက် စာမေးပွဲဟာ မိမိ ခေါင်းပေါ်မှာ မနေဘဲ မိမိ ရင်ဘတ်အောက် အလိုလို ရောက်လာပါ့မယ် ဆိုတဲ့အကြောင်း၊

၄။ ပုံစံ သွင်းပြီးရင်လဲ စာမကျေတဲ့ အတွက် ပုံစံ ပြန်မဖျက်ရလေအောင် ဆိုတဲ့ ကဿက ဝတ္ထု အကြောင်း ပြောကြားပါတယ်။

တစ်သက်လုံးမှတ်ဖို့က ငွေရေး ကြေးရေး ဝင်မစွက်ကြဖို့၊ စာမေးပွဲ ခိုးဖြေတာ အပြစ်ရှိတာ တစ်ဝါဒ၊ အပြစ်မရှိတာ တစ်ဝါဒဟုဆိုပြီး ဦးကုသလ(ရဟန်းပျို)က မေးလို့ အမိန့်ရှိခဲ့ကြောင်း၊ ဒီလို မိန့်တာကိုပဲ ဆရာတော်ရဲ့ နာမည် မသုံးဖို့ အကြောင်း ပြောခဲ့တယ်တဲ့။ ရန် မဖြစ်ပါရစေနဲ့တဲ့၊ ရန်မဖြစ်ချင်ဘူး တဲ့။ ဆရာတော်ဟာ အခု အသက် ၇၃ နှစ် ရှိပါပြီ။ ဒါကြောင့်မို့ အသက်ကြွင်းဟာ နည်းနည်းပဲ ကျန်ဝော့တယ်တဲ့။ အလွန်ဆုံး အလုပ်လုပ်ရမှု ၈၀၊ ၈၅ ပဲ။ ၁၂ နှစ်ပဲ ကျန်မတော့တယ်။ ဒါကြောင့် ဂိုဏ်းပေါင်းစုံ အစည်းအဝေး လုပ်ရင်လဲ ဘုယ်ဂိုဏ်း၊ ဘယ်ဆရာတော်ပဲ ဖြစ် ဖြစ်၊ ကိုယ့်ထက်ကြီးရင် ကိုယ့်ဆရာရင်းလို သဘော ထားခဲ့တယ်တဲ့။ ဒါကြောင့် ဘယ်ဆရာတော်နဲ့မှ ရန်မဖြစ်ခဲ့ပါဘူးတဲ့။

အရပ်မှာလဲ ကန့်ကွက်လှည့်ကျောင်း ဆောက်တယ်။ ဘာလို့ ကျောင်းဆောက်သလဲ ဆိုတော့ မမှော်အပ်တဲ့ အရမ် ဖြစ်လို့ကလဲ တစ်ကြောင်း၊ ဒီနေရာမှာ ဆောက်ထားတဲ့ ကျောင်းက နှစ်ပေါင်း နှစ်ရာ ကျော်လာတော့ ကျောင်းဒကာ အဆက်အနွယ်ကလဲ ပြတ်၊ ရပ်ရွာ စီးပွားရေးကလဲ ကြပ်၊ အဲဒီတော့ ဘုန်းကြီးကို အားပူကပ်တဲ့အတွက်ကြောင့် သုံးသိန်းကျော်တန်ကျောင်းကြီး ဆောက်ပါသတဲ့။ အဲဒီလို မြွေကိုက် မခံရအောင် ဆောင်ရွက်ပုံကိုလဲ ပြောပါတယ်။ဦးဇင်းတို့လဲ မြွေကိုက် မခံရအောင် ကျောက်တိုက်ထဲ ထည့်ဖို့ မိန့်ပါတယ်။

ဦးဇင်းတို့ တပည့်တော်ကတော့ ဘာမှ စိတ်မဝင်စားဘူး။ တက္ကသိုလ် ပြီးမြောက်ဖို့ လုံးပန်းနေတာ ဆိုတော့—

တက္ကသိုလ် အာသယော မယ့်၊
တက္ကသိုလ်ဌာနစက်မံ။
ကပ္ပမိ တက္ကသိုလ် ဝါသံ၊
တက္ကသိုလ် မမ ဂေါစရော။
လို့ စိတ်ထဲ အမြဲရှိသလို ဦးဇင်းတို့လဲပဲ နိဿာယ် ဆိုရင်—

နိကယော အာသယော မယ့်၊
နိကာယော ဌာနစက်မံ။
ကပ္ပမိ နိကာယေ ဝါသံ၊
နိကာယော မမ ဂေါစရော။
လို့ ရှင်ဥပါလိရဲ့ အန္တိးဂါထာကို တစ်နေ့ ၃ ခါ နှိုးပါတဲ့။ အဲဒီလို သြဝါဒ ပေးရုံမက စာဖြေရာတွင်လဲ အလောမကြီးဖို့၊ အနည်းဆုံး ပုစ္ဆာကို ၃ ခေါက် ဖတ်ဖို့၊ ပလွင်ပေါ်မှာ စာတက်ပြန်ရင်လဲ စာ ပြန် ပြန်ချင်း အသံမြှင့် မပြန်ဖို့၊ စာပြန်ခါစမှာ လေအေးအေးနဲ့ ပြန်ဖို့၊ ဒါမှ အရှိန်ရပြီး အာပူလာတော့ အသံကျယ်လာတဲ့ အကြောင်း၊ အလျဉ်းသင့်သလို ဆရာ့ဘက်က လိုလေသေးရှိ သြဝါဒ ညွှန်ပြတဲ့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကျန်းမာ ချမ်းသာစွာဖြင့် အသက်ရာကျော် ရှည်ပါစေသော.... ရှည်စေသော....လို့။

ဦးနန္ဒိယ (မုံရွာ)



ဗုဒ္ဓပြဋိဘုရား၏ ညွှန်ကြားချက်

ဘုရားဖြစ်ပြီးစ အဌမသတ္တာဟ ဗောဓိမဏ္ဍိုင်၌ စံနေစဉ် မာရ်နတ်က မြတ်စွာဘုရားအား ပရိနိဗ္ဗာန်စံဖို့အကြောင်း လျှောက်ထားသည်၊ မြတ်ဗုဒ္ဓက

"ငါဘုရား သာသနာတော်၌ အားကိုးလောက်သည့် ရဟန်း၊ ရဟန်းမ၊ ဒကာ၊ ဒကာမများ မပေါ်ကြသေးသမျှ ပရိနိဗ္ဗာန် ပြုမည်မဟုတ်သေး"

ဟု မိန့်တော်မူသည်၊ ဤမြတ်ဗုဒ္ဓ စကားတော်က သာသနာပြုရာဝယ် ရှင်ဖက်၊ လူဖက်-ဆရာ၊ ဒကာ တက်ညီလက်ညီ ကြိုးစားရမည်ဟူသော လမ်းညွှန်မှုကို ပေးလှက် ရှိပေသည်၊

ညောင်မြေမဟီသက်သေတည်

မေမြို့ရတနာမာရ်ဆောင်ဆရာတော်



အားကိုးလောက်သည့် သံဃာပြု ရှင်၊ လူများမှာ = ထက်မြက်သူ၊ ယဉ်ကျေးသူ၊ လုပ်ငန်း၌ရဲရင့်သူ၊ ဗဟုသုတကြွယ်သူ၊ တရားဆောင်၍ တရားကျင့်သူ၊ သူတစ်ပါးအား နားလည်အောင် ရှင်းပြနိုင်သူ၊ ပေါ်ပေါက်လာသည့် သူတစ်ပါး၏ ပြစ်တင်မှုကို အကြောင်းယုတ္တိ အခိုင်အမာပြ၍ ဖြေရှင်းနိုင်သူများ ဖြစ်ရမည်ကိုလည်း မြတ်ဗုဒ္ဓက ဆက်လက် ညွှန်ပြထားပေသည်။

သမိုင်းသက်သေ

ဖော်ပြပါ အရည်အသွေးများ ပြည့်စုံသည့် သာသနာပြု ဆရာ၊ ဒကာ အတွဲညီသောအခါ သာသနာတိုးတက်၍, အတွဲမညီသောအခါ သာသနာ ဆုတ်ယုတ်ရသည်ကိုလည်း သာသနာတော် သမိုင်းကြောင်းက သက်သေခံလျက် ရှိပေသည်။ ဘုရား ပရိနိဗ္ဗာန်စံပြီးအရှင် မဟာကဿပထေရ်နှင့် အဇာတသတ်မင်းတို့ ဆရာ၊ ဒကာ အတွဲညီခဲ့၍ ပိဋကတ်တော်များ ဖရိုဖရဲ ပျောက်လွင့်မည့်ဘေးမှ ကင်းဝေးစေပြီး သာသနာတော် တိုးတက်စေခဲ့ပေသည်။

ဘုရား ပရိနိဗ္ဗာန် စံပြီးနောက် နှစ် နှစ်ရာကျော် လောက်မှာလည်း အရှင်မဟာ မောဂ္ဂလိပုတ္တထေရ်နှင့် အသောကမင်းတရားတို့ ဆရာ၊ ဒကာ အတွဲညီခဲ့ကြ၍ သာသနာတော်ဝယ် အယူဝါဒများ ရှုပ်ထွေး ပွလိမ်မှု ဘေးဆိုးကြီးမှ ကင်းဝေးစေပြီး ကိုးတိုင်း = ကိုးဌာန၌ သာသနာပြန့်ပွားအောင် ဆောင်ရွက်နိုင်ကြပေသည်။ သီရိလင်္ကာ၌လည်း အရှင်မဟိန္ဒထေရ်နှင့် ဒေဝါနံပိယတီသမင်းတို့ ဆရာ၊ ဒကာအတွဲညီကြ၍ သာသနာရောင် ထွန်းလင်းအောင် ဆောင်ရွက်နိုင်ကြပေသည်။

မြန်မာ့သာသနာ

ဤ မြန်မာနိုင်ငံမှာလည်း အရှင် အရဟံထေရ်နှင့် အနော်ရထာမင်းတို့ ဆရာ၊ ဒကာ အတွဲညီကြ၍ အရည်းကြီး ရှင်တု ရှင်ယောင် များကို ရှင်းလင်းပြီး ထေရဝါဒ သာသနာ အစစ်အမှန် အမြစ်တွယ်ရန် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ စသော ခေတ်အသီးသီးမှာလည်း ဆရာ၊ ဒကာ အတွဲညီရာတွင် သာသနာတော် တိုးတက်၍ မညီရာတွင် ဆုတ်ယုတ်ခဲ့ပေသည်။ နောက်ဆုံး ကျေးတောရွာကဗလေးမှာပင် ဆရာ၊ ဒကာ အတွဲညီလျှင် ကျေးရွာသာသနာ တိုးတက်၍ မညီလျှင် ဆုတ်ယုတ်လျက်ရှိသည်မှာ မျက်မြင်၊ နားကြား ထင်ရှားလှပါသည်။

ဤ မျက်မှောက်ခေတ် သာသနာမှာလည်း ဆရာ၊ ဒကာ အတွဲညီကြ၍ မြန်မာနိုင်ငံ သာသနာသမိုင်း တစ်လျှောက်လုံး မရခဲ့ဖူးသည့် ဂုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေး ရရှိပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး ဖြစ်ပေါ်ကာ ပရိယတ္တိပညာရေး စီမံကိန်းကြီးများ ရေးဆွဲနိုင်ခဲ့ကြပေသည်။

ပရိယတ္တိသာသနာ့ တက္ကသိုလ်

ပရိယတ္တိ ပညာရေးစီမံကိန်း၌-

(က) တိပိဋကရ ရွေးချယ်ရေး စာမေးပွဲစနစ် ပြုပြင်ကျင်းပရန်၊

(ခ) ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ ဖွင့်လှစ်ရန်။

(ဂ) ပထမပြန် စာမေးပွဲများ ပြုပြင် ကျင်းပသွားရန်။

(ဃ) ရန်ကုန်—မန္တလေးမြို့တို့၌ ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းစီ တည်ထောင်ဖွင့်လှစ်ရန်။

ဟူသော စီမံကိန်းလေးခု ပါရှိလေသည်။ ယင်းစီမံကိန်းများကို ၁၃၄၂—ခုကပင် ချမှတ်ခဲ့ကြသော်လည်း တက္ကသိုလ်နှင့် တိုက်တန်သော အဆောက်အဦးများ ရရှိရန် ခက်ခဲနေသဖြင့် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဟူသော အသံမှာတစ်စတစ်စ တိမ်တိမ်သွားခဲ့လေသည်။

သဒ္ဓါပန်းတို့ လန်းကြပြီ

၁၃၄၄—ခု၊ တော်သလင်း လပြည့်ကျော် ၁၃-ရက် (၁၅.၁၀.၈၂) ရောက်မှ သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)က မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား တက္ကသိုလ်ကျောင်းကြီးများ ဆောက်လုပ် လှူဒါန်းပေးဖို့ တောင်းပန် လျှောက်ထားသည်။ ဆရာတော်ကြီးက သံဃမဟာနာယကအဖွဲ့၏ လျှောက်ထားချက်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံပြီး တိပိဋက - နိကာယ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌကြီး ဦးသာလှ အမှုဆောင်ပြုသည့် ဒကာ၊ ဒကာမများနှင့် တိုင်ပင်ရာ အားလုံး ဝမ်းပန်းတသာ လက်ခံကြသည်။

မင်းကွန်းဆရာတော်ကြီးနှင့် ဆရာဝန်ကြီးဦးသာလှတို့မှာ အတွေ့ညီသော သာသနာပြုဖက်များ ဖြစ်၍ မန္တလေးမြို့ တက္ကသိုလ်ကျောင်း တိုက်ကြီး အတွက် ●ဆောင်ရွက်လိုက်သော အခါ တစ်ဦးချင်း အနေအား ဖြင့် လည်းကောင်း၊ အသင်းအဖွဲလိုက် အနေအားဖြင့် လည်းကောင်း၊ အလှူအလှို့ကောင်းမှုရှင်များ ပေါ်ပေါက်လာကြသည်မှာ ဝမ်းသာ အားရစရာ ပါးပါး ရင်မာနေသော ကုမ္ပဏီကြာပန်းငုံတို့သည် လရောင်နှင့်တွေ့သောအခါ ထစွမ်းကုန် ပွင့်လန်းကြသည်။ ပဒုမ္မာကြာပန်းငုံတို့သည် နေရောင်နှင့်တွေ့သောအခါ အစွမ်းကုန် ပွင့်လန်းကြသည်။ ဗုဒ္ဓဘာသာဝင်များ၏ ရင်နေသော သဒ္ဓါပန်းငုံတို့သည် တိပိဋကဓရ နေမင်း၊လမင်းကြီး၏ တရားရောင်ခြည်နှင့် တွေ့ကြ၍ ထစွမ်းကုန် ပွင့်လန်းလာကြခြင်းပင်၊



နောက်ထပ် ရေချမ်းအိုးကြီး

မန္တလေး ပရိယတ္တိ သာသနာ့ တက္ကသိုလ်အတွက် အဆောက်အအုံများ နေဖြစ် ထိုင်ဖြစ် ရှိလာသောအခါ သံဃမဟာနာယကအဖွဲ့က ရန်ကုန် ပရိယတ္တိ သာသနာ့ တက္ကသိုလ်အတွက် တာဝန်ပေးပြန်ပါသည်။ အားမရှိသူသည် ပေါ့ပါးသော ဝန်ကိုပင် အလေးကြီး ထင်တတ်သော်လည်း အားရှိသူကမူ လေးလံသော ဝန်ကိုပင် ပေါ့ပေါ့ပါးပါး ထမ်းဆောင်နိုင်သည်။

ဆရာတော်ကြီးမှာ သဒ္ဓါ၊ ဝီရိယ စသော အားကြီးငါးမျိုး ဖွံ့ဖြိုးသန်ထွားသူ ဖြစ်၍ နောက်ထပ် ပေးအပ်သော တာဝန်ကိုလည်း ရေချမ်းအိုးကြီး နောက်တစ်လုံး ရွက်ခိုင်းသည် ဟူ၍ပင် ထင်မှတ်ပါသည်။ဆရာဝန်ကြီး ဦးသာလှလည်း သဒ္ဓါစသော ခွန်အားများ ပြည့်နေသူ ဖြစ်၍ အိမ်မှု ကိစ္စများကို လျစ်လျူရှုကာ ဆရာတော်ကြီးနှင့်အတူ မညည်းမညူ လိုက်ပါဆောင်ရွက်လျက် ရှိသည်။

တစ်ပြည်ထောင်လုံး ကျောင်းဒကာ ဖြစ်စေချင်

ဆရာ၊ ဒကာ အတွဲညီညီ တိုင်းနှင့် ပြည်နယ် အနှံ့ခရီးဆန့်သည်။ ချောင်ကျသည့် ကယားပြည်နယ်၊ ချင်းပြည်နယ်များပါ မကျန် သွားသည်။ ထိုသို့ အနှံ့ ခရီးဆန့်ရခြင်း၏ အကြောင်းများ ကိုလည်း တိပိဋကဓရ ဆရာတော်ကြီးက တချို့ တရားပွဲများ၌ ရှင်းလင်းပြသည်။

''ဘုန်းကြီးတို့၊ ရန်ကုန်၊ မန္တလေးမှာ နေရင်းပင် လာရောက် လှူဒါန်းကြသူတွေ များပါတယ်။ ဘုန်းကြီး ရည်ရွယ်ချက်က ရှေးအစဉ်အလာ နိုင်ငံတော်မှာ သမိုင်းဝင် ကျောင်းတိုက်ကြီးများ တည်ဆောက်တိုင်း တိုင်းသူပြည်သား ဆင်းရဲသားများ ကျောင်းဒကာ မဖြစ်ခဲ့ရဘူး။ ရှင်ဘုရင်များ၊ မိဖုရားများနှင့် ဝန်ကြီး၊ ဝန်လေးများကသာ ကျောင်းဒကာ ဖြစ်ခဲ့ကြတယ်။ အခု နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများဟာ ဧရာမ သမိုင်းဝင် ကျောင်းတိုက်ကြီးတွေပဲ။ ဒီကျောင်းတိုက်ကြီးများမှာ ဆင်းရဲ ချမ်းသာ မရွေး တစ်ကျပ် တစ်ပြား လှူဒါန်းနိုင်သူ အစ တစ်ပြည်လုံးက ကျောင်းဒကာ ဖြစ်စေချင်တယ်''



တစ်တိုင်းပြည်လုံးအတွက် အထူးသဖြင့် ဆင်းရဲသားများအတွက် ဆင်းရဲ ပန်ပန်းခံကာ တိုင်းပြည် အနှံ့ခရီးဆန့်သည့် ဆရာတော်ကြီး၏ ကရုဏာဟော်ကားကြီးမားလှပေစွ၊ ကျေးဇူးတင်ဖွယ် ကောင်းပေစွ။

နောက်ထပ် ရေချမ်းအိုးတစ်လုံး

မန္တလေးတိုင်း ကျောင်းထိုင် ဘုန်းကြီး သင်္ဘန်းကျောင်း အဆောက်အအုံ မရှိသေး၍ တိပိဋကဓရ ဆရာတော်က မန္တလေးတိုင်း သံဃနာယက အဖွဲ့နှင့် တိုင်းသာသနာရေး ဦးစီးမှူးတို့အား သင်္ဘန်းကျောင်း ဆောက်ပေးဖို့ စကား ကမ်းလှမ်း ထားသည်။ သံဃနာယကဆရာတော်များနှင့် ဦးစီးမှူးတို့က ဆရာတော်၏ ကြီးလေးသောဇာဝန်ကို သိနေ၍ မခိုင်းရက်၊ မလျှောက်ထားရက် ဖြစ်နေကြသည်။

ထိုအကြောင်းအရာကိုသိရသောအခါ မန္တလေးတိုင်း သာသနာရေး ဦးစီးမှူးအား-

"ဘုန်းကြီးကို အားမနာပါနဲ့၊ ဒကာကြီးတို့ ဆောက်လိုသော အဆောက်အအုံများကို စနစ်တကျ ပုံစံရေးဆွဲပြီး ဘုန်းကြီးတို့အဖွဲ့ကို မေတ္တာရပ်ခံစာ တင်ပါ။ ဆောင်ရွက်ပေးပါမည်။မပင်ပန်းပါဘူး"

ဟု အမိန့်ရှိသည်။ သာသနာရေး ဦးစီးမှူးက ပုံစံနှင့် တကွ မေတ္တာရပ်ခံ လျှောက်ထားလွှာ တင်ပြထားသည်။ မကြာမီ နောက်ထပ် ရေချမ်းအိုးတစ်လုံး ထမ်းရွက် ဦးမည် ဖြစ်ပါသည်။

ကိုယ်စိတ် လန်းဆန်း

အရိုးပေါ် အရေခြုံ၊ မသေရုံလောက် သာ စား သောက်ပြီး ဤမျှ များပြားလှသော တာဝန်တွေ ထမ်း ဆောင်နေရ၍ ဆရာတော် အလွန် ပင်ပန်း မည် ဟု အများက အထင်ရှိကြသည်။ တချို့ကမူ နွှတ်ကပင် ထုတ်ဟ လျှောက်ထားကြသည်။ဆရာတော်ကမူ ပင်ပန်း သော အရိပ်အယောင် ကိုယ်ကလည်းမပြ၊ နွှတ်ကလည်း မဟပါပေ။ ပိဋိ၏ ကြီးမားသော သာသနာပြုကုသိုလ် များကို ဟွေး၍ ပီတိသောမနဿများ ဖြစ်ပွားနေသဖြင့် စိတ်များ လန်းဆန်းသလို စိတ်ကြောင့် ဖြစ်သော ကိုယ် ကာယများလည်း လန်းဆန်းနေခြင်း ဖြစ်ပေမည်။

အမြဲ နာနေတယ်

တစ်ခါက ဆရာတော်ကို အလွန် ကြည်ညိုသည့် ဘုန်းကြီးတစ်ပါးက "သိပ် အပင်ပန်း မခံဘဲ နားနား နေနေ ဆောင်ရွက်ဖို့" လျှောက်ထားသည်။ ဆရာတော်က "အမြဲနာနေတယ်" ဟု အမိန့်ရှိသည်။ ထိုဘုန်းကြီး က နားမလည်သော အမူအရာဖြင့် ဆရာတော်ကို ဖူး မြော်နေရာ ဆရာတော်က ရှင်းပြသည်။

"ဘုန်းကြီး၊ ရုပ်ပင်ပန်းတာဟာ တခဏလောက် အနားယူလိုက်ရင် ပြေသွားတာပဲ။ စိတ်ပင်ပန်းတာကတော့ ဒီလိုအနားယူလို့ မရဘူး။ တပည့်တော်က ကိုယ် ဖြေရှင်းလို့ မဖြစ်နိုင်တဲ့ စိတ် ပင် ပန်း စ ရာ အကြောင်း ဘာမျှမတွေးဘူး။ ကိုယ်လုပ်နိုင်တဲ့ ကိုယ် လုပ်ရမယ့် ကုသိုလ်ရေးကိုသာတွေးပြီး ဝမ်းမြောက် ဝမ်းသာ လုပ်နေတာ ဖြစ်တော့ စိတ်က မပင်ပန်း ဘူး။ စိတ်ပူရမည့်အရေး မတွေးဘူး။ စိတ်အေးအေး ထားပြီး အမြဲ နာနေပါတယ်"

ဟု ရှင်းပြမှ ထိုဘုန်းကြီး သဘောကျသွားပါသည်။

စိတ်ပျက်စရာ မတွေး

ဘုန်းကြီး တစ်ပါးကမူ ပရိယတ္တိ တက္ကသိုလ်ကြီး ဖြစ်လျှင် ဘာဖြစ်နိုင်တယ်၊ ညာဖြစ်နိုင်တယ် စသည်ဖြင့် သူ ထင်မြင်ရာ အပြစ်များကို ဆရာတော်အား လျှောက် ထား နေသည်။ ဆရာတော်က-

"တပည့်တော်တို့ က တော့ အကောင်းဆုံး အကျိုးကျေးဇူးတွေ မျှော်မှန်းပြီးတော့ စိမ်ကိန်းချ လုပ်နေတာပဲ။ ဘုန်းကြီး တင်ပြတဲ့ အပြစ်တွေ မဖြစ် ရအောင် ဘယ်လို လုပ်သင့်တယ်လို့ အကြံပေးပေါ့။ တပည့်တော်တို့ ပြင်ပါ့မယ်"

ဟု အမိန့်ရှိသော်လည်း ထိုဘုန်းကြီး ဘာမျှ အကြံ မပေးတတ်။

ထိုအခါ ဆရာတော်က "ဒီလိုအပြစ်တွေ ကြုံဖန် တွေးနေမယ်ဆိုလျှင် စိတ်ဓာတ်ကျပြီး ဘာမျှ အလုပ် ဖြစ်မှာ မဟုတ်ဘူး၊ လုပ်ရင်းကိုင်ရင်း အပြစ်တွေ့ လာလျှင် ပြင်သွားမယ်လို့ ရည်ရွယ်ပြီး လုပ်ရပါ တယ်၊ ဒီအချိန်ဟာ တစ်တိုင်းပြည်လုံး ပညာ သံဝတ္တန်က (ပညာကို မြှစ်စေနိုင်တဲ့) ကုသိုလ် အထူးကြီးကို ဆည်းပူးခွင့်ရနေတဲ့ အချိန်ပဲဆိုပြီး တစ်တိုင်းပြည်လုံး ကုသိုလ်ဖြစ်ရေးအတွက် ဝမ်း မြောက် ဝမ်းသာ ဆောင်ရွက်နေပါတယ်၊ စိတ် ဖျက်စရာတွေ လာမေးပြောပါနဲ့"

ဟု အမိန့်ရှိလိုက်သည်။

ဆရာ-ဒကာ အတွဲညီညာ

ဆရာတော်က စိတ်အေးအေးထား၍ ဆောင်ရွက် သလို တိ - နိအမွှဲ၊ ဥက္ကဋ္ဌ ဝက္ကကျော်ထင် အာဂုံးကု သမ္ဘဝနိကြီး ပါမောက္ခ ဦးသာလှကလည်း စင်... အား

အေးထား၍ ဆောင်ရွက်နိုင်သည်၊ ဖြေရှင်းနိုင်သည်၊ ပျာပျာသလဲ မလုပ်ဘတ်၊ သာသနာပြုရာတွင် ဥက္ကဋ္ဌကြီး အမြဲလက်ကိုင် ကျင့်သုံးသည့် ဆောင်ပုဒ်မှာ "စိတ်ရှည်+ဇွဲသန်+သည်းညည်းခံ၊ ဖြူရန်သာသနာ" ဟူ၍ ဖြစ်ပါသည်။

ထိုစိတ်ဓာတ်မျိုးဖြင့် ဆောင်ရွက်၍ သာသနာတော်အတွက် ရလာသော အကျိုးအမြတ်များမှာ ကြီးမားလှသည်။

(၁) တိပိဋကတ = နိကာယ ကျောင်းတိုက်ကြီး

(၂) မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်ကြီး

(၃) ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်ကြီး

(၄) မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးတို့ ဖြစ်ကြသည်။

ဤမျှကြီးကျယ်သော လုပ်ငန်းကြီးများကို ဆောင်ရွက်ရာ ဆရာ၊ ဒကာ အတွဲမညီလျှင် ကြွက်စီ, ကြွက်စီ ဖြစ်ပြီး ပျက်ပြားသွားနိုင်ပါသည်။ ဤဆရာ၊ ဒကာ အတွဲကား ဆရာတော်ဘုရား နာမည်ကြီးလာမှ တွဲသော အတွဲမဟုတ်ပါ။ လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ကျော်လောက်ကပင် တွဲလာသော အတွဲဖြစ်ပါသည်။

၁၃၁၅–ခုနှစ် လောက်က ဥက္ကဋ္ဌကြီး ဦးသာလှ ဆရာဝန်ဘွဲ့ရသည်၊ ထိုနှစ်က ဆရာဝန်ဘွဲ့ရ ၁၆ ဦး ရှိရာ ၁၃၁၆–ခုနှစ်၊ သံဂါယနာတွင် ဆရာတော်များအား ဆေးဝါးဖြင့် ပြုစုမည့် ဆရာဝန်ငယ်တစ်ဦး မဲချရွေးချယ်ရာ ဆရာဝန်ဖြစ်စဉ်ဦးသာလှ မဲကျပါသည်၊ ထိုအခါက ကံကောင်း၍ မဲကျသည်ဟု သာမည မှတ်ထင်ဖွယ်ရှိသည်။ ယခုမူ ထိုကံကောင်းခြင်းမှာ ဆရာဝန်ကြီး ဦးသာလှ တစ်ယောက်အတွက် သာမည ကံကောင်းခြင်း မဟုတ်ဘဲ၊ ဤမျှကြီးကျယ်သော သာသနာပြု လုပ်ငန်းများကို ပြုလုပ်ရမည့် ရှေ့ပြေးအကြောင်းဖြစ်၍ သာသနာတော်အတွက်ပါ ဝိသေသကံကောင်းခြင်း ဖြစ်နေပေသည်။

သံဂါယနာအတွင်း တိပိဋကဓရ ဆရာတော်အပါအဝင် ဆရာတော် ပေါင်းများစွာအား ပြုစုခွင့်ရသော်လည်း တိပိဋကဓရ ဆရာတော်နှင့် အလွန် အရင်းအနှီးကြီး ဖြစ်ဟန်မရှိသေးပါ။ ၁၃၂၂-ခု၊ ၂၃–ခု လောက်မှာ ဆရာတော်၏ ရောဂါကို ကုသဖို့ နိုင်ငံတော်အစိုးရက ဆရာဝန်ကြီး ဦးသာလှအား တာဝန်ပေးပါသည်။ ထိုအချိန်မှစ၍ ဆရာတော်၏ ရောဂါကို ကိုယ်ဖိရင်ဖိကိုသရင်း ဆရာတော်၏ သာသနာပြု လုပ်ငန်းများနှင့် ရင်းနှီးဆက်သွယ် မိလာသည်။ အထူးအားဖြင့် ဘိုးဘေး သွေးမကင်းသည့် မိုးမိတ်မင်းသားကြီး စေတီတော် ပြုပြင်ရာတွင် ဆရာ-ဒကာ အတွဲညီစွာ စတင် ဆောင်ရွက်ခဲ့သည်။

ညောင်ပင်နန်းမှ အောင်မြင်ပန်းရ

ထိုအခါ မိုးမိတ် စေတီတော်အိုကြီးမှာ ခြုံပိတ်ပေါင်းတို့၏ အကြားဝယ် ဒုက္ကရစရိယာ ကျင့်နေရဆဲရှိပါသည်။ ဆရာ၊ ဒကာနှစ်ဦးညောင်ပင်အောက် ကြွမ်းခင်း ကွပ်ပြစ်ကလေးပေါ်မှာ ထိုင်နေရင်း တိုင်ပင်ရသည်။ အမှတ်မဲ့ တစ်ဦးဦးက ထလိုက်လျှင် ကွပ်ပြစ်ဆောင်သွားနိုင်၍ ဆရာတော် ထသည့်အခါ "ဘုန်းကြီး ထလိုက်ဦးမယ်" ဟု သတိပေးရသလို ဥက္ကဋ္ဌကြီး ထသည့်အခါလည်း "တပည့်တော် ထလိုက်ဦးမယ်" ဟု သတိပေး ထရပါသည်။ သေးသိမ်သော နေရာကလေးဝယ် ဆွေးနွေးသည့် သာသနာရေး အကြောင်းအရာများကား ကြီးကျယ်လှပါသည်။

ညောင်စေ့ကလေး သေးငယ်လှသော်လည်း သူ၏ အကျိုးဆက် ညောင်ပင်ကြီးမှာ အလွန်ကြီးကျယ်သလို ဆွေးနွေးပွဲ နေရာလေးမှာ သေးသိမ်လှသော်လည်း သူ၏ အကျိုးဆက် နောင် သာသနာပြု လုပ်ငန်းများ၏ ကြီးကျယ်မှု ရှေ့ပြေးနိမိတ်အဖြစ် ညောင်မင်ရိပ်ဝယ် ဆွေးနွေးရခြင်းကိုမူကား ထိုအခါက သတိပြုမိမှ ပြုမိမည် ဖြစ်သည်၊ ဤဖြစ်ပုံ အကြောင်းအရာများကို နောင် တစ်ခေတ်ဝယ် ဘစ်စုံ တစ်ယောက်သောသူက "မဖြစ်နိုင်တောင်း" ဟု ငြင်းကောင်း ငြင်းလာလျှင် ညောင် မြေမဟီကို သက်သေတည် ဖို့ပင် ရှိပါသည်။

ဗုဒ္ဓဂယာ မဟာဗောဓိ တည်ရာဒေသမြေသည် မြတ်ဗုဒ္ဓ၏ အပရာဇိတ = အောင်နေမြဖြစ်သလို မင်းကွန်းမိုးမိတ် ကုန်းမြေရှိ ညောင်ပင်တည်ရာ မြေသည်လည်း မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီးနှင့် ဥက္ကဋ္ဌကြီး ဦးသာလှ ဆရာ၊ ဒကာတို့၏ သာသနာပြု ပန်ဆက်ချရာ အောင်မြေ ဖြစ်နေပါပကောလား။

မေမြို့ ရတနာမာရ်အောင်ထေရ်

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ လေ့လာရေး ဓမ္မခရီး

ကြည်းရေ အဖုံဖုံ ခရီးစုံ

ဒီဇင်ဘာလ ၃ ရက်နေ့ ညနေ ၅ နာရီ အချိန်ခန့် ဖြစ်သည်။ ရန်ကုန်ဘူတာကြီးသို့ ဓမ္မစာရေးဆရာကြီးများ တစ်ဖွဲဖွဲ ရောက်လာကြသည်။ မန္တလေးသို့ ည ၆ နာရီ ၁၅ မိနစ် ရထားနှင့် ထွက်ခွာကြရန် ဖြစ်သည်။ မန္တလေးမှတစ်ဖန် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေသို့ ခရီးဆက်၍ တိပိဋကဆရာတော်ဘုရားကြီး၏ ဒုတိယ သုံးနှစ်ခရီး စာစောင် ပေးအပ်ခြီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရန် ဖြစ်သည်။ ပထမသုံးနှစ်ခရီး စာစောင်ရိုက်နှိပ်ပြီးစဉ်က၊ ခြီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ တိ=နိကျောင်းနယူးလင်းလမ်းတွင် ပြုလုပ်ကျင်းပသည်။ ယခုဒုတိယ သုံးနှစ်ခရီး စာစောင်ကိုမူ ပင်မ နေရာဖြစ်သော မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတွင် ပေးအပ်ရန် စီစဉ်ကြခြင်းဖြစ်သည်။

ရန်ကုန်မှ မန္တလေးသို့ အဆန်ရထားသည် ၆း၁၅ နာရီတွင် အချိန်မှန် ထွက်ခဲ့သည်။ စာရေးဆရာအဖွဲ့မှ ပုဂ္ဂိုလ်များအား ပထမတန်းမှ စီးနင်း၊ လိုက်ပါနိုင်ရန် စီစဉ်ပေးကြသည်။ ည သန်းခေါင်ကျော် အချိန်တွင် လမ်း၌ ရထားတစ်စီး လမ်းချော်ပိတ်ဆို့နေ၍ ကျွန်တော်တို့ စီးသော ရထားသည် မန္တလေးသို့ အချိန်မှန် မဝင်နိုင်တော့ဘဲ နောက်ကျခဲ့ကြရသည်။ ပိုက်ကျုံးမြစ်ဆိပ်ကမ်းမှ မိုးမိတ်ကုန်းမြေသို့ တစ်ဖန်ပဲ ထောင်ကူးတို့နှင့် ကူးကြရသည်။ မိုးမိတ်ကုန်းမြေသို့ ရောက်သည့်အခါတွင် နေ့လည် ၂ နာရီ ၃၀ မိနစ်ခန့် ဖြစ်နေသည်။ အချိန်လင့်နေပြီ ဖြစ်သောကြောင့် အခမ်းအနားကို ညနေ ၃ နာရီတွင် ချက်ချင်းပင် စလိုက်ရသည်။

နှုတ်မှုလက်မှုအဖုံဖုံ မညာသည်အစုံ

စာစောင်ပေးအပ်မဲ့ အခမ်းအနားကို အဘိဓမ္မာ ကျောင်းဆောင်တွင် ကျင်းပသည်။ ရန်ကုန်မြို့မှ လိုက်ပါလာကြသော စာရေးဆရာများအပြင် မန္တလေးမြို့မှ စာရေးဆရာများ၊ ပန်းချီဆရာများ လူစုံတက်စုံ ရောက်ရှိ နေကြသည်။ ရန်ကုန်မြို့မှ စာပေပန်းချီ ပညာရှင်များလည်း စုံလင်စွာ အခမ်းအနားသို့ တက်ရောက်လာသည်ကို တွေ့မြင်ရသည်။ နာမည်ကျော် ဓမ္မစာရေး

ဆရာများနှင့်ရန်ကုန်-မန္တလေးပန်းချီအနုပညာရှင်များ စုစုပေါင်း ရှစ်ဆယ်ကျော်ခန့် တက်ရောက်ကြသည်။ စာပေပညာရှင်များကို တစ်ပေါင်း တစ်စည်းတည်း တွေ့မြင်ရ၍လည်း ဝမ်းသာပီတိဖြစ်မိသည်။ အမျိုးသမီး စာရေးဆရာမကြီးများထဲက ကျွန်တော် ကြည်ညို လေးစားနေသော ဆရာမကြီးလူထုဒေါ်အမာ၊အမ်၊အေ၊ဒေါ်အုန်း၊ ရွှေဘိုမိမိကြီးတို့ကိုလည်း တွေ့ရပါသည်။

ပန်းချီ ဆရာများသည် မိုးမိတ် ကုန်းမြေသို့ ရောက်သည်နှင့် ပန်းချီကားချပ်နှင့် စုတ်တံကို ကိုင်ဆွဲ၍ ပန်းချီရေးကြသည်။ ရသည့်အချိန်ကလေးကို မိုးမိတ်ကုန်းမြရှိ စေတီပုထိုးများ ကျောင်းကန်ဘုရားများ ကျောက်စာတိုက်ကြီးများ၏ အလှအပကို သရုပ်ဖော် မှတ်တမ်းတင် ရေးဆွဲကြသည်။ ကိုယ်တွေ့လေ့လာ ကုန်ကြမ်းရှာ၍ ရေးဆွဲကြသဖြင့်လည်း သူတို့၏ ပန်းချီကားများသည် အသက်ဝင်လှသည်။ ဓမ္မဓရီး တစ်လျှောက်လုံးတွင် ပင်ပန်းခဲ့ကြသော်လည်း အနားမယူကြ၊ ညည်းညူကြပေ၊ မိုးမိတ်ကုန်းမြ၏ ဓမ္မအရိပ်တွင် ပန်းချီဆရာများသည် သူတို့၏ အနုပညာ အတတ်ပညာတို့ဖြင့် စိတ်ဝင်စားစွာ ရေးဆွဲဖော်ထုတ်ကြသည်။

နတ်တော်လဆန်း ၁၄ ရက်နေ့၊ ညနေ ၅ နာရီခန့်တွင် စာစောင်ပေးအပ်ပွဲ အခမ်းအနားပြီးဆုံးပါသည်။ မိုးမိတ်ကုန်းမြသို့ ရောက်သည့်နေ့ တစ်ညတည်းသာ မိုးမိတ်ကုန်းမြတွင် တည်းခိုနားကြရမည် ဖြစ်သည်။ နောက်တစ်နေ့တွင် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်သို့ သွားရောက် လေ့လာရမည့်အတွက် ကြောင့်လည်း နေမဝင်မီ မိုးမိတ် မင်းသားကြီးတည်ခဲ့သော မိုးမိတ်ဘုရားကြီးကို သွားရောက်၍ ဖူးသည်။ မင်းတေဇကုန်းပေါ်ရှိ ကျောက်စာတိုက်ကြီးများကို သွားရောက် ဖတ်ရှုကြသည်။ ဆရာတော်ဘုရားကြီး ပြုစုသော ဗုဒ္ဓဝင် ၆ တွဲ ၈ အုပ်နှင့် ဆဋ္ဌသံဂါယနာ အမေးအဖြေတို့ကို ကျောက်ထက် အက္ခရာတင်ထားသည်။ မင်းကွန်း

ဆရာတော် ဘုရားကြီး တိပိဋကဓရ ဓမ္မဘဏ္ဍာ-ဂါရိက ဘွဲ့တံဆိပ်တော် ရသည့် ၂၅ နှစ်မြောက် ငွေရတုပူဇော်ပွဲ၏ ၂၅ လမြောက် စိန်ရတု အထိမ်းအမှတ် တည်ထားကိုးကွယ်သော ပိဋကတ် စေတီတော် မြတ်ကြီးကိုလည်း သွားရောက်၍ ဖူးကြသည်။ စေတီတော်ကြီး၏ အရပ်လေးမျက်နှာရှိမုခ်လေးမုခ်တွင် မဟာသရေစည်သူ လက်ဝဲမင်းညို ရေးဖွဲ့သီကုံးပူဇော် ထားသော မင်းကွန်း မိုးမိတ် မဟာမင်္ဂလာ မော်ကွန်းတို့ ဖြစ်ပါသည်။

စေတာစေတာင်အဖုံဖုံ ရှုခင်းစုံ

နေမင်းသည် အနောက်အရပ်သို့ ဝင်ရောက်ခဲ့လေပြီ။ လင်းရောင်ခြည် ပျောက်သည့်တိုင် မိုးမိတ် ကုန်းမြေအနှံ့ လေ့လာချင်နေမိသည်။ နေရောင်ကွယ်ပျောက်သော်လည်း နတ်တော်လဆန်း ၁၄ ရက်နေ့ ညဖြစ်သည့်အတွက် လမင်း၏ အလင်းရောင်က မိုးမိတ်ကုန်းမြေ တစ်ခုလုံး လင်းထိန်စေခဲ့သည်။ အဓိကရ သစ်ပင်ကြီးများ အုပ်အုပ် ဆိုင်းဆိုင်း ပေါက်နေကြသော်လည်း လမင်း၏ အလင်းရောင်ကြောင့် မှောင်ရိပ်ပင် မကျရောက်ပေ။ သို့အတွက် သွားလိုသည့် နေရာများကို ညတွင်းချင်းပင် သွားခဲ့ကြသည်။ မြသိန်းတန် စေတီတော်ကြီးသို့ သွားရောက်၍ ဖူးလိုကြသည်။ ကံအားလျော်စွာ မင်းကွန်း ဆရာတော်ဘုရားကြီး၏ ကျောင်းတိုက်အတွက် သုံးစွဲရန် ကျောင်းပိုင် ဂျစ်ကားတစ်စီး အနားသို့ ရောက်လာသည်။ ကားဆရာ၏ ကျေးဇူးကြောင့် ကျွန်တော်တို့ မြသိန်းတန် စေတီသို့ ညတွင်းချင်း ရောက်သွားကြသည်၊ ထုံးသက်နန်းဖွေးဖွေးနှင့် ရှေးအနုပညာရှင်များ၏ စေတီတော်တည်ပုံ လက်ရာကို လရောင်အောက်တွင် အထင်အရှား ဖူးတွေ့ရသည်။ အံ့ဖွယ်ကောင်းလှသည်။ ရှေးက ပန်းရန်ဆရာ အနုပညာရှင်များ၏ စေတီပုထိုး တည်ထားပုံပမာ အနောက်နိုင်ငံသားများပင် အံ့သြချီးမွမ်း ခဲ့ကြပေသည်။ သိပ်ပညာဆိုင်ရာ၊ ဗိသုကာ ပညာရပ် ဆိုင်ရာ အတတ်ပညာတို့ကို တက္ကသိုလ်များတွင် မသင်ကြားခဲ့ရသော်လည်း ရှေးပန်းရန် အနုပညာရှင်များ၏ လက်ရာသည်ကား ယခုခေတ် ဗိသုကာပညာရှင်များသည် မချီးမွမ်းပဲ မနေနိုင်ကြပေ။ ရှေးစေတီ ပုထိုးများ၏ ဗမာ့လက်ရာသည်ကား မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာမဆုံးနိုင်ပေ။

ထို့ပြင်၊ ဘကြီးတော်ဘုရားလက်ထက်ကတည်းက တည်ထားခဲ့သည့် ပုထိုးတော်ကြီး စေတီသည်လည်း အံ့ဖွယ်စေတီကြီးပင် ဖြစ်သည်။ ပုထိုးတော်ကြီး စေတီရှေ့ရှိ ကိုယ်တည် တစ်ဝက်သာ ကျန်တော့သည့် ခြသေ့ကြီးနှစ်ကောင်သည် ကြီးမားလှသော်လည်း အချိုးအဆစ် ပြေပြစ်လှသည်ကို ယနေ့တိုင် မြင်တွေ့လေ့လာနိုင်ပါသည်။

ကမ္ဘာတွင် တတိယအကြီးဆုံးဟုမှတ်တမ်းတင်ရသော မင်းကွန်း ခေါင်းလောင်းကြီးကိုလည်း နိုင်ငံခြားသား သုတေသီများပင်လျှင် စိတ်ဝင်စားစွာ လာရောက် လေ့လာကြသည်ကို တွေ့မြင်ရသည်။

အတိတ် ပစ္စုပ္ပန်အဖုံဖုံ စိတ်အာရုံ

ဆောင်းရာသီဖြစ်၍အအေးဓာတ်သည် လွန်ကဲလာ၏။ ကျွန်တော်တို့အဖွဲ့သည် ကြာရှည်စွာ စေတီပုထိုး ကျောင်းကန်များဆီသို့ မသွားနိုင်ကြတော့ပေ၊ နောက်တစ်နေ့မှသာ ဆက်လက် လေ့လာရန် ဆုံးဖြတ်၍ မင်းကွန်း ကုန်းမြေရှိ တည်းခိုရာ ကျောင်းဆောင်သို့ ပြန်ခဲ့ကြသည်။

ကျွန်တော်သည် လွန်ခဲ့သော လေးနှစ်ခန့်က မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေသို့ ရောက်ခဲ့သည်။ ထိုစဉ်အခါက ဓမ္မယောသက ဦးမောင်မောင်နှင့် သင့်ဘဝ မဂ္ဂင်းမှ ဦးလေးကြီး ဦးတင်မောင်တို့နှင့်အတူ ရောက်ခဲ့ကြသည်။ ထို အချိန် ထိုအခါက မိုးမိတ်ကုန်းမြေတစ်ဝိုက်သည် ပစည်ကားလှသေးပေ။ မင်းကွန်း ဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူသော ဓမ္မနာဒ ကျောင်းတိုက်သို့ နွားလှည်းဖြင့် သွားခဲ့ကြသည်။

လှည်းလမ်းကြောင်း တစ်လျှောက်တွင် တောင်ကုန်းအနိမ့်အမြင့် မညီမညာရှိနေသည်။ လှည်းလမ်းဘေး တစ်ဖက်တစ်ချက်တွင်လည်း ခြုံနွယ်ဆူးခက်ပင်များ ပေါက်ရောက်နေသည်ကို မြင်ရောင်မိသည်။ ယခုအခါတွင်မူကား မင်းကွန်းတောင်ရိုး မိုးမိတ်တစ်ခွင်သည် ကားလမ်းကြီးသည် ဖြောင့်ဖြူးနေ၏။ မြန်မာပြည်အနှံ့မှ ဘုရားဖူးလာရောက်ကြသူများသည်လည်း နေ့စဉ်မပြတ်တောပေ။

မင်းကွန်း ဆရာတော်ဘုရားကြီး သီတင်းသုံးသော ဓမ္မနာဒကျောင်းတိုက် ဝန်းကျင်သည်ပင်လျှင် တိုးခဲ့ကျောင်းဆောင်သစ်နှင့် စေတီငယ်များ ကျောက်စာမှတ်တမ်းများကို တွေ့မြင်ရပေသည်။ လွန်ခဲ့သော လေးငါးနှစ်ခန့်က သီတင်းသုံးသော သံဃာတော်များမှာ အပါးငါးဆယ် ဝန်းကျင်မျှသာရှိသည်။ ယခုအခါတွင် ပိဋကတစ်ပုံဆောင် သံဃာများ၊ တစ်ပုံခွဲအောင် သံဃာတော်များ တစ်ရာကျော်ခန့် သီတင်းသုံးတော်မူကြပေပြီ။

တိပိဋကာ စာမေးပွဲသို့ ဝင်ရောက် ဖြေဆိုကြသည့် သံဃာတော် အရှင်သူမြတ်များ၏ စာကျက်၊ စာအံ၊ စာပြန်၊ စာကြည့် စသည့်ကိစ္စများအတွက် ပစ္စည်းလေးပါဌ် ကြောင့်ကြပူပန်မှုမရှိစေရန် မင်းကွန်းဆရာတော်ဘုရားကြီးက စီစဉ်၍ တိပိဋကာလောင်းလျာများကို မွေးထုတ်ခဲ့သည်။

ပရိယတ္တိ သာသနာတော်ကြီး မကွယ်ပျောက်သမျှ မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး မကွယ်ပနိုင်ပေ။ မင်းကွန်း ဆရာတော်ဘုရားကြီးသည် သာသနာပြုလုပ်ငန်းများစွာအနက်မှ တစ်ခုဖြစ်သော သာသနာ့ အာဇာနည်များ ပေါ်ထွက်လာစေရန်လည်း အထူးအာရုံစိုက်သည်ကို သိမြင်နိုင်ပါသည်။ သို့ပါ၍ သာသနာတော်အတွက် အားတက်ဖွယ်ရာ ဆရာတော်ဘုရားကြီး၏ မနေမနား လုပ်ဆောင်ချက်များကို မြင်တွေ့ရသဖြင့် သာဓု ကြိမ်ဖန်များစွာ ခေါ်မိပါတော့သည်။

သကျကုမာရ

ပွဲမဝင်ခင်ပြင်ကကျင်းပ
နည်းပြထေရ်မဟာ
ဖြစ်ခဲ့

ပန်းချီ အစံသစ်မှူး

၁၃၄၉ - ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်နေ့ ဖြစ်သည်။ ရောဝတီမြစ်အတွင်း ရေကူးချိန်ဖြစ်၍ အချို့ နေရာများ၌ သဲသောင်များ ထွန်းကား ရေတိမ်လျက် ရှိပြီး မိုးမိတ်ကုန်းမြေ ခြေရင်းအထိ မော်တော် ခုတ်မောင်း၍ မရနိုင်သဖြင့် နီးစပ် သင့်တော်မည့် တစ်နေရာ တွင် မော်တော်ကို ဆိုက်ကပ်လိုက်ကြသည်။

စာရေးသူလည်း သာသနာပြုခရီးကို လျှောက်လှမ်း ကြမည့် ရန်ကုန်မှ စာရေးဆရာ၊ ပန်းချီဆရာ၊ ဓာတ်ပုံ ဆရာတို့နှင့်အတူ မော်တော်မှ ကမ်းခြေသို့ ဆင်းလိုက် ကျသည်။ ပါလာသော ခရီးဆောင်အိတ်ကို လွယ်ကာ မိုးမိတ် ကုန်းမြေ တိ-နို ကျောင်းတိုက် ရှိရာသို့ ခြေလျင် ဖြင့် ခရီးဆက်ကြသည်။ ခြေလှမ်းလိုက်တိုင်း နစ်၍နစ်၍ သွားသော သဲမြေပပွကို အားစိုက်နင်းရင်း ပြောင်း ခင်း၊ ပဲခင်းတို့ကို ကျော် ဖြတ် သွား ရ သည်။ လှမ်း လျှောက်ရသည်မှာ ခရီး မတွင်လှသဖြင့် အားမရပေ။ တစ်ခါမျှ မရောက်ဖူးသေးသော မင်းကွန်း တိပိဋ္ဌကဓရ ဆရာတော် ဘုရားကြီး၏ သာသနာပြုရာ အောင်မြေ ဒေသ မိုးမိတ်၏ အလှကို တွေ့လို၊ ရောက်လို၊ မြင်လို လှပြီ။

မကြာမီ အကိုင်းတစ်ကိုင်းပင်လျှင် လူ့လက်နှစ်ဖက် မျှ အလုံးအထည် ကြီးမားလှသော လက်ပံပင်ကြီးများ အောက်သို့ ရောက်ရှိလာခဲ့ရာ မိုးမိတ်၏ သာယာ အေး ချမ်းမှု အရသာကို စတင် သိရှိခံစားခဲ့ရသည်၊ လက်ပံပင် ရိပ်ကို ကျော်လွန်ခဲ့ပြီးနောက် ညာဘက်ရှိ ဂိတ်ပေါက် အတွင်းသို့ ချီးဝင်ကာ ''မဂ္ဂင်မုခ်ဦး နိဗ္ဗာန်ကူး၊ တိပိဋ္ဌက ခန္ဓာ ကိုယ ကျောင်းတိုက်'' ဟူသော ခေါင်းစည်း စာတမ်းရှိသည့် မဂ္ဂင်စောင်းတန်း မုခ်ဦးလမ်းအတိုင်း ကုန်းမြင့်သို့ စာက်ခဲ့သည်။ မိုးမိတ် ကုန်းမြေ ပေါ်သို့ ရောက်သည်နှင့် သင်းပျံ့သော ဇွန်ပန်းနှင့် မြတ်လေးပန်း ရနံ့တို့က ဆီးကြိုလျက် ရှိလေပြီ။

စိမ်းစိုလှပသော သစ်ပင်တို့ ခြံရံလျက် အေးချမ်း ဆိတ်ငြိမ်သည့် ဤဒေသသည် စိတ်နှလုံးကို ငြိမ်းအေး စေပါသည်။ အရှေ့ ဘက်သို့ လှမ်း မျော် ကြည့် လျှင် ပြန့်ပြူး ကျယ်လွင်သော ရောဝတီ မြစ်ပြင်၊ အဝေး တစ်ဘက်ကမ်းမှ စေတီဖွေးဖွေးနှင့် ရေးရေးမြင်ရသော မန္တလေးတောင်၊ အနောက်ဘက်သို့ မျော်လိုက်ပြန့်လျှင် စိမ်းစိမ်းညို့ညို့ ဝန်းရံနေသော မင်းဝံတောင်တန်း ကြီး၊ သောတ အာရုံတွင် ကြားနေရသည်က မိုးမိတ် စေတီ ထက်ဖျားမှ ဆည်းလည်းသံနှင့်၊ ဂိတသံလွင် နာရီ စင်မှ အချိန်ပြ အချက်ပေးသံ။ ဤသို့ စသည်ဖြင့် ကြည် နူးဖွယ်၊ သာယာဖွယ်တို့ ပေါင်းဆုံသည့် ဤမြေချာကို မင်းကွန်း တိပိဋ္ဌကဓရ ဆရာတော်ဘုရားကြီးသည် နိကာယနှင့် တိပိဋ္ဌကဓရ လောင်းလျာ သံဃာတော်တွေ အတွက် အဘယ့်ကြောင့် ရွေးချယ်ထားရပါသနည်း။

ဆိတ်ငြိမ်ရာ ဝိဝေကအရပ်ကို မြတ်စွာဘုရားတို့သည် မွေ့လျော်ကြ၏။ လူသံ သူသံ ဆူညံသောအရပ်ဒေသနှင့် နီးစပ်လျှင် ရရှိပြီးသော ဈာန်တရားထူးပင် ယုတ်လျော့ နိုင်ပေသည်။ သို့ကြောင့်ပင် မင်းကွန်း တိပိဋ္ဌကဓရ ဆရာတော်ဘုရားကြီးသည် စာမေးပွဲတကာတွင် အပင် ပန်းဆုံး၊ အခက်ခဲဆုံး ဖြေဆိုရသည့် တိပိဋ္ဌကဓရ စာ

မေးပွဲကြီးကို နိကာယ အရှင်တို့ ကြောင့်ကြမရှိ၊ ချမ်းချမ်း သာသာ စာကျက်၊ စာအံ၊ စာကြံ၊ စာကြည့်နိုင်ကြစေရန် လိုလေသေးမရှိ စီမံ ဖန်တီးထားခြင်း ဖြစ်ပေသည်။ နိကာယ အရှင် စာသင်သားတို့အား ကိုယ်အား ဉာဏ်အား၊ ရှိသမျှစွမ်းအားတို့ဖြင့် ကြိုးစားအားထုတ်၍ တိပိဋကဓရ ပုဂ္ဂိုလ်များဖြစ်အောင် ပြုစုပျိုးထောင်နေသော ဆရာတော်ဘုရားကြီး၏ ရည်ရွယ်ချက်ကား အဘယ်ပါနည်း။

မြတ်စွာဘုရား မရိနိဗ္ဗာန် စံလွန်တော် မူပြီးနောက် သုံးလလွန်မြောက် လေးလအရောက်တွင် ပထမသံဂါယနာ တင်သည်မှစ၍၊ သာသနာ သက္ကရာဇ် နှစ်ရာ့သုံးဆယ့်ငါးနှစ်၊ တတိယ သံဂါယနာ တင်သည်အထိ တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ဆဋဘိညတေ ဝိဇ္ဇ ရဟန္တာ ပုဂ္ဂိုလ်ကြီးများဖြင့် သံဂါယနာ တင်နိုင်ခဲ့သည်။ သာသနာတော် သက္ကရာဇ် လေးရာ့ငါးဆယ် သို့အရောက် စတုတ္ထ သံဂါယနာတင်ချိန်တွင် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော ပုဂ္ဂိုလ်များ အလွန်ရှားပါးလျက် ရှိရာ၊ တစ်ကိုယ်လျင် တစ်ကျမ်းစီမျ ခွဲဝေကာ အာဂုံနှုတ်တက် ဆောင်ရွက်ခဲ့ကြရသည်။

ထိုကဲ့သို့ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်ရန် ခဲယဉ်းသော အခြေအနေသို့ ရောက်ရှိခဲ့သဖြင့် နောင်အခါတွင် သာသနာပရိယတ်၊ ပိဋကတ်သုံးပါး ချွတ်ယွင်း ပျက်ပြားမည်ကို စိုးရိမ်ကြသဖြင့် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ဝဋ္ဋဂါမဏိမင်း လက်ထက်တွင် ပိဋကတ်သုံးပုံကို ပေထက်အက္ခရာ တင်ထားခဲ့ကြသည်။

ပေပေါ်မှာသာရှိ၍ မိဒိန္နတ်မှာ မရှိသော ပညာရပ်သည် မိမိနှင့်စပ်လျဉ်း သက်ဆိုင်သော ပညာရပ်မဟုတ်ကြောင်း၊ လောကနီတိဆရာ ပြဆိုချက် ရှိပေသည်။ သို့ဖြစ်ရာ အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ စသော ရဟန္တာ အရှင်မြတ်တို့ ကြွသွားရာ လမ်းကြောင်းဖြစ်သည့် ပိဋကတ်သုံးပုံ အာဂုံဆောင်ခြင်းဖြင့် မြတ်ဘုရား၏ ကျေးဇူးတော်ကို ဆပ်ရန် အစဉ်အတွက် ကြိုးပမ်းအားထုတ် ခဲ့ကြသည်။



သာသနာ သက္ကရာဇ် ၂၅၀၀-ပြည့်နှစ်၊ ဆဋ္ဌသံဂါယနာတင်ချိန်တွင် မင်းကွန်းတောင်ရိုးဓမ္မနာဒကျောင်းတိုက် ဆရာတော် အရှင် ဝိစိတ္တာသာရာ ဘိဝံသသည် သာသနာပရိယတ် ပိဋကတ်သုံးပုံကို အာဂုံဆောင်ထားနိုင်သော တိပိဋကဓရ သာသနာ အာဇာနည်အဖြစ် ပထမဦးစွာ ပေါ်ထွန်းခဲ့ လာခဲ့ပေသည်။ သာသနာ့ဟောက်ကို ချစ်မြတ်နိုးလှသော အရှင်မြတ်တို့၏ ကြိုးပမ်း

အားထုတ်မှုကြောင့် ယခုအခါ တိပိဋကရ ပုဂ္ဂိုလ် ငါးပါးအထိ ပေါ်ထွန်းလာခဲ့ပြီး ဖြစ်သော်လည်း မြတ်ဘုရား သာသနာတော် အခွန့်ရှည်စွာ ဆက်လက် တည်ရှိနိုင်ရေးအတွက် တိပိဋကရ အရှင်မြတ်များ အဆက်မပြတ် ထွန်းပေါ်နိုင်စေရန် ရည်သန်ချက် ရှိသည့်အတိုင်း ဆရာတော်သည် စွမ်းအားရှိသမျှ ကြိုးပမ်း ဆောင်ရွက်နေခြင်း ဖြစ်ပေသည်။

မင်းကွန်း ဓမ္မနာဒ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသသည် ဗုဒ္ဓဘုရားရှင်၏ ကျေးဇူးတော်ကို ဆပ်ကာ သာသနာတော် အခွန့်ရှည်စွာ ထွန်းလင်း တောက်ပနိုင်ရေးအတွက် "ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက" ဟူသော ဘွဲ့ထူးဂုဏ်ထူးတော်များ ရရှိသည်အထိ အားထုတ် ဆောင်ရွက်ခဲ့ပုံများမှာ စံနမူနာ ယူထိုက်လှပေသည်။ တိပိဋကဓရ ဘွဲ့တော်ရသည့် ၂၅ နှစ် ငွေရတုပူဇော ပွဲတွင် ကိုယ်တော်တိုင် မိန့်ကြားခဲ့သော ဩဝါဒ ကထာတွင် စာဖြေဆိုပွဲဝင်ရာ၌ နှလုံးသွင်းနည်း၊ လေ့ လာနည်း၊ စာအံကျက်နည်း၊ ကြိုတင်လေ့ကျင့်နည်း၊ နေထိုင် စား‌သောက်နည်း၊ စင်ဖြေနည်း၊ စသည်တို့ မှာ အတုယူ လိုက်နာဖွယ် နည်းစနစ်များ ဖြစ်ပေသည်။

စိတ်ထား‌ရာမှာ ဤသို့

တိပိဋကဓရ စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာတွင် စာမျက်နှာပေါင်း ၈၀၀ ကျော်မျှရှိသော ပိဋကတ် တော် ကျမ်းစာတို့ကို အာဂုံပြန်ဆိုရသည် သာမက ပိဋကတ်သုံးပုံလာ သဘော အဓိပ္ပာယ်တို့ကိုလည်း အောင်မြင်စွာ ဖြေဆိုရသည်ဖြစ်ရာ စာမေးပွဲ တကာ တို့တွင် အခက်ခဲဆုံး၊ စာဖြေရက် အကြာဆုံးလည်း ဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုရန် ကြောက်ရွံ့ ဝန်လေး စရာ ဖြစ်ပေသည်။ သို့ရာတွင် ဆရာတော် ဘုရားကြီး ကိုယ်တိုင် တိပိဋကဓရ စာမေးပွဲကို ဝင်ရောက်ဖြေဆို ရန် ကြံစည်ရာ၌ ဂန်ဆုပ်စာမျှ လက်မောင်းရှိသော ကာယဗလစွမ်းအား‌လေးကို အမှုမထား‌ဘဲ၊ ကာယ ဗလကို အား‌ကိုး‌ရန်မလို၊ ဆန်အိတ်ထမ်း‌ရသော အလုပ် မဟုတ်၊ ဉာဏဗလ စွမ်းအား အလုပ်သာဖြစ်သည်ဟု သဘောထား‌လျက် သဒ္ဒါဗိုလ်၊ ဝိရိယဗိုလ်၊ သတိ ဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဟူသော အင်အား‌ကြီး ငါးပါးကို မြဲမြဲခိုင်ခိုင် အခြေတည်ကာ၊ ဒကာတို့၏ လက်အုပ်ကြွေး‌ကို ဆပ်နိုင်ရန် ဖြေဆိုမည်ဟု နှလုံးထား‌ လျက် အား‌ထုတ်ခဲ့ပေသည်။



သာသနာ့ သူရဲကောင်း စိတ်ထားပြီး (ဆရာနှင့် ဒကာ) ခံမှုနှင့် ပစ္စယ ပြိုင်နွှဲရာမှာ စိတ်ဓာတ်ကျစေမည့် စကားများ ကြားရပါက အာရုံမထားသင့်ကြောင်း ကိုယ်တွေ့ ဖြစ်ရပ်များကို မိန့်ကြားခဲ့လေသည်။ တရားအလုပ်ကို အားထုတ်ရင်း သာသနာ့အလုပ်ခွင်တွင် ဇာတ်သိမ်းခဲ့လျှင် အဋ္ဌကထာ ဆရာတို့ကပင် ချီးကျူးတော်မူကြကြောင်း သံယုတ်ပါဠိတော်လာ သမဏ နုတ်သားစတ္ထုကို အထောက်အထား ပြုကာ ထက်ထက်သန်သန် ကြိုးစားဖြေဆို အောင်မြင်ခဲ့သည်မှာ စံထားဓလေ့ကောင်းပေသည်။

လေ့လာရာမှာ ဤသို့

ဆရာတော်ဘုရားကြီး၏ကိုယ်တွေ့ ကျင့်ကြံအားထုတ်ခဲ့သည့် နည်းစနစ်များအတိုင်း တိပိဋကဓရ စာမေးပွဲကြီးကို ဖြေဆိုရာတွင် အနည်အချင်း ဘယ်လောက်ပြည့်မှ ဂုဏ်ထူးနှင့် အောင်နိုင်မည်ကို ကြိုတင်လေ့လာထားရန် လိုအပ်ပေသည်။ ပုစ္ဆက ဆရာတော်များသည် ပါဠိတော် အဋ္ဌကထာ ဋီကာ စသည်များတွင် မည်ကဲ့သို့ထုတ်နုတ် မေးတတ်ကြောင်းနှင့် စာမေးပွဲအရည်အချင်းကို သိအောင် ကြိုးစားထားခြင်း သည်သည်း လိုအပ်ချက် တင်ရပ် ဖြစ်ပေသည်။

ဖြေဆိုရာတွင်လည်း မိမိ ဖြေဆိုမည့် အပိုင်းကလွဲကို ပြည့်စုံကျွမ်းကျင်စွာ ရရှိနေရန် လိုအပ်ပေသည်။ ဆရာတော် ကိုယ်တိုင် ဝိနည်း ငါးကျမ်းကို ဖြေရန်ရှိရာတွင် ပရိဝါ ပါဠိတော်၏ လေးပုဒ်ဘစ်ပုံလောက်ကို ကျက်မှတ်ရန် လိုနေသေးသည့် ၁၃၁၁-ခုနှစ်တွင် စာမေးပွဲ ဝင်ရောက် ဖြေဆိုခြင်း မပြုခဲ့ပုံကိုလည်း လေ့လာထိုက်ပေသည်။ ဆရာတော်သည် ငယ်စဉ်ကပင် စာမေးပွဲ ဖြေဆိုရာ၌ ပထမငယ်တန်းကို မဝင်ရသေးမီ ပထမငယ်တန်း ဆိုင်ရာ ပုစ္ဆာဟောင်းများကို ရှာဖွေ၍ အပြေ ကျင့်ခဲ့သည်။ ပထမငယ်တန်း ဝင်စဉ်၌လည်း ပထမလတ်တန်း ပုစ္ဆာဟောင်းများ၊ အလတ်တန်း ဝင်ပြန်သည့်အခါ အကြီးတန်း ပုစ္ဆာများ ဤသို့ စသည်ဖြင့် တစ်ဆင့်တက် ဖြေဆိုမည့် စာမေးပွဲများ၏ ပုစ္ဆာများကို ရှာဖွေစုဆောင်း လေ့ကျင့် ဖြေဆိုခဲ့ပေသည်။

ထိုမျှသာမက ပုစ္ဆာထုတ်ပုံနှင့် ပုစ္ဆာသဘောသွားကို စဉ်းစား ဝေဖန်၍ ကိုယ်တိုင် ပုစ္ဆာ ထုတ်ကြည့်ခြင်း၊ ဝေဖြကြည့်ခြင်း အလေ့အထကို ပြုလုပ်ကာ စာမေးပွဲ၏ အခြေအမြစ်များကို စိစစ်လေ့လာခဲ့သဖြင့် ဖြေဆိုသည့် စာမေးပွဲတိုင်း၌ ထူးချွန်စွာ အောင်မြင်ခဲ့သည်များမှာ စံပြလိုက်နာသင့်သော သာဓကများ ဖြစ်ပေသည်။

စာကျက်ရာမှာ ဤသို့

နိကာယ် စာမေးပွဲ၊ တိပိဋကဓရ စာမေးပွဲများကို ဝင်ရောက် ဖြေဆိုမည့် သာသနာ့ အာဇာနည် လောင်းလျာ အရှင်မြတ်တို့သည် နေ့စဉ် အချိန်များများ ယူ၍ စာကျက်၊ စာအံ၊ စာကြံ၊စာကြည့်နိုင်ဖို့ လိုအပ်ကြောင်း ဆရာတော်က မိန့် ကြား ခဲ့ သည်။ နိကာယ် ငါးရပ် ပိဋကတ်တော် ဖြစ်သည့် ဘုရား စကား တော် တို့သည် ကျယ်ပြန့် များပြား လှသဖြင့် နှုတ်တက်ရအောင် ပင်ပန်း ကြိုးစွာ ကျက်ရ၊ အံရသည်။ စာမရ၊ စာမကျေဘဲ ဝင်ရောက် ဖြေဆိုလျှင် ထီးဖြူတော်အောက်က ပလ္လင်ပေါ်တွင် ငုတ်တုတ်ပင် အရှက်ကွဲနိုင်ကြောင်း မိန့်ကြား ခဲ့ဖူးသည်။ ဤနေရာတွင် ဝိနယဓရ ဖြေဆိုစဉ်က ဆရာတော် လေ့လာဆင်ခြင်ခဲ့သော လမ်းစဉ် ဥပဒေသများမှာ မှတ်သားဖွယ်ဖြစ်၍ ဖော်ပြလိုပါသည်။

(၁) ဝိနည်း ပိဋကတ် ပါရာဇိကဏ် ပါဠိတော်၌ ဝိနိတ ဝတ္ထုဆိုင်ရာ ဥဒါန်း ဂါထာများကို (နောက်ဆုံး ထားရမည် ဖြစ်ပါလျက်) စတ္ထုတို့၏ ရှေ့၌ ထားခြင်းသည် နောက်နောက်သော ပါဠိတော်ကြီးများ၌ ထိုခန္ဓကတို့၏ အဆုံး၌ရှိသော ဥဒါန်း ဂါထာတို့ကို ရှေးဦးစွာ အရကျက်ပြီးမှ ဝတ္ထု စာသားများကို ကျက်ဖို့ရန် သံဂါယနာတင် ရဟန္တာ မထေရ်မြတ်တို့ ပေးခဲ့သော ဥပဒေသ ဖြစ်သည်။

(၂) ဝတ္ထု တစ်မျိုးပြောင်းလျှင် (တေန ခေါ ပန သမယေန)ဟု ဝါကျစကားဦးချီတတ်သည်။ သတိပြုပါ။

(၃) "ဇေ + ဒေဝါစ" နှင့် "ဧဝံ+မာဟ" ဟောပုံတို့မှာ နားထောင်သူ–သုဏန္တုကံ ဝိသေသ ထင်ရှားရာ၌ "ဧဝံ+ဒေဝါစ"ဟု ဟောကတ်သည်။ နားထောင်သူ–သုဏန္တုကံ ဝိသေသ မထင်ရှားရာ၌ကား "ဧဝံ+မာဟ" ဟု ဟောတတ်သည်။

(၄) သိက္ခာပုဒ် ပညတ်ရန် ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားသော နေရာမျိုး၌ကား (ဘဂဝေါတော ဧတ + ဗတ္တံ ဆာရောစေသုံ)ဟု ဟောတတ်သည်။

(၅) စာကျက်စကပင် သရုပ်ကို ဟောသောနေရာမျိုး၌ ပုဒ်ပေါင်း မည်မျှ၊ ဝိဘင်္ဂသနာများစွာလာသော နေရာ၌ ဝိဘင်္ဂသန ပုဒ်ပေါင်း

မည်မျှ ပါရှိသည်ကို အလေ့ရ၊ အသားကျ အောင် လက်ချိုးရေတွက်ရန် အလေ့အထ ပြုပါ။


(၆) ရပြီးသား စာကို ရွတ်ဆို ပြန်အံသောအခါ (ငါ့ဟာ ဟုတ်လှပြီ)ဟု ထင်ပြီး တစ်ယောက် တည်း မပြန်လေနှင့်၊ ဘေးမှ စာထောက် တစ်ပါးထား၍ စာပြန် လေ့ကျင့်ပါ။ မိမိ တစ်ဦးတည်း ပြန်က စာ တစ်ရွက် နှစ်ရွက် ကျော်သွားသော်လည်း ခုန်ကျော်သွားမှန်း မသိ၊ အမှန်ချည်း ထင်တတ်သည်။ ထို့သို့ သော အမှန်ကား ပွဲဝင်သော အမှန်မဟုတ်။ စာအုပ်ထဲက အတိုင်း မှန်မှ အမှန်ဖြစ်သည်။

(၇) ရှေးဦးပထမ ဝတ္ထုအကြောင်းကို (နှုတ်ရွတ်၍ မကျက်သေးပဲ) စိတ်ဖြင့်သာ စာအုပ်ကို ကြည့်၍ ဖတ်ပါ။ ပြီးလျှင် စာအုပ်ကို ပိတ်၍ မိမိဥာဏ်၌ ဝတ္ထု ကြောင်းကို ဝါကျ အစုံ ပေါ်အောင် မြန်မာလို စဉ်းစားပါ။ မြန်မာ လို ဝတ္ထုကြောင်း မှန်ကန်အောင် စဉ်းစား ပြီးမှ ပါဠိတော်ကြီးကို ခက်လျှင် ခက်သလို၊ လွယ်လျှင် လွယ်သလို ဝါကျ တစ်စုံ တစ်စုံ ကန့်သန့်၍ ကူက်ပါ။

(၈) ငါးခေါက်လောက် ကျက်မိလျှင် စာအုပ်ကို မပိတ်ဘဲ မျက်စိကို မှိတ်၍ အလွတ် ပြန်ကြည့်ပါ။ မရတတ်သေးလျှင် နောက်ထပ် ငါးခေါက်လောက် ထပ်၍ ကျက်ပါ။ နှုတ်လွယ်ရလျှင် စာအုပ်ကို ပိတ်၍ အနည်းဆုံး ထို ဝါကျကို ၁၀ ခေါက် အံပါ။ ထိုနည်းကို အကျင့်ပြုလုပ်ပေးပါ။

(၉) နေ့စဉ် စာပြန်သော အခါ၌လည်း မိမိ ရပြီးသော စာအုပ်တိုင်း နှံ့စပ်အောင် စိုင်း၍ စိုင်း၍ ပြန်ဆိုပါ။ (ဥပမာ) ဝိနယ ပိဋကသုံးအုပ်ကို ရပြီးပြီ ဆိုပါစို့။ စာပြန်ချိန် သုံးချိန်ထား၍ တစ် ချိန် တွင် တစ်အုပ်မှ, နောက် တစ် ချိန် တွင် နောက် တစ်အုပ်မှ၊ တစ်ဖန် နောက်တစ်ချိန်တွင် နောက်တစ်အုပ်မှ ပြီးသမျှ ပြန်ဆိုပါ။ သုံးအုပ်လုံး တစ်ပြိုင်နက် ပြီးဆုံးပါစေ။ ဤနည်းဖြင့် မိမိညဏ်ကို စာအုပ် အနှံ့အပြား ကျက်စား မိအောင် ကြိုးစားပါ။

(၁၀) အကယ်၍ စာကျက်နေစဉ်မှာပင် စာခက်၍ ဖြစ်စေ၊ ပင်ပန်း၍ ဖြစ်စေ၊ ငွေလျော့လိုသော စိတ်များ ပေါ်ပေါက် ဖြစ်ပွား၍လာပါက—



(က) အသင့်အဖို့ မြတ်စွာ ဘုရားက ဤတရားများကို ဟောကြားခဲ့ခြင်း ဖြစ်သည်။ အသင် မသိရမည့်တရားကို အသင့် ဆရာ မြတ်စွာဘုရား ဟောကြားခဲ့သည် မဟုတ်။

(ခ) အသင် ကဲ့သို့သော ဘုရားသားတော် တစ်ပါးကမှ ခမည်းတော် ဘုရား၏ စကားတော်အစဉ်ကို နှုတ်ရမဆောင်လျှင် အဘယ် သူ တစိမ်း ပြင်ပက ဆောင်လိမ့်မည်နည်း။ အသင့် တာဝန်ကား ဝိမုတ္တိရသ ပုဒ်တိုင်းမှာ ရှိသည့် ချို့မြိန်လှစွာသော မြတ်စွာဘုရား၏ စကားတော်ကို စောင့်ထိန်းရန် ဖြစ်သည်။

(ဂ) သီဟိုဠ် ကျွန်းဌ သဲအိတ်ကိုပင် ရင်ဘတ်ခေါ် တင်၍ ပိဋကတ်တော်ကို မပျောက်မပျက် ရအောင် စောင့်ရှောက်တော် မူခဲ့ကြသော နောင်တော်ကြီးများ၏ ထုံးကို နှလုံးပိုက်ပါ။

ဟု မိမိကိုယ်ကို ဇွဲလုံ့လဝီရိယ တက်ရအောင် အားပေးပါ။

အထက်ဖော်ပြပါ ဥပဒေသ မှတ်ချက်များအတိုင်း ဆင်ခြင်လေ့လာ ကျင့်သုံး ကျက်မှတ်ခဲ့ရာ ဆရာတော်သည် စာမျက်နှာ (၂၂၆၀) ပါရှိသော ဝိနယ ပိဋကဝိနည်း ငါးကျမ်းကို ၉ လ ခန့်ဖြင့် နှုတ်တက် အာဂုံဆောင်နိုင်ခဲ့သည်သာမက "ဝိသိဋ္ဌ" "မဟာ" ဟူသော ဘွဲ့ထူးကြီး များဖြင့် တိပိဋကဓရ အောင် ပန်းကြီး ကို လေးနှစ်အတွင်း ဆက်တိုက် ဆွတ်လှမ်း ရရှိတော်မူခဲ့သည်မှာလည်း စာသင်သားတို့ စံနမူနာ ထားရန် ဖြစ်တော့သည်။

စားသောက်ရာမှာ ဤသို့

နိကာယနှင့် တိပိဋကဓရ လောင်းလျှာ အရှင်မြတ်တို့သည် ခက်ခဲပင်ပန်းလှသော စာမေးပွဲကြီးကို အောင်မြင်နိုင်ရန်အတွက် အချိန်ပြည့် ဝေကျက်၊ စာအံ၊ စာပြန်၊ စာကြည့်ကြရသည်၊ ထိုသို့ ကျက်၊ အံ၊ ပြန်၊ ကြည့်နိုင်ရန် အတွက် လျှောက်ပတ် သင့်တော်သော ဆွမ်း အာဟာရနှင့် ပြည့်စုံကြရပေမည်။ သတ်မှတ် ကြံရွယ်ထားသည့် နှုန်းထား အတိုင်း အားထုတ်နိုင်ရန် ဆွမ်းနှစ်ထပ်ဘဉ်းပေး သင့်ပြီး စာပြန်ရ၊ စာကျက်ရလွန်း သဖြင့်



တတိယ သုံးနှစ်စရိုး ၌ ၉၆၇

ညနေချမ်းအချိန် ရင်ပူလာလျှင် အဖျော်ယမကာ သုံးဆောင်ရမည် ဖြစ်သည်။

စာပြန်ပြီးသည့်အခါတွင် လေထုတက်သဖြင့် စတုမဓုဘုဉ်းပေးရန် လိုအပ်ပြန်သည်။ လိုအပ်သော ဆွမ်းအာဟာရ ဆေးဝါးတို့ လျှောက်ပတ်ပြည့်စုံအောင် ဖြည့်စွမ်းနိုင်မှသာ သာသနာ့အာဇာနည် လုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ကို သိရှိတော်မူသော ဆရာတော် ဘုရားကြီးသည် နိုင်ငံတော် အစိုးရက ထောက်ပံ့သော ဆွမ်းဆန်တော်နှင့် တကွ ပူဇော်ပွဲတွင် ဒကာ၊ ဒကာမများ လှူဒါန်းသော တိပိဋကဓမ္မပူဇော အနာမာသများကို တိပိဋကဓရ ရသည့် ၂၅ နှစ်မြောက် ငွေရတုပူဇော်ပွဲတွင် နိကာယဘာဏကနှင့် တိပိဋကဓရ အလောင်းအလျာ ကိုယ်တော်လေးများ အဘွက် ပရိယတ္တိ သာသနာတော်သို့ လှူဒါန်းခဲ့သည်။

ဆရာတော်ဘုရားကြီးသည် တိပိဋကလောင်းလျာ ကိုယ်တော်များအား သိန္ဓောမြင်း ဥပမာဖြင့် တင်စားမိန့်ကြားလေ့ရှိပေသည်။ သိန္ဓောမြင်းတို့သည် သူတို့၏ အဆောင်အယောင် အစားအသောက်ကို ပေးအပ်မှ သူတို့၏ အစွမ်းသတ္တိကို ပြနိုင်သကဲ့သို့ တိပိဋကလောင်းလျာ အရှင်မြတ်တို့ အားလည်း ထိုက်တန်သည့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ပြည့်စုံအောင် ဆက်ကပ် လှူဒါန်း ပြုစုမှသာ သာသနာ့ အာဇာနည် တို့၏ အစွမ်းသတ္တိကို ပြနိုင်မည် ဖြစ်ကြောင်း မကြာခဏ မိန့်ကြား တော်မူပြီး ပရိယတ္တိ သာသနာစည်ပင်ပြန့်ပွား ထွန်းကားရေးအတွက် လိုလေသေးမရှိ ဖစ္စည်းလေးပါးတို့ဖြင့် အစဉ်မပြတ် ထောက်ပံ့လျက် ရှိပေသည်။

လေ့ကျင့်ရာမှာ ဤသို့

ဆရာတော်ဘုရားကြီးက ဤသို့ အမိန့်ရှိတော်မူခဲ့သည်။ "ဘုန်းကြီး တိပိဋကဓရ အလုပ် အားထုတ်ခဲ့စဉ်က ပုံရိုင်းရိုင်း ပြောရရင် တာပတ်ကွင်းကို ပြေးရမယ့် မြင်းဟာ စောစောက ကြိုတင်၍ ခပြေးရမည့် အချိန်ထက် ပိုပြီး အပြေး လေ့ကျင့်ထားရသလို တိပိဋကဓရ စာမေးပွဲမှာ နှုတ်မဆိတ် စာပြန်ရတဲ့ အချိန်ဟာ တစ်နေ့လျှင် ၄ နာရီ တိတိ ဖြစ်ပါတယ်။ ဒီ ၄ နာရီ အောင်အောင်မြင်မြင် စာပြန်နိုင်ရေးအတွက် စောစောက ကြိုတင်၍ တစ်နေ့လျှင် ၆ နာရီ စာပြန် လေ့ကျင့်ခဲ့ရပါတယ်" ဟူ၍ မိန့်ကြားတော်မူခဲ့သည်။ထို့ကြောင့် ပင် နိကာယနှင့် တိပိဋကဓရ လောင်းလျာ ညီငယ် ကိုယ်တော်ကလေးများ အားလည်း ထိုသို့ လေ့ကျင့် အားထုတ် နိုင်ရန်၊ ဆိတ်ငြိမ်ရာ အရပ်၌ သီတင်းသုံးနိုင်ရန် ဖန်တီးပေးပြီး အာဟာရ၊ ဆေးဝါးတို့ကိုပါ လိုလေသေးမရှိ ပြည့်စုံအောင် စီစဉ် ဆောင်ရွက်ပေးထားခြင်း ဖြစ်လေသည်။

နေထိုင်ရာမှာ ဤသို့

တိပိဋကစာမေးပွဲကြီးကို ဝင်ရောက် ဖြေဆိုကြမည့် အခါတွင် စာတော်ဖြေ အရှင်သူမြတ်တို့သည် အားပေးခြီးမြှောက် လှူဒါန်းကြသူများ စေတနာ၊ သဒ္ဓါတရားတိုးတက်ပွားများအောင် မိမိတို့၏ ဂုဏ်ဒြပ်နှင့် ကိုက်ညီစေရန် နေထိုင် သွားလာရေးမှအစ ရင့်ကျက် တည်ငြိမ်စွာ ကျင့်ဝတ် စည်းကမ်းနှင့်အညီ သီတင်းသုံး နေထိုင်ကြရပေသည်။

မြတ်စွာဘုရား၏ တပည့် သား သံ ဃာ တော် များဖြစ်သည့် အားလျော်စွာ ရဟန်းတို့၏ ကျင့်ဝတ်သိက္ခာကို အထူး စောင့်စည်းလိုက်နာကြရသည်။ စာပြန်၊ စာဖြေရန်အတွက် ရိပ်သာသို့ ရောက်ရှိလာသည်နှင့် တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့၏ ချမှတ်ထားသော စည်းကမ်း အတိုင်း လိုက်နာကြရပေသည်။ ရိပ်သာ အတွင်း သာသနာ့စာရ အာဂန္တု ဆောင်သို့ ရောက်သော အခါတွင် တာဝန်ကျ အဆောင်မှူး ဆရာတော်ထံ လျှောက်ထား၍ မိမိတို့အတွက် ချထားသော အခန်းနေရာ၌သာ သီတင်းသုံး နေထိုင်ကြရသည်။

အာဂန္တု ဆောင်၌ နေထိုင်စဉ်အတွင်း ရိပ်သာပြင်ပမြို့ရွာများသို့ သွားလိုပါက အဆောင်မှူးဆရာတော်ထံ ခွင့်ပန်၍ သွားကြရသည်။ ပြန်ဝင်လာသော အခါ၌လည်း အဆောင်မှူး ဆရာတော်ထံ လျှောက်ထား အသိ



ပေးရသည်။ အာဂန္တုဆောင်၌ တည်းခိုနေထိုင်စဉ်တွင် မိမိတို့အား ဒါယကာ၊ ဒါယိကာမများက ကြည်ညို ဖူးမြင်နေကြသည်ကို သတိပြုလျက် သိပ်သည်း ကျစ်လစ်စွာ ရဟန်း ကျင့်ဇွတ်သိက္ခာနှင့်အညီ နေထိုင်ကြရသည်။ တည်းခိုဆောင်မှ ရိပ်သာအတွင်း ဆွမ်းစားဆောင်သို့ ဖြစ်စေ၊ စာပြန် စာဖြေ ဌာနသို့ ဖြစ်စေ ကြွရာ၌ အထူးယဉ်ကျေးသိမ်မွေ့စွာ စာသတိ၊ တရားသတိဖြင့် ကြွကြရသည်။ ရိပ်သာအတွင်း စကားကျယ်လောင်စွာ ပြောဆိုခြင်း၊ လုပ်းလျှောက်၍ ဆေးလိပ်သောက်ခြင်း စသည်တို့ကို လုံးဝ ရှောင်ကြဉ်ကြရပေသည်။

ဖြေဆိုရာမှာ ဤသို့

စာတော်ဖြေ အရှင်တို့အဖို့ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းကို အောင်မြင်ပြီးနောက် တိပိဋကဓရ စာမေးပွဲကြီးကို တစ်ဆက်တည်း တက်လှမ်း ဖြေဆိုရန်မှာ မလွယ်ကူ။ အလွန်တရာ ခက်ခဲလှသည်ကို ဆရာတော်ဘုရားကြီးက သိရှိတော်မူသည်။ သို့ဖြစ်၍ ဓမ္မာစရိယ စာမေးပွဲ အောင်မြင်ပြီးနောက် စာပေပေါင်းကူးတံတား စာမေးပွဲဖြစ်သော နိကာယ် စာမေးပွဲကို ဖြေဆိုခွင့်ရကြပြီး နိကာယဘာဏကာ ဖြစ်ကာ ထိုမှတစ်ဆင့် တိပိဋကဓရ စာမေးပွဲကြီးကို တက်လှမ်း ဖြေဆိုနိုင်အောင် စီစဉ် ဆောင်ရွက်ပေးတော်မူခဲ့သည်။

ထိုသို့ စာပြန်ပွဲများကို ဟာကွက်မရှိ အဆင့်လိုက် အတန်းလိုက်၊ စနစ်တကျ သက်တောင့်သက်သာ ဖြစ်စေရန်အတွက် စီစဉ် ဆောင်ရွက်ပေးသည့် နည်းတူ တိပိဋကဓရ စာပြန်ပွဲတွင် အထက်တန်းကျကျ ဖြေဆိုရမည့် နည်းစနစ်တို့ကိုလည်း လက်တွေ့ကျကျ ပြသကာ နမူနာ ရစေခဲ့သည်။

စာတော်ပြန် အရှင်မြတ်တို့သည် ထီးပြူတော်အောက် ပလ္လင်တော်ပေါ်တွင် နှုတ်တက်အာဂုံ ရွတ်ဖတ်ပြန်ဆိုရန်အတွက် သတ္တိ၊ ဗျတ္တိ နှစ်ပါး ပြည့်ကာ ပြန်ဆိုကြရသည်။ သတ္တိ၊ ဗျတ္တိ နှစ်ပါးတို့တွင် တစ်ပါးပါး မပြတ်ယွင်း ပျက်ပြားလျှင် စာတော်ပြန် ပလ္လင်ထက်ဝယ် အရှက်လွန်ကာ ငုတ်တုတ်ပင်အသံပျောက်၍ ကြောက်စိတ် ဝင်နိုင်သည်ကို သတိပြုကြရပေသည်။ အာဂုံပြန်ဆိုရာ၌ တစ်နေ့လျှင် ပျမ်းမျှအားဖြင့် ဆပ္ပသံဃာယနာမူ စာမျက်နှာ ၁၀၀ မှ ၁၅၀ နှုန်းအထိ ပြန်ဆိုကြရသည်။

နေ့စဉ် နံနက် နာရီမှ ၁၀ နာရီအထိ ၈၀ကြိမ်၊ နေ ၁ နာရီမှ [illegible] ၈၀ကြိမ် ပြန်ဆိုရသည်။ စာတော်ပြန်တို့ သက်တောင့်သက်သာ ရှိစေရန် တစ်

နာရီအတွင်း ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် အဖွဲ့က သတ်မှတ်ပေးသည့် အတိုင်း အနားယူကြရပေသည်။ ပြန်ဆိုရာ၌ လိုအပ်လျှင် လိုအပ်သလို ပေယျာလ မချန် ပြန်ဆိုကြရသည်။ ခုန်ကျော် ပြန်ဆိုခြင်း၊ မခုန်ကျော်ဘဲ အပြည့်ပြန်ဆိုခြင်းတို့မှာ စာထောက်၊ စာမ ဆရာတော်များ၏ အဆုံးအဖြတ်တိုင်း လိုက်နာကြရသည်။ စာတော် ပြန်ရာ၌လည်း—

(၁) ပုဒ်၊ ပါဠ်၊ ဝါကျမှန်အောင် ပြန်ဆိုရခြင်း
(၂) စာလုံး၊ ပုဒ်၊ ဝါကျတို့ ကျ,မကျန်စေရခြင်း
(၃) ထစ်ခြင်း၊ ရပ်ခြင်း၊ ထောက်ပေးရခြင်း မရှိအောင် ပြန်ဆိုရခြင်း
(၄) မကျယ်လွန်း၊ မတိုးလွန်းခြင်း
(၅) မမြန်လွန်း၊ မနှေးလွန်းခြင်း
(၆) ကြည်အေး သာယာ၊ သန့်ရှင်းပီသ တည်ငြိမ်စွာ ပြန်ဆိုရခြင်း ဟူသော အချက်များနှင့် ပြည့်စုံအောင် အာရုံထား၍ ပြန်ဆိုကြရသည်။

နာယက ဆရာတော် ကြီးကြပ် အုပ်ချုပ်လျက်၊ စာထောက် စာမ ဆရာတော်များနှင့် စာမှတ်ဆရာ၊ ပါဠိပညာရှိ ဒကာတို့ကလည်း စာပြန်ကိုယ်တော်၏ အာဂုံပြန်ခြင်းကို အာရုံစိုက်ကာ စာပြန်နေရင်း အခက်အခဲရှိနေပါက ထောက်,မ ပေးကာ စဉ်းစား တွေးတောချိန် တစ်မိနစ် ခွင့်ပြုသည်။ ထိုအချိန်အတွင်း မှန်ကန်စွာ ဆက်လက် ပြန်ဆိုရပေသည်။

အာဂုံပြန်ဆိုပွဲပွင့် ဟိ၊ စ၊ ပ၊ န စသော စာလုံး အကျ မရှိရခြင်း၊ အခုန် အကျော်၊ အထောက် အမ လုံးဝ မရှိရခြင်း၊ 'ဟော်တိ'ကို 'ဘဝတိ' စသည်ဖြင့် အစားထိုး နည်းမျိုးကွဲသို့ ပါဠိတော် ကျမ်းရင်း တိုက်ရိုက် မဟုတ်သော ပရိယာယ် စကားလုံးများဖြင့် အစားထိုး ပြန်ဆိုမှု မရှိရခြင်း၊ ကြည်ညို သဒ္ဓါ ဖြစ်အောင် သန့်ရှင်း၊ ပီသ ပြတ်သားစွာ ပြန်ဆိုနိုင်ခြင်း ဟူသော အရည်အချင်းနှင့် ပြည့်စုံသူကို "သန့်ရှင်း ထူးကဲစွာ ပြန်ဆိုနိုင်သူ" ဟု သတ်မှတ်ကာ ဘွဲ့လက်မှတ် တံဆိပ်တော်တွင် 'ဝိသိဋ္ဌ' ဟူသော စကားလုံးကို ထည့်စွက် လှုဒါန်းရန် စာထောက် စာမတို့က မှတ်သားကြသည်။

စာတစ်လုံး၊ ဝါကျ တစ်ခုလုံးကို ထောက်,မ ပေးပါလျက် မပြန်ဆိုနိုင်လျှင် ကျရှုံးသည်ဟု မှတ်သားသည်။ ပြန်ဆိုနိုင်လျှင် 'ရသည်' ဟု သတ်မှတ်ဘည်။ ပြဋ္ဌာန်းထားသည့် အချိန်၊ ပြဋ္ဌာန်ထားသည့် အကြိမ်၊ ပြဋ္ဌာန်းထားသည့် ကျမ်းစာ မကုန်လျှင်သော် လည်းကောင်း၊ စာပိုဒ်၊ ဝါကျ တစ်ခုလုံး ခုန်ကျော် သွားလျှင်သော် လည်းကောင်း စာမေးပွဲ ကျရှုံးသည်။ တစ်နေ့လုံး ၉ ကြိမ်၊ တစ်ကြိမ်လျှင် နာရီဝက် ပြန်ဆိုရာ၌၊ တစ်နေ့လုံးအတွက် ၅ ကြိမ်သာ ထောက်,မ,ပေးခွင့်ရှိသည်။ ၅ ကြိမ် ထောက်,မ,ပေး၍ ရလျှင် 'သာမန်အောင်' ဟု မှတ်ချက်ချ၍ ၅ ကြိမ်ထက်ပို၍ ထောက်မပေးရလျှင် ကျရှုံးသည်။

ဤသို့ဖြင့် "ထောက်၊ ရ၊ မ၊ ကျ၊ ဝိသိဋ္ဌ" ဟူသော သင်္ကေတများ 'ဟိ၊ စ၊ ပ၊ န၊ ကျော်ခြင်း၊ ပုဒ်လဲခြင်း၊ လိုင်မှားခြင်း၊ ပုဒ်ရှေ့ နောက်ပြန်ခြင်း၊ ထောက်ကြိမ်များခြင်း စသည့် မှတ်သားချက်များ ပါသော အာဂုံပြန်ဇယားကို ဥက္ကဋ္ဌ ဆရာတော်က စစ်ဆေးရသည်။ ဤအချက်များကို စာတော်ပြန် အရှင်မြတ်များ ကြိုတင်မှတ်သားလေ့လာ ထားရပေသည်။

ဆရာတော်ဘုရားကြီးသည် အာဂုံနှင့် သဘောရေးဖြေခြင်းတို့၌ တိဂုံဇကရ စာမေးပွဲ၏ စည်းကမ်းများ၌ ပါရှိသည့် အင်္ဂကောင်းဆုံးဟူသော အဆင့်များဖြင့် မကြုံစဖူး ထူးကဲလှစွာ အောင်မြင်သဖြင့် 'ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကဓရ မမ္မဘဏ္ဍာဂါရိက ဟူသော အထူးမြတ်ဆုံး ဘွဲ့ထူး ဂုဏ်ထူးတို့ကို ရရှိခဲ့ခြင်း ဖြစ်ပေသည်။ စာဖြေအရှင် ကိုယ်တော်တိုင် ဆရာတော်ဘုရားကြီး၏ ဖြေဆိုပုံ၊ ဖြေဆိုရန် ကြိုတင် လေ့ကျင့် အားထုတ်ပုံတို့ကို ဦးထိပ်ပန်ဆင်၊ စံနမူနာ တင်လျက် မှတ်သားလိုက်နာ ခဲ့ကြပေသည်။

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေရှိ ကျောင်းဆောင်အများတွင် နိကာယနှင့် တိပိဋကဓရ လောင်းလျာအရှင်တို့ အများအပြား သီတင်းသုံးလျက် ရှိကြပါ၏။ သို့ရာတွင် စာရေးသူတို့ မိုးမိတ်ကုန်းမြေသို့ ရောက်ရှိချိန်၌ အရှင်မြတ်တို့အား အစုံအညီ ဖူးတွေ့ရခြင်း မရှိပါ။ တပည့်သား သံဃာ အရှင်တို့သည် ခမည်းတော်မြတ်ဘုရား၏ ကျေးဇူးတော်ကို ပေးဆပ်နိုင်ရန်အတွက် တိပိဋကဓရ မမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်အရှင် ဝိစိတ္တသာရာဘိဝံသ၏ ညွှန်ပြခဲ့သည့် နည်းလမ်းအတိုင်း၊ လူသူကင်းရှင်း၍ ငြိမ်းအေးခြင်းရှိသော နေရာများ၌ သုံးပုံပိဋကတ် ပရိယတ်ဒေသနာတို့ကို ကြိုးကြိုးကုတ်ကုတ် အားထုတ်လေ့ကျက်လျက် ရှိကြသည်ကို အာရုံပြုရင်း ဆရာတော် ဘုရားကြီးနှင့်တကွ အရှင်မြတ်တို့အား ရှိသေဦးခိုက် ကန်တော့လိုက်ရပါ တော့သည်။

မြကေနိုင်



မင်းကွန်းတောင်ရိုး
မိုးမိတ်ကုန်းမြေသို့
စာပေ
အနုပညာရှင်များ၏
ပျံသန်းခရီး
ဒေါ်ခင်ဝေ[မြင်မြ]

အနုံပညာရှင်များ၏ အစည်းအဝေးပွဲတော်

နှစ်စဉ်နှစ်တိုင်း နတ်တော်လရောက်လျှင် စာဆို တော်နေ့ အခမ်းအနားများကို ကျင်းပမြဲ ဖြစ်သည်။ ရန်ကုန်မြို့လို မဟာမြို့တော်ကြီးဆိုလျှင် နှစ်စဉ် နတ်တော်လ၌ အမျိုးသား စာပေဆုနှင်းပွဲကို ကျင်းပမြဲဖြစ်သည်။ မြန်မာ့ပြည်နယ် တိုင်းအသီးသီး မြို့နယ်အသီးသီးတို့တွင်လည်း စာဆို တော်လ ရောက်တိုင်း စာပေကဗျာပြိုင်ပွဲများ စာပေဆုနှင်းပွဲများ ဟောပြောပွဲများကို ကျင်းပကြသည်။ နတ်တော်လနှင့် စာဆိုတော်ပွဲ ဟူသည်ကား ရှေး နှစ်ပေါင်းများစွာကပင် မြန်မာတို့အဖို့ နှစ်စဉ် ကျင်းပမြဲဖြစ်သော မြန်မာရိုးရာ ဓလေ့ထုံးတမ်းစဉ်လာ ပွဲတစ်ပွဲအဖြစ် ထင်ရှားရှိနေခဲ့ပေသည်။

ယခုနှစ် နတ်တော်လသည်ကား ယခင်နှစ်များနှင့်မတူ တစ်မူထူးနေသည်ဟု ဆိုချင်ပါသည်။ မှန်ပါ၏၊ မင်းကွန်း တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့က ဦးစီးထုတ်ဝေသော ဒုတိယသုံးနှစ်ခရီး စာစောင်ကြီးသည် ထူးခြားစွာ ရိုက်နှိပ်ပေါ်ထွက်လာခဲ့လေပြီ။ ဓမ္မစာပေ ပညာရှင်များ၏ ထူးခြားသော စာစောင်ကြီးဟု ဆိုရပေမည်။ ထိုစာစောင်ကြီးတွင် ပါဝင်ရေးသား ပူဇော်ကြသော ဓမ္မစာဆိုပညာရှင်များနှင့် ပန်းချီးပညာရှင် လက်ရာစုံပါဝင်ကြသည်မို့ အခြားစာစောင်များနှင့်မတူပဲ ပို၍ ထူးခြားပါသည်၊ ထိုအနုပညာ ကဗျာစာပေ ပန်းချီပညာရှင်များအား ဂုဏ်ပြုပွဲကို မင်းကွန်း ဒေါင်ရိုး မိုးမိတ်ကုန်းမြေတွင် ကျင်းပခြင်းအကြောင်းရင်းက စိတ်ဝင်စားဖွယ် ထူးကဲဖွယ်ရာ စာဆိုတော်လ၏ အထိမ်းအမှတ်ပွဲဟု ဆိုလျှင် မှားမည်မဟုတ်ပေ၊

ရေးသား ပူဇော်ကြမည့် စာပေ ပညာရှင်များ၊ ပန်းချီ ပန်းပု အနုပညာရှင်များကို မင်းကွန်း တောင်ရိုး မိုးမိတ်ကုန်းမြေများနှင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး များသို့ ကိုယ်တိုင် ကွင်းဆင်းလေ့လာ၍ လက် တွေ့ရေးသားစေလိုသော ဆန္ဒကြောင့်ပင် ဖြစ် သည်။ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား ကြီး ဦးဆောင်ပဓာန နာယကအဖြစ် ဆောင်ရွက် တော်မူလျက် ရှိနေသော ကြီးကျယ်သည့် သာ သနာပြုလုပ်ငန်းကြီးများ၏ အံ့ချီးဖွယ်ရာ၊ အား တက်ဖွယ်ရာတို့ကို လက်တွေ့ မျက်စေ့တွေ့ လေ့လာ ရေးသား မှတ်တမ်းတင် ပူဇော်စေလိုသော ဥက္ကဋ္ဌ ဆရာဝန်ကြီး၏ စေတနာကား ကြီးမားလှပါပေ ၏။ အမြော်အမြင် ကြီးပါပေ၏ဟု ကျွန်တော် ကောက်ချက်ချမိပါသည်။

ဤကဲ့သို့ ခမ်းနားကြီးကျယ်သော ဓမ္မစာပေ ရှင်များ၊ အနုပညာရှင်များ လူစုံတက်စုံ ဆုံစည်း ဖို့ရာ မလွယ်ကူပေ။ ဒီဇင်ဘာလ ၂ ရက်နေ့တွင် စာပေ ပညာရှင်များအဖွဲ့ တစ်ဖွဲ့ ပထမအသုတ် အဖြစ် ရန်ကုန်ဘူတာကြီးမှ မန္တလေးသို့ ထွက်ခွာ ကြသည်။ စာပေပညာရှင်ပေါင်း ၆၀-ကျော်ခန့် လိုက်ပါကြသည်။ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဒုတိယအသုတ်အဖြစ် စာပေအနုပညာရှင် ၂၅-ဦး လိုက်ပါသွားကြသည်။ ဒီဇင်ဘာလ ၄ ရက် နေ့ သောကြာနေ့၊ ၁၃၄၉-ခုနှစ်တော်လဆန်း ၁၄ ရက်နေ့တွင်၊ မင်းကွန်းတောင်ရိုး မိုးမိတ် ကုန်းမြေ၌စာစောင်ပေးအပ်ပွဲနှင့်ဂုဏ်ပြုပွဲ အခမ်း အနားကို ကျင်းပနိုင်ရန် ဖြစ်သည်။

ပိုက်ကျုံး ဆိပ်ကမ်းမှ မင်းကွန်းတောင်ရိုးသို့ လှေကူးတို့ဖြင့် ကူးကြသည်။ အဝေးမှ လှမ်း၍ ဖူးမျှော်မြင်တွေ့နေရသည့် ထုံးဖွဲးဖွဲးနှင့် စေတီ များမှာ လွမ်းဖွယ် ကြည်နူးဖွယ် ကောင်းလှသည်။ ရောဝတီမြစ်ရေသည်ကား ကြည်လင် အေးမြလှပါ ဘိသည်။ အရပ်ရပ်မှကူးသန်းသူများ တိုက်ခတ်လာသော လေနုအေးတို့ကို တစ်ဝကျွတ်ရှိုက်ရင်း ပီတိဖြစ်မိ သည်။

ထိုအစီအစဉ်ကို အမြော်အမြင်ကြီးမားသော တိ=နို သာသနာပြုအဖွဲ့ကြီး၏ ဥက္ကဋ္ဌဖြစ်သူ (၀၊) ရန်ကုန်နှင့် မန္တလေး နိုင်ငံတော် ပရိယတ္တိ သာ သနာ့တက္ကသိုလ် ဆောက်လုပ် လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကူ ဆရာဝန်ကြီး ပါမောက္ခ ဦးသာလှ၏ လုပ်ဆောင်စီစဉ်ချက်ပင် ဖြစ်သည်။ မှန်ပါ၏။ များမကြာမီ ထွက်ပေါ်လာ မည့် တတိယသုံးနှစ်ခရီး စာစောင်ကြီးတွင် ပါဝင်

မိုးမိတ်ကုန်းမြေသို့ ခြေချမိသည်တွင် မိုးမိတ်မင်းသားကြီး၏ ကုသိုလ်တော် မိုးမိတ်စေတီတော်ကြီးကို ဖူးမျှော်ခွင့်ရရှိခဲ့သည်။ ထို့ပြင် သာသနာ့အာဇာနည်များ သီတင်းသုံးကြသော ကျောင်းတိုက်များ၊ နာရီစင်ကြီး၊ မိဖုရား၏ ခြေတော်ရာစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ မင်းဗလနှင့် မင်းတေဇတို့၏ စေတီတော်တို့ကို ဖူးမျှော် မြင်တွေ့ရသည်။ ထိုမှတစ်ဖန် သောက်ရေကန်ကြီး ကျောက်စာရုံကြီးများ၊ ကျိုက်မရောဘုရား၊ ပိဋ္ဌကတ် စေတီတော်တို့ကိုလည်း ဖူးမျှော် မြင်တွေ့ကြည်နူး လေ့လာခွင့် ရှိခဲ့သည်။

နောက်တစ်နေ့ နံနက်ထွင် မင်းကွန်း ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူသော ဓမ္မနာဒသို့ သွားရောက်လေ့လာခဲ့သည်။ ထိုမှတစ်ဖန် တိုက်နယ် ဆေးရုံ၊ စာသင်ကျောင်း၊ မင်းကွန်းခေါင်းလောင်း၊ လူအိုရုံ၊ မြသိန်းတန်စေတီတော်ကြီး၊ ခြင်္သေ့ကြီးနှစ်ကောင် ပုထိုးတော်ကြီးစသည်တို့ကို အံ့ချီးဖွယ်ရာမြင်တွေ့ လေ့လာခွင့်ရခဲ့သည်။ စစ်ကိုင်းတောင်ရိုးကြီးကဲ့သို့ပင် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေသည်ကား သူတော်ကောင်းတို့ မှီခိုနေနား တရား အား ထုတ် ပွား များ ရန် ကောင်းလှပေတော့သည်။

မင်းကွန်း ဆရာတော်ဘုရား ဦးဆောင်ပမ့ာနနာယက အကြီးအမှူးအဖြစ် ဆောင်ရွက်တော်မူသော သာသနာပြုလုပ်ငန်းကြီးတွင် ကျွန်တော်တို့ စာပေ၊ ပန်းချီ၊ ဓာတ်ပုံစသည့် အနုပညာရှင်များလည်း ပါဝင်ခွင့် ရရှိကြခဲ့ပေသည်။ ဆရာတော်ဘုရားကြီးနှင့် ဆုံဆည်းရသည်မှာ ဘဝအဆက်ဆက်က ချဘူးသည့်ရေစက်၊ ပန္နက်ခဲ့ဘူးသော သစ္စာဟု ဆိုနိုင်ပါသည်။ ကျွန်တော်တို့ စာပေ အနုပညာရှင်များ သည်ကား မင်းကွန်း ဆရာတော်ဘုရားကြီး၏ အလွန်ကြီးမား သော သာသနာပြုလုပ်ငန်းကြီးအတွက် ဆဲတစ်ပွင့်၊ အုတ်တစ်ချပ်၊ အပ်တစ်ချောင်းအနေဖြင့် ပါဝင်ခွင့် ရရှိပေပြီ။ ကျွန်တော်တို့သည်ကား ကံကြီးပေစွ။ ကံထူးပေစွ။ ကျွန်တော်တို့ဘဝ အရတော်ပေစွ တကားဟု မိမိကိုယ်ကို ပီတိဖြစ်မိတော့သည်။

ဒုတိယ သုံးနှစ်ခရီး စာစောင်ကြီးတွင် ပါဝင် ရေးသားကြသော စာပေ၊ ပန်းချီ၊ ဓာတ်ပုံစသည့် အနုပညာရှင်များကို ဆရာတော်ဘုရားကြီး၏ စာစောင်ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို နွေလယ် သုံးနာရီခန့်တွင် စတင်သည်။ အခမ်းအနားအစီအစဉ်ကိုအကျိုးတော်ဆောင် ဦးမောင်မောင်ကြီးက ဖတ်ကြား သည်။ အစီအစဉ်အရ ရန်ကုန်မြို့ တိ=နိသာသနာပြုအဖွဲ့ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ၊ မန္တလေးမြို့ တိ=နိ သာသနာပြုအဖွဲ့ဥက္ကဋ္ဌ၊ဆရာ ဦးသုခ၊ သံအမတ်ကြီး ဦးကြင်၊ ဆရာဦးရန်အောင်၊ ဓမ္မာစရိယ ဦးဌေးလှိုင်၊ လူထုဒေါ်အမာ အစရှိသည့် ပုဂ္ဂိုလ်ကြီးများ အသီးသီး ရွှတ်ဖတ် ပူဇော် လျှောက်ထားကြသည်။ ထို့နောက် ဒုတိယ သုံးနှစ်ခရီး စာစောင်ကြီးတွင် ပါဝင်ရေးသား မှတ်တမ်းတင်ခဲ့ကြသော စာပေ၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံပညာရှင်တို့ကို ဆရာတော်ဘုရားကြီး၏ ရှေ့မှောက်တွင် ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှက စာစောင်ချီးမြှင့် ခဲ့ပါသည်။

ပန်းချီပညာရှင်များကိုလည်း မှတ်မိသလောက် တင်ပြလိုပါသည်။ မောင်အေးမြင့် (မြန်မာရိုးရာ ဒီဇိုင်း)၊ ဦးဘကြည်၊ ဦးအမ်တင်အေး၊ ဦးစန်းလှိုင်၊ မောင်ငွေထွန်း၊ သုခုမအုန်းခင်၊ ဦးစံတိုး၊ ဦးကျော်ညွန့်၊ ဦးမောင်မောင်သိုက်၊ဦးဖေသော်း၊ ကိုဝသုန်၊ ကျော်သောင်း၊ မျိုးမြင့်၊ မောင်မောင်လှမြင့်၊ တင်လှဝင်းထင်၊ ဘီ-ဟန်စိန်၊ တင်မောင်မျင့်၊ မိုက်မိုက် (ပြည်)၊ မြိတ်ဝင်းထိန်၊ မောင်မောင် (မောင်မောင်တို့အဖွဲ့)၊ ကြည်သိန်း၊ မျိုးမြင့်၊ ဇော်မင်း၊ သဲဇာ၊ သာတင့်ထက်၊ ခင်မောင်ရီ၊ ကောင်းစံ၊ ကျော်တင့်၊ ကျော်အောင်မော်၊ စိုးဝင်းလွန်းစသည့် ပန်းချီဆရာများ အခမ်းအနားသို့ တက်ရောက်ကြသည်ကို တွေ့ရသည်။ ထို့ပြင် ရန်ကုန် မန္တလေးမှ ဓာတ်ပုံပညာရှင်များ တက်ရောက် လာကြသည်ကိုလည်း တွေ့ရသည်။

ဝေးလံ သီခေါင်သော အညာအရပ်ဆီသို့ စာပေ၊ ပန်းချီပညာရှင်များ စုံညီစွာ စုရုံးရောက်ရှိနေသည်မှာ အံ့သြစရာပင် ဖြစ်နေသည်။ ရန်ကုန်တွင် နေထိုင်ကြသော ထိုပုဂ္ဂိုလ်များသည် ဤသို့ဤနယ် စုစုစည်းစည်း တွေ့ဆုံကြရန် မလွယ်ကူလှပေ။ ဤသို့သော အစီအစဉ်မျိုး၊ ဤသို့သော စာပေအနုပညာရှင်များ ဆုံစည်းမှုမျိုးကို မင်းကွန်းဆရာတော်ဘုရားကြီး၏ သာသနာပြု လုပ်ငန်းကြီး၏ ဘုန်းသမ္ဘာ ဂုဏ်ရှိန်ကြောင့်သာလျှင် စုစည်းပေါင်းဆုံကြသည်ဟု ယုံကြည်မိပါသည်။

စာဆေးဝါးအပ်ချီးမြှင့်သည့် အခမ်းအနားသို့

တက္ကသိုလ် မောင်စောလွင်၊ ဆရာဦးသုခ၊ ဇေယျာမောင်၊ ဦးအောင်သိမ်း (မင်္ဂလာဗျူဟာ အသင်း ဥက္ကဋ္ဌ)၊ မင်းယုဝေ၊ လူထုဒေါ်အမာ၊ အမ် အေ ဒေါ်အုန်း၊ သံအမတ်ကြီး ဦးကြင်၊ ဓမ္မာစရိယ ဦးမောင်မောင်လေး၊ ပါဠိပါမောက္ခ ဦးတင်လွင်၊ ဆရာဝန်တင်ရွှေ၊ ဦးတင်ထွန်း၊ မြကေခိုင်၊ ဓမ္မာစရိယ ဦးထွန်းလှိုင် (မောင်တက်အင်း)၊ ဓမ္မာစရိယ ဦးဌေးလှိုင်၊ ဒေါ်မိုးမိုးမြ၊ သူရဇော်၊ မောင်ကျော်သာ၊ အောင်သန်း (မန္တလေး)၊ ပါရဂူ၊ ဓမ္မာစရိယ ဦးအေးနိုင်၊ ဦးထွန်းရီ(ရွှေးဟောင်းသုတေသီတစ်ဦး)မသီတာ (စမ်းချောင်း)၊ ကိုလေး (အင်းဝဂုဏ်ရည်)၊ ဦးဝင်းတင် (မြန်မာ့အလင်း အယ်ဒီတာချုပ်)၊ ဒေါ်မိမိကြီး (ရွှေဘို)၊ စစ်ကိုင်းသူရ၊ မင်းဘူး မျိုးသက်အောင်၊ ခင်မောင်ညို (ဘောဂဗေဒ)၊ ဖျာပုံ-နီလုံဦး၊ မှတ်ကျောက်၊ ဦးရန်အောင်၊ ဦးအောင်(ဉာဏ်လင်း)၊ မြကေသီ (မဟာဝိဇ္ဇာ)၊ အဝင်း (ဘလောက်)၊ ဦးကိုကို၊ ဦးကျော်လှိုင် (ရန်ကုန်တက္ကသိုလ်) တို့ တက်ရောက်ခဲ့ကြသည်။

အနုပညာဓနကျော်ဆို့ဏ ပူဇော်ခြင်းပုံ

အခမ်းအနားမစမီ တစ်ရက်ကြိုတင်၍ ရောက်ရှိနေကြသော ပန်းချီဆရာများက ရရှိသည့် အချိန်ကလေးများတွင်သူတို့၏ ကာယအား၊ ဉာဏအား တို့ဖြင့် ရေးဆွဲထားသော ပန်းချီကားချပ်များကို မင်းကွန်း ဆရာတော်ကြီးအား လှူဒါန်းပူဇော်ကြသည်၊ အခမ်းအနား ကျင်းပရာဝင္ကာကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှနှင့် ဒေါ်ခင်ညွန့် မိသားစုတို့ ဆောက်လုပ်လှူဒါန်းထားသော အဘို

ဓဇ အဘိဓမ္မာကျောင်းဆောင်ရှေ့တွင် ထိုပန်းချီကားချပ်များကို နံရံကပ်ပို့စတာများ၌ ချိတ်ဆွဲပြသထားသည်။ ထိုပန်းချီကားချပ်များကိုကြည့်၍ ပန်း ချီ ဆ ရာ များ အား သာဓု ခေါ်မိသည်။ တစ်ချို့ပန်းချီဆရာများက ရထား၊ပေါ်၌ အိပ်ရေးပျက်လာကြသော်လည်း၊ မင်းကွန်း မိုးမိတ်ကုန်းမြေရောက်သည်နှင့် အမောပြေကြသည်ဟု ဆို၏။ နေဝင်လုလုအချိန်တွင် ကျောင်းကြို ကျောင်းကြားတွင်တစ်မျိုး၊ မြစ်ဆိပ်နား၊တွင်တစ်ဖုံ၊ မိမိတို့အာရုံရသည့် နေရာများ၌ ပန်းချီရေးကြသည်။ တစ်ချို့ ပန်းချီဆရာများသည်၊ နံနက်မိုးမလင်းမီ အာရုံရောင်ခြည် မြင်သည်နှင့် သူတို့၏ အလုပ်ကို စကြသည်။ ပန်းချီဆရာအားလုံးသည် နံနက် ကိုးနာရီခန့်တွင် ရေးဆွဲပူဇော်၍ ပြီးကြသည်ဟု သိရသည်။ သူတို့၏ ဝိရိယ၊ သူတို့၏ လုံ့လနှင့် သဒ္ဓါစိတ်ကို လေးစားကြည်ညိုမိသည်။

မင်းကွန်း ဆရာတော်ဘုရားကြီးအား ပန်းချီဆရာအုပ်စုက မိုးမိတ်ကုန်းမြေ၌ပင်လျင် ကျေးဇူးဆပ် ပူဇော်နိုင်ခဲ့ကြသည်။ ကျွန်တော်တို့ စာရေးဆရာတစ်စုသည် မိမိကိုယ်ကို အားမရ မကျေမနပ်ဖြစ်မိသည်။ဆရာတော်ဘုရား၏ ကျောင်းကန်ရိပ်တွင် မှေးအိပ်ခဲ့ကြသည်။ ဆရာတော်ဘုရား၏ ဒါနအလှူဖြစ်သော ကျောင်းထမင်း ကျောင်းဟင်းကိုလည်း တစ်ဝတစ်ပြဲ စားခဲ့ပြီးပြီ။ ကျွန်တော်တို့ကား ဘာတစ်ခုမှ ချက်ချင်း လက်ငင်း ကျေးဇူး ဘုံ့ပြန်၍ မပူဇော်နိုင်ကြပေ။ ဆရာတော်ဘုရားကြီး၏ ကြွေး ကျွန်တော်တို့တွင် တင်နေလေပြီ။ နေမထိ ထိုင်မသာ ဘဝင်မကျဖြစ်နေမိသည်။

မင်း ကွန်း တောင် ရိုး၊ မိုးမိတ်ကုန်းမြေတွင် ကျွန်တော်တို့ စာရေးဆရာများသည် ယခုမှပင် လေ့လာဆဲ၊ ကုန်ကြမ်းရှာဆဲဖြစ်သည်။ ရန်ကုန်ပြန်ရောက်မှ ဆရာတော်ဘုရားကြီးကို ကလောင်စွမ်းအားဖြင့် ရေးသားပူဇော်၍ ကျေးဇူးဆပ်မည်ဟု မိမိကိုယ်ကို အားခဲထားလိုက်ပါတော့သည်။

မောင်ရင့်ကျူး (မြောင်းမြ)

ဆယ်နှစ်တာ အောင်ပွဲ

ကိုယ်တော်တိုင်က အာဒိတိပဋ္ဌကရ ဖြစ်တော်မူသော တိပိဋကရ ဓမ္မဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော် ဘုရားကြီးသည် သီတင်းသုံးဖော် ညီတော်သာသနာ့ အာဇာနည်အလှာ ရဟန်းတော် အရှင်မြတ်များကို နိကာယ်စာမေးပွဲ ဝင်စေချင်သည်။ ဝင်လိုသည့် ရဟန်းတော်များလည်း ရှိသည်။ ထိုအရှင်မြတ်များ ဘောဇနသပ္ပါယ မမျှတခြင်း (ဆွမ်းခက်ခဲမှု)၊ စာကျက်၍ အထူးရစေမည့် ဝိဝေကအရပ် (ဆိတ်ငြိမ်ကျောင်း) မရ၍ စာဝပခရီး ဖင့်နှေးနေရသည်ကို မြင်တော်မူပါသည်။ ထို့ကြောင့် ၁၃၁၅-ခုနှစ်ကစ၍ ၂၄ နှစ်တိုင် ခံစားတော်မူခဲ့သော တိပိဋကရ လစဉ် ဆွမ်းဆန်တော်စရိတ် ၃၁၁-ကျပ်ကို မတည်၍၊ ရဟန်းတော်များ စာကျက်၊ စာကြည့်နေသမျှ ကာလပတ်လုံး သပ္ပါယဘောဇဉ်၊ ဆွမ်း ဆဖျော်ယမကာ၊ ဆေးပစ္စည်းများ လှူဒါန်းနိုင်ရန် နိကာယ်ငါးရပ်၊ ပိဋကတ်သာသနာတော်အား ၁၃၃၉-ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် နေ့စွဲပြင့် လှူဒါန်းတော်မူခဲ့ပါသည်။

ထိုနှစ် ထိုလ အတွင်းမှာပင် နာယကဆရာတော်ကြီး ၉ ပါးတို့ပြင့် ဓမ္မာကျော်ထင် အဆူးကုဆရာဝန်ကြီး ဦးသာလှကို နာယက တင်မြှောက်၍ တာဝန်ခံ ဂေါပကလူကြီး ၁၀ ဦးတို့ဖြင့် တိပိဋက-နိကာယ သာသနာပြုအဖွဲ့ကို ဖွဲ့စည်းစေတော်မူခဲ့ပါသည်။ ထိုနှစ် တပေါင်းလအတွင်းမှာပင် မြန်မာနိုင်ငံတော်အတွင်းရှိ တိပိဋက စာသင်သား၊ နိကာယ်စာသင်သား အရှင်မြတ်များအား သတင်းစာများမှ လည်းကောင်း၊ လက်ကမ်း ကြော်ငြာစာများဖြင့် လည်းကောင်း၊ ပင့်ဖိတ်တော်မူခဲ့ပါသည်။

ထိုလက်ကမ်း ကြော်ငြာတွင် ဆရာတော်ဘုရား ကိုယ်တော်တိုင် လက်မှတ်ထိုး၍ ဝန်ခံတော်မူသည့် အတိုင်း-

"မင်းကွန်း မိုးမိတ် ဂေါပကအဖွဲ့က တပည့်တော် လှူဒါန်းသော တိပိဋကရ လစဉ် ဆွမ်း ဆန် တော်ကို မူလ မ,တည်၍ လိုအပ်ပါလျှင်၊ လိုအပ်သလို ဒါယကာ ပေါ်အောင် ဆောင်ရွက်လျက်-

(က) အရှင်မြတ်တို့ ဆွမ်းမခံရဘဲ စိတ်ထေးချမ်းသာစွာ စာကျက်၊ စာကြည့်နိုင်ရန်နှင့်

(ခ) အရှင်ဘုရားတို့ ဆိတ်ငြိမ်သော နေရာကို ရရှိရေးအတွက် မင်းကွန်းတောင်ရိုးရှိ မိုးမိတ်

စေတီတော်များ ကုန်းမြေ၌ ချမ်းသာစွာ နေထိုင်နိုင်ရန် တာဝန်ယူ၍ သဘောတူပြီး ဖြစ်ပါသည်"ဟူ၍ ပါဝင်ပါသည်။

ထိုကြော်ငြာအရ ဝါဆိုလတွင် စာသင်သံဃာ ၄၇-ပါး၊ ကြွရောက်တော် မူလာကြပါသည်။ ထိုအရှင်မြတ်များ ဝါဆိုသီတင်း သုံးရမည် ဖြစ်ရကား ၁၃၄၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့တွင် သာသနာ့အခြေအဖြစ် ဌာနသစ်အနေ သာသနာ့ အောင်မြေတွင် နောင် အရှည်တည်ထွန်းရန် ရည်ညွှန်းကာ "တိပိဋကနိကာယ ကျောင်းတိုက်ကြီး"ကို ဖွင့်လှစ်တော် မူကြပါသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ငယ်စဉ်အခါ သာမဏေဘဝက အစိုးရ ပထမပြန် စာမေးပွဲ ပုစ္ဆာဟောင်းများကို ရှာဖွေရာ ၁၀ စောင်မျှကိုပင် ခဲရာခဲဆစ် ရှာဖွေလေ့လာ ခဲ့ရသည်ကို အကြောင်းပြု၍ တိပိဋကနိကာယ စာသင်သား ညီတော် အပေါင်း လွယ်လွင့်တကူ ကြည့်ရှုလေ့လာနိုင်ရန် ၁၃၂၃-ခုနှစ်မှ ၁၃၄၀-ပြည့်နှစ်အထိ ၁၇ နှစ်အတွင်း တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး၏ သဘော ရေးဖြေ စာမေးပွဲ မေးခွန်းအဟောင်းများကို ရှာဖွေစုဆောင်း၍ တိပိဋကဓရ စာမေးပွဲ ပုစ္ဆာပေါင်းချုပ်အဖြစ် "သုတ္တန်ဆိုင်ရာပုစ္ဆာပေါင်းချုပ်"၊ "ဝိနည်း အဘိဓမ္မာဆိုင်ရာ ပုစ္ဆာပေါင်းချုပ်" ဟူ၍ စာအုပ်နှစ်အုပ် ပြုလုပ်ကာ၊ စာသင်သား ညီတော် အပေါင်းအား လှူဒါန်းခဲ့ပါသည်။

၁၃၄၁-ခုနှစ်သို့ ရောက်သောအခါ ဆရာတော် ဘုရားကြီးသည် အဂ္ဂမဟာပဏ္ဍိတ ဆွမ်း ဆန် တော် အလှူငွေ တစ်လ ၁၀၀၀ ကိုလည်း တိပိဋကနိကာယ ပရိယတ္တိ သာသနာတော်ကိုပင် လှူဒါန်းတော် မူခဲ့ပြန်ပါသည်။

တစ်ဖန် ၁၃၄၅-ခုနှစ်၌ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံရပြန်ရာ ထိုဘွဲ့အတွက် လှူဒါန်းသော ဆွမ်း ဆန် တော်စရိတ်ကိုလည်း ပညာသံဝတ္တနိက ကုသိုလ်တရားပွားများစိမ့်သောငှာ နိကာယ်ငါးရပ်၊ ပိဋကတ် သာသနာတော်အား ပင် လှူတော်မူပြန်ပါသည်။

သာသနာ့ အာဇာနည်များ ပေါ်ထွန်းရေးအတွက် ဤသို့ ဆောင်ရွက် လှူဒါန်းရုံမျှနှင့် အား ရတော် မမူသေးပဲ မင်းကွန်း မိုးမိတ်ကုန်းမြေမှ ရန်ကုန်သို့ စာဖြေကြွရသည့်အခါ အစစ အဆင်ပြေစေရန် အောက်ပါတို့ကိုပါ ဆောင်ရွက်တော် မူပါသည်။

၁။ မင်းကွန်းတိပိဋကဓရ = နိကာယ ကျောင်းတိုက်ကြီးမှ မန္တလေးဖက်သို့ တစ်စုတစ်ဝေးတည်း ချမ်းသာစွာ ပင့်ဆောင်ရေး၊

၂။ မန္တလေးမြို့ပေါ်၌ တည်းခိုရေး၊ မီးရထားသီးသန့်တွဲဖြင့် ရန်ကုန်သို့ ပင့်ဆောင်ရေး၊

၃။ ရထားပေါ်၌ ဆွမ်း ကွမ်း ဆက်ကပ်ရေး၊

၄။ ရန်ကုန်ဘူတာကြီးမှ ကြိုဆို၍ မော်တော်ယာဉ်တို့ဖြင့် ပို့ဆောင်ရေး၊

၅။ ရန်ကုန်မြို့၌ တစ်စုတစ်ဝေးတည်း တည်းခိုသီတင်းသုံးတော်မူကြကာ စာအံ၊ စာကျက်၊ စာကြံတော် မူနိုင်ကြရန် နေရာဌာနရရှိရေး၊

၆။ စာမေးပွဲရက်များ၌ စာပြန်ပွဲများက ဆွမ်းကပ်သော်လည်း ကျန်ရှိသော နှစ်လကျော် သုံးလအတွင်း နေ့ရက်များ၌ နေ့စဉ် မင်းကွန်းတိ = နိ ကျောင်းတိုက်ကြီးမှာကဲ့သို့ နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များနှင့် ညနေ အဖျော်ယမကာများ၊ ညဉ့်အခါ စတုမဓုများ ဆက်ကပ်ရေး၊

၇။ ရန်ကုန်မှ မင်းကွန်းသို့ ပြန်ကြွတော်မူသည့် အခါ၌လည်း တိ = နိ စာပြန်ပွဲဝင် ရဟန်းတော်များအား မန္တလေးက ကြွလာစဉ် အခါကကဲ့သို့ပင် ချမ်းသာစွာ ရန်ကုန်မှ မီးရထား သီးသန့်တွဲဖြင့် အေးချမ်းသာယာစွာ ပို့ဆောင်ရေး၊

၈။ မန္တလေး ဘူတာကြီးမှ မော်တော်ယာဉ်ဖြင့် စောင့်ကြို ပင့်ဆောင်၍ တစ်ဖန် ရေယာဉ်ဖြင့် မင်းကွန်း တိ = နိ ကျောင်းတိုက်ကြီးသို့ ရောက်သည့် တိုင်အောင် တိ = နိ စာပြန်ပွဲဝင် သံဃာတော်များ၌ တာဝန် ဘစ်စုံတစ်ခုမှ မရှိရစေရေး။

ဤအရေးတို့အနက် အမှတ် ၅ အရေးကိုဖြည့်တင်းသော အားဖြင့် ၁၃၄၃-ခုနှစ်တွင် ရန်ကုန်မြို့၊ အမှတ် ၁၂၊ နယူးလင်းလမ်း၌ သုံးထပ် တိုက်ကျောင်းကြီး ပေါ်ထွန်း စေခဲ့ပါသည်။

ဤသို့ အစစ အရာရာ လိုလေသေး မရှိရအောင် ဆောင်ရွက်တော်မူသဖြင့် ၁၃၄၅-ခုနှစ်၊ ၃၁ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲမှ ၁၃၄၉ ခုနှစ် အကြိမ် ၄၀ မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲအထိ ၁၀ နှစ်တာ ကာလအတွင်း အောင်မြင်မှုဇယားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



အရှင်ဝါယာဓိန္ဒာဘိဝံသ

အဂ္ဂမဟာအကျော်၊ သာသနပဂါလစမ္ဘာစရိယ၊ သာသနဓရမ္ဘာစရိယ၊
သာသနဓေသိရိဝံဝရမ္ဘာစရိယ၊ ဝိနယဝါဠိဝါရဂူ၊ အဘိမ္မဝါဠိဝါရဂူ၊

ဝိနယဓရ ဝိနယကောဝိဒ
ဝိယဘာဏက စီယနိကာယကောဝိဒ
ဒွေဝိဒုတဓရ ဒွေဝိဒုထဓောဝိဒ
မူလ အာဘိဓမ္မိက

မိုးမိတ်ကုန်းမြေ၊ တိပိဋ္ဌက = နိကာယ ကျောင်းတိုက် ၁၀ နှစ်တာ ခရီး
တိပိဋ္ဌက ရွေးချယ်ရေး စာမေးပွဲအောင် သံဃာတော် စာရင်းချုပ်

စဉ်	ခုနှစ်	အာဂုံဆောင်		သဘောရေးဖြေအောင်		စုစုပေါင်း
၁	၁၃၄၀	ဝိနယဓရ	၁ ပါး။			
		ဒီဃဘာဏက	၆ ပါး။			၇ ပါး။
၂	၁၃၄၁	ဒီဃဘာဏက	၁၄ ပါး။			၁၄ ပါး။
၃	၁၃၄၂	ဒီဃဘာဏက	၁၆ ပါး။	ဝိနယ ကောဝိဒ	၁ ပါး	
		မဇ္ဈိမ ဘာဏက	၁ ပါး။	ဒီဃနိကာယ ကောဝိဒ	၂ ပါး	
		သံယုတ္တ ဘာဏက	၁ ပါး။			၂၁ ပါး။
၄	၁၃၄၃	ဒီဃဘာဏက	၇ ပါး။	ဥဘတောဝိဘင်္ဂ ကောဝိဒ	၁ ပါး	
		မဇ္ဈိမ ဘာဏက	၁ ပါး။			
		ဥဘတောဝိဘင်္ဂရ	၁၄ ပါး။			၂၃ ပါး
၅	၁၃၄၄	ဝိနယဓရ	၂ ပါး။			
		ဥဘတောဝိဘင်္ဂရ	၂၃ ပါး။			၂၅ ပါး
၆	၁၃၄၅	ဝိနယဓရ	၃ ပါး။	မဇ္ဈိမနိကာယ ကောဝိဒ	၁ ပါး	
		ဥဘတောဝိဘင်္ဂရ	၂၄ ပါး။			၂၈ ပါး
၇	၁၃၄၆	ဝိနယဓရ	၉ ပါး။	ဝိနယကောဝိဒ	၁ ပါး	
		ဥဘတောဝိဘင်္ဂရ	၁၄ ပါး။	ဒီဃနိကာယ ကောဝိဒ	၄ ပါး	၂၈ ပါး
၈	၁၃၄၇	ဝိနယဓရ	၆ ပါး။	ဒီဃနိကာယ ကောဝိဒ	၂ ပါး	
		ဥဘတောဝိဘင်္ဂရ	၁၃ ပါး။	ဥဘတောဝိဘင် ကောဝိဒ	၁ ပါး	၂၂ ပါး
၉	၁၃၄၈	ဝိနယဓရ	၆ ပါး။	ဒီဃနိကာယ ကောဝိဒ	၁ ပါး	
		ဥဘတောဝိဘင်္ဂရ	၄ ပါး။	မဇ္ဈိမနိကာယ ကောဝိဒ	၁ ပါး	
		အာဘိဓမ္မာ ရှေ့ပိုင်း	၁ ပါး။			၁၃ ပါး
၁၀	၁၃၄၉	ဝိနယဓရ	၃ ပါး။	ဒီဃနိကာယ ကောဝိဒ	၂ ပါး	
		ဥဘတောဝိဘင်္ဂရ	၅ ပါး။	ဥဘတောဝိဘင် ကောဝိဒ	၄ ပါး	၁၄ ပါး
		အာဂုံအောင် စုစုပေါင်း—	၁၂၄ ပါး။	ရေးဖြေအောင် စုစုပေါင်း- ၁၉၅ ပါး		

အာဂုံပြန်ဆောင်

၁။	ဝိနယဓရ	၃၀ ပါး။	ဝိနယ ကောဝိဒ	၂ ပါး
၂။	ဒီဃဘာဏက	၄၃ ပါး။	ဒီဃနိကာယ ကောဝိဒ	၁၁ ပါး
၃။	မဇ္ဈိမ ဘာဏက	၂ ပါး။	မဇ္ဈိမနိကာယ ကောဝိဒ	၂ ပါး
၄။	သံယုတ္တဘာဏက	၁ ပါး။		
၅။	ဥဘတောဝိဘင်္ဂရ	၉၃ ပါး။	ဥဘတောဝိဘင် ကောဝိဒ	၆ ပါး
၆။	အာဘိဓမ္မာ ရှေ့ပိုင်း	၁ ပါး။		
	အာဂုံအောင် စုစုပေါင်း	၁၂၄ ပါး။	ရေးဖြေအောင် စုစုပေါင်း	၂၁ ပါး

အာဂုံ+ရေးဖြေ အောင်မြင်သူ စုစုပေါင်း ၁၉၅ ပါး၊ (တစ်ရာကိုးဆယ့်ငါးပါး)


ဤဇယားကို ချုပ်၍ကြည့်ပါက ထို ဆယ်နှစ်တာ ကာလအတွင်း ပိဋ္ဌကတ်သုံးပုံတွင်—

၂ ပုံ တစ်မတ်ဆောင်	၁ ပါး။
၁ ပုံ ခွဲဆောင်	၄ ပါး။
၁ ပုံ တစ်မတ်ဆောင်	၁ ပါး။
၁ ပုံ ဆောင်	၆ ပါးမျှ ပေါ်ထွန်းခဲ့ပြီ ဖြစ်ပါသည်။

မဝေးတော့သော ကာလအတွင်း ပိဋ္ဌကတ်သုံးပုံဆောင် တိပိဋ္ဌကဓရ အရှင်မြတ် ပေါ်ထွန်းလာမည့် အရေးကို မြော်တွေး၍ ကြည်ညိုဖွယ်ရာ ဖြစ်ပါတော့သည်။

ဆရာတော်ကြီး၏
ပစ္စုပ္ပန်မြင်ခဒိုး

ဗိုလ်မှူးသပိန်



"တပေါင်းလသာ၊ လတကာထက်၊
နှိုင်းရာဖယ်ရှောင်၊ လမျှားနောင်ကား၊"

ဟူ၍ ရှေးမြန်မာ ပညာရှိများ ဖွဲ့ဆိုထားသည့်အတိုင်း ရာသီ ၁၂-လတွင် တပေါင်းသည် အသာဆုံး ဖြစ်ချေသည်။

ထိုမိန်တပေါင်း၏ လပြည့်နေ့
နံနက်လင်းစအချိန်၊
ကမ္ဘာအေးကုန်းမြေတွင် ဖြစ်သည်။

ဆောင်းကုန်၍ နွင်းကြွင်း နွင်းကျန် လေးမျှားသည် ကုန်းမြေတစ်ခွင်လုံး ပိတ်ဆည်းဝေဆိုင်း နေရာမှ နေထွက်လိုက်သည်နှင့် လုံးဝကင်းစင် လွင့်ပျောက်ကုန်ကြသည်။ ထွန်းပသော နေခြည်ဝယ် တစ်ဖျတ်ဖျတ် တစ်လူလူ လွင့်နေသော သာသနာ့အလံများနှင့် အတူ မြန်မာမှု ရှေးလက်ရာဖြင့် မွမ်းမံထားသည့် ခန့်ထည်သော မုခ်ဦးကြီးကို တွေ့ကြရလေသည်။

ဆောက်လုပ်ပြီးစီးစ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး၏ အဝင်ဝ တံခါးမကြီးပေတည်း။ မကြာခင် အောင်စည်ရွှမ်းသံ ကြားရသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ စုံညီဆရာတော်ကြီး ၄၇-ပါးသည် သီတင်းသုံးရာ ဇမ္ဗူဒီပကျောင်းဆောင်မှ ထီးဖြူမိုးလျက် ကြွရောက်တော် မူလာသည်။ ဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော် ဘုရားကြီး အမှူးထား၍ အကျိုးတော်ဆောင်ချုပ် တိပိဋကဓရ ဆရာတော်၊ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် သုံးပါးအား ဖြင့် ဆရာတော်ကြီး ငါးပါးတို့ကိုယ်တိုင် သမိုင်းတွင်ရစ်စေမည့် သာသနာ့ တက္ကသိုလ်ကြီး၏ မုခ်ဦးကို မင်္ဂလာအချိန်အခါဌိ အောင်မြင်စွာ ဖွင့်ပေးတော်မူလိုက်လေပြီ။

ထိုမုခ်ဦး အပါအဝင် ဆောက်လုပ်ပြီးစီးသွားသော သာသနိက အဆောက်အဦး ဂ ခုတို့အား လှူဒါန်း လွှဲအပ် ရေစက်ချပွဲလည်း ဖြစ်ချေသည်။ ပင်မ ဆောက်လုပ် လှူဒါန်းရေးအဖွဲ့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ စာအုပ်စာတမ်းဖြင့် တရားဝင် လွှဲအပ်ခြင်း၊ လှူဘွယ်ပစ္စည်းများ လှူဒါန်း ဆက်ကပ်ခြင်း၊ ဟရာနာခြင်း၊ ရေစက်သွန်းချ အမျှဝေခြင်း စသည်တို့ကို အသစ်စက်စက် ဆောက်လုပ်ပြီးစ မိုးကုန်ဆွမ်းစား ကျောင်းကြီးပေါ်တွင် ကျင်းပမည်။ ပြီးလျှင် မိုးကုတ်သူ မိုးကုတ်သားများက ဆွမ်းကပ် လှူကြမည် ဖြစ်ပါသည်။

မိုးကုတ် ဆွမ်းစားကျောင်းကြီးကား တင့်ဘယ်ခံ့ညားလှပေ၏။ တစ်ဆက်ဘည်းဖြစ်သော ဓမ္မသာလာ ဆောင်နှင့် ဆိုပါက ကျယ်ဝန်းလှပသော ခန်းမဆောင်ကြီး ဖြစ်လာသည်။ အလျားပေ ၁၂၀၊ အနံ ၆၂ ပေ ရှိသည်။ တစ်ဖန် တွဲလျက်ဖြစ်သော ဆွမ်း ပြင်ဆောင် ၆၂×၂၄ ပေနှင့် ဆွမ်းချက်ဆောင် ၃၆×၂၄ ပေပါ ထပ်ပေါင်းလိုက်သောအခါ ကြီးမားသည့် တစ်ထပ်တိုက် ပတ်ကား အဆောက်အဦးကြီး ဖြစ်လာလေသည်။ သစ်သားအုတ်ကျွတ် မိုးထားသည်။ အဆင်းအတက် လှေခါးကြီး ငါးခုရှိသည်။ အမိုးပြာသာဒ်၊ ပန်းဆွဲ၊ စိန်တောင်၊ စုလစ်မွန်းခွန်၊ ဆင်ဝင် စသည်တို့၌ မြန်မာ့ရှေးမူလက်ရာများဖြင့် မွမ်းမံခြယ်သထားသည်။ ထို့ပြင် တိုင်လုံးကြီးများ၊ ပေါလစ်တင် ပါကေး ကြမ်းခင်း၊ အရောင်တောက်နေသော သစ်သား မျက်နှာကြက်နှင့် မာကြူရီ မီးချောင်းများ၊ မျက်နှာကြက်မှ တွဲလောင်းကျကာ တစ်ဖျတ်ဖျတ် လည်ပတ်နေသော ပန်ကာများ၊ ခန်းလုံးပြည့် ခင်းထားသော ကော်ဇောများဖြင့် တစ်ဖက်ကလည်း ခေတ်မီသော ပုံသဏ္ဌာန်ကို ဖော်ပြလျက် ရှိနေလေသည်။

ခန်းမဆောင်ကြီး ထိပ်ဆုံးပိုင်း နံရံတွင် အုန်းခွံရောင်မှ အဝါရောင်သန်းသော ပါးလွှာသည့် ဇာနိုင်လွန် ကန့်လန့်ကာကြီးအပြည့် ဖြန့်ချထားသည်။ နိုင်လွန်လိုက်ကာတွင် အတွန့်အထပ် ကလေးများ ပြုလုပ်ထားရာ လေလာတိုင်း လှိုင်းအိကလေးများလို ကြွနေသည်။ ထို့အပြင် ဂန္ဓမာ ပန်းပွင့်များလည်း သူ့နေရာနှင့်သူ လှုပစွာ သီကုံးထားသည်သာမက ယနေ့ ပြုလုပ်မည့် အခမ်းအနားကြောင့် ဖော်ပြသော စာတမ်းကိုလည်း ပေါ်လွင်အောင် ကပ်ထားလေသည်။ သည့်မျှသာမကသေး ဆရာတော်ကြီးများ နေရာယူကြသည့် သံဃာစင်နှင့် နောက်ခံကို ပန်းခြင်းကြီး ဆင့်ကာဆင့်ကာ ပြုလုပ်ထားသောကြောင့် ပန်းပဒေသာပင် သို့မဟုတ် ပန်းတောင်ကြီး ဆရာတော်များ နောက်မှ ပေါက်လာသလို ဖန်တီးထားသည်။ အနူပညာ မြောက်လှပါသည်။ အစုံရောင် ဂန္ဓမာပန်းပွင့်ပေါင်း ၄၅၀၀၊ စံပယ်ပန်းကုံး အရှည်ပေါင်း ၅၀၀ ကျော်နှင့် ဂန္ဓမာရွက်စိမ်းများ သုံးထားကြောင်း၊ တိပိဋကာ = နိကာယ သာသနာပြု အဖွဲ့တွင် အဖွဲ့ဝင် ရာကျော်ရှိသော သုဘဒ္ဒါ အမျိုးသမီးအဖွဲ့ဟူ၍ ရှိကြောင်း၊ ယင်းအဖွဲ့မှ အမာခံအဖြစ် အမြဲတန်းလိုလို စေတနာထားဦးဆောင်ဆောင်ရွက်လေ့ရှိသော အဖွဲ့ခေါင်းဆောင် ဆရာကတော် ဒေါ်ခင်ညွှန့်နှင့် အမျိုးသမီးကြီး ၁၅ ဦး ခန့် တို့က နေ့ညမဟူ ကြိုးစားပမ်းစား လုပ်စွမ်းပြထားခြင်း ဖြစ်ကြောင်း သိရှိရလေသည်။

ခန်းမကြီးထိပ်ပိုင်း အလည်ဗဟို၌ တရားဟောပလ္လင်ရှိသည်။ ပတ်ဝန်းကျင်၌လည်း အနေကထိုင်ခင်း သံဃာစင် ကုလားထိုင်များပေါ်တွင် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ရန်ကုန်မြို့မှ ပင့်သံဃာတော်များ၊ မိုးကုတ်မြို့မှ တစ်ကူးတစ်က ကြွရောက်တော် မူလာကြသည့် ဆရာတော်ကြီးများ သင့်သောင့်သက်သာ တင့်တယ်စွာ စံပယ်နေကြပြီ။ ခန်းမကြီးနှင့်အပြည့် သာ–သနာ့နွယ်ဝင် သူတော်စင် သီလရှင်များ၊ ခေါင်းပေါင်း တလူလူနှင့် ဦးစီး ဦးဆောင် ပြုကြသော ပုဂ္ဂိုလ်ကြီးများ၊ ဝတ်ကောင်းစားလှနှင့် အမျိုးသား အမျိုးသမီးများလည်း ရှိသေစွာ တရားတော်ကို နာကြားရန် စုံစုံညီညီ အဆင်သင့် ရှိနေကြလေပြီ။ မကြာခင် အစီအစဉ်အတိုင်း အခမ်းအနား စ,သည်။ ဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော်ကြီးက ဩဝါဒကထာနှင့် သီလပေးပြီး နောက် မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီး အလှည့် ကျရောက်သောအခါ ယနေ့ သာသနိက အဆောက်အဦးများ လှူဒါန်းရသည့် အကြောင်းနှင့် စပ်ဆိုင်သော ဒေသနာကို စတင်ဟောကြားလေသည်။

ဆရာတော်ကြီး မိန့်ကြားသည့်

"သုံးတန်စေတနာ ညီညွတ်စွာဖြင့် မဟာသာသနာနိုက ဝိဟာရကျောင်း တန်ဆောင်းအလှူ ဆောက်လှူသူတို့ ကြိုးထူကဝှန် ကျိုးရဟန်းကို ကျမ်းဂန်ထောက်ချင့်နိဒါန်းဖွင့်သော်"

အစချီသော ကျောင်းလှူအကျိုး ၇–ပါး တရားတော်ကို အာရုံပြု နာကြားရင်း ဤမိုးမိတ်ဆွမ်းစားကျောင်းကြီး ပေါ်ထွန်းလာသည့် နောက်ခံ သမိုင်းကြောင်းကို သွားသတိရမိပါသည်။

မင်းကွန်းတိပိဋက ဆရာတော်ကြီးသည် ထုံးစံအတိုင်း အေးအေးဆေးဆေး ရှိုးသားမှုပကတိအတိုင်း တည်ငြိမ်စွာဖြင့် ဟောနေသည်။ လက်ခွဲလည်း ခါတိုင်းလို ဆည်ရင့်ရောင် ယပ်တောင်ကိုင် ထား လျက် ပရိသတ်တစ်စုံတစ်ဦးအား စူးစိုက် ကြည့်နေခြင်း မရှိ၊ တရားနာသူအားလုံးအား အညီအမျှ သဘောထား ကာ ဘုရားဟောဒေသနာအရ ဟောကြား နေခြင်း ဖြစ်သည်။ သို့သော် ဆရာတော်ဘုရား၏ အသံက ခါတိုင်းနှင့်မတူ ပို၍ကြည်လင်သည်။ အသံသြဇာ ပိုထက်မြက်သည်။ အားရပါးရ ရှိပုံလည်း ရသည်ဟု ကျွန်တော်ဆင်ခြင်မိပါသည်။ ဆဘယ်ဆကြောင်းကြောင့် ဖြစ်နိုင်သည်ဟု ကျွန်တော်တွေးမိသည်မှာ ဆရာတော်ဘုရားသည် ပတ္ထာန်းပြောင်းပြန်ခေါ်ဆိုသည့် မိုးကုတ်ဒေသသို့ ကိုယ်တော်တိုင်ကြွရောက်ခဲ့သည်။ မြို့ပေါ်သာမက ရပ်ကွက်အထိ၊ ကျေးရွာအထိဆင်းပြီး ကြိုးစား ပမ်းစား လူတိုင်းလူတိုင်း ကျောင်းဒါယကာ ဖြစ်ရေးအတွက် အခါအခွင့်ကြုံကြိုက်နေပုံကို စေတနာထား ဟောကြားခဲ့လေသည်။ ယင်းရလဒ်ကြောင့် ဤမိုးကုတ် ဆွမ်းစားကျောင်းကြီးသည် အချိန်တို ကာလအတွင်း လက်တွေ့အကောင်အထည် ပေါ်လာခဲ့သည်။ သည့်အတွက် စိတ်ထက်သန်ခြင်း၊ ဝမ်းသာကြည်နူးခြင်း ဖြစ်ပေလိမ့်မည်ဟု ယူဆမိပါသည်။

ဆရာတော် ဘုရားကြီး၏ ပတ္တမြားမြေခရီးကား

၁၉၇၈ ခုနှစ်၊ သင်္ကြန်ပြီးစ ဧပြီလ ၂၂ ရက်နေ့ နံနက်တွင် စ,ခဲ့ပေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားသည် မန္တလေးမှ မော်တော်ယာဉ်ဖြင့် ထွက်ခွာသည်။ ကျွန်တော် သည်လည်း ဆရာတော်ဘုရား နောက်ပါးမှ လိုက်ပါသွားခဲ့ပေ၏။ နှစ်ကူးပြီးစ ဖြစ်သော်လည်း မန္တလေး ရာသီဥတုကတော့ အတော်လေး ပူအိုက်စ ပြုနေပါလေပြီ။

စဉ့်ကူမြို့နယ်သို့ ဝင်လာသည်။ မကြာပါချေ။ လက်ပန်လှ ကျေးရွာအုပ်စုဝင်ရုံးပင်ကန်ရွာရောက်၏။ ထိုရွာမှ သောတဇနရိပ်သာကျောင်း ဆရာတော်ကြီး ခေတ္တဝင်ကာ တရားဒေသနာ ချီးမြှင့်ရသည်။ တရားနာ ရွာသူ ရွာသား ၅၀၀၀ ခန့်ရှိမည်။ ကျေးရွာ ပြည်သူတွေက သာသနာ့တက္ကသိုလ်အတွက် အလှူငွေ ၄၀၀၀ အပြင် ပိဋကတ်တော် စာအုပ်ပေါင်း ၂၀၀၀ ကိုလည်း မိရှိနှင့် လှူကြသဖြင့် ဆရာတော်ဘုရားက ရေစက်ချပေးရသည်။ ဧည့်သည်အဖြစ် လိုက်ပါလာသူ များအား ရွာကအကြော်စုံ လက်ဖက်ရည်ဖြင့် ကျွေးမွေး ည့်ခံလိုက်လေသည်။

စဉ့်ကူမြို့နယ် အဆုံးထိ အပူရှိန်က လျော့မသွား၊ ပို၍ပို၍သာ ကဲလာသည်။ သစ်ပင် ဝါးပင်သာမက မြက်ပင်များပင် ခြောက်သွေ့လျက်ရှိကြ၏။ လေကလည်း မတိုက်၊ ပူအိုက်လိုက်သည်ဖြစ်ခြင်း၊ ဒဂုံမိုင်ချောင်းကြီး ရွာ ရောက်တော့မှ ချောင်းရေကို စ, မြင်ရသည်။ ထို့နောက် စေ့းဆိုင်တွေနှင့် ကားဆိပ်နှင့် စည်ကားသော ဝါးပြုံတောင်၊ မကြာခင် သပိတ်ကျင်းလမ်းခွဲကို ကျော်သည်နှင့် မိုးကုတ်နယ်နိမိတ်သို့ ဝင်သည်။ ဝင်လှုင်ဝင်ခြင်း သစ်ပင်နှင့် ဝါးပင်များ စိမ်းစိုလာသည်။ တောင် ဝ တက်ပြီ ဆင်ကည်လို သစ်ပင်မြင့်၌ ဝေဝေဆာဆာ ပွင့်နေသော သစ်ခွပန်းများက ဆရာတော်ကြီးအား ဆီးကြိုလျင်သည်။ ဥတုရာသီက သိသိသာသာ ပြောင်းလဲလာ၏။ နေလို့ကောင်းသွားပြီ။

မြသန္ဘာစခန်း၊ ဖိုးဇံ လီးဆူးရွာ၊ ကျောက်လှည်း ဘီး၊ စိန်ကုန်း၊ အောင်ပဒမ်း သစ်တော့ခြံ၊ စိန်အင်း လီးဆူးရွာ၊ ရွှေညောင်ပင်၊ မလဲပေါက်၊ ကင်းရွာ၊ ကုပိုင်၊ နာမည်ကျော်ဘုရား စိန်ဖူးတော်များ ပြုလုပ်သည့် စလင်းကျောက်ထွက်ရာ စခန်းကြီးရွာ၊ သစ်ဆိမ့်ကုန်း၊ ပလောင်ရွာစသည်ဖြင့် တစ်ရွာပြီးတစ်ရွာ ဖြတ်ကျော်လာသည်။ သံလှည့်နောက် ဆည်းဆာချိန်ဝယ် ဖားရုပ်ပုံသဏ္ဌာန် ကျောက်တုံးကြီးရှိသော ကျောက်ဖားသို့ ရောက်ရှိကြသည်။ မိုးကုတ် ကျပ်ပြင်မှ ပြည်သူများသည် ဆရာတော်ကြီးအား ကြိုးကျယ်ခမ်းနားစွာ ကြိုဆိုရန် စီစဉ်ထားကြ၏။ ပတ္တမြား မြေအဝင်ဝ ဆိုရမည့် ကျောက်ဖားတောင် ကုန်းပေါ်၌ မွန်းလွဲ ၂ နာရီခန့်ကပင် ကားကြီး ကားငယ် အသွယ်သွယ်သာမက မော်တော်ဆိုင်ကယ်တပ်ကြီးနှင့် စောင့်နေကြရှာသည်။ ကျွန်တော်တို့က ကျပ်ပြင်သို့ ညနေ ၆ နာရီမှ ဝင်နိုင်သည်။ မန္တလေးမှ အထွက်နောက်ကျခြင်း၊ လမ်းတွင် ကျေးရွာလူထုက ထွက်ထွက်စောင့်ကြို နေကြသဖြင့် ဆရာတော်ဘုရားကြီး အဖူးမြော်ခံရန် ရပ်ပေးရခြင်း၊ အချို့နေရာ၌ တရားဟောရခြင်း စသည် တို့ကြောင့် ယခုလိုနောက်ကျသွားရခြင်း ဖြစ်လေသည်။

ကျွန်တော်က လာကြိုနေသော အိမ်ရှင် မိတ်ဆွေအား—

"မော်တော်ဆိုင်ကယ်ဟွေ ဟွန်ဒါတွေ များလှချည့်လား၊ စျေးပေါတယ် ထင်တယ်၊ ပြီးတော့ ကားတွေကလည်း ဆလွန်းတွေ များတယ်နော်၊ စာစ်မြို့လုံးအကုန်တွက်ကြိုကြတယ် မှတ်တယ်....ဒါထက် ဟောဟို ဒေါ်ဂျစ်ပေါ်က အဝတ်အစား ဆန်းဆန်းနှင့် အမျိုးသမီးတွေကကော ဝတ်အသင်းသူတွေလား"

ဟု မေးမိသည်။

"ဒီကို လာကြိုတာ တစ်မြို့လုံးရှိသမျှ ကားတွေ မဟုတ်သေးဘူးဗျ၊ ဟွန်ဒါကို့ မော်တော်ဆိုင်ကယ်တို့ ဆိုတာမျိုး မိုးကုတ်မပြောနှင့် ကျပ်ပြင်မှာတောင် အစင်းတစ်ထောင်ကျော်ရှိတယ်။ လမ်းမဆန့်မှာစိုးလို့ အကုန်ခေါ်မလာတာပါ။ သူတို့စျေးကလဲ မသေးလှဘူး။ မော်တော်ဆိုင်ကယ်က ဘစ်သိန်း တစ်သောင်း၊ ဟွန်ဒါအနီက မိုးကုတ်အရောက် ကိုးသောင်း ငါးထောင် ရှိတယ်လေ။အဲဒီဒေါ်ဂျစ်ပေါ်က တိုင်းရင်းသူဝတ်စုံနှင့်ရော ယောဂီဝတ်နှင့်ပါ တွေ့ရတာတွေက ဝတ်အသင်းသူတွေပါ။ မမှစကြောရွတ်ဆိုပြီး ဘုန်းဘုရားကိုကြိုကြတယ်။ ကားဘေးမှာ ဘယ်အဖွဲ့ဆိုတာ ရေးထားတာကော ဖတ်ကြည့်ပါအုံး"

ဟုတ်ပါသည်။ ဒေါ်ဂျစ်ဘေး ကမ်ထားသည့် ပိတ်ကားပေါ်တွင် မြန်မာလို ရေးထားသော စာတန်းကို သူပြောမှ သတိထား ဖတ်ရှုမိသည်။

"လီးဆူ-မြန်မာ ဓမ္မစကြာမယ်ဟေမာ
သဒ္ဓါဝတ်အသင်း၊ ၁၃၂၇ ခုနှစ်၊ ဝါဆိုလ
တွင်တည်ထောင်သည်။" ဆိုပါလား။

ကျွန်တော်သည် နယ်ခြားဒေသ၌ တွေ့ဘူးကြုံဘူးသော ဖယောယင် သို့မဟုတ် လီးဆူ တိုင်းရင်းသားများမှာ အများအားဖြင့် ခရစ်ယန်ဘာသာ ကိုးကွယ်သူနှင့် နတ်ကိုးကွယ်သူများ ဖြစ်ကြသည်။ ယခု ပတ္တမြားမြေတွင် ဗုဒ္ဓဘာသာဝင် လီးဆူများ တွေ့ရသဖြင့် အံ့သြဝမ်းသာခြင်း ဖြစ်ရလေသည်။

ကျပ်ပြင်မြို့တွင်းသို့ ကားတန်းကြီး တစ်ဖြည်းဖြည်း မောင်းဝင်သည်။ အိမ်တိုင်းလိုလိုပင် မိမိတို့အိမ်ရှေ့၌ ဖျာ၊ သင်ဖြူး၊ ကော်ဇော စသည်ခင်းကာ ပန်းရေချမ်းတို့ဖြင့် မိသားစုလိုက် ရိုသေစွာ ဒူးတုပ်ထိုင်၍ ဆရာတော်ကြီးအား လှမ်းလှမ်း ကန်တော့ကြသည်။ ဗုဒ္ဓဘာသာဝင် ဂေါ်ရခါး၊ မိသားစုများလည်း ပါကြသည်။ မြို့လယ် ရောက်သောအခါ သဲဖြူခင်း ရာဇမတ်ကာ ငှက်ပျောစိုက် ထီးဖြူမိုး စသည်ဖြင့် ရှေးထုံးအတိုင်း ကြိုဆိုတော့လည်း ဆရာတော်ကြီးခမျာ ကားပေါ်မှ ဆင်းကာ လမ်းလျှောက် ပူဇော်ခံပေးရသည်။သို့မို့ကြောင့် ကျပ်ပြင်တွင် တစ်နာရီခန့် ကြာသွားလေသည်။

ကျပ်ပြင်မှ ဆက်လက် ထွက်ခွာလာပြီးနောက် တောင်များ ပတ်လည် ဝိုင်းရံထားသဖြင့် ဒယ်အိုးလို ဖြစ်နေသော မိုးကုတ်မြို့သို့ စင်သောအခါ ည ၇–နာရီခွဲခါနီးပြီ ဖြစ်သဖြင့် သိသိသာသာ မှောင်နေပေပြီ။ တောင်ပေါ်မှ ကွေ့ကောက် ဆင်းလာသော လမ်းပေါ်၌ ကားတန်းရှည်ကြီးမှာ ကားမီးများကို စဉ်ဆက်မပြတ် လှမ်းမြင်ရသည်မှာ ကြည့်ကောင်းလှသည်။ မိုးကုတ်မြို့ မီးစက်ကတော့ အင်အား သိပ်မရှိရှာ။ သို့ရာတွင် တစ်မြို့လုံး မှောင်နေသော်ငြားလည်း ဆရာတော်ကြီး ကြွလာမည့်လမ်းကိုတော့ ထိန်လင်းအောင် ကြိုးစား ထွန်းပေးထားကြောင်း သတိပြုမိပေသည်။

တစ်နေ့လုံး ခရီးပန်းလာသော်လည်း ဆရာတော်ကြီး အနားမယူပါ။ နောက်နေ့ ဧပြီ ၂၃–ရက် အရုဏ်တက်မှ စ,တင်ကာ ခရီးစဉ် တန်းစီဆွဲထားလေပြီ။

ဆရာတော်ကြီး စီးသော ယာဉ်အား ပထမဦးဆုံး ထီးဖြူမိုးကာ နောက်မှ ဌာနေ သံဃာတော်များ၊

ဘာသာရေး အသင်းများ၊ ပိတ်ဖြူဝတ် ဝတ်အသင်း၊ ဓမ္မစကြာအသင်း၊ ယောဂီအမျိုးသမီးများ စသည်ဖြင့် ကားတန်းကြီးအတိုင်း အခမ်းအနာဖြင့် ပင့်ဆောင်သည်။ မြို့လယ်ကိုဖြတ်၊ ထင်းရှူးခြံ ရပ်ကွက်ကိုကျော်၍ ဖောင်တော်ဦး မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂန္ဓကုဋီတိုက်နှင့် ဓမ္မာရုံကြီးရှိရာသို့ ရောက်ကြသည်။ အနီးရှိရပ်ကွက်များမှ ဗုဒ္ဓဘာသာဝင် ပြည်သူတို့က ဆီးကြို၀တ်ပြုကြသည်။ မိုးကုတ် ဆွမ်းစားကျောင်းအတွက် ရပ်ရွာမှ လူဒါန်းခြင်း၊ တရားဟောခြင်း၊ ရေစက်ချခြင်းများကို ဓမ္မာရုံကြီး၌ပင် ပြုလုပ်သည်။

ဖောင်တော်ဦးဘုရား ဓမ္မာရုံကြီးကား မှန်စီရွှေချလက်ရာများဖြင့် မွမ်းမံထားသည်မှာ လွန်စွာမှ လက်ရာမြောက်ပြီး သပ်ယပ်လှပေ၏။ ပန်းပု ဆရာအိုးနှင့် ဦးစောမောင် (မော့င်ငံရပ်)တို့၏ လက်ရာဖြစ်သည်။ အလှူရှင် ဘုရားဒါယကာမှာ မိုးကုတ်တွင် တစ်ခေတ်ကထင်ရှားသော သေဒ္ဓေးဦးဘိုးလုံ+ဒေါ်ကူဖြစ်ကြောင်း ကမ္ပည်းရေးထိုး ထားသည်။ မော်လမြိုင် ကတိုးကော့နှပ်ဖက်မှ မွန်သေဒ္ဓေးကြီး မြန်မာပြည်၏ ပထမဆုံး မီးသင်္ဘောများပိုင်ရှင် ဦးနာအောက်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးမျိုး ဖြစ်ပေလိမ်မည်။

မိုးကုတ်မြို့၌ ဆရာတော်ကြီး ကြွရောက်ချိန်ဝယ် တိုက်တိုက်ဆိုင်ဆိုင် သစ်ပင်၊ ပန်းပင်များ ဖွေးဖွေးလှပ် ပွင့်နေကြသည်။ မိုးကုတ်တွင်သာ တွေ့မြင်ဖူးသည့် ထင်းရှူးလို အရွက်က စိမ်းရင့်ရင့်၊ အပင်ရှည်၊ အထက်ဆွန် ဒေသအခေါ်ကတော့ "ဇလီဖား" နိုင်ငံခြားအမည်အားဖြင့် Silver Oak ပင်များမှာလည်း ပင်လုံးကျွတ် အဝါရောင်ပန်းများ ပွင့်နေကြသည်။ တောင်တန်းပေါ်၌ တစ်ခေတ်က မျက်နှာဖြူများ စီရင်ရိုက်ထားခဲ့သည့် စိန်ပန်းပြာများကလည်း ဇလီဖားနှင့် အပြိုင် ပွင့်လျက်ရှိ၏။ သည်ဟာတင်မကသေး၊ မိုးကုတ်ထိပ်များ၌ ပန်းထိုးနှင့် အလှစိုက်ထားသော သစ်ခွပန်း အဝါမျိုးများကလည်း ထေးမြ သာယာသော မိုးကုန်၏ထက်ဝယ် ပြည့်စွက်ပေးနေသည်ဟု ဆိုရလိမ့်မည်။

ဆရာတော်ကြီးသည် နေ့ဆွမ်း ဘုဉ်းပေးပြီးနောက် မနားတော့ဘဲ ဒုတိယ အစီအစဉ်အတိုင်း ရွာလိုရိုင်း ရပ်ကွက်ရှိ အရွှေ့ရွာကျောင်းသို့ ကြွပြန်သည်။ ကျောင်းခန်းမကြီးနှင့် အပြည့် အသင့်စောင့်နေသော ဒါယကာ ဒါယကာမများက ရိုသေစွာ ကြိုဆိုပူးပြော်ကြလေသည်။ ထိုခန်းထဲနားတွင် ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ် လူဒါန်းရေး ပင်မအဖွဲ့ဥက္ကဋ္ဌ အထူးကုဆရာဝန်ကြီး ဝဏ္ဏကျော်ထင် ဒေါက်တာ ဦးသာလှ၊ မန္တလေးတိုင်း ပင်မဥပဋ္ဌာက ဥက္ကဋ္ဌ ဒေါက်တာ ဦးခင်မောင်သန်း၊ ရန်ကုန်ရောက် မိုးကုတ်သူ မိုးကုတ်သားများကိုယ်စား မိုးကုတ်အသင်း ဥက္ကဋ္ဌ ဦးခင်မောင်နှင့် မိုးကုတ်မြို့နယ် အာဏာပိုင် ပုဂ္ဂိုလ်တို့က သာသနာ့တက္ကသိုလ် ဆောက်လုပ် လူဒါန်းရေး အခြေအနေ အရပ်ရပ်နှင့် မိုးကုတ်မြို့က ပါဝင်သည့် အခန်းကဏ္ဍကို လည်းကောင်း၊ မိုးကုတ်သူ မိုးကုတ်သားများက သဒ္ဓါတရား အထူးထက်သန်ကြသည့် အလျောက် ၎င်း သီးခြား ထပ်ဆင့်အလှူအဖြစ် မိုးကုတ် ဆွမ်းစားကျောင်းကြီး ဆောက်လုပ် လူဒါန်းဦးမည့် အကြောင်းကို လည်းကောင်း ဆရာတော်ဘုရားကြီး ရှေ့မှောက်တွင် အသီးသီး လျှောက်ထားကြသည်။ ထို့နောက် အရှေ့ရွာကျောင်း ပတ်ဝန်းကျင် ရပ်ကွက်များရှိ ပြည်သူတို့ လူဒါန်းကြကုန်သော ငွေများကို ပင်မအဖွဲ့ဥက္ကဋ္ဌကြီးအား လူဒါန်းပေးအပ်ကြသည်။ ပြီးလျှင်ဆရာတော်ဘုရားကြီးအနေမောဒနာတရား ချီးမြှင့် ရေစက်သွန်းချ အမျှဝေလေသည်။

ဆရာတော်ကြီး၏ ဩဝါဒတွင် အလွန်ကြုံကြိုက်ခဲ့သည့် အလှူဖြစ်ကြောင်း၊ လူတိုင်းလူတိုင်း ကျောင်းဒါယကာ ဖြစ်စေချင်ကြောင်း၊ လူတိုင်းလူတိုင်း လုပ်စား ကိုင်စားတိုင်း သက်သက်သာသာ ရဲရဲဝံ့ဝံ့ လူနိုင်ဖို့ ယခုလိုရပ်ကွက်ထိ ဆင်းလာကာ တိုက်တွန်းရခြင်း ဖြစ်ကြောင်း မိန့်ကြားကာ—

ကျောင်းလှူရခြင်းအကျိုး ၇- ပါးဖြစ်သော

(၁) နတ်နှင့်လူနှယ်၊ သန္ဓေတွယ်၍။
(၂) စိတ်ဝယ်တောင့်တ၊ ဆောက်အုံရ၏။
(၃) မထကြွက်သီး၊ ကိုယ်လည်းမလှုပ်၊ ကြောက်ရုပ်မထင်၊ ထိတ်လန့်စင်၏။
(၄) ခြေသံ+သစ်ကျား+သားရဲများနှင့် ဖမ်းစားကလူ၊ နှိပ်စက်မှုသား တောသူ ဘုတ်ပြိတ်၊ အဆိပ်ထန်ပြင်း၊ မြွေနှင့်ကင်းက၊ အဆင်းဖောက်ပြန်၊ ကုမ္ပဏီရကို့သ်၊ နတ်မိုက်ရန်ပေါင်း၊ ဘေးလွတ်ရှောင်း၏။
(၅) မကောင်းအိပ်မက်၊ မမြင်မက်ဘူး။
(၆) ထင်လှုပ်သတိ၊ ခိုင်မြဲတိရှိ၊ ဝိပရိဏာ၊ ဖောက်ပြန်စိတ်ရင်း၊ ရူးသွပ်ခြင်းမှ၊ ရှင်းရှင်း လွတ်ရှောင်း၊ ကျိုးဆက်ကောင်း၏။
(၇) နောက်နှောင်းဘဝ၊ ဂုဏ်ကဲပို၊ ထရဟတ္တိလ်ဟု၊ ထိုထိုကျေးဇူး၊ လွန်ပြန်ပြု၊ သည်၊ ဆောက်ဦးလှကျိုး ခုနစ်တည်း။

ဟူသော တရားလက်ံကို ချပေးကာ အကျယ်တဝင့် ရှင်းလင်း ဟောကြားတော်မူလေသည်။

အရှေ့ရွာကျောင်းကြီးမှ အခမ်းအနား ပြီးလျှင် ပြီးခြင်း ဆရာတော်ဘုရားသည် မိုးကုတ်မြို့ကို ဆီးမြင် နေရသည့် မင်းဘုရား တောင်ပေါ်တွင် တည်ထား သော ချမ်းသာကြီး မြတ်စွာဘုရားသို့ ဆက်တိုက် ကြွ ရောက်ပြန်သည်။ ဆရာတော်ကြီးသည် ယမန်နှစ်က ပထမဆုံး အကြိမ်အဖြစ် မိုးကုတ်မြို့သို့ ကြွရောက်ခဲ့ရာ ဤချမ်းသာကြီး မြတ်စွာဘုရားကို ဖူးမြော်ရန် ရောက် ခဲ့ဘူးသည်။ ဘုရား ဂေါပကအဖွဲ့ မှတ်တမ်းစာအုပ် ကြီး၌ အောက်ပါအတိုင်း မော်ကွန်းတင်ထားသည်ကို ဖတ်ရှုခဲ့ရလေသည်။

၂၁-၄-၈၇

ငှက်မြတ်နားတော် အသစ်တင်လှူရန်နှင့် ထီးတော် ကြီးအား ရွှေချမွမ်းမံပြီး စေတီတော်ကြီး အားလည်း ၉ လက်မပတ်လည် ကြေးဘောင်ခံ ရွှေချမွမ်းမံသည့် ရွှေပြား သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြရန် ဩဝါဒ ခရီးမြင့်ပွဲနှင့် ဆွမ်းစားကျောင်းအတွက် စုပေါင်း ရေ စက်ချပွဲ ကျင်းပစဉ် ဂေါပကအဖွဲ့၏ ညွှန်ကြားရေး မှတ်တမ်း စာအုပ်တွင် အစဉ်းဆုံး ရေးသား ခရီးမြှင့် တော်မူသည့် ဆရာတော်ဘုရားကြီး၏ လက်ရေးတော် မူရင်း-

၁၃၄၉ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၈ ရက် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ် ကျက်သရေဆောင် ချမ်းသာကြီး မြတ်စွာဘုရားနှင့် တကွ အာရုံခံ မှန်သား တန်ဆောင်းတော်ကြီးကို ဖူးမြော်တွေ့မြင်ရ၍ လွန်စွာ ဝမ်းသာ ကြည်ညိုခြင်း ကုသိုလ်တရား ပွားများရ ပါသည်။

ဦးဝိစိတ္တာသာရာဘိဝံသ
တိပိဋကဆရာတော်

ဟူ၍ ဖြစ်လေသည်။

ချမ်းသာကြီးဘုရား အာရုံခံ တန်ဆောင်း၌ ကျင်း ပသည့်တရားပွဲ၌မူ ဆရာတော်ဘုရားသည် သာမန် အားဖြင့် ဟောပြောနေကြ သာသနိက အဆောက် အဦး လှူဒါန်းရခြင်း အကျိုး ၇ ပါးကို မဟောပေ။ အဆင့်မြင့်လှသော လက္ခဏာရေးသုံးပါး ဖြစ်သော ဝိပဿနာတရားကို ချီးမြှင့်လိုက်ပေသည်။ ဆရာတော် ကြီး၌ ရည်ရွယ်ချက် ရှိပေလိမ့်မည်။

ထိုနေ့အဖို့ အစီအစဉ်က ဤမျှနှင့် ပြီးဆုံးမသွား သေးပါ။ တရား ဟစ်ပွဲဆက်ရန် ကျန်သေးသည်။ ည ၈ နာရီ မထိုးခင် ဈေးဟောင်းကျောင်းတိုက်၌ ကျင်း ပသည်။ မိုးကုတ်၏ ညချမ်းက ဆောင်းရာသီအတိုင်း ချမ်းအေးလှပါသည်။ ယခုနေရာမှာ ဆရာတော်ကြီးနှင့် မတ်သက်၍ မိမိတို့အဖွဲ့ဝင်များ၊ ဝေယျာဝစ္စလာရောက် ဆောင်ရွက်ကြကုန်သော မိုးကုတ်သားတို့အား ဒိုင်ခံကာ ကျွေးမွေးညှဲ့ခံရာ ဌာနဖြစ်သည်။ တစ်နည်း အားဖြင့် ရင်းနှီးပြီးသား ဌာနေအိမ်ရှင်လို ဖြစ်နေ သောကြောင့် ဆရာတော်ဘုရားသည် မမောနိုင် မပမ်း နိုင် ချမ်းအေးသည်ကိုပင် အမှုမထား ညမိုးချုပ်သည့် တိုင် သပ္ပုရိသဒါန တရားတော်ကို အကျယ်ဟော ကြားတော်မူလေသည်။

ဧပြီလ-၂၄ ရက်ဧနှ။

မိုးကုတ်မှ ပတ္တမြားတွင်းများ တူးဖော်ရာ နယ်မြေ ရှိကျေးရွာများသို့ နံနက် ၈ နာရီ ခရီးစထွက်သည်။ မိုးကုတ်မှအထွက် နာရီဝက်လောက်ကြာတော့ တောင် တက် တောင်ဆင်း စ,သည့် ကားလမ်းက မကောင်း။ တောင်တက်များပြီးမတ်စောက်သောကြောင့် ကျစ်ကား လို လေးဘီးမောင်းကားမျိုးသာ သုံး၍ရသည်။ သို့မို့ ကြောင့် ဆရာတော်ကြီးအဖွဲ့၌ လင့်ရိုဘာ၇,စီး၊ ကျစ် ကား ၈ စီး စုစုံပေါင်း ၁၅ စီး ပါဝင်ကြလေသည်။ ရေပူရွာ၊ ကန်သာ၊ လင်းလင်းအင်၊ သဖန်းပင်ရွာ တို့ကို လွန်ပြီးနောက် ကျောက်ဆောင်ရွာသို့ ရောက် သောအခါ ရွာသူရွာသားများက တန်းစီ ကြိုဆိုကြ သည်။ ဆရာတော်ကြီး ဆင်း တရားဟောရသေး၏။ ထိုမှ ခရီးဆက်ပြန်ရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကျောက်ဆောင်၊ သဖန်းပင်၊ ကျောက်ပုတ်ရွာများ၏ ဗဟိုတွင် တည်ရှိသော သဒ္ဓတ်ရှိုကျေးရွာအုပ်စုတွင် "ဘောဗဒါန်း"သို့ ချောချော မောမော ဆိုက်ရောက် လာကြလေသည်။ ရွာအဝင်ဝ မုခ်ဦး၌ ရွာလူကြီးများ၊ အမျိုးသမီးများ၊ ယောဂိဝတ်စုံတူညီဝတ် အမျိုးသမီး ကလေးများက ခရီးဦးကြိုဆိုကြသည်။ ဝတ်အသင်း သူများက သံပြိုင်သံပေါက်များကျူးရင့်၍ ဆရာတော် ကြီးအား ပူဇော်သမ္မပြုကြ၏။ ရွာဝမှ ဆရာတော်ကြီး ခေတ္တသီတင်းသုံးမည့် ကျောင်းဆောင်နှင့် တရား ဟောကြားမည့် ခန်းမဆောင်ရှိရာထိ လမ်းတစ် လျှောက် ပန်းမွှေယာ ခင်းထားသည်။ ထို့အပြင် လမ်းဘေး တစ်ဖက်တစ်ချက်၌လည်း များပြားလှသော ဖယောင်းပန်းခေါင်းသည့် ပင်လုံးကျွတ် ပွင့်နေသော "ဒင်ဒရိုဗီယမ်" သစ်ခွဝါ ပန်းအိုများ စီရရီချထား အလှဆင်လျက်ရှိသည်။ မကြာခင် ဆရာတော်ကြီးအား ဆွမ်းကပ်သည်။ ပါလာသော ညွှန်ကြားမှုများနှင့် ရွာသူ

ရွာသား‌အား‌လုံး‌ကိုလည်း စတုဒိသာ ထမင်း ဟင်း ဖြင့် တည်ခင်း ကျွေး‌ခံသည်။ တကဲ့အလှူ ကြီး အတန်း ကြီး ဖေတည်း။

အခမ်း‌အနား‌ကို နေ့ခင်း ၁ နာရီတွင်စသည်။ အနီး‌ရှိ တောင်တစ်ခုမှ ကျဆင်း‌လာသော ရေတံခွန်ကို အသုံး‌ချရှိထား‌သည့် ဘုန်း‌ကြီး‌ကျောင်း‌ပိုင် ရေအား လျှပ်စစ်စက်မှု မီး‌သွယ်သည်။ ထိုမီး‌အား‌ဖြင့် ခန်း‌မဆောင်အတွင်း ပန်‌ကာလည်စေခြင်း၊ အသံချဲ့စက်ဖွင့်ခြင်း ပြုလုပ်‌ကြောင်း သတိပြုမိပါ၏။ ပတ္တမြား မြေတွင် လေ့လာတွေ့ရှိရသည့် နှစ်သက်ဖွယ် ကောင်း သော ယဉ်‌ကျေး‌မှု အလေ့အထမှာ ဤသို့သော ဘဲ သာရေး‌ပွဲများ၌ "ပန်‌ဒါယကာ" ဟူ၍ ခေါင်း‌ဆောင် တစ်ဦး‌က ရှေ့ဆောင် ရှေ့ရွက်ပြုလေ့ရှိသည်။ ထို ပုဂ္ဂိုလ်‌ကပင် ဘုရား‌ရှိခိုး‌ရန် တိုင်‌ပေး‌ခြင်း၊ သီလ‌ပေး မည့် ဆရာတော်‌ထံမှ သီလတောင်း‌ခြင်း၊ အချို့နေရာ များ၌ ဘုရား‌ရှင်‌အား ဆွမ်း‌ကပ်၊ ပန်း‌ကပ်စသည် ဦး‌ဆောင်‌ပေး‌ခြင်း ပြုလုပ်ခြင်း‌ပေတည်း။ ဤ‌ဘောဇဒါန်း‌တွင်‌လည်း အလား‌တူတွေ့ခဲ့ရသည်။ ရွာသူရွာ သား‌များ‌သည် ဘုရား‌ရှိခိုး၊ သီလတောင်း‌ရွတ်ဆိုရာ၌ ညီညီညာညာရှိကြသည်။ စည်း‌ကမ်း‌သေ‌ပပ်‌ကြသည်။ မြင်‌ရတွေ့ရသည်မှာ ဗုဒ္ဓဘာသာ‌ဝင် တစ်ဦး‌အနေ ဖြင့် ဝမ်း‌သာ‌ကြည်နူး‌ဖွယ်‌ကောင်း‌လေစွ။

ဆရာတော်‌ဘုရား‌ကြီး ရှေ့မှောက်၌ မိုး‌ကုတ်‌ရောက် သည့် အချိန်‌မှစ၍ မိုး‌ကုတ် ဆွမ်း‌စား‌ကျောင်း ဆောက် လုပ်‌ရေး‌အတွက် ဆင်း‌ရဲ ချမ်း‌သာ‌မရွေး၊ ကြီး‌သည် ငယ်သည် မဟူ၊ နှည်း‌သည် များ‌သည် အရေး‌မကြီး၊ လူတိုင်း ကျောင်း‌ဒကာ ဖြစ်‌ရေး မူနှင့်အညီ လှူဒါန်း ပါဝင်‌ကြသည်‌မှာ အလွန် အား‌ရစရာ ကောင်း‌သည်။ ယနေ့ ကျင်း‌ပသည့် အခမ်း အနား‌တွင် ထုတ်‌ဖော်‌ကြေညာ‌သွား‌သည်‌မှာ-

ယခင် လှူငွေ ၁၃ သိန်း၊ ၅ သောင်း
ယ‌နေ့ လှူငွေ ၇ သောင်း၊ ၄ ထောင်

သို့‌ဖြစ်‌ရာ စုစုပေါင်း ၁၄ သိန်း ၂ သောင်း ကျော်‌သွား‌ပြီ၊ ၁၅ သိန်း‌တန် ဆွမ်း‌စား‌ကျောင်း ဖြစ်‌ရေး သိပ်‌မ‌ဝေး‌တော့‌ဟူ၍ သိရှိရ‌သော‌ကြောင့် အား‌လုံး ဝမ်း‌ပြောက်‌ဝမ်း‌သာ သာမု‌အကြိမ်‌ကြိမ် ခေါ်‌ဆို ကြလေသည်။

ဇောဇဒါန်း‌မှ မိုး‌ကုတ်‌ပြန်သည်၊ နောက်တစ်‌နေ့ ကျပ်‌ပြင် ခရီး‌ဆက်ရ‌မည်၊ ဆရာ‌တော် ဘုရား သည် မိုး‌ကုတ်‌နေ‌ရာ‌ထန့်တွင် တရား‌ဟော‌ကြာ‌ရာ၌ 'မိုး‌ကုတ်‌ကို ဘုန်း‌ကြီး သံ‌ယောဇဉ် တွယ်‌ခဲ့သည်။ ဘာ‌ကြောင့်‌လဲ ဆို‌တော့ ဘုန်း‌ကြီး‌ရဲ့ သားသနာ့ မိခင်၊ ဖခင်‌တွေ‌ရဲ့‌မြို့ ဖြစ်‌လို့‌ပါပဲ' ဟု တစ်ခါတစ်‌ရံ ထည့်‌သွင်း‌မိန့်‌ကြား‌သွား သည်‌ကို နာယူလိုက်‌ရသည်။ ၎င်း၏ အဓိပ္ပာယ်‌ကို ကျွန်‌တော် ကောင်း‌ကောင်း မရှင်း‌သဖြင့် မိုး‌ကုတ်‌မှ ဓမ္မ မိတ်‌ဆွေ‌များ‌အား မေး‌မြန်း‌ကြည့်‌မိသည်။ ထို ပုဂ္ဂိုလ် များ‌က-

"ရှေး‌တုန်း‌က မင်း‌ကွန်း‌ဆရာ‌တော်‌ဘုရား သီတင်း ဆုံး‌ရာ ကျောင်း‌တိုက် ဝင်း‌အတွင်း‌မှာ မိုး‌ကုတ်‌မြို့၊ မြို့‌မ ရပ်‌ကွက် ကျောင်း‌ဒါယကာ‌ကြီး ဦး‌ဘရှင်း မိသား‌စုက တစ်‌သိန်း‌ကျော်‌တန် ဓမ္မာရုံ‌ကြီး ဆောက်‌လုပ်‌လှူ‌ဒါန်း ပါ‌ရစေလို့ လျှောက်‌ထား‌တယ်၊ အဲဒီ ခေတ်‌က ငွေ တစ်‌သိန်း‌ဟာ တန်‌ဖိုး မနည်း‌လှဘူး‌ပေါ့။ ဒီတော့ ဆရာတော်‌ကြီး‌က ဦး‌ဘရှင်း‌နှင့် သား သမီး‌တွေ‌ကို တရား‌ဟော‌ပြီး ပြည်သူ‌လူထု‌အတွက် အထူး လို‌အပ် နေတဲ့ ဆေး‌ရုံ မင်း‌ကွန်း‌မှာ ဆောက်‌ဖို့ တိုက်‌တွန်း နှိုး ဆော်‌တယ်။ ဦး‌ဘရှင်း‌တို့‌ကလည်း နောက်‌ဆုံး‌တော့ သဘော‌တူ‌ပြီး လှူဒါန်း‌တော့ ဆရာတော်‌ကြီး‌ကိုယ်‌တိုင် ကြွပ်‌မတ်‌ပြီး နှစ်သိန်း‌ခွဲ‌ကျော်‌တန် တိုက်‌နယ် ဆေး‌ရုံ ဆောက်‌ဖြစ်‌သွား‌တယ်။ ၁၉၃၅ ခုနှစ်‌မှာ ပြီး‌စီး‌လို့ နိုင်‌ငံ‌တော်‌အစိုး‌ရ ကျန်း‌မာ‌ရေး‌ဌာန‌ကို အခမ်း‌အနား နှင့် လွှဲ‌အပ်‌စေခဲ့‌တယ်။ အဲဒီ‌ကစပြီး ဦး‌ဘရှင်း‌ဟာ ဆရာ တော်‌ကြီး‌ရဲ့ သားသနာ့ ဖခင်‌လို ဖြစ်‌လာ‌တယ် ဆို‌ပါ တော့"

"နောက်‌ပြီး‌တော့ သုခိတာ ကျောင်း‌အမ‌ကြီး ဒေါ်‌ဒေါ်‌သန်း‌ကလည်း မိုး‌ကုတ်‌ကပဲ။ ကျောင်း‌အမ ကြီး‌ဟာ ဆရာတော်‌ရဲ့ သားသနာ‌ပြု လုပ်‌ငန်း သုံး‌ရန် ဆို‌ပြီး ဟို‌ခေတ်‌က အလွန် ကောင်း‌တဲ့ ဘဲလ်‌အဲယား ကား‌တောင် လှူခဲ့‌သေး‌တယ်‌လေ။ မိုး‌ကုတ် ဒေါ်‌ခင်‌မြင့် တို့‌ကလည်း တီ-နီ‌အတွက် ကျစ်‌ကား၊ ဒေါ်‌ကျစ်‌ကား လှူတယ်၊ သံ‌ယနာယက ပေါ်‌လာ‌တော့ ဆရာတော်‌ကြီး ကို ငါး‌ချိတ် လှူပြန်‌တယ်။ မင်း‌ကွန်း‌ချောင် ရေစက် ကိုလည်း သံ‌ယ‌ောကအဖြစ် ထပ်‌လှူ‌သေး‌တယ်‌လေ။ ဒါ‌တင် မ‌ကသေး‌ဘူး၊ ဆဲဒီ ကျောင်း ဒါယကာ‌ကြီး‌တွေ ဒါယိ ကာမ တွေ‌ဟာ ဆရာတော်‌ဘုရား‌ကို အခွင့်သင့်‌တိုင်း မကြာခ‌ဏ သိက္ခာလည်း ထပ်‌ထပ်‌ပေး‌ကြလို့ ဆရာတော် ကြီး‌က သားသနာ့ဖခင်၊ သားသနာ့မိခင်‌တွေ‌လို့ တင်စား ခေါ်‌ဟာ‌ပါ"

ဟု ရှင်း‌ရှင်း‌လင်း‌လင်း ဝေါ‌ပြာ‌ပြ လိုက်‌ကြလေသည်။

ဆရာတော်ဘုရားသည် မိုးကုတ်၌ရှိစဉ် မကျန်းမမာ ဖြစ်နေသော ဦးဘရှင်းကို သွားရောက်ကြည့်ရှု အားပေးခဲ့ပေသေးသည်။

ပြဿနာရပ်များ တနင်းလာနေ့

မိုးကုတ်မှ ကျပ်ပြင်သို့ သွားကြသည်။
ယနေ့သည် ကျပ်ပြင်တွင် အိပ်မည်။
ကျပ်ပြင် ရောက်ရောက်ခြင်း ဂေါင်းဦးဘာ ရပ်တောင်ကုန်းပေါ်ရှိ ရတနာ ဘုံမြင့် ကျောင်းရှိရာသို့ ကားများ တန်းမောင်းတက်ကြသည်။ မိုးကုတ်၏ထုံးစံအတိုင်း ဆရာတော်ကြီးအား သိုက်မြိုက်ခမ်းနား စည်ကားစွာ ကြိုဆိုကြလေသည်။

ရတနာဘုံမြင့် ကျောင်းရှိရာ တောင်ကုန်းပေါ်မှ ကြည့်လိုက်လျှင် ကျပ်ပြင်မြို့ တစ်ခွင်လုံး ကောင်းစွာ ဆီးမြင်ရသည်။ ကျပ်ပြင်၏ တစ်ဖက်တွင်ရှိသော ဒေါနန်းကြည်တောင်နှင့် ဘုရားကို သပ္ပာယ်စွာ လှမ်းဖူးမြော်ရသည်။ အမှန်စင်စစ် ကျပ်ပြင်ကို အုပ်ချုပ်ရေးစနစ်အရ တိုက်နယ်ဟု သတ်မှတ်ထားလင့်ကစား မြို့အင်္ဂါရပ်နှင့် ပြည့်စုံသော မြို့တစ်မြို့ ဖြစ်ချေသည်။ အင်္ဂလိပ်ခေတ်ကပင်စ တင်၍ (**Rubby Mines Act**) ပတ္တမြားမိုင်းဒေသသီးခြား ဥပဒေပြဋ္ဌာန်းကာ သီးသန့်ခရိုင်အဖြစ် နယ်ချဲ့တို့ အုပ်ချုပ်ခဲ့သည်။ ထိုခေတ်က မျက်နှာဖြူ အရင်းရှင်များက မြန်မာတို့၏ အဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာများကို တူးဖော်ရယူအကျိုးခံစားခဲ့သော်ငြားလည်း အလုပ်သမား တို့င်းရင်းသားတို့မှာ လွန်စွာမှ ဒုက္ခရောက်ကြကြောင်း ဖိနှိပ်ချုပ်ချယ်မှုများကြောင်း သိရပါသည်။

ကျပ်ပြင်မြို့တွင် ကျပ်ပြင်ရွာမ၊ ပန်းမလှယ်ပြင်၊ ဂေါင်းဦးဘာ၊ ကျပ်ပြင်စျေးရပ်ကွက်၊ အနောက်စျေးသစ်၊ ကသည်းစု စသည်ဖြင့် ရပ်ကွက်များဖြင့် ဖွဲ့စည်းထားသည်။ ရတနာဘုံမြင့်ခေါ်သည့် သီရိမင်္ဂလာဘုံမြင့်ကျောင်းရှိရာ တောင်ကုန်း၏ နောက်တွင် သူ့ထက်မြင့်မားသော တောင်များက လွှမ်းမိုးလျက် ရှိပြန်သည်။ ထိုတောင်ပေါ်၌ သီရိဓမ္မာသောက မင်းကြီးတည်ခဲ့သော ဘုရားတစ်ဆူရှိလေသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂၅ နှစ်လောက်က တောဆင်ရိုင်းတစ်ကောင် ဘုရားဖူးရန် ထူးထူးဆန်းဆန်း ထိုတောင်ပေါ် ရောက်နေကြောင်း တွေ့ရသည်။ အမှန်မှာ တောင်က မြင့်သည် သာမက အတက်လည်း မတ်စောက်သဖြင့် ဆင်တက်ရန် မလွယ်လှ။ ဘယ်လိုလုပ် ရောက်သွားမှန်း မသိဟု ပြောကြသည်။ ပြီးတော့ ဆင်ရိုင်းကြီးက ဘုရားကိုပတ်ပြီး ရေမှုတ်လှူကြောင်း အံ့သြစွာ တွေ့ရပြန်ကြောင်း နောက်မှ ပျောက်သွားကြောင်း၊ ထိုအချိန်မှစ၍ ထိုပင့်ကူတောင်ကို ဆင်ဖူးတောင်ဟု ပြောင်းလဲခေါ်ဝေါ်ကြကြောင်း ကျပ်ပြင်သားများက ပြောကြလေသည်။

"အေးဗျာ ခင်ဗျားတို့ကျပ်ပြင်မှာ ရှေးဟောင်းပုံပြင်ကလေးတွေ အများကြီး ရှိနေတာပဲ၊ နေပါဦး ဒေါနန်းကြည်တောင်တို့၊ ဂေါင်းဦးဘာတို့ကကော နာမည်အဆန်းသား ပါလား၊ သူ့မှာကော ရာဇဝင်နဲ့လား"

"ဟုတ်တာပ၊ ဒေါနန်းကြည်တောင် ကတော့ ရာဇဝင်မှာ နာမည်ကြီးခဲ့တဲ့ ငမောက်ပတ္တမြားနဲ့ ဆက်စပ်နေတယ်ဗျ၊ ဒါပေမယ့် ကြေကွဲစရာ ဇာတ်လမ်းမို့ အကျယ်မပြောချင်တော့ပါဘူး။ အဲ-အဲ ဂေါင်းဦးဘာရပ် ဆိုတာကလည်း ကျွန်တော်တို့ အဖိုးအဖွား သက်ကြီး ဝါကြီးတွေ အပြောအရဆိုရင် ရှေးရှေး ဗမာဘုရင်များခေတ်က ပတ္တမြားတွင်း တူးဖော်ရေး လုပ်ငန်းမှာ ဘုရင်ခန့်အပ်ထားတဲ့ အလုပ်သမား အဖွဲ့ခေါင်းဆောင် ဦးဘာဆိုတဲ့ပုဂ္ဂိုလ် အခြေစိုက်နေထိုင်ခဲ့တာကို အစွဲပြုခေါ်တယ် ဆိုပါတယ်"

"ရှေးတုန်းက ဒီမှာလာရောက် နေထိုင်ကြတာ ဗမာတင်မကသေးဘူး ဟိုရှမ်းပြည်တောင်ပိုင်း အောင်ဘန်း၊ ပွေးလှ ဘက်က မြေလပ်သားတွေလည်း ရောကြည်ရာမြက်နူရာ ဒီမှာပြောင်းရွှေ့ အခြေစိုက်ခဲ့တယ်။ နောက် အင်္ဂလိပ်ဝင်တော့ ရှူဘီမိုင်း အက်ဥပဒေကို ၁၈၆၆-ခုနှစ်က ထုတ်ပြန်ပြီး သူတို့ အုပ်ချုပ်ခဲ့တာ ၁၉၁၁-ခုနှစ်အထိ အာဏာတည်ပါတယ်။ အဲဒီ ဥပဒေအရ ဗမာတွေ အထူးသဖြင့် နိုင်ငံရေးသမားတွေ၊ သခင်တွေကို ဒီမှာမဝင်ရ၊ ဝင်လျှင် နှင်ထုတ်အရေးယူသည်အထိ လုပ်ခဲ့ပါတယ်"

ကျပ်ပြင်သို့ ဆရာတော်ဘုရားကြီး ရောက်ရှိခိုက် တိုက်တိုက် ဆိုင်ဆိုင် ရတနာဘုံမြင့်ကျောင်း၌ ဂေါင်းဦးဘာရပ် နိကာယ်သာသနာပြု အဖွဲ့က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် ပရိယတ္တိ စာပြန်ပွဲကြီး

ပြုလုပ်ပြီးစီးစေ ဖြစ်သည်။ ဆရာတော်ကြီး၏ သြဝါဒ ခံယူပွဲနှင့်အတူ စာအောင်သံဃာတော်များအား ဆရာတော်ဘုရား မိန့်ခွန်းပြောကြားရန်နှင့် ဆုချီးမြှင့်ရန် စီစဉ်ထားသည်။ ကျွန်တော်တို့သည် စာပြန်ပွဲအဖွဲ့က တည်ခင်း ကျွေးမွေးသည့် နံနက်စာကို စားသောက်ကြပြီးနောက် အခမ်းအနား တက်ရောက်ကြလေသည်။

တိပိဋကမင်းကွန်းဆရာတော် ဘုရားသည် နိကာယ် စာမေးပွဲ ဝင်ကြသည့် အောင်မြင်ကြသည့် ပညာချွန် သံဃာတော်များအား ပရိယတ္တိသာသနာသည် ဘဝ သုံးပါးမှ လွတ်မြောက်ရေးအတွက် လွန်စွာမှ အရေး ပါပုံကို သာဓကများ ထုတ်ယူရှင်းလင်း ဟောကြား တော် မူသည်။ တစ်ဖက်ကလည်း ပညာမာန တက်ကြွ ခြင်း မဖြစ်ရန် ဆုံးမစကား မြွက်ကြားပြန်သည်။ မွေ့ ဖမ်း မလိမ္မာသူကမြွေကို အမြီးသွားဆွဲတော့ပြန်ပေါက် သဖြင့် သေရသည့်နမူနာယူကာ ငါတို့လောက်မှ ကိုယ် တော်ကြီးတွေ မသိဘူးဟူသော လွဲမှားသော မာန မဝင်ရန်၊ ကျမ်းဂန်လာအတိုင်း သိလ၊ သမာဓိ၊ ပညာကို မိမိကိုယ်ပေါ်ရောက်ရန် ကြိုးစားဖို့ လုံ့း ညွှန်တော် မူခဲ့လေသည်။

ရတနာဘုံမြင့်ကျောင်းမှ ပြီးသောအခါကသဲအုပ် စု အနောက်ကျောင်းသို့ ကူးကြသည်။ လမ်းခရီးတွင် ကျုပ်ပြင်မှ ဒေါက်တာ ခင်မောင်ဇော်အိမ်၌ မန္တလေး ရှိ ဇီဝိတဒါန အထူးကု သာသနာ့ဆေးရုံ၊ သွားကုသ ရေးဌာနအတွက် ဒေါက်တာ မိသားစုက လှူသော ကျုပ်ငွေ တစ်သိန်းခွဲကို ရေစက်ချ ပေးခဲ့ရသေးသည်။

ကသဲ အနောက်ကျောင်းတွင်လည်း တရားနာ ပရိ သတ်က ဓမ္မာရုံကြီးနှင့်အပြည့် စောင့်နေသည်။ တရား ပွဲ မစခင် မိုးကြီး တစ်အားရွာချလိုက်သည်၊ ဆရာတော် ကြီး ကြွလာမှ သက်သိမ်မိုးရွာတော့တယ်ဟု ပြောကြ၏။ တော်ပါသေးရဲ့။ မိုးက ခဏကြာခဏတော့ တိတ်သွားလို့၊ ကသဲအုပ်စုမှ ဆရာတော်ကြီးရှေ့တွင် မိုးကုတ် ဆွမ်း စားကျောင်းအတွက် ပြည်သူ့အလှူကို ပေးအပ်သည်။ ဆရာတော်ကြီးက သပ္ပုရိသဒါန တရားတော်ကို ဟော ကြားလေသည်။

(၁) သဒ္ဓါဒါန = သရဏာဂုံဘည်ပြီး ကံ, ကံ၏ အကျိုးကို ယုံကြည်၍လှူခြင်း။

(၂) သက္ကစ္စဒါန - လှူဖွယ်ဝတ္ထု သပ်သပ်ယပ်ယပ် အသုံးပုဂ္ဂိုလ်ကို အရိုသေပြု လှူခြင်း။

(၃) ကာလဒါန - ဆန်အခါကိုသိ၍ လှူခြင်း။

(၄) အနုဂ္ဂဟိတဒါန = လှူဖွယ်ဝတ္ထုအပေါ် တွယ် တာတဲ့ စိတ် (လောဘစိတ်) မရှိဘဲ လွတ်လွတ်စွန့်ကြဲတဲ့ မုတ္တစာဂ စေတနာဖြင့် လှူခြင်း။

(၅) အနုပဟစ္စဒါန - မိမိ သူတစ်ပါး ၂ ဦးသားကို မထိပါးမူ၍ လှူခြင်း။

၎င်းအတွက် အကျိုး ၅ ပါးကို မှတ်မိသွားအောင် လက်ဝှေ့နှင့် ရွတ်ဆိုဆက်လက် ရှင်းပြပြန်သည်မှာ-

(၁) သဒ္ဓါကြည်လင်၊ လှူဒါန်းလျှင်၊ ဆင်းပြင်ရုပ် ရည်လှ။

(၂) ရိုသေလှူခြင်း၊ သူ့စကား၊ အမျှားနာယူရ။

(၃) အခါသိသဖြင့်၊ လှူတုံလင့်၊ ချိန်သင့်ကောင်း ကျိုးရ။

(၄) မမွန်းငြိတောင်း၊ လှူတုံ့ရှောင်း၊ အကျောင်း သုံးဆောင်ရ။

(၅) မထိမပါး၊ လှူတုံ့ခြားမူ၊ ထိုသည်သူ၏၊ ပြော ထူမျှားပြား၊ စည်းစိမ်အား၊ ငါးပါးရန်မခ။

သပ္ပုရိသဒါနငါးချက် အကျိုးဆက်ကို နှုတ်တက် အရ ဆောင်ကြ။

ကသဲ အနောက်ကျောင်းအခမ်းအနား ပြီးဆုံးပြီး နောက် ပတ္တမြားမြေ၏ နောက်ဆုံးတရားပွဲကို ကျုပ် ပြင်ကျောင်းတိုက်ကြီး၌ ညအချိန်ဆက်၍ ကျင်းပပြန် သည်။ နဂိုကမှ မိုးကုတ်ထက် ကျုပ်ပြင်က မိုးအေးသည် အထဲ မိုးကရွာလိုက်သေးသဖြင့် ညတွင် တကဲ့ဆောင်း လို ချမ်းအေးလှသည်။ မိုးကုတ်တုန်းက ကျွန်တော်တို့ ညထိပ်လျှင် သန့်ရှင်းစောင် ထူထူခြုံရသည်၊ ဟော ယခု ကျုပ်ပြင်ရောက်တော့ အိပ်ရာဝင်လျှင် ခေါင်းကို

မျက်နှာသုတ်ပဝါ ပတ်ကာ ဂွမ်း စောင် ကြီး များ နှင့် လုံအောင်ထွေး ကွေးရလေတော့သည်။ ဧပြီလ ဖြစ် လျက် မန္တလေးနှင့် ကွားခြားလိုက်သည့် ဖြစ်ခြင်း။

ချမ်းအေးသော်လည်း ကျပ်ပြင် ကျောင်းတိုက်ကြီး အပေါ်ထပ် ရောမခန်းမဆောင်ကြီးနှင့်အပြည့် တရား နာ ပရိသတ်ရောက်ရှိ စောင့်စား နေချေသည်။ ပတ္တမြား မြေ ထုံးစံအတိုင်း ပန်းဒါယကာ ဦးဆောင်ကာ အား လုံး မြတ်စွာဘုရားရှင်အား ပထမကန်တော့ခြင်း၊ ပန်း ဆီမီးကပ်ခြင်းကို ညီညီညာညာ ပြုလုပ်ကြပြီးနောက် တိပိဋကဆရာတော် ဘုရားထံ သီလတောင်းသည်။ဆရာ တော်ကြီးမှာ နေ့စဉ်ရက်ဆက် နေ့ရောညပါ ပွဲဆက် များလှပြီဖြစ်သော်လည်း ပင်ပန်းနွမ်းရိပုံမရ။ ခါတိုင်း ထက်ပင် အားတက် ရွှင်လန်း နေချေသည်။ အဘယ် ကြောင့်ဆိုသော် ဆရာတော်ကြီး ပတ္တမြားမြေရောက် ရှိချိန်မှစပြီး ယနေ့တိုင်အောင် သည့်အခါထိ အမြဲတန်း ဟောပြောဆုံးမလေ့ ရှိသည်နှင့်အညီ လူတိုင်း ကျောင်း ဒါယကာဖြစ်ရေး၊ ကလေးသူငယ်ပါ မကျန် ထူးမြတ် သော ဤဒါနကြုံကြိုက်တုန်း ပါဝင်ကြရေး၊မပင်မပန်း သက်သောင့်သက်သာ လှူဒါန်းနိုင်ရေးဟူသော ရည် ရွယ်ချက်အတိုင်း ပတ္တမြားမြေ လုပ်သားပြည်သူများက ဖြည့်ဆည်း ပေးလိုက်သောကြောင့် တည်း။

ပတ္တမြားမြေ ကုသိုလ်ရှင်များ အနေဖြင့် ရန်ကုန် မန္တလေး သာသနာ့တက္ကသိုလ်ကြီးများ အတွက်သာ မက သီးခြားအလှူအဖြစ် မိုးကုတ်ဆွမ်းစားကျောင်း အတွက် ဆရာတော် ဘုရား ကြွရောက်ခိုက် လှူဒါန်း လိုက်သည်မှာ ယနေ့ည တရားသိမ်းပွဲတွင် စာရင်းချုပ် လိုက်သောအခါ စုစုပေါင်းကျပ် ၁၅ သိန်း၊၂ သောင်း၊ ၄ ထောင်ကျော်သွားလေပြီ။

ထိုအကြောင်းများကြောင့် ဆရာတော်ကြီး နှစ်သိမ့် ကြည်နူးခြင်း ဖြစ်လေသည်လားမသိ၊ ဤနေ့ည သီလ ပေးသောအခါ ခါတိုင်းကဲ့သို့ ငါးပါးသီလ မဟုတ် တော့ပဲ အချိန်အပိုင်းအခြားနှင့် ကျင့်သုံး နိုင်သော တဒင်္ဂရှစ်ပါး သီလတော်မြတ်ကို ပေး သ နား တော် မူလေသည်။ ပြီးတော့ မေတ္တာသုတ်ကို အကျယ် ချီးမြှင့် သည်။ သည်တင်မကသေး၊ မပြီးသေးပါ။ တရားနာ ပရိသတ်ကလည်း ချမ်းအေးမှုကို ဂရုမထား ဆက် လက်ငြိမ်သက်စွာ နာယူဆဲ၊ တောင့်တ ဆဲ ရှိ သ ဖြင့် အထာကို သိရှိတော်မူသည်နှင့်အညီ ဆက်လက်၍ တရား ဟောပြန်လေသည်။

ဒေသနာတော်ကတော့ သေဋ္ဌေးသမီး ကိသာ ဂေါ် တမီအကြောင်း ဖြစ်သည်။ ပုံပြင်ကို အသေးစိတ်ဟော သည်။ ရှေးကိုသိုလ်ကံထူး၍ အလွန် ချမ်း သာ သော သေဋ္ဌေးသမီး ဂေါတမီ ဒုက္ခအမျိုးမျိုးတွေ့ပုံ၊ ရင်သွေး ငယ်အတွက် ပူဆွေးရပုံ၊ ဘုရားသခင်နှင့် တွေ့တော့မှ တရားရပုံ၊ ပြီးတော့ လမ်းမှန်သိသွားသော ဂေါတမီ သည် ဝိပဿနာ ကျင့်သဖြင့် သုခချမ်းသာအစစ် တွေ့ရှိ သွားပုံကို ဆက်လက် မြွက်ကြားကာ အဆုံးသတ်၌ ကျပ်ပြင်တရားနာ ပရိသတ်အား ဝိပဿနာ လုပ်ငန်း တရားကို ချီးမြှင့်တော်မူပြန်လေသည်။

"ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည့် ဤသံခါရ၊ သဘာဝကား၊ ဌာန နယ်ချုံး၊ တစ်နိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊ တစ်မြို့ ရွာဝယ်၊ မျက်နှာမဲ့လျင်း၊ တစ်အိမ်တွင်း၌၊ သင်းသီး သန့်ခြား၊ တစ်ကန့်သား၍၊ ဖြစ်ပွားလေ့လာ၊ မဟုတ် ပါဘူး။ ။ပြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်၊ ဥပါဒ် စလျှင်၊ ထိုသို့ဝင်၍၊ ဘင်္ကာ၊ မရဏဖြင့်၊ ရွှေ့လျှပ် လှုပ်၊ တစ်ချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်း ညှိုးသည်။ ။

အရိုးအနှီစုပါတကား။
အရိုးဒုက္ခပါတကား။
အရိုးအနတ္တပါတကား။

စသည်ဖြင့် စိတ် ရှည် လက် ရှည်အကြောဆုံး ဟော ကြား သွားခဲ့လေသည်။

ပြီးတော့ရေစက်ချ–

ကျွန်တော်၏ ရှည်လျားလှသော နောက်ကြောင်း ပြန် အတွေးနယ်ခဲ့ခြင်းသည်လည်း ပတ္တမြားမြေ ဆရာ တော်ကြီးနှင့် လိုက်ပါသွားသည့် ခရီးစဉ်မှ ဖျတ်ခနဲ သတိရကာ ယခု ရောက်ရှိနေသည့် ကမ္ဘာအေားကုန်းမြေ သာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားကျောင်း ရှိရာသို့ ပြန် လည် ရောက် ရှိ ရ သည်။ ဩော် သတိ....သတိ....။ တိပိဋကကျေးဇူးရှင် ဆရာတော်ဘုရား သည်ပင်လျှင် မိုးကုတ်ဆွမ်းစားကျောင်းနှင့် သာသနာ့နိုက အဆောက် အဦး ဂ ခု လွှဲအပ် လှူဒါန်းရေး အပွက် အနှ မောဒနာတရား ချီးမြှင့်ပြီးစီးသွားပြီ ဖြစ်သောကြောင့် နောက်ဆုံးရေစက်ချ အမျှပေးဝေနေပါလေပြီကော....

ဩော်....သာဓု....သာဓု....သာဓု

ဗိုလ်မှူး သမိန်



မင်းကွန်းတောင်ရိုး ဓမ္မနာဒ ကျောင်းတိုက်
အာဒိကမ္မိက ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (ဝဠုံသကာ)
အရှင် ဝိစိတ္တသာရာဘိဝံသ (ဝိသိဋ္ဌ) တိပိဋကဓရ
(မဟာ) တိပိဋက ကောဝိဒ
ဘဒ္ဒန္တဝိစိတ္တသာရ
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
အဂ္ဂ မဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု
ဘွဲ့တံဆိပ်များဖွာ ရရှိတော်မူသော
ဓမ္မနာဒ ဆရာတော်ဘုရားအား
တပည့်များ၏ပိတိရွှင်မြူးခြီးကျူးမြတ်နိုး ရှိခိုးအပ်သော-

ဒုတိယဆုံးနှစ်ရီး ၁၃၉၁

ထောမနာ ဝန္ဒနာ

(၁၃၅၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ဂနေ့ ရေးသား ချီးကျူး ဂုဏ်ပြုသည်။)

၁။ ဝိစိတ္တသာရဝန္ဓသ၊ ဓမ္မဿ ဝိနယဿ စ။
ဝိသိဋ္ဌဓာရကော အာသိ၊ ထေရော ဝိစိတ္တသာရဓော။ ။

ယော ထေရော၊ အကြင် ဗုဒ္ဓဘာသာ နိုင်ငံတကာကျော်ကြား တပည့်တော်တို့၏ ကျေးဇူးရှင် ဂုဏ်အင်ကြီးမား ဓမ္မနာဒ ဆရာတော်ဘုရားသည်။ ဝိစိတ္တသာရ ဝန္ဓဿ၊ ဆန်းလည်း ဆန်းကြယ် အနှစ်နှင့်လည်း ပြည့်ကြွယ်သော။ ဓမ္မဿ စ၊ မြတ်စွာဘုရား သတ္တဝါအများ၏ အကျွတ်တရားရဖို့မျှော် နှုတ်တော်ထုတ်ရာ သုတ်၊အဘိဓမ္မာကို လည်းကောင်း....။ ဝိနယဿ စ၊ သတ္တဝါအများ အလွန်သနား သဖြင့် ဘုရားမြတ်စွာ အာဏာတော်ပြ ဝိနယ် ဒေသနာတော်ကို လည်းကောင်း....။ ဝိသိဋ္ဌဓာရကော၊ အထောက်အမ လွတ်ကင်းရသဖြင့် ထူးလှဂုဏ်ပေါ် အောင်းတော်မူသည်။ အာသိ၊ မဖြစ်စဖူး အထူး ဖြစ်တော်မူလေပြီ၊ (တသွာ၊ ထိုသို့ ဆန်းကြယ်ထူးလှ ပိဋကသုံးပုံ နှုတ်ဆုံဆောင်တော်မူနိုင်သော ကြောင့်)။ သော ထေရော၊ ထို ဗုဒ္ဓဘာသာ နိုင်ငံတကာကျော်ကြား တပည့်တော်တို့၏ ကျေးဇူးရှင် ဂုဏ်အင်ကြီးမား ဓမ္မနာဒ ဆရာတော်ဘုရားသည်။ ဝိစိတ္တသာရဓော၊ အရှင် ဝိစိတ္တသာရာဘိဝံသ နာမထင်ပေါ် အမည်တော်ဆောင်ထား အလွန် ကျော်ကြားတော်မူပါပေသတည်း။ ။

၂။ ဝိစိတ္တသာရ ဝန္ဓမ်ဳိ၊ ဓမ္မမ်ဳိ ဝိနယမ်ဳိ စ။
မဟန္တကောဝိဒေါ ပါ+သိ၊ ထေရော ဝိစိတ္တသာရဓော။ ။

ယော ထေရော၊ အကြင် ဗုဒ္ဓဘာသာ နိုင်ငံတကာ ကျော်ကြား အကျွန်ုပ်တို့၏ ကျေးဇူး ဂုဏ်အင်ကြီးမား ဓမ္မနာဒ ဆရာတော်ဘုရားသည်။ ဝိစိတ္တသာရ ဝန္ဓမ်ဳိ၊ ဆန်းလည်း ဆန်းကြယ် အနှစ်နှင့်လည်း ပြည့်ကြွယ်သော။ ဓမ္မမ်ဳိ စ၊ မြတ်စွာဘုရား သတ္တဝါများ၏ အကျွတ်တရားရဖို့မျှော် နှုတ်တော်ထုတ်ရာ သုတ်၊အဘိဓမ္မာဠ်လည်းကောင်း။ ဝိနယဲမ်ဳိ စ၊ သတ္တဝါအများ အလွန်သနားသဖြင့် ဘုရားမြတ်စွာ အာဏာတော်ပြ ဝိနယ် ဒေသနာတော်ဠ် လည်းကောင်း။ မဟန္တကောဝိဒေါပိ၊ အမှတ် ပြည့်ဝ ကျော်၍ ရသဖြင့် ထူးလှမျက်နှာဖုံး အမြတ်ဆုံးပေါ်ထင် ကျွမ်းကျင်လိမ္မာတော်မူသည်လည်း။ အာသိ၊ မဖြစ်စဖူး အထူး ဖြစ်တော်မူလေပြီ။ (တသွာ၊ ထိုသို့ ဆန်းကြယ်ထူးလှ ပိဋကသုံးခွင် ကျွမ်းကျင်လိမ္မာတော်မူသောကြောင့်)။ သော ထေရော၊ ထို ဗုဒ္ဓဘာသာ နိုင်ငံတကာ ကျော်ကြား တပည့်တော်တို့၏ ကျေးဇူးရှင် ဂုဏ်အင်ကြီးမား ဓမ္မနာဒ ဆရာတော်ဘုရားသည်။ ဝိစိတ္တသာရဓော၊ အရှင် ဝိစိတ္တသာရာဘိဝံသ နာမထင်ပေါ် အမည်တော်ဆောင်ထား လူသိများတော်မူပါပေသတည်း။

၃။ ပိဋ္ဌကတ္တယမမွာနံ၊ အာရက္ခကော၁၀ ကွာသရော။

မမွဲဘက္ခာဂါရော စာ+သိ၊ ထေရော ဝိစိတ္တာသာရမော။ ။

ယော ထေရော၊ အကြင် ဗုဒ္ဓဘာသာ နိုင်ငံတ်ကာ ကျော်ကြား တပည့်တော်တို့၏ ကျေးဇူးရှင် ဂုဏ်အင်ကြီးမား ဓမ္မနာဒ ဆရာတော်ဘုရားသည်။ ပိဋ္ဌကတ္တယ မမွာနံ၊ ပိဋ္ဌကသုံးဖြာ တရား ရတနာ တို့ကို။ အာရက္ခကော၁၀၊ နှုတ်ဆောင် သဘောပေါက် စောင့်ရှောက်တော်မူသည် ဖြစ်၍ သာလျှင်။ ကွာသရော၊ ပဲ့ကိုင်ဦးစီး လှေသူကြီးပုံ လေဟုန်ကိုစီး ဂဠုန်ကြီးပမာ အစိုးရတော်မူ သောကြောင့်။ ဓမ္မဘက္ခာဂါရိကော စ၊ ဓမ္မဘက္ခာဂါရိက အမည်တော် ရသည်လည်း။ အာသိ၊ မဖြစ်စဖူး အထူးဖြစ်တော်မူပေပြီ။ (တသွာ၊ ထိုသို့ ဆန်းကြယ်ထူးလှ အမည်တော်ကို ရတော်မူသော ကြောင့်)၊ သော ထေရော၊ ထို ဗုဒ္ဓဘာသာ နိုင်ငံတကာ ကျော်ကြား တပည့်တော်တို့၏ ကျေးဇူးရှင် ဂုဏ်အင်ကြီးမား ဓမ္မနာဒ ဆရာတော်ဘုရားသည်။ ဝိစိတ္တာသာရမော၊ အရှင် ဝိစိတ္တာသာရာဘိဝံသ နာမထင်ပေါ် အမည်တော်ဆောင်ထား အလွန် ကျော်ကြားတော်မူပါပေသတည်း။ ။



၄။ ဆကော လောကေ စ လဒ္ဓဗ္ဗ–ဂုဏောဟိ သမနာဂတော။

မဟာသာရော ဝိစိတ္တော စ၊ ထေရော ဝိစိတ္တာသာရမော။ ။

ယော ထေရော=အကြင် ဗုဒ္ဓဘာသာ နိုင်ငံတကာ ကျော်ကြား တပည့်တော်တို့၏ ကျေးဇူးရှင် ဂုဏ်အင်ကြီးမား ဓမ္မနာဒ ဆရာတော်ဘုရားသည်။ ဆကော စ၊ အောင်ပွဲသဘင် ဆင်ယင် ကျင်းပ စာမေးပွဲဟူသမျှ၌ လည်းကောင်....။ လောကေ စ၊ အစိုးရမင်းများ လွန်အား ကြည်သို့ ဘွဲ့ကိုဆပ်ကြ လူ့လောကၘ် လည်းကောင်း....။ လဒ္ဓဗ္ဗဂုဏောဟိ၊ ရထိုက်ရာ လွန်စွာထူးချွန် ဝဋ် သကာ ပိဋ္ဌကာနှင့် မဟာရဋ္ဌဂုရု ဂုဏ်ပြုထိပ်သီး ဘွဲ့တံဆိပ်ကြီးတို့နှင့်။ [illegible]တာ၊ ပြည့်စုံတော်မူသည်ဖြစ်၍။ မဟာ သာရော ဝိစိတ္တော စ၊ အနှစ်နှင့်လည်း ပြည့်ကြွယ် ဆန်းလည်း ဆန်းကြယ်တော်မူပါပေ၏။ (တသွာ= ထိုသို့ ခပ်သိမ်းဥာဿု အလုံးစုံသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့်)။ သော ထေရော၊ ထို ဗုဒ္ဓ ဘာသာ နိုင်ငံတကာ ကျော်ကြား တပည့်တော်တို့၏ ကျေးဇူးရှင် ဂုဏ်အင်ကြီးမား ဓမ္မနာဒ ဆရာ တော်ဘုရားသည်။ ဝိစိတ္တာသာရော၊ အရှင်ဝိစိတ္တာသာရာဘိဝံသ နာမထင်ပေါ် အမည်တော် ဆောင် ထား လူသိများတော်မူပါပေသတည်း....။ ။

၅။ သာသနဿ စ လောကဿ၊ အတ္ထံ ဓာရေတိ ယော တတော။

လောကသာသနပါလော စ၊ ထေရော ဝိစိတ္တသာရဓော။ ။

ယော ထေရော၊ အကြင် ဗုဒ္ဓဘာသာ နိုင်ငံတကာ ကျော်ကြား တပည့်တော်တို့၏ ကျေးဇူးရှင် ဂုဏ်အင်ကြီးမား ဓမ္မနာဒဆရာတော်ဘုရားသည်။ သာသနဿ စ၊ မြတ်စွာဘုရား တည်ထားခဲ့ရာ သာသနာ၏လည်းကောင်း။ (ဝါ) သာသနာဝင် ရဟန်းရှင်၏လည်းကောင်း။ လောကဿ စ၊ လောကနေသူ လူမျိုးအပေါင်း၏ လည်းကောင်း။ အတ်၊ လွန်စွာသနား အကျိုးစီးပွားကို။ ဓာရေတိ၊ ကိစ္စပြီးမြောက် ခရီးရောက်အောင် ရွက်ဆောင်တော်မူပါပေ၏၊ တတော=ထိုသို့ လောက သာသနာ နှစ်ဖြာအကျိုး သည်ပိုး ဆောင်ရွက်တော်မူသောကြောင့်။ လောက သာသနပါလော စ၊ လောကပါလ သာသနပါလ နှစ်မည်လည်း ရတော်မူပါပေ၏။ (တသ္မာ=ထိုသို့ နှစ်မည်ကိုရ ဆန်းကြယ်မွန်မြတ်လှသောကြောင့်)။ သော ထေရော၊ ထို ဗုဒ္ဓဘာသာ နိုင်ငံတကာ ကျော်ကြား တပည့်တော်၏ ကျေးဇူးရှင် ဂုဏ်အင်ကြီးမား ဓမ္မနာဒ ဆရာတော်ဘုရားသည်။ ဝိစိတ္တသာရဓော၊ အရှင်ဝိစိတ္တသာရာ ဘိဝံသ နာမထင်ပေါ် အမည်တော် ဆောင်ထား အလွန်ကျော်ကြားတော် မူပါပေသတည်း....။ ။

၆။ ဝန္ဒာမ တံ မဟာထေရံ၊ ယထာ ဝုတ္တဂုဏာလယံ။

ထေရော သော သာသနံ ပါတံ၊ ဇိဝံ ဝဿသတာ ဓိကံ။ ။

ယထာ ဝုတ္တဂုဏာလယံ၊ ဆိုခဲ့ပြီးရာ ဂုဏ်များစွာတို့၏ တည်ရာဖြစ်တော်မူသော။ တံ မဟာထေရံ၊ ထို ဗုဒ္ဓဘာသာ နိုင်ငံတကာ ကျော်ကြား တပည့်တော်တို့၏ ကျေးဇူးရှင် ဂုဏ်အင်ကြီးမား ဓမ္မနာဒဆရာတော်ဘုရားကို။ မယံ၊ ဆရာကိုကြည့် ပီတိရွှင်ပျော် တပည့်တော်တို့သည်။ ဝန္ဒာမ၊ဆိုပြီး ဥဿုံ ကျေးဇူးဂုဏ်ကို အာရုံရည်မှန်း ဉာဏ်ပြဓာန်း၍ ရွှန်လန်းကြည်သာ ရှိခိုးပါကုန်၏။ သော ထေရော၊ ထို ဗုဒ္ဓဘာသာ နိုင်ငံတကာ ကျော်ကြား တပည့်တော်တို့၏ ကျေးဇူးရှင် ဂုဏ်အင်ကြီးမား ဓမ္မနာဒ ဆရာတော်ဘုရားသည်။ ဝဿသတာဓိကံ၊ အနှစ်တစ်ရာ ကျော်ကာမပျက် တသက်ပတ်လုံး။ ဇီဝံ–ဇီဝန္တော၊ စိတ်, ဂွေ,, အသက် ခွာမထွက်ပဲ မပျက်အတည် အသက်ရှည်တော်မူလျက်။ သာသနံ၊ သီလ, သမာဓိ, ပညာ=သုံးပါးသော သာသနာကို။ (ဝါ) သာသနာဝင် လူ, ရှင်ရဟန်းကို။ ပါတံ, ပါတု ဘက်ရှိ, သက်မဲ့, နှင်ဖွဲ့ နှစ်ပါး မပျက်ပြားအောင် စွမ်းအားအလျောက် ကျင့်ခြီးမြှောက်လျက် စောင့်ရှောက် ထိန်းသိမ်းတော် မူနိုင်ပါစေသတည်း....။ ။

ရေးသားဂုဏ်ပြု ခြီးကျူးသူ

ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသ (ပမာန နာယကဆရာတော်)

ပတ္တမြားကျောင်းတိုက်၊ မန္တလေးမြို့

နေ့စွဲ။ ၊ ၁၃၅၀–ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်နေ့ ရေးသားဂုဏ်ပြုသည်။



ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်

ဦးသန်းထွန်း (ရွှေဘို)

ဒုတိယသုံးနှစ်စရိုး ၁၉၅၅

ဤခြောက်ကျိပ်သော ပုဂ္ဂိုလ်များအား တရား ပြတော်မူရာ အားလုံး ရဟန္တာချည်း ဖြစ်ကြ၏။ လောကတွင် အဆိုပါ ရဟန္တာ ခြောက်ကျိပ် ပေါ်ထွန်းလာသည့် အချိန်တွင် မြတ်စွာဘုရားသည် ၎င်းတို့အား ခေါ်တော်မူပြီးလျှင်-

"ချစ်သား ရဟန်းတို့၊ များစွာကုန်သော လူတို့၏ စီးပွားချမ်းသာကိုပြုခြင်းငှာလည်းကောင်း၊ နတ်တို့၏ စီးပွားချမ်းသာကို ပြုခြင်းငှာ လည်းကောင်း ဒေသစာရီ သွားလေကုန်။ ခရီး တစ်ကြောင်း တည်းဖြင့် နှစ်ဦးသော ရဟန်းတို့သည် မသွားကြလေကုန်လင့်၊ ချစ်သား ရဟန်းတို့၊ အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော၊ အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားတော်တို့ကို ဟောလေကုန်။ စင်ကြယ် သန့်ရှင်းသော မြတ်သော အကျင့်ကိုလည်း ကျင့်ကြလေကုန်။ ပညာတည်းဟူသော မျက်စိ၌ ရာဂ အစရှိသော ကိလေသာမြူနုည်းသော သတ္တဝါတို့သည် ရှိကုန်၏။ တရားတော်ကို မကြားရသောကြောင့် ယုတ်ကုန်၏။ တရားတော်ကို သိလွယ်သော သူတို့သည် ရှိသည် ဖြစ်ကုန်လတ္တံ့။ ချစ်သား ရဟန်းတို့၊ ငါလည်း ဥရုဝေလ တောအနီးသေန အမည် ရှိသော နိဂုံးရွာသို့ ကပ်တော်မူလတ္တံ့" ဟူ၍ သာသနာပြု ကြွခိုကြရန် တာဝန်ပေးအပ်တော်မူခဲ့လေသည်၊ (မာလာလင်္ကာရ)

မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်လည်း ၄၅ ဝါကာလ ပတ်လုံး မနေမနား တရားပြသ ဟောကြားတော်မူခဲ့၏။ မြတ်ဗုဒ္ဓသည် မိမိ တစ်ဦးတည်း အကျိုးကို ရှေးရှုမည် ဆိုပါက သုမေဓာ ရှင်ရသေ့ ဘဝကပင် သံသရာမှ လွတ်မြောက်သွားမည် ဖြစ်၏။ သတ္တဝါများအပေါ်တွင် ထားရှိသော မဟာကရုဏာတော်ကြောင့်သာလျှင် ဘဝများစွာ ပါရမီ ဖြည့်ကျင့်ခဲ့ပြီး ဂေါတမဗုဒ္ဓ အဖြစ် ပွင့်ထွန်းလာကာ ဝေနေယျ သတ္တဝါများအား ကယ်တင်ခဲ့လေသည်။ မြတ်ဗုဒ္ဓသည် တစ်ရက်လျှင် နာရီ ၂၀ မျှ သူဘပါးအတွက် ကြိုးစား ရွက်ဆောင်တော်မူခဲ့သောစံပြပရဟိတပုဂ္ဂိုလ်ကြီးဖြစ်တော်မူလေသည်။

ဗုဒ္ဓဘာသာသည် ကမ္ဘာ၏ အစောဆုံးသော သာသနာဖြစ်၊ ဘာသာတရားကြီး ဖြစ်၏။

မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည့်နောက်-

(က)	ပဉ္စဝဂ္ဂီ	၅ ဦး
(ခ)	သေဋ္ဌေးသား ယသ	၁ ဦး
(ဂ)	ယသ၏ မိတ်ဆွေ ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ၊ ဂဝမ္ပတိ	၄ ဦး
(ဃ)	ယသ၏ မိတ်ဆွေ	၅၀ ဦး
	စုစုပေါင်း	၆၀ ဦး

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် အသောက ခေါ် သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြုများ စေလွှတ်ခဲ့၏။ ထိုအချိန်မှ စတင်၍ ဗုဒ္ဓ၏ သာသနာတော်သည် "အပြည်ပြည့်ဆိုင်ရာ" ဘာသာ အယူဝါဒကြီး ဖြစ်လာခဲ့လေသည်။

ဗုဒ္ဓ သမိုင်းကြောင်းကို လေ့လာ ကြည့်ပါက အောက်ပါအချက်များ ထင်ရှားလေသည်။

(၁) ဗုဒ္ဓ၏ အဆုံးအမ သာသနာသည် သတ္တဝါအားလုံးအတွက် ဖြစ်၍ နေရာဒေသ၊ အချိန်ကာလ၊ လူမျိုး၊အသားအရောင်၊ ဘာသာစကား စသော အကန့်အသတ်များ မရှိခြင်း။

(၂) ဗုဒ္ဓ၏အဆုံးအမသည် ကရုဏာအပေါ် တွင် အခြေခံထားခြင်း။

(၃) ဗုဒ္ဓ၏အဆုံးအမ သာသနာကို ဗုဒ္ဓဂါတော် ထင်ရှား ရှိစဉ်ကာလမှစ၍ ဗုဒ္ဓဘာသာဝင်တို့ ဖြန့်ချိခဲ့ကြခြင်း။

(၄) သံဃာတော် အရှင်မြတ်တို့သည် ဗုဒ္ဓသာသနာတော် အရှည်တည်တံ့အောင် ဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန့်ပွားစေခြင်းအတွက် အဓိကပုဂ္ဂိုလ်များ ဖြစ်ခဲ့ခြင်း။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံခဲ့ပြီးနောက် ဗုဒ္ဓသာသနာတော် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပုံနှင့် စပ်လျဉ်း၍ ဆရာစဉ်ဆက်များကို သာသနာဝင် ကျမ်းများတွင် ပြဆိုထားသည်။ ၎င်း ဆရာစဉ်များကား-

(က)	မဇ္ဈိမဒေသ ဆရာစဉ်	၅ ဆက်။
(ခ)	သထုံ ဆရာစဉ်	၁၀ ဆက်။
(ဂ)	ပုဂံ ဆရာစဉ်	ဂ ဆက်။
(ဃ)	ပုခန်းကြီး ဆရာစဉ်	၇ ဆက်။
(င)	ဒီပဲရင်း နမော ဆရာစဉ်	၂ ဆက်။
(စ)	ရွှေဘို ဆရာစဉ်	၂ ဆက်။
	စုစုပေါင်း	၃၄ ဆက်။

(သာသနာဝင်ကျမ်း)

ရွှေဘို ဆရာစဉ် သီးလုံး ဆရာတော်ကြီး လက်ထက်တွင် သုဓမ္မာဂိုဏ်းနှင့် ရွှေကျင်ဂိုဏ်းနှစ်သွယ် ဖြာထွက်ခဲ့ရာ ရွှေဘို ဆရာစဉ် ၃ ဆက်ဟု ဆိုလျှင်လည်း မမှားပေ။

မြန်မာနိုင်ငံတွင် ပုဂံခေတ်မတိုင်မီ ပျူလူမျိုးများ ခေတ်ကပင် ဗုဒ္ဓ သာသနာတော် ရောက်ရှိနေပြီဖြစ်၏။ ပျူနိုင်ငံများဖြစ်ကြသော ဗိသဏိုး၊ ဟန်လင်း၊ သရေခေတ္တရာ တို့တွင် ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့၏။ သရေခေတ္တရာ ခင်ဘကုန်းမှ ရရှိသော ရွှေချပ် ၂၀ တွင် "ယေ ဓမ္မာ" အစချီသော ဂါထာကို ရေးထိုးထား၏။ ပျူတို့သည် ရုပ်ပွားတော် များကို ထုလုပ် ကိုးကွယ် ခဲ့ကြ၏။ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာ အစရှိသော ထူပါများကိုလည်း တည်ဆောက်ခဲ့ကြ၏။

သို့ဖြစ်သော်လည်း ပျူခေတ်တွင် ဗုဒ္ဓ သာသနာတော်သည် သန့်စင်ခြင်း မရှိသေးပေ။ အရောရော ဖြစ်နေ၏။ သက္ကရာဇ် ၁၀၄၄-ခုနှစ်တွင် နန်းတက်သော အနော်ရထာဘုရင် (အနိရုဒ္ဓ ဒေဝ) သည် စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားရေးကို ဆောင်ရွက်ခဲ့၏။ ထိုကာလမှစတင်၍ မြန်မာနိုင်ငံတွင် ကြုံခိုင်သော သံဃာယနာတင် ပိဋကတ်တော်ကို အခြေပြုသော စစ်မှန်သော ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့သည်။

ဗုဒ္ဓ သာသနာတော်သည် မြန်မာနိုင်ငံတွင် သမိုင်းတစ်လျောက်လုံး ထွန်းလင်းခဲ့၏။ အတက်အကျ အနည်းငယ် ရှိခဲ့သော်လည်း ယေဘုယျအားဖြင့် သာသနာတော်သည် တစ်စတစ်စ မြင့်မားလာခဲ့သည်ဟု ဆိုနိုင်လေသည်။

ယနေ့ကာလတွင် နိုင်ငံတော်၏ အားပေးကူညီမှုဖြင့် ဗုဒ္ဓသာသနာတော်သည် မကြုံစဖူးသော အခြေအနေသို့ ရောက်ရှိမြင့်မားလျက် ရှိနေသည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က မြန်မာနိုင်ငံတွင် သံဃာတော် ၁ သိန်းသာ ရှိခဲ့ရာမှ ယနေ့ သံဃာတော်အရေအတွက် ၂ သိန်းထိ ရှိနေပြီ။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပပြီး

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး အတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ ဖွဲ့စည်း ဆောင် ရွက် လျက် ရှိနေပြီ။ သာသနာတော်၏ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် အလွန် အရေးပါသော ဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်နေပြီ။

သံဃာ မဟာ နာယက အဖွဲ့ကြီး၏ ဆောင်ရွက်ချက်များတွင် သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေး သုံးမျိုးစလုံး ပါဝင်လေသည်။ အလင်္ကာရဟန်းများအား စစ်ဆေး အပြစ်ပေးခြင်း၊ အဓမ္မဝါဒများကို စစ်ဆေး အရေးယူခြင်းတို့သည် သာသနာတော်သန့်ရှင်းရေးအတွက် ဖြစ်၏။ ပါဠိပညာရေး စနစ်ကို ခေတ်မီအောင် ပြုပြင်ခြင်း၊ ကလေး သူငယ်များအား အခြေခံ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းများ ပေးခြင်း တို့သည် သာသနာတော် တည်တံ့ရေးအတွက် ဖြစ်၏။ ပရိယတ္တိ တက္ကသိုလ်ကြီးများ တည်ထောင်ရန် ဆောင်ရွက် နေခြင်းသည် သာသနာတော် ပြန့်ပွားရေး အတွက် ဖြစ်၏။

မြန်မာနိုင်ငံ၏ ထေရဝါဒ သာသနာ့ သမိုင်းကြောင်းတစ်လျှောက်ပေါ် ထွန်းခဲ့သော သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ထူးများ အနက် မင်းကွန်း၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌ ဂုရု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော် ဘုရားကြီးသည် ထူးခြား ပြောင်မြောက် ဂုဏ်ရောင် တောက်လှုပ်သည်။ ဆရာတော်ကြီး၏ သာသနာတော်ရေး၊ လူမှုရေး ဆောင်ရွက်ချက်များမှာ စာတစ်စောင် ပေတစ်ဖွဲ့ ရေးရလောက် အောင်ပင် များပြားလှပေသည်။ ဤတွင် ဆရာတော် ဘုရားကြီး၏ ဆောင် ရွက် ချက် နှစ်ခု အကြောင်းကို တင်ပြလိုပါသည်။

ဆရာတော်ကြီးသည် ဗုဒ္ဓ သာသနာတော်၏ အခြေအမြစ်ဖြစ်သည့် ပရိယတ္တိသာသနာတော်ကြီးကို စည်ပင်ပြန့်ပွားစေရန်အတွက် ၁၃၄၀-ပြည့်၊ ဝါဆိုလဆန်း ၅ ရက်နေ့မှ စတင်၍ မင်းကွန်း တောင်ရိုး မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေတွင် "တိပိဋကာ=နိကာယ ကျောင်းတိုက်ကြီး" ကို ဖွင့်လှစ်ကာ သာသနာ့ အာဇာနည်လောင်းလျာများကို ပြုစုပျိုးထောင်ပေးလျက် ရှိသည်။ ရည်ရွယ်ချက်ကား တိပိဋကဓရ ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်းလာရေး ဖြစ်၏။

မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် တိပိဋကဓရ၊ သာသနာ့ အာဇာနည် အရှင်မြတ် ငါးပါး ပေါ်ထွန်းခဲ့ပြီးဖြစ်၏။ တိပိဋကဓရ ပုဂ္ဂိုလ်သည် ပိဋကတ်သုံးပုံကို အာဂုံရော သဘော အဓိပ္ပာယ်ပါ ဆောင်ရွက်နိုင်သူ ပုဂ္ဂိုလ်ထူးဖြစ်၏။ ဤသည်မှာ သာမန်လူတို့ ဆောင်ရွက်ရန်ဝေးစွ၊ စိတ်ကူးပင် မထည့်နိုင်သော အရာမျိုးဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ပိဋကတ်သုံးပုံ ဟူသည်–

(က) သုတ်သုံးကျမ်း
စာမျက်နှာပေါင်း ၈၃၀။

(ခ) ဝိနည်းငါးကျမ်း
စာမျက်နှာပေါင်း ၂၂၆၀။

(ဂ) အဘိဓမ္မာ (၇) ကျမ်း
စာမျက်နှာပေါင်း ၄၉၄၂။
စုစုပေါင်း စာမျက်နှာ ၈၀၃၂။

ဤစာမျက်နှာပေါင်း ၈၀၃၂ မျက်နှာကို နှုတ်တက် အာဂုံရော သဘောတရားပါ ဆောင်နိုင်ရမည်ဖြစ်၍ တိပိဋကဓရ ပုဂ္ဂိုလ်တစ်ပါး ပေါ်ထွန်းခြင်းသည် သာသနာတော်အတွက် အံ့ဖွယ်တစ်ပါးဟုပင် ဆိုလောက်ပေသည်။

ဗုဒ္ဓမြတ်စွာ လက်ထက်တော်မှ စတင်၍ အရှင်ကောင်း အရှင်မြတ်တို့သည် ဘုရားဟော ပိဋကတ်သုံးပုံကို နှုတ်ဖြင့်သာ ဆောင်တော်မူခဲ့ကြသည်။ အကွာရာဖြင့် ရေးသား မှတ်တမ်းတင်မှုမှာ–

"ဘုရားသာသနာ၊ လေးရာမက၊ ငါးဆယ်မျှ၌၊ ဝင်္ဂဂါမဏိ၊ မင်းကြီး လက်ထက်၊ အာဏာစက်တွင်၊ ထွန်းတက် ဘုန်းရောင်၊ ရွှေတောင်အက်ခြ၊ စက်နယ်ရှသား၊ သောဏမည်ထူး၊ အမှူးပြုဆောင်၊ သောင်သီဟိုဠ်ပေါ်၊ ထေရ်ကျော်ငါးရာ၊ ရဟန္တာဝသီ။

သမ္ဘဒါဉာဏ်ရ၊ သံဃဒါန္ဒတို့၊ ဘုရားမိန့်ရွက်၊ ပိဋကတ်ကို၊ မွတ်မွတ်ဖြူဖွေး၊ ပေထက်ရေး၍'' ဆိုသည့်အတိုင်း စတုတ္ထ သံဂါယနာတင်မှသာ စတင်ခဲ့လေသည်။

နောင်သောအခါ လူတို့၏ လုံ့လဝီရိယများဆုတ်ယုတ်ခဲ့၍ ပုံနှိပ်အတတ်ပညာ ပေါ်ထွန်းလာသဖြင့် စာပေများကို အာရုံကျက်မှုများအား နည်းလာခဲ့လေသည်။ ယခု တိပိဋကဓရ ဆရာတော်ကြီးသည့် ဤအစဉ် အလာ ကောင်းကို ပြန်လည် ဖော်ထုတ် လိုက် ခြင်း မှာ ရှေး တိပိဋကဓရ အရှင်ကောင်း၊ အရှင်မြတ် အဆက်ဆက်တို့၏ လမ်းကြောင်းအတိုင်း သာသနာတော်အတွက် အာဇာနည်များ ပေါ်ထွန်းရေးကို ဦးတည်ပေသည်။

ဆရာတော်ဘုရားကြီး၏ အခြားသော ဆောင်ရွက်ချက်တစ်ရပ်ကား ပြည်တွင်း ပြည်ပ သာသနာပြုနိုင်မည့် သာသနာ့ အာဇာနည်များ ပေါ်ထွန်းနိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဘာသာငါးမျိုးဖြင့် ပိဋကတ်သုံးပုံကို သင်ကြားပို့ချနိုင်ရန် ''နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ'' ဖွင့်လှစ်ရေးအတွက် ဆောင်ရွက်နေခြင်း ဖြစ်၏။

မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာတော် တည်တံ့ထွန်းလင်းသော နိုင်ငံဟု ဆိုရသော်လည်း အချို့ အစိတ်အပိုင်းတို့သည် ဗုဒ္ဓ၏ အဆုံး အမနှင့် ကင်းကွာလျက်ရှိကြ၏၊ အချို့မှာလည်း ဗုဒ္ဓဝါဒ၏ တကယ့်အနှစ်သာရ သဘောမှန်ကို သိမြင် နားလည်ခြင်း မရှိကြပဲ လွဲမှားသော နားလည်ယုံကြည်မှုများ ရှိနေကြ၏။ သူတို့သည် ဗုဒ္ဓသာသနာတော်ထွန်းလင်းရာ အရပ်တွင် လူဖြစ်လာရသော်လည်း ''ပတ္တာမြား တောင် ရောက်ပါလျက် ဓားသွေးကျောက်ကို အကောက်များသူကဲ့သို့'' ဖြစ်နေကြ၏။ အစစ်အမှန်ကို မရယူနိုင်ပဲ လွဲချော်နေကြ၏။ အထူးထူးသော ဝါဒတို့ကို ကောင်းနိုး နိုး လိုက်စားနေကြ၏။ ဤပုဂ္ဂိုလ်တို့အတွက် ပြည်တွင်း သာသနာပြု လုပ်ငန်းသည် အမှန်ပင် လိုအပ်လှက်ပင် ရှိနေ၏။

ဗုဒ္ဓဲလက်ထက်တော်မှ စတင်၍ အရှင်မြတ်တို့၏ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ချက်ကြောင့် ဗုဒ္ဓသာသနာတော်သည် ကမ္ဘာ့ဒေသ အတော်များများသို့ ပြန့်ပွားခဲ့ကြ၏။ သို့ရာတွင် တစ်ဖြည်းဖြည်းနှင့် အကြောင်း ကြောင်းကြောင့် ဗုဒ္ဓသာသနာနယ်ပယ်သည် ပြန်လည်၍ ကျဉ်းမြောင်းလာခဲ့လေသည်။ အထူးသဖြင့် ကြုံခိုင်သော ထေရဝါဒပိဋကသာသနာတော်သည် အညစ်အကြေးတို့ မြေးယှက်ခြင်း ခံရလေသည်။

ယနေ့ ကမ္ဘာသည် ရုပ်ပိုင်းအားဖြင့် တိုးတက်လာသည် မှန်သော်လည်း စိတ်ကိုလိမ်မာယဉ်ကျေးအောင် ဆုံးမနိုင်သော နည်းလမ်းမှန်ကို မတွေ့ရသဖြင့် လောဘ၊ ဒေါသ၊ မောဟ ထူပြောလျက်ရှိ၏။ ကမ္ဘာသည် ဆူပူ လှုပ်ရှားလျက်ရှိ၏။ ဤအခြေအနေတွင် ဗုဒ္ဓ၏ အဆုံးအမကို လူသားလောကတွင် ပျံ့နှံ့အောင် ဆောင်ရွက်ရန် အထူးလိုအပ်လေသည်။ ထိုသို့ ဗုဒ္ဓသာသနာတော် ပြန့်ခိုရာတွင်–

၁။ နိုင်ငံခြားသားတို့ နားလည် သဘော ပေါက်လာအောင် ၎င်းတို့၏ ဘာသာစကားဖြင့် တင်ပြနိုင်ခြင်း။

၂။ ၎င်းတို့၏ ကာလဒေသ အခြေအနေနှင့် ကိုက်ညီသော အဖြေများကို ပေးစွမ်းနိုင်ခြင်း။

၃။ ဗုဒ္ဓသာသနာအမည်ခံ အရောရော အထွေးထွေးများထဲမှာ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ပေါ်လွင်လာအောင် ထုတ်ဖော်နိုင်ခြင်း စသည့် အချက်များ လိုအပ်မည် ဖြစ်ပါသည်။

ဤအချက်များကို တိပိဋက ဆရာတော်ကြီး ဦးစီး တည်ထောင်မည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများနှင့် ပြည့်ဆည်းနိုင်မည် ဖြစ်ပြီး နိုင်ငံခြားတွင် ဗုဒ္ဓသာသနာတော် အစစ်အမှန် ထွန်းကားရေးဘက်အား သစ်၊ မာန်သစ်၊ အတွေးအကြံ ကြွယ်ဝမှုတို့ဖြင့် ထိထိရောက်ရောက် ဆောင်ရွက် အောင်မြင်မည်ဟု ယုံကြည်မိပါသည်။

ဗုဒ္ဓဝါဒသည် နေရာဒေသမရွေး၊ အချိန်ကာလ မရွေး အစဉ်းသပ်ခံနိုင်သော တရားတော်ကြီး ဖြစ်ပါသည်။ ပုံစံအား ဖြင့် မြတ်ဗုဒ္ဓ ဟောကြား တော်မူသော လက္ခဏာရေး သုံးပါကိုကြည့်ပါ။ ခေတ်တွေ အမျိုးမျိုး ပြောင်းလဲခဲ့သော်လည်း လက္ခဏာရေးသုံးပါးကို မည်သူမျှ မငြင်းပယ်နိုင်ပါ။ မချေဖျက်နိုင်ပါ။ ဤကဲ့သို့သော အမှန်တရားတို့ကို ဖော်ထုတ် တင်ပြတားသော ဗုဒ္ဓဝါဒသည် သိပ်ပံပညာ တိုးတက်လေလေ ပို၍ပို၍ ထင်ရှားလေလေ ဖြစ်ပါလိမ့်မည်။

မြန်မာ့သမိုင်းတွင် မဟာဓမ္မရာဇာ ဘုရင်သည် ပြည်မြို့ကို လုပ်ကြံ အောင်မြင်ပြီးနောက် "ငါသည် ပြည်မြို့ကို အလိုတော် ပြည့်သော်လည်း ရှင်တစ်ဆူနှင့် လူတစ်ယောက်သာ ရခဲ့သည်" ဟု မိန့်ကြားတော်မူခဲ့ကြောင်း တွေ့ရပါသည်။ ရှင်တစ်ဆူကား တောင်ဖီလာ ဆရာတော် အရှင်မုနိန္ဒဟောသဖြစ်ပြီး၊ လူတစ်ယောက်ကား အရှင့်သစ္စာကို စောင့်သိသူ ထောင်ငယ်ကို ဆိုလိုပါသည်။ ဤကား လူတစ်ယောက်၏ တန်ဖိုးကို ပြဆိုသော သာဓကကောင်း ဖြစ်ပါ၏။

တိပိဋကဆရာတော် ဘုရားကြီး သည်လည်း ပတ္တမြား ဆန်ကျိုး အဖိုးပြည်တန်ဆိုသလို တစ်ပါးဆို တစ်ပါးဆိုသလောက်အောင် သာသနာတော်၏ သမိုင်းတွင် မှတ်တိုင်သစ် စိုက်ထူခဲ့သော သာသနာ့အာဇာနည်ကြီး ဖြစ်လေသည်။ ဆရာတော်ကြီးအား အကြောင်းပြု၍ သာသနာတော်ရေး၊ လူမှုရေးတို့တွင် ကြီးမားသော အကျိုးကျေးဇူးတို့ကို ခံစားခဲ့ရလသည်။ သို့အတွက် ဆရာတော်ကြီး ကျန်းကျန်းမာမာနှင့် အသက်ရှည်ကျော်တိုင် အောင် သာသနာတော်၏ တာဝန်များကို ဆက်လက် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ဆန္ဒဖြင့် ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကို ဤဆောင်းပါးငယ်ဖြင့် ခြေတော်ဦးခိုက် ပူဇော်ပါသည်။

ဦးသန်းထွန်း (ရွှေဘို)



တိပိဋကအဘိဓမ္မာဝတ္ထုဂုဏ ဂုဏ္ဍကပွဲ

မင်းကွန်းတိပိဋကနိကာယ သာသနာပြုအဖွဲ့ ပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မာဝတ္ထုဂုဏ မဟာဗုဒ္ဓဝင်ကျမ်းပြု နိဒ်ဒေတော် သံဃမဟာနာယက ဖွဲ့ ထောက်မှီးတော်ဆောင် ဘုဒ္ဓန္တရိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးသည်-

သက်တော် ၄၂ နှစ်၊ သီကျာ ၂၃ ဝါအရ ကောင်သက္ကရာဇ် ၁၃၁၄-ခုနှစ်၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တွဲ့တံဆိပ်တော်ရရှိ အာဒီတိပိဋကဓရ ဖြစ်တော်မူသည်။

သက်တော် ၆၀ နှစ်၊ သီကျာတော် ၄၀ ဝါအရ ကောင်သက္ကရာဇ် ၁၃၄၀ ပြည့်နှစ်၌ အဂ္ဂမဟာပဏ္ဍိတ တွဲ့တံဆိပ်တော်ကို ရတော်မူပါသည်။

သက်တော် ၇၃ နှစ်၊ သီကျွာတော် ၅၃ ဝါအရကောဇာသက္ကရာဇ် ၁၃၄၅-ခုနှစ်၌ အာဘိ ဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ရတော်မူပါသည်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ သမိုင်း၌ လက်ဦး အစ အာဒိကမ္မိကအဖြစ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ မင်းကွန်း ဆရာတော်ဘုရားကြီး၏ အာဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တော်ထူးကို ချီးကျူးပူဇော်သည့်ပွဲကို ခမ်းနား သိုက်မြိုက်စွာ ကျင်းပခဲ့ကြပါသည်။

ကောဇာသက္ကရာဇ် ၁၃၄၆-ခု၊ နယုန်လပြည့် မဟာသမယန္ဒေတွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး အတွင်း၌ တင့်တယ် ထူးခြားကြီးမား လှစွာသော နိုင်ငံတော် အခမ်းအနားဖြင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဘုရားကြီးအား ပြည်ထဲရေးနှင့် သာသနာရေးဌာန ဝန်ကြီးက "အာဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဤသို့ နိုင်ငံတော် အခမ်းအနားဖြင့် အာဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်စော် ဆက်ကပ်ပြီးနောက် ၄ ရက်မြောက် ဖြစ်သော နယုန်လပြည့်ကျော် ၄ ရက်နေ့ နံနက်တွင် တိပိဋကဓရ=နိကာယ သာသနာပြုအဖွဲ့က ဦးဆောင်လျက် ရန်ကုန်မြို့၊ နယူးလင်းလမ်း၊ အမှတ် ၁၂ ရှိ တိပိဋကဓရကျောင်းတော်၌ အာဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးအား အလွန်တရာ အံ့မခန်း ထူးဆန်းသော အခမ်းအနားဖြင့် အားပါးတရ ဂုဏ်ပြုပူဇော်ကြပါသည်။ ထိုပူဇော်ပွဲတွင် အခမ်းအနား အပြင်အဆင် လွန်စွာခမ်းနား ဆန်းကြယ်ပါသည်။ ကျောင်းတော်အဝင် မုခ်ဦးကို ကျကျနန ပုံစံထုတ်၍ "တိုဗိဒုက အာဘိဓဇမဟာရဋ္ဌဂုရုဂုဏာပူဇော်ပွဲ" သာသနာ့နှစ်-၂၅၂၀၊ ကောဇာ ၁၉-၂-၄၆။ ခရစ် ၁၇-၆-၈၄ဟု ကမ္မည်းတပ်ကာ စိန်တောင်အပြောက်အမွမ်းတို့ဖြင့် တန်ဆာဆင်ပါသည်။ ဤမုခ်ဦးသည် ဤအာဘိဓဇဂုဏာ ပူဇော်ပွဲ၏ ဝိသေသတစ်ခုပင် ဖြစ်ပါသည်။

တစ်ဖန် တိပိဋက-မဟာရဋ္ဌဂုရု ပလ္လင်တော်ကိုလည်း တိပိဋကဓရ အရှင်မြတ်ကို ကိုယ်စားပြု သောအားဖြင့် ၃ ဆင့်ပလ္လင်အဖြစ် ပုံစံသစ်တီထွင်၍ ကနုတ်ပန်း အမွမ်းအပြောက်တို့ဖြင့် ရွှေရောင်တဝင်းဝင်း ဖန်ဆင်း၍ပူဇော်ခဲ့ပါသည်။ ဤပလ္လင်တော်သည်လည်း ဤအာဘိဓဇမဟာရဋ္ဌဂုရု ပူဇော်ပွဲ၏ဝိသေသလက္ခဏာတစ်ခုပင် ဖြစ်သည်။

အကြိုနေ့ဖြစ်သော နယုန်လပြည့်ကျော် ၃-ရက်နေ့ညတွင် သပိတ်အိုင်ဆရာတော် သဲကုန်းရှင်ဉာဏိသရက တရားချီးမြှင့်ပါသည်။

နယုန်လပြည့်ကျော် ၃-ရက်နေ့က နေ့ရောညပါ မိုးရွာသွန်းသဖြင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့သည် မိုးလုံလေလုံ ဓမ္မာသနာကို ကြိုတင် ဆောက်လုပ်ပြင်ဆင် ထားလင့်ကစား အစိုးမရသည့်မိုးကို လွန်စွာ စိုးရိမ်နေကြရရှာပါသည်။ သို့သော် မစဲအောင် ရွာသောမိုးသည် ပူဇော်ပွဲကျင်းပသည့် ၄-ရက်နေ့ နံနက်လင်းချိန်မှစ၍ မိုးတိမ်ကင်းကာ နေရောင်ဝင်းလျက် ရာသီဥတု အလွန် သာယာလျက်ရှိပါသည်။

တိပိဋကဓရ အာဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ကြွလှမ်းတော်မူမည့် တိပိဋကကျောင်းတော်မှ ဓမ္မသာလာအတွင်းသို့တိုင် ကမ္မလာကော်ဇောနီခင်း၏။ ပန်းကြဲ၏။ ဝဲယာ တစ်ဖက် တစ်ချက်၌ ထီးဖြူ ၁၁၀ စင်းစိုက်၏။

ပူဇော်ပွဲပြီးမြောက် နေ့လည်ချိန်ရောက်သော အခါမူကား ပူဇော်ပွဲကျင်းပစဉ်က ရပ်ဆိုင်းနေခဲ့သော မိုးသည် ဆရာတော်ဘုရား၏ ဂုဏ်ထူးကို ချီးကျူးပူဇော်သည့်အလား အားပါးတရ ရွာချပါတော့သည်။ ဤကား ဤအာဘိဓဇ မဟာရဋ္ဌဂုရုဂုဏာပူဇော်ပွဲ၏ ဝိသေသတစ်ခုပင် ဖြစ်ပါသည်။

တိပိဋကမဟာရဋ္ဌဂဂ္ဂ ဂုဏ္ဍပူဇာသမ္ဘဲ



တိပိဋကမဟာရဋ္ဌဂဂ္ဂ ဂုဏ္ဍပူဇာသမ္ဘဲ၏
ထူးခြားပူဇာတစ်ခုဖြစ်သော
မုဒ်ဦးကြီး



တိ=နိ ပင်မဥက္ကဋ္ဌဆရာဝန်ကြီးဦးသာလှက
ဆရာတော်ဘုရားကြီး၏ အဘိဓေယျဆံတော်ဆိပ်တော်ကို
ပင့်ဆောင်လာစဉ်။







တီ=နိ အမှုဆောင်လူကြီးများ၊က
ဆရာတော်ဘုရားကြီးကို ပင့်ဆောင်လာစဉ်



တိပိဋကမဟာရဋ္ဌဂုရု ဂုဏ်ပူဇော်ပွဲ၏
ထူးခြားမှုတစ်ခုဖြစ်သော ပလ္လင်တော်ကြီး



တိ=နိ ပင်မဥက္ကဋ္ဌဆရာဝန်ကြီး
ဦးသာလှ လေ့လာဂုဏ်ထူးနေပုံ



သာသနာရေး ဒုဝန်ကြီး
ဦးကြည်ညွန့် လေ့လာဂုဏ်ထူးနေပုံ









၁။ ဆရာတော်ဘုရားကြီး အပူဇော်ခံနေတော်မူပုံ

၂။ ပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြသော
ဆရာတော်ကြီးများ

၃။ ပူဇော်ပွဲ၌ သဲကုန်းရှင်ဉာဏိသရ (သပိတ်အိုင်)
ညတရားပွဲ ချီးမြှင့်နေတော်မူပုံ

အေး-မြရိပ်ဂူ-ရွှေယာဉ်ခေါ်-တိပိဋကဓမ္မပူဇော

မင်္ဂလာရတုပိုင်စုံ

ဦးချမ်းသာ



ထထိထဆုံးနှစ်စရိုး ၌ ၄



၁။ မြန်ဘောင်တသရေ၊ အောင်သပြေနှင့်၊ အောင်မြေမင်းကွန်း၊ မိုးမိတ်ထွန်းသား၊ ရည်ညွှန်းသာသနာ၊ ငါးထောင်ကြာဟု၊ ဒေဝါနတ်များ၊ စောင့်ရှောက်ထားလျက်၊ သိကြားဖန်လာ၊ ဘူမိန္ဒာတွင်၊ ဇာနည်မြို့တော၊ မိုးလုံးဝေဟု၊ လေးထွေပစ္စယ၊ ကူထောက်မလျက်၊ ဇာနေယျထွန်းရာ၊ တက္ကသိလာကို၊ ဝိစိတ္တာသာရ၊ ဘိဝံသဟု၊ အာဘိဓဇ၊ မဟာရဋ္ဌဂုရု၊ ဂုဏ်ပေါင်းစုသည့်၊ ပြည်သူ့ဆရာ၊ ထေရ်မဟာက၊ ဦးစွာရှေ့ဆောင်၊ ဖန်တည်ထောင်၍၊ ထွန်းဖြောင်သာဝင်၊ မော်ကွန်းတင်တည့်၊ သုံးခွင်သာသနာ၊ ထောင်ရောင်ဖြာဟု၊ ပဉ္စာနိကာယ်၊ သုံးသွယ်ပိဋကတ၊ ကျက်အံကြလျက်၊ နေ့ည မပြတ်၊ ကြည့် ကြံလတ်၍၊ ရွတ်ဖတ် အာဂုံ၊ မေးပွဲကြုံက၊ နှုတ်ငုံရေးဖြေ၊ အောင်ပန်းဝေတည့်၊ တထွေကုံဏ်ရှင်၊ လေးပါးရှင်ဟု၊ အရှင်သမဏ၊ ရှင်ဇထရနှင့်၊ သီလဂုဏ်ရှင်၊ ကျေးဇူးရှင်ကို၊ ဦးတင်ညွတ်ကာ၊ ပူပူဇော်ဖြင့်၊ မဟာဒါန၊ ထူးမြတ်လှတည့်၊ သက္ကရာဇ်၊ကာဇာ၊ ဒီဃမှာကား၊ သခ္ခါတစ်ထောင်၊ ထို့နောင်သုံးရာ၊ ဆယ်မှာ စတု၊ စွန်းပြုသတ္တာ၊ လမှာ သစ်ဆင်း၊ စောသလင်းဝယ်၊ ထွန်းလင်းကြတို့ကာ၊ ပုဏ္ဏာမာတွင်၊ စန္ဒာနှင့်ဆိုင်၊ နန်းချင်းပြိုင်သော်၊ ဘုန်းလို့င်တေဇ၊ ပိဋကဟု၊ စေတီယမြတ်ရှင်၊ ထီးတော်တင်၍၊ များဖြင်ထူပါ၊ ထီးသစ်ဖြာက၊ မွေးသာ မေးသိန်၊ ဒေဝိန် ဒေဝါ၊ ဗြဟ္မာ သိကြား၊ တံခွန်ကြွားလျက်၊ ဘုရားသာသနာ၊ ငါးထောင်ကြာဟု၊ ဆယ်ဖြာစုံလက်၊ ဦးထိပ်ရွက်၍၊ တောင်းဆက်ဆုခွေ၊ အောင်သံဝေသည်။....။

ဇေယျာအောင်ကွန်း၊ သပြေသာဝန်း၍ ဖြာလှည့်သော်။
တေဇောပြောင်ရွှန်း၊ သဇေဖြာဆွန်း၍ ရွာလှည့်သော်။
ဒေဝါအောင်ညွှန်း၊ ပဒေသာထွန်း၍ လာလှည့်သော်၊

၂။ ဦးဇင်းအောင်အမဇော၊ သုံးဆင့်ဝေသား၊ ပဒေသာဉာဏ်ပိုင်၊ ကွန့်မြူးလို့င်၍၊သုံးဆိုင်ပိဋကတ်၊ ပရိယတ်တွင်၊ ထွတ်မြတ်ထိပ်ဆူ၊ ပါရဂူဟု၊ နှုတ်လူအံ့လောက်၊ ပဉ္ဇမမြောက်သည့်၊ ထက်အောက်နှံ့သိ၊ ကျော်ကိတ္တိနှင့်၊ ပိဋကတ်သုံးဆူ၊ ပြန်ဆိုသူဟု၊ ပစ္စူသုံးခိုင်၊ ဆွတ်ခူးနိုင်၍၊ ဉာဏ်လို့င်ပညာ၊ သိရိန္ဒာတည့်၊ သာသနာသန့်ရှင်း၊ တည်တံ့ခြင်းကို၊ မင်းနှင့်သံဃာ၊ ညီညွတ်စွာဖြင့်၊ ကြွန္ဒာ ကူမ၊ တည်ဆောက်စဖ်၊ သာသနာ့ခေတ်ဦး၊ ကာလထူးဝယ်၊ လှမြူးနေခြည်၊ ရှေ့ဥဒည်မှ၊ ထောင်ခြည်ထွန်းကာ၊ ထွက်ပေါ်လာသို့၊ ကြွန္ဒာသိရိ၊ မြတ်ဘုန်းရှိဟု၊ အာဘိဝံသာ၊ မြတ်ထေရာကို၊ ဒေဝါနတ်လူ၊ သဒ္ဓါဖြူဖြင့်၊ ပူဇော်ပူဇာ၊ ညွတ်ရှိခတည့်၊ မြန်မာ့ဂုဏ်လို့င်၊ ခုနစ်ခရိုင်မှ၊ စုံမြို့င်သာပြော၊ သာတင့်

မောသည့်၊ ယောလျှင်ဇာတိ၊ ရှေးဦးရှိသား၊ သီရိကွန္ဒာဘိဝံသာလျှင်၊ လေးဖြာဓိပတိ၊ ဇွဲသတ္တိဖြင့်၊ ဗျတ္တိဂုဏ်ထင်၊ စာပွဲဝင်လျက်၊ မြတ်ရှင်ဒေသနာ၊ ဓမ္မကွန္ဒာဟု၊ ရှစ်ဖြာတစ်သောင်း၊ လေးထောင်ဆောင်းကို၊ ကိန်းအောင်းကိုယ်တွင်း၊ ပူဇော်လျှင်းလျက်၊ နှုတ်တွင်းအာဂုံ၊ ရေးဖြေစုံဖြင့်၊ ဗိုလ်ပုံရှေ့ဝယ်၊ ကောင်းကင်လယ်မှ၊ ကြယ်ပျံဆွတ်ခူး၊ ကျော်လွှင့်ကြူး၍၊ ရင့်ကျူးခြောက်ရပ်၊ ပဲ့တင်ထပ်တည့်၊ ကိန်းဝပ်ဓမ္မ၊ စေတိယကို၊ ပူဇော်ပူဇာ၊ ဆယ်ညွှန့်ကြာဖြင့်၊ ထိပ်ဖြာဦးထက်၊ ရှိုပန်ရွက်တည့်၊ ကနက်သုံးဆင့်၊ ထီးဖြူဖွင့်သော်၊ မိုးမြင့်ကံခွန်၊ မိုးသို့ခွန်၍၊ သောင်းဝှန်သြဘာ၊ ကြွေးကြော်ငြာသည်။.....။

●တရားဖြောင့်ရှုန်း၊ သစ္စာဖြာသွန်း၍၊ ရွာလှည့်သော်။
●ဒေဝါဆောင်ညွှန်း၊ ပဒေသာထွန်း၍၊ လာလှည့်သော်။
●ရုဏ္ဏာဘောင်ကွန်း၊ သဘပြသာဝန်း၍၊ ဖြာလှည့်သော်။

၃၊ မာရ်ဘောင်ပရမေ။ အစိန္တေယျ၊ ဇိနေဇိန၊ သုံးလူ့ဘဝ၏၊ သာသနာ့နှစ်၊ တွက်ရေစစ်သော်၊ ထောင်ပစ်နှစ်ခါ၊ စွန်းငါးရာကို၊ ဆင့်ကာဖံခွန်၊ နှစ်ဆယ်ခွန်လျက်၊ ဘုန်းဝန်ဖြိုးကြွယ်၊ ကိုးနှစ်ကယ်သော်၊ မြန်လယ်ဘုံနန်း၊ နတ်တခန်းသို့၊ တင့်ဆန်းအောင်ဟိတ်၊ ကုန်းတော်မိတ်တွင်၊ တိဟိတ်ဂုဏ်ဆောင်၊ ဦးမောင်ဟု၊ မြန်ဘောင်ကျော်လှ၊ ပါမောက္ခလျှင်၊ ဝဏ္ဏကျော်ထင်၊ ဂုဏ်ဆူးဆင်လျက်၊ ထပ်တင်ဘွဲ့ရှိ၊ ထွန်းသီရိနှင့်၊ ဆက်ဘိဗျိုဓိ၊ ဘွဲ့မြင့်သီက၊ ဂုဏ်ညီထွတ်မြတ်၊ ပရိယတ်နှင့်၊ ပဋိပတ်သာသနာ၊ ထောက်ပံ့ပါဟု၊ သဒ္ဓါလှူပွား၊ ဆန္ဒထား၍၊ ခေါင်ဖျားတိပိဋကာ၊ အောင်တိုင်းမှာကို၊ အသပြာသုံးထောင်၊ ခြိုးပင့်ဆောင်မည့်၊ ဂုဏ်အောင်ပရိယတ္တာ၊ မြတ်ဒါနတည့်၊ သရဖူထိပ်ဖူး၊ အစဉ်းကို၊ ဆွတ်ခူးဆင်သ၊ သီရိနွဟု၊ အဘိဝံသာ၊ မြတ်ထေရာလျှင်၊ ပါရဂူဂုဏ်ရ၊ တိပိဋကဓရ၊ (တိပိဋက) ကောဝိဒဟု၊ ပဋ္ဌမမြောက်၊ ပေါ်ထွန်းပေါက်က၊ မိုးအောက်တနေ့၊ ဉာဏ်ပဒေသာခိုင်၊ ကွန်းမြူးလှိုင်၍၊ ဖြိုးခိုင်ပညာ၊ သီရိနွာဟု၊ ဗြဟ္မာနတ်လူ၊ ပူဇော်ဟူတည့်၊ ဇမ္မူတလွှား၊ ဖြိုင်စံရှားသည်၊သိကြားညွှန်ဘိ၊ တိပိဋကဓရ၊နိကာယဟု၊ တက္ကသိလာ၊ နာလန္ဒာတွင်၊ သုံးဖြာဆုံပေါင်း၊ တစ်တောင်း နှစ်ထောင်း၊ သုံးတောင်းပိဋကာ၊ ထေရ်=ထေရအား၊ ပူဇော်ပူဇာ၊ ကော်ရော်ကာဖြင့်၊ ဒေဝါနတ်လူ၊ တောင်းဆုထူလျက်၊ လွှင့်ထူရောင်ငွေ၊ ရွှေ,စိန်,ပတ္တမြား၊ တံခွန်ကြွားလျက်၊ သိကြားကူလာ၊ အောင်ဧယျာသည်။.....။

●ဒေဝါဆောင်ညွှန်း၊ ပဒေသာထွန်း၍၊ လာလှည့်သော်။
●ရဃျာဘောင်ကွန်း၊ သဘပြသာဝန်း၍၊ ဖြာလှည့်သော်။
●တရားဖြောင့်ရှုန်း၊ သစ္စာဖြာသွန်း၍၊ ရွာလှည့်သော်။

နှစ်ချုပ်။ ။ ၅၂ လုံး ခြို-၁၂ လုံး စက်ဝန်းမိုးဝွေချနည်း၊ မြင်းဆက်ခွ၊ ပုလဲသွယ်၊ သော်တာရောင်ချနည်း၊ သုံးပိဋ်သုံ.ဆင့် ၁၀၀ လုံး၊ ဇမ္မူတံခွန်၊ သုံးဆင့်ချွန်ချနည်း၊ ၂၆ ပါဒ ပီ၍ပြီ၍ မင်္ဂလာရတုခေါ်သည်။

ရွှတ်ဖတ်ပူဇော်သူ- အဆိုကျော် ဦးမောင်မောကြီး။

စပ်ဆိုပူဇော်သူ-

●ခင် [illegible] ဆရာစည်သူ ဦးစွမ်းဆား (လတ်ဝဲမင်းညို)



မြေးရုပ်မြေသို့ တစ်ခေါက်

စက်တပ်မော်တော်ပေါ်မှ မင်းကွန်း ခေါင်းလောင်းကြီးကို မြင်လိုက်ရသည်ဆိုလျှင်ပင် လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါးတုန်းက ဖခင်ဖြစ်သူ ရဟန်းခံခဲ့ပုံ၊ မိသားစု မင်းကွန်းမှာ သွားရောက်နေထိုင်ခဲ့ပုံများကို သတိရမိလိုက်ပါတော့သည်။

"သမီးဖေဖေက စက်ရှင် တရားသူကြီးဖြစ်ပြီး ဆယ်လလောက်လဲကြာရော ဖေဖေ အလုပ်မှ အငြိမ်းစားယူလိုက်ကြောင်း ပြောပြတယ်၊"

"အရေးပိုင်တုန်းက တရားစီရင်ရတာ သေဒဏ်မပါဘူး၊ စက်ရှင်မင်းကြီးကျတော့ အပြစ်အရ သေဒဏ်ပေးရရင် သံသရာကြွေး ကြောက်တယ်၊ အပြစ်ရှိရက်နဲ့ အပြစ်မပေးပြန်ရင်လဲ အဂတိလိုက်စားရာကျမယ်၊ မင်းတို့ကို လုပ်ကိုင်ကျွေးလာတာလဲ နှစ်ပေါင်းကြာလှပါပြီ၊ အနားယူချင်ပြီ၊ အနားယူပြီး မင်းကွန်းမှာ ရဟန်းဝတ်ပါရစေလို့ ခွင့်တောင်းတယ်သမီးရယ်။" ဟု မေမေက ပြောပြသည်ကို ကြားယောင်မိပါတော့သည်။

"မေမေက ကြေနပ်တာပေါ့ (မင်း) ဆိုတာ တာဝန်အရ ဆောင်ရွက်ရပေမယ့်လဲ ကိုယ် နှုတ်က ပါရဲသေးတော့ သားကျွေးမှု မယားကျွေးမှု ကြောင့် သမီးတို့ဖေဖေကို အကုသိုလ်မဖြစ်စေချင် ပါဘူးကွယ်။"

"ဒါနဲ့ပဲလုံပ်သက်မစေ့ဘဲ ပင်စင်ယူ၊ လုပ်သက် ဆုတွေထုတ်ပြီး၊ မိသားစု မင်းကွန်းကို သွားကြ တယ်၊ မေမေတို့ ဇာတိက ပြည် ရွှေတောင်ဘဲ၊ ဝန်ထောက်ကြီး ဦးစံဖူး၊ ဦးစံမင်း၊ ရာဇဝတ် ဝန်ထောက် ဦးအောင်ကျော်တို့ကို အကြောင်း ပြုပြီး ပင်စင်ယူမှ စစ်ကိုင်းကိုပြောင်းပြီး အခြေချ လာနေတာ၊"

"သမီးဖေဖေရယ်၊ သားကြီးမောင်ကျင်စော ရယ် (အမျိုးသား ကျောင်းဆရာကြီး ပါလီမန် အတွင်းဝန်)၊ သားလတ် မောင်ကြည်ညွန့်ရယ် (စစ်ကိုင်းအစိုးရ ရှေ့နေကြီး)ကရဟန်းခံကြတယ်။ သမီးငယ် မိမိက သိလရှင်ဝတ်တယ်၊ သမီးအစ်ကို လေးကျော်ကျော်ရယ် (အငြိမ်းစား အကောက် ခွန်မင်းကြီး ဦးကျော်မောင်)၊ အစ်ကိုငယ် မော် မော်ရယ်က ကိုရင်ပေါ့၊ လုပ်သက်ဆုက ငွေတွေနဲ့ မင်းကွန်းလူအိုရုံ၊ မင်းကွန်း ခေါင်းလောင်းကြီး၊ ဘုရားတွေ ပြုပြင်ကြတယ်၊ မေမေတို့နေတဲ့ ပုလဲ တန်း (ယခု ဇေယျာလမ်း) အိမ်နားကပ်နေတဲ့ ဆုတောင်းပြည့်ဘုရားကိုလဲ ပြုပြင် မွမ်းမံတယ်၊ ပုညရှင်ဘုရားအတက်က ခြင်္သေ့ကြီး တစ်ကောင် ကိုလဲ ဒါနပြုတယ်၊ သမီးဖေဖေက အလှူဒါန ပြုရင် ကမ္ဘည်းထိုးတာ မကြိုက်ဘူး။ စစ်ကိုင်း တောင်ရိုး ရေစက်မှာလဲလှူတယ်၊ ဘယ်အလှူဒါန မှာမှ ကမ္ဘည်းမထိုးခဲ့ဘူး။"

ရွှေးဖြစ်ဟောင်းတွေ အောက်မေ့ရင်း မော် တော်က ကမ်းကို ကပ်လာပါတော့သည်။ တန်ဆောင်တိုင် လဆန်း ၉ ရက် မိုးစက်မိုး ပေါက်ကလေးကလဲ တွဲပွဲ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ် လှူဒါန်းရေး အဖွဲ့ ဥက္ကဋ္ဌ၊ အထူးကုဆရာဝန်ကြီး ဝဏ္ဏကျော်ထင် ဦးသာလှ၊ ဇနီး ဒေါ်ခင်ညွန့် မိသားစုနှင့်တကွ ဥပဋ္ဌာက အဖွဲ့ဝင်များသည် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ဝင် အကျိုးတော်ဆောင် တိပိဋကဓရ အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်း ဆရာ တော်ဘုရားကြီး၏ မင်းကွန်းတောင်ရိုးရှိ ဓမ္မနာဒ ကျောင်း ကထိန်တော်နှင့် ကထိန်မရရှိကြသော—

၁။ မင်းပေါင်း ဘုရားကျောင်း
၂။ မဟိဒ္ဓိအထက်တိုက်
၃။ ဖဲတ ကမ္မဋ္ဌာန်းကျောင်း
၄။ မြို့လှကျောင်း
၅။ ရွှေဘိုချောင်
၆။ မနော်မယ အောက်တိုက်
၇။ လက်ဝဲ တောင်တိုက်
၈။ လက်ဝဲ မြောက်တိုက်
၉။ ကင်းဥဒုမ္ဗရချောင်း
၁၀။ ဗောဓိဝိုင်း ကျောင်းများကို ကထိန်ခင်း ရန် ပုဒ္ဓဂဂ—ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် နံနက် ၅ နာရီခွဲ ထွက်သည့် မီးရထားနှင့် မန္တလေး မြို့သို့ လိုက်ပါလာကြပြီး၊ ၁၇ ရက်နေ့ နေ့လယ် ပိုင်းမှာ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေရှိ တိပိဋကဓရ=နိကာယ ကျောင်းမှာ ကျင်းပမည့် ကထိန်နှင့် မိုးမိတ်ဘုရားပွဲ စာအောင် ပုဂ္ဂိုလ် ပူဇော်ပွဲနှင့် ကိုရင်များ သင်္ကန်းကပ်လှူပွဲကို အရင် သွားရောက်ကြပါသည်။

မိုးကလေး တဖွဲဖွဲ လှည်းတွေစီးပြီး လာလိုက် ကြတာ၊ တိပိဋကဓရ=နိကာယ ကျောင်းတိုက်ကြီးကို ၁၇.၁၁.၆၆ ညနေမှာ ရောက်လာကြပါ သည်။

၁၈ ရက်နေ့မှာတော့ ဝါဆိုလက ဝါဆို သင်္ကန်းမကပ်ဖြစ်လို့ ဝါဆိုသင်္ကန်းကိုပါ ကပ်ရင်း ကိုရင်ထပါး ငါးရာကျော်ကို သင်္ကန်းကပ်လှူရတဲ့ အချိန်အခါမှာ အပါယ်တံခါးသည် လုံးဝ ပိတ် သွားပါတော့သည်ဆိုတာ ပုဗ္ဗ,မူဋ္ဌ,အပရစေတနာ အရ ယုံကြည်လိုက်မိပါသည်၊ လူလောက လူ့ဘဝ မှာ လူရယ်လို့ ဖြစ်လာရကယ် ဆိုကတည်းက လောဘ, ဒေါသ, မောဟ, မာန, အကုသိုလ် တရားတွေကို သူတော်ကောင်းတွေမှာလဲလို့ မည်သူ

မှ မကင်းနိုင်ကြပါဘူး၊ ထိုနည်းတူစွာပင် ပတ်ဝန်းကျင် အခြေအနေအရ ကိုယ်ကမပြုလုပ်ရဘဲလျက် အကုသိုလ်တွေ ဖြစ်နေရတဲ့ လူ့ဘဝမှာ ထိုအချိန်ကလေးကဖြင့် အကုသိုလ်တံခါး ပိတ်ခဲ့ရကြပါပြီ၊ ဆရာတော်ဘုရားကြီးက ထပ်မံပြီး တရားရအောင် အမြိုက်ဆေး တိုက်ကျွေးတဲ့အခါမှာတော့ ပိုလို့ပင် ပြည့်စုံသွားခဲ့ပါပြီ။

ကုသိုလ်ဒါနပြုပြီးကြတဲ့အခါမှာ ဆရာတော်ဘုရားကြီး သီတင်းသုံး တော်မူရာ ဓမ္မနာဒ ကျောင်းတော်သို့ လှည်းပေါင်းများစွာနဲ့ ခရီးဆက်ခဲ့ကြပါသည်။

တန်ဆောင်တိုင် မိုးကလဲ ဖွဲရုံမက နည်းနည်းတောင် သည်းချင်လာပါပြီ၊ တနည်းအားဖြင့် အေးချမ်းမည့် နိမိတ်ပါဘဲ၊ မိုးရွာတော့ ဖုံကမထ၊ မိုးရိပ်ကြောင့် နေရထိုင်ရ သွားလာရသည် မှာ ပူအိုက်ခြင်းမရှိ၊ အေးချမ်းလိုက်ပါဘိ၊ သာယာပါပေ့။ သာသနာ့အရိပ် မိုးမိတ်ကုန်းမြေရယ်။

၁၉-၁၁-၇၈ နေ့ နံနက်မှာ ဆရာတော် ဘုရားကြီး ကျောင်းတော်မှ ဥက္ကဋ္ဌကြီး ဒေါက်တာ ဦးသာလှနှင့် ဇနီး ဒေါ်ခင်ညွန့် မိသားစုက ကထိန်သင်္ကန်းကပ်လှူပြီး အဖွဲ့ဝင်များက ကထိန် အာနိသင်မရကြတဲ့ မင်းပေါင်း ဘုရားကျောင်း အပါအဝင် ကျောင်းဆယ်ကျောင်းမှာ ကထိန်ကပ်လှူရာမှာ ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင်က တစ်ကျောင်းစီ တစ်ကျောင်းစီ သင်္ကန်းကပ်လှူ အပူဇော်ခံပြီး၊ ကထိန်၏ အကြောင်း၊ ကထိန်ရသောကျောင်း၏ ရသောအကျိုး၊ ကထိန်ကပ်လှူ ပူဇော်ရသော အလှူရှင်များသည် ကထိန်သင်္ကန်း တစ်ထည်တည်းနှင့်ပင် တစ်ကျောင်းလုံးရှိ သံဃာတော်များအား ရည်မှန်း၍ သင်္ကန်းကပ်လှူခြင်းဖြင့် ရရှိသော ကုသိုလ်အကျိုးများကို ဟော်ကြား မိန့်မြွက်သွားပုံမှာ ကြက်သီးများပင် ဖြန်းဖြန်းထ-မျှ ကြည်နူးနှစ်သက် ကြရပါသည်။

ကထိန်သင်္ကန်းများ ကပ်လှူပူဇော်ပြီးသော အခါ ဆရာတော်ဘုရားကြီး၏ သက်တော် ၇၇ နှစ်မြောက် ပူဇော်ပွဲကိုလည်း စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပကြပါသည်။ ဆရာတော် ဘုရားကြီး၏ သက်တော် ၇၇ နှစ်မြောက် ပူဇော်ပွဲတော်တွင် ဆရာတော်ဘုရားကြီး၏ ကျေးဇူးရှင် မယ်သီလရှင် ဆရာကြီး ဒေါ်ခမ္မစာရီ၏ ဆန္ဒနှင့် အညီ သီလရှင်များအား ဝတ်စုံများ လှူဒါန်းကြပြန်ပါသည်။

၁၉-၁၁-၇၈ နေ့ နေညမှာပင် တိ=နိဉပဋ္ဌာက အဖွဲ့ဝင်များသည် ၂၀-၁၀-၇၈ နေ့ နံနက် ၇ နာရီ အချိန်တွင် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ဝင်းအတွင်း၌ အုတ်မြစ်ချ မင်္ဂလာအခမ်းအနားနှင့် သာသနိကအဆောက်အအုံ ၉ ဌာနကို ရေစက်သွန်းချလှူဒါန်းမည့်ပွဲ ဆင်နွှဲနိုင်ရန် မင်းကွန်း ဆရာတော်ဘုရားကြီး သီတင်းသုံးသည့် မင်းကွန်းတောင်ရိုးဓမ္မနာဒ ကျောင်းတော်မှ မန္တလေးမြို့သို့ ပြန်လည် ကူးခဲ့ကြပြန်ပါသည်။

၂၀-၁၁-၇၈ နေ့ နံနက် အရုဏ်မတက်ခင် ကပင် မင်္ဂလာရှိသော တေးသီချင်း သံများကို တည်းခိုရာ သုဒတ္တ-သုဘဒ္ဒါ အဆောင်မှပင် ကြားနေကြရသဖြင့် အဖွဲ့ဝင်အားလုံးသည် အုတ်မြစ်ချပွဲ အခမ်းအနား တက်ရောက်ရန် အသင့်ပြင်ဆင်ပြီး ဖြစ်နေကြပါပြီ။

အုတ်မြစ်ချမည့် သာသနိက အဆောက်အအုံ ၉ ဌာနမှာ-

(၁) ဇေယျာရွှေမြေ မဟာထေရ်ကျောင်း (ပြည်ပ)
(၂) ဇေယျာရွှေမြေ မဟာထေရ်ကျောင်း (ပြည်တွင်း)
(၃) ရောရွှေဝါ ဓမ္မဘဏ္ဍာဂါရိက ပိဋကတ် တိုက်ကျောင်း
(၄) လမ်းမတော် စာကြည့်တိုက်
(၅) ပိဋကတ်သမိုင်း မဟာဌာနခွဲ
(၆) ကဝိလက္ခဏ ဘာသာသမိုင်း မဟာဌာနခွဲ
(၇) ကမ္ဘာ့ကိုးကွယ်မှု ဘာသာကြီးများသမိုင်း မဟာဌာနခွဲ

(၈) ညီမူ စည်းဝေးရာ မဟာဌာန
(၉) သမ္မာဝါစာ ဝိဇ္ဇာလယတိုက်ကျောင်းများ

ဖြစ်ပြီး သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ဆရာတော်ဘုရားကြီး အမှူးပြု၍ ရွှေအုတ်၊ ငွေအုတ်များဖြင့် မင်္ဂလာအချိန်မှာ အုတ်မြစ် ချခဲ့ကြရာ စစ်ကိုင်းသူ စစ်ကိုင်းသားများ ဖြစ်တဲ့ စာရေးသူတို့အဖို့ မရွယ်ပဲနှင့် စောင်ကဲမင်း ဖြစ်ခဲ့ကြရပါ၍ အထူးပင် ဝမ်းမြောက် ကျေးဇူးတင်မိ ပါကြောင်း ဖော်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ထိုနည်းတူစွာပင် စစ်ကိုင်းသူများ ဖြစ်သော ဒေါ်ညွန့်ညွန့်ကြည်နှင့် ဒေါ်ခင်သန်းနွဲ့တို့ကလည်း ဝမ်းမြောက်ကျေနပ် နေကြပါသည်။

အဆောက်အအုံ ပြီးစီးပြီဖြစ်ပါ၍ ရေစက်သွန်းချလှူဒါန်းမည့် ၁၀ ဌာနမှာ-

(၁) သုတ္တန္တ မဟာဌာန
(၂) အဘိဓမ္မ မဟာဌာန
(၃) ကျမ်းပြု မဟာဌာန
(၄) တိ=နိဥပဒ္ဒာက "ဓမ္မသာလာ"
(၅) မဟာနာယကကျောင်း၊
(၆) သမ္မာဒိဋ္ဌိဝိဇ္ဇာလယ တိုက်ကျောင်း
(၇) သမ္မာသင်္ကပ္ပ ဝိဇ္ဇာလယ တိုက်ကျောင်း
(၈) ဗဟိုလျှပ်စစ် မောတ်အားပြည့်ရုံ (ထရန်စဖော်မာကြီး)
(၉) အမှတ် ၂-စက်ရေတွင်း၊ ရေစက်၊ ရေမှတ်စက်၊ လျှပ်စစ်မီးစက်၊ မောတ်တိုင်နှင့် ရေစင်
(၁၀) ပြင်ပကုဋီ၊ အိမ်သာ၊ ရေချိုးခန်းများ

ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးကိုယ်တိုင် ရေစက်သွန်းချ ထာမြေပေးဝေပြီးသောအခါ မန္တလေးရောက်သည့် ထိုနေ့မှစ၍ ဘစ်ရက်မှ မနားကြပဲ အလှူရေစက်လက်နှင့်မကွာ စိတ်တူသဘောတူ ကုသိုလ်ယူခဲ့ကြသော အနှံသည် ၂၁-ရက်နေ့တွင် တစ်နေ့တာ အနားယူ၍ ၂၂-ရက် မနက်တွင် စစ်ကိုင်းသို့ ကူးကာ ကောင်းမှုတော်ဘုရားကြီး၊ ရွှေဟင်္သာ တိုက်သစ် ဆရာတော် ဘုရားကြီးနှင့် ပဌာန်း ဆရာတော် ဘုရားအား သွားရောက် ဖူးမျှော်ပြီးသော အခါ စစ်ကိုင်းမြို့ တိ=နိဋ္ဌာနခွဲမှ ဥက္ကဋ္ဌ ဦးညီနှင့် အတွင်းရေးမှူး ဦးလှထွန်းအောင်တို့ မိသားစုက ညှဉ်ခံကျွေးမွေး ပြုစုကြသည်များကို ကျေးဇူးတင်စွာ စားသောက်ကြပြီး၊ ၂၃-ရက် နေ့နံနက် ၅-နာရီခွဲတွင် ထွက်သော ရထားနှင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြ ပါကြောင်း။

ဤခရီး၏ အောင်မြင်ခြင်းများစွာတွင် နိုင်ငံတော်အစိုးရက စစ်ကိုင်းမြို့မှ မင်းကွန်း တောင်ရိုးတစ်လျှောက် ဆရာတော် ဘုရားကြီး သီတင်းသုံးသော ဓမ္မနာဒကျောင်း အပါအဝင် အားလုံးသို့ လျှပ်စစ်မီး သွယ်လှက်ရှိရာ၊ ယခုနှစ် ဒီဇင်ဘာလ မကုန်မီ မင်းကွန်းတောင်ရိုး တစ်ခုလုံး အလင်းရောင် ဆောင်တော့မည်ကို သိရှိခဲ့ရပါသဖြင့် အတိုင်းထက်အလွန် ဝမ်းသာကြည်နူးခဲ့ကြရပါသည်။

တခြား တစ်ခုမှာ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် သုဘဒ္ဒါ အဆောင်သို့ ကြွရောက်တော်မူပြီး နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဝမ်ထမ်း ၇၀-ကျော်အား တစ်ဦးလျှင် အင်္ကျီတစ်ထည် ဆန်သုံးစိတ် ငွေတစ်ဆယ်စီ ချီးမြှင့်တော်မူခြင်းကိုလည်း သာဓုအနုမောဒနာ ခေါ်နိုင်စေရန် ဖော်ပြလိုပါသေးသည်။

ဤမျှဖြင့် မှတ်တမ်း ပြုစုရင်း ပြုပြုသမျှ ကုသိုလ်ဒါနကို မိမိနှင့် ထပ်တူထပ်မျှ ပေးဝေ့မျှဝေကြောင်းနှင့် သာဓုအနုမော်ဒနာ ပြုစေချင်ပါသည်။

နိုနိုယဉ်



ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

ခံမွေယျာဂီ

တိပိဋကာ=နိကာယ စာသင်သားများ

၁။ တိပိဋကာ စာသင်သား။ နိကာယ် စာသင်သား အရှင်တို့ .... သာသနာပြု လုပ်ငန်းကြီးသည် တချိန် အရှင်တို့ရဲ့ ခေါင်းပေါ်ကို ရောက်လာလိမ့်မယ်။

၂။ အရှင်တို့ - ဒီတိပိဋကာ နိကာယ ပေါ့ချောင်းတိုက်ကြီး ကို စုတင် တည်ထောင်တော်မူရင်းရဲ့အဓိက ရည်ရွယ်ချက်က "ဝိဇ္ဇာနှင့် စရဏ" (အသိနှင့် အကျင့်)နှစ်ရပ်နှင့် ပြည့်စုံဖို့ အဓိက ရည်ရွယ်ချက် ဖြစ်တယ်၊

၃။ တပည့်တော်ကာက အရှင်တို့ကို တိပိဋကာ စာသင်သား၊ နိကာယ် စာသင်သားလို့ ခေါ်တာ "ချစ်စနိုး" အနေနဲ့ခေါ်တယ်လို့ မှတ်တော်မူကြပါ။

၄။ အရှင်တို့ကို တပည့်တော်ကထားတဲ့ နေရာမှာ 'သိန္ဓောမြင်းလို' သပ်သပ်ရပ်ရပ် အဆင့်မြင့်မြင့်နဲ့ အထက်တန်း အလုပ်ကို လုပ်နိုင်ဖို့ ကြိုးစားနိုင်ဖို့ ပစ္စည်းလေးပါးတို့ကို လိုလေသေး မရှိအောင်၊ ငြိုငြင်မှု မရှိအောင် ဂေါပကအဖွဲ့ လူကြီးများနဲ့ ဒကာ ဒကာမများနဲ့ "ရာသက်ပန်" ငွေပဒေသာပင် စိုက်ထူပြီး အားပေးကူညီမှုပြုစုစောင့်ရှောက်မှုပြု၍ ထောက်ပံ့ ပေးနေတယ်။

၅။ သကေန ကမ္မုန ပညာယိသတိ။ ပသာယကိ။ပညာယိ။ (ကာလသုံးရပ်ကို ခြုံငုံပြီး)မိမိအလုပ်က မိမိကိုထင်ရှားလိမ့်မယ်၊ ထင်ရှားဆဲ ထင်ရှားပြီးလဲ ဖြစ်တယ်။


၆၊ ရဟန်း သံဃာတော်များသည် ပင်ကို အနေက၊ ကိုယ်၊ နှုတ်၊ စိတ်၊ အမူအရာယဉ်ကျေး သိမ်မွေ့ပြီးသားဖြစ်လို့၊ အသိဉာဏ်နဲ့ ပြည့်စုံကြွယ်ဝတဲ့ ဆရာ သမားများထံမှ လာရောက်ကြတာဖြစ်လို့၊ဘုန်းကြီးအနေနဲ့ အထူး ကျောင်း စည်းကမ်းဆွဲစရာမလိုပါ။သို့သော် "ကတိကဝတ်" ကို သံဃာတော်များရဲ့ ဆန္ဒအရ တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ် ထားပါတယ်။

၇။ ရန်ကုန်က ဒကာကြီး ဦးသာလှကို "မိခင်" လိုသဘောထားပါ။တပည့်တော်ကိုတော့ "ဖခင်" လို သဘောထားပြီး တရင်းတနှီး ဆက်ဆံလျှောက်ထားပါ။ လိုအပ်ရာရာ ခဲတန်၊ ဖေါင်တိန်၊ ဗလာစာအုပ်စသည်ကို တောင်းပါ၊ အားမနာကြပါနဲ့၊ ကဲ....ကဲ ... မောင်ပဉ္စင်းတို့ စာကျက်ကြ။

၈။ အရှင်တို့ကို တပည့်တော်က စာကျက်တဲ့မူကို ယနေ့ ပြောကြားလိုပါတယ်။ အရှင် ဥပါလိ မထေရ်မြတ် အမြဲမပြတ် ရွတ်ဆိုလေ့ရှိသော ဂါထာသည်-

ဝိနယော အာသယော မယှံ၊
ဝိနယော ဌာနစက်မံ၊
ကပ္ပေမိဝိနယေ ဝါသံ၊
ဝိနယော မမ ဂေါစရော။

ဤဂါထာကို အရှင်တို့လည်း မိမိစိတ်ကို နှိုးသော အနေဖြင့် ရွတ်ဆိုကြပါ။



ဤဂါထာကို အရှင်တို့လည်း မိမိစိတ်ကို နှိုးသော အနေဖြင့် ရွတ်ဆိုကြပါ။

နိုကာယ်ဆိုင်ရာ အရှင်မြတ်တို့က။

နိကာယော အာသယော မယှံ၊
နိကာယော ဌာနစင်္ကံ။
ကပ္ပေမိ နိကာယေ ဝါသံ၊
နိကာယော မမ ဂေါစရော။

ဒီဃနိကာယ်ဆိုင်ရာ အရှင်မြတ်တို့က....

ဒီဃ ကော အာသယော မယှံ၊
ဒီဃ ကော ဌာနစင်္ကံ။
ကပ္ပေမိ ဒီဃကေ ဝါသံ၊
ဒီဃ ကော မမ ဂေါစရော။

ဟူ၍ အသီးသီး မိမိတို့ ဆိုင်ရာ နိကာယ်များကို အရှင် ဥပါလိထုံး နှလုံးမူ၍ ကျင့်သုံးကြပါ။

၉။ စာမေးပွဲ ဖြေဆိုဖို့ ဆိုပြီး အသွား အပြန် ခရီးစဉ်မှာ မင်းကွန်းဘက်က စပြီး လှည်းတွေ၊ မော်တော်တွေက ကြိုဆိုဖို့ အရံသင့်၊ မန္တလေးဘက် ရောက်လျှင် မော်တော်ကား နဲ့ မီးရထား တို့က အရံသင့်၊ တစ်ခါ ရန်ကုန်သို့ ရောက်ပြန်ရင် ကားကြီး ကားငယ် အသွယ်သွယ်တွေက ကြိုဆိုဖို့အရံသင့်၊ ပစ္စည်းလေးပါး ကို လှူဖို့တန်းဖို့ ဝေယျာဝစ္စ အတွက် ဆောင်ရွက်ဖို့ ပြုစုဖို့က အရံသင့်၊ စောင်, ခြင်ထောင်, ခေါင်းအုံးကစ လိုလေသေး မရှိအောင် ပြုစုဖို့ အရံသင့်၊ "စိသုကြဲ နတ်သား" လူ့ပြည်ကို လာပြီး ဖန်ဆင်းထားသည့်အလား "လူတို့က် ဖန်၊ ရေကန် အသင့် ကြာအသင့်" "နတ်တို့ဖန်၊ နို့ဗွာန် အဆင့် ဘုံအမြင့်" ဆိုသလို အရှင်တို့ရဲ့ ဘုန်းကံဟာ အလွန်ကြီးသကိုး။ အဖက်ဖက်က ပြည့်စုံပြီးရင်း ပြည့်စုံနေတာကိုး။ တပည့်တော်ကတော့ အရှင်တို့လောက် ဘုန်းကံ မကြီးခဲ့ပါ၊ တိပိဋကစာမေးပွဲ ဖြေဆိုရန် ရန်ကုန်မြို့ကို ရောက်တဲ့အခါက ကြိုဆိုမည့် ဒကာ ဒကာမတွေ မရှိတော့ ယင်္ကန်းကို ခေါင်းမြီးခြုံပြီး မသိမသာ သာသာလေး လာခဲ့ပါတယ်။

၁၀။ သံဃာတော် အရှင်မြတ်တို့ ဘုရား- "ဆရာဘက်က" ဓမ္မဒာနဂုဟ ခြီးမြှောက်မှု၊ ဒကာဘက်က ပစ္စယဒာနဂုဟ ခြီးမြှောက်မှု၊ နှစ်ခု ပြိုင်တဲ့ ပွဲမှာ တပည့်တော်တို့ဘက်က မရွံးစေဖို့ အချက်က အရေးကြီးပါတယ်။

၁၁။ အနာထပိဏ် သေဋ္ဌေးရဲ့ ညီတော် အရှင် သုဘူတိ မထေရ်သည် မေတ္တာ ဘာဝနာ ဖြင့် နေလေ့ရှိသောကြောင့် ဆွမ်းခံတော်မူလျှင် ဆွမ်းရပ်ရာ အိမ်ပေါက်တိုင်းမှာ ရွှေထုပ်ကြီး ချပေးသကဲ့သို့ မေတ္တာပွား၍ သာ ဆွမ်းရပ်တော်မူလေ့ ရှိပါတယ်။

ယခုလည်း အရှင်တို့-

မေတ္တာဝိဟာရီ ယော ဘိက္ခု၊
ပသန္နော ဗုဒ္ဓသာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ၊
သင်္ခါရူပသမံ သုခံ။

ဟူသော ဂါထာဖြင့် ဆင်ခြင်ပွားများ၍ သာ မေတ္တာ တရား လက်ကိုင်ထားပြီး နေကြ ထိုင်ကြပါ။

၁၂။ သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊
သုခါ သဒ္ဓမ္မ ဒေသနာ၊
သုခါ သံဃသ္သ သာမဂ္ဂီ၊
သမဂ္ဂါနံ တပေါ သုခေါ။

သံဃာတော် အရှင်မြတ်တို့၊ လောကအလယ်မှာ ဘုရားရှင် ကိုယ်တော်မြတ်သည် 'ပွင့်တော်မူဖို့' နဲ့ 'တရား ဟောတော်မူဖို့' နှစ်မျိုးပဲ ရှိတယ်။ တပည့် သား သာဝက တွေက လိုက်နာကျင့်သုံးဖို့နှစ်မျိုးပဲရှိတာယ်။

ဒီတော့ ဘုရားကိုယ်တော်မြတ် ဘက်က တာဝန် ကျေပြီမို့ တပည့်တွေ ဘက်က အချင်းချင်း စိတ်ဝမ်း မကွဲကြဘဲ ညီညီ ညွတ်ညွတ်နဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြပါ။



ဗကြောသံကြိုး

အာရုဏဒွေမာလာဘိဝံသ

၄၁၆ မင်းကွန်း ထိန်နီ သာဓနာပြုစာစဉ်

ကြွေး နှစ်မျိုး

လောကဥစ္စာ တုန့်ပြန် ပေးဆပ်ထိုက်သော အရာဟူသမျှသည် 'ကြွေး'ပင် ဖြစ်သည်။ ကြွေးဆပ်ခြင်းဟု ဆိုလျှင် ပစ္စည်း ဥစ္စာ ပြန်လည်ပေးဆပ်ရခြင်းဟုသာ နားလည်ကြသည်။ အမှန်မှာ ပြန်လည် ပေးဆပ်ရသော ကြွေးသည် နှစ်မျိုး ရှိပေသည်။ ဥစ္စာကြွေးနှင့် ကျေးဇူးကြွေးပေတည်း။

ထိုတွင် ဥစ္စာကြွေးကို လူတိုင်း နားလည်ကြသော်လည်း ကျေးဇူး ကြွေးကိုမူ နားလည်သူ နည်းပါးလှပေသည်။ အချို့က ကျေးဇူးကို ကြွေးစာရင်းမှာပင် မသွင်းဘဲ ဥစ္စာကြွေး၊ အချစ်ကြွေးဟု ကြွေးနှစ်မျိုးကို သရုပ်ဖော်ထုတ်ကြသည်။

ဥစ္စာ အချင်း - ကြွေးစစ်နှစ်ပြင်။
ဥစ္စာအကြွေး - လူရေးမဝင်။
အချစ်ကြွေးက - ပူဆွေးအစဉ်။
အကြွေးကင်း - အေးခြင်း ထာဝစဉ် ဟူ၍ လည်းကောင်း။

"လူ့ရွာမှတ်ရေး၊ ဥစ္စာကြွေးထက်၊ ချစ်ကြွေး တင်လှက် အဆပ်ခက်" ဟူ၍ လည်းကောင်း၊ ဆိုရိုးပြကြသည်။ မည်သို့ဆိုစေ လောကဥစ္စာ ကြွေးရှိလျှင် ပြန်လည် ပေးဆပ်ထိုက်သည်ကိုမူ အားလုံးက လက်ခံထားကြပေသည်။

ဗုဒ္ဓ ရှင်တော် မြတ် သည် တစ်လောကလုံး၏ ကျေးဇူးရှင်ကြီး ဖြစ်သည်။ ဗုဒ္ဓ ရှင်တော်မြတ်၏ ကျေးဇူးကြွေးသည် အထူး အားဖြင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့် ဗုဒ္ဓဘာသာဝင်များ ထံပေါ်တွင် တင်ရှိနေပေသည်။

သာသနာတော်၌ မြတ်ဗုဒ္ဓ၏ ကျေးဇူးကြွေးကို အကျေပွန်ဆုံး ပေးဆပ်ခဲ့သော ပုဂ္ဂိုလ်တစ်ပါးကို ညွှန်ပြပါဟု ဆိုလျှင် တတိယ မဟာသာဝက ရှင်မဟာကဿပကို ညွှန်ပြရပေမည်။ယနေ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်သည့်တိုင် သာသနာတော်၌ တည်ရှိနေခြင်းမှာ မြတ်ဗုဒ္ဓ၏ ကျေးဇူးကြွေးကို ပေးဆပ်ခဲ့သူ ရှင်မဟာကဿပ ကြောင့်သာ ဖြစ်ပေသည်။ အကယ်၍ ရှင်မဟာကဿပသာ မြတ်ဗုဒ္ဓ၏ ကျေးဇူးကြွေးကို မပေးဆပ်ခဲ့လျှင် သာသနာတော်သည် စနစ်တကျ တည်ရှိကောင်းမှ တည်ရှိပေမည်။



ကျေးဇူးသိသော ရှင်မဟာကဿပ

ဗုဒ္ဓရှင်တော် မြတ် ပရိနိဗ္ဗာန် စံတော်မူပြီးစ မှာပင် သာသနာတော်ကို အမြစ်အရင်းမှ ဖြိုမည့် ပုဂ္ဂိုလ်တစ်ဦး ပေါ်လာခဲ့၏။ သူကား တောထွက် ရဟန်းကြီး သုဘဒ္ဒပင် ဖြစ်သည်။ သုဘဒ္ဒသည် မြတ်ဗုဒ္ဓအပေါ် အမြင်လွဲမှားရန် အငြိုးထားခဲ့သူ ဖြစ်သည်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်သည့် သတင်း ကြောင့် ရင်တွင်းလှိုက်ဆွေး ငိုကြွေးကြသည့် ရဟန်းတော်များကို သုဘဒ္ဒက ဤသို့ ဆိုခဲ့၏။

"ငါ့ရှင်တို့၊ မစိုးရိမ်ကြနဲ့၊ မငိုကြွေးကြနဲ့၊ တို့တတွေ ရဟန်းကြီးဂေါတမ လက်မှ လွတ်မြောက်ကြပြီ၊ သူရှိစဉ်က လွန်စွာ ချုပ်ချယ်ခဲ့၏။ ယခု တို့တတွေ လုပ်ချင်တာ လုပ်နိုင်ကြပြီ" သုဘဒ္ဒသည် အားပေးသယောင်ယောင်နှင့် သာသနာတော်ကို တော်လှန်ပုန်ကန်ရန်လှုံ့ဆော်လိုက်ခြင်းပင်တည်း။

ရှင်မဟာကဿပသည် ဤစကားကို နားဆတ်ဆတ် ကြားလိုက်ရ၏။ သြတ္တာပဉ္ဉာဏ် ရိုက်ခတ်သည့် ဒဏ်ကြောင့် စိတ်နှလုံးတွင် ယူကျုံးမရ ဖြစ်ခဲ့ရသည်။ ရွေ့ရေး နောက်ရေး ကြံတွေးရင်း ရှင်မဟာကဿပ၏ နှလုံးသားစယ် မြတ်ဗုဒ္ဓ၏ ကျေးဇူးတရားများသည် ပြန်လည် ထင်ဟပ်လာပေသည်။

"ရှင်တော် မြတ်ဘုရား၏ ကျေးဇူးတော်သည် ငါ့အပေါ်၌ ဆပ်၍မကုန်နိုင်လောက်အောင် များပြား လွန်းလှပေသည်"

"ငါအား ကိုယ်တော်တိုင် ကောက်ယူ ဖွပ်လျော် ချုပ်ဆိုး ဝတ်ရုံလျက်ရှိသော သင်္ကန်းကြီးကို ဝတ်ရုံရန် ပေးတော်မူပြီး ငါ့သင်္ကန်းကို ကိုယ်တော်မြတ်က ဝတ်ရုံတော်မူခဲ့၏"

"ဈာန်အဘိညာဉ် အရာ၌ ကိုယ်တော်မြတ်နှင့် တန်းတူထားကာ သံဃာ့အလယ်ဝယ် ငါ့အား မြှောက်စားတော်မူခဲ့၏"

"စန္ဒုပမသုတ္တန်ကြီး ဟောကြားတော်မူစဉ်က ငါ့ကို စံနမူနာထားကာ ဟောကြားတော်မူခဲ့၏"

"ဤသို့ မည်သူနှင့်မျှ မတူအောင် မြှောက်စားတော်မူခဲ့သည့် ကိုယ်တော်မြတ်၏ ကျေးဇူးတရား

များကား အလွန်တရာ ကြီးမားလှပါပေသည်။ ဤကျေးဇူးတရားများသည် ငါ့အား တင်ရှိနေသော ကြွေးများပင် ဖြစ်၏။ ဤကြွေးများကို ငါသည် ပေးဆပ်ရမည်သာတည်း။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ကြာရှည်တည်တံ့အောင် ဆောင်ရွက်ခြင်းသည်သာ ငါ့အဖို့ အကောင်းဆုံး ကြွေးဆပ်ခြင်း ဖြစ်လေရာ၏''

ဤသို့ပင် ရှင်မဟာကဿပသည် စဉ်းစား ဆင်ခြင်တော် မူခဲ့ပေသည်။

မြတ်ဗုဒ္ဓ၏ ကျေးဇူးကြွေးများကို ပေးဆပ်ရန် ပထမသံဂါယနာ ကိစ္စကို စီမံ ဆောင်ရွက်တော်မူသည်။ ၄၅ နှစ်ကြာမျှ ဟောကြား ပညတ်တော်မူခဲ့သည့် မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယသည် စီစဉ်တကျ စုစည်းထားမှု ရှိသော်လည်း ပြည့်စုံလုံလောက်မှု မရှိသေး။ အသွေးအရောင်စုံသော ပန်းပွင့်ကလေးများသည် ပန်းသိတ်ကြိုးဖြင့် သီကုံးမထားလျှင် ဟိုတစ်ပွင့် သည်တစ်ပွင့် ပျောက်လွင့် ပျက်စီးသွားနိုင်ပေသည်။ မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယများလည်း စနစ်တကျ စုစည်း ထိန်းသိမ်းမထားလျှင် မကြာမီပင် ပျောက်ကွယ် သွားနိုင်ပေသည်။ ယို့ကြောင့် ပင် ရှင်မဟာကဿပသည် ပထမသံဂါယနာတင်တော် မူသောအခါ ဝိနယ သုတ္တ အဘိဓမ္မ တို့ကို ကဏ္ဍအလိုက် ခွဲခြားကာ စနစ်တကျ စုပေါင်း၍ သံဂါယနာ တင်တော်မူခဲ့သည်။ သာသနာတော်၏ အသက်သွေးကြော ဖြစ်သော ဝိနည်းတရားတော်ကို ဦးစား ပေးကာ သံဂါယနာတင်တော်မူခဲ့သည်။ သာသနာတော်၏ အသက် သွေးကြော ဖြစ်သော ဝိနည်းတရားတော်ကို ဦးစားပေးကာ သံဂါယနာတင်တော် မူခဲ့သည်။ မြတ်ဗုဒ္ဓ၏ ဒေသနာတော် ပန်းပွင့်ကလေးများသည် အရည်အသွေးတက်ကာ လှပ၍ လာကြသည်၊ ကြည့်ရှုလေ့လာသူများအဖို့ လည်း ထင်ထင်ရှားရှား၊ သိသာ ကွဲပြားလာပေသည်။



ရှင်မဟာကဿပသည် ဝိနယ၊ သုတ္တ၊ အဘိဓမ္မ တို့ကို အခန်းကဏ္ဍအလိုက် ခွဲခြားကာ သံဂါယနာတင်ပြီးလျှင် ငါ့တာဝန် ကျေပွန်ပြီဟု သဘော ထား၏တော်မမူပေ။ထိုဒေသနာတော်များ ထာဝစဉ်ကည်ရှိရေးအတွက် လက်ဆင့်ကမ်း ထမ်းဆောင်ကြရန် တာဝန်ကိုလည်း အသိုးသိုး ပေးအပ်တော်မူခဲ့သည်။

ထို့ကြောင့်ပင် သာသနာတော်သည် နှစ်ပေါင်း ၂၅၀၀ ကျော် တည်ရှိမြင်း ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ကျေးဇူးကို ရှင်မဟာကဿပ ပေးဆပ်ခြင်းကား တာဝန် ကျေပါပေစွ။ ကျေးဇူးကြွေးကို ပေးဆပ်ရာ ရောက်ပါပေစွ။

ရှင်မဟာကဿပ မူချခဲ့သော ဝိနယ၊ သုတ္တ၊ အဘိဓမ္မ ဒေသနာတော်များကို ခေတ် အဆက်ဆက် လက်ဆင့်ကမ်း ထမ်းဆောင်တော်မူခဲ့ကြပေသည်၊ ဒုတိယ၊ တတိယ သံဂါယနာတင်ပွဲ တို့ကို ဆင်နွှဲအတည်ပြုကာ ထိန်းသိမ်းတော်မူခဲ့ကြသည်၊

ရှင်မဟာကဿပ စသော သံဂါယနာတင် အရှင်မြတ်တို့သည် လောကဌ် ရခဲလှသော–

၁။ ရှေးဦးစွာ ကျေးဇူးပြုသော ပုဂ္ဂိုလ်

၂။ ကျေးဇူးကို သိ၍ ကျေးဇူးဆပ်သော ပုဂ္ဂိုလ် နှစ်မျိုးတို့တွင် ဒုတိယပုဂ္ဂိုလ်မျိုး ဖြစ်၍ ကြည်ညိုဖွယ် ကောင်းလှပေသည်။

ကျေးဇူးသိစသာ အရှင်ဝိစိတ္တသာရာဘိဓံသ

ယနေ့ နှစ်ဆယ်ရာစုနှစ်တွင် မြတ်ဗုဒ္ဓ၏ကျေးဇူးတော် ကြွေးကို အပေးဆပ်နိုင်ဆုံးသော ပုဂ္ဂိုလ်ကား ဆရာတော် အရှင်ဝိစိတ္တဆာရာဘိဝံသပင် ဖြစ်ပေသည်။ ဆရာတော်သည် ဆဋ္ဌသံဂါယနာတင်ရန် တိပိဋကဓရ ပုဂ္ဂိုလ်ကို မျော်လင့်တောင့်တနေသော အချိန်က တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အာဒိကမ္မိက ပုဂ္ဂိုလ်ကျော်အဖြစ် ပေါ်ထွက်လာခဲ့သည်။ ကိုယ်တိုင် ဆဋ္ဌသံဂါယနာအမိပိဋကတ်ကို အာဂုံပြန်ဆိုနိုင်ခြင်းကား ရှေးဦးစွာ မြတ်ဗုဒ္ဓ၏ ကျေးဇူးတော် ကြွေးကို ပေးဆပ်လိုက်ခြင်းပင် ဖြစ်သည်။

သို့သော် ဆရာတော်ကား ကိုယ်တိုင် ပိဋကတ်စာပေတို့ကို အာဂုံပြန်ဆို၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ရရှိရုံမျှဖြင့် ကျေးဇူးကြွေး ပေးဆပ်မှု တာဝန်ကျေပြီဟု မယူဆပေ။ မင်းကွန်း မိုးမိတ်ကုန်းမြေ၌ တိပိဋက နိကာယကျောင်းကို ဦးစီးတည်ထောင်ကာ တိပိဋက သာသနာ့ အာဇာနည်များ မွေးထုတ် ပေးခြင်းဖြင့်လည်း မြတ်ဗုဒ္ဓ၏ ကျေးဇူးကြွေးများကို ပေးဆပ်လျက် ရှိသည်။

ဤမျှဖြင့် အားရမှု မရှိသေး။ ဆရာတော်သည် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများဟူ၍ထောင် ဖွင့်လှစ်နိုင်ရန်အတွက်လည်း ကြိုးပမ်းတော်မူလျက် ရှိပေသည်။

ဆရာတော်၏ မြတ်ဗုဒ္ဓ ကျေးဇူးတော်ကြွေးကို ပေးဆပ်ခြင်း အကြောင်း ရေးသားရင်း ဆရာတော် မိန့်ဆိုခဲ့သည့် အကြောင်းအရာ တစ်ရပ်ကို သတိရမိပါသည်၊

ဆဋ္ဌသံဂါယနာပွဲ အကြို တိပိဋကဓရ ပုဂ္ဂိုလ် ပေါ်ထွက်နိုင်ရေးအတွက် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီးကို ကျင်းပ ပြုလုပ်ခဲ့သည်။ ထို အချိန်က ဒါယကာ ဒါယိကာမ အပေါင်းတို့သည် တိပိဋကဓရ ပုဂ္ဂိုလ်ထူးကို ဖူးမြော်ရန် လက်အုပ် တချီချီဖြင့် စောင့်ကြိုလျက် ရှိကြသည်။ သို့ရာတွင် မြော်လင့်သည့်အတိုင်း တိပိဋကဓရ ပုဂ္ဂိုလ် ပေါ်ထွက်လာခြင်း မရှိပေ။ တိပိဋက ဂေဇက်ထွက်လာတိုင်း မြော်လင့်နေသော လက်အုပ်များကို ရုပ်သိမ်းလိုက်ကြရ၏။

ဤမြင်ကွင်းကို ဆရာတော်ကိုယ်တိုင် မြင်ခဲ့ရ၏။ ဆရာတော်၏ နှလုံးသားတွင် စွဲထင်သွား၏။ ဒါယကာ ဒါယိကာမများ၏ တာဝန်ကား ကျေပွန်၏။ ငါတို့တာဝန် ကျေပွန်ဖို့ လိုလာပေပြီ။ ဒါယကာ ဒါယိကာမတို့၏ လက်အုပ်ကြွေးကို ငါဆပ်မည်ဟု ဆုံးဖြတ် ချက် ချလိုက်ပေသည်။ ဤအကြောင်းအရာများကို ဆရာတော် မိန့်ကြားတော်မူခဲ့ပေသည်။

ယခု မျက်မှောက်ခေတ် အချိန်အခါ၌ ဆရာတော်သည် ဗုဒ္ဓမြတ်စွာနှင့်တကွ အရှင်မဟာကဿပ အစရှိသော သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးတော်များ၊ သာသနာ့ ဒါယကာကြီးများ၏ ကျေးဇူးများကို ပေးဆပ်ကာ တိပိဋကဓရ၊ နိကာယဓရပုဂ္ဂိုလ်များနှင့် သာသနာပြု ပုဂ္ဂိုလ်များ ပေါ်ထွန်းလာစေရန် တိပိဋက=နိကာယ သာသနာပြု အဖွဲ့ကြီးကို နာယကအဖြစ် ဦးစီးတော်မူ၍ တိ=နိ ကျောင်းတော်ကြီးများ၊ ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်လျက် သာသနာပြုနေတော်မူပေသည်။

ဆရာတော်ကား ရှင်မဟာကဿပထုံး နှလုံးမူကာ မြတ်ဗုဒ္ဓ၏ ကျေးဇူးတော်ကြွေးကို ပေးဆပ်လျက် ရှိသော ပုဂ္ဂိုလ်ထူးပါပေတကား။

အရှင် နန္ဒမာလာဘိဓံသ

ကြေလွဲရယ်လော

ဘုန်းတော်ကြီး-သာကီဆွေ

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋ္ဌက=နိကာယ ကျောင်း တိုက် နှင့် ဓမ္မနာဒ ကျောင်းတိုက် နှစ်တိုက်တို့၏ နာယကတိုက်အုပ် ဆရာတော်ဘဒ္ဒန္တဥက္ကံသာဘိဓံသမဟာထေရ်သည် ၁၃၄၅-ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် တနင်္ဂနွေနေ့ နေ့လယ် ၁ နာရီ ၃၅ မိနစ် အချိန်တွင် တုသိတာဘုံနန်းသို့ ကြွမြန်းတော်မူခဲ့ပေသည်။

ဆရာအရှင်မြတ်သည် တိပိဋကဓရ ဆရာတော် ဘုရား ဦးဆောင်သော သာသနာရေး ဆိုင်ရာ တာဝန်မှန်သမျှ ကိစ္စအဝဝတို့ကို နောက်တော် ပါးမှ တစ်ဖဝါးမကွာ တွဲ၍ အားခဲ လုပ်ကိုင် ဆောင်ရွက်တော်မူခဲ့ပါသည်။

တိ=နိကျောင်းတိုက်ကြီးများ ပေါ်ပေါက်လာ ခြင်း၊ တိ=နိ သာသနာ နေပမာလအသွင် စည်ပင် ထွန်းကား လာခြင်းတို့သည် တိုက်အုပ်ဆရာကြီး နှင့် ကင်းခဲ့သည်မဟုတ်။

မင်းကွန်း တိ=နိ သာသနာပြုအစဉ်

မွေးရပ်ဒေသ စသည်

တိုက်အုပ်ဆရာတော်၏ ဇာတိချက်ကြွေ မွေးရပ်မြေမှာ ပဲခူးတိုင်း၊ ရွှေတောင်မြို့ တရုတ်မျှော် တိုက်နယ် ဒန်ပူစားရွာဖြစ်သည်။ ခမည်းတော်နှင့် မယ်တော်မှာ ဦးဖိုးညီ၊ မိခင် ဒေါ်ခါဥ ဖြစ်သည်။ တိုက်အုပ်ဆရာတော်၏ မွေးသက္ကရာဇ်မှာ ၁၂၇၀-ခု၊ ကဆုန်လဆန်း ၆ ရက်၊ တနင်္ဂနွေ နံနက် နေတက် ၁၉ ဖဝါး အချိန် ဖြစ်သည်။ ငယ်မည် "မောင်အောင်မြ" ဟု မိဘနှစ်ပါးက မှည့်ခေါ်ထားသည်။

လူမှုန်းမသိတတ်မီ မိခင်ရင်း ဒေါ်ခါဥ ကွယ်လွန်လေရာ မောင်အောင်မြသည် ဖခင်လက်ပေါ်တွင်ကြီးပြင်းလာခဲ့ရသည်။ ဖခင်ကလည်းသားဖြစ်သူကို ငဲ့ညှာပြီး နောက်ထပ် အိမ်ထောင် မပြုခဲ့။

မောင်အောင်မြ ၉ နှစ်သားအရွယ်တွင် ဖခင်ဖြစ်သူက ရွာလယ် ဆရာကြီး ဦးဖိုးလှကျောင်းခွဲ အပ်နှံကာ ပညာသင်ကြားစေခဲ့ပါသည်။ မောင်အောင်မြအသက် ၁၃ နှစ်အရွယ်တွင် အဘိုးဦးခိုင်အဘွား ဒေါ်ပုမတို့က မိမိတို့ ဆည်းကပ်ကိုးကွယ်သော မင်္ဂလာကျွန်းကျောင်း ဆရာတော်ကြီးအရှင်ဝိညေယျမထေရ်ထံ အပ်နှံ၍ အဘိုးအဘွားတို့၏ ပစ္စယာ နူဂဟခြီးမြောက်မှုဖြင့် ရှင်သာမဏေ ဘောင်သို့ လှမ်းတက်ရောက်ရှိခဲ့လေသည်။ ရှင်သာမဏေဖြစ်သော သက္ကရာဇ်မှာ ၁၂၉၁-ခု ဖြစ်ပြီး ဘွဲ့အမည်ကို ရှင်ဥက္ကံသဟု ခေါ်တွင်စေခဲ့ပါသည်။ အသက်စေ့လျှင် ဒန်ပူစားရွာတစ်ရွာလုံး ရှိ ဆွေမျိုးဉာတိအပေါင်းနှင့် ခမည်းတော် ဦးဖိုးညီကို အမှုးထား၍ လေးပါးပစ္စယာ ဒါယကာများ အဖြစ် ခံယူကြကာ ဆရာတော်ကြီး ဘဒ္ဒန္တဝိညေယျကိုယ်တိုင် ဥပဇ္ဈာယ် ဆရာမြတ်စွာဆု ခံယူခြင်းဖြင့် ရှင်ဥက္ကံသကို မြင့်မြတ်သော ရဟန်းပဉ္စင်းဘဝသို့ ကောင်းစွာ ရောက်ရှိခဲ့လေသည်။

ဥပဇ္ဈာယ် ဆရာမြတ်၏အထံတော်တွင် တစ်ဝါမျှသာနေထိုင်ခဲ့ရပြီး ဥပဇ္ဈာယ်ဆရာကိုယ်တော်တိုင် မင်းကွန်း၊ ဓမ္မနာဒတိုက်သို့ လိုက်လံအပ်နှံ ပို့ဆောင်ပေးခဲ့သည်။

ထိုစဉ်က ပထမ ဓမ္မနာဒ ဆရာတော် အရှင်ပညာစက္ကမထေရ်မြတ်၏ သက်တော်မှာ ၅၀ ကျော်မျှရှိပြီး ရဟန်းသုံးဝါတွင် ဝဋ္ဌသကာဘွဲ့ရခဲ့သော လက်ထောက်စာချ အရှင်ဝိစိတ္တသာရာဘိဝံသ၏ သက်တော်မှာ သက်တော် ၂၅ နှစ်ဖြစ်၍ ဝါတော် ငါးဝါမျှသာ ရှိသေးသည်။ ထိုဆရာတော် နှစ်ပါးတို့၏ အထံတွင် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ ဥဿာဟတို့ဖြင့် အပတ်တကုန် ကြိုးစားအားထုတ်ခဲ့သဖြင့် ၁၃၀၀ ပြည့်နှစ်၌ အစိုးရပါဠိ ပထမပြန် အလတ်တန်းကိုလည်းကောင်း၊ ၁၃၀၂ ခုနှစ်တွင် ပထမကြီးတန်းနှင့် သကျသီဟ စာသင်တန်းကို လည်းကောင်း၊ ၁၃၀၃-ခုနှစ် သကျသီဟ စာချတန်း၌ ပါရာဇိကဏ် အဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာ နှစ်ကျမ်းကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ စာမေးပွဲတွင်လည်း ကျမ်းရင်းသုံးကျမ်းအနက် သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌကထာမှတပါး ကျမ်းရင်း နှစ်ကျမ်းနှင့် မြန်မာဂုဏ်ထူးဆောင် ခြောက်ကျမ်းကိုလည်းကောင်း၊ အသီးသီး အောင်ပွဲမြင့်ခဲ့လေသည်။ သီလက္ခန္ဓဝဂ္ဂ ပါဠိ အဋ္ဌကာကို မူစစ်ဖြစ်လာ၍ ခေတ္တခဏ နားထားခဲ့ရပြီး စစ်ပြီး၍ ကျင်းပသော ၁၃၀၈-ခုနှစ်တွင် သကျသီဟ စာချတန်း၊ အစိုးရ စာချတန်း စာမေးပွဲနှစ်ပွဲလုံးကို တစ်နှစ်တည်း အောင်မြင်သဖြင့် ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ သာသနဓဇသီရိပဝရ ဓမ္မာစရိယ ဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့လေသည်။

၁၂၉၉-ခုနှစ်တွင် ပထမ ဓမ္မနာဒ ဆရာတော် ဦးပညာစက္က ဘဝနတ်ဌာန် ပြောင်းရွှေ့စံသော အခါ ခုနှစ်ဝါမျှရ၍ အသက်သိက္ခာပင် ငယ်နုသော်လည်း လိုလေသေးမရှိ အရည်အချင်း ခပ်သိမ်းစုံပြည့်သည့် အရှင်ဝိစိတ္တသာရာဘိဝံသကို ပဓာန နာယက အာရာမိသရအဖြစ်ဖြင့် တင်မြောက်တော်မူကြသည်။ ထိုအခါ အရှင်ဥက္ကံသသည်၊ ဒုတိယ ဓမ္မနာဒ ဆရာတော်ကလေး အရှင်ဝိစိတ္တသာရာဘိဝံသ အထံတော်တွင် ဆက်လက်၍ ဆရာစားမချန် ပို့ချဘော်မူသမျှ နိကာယ် ပိဋကအဝဝကိုလည်းကောင်း၊ ဝိနိစ္ဆယ အဖုံဖုံကိုလည်း

ကောင်း၊ ကဗျာ လက်ာ စိကုံးနှုံးဖွဲ့မှုတို့ကိုလည်း ကောင်း၊ ဆုံးမသွန်သင်ပဲ့ပြင်သမျှ သြဝါဒများကိုလည်းကောင်း၊ ဝိနယ ဂရုက ထားပုံတို့ကိုလည်းကောင်း၊ အာစရိယ လဒ္ဓေါပဒေသ၊ အာစရိယမုဋ္ဌိ၊လက်ဆုပ် မိမိ,တိတိ,ကျကျ ဃ,နသေချာမှတ်သားနာယူ ကဝိတစ်ဆူမြောက်အောင် ရယူနိုင်ခဲ့ပါသည်။

တစ်ဖက်မှလည်း စာချတာဝန်ကို ယူခဲ့သည့် အလျောက် စာချ စာသင် တာဝန် နှစ်ရပ်ကို ထမ်းရွက်ယင်း အာစရိယဝတ် သေနာသနဝတ်တို့ကို အနည်းငယ်မျှမချွတ်ယွင်းအောင် ဆောင်ရွက်ခဲ့ပေသည်။ ၁၃၄၂-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်၊ ကြာသပတေးနေ့ မိုးမိတ်ကုန်းမြေတိ=နိ ကျောင်းတော်၌ တိပိဋကဆရာတော်ကိုယ်တိုင်မိန့်တော်မူသော သြဝါဒစကားတော်တွင် အရှင်ဥက္ကံသကို ညွှန်း၍-

"တိုက်အုပ် ဘုန်းကြီးက အရည်အချင်း ရှိပါတယ်။ အလွန်လဲ ကျေနပ်ထိုက်တဲ့ ကိုယ်တော်ပါ။ သူ စာသင်သား ဘဝတုန်းက သီတင်းကျွတ်တို့ ဘာတို့ အဲ သီဘင်းကျွတ်လဆန်း ၉ ရက်လောက် ဆိုရင် စာဝါတွေ ပိတ်ပြီး နားကြတယ်။ ကျောင်းဝေယျာဝစ္စ လုပ်ဆောင်စရာ ရှိတာ လုပ်ကြပေါ့လေ။ တိုက်အုပ် ဘုန်းကြီးက ဝေယျာဝစ္စဆိုလဲ အလွန် စေ့စပ်အောင် လုပ်တယ်၊ တံမြက်လှည်းတယ်၊ အမှိုက်ကျုံးတယ်ပေါ့။ တိုက်တာ ဝေယျာဝစ္စပြီးရင် သူကတော့ စာအံတယ်။ စာအံ အင်မတန် မှန်တယ်။ ငါသည် စာအံနေတာပဲ၊ ဒါတွေ လုပ်စရာ မလိုဘူး မဟုတ်ဘူး၊ကျောင်းဝေယျာဝစ္စ အပြည့်အစုံလုပ်တယ်။ ပြီးရင် စာအံတယ်"

၁၃၁၁-ခုနှစ် အရှင်ဝိစိတ္တသာရာဘိဝံသထေရ် တိပိဋကဓရစာမေးပွဲအတွက် စာကျက်ချိန်၌ အရှင်ဥက္ကံသမှာ ၁၃၀၀ ရရှိနေပြီ။ စာပေပရိယတ္တိ အရည်အချင်းနှင့် ပြည့်စုံ၊ ၁၀၀၀ကျော်မြောက်ထေရ်ခေါ်လောက်သော နာယကဂုဏ်လည်းရှိ၍ မိမိဆရာတော်၏ကိုယ်စား တိုက်တာကိစ္စအား လုံးကို တာဝန်ယူ ဆောင်ရွက်ရသည့် တိုက်အုပ်ဆရာတော် အဖြစ်သို့ ရောက်ရှိခဲ့သည်။ စာပေပရိယတ်တဘက်ကမ်းခပ် တင်မြောက်၍ တိုက်အုပ် ဆရာတော် ဟူသော ဘွဲ့ထူး ဂုဏ်ထူး ရှိစေကာမူ မာန တံခွန် ထူခြင်း မရှိချေ။ တပည့်များအား စာပေနှင့် ပတ်သက်၍ ဆုံးမသည်မှာ-

(၁) စာမတတ်မှု အခေါက်ထူ လူထဲ ရှင်ထဲ သုံးမကျ။
(၂) စာတတ်ပြန်လျှင် စိတ်ကြီးဝင် လူမြင်တိုင်းက အော့ချင်ကြ။
(၃) သို့မဖြစ်အောင် သတိဆောင် အမောင်ခဲပါမှ။

ဟူသော ရွှေကျင် ဆရာတော် ဘုရားကြီး၏ သြဝါဒကို လေးစား လိုက်နာ ကြရမည် ဟူ၍ လည်းကောင်း။

၁။ တစ်နည်းတွေ့ရုံ ကျမ်းမစုံ အာဂုံတယ်၍ မငြင်းနှင့်။
၂။ ဂန္ထန္တရ မတတ်က' ဝါဒ တယ်၍ မငြင်းနှင့်။
၃။ ပိဋကပင်လယ် နယကျယ် အလွယ်တတ်ပြီ မထင်နှင့်။ ဟူသော ရှေးဆရာတော်တို့၏ သြဝါဒ နယူပဒေသအရ မာနတရားဆိုးမျိုး မနှိပ်စက်ရေးအတွက် မိန့်မြွက် ဆုံးမတော်မူလေ့ရှိပါသည်။

ထိုသို့ တိုက်အုပ် ဆရာတော် ဘဝဖြင့် အခြေကျကျ တိုက်တာကို အုပ်ချုပ်နေချိန်တွင် ရွှေတောင်မြို့နယ် လက်ပံကားယား ကျောင်းကို တပည့် ဥက္ကံသက ဆက်လက်၍ ထိန်းသိမ်း စောင့်ရှောက်ရမည်' ဟူ၍ စာချုပ်စာတမ်း အသိသက်သေ ပြည့်ပြည့်စုံစုံထားကာ ဆရာရင်းသည် ဘဝထံနတ်ပျံ လွန်တော်မူခဲ့လေသည်။

တိုက်အုပ် ဆရာတော်သည် လက်ပံကားယား ကျောင်းသို့ ကြွ၍ အုပ်ရွာ ဒါယကာ၊ ဒါယိကာမတို့ ကျေနပ်ရုံ တစ်ဝါသာ ဝါဆိုပေးခဲ့သည်။ ထို့နောက် မင်းကွန်း ဓမ္မနာဒ ကျောင်းတိုက်တွင် စာသင်နေသော လက်ပံကားယားရွာ ဇာတိဦးကုဝေရ အရှင်မြတ်ကို ပြန်လည်ခေါ်၍ လက်ပံ

ကား၊ယား၊ကျောင်းကို အပ်နှံကာ အရှင် ဥက္ကံသ သည် ဓမ္မနာဒ တိုက်သို့ပြန်လည်ကြွလာခဲ့လေသည်။

တိုက်အုပ် ဆရာတော်သည် သံယော ဇဉ် ကို မ ဖြတ် တောက် နိုင် သေး သဖြင့် တစ် ရံ တစ် ခါ အသက်အရွယ် အိုမင်းရင့်ရော် ဖခမည်းတော်ကြီး ကို သတိရ အောက်မေ့ပေလိမ့်မည်၊ အကြောင်းမှာ ဖခင်အား တမ်းတသော တမ်းချင်း လေးချို့ တစ်ပုဒ် ရေးသား ထား သည်ကို တွေ့ ရ သော ကြောင့် ဖြစ်ပါသည်။ ထိုလေးချို့မှာ–

'ဖခင်ခမျာ အရွယ်အိုလှပါပေ့ါကလ၊ ညစဉ် အခါမှာနော် ဘယ်လို ထပါလိမ့်၊ တွယ်ခိုစရာ တုတ်တစ်ရပ် ရှာဖွေတလီ၊ အမယ် အလိုတ ဟယ် ဆိုထပါတော့လဲ စုံတ်တသပ်သပ် ခမျာနေမည်။'

တစ် ဦး ထဲ အဖ သခင်ဟာလေ၊ မူးလဲလျှင် ဘယ်သူထပါလို့၊ ထူမကာ အကူ ပေးကာလိမ့်၊ လူကလေး သာမဏဲရယ် ထူပေးရုန် ကြွပါဘုရား ရယ်လို့၊ အားငယ်ကာ သားသယ်တရှာရောလိမ့်၊ ရထားအသွယ်သွယ် သွားဘွယ်ကလဲ ပျက်ပါဘိ သနှင့်၊ သားကိုအနွယ်မှာ စွာယီ နယ်ကိုလဲ မသက် တာကြောင့်၊ တိမ်အပြင် ဘိညာဉ်နဲ့လဲ မတက် နိုင်ဘု၊ အခက်တခါကြုံလို့မို့ အထက်အညာရဂုံ ကွန်းမြို့ငှန်းဆီက၊ ဖခမျာ တ,ရာလှမ်းပါလို့၊ တတမ်းတမ်း တ,တတနဲ့ ရမ်းဆ ရော်ကာရည်၊ (ဒကာကြီးရယ်)သားသမဏ ကြွကာမြန်းပါလို့၊ အလမ်းလမ်း အ–မမက မှန်းကာမျော်ပါသည်။

ဩော်.... ထေရ်ဘုန်းမော် ဆရာကို ကြည့်ပြန်တော့၊ ပြည့်လုံးကျော် ကမ္ဘာသိပါတဲ့၊ ဇာနည် ထေရ် ဖြစ်သော်ငြားပေမယ့်၊ များတပည့် သံယာ အစုံကို၊ ဓမ္မကွန်ဒာ အပုံ့ံ ချရတာကလဲ မအား ပေဘု၊ ကြားမှာလေ များဒကာတွေ ပင့်လာခိုက် မှာလ၊ တရားရတနာ ရေးသင့်ရာကိုလဲ လိုက်ရှာ ရပြန်တော့၊ ပမ်းဟိုက်ကာ ခန္ဓာတော်နွမ်းပါလို့၊ မချမ်းသာချေကပြီ၊ ဩော် ပမ်းရှာပေမည်ဟု ဆရာ အရှင်ကိုသနား၊ (ကွယ်တို့ရယ်) မမြဲနံ့သာပေပြီ ကသူ၊ ကျုပ်မှာပြင့် ဖခင်ဆိုအပါး၊

ကျောင်းစမုခ်မှာလ ခေါင်းလှုပ်ကာ ညာက် ပထွက်တာကြောင့်၊ကြံခက်ပါသည်အရေးယေ်က၊ မြန်ထက်စွာ မကြည့်အေးတဲ့ပြင်၊ ပြည်ဘေးရန် သူပုန်ထတာကြောင့် အုံကြွကာသောကမီးတွေက၊ လျှံစတပြောင်ပြောင် တောက်လောင်လို့ ကြီးချေ ပေါ့၊ ဘုရားပရမေသခင် တရားရေစင်နဲ့ ဆီးမါ လို့ ဖြန့်ပြီးကာ အသာနေရတော့၊ မဟာထေရ် စူဠဥပန် သခင် ဘုရားတို့လို၊ ငါမလေ လူနှစ်တန် အသွင်အပြင် မခြားအောင်ပ၊ ဆင်ယင်ထားကာ နှစ်ကိုယ်ပြုနိုင်က အို ခုခါ ဟန်မှာကလားရယ်လို့ အကြံများ၊ တစ်ခါ တစ်ခါ ပေါ်လာမိပေမယ့် ဩော်.... သာကီဆွေ ဘယ်လိုမှ မတတ်သာဘု၊ နတ်သမား ကပ်လာလို့ မ, တာကြောင့်၊ ရပ်ရွာမှာ ကပ်တာ ပ, ငပြီး၊ အရေးလှလှနဲ့ သေဌေး တမျှ ရတနာတွေ ပွားပါလို့ (ဒကာကြီးမှာဗျာ) မြတ်ဓမ္မာ ကို ထပ်ခါ ရရပြီး၊ ဘေး မခဘဲနဲ့ အေးမြစေသား။

အခြား တေးထပ် ကဗျာ လက်ာ ဂါထာစသည့် တို့လည်း ရှိပါသေးသည်။ စင်စစ် သော်ကား တိုက်အုပ်ဆရာတော်သည် မိမိ ဆရာ အရှင် တိပိဋကဓရ မထေရ်မြတ်ကဲ့သို့ တိုင်းကျော် ပြည်ကျော် ကမ္ဘာကျော် မဟုတ်ပေသော်လည်း ဆရာကဲ့သို့ အလွန်တော်သော ဘက်စုံပြည့် မထေရ် တစ်ပါး ဖြစ်သည်ကိုတော့ ယုံမှား ဒွိဟ သံသယ ဖြစ်စရာ မလိုပါချေ။

တိုက်အုပ် ဆရာတော် ကော တိပိဋကစာပေ ကျက်ဘူးပါ၏လောဟု မေးလျှင် ကျက်ဘူးပါ သည်ဟု ဖြေရပါမည်။ အဘယ်ကြောင့် ဆိုသော် (၀၊)အဘယ်သို့သဓကကိုထောက်ထား၍ အသင် ဖြေပါသနည်း ဟူငြားအံ့၊ အောက်ပါ တိပိဋက ဓရ ဆရာတော်၏ ပူပူနွေးနွေး မကြာသေးမီကမှ ပိန့်ကြားတော်မူသော သြဝါဒပိန့် စကားရပ်ကို သက်သေထူ၍ ဖြေဆိုပါသည်ဟု ပြောရပါလိမ့်မည်။

''၁၃၁၅-ခုနှစ်မှာ တိပိဋကဓရ ဆရာဒကြီးက ဤသို့ အပိန့် ရှိမှုးပါသည်။ ဦးပဉ္စင်း ကျောင်းဦးစောင့်ရှောက်ဖို့ တာဝန်ပြုမ်းပြီးတော တိပိဋက ပြန်နိုင်အောင် လုပ်စမ်းပါ။ သူ့ခမျာ

ကျက်ပါတယ်။ ဝိနည်း ပါရာဇိကဏ် ပါဠိတော် သူရတယ်၊ ပါစိတ် ပါဠိတော်ရတယ်၊ ကျက်ပြီး လို့ နှစ်ကျမ်း သူ့ဆိုက်ထဲတော့ ရောက်ပြီးသား၊ ညာတောဝိဘင်းပေါ့၊ သို့သော် ငါးကျမ်း ပြန်ရ မယ်၊ သူကလဲ အံနိုင်မှ၊ အသင့်ရှာယ မလာမန္တာ စာပေဆိုတာ မအံ့ရင် ပျောက်တယ်။ ဒါက သူ့သ ဘာဝကိုပြောတာ။ အဲဒါ တိုက်အုပ်ဘုန်းကြီးက စာပြန်ရရင် မောမောလာတယ်။ အဲဒါနဲ့ သူမပြန် ဖြစ်ဘူး။''

တိုက်အုပ်ဆရာတော်သည် မိမိ၏ ဆရာရှင်က မိမိနည်းတူ လျှောက်စေချင်သဖြင့် လမ်းခင်း ညွှန်ပြပေးခဲ့မှုကြောင့် ကြိုးစား လျှောက်လှမ်းခဲ့ သော်လည်း အာရောဂျပရမာလာဘာ ဟူသော လာဘ်နှင့် မပြည့်စုံရကား ဆုံးအောင်မသွားနိုင်ခဲ့ ရှာပေ။ တိပိဋကအတွက် ကျက်ဘူး ပါသည်။ သို့သော် ကျန်းမာရေး မပြည့်စုံမှုကြောင့် ဝင် ရောက် ဖြေဆိုနိုင်ခြင်းမရှိပါဟု ဆိုရပါမည်။

တိပိဋကမရ ဆရာတော်နှင့် တိုက်အုပ် ဆရာ တော်တို့သည် ဆရာတပည့် ဟူသော လောက သတ်မှတ်ချက် စည်းကမ်းဖြင့် ကြည့်လျှင် ကွာခြား လှသော်လည်း သက်တော် ဝါတော်အနေဖြင့် ကြည့်သော်မျှားစွာ မကွာခြားလှပေ။ ထို့ကြောင့် တိပိဋက ဆရာတော်သည် တိုက်အုပ် အရှင်ဥက္ကံသ အား တပည့်လို တစ်သွယ် ညီငယ်လို တစ်မျိုး သနားကရုဏာ မေတ္တာတို့ကာ သာယာပျော် ပြောင်း ကောင်းစွာ ပြောဆိုဆက်ဆံတတ်ဘိသကဲ့သို့ တိုက်အုပ်ဆရာ အရှင်ဥက္ကံသကလည်း ဆရာလို တစ်သွယ် နောင်တော်လို တစ်မျိုး အစစအရာရာ အထူးပင် အား‌ကိုး ကြည်သို့ မေတ္တာ သံယောဇဉ် ပိုခဲ့ပေသည်။

တကယ်တော့ တိုက်အုပ်ဆရာတော် မထေရ်မြတ်သည် ပုဗ္ဗေစကတပုညတာစက်ကြောင့် ပတိ ရူပဒေသဝါသ ဟူသော မင်းကွန်း ဓမ္မနာဒတိုက် သို့ ရောက် ရှိလာပြီး အတ္တာသမ္မာပဏိဓိစက်နှင့် လောက်လုံ ပြည့်စုံကာ တိပိဋကဆရာတော် တည်း ဟူသော ဆရာကောင်းအစစ် သပ္ပုရိသူပနိဿယ စက် လေးတန်တို့ကို မမှားကေန် ရရှိခဲ့ပြန်သော အမှန်တကယ်ပင် ရှေးဘုန်း ရှေးကံကြီးမား မဟာ ပုညဝန္တ ပုဂ္ဂိုလ်တစ်ပါးပင် ဖြစ်တော့သည်။

ယင်းသို့ စတုစက္ကသမ္ပတ္တိ လေးချက်မိပြီ ဖြစ် သော တိုက်အုပ်ဆရာတော်အဖို့ မိမိ အထူး နှစ် ခြိုက် မွေ့လျော်သော ဝိဝေကဌာန မင်းကွန်း ဒေသ၌ ချမ်းသာစွာ နေရလေပြီ။ မိမိ အလွန် တတ်ချင်လှသော ပိဋကစာပေကို စိတ်တိုင်းကျ ချပို့နိုင်စွမ်း ရှိသည့် ဆရာထံပါဠိ၌လည်း မှီခိုခွင့် ရလေပြီ။ မိမိ မျှော်မှန်းသလောက် ပိဋကစာပေ ဘက်တွင် အားရ ကျေနပ်လောက်အောင် သင်ယူ တတ်မြောက်ခဲ့လေပြီ။ ဆရာသခင် ကျေးဇူးရှင်၏ နိဿရည်းကို သိပ်သည်း ကျစ်လစ် ပွဲလယ်တင့် အောင် အရယူနိုင်ခဲ့လေပြီ။ ထို့ကြောင့် ပုဂ္ဂလ ဝိသေသ မဟာပုညဝန္တ တစ်ပါးဟုလည်း ဆိုရပေ သည်။

တိုက်အုပ်ဆရာတော်သည် စာသင်သား တပည့် ဘဝတွင်လည်း တပည့်ဝတ် ငါးပါးနှင့် လည်း ကောင်း၊ စာချ တိုက်အုပ် ဖြစ်လာပြန်တော့လည်း ဆရာ့ဝတ် ငါးပါး၊ ရဟန်း ကျင့်ဝတ် ငါးပါး၊ နာယကဂုဏ် ခြောက်ပါး၊ အာစရိယဂုဏ် ၂၅ ပါးနှင့်လည်းကောင်း၊ စတုပါရိသုဒ္ဓိလေးလီ ကျင့် ဝတ်နှင့် လည်းကောင်း၊ စာပေ ပို့ချနေချိန်မှ တစ် ပါးသော အချိန်တို့၌ စာကြည့်လျှင်ကြည့်၊ မကြည့် လျှင် တရားတော်ကို နှလုံးသွင်း ရွတ်ခြင်းတို့ကို ပြုလုပ်သည်။

သူတစ်ပါး အပြစ်ကို ပြောရမည်ကို မိမိ ကိုယ် တိုင်က ဝန်လေး ကြောက်ရွံ့သကဲ့သို့ သူတစ်ပါး ပြောဆိုနေသည်ကိုလည်း အနည်းငယ်မျှ နှစ်မြို့ ခြင်း မရှိချေ။

ထို့နောက် စီဝရ သန္တောသ၊ ပိဏ္ဍပါတ သန္တောသ၊ သေနာသန သန္တောသ၊ ဘာဝနာ ရတ ဟူသော အရိယဝံသတရားနှင့်လည်း ပြည့်စုံသူ ဖြစ်ပေသည်။

ပစ္စယအပ္ပိစ္ဆ ပစ္စည်း၌ ရလိုမှု လောဘ နည်း ပါးခြင်းနှင့် ပရိယတ္တိအပ္ပိစ္ဆ ကျမ်းဂန်၌ တတ်သိ လိမ္မာသည်ကို လျှို့ဝှက်ခြင်း ဂုဏ်နှစ်ထွေနှင့်လည်း ပြည့်စုံပါပေ၏။

အလှူခံမှုနှင့် ပတ်သက်၍ လှူဘွယ်များ၏ လှူသူက များစွာ လှူလိုသော်လည်း မိမိနှင့် မျှတရုံသာ ခံယူတတ်သည်။ အချုပ်ဆိုရသော် တိုက်အုပ် ဆရာတော်သည် ပရိယတ္တိနှင့် ပြည့်စုံရုံမျှမက အကဝုံစခန်းဆိုင်ရာ သူတော်ကောင်းလက္ခဏာ အလုံးစုံနှင့် ပြည့်စုံသော မထေရ်မြတ်ပင် ဖြစ်ပါသည်။ ဤသို့သော ဂုဏ်ကျေးဇူး အလီလီကို တိုက်အုပ် ဆရာတော်ထံ ကြည်ညိုဆည်းကပ် ချဉ်းကပ်ဖူးသူ တိုင်း သိကြပါသည်။ စာရေးသူအနေဖြင့် တိုက်အုပ် ဆရာတော်၏ ဂုဏ်ကျေးဇူးများကို ကုန်စင်အောင် ဖော်ပြနိုင်စွမ်း မရှိပါသဖြင့် အာဒီသဒ္ဓါနှင့်ပင် ဤသို့ အစရှိသော ဟူ၍ ညွှန်းလိုက်ရတော့မည်။

ယင်း ဆိုအပ်ခဲ့ပြီးသော ဂုဏ်အပေါင်းတို့နှင့် ခညောင်းစုံလင် တိုက်အုပ် ဆရာတော် မထေရ်အရှင်ကို တိပိဋကဓရ ဆရာတော်သည် အဘယ်မှာလျှင် အားမကိုးဘဲ ရှိပါမည်နည်း။ အားကိုးသည်မှ ညဲ့လက်ရုံးတစ်ဘက်ဟု သဘောပိုက်ထားသည်။ တိုက်တာ အပေါ် ကြောင့်ကြစိုက် နောက်ဆံတင်းစရာ မလိုတော့ပြီ ဖြစ်၍ သာသနာရေးကိစ္စများကို စွမ်းစွမ်းတမံ အားကြိုး မာန်တက် အားထုတ် ဆောင်ရွက်နိုင်ခဲ့သည်။ တိပိဋကဓရ ဆရာတော်သည် ဆောင်ရွက်သမျှ ကိစ္စအထွေထွေကို မိမိ တစ်ဦးတည်း ဆုံးဖြတ်၍ လုပ်တော်မူလေ့ မရှိဘဲ အများအားဖြင့် တိုက်အုပ် ဆရာတော်နှင့် တိုင်ပင်နှီးနှော သဘောဆန္ဒ တူမျှမှသာလျှင် လုပ်ကိုင်တတ်ပါသည်။ အတူတကွ လက်တွဲ ဆောင်ရွက်ကြသည်ဟု ဆိုရပါမည်။

အစွန်းစောင့် နှစ်မြောရ

သို့ဝင်ကလောက် များမြောက်လှစွာသော ဂုဏ်အင်နှင့် စုံလင်ပေငြား ထိုတိုက်အုပ်ဆရာတော် ဘုရားသည် ရာကျော် အသက် လွှမ်းကျော်တက် ဆောင် ကျေးဇူးရှင် တိပိဋက ဆရာတော်ဘုရား ကြီး၏ လက်ကိုတွဲ၍ ပါရမီတော် ဆက်လက်မဖြည့်စွမ်းနိုင်ရှာခဲ့ချေ။

မိမိ ချစ်မြတ်နိုးသော သာသနာ၊ ဆရာ၊ အပည့် များစွာ တို့ကို မျက်နှာလွှဲ၍ ဖဲခွာသွားလေပြီ။ မျက်နှာလွှဲတော်မူသော နေ့ကား ၁၃၄၅-ခု၊ နှတ်တော်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့ ဖြစ်ပေသည်။ ထိုနေ့သည် တိပိဋကဓရ ဆရာတော် အာဖို့ အစားထိုး မရသော ဆုံးရှုံးမှုကြီး တစ်ရပ်၊ မိမိနှစ်ပေါင်းများစွာ အားကိုးလာခဲ့သော ညာလက်ရုံးတော် တစ်ဘက် ပြုတ်ထွက်တော်မူသည့်နှယ် အားလျော့ခြင်း ဖြစ်ရသကဲ့သို့ တပည့် အပေါင်း အနေနှင့်လည်း ဆရာကောင်း ပီသသော ဆရာမြတ် တစ်ပါးကို နောင် ဖူးမြော်ခွင့် မကြုံနိုင်တော့ပြီမို့ ဖော်မပြနိုင်အောင် သောက ပရိဒေဝမီးတို့ ညီးညီးပြောင်ပြောင် တောက်လောင်ရကုန်တော့သည်။

စင်စစ်သော်တမူ ဘဝနတ်ထဲပျံတော်မူချိန်တွင် သက်တော် ၆၇ နှစ်မျှသာ ရှိသေးသောကြောင့် သက်တန်းနှင့် နှိုင်းစာသော် ကြွေချက်ကယ်စောလှချည့်ဟု ဆိုသင့်လေသည်။ တိပိဋကဓရဆရာတော်၏ အံ့မခန်းနိုင်သော လူသားမန်တို့ ကြုံရုံမျှပင် မစွမ်းနိုင်သော သာသနာရေး ဆောင်ရွက်ချက် လုံပံငန်းကြီး များကို မျော်၍ ကြည့်မည် ဆိုလျှင်လည်း အကြွေစောသည်ပင် ဆိုသင့်ပြန်ပါသည်။

ထို့ကြောင့် ကြွေချက်ကယ်စောသဖြင့် နှမြောဖွယ် အလွန်ကောင်းသည့် ဆရာတော်၊ ညာလက်ရုံးတော် တစ်ဆူ၊ စာရေးသူတို့၏ကျေးဇူးရှင် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဉာဏိက္ကသာဘိဝံသ မဟာထေရ်မြတ်ကို ဤဆောင်းပါးဖြင့် ပူဇော်လေးမြတ်ကျေးဇူးဘုံ ဆပ်လိုက်ရပါသတည်း။

ဘုမ္မဝတီ-သာကီစွေ

ထဘိုထဆုံးနှစ်စဉ်း ၁၄၂၇



ဆယ်တာဆရာတော်နှင့် ထီးတော်ပင့်ပွဲ

ဆယ်တာ ဆရာတော်နှင့် ထီးတော်ပင့်ပွဲ

သူမြတ်တစ်ယောက်၊ အိမ်သို့ရောက်က၊ များ မြောက်ပြောထူ၊ အိမ်နေသူတို့၊ နိဗ္ဗုန်းခွင်၊ အသေ့ဝင်ဖို့၊ မဂ္ဂင်ရှစ်ဆင့်၊ တံခါးပွင့်၏။

(မဟာဗုဒ္ဓဝင်-ဝိသာခါဝတ္ထု)

မြန်မာပြည်တွင် တိပိဋကမွာဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး အထင်အရှားပေါ် ပေါက်လာသည်မှစ၍ နိုင်ငံတော်သူ၊ နိုင်ငံတော်သား အားလုံးတို့သည် အမြိုက်ချမ်းသာအတွက် ပိုမို တံခါးပွင့်လာခဲ့ ပေသည်။

ယင်းကား ၁၃၄၃ ခု တော်သလင်းလဆန်း ၁၁ ရက်နေ့ကပင် ကြီးကျယ်စွာသော မဟာ ဒါနမဲ့ကြီး ကျင်းပခဲ့ကြခြင်း၊ မိုးမိတ်စေတီ ဘုရား ပွဲတော်ကြီးကို ပဓာနပြု၍၊ တိပိဋက-ဒီပိဋက၊ ကေပိဋက-စသော သာသနာ့ အာဇာနည်မြတ် များအား ဂုဏ်ပြု ပူဇော်ကြခြင်း၊ စစ်ကိုင်း-မင်းဝံ-မင်းကွန်းရဟန်း၊ သာမဏေ၊ သီလရှင် အားလုံးတို့အား သင်္ကန်းစသော စာရေးတံမဲလှူ ဒါန်းခြင်းတို့ကို ယင်း လဆန်း ၁၁-ရက်မှ ၁၅-ရက် တိုင်တိုင် ကျင်းပခဲ့ကြလေသည်။

ထို့ထက် ထူးခြားသည်မှာ ၁၃၂၃-ခုနှစ် တော်သလင်း လပြည့်နေ့က တင်လှူခဲ့သော မိုးမိတ်စေတီတော်မြတ်ကြီး၏ နှစ်ထပ်ထီးတော်ကြီး သည် ၂၅ နှစ် ပြည့်မြောက်လာသဖြင့် ငွေရတု

၄၂၀ မင်းကွန်း တိ=နီ သာသနာပြုဘဒ္ဓဲ

အထိမ်းအမှတ် အဖြစ်ဖြင့် ထိုထီးတော်နှင့် တကွ မိုးမိတ်ကုန်းမြေရှိ စက်တော်ရာစေတီ၊ ရွှေဘုန်း ပွင့်စေတီနှင့် အရံထီး တော်များ၏ ထီးတော် အားလုံးကို အသစ်တစ်ဖန် မွန်းမံ ဓာတ်လှူခဲ့ကြ ပေသည်။

ထိုပြင်–မင်းကွန်း တိပိဋကဓံမဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာ တော်ဘုရားကြီး၏။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရသည့် (၂၅)နှစ်မြောက် ငွေရတု ပူဇော်၏ (၇၅)လမြောက် ငွေရတု၏ စိန်ရတုပူဇော အထိမ်းအမှတ် အဖြစ်ဖြင့် ဝိဇုကတ် ဓစေတီတော်နှင့် ကမ္မဝါဓကျောက်စာ ဓစေတီတော် နှစ်ဆူကိုလည်း မိုး မိတ်ကုန်းမြေတော်မှာပင် တည်ထား ကိုးကွယ် ကာ ရွှေထီးတော်များ တင်လှူပူဇော်ပွဲကို ခြိမ့် ခြိမ့်သဲမျှ ကျင်းပပူဇော်ခဲ့ကြပါသည်။

ထိုထီးတော်များကို ကြက်ပုံမကျ စည်ကား သိုက်မြိုက်စွာ တင်လှူပူဇော်ပွဲ ကျင်းပတိသကဲ့သို့ ထီးတော်ပင့်ဆောင် ပူဇော်ကြသော ပွဲသည် လည်း မကြုံစဖူး ကြီးကျယ်စည်ကား လှပါ၏။

တိကျဓဆာ သမိုင်းမှတ်တိုင်

မိုးမိတ်ထီးတော်ကြီးများ ပင့်ဆောင်ပွဲအတွက် "ဗျားစားလက်ဆေး၊ ရေရွှပ်ရေးသို့" မဖြစ်စေ ရန် တိကျသော မှတ်တမ်းတစ်ခု ပြုစုလိုသဖြင့် ပင် စာရေးသူ ကိုယ်တိုင်ပင့်ဆောင်ပွဲသို့ လိုက်ပါ ဆောင်ရွက်ခဲ့ပါသည်။

ဒေသစာရီ ကြွခဲ့သော ထီးတော်များ၏ အတိုင်းအတာကို လည်းကောင်း၊ အဆောင် အယောင်များကို လည်းကောင်း၊ စံပယ်ပွင့်တင် တယ်ဟန်ကိုလည်းကောင်း၊ တိကျစွာ မှတ်တမ်း တင်ခဲ့ပါသည်။

ဂုဏ်ဓေတီတော်များကို ကုသိုလ်ရှင်အသီးသီး တို့က အသစ်တဖန် မွမ်းမံရွှေသင်္ကန်းကပ်၍ အပြီး တွင် မန္တလေးပြို ဓဂါဝိန်ဆိပ်ကမ်း၊ လုပ်သား စမ္ဘာရုံ၌ ထီးတော်ပေါင်းပြီ(၃)ရက်တာမှ သို့တင်း



သုံးတော်မူရန် ဆိပ်ကမ်းလုပ်သားများနှင့် ဓမ္မသဘင် ဆွမ်းလောင်း အသင်းဥက္ကဋ္ဌကြီး ဦးတေနှင့် အဖွဲ့အား ဆယ်တာ ဆရာတော်က (၂၂-၉-၈၅) နေ့တွင် တရားဝင်တာဝန် ပေးအပ်ခဲ့လေသည်။

ထိုတွင် ထီးတော်များကို ဆိပ်ကမ်း ဓမ္မာရုံ၌ အခန်းဆနားဖြင့် လှပစွာပြင်ဆင်၍ ပူဇော်ပွဲများ ကျင်းပကြပါသည်။ မန္တလေးသူ-မန္တလေးသား သူတော်စဉ်တို့သည် ဝမ်းမြောက် ဝမ်းသာ လာရောက်ပူဇော် ဖူးမျှော်ကြပါသည်။

သူတို့စေတနာ

ထိုရွှေထီးတော်များကို (၁၃၄၇) ခု၊ တော်သလင်းလဆန်း (၁၁)ရက်၊ ဗုဒ္ဓဟူးနေ့ (၂၅-၉-၈၅)ရက်တွင် မိုးမိတ်ကုန်းမြေသို့ အရောက်ပင့်ဆောင်ရမည်ဖြစ်ရာ စာရေးသူသည် တော်သလင်းလဆန်း (၁၀)ရက်နေ့ ညနေ (၆) နာရီတွင် ဆူးလေကုန်း ဦးတင်ဝင်း၏ ပဲ့ထောင်ဖြင့် ပင့်ဆောင် ပူဇော်ပွဲ၏ ပဓာနတာဝန်ခံ ဖြစ်တော်မူသော ဆယ်တာရွာ ရွှေမန်းကျောင်း ဆရာတော် ဦးသုမန-ထံတော်သို့ သွားခဲ့ပါသည်။

ထိုတွင် ဆယ်တာပိကမ်း၌ ရေပြင်မှ ဝေဟင်သို့ ပျံတော်မည့်အသွင်ဖြင့် ပြာသာဒ် သုံးဆောင်တွဲ ကရဝိက်ညီနောင် ဖောင်တော်ကို တင့်တယ်ခန့်ထယ်စွာ တွေ့ရပေသည်။

ဖောင်တော်တွင် တပ်ဆင်ထားသော ရောင်စုံမီးများသည် ကရဝိက် ဖောင်တော်နှင့် ပန်ရလှသည့်အပြင် မြစ်မင်းရောနှင့် ဆယ်တာရွာကိုလည်း ပိုမိုသာယာစေပါ၏။ ပေါင်းစပ်လိုက်သော အခါ-

> "ရော-ရေဇလာ-ခွေကာ ပတ်လို့၊
> ရောအမြတ် ထယ်ဂါပေ၊ ဝေဆာမပြတ်
> နယ်ဂါမေမှာ၊ ဆယ်တာရွာ နေတည်ပုံ
> ဆန်း၊လျှမ်းကင့်သာစွ-ကမ်းနှင့် ပဏာရ-
> လွှမ်း ချပ်ဖ ရာပ၊ ပေါင်းကာ စုံသည်၊
> ကျောင်းပါဘဲ ရှုတိုင်းသာ၍ဆန်း" ဟူ

သောကာရံအလှကလေးများ ဖြစ်သာခဲ့ပါသည်။

"တစ်ဝမ်းတည်းဖွား၊ လူ့အလာသို့ တစ်ပါးမနွယ်၊ ဥပါယ်မခို၊ မယိုမဖိတ်၊ တစ်စိတ်တည်းကျုံး၊ တချာရုံ၍၊ နှလုံးမကွဲကြစေနှင့်" ဟူသော ဆယ်တာ ဆရာတော်၏ သြဝါဒအောက်၌ ဆယ်တာရွာသားများသည် တစ်ပျော်တစ်ပါး ဆောင်ရွက်နေကြပေသည်။

သူတို့သည် ကရဝိက် ဖောင်တော်ကြီးကို အလှပြုသူကပြု၊ ပြင်သူကပြင်၊ ဆင်သူကဆင်၊ ဆိုသူကဆို၊ ကသူက,က နှင့် ဝမ်းသာရွှင်ပြုံး ဂါစ်စုတစ်ရုံးတည်း ညီညွတ်စွာ ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသောအခါ သူတို့၏ စေတနာ သူတို့၏သဒ္ဓါတရားကို မချီးမွမ်းဘဲ မနေနိုင်တော့ပေ။

"တာဝန်ယူသူနှင့် တာဝန်ကူသူ"

ဤသို့ ထီးတော်များ ပင့်ဆောင် ပူဇော်ရာ၌ ဂုဏ်အောက်ဒြပ်သည် အငယ်စေမူ၍၊ ဒြပ်အောက်လည်း ဂုဏ်သည် မသေးသိမ်စေမူ၍၊ တိပိဋ္ဌကမင်းကွန်း ဆရာတော် ဘုရားကြီး၏ဂုဏ်၊ တိပဋ္ဌကကျောင်းတိုက်ကြီး၏ ဂုဏ်၊ မိုးမိတ် စေတီတော်မြတ်ကြီး၏ ဂုဏ်တန်ခိုးတော်တို့ကို မှန်းဆရည်ရော်၍၊ "ဂုဏ်နှင့်ဒြပ်-ဟုပ်စေရန်" လိုက်လျောညီထွေ ဖြစ်စေရန် အစွမ်းကုန်ကြိုးစား၍ တက်တက်ကြွကြွ ဆောင်ရွက်ကြသော အဖွဲ့အစည်းများမှာ-

(က) သစ်ထုတ်လုပ်ငန်း ဒါရိုက်တာ-ဦးအုန်းနှင့်အဖွဲ့၊
(ခ) ဆိပ်ကမ်း ကုန်တင်ကုန်ချ လုပ်သားများနှင့် ဓမ္မသဘင် ဆွမ်းလောင်းသင်း အဖွဲ့၊
(ဂ) ဒရမြောင်း ဦးစီးဌာန ဝန်ထမ်းများအဖွဲ့၊
(ဃ) ရေလမ်း ထိန်းသိမ်းရေးဌာန ဝန်ထမ်းများအဖွဲ့၊
(င) ဆယ်တာကျေးရွာ အဖွဲ့နှင့်၊
(စ) မန္တလေး အနောက်တောင်မြို့နယ် တိပိဋ္ဌက သာသနာပြုအဖွဲ့တို့ ဖြစ်ကြပေသည်။

မန္တလေးမြို့ ရွှေထီတော်များကို ပင့်ဆောင်ရန် ကရဝိက်ညီနောင် ဖောင်တော်ကြီးသည် ၁၃၄၇ ခု၊ တော်သလင်းလဆန်း (၁၁) ရက်နေ့ နံနက် (၈) နာရီတွင် ဆယ်တာဆိပ်ကမ်းမှ ဆယ်တာနန်သူဇာဝင်းကို ခင်း၍ လှေတော်သား ယိမ်း–မငယ်ယိမ်း၊ သာဂိယိမ်းတို့ဖြင့် တီး–မှုတ်၊ ကခုန် ကခ–ဂေါဝိန်ဆိပ်ကမ်းသို့ ဦး တည် ထွက် ခွာ ခဲ့သည်။

ကရဝိက်ဖောင်တော်သည် မော်တော် လေး စင်းနှင့် ပြိုင်လှေ လေးစင်းတို့ ရံလျက်ခြံလျက် ထွက်ခွာခဲ့ရာ နံနက် (၉) နာရီ၌ပင် ဂေါဝိန်သို့ ရောက်လာသည်။

ထိုတွင် မန္တလေး ဝင်းတော်နှင့် ပေါင်းကာ အခြံအရံ ငြဟ္မာ-သိကြားတို့နှင့် ရှင်ဘုရင်၊မိဖုရား၊ မင်းညီမင်းသား၊ ရံရွှေတော်များ မှူးကြီး-မတ်ကြီး–ဝန်ကြီး စသော ဝင်းတော်သူ–ဝင်းတော်သား အာဏာလုံးတို့သည် ရွှေထီးတော်အာဏာလုံးကို ဦးခိုက် ကန်တော့ကြပါသည်။

ထိုအချိန်မှာပင် ကြွရောက်လာသော ပရိသတ်များက ရွှေထီးတော်ကြီးများအား ပူဇော်၍၊ ဆိပ်ကမ်းလုပ်သားများ အဖွဲ့မှ ဆယ်တာ ဆရာတော်သို့၊ ရွှေထီးတော်ကြီး (၉) စင်းနှင့် ဗုဒ္ဓ-ဓမ္မ–သံဃပူဇနိယ ပစ္စည်းများကို ပြန် လည် အပ်နှင်းပါသည်။

"နေရာတော်ခင်း"

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ–ဆရာတော် ဘုရားကြီးက ဗုဒ္ဓသာသနာကို စတင် တည်ထောင်ရာ၌ ဗုဒ္ဓရှင်တော်မြတ်နှင့် ပဉ္စဝဂ္ဂီ ငါးဦးအား ဖြင့် (၆) ပါး ဖြင့်ပင် စတင် တည် ထောင်ခဲ့သည်ကို အကြောင်းပြု၍ (၆) ဂဏန်းကို အလွန်မြတ်နိုးတော် မူပါသည်။

ဆရာတော် ကိုယ်တိုင်လည်း ခြောက်ကြိမ် မြောက်ဖြစ်သော ဆဋ္ဌသံဂါယနာတွင် ဝိသင်္ဃ ပုဂ္ဂိုလ်အဖြစ် တာဝန်ယူခဲ့ရသည်ကိုလည်း အလွန် နှစ်ထောင်းအားရ-တော် မူပါသည်။

မဟာဗုဒ္ဓဝင်ကျမ်းကြီးများ ပြုစုစဉ်က မဂ္ဂင် ရှစ်ပါးကို ရည်ညွှန်း၍ ရှစ်အုပ်ရေးသားခဲ့သော်လည်း အဘွဲ့အား ဖြင့် ခြောက်တွဲ အဖြစ်ဖြင့်သာ သတ်မှတ်တော် မူခဲ့လေသည်။

၁၃၄၄-ခု၊ တန်ဆောင်မုန်း လဆန်း ၁၁ ရက်နေ့တွင် မိုးမိတ်ကုန်းတော်မြေ၌ မဟာဗောဓိပင်များကို စိုက်ပျိုးရာ၌လည်း "မဟာဗောဓိပင်နှစ်ပင်၊ အာနန္ဒာ ဗောဓိပင်နှစ်ပင်၊ သဃ်မိတ္တာ ဗောဓိပင်နှစ်ပင်" အား ဖြင့် ဗောဓိပင် ၆ ပင် သုတ်မှတ်၍ စိုက်လှူ ပူဇော်ခဲ့ပေသည်။

တိပိဋကဆရာတော်ကြီး၏ အလိုကို ရိပ်စားသိမိကြသော ပင့်ဆောင်ရေး တာဝန်ရှိ ပုဂ္ဂိုလ်များသည် သံဂါယနာ ခြောက်တန်ကို ရည်ရွယ်၍ ဦးဆောင် ရှင်ဘုရင် မိဖုရားခြောက်တွဲ စီစဉ်ကာ ပူဇနိယ ဝတ္ထုတော်များ ခြောက်ဆူပြု၍ ဝင်း ခြောက်ဝင်းဖြင့် ပင့်ဆောင် ပူဇော်ခဲ့ကြလေသည်။

(က) ရွှေထီးတော်ကိုးစင်း၏ နောက်တော်မှ ရှင်ဘုရင် မိဖုရားနှင့် မင်းညီမင်းသား၊ အပျိုတော် ရံရွှေတော်များ

(ခ) ပိဋကတ်တော် ကျမ်းစာအုပ်များ၊ ၎င်း နောက်မှ ရှင်ဘုရင် မိဖုရားနှင့် အခြံအရံများ

(ဂ) တိပိဋကဓရ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ၊ ၎င်းနောက်မှ ရှင်ဘုရင် မိဖုရားနှင့် အခြံအရံများ

(ဃ) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ၊ ၎င်းနောက်မှ ရှင်ဘုရင် မိဖုရားတစ်တွဲနှင့် အခြံအရံများ

(င) အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ၊ ၎င်းနောက်မှ ရှင်ဘုရင် မိဖုရားတစ်တွဲနှင့် အခြံအရံများ လိုက်ပါ ပူဇော်ကြပြီး နောက်ဆုံးမှ ဆရာတော်၏ ကိုယ်ပွား မြတ်ပုံတော်ကို ပင့်ဆောင်ခဲ့၍

(စ) ယင်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဓာတ်သားပုံတော်၏ နောက်မှ ရှင်ဘုရင် မိဖုရားနှင့် ဝင်းခြောက်ဝင်းသတ်မှတ်၍ ပင့်ဆောင် ပူဇော်ခဲ့ပါသည်။

ထိုနောက်ဆုံးဝင်းသည် ရှင်ဘုရင် မိဖုရား၊ မင်းညီမင်းသား ဆ ိုရံရွှေတော် ထား ကိုင် လေးကိုင် မှူးကြီး, မတ်ကြီး, ဝန်, [illegible] စသည်နှင့် စစ်

အင်္ဂါလေးပါးနှင့် ပြည့်စုံသော မဟာဝင်းတော်ကြီး၏ ဝင်းအင်္ဂါအပြည့်အစုံဖြင့် ပင့်ဆောင် ပူဇော်ကြပါသည်။

"ဝန်းတော်ကို သုံးသပ်ခြင်း"

ရွှေထီးတော်များ၊ ပူဇော်နိုင် ပစ္စည်းများနှင့် ဝင်း အစီအစဉ်နှင့်တကွ နေရာများချထားပြီးသော် နံနက် ၁၀ နာရီနိုနိုတွင် ဂေါဝိန်ဆိပ်ကမ်း လုပ်သားဓမ္မာရုံမှ စတင်လှည့်လည် အပူဇော်ခံပါသည်။

နေရောင်ခြည်ဖြင့် ဝင်းဝါပြောင်ရွှန်း ထွန်းလင်း တောက်ပနေကြသော ရွှေထီးတော်ကြီး ၉ စင်းမှာ နေမင်းကို အပြိုင်တု၍ ဖူးမျော်သူတို့ မရှုကြည့်ရဲလောက်အောင် အရောင်တွေ တစ်ဝေဝေဖြင့် ဈာင့်တယ်လှပါပေသည်။

ဥပသကာ လူကြီးမင်းများ၏ ၂၄ ပစ္စည်း အတိုင်း သဲတ်မှတ်ထားသော ထီးဖြူတော် ၂၄ စင်းသည်လည်း မိုးသား ပြန့်လိုင် ဝါဂွမ်းဆိုင်ကြီးများပမာ ကြည့်ရှု၍ မဝအောင် ကျက်သရေရှိလှပါ၏။

ဝင်းများ၏ ဝတ်စား ဆင်ယင်မှုမှာလည်း အများနှင့်မတူ တမူဆန်းပြားကာ လှသထက်လှ၊ ယဉ်သထက်ယဉ်အောင် ပြင်ဆင်ထားသည်ကို တွေ့ရပြန်သည်၊ ရှေ့ဆုံးမှ ခေါင်းဆောင်ဖြစ်သော ရှင်ဘုရင် မိဖုရားများသည် ဝါရွှေပြေလွင်သော အရောင်အဆင်းကို ဝတ်ဆင်ထားပါက နောက်ပါ မင်းညီမင်းသားနှင့် ရံရွှေတော်များကလည်း ဝါရွှေပြေလွင်သော အရောင်အဆင်းများကိုသာ ဝတ်ဆင်ကြပေသည်။

ဤနည်းတူ ရှင်ဘုရင် မိဖုရား ခြောက်တွဲလုံး မှာပင် ဘယက်တန်ဆာဒွါဒယာများနှင့်တကွ ဆင်ယင်ထုံးဖွဲ့ပါ ရွှေချည်, ငွေချည် ဘော်ကြယ်တို့ဖြင့် တလက်လက် ဂလင်းလင်း၊ တဝင်းဝင်း တဝါဝါ တောက်ပနေသော အဝတ်အစား အရောင်အဆင်းများ ဝတ်ဆင်ထားကြလေသည်။

ဝင်း,တော်ကို ကြည့်ရှုရသည်မှာ ဝါရွှေသော အရောင်ဖြင့် တစ်မူ၊ ဖြူစင်သော အဆင်းဖြင့် တစ်ဖြာ၊ ပြာလဲ့သောအဆင်းဖြင့် တစ်ခု၊ ပန်းနု ရောင်အသွင်ဖြင့် တစ်ကိန်း၊ စိမ်းမြသောအရောင်ဖြင့် တစ်လီ၊ နီလွင်သောအသွေးဖြင့် တစ်မျိုးအား ဖြင့် မရိုးနိုင်အောင် မြင်တွေ့ရပေသည်။

ဝင်းတော် အဆောင်အယောင် တစ်ခုတစ်ခု၏ အကြား အကြားဌ်လည်း ထီးတော်ကို ဖူးမျှော် ပူဇော်ကြကုန်သော လူ, ရှင် ပရိသတ်အပေါင်း တို့အား မငြီး ငွေ့ စေရန်၊ အနောက်တောင် မြို့နယ် တိပိဋကတ=နိကာယ သာသနာပြုအဖွဲ့က ဗုဒ္ဓတောင်နရည်းဖြင့် လည်းကောင်း၊ ဆိပ်ကမ်းလုပ်သားအဖွဲ့ ဆိပ်ကမ်းတီးဝိုင်း အဆိုအကဖြင့် လည်းကောင်း၊ ဆယ်တာရွာမှ လှေတော်သားယိမ်း၊မင်းယိမ်း၊သာဂီယိမ်းတို့ဖြင့်လည်းကောင်း လိုက်ပါ ဖြေဖျော်ခဲ့ကြလေသည်။

"ဒေသစာရီနှင့် ရည်ရွယ်ချက်"

ရွှေထီးတော်များနှင့် စင်းများသည် ၃၅ လမ်း အေ-လမ်းအတိုင်း အရှေ့သို့တက်ကာ၊ ဗိုလ်ချုပ်လမ်းခေါ် ဂ၄ လမ်းမကြီး အတိုင်း တဝင်းဝင်း တထိန်ထိန်ဖြင့် အပူဇော်ခံခဲ့ရာ၊ နာရီစဉ်သို့ ရောက်သောအခါ ၂၆ လမ်း ဘီ-လမ်းအတိုင်း အနောက်သို့ ပိုက်ကျုံးမရမ်းခြံထိုမှ ကန်းနားလမ်းအတိုင်း၊ ဗျားဃံ စည်သံဆူဆူညံစေလျက် ပင့်ဆောင်ခဲ့ရာ နေ့ (၁) နာရီခွဲတွင် ဂေါဝိန်ဆိပ်ကမ်းသို့ ပြန်လည် ရောက်ရှိပါသည်။

ပူဇော် ပင့်ဆောင်ပွဲ အတိုင်း အတာ သည် မန္တလေးမြို့ လေးမြို့နယ်လုံး ခြုံငုံမိကာ ဘာသာရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ပွဲလမ်းသဘင်များ၏ မင်းခမ်းမင်းနား ပင့်ဆောင်ရေးများထက် ခရီး အရှည်ဆုံးဟု ခေါ်ဆို နိုင်လောက်အောင် ရှည်လျားခဲ့ပါသည်။

မန္တလေး လေးပြင် လေးရပ် လေးမြို့နယ်လုံးဟု ဆိုနိုင်ခြင်းမှာ ဂေါဝိန်ဆိပ်ကမ်းသည် မန္တလေး အနောက်တောင်မြို့နယ် အမှတ် ၂ နယ်မြေဖြစ်ပြီး ဂေါဝိန်မှ တက်လာခဲ့သော ၃၅၊ ၃၄ လမ်းများသည် မန္တလေးမြို့ အရှေ့တောင်မြို့နယ် အမှတ် ၃ နယ်မြေ ဖြစ်ပါသည်။

မြို့လယ် ဂ၄-လမ်း အတိုင်း ၃၄ လမ်းနှင့်

၂၆-ဘီ လမ်းတို့သည် မန္တလေးမြို့၊ အရှေ့မြောက် မြို့နယ် အမှတ် ၄ နယ်မြေ ဖြစ်ပြီး၊ နာရီစင်မှ အနောက် ၂၆ - ဘီ လမ်း မြောက်ပိုင်း သည် မန္တလေးမြို့၊ အနောက်မြောက် မြို့နယ် အမှတ် ၁ နယ်မြေ ဖြစ်ပါသည်။သို့ပါ၍ ပင့်ဆောင်ပူဇော်ပွဲသည် မန္တလေးမြို့ လေးပြင် လေးရပ်၊ လေးမြို့နယ်လုံး ခြုံငုံမိပါသည်။

ထိုသို့ ပင့်ဆောင်၍ ထီးတော် အပူဇော်ခံသည့် ရည်ရွယ်ချက်မှာ မန္တလေး မြို့တော်သူ၊ မြို့တော်သား အပေါင်းတို့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ကြစေရန်နှင့် မြန်မာသာမက ကမ္ဘာကပါ ကြည်ညို လေးစားတော်မူသော မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သာသနာပြု လုပ်ငန်းများကို "ဂုဏ်နှင့်ဒြပ် ဟပ်အောင်" စီစဉ်ကာ မြို့တော်သူ၊ မြို့တော်သား အားလုံး ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် လှည့်လည်ပူဇော်ခဲ့ခြင်း ဖြစ်ပေသည်။

မြစ်မင်းဇော ပင့်ဆောင်ရေး

ရွှေထီးတော်များ၊ အဆောင်အယောင် ပူဇော်နိယ ပစ္စည်းများ၊ ဝင်းများသည် နေ့ ၂ နာရီတွင် ဂေါဝိန် ဆိပ်ကမ်းမှ မိုးမိတ် ကုန်းမြေသို့ စတင် ထွက်ခွာပါသည်။

ကရဝိက်ညီနောင် ဖောင်တော်ကြီးပေါ်၌ ရွှေထီးတော် ၂ စင်း ပူဇော်နိယ ပစ္စည်းများ၊ ဝင်းတော်သူ,ဝင်းတော်သား တစ်ရာကျော်၊ လှေတော်သားများ၊ ဥပသကာ အဖွဲ့များ လိုက်ပါခဲ့ပါသည်။

ကရဝိက် ဖောင်တော်ကို တွဲသည့် မဂ္ဂုပ် ဖောင်တော် ပေါ်၌ကား အဆို၊ အတီး အသံးသံး အလှည့်ကျ ဖျော်ဖြေကြသည့် ယိမ်းများ လိုက်ပါလာကြသည်။

ရွှေထီးတော်ကြီးများကို ပင့်ဆောင်လာသော ကရဝိက် ဖောင်တော်ကြီးအား မော်တော် ရေယာဉ် ၁၂ စင်း ခြံလှိုက် ရံလှိုက် လိုက်ပါလာကြပြီး ဓမ္မ.နှစ်စင်းက ဦးဆောင်သွားပါသည်။ ပရိသတ်များအား အဖျော် ယမကာ လှည့်လည် တိုက်ခွဲကျွေးမွေးပြုသော ရည်ခဲမော်တော်တစ်စင်းလည်း လိုက်လာပါသည်၊

နောက်မှလည်း ပြိုင်လှေရှစ်စင်းတို့ လိုက်ခဲ့ကြသည်။ ထီးတော်ကြီး အပါအဝင် ရေယာဉ်တော်များတွင်၊ တပ်ဆင်ထားသော သာသနာ့ အလံတော်များ၊ ထီးဖြူတော်များသည် ငွေလွှာ့ မိုးသား လရထားသို့ ဝိုင်းဝန်းရံခ လိုက်ပါကြပေသည်။

ရွှေထီးတော်များ သည်ကား ကောင်းကင်ထက် ဝတိ်ယံမှာ စိန်နဘံပ,ဝင်း ကြယ်တာရာ ခြံရံသည့် ရွှေ လမင်း ကြီး များ ပမာ ကြည့်ရှု၍ အာသာမပြေ၊ ဦးခွေ၍ အာသာမကုန်၊ ခိုလှုံ၍ အာသာ မဝ၊ ဖူးမြင်သူတို့ စိတ်နှလုံး၌ ပီတိသောမနဿ တဖွားဖွား ဖြစ်ပွားစေပါ၏။

မြစ်မင်းဇော ပင့်ဆောင်ရေးအဖွဲ့သည် မြစ်မင်းဇော ရစ်ဖြာခွေသန်း မိုးမိတ်ကမ်းခြေသို့ တော်သလင်း လဆန်း ၁၁ ရက်နေ့၊ ညနေ ၄ နာရီတွင် ဆိုက်ရောက်သောအခါ တိပိဋက နိကာယ သာသနာပြု အဖွဲ့ ဥက္ကဋ္ဌ ဦးသာလှနှင့် အတွင်းရေးမှူး ဦးပါအစရှိသော လူကြီးမင်းများသည် ဆိပ်ကမ်းမှ ကြိုဆိုလျက်ရှိကြပါသည်။

ထိုတွင် ရွှေထီးတော်ကြီး များကို ဆယ်ဘာဆရာတော်ကိုယ်တိုင် ဦးခိုက်ပင့်ဆောင်လျက် ဝင်းခင်းလျက် စေတီတော်ကြီးအား ကန်တော့ကြပါသည်။ ထို့နောက် တိပိဋကဓရ မင်းကွန်း ဆရာတော် ဘုရားကြီး အပူဇော်ခံရာ ဗုဒ္ဓရက္ခိတ ကျောင်းဆောင် ဓမ္မာရုံကြီးသို့ ပို့ဆောင်ပြီးလျှင် မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီးအား လှူဒါန်းပူဇော်ဘွယ်ရာ အဖြာဖြာတို့ဖြင့် ပူဇော်ကြပါသည်။

ဆရာတော်ဘုရားကြီးအား ပူဇော်နိယ ပစ္စည်းများဖြင့် လှူဒါန်း ပူဇော်ကြပြီး ရွှေထီးတော်နှင့် ဇာကွ အဆောင်အယောင် ပစ္စည်းများကို ဆယ်တာ ဆရာတော်ကြီး ဦးသုမန ဦးဆောင်သော ပင့်ဆောင်ရေးအဖွဲ့က တိပိဋက= နိကာယ သာသနာပြုအဖွဲ့ကြီးအား ကာပန် လွှဲပြောင်းပြင်းပြင်း ရွှေထီးတော်များ ပင့်ဆောင်ရေး အစီအစဉ်သည် အောင်မြင်စွာ ပြီးဆုံးခြင်းသို့ ရောက်ပါသတည်း။

အရှင်ဒဿနိယာဆိုင်သ




နေစကြာ အာကာလှည့်ရင်ဖြင့်၊
ဗွေချက်ချဲ့ တာရာတရှိုင့်ပြင်၊
မြေမျက်နှာ ကမ္ဘာထိအောင်ပ၊
ဖြာပါသည့် လင်းရောင်လို။ ။

ပရိယာယ်ပေပ၊
ပိဋကတ်နယ် စာစောင်စောင်၏၊
သိမှတ်ဖွယ် ဓမ္မာအရောင်က၊
ကမ္ဘာအမှောင် ကွာအောင်ခွင်းပါလို့၊
အများဘဝင်မှာ တရားအမြင်ရှင်းဖို့ရယ်၊
လင်းပြချိန်ကို။ ။

ဂန္ဆံဝင်မှာ အထင်ကရပေပေါ့၊
စံတင်စရာ အသင်အပြတွေနဲ့၊
ယခင်က ပညာဝါတို့၊
ဌာရဿာ အာတတ်မျိုးကိုလ၊
ဒိုးလိုမွေ့ ပေးဝေဘိလေတဲ့၊
'ပါဏိနိ' သဒ္ဒါပဂေးတို့ရဲ့၊
မဟာရွေး တက္ကသိုလ်၊
နှိုင်းဆိုစို့ ပုံမခြား။ ။

ပရိယတ် သာသနာ၊
ခုလည်း ပြည်မြန်မာ၏
'နာလန္ဒာ' ခေါ်စလောက်ပေဲ့၊
စာသံဃာ မော်အမောက်ကိုလ၊
တော်ကောက်ကာ ကမ္ဘာတစ်ဝန်းဆီသို့၊
ဓမ္မခန် မီးတိုင်တွေ အလျှံညီး တဖြိုင်ဖြိုင် ထွန်းရန်ပေါ့၊
မော်ကွန်းဝင် အရှင်တို့ကိုဖြင့်၊
သင်ပို့ရာ ဘာသာစုံနဲ့၊
ပညာကုန် နို့ချိုကျွေးပါလို့၊
ထွေးပိုက်သူ မာတာသခင်မို့၊
ရတနာပလ္လင် ကမ္ဘုနည်းလိုပ၊
ကမ္ဘာတစ်ခွင် စံပြုမှီးရမယ်၊
ထီး တက္ကသိုလ်မျှား။ ။

မျိုးမြင့်စွာ



မင်းကွန်း မိုးမိတ်ကုန်းမြေ မင်းတေဇ ကုန်းတော်တွင်

အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကသဆရာတော်ဘုရားကြီး၏

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ

၂၅-နှစ်မြောက် အထိမ်းအမှတ် ဌေရတုပ္ပဒေါ၏ ၂၅-လမြောက်

"ဌေရတု၏ စိန်ရတုပူဇော ဝိဒုကထ်စေတီတော်"

ကို ပူဇော်သည့်

သီရိမင်္ဂလာ ရတုပိဋ်စုံ ဦးချမ်းသာ



၄၃၆ ခု မင်းကွန်း ထိ=နီ သဒ္ဒနာပြုအဖွဲ့

၁။ ။ ထူးစွဲစေတီ၊ခြောက်ဘုန်းချိုလျက်၊ခြောက်လီရောင်
ဝါ၊ ကိုးဂုဏ်ပြားသား၊ ကမ္ဘာဘဒ္ဒ၊ မြတ်ဘုန်းမျှဉ်းဟု၊
သုံးပါးနောင်နောက်၊ လေးဆူမြောက်လျှင်၊ ထွန်းတောက်
ဘုန်းဝေ၊ မြတ်စိန္တေဟု၊ ဇီနေဇိန၊ မြတ်ဗုဒ္ဓ၏၊ သာသနာ့
စက်တွင်၊ ကျော်စောထင်သည်၊ ဘုန်းအင်ထူးလှ၊ တိပိဋကတည့်၊ ဓမ္မဘဏ္ဍာ+ဂါရိကာနှင့်၊ မဟာအဂ္ဂ၊ ဘိဓဇဟု၊
ဝိစိတ္တာသာရ၊ ဘိဝံသလျှင်၊ ပိဋကသုံးပုံ၊ နှုတ်အာဂုံဖြင့်၊
ဆောင်ရုံမက၊ လွန်မြတ်လှသား၊ မြတ်စွဲဓမ္မကွန်၊ဂုဏ်ခြောက်
တန်နှင့်၊ ရှစ်ပြန်တစ်သောင်း၊ လေးထောင်ဆောင်းကို၊ ကိန်း
အောင်းကိုယ်တွင်း၊ ပူဇော်လျှင်းတည့်၊ ပြည့်လင်းသာသနာ၊
ငါး ထောင် ကြာ အောင်၊ ခန္ဓာဝမူ၊ ထူ၊ထူ ပဟု၊ ပိဋကသည်၊ မြတ်စေတီကို၊ သုံးလီဘုံသား၊ ကုသိုလ်ပွားအောင်၊
တည်ထားပူဇော်၊ ဂုဏ်ခြောက်ဖော်ကို၊ တောင်းသော်ဆုရ၊
ပြည့်ပြည့်ဝတည့်၊ ထူပသိရိန်၊ ခြောက်ရောင်ထိန်တွင်၊ ငြဟ္ဘုန်
ငြဟ္မာ၊ ကုန်ကွန်းနှင့်၊ မဟာစတု၊ လေးပါးစုတို့၊ နှစ်ခုဂန္ဓဋ္ဌ၊



ယက္ခကုမ္ဘက္လာ၊ ဂရုဠနဂါး၊ စောင့်ဖန်ထား၊သည့်၊ မြဲ့ခိုင်ဖျား
ကွန်းတောင်၊ မုခ်လေးဆောင်တွင်၊ နောင် ညီမြတ်စွာ၊
စိန္ဒေယျာဟု၊ ကမ္ဘာဘဒ္ဒ၊ မြတ်ဘုန်းမျှ့းတွင်၊ ဓမ္မရာဇာ၊
စောသတ္ထာတည့်၊ ဂုဏ်ဝါကိုးရှင်၊ ခြောက်ရောင်ရွှင်လျက်၊
သုံးပင်ပရမေ၊ ငါးမာန်ခြွေဟု၊ သင်္ကေတကွရ၊ သန့်,ဂုမ်,
ပ,မကို၊ ခေတ်ပြည့်ဆန်ကာ၊ ခေတ္တရာ ပေါက်ကံ၊ မွမ်းမံဆက်ပြု၊
အင်းဝကုန်းဘောင်၊ ထုတ်ဒါန်းလေးဖြာ၊ လေးမုခ်ဖြင့်၊
ပညာအနု၊ ဂုဏ်ပေါင်းစုလျက်၊ တည်မှုဖန်ဆင်း၊ ဝေယန်
ထွင်းက၊ ဘုန်းမင်းခြောက်ဖြာ၊ ဘဝဂ်ချာသည်။ ။

ဇဒဝါခြောက်ဆင့် ဦးတင်တင့်သည်နှင့်.....။

၂။ ။ ဖူးရလေပြီ၊ စေတီထူးမြတ်၊ ပိဋကတ်ဟု၊ လူနတ်
ပူဇော်၊ နိဗ္ဗုမြော်သား၊ ဂုဏ်တော်ခြောက်ဖြာ၊ မြတ်ဓမ္မာကို၊
ပစ္စယာသုံးဆင့်၊ လေးဘက်မြင့်၌၊ စကျင့်ကျောက်လှ၊ ဖြူဖြူ
လွတွင်၊ ပိဋကတ်သုံးဆင့်၊ အဖွင့်အဋ္ဌကထာ၊ ဋီကာ နိဿယ၊
စုံလင်လှလျက်၊ များစွာတွက်ရေ၊ သခ်ၤာဖွေသော်၊ ကျော်ပေ
ငါးရာ. တိ-သုံးဖြာအောင်၊ ထုကာကိုးကွယ်၊ ကြည်ညို
ဖွယ်တည့်၊ နွယ်ဝင်သကျာ၊ ထေရ်မဟာဟု၊ ဇေယျာကျွန်းရင့်၊



ဘုန်းကံဆင့်လျက်၊ ခေါင်မြင့်ဆုပြော၊ ဆွဲတ်ခူးကာဖြင့်၊
သာဝင်တလျောက်၊ တံခွန်ဆောက်သား၊ စုံမြောက်ထူးဘိ၊
ကျော်ကိတ္တိနှင့်၊ တိပိဋ္ဌကဓရ+ဓမ္မဘဏ္ဍာ+ဂါရိကာတည့်၊
မဟာအဂ္ဂ+ပဏ္ဍိတနှင့်၊အဘိဓဇ မဟာရဋ္ဌဂုရု၊အောင်ပေါင်း
စုံ၏၊ အောင်ဆုထွေထွေ၊ တံဆိပ်တွေကို၊ ရွှေပုရပိုက်တွင်း
ကံ့ကူတင်သို့၊ ကျောက်တွင်ထုလုပ်၊ ပတ်ကာချုပ်လျက်၊
ခါးအုပ်ပတ်လည်၊ ပုံထွင်းတည်တည့်၊ ထူးရည်ဂုဏ်အင်၊
စံမမြင်သည်၊ရင်ပြင်နှစ်ဆင့်၊ ဒုရင်မြင့်တွင်၊ဂုဏ်ဖွင့်မင်းကွန်း၊
မိုးမိတ်ကွန်း၏၊ မော်ကွန်းမဟာ၊ မင်္ဂလာကို၊ မဟာသေရ+
စည်သူဝေလျက်၊ စံရွှေမွော်၊ စာဆိုတော်ဟု၊ နှတ်ဆော်
ညွှန်းကာ၊ ဦးချမ်းသာက၊ ကျောက်စာဆယ်ချပ်၊ လက်ဝ
စပ်ဖြင့်၊ သံးရပ်မျက်နှာ၊စိုက်ထူကာလျှင်၊ကမ္ဘာထွန်းအောင်၊
မော်ကွန်းတောင်တည့်၊ ဂုဏ်ဆောင်လေ့ကား၊ နဝင်းကြွား
လျက်၊ သုံးပါးရတနာ၊ တည်ထွန်းရာဟု၊ ထက်ရွာနီပွေ့၊
တောင်းဆုယူသည့်၊ အောင်သူကူးဘို့၊ ဖောင်ကုတို့သို့၊
အောင်မှုံ့မင်္ဂလာ၊ တောင်းဆုပြောသည်။ ။

●●●●ကုတ်ခွင် ပုံးဆင်ဆင့်ဆည်နှင့်.....၊

၃။ ။ ကျွန်းလှဘေရီ၊ မိုးလုံးသီသာ....၊ စေတီပိဋကတ်၊ အထွတ်မြတ်ကို၊ လူနတ်ညွတ်ခ၊ ဦးနှိမ်ချတည့်၊ အာဘိဓမ ဟာရဋ္ဌဂုရု၊ ပြည်သူ့ဆရာ၊ မဟာအဂ္ဂ-ပဏ္ဍိတနှင့်၊ တိပိဋက ဓရ ဓမ္မဘဏ္ဍာ ဂါရိကဟု၊ စိစိတ္တသာရ-ဘိဓံသက၊ ပိဋကသုံးသွယ်၊ နိကာယ်ငါးရပ်၊ ရှစ်ထပ်တစ်သောင်း၊ အပေါင်းလေးထောင်၊ မြားမြောင်ဓမ္မကွန်၊ သုတ္တန် ဘိဓမ္မာ၊ဂိနယာကို၊ လွန်စွာကြည်ညို၊ ပူဇော်လို၍၊ မြင့်မိုရ်တောင်ဦး၊ ဝေယန်မှူး၏၊ အထူးစိမံ၊ ဝိသုကံဂုဏ်ရ၊ "ဦးသာလှ" တို့၊ ခေမအောင်ဖြို့၊ ရောက်အောင်ပို့မည့်၊ အောင်မျှ ့ စေတီမြတ်၊ ပိဋကတ်ကို၊ လူနတ်တည်ဆောက်၊ အပြီး ရောက် တည့်၊ ထက်အောက်လောက၊ ချမ်းသာရဟု၊အဂ္ဂဘိဓဇ၊ ဝိစိတ္တဲတည့်၊ သာရဆက်ကာ၊ ဘိဝံသာအား၊ ဆက်လာမိုးမျော်၊ ရွှေထီးတော်ကို၊ အုတ်အော်မြူးကြွ၊ သိန္ဓောက သည်၊ မာတလိနှင်၊ ဝေယန်ယာဉ်ဖြင့်၊ တင် ဆောင် ဆက် ရာ၊ ထေရ်မဟာက၊ ခေမာကိုညွှန်း၊ ထီး တော် ထွန်း တည့်၊ ဝေရွှန်းကွန္ဒာ၊ နတ်ခြောက်ရွာနှင့်၊ ဗြဟ္မာဗြဟ္မ ်ိန်၊ ဒေ ဒေဝိန်တို့၊ သီရိန်သျှင်၊ ခါကောင်းညီက၊ကျွန်းသီရင့်ညောင်း၊ နတ်စည်းမောင်းတည့်၊ ရွှေဆောင်းထီးလှစ်၊ သင်္ကာရာဇ်ကား၊ တစ်ထောင့်သုံးရာ၊ လေးဆယ်သာ၍၊ စွန်းလာခုနှစ်(၁၃၄၇)ဘုန်းထွန်းသစ်သည့် ဘုန်းချစ်ခါဠ်၊ ဘဒ္ဒပိုဒ်နှင့်၊ ယှဉ်ခိုက်ပုဏ္ဏာ၊ လ စန္ဒာတည့်၊ ရာသီသစ်ဆင်း၊တော်သလင်းဝယ်၊ မိုးမင်းဒေဝါ၊ မေဃ ်ိန္ဒာတို့၊ ရွာကာသွန်းကြဲ၊ ငွေပုလဲနှင့်၊ အောင်ပွဲပိဋကာ၊ ကောင်းကြီးငြာသည်။ ။

ဓမ္မဿဝဏ်တော် ့ကျွန်းရင်ရင့်သည်နှင့်... ....။

မှတ်ချက်– ပေါက်ပြဲချို၊ ညွှန့်ရှင်၊ သော်တာရောင်၊ မဏီဆံကျင်၊ ကိုးနဝင်းချ။ ။

ဖတ်ကြားပူဇော်သူ
အဆိုကျော် တင်တင်မြ

ရေးသားပူဇော်သူ
မဟာသဓေစည်သူ ဦးချမ်းသာ
(လက်ဝဲမင်းညို)

ညောင်ရိပ်ညိုကိုစိုပြည်စေသည့်ပုဂ္ဂိုလ်ထူး

စစ်ကိုင်းသား၏



''ခက်မတစ်ထောင်၊ အေးရိပ် ဆောင်သည့်၊ ရွှေညောင်ပင်ကြီး''

ဤသို့ ဆိုလျှင်လည်း လွန်ရာရောက်မည် မထင်ပါ၊

''ပင်စည်ထီးတည်း၊ ရွက်လည့်ဲ စိပ်စိပ်၊ ရိပ်လည်း မြိုင်မြိုင်၊အေးရိပ်လှိုင်သည့်ညောင်ပင်သို့''

ဟု ဆိုလျှင်လည်း ငြင်းပယ်နိုင်စရာ အကြောင်းမရှိပါ၊

''ကုက္ကို စုရွာနှင့် ညောင်ပင်စောက်ရွာကြားတွင် တွေ့ခဲ့ရသော ရွှေညောင်ပင်''

မြေတလင်းက ပြန့်ပြူး သာယာ သန့်ရှင်းညီညာပါပေသည်။ ရွှေညောင်ပင်ကို ပတ်ဝိုင်းထားသော နားနေစရာကွပ်ပျစ်များ၊ ညောင်ကိုင်းကို ဟီးလေးခိုနေသည့် စိမ့်စိုနေသော ရေချမ်းစင်၊ ၁၀၀ လုံး ပုတိုးကုံးကို တစ်လုံးချင်းစိပ်နေသော ဝတ်ဖြူ စင်ကြယ်နှင့် ဘဘိုးအို၊ ပတ် ဝန်းကျင် မြင်ကွင်းတစ်ခုလုံး လှနေသည်။

''ဘိုးသာစု မပြန်သေးဘူးလား''

ကျွန်တော် ဦးလေးက စတင် နှုတ်ဆက်သည်။

''နေအေးမှပဲ ပြန်တော့မယ်လေ၊ လာ နားကြပါဦးလား''

ဘဘိုးအိုက ဖိတ်ခေါ်သည်။

ကျွန်တော်နှင့် ကျွန်တော် ဦးလေး ၂ ဦးစလုံး ရေချမ်းစင်မှ ရေအေးတစ်ခွက်စီ သောက်ကာကွပ်ပျစ် တစ်လုံးပေါ်တွင် ထိုင်ရင်း အပန်းဖြေမိသည်။

''ဒီအဘိုးကြီးက တို့ရွာမှာတော့ အချမ်းသာဆုံးကွ၊ ဒါပေမယ့် ဒီ့ပြင် လူချမ်းသာတွေနဲ့ မတူဘူး၊ မာနကင်းတယ်၊ သနားကြင်နာ ကိုယ်ချင်းစာ တရား ရှိတယ်၊ တရား လက်မလွတ်ဘူး။ ကြည့်၊ ဒီညောင်ပင်ကြီးကို သူ နေ့တိုင်းလာပြီး တံမြက်စည်း လှည်းတယ်၊ ရေချမ်းစင်ကို ရေဖြည့်တယ်၊ ငှက်တွေကို အင်တုံထဲ ရေထည့်တိုက်တယ်၊ တစ်နေ့လုံး ဟို တစ်ဖက်ရပ် တဲထဲမှာ ပုတီးစိပ်တယ်၊ ဒီညောင်ပင်ကြီးတွေဟာ ရွှေး ပုဂ္ဂိုလ်တွေက လူရော တိရစ္ဆာန်ပါ နားနေ ခွေးသိပ်နိုင်အောင် ပြုပြင် စောင့်ရှောက်ထားလို့ ဒီလောက် အသက်ရှည်တာ၊ နောင်လာ နောက်သား တွေက လဲ ဒီအစဉ်အလာကောင်းကို မပျောက်မပျက်အောင် စောင့်ရှောက်နေတာလေ''

ကျွန်တော် ဦးလေးက ဘဘိုးအို၏ အကြောင်းခပ်တိုတို ရှင်းပြ၏။

''ကျွန်တော် တအံ့တသြနှင့် ပြန်ပြောမိ၏။

''အင်း.... ဦးလေးရေ၊ ဒီလို လူချမ်းသာမျိုးတော့ ရှိနေပြီနော်၊ ရှားတော့ ရှားလိမ့်မယ် ထင်တယ်၊ လူထူး လူဆန်းလို့ပဲ ခေါ်ရမလား''

ကျွန်တော် ဦးလေးက ခေါင်းဆတ်၍ ထောက်ခံသည်။

*

မင်းကွန်း တိပိဋကာ = နိကာယ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌကြီးထံမှ ၁၉၇၅-ခု၊ စက်တင်ဘာလ ၁၄ ရက် နေ့စွဲပါ စာအမှတ် ဝ၂၄/တီ=နို(ရက) စာနှင့် အတူ မင်းကွန်း လူအိုရုံ ကြီးကြပ်မှု ကော်မတီက ကျွန်တော် အား မင်းကွန်း လူအိုရုံနှင့် တိပိဋကာ ဆရာတော် ဩဝါဒ ရေးသားပေးရန် တာဝန်လွှဲစာကို ဖတ်ပြီးလျှင်ပြီးခြင်း ညောင်ညိုပင် မြင်ကွင်းနှင့် ဘဘိုးအိုကို ချက်ချင်းပင် ပြန်မြင်မိသည်။

တိပိဋကာ ဆရာတော်နှင့် မင်းကွန်း လူအိုရုံ

မြန်မာနိုင်ငံတွင် တစ်ဦးတည်းသော အာဇာနည် အမျိုးသမီးကြီး ဘွားဦးဇွန်း၏ အမြော်အမြင်ကြီးမှုကြောင့် ပထမဦးဆုံးလူအိုရုံအဖြစ် မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံ ပေါ်ပေါက်လာခဲ့ပေသည်။ ဘွားဦးဇွန်းသည် မန္တလေး ပတ္တမြား အုတ်ကျောင်းအမကြီးလည်း ဖြစ်သည်။

ဘွားဦးဇွန်းသည် သူ့တွင်ရှိသမျှ စည်းစိမ်ကို လူအိုရုံအတွက် ပံ့လှူလိုက်ရုံမျှမက သူ့ကိုယ်ကိုပါ လူအိုရုံကို လှူလိုက်သေးသည်။ လူအိုများအတွက် အဝတ် အထည်များကို ကိုယ်တိုင် လျှော်ဖွပ်ပေးသည်၊ ကိုယ်တိုင် ထမင်းဟင်း ချက်ပြုတ် ကျွေးသည်။ ကိုယ်တိုင် ဝတ်ကြီးဝတ်ငယ်များကို ဆောင်ရွက်သည်။

ထိုအချိန်တွင် ဘွားဦးငွန်းကို အကူအညီပေးသူ ဦးရေမှာ အလွန် နည်းပါးလှသည်။ မင်းကွန်း အရိယမဂ္ဂင် ဆရာတော်ဘုရားနှင့် သီလရှင် ဒေါ်ဥတ္တမစာရီ၊ ၎င်း၏သား ဦးဘချမ်း၊ မန္တလေးမြို့မှ ဘီ၊အိုင်၊အေ ဦးမောင်ကြီးတို့သာ ရှိသေးသည်။

၁၂၇၆-ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့တွင် ၉၅ နှစ်ရွယ် အဘိုအို တစ်ဦး၊ ၉၀ နှစ်ရွယ် အဘွား အို တစ်ဦး၊ ၈၅ နှစ်ရွယ် အဘွားအို တစ်ဦးနှင့် ထူးထူးခြားခြား စတင် တည်ထောင်ခဲ့သော မင်းကွန်း လူအိုရုံသည် ဘီ၊အိုင်၊အေ ဦးမောင်ကြီး၏ အကြံပေးချက်အရ ၁၂၀၀-ပြည့်တွင် လူအိုရုံ စောင့်ရှောက်ရေး အသင်းကို တည်ထောင်နိုင်ခဲ့ပေသည်။

တိပိဋကဆရာတော် အလောင်း ရှင်ဝိစိတ္တာသည် ၁၂၉၂-ခုနှစ်တွင် မြင်းခြံ မင်းကျောင်းတိုက်မှ ဘုန်းကြီး ဦးကုန္ဒာလောက၏ ပို့ဆောင်မှုကြောင့် မင်းကွန်းတောင်ရိုး ဓမ္မနာဒတိုက် ဆရာတော် အရှင် ပညာစက္ကမထေရ်ထံ ရောက်လာသည်။

ရှင် ဝိစိတ္တာ၏ ကောင်းသတင်းသည် မင်းကွန်းတောင်ယံကို မောက်လှဲ ဖုံးလွှမ်းသွားသည်။

အသက် ၁၃နှစ် အရွယ်တွင်မြင်းခြံမြို့နယ်လုံးဆိုင်ရာ ဝိနည်း ဓာပြန်ပွဲတွင် သဒ္ဓါကြီးရှစ်စောင်ကို ပြန်ဆိုအောင်မြင်ခဲ့သော ကိုရင်

အသက် ၁၅ နှစ်အရွယ်တွင် ပထမငယ်တန်း ကိုလည်းကောင်း၊ အသက် ၁၆ နှစ်အရွယ်တွင် ပထမလတ်တန်းကို လည်းကောင်း၊ အောင်မြင်ခဲ့သော ကိုရင်

၁၂၉၂-ခု နွေဘင်းတန်ခူးလဆန်း ၆ ရက်နေ့တွင်မှ မင်းကွန်း ငွေတောင် တောရကျောင်းတိုက်၊ ခရာသိမ်တော်တွင် ရဟန်းဘောင်သို့ ဝင်ခဲ့ပြီး ရဟန်း၀ါတစ်၀ါမပြည့်မီ၊ ပထမကြီးတန်းကို အောင်မြင်ခဲ့သော ကိုရင်

ကြားရသူတိုင်း၊ ပူးရသူတိုင်း ကြည်ညိုကြသည်။

မင်းကွန်းသို့ ရောက်ရောက်ချင်း ဘွားဘွားကြီး (ဒေါ်မမွစာရီ)၊ ဘွားဘွားလေး (ဒေါ်ကုန္ဒစာဂီ) တို့ သမ္မောအဋ္ဌကထာ ဝိသုဒ္ဓိမဂ်တက်နေသည်ကို တွေ့ရ၍ ရှက်လှပါသည်ဆိုကာ ပုန်းအောင်းနေသောမြင်းခြံမြို့က ကိုရင်ကြီးသည် ယခု ဘွားသွားကြိတို့နှင့်အတူ စာလိုက်နေပြီဆိုသော သတင်းများက အရှင်ဝိစိတ္တာသာရာဘိဝံသ အပေါ် ကြည်ညိုသဒ္ဓါ ပွားများလာအောင် လှုံ့ဆော်ပြန်သည်။

ဘွားဦးငွန်းနှင့် ဘီ၊ အိုင်၊ အေ ဦးမောင်ကြီးတို့သည် ထိုကိုရင်ကို ပို၍ စိတ်ဝင်စားကာ ကြည်ညိုခဲ့ကြသည်။

ဆက်သွယ်မိခြင်း

ဘီ၊ အိုင်၊ အေ ဦးမောင်ကြီးသည် ထိုစဉ်က မဟာသက္ကသီဟ ဘုရား၏ ဘက္ကာတော်ထိန်းလူကြီးဖြစ်ရာ၊ ၁၂၉၅-ခုနှစ်တွင် သက္ကသီဟ စာသင်တန်းနှင့် ပထမကျော်အတွက် ဝင်ရောက်ဖြေဆိုသော ပထမကြီးတန်း၌ ခရေပွင့်အမှတ်ပြ၍ တစ်နံပါတ်မှ ပထမကြီးတန်း အောင်သော ပုဂ္ဂိုလ်၊ ၁၂၉၆-ခုနှစ်၊ သက္ကသီဟ စာချုတန်းနှင့် အစိုးရ ပထမကျော်တန်း အောင်မြင်ခဲ့သော ပုဂ္ဂိုလ်ထူး ဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသ အရှင်မြတ်နှင့် ပို၍ ရင်းနှီးမှု ရခဲ့ပြန်သည်။

မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ (သက္ကသီဟ) အသင်းက 'ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဋ္ဌသကာ' ဘွဲ့တံဆိပ်ဓာတ်ကို ကပ်လှူပြီး ချီးမှစ၍၊ ဘီ၊အိုင်၊ အေ ဦးမောင်ကြီးသည် ဆရာတော် ဦးဝိစိတ္တထံ အဖူးအမြော် မကြာခဏ ရောက်သည်။

၁၂၉၉-ခုနှစ်၊ နတ်တော်လတွင် ဆရာတော် ဦးဝိစိတ္တာသည် မင်းကွန်း ဓမ္မနာဒကျောင်းတိုက်၏ နာယကတာဝန်ကို ယူရသည့်အချိန်၌ ဆရာတော်သည် မင်းကွန်းလူအိုရုံကိုပို၍ စိတ်ဝင်စားလာကာ ယခုအချိန်တိုင် 'နာယကချုပ်' တာဝန်ကိုယူလှုပ်၊ မင်းကွန်း လူအိုရုံကို အကျိုးပြုနေပေသည်။

အပင်ပန်းခံ၍ ဆန်အလှူခံထွက်

ဆရာတော်သည် မင်းကွန်း လူအိုရုံအတွက် ဆန်အခက်အခဲ မရှိစေရန် မင်းကွန်း လူအိုရုံပိုင် မော်တော် ရေယာဉ်ကြီးဖြင့် ကျောက်မြောင်း၊ သပိတ်ကျင်း၊ မန်လည်၊ ကွင်းငယ်၊ ကြာညှပ်၊ တကောင်း၊ ဆီးချိုင့်၊ ကမ်းနီ၊ ကသာ၊ အင်းတော်၊ ကျောက်လုံးကြီး၊ မိုးတား၊ ဗန်းမော်မြို့များအထိ အပင်ပန်းခံ ခရီးထွက်ကာ တရားဟောပြောပြီး ဆန်များ ရနိုင်ရန် အလှူခံပေးခဲ့သော ကျေးဇူးရှင် ဖြစ်သည်။

ဩဝါဒကထာများ

ရှာဖွေစုဆောင်းမိသော တရားတော်၏ဩဝါဒကထာများ အနက် 'ဒကာ၊ ဒကာမ အပေါင်းသူတော်ကောင်းတို့၊ အသင် သူတော်ကောင်းတို့သည် ဗုဒ္ဓဘာသာ လူအိုရုံသို့ ရောက်လာကြသော အခါ သဒ္ဓါတရား ဖြစ်ပွားကြ၍ အာဟာရအလှူ စွမ်းအား ရှိသမျှ လှူဒါန်း ကြလိမ့်မည်။ ထိုသို့ အာဟာရအလှူ လှူကြသူ ဒကာ၊ ဒကာမတို့သည် "ဃံ သရာ က မိ ဟောင်း၊ ဘ ဟောင်း၊ ဘိုး ဟောင်း၊ ဘွား ဟောင်း တို့အား ငါတို့သည် ကျွေးမွေး လှူဒါန်း ကြရပြီ၊ ထိုသို့ ကျွေးမွေး လှူဒါန်းခြင်းဖြင့် "ဘောဇနသုတ္တန်"၌ မြတ်စွာဘုရား ဟောကြားအပ်သော–

(၁) အာယုဒါန= အသက် အလှူ
(၂) ဝဏ္ဏဒါန= အဆင်း အလှူ
(၃) သုခဒါန= ချမ်းသာသုခ အလှူ
(၄) ဗလဒါန= ခွန်အား ဗလ အလှူ
(၅) ပဋိဘာနဒါန= အသိဉာဏ် အလှူ။ ဤအလှူကြီး ၅ မျိုးတို့ကို လှူဒါန်းကြရလေပြီဟု ရှေးဦးစွာ ဝမ်းမြောက်သောစိတ်ကို ဖြစ်စေကြရမည် ဟူ၍ စေတနာရှင်များအတွက် ပို၍ အကျိုးရှိစေရန် ဩဝါဒကထာ စကား မိန့်ကြားတော်မူထားလေသည်။

မှန်ပါသည်။ စေတနာရှင်တို့ လှူဒါန်းသော အစာ အာဟာရကို အလှူခံ သုံးစား ရသည့် ဘိုးအို၊ ဘွားအိုတို့မှာ အသက်ရှည်ခြင်း၊ အဆင်းကြည်လင်ခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း၊ အားအင် ဗလ ပြည့်ဝခြင်း၊ အသိပညာ ထက်သန်ခြင်းတည်းဟူသော အကျိုး ၅ ပါးတို့ကို လောလောဆယ် ရကြသဖြင့် လှူဒါန်းကြသူ စေတနာရှင်များက အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန် ဤငါးတန်လုံးကို လှူသည်မည်ကြောင်း ပိုမိုသဒ္ဓါပွားစေရန် လှုံ့ဆော်နိုင်စွမ်း ရှိပါပေသည်။

လောကီအကျိုးနှင့် မရဗ်နှင့်

ဆရာတော်သည် ဓလောကီအကျိုးပြုရုံနှင့်မရဗ်ဘဲ လောကုတ္တရာ လမ်းကိုလည်း စေတနာရှင်များအား ပြခဲ့သေးသည်။

"မိမိတို့သည် လောကီဖြစ်သော အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန် ရရန်ကိုသာ အသိဉာဏ် မရဗ်နားကြဘဲ လောကုတ္တရာဖြစ်သည့် ကုဋ္ဌိပါဒ်လေးပါး အသက်တရား၊ လောကုတ္တရာသီလတည်းဟူသော အဆင်းတရား၊ လောကုတ္တရာ မဂ် ဖိုလ် နိဗ္ဗာန်တည်းဟူသော ချမ်းသာသုခ တရား၊ လောကုတ္တရာ ဖြစ်သော ဗိုလ်ကြီး ငါးပါး= အားကြီး ငါးရပ်၊ လောကုတ္တရာ ပညာ အရပ်ရပ် တို့နှင့် အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ရောက် ပြည့်မြောက်သည့်ကိုယ်, ဖြစ်ရပါလို၏ဟု စိတ်က အောက်မေ့ကြပါ"ဟူ၍လည်း သတိပေးလိုက်သေးသည်။

ဆုတောင်းမှာကြစေနှင့်

အာယုဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊ ဒီဃာယုက၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ၊ နောက်သောခါဝယ်၊ ခေမာအထွတ်တိုင်လိုသော၀်။ ။

ဝဏ္ဏဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊ ဆင်းဝါလှပ၊ ကောင်းကျိုးရ၍၊ ဘဝ

သံသရာ၊ နောက်သောခါဝယ်၊ ခေမာအထွတ် တိုင်လိုသော်၏။

သုခဒါန၊ မြတ် ပုညကြောင့်၊ဒေဝ မနုဿာ၊ ဘုံနှစ်ရွာ၌၊ ချမ်းသာကြီးထ၊ ကောင်းကျိုးရ၍၊ သဝဿံသရာ၊ နောက်သောခါဝယ်၊ခေမာအထွတ် တိုင်လိုသော်၏။ ။

ဗလဒါန၊ မြတ်ပုညကြောင့်၊ ဒေဝ မနုဿာ၊ ဘုံနှစ်ရွာ၌၊ မဟာဗလ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ၊ နောက်သောခါဝယ်၊ ခေမာအထွတ် တိုင်လိုသော်၏၊ ။

ပညာဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊ ပညာကြီးထ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ၊နောက်သောခါဝယ်၊ ခေမာအထွတ် တိုင်လိုသော်၏။ ။ဟူ၍ မှန်ကန်သောဆုတောင်းနည်းကို လက်ဝတ်နှင့် ပြည့်စုံနိုင်းချုပ်ပေးတော်မူသောကြောင့် အလှူရှင်တိုင်းအဖို့ ကျေးဇူး ကြီးမားတော်မူလှပါပေသည်။

ယုတ်၊ လတ်၊ မြတ်မရွေး လှူဒါန်းပါ

'ထိုပြီး တဝ၊ လှူဒါနဉ်၌၊ ပစ္စယဓမ္မိယာ၊ ဒေတနာမတတ်၊ သမ္မတ်ဝတ္ထု၊ ဂုဏ်လွန်မှုပြင့်၊ စတုအင်္ဂါ၊ညီပါတုံက၊ ပစ္စက္ခဝယ်၊ပထမစေတနာ၊ ကျိုးပေးစွာ၏၊ သုံးပြာဒွါရ၊ ပဏာမမူ၊ ဂုဏ-ပသာဒ၊ ဤရွေ့မျှတည်း၊ ခေတ္တ-အဋ္ဌာ၊ သမ္မဒါနဓံ၊ ဒုဝင်ပြင့်၊ ဒီဌဓမ္မ၊ အကျိုးရရှင့်၊ ပေတကိစ္စ၊ ဥဒ္ဒသိကား၊ ရည်ထ ပေးပြု၊ သာဓုခေါ်တတ်၊ လှူခံမြတ်မှ၊ သေသူရ၏၊ ဘဝနောင်ဘို့၊ ဖြစ်ရတို့ဝယ်၊ မချို့ကုသိုလ်၊ ကိုယ်ကျိုးလိုက၊ ပုဂ္ဂိုလ် ယုတ်-မြတ်၊ မမှတ်အပ်စွာ၊ ကရုဏာပြင့်၊ ရဂရ မရွေး၊ မဖင့်နှေးနှင့်၊ လှူပေးစွန့်ကြဲ၊ တွေ့တိုင်း ရဲလော့....' (မယ်ဒေဝ – ပိုဒ်ရေ ၃၁၉ မှ) အဓိပ္ပာယ်ကား–

အလှူဒါနနှင့် ပတ်သက်၍ လှူကွယ်ပစ္စည်းက တရားသဖြင့်ရအပ်သည့် ဓမ္မိယလဒ္ဓပစ္စည်းဖြစ်ခြင်း၊ ဒေတနာသုံးတန် ထက်သန်ခြင်း၊ အာသဒံ ပုဂ္ဂိုလ်က အနာဂါမ်ရဟန္တာပုဂ္ဂိုလ် ဖြစ်ခြင်း၊ ထိုအရှင် မြတ်တို့ နိရောဓသမာပတ်မှ ထသစ်စ ဖြစ်ခြင်း၊ ဤအင်္ဂါ၄ ချက်ညီညွတ်လျှင် ပထမဇော စေတနာသည် မျက်မှောက်ဘဝ၌ပင် အကျိုးပေး၏။

ဒွါရသုံးပါးဖြင့် ရှိခိုးမှု ပဏာမပြုရာ၌ ရှိခိုးအပ်သော ဝတ္ထုက ဂုဏ်ကျေးဇူးနှင့် ပြည့်စုံခြင်း ခေတ္တာသမ္မဒါ။ ရှိခိုးသူက သဒ္ဓါရွှန်းစို ကြည်ညိုခြင်း အဋ္ဌာသယသမ္မဒါ။ ဤအင်္ဂါနှစ်ပါးနှင့် ညီညွတ်လျှင် ပထမဇော စေတနာသည် မျက်မှောက်ဘဝ၌ပင် အကျိုးပေး၏၊

သေလွန်သူကို ရည်မှန်း၍ လှူဒါန်းကြရာ၌ လှူသူက ကွယ်လွန်သူကို ရည်ညွှန်း၍ လှူဒါန်းခြင်း၊ ရည်ညွှန်းအပ်သူ (ပေတဂတိသို့ ရောက်နေသူ)က သာဓုခေါ်ခြင်း၊ အလှူခံပုဂ္ဂိုလ်က သီလရှိသော အလှူခံ ဖြစ်ခြင်း၊ ဤအင်္ဂါသုံးချက် ပြည့်စုံမှ သေသူရ၏၊

နောင်ဘဝသံသရာအတွက် ကောင်းကျိုးရလို၍ လှူဒါန်းခြင်း ဖြစ်မူ ပုဂ္ဂိုလ် ယုတ် မြတ် မရွေးဘဲ မေတ္တာကရုဏာရှေ့ထား၍ ရဂရာ အလှူခံပုဂ္ဂိုလ်အား စွန့်ကြဲပေးကမ်း လှူဒါန်းရမည်ဟု ဆိုလိုသည်။

ဆရာတော်၏ ဩဝါဒသည် လူအိုရုံသို့ လူဒါန်းရန် ရည်ညွှန်းထားခြင်းပင် ဖြစ်သည်။ မင်းကွန်း လူအိုရုံသည် ဘာသာဓရွေး၊ အယုတ် အလတ် အမြတ် မရွေး၊ သားထောက် သမီးခံ ကင်းမဲ့သူ၊ ဆွေမဲ့ မျိုးမဲ့ ဒုသည်ကဲ့ သက်ကြီး ရွယ်အိုများ၏ မိုဃိုအားထားရာ နေရာ ဖြစ်သည်။

မှန်မှန်စား၊ မှန်မှန်အိပ်၊ ကြောင့်ကြမဲ့နေရာ၊ လောက နိဗ္ဗာန်လည်း ဖြစ်သည်။ အဝတ်အစား အတွက်လည်း မပူရ၊ ကျန်းမာရေး အတွက်လည်း မပူရသော နေရာ ဖြစ်သည်။ ဤသို့သောနေရာတွင် မိုတင်း နေထိုင်ကြသူများမှာ ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုတို့ ဖြစ်ကြသည်။ ဤပုဂ္ဂိုလ်များကို မေတ္တာကရုဏာရှေ့ထား၍ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် နောင်ဘဝ သံသရာတွင် ကောင်းကျိုးရလိုသူအတွက် တိုရာအကျိုး ပြီးမြောက်စေနိုင်၊

ကြောင်း ဆရာတော်၏ နောက်ဆုံးအပိုဒ်အဓိပ္ပာယ် ရှင်းချက်က ညွှန်ပြနေပေသည်။

ကြွေးသစ်ချခြင်း စသည့်သုံးပါး မှတ်သားဖွယ်ရာ

(ဆောင်)။ ။လောကဓမ္မတာ၊ လူ့တံထွာဖြင့်၊ နောင်ခါ တို့ကူ၊ မွေးစိမ့်ဟူ၍၊ မှတ်ယူသောအား၊ သမီး သား၊ကို၊ ဝတ်စား၊ဆင်ယင်၊ သုတ်သင် လုပ်ကျွေး၊ ပြုစုမွေးက၊ ကြွေးသစ်ချသည်၊ သဘောမည်၏။ ရှင်ကြည်အာထူး၊ မွေးခဲ့ဖူးသည့်၊ ကျေးဇူးသခင်၊ မွေးမိခင်နှင့်၊ဖခင်တို့အား၊ ခစား၊မကင်း၊လုပ်ကျွေးခြင်း၊ကား၊ မယွင်းပညပ်၊ ကြွေးဟောင်းဆပ်တည့်၊ တရပ်ထိုမှ၊ သမဏ-ဗြဟ္မဏာ၊ ယာစကာအား၊ သဒ္ဓါကြည်ဖြူ၊ ပေးလှူသည်မှာ၊ သံသရာဝယ်၊ လိုရာမည့်၊း၊ သုံးရန်မျိုးဖြင့်၊ ရွေးအိုး မြှုပ်သည်၊ မည်လတ်ရောင်း၏။

(မဃဒေဝ၊ ပိုဒ်ရေ ၃၂၁ မှ)

အဓိပ္ပာယ်ကား–

ဤလောကဌ် မိဖတို့က "ငါတို့အိုသောအခါ မွေးတုံ့တစ်ဖန် ပြန်၍ မွေးကြလိမ့်မည်" ဟူသော မျော်လင့်ချက်ဖြင့် သားသမီးများကို ဝတ်စားဆင်ယင် သုတ်သင် ကျွေးမွေး ပြုစုပေးခြင်းများသည် ကြွေးသစ်ချခြင်းမည်၏။ မိအိုဖအိုတို့အား မပြုမငြင် ပြုစုလုပ်ကျွေးခြင်းသည် ကြွေးဟောင်းကို ဆပ်သည် မည်၏။ ရဟန်း၊ ပုဏ္ဏား သူမြတ်များနှင့် ဖုန်းတောင်း ယာစကာတို့အား သဒ္ဓါရွှေးရှု၊ ပေးလှူ စွန့်ကြဲခြင်းသည် သံသရာဝယ် ချမ်းသာစွာ သုံးရန်ဟု ရွှေအိုးကို မြှုပ်သည် မည်၏။

(ဤအကြောင်းအရာတို့ကား ပကိဏ္ဏကနိပါတ်၊သာလိကေဒါရဇာတ်၌ လာရှိ၏။)

ဆရာတော်၏ဩဝါဒကထာသည် စေတနာရှင်ကိုသိုလ်ရှင်၊ ဒါနရှင်တို့ငြင်းအား သံသရာကောင်းကျိုးအတွက် ချမ်းသာစွာ သုံးစွဲရန် အနုဂါမိကရွှေအိုးမြှုပ်နှံသည့် အနေနှင့် ခိုကိုးရာမဲ့ ဘိုးဘွားများအား သဒ္ဓါတရား ထက်ထက်သန်သန် စွန့်ကြဲလှူဒါန်းစေရန် အရိပ်ပမာ လိုက်လံ ဆော်သြနေပေသည်။

ဘိုးအို ဘွားအိုများ အတွက် သံဝေဂ လက်ဆောင်

ဆရာတော်သည် မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံတွင် မိုတင်းနေထိုင်ကြသည့် ဘိုးအို ဘွားအိုတို့အတွက် သံဝေဂရဖွယ် သြဝါဒကထာ ကိုလည်း ပေးခဲ့သေးသည်။

(ဆောင်)။ ။(က) ခန္ဓာကိုယ်ဆိုး၊ ဤရုပ်မျိုးကား၊ တိုးရွမပျို၊ အိုသာ အိုခဲ့၊ ပျက်ပြိုမဆိတ်၊ တည်တ်ည်တ်ဖြင့်၊ တမိုတ်မစဲ၊ တည်မမြဲရှင့်၊ ဖောက်လဲဖြစ်ချုပ်၊ မီးဟုပ်ဟုပ်သို့၊ နာမ်ရုပ်နှစ်ခု၊ ပစ္စည်းပြု၍၊ ပေါင်းစုဖြစ်ကြ၊ သခ်ိတဟု၊ သဘာဝမျိုး၊ ကောင်းအဆိုးဖြင့်၊ ကြောင်းကျိုးမျှသာ၊ ထင်စပါရ၊ အကာအတိ၊ နှစ်မရှိကြောင့်၊ ပကတိကိုယ်၊ မတည်လိုဘူး။

(ခ) ပုဂ္ဂိုလ်အထု၊ ထိုအစုတွင် အာ့ယုပုည၊ ခယနှစ်ဖြာ၊ ဘစ်ဖြာဖြာကြောင့်၊ ဗြဟ္မာတို့အား၊စုတိငြား၏၊နှစ်ပါးမည်ထ၊ ထိုခဏာဌ်၊ ဟာရ,ကောပါ၊ ထည့်၍သာလျှင်၊ လေးဖြာ အပေါင်း၊ နဘံသေကြောင်းတည့်၊ ၎င်းတို့မှ၊ မနုဿကား၊ ခယနှစ်ချက်၊ ဥဘယက်နှင့်၊ လက်နက်ဟူပေ၊ ဥပစ္ဆေဖြင့်၊ လေးထွေအလို၊ သေကြောင်း ဆို၏။ ထိုထိုသေခြင်း၊ မကင်းသတ္တဝါ၊ သေကြရာဌ်၊ ဝိဇ္ဇာ သိပ္ပ၊ ကျွမ်းစသား၊ ထိုမျှအားလုံး၊ လက်ချဆုံး၏....

(မဃဒေဝ - ပိုဒ်ရေ ၁၄၂ မှ)

(က) စာပိုဒ် ထင်ရှား သိသာပြီ။

(ခ) စာပိုဒ်ဌ် သတ္တဝါတို့ စုတိပြတ်ကြွေသေကြရာဌ်–

၁။ ဗြဟ္မာတို့မှာ အသက်တမ်း ကုဋေခြင်း ကြောင့် လည်းကောင်း၊ ကုသိုလ်ကံ အာဟုန် ကုန်ခြင်း ကြောင့် လည်း ကောင်း ဤအကြောင်းနှစ်ပါးတို့တွင် တစ်ပါးပါးကြောင့် သေရ၏။

၂။ နတ်တို့မှာ အသက်တမ်း ကုန်ခြင်း ကြောင့် လည်းကောင်း၊ ကုသိုလ်ကံ အဟုန် ကုန်ခြင်းကြောင့်လည်းကောင်း "ခိဋ္ဌာပဒေါသိက နတ်တို့မှာ" အစရှိ အာဟာရ တစ်နပ်စာ မျှ ပြတ်ခြင်း ကြောင့်လည်းကောင်း၊ "မနောပဒေါသိကနတ်တို့မှာ" အမျက်ထွက်ခြင်းဖြင့် လည်းကောင်း ဤအကြောင်း လေးပါးတို့တွင် တစ်ပါးပါးကြောင့် သေကြ၏။

၃။ လူတို့မှာ အသက်တမ်း ကုန်ခြင်း၊ ကံစွမ်းကုန်ခြင်း၊ အသက်တမ်း၊ ကံစွမ်း နှစ်မျိုးစလုံး ကျန်ရှိသေးသော်လည်း ဥပစ္ဆေဒက အကုသိုလ် ကံဆိုး ဖြစ်ချေခြင်း၊ ဤသို့ အကြောင်း ၄ ပါးတို့တွင် တစ်ပါးပါးကြောင့် သေကြ၏၊ ထိုသို့ သေကြရာ၌ ဝိဇ္ဇာပညာ၊ သိပ္ပံပညာ၊ တန်ခိုး ကုဋ္ဌပါဒ်တို့ဖြင့် မသေအောင် မတတ်နိုင်ကြချေ ဟု ဆိုလိုသည်၊

ဤဩဝါဒကထာသည် ဘဝသံသရာ ခရီးကြီးကို လျှောက်လာကြရာမှ အအိုခရီး ရောက်နေကြပြီဖြစ်သော ဘိုးအို ဘွားအိုတို့အား နာခရီး ဆက်ရဦးမည်၊ နားခရီး ပြီးလျှင် သေခရီး ဆက်ကြရမည်၊ သေခရီး အဆုံးတွင် ခရီး ရပ်နိုင်အောင်ရပ်၊ သေခရီး လမ်းဆုံး မရောက်မီ မျက်စိလည်နေကြဦးမည်ဆိုလျှင် ဘဝ ဆက်ရဦးမည်၊ သံသရာလည် ရဦးမည်၊ သတိထားကြ၊ သတိထားကြဟု ငဲ့ဉီစွ သမ္ပပ္ပါဒ် စက်ဝိုင်းကြီးကို ရှေ့တွင် ထောင်ပြထား သလို သတိပေးနေပေသည်၊

ဤဩဝါဒကထာသည် မင်းကွန်း လူအိုရုံတွင် မိုးတင်းနေထိုင်သူတို့အား 'တို့သည် ဇာတိ၊ ဇရာ၊ မရဏာနယ်မှ လွတ်မည်။'

"အပါယ်ပို့သူ အကုသိုလ်"

"အမိန့်ပေးသူ သင်္ကာယဒိဋ္ဌိ"

"ငါ့လင် ငါ့သား၊ ငါ့မယား မှတ်သားခြင်း တဏှာ"။ "ငါသာလျှင်တတ်၊ ငါသာလျှင်မြတ် မှတ်ကြခြင်း မာန"။ ပုဂ္ဂိုလ်သဲ့တွေ၀ါ၊ ထင်မြင်ကာ၊ မှတ်သားခြင်း ဒိဋ္ဌိ"။ "သင်္ကာယဒိဋ္ဌိကို အသေသတ်နိုင်သူကား ဝိပဿနာ သတိမြတ်"

မိမိတို့၏ခန္ဓာကိုယ်ကိုဉာဏ်မျက်စိဖြင့် ဝိပဿနာ ဝင်စားရန် နေ့စဉ် သတိပေးနေသည်။

ဘိုးအို ဘွားအိုတို့၏ တုံ့ပြန်ချက်

ဆရာတော်သည် ကုသိုလ်ရှင်များ ပို၍ သဒ္ဓါပွားစေရန် ဘိုးအို ဘွားအိုများအတွက် ဆုတောင်းမေတ္တာပို့ကိုလည်း ရေးသားပေးခဲ့သေးသည်၊

အာယုဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿ၊ ဘုံဌာနဝယ်၊ ဘယဝေးလံ၊ သက်ရှည်မှန်၊ နိဗ္ဗာန်စိုးကြပါစေသော်။ ။

ဝဏ္ဏဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿ၊ ဘုံဌာနဝယ်၊ လှပဆင်းကျန်၊ ကုံလောက်ငံ၊ နိဗ္ဗာန်စိုးကြပါစေသော်။

သုခဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿ၊ ဘုံဌာနဝယ်၊ သုခနှစ်တန် ကုံလောက်ငံ၊ နိဗ္ဗာန်စိုးကြပါစေသော်။ ။

ဗလဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿ၊ ဘုံဌာနဝယ်၊ ဗလငါးတန်၊ ကုံလောက်ငံ၊ နိဗ္ဗာန်စိုးကြပါစေသော်။ ။

ပညာဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿ၊ ဘုံဌာနဝယ်၊ ဉာဏ်ကဲလျှံ၊ ကုံလောက်ငံ၊ နိဗ္ဗာန်စိုးကြပါစေသော်၊ ။

ထိုမင်းမစား၊ ဘိုးအို ဘွားအိုတို့၏ ဆုတောင်းသံသည် ကြားရသူ ကုသိုလ်ရှင်တိုင်း

အား စေတနာဇော်သန် မိတ်ဆွေထွေထွေ ဖြစ် ဝေလျှံစေပါသည်။

အုပ်ချုပ်သူ လူကြီးများအတွက်

ဆရာတော်သည် မင်းကွန်း လူအိုရုံ တည်တဲ့ ခိုင်မြဲရေးအတွက် အုပ်ချုပ်သူ လူကြီးများ အရေးကြီးကြောင်း သတိထားမိပုံရသည်၊ နှစ်ပတ်လည် အစည်းအဝေးများတွင် ဩဝါဒ မိန့်ခွန်းမြွက်ကြားရာ၌ ၇၅၀ အသိတိုပါတ် ၅၃၉-ခု မြောက် မဟာသုတသောမ ဇာတ်လာ ဟင်္သာကိုးသောင်းဇာတ်ကို ဟောပြောလေ့ရှိသည်။

လွန်လေပြီးသောအခါက စိတ္တကုဋ္ဌတောင်တွင် ရတနာရွှေဂူ တစ်ယုံးရှိသည်။ထိုရွှေဂူတွင်၊ ဓတရဋ္ဌ ဟင်္သာမျိုး ကိုးသောင်းနေသည်။ ၎င်းတို့သည် မိုးရာသီတွင် အပြင်သို့မထွက်၊ မိုးလနှီးသောအချိန်တွင် ဇာတသဃရအိုင်မှ အလိုလိုပေါက်သော သလေးစပါးများကို မိုးရာသီအတွက် စားသုံးရန် ဆောင်ယူထားကြသည်။

ထိုဟင်္သာတို့နေရာ ဂူပေါက်တွင် လှည်းဘီးပမာဏရှိသော ပင့်ကူကြီးတစ်ကောင်ရှိရာ ထိုပင့်ကူကြီးသည် တစ်လ တစ်လလျှင် နွားချည်သောကြိုးပမာဏရှိသည့် တစ်ခုတစ်ခုသော အမြွေးချည်မျှင်ကိုဖွဲ့သည်။ ထိုအမြွေးချည်မျှင်ကို ဖြတ်ရန် ဟင်္သာပျိုများကို အစာ ၂ ဆပေး၍ မွေးထားသည်။မိုးလကုန်လျှင် ထိုဟင်္သာပျိုတို့က ပင့်ကူမြွေးကွန်ရက်ကို ဖောက်ကြ၍ ဟင်္သာများ ပြင်သို့ ထွက်နိုင်ကြသည်။

တစ်ရံခါသော် ငါးလပတ်သုံး မိုးရွာနေ၍ အာဟာရ မလုံမလောက် ဖြစ်လာသည်။ ထိုအခါ ဟင်္သာမများ အုထားသည့် ဥများကို ရက်စက်စွာ စားကြသည်။ ဥများကုန်သောအခါ ဟင်္သာအိုကြီးများအား သတ်၍ စားကြပြန်သည်။ ၅ လကြာ၍ ပင့်ကူမြွေးကလည်း ၅ ခု ဖြစ်နေလေပြီ။

ဇာတ်တူသားကို စားကြသောကြောင့် ဟင်္သာများအားနည်းလာကြသည်။အစာ ၂ဆစားထား သည့် ဟင်္သာပျိုများသည်ပင် ပင့်ကူကွန်ရက်လေးထပ်ကိုသာ ပေါက်အောင် ဖောက်နိုင်တော့သည်။ ကျန်တစ်ထပ်ကို မဖောက်နိုင်လောက်အောင် အားအင် ကုန်ခန်းနေပြီ ဖြစ်သည်။ သို့အတွက် တစ်မျိုးလုံး ပြုတ်ပြုတ်ပြုန်းအောင် ပင့်ကူကြီး၏ အစာ ခံလိုက်ရလေသည်။

အချင်းချင်း တစ်ဦးကို တစ်ဦး ပျက်စီးအောင် လုပ်ခြင်းသည် မိမိအသင်းကို ပျက်စီးအောင် လုပ်ရာရောက်၍ မိမိပါ ပျက်စီးရမည်ကို သတိပေးသော ဩဝါဒ ဖြစ်ပေသည်။

သမ္မောဒမာနဇာတ်

ဆရာတော်သည် ဧကနိပါတ် ကုလာဝကဝဂ် ၃၃ ဇာတ်မြောက် သမ္မောဒမာနဇာတ်နှင့်လည်း ဩဝါဒ ပေးတော်မူသေးသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဖြဟ္မဒတ် မင်းလက်ထက်၌ ဘုရားလောင်း ငုံးမင်းသည် တစ်ထောင်မကသောငုံးများ ခြံရံခါ တစ်ခုသော တောအုပ်၌နေ၏။ တစ်ခါသော် ငုံးသံပေးတတ်သော မုဆိုး၏ ပရိယာယ် ညွှတ်ကွင်းတွင် အမိခံရ၍ မိမိ အသိုင်းအဝိုင်းမှ ငုံးအချို့ သေဆုံး ပျက်စီးခဲ့ရပေသည်။ ထိုအချိန်မှစ၍ ငုံးမင်းသည် ပိုက်ကွန်မှ လွတ်မြောက်နိုင်သည့် နည်းလမ်းကိုငုံးများအား ညွှန်ကြားထား၏။

မကြာမီပင် မုဆိုး၏ ပိုက်ကွန်တွင် ငုံးများ သက်ဆင်းမိကြပြန်သည်။ ထိုအခါ ငုံးမင်း ညွှန်ကြားထားသည့်အတိုင်း ငုံးများသည် ပိုက်ကွန်ပေါက်မှ ခေါင်းပြူထွက်ခါ ပိုက်ကွန်ကိုပါ သယ်ယူပျံသန်းသွားကြပြီး ဆူးခြုံပေါ်မှာ ပိုက်ကွန်ကို ကျစေခဲ့သည်။ ထိုနည်းဖြင့် ငုံးများအားလုံး မုဆိုးလက်မှ လွတ်ထွက်သွားသည်။

တစ်ခါသော်....ငုံးတစ်ကောင် အစာစားနေခိုက် ၎င်း၏ ခေါင်းကို အခြားငုံးတစ်ကောင်က ခြေနှင့် နင်းမိသည်။ တစ်ကောင်နှင့် တစ်ကောင် မကျေမနပ်ဖြစ်ကာ သူ့အုပ်စုကိုယ့်အုပ်စုကွဲလာသည်။ ငုံးမင်း၏ ဆုံးမစကားကိုလည်း ၂ ဘက်လုံးက မနာယူကြတော့ပေ၊ သို့အတွက် ငုံးမင်းသည် မိမိနှင့် စိတ်သဘောတူ ငုံးများကို ခေါ်ယူ၍ အခြားတစ်နေရာသို့ ခွဲထွက်သွားရသည်။

ကျန်ရစ်သော ငုံးများသည် ဒုတိယအကြိမ် မုဆိုး၏ ကွန်ရက်တွင် အမိခံရပြန်သည်။ ညီညီညွတ်ညွတ် ပိုက်ကွန်ကိုခွီမ၍ ပျံရမည့်အစား တစ်ဦး ကိုတစ်ဦး က အပြစ်တင်၊ တစ်ဦးကိုတစ်ဦးက တွက်ကပ် တစ်ကောင်နှင့် တစ်ကောင် မသင့်မမြတ်ရန်မူနေကြစဉ် မုဆိုး၏ အဖမ်း အဆီးခံရပြီး အားလုံး သေခဲ့ကြရသည်။

"ညီညွတ်ကြလျှင်း ရန်နိမ်နင်း မယွင်း ချမ်းသာမည်"

"မညီညွတ်လစ် ခိုက်ရန်ဖြစ် စင်စစ် ပျက်စီးမည်"

ဆရာတော်သည် လူအိုရဲ့ ကြီးကြပ် အုပ်ချုပ်မှုကောင်းမတိုင်များအား ညီညွတ်ခြင်း၏ အကျိုးတရားကို သဘောပေါက်အောင် ပြောဟောသည်။ ညီညီညွတ်ညွတ် တိုင်ပင်ဆွေးနွေးလုပ်ဆောင်ပါ။ ဆွေးနွေးစရာကိစ္စကို တထိုင်တည်း အပြီးအပြတ် ဆွေးနွေးပါ၊ အစည်းအဝေးပြီးလျှင် အုပ်စုဖွဲ့၍ မပြန်ပါနှင့်၊ အသင်းကြီးအကျိုးကို ရှေ့ရှုကြပါ၊ တစ်ဦးနှင့်တစ်ဦး အမှားအမှန်ကို ဝေဖန် ပိုင်းခြားပြီး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် သည်းခံခွင့်လွှတ်ကြပါ ဟုလည်း တပွပွ ဩဝါဒ ပေးတော်သည်။

လူအိုရဲ့ ကြီးကြပ် ကုသချုပ်မှု ကောင်းမတိုင်များသည် ဆရာတော်၏ ဩဝါဒကို ကဆွေမတိမ်း လိုက်နာခဲ့ကြသဖြင့် လူကိုရဲ့သက်တမ်း သည် နှစ်ပေါင်း ၇၀ နှစ်တိုင် တည်တံ့ခိုင်မြဲလာခြင်းဖြစ်သည်။ ယခုတည်ရှိဆဲ အမှုဆောင်အဖွဲ့သည် စတုတ္ထအကြိမ်မြောက် တာဝန်ယူဆောင်ရွက်နေရသော အဖွဲ့ဖြစ်ပေသည်။

ဝကီဏ္ဏကဩဝါဒ

ဆရာတော်သည် ဒွါဒသကနိပါတ် 'ဇနသန္ဓ' ဇာတ်တော်နှင့် မဃဒေဝပိုဒ်ရေ ၃၂ တို့ကို အထောက်အထားပြု၍ ငယ်စဉ်က ၂ညာမသင်ကြားခြင်း၊ ဥစ္စာကိုမံစုဆောင်းခြင်း၊ သူတစ်ပါးတို့အချစ်ပျက်အောင်ကုန်းတိုက်စကားပြောခြင်း၊ သူ့အသက်ကို သတ်ဖြတ်စားသောက်ခြင်း၊ သူတစ်ပါးအိမ်ရာကို ပြစ်မှားကျူးလွန်ခြင်း၊ ပစ္စည်းရှိပါလျက် တစိုးတစိ မလှူဒါန်းခြင်း၊ တတ်နိုင်ပါလျက် အမိအဖတို့ကို မွေးမြူမှု မပြုခြင်း၊ ဆရာမိဖတို့ဆုံးမသည်ကို မနာခံခြင်း၊ ပညာရှိထံ ဆည်းကပ်၍ နည်းခံမှတ်သားမှု မပြုခြင်း၊ မြတ်သောအကျင့်ကို မကျင့်ခြင်းတို့သည့် နောင်တ တစ်ဖန် ပူပန်စေသည့် အကြောင်းတရား ၁၀ ပါး ဖြစ်ကြောင်းကိုလည်း မကြာခဏ သတိပေး ဆုံးမတတ်သည်။

ဆင်းရဲကင်းကွာ ချမ်းသာစွာ နေနိုင်ရေး

ဆရာတော်သည် ဥပရိပဏ္ဏာသ ပါဠိတော် အရဏ ဝိဘင် သုတ်တော်လာ အရဏဝိဟာရတရား ၆ ပါးကိုလည်း

"အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွားမဖြိမ။

မမြောက်မစား၊ မနှိမ်ငြား၊ တရား ဟောဖော်ပြ။

သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအာဠာတ်။

မျက်မှောက် မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။

ပဟုဇ်မဆာ၊ ပကားပြော၊ ပြောချော မွေ့သိမ်စွ။

အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါး အရကာ'' ဟူ၍ သံပေါက် ၆ ပုဒ်ဖြင့် အတို ကောက် ရေးပေးပြီး အကျယ်ကိုလည်း ညွှန်ပြ ဟောပြော ဩဝါဒပေးခဲ့သေးသည်။

အလျင်လက်ဦး ကျေးဇူးပြုပုဂ္ဂိုလ်

ဆရာတော်သည် မဃဒေဝ လက်ာ ပုဒ်ရေ ၃၁၇ နှင့် ဓမ္မပဒလာ....

''ပုဗ္ဗေဝါ သန္နိဝါသေန၊
ပစ္ဆာပွန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊
ဥပ္ပလံဝ ယထောဒကေ။''

ပါဠိကို အကိုး အကား ပြု၍ကိုယ်ကအလျင် လက်ဦး ကျေးဇူးပြု ထိုသို့ပြုလျှင် သူတထူးကလည်း သင့်ကို ကျေးဇူးပြုပါလိမ့်မည်ဟု သွန်သင်ဆုံးမ ဩဝါဒ ပေးတတ်ပါသေးသည်။

လောဘကင်းသော ပုဂ္ဂိုလ်

မင်းကွန်း လူအိုရုံက နှစ်စဉ် ကထိန်သင်္ကန်း ကပ်လှူလာခဲ့သည်မှာ ၉ ကြိမ်မြောက်ရှိပြီဖြစ်သည်။ ဆရာတော်အား ဦးတည်၍ လှူဒါန်းရန် စီစဉ်သော်လည်း ဆရာတော်က သင့်တော်သော ကျောင်းတိုက်တစ်ခုကို ရွေးချယ်ပေးပြီး လှူဒါန်းစေသည်။

ဂုဏ်အပြင် မိမိအား လာရောက် လှူဒါန်းသူများကိုလည်း 'ငါ့မှာပြည့်စုံတယ်၊ဘာမှမလိုဘူး။ မင်းကွန်း လူအိုရုံကို သွားလှူကြစမ်း၊ ဆေးရုံကို သွားလှူကြစမ်း၊ စာသင်ကျောင်းကို သွားလှူလိုက်' ဟူ၍ ခေါင်းပြောင်းပေးတတ်သည်။ ဤအချက်သည် ဆရာတော်၏ လောဘကင်းမှုကို ဖော်ပြနေသည်။

သည်းခံတရားရှိသော ပုဂ္ဂိုလ်

တကြိမ်တွင် မင်းကွန်း လူအိုရုံအတွက် ဆန် အလှူခံရန် မင်းကွန်း လူအိုရုံပိုင် မော်တော်နှင့် အထက်အညာတို့ ဆန်တက်သွားသည်။ လမ်းခရီးတွင် ထီးချိုင့်မြို့၌ ဝင်ရောက် ညအိပ်ကြသည်။ ထိုအခါ တကောင်းမှ လူကြီးများ လာရောက်ပြီး ဂုဏ်းတို့ထံတွင် တရားတပဲ့ချီးမြှင့်ရန် ဆရာတော် ကျိန်းစက်နေသည်ကို နှိုး၍ လျှောက်ထားကြသဖြင့် ဆရာတော်က လက်ခံလိုက်သည်။

နောက်တရက် တကောင်းသို့ သွားသော အခါကြိုဆိုသူမရှိ၍ လိုက်ပါသွားသော လူကြီးများက မကျေမနပ်ဖြစ်ကြရသည်။ ဆရာတော်သည် ပင့်လျှောက်သည့်နေရာသို့ ခြေကျင်ကြွရသည်။ ပါလာသော လူကြီးများက နယ်ခံလူကြီးများအား ဆူပူကြိမ်းမောင်းကြရာ ဆရာတော်က သည်းခံ ခွင့်လွှတ်ရန် လေအေးနှင့် တောင်းပန်သေးသည်။

ဆရာတော်၏ ခန္တီတရားကို အားလုံးနားလည်ကြရသည်။

ပုဂ္ဂိုလ်ထူး

မြတ်စွာဘုရား၏ တပည့်သာဝကတို့တွင် ဆိပ်ငြိမ်ခြင်း 'စိဝေက' ကို အတူလိုက်၍ ကျင့်သော ပုဂ္ဂိုလ်၊မြတ်စွာဘုရားသခင်က ပယ်ရန် ဟောထားသော အကုသိုလ်တရားကို ပယ်နိုင်သော ပုဂ္ဂိုလ်၊ ပစ္စည်းများပြားရန် မကျင့်၊ အဆုံးအမ တော်ကို လျှော့လျော့ ပေါ့ပေါ့ နာယူခြင်းမပြု၊လေးလေးစားစား နာယူပြီး ဆုတ်ယုတ်ကြောင်း၌ တာဝန်မဲ့သော ပုဂ္ဂိုလ်၊ နိဗ္ဗာန် 'ဥပဓိဝိဝေက' ရရေး၌ ရှေ့သွားပြုနိုင်သော ပုဂ္ဂိုလ်။

အမျက်ထွက်ခြင်း 'ကောဓ'၊ ရန်ညှိုးဖွဲ့ခြင်း 'ဥပနာဟ'၊ ဂုဏ်ကိုချေဖျက်ခြင်း 'မက္ခ'၊ ဂုဏ်ပြိုင်ခြင်း 'ပဠာသ'၊ ငြူစူခြင်း 'ဣဿာ'၊ ဝန်တိုခြင်း 'ထမ္ဘ'၊ ချုပ်ချယ်ခြင်း 'သာဌေယ္ယ'၊ မောက်မော်ခြင်း 'မာန'၊ အလွန်မောက်မော်ခြင်း 'အတိမာန'၊ မာန်ယစ်ခြင်း 'မဒ'၊ သတိမေ့လျော့ခြင်း 'ပမာဒ' တို့ ကင်းစင်သောပုဂ္ဂိုလ်။

အလယ်အလတ် တရား၊ မဂ္ဂင် ရှစ်ပါး အကျင့် ရှိသော ပုဂ္ဂိုလ်သည်သာ ခြိုးမွမ်းခြင်းကို ခံယူထိုက်သော ပုဂ္ဂိုလ်ထူး ဖြစ်သည်ဟုမူလ ပဏ္ဏာသပါဠိတော်၊ မူလ ပရိယာယဝဂ်၊ ဓမ္မဒါယာဒ သုတ်တော်တွင် မြတ်စွာဘုရားသခင်၏ လက်ျာတော်ရံ တပည့်သာဝကကြီး တစ်ဆူ ဖြစ်တော်သော အရှင် သာရိပုတ္တရာ မထေရ်မြတ် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပေသည်။

ဤဆောင်းပါးတွင် ဖော်ပြချက်များနှင့် တိုက်ဆိုင်ကြည့်လျှင် တိပိဋကဆရာတော်သည် ဖော်ပြသော အရည်အချင်းအားလုံး ပြည့်ဝသောပုဂ္ဂိုလ် ဖြစ်ကြောင်း ထင်ရှားနေပေသည်။ ထို့ကြောင့် တိပိဋကဆရာတော်သည် 'ပုဂ္ဂိုလ်ထူး' 'ပုဂ္ဂိုလ်မြတ်' တစ်ပါး ဖြစ်ကြောင်း အထူး ဖော်ပြရန် မလိုတော့ပေ။

ပြန်၍ စဉ်းစားလိုက်စသော်

အမြော်အမြင်ကြီးမား သော မန္တလေး-ပတ္တမြား အုတ်ကျောင်းအမကြီး ဒေါ်ဦးငွန်းက မိမိ၌ရှိသမျှ စည်းစိမ်ကို အကုန်လှူကာ ပြုစုပျိုးထောင်ပေးခဲ့သော မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံသည် ခိုကိုးရာမဲ့ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ သက်ကြီးရွယ်အို များ မှီခိုအားထားနေရသော ဌာနတစ်ခု ဖြစ်သည်။

"မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံ သို့မဟုတ် အေးရိပ်ပေးသော ညောင်ရိပ်ညို"

မင်းကွန်း လူအိုမှုကို ဘွားဦးငွန်းက စတင် စာညွှန်ထောင်ခဲ့ပြီး မင်းကွန်း အရိယမဂ္ဂင် ဆရာတော်ဘုရားကြီးနှင့် ဒေါ်ဥတ္တမစာရီ၊ ဂုဏ်ဒါသား ဦးဘကြမ်း၊ မန္တလေးမှ ဘီ၊အိုင်၊အေ ဦးမောင်ကြီး၊ အဆက်ဆက်သော လူအိုရုံ ကော်မတီဝင်များက အစွမ်းကုန် ပြုစုစောင့်ရှောက်ခဲ့ကြသည်။ ယခု အချိန်တွင် တွန်းအားပေးနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးလည်း ထူးထူးခြားခြား အားထားစရာ ရှိနေလေပြီ။

မင်းကွန်း လူအိုရုံအတွက်သာ ဆိုလျှင်–

- ဆန်လိုသလား၊ ဆန်ရအောင် လုံ့ပေးနိုင်မည့် ပုဂ္ဂိုလ်၊
- ဆီလိုသလား၊ ဆီရအောင်လုပ်ပေးနိုင်မည့် ပုဂ္ဂိုလ်၊
- ဆေးလိုသလား၊ ဆေးရအောင် လုပ်ပေးနိုင်မည့် ပုဂ္ဂိုလ်။
- မင်းကွန်း လူအိုရုံရှိ ဘိုးဘွားတို့၏ နံနက်စာ ယဂုအတွက် အကောင်းဆုံး ဆန်ကို လိုသလောက် နေ့စဉ်လှူနေသော ပုဂ္ဂိုလ်။
- မင်းကွန်းလူအိုရုံအတွက် လိုအပ်တာရှိလျှင် ဘာမဆို ကြိုပြီး သိစမ်းပါရစေဟု မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံအသင်း အုပ်ချုပ်ရေးမှူးအား မကြာခဏ သတိပေးနေသော ပုဂ္ဂိုလ်။


အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု
တိပိဋကဆရာတော်
မင်းကွန်း လူအိုရုံ၏ ကျေးဇူးရှင်တစ်ဦး
သို့မဟုတ်
ညောင်ညိုရိပ်ကို စိုပြည်စေ သည့် ပုဂ္ဂိုလ်ထူးပင် ဖြစ်ပါသည်။

စံအိုင်း ဆူရီ

ထပိတသုံးနှစ်ခန်း ၃၄၇

ပရိတ်တော်ကို ပြည်ခဲ့ချမ်းခြင်း

ဦးတဉ်ဦး



အမျက်ထွက်ခြင်း 'ကောဓ'၊ ရန်ညှိုးဖွဲ့ခြင်း 'ဥပနာဟ'၊ ဂုဏ်ကိုချေဖျက်ခြင်း 'မက္ခ'၊ ဂုဏ်ပြိုင်ခြင်း 'ပဠာသ'၊ ငြူစူခြင်း 'ဣဿာ'၊ ဝန်တိုခြင်း 'ထမ္ဘ'၊ ချုပ်ချယ်ခြင်း 'သာဌေယ္ယ'၊ မောက်မော်ခြင်း 'မာန'၊ အလွန်မောက်မော်ခြင်း 'အတိမာန'၊ မာန်ယစ်ခြင်း 'မဒ'၊ သတိမေ့လျော့ခြင်း 'ပမာဒ' တို့ ကင်းစင်သောပုဂ္ဂိုလ်။

အလယ်အလတ် တရား၊ မဂ္ဂင် ရှစ်ပါး အကျင့်ရှိသော ပုဂ္ဂိုလ်သည်သာ ခြိုးမွမ်းခြင်းကို ခံယူထိုက်သော ပုဂ္ဂိုလ်ထူး ဖြစ်သည်ဟုမူလ ပဏ္ဏာသပါဠိတော်၊ မူလ ပရိယာယဝဂ်၊ ဓမ္မဒါယာဒ သုတ်တော်တွင် မြတ်စွာဘုရားသခင်၏ လက်ျာတော်ရံ တပည့်သာဝကကြီး တစ်ဆူ ဖြစ်တော်သော အရှင် သာရိပုတ္တရာ မထေရ်မြတ် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပေသည်။

ဤဆောင်းပါးတွင် ဖော်ပြချက်များနှင့် တိုက်ဆိုင်ကြည့်လျှင် တိပိဋကဆရာတော်သည် ဖော်ပြသော အရည်အချင်းအားလုံး ပြည့်ဝသောပုဂ္ဂိုလ် ဖြစ်ကြောင်း ထင်ရှားနေပေသည်။ ထို့ကြောင့် တိပိဋကဆရာတော်သည် 'ပုဂ္ဂိုလ်ထူး' 'ပုဂ္ဂိုလ်မြတ်' တစ်ပါး ဖြစ်ကြောင်း အထူး ဖော်ပြရန် မလိုတော့ပေ။

ပြန်၍ စဉ်းစားလိုက်စသော်

အမြော်အမြင်ကြီးမားသော မန္တလေး-ပတ္တမြား အုတ်ကျောင်းအမကြီး ဒေါ်ဦးငွန်းက မိမိ၌ရှိသမျှ စည်းစိမ်ကို အကုန်လှူကာ ပြုစုပျိုးထောင်ပေးခဲ့သော မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံသည် ခိုကိုးရာခဲ့ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ သက်ကြီးရွယ်အို များ မှီခိုအားထားနေရသော ဌာနတစ်ခု ဖြစ်သည်။

"မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံ သို့မဟုတ် အေးရိပ်ပေးသော ညောင်ရိပ်ညို"

မင်းကွန်း လူအိုရုံကို ဘွားဦးငွန်းက စတင် စည်ထောင်ခဲ့ပြီး မင်းကွန်း အရိယမဂ္ဂင် ဆရာတော်ဘုရားကြီးနှင့် ဒေါ်ဥတ္တမစာရီ၊ ပင်းတလား ဦးဘချမ်း၊ မန္တလေးမှ ဘီ၊အိုင်၊အေ ဦးမောင်ကြီး၊ အဆက်ဆက်သော လူအိုရုံ ကော်မတီဝင်များက အစွမ်းကုန် ပြုစုစောင့်ရှောက်ခဲ့ကြသည်။ ယခု အချိန်တွင် တွန်းအားပေးနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးလည်း ထူးထူးခြားခြား အားထားစရာ ရှိနေလေပြီ။

မင်းကွန်း လူအိုရုံအတွက်သာ ဆိုလျှင်–

- ဆန်လိုသလား၊ ဆန်ရအောင် လုပ်ပေးနိုင်မည့် ပုဂ္ဂိုလ်၊
- ဆီလိုသလား၊ ဆီရအောင်လုပ်ပေးနိုင်မည့် ပုဂ္ဂိုလ်၊
- ဆေးလိုသလား၊ ဆေးရအောင် လုပ်ပေးနိုင်မည့် ပုဂ္ဂိုလ်။
- မင်းကွန်း လူအိုရုံရှိ ဘိုးဘွားတို့၏ နံနက်စာ ယဉ်ဂုအတွက် အကောင်းဆုံး ဆန်ကို လိုသလောက် နွေစဉ်လှူနေသော ပုဂ္ဂိုလ်။
- မင်းကွန်းလူအိုရုံအတွက် လိုအပ်တာရှိလျှင် ဘာမဆို ကြိုပြီး သိစမ်းပါရစေဟု မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံအသင်း အုပ်ချုပ်ရေးမှူးအား မကြာခဏ သတိပေးနေသော ပုဂ္ဂိုလ်။


အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု
တိပိဋကဆရာတော်
မင်းကွန်း လူအိုရုံ၏ ကျေးဇူးရှင်တစ်ဦး
သို့မဟုတ်
ညောင်ညိုရိပ်ကို စိုပြည်စေသည့် ပုဂ္ဂိုလ်ထူးပင် ဖြစ်ပါသည်။

စန်ကိုင်း ဆူရ

ထထိဃဆုံးနှစ်ရှိ၊ ၁၃၄၄

ပရိတ်တော်ကို ပြည့်ချမ်းခြင်း

ဦးတဉ်ဦး



ဗုဒ္ဓဒါယကာစာကြည့်တိုက်

တစ်နေ့တာ ရုံးလုပ်ငန်းများနှင့် ကိုယ်ပမ်း စိတ်နှမ်း ဖြစ်နေခြင်းများကို ဖြေဖျောက်ရန် လက် ထဲတွင် ကိုင်ထားသော ကက်ဆက်ခွေကို ကြည့် ရင်း စိတ်ထဲတွင် ပေါ့ပါးရွှင်လန်းခြင်း ဖြစ်နေ မိသည်။ တိဘ်ခွေမှ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ၏ ပရိတ် တရားတော်များကို နာ ကြားရန် စိတ်ထက်သန်လျက် ရှိနေသဖြင့် ရေချိုး ထမင်းစား သမားရိုးကျ လုပ်ငန်းများကို အမြန် ပြီးစီးအောင် ပြုလုပ်ကာ ကက်ဆက်ကို ဖွင့်လိုက် သည်။

"သမန္တာ စက္ကဝါဠေသု အတြာဂစ္ဆန္တော ဒေဝတာ...."

ကြည်ညိုဖွယ်အဘိ ဖြစ်သော တည်ကြည် ငြိမ်း ချမ်း လေးနက်သည့် ဆရာတော်၏ ပရိတ် တရား တော်သံသည် "သမန္တာစက္ကဝါဠေသု" နတ်ပင့်မှစ ၍ထွက်ပေါ်လာရာ ပရိတ်တော်နှင့်တကွ ပရိတ်နှင့် လိုက်ဖက်လှသော ဆရာတော်ဘုရား၏ အသံတော် ကို ကြည်ညိုခြင်းပီတိ ဖြစ်ပေါ်လျက်ရှိရာ လွန်ခဲ့ သော အနှစ် ၃၀ ကျော် ကာလဆီသို့ စိတ်အာရုံ ပို့.လွှင့် ရောက်ရှိသွားတော့သည်။

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေတွင် ပျားပန်း ခပ်မျှ သွားလာ လှုပ်ရှား နေကြသူများအပြင် အသစ်စက်စက် တည်ဆောက်ပြီး ခါစ မဟာ ပါသာဏ လိုဏ်ဂူတော်ကြီး အတွင်းဝယ် မြန်မာ နိုင်ငံသာမက ကမ္ဘာ့ ဗုဒ္ဓ ဘာသာဝင် နိုင်ငံ အသီးသီးမှ ကြွရောက်တော်မူလာကြ သော ရဟန်း သံဃာများ၊ ဘာသာရေး အဖွဲ့အစည်း များ၊ လူထု ပရိသတ်များမှာ ပြည့်လျှံလျက် ရှိသည်၊

ဆဋ္ဌသံဂါယနာတင် ပွဲတော်ကြီးမှာ ခြိမ့်ခြိမ့် သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ရှိပေ ရာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ ဆရာတော်ကြီးမှာ ပိဋကတ် သုံးပုံ သံဂါယနာအောင်ပြေဆိုင်ရာ ပုစ္ဆာ ဝိဿဇ္ဇက အဖြစ် ဆောင်ရွက်တော်မူနိုင်ခဲ့ပေသည်၊ ပါဠိ တော်၊ အဋ္ဌကထာ၊ ဋီကာစသော ဘုရား မှခပါဠိ



တော်လာ ကျမ်းစာတို့ကို သံဂါယနာ တင်ရာ၌ သံဃာတော် အချင်းချင်း အမေးအဖြေကို နှေ့စဉ် ရက်ဆက် ရွတ်ဖတ် လျှောက်ထား မေးမြန်းခြင်း ပြုခဲ့ရာ၌ ဆရာတော်၏အသံတော်ထူးခြားချက်မှာ စာရေးသူ မှတ်မိသလောက် အသံနာခြင်း၊ အက်ခြင်း၊ အသံဝင်ခြင်း မရှိဘဲ ကြည်လင်ပြတ်သား အောင်မြင်စွာဖြင့် အသံသြဇာဟိတ်များ လွှမ်းလျက် ရှိသည်ကို ကြည်ညိုဖွယ် နာကြားခဲ့ရပေသည်။

ထိုစဉ်က ငယ်ရွယ် နုပျိုသော ဆရာတော်၏ တရားသံသည် တက်ကြွခြင်း၊ အားရခြင်းကို ဖြစ်စေသကဲ့သို့ ယခု သက်တော်ကြီးလာ၍ ရွတ်ဖတ်သော ပရိတ် တရားတော် အသံမှာလည်း ရင့်ကျက်ခြင်း၊ တည်ငြိမ် လေးနက်ခြင်းနှင့် ပြည့်စုံစေကာ နာယူသူတို့အဖို့ ကြည်ညိုမှုသဒ္ဓါတရားကို ပွားစေ ဖြစ်ပါသည်။ စာရေးသူသည် ပရိတ်တော်များကို နှေ့စဉ် ရွတ်ဖတ်နေကျ ဖြစ်သည့် အတိုင်း ပရိတ်တရားတော်၌ လွန်ကဲသော သဒ္ဓါတရား ရှိနေသည်ဖြစ်ရာ ဆရာတော် ဘုရားကြီး၏ ရွတ်ဖတ်သံကို စူးစိုက်၍ နာယူလျက် ရှိပေသည်။ ထိုစဉ် ဆရာတော်ကြီး၏ ပရိတ်တော်ကို ရွတ်ဖတ် နာယူခြင်းဖြင့် ထူးခြားချက်ကလေးများကို သတိပြုလိုက်မိသည်။

ပရိတ်တော် ၁၁ သုတ်အနက် သုတ်အားဖြင့် မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်၊ ပုဗ္ဗဏှသုတ်ဟူ၍ သုတ်တော်အားဖြင့် ၆ ခုရှိပြီး ခန္ဓပရိတ်၊ မောရပရိတ်၊ ဝဋ္ဋပရိတ်၊ ဓဇဂ္ဂပရိတ်နှင့် ဗောဇ္ဈင် ပရိတ်ဟူ၍ ပရိတ်တော်အားဖြင့် ၅ ခု ရှိပေသည်။ ဆရာတော်ကြီးသည် သုတ်တော်၊ ပရိတ်တော် တစ်ပုဒ်စီ ရွတ်ဖတ်ပူဇော် ပြီးစီးတိုင်း သုတ်တော်ဖြစ်လျှင်—

"ရတနသုတ္တံ အာရောဂျတ္ထာယ ဝေါ
ရက္ခတု၊ ရတနသုတ္တံ မင်္ဂလတ္ထာယ ဝေါ
ရက္ခတု" စသည်ဖြင့် လည်းကောင်း၊

ပရိတ်တော် ဖြစ်လျှင်—

"ခန္ဓပရိတ္တံ အာရောဂျတ္ထာယ ဝေါ
ရက္ခတု၊ ခန္ဓပရိတ္တံ မင်္ဂလတ္ထာယ ဝေါ
ရက္ခတု" စသည်ဖြင့် လည်းကောင်း သုတ်တော်၊ ပရိတ်တော် အမည်အလိုက် ရွတ်ဖတ်၍ သွားပေသည်။

ရတနသုတ္တံ၊ ရတနသုတ် တရားတော်သည်။ ဝေါ၊ သင်တို့အား။ အာရောဂျတ္ထာယ၊ အနာကင်းရှင်း ကျန်းမာခြင်း အကျိုးငှာ။ ရက္ခတု၊ စောင့်ရှောက်ပါစေသတည်း။ ဝေါ၊သင်တို့အား။ မင်္ဂလတ္ထာယ၊ ကောင်းခြင်းမင်္ဂလာ အဖြာဖြာတို့ ဖြစ်လာစေခြင်းအကျိုးငှာ။ ရက္ခတု၊ စောင့်ရှောက် ပါစေသတည်း ဟူ၍ ဖြစ်ပေသည်။

အာဋာနာဋိယသုတ် ရွတ်ပုံ

အာဋာနာဋိယသုတ်တွင် ပိဋကရေ ၁၂၁ ဦး ပါရှိသော ဂါထာဖြစ်သည့်

"တေသံ သစ္စေန သီလေန၊
ခန္တီ မေတ္တာ ဗလေန စ၊
တေပိ တုမှေ နုရက္ခန္တု၊
အရောဂေန သုခေန စ" ကို ရွတ်ဖတ်
တော်မူပြီးနောက် ပိဋကရေ ၁၂၂ မှ—

"ပုရတ္ထိမသို့ ဒိသာဘာဂေ၊
သန္တိ ဘူတာ မဟိဒ္ဓိကာ၊
ဧပိ တုမ္ဟေ နုရက္ခန္တု၊
အရောဂေန သုခေန စ" ဟူသောဂါထာ
ကို ဆက်လက်၍ မရွတ်တော့ပေ။ ဆရာတော် ဆက်
လက်ရွတ်ဖတ်သည်မှာ မဟာအာဠာနာဠိယ သုတ်
တော် ပိုဒ်ရေ ၁၆ မှ-

"ယတော ဥဂ္ဂစ္ဆတိ သူရိယော၊
အာဒိစ္စော မက္ကလိမဟာ"
အစချီသောဂါထာမှစ၍ ပိုဒ်ရေ ၂၃
"ဇိနံ ဝန္ဒထ ဂေါတမံ၊
ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမ ဂေါမံ၊" အထိဖြစ်သည်။ ထိုသို့
ရွတ်ဆိုပြီးမှသာ အာဠာနာဠိယသုတ်တော် ပိုဒ်ရေ
၁၂၂ ဖြစ်သည့်။

"ပုရတ္ထိမသို့ ဒိသာဘာဂေ၊
သန္တိ ဘူတာ မဟိဒ္ဓိကာ၊
တေပိ တုမ္ဟေ နုရက္ခန္တု၊
အရောဂေန သုခေန စ" ဂါထာကို ပြန်၍
ရွတ်ဖတ်တော်မူသည်။

ထိုမှတစ်ဖန် မဟာအာဠာနာဠိယသုတ်တော်၊
ဂါထာပုဒ်ရေ ၂၄ မှ-

"ယေန ပေတာ ပဝုစ္စန္တိ၊
ပိသုဏာ ပိဋ္ဌိမံသိကာ" အစရှိသော ဂါထာ
တော်မှစ၍ ဂါထာပိုဒ် ၃၀
ဝိဇ္ဇာစရဏသမ္ပန်၊
ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။
အထိ ဆက်လက် ရွတ်ဖတ်တော်မူလေသည်။ ပြီးမှ
တစ်ဖန် အာဠာနာဠိယသုတ်တော်ကို ပြန်ကောက်
ကာ ပိုဒ်ရေ ၁၂၃
"ဒက္ခိဏာသို့ ဒိသာဘာဂေ၊
သန္တိ ဧဒဝါ မဟိဒ္ဓိကာ။
ဧတေပိ တုမ္ဟေ နုရက္ခန္တု၊
အရောဂေန သုခေန စ" ကို ရွတ်ဖတ်တော်
မူပြန်သည်။

ထိုနောက် မဟာအာဠာနာဠိယ သုတ်တော်
ပိုဒ်ရေ ၃၁ မှ-

"ယတ္ထ စော' ဂ္ဂစ္ဆတိ သူရိယော၊ အာဒိစ္စော
မက္ကလိ မဟာ" အစချီသော ဂါထာတော်မှစ၍
ပိုဒ်ရေ ၃၈

"ဝိဇ္ဇာစရဏသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ" အထိဆက်လက်၍ ရွတ်
ဖတ်သွားပြန်သည်။

ပြီးမှ အာဠာနာဠိယသုတ်တော် ပိုဒ်ရေ ၃၂
"ပစ္ဆိမသို့ ဒိသာဘာဂေ၊
သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ တုမ္ဟေ နုရက္ခန္တု၊
အရောဂေန သုခေန စ" ကို ပြန်၍ ရွတ်ဖတ်
တော်မူသည်။

တစ်ဖန် မဟာအာဠာနာဠိယသုတ်တော်ပိုဒ်ရေ
၃၉ မှ-

"ယေန ဥတ္တရကုရုတ္ထော၊
မဟာနေရု သုဒဿနော" အစချီသော ဂါထာ
တော်မှစ၍ ပိုဒ်ရေ ၆၀



"ဝိဇ္ဇာစရဏာသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမ ဂေါတမန္တိ" အထိ ရွတ်ဖတ်သွားသည်။ ပြီးမှ အာဠာနာဋိယသုတ်တော် အပိုဒ် ၂၅ မှ—

ဥတ္တရသ္မိံ ဒိသာဘာဂေ၊
သန္တိ ယက္ခာ မဟိဒ္ဓိကာ" မှစ၍ အာဠာနာဋိယသုတ်တော် တစ်ခုလုံး ဆုံးသည်အထိ ဆက်၍ ရွတ်ဖတ်သရဇ္ဈာယ် သွားတော်မူပေသည်။

ဤနေရာတွင် သတိပြုမိသည့် ထူးခြားချက်တစ်ရပ်မှာ အာဠာနာဋိယသုတ်တော်တွင် ပါသော "တေပိ အမ္ဟေ နံရက္ခန္တု" စာပိုဒ်တွင် "အမ္ဟေ" ဟု ပါရှိသည့် နေရာ၌ "တုမ္ဟေ" ဟု ထည့်ကာ "တေပိ တုမ္ဟေ နံရက္ခန္တု။

အာရောဂေန သုခေနစ"

ထိုဂန္ဓဗ္ဗနတ်တို့သည် သင်တို့ကို ရောဂါကင်းရေးအားဖြင့် လည်းကောင်း၊ ချမ်းသာရေးအားဖြင့်လည်းကောင်း၊ အစဉ် စောင့်ရှောက်ကြပါစေကုန်သတည်း ဟု ရွတ်ဆိုသွားခြင်း ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီး ရွတ်ဖတ်သည့် အာဠာနာဋိယသုတ် ပရိတ်တော်တွင် အရပ်မျက်နှာအလိုက် ပို၍ ပြည့်စုံမှုရှိသဖြင့် ကြည်ညို နှစ်ခြိုက်မှုကို ဖြစ်မိပေသည်။

ဗောဇ္ဈင် ပရိတ် တွင်လည်း အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပနှင့် ဘုရားရှင်တို့နာမကျန်းဖြစ်သည့်အခါ ဗောဇ္ဈင် ၇ ပါးကို ဖော်ပြပါ ရဟန္တာနှစ်ပါးနှင့် ဘုရားရှင်အတွက် သီးခြားစီ ခွဲ၍ ရွတ်ဆိုခြင်း ပါရှိသဖြင့် ဆရာတော် ရွတ်ဆိုသော ဗောဇ္ဈင်ပရိတ်သည် ပရိတ်တော် ၁၁ သုတ်တွင် ပါရှိသည်ထက် ပို၍ စုံလင်မှုရှိသဖြင့် များစွာ နှစ်သက်ကြည်ညိုခြင်း ဖြစ်ရပြန်သည်။

ထို့ပြင်လည်း ပုဗ္ဗဏှသုတ်အစတွင် "ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ" အစချီသော ဂါထာသုံးပိုဒ်ကို ရွတ်ဖတ်တော်မူပြီးနောက်—

"ယံ သန္နိမိတ္တံ သုဘမင်္ဂလံ ဝါ၊
ယော စ မနာပေါ သကုဏာသ သဒ္ဒေါ။
သောဘဂ္ဂဟော သံသုပိနံ သုကန္တံ၊
ဗုဒ္ဓာနုဘာဝေန ပိပက္ကမေန္တု၊
ယံသန္နိတ္တံ သုဘမင်္ဂလံ ဝါ၊
ယော စ မနောပေါ သကုဏာသ သဒ္ဒေါ။
သောဘဂ္ဂဟော သံသုပိနံ သုကန္တံ၊
ဓမ္မာနုဘာဝေန ဝိဝက္ကမေန္တု။
ယံ သန္နိမိတ္တံ သုဘမင်္ဂလံ၊ ဝါ
ယော စ မနာပေါ သကုဏာသ သဒ္ဒေါ။
သောဘဂ္ဂဟော သံသုပိနံ သုကန္တံ၊
သံဃာနုဘာဝေန စိပက္ကမေန္တု။ ။

ဟူသော အကောင်းမင်္ဂလာ ဂါထာ ၃ ပိုဒ်ကို ဗုဒ္ဓ၊ ဓမ္မ၊ သံဃ အားဖြင့် ထည့်သွင်း ရွတ်ဖတ်၍ သွားပေသည်။ အဓိပ္ပာယ်မှာ "ကောင်းသောနိမိတ်၊ ကောင်းမြတ်သောမင်္ဂလာ၊ နှစ်သက်ဖွယ်ရှိသော ငှက်တို့၏ အသံ၊ ကောင်းသော ဂြိုဟ်၊ နှစ်လိုဖွယ်ရှိသော အိပ်မက် အမျိုးမျိုးတို့သည် ဘုရားမြတ်၊ တရားတော်၊ သံဃာကောင်တို့၏ အာနုဘော်တော်ကြောင့် ရောက်ရှိပါစေသတည်း ဟူ၍ ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ဂါထာ ၃ ပုဒ်ကို ပုဗ္ဗဏှသုတ်တွင် ထည့်သွင်း ရွတ်ဆိုသွားရာတွင် ပို၍ပင် ကြည်ညိုဝမ်းမြောက်ခြင်း ဖြစ်ရပေသည်။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ တန်ခိုးတော်အနန္တတို့ဖြင့် ပြည့်စုံတော်မူကြသော သဗ္ဗညုဘုရားရှင်တို့အား အလွန်ကြည်ညို လေးမြတ်ခြင်းရှိသကဲ့သို့ ဘုရားမြတ်တို့ ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များ၊ ပရိတ်တော်များဖြစ်သော ဤရတနသုတ်၊ ဓမ္မစက်၊ အာဠဝက၊ ခန္ဓ၊ မောရ၊ ဇယ၊ ဗောဇ္ဈင်၊ ဓဇဂ္ဂ၊ အင်္ဂုလိမာလ၊ ဘဝနေတ္တိ၊ ဗြဟ္မာယုသုတ်တို့၏ အာနုဘော်တော်ကြောင့် ရောက်ရှိပါစေသတည်း ဟူ၍ ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ဂါထာ ၃ ပုဒ်ကို ပုဗ္ဗဏှသုတ်တွင် ထည့်သွင်း ရွတ်ဆိုသွားရာတွင် ပို၍ပင် ကြည်ညို

စီးတဲ့ငရဲ
ဆည်တဲ့ကန်သင်း

မြတ်ဆုမွန်၊ငါနီးငွန်၊

ရာသီအားဖြင့် မိန်ရာသီ၊ လအနေအားဖြင့် တပေါင်းလ ရာသီဖြစ်ပ ၏။ သာယာနေသော နံနက်ခင်းကလေး၏ ရောင်နီဦးလေးကား ရှုမ်းရိုးမ တောင်စွယ်မှ ပေါ်တက်၍ လာခဲ့ပြီ။ နွေဦး အချိန်အခါ ဖြစ်၍လည်း မိုးရာသီ၏ စိမ်းလန်းစိုပြည်နေသော သစ်ပင်တို့မှ ရွက်ဟောင်း ရွက်ဝါတို့က ကြွေကျမည့် အချိန်အခါသို့ ရောက်ခဲ့ပြီ။ လေပြည်ကလေးက ဝှေ့ယမ်းကာ တိုက်ခတ်လေတိုင်း သစ်ပင်တို့မှ ရွက်ဝါတို့ မြေမှာခ၍ ကြွေကျခဲ့ပြီ။ ရွက်သစ်လောင်းဖို့ အတွက် တောတန်းတောင်စွယ်ပေါ်မှ သစ်ပင် ခုံနွယ်ကလေးများ ရွက်ဖူးလုံး ပုရစ်တံကလေးများ ထွက်စ ပြုနေပါတော့သည်။ အချို့ သစ်ပင်များမှာကား ပုရစ်တံမှ ဖြန့်စ ပြုပြီး အရွက်ကလေးများပင် ဖြန့်၍နေလေပြီ။ နွေဦး အချိန်အခါ ဖြစ်၍လည်း ရွက်ဝါတို့ ခါချထားသော သစ်ပင်ထက်မှ သံသာချိုမြသော ဥသြဌ်ကလေးတို့၏ "ဥသြ ဥသြ" ဟူသော အသံကလေးကား ကြားသူတို့အဖို့ အလွန်ပင် ကြည်နူးစရာ ကောင်းလှပါပေသည်။

ဥသြဌ်ကလေးတို့၏ အသံသည် အလွန် ကောင်းလှပါသည်။ လူတို့ နေရာဒေသမှာတော့ အသံအကောင်းဆုံး ဌ်ကလေးများမှာ ဥသြဌ်ကလေးများပင် ဖြစ်လေသည်။ လူတို့ မတွေ့နိုင်ရာ ဟိမဝန္တာ တောအရပ်မှာတော့ ကရဝိက်ဌ်တို့ ရှိလေသည်။ ကရဝိက်ဌ်တို့၏ အသံသည် ပတ္တမြား ပြေမှုတ်သကဲ့သို့ အလွန်ပင် သာယာကြောင်း စာ တို့၌ တွေ့ရပေသည်။ ဘုရားရှင် အသံတော်ပင် ကရဝိက်ဌ်မင်း၏ အသံနှင့် တစ်စိတ်တစ်ဒေသ အနည်းငယ်တူသည်ဟု ဆိုလေသည်ကို သီရိဓမ္မာသောကမင်း၏ အသန္ဓမိတ္တာမည်သော မိဖုရားသည် ကရဝိက်ဌ်၏ အသံသည် ဘုရားရှင်၏ အသံနှင့် တစ်စိတ်တစ်ဒေသ အနည်းငယ် တူသည်ဟု ကြား၍ ကရဝိက်ဌ်ကို တွေ့လိုကြောင်း ရှင်ဘုရင်ကို သံတော်ဦး ဘင်လေလျှင် တုရင်မင်းမြတ်က ရွှေချိုင့်ကို လွှတ်ရလေသည်။ ရွှေချိုင့်သည် ဟိမဝန္တာ ကရဝိက်ဌ်မင်းရှိရာသို့ ရောက်လေလျှင် ကရဝိက် ဌ်မင်းက ရွှေချိုင့်ထဲဝင်လေသည်။ ရွှေချိုင့်ကား ပြန်လာကာ နန်းတော်သို့ ရောက်လေသည်။ ကရဝိက် ဌ်မင်းကို နေရာချထားလေလျှင် ဌ်မင်း မတွန်ကျူးပေ။ ဘာကြောင့် မတွန်ကျူးလေသနည်းဟု ပညာရှိတို့ကိုမေးလေလျှင်ပညာရှိတို့က အဖော် မရှိသောကြောင့် မတွန်ကျူးကြောင်း သံတော်ဦးတင်လေလျှင် မှန်လေးချပ်ကို ကရဝိက်ဌ်ဘေးက ထောင်ထားတော့သည်။ မှန်ရိပ်တွင် ကရဝိက်ဌ်လေးကောင် ပေါ်လာ၍ ငါ့အဖော်များရောက်ပြီ မှတ်ထင်ကာ တွန်ကျူးတော့သည်။

အသန္ဓမိတ္တာ မိဖုရားသည် ကရဝိက် ဌ်မင်း၏ အသံကို ကြားလျှင် "ဤ တိရစ္ဆာန် ဖြစ်သော ဌ်၏ အသံသည်ပင်လျှင် ဤမျှ သာယာလှပေသည်။ အတိုင်းအရှည် မရှိသော သဗ္ဗညုတဉာဏ်ဟူသော တင့်တယ်ခြင်းသို့ ရောက်သော ဘုရားရှင်၏ အသံကား အဘယ်မျှ တင့်တယ်လေမည်နည်းဟု ဘုရားဂုဏ်ကို အာရုံပြုကာ ပီတိဖြစ်ပြီး ၎င်းပီတိကိုအခြေခံပြု၍ အဖြစ်အပျက်ရှုကာ အသန္ဓမိတ္တာမိဖုရား အမှူးရှိသောမောင်းမငါးရာတို့ သောတာပတ္တိဖိုလ်၌ တည်လေသည်။ ဤသို့ ကရဝိက် ဌ်မင်း၏ အသံသာကြောင်း စာပေတို့၌ တွေ့ရပေသည်။ လူတို့ ရပ်ထံမှာတော့ ဥသြဌ်ကိုသာ တွေ့ရပေသည်။

ဤဥသြဌ်ကလေးတို့ကား ဘပေါင်းလအခါတွင် မြို့ငယ်ထက်မှ "ဥသြ ဥသြ" နှင့်ပင် လက်ပံပင်ပျိုတို့ အပေါ်၌ မြည်တွန်သံသာ ကြားရပေသည်။ နွေဦး၏ သဘာဝမှာ အထူးပင် ပင်ကိုယ်သဘာဝ ပေါ်လွင်လှပါတော့သည်။ ရွက်ဝါတို့ ကြွေကျနေသော လက်ပံပင်တို့ကား နီမြန်းသော ကမ္ဘလာ ခြုံထားသတဲ့သို့ပင် ရှိနေပြီး တစ်ပင်လုံး ရဲရဲနီနေပါတော့သည်။ မြို့ခိုးဝေရီ နွေရာသီ ဆိုသကဲ့သို့ပင် နွေဦး ပဏာမ တပေါင်း လရာသီမှာ မြို့ခိုးတို့ယှက်သန်းနေသော မင်းဝံတောင်တန်းတို့ကိုပင် သဲကွဲစွာမမြင်ရတော့ပေ။ အရှေ့ဆီ လှမ်းမျှော်ကြည့်ပါလျှင်လည်း မြို့ခိုးတို့ ယှက်သန်းနေသော မှိုင်းပြာရီဝေနေသော ရှုမ်းရိုးမ တောင်တန်းတို့ကိုလည်း မမြင်ရတော့ပေ။ အင်းမှ သဲပြင်ဖွေးဖွေးသာ တွေ့မြင်ရတော့သည်။

မြစ်မင်းရော သဲပြင်ဖွေးဖွေးမှ ကြည့်ပါလျှင်လည်း မိုးမိတ်ကုန်းမြေ၏ နောက်ခံ မင်းဝံ တောတန်းကား မြို့ခိုးများ ယှက်သန်း၍ နေပေသည်။ အနီးကပ် ကြည့်ပါလျှင်လည်း တောဟန်း ချုံနွယ်တို့မှာ ရွက်ဝါတို့ ကြွေကျပြီး ရိုးတံသာ မြင်ရပေသည်။ မိုးရာသီ စိမ်းလဲ့ညို့ပြာနေသော သစ်ပင် ချုံနွယ်ကလေးများမှာ စိမ်းလဲ့ရာမှ ရင့်လာပြီး ရွက်ဝါတို့ ကြွေသည်အထိ အနီစွဲသဘောသို့ ဆောင်၍ နေတော့သည်။ ပစ္စေကဗောဓိဉာဏ် ရင့်သန်သော ပစ္စေကဗောဓိ အလောင်းတို့သည်ပင် ကြွေကျနေသောသစ်ရွက်ကလေးတို့ ရှုမြင်ပြီးအနီစွဲစသော လက္ခဏာယာဉ်တင်ကာ ပစ္စေကဗောဓိဉာဏ်

ရပါတော့သည်။ မှန်ပါ၏။ ဖြစ်လာရသော သခ်ါရ တရား မှန်သမျှ ဟုက်ရမည်သာ။

သာယာလှသော ညခင်းကလေး

နေမင်းသူရိန် အနောက်တောင်သို့ ဝင်သွားခဲ့ပြီ။ ဓိုင်းစက်လှသော လမင်းကလေးကား ထွက်ပြူစ ပြုလာလေပြီ။ တပေါင်း လပြည့်နေ့ဖြစ်၍လည်း လမင်းသည် ခပ်စောစောပင် ထွက်ခဲ့လေသည်။ ကမ္ဘာဦးအခါ၌လည်း လ, နေ, နက္ခတ်, တာရာများ၊ ကျွန်းကြီးလေးကျွန်း၊ သမုဒ္ဒရာ၊ မြင်းမိုရ်တောင်တို့သည် ဤတပေါင်းလပြည့်နေ့မှာပင် ဖြစ်ပေါ်ရပေသည်။ ဤစာရေးချိန်သည်ပင် လမင်းကလေးသည်အတော်ပင် မြင့်၍ လာပေပြီ။

ဆောင်းရာသီ၏ နောက်ဆုံးညဖြစ်၍လည်း အေးမြလှသော ဆောင်းဥတုကလေးက နောက်ဆုံးနှုတ်ဆက်၍ နေပေသည်။ လေပြည်လေး တိုက်လေတိုင်း ရွက်ဝါတို့ ကြွေကျနေသော သစ်ပင်တို့ကား လရောင်အောက်တွင် မြင်ရပေသည်။ မြို့ငယ်အထက်မှ ညဉ့်ဒုက်ကလေးများ သီကျူးသံတို့ ရံဖန်ရံခါ ထွက်ပေါ်လာလေသည်။ ရံဖန်ရံခါ "ဒီးကွက် ဒီးကွက်" ဟု မြည်ကြသော ဒီးကွက်ကလေးများ၏ အသံ ကြားရသလိုပင် "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ" စသည်ဖြင့် စာပြန်နေကြသော နိကာယ အရှင်တို့ အသံနှင့်တကွ ရောက်လာသူတို့ သာဓုနှုမော် ခေါ်ဆိုရန် ကြားနေရသော မိုးမိတ်စေတီ၏ ဆည်းလည်းသံ (ဆွဲလံသံ) တို့ကား ကြားနေရဆဲပင် ဖြစ်ပါတော့သည်။

အလောင်းတော်မြတ် ကုသိုလ်အရင်းနှီးပုံ

မဟာသုဒဿန စကြာမင်းသည် ရှေးအတိတ်ကာလက သူကြွယ်မျိုးဌာန ဖြစ်လေသည်။ ထိုအခါ သက်တော် ထင်ရှား ရှိလှက်ရှိသော ကဿပမြတ်စွာ သာသနာဝယ် မထေရ်တစ်ပါး၊ တောကျောင်းဌာန သီတင်းသုံးတော်မူသည်။ ဘုရားအလောင်း ဒိမိအလုပ်ကိစ္စဖြင့် တောသို့ ဝင်လေလျှင် တောကျောင်းနေထေရ်အရှင်ကို မြင်၍ ချဉ်းကပ် ရှိခိုးပြီး မထေရ်ထိုင်ရာအရပ်၊ စကြံသွားရာ အရပ်တို့ကို ကြည့်ကာ-

"အရှင်ဘုရား၊ အရှင်သည် ဤတောကျောင်းကလေးဌာန၌ပင် အမြဲနေပါသလား"

ဟု မေးလေသည်။

"သီတင်းသည် ဒါယကာ ဤတောကျောင်းဌာန နေပါ၏"

ဟုသော ဓထေရ်၏ စကားကို ကြားရလျှင်-

"ဤတောအရပ်ဌာပင် အရှင်အတွက် သစ်ရွက်မိုးကျောင်းကလေး တစ်ဆောင် ဆောက်လုပ်သင့်၏" ဟု ကြံပြီး မိမိ၏ အလုပ်ကိစ္စကို ပစ်ပယ်ထားကာ သစ်ဝါးစသော အဆောက်အဦကို ခုတ်၍ သစ်ရွက်မိုးကျောင်းကလေး ဆောက်လုပ်ကာ မိုးပြီး နံရံတို့ကို မြေညက်ဖြင့် လိမ်းကျံ၍ သစ်သား အခင်းကလေး ပြုလုပ်ပြီး "ထေရ်အရှင်သည် ဤကျောင်းလေးကို သုံးဆောင်ခြင်းကို ပြုလတ္တံ့လော၊ သို့မဟုတ် သုံးဆောင်မှု မပြုလတ္တံ့လော" ဟု တွေးတောကာ သင့်တင့်သော အရပ်၌ နေလေသည်။

တောကျောင်းနေ ထေရ်အရှင်လည်း ရွာတွင်းကဆွမ်းခံပြန်လာပြီး သစ်ရွက်မိုး ကျောင်းကလေးအတွင်း ဝင်ပြီး သစ်သားအခင်းကလေးပေါ် ထိုင်နေပါတော့သည်။ ဘုရားလောင်း သီတင်းသည် ဒါယကာလည်း လာရောက်ကာ ရှိခိုးပြီး အနီး၌ထိုင်လျက်

"သစ်ရွက်မိုး ကျောင်းကလေးမှာ သီတင်းသုံးရတာ ခက်ခဲသားပါသလား ဘုရား" ဟု လျှောက်ထားမေးမြန်းလေသည်။

"ကြည်သာ ရွှင်ပြ မျက်နှာလှသည့် ကျောင်းဒကာ၊ သစ်ရွက်မိုးကျောင်းကလေးမှာ သီတင်းသုံးရတာ ခက်ခဲသာလှပါ၏။ ရဟန်းတို့အား လည်း လျှောက်စပ်ပါ၏" ဟု မိန့်တော် မူလေလျှင်

"အရှင်ဘုရား၊ ဤတောရကျောင်းကလေး၌ပင် သီတင်းသုံးပါမည်လော" ဟု မေးမြန်းလေလျှင်

"သီတင်းသည် ကျောင်းဒါယကာ ဤတောရကျောင်းကလေး၌ပင် သီတင်းသုံးပါမည်" ဟုမိန့်တော် မူလေသည်။

ကျောင်းဒါယကာသည်း မထေရ်၏ သည်းခံ၊ လက်ခံသော အခြင်းအရာဖြင့် တောရကျောင်း၌ သီတင်းသုံးသည်ကို ကြည့်ပြီး အမြဲ တပည့်တော်တို့ အိမ်ကို ကြွပါဟု လျှောက်ထားပြီး မထေရ်၏ ကြွပါအံ့ဟူသော ဝန်ခံမှုရကာ "အရှင်ဘုရား တပည့်တော်အား ဆုမြတ်တစ်ခု ပေးပါ" ဟု လျှောက်ထားလေသည်။

သီတင်းသည် ဒါယကာ ရဟန်းတို့ နှစ်သက်သဘော ဖြစ်ပါ၏လောဟု မေးလျှင်

"အရှင်ဘုရား ရဟန်းတို့အား လည်း အပ်၍ အပြစ်မရှိသော ဆုလည်း ဖြစ်ပါ၏" ဟု လျှောက်၍ကျောင်း ဒါယကာက

"အရှင်ဘုရား၊ အပြုနေရာအရပ်ဝယ် မင်္ဂလာကိစ္စ၌လည်းကောင်း၊ အမင်္ဂလာကိစ္စ၌လည်းကောင်း ကြွလာမှုကို လူတို့လိုလားကြပါ၏၊ ကြွမလာသော ရဟန်း

အား စိတ်ဆိုးစာတ်ကြွပါ၏။ ထို့ကြောင့် အခြားပင့်ဖိတ်ရာ အရပ်သို့ကြွသော်လည်း တပည့်တော်တို့ အိမ်ဝင်ပြီး ဆွမ်းစားမှ ကိစ္စကို ပြီးစေထိုက်ပါ၏''ဟု လျှောက်လေသည်။

တောရကိုယ်တော်ကလေးကလည်း လက်ခံဝေါ်မူလေသည်။ ဘုရားလောင်း ဥပါသကာသည် သစ်ရွက်မိုးကျောင်း၌ ဖျာသင်းဖြူးခင်းပြီး ညောင်စောင်း အင်းပျဉ်ကို ခင်းထားကာ တံကဲမှီပျဉ်ကို ထားမှု၊ ခြေပွတ်အိုးခြမ်း ထားမှု၊ လေးထောင့်ရေကန် တူးခြင်း၊ စကြံ့လမ်းလျှောက်စရာပြု၍ သဲကလေး ဖြန့်ခင်းထားခြင်း၊ သားသမင်တွေလာပြီး နံရံကို ပွတ်တိုက်ကာ မြေညက်များ ကွာကျ နေသည်ကို မြင်၍ ဆူး စောင်းရန်း (စည်းရိုး) ကျောင်းကလေးကို ကာရံပေးခြင်း၊ ဆူးစောင်းရန်း အတွင်း၌ပင် ထန်းပင် အစဉ်တန်းကလေးများ စိုက်ပေးခြင်း၊ မဟာ စက်မခေါ် စကြံ့လမ်းကြီးမှာ တံမြက်လှည်းပြီး ဖနရာ အရပ်ကို လှူပ်ချောက်ချားသည်ကို မြင်၍ စကြံ့လမ်းကိုလည်း ဆူးစောင်းရန်းကာပြီး ဆူးစောင်းရန်း အတွင်းမှာ ထန်းပင် အစဉ်များ စိုက်ပျိုးပေးခြင်းဖြင့် ကျောင်းကို ပြီးစေသည်။

ဘုရားအလောင်းတော်နည်းကို ယူခြင်း

တိပိဋ္ဌတ = နိကာယ သာသနာပြုအဖွဲ့ ဒါယကာ ဒါယိကာမများကလည်း တိ = နိ ကျောင်းတိုက်နှင့် မန္တလေး ရန်ကုန် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်၌ သီတင်းသုံးကြသော အရှင်များအား ချမ်းသာစေရန်အတွက် ဘုရားလောင်း ဥပါသကာကဲ့သို့ပင် ကျောင်းတော်များ ညောင်စောင်းအဉ်းပျဉ်ကုလားထိုင် စားပွဲ ဖျာ သင်္ဘောလိပ်လွှင် ရေချိုးကန် သောက်သုံးရန် ရေတွင်း ရေကန်များ လမ်းလျှောက်စရာ စကြံ့လမ်းများ နာယက လမ်းမများ မဟာရာမ်တံတိုင်းများ ဘေးမဲ့ ကန်ဓော် ပန်း ဥယျာဉ်စသည်တို့သည် ဘုရားလောင်းတို့၏ အဆက်အနွယ်ကဲ့သို့ လှူဒါန်းမှု ပြုလေသည်။

ကျောင်းအပြီး အလှူများ

ဘုရားလောင်းဥပါသကာသည် ကျောင်းအပြီးဟွင် တောရကျောင်းနေ ကိုယ်တော်ကလေးအား တိစီဝရိက် သင်္ကန်း, ဆွမ်း, ဆေး, သုံးဆောင်စရာ ခွက်, အပ်, နဖား ထွင်းစူး၊ သင်တုန်းခဲ၊ လက်သည်းလှီးခဲ၊ သင်္ကန်းချုပ်စရာ အပ်၊ တောင်ဝှေး၊ ဖိနပ်၊ ရေဘူး၊ ဆီး၊ ဆီမီးခွက်၊ နဖာကလော်၊ ရေစစ်၊ ခဲမှုကရိက်ရေစစ်၊ သပိတ်၊ ခွက်၊ အခြားရဟန်းတို့ အသုံးအဆောင်မှန်သမျှ, ဘာမျှ မလှူသည် ဟူ၍ မရှိ အကုန်လှူတော့သည်။ ဘုရားလောင်း သီတင်းသည် ဒါယကာသည် တောရကျောင်းနေ မထေရ်အား ဓလှူ ဘူး သောရဟန်းပရိက္ခရာ မည်သည် မရှိပါပေ။

ဤနည်းတူစွာပင် တိပိဋ္ဌက = နိကာယ သာသနာပြုအာဖွဲ့နှင့် ဆရာတော်ဘုရားတို့မှာလည်း ကျောင်းနေရှင်သံဃာတော်များအား ဆွမ်း သင်္ကန်း ကျောင်းဆေးပစ္စည်းလေးပါးရဟန်းတို့နှင့်အပ်စပ်သော အသုံးအဆောင် ပရိက္ခရာမှန်သမျှကို ကျောင်းနေရှင်တို့အား ချမ်းသာပါစေခြင်း အကျိုးငှာ လှူဒါန်းမှု ပြုနေပါတော့သည်။

ဘုရားလောင်း သီတင်းသည် ဒါယကာသည် သီလစောင့် ဥပုသ်စောင့်ပြီး အသက်ထက်ဆုံး တောရကျောင်း ကိုယ်တော်လေးအား လုပ်ကျွေးတော့သည်။ တောကျောင်းနေ ထေရ်ရှင် ကိုယ်တော်လေးလည်း ဘုရားလောင်း ကျောင်းဒါယကာလူသော ကျောင်း၌ သီတင်းသုံးရင်း ရဟန်းတရား အားထုတ်လျှင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံကာ အုံဇာတ်သိမ်း၍ ချုပ်ငြိမ်းသွားပေပြီ။

ဤနည်းတူစွာမင် ဆရာတော်ဘုရား ဦးစီး တည်ထောင် ဖွင့်လှစ်သော တိ = နိ ကျောင်းတိုက်စသော ကျောင်းတော်များ၌ သီတင်းသုံး၍နေကြသော ထေရ်ရှင်တို့သည်လည်း မိမိတို့လိုလားသော စာပေ ပရိယတ်များကို သင်အံ လေ့လာကျက်မှတ်ကြပြီး လိုအပ်သော ပုန်းတိုင်သို့ ရောက်ရှိကာ လောကဓမ္မနှစ်ဝသော အကျိုးကို ကျင့်ကြံကြကာ သံသရာစဉ်မှ ထွက်ရာနိဗ္ဗာန်သို့ ရောက်အောင် ကျင့်ကြံရမည်သာ ဖြစ်ပါသည်။ ဘုရားလောင်း သီတင်းသည် ကျောင်းဒါယကာသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုများ ပြုကာ နတ်ပြည်၌ဖြစ်၊ နတ်ပြည်မှ စုတေကာ လူ့ဘုံလောကသို့ ရောက်လာကာ ကုသဝတီ မင်းနေပြည်၌ မဟာသုဒဿနမည်သော စကြာမင်းတရားကြီး ဖြစ်လာပါတော့သည်။

အမြဟ်ကြီး ညောင်စဉ်မှ လှူပြီး ညောင်ပင်ကြီးမှ အကျိုးရ

တောကျောင်းနေ ထေရ်ရှင်အား 'ပဏ္ဏသာလာ' ဟူသော သစ်ရွက်မိုး ကျောင်းကလေးကို လှူခဲ့ရသော

ကဲ့ဝင်းမှု၏ အကျိုးဆက်ကြောင့် ရှစ်သောင်းလေးထောင်သော မြို့များ၊ ရှစ်သောင်းလေးထောင်သော ပြာသာဒ်များ၊ ရှစ်သောင်းလေးထောင်သော 'ကူဋာဂါရသာလာ' ဟု ခေါ်သော စုလစ်မွှန်းခွန် အထွတ်တပ်သဲ့ စရပ်များ ရလေသည်။

တောကျောင်းနေ ကိုယ်တော်လေး ကျိန်းစက်ရန် ညောင်စောင်းအင်းပျဉ်ကို လှူခဲ့ရသော အကျိုးဆက်ကြောင့် ပလ္လင်ပေါင်း ရှစ်သောင်းလေးထောင် ရပါတော့သည်။

တောကျောင်းနေ ကိုယ်တော်လေးအား ထိုင်ဖို့ရန် အင်းပျဉ် လှူဒါန်းရသော အကျိုးဆက်ကြောင့် မဟာသုဒဿန စကြာမင်း ဖြစ် စဉ် ဘဝ မှာ ဆင်ရတနာအမှူးရှိသော ဆင်ပေါင်း ရှစ်သောင်းလေးထောင်၊ မြင်းရတနာအမှူးရှိသော မြင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရထားပေါင်း ရှစ်သောင်းလေးထောင် တို့ ဖြစ်လေသည်။

တစ်ခုသော ဆီမီးခွက်ကလေးလှူရသော ကောင်းမှုကြောင့် ပတ္တမြား ရတနာအမှူးရှိသောပတ္တမြားပေါင်း ရှစ်သောင်းလေးထောင်, ရပါတော့သည်။

တစ်ခုသော လေးထောင့် ရောကန်ကလေး လှူရသော အကျိုးဆက်ကြောင့် ဓမ္မပေါက်ဈေးအစရှိသော ရောကန်ပေါင်း ရှစ်သောင်းလေးထောင်, ရပါတော့သည်။

သုံးဆောင်စရာ ခွက်, သပိတ်, ရေသောက်ခွက်, ဓမ္မကရိုက်း, ရေစစ်, အဝတ်ရေစစ်, အနုပ်ဖားထွင်းစူး, ခေါင်း ရိပ် သင် တုန်းခဲ, လက် သည်း လှီး ဝါး, သံကောက်သော့၊ နဖာကလော်၊ ခြေပွတ်အိုးခြမ်း၊ မီနပ်၊ ယိုး၊ သူဆိုကိုင်တောင်ဝှေး စသော ရဟန်းပရိက္ခရာအသုံးအဆောင်များ အလှူဒါနကြောင့် စကြာမင်းဘဝတွင် သုဘဒ္ဒါဒေဝီ မိဖုရားအမှူးရှိသော မိဖုရားပေါင်း ရှစ်သောင်းလေးထောင်၊ သားကြီး ရတနာအမှူးရှိသော သားသမီးပေါင်း ရှစ်သောင်းလေးထောင်၊ သုက္ကြယ် ရတနာအမှူးရှိသော ဧသင်္ဃေး သုက္ကြယ်ပေါင်း ရှစ်သောင်းလေးထောင်ကို ရလေသည်။

"ဂေါရသဒါန" ဟူသော နွားနို့ လှူခဲ့ရသော ကောင်းမှုကြောင့် မဟာသုဒဿန စကြာမင်းဘဝတွင် နို့ညွှန်နွားမပေါင်း ရှစ်သောင်းလေးထောင်ကို ရလေသည်။

တိစီဝရိက်ဟူသော သံဃာ့နှုတ်အရံ ဒါနကြောင့် "စံတ္ထကောဋိ" ဟူသော ရှစ်သောင်းလေးထောင်သော အဝတ်ပုဆိုးများ ရလေသည်။

ဆွမ်းဒါနဟူသော ဘောဇနဒါနကြောင့် မဟာသုဒဿန စကြာမင်းဘဝတွင် ရှစ်သောင်းလေးထောင်သော ထမင်းအိုးများ ရလေသည်။

တိပိဋကဓရ = နိကာယသာသနာပြုအဖွဲ့၏ ဦးစီးနာယကဖြစ်သော်မူသော ဆရာတော်ဘုရားကြီး၏ လုပ်ငန်းရပ်တို့သည် ရှေးဘုရားလောင်း သူတော်ကောင်းတို့၏လမ်းရိုးစဉ်လာဖြစ်ပါသည်။မိမိတို့စွမ်းနိုင်သမျှ လှူဒါန်းကြသော အလှူရှင်တို့သည် မဟာသုဒဿန စကြာမင်းကြီးကဲ့သို့ ပထမဇော စေတနာမှစ၍ သတ္တမဇော စေတနာတိုင်အောင် စေတနာမှန်ပြီး မိမိတို့ဦးတည်ချက်မှန်ပါလျှင် မိမိတို့ ရည်မှန်း ထား သော အမတ မဟာနိဗ္ဗာန်သို့ ရောက်ကြရမည်မှာ အမှန်ပင် ဖြစ်လေသည်။ထို့ကြောင့် ကောင်းမှု၏တည်ရာ သီလဝန် သံဃာတော် ထေရိမွန်မြတ်များ၌ ဒက္ခိဏေယျဂုဏ် အလုံးစုံကို အာရုံကြည်ဖြူ လှူဒါန်းအပ်သော သုဂတိရောက်ကြောင်း၊ကောင်းမှု ကုသိုလ်မှန်သမျှသည် ဤသို့ မကြီးမကျယ် အနည်းငယ် ညောင်စေ့သဖွယ်ဖြစ်ငြား သော်လည်း ကြီးကျယ် ပွားစီး ညောင်ပင်ကြီးမျှ အကျိုးဖလကို ရနိုင်သည်။ ထို့ကြောင့် သဒ္ဓါရှေ့ထား ကြီးမားပညာ ကောင်းစွာမြင်သိ ပညာရှိသည် ဖြစ်ရာစဉ်ဆိုက် မပြတ်လိုက်သော အနာဂါမိမှန် ကောင်းမှုကဲ့ကို နောက်တွန့်မဆုတ် အားပါးထုတ်၍ လှူင်မြှုန်စွာ ပြုလုပ် လှူဒါန်းကြပါဟု တိုက်တွန်းလိုက်ပါသည်။

ဆောက်လုပ်စေနဆဲဖြစ်သော
နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်

ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်သည် ရန်ကုန်မြို့၌လည်း တစ်တိုက်ရှိလေသည်။ ဆောက်လုပ်ဆဲဖြစ်၍ အပြီးသို့ ရောက်ရန်လည်း ရှေးရှုနေပါသည်။ ကျောင်းတိုက်၏ ဆောက်လုပ်ပုံ အစီအစဉ်မှာ အတော်ပင် ကောင်းပါသည်။ ကမ္ဘာ့ တက္ကသိုလ်ကြီးများကဲ့သို့ စနစ်တကျ ဆောက်လုပ်ခြင်းဖြစ်ရာ အချို့ကျောင်းဆောင်များလည်း ပြီးစီးလျှို့ နေပါပြီ၊ အချို့ကျောင်းဆောင်တို့မှာ ဆောက်ဆဲပင် ဖြစ်ပါသည်။ကျောင်းတိုက်၏ ဆောက်လုပ်ပုံ အစီအစဉ် စနစ်ကျမှုသည် အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ သိမ်တော်ကြီးနှင့် မဟာနာယက လမ်းမကြီး
၂။ မဟာရာမ် တံတိုင်းနှင့် ကွန်ကရစ်လမ်းမကြီး လမ်းသွယ်များ
၃။ နာရီစင်ကြီး
၄။ မျော်စင်နာရီကြီး
၅။ ရေစက် ရေစင် ရေလှောင်ကန်
၆။ မော်ကွန်းတိုက်
၇။ မင်းကွန်း တိပိဋကဓရ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး၏ ကြေးသွန်းရုပ်တုတော် ထားရှိရန် အဆောင်
၈။ ပင်မ မဟာမုခ် ဦးကြီး
၉။ မုခ်ဦးယံများ၊
၁၀။ မိုးကုတ်ဆွမ်းစားကျောင်း(ဆွမ်းစားကျောင်း အမှတ် ၁)
၁၁။ ဆွမ်းပြင်ဆောင် အမှတ် ၁
၁၂။ ဆွမ်းချက်ဆောင် အမှတ် ၁
၁၃။ ဓမ္မာသာလာ အမှတ် ၁
၁၄။ မြိတ်ဆွမ်းစားကျောင်း (ဆွမ်းစားကျောင်း အမှတ် ၂)
၁၅။ ဆွမ်းပြင်ဆောင် အမှတ် ၂
၁၆။ ဆွမ်းချက်ဆောင် အမှတ် ၂
၁၇။ ဓမ္မသာလာ အမှတ် ၂
၁၈။ နာယက ဆရာတော်နှင့် နာယက ဆရာတော်များ သီဘင်းသုံးသည့် သုံးထပ်တိုက်ကျောင်း
၁၉။ ကထိကနှင့် လက်ထောက် ကထိကများ သီတင်းသုံးသည့် သုံးထပ်တိုက်ကျောင်း၊
၂၀။ သုတ္တန်၊ဝိနည်း၊အဘိဓမ္မာ မဟာဌာန သုံးထပ်တိုက်ကျောင်း၊
၂၁။ အင်္ဂလိပ်၊ မြန်မာ၊ ပါဠိစာပေ မဟာဌာန သုံးထပ်တိုက်ကျောင်း
၂၂။ ပိဋကသမိုင်း မဟာဌာန ကျမ်းပြုမဟာဌာန၊ ဥပမာ စည်းဝေးရာ မဟာဌာန သုံးထပ်တိုက်ကျောင်း
၂၃။ မဟာမုခ် ဦးဆောင်
၂၄။ စာကြည့်တိုက်
၂၅။ ဓမ္မဘဏ္ဍာဂါရ သုံးထပ်တိုက်ကျောင်း
၂၆။ မဟာဥယျာဉ်တော်ကြီး
၂၇။ မဟာဘေးမဲ့ ကန်တော်ကြီးနှင့် ဗုဒ္ဓဆင်းတုတော်နှင့် မုစလိန္ဒာ နဂါးရုပ်တု
၂၈။ စာသင်သား သံဃာတော်များ သီတင်းသုံးရန် သုံးထပ်တိုက်ကျောင်း ၁၄ဆောင် (ဝိဇ္ဇာလယတိုက်ကျောင်း)
၂၉။ အာဂန္တု သံဃာတော်များ ကုဋီစသော ဤအဆောက်အဦးများသည် ဆောက်လုပ်ပြီးကျောင်း အဆောက်အဦးများ ရှိနေသလို ဆောက်လုပ်ဆဲ ကျောင်း ဆောင်များ လည်း ရှိပြီး ဆောက် လုပ် လ တံ့ ကျောင်း ဆောင်များလည်း ရှိနေပေသည်။မကြာမီ ပြီးမြောက် အောင်မြင်မည်ဟု ခန့်မှန်းရပေသည်။

အလှူရှင်လိုအပ်သော အဆောက်အဦးများ

ဤအဆောက်အဦးများသည် "ပွင့်လုနီးနီးဖြစ်သော ငုံနေသော ပဒုမ္မာကြာတို့သည် ပွင့်မည့်အချိန် နေရောင်ခြည်အတွေ့ကို မျှော်နေသကဲ့သို့" ဤအတူ ဆောက်လုပ်မည့် ကျောင်းဒါယကာကို မျှော်လင့်နေသော အဆောက်အဦးများလည်း ရှိနေပေသေးသည်။ ယင်း အဆောက်အဦးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဘဏ္ဍာဂါရ သိုလှောင်ကျောင်း နှစ်ကျောင်း
၂။ လူပူဂ္ဂိုလ်များအတွက် ရေအိမ်သာ
၃။ မော်တော်ကား ထားရန် ကားရုံ
၄။ ဆောက်လုပ် ထိန်းသိမ်းရေး ပစ္စည်းများထားရန် ဂိုဒေါင်
၅။ အုပ်ချုပ်ရေးအတွက် လူနေအိမ်များ
၆။ အုပ်ချုပ်ရေးဆောက်လုပ်ရေး ထိန်းသိမ်းရေး အဖွဲ့ရုံး အဆောက်အဦး
၇။ ဝန်ထမ်း လုပ်သားများအတွက် နေအိမ်များ
၈။ ဗဟိုလျှပ်စစ်ဓာတ်အားဖြန့်ရုံ လျှပ်စစ်မီးသွယ်ရန် အဆောက်အဦး
၉။ သာသနာ့ တက္ကသိုလ်နယ်မြေအတွင်းနှင့် လမ်းများတွင် လျှပ်စစ်မီးသွယ်ရန်တို့အတွက် အလှူရှင်များ လိုနေပေသေးသည်။

ကြည်လင်သဒ္ဓါ ရွှင်ပြပါသော တိုင်းသား ပြည်သူတို့ ကြည်ဖြူရွှင်လန်းသော သဒ္ဓါတရားများ တိုးပွားစေရန် ရည်သန်၍ ဤဆောင်းပါးတွင် ထည့်သွင်းရေးရပေသည်။ ဆရာဒကာတို့ လက်တွဲ ညီညာလျှောက်မှ သာသနာတော်ကြီးသည် တည်တန့် အရှည်ခံမည် ဖြစ်ပါသည်။

ဤကျောင်းတော်ကြီးများ ဆောက်လုပ် ပြီးခါနှင်း၌ လည်း ကျောင်းအလှူသာမက သင်္ကန်း ဆွမ်း ဆေးဟူသော ပစ္စည်းများ ဝိနည်းသာသနာနှင့်ညီစွာ အပ်

စပ်သော ပစ္စည်းများဇည်း လိုအပ်နေပေသည်။ ထို ပစ္စည်းများကိုလည်း ကျောင်း ဒါယကာများ သည် ကျောင်းအလှူသာမကပဲ ပစ္စည်းလေးပါးလုံးပင် ဒါယကာအဖြစ် ခံယူကာ ဥပဋ္ဌာကအဖွဲ့လည်း ဖွဲ့သင့်လှပေသည်။

ဥပဋ္ဌာကအဖွဲ့ရှိမှသာလျှင် ကျောင်းနေ အရှင်တို့ ပစ္စည်းလေးပါး မငြိုငြင်ဲ မပင်ပန်းပဲ ရွှင်လန်းစွာ သာသနာပြဟ္မစရိယ မဂ္ဂပြဟ္မစရိယဟူသော သာသနာတော်ကို ကြိုးစားအားထုတ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

သင်္ကန်း ဆွမ်း စသော ပစ္စည်းများ ပြည့်စုံအောင် လုံ့လပြုနေရပါလျှင် အားထုတ်ရမည့် ပရိယတ္တိ စာပေ နှောင့်နှေးနေမည် ဖြစ်ပေသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးနှင့် သာသနာပြုလုပ်နေး ကို အောင်မြင်ရေး ရှေးရှုပြီး ပါရမီဖြည့်ဘက်ဖြစ်သော တိုင်းနိုင်ငံရှိ တပည့် ဒါယကာများအား တိပိဋကက = နိကာယ သာသနာပြုအဖွဲ့နှင့် ဥက္ကဋ္ဌဆရာဝန်ကြီး ဦးသာလှ ခေါင်းဆောင်သော အဖွဲ့က သဒ္ဓါတရား ပေါ်ပေါက် လာစေရန် နှိုးဆော်ထားကြောင်း ဤဆောင်းပါးတွင် ထည့်သွင်း ရေးသားရပေသည်။

ပရိယတ္တိသာသနာတည်တံ့ရေး

ပရိယတ္တိ သာသနာတော်၏ နောင်ရေးကို မြော်တွေးတော်မူသော ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကရေ ဆရာတော်ဘုရားသည် ၁၃၄၀ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့၌ပင် တိပိဋက = နိကာယ ကျောင်းတိုက်ကြီး စတင်ဖွင့်လှစ်ရာ ၁၀ နှစ်တာပင် ရှိပါပြီ၊ ဆရာတော်ဘုရား၏ တိပိဋက = နိကာယ သာသနာပြုလုပ်နေးကြီးကား အတော်ပင် အောင်မြင်မှုမရှိခဲ့ပါလျှင် ပရိယတ္တိစာပေများကို ဆောင်နိုင်ဖို့ မလွယ်ကူပါပေ၊ ပရိယတ္တိ သာသနာတော်၏ ဆုတ်ယုတ်မှုသည် ပစ္စည်းလေးပါးကို ဒါယကာတို့ မလှူနိုင်ခြင်းကြောင့်ပင် ဆုတ်ယုတ်ရခြင်းဖြစ်သည်။

ပစ္စည်းလေးပါး လှူဒါန်းနိုင်သော ဒါယကာတို့ မရှိသောကြောင့် ကျောင်းတိုက်တာ ဆရာတော်များ သည် ပစ္စည်းလေးပါးဖြင့် ငြိုငြင် ပင်ပန်းမှုကြောင့် စာသင် သံယာတော်တို့ မပွားများနိုင်၊ စာသင်သံယာများမရှိ၍ စာပေပို့ချမှုမရှိတော့၊ စာပေပို့ချမှု မရှိပါလျှင် တစ်ဖြေးဖြေး၊ ပရိယတ္တိသာသနာ ဆုတ်ယုတ်ရမည်မှာ မုချဖြစ်လေသည်၊ ထိုအကြောင်းကို မြင်တော်မူသော တိပိဋကရ ဆရာတော်ဘုရားသည် တိပိဋက-နိကာယသာသနာပြု အဖွဲ့ကြီးဖွဲ့စည်းကာ တိပိဋကရေပုဂ္ဂိုလ်များ ပေါ်ထွန်းရေးအတွက် ပစ္စည်းလေး ဒါယကာတို့ အများအပြား ပေါ်ပေါက် လာရာမှစ၍-နိကာယ်ဆောင်ပုဂ္ဂိုလ်များ၊ ဒွိပိဋကရပုဂ္ဂိုလ်များ ပေါ်ထွန်းလာရခြင်းသည် တိပိဋက = နိကာယသာသနာပြုအဖွဲ့ကြီး၏ ပထမဆုံးအောင်မြင်မှုပင် ဖြစ်ပါတော့သည်၊ တိ = နိသာသနာပြုအဖွဲ့နှင့် တိ = နိကျောင်းတိုက်သည် အတော်ပင်အသားကျ၍ နေချိန်၌ပင်

ပရိယတ္တိတက္ကသိုလ်

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့က ချမှတ်သော ပညာရေးမူအရ ပရိယတ္တိ စီမံကိန်းအတွက် ကျောင်း အဆောက်အဦးများ ပြည့်စုံရေးကိုလည်း မင်းကွန်း တိပိဋကရေ ဆရာတော်ဘုရား ဦးဆောင် ပဓာန နာယကအဖြစ် ဆောင်ရွက်တော်မူသော တိပိဋက = နိကာယ သာသနာပြုအဖွဲ့ကြီးကိုပင် ကျောင်းတော်များ ပြီးမြောက်ရေးတာဝန် ပေးပါသည်။

ဆရာတော်ဘုရားနှင့် အဖွဲ့ကလည်း ကျလာသော တာဝန်ကို မငြင်းပါဘဲ ကြည် ကြည် ဖြူ။ ဖြူ။ ပင် "သမ္မဒ္ဓိစ္ဆာမိ မတ္ထကေ" ဟူသကဲ့သို့ပင် ကြည်လင်ရွှင်ပြဦးထိပ်တင်ကာ လက်ခံခဲ့ပါသည်။ လက်ခံသည့် အားလျော်စွာပင် ယခုအခါ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများမှာ ရန်ကုန်မြို့မှာ တစ်တိုက်၊ မန္တလေးမြို့မှာ တစ်တိုက် ဆောက်လုပ်နေသည်မှာ အတော်ပင် အောင်မြင်နေပါတော့သည်။

ပရိယတ္တိလုပ်ငန်းမှာ အတော်ပင် တွင်ကျယ်လာပါပြီဟု ဆိုရပါတော့မည်၊ ပြီးရန်သို့လည်း ရှေးရှည်ဦးတည်နေပါပြီ။ မိုးမိတ်ကုန်းမြေနှင့် မန္တလေး ရန်ကုန် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကျောင်းတိုက်တို့အတွက် ဆိုပါလျှင် ဒါယကာဒါယိကာမများကလည်း ရက်ရက်ရောရောနှင့်ကြွေးလှူဒါန်း ကြည်ညိုသည်ကို တွေ့မြင်နေရပါသည်။ ပရိယတ္တိတက္ကသိုလ်အတွက် ရေစက်ချပွဲများ အတွက်ဆိုပါလျှင် ဆရာတော်ဘုရားသည် မောပန်းသည်ဟုပင် မထင်မိပါ။ သက်တော်ပင်ကြီးသော်လည်း ပရိယတ္တိဘက္ကသိုလ်အတွက် ရေစက်ချပွဲများနှင့် မူးမြင်ရသည့်အခါတိုင်းများပင် ဆရာတော်ဘုရား၏ ရုပ်သွင်တော်ကား ကြည်လင်ရွှင်လန်း၍ နေပေသည်။

"ငါသည် သာသနာတော်အတွက် ဆောင်ရွက်နေသည်၊ ငါ၏ အသက်ရှည်မှုသည် သာသနာတော်

အဝေါဒိမင် အပ်နှင်းခဲ့ထားမည်၊ သာသနာတော်ဟူသော လဲလျောင်းရာရှိသည်" ဟု နှလုံးသွင်းကာ ငယ်ရပ်အသွင်တော်ကလေးပင် ပေါ်၍နေသည်ဟု ဖူးမြင်ရသူတို့ ထင်မိလေသည်။

ဆရာတော်ကို ဖူးမြင်ရသူတို့မှာလည်း ဆရာတော်ဘုရား၏ မေတ္တာအေးရိပ်အောက်တွင် ခိုလှုံမိလိုက်လျှင်ပင် အေးမြသွားသည်ဟုပင် ထင်မိပါတော့သည်။ မိုးရေနှင့်တွေ့သော သစ်ပင်ကလေးများသည် ငွေါးငွေါးစွင့်စွင့် အပွင့် ခက် လက်တို့ဖြင့် စိမ်းလန်းစိုပြည် နေသကဲ့သို့ပင် ဤအတူဆရာတော်ဘုရား၏ မေတ္တာအေးရိပ်အောက်တွင် ရောက်လာသော ပရိသတ်အားလုံးတို့သည် ခရီးသွားမှု အဝေးမှ လာရမှုဟူသော ပင်ပန်းမှုတို့ ပျောက်ပျက် သွားပါတော့သည်။ ဆရာတော်ဘုရား၏ မေတ္တာကား ဤမျှ ကြီးမားလှပါပေသည်။

ပရိယတ္တိ ရေစက်ချပုံများသို့

ဆရာတော်ဘုရားသည် ပရိယတ္တိတက္ကသိုလ် ကျောင်းတိုက်ကြီး အောင်မြင်ရေး ပြီးမြောက်ရေးအတွက် တိုင်းအနှံ့နှံ့ ပြည်နယ်အစုံစုံ အဖုံဖုံ ကြွတော်မူကာ ရဏားယာဉ်ကတမျိုး ကားယာဉ်ကတဖုံ အစုံစုံသော သင်္ဘောယာဉ်တို့ဖြင့် ပရိယတ္တိ သာသနာတော်ကြီး အတွက် ခရီးဒေသစာရီ ကြွတော်မူရပေသည်။

ကြွတော်မူသော ဆရာတော် ဘုရား၏ တပည့်ဒကာများ ဖြစ်သော တိ = နိ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှသည်လည်းကောင်း၊ တိ = နိသာသနာပြုအဖွဲ့ ရန်ကုန်ဌာနခွဲ အကျိုးတော်ဆောင် ဦးမောင်မောင်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ ဦးစောလှိုင်စသော ဒါယကာများလည်း လိုက်ပါရလေသည်။

အထူး စိတ်ဝင်စားဘွယ် ကောင်းသော မြို့မှာ စစ်ကိုင်းတိုင်း ကလေးမြို့ပင်ဖြစ်ပါသည်။ ကလေးမြို့ဆိုသည့်အတိုင်း ဆရာတော်ဘုရားနှင့် အဖွဲ့အား ကြိုဆိုရေးမှာ ကလေးများပင် ဖြစ်ပါသည်။ ကလေးများကို တန်းစီပြီး ကလေးများကို ပမာန ထားကာ ဆရာတော် ဘုရားကြီးနှင့် အဖွဲ့အား ကြိုဆိုသောဟူသတတ်။ ပရိယတ္တိတက္ကသိုလ်အတွက် ကြွရသောမြို့မှာ စစ်ကိုင်းတိုင်းကလေး၊ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ မိုးတား၊ ကသာ၊ အင်းတော်၊ မဲဇာ၊ မန်လည်၊ မန္တလေးတိုင်း မြို့နယ်များ၊ ရှမ်းပြည်နယ် တောင်ပိုင်း မြောက်ပိုင်း ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ချင်းဝိသေသတိုင်း ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူ၊ မကွေးတိုင်း မြို့နယ်များ။ ပဲခူးတိုင်းမြို့နယ်များ၊ ရောဝတီတိုင်းမြို့နယ်များ။ မွန်ပြည်နယ် တနင်္သာရီတိုင်း မြို့နယ်များစသောတိုင်းအနှံ့နှံ့ မြည်နယ်အစုံစုံ အဖုံဖုံကြွတော်မူကာ ကားယာဉ် ရထားယာဉ်မျိုးစုံတို့ဖြင့် ဆရာတော်ဘုရားသည်လည်းကောင်း၊ ဆရာဝန်ကြီး ဦးသာလှနှင့် အဖွဲ့သည်လည်းကောင်း၊ ပရိယတ္တိ သာသနာတော်အတွက် ဆရာ–ဒကာတို့ မမောနိုင် မပန်းနိုင် ကြွတော်မူကာ ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးနှင့် စပ်ဆိုင်သော အကြောင်းအရာ တရားဒေသနာတော်များ ဆုံးပါလျှင် ရေစက်ချ။ ရေစက်ချပြီးသောအခါ ပြည်နယ်တိုင်း အသီးသီးမှတိုင်းကောင်စီ ဥက္ကဋ္ဌများက အထူးကု ဆရာဝန်ကြီးဦးသာလှလက်သို့ ပရိယတ္တိတက္ကသိုလ်များ ဆောက်လုပ်ရေးအတွက် နဝကမ္မဝတ္ထု ငွေများကို ကပ္ပိယကာရကအဖြစ် အပ်နှင်းကာ လှူဒါန်းလေသည်။

ဆရာတော်ဘုရားသည် မြန်အောင် ကြံခင်း၊ ဟင်္သာပုသိမ်စသော မြို့များသို့ ပရိယတ္တိခရီးမှ ပြန်ကြွတော်မူကာ ရန်ကုန်တွင် ခေတ္တနားပြီး ချင်းပြည်နယ် ခရီးသို့ ပရိယတ္တိသာသနာတော်အတွက် ကြွရပေသည်။ ဤသို့ ပရိယတ္တိ သာသနာတော် တိုးတက်စည်ပင် ပြန့်ပွားရေးကို ဆောင်ရွက်တော်မူသော ဆရာတော်ဘုရား၏ သမ္မာဆန္ဒတော်ကား အလွန်ပင်အံ့သြစရာ ကြည်ညိုလေးစားစရာ ကောင်းသလိုပင် မြို့ကြီးပြကြီးမှာနေ၍ မိမိတို့ အိမ်ပစ်ရာပစ် ပစ်ပြီး ဆရာတော်၏ ပါရမီဖြည့်ဘက်ကဲ့သို့ဖြစ်သော ဆရာဝန်ကြီး ဦးသာလှသည်လည်းကောင်း၊ ဦးစောလှိုင်၊ ဦးမောင်မောင်ကြီး၊ ဦးစွန်ဦးလှမောင်စသော အဖွဲ့ ဒါယကာကြီးများသည်လည်းကောင်း ပရိယတ္တိခရီးမှ ပြန်လာချိန် သူတို့၏ ရုပ်သွင်မျက်နှာတို့ကား ကြည်လင်ရွှင်ပြနေသည်ကိုသာတွေ့ရလေသည်။ ပင်ပန်းသောလက္ခဏာကား မတွေ့ရပေ။ ထို့ကြောင့် ပရိယတ္တိ သာသနာတော်ကား နေဝါလဝန်း ထွန်းပတော့မည်ဟု ဆိုရပါတော့မည်။

တိဝိဋ္ဌက = နိကာယနှင့် ဆက်နွယ်လျက်ရှိသော တက္ကသိုလ်များ

ဤနေရာ၌ တိ = နိ သံဃာတော်များ၏ သမိုင်းဝင်ဖြစ်ပုံကိုလည်း ဖော်ပြရပေမည်။ သမိုင်းဝင်ဖြစ်ရပုံကို မေ့ပျောက် တိမ်မြုပ်ထား၍မရပါပေ။ တိ = နိ သံဃာတော်များသည်။ တက္ကသိုလ်များ၏ အမွန်အစ ပုဂ္ဂိုလ်များဟုဆိုလျှင် လွဲမည်မထင်ပါပေ၊ ဘုံကြောင့်ဆိုသော်

မှန်းပရိယတ္တိတက္ကသိုလ် မြေနေရာ သန့်ရှင်းရန်အတွက် မှန်ကျောင်းတော်ကြီး အလယ် နေရာတွင်လည်း ဤတိ = နိ သံဃာတော်တို့ ပရိတ်ရွတ်ခြင်း၊ ဆရာတော် ဘုရားက နှစ်ကျိပ်ရှစ်ဆူ ဘုရားများ၏ ကမ္မအနန္တရာယိက ကမ္မဝါစာရွတ်ခြင်းပြုပေသည်။ သိမ်သမုတ်ရန်အတွက် သိမ်နှုတ်ရာဌာနလည်း ညနေပိုင်း လေးညတောင် သွားရှုနှုတ်ရပေသည်။

သိမ်သမုတ်ချိန်ကား တပေါင်း လပြည့်နေ့ဖြစ်ပြီး နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ ပါဝင်ကာ တိ = နိသံဃာတော်တို့နှင့်အတူ သိမ်သမုတ်ရပေသည်။ အရှေ့အရပ်မျက်နှာဌာန နိမိတ်စောင့်ကား အရှင်ဓကာဝိဒ(ဒီဃနိကာယကောဝိဒ)၊အရှေ့တောင်တောင့် အရပ်၌ အရှင်ဥယျာနန္ဒ (ဝိနယဓရ) စသည်တို့ ဖြစ်လေသည်။

"ပုရိတ္တိမာယ ဒိသာယ ကိုဴ နိမိတ္တံ" ဟု လည်းကောင်း၊ ပဲခူးမြို့မ ဆရာတော်ဘုရားကြီးက "အာဝုသော နိမိတ္တိပါလက ပုရတ္ထိမာယ ဒိသာယ ကိဴနိမိတ္တံ" ဟုလည်းကောင်း၊ ခြင်းခြံ ကိုးဆောင် ဆရာတော်ဘုရားက "အာဝုသော နိမိတ္တပါလက ပုရတ္ထိမာယ ဒိသာယ ကိဴ နိမိတ္တံ" ဟု လည်းကောင်း မေးလေရာတွင် နိမိတ်စောင့်အရှင်က "ပါသာဏော ဘန္တေ = ကျောက်နိမိတ်ပါတော့ရား" ဟု လျှောက်ထားရပေသည်။

သုဘဒ္ဒါအဆောင် ရောက်ရာ၌ မြေ သန့်ရှင်းခြင်း၊ မန္တလေးတိပိဋကက ကျောင်းတော်ဆောက်မည့် နေရာ၌ မြေသန့်ရှင်းပရိတ်ရွတ်ရာ၌လည်း ဤတိ = နိသံဃာတော်များပင် ဖြစ်လေသည်။ ရန်ကုန်ပရိယတ္တိတက္ကသိုလ် စတင်ဆောက်ရန် မြေနေရာ သန့်ရှင်းရာ၌လည်း ဤတိ = နိသံဃာတော်များပင် ဆောင်ရွက်သည်ဖြစ်သောကြောင့် တိပိဋက = နိကာယနှင့် ရန်ကုန် ပရိယတ္တိတက္ကသိုလ်တို့၏ အမွန်စကား ဤ တိ = နိသံဃာတော်များပင်ဖြစ်၍ သမိုင်းဝင်အဖြစ် မှတ်တမ်းတင်သင့်လှပေသည်။

မန္တလေးမြို့ ဓိဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး

"ယော ဘိက္ခု ပံ ဥပဋ္ဌဟေယျ၊ သော ဂိလာနံ ဥပဋ္ဌဟေယျ" ဤ သာသနာတော်၌ ဘုရားရှင်သည် မကျန်းမာသော ဂိလာနရဟန်းများကို အထူးဂရုပြုတော်မူသည်၊ ဘုရားရှင် ကိယ်တော်တိုင်လည်း ပြုစုတော်မူလေသည်၊ [illegible]နောက် ရဟန်းတော်တစ်ပါး ဝမ်းလျှောသားစနာ ဖြစ်ပေသည်။

ရဟန်းတော်ကလေးသည် သူ၏ ကျင်ကြီးကျင်ယဉ် ၌ပင် လည်းလျောင်းနေချိန် ဘုရားရှင်သည် အာနန္ဒာနှင့်အတူ ကျောင်းစဉ်လှည့်လည်ရာ ယင်း ဂိလာန၏ ကျောင်းသို့ရောက်လေသည်။ ဘုရားရှင်က ကျင်ကြီးကျင်ယဉ်၌ လဲလျောင်းနေသော ရဟန်းတော်လေးကို မြင်တော်မူလေ့လျှင် ထို ရဟန်းတော်လေးကို ဘုရားရှင်က—

"ချစ်သားရဟန်း သင့်မှာ ဘာရောဂါနည်း" မေးတော်မူလေသည်၊ ရဟန်းတော်လေးက ဘုရားရှင်ကို—

"ကုစ္ဆိဝိကာရဟုခေါ်သော ဝမ်းလျှောနာ" ဟု လျှောက်လေသည်။

ဘုရားရှင်က "ချစ်သားရဟန်း သင့်မှာ လုပ်ကျွေးမည့် ဥပဋ္ဌာကရဟန်း ရှိပါသလော့" ဟု မေးတော်မူလေလျှင်၊ မရှိကြောင်းပါ ဘုရား' ဟု လျှောက်ထားလေသည်။

ရဟန်းတွေက သင်ချစ်သားကို ဘာပြုလို့ မလုပ်ကျွေးကြပါသနည်း" ဟု မေးတော်မူလေလျှင် ရဟန်းတော်ကလေးက ရှင်တော်ဘုရား တပည့်တော်သည် ရဟန်းတော်များအပေါ် လုပ်ကျွေးခြင်းကို မပြုခဲ့သောကြောင့် ရဟန်းတော်များက တပည့်တော်အား မလုပ်ကျွေးခြင်း ဖြစ်ပါ၏ဟု လျှောက်လေသည်။

ဘုရားရှင်ဓိန့်တော်မူ

"အာနန္ဒာသွား ချေ၊ ရေကိုဆောင်ယူခဲ့ပါ' ဤဂိလာနရဟန်းကို ရေချိုးပေးကြအုံ" ဟု ဘုရားရှင်က အရှင်အာနန္ဒာအား မိန့်လေလျှင် "ကောင်းပါပြီ ရှင်တော်ဘုရား" ဟု ဝန်ခံတော်မူကာ အရှင်အာနန္ဒာ ရေကို ဆောင်ယူခဲ့တော့သည်။

ဘုရားရှင်က ရေဆောင်းတော်မူသည်၊ အရှင်အာနန္ဒာက ရဟန်းတော်ကလေးကို ဆေးကျောပေး၏၊ ဘုရားရှင်က ဦးခေါင်းကိုင်ကာ အရှင်အာနန္ဒာကလည်း ခြေထောက်မှ မကာ ညောင်စောင်းယဉ်ပေါ်၌ လျောင်းစေပါသည်၊ ဘုရားရှင်သည် ရဟန်းတော်အားလုံးကို စည်းဝေးစေကာ မိန့်တော်မူသည်။

သင်ချစ်သားတို့ ဒိဘဗျာဒအန်းအနားမရှိ

ချစ်သားရဟန်းတို့ သင်တို့မှာ ဒိဘဗျာဒအန်းအနား မရှိကြပေ၊ သင်တို့သည် အချင်းချင်း ဂိလာနဖြစ်ဖို့နှင့် မပြုစု မလုပ်ကျွေးသော် သင်ချစ်သားတို့ကို မည်သူက ပြုစုလုပ်ကျွေးမည်နည်း၊ ချစ်သားတို့၊ အကြင်ရဟန်း သည် ငါ့ဘုရား [illegible] (ဆုံးမကံ ဒုစရိုက်)

မင်းကွန်းတိဝိဒကရ ဆရာတော် ဘုရားကြီး၏

သြဝါဒ

မလှုရဖူးသေးသော

အလှူကိုပေးလှူရခြင်းကြောင့်

မရဖူးသေးသော

ကုသိုလ်ထူး ကို

ရရှိနိုင်ပါသည်။

ဓမ္မစေတီ ဂုဏ်ရည်ပြည့်ဝမ်း
အံ့ဖွယ်သည့် ထူးဆန်းစံတင် ဘေရိအင်္ဂါ

သီဟဇေဋ္ဌ

အခါတစ်ပါးဌ္ဌ ဘုရားရှင် လက်ထက်တော်က ဗြာဟ္မဏ တစ် ယောက် သည် ဘုရား ရှင် အား လျှောက်ထားသည်မှာ–

ဗြာဟ္မဏ ။ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် ဘုရား ရတနာ၊သံဃာ ရတနာတို့ကို ကိုးကွယ် ပူဇော်ရပါသော်လည်း တရား ရတနာကို မကိုးကွယ် မပူဇော် ရသေးပါ၊ တရား ရတနာကို ဘယ်လိုလုပ်၍ ကိုးကွယ် ပူဇော်ရပါမည်နည်း ဘုရား။

ဘုရားရှင် ။တရား ရတနာကို ကိုးကွယ် ပူဇော်လိုလျှင် ဒုက္ခ လွတ်မြောက်ရေးအတွက် ဟောကြားထားသော ငါဘုရား၏ ပိဋကတ်တော်ကို အာဂုံနှုတ်တက်ရအောင် ဆောင်ထားသူအား တရား ရတနာကို အာရုံပြု၍ကိုးကွယ်ပူဇော်လော့''ဟု မိန့်ကြားတော်မူ၏။

အထက်ပါ ဒေသနာတော်အရ ဒုက္ခမှ လွတ်မြောက်ရေးအတွက် ဟောကြားထားသော ဘုရားရှင်၏ ပိဋကတ်တော်ကို အာဂုံနှုတ်တက် ဆောင်ထားသူသည် ဓမ္မစေတီ မည်၏ မှတ်ယူရပေသည်။

ထိုပုဂ္ဂိုလ်မျိုးအား တရား ရတနာကို အာရုံပြု၍ ကိုးကွယ် ပူဇော် ကြသူတို့ကိုလည်း ဓမ္မ စေတီကို ကိုးကွယ်ပူဇော်ကြသူတို့ဟူ၍ မှတ်ယူထိုက်ပေသည်။

ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ရဟန်းတော် အစဉ်အဆက်တို့က ပရိယတ္တိ သာသနာ ပိဋကတ်တော်များကို နှုတ်တက် အာဂုံ ဆောင်လာတော်မူကြ၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး ၃ လ အကြာတွင် အရှင်မဟာ ကဿပ ကြီးမှူးလျက် ပထမ သံဂါယနာကို ရဟန္တာ ၅၀၀ တို့ အာဂုံ ရွတ်ဆိုကာ ဓာတ်တော်မူခဲ့သည်။

နောက် သာသနာတော် နှစ် ၁၀၀ တွင် အရှင် ယသ မထေရ် ကြီးမှူးလျက် ကာလာသောကမင်း၏ ထောက်ပံ့မှုဖြင့် ရဟန္တာ ၇၀၀ တို့ နှုတ်တက် အာဂုံ ရွတ်ဆိုကာ ဒုတိယ သံဂါယနာ တင်တော်မူခဲ့သည်။

သာသနာတော် ၂၃၅-နှစ်တွင်လည်း ဓမ္မာသောကမင်း လက်ထက်တွင် အရှင် မောဂ္ဂလိပုတ္တတိဿ မထေရ် ကြီးမှူးလျက် ရဟန္တာ ၇၀၀၀ တို့ နှုတ်တက် အာဂုံ ရွတ်ဆိုကာ တတိယ သံဂါယနာ တင်တော်မူခဲ့သည်။

ထို့နောက်ဘွင်ကား သာသနာတော်နှစ် ၄၅၀ တွင် သီဟိုဠ်ကျွန်းတွင် ဝဋ္ဋဂါမဏိမင်း လက်ထက် ရဟန္တာ ၅၀၀ တို့က နောင်ကာလကြာလတ်သော် ပိဋကတ်အာဂုံဆောင်နိုင်မည့် ပုဂ္ဂိုလ်များ ရှားပါးလာမည်ကို မြော်မြင်တော်မူ၍ ပရိယတ္တိ သာသနာတော် အရှည် တည်တံ့စိမ့်သောငှာ အဋ္ဌကထာနှင့် တကွ ပိဋကတ်သုံးပုံ ပါဠိတော်များကို ပေထက် အက္ခရာတင် ရေးသားလျက် စတုတ္ထ သံဂါယနာ တင်တော်မူခဲ့ကြသည်။

သီဟိုဠ်ကျွန်းမှာ မဟာနာဂမင်း လက်ထက် သာသနာတော်နှစ် ၉၃၀ တွင် အရှင် မဟာဗုဒ္ဓ ဃောသ သီဟိုဠ်သို့ ကြွသွားတော်မူပြီး သီဟိုဠ် အက္ခရာဖြင့် ပေထက် အက္ခရာတင်၍ ရှိနေသော ပိဋကတ်တော်များကို မာဂဓ ဘာသာဖြင့် ရေးသားလျက် ဆောင်ကြဉ်းတော်မူလာ၍ မြန်မာနိုင်ငံသို့ ပိဋကတ်တော်များ ရောက်ရှိလာခဲ့၏။

မြန်မာနိုင်ငံတွင် မင်းတုန်း ဘုရင် လက်ထက် သာသနာသင်္ကရာဇ် ၂၄၁၅-ခုနှစ်မှာ ပိဋကတ်တော်များကို ကျောက်ထက် အက္ခရာတင် ရေးထွင်းလျက် ပဉ္စမ သံဂါယနာ တင်ခဲ့တော်မူခဲ့သည်။

ဤအချိန်မှာကား ပိဋကတ်ကို အာဂုံဆောင် ပုဂ္ဂိုလ်များ ကမ္ဘာတစ်ဝှန်း ရှားပါးလှဘိ၏။ အိန္ဒိယ၊ သီဟိုဠ်၊ ယိုးဒယား၊ မြန်မာ ဘယ်နိုင်ငံမှာမှ မရှိကြပေ။

သာသနာတော် ၂၄၉၀-ခုနှစ်မှ စ၍ မြန်မာနိုင်ငံမှာ ဆဋ္ဌသံဂါယနာတင်ရန် ကြံစည်ကြိုးပမ်းကြရာ ပိဋကတ်သုံးပုံ အာဂုံဆောင် ပုဂ္ဂိုလ်များ ပေါ်ထွက်လာပါစေတော့ဟု အာရုံပြုကာ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ သာသနာရေး

ဌာနက တိပိဋကဓရ စာမေးပွဲများကို ကျင်းပလာခဲ့၏။

တိပိဋကဓရ စာမေးပွဲ ကျင်းပ၍ ၁၀ နှစ်မြောက်တွင်ကား ပိဋကသုံးပုံအာဂုံဆောင် ပုဂ္ဂိုလ်ထူး တစ်ပါး ထူးထူးခြားခြား ပေါ်ပေါက်လာဘိ၏။ ဤအရှင်ကား မင်းကွန်း ဓမ္မနာဒတိုက်မှ အရှင် ဝိစိတ္တာသာရာဘိဝံသပင် ဖြစ်ပေတည်။

ဤအချိန်ဝယ် ဤအရှင်ကား တိပိဋကဓရ အဖြစ် ပေါ်ပေါက်လာခြင်းမှာ ကမ္ဘာတစ်ဝှန်းမှာ တစ်ပါးတည်းသာ ဖြစ်ဘိ၏။

တိပိဋကစာမေးပွဲတွင် အစပထမဦးဆုံးအောင်မြင်တော်မူသည့်အတွက် အာဒိကမ္မိက တိပိဋကဓရ ဘွဲ့ထူးဖြင့် ချီးကျူး ဂုဏ်ပြုခြင်းကိုလည်း ခံယူရရှိတော်မူ၏။

ဤနေရာဝယ် ထူးထူးခြားခြား ဟူသည့် နာမဝိသေသနကို ရှင်းပြရသော်–

(၁) ဆဋ္ဌသံဂါယနာ တင်ခါနီး အချိန်မီ ထွက်ပေါ်လာခြင်း

(၂) ပိဋကတ် သုံးပုံကို အာဂုံတင်မက သဘောတရား ရေးဖြေကိုပါ ဖြေဆို အောင်မြင်တော်မူခြင်း

(၃) ဘုရားရှင် လက်ထက်တော်က ထူးချွန်သော ပုဂ္ဂိုလ်များကို တေဒဂ်ဘွဲ့ထူးဖြင့် ဘုရား ရှင် ချီး ကျူး တော် မူ ခဲ့ သည့် အလား ယခုခေတ်တွင်လည်း ဤအရှင် တစ်ပါး တည်း သာ ပေါ်ထွက်လာခြင်း

(၄) ရှေးအခါက ထင်ရှား ကျော်ကြား၍ ထူးခြားသော ပုဂ္ဂိုလ်များမှာ အများအားဖြင့် မိမိရှေ့က တစ်စုံတစ်ဦး၏ ထူးခြားစွာ ဖြစ်ပေါ်နေမှု ဟူသော ကြိုးပမ်းမှုကို ပြုလာကြသည့် အစဉ်အလာ ရှိခဲ့ပါသော်လည်း ယခု ဤအရှင်မှာမူကား ၊ဘိုကဲ့သို့ မဟုတ်ပေ။ မိမိရှေ့က ပိဋကတ်သုံးပုံ ဆောင် ပုဂ္ဂိုလ် တစ်ပါးမှ မရှိသေးသည်ကို အားမရ၍ တောင့်တကာ ကြိုးပမ်းအားစိုက်ခြင်း

ဤသို့သော ဂုဏ်သကတ်များကြောင့် ထူးထူးခြားခြား ပေါ်ပေါက်လာခြင်းမှာ ပေါ်လွင်ထင်ရှားဘိ၏။

ဖော်ပြပါ ထူးခြားချက် အမှတ်စဉ် ၄ နှင့် ပတ်သက်၍ သာဓက ပြရသော် ၁၃၁၅-ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် တိပိဋကဓရ အမျှဝေ စာတမ်းမှ အချက်အလက် အချို့ကို ကောက်နုတ် တင်ပြပါရစေ။

၁၃၁၅-ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် ထိပိဋကဓရ၏ အမျှဝေစကားစဉ်

"ယခု စည်းဝေး ကြွရောက် ချီးမြှင့်တော်မူကြသည့် နာယက ဆရာတော်ဘုရားကြီးများ အမှူးရှိသည့် ဆရာတော် သံဃာတော် အရှင်မြတ်တို့နှင့် တကွ ဓမ္မပဋိဂ္ဂါဟက တရားနာ ဥပါသကာ ဥပါသိကာ သူတော်စင် အပေါင်းတို့အား ဘုရား တပည့်တော် တိပိဋကဓရ အမျှမပေးဝေမီ အနည်းငယ်ခန့် လျှောက်ထားလိုပါသည် ဘုရား။

အချိန်သည်ကား ၁၃၁၀–ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်နေ့ နံနက် ၇ နာရီအချိန် ဖြစ်ပါသည် ဘုရား။ ကိစ္စကား ပြည်တောင်စု မြန်မာနိုင်ငံတော် လွတ်လပ်ပြီး စ ပထမနှစ်၌ ပထမဆုံး အကြိမ် ကျင်းပသည့် တိပိဋကဓရ ရွေးချယ်ပွဲ အခမ်းအနားကို ထိုစဉ်က နိုင်ငံတော် သမ္မတကြီးက ဖွင့်လှစ်သည့် အခမ်းအနား ဖြစ်ပါသည် ဘုရား။

တပည့်တော်များ၏ သာသနာတော်အတွက် ဖြတိသွံခေတ်က အခြေအနေကို တပည့်တော်များ ဉာဏ်မီသလောက် တွေးတော ကြည့်ရှုသောအခါ မှာ ထိုခေတ်က တပည့်တော်တို့၏ ဝုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို မေ့၍ မကြည့်ကြပဲ၊ ငုံ့၍ ကြည့်ကြသဖြင့် တပည့်တော်တို့၏ သာသနာတော်သည် ထိုစဉ်အခါက ပုလိပ်၏ မျက်စိအောက် ရောက်ရှိနေသည်ကို တွေ့ရပါသည် ဘုရား။

လွတ်လပ်ပြီး စ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပထမအကြိမ် ကျင်းပသည့် တိပိဋကဓရ ရွေးချယ်ပွဲကြီး ဖွင့်လှစ်ဖို့ရန် နိုင်ငံတော် သမ္မတကြီး ကွယ်လွန်ပြီဟု အခမ်းအနားမှူးက ကြေငြာသော ၁၃၁၀-ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်နေ့ နံနက် ၇ နာရီအချိန်မှာ တပည့်တော်သည် အခမ်းအနား ဖွင့် ပင့် သံဃာ ၁၀၀ အနက်မှ တစ်ပါး အပါအဝင် ဖြစ်ပါသဖြင့် သံဃာစင်ထွင် မိမိ ရောက်ရှိနေသောနေရာ၌ နေမြဲတိုင်းမှ နိုင်ငံတော် သမ္မတကြီး၏ မော်တော်ကားဆီသို့ လှမ်းမျှော်ရှု ကြည့်လိုက်သောအခါ သာသနာတော်ကို လေးမြတ်လှသော နိုင်ငံတော် သမ္မတကြီးကား မိမိ စီးလာသော ကားပေါ်မှ ဆင်းလျှင် ဆင်းချင်း လေးနက်လှသော လက်အုပ်ကို ချီလျက် သာသနာ့ ရိပ်သာ တိပိဋကဓရ ရွေးချယ်ရေး မဏ္ဍပ်အတွင်းသို့ ဝင်ရောက်လာပြီး ရွေးချယ်ပွဲ ဖွင့်လှစ်နေဆဲ အချိန် ၂ နာရီ ကျော်ကျော်ခန့်မှာ မချသော လက်အုပ်ဖြင့် အမြဲတစေ ချီနေသည်ကို တွေ့မြင်ရပါသော ဘုရားတပည့်တော်၏ စိတ်ထဲမှာ ပြိတိသျှ ခေတ် တစ်ခေတ်လုံး ပုလိပ်၏ မျက်စိအောက်မှာ ရောက်နေခဲ့ရသော ငါတို့၏ သာသနာတော်ကြီးကား ယနေ့ အဖို့မှာ နိုင်ငံတော် သမ္မတကြီး၏ ဦးထိပ်ဆံဖျားသို့ မားမားမတ်မတ် ရောက်ရှိနေပါပြီတကား ဟု မျှားစွာ အားတက် ဖြစ်ရပါသည် ဘုရား။

တစ်ဖန် နိုင်ငံတော် သမ္မတကြီး၏ လေးနက်သော လက်အုပ်ကို တပည့်တော် ဉာဏ်ရှိသမျှ ဓဝတုဗေဒ ခွဲစိပ်ကြည့်မိသည်မှာ နိုင်ငံတော် သမ္မတကြီး၏ မြှောက်ချီသော လက်အုပ်ကား ပရိတ်တရား နာမလွှဲပို့ရန် မြှောက်ချီသော လက်အုပ်မဟုတ်။ ဗုဒ္ဓမြတ်စွာ သာသနာတော် ဝန်ထမ်းရဟန်းတော်များ အထဲမှ တိပိဋကဓရ ပုဂ္ဂိုလ်ကို ရှာဖွေနေသည့် 'တိပိဋကဓရရှာပုံတော် လက်အုပ်' ဖြစ်သည်ဟု စဉ်းစားမိ ပြီးနောက် 'အကြင်မျှ လောက်သော ကာလပတ်လုံး တပည့်တော်တို့ သာသနာဘက်မှ တိပိဋကဓရ ပုဂ္ဂိုလ်ကို ဖော်ထုတ်မပေးနိုင်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး တိပိဋကဓရ ရှာပုံတော် လက်အုပ်ကြီးကို ငါတို့သာသနာတော်၌ တင်ရှိနေသေးပြီ။ ထို လက်အုပ်ကြီးကို သာသနာ့ ဝန်ထမ်း ဖြစ်သော အသင်သည် ဆပ်ရချို့မဲ့မည်။ ဆပ်ရမည့် ဝတ္တရားကား သင်၏ ဦးခေါင်းပေါ်သို့ ကျရောက်လာလေပြီဟု စဉ်းစားပါသည်။ စဉ်းစားမိသည့် အခါ တိုင်းပင် ထို တိပိဋကဓရ ရှာပုံတော် လက်အုပ်ကြီးကို ဘုရားတပည့်တော် ဆပ်တော့မည်ဟု စိတ်က တောင့်တလိုက်ပါသည် ဘုရား။ ဤကား ဘုရားတပည့်တော်၏ တိပိဋက ကျမ်းမြေအတွင်းသို့ ဝင်ရောက်လာခြင်း၏ အဇ္ဈတ္တိက နိဒါန်း အကြောင်းတစ်ပါး ဖြစ်ပါသည် ဘုရား။

တစ်ဖန် တိပိဋကဓရ ရွေးချယ်ပွဲကြီး တစ်လတိုင်တိုင် ကျင်းပပြီးစီး၍ နာယကဆရာတော်များ အမှတ်ကြေငြာသော အစည်းအဝေး၌ နာယက၊ ဥက္ကဋ္ဌ ဆရာတော် ဘုရားကြီး (ခြောက်ထပ်ကြီး ဆရာတော် ဦးကောဏ္ဍည) က အောင်သူမရှိ (သည်)ဟု ကြေငြာလိုက်သောအခါ ဘုရားတပည့်တော်၏ လောကုတ္တရာ ခမည်းတော် နိုင်ငံတော် ဗုဒ္ဓ သာသနာ့အဖွဲ့နှင့် ဗုဒ္ဓ သာသနာနုဂ္ဂဟ အဖွဲ့တို့၏ ဥက္ကဋ္ဌကြီး ဖြစ်ပါသော ဆာဦးသွင်မှာ မိမိ ကိုယ်တိုင် နှစ်လ သုံးလမျှ အပင်ပန်းခံကာ ကျင်းပခဲ့သော တိပိဋကဓရ စာမေးပွဲကြီးအတွက် သုည မျှသာ အကျိုးရသည်ကို ဝမ်းနည်းသော အခြင်းအရာဖြင့် မျက်နှာ မသာ ရှိနေသည်ကို ဘုရားတပည့်တော် ယနေ့ ပြန်၍ စဉ်းစားလျှင်ပင် မျက်ရည် ကျလုမတတ် သံဝေဂမိပါသည် ဘုရား။

ဆိုအခြင်းအရာကို ထိုအခါက မြင်ရသော ဘုရားတပည့်တော်သည် ဒကာကြီး ယနေ့ စိတ်ဆင်းရဲရသလောက် ဤနေရာ၌ ဝမ်းမြောက်ခြင်း ပီတိသောမနဿအား အစားထိုးပေအံ့။ ငါကား တိပိဋကဓရ အလုပ်ကို အားထုတ်အံ့ဟု ဆောက်တည်မိပါသည် ဘုရား။ ဤကား ဘုရား တပည့်

တော်၏ တိပိဋကတ စက်မြေအတွင်း ချဉ်းနင်း ဝင်ရောက်လာခြင်း၏ ဒုတိယ နိဒါန်း အကြောင်း တစ်ပါး ဖြစ်ပါသည်ဘုရား။

+

ထို ၁၃၁၀-ခု၊ ပြည်ထောင်စုကြီး တည်ဖန်စမှာပင် အစပြုကာ ဘုရား တပည့်တော်သည် တိပိဋကဓရ သာတနာ့တာဝန်ကို အားသွန် ကြိုးပမ်း ထမ်းဆောင်ခဲ့သည် ဖြစ်ပေရာ ယနေ့ တပည့်တော် မျှော်မှန်းသော တိပိဋကဓရ ပန်းတိုင်သို့ ယခုအချိန် ရောက်ပါပြီ ဘုရား။

*

ဘုရားတပည့်တော် ယခုဘဝ ရရှိသော လျာနှင့် ပါးစပ်ကို စိမုတ္တိရသ ပုဒ်တိုင်း၊ ပုဒ်တိုင်းမှာ ပါရှိသည့် ဇိန ဝစန ဘုရား စကား၀ေါဟာရ အစဉ် ဖြစ်သည့် ဓမ္မက္ခန္ဓာ ၄၂၀၀၀ ရှိ အဘိဓမ္မာ ပိဋကတ်တော်၊ ဓမ္မက္ခန္ဓာ ၂၁၀၀၀ ရှိသည့် ဝိနည်း ပိဋကတ်တော်၊ ဓမ္မက္ခန္ဓာ ၂၁၀၀၀ ရှိသည့် သုတ္တန် ပိဋကတ်တော်မှ ဒီဃနိကာယ် တည်းဟူသော ဓမ္မက္ခန္ဓာပေါင်း မြား၀ါတို့ကို ဘုရား တပည့်တော်၏ လျာပေါ်သို့ တက်ရောက် စေမိပါသဖြင့် ယခု ဘဝ ဤလျာနှင့် ဤပါးစပ်ကို ရကျိုးနပ် သလောက် ရှိပါပြီ ဘုရား။

+

ဖော်ပြပါ တိပိဋကဓရ အမျဝေ အစမ်းအနား မှာ နှာယက ဆရာတော်ကြီးမျာ်းအား တိပိဋက ဓရ ဆရာတော်၏ ဓလျာက်ထား ပန်ကြားချက် အရ ပိဋကတ် သုံးပုံကို အာဂုံ ဆောင် နိုင် ရေး အတွက် မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် အား ကြိုး မာန်တက် ဆောင်ရွက်ခဲ့ပုံကို ကြည်ညိုသဒ္ဓါ ပွား၀ပါသည်။

ဤဆရာ၏ လက်ရှိ ရုပ်နာမ်နှစ်ပြာ ခန္ဓာငါး ပါးမှာ ၁၃၁၀-ခုနှစ်၊ ကပို့တွဲလဆန်း ၆ ရက် နေ့ နံနက် ၇ နာရီ၊ အချိန်မှစ၍ ၁၃၁၅-ခုနှစ်၊ တိပိဋကဓရ ဘွဲ့ထူးကို ရရှိသည်အထိ ၅ နှစ်ဟာ ကာလအတွင်း မြက်စွာဘုရား၏ စကား၀ေါ တော် အစဉ်ပြစ်သည့် သင်္ဂီး ပိဋကတ် ပါဠိတော်ကို ရက်ပေါင်းများစွာ လေ့လာခဲ့ရသော ကာလ အတွင်း၌ စာရင်းမပြနိုင်လောက်အောင် များပြား လှစွာသော သာသနာနှုတ်ဟပုညမင်္ဂလာ မဟာ ကုသိုလ်တော်အစုကို ရရှိတော်မူခဲ့၏။

ယင်းသို့ ရရှိတော်မူလာသည့် မဟာကုသိုလ် အစုကို အဘိဓမ္မာနည်းအရ ဝေဖန်သုံးသပ်သည့် ရှိသော် ဘုရားသခင် ဟောကြားတော်မူသည့် အဘိဓမ္မာ ပိဋကတ် ဓမ္မသင်္ဂဏီ ပါဠိတော်မှာ–

"ယသ္မိံ သမယေ ကာမာ၀စရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံ ၀ါ သဒ္ဒါရမ္မဏံ ၀ါ ဂန္ဓာရမ္မဏံ ၀ါ ရသာရမ္မဏံ ၀ါ ဖောဋ္ဌဗ္ဗာရမ္မဏံ ၀ါ ဓမ္မာရမ္မဏံ ၀ါ၊ ယံ ယံ ပနာရဗ္ဘ" ဟု ဟောတော်မူချက် အရ၊ ယင်းအချိန်က တိပိဋကဓရ ဆရာ တော်မှာ–

– နိုင်ငံတော် သမ္မတကြီး၏ လက်အုပ်ချီ ပူဇော်မှု ရူပါရုံ

– ဥက္ကဋ္ဌဆရာတော်ဘုရား (ခြောက်ထပ်ကြီး ဆရာတော် ဦးကောဏ္ဍည) ၏ အောင်သူ မရှိ (သုည) ဟု ကြေငြာတော်မူလိုက်သည့် သဒ္ဒါရုံ

– နိုင်ငံတော် သမ္မတကြီး မြှောက်ချီလိုက် သော လက်အုပ်ကား ပရိတ်တရား နာဖို့ရန် မြှောက်ချီသော လက်အုပ်မဟုတ်၊ ဗုဒ္ဓ မြတ်စွာ သာသနာတော် ဝန်ထမ်းရဟန်း ဘော်များအထဲမှ တိပိဋကဓရပုဂ္ဂိုလ်ကို ရှာ ဖွေနေသည့် တိပိဋကဓရ ရှာပုံတော် လက် အုပ်ဖြစ်သည် စသည်ဖြင့် စဉ်းစားမိသည့် ဓမ္မာရုံတို့ကို အာရုံပြုလျက် ဖြစ်ပေါ်လာ သည့် ကာမာ၀စရ မဟာကုသိုလ် ဉာဏ သမ္ပယုတ် အာသင်္ခါရိက စေတနာ ဖြစ်ပေါ် လာခဲ့၏။

ထိုသို့ ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် ဤအရှင် ၏ သန္တာန်၀ယ် အဘိဓမ္မာသင်္ခေါအရ ယုဉ်ဟော်

ယုဉ်ဖက်အနေဖြင့် ဖြစ်ပေါ်လာသည့် တရားများကား-

"တဿိ သမယေ ဖဿော ဟောတိ ဝေဒနာ ဟောတိ သညာ ဟောတိ စေတနာ ဟောတိ" စသည်ဖြင့် ဘုရားရှင် ဟောကြားတော်မူသည့် အဘိဓမ္မာ ဒေသနာတော်အရ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ ဆိုသည့် ဖဿပဉ္စက တရားများ တစ်ပြိုင်နက် ဖြစ်ပေါ် ကိန်းအောင်း လာကြ၏။

ဤမျှသာမကသေး၊ နောက်ထပ်လည်း-

"ဝိတက္ကော ဟောတိ ဝိစာရော ဟောတိ ပီတိ ဟောတိ သုခံ ဟောတိ စိတ္တသ္သေကဂ္ဂတာ ဟောတိ" ဟုဟော်တော်မူချက်အရ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော စျာန်အင်္ဂါ ငါးပါးလည်းတစ်ပြိုင်နက် ဖြစ်ပေါ်ကိန်းအောင်းလာ၏။

"သဒ္ဓိန္ဒြိယံ ဟောတိ ဝီရိယိန္ဒြိယံ ဟောတိ သတိန္ဒြိယံ ဟောတိ သမာဓိန္ဒြိယံ ဟောတိ ပညိန္ဒြိယံ ဟောတိ မနိန္ဒြိယံ ဟောတိ သောမနဿိန္ဒြိယံ ဟောတိ ဇီဝိတိန္ဒြိယံ ဟောတိ" ဟု ဟောကြားတော်မူချက်အရ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ မန၊ သောမနဿ၊ ဇီဝိတ ဆိုသည့် ဣန္ဒြေရှစ်ပါး(ဣန္ဒြေတရားစုံ)တို့လည်း ဖြစ်ပေါ်ကိန်းအောင်းလာကြ၏၊

အလားတူစွာပင်-

"သမ္မာဒိဋ္ဌိ ဟောဟိ၊
သမ္မာသင်္ကပ္ပေါ ဟောတိ၊
သမ္မာဝါယာမော ဟောတိ၊
သမ္မာသတိ ဟောတိ၊
သမ္မာသမာဓိ ဟောတိ"

ဒေသနာတော်အရ မဂ္ဂင်အစုဖြစ်သည့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသည့် မဂ္ဂင် ၅-ပါးတို့လည်း ဖြစ်ပေါ် ကိန်းအောင်းလာခဲ့၏။

တစ်ဆက်တည်းမှာပင်-

"သဒ္ဓါဗလံ ဟောတိ၊ ဝီရိယဗလံ ဟောတိ၊ သတိဗလံ ဟောတိ၊ သမာဓိဗလံ ဟောတိ၊ ပညာဗလံ ဟောတိ၊ ဟီရိဗလံ ဟောတို့၊ ဩတ္တပ္ပဗလံ ဟောတို့" ဟူသော ဒေသနာတော်နှင့်အညီ ဗိုလ်အစုဖြစ်သည့် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပဗိုလ်တို့လည်း ဆက်လက် ဖြစ်ပေါ် ကိန်းအောင်းလာခဲ့၏။

ယင်းနောက်တွင်ကား-

"အလောဘော ဟောတိ၊ အဒေါသော ဟောတိ၊ အမောဟော ဟောတိ" ဟု ဟော်တော်မူချက်အရ မူလတရားစုဖြစ်သည့် အလောဘ၊ အဒေါသ၊ အမောဟ စေတသိက်တရားများ ဖြစ်ပေါ်ကိန်းအောင်းလာခဲ့၏။

ဆက်လက်၍လည်း ကမ္မပထတရားစုထဲက ကုသလကမ္မပထတရားဖြစ်သည့်အနက် အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိဆိုသည့် ကမ္မပထတရားသုံးပါး၊ လောကပါလ တရားဖြစ်သည့် ဟီရိ ဩတ္တပ္ပ ၂-ပါး၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာဆိုသည့် တရားများ၊ဥပကာရ တရားများ၊ သမာဓိ ပညာဆိုသည့် ယုဂနဒ္ဓတရား ၂ ပါး ဤသို့အားဖြင့် ၅၆-ပါးသော နာမ်တရားတို့ တစ်ပြိုင်နက် ဖြစ်ပေါ်ခဲ့ပါသည်။

ယင်းတရားများကို အကျဉ်းခြုံးပြီး ပြန်လည် တင်ပြရသော်-

၁။	ဖဿပဉ္စမက တရား	၅ ပါး။
၂။	စျာနင်	၅ ပါး။
၃။	ဣန္ဒြေ	၈ ပါး။
၄၊	မဂ္ဂင်	၅ ပါး။
၅။	ဗိုလ်	၇ ပါး။
၆။	မူလ	၃ ပါး။
၇၊	ကမ္မပထ	၃ ပါး။
၈၊	လောကပါလ	၂ ပါး။
၉။	ပဿဒ္ဓိ စသည်	၁၂ ပါး။
၁၀။	ဥပကာရ	၂ ပါး။
၁၁။	ယုဂနဒ္ဓ	၂ ပါး။
၁၂။	ညီမျှရမည့်တရား	၂ ပါး။
	စုစုပေါင်း	၅၆ ပါး။

"ကေစ္ဆရဂတော ကောဋိသတသဟဿ သမတ္တာနိ ဥပပဇ္ဇန္တီ" ဟူသော စကားအရ ဆီမီးအလျှံကဲ့သို့ လည်းခကောင်း၊ မြစ်ရေအလျဉ်ကဲ့သို့ လည်းကောင်း စဉ်ဆက်မပြတ် ထပ်ကာထပ်ကာ ဖြစ်နေသော စိတ်အစဉ်ဝယ် စိတ္တက္ခဏ တစ်ချက် တစ်ချက်တွင် ဇော ၇-ကြိမ်ဖြစ်ပေါ်လေ့ရှိရာ ဖော်ပြပါ ၅၆ ပါးသော နာမ်တရားများမှာ တိပိဋကရ ဆရာတော် စိတ်အစဉ်ဝယ် စိတ္တက္ခဏ တစ်ချက်တိုင်း တစ်ချက်တိုင်း ဇော ၇ ကြိမ် အလျောက် ၅၆×၇-လီစီ ဖြစ်ပေါ်နေမည်ဖြစ်ရာ မဟာကုသလညာဏ သမ္မယုတ် ကုသိုလ်စေတနာများကား ရေတွက်၍ပင်မရ၊ အနန္တဖြင့်သာ အစဉ်လွှမ်းခြုံ မွမ်းထုံကာ ရှိနေမည်ကို အာရုံပြုကာ သဒ္ဓါတရား ပွားများရပေသည်။

ဤကားတိပိဋကရ အရှင်ဝိစိတ္တသာရာဘိဝံသ၏ ၅ နှစ်တာကာလတွင် ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်ရန် ကြိုးပမ်း အားထုတ်ခဲ့စဉ်က ရုပ်နာမ် နှစ်ဖြာ ခန္ဓာကိုယ်သန္တာန်အတွင်းမှာ အမြဲမပြတ် နေ့စဉ်ရက်ဆက် ကိန်းအောင်းနေသည့် စမ္မက္ခန္ဓာ အဘိဓမ္မာ တရားတော်များပင် ဖြစ်၏။

ဓမ္မပဒ အဋ္ဌကထာမှာ ပတိပူဇိကာ နတ်သမီးအကြောင်းနှင့် ပတ်သက်၍ ဖော်ပြရာတွင် ကောသို့ပဒေ ဆပညာသကုသလဓမ္မေ ပတိလဒ္ဓတိဟုဖွင့်ပြထား၏။

တိပိဋကဝရ ဆရာတော် ဖမျှင် ဝိစိတ္တသာရာဘိဝံသ၏ ကိုယ်ခန္ဓာအတွင်း၊ ပိဋကတ်သုံးပုံကို အားထုတ်ခဲ့စဉ်က ၅ နှစ်သော ကာလပတ်လုံး အဆက်မပြတ် ဖော်ပြပါ ၅၆ ပါးသော စမ္မက္ခန္ဓာများ ကိန်းအောင်းခဲ့၏။

ယင်းကြောင့် တိပိဋကဝရ ဆရာတော်နှင့် စမ္မက္ခန္ဓာနှင့် တိပိဋကဝရ ဆရာတော်မှာ ခွဲခြား၍ မရအောင်ပင်ရှိလာ၏၊ တိပိဋကဝရ ဘွဲ့ထူးကို ရရှိပြီး နောက် ပိုင်းတွင်လည်း ဆဋ္ဌသံဂါယနာတင်ပွဲချောမော အောင်မြင်ရေးအတွက် ရှေ့တန်းမှ တာဝန်ယူ ဆောင်ရွက်လာခြင်း၊ မြန်မာနိုင်ငံတွင်မက ကမ္ဘာ့ ဗုဒ္ဓဘာသာနိုင်ငံများတွင် ပါမပေါ်ပေါက်သေးသော မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားတော်မူခြင်း၊ အပြင်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခြင်း စသည့် သာသနာ့အကျိုးစီးပွား၊ သာသနာပြု လုပ်ငန်းများကိုသာ ဆောင်ရွက်တော်မူနေရကား ရှိရင်းစွဲဖြစ်သည့် ကာမာဝစရ မဟာကုသိုလ်၊ ဉာဏသမ္မယုတ် အသင်္ခါရိက ကုသိုလ်တရားနှင့် ဖြစ်သည့်အတွက် ဖော်ပြပါတရား ၅၆-ပါးတို့ အစဉ် ကိန်းအောင်းလျက် ပိဋကတ်သုံးဖြာ ဓမ္မက္ခန္ဓာများဖြင့် အစဉ်လွှမ်းမိုးလျက် ရင့်ကျက်နေသည်ဖြစ်ရကား၊ တိပိဋကဝရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်မြတ်ကား ဓမ္မစေတီဂုဏ်ရည်ပြည့်ဝမ်း အံ့မခန်းသည့် ထူးဆန်းစံတင် ထေရ်အရှင်တစ်ပါးပင် ဖြစ်ပေသည်။

ဤသို့လျှင် ဓမ္မစေတီဂုဏ်ရည် ပြည့်ဝသည့် သာသနာ့စံတင် ထေရ်အရှင်အား ညွတ်တွား ဝန္ဒနာ ပူဇော်ပါသည် ဘယာခပ်သိမ်း ငြိမ်းစေသောဝ်၊

သုပေသလံ သုစိတိမံ ဗဟုဇနဟိတာဝဟံ၊
နယာဒါနံ မဟာစေရံ
မင်းကွန်း တိ စ သုပါကဋ္ဌံ၊
ဝန္ဒာမိ အာဘိသက္ကစ္စံ ပိဋကဝရ လသ္ဒနံ။

ဆီတန်းဆွေ



၁။ ။ကိရိတောင်ရွှေ၊ မြန်ချက်ဗွေကို၊ ရေမြေညွတ်ရုံး၊ လက်ယှက်ဖုံးသို့၊ မြကုံးတောင်စဉ်၊ ဧရာယှဉ်လျက်၊ ရေလျဉ်သီဒါ၊ ဦးညွတ်ကာဖြင့်၊ နန္ဒာမြရည်၊ ပင်လယ်စည်၍၊ သာကြည်လှမော၊ ဇောင်းကလောနှင့်၊ သာပြောမြဟန်၊ တောင်သမန်တို့၊ ရောင်ဝှန်ရွှေမြ၊ ထွန်းထွန်းပလျက်၊ ပဇ္ဇတသေလာ၊ လေးပြုကာဖြင့်၊ မြတ်စွာဇေနော်၊ သုံးခေတ်မော်၏ ့၊ တောင်တော်ဆင့်ထူး၊ မန်းမြင့်ဦးမှ၊ ရင့်ကျူးမိန့်ခြွေ၊ ဗျာဒိတ်ရွှေ ့ကို၊ ပူဇော်ညွတ်ထွား၊ ဦးထိုင်ထားတည့်၊ ဘုရားမြတ်စွာ၊ သာသနာ၏ ့၊ ထွန်းရာဌာန၊ ဘူမိန္ဒတွင်၊ မာဃဆက်ညွှန်း၊ ငါးထောင်ထွန်းဟု၊ ရေသွန်းဗြဟ္မာ၊ ဗျာသိုက်မှာ၍၊ သေလာသိရိန်၊ မန်းဂိရိန်မှ၊ ဒေဝိန်ညွှန်းလာ၊ မှန်ကျောင်းရာတွင်၊ ကမ္ဘာကိုဖြန့်၊ သာသနာပြန့်ဟု၊ သိန်းသန့်သံယာဟု၊ ကိုယ်စားပြုသည့်၊ ဂုဏ်ထုရော ထေ+ထေရာဟု၊ "မဟာသံဃ–နာယကတည့်"၊ ဖွဲ့မှုကျိုးဆောင်၊ သာဝင်ပြောင်သား၊ သုံးစောင်ပိဋကဓရ၊ မြတ်ဓရန္ဒာ၊ ဓမ္မဘဏ္ဍာ+ဂါရိကာဟု၊ မဟာအဂ္ဂ–ပဏ္ဍိတမှ၊ အဘိဇမဟာရဟ္ဒ ဂုရု၊ ဂုဏ်ပေါင်းစုသည့် ပြည်သူ ဆရာ၊ ထေရိန္ဒာဟု၊ ဝိစိတ္တာသာရ–ဘိဝံသလျှင်၊ သာသနာ့နေဝန်း၊ ထောင်ခြည်ထွန်းဟု၊ မြမန်းဂိရိန်၊ ဇေယျသိန်၏ ့၊ တေဇိန်အောင်ဟိတ်၊ အောင်အတိတ်ဖြင့်၊ အောင်မိတ်လက်ဆောင်၊ ဗျာဒိတ်အောင်ဟု၊ တပေါင်သိုက်ပုန်း၊ ဆင်ကာမြန်းသည်။ ။

ကြဉ်းတောင်ရွှေ–ဘုန်းခေါင်ပရမေ-ဗျာညွှန်း၍။
မြမန်းအောင်မြေ-ကုန်းဘောင်တသရေ-ဖြာထွန်း၍။
လစန်းရောင်ဝေ–နှုန်းဆောင်ရမသွေ-သာထွန်း၍။

၂။ ။ပီတိရောင်ဇေ၊ ငါးမာန်ခြွေသည့်၊ အစိန္ဒေကိုယ်စား၊ ရုပ်တော်ပွားကို၊ နတ်များကူမ၊ ဖန်ဆင်းကြဟု၊ မြမန္တလာ၊ ဇုံရတနာတွင်၊ တေဇာတော်ဆင့်၊ ဥကင်ဖွင့်သည့်၊ နန်းမြင့်သီဟာ၊ ပလ္လင်သာခ်၊ နရာဦးကင်း၊ ''သီပေါမင်းတြား''၊ နန်းတက်ငြားသော်။ ရုပ်ပွားတော်ရွှေ၊ ဗုဒ္ဓဟော်၊ တောင်နေကိုင်းမ၊ ဒက္ခိဏာကို၊ ''မှန်သကျောင်း'' တွင်း၊ ပူဇော်လျှင်း၏။ နေမင်းစကြာ၊ ဒေါင်းဖလ်ဝါလည်း၊ ဂေါယာနောက်ခွင်၊ အိပ်တန်းဝင်သော်၊ ထေရ်ရှင်ဘုန်းခေါင်၊ ကိုးဂုဏ်ဆောင်သား၊ ''တောင်တော် သာသနာ-ပိုင်ရာဇာက''၊ ဝိဟာ ''တိုင်ထား၊ တိုက်တော်''ကြွားသို့၊ ပင့်ထားဆောင်ကြဉ်း။ သိမ်တော်တွင်းဝယ်၊ လျှံဝင်းပြောင်ပြောင်၊ စိန်တောင်သုံးဆင့်၊ ဘုံဆောင်မြင့်၌၊ လူနှင့်ဒေဝါ၊ ရှိပူဇော်တည့်၊ ကာလနှစ်ကြာ၊ လေးဆယ်သာသော်၊ မဟာဒါန်ဝန်၊ တံခွန်လွှင့်ကာ၊ ထမ်းဆောင်လာသည့်၊ မဟာနွယ်ဝင်။ ''မောင်မောင်တင်''လျှင်၊ ပြင်ဆင်ပြန်လည်၊ မွန်းမံသည်တည်း။ ၃နေခြည်ရောင်ဝါ၊ သာသနာလျှင်၊ ကမ္ဘာပြည်ပြည်၊ ထွန်းစိမ့်ရည်လျက်၊ ခိုင်တည်ခြေမြဲတ်၊ ပရိယတ်တက္ကသိုလ်၊ တည်ထောင်လို၍၊ ကုသိုလ်တော်ရှင်၊ ရေမြေ့ရှင်ဟု၊ ပြည်ရှင်နရဖျား၊ မင်းတရားနှင့်၊ ပိုင်စားမြတောင်၊ ထိပ်စုခေါင်၏၊ မန်းတောင်ရိပ်ဖြာ၊ ''မှန်ကျောင်းရာ''ဟု၊ ဘူမာနက်သန်၊ မြေမြတ်ကြန်ကို၊ သုံးတန်ပိဋကတ၊ မြတ်ဓရန္ဒင့်၊ ဓမ္မဘဏ္ဍာ-ဂါရိကာတည့်၊ မဟာအဂ္ဂ+ဘိဓဇ-ဟု၊ဝိစိတ္တသာရာ-ဘိဝံသာက၊ တက္ကသီလာ၊ ကျောင်းတော်ရာဟု၊ ရွှေးကာခြယ်ညွှန်း၊ ပီတိရွှန်းသည်။ ။

လစန်းရောင်ဝေ-နှုန်းဆောင်ရမသွေ- သာထွန်း၍။
ကြဉ်းတောင်ရွှေ-ဘုန်းခေါင်ပရမေ-ဗျာညွှန်း၍၊
မြမန်းအောင်မြေ-ကုန်းဘောင်တသရေ-ဖြာသွန်း၍။

၃။ ။သီရိအောင်မြေ၊ ဘုန်းရောင်ဝေလျက်၊ သုံးထွေရနာ၊ တည်ထွန်းရာဟု၊ ပြဟ္မာရေသွှန်း၊ ဒေဝါညွှန်းသည့်၊ ဗျာခွန်းသိုက်လာ၊ မန်းအောင်ချာတည့်။ မဟာနွယ်ဝင်၊ ''မောင်မောင်တင်''နှင့်၊ ထိပ်တင်ပြည်ဆင့်၊ နှစ်ပါးသင့်၏၊ ပွင့်လှသရေ၊ ''တင်တင်မေ''က၊ ဘုန်းဝေကံချီ၊ ပါရမီနှင့်၊ သာကီနွယ်ဝင်၊ တိ-သုံးရှင်အား၊ ဦးတင်ညွှတ်ကာ၊ တင်လျှောက်လာတည့်၊ ''မဟာဗောဓိ''၊ ကြာဿရီနှင့်၊ မုနီဦးသျှောင်၊ ငါးမာရ်အောင်၏၊ ငါးတောင်မြင့်ဘီ၊ သမ္မောဓိကို၊ တိ-သုံးတီရှင်၊ ဘုန်းတော်ရှင်က၊ ရှင်ဘုရင့်ကျောင်း၊ နေရာဟောင်းသို့၊ ရွှေ့ပြောင်းပူဇော် သင့်မြတ်လျော်၍၊ ခါတော်ဆုံစောင်း၊ ကြုံဘိုတောင်းဟု၊ ဆယ်ချောင်းလက်မိုး ဦးနှိမ်လျှိုးတည့်။ နေမျိုးနတ်ဖန်၊ နန်းဝယန်သို့၊ မှန်ကျောင်းနေရာ၊ တက္ကသီလာတွင်၊ ရာကျော်ငါးပွင့်၊ သက်တော်ဖွင့်သည့်၊ မြတ်ရှင့်အောင်ဗွေ၊ ဗုဒ္ဓဟေမှ၊ ရုပ်ရွှေတော်ပွား၊ ဘုရင့်ဘုရားကို၊ ပင့်ထားဆောင်မည်၊ စိတ်တော်ရည်တည့်။ နတ်ပြည်စိုးရ၊ ဒေဝိန္ဒဟု၊ မာဃဝယ်၊ ဝိသကြုံသို့၊ ပြည့်စုံဂုဏ်ရောင်၊ မှုကုန်ဆောင်သည့်၊ ပြောင်မြောက် တောက်ပ၊ ''ဦးသာလှ''နှင့်၊ ထေရကျိုးဆောင်၊ ''ရွှေမန်းတောင်''မှ၊ ဂုဏ်ရောင်မြင့်မော်၊ ''တိုက်တော် သံဃာ-နာယကာ''နှင့်၊ ပါတိ-ကောင်စီ၊ ဆန္ဒညီ၍၊ သာကီဦးသျှောင်၊ မေတ္တားနောင်ကို ရှေ့ဆောင်ပြဟ္မာ၊ နတ်ကွန်ခွာနှင့်၊ ဒေဝါခြောက်တန်၊ ပင့်ဘိုဖန်၍ စန္ဒာပြည့်ဝန်း၊ နေနှယ်ထွန်းသည်။ ။

မြမန်းအောင်မြေ-ကုန်းဘောင်တသရေ-ဖြာထွန်း၍။
လဝန်းရောင်ဝေ-နှုန်းဆောင်ရမသွေ-သာထွန်း၍၊
ကြဉ်းတောင်ရွှေ-ဘုန်းခေါင်ပရမေ-ဗျာညွှန်း၍၊ ။

စပ်ဆိုပူဇော်သူ

စာဆိုကျော် မဟာသရေဝဉ်သူ ဦးချမ်းသာ
(ဘီ၊ ဘေ၊ ရာဇဝင်ဂုဏ်ထူး၊ ဆင်ခြင်ဉာဏ်ဝန်း အိုင်စိတက်)

ယခုအကြိမ် သွားရောက်ခဲ့သော ဇေယျာ ရွှေမြေ(စစ်ကိုင်းတိုင်း)နှင့်ချင်းပြည်နယ် သာသနာပြုခရီးကို ကျွန်တော် အမှတ်တရ သတိရနေမိပါသည်။ကျွန်တော်တို့သာသနာပြုအဖွဲ့သည် မြစ်ရောကြော တစ်လျှောက် ရေယာဉ်ဖြင့် ခရီးနှင်ခဲ့ရာ အအေးဓာတ် ပို၍ လွန်ကဲသည်ဟု ထင်မိသည်။ စီးလာသော 'ဇွဲယဉ်အောင်' မော်တော်၏ ဦးပိုင်းတွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သာသနာပြုခရီးဦး အတူပါလာကြသော ဓမ္မမိတ်ဆွေများနှင့် အတူရယ်ကာ ဒေသ၏ အေးချမ်းသော ရေမြေသဘာဝကို လေ့လာ ကြည့်ရှုရင်း ကြည်နူးနေမိသည်။ မြစ်ရောကြော တစ်လျှောက် ခုတ်မောင်း လာသော ရေယာဉ်၏ ဦးပိုင်းသို့ တိုးဝှေ့ ဝင်ရောက်လာသော လေအေးသည် တစ်ခါတစ်ရံ ခေါင်းစွပ်အနွေးထည်များ စတ်ထားသည့် ကြားမှပင် ခန္ဓာကိုယ်အတွင်းသို့ ချဉ်းနင်းစိမ့်ဝင် လာသည်ကို ခံစားမိသည်။ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်း ယူသူများကလည်း မိမိတို့ ဆောင်ရွက်နေကျအတိုင်း မှတ်တမ်းများ ယူနေကြသည်။

"ကဲ ကဲ ဓာတ်ပုံတွေ၊ ဗွီဒီယိုတွေ၊ အသံဖမ်းစက်ကွေ့နဲ့ မှတ်တမ်းတွေ ယူနေပြီဆိုတော့ အသံတိတ် ဆိုရင် မကောင်းဘူး၊ အသံထွက်ကလေးဖြစ်အောင် ရှင်းလင်းပြောဆို မိန့်ကြားဦးမှပေါ့"

ဓမ္မမိတ်ဆွေတစ်ဦးက ထောက်ပေးလိုက်သည်။

"ဩော် ဟုတ်ပေသားပဲ၊ ဟောဒါကတော့ ဇွဲယဉ်အောင် မော်တော်၊ဟောဒီမှာ မြင်နေရတာက ရောဝတီမြစ်ရေ၊ ဟို ခပ်လှမ်းလှမ်းက မြင်နေရတာက တောအုပ်, သစ်ပင်တွေ၊ ဟိုးဘက်နားရေးရေး မြင်ရတာက သဲသောင်ပြင်...."

ကျွန်တော်တို့နှင့်အတူ ပါလာသော သူရဉီးကျော်စွာက လက်ညှိုးညွှန်ကာ ညွှန်ကာဖြင့် ရှင်းပြလိုက်ပေရာ အားလုံးမှာ သဘောကျလျက် ပျော်ရွှင် ရယ်မောကြရသည်။

ဤသို့ဖြင့် မြန်ပြည်တခွင် ဒေသစုံလင်အောင် ဆရာတော်ဘုရားကြီး၏ နောက်တော်ပါးမှ ထက်ကြပ်မကွာ လိုက်ပါခဲ့ရသော သာသနာပြုခရီးစဉ်တွင် ကျွန်တော်သည် ဌာနဆိုင်ရာကိုယ်စား ဆရာတော် ဘုရားကြီး ကြွတော်မူရာ နောက်သို့ 'ဖဝါး



ဦးတဉ်ဦး

သာသနာပြုခရီးမှ အမှတ်တရ တစ်ကဏ္ဍ



ခြေထပ်၊ထက်ကြပ်မကွာ'လိုက်ပါလျက် သာသနာ့တာဝန်များ ဆောင်ရွက်နေရပေသည်။ ခရီးစဉ်အားဖြင့် များပြားလှစွာ သွား လာ လှုပ်ရှား ဆောင်ရွက် နေကြရသော်လည်း မောပန်းသည်ဟူ၍ မရှိကြပါ။ သာသနာရေးကိစ္စမို့ စိတ်ရှင်လန်း တက်ကြွလျက်ပင် ရှိကြပါ၏။ သူရ ဦးကျော်စွာ သည် ဆရာတော်ဘုရားကြီးအား ကြည်ညိုလေးမြတ်မှု ရှိသည်နှင့်အမျှ ဆရာတော်၏ သာသနာပြု လုပ်ငန်းများတွင်လည်း စိတ်ရောကိုယ်ပါ တတ်စွမ်းသမျှ လိုက်ပါဆောင်ရွက်ရာ၌ သဒ္ဓါတရား ထက်သန်လှသဖြင့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှက သူ့အား 'ကောသလမင်းကြီး'ဟု အမည်တင်စား မှည့်ခေါ်ထားရာ ဆရာတော်ကြီးကပင် 'အေး ဟုတ်တယ်' ဟူ၍ ထောက်ခံချက်ပေးထားသူ ဖြစ်သည်။

ပန်းချီ ကျော်ဖြူစံ

စကား ပြောဆို မိန့်ကြားခြင်း မရှိဘဲ၊ တစ်ပါး တည်း တည်ကြည်ငြိမ်သက်တိတ်ဆိတ်စွာ ကြွတော် မူလေ ရှိပေသည်။

ကျွန်တော်တို့၏ သာသနာပြုခရီး ဆိုသည်မှာ တိပိဋကဓရ အရှင်မြတ်များ ပေါ်ထွန်းပွားများ ရေးအတွက် ပိဋကတ်တော်ကို ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ဟိန္ဒီ၊ သင်္ကတ ဟူသော ဘာသာငါး မျိုးဖြင့် သင်ကြားပို့ချမည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး များကို ရန်ကုန် နှင့် မန္တလေးမြို့တို့တွင် တည်ထောင်ဖွင့်လှစ်ရေး၊ နိုင်ငံ တော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ၊ ဝိဇ္ဇာလယ ကျောင်းဆောင်ကြီးများ ဆောက်လုပ် လှူဒါန်းရေး၊ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး ဆောက်လုပ် လှူဒါန်းရေး ဟူသော သာသနာပြု လုပ်ငန်းကြီး သုံးသွယ်အတွက် ပြည် နယ်အလိုက်၊ တိုင်းအလိုက်၊ မြို့နယ်အလိုက် ဝတ္ထု ငွေများ ဆက်ကပ်လှူဒါန်းပွဲ၊ စုပေါင်း ရေစက် ချပွဲများ ပြုလုပ်ရာသို့ ဆရာတော် ဘုရားကြီး ကွ ရောက်ရာတွင် သာသနာ့ ဝေယျာဝစ္စများ ဆောင် ရွက်ရန် သွားရောက်ကြသည့် ခရီးပင် ဖြစ်သည်။

ကျွန်တော်တို့ စီးနင်းလာသော ရေယာဉ်သည် ရောဝတီမြစ်ကြောအတိုင်း ခုတ်မောင်းလျက်ရှိပေ သည်။ ကျွန်တော်သည် အေးချမ်းလှသော လေ၏ ထိတွေ့မှုကို ခံစားရသဖြင့် ဆရာတော်ဘုရားကြီး မည်သို့ရှိမည်ကို အကဲခတ် ဖူးမြော် ကြည့်မိသည်။ ကျွန်တော်တို့အဖို့ ခေါင်းစဉ်၊ အနွေးထည်တို့ဖြင့် နွေးထွေးအောင် ဂရုစိုက်နေကြသည့် အချိန်တွင် ဆရာတော်ဘုရားကြီးမှာ ရဟန်းသိက္ခာ ပြည့်စုံစွာ ဖြင့် သမဏသာရုပ္ပဖြစ်အောင် အမြဲတန်း ကြည့် ညိုဖွယ်ရာ သီတင်းသုံးနေထိုင်တော်မူသည်ကိုသာ တွေ့မြင် ဖူးမြော်ရသည်။ သာသနာပြုခရီး ထွက် ခဲ့သည်မှာ အကြိမ်ပေါင်း များလှလေပြီ။ ဆရာ တော် ဘုရားကြီးသည် ရဟန်းအချင်းချင်းဖြစ်စေ၊ ဒါယကာများနှင့် ဖြစ်စေ အာလာပသလ္လာပ အပို

ဆရာတော်ဘုရားကြီး ကွယ်ရောက်တော်မူသော အရပ် ဒေသတိုင်းတွင် သာသနာကို ကြည်ညိုလေး စားကြသော ဗုဒ္ဓဘာသာဝင် အများများမှာ ထောင်မက ခရီးဦးကြို ပူဇော်ကြသည်။ ဝေး၍ ခေါင်သော အရပ်ဒေသများတွင် တိပိဋကဓရ မဟာဂန္ထာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော်များလည်း ရရှိ၍ နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့၏ အကျိုးတော်ဆောင် ဆရာ တော်ကြီးလည်း ဖြစ်တော်မူသော ဆရာတော် ကြီးအား 'ကြုံတောင့်ကြုံခဲ၊ ဖူးရခဲဘိုးခြင်း' ဟူ၍ အိမ်လုံးကျွတ် သားမြေး လက်ဆွဲကာ နွေ၊ ည ချိန်ခါမရွေးဘဲ ကြိုဆိုဖူးမြော် ပူဇော်ကြသည်။ ဆရာဝန်၏ တရားကို နာယူကြသည်။ တတ်စွမ်း သမျှ ဒါနဓါတရား ထက်သန်စွာ ကုသိုလ်ဒါန ပြု ကြသည်။

ဆရာတော်ဘုရားကြီး၏ သာသနာအတွက် ထားရှိသော စိတ်ဓာတ်နှင့် ဂုဏ်သတ္တိမှာ အလွန်တရာ ခိုးကျူးဖွယ်၊ ကြည်ညိုဖွယ် ကောင်းလှပေသည်။ ဇွဲယဉ်အောင် မော်တော်သည် 'မော်လိုက်' သို့ ရောက်ရှိလာချိန်တွင် ကမ်းခြေသို့ တိုက်ရိုက် ကပ်၍ မရပါ။ သဲသောင်များထွန်းကာ ရေတိမ်နေပြီ ဖြစ်သဖြင့် မြစ်လယ်နေရာလောက်တွင် ရေယာဉ်ကို ရပ်နားရသည်။

ခင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ကြွရောက်တော်မူမည်ကို ကြိုတင် သိရှိထားသည့်နှင့် မော်လိုက်မြို့မှ လူထုမှာ မော်တော် ရပ်ဆိုင်းထားရသည့် နေရာလောက်မှစပြီး၊ ကမ်းစပ်သဲသောင်ပြင်အထိ တံဘားရှည်ကြီး ပြုလုပ်ထားကြသည်။ တံတားတိုင်များတွင် စိမ်းစိုသော ငှက်ပျောပင်များ၊ တံခွန် ကုက္ကား မုလေးပွားများ ကပ်ချည်လျက် သာသနာ့အလံများ တလွင့်လွင့် စိုက်ထူထားရာ ရေပြင်ကျယ်အထက်ရှိ တံတားရှည်ကြီး၏ ရှုခင်းကို တွေ့မြင်ရသည်မှာ ကြည်နူးဝမ်းမြောက်ဖွယ် ကောင်းလှပါသည်။ မော်လိုက်မြို့က ဦးဆောင်သော ကြိုဆိုရေးအဖွဲ့မှာလည်း တံတားပေါ်တွင် အသင့်စောင့်ကြိုနေကြသည်။ ထိုစဉ် ရေယာဉ်ပေါ်မှ တံတားပေါ်သို့ ကုန်းဝင်ထိုးလိုက်သည်။

ကျွန်တော်သည် ရေယာဉ်ပေါ်မှနေ၍ တံတား၏ အဆုံး ကမ်းစပ် သဲပြင်ရှိရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။ လူထုပရိသတ်များ ကမ်းလုံးညွတ်မျှ ကြိုဆိုဦးခိုက်လျက် ရှိသည်ကို တွေ့မြင်ရ၍ ကြည်နူးအားရမိသည်၊ သို့သော် "တစ်ပြေ့ တစ်ခေါ် အဝေးကြီး လျှောက်ရမည့်ခရီးပါလား" ဟု စိတ်ထဲတွင် ဖြစ်ပေါ်မိသည်၊

ပြီးနောက် မိမိ၏ ဆရာတော်ဘုရားကြီး သို့ လှမ်းမျှော်ကြည့်လိုက်မိပြန်သည်။ "ခရီးဆက်တွေ ပွဲဆက်တွေလည်းများလှပြီ၊ တို့ဆရာတော်ဘုရားကြီးကလည်း ကြွလိုသည်၊ ယခု လျှောက်ရမည့် ခရီးကလည်း အဝေးကြီးပါလား" ဟု စိုးရိမ်စိတ်များ ပြစ်ပေါ်လာမိပြန်သည်၊

ဆရာတော်ဘုရားကြီးသည် ကပ္ပိယမျှား ခရီးဦးကြို ပူဇော်သူများနှင့်အတူ မော်တော်ရေယာဉ် ကုန်းပေါင်မှဆင်းကာ တံတားအတိုင်း ကြွလှမ်းတော်မူသည်။ တံတား၏အရှည် မည်မျှရှိသည်ကို သိလိုသဖြင့် အနီးရှိမြို့ခံ ဓမ္မမိတ်ဆွေတစ်ဦးအား မေးမြန်းကြည့်ရာ ၆၀၁ ပေရှည်ကြောင်း သိရသည်။

ကျွန်တော် လျှောက်သွားစဉ် ရေတွက်မှတ်သားကြည့်ရာ တံတားအရှည်မှာ ခြေလှမ်း ၃၁၀ မျှ ရှိသည်။ ဆရာတော်ဘုရားကြီးသည် တံတားပေါ်တွင် ခင်းထားသော ကော်ဇောလမ်းအတိုင်း ပုံမှန်ပင် ကြွလှမ်းတော်မူသည်၊ တံတားအဆုံး ကမ်းခြေသောင်စပ်သို့ ရောက်လေပြီ။

မြို့နေလူထုပရိသတ်ကြီး၏ ကြည်ညိုပူဇော်မှုကို ခံယူလျက် သဲသောင်ပြင်ကျယ်ကြီးကို ဖြတ်ကျော် ကြွလှမ်းရပြန်သည်။ ကျွန်တော်သတိပြုမှတ်သားမိသမျှ သောင်ပြင်ကို ဖြတ်ရသည်မှာ ခြေလှမ်း ၃၆၀ မျှရှိပေသည်။ သောင်ပြင်ဆုံးလျှင် ဆက်၍ တက်ရန် ကျောက်လှေခါးထစ်များကို တွေ့ရပြန်သည်။ "တစ်ထစ်၊ နှစ်ထစ်၊ သုံးထစ်" ကျွန်တော်၏စိတ်မှ ရေတွက်မှတ်သား၍ တက်ခဲ့ရာ လှေခါးထစ်အဆုံး ရောက်သည်နှင့် လှေခါးထစ်ပေါင်း ၂၂ ထစ်ရှိပါလား" ဟူ၍ ဆက်ပြင်းချမိသည်။

ပေ-၆၀၁ (ခြေလှမ်း ၃၁၀) မျှ ရှည်သော တံတား၊ ခြေလှမ်း ၃၆၀ မျှ လျှောက်လှမ်းရသော သဲသောင်ပြင်၊ ထို့ပြင် သဲပြင်တွင် ခရီးနှင်ရသည်မှာ မည်မျှ အားယူ လျှောက်လှမ်းရ၍ ခရီးဖင့်နွဲသည်ကို လျှောက်ပူးသူတို့ သိကြပေလိမ့်မည်၊ ထို့မှတစ်ဖန် ကျောက်လှေကားထစ် ၂၂ ထစ်ကို ဆက်၍ တက်ရပြန်သည်။ အမြင့်ပေ ၁၀၀ ကျော်မျှ ရှိသည်ဟု ခန့်မှန်းရသည်၊ သို့ရာတွင် သက်တော် ၇၇ နှစ်မျှ ရှိပြီဖြစ်သော ကျွန်တော်တို့၏ ဆရာတော်ဘုရားကြီးမှာ သာသနာ့ခရီးတွင် အားအင်အသည်းလှမ်းလှက် လှေခါး အတက်ကိုပင် ကျော်လွန်ကြွလှမ်းသွားခဲ့လေပြီ၊ သာသနာအတွက် ထက်

မြက်လှဆေး ဆရာတော်၏ စိတ်ဓာတ်သည် အံ့မခန်း ကြည်ညိုဖွယ် ကောင်းလှသည်။

လှကားထစ် ကျော်ပြီဆို၍ စခန်းသို့ ကားမရောက်သေးပါ။ ဆရာတော်ဘုရားကြီး သီတင်းသုံးနှီင်ရန် အသင့် ပြင်ဆင် ထားသော မြို့မကျောင်းသို့ ရောက်ရန် မြို့ပြင်မြေကို ဖြတ်သန်းရပေဦးမည်။ ထိုအချိန်တွင်မူ ဆရာတော်ဘုရားကြီးအား မော်တော်ယာဉ် (ကား) ဖြင့် ပူဇော် ပင့်ဆောင်သွားကြတော့သည်။ ဆရာတော် ကွင်ရောက်ရာ လမ်းခရီး တစ်လျှောက်တွင် ကမ်းလုံးညွတ်၊ မြို့လုံးကျွတ်မျှ မက နီးစပ်ရာ ကျေးရွာများ မှ ပရိတ်သတ်များ ပူဇော်ဦးခိုက်ကြရာ သာသနာအတွက် အားတက်ဖွယ် ကောင်းလှသည်။

ရောက်ရှိရာ အရပ်၊ အခမ်းအနား များတွင် ဆရာတော် ဘုရားကြီးအား ပူဇော်ဦးညွှတ်သော စာတန်းများ၊ စုပေါင်း ရေစက်ချ အခမ်းအနား စာတန်းများမှာ ထည့်ဝါလှသည်။

"နိုင်ငံတော် သံဃာမဟာနာယက အဖွဲ့ဝင် အကျိုးတော် ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ မင်းကွန်း ဆရာတော်ဘုရားကြီးအား ချင်းပြည်နယ်မှ ခရီးဦး ပူဇော် ကန်တော့ပါ၏" "ချင်းပြည်နယ် ဗိဇ္ဇာလယ ကျောင်း ဆောက်လုပ်ရေး အလှူတော်ငွေ ဆက်ကပ်လှူဒါန်း သည့် ရေစက်ချအခမ်းအနား" စသည်ဖြင့် ရောက်ရှိရာ အရပ်၊ သက်ဆိုင်ရာ ဒေသများမှ ကျက်သရေ ပြည့်လွှမ်းသည့် စာတန်းများမှာ ဗုဒ္ဓသာသနာထွန်းပ စည်ပင်မှုကို သက်သေပြလျက် ရှိကြပေသည်။

"တို့မြို့ ကြွလာ၊ ကို့ဆရာ၊ ကြည်သာကိုယ်စိတ် မြဲပါစေ"

"တို့မြို့ ကြွလာ၊ တို့ဆရာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ"

"ဗုဒ္ဓမြက်စွာ ဒေသနာ၊ ကမ္ဘာ့အနှံ့ ပျံ့စေသောဝ်"

ပရိသတ်၏ မေတ္တာပို့ ဆုတောင်း သံများမှာ မဆန်းလှသော်လည်း ကြက်သီးဖျန်းဖျန်းထမျှ ပိတိဖြစ်ရပေတော့သည်။

ဆရာတော်၏ သာသနာပြု ခရီးစဉ်တွင် 'ဒ-ကျပ် တရား' မှာ ရေပန်းစားလှပေသည်။ လူတိုင်း မပင်မပန်းပဲ ကျောင်းဒကာ ဖြစ်နိုင်သည့် အခွင့်အရေးများ ရှိကြောင်း ဆရာတော်က မိန့်ကြားသည်။ မူလတန်းမှ အထက်တန်းအထိ ကျောင်းသူကျောင်းသားကလေးမျာသည် မိမိတို့ မုန့်ဖိုးမှ တစ်နှစ်လျှင် ၁-ကျပ်ကျစီ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများအဖို့ ၁-နှစ်လျှင် နှစ်ကျပ်ကျစီ၊ ဌာနအသီးသီးမှ ဝန်ထမ်းများသည် ၁-နှစ်လျှင် သုံးကျပ်ကျစီ၊ စျေးကြီးများမှ ဆိုင်ကြီးများသည် တစ်နှေ့လျှင် ပြား ၅၀ သို့မဟုတ် ၁-ကျပ် ကျစီ ဤသို့ စသည်ဖြင့် ရဟန်း ရှင်လူ တောင်သူလယ်သမား လုပ်သားပြည်သူ ကြီးငယ် မရွေး၊ နည်းများမဟူ၊ ကိုယ်စိတ်နှစ်ဖြာ မပင်ပန်း ကြဘဲ ရွှင်လန်းတက်ကြွစွာ လှူခြင်းဖြင့် ကျောင်း ဒကာများ ဖြစ်နိုင်ကြောင်း ဆရာတော်ဘုရားက ဩဝါဒစကား မိန့်ကြားတော်မူသည်။

"ဗုဒ္ဓဘာသာဝင်တိုင်း ကျောင်းဒါယကာ၊ ဒါယိကာမများ ဖြစ်ရေး၊ မလှူဖူးသေးသော အလှူကို ပေးလှူရခြင်းကြောင့် မရဖူးသေးသောကုသိုလ်ထူးကို ရရှိရေး၊ ကျောင်းအလှူကို ပေးလှူသူသည် အလုံးစုံသော အလှူကို ပေးလှူသူ ဖြစ်ကြောင်း မြတ်စွာဘုရား၏ ဟောကြားချက်အတိုင်း ယုံကြည်သဒ္ဓါ ထက်သန်စွာဖြင့် ပေးလှူနိုင်ရေး" ဟူသော ဆရာတော်ဘုရားကြီး၏ ဩဝါဒကို လိုက်နာ ကျင့်သုံးကြကာ ရောက်ရာ အရပ်ဒေသများတွင် ဗုဒ္ဓဘာသာဝင်များသည် စေတနာ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းလျက် ကုသိုလ်ပြုကြသည်မှာ ဝမ်းမြောက်အားရဖွယ် ကောင်းလှသည်။

မြန်မာနိုင်ငံသမိုင်းတွင် ပထမဆုံး အနေဖြင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ ပေါ်ထွန်းရေးအတွက် စွမ်းအားရှိသမျှ ကြိုးပမ်းအားထုတ်လျက် ရှိသော ဆရာတော်ဘုရားကြီးမှာ

ဒေသရပ်ရွာ အသီးသီးမှ လူဒါန်းသော ကုသိုလ်ရှင်တို့ ဝမ်းမြောက် နူမော် သာဓုခေါ်နိုင်ရန် အတွက် ဆွမ်းအန်မောဒနာ တရားများ၊ ကျောင်းလူဒါန်းရခြင်း၏ အကျိုး တရားများ စသည်ကို ဟောကြားလျက် စုပေါင်း ရေစက်ချ တရားများကို အကြိမ်ကြိမ် ဟောခဲ့ပေသည်။ အလူရှင်တို့၏ ဝမ်းမြောက်နုမော် သာဓုခေါ်သံများသည် ကျွန်တော်၏ နှလုံးသားတွင် စွဲမြဲကာ ပဲ့တင်ရိုက်လျက် ရှိပါသည်။ မိမိကိုယ်တိုင် လူဒါန်းရသလို ဝမ်းမြောက်ပီတိ ဖြစ်နေမိပါသည်။

နောက်တစ်နေ့ နံနက် မော်လိုက်မှ ပြန်လည် ခရီးထွက်ရန် အချိန်တွင် နှစ်ကိုက်လောက် အကွာ အဝေးခွဲပင် တစ်ဦးနှင့် တစ်ဦး မမြင်ရလောက် အောင် နှင်းများ ကျနေသည်။ ထိုသို့ နှင်းများ ပိတ်အောင် ကျနေသည်ကို ထိုအရပ်ဒေသအခေါ် အားဖြင့် 'မှိုင်းတိုက်'သည်ဟု ဆိုကြသည်။

အအေးဒဏ်ကို ဆက်တိုက်ခံစားရသဖြင့် ဆရာတော် ဘုရားကြီးမှာ အသံဝင်သကဲ့သို့ ဖြစ်လာသည်။ ဆရာတော်ဘုရား၏ အပါးတွင် အမြဲလိုက်ပါလျက်ရှိသော အထူးကုဆရာဝန်ကြီး ဦးသာလှက ဆရာတော် ဘုရားကြီးအား ကွမ်းရွက်ဝါးရန် လျှောက်ထားရာ၌ ဆရာတော်ဘုရားကြီးက "ကွမ်းစွဲသွားရင် ဘယ်နှယ်လုပ်မလဲ"ဟု ပြန်လည် မိန့်ကြားသည်။ ဆရာတော်ဘုရား၏ ကျန်းမာရေး အခြေအနေရ အပူချိန်တိုင်းရန် ပြင်ဆင်ရာ၌လည်း "ဘုန်းကြီး ပျောက်သွားပြီ၊ နေကောင်းပါတယ်" ဟု မိန့်တော်မူလေသည်။ မိမိအတွက် အခြားသူများ ပင်ပန်းကြမည်ကို စိုးရိမ်လှသည့်ပြင် ဖြူစင်ရိုးသားလှသော ဆရာတော်ကြီး၏ စိတ်ထားသဘာဝမှာ အလွန်တရာ ကြည်ညိုလေးစား ချစ်ခင်ဖွယ်ရာ ကောင်းလှသည်ဟု ဆိုချင်ပါသည်။

နှင်းမှုန်များ အတန်ငယ်ရှင်းသွားမှ ရေယာဉ်ခရီးကို ဆက်ခဲ့ကြသည်။ ငွေယဉ်အောင်မော်တော်သည် ကြာအင်းသို့ ၉း၃၀ ခန့် အချိန်တွင် ရောက်ရှိသည်။ ကျွန်တော်ကို အပ္ပံသည် ပြန်မာနိုင်ငံအနှံ့ သာသနာပြုခရီး ထွက်ခဲ့ကြပြီး ဖြစ်သော်လည်း ကြာအင်းတွင် တွေ့ကြုံရသော တရားပွဲပုံစံမျိုးကို မတွေ့ကြုံခဲ့ဖူးသေးပေ၊ ဘောက်တူ (လှေကြီး) ၁၄ စင်းမျှကို ဆက်၍ တံတားခင်းထားပြီး တံတား ပေါ်တွင် ကော်ဇော ခင်းထားသည်။ ဆရာတော်ဘုရားကြီးသည် မော်တော်ပေါ်မှ သီလပေး တရားဟောလျက် ရှိသည်။ ဘောက်တူများ၌ ပင်မက မြစ်ကမ်းပါး၊ ရေစပ်၊ သောင်ပြင်တို့၌ပင် ပရိသတ် ၄၀၀၀ ကျော်မျှ တရားနာယူလျက် ရှိကြသည်ကို တွေ့မြင်ရသည်မှာ အမြင် တစ်မျိုး ဆန်းနေသည်။ ရေပြင်၊ သဲပြင်၊ သောင်ကမ်းစပ်တို့၏ နောက်ဘက်တွင် အုန်းပင်တန်းနှင့် စိမ်းလန်းသော တောတန်း တောအုပ် သစ်ပင်တို့ကို တွေ့ရသည်မှာ စိတ်နှလုံး ငြိမ်းချမ်းမှုအပြည့် ရရှိခံစားမိပါသည်။ သီလယူ တရားနာနေစဉ် အချိန်၌ပင် ဒေသခံ အမျိုးသား အမျိုးသမီးတို့မှာ ဆန်အိုတ်များကို တန်းစီသယ်ပိုးထမ်းရွက်ကြလျက် လူဒါန်းကြသည်မှာ သာသနာအတွက် ကြည်နူးအားရဖွယ် ကောင်းလှပေသည်။

ဆရာတော်ဘုရားကြီး ဟောကြားသော ဒေသနာတော်မှာ ခန္ဓာနာမ် ရုပ်တရား ဖြစ်ပေသည်။ ဆရာတော် ဘုရားကြီး၏ ခန္ဓာနာမ် ရုပ်တရားကို နာကြားနေရစဉ် ကျွန်တော်၏ စိတ်၌ ဆရာတော် ဘုရားကြီး၏ တိပိဋကက ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် ၂၅ နှစ်မြောက် ငွေရတုပူဇော ပွဲသဘင် ပြုလုပ်စဉ် အခါက ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော အနူမောဒနာ တရား၏ အဆုံးသတ် ဒေသနာ ဆောင်ပုဒ်ကလေးကို သွား၍သတိရမိသည်။

"ဒကာ၊ ဒကာမ အပေါင်း သူတော်ကောင်းတို့၊ ဆောင်ပုဒ်တစ်ခု ဆောင်ထားကြပါ"

(၁) မမေ့မလျော့ကြလေနဲ့။

(၂) တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက် မရှိကြဘူး။

(၃) မိမိတို့ ဆောင်ရွက်ရမယ့် ဝတ္တရားတွေကို နေ့ရက် ဆွဲမထားဘဲ ခုကပဲ ကြိုးစား အားထုတ်ကြပါ။"

"ဒီဆောင်ပုဒ် ကလေးကို တီပီဋ္ဌက ငွေရတု ပူဇော်ပွဲသဘင်မှာ တရား လက်ဆောင်အဖြစ် ပေး ပါတယ်"

ဟူ၍ ဆရာတော်ဘုရားကြီးက မိန့်ကြားခဲ့ပေ သည်။

အာရုံ ငါးပါး လိုက်စား မေ့လျော့ခြင်းကို ဘေးအနေဖြင့် မြင်အောင်ရှု၍ မမေ့မလျော့အပ် သည့် အပ္ပမာဒတရားဖြင့် ဒါနကောင်းမှု၊ သီလ ကောင်းမှု၊ ဘာဝနာ ကောင်းမှုတို့ကို လက်ကိုင် ပြုကြရမည်၊

ကုသိုလ်ဆယ်ခု မြတ်ကောင်းမှုကို မဖင့်မနွဲ့ ရက်မရွေ့ဘဲ ယနေ့ပင်လျှင် ကြိုးစားအားထုတ် ပြုလုပ်ကြရမည်၊ ကိုးဆယ့်ခြောက်ဖြာ များလှစွာ သော စစ်သည် ဗိုလ်ပါရှိသည့် သေမင်းနောက်သို့ ယနေ့လိုက်မည်၊ နက်ဖြန်လိုက်မည်ဟူ၍ တစိုးတစိ မသိနိုင်ကြပါ။

သို့ဖြစ်၍ မိမိ ဆောင်ရွက်ရမည့် ကိစ္စများကို နေ့ရက် ဆွဲမထားဘဲ ခုကပဲ ကြိုးစား အားထုတ် ကြပါဟူ၍ ဟော ကြား တော် မူ ခဲ့ သည် များကို ပြန်လည်ဆက်စပ် စဉ်းစားကာ သတိသံဝေ ယူနေ မိပါသည်။

ဇွဲယဉ်အောင် မော်တော်သည် ကြာ အင်း မှ ၁၀း၄၀ တွင် ထွက်ခွာ ခဲ့ပါသည်။ ကျွန်တော်၏ စိတ်ထဲတွင်မူ ဆရာတော် ဘုရားကြီး၏ ဒေသနာ တော်၌ပင် ဆက်လက် နစ်မျော နေမိပါသည်၊ ယနေ့၊ နက်ဖြန်ဟူ၍ အချိန်းအချက်မရှိ၊ သေမင်း နိုင်ငံ လိုက်ရမည့်သူများသည် ကုသိုလ်အစု မြတ် ကောင်းမှုကို နေ့ရက်မဆိုင်း ပြုလုပ် ကြရမည်။ သာသနာတော် စည်ပင်ပြန့်ပွားရေးအတွက်ရည် မှန်းချက်ဖြင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ ဆောက်လုပ်ရာတွင် နေ့ရက် မခြား ၁-ကျပ် ၁-ပြားမှ စ၍ မ, တည်လျက် ကျွန်တော်၏မျက်စိရှေ့တွင် လက်ငင်းဒိဋ္ဌ လူဒါန်း နေကြသူများအတွက် ဝမ်းမြောက် နူမော် သာစု ခေါ်မိပါသည်၊ စစ်ကိုင်းတိုင်း (ဇေယျာရွှေမြေ) နှင့် ချင်းပြည်နယ် သာသနာပြု ခရီးတွင် ဆရာ တော် ဘုရားကြီးသည် ရောက်ရာ ဒေသ အခြေ အနေနှင့် လိုက်လျော ညီညွတ်စွာပင် တရား အနှစ် မောဒနာ ဒေသနာကို အကြိမ်ပေါင်း ၁၅ ကြိမ် ထက်မနည်း သြဝါဒပေး ဟောကြားခဲ့သည်။

ရန်ကုန်သို့ အပြန်ခရီး ရထားပေါ်တွင် လိုက် ပါလာရင်း ဆရာတော်ဘုရားကြီး မိန့်ကြားလေ ရှိသော "ကျောင်းလူ အကျိုး ၇ ပါး လက်ဝ" လေးမှာ ကျွန်တော်၏ စိတ်အာရုံတွင် မပြတ်မလပ် ထင်ဟပ်ရှိနေပါတော့သည်၊

"(၁) နတ်နှင့် လူနှယ်၊ သန္ဓေတွယ်၍
(၂) စိတ်ဝယ်တောင့်တ၊ ဆောက်အုံရ၏။
(၃) မထ ကြက်သီး၊ ကိုယ်လည်း မလှုပ်၊
ကြောက်ရုပ်မထင်၊ ထိတ်လန့်စင်၏။
(၄) ခြေသေ့ သစ်ကျား၊ ကျားရဲများနှင့်၊
ဖမ်းစားကလူ၊ နှိပ်စက်မူသား၊ တော
သူ ဖုတ် ပြိတ်၊ အဆိပ် ထန်ပြင်း၊
မြွေနှင့် ကင်းက၊ အဆင်း ဖောက်ပြန်၊
ကုမ္ဘဏ် ရက္ခိုဿ၊နတ်မိုက် ရန်ပေါင်း၊
ဘေးလွတ်ရှောင်း၏။
(၅) မကောင်းအိပ်မက်၊ မမြင်မက်ဘူး။
(၆) ထင်လျက်သဲတိ၊ ခိုင်မြဲဘိ၍၊ ဝိပရိဏာ
ဖောက်ပြန် စိတ်ရင်း ရှုးသွပ်ခြင်းမှ၊
ရှင်းရှင်း လွတ် ရှောင်း၊ ကျိုးဆက်
ကောင်း၏။
(၇) နောက်နှောင်းဘဝ၊ ပစ္ဆိမဝယ်၊ ဂုဏ
ကဲပို၊ အရဟာတ္တဖိုလ်ဟု၊ ထိုထိုကျေးဇူး
လွန်ပြန့်ပြူးသည်၊ ဆောက်ဦး လှူကျိုး
ခုနစ်တည်း"


ဦးတင်ဦး



မြင့်ဆွေ

တိုဝိဋ္ဌကဓရဆရာတော်ဏ်ီငယ်မှုလက်ရာ

ကဗျာများ



တောက်ပြောင်မှုနှင့် မှေးမှိန်မှု

လောကဌ အရည်အသွေး တစ်ခုထက်ပိုကာ နှစ်ခု သော်လည်းကောင်း၊ သုံးခု၊ လေးခုစသည်ဖြင့်လည်း ကောင်းရှိသော ပုဂ္ဂိုလ်အဖို့၊ ယင်း အရည်အသွေး များအနက် တစ်ခုခုက တောက်ပြောင်လွန်းအား ကြီး နေလျှင် ကျန်သော အရည်အသွေးများမှာ မှေးမှိန် နေတတ်သည်။

ယင်းသို့ မှေးမှိန်နေရခြင်းမှာလည်း ကျန်အရည် အသွေးများက စံချိန်မမီသောကြောင့်မဟုတ်၊ စံချိန် မီပါလျက်နှင့် တောက်ပြောင်လွန်း အားကြီးသော အရည်အသွေးတစ်ခု၏ အရှိန်အဝါများက အခြား အရည်အသွေးများကို ဖုံးလွှမ်းထားသလို ဖြစ်နေသော ကြောင့်ဖြစ်သည်။

ဤကား လူ့လောက၏ သဘာဝ၊ စာပေလောက၏ သဘာဝပင် ဖြစ်သည်။

အင်းဝခေတ် အရှင်မဟာသီလဝံသ

ဥပမာ— အင်းဝခေတ် စာပေလောကဌ ထင်ရှား လှသော စာဆိုတော်ကြီး အရှင်မဟာသီလဝံသ သည် မြန်မာ ပျို့ ကဗျာ လင်္ကာ ဖွဲ့ဆိုမှုက တောက်ပြောင်လွန်း နေသဖြင့် သူ၏ ပါဠိပိဋကတ အရည်အသွေးများမှာ မှေး မှိန်သလို ဖြစ်နေခဲ့ရသည်။

သူ ပထမဆုံး ဖွဲ့ဆိုရေးသားခဲ့သော "ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်က" ခို "ပါရမီတော်ခန်းပျို့" မှ စ၍ အရှင် မဟာသီလဝံသ ၏ မြန်မာ့ကဗျာ အရည်အသွေးသည် အရှိန်အဝါ မြင့်မားခဲ့သည်။

အရှိန်အဝါ မြင့်မားလောက်အောင်လည်း "ပါရမီ တော် ခန်းပျို့" ဟူ၍ အရှင်မဟာ သီလဝံသသည် ဆိုင်ရာ ဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာ အဆိုအမိန့်များကို ခြုံမိ ငုံမိအောင် ဖွဲ့ဆိုနိုင်စွမ်းရှိကြောင်း တွေ့ရှိရသည်။ထိုမျှ သာမက ခြုံငုံဖွဲ့ဆိုထားသမျှကို ဖတ်ရှုလေ့လာသူများ သတောပေါက် နားရှင်းအောင်—

အနန္တဉာဉ်၊ ငါနှင့်ယှဉ်၍
စိမ်းချဉ်မိုက်မှက်၊ ဥပါဒက်ဟု
ရမ္မက်မကြွင်း၊ ဆယ့်နှစ်သင်းသား
အပြင်းဖမ်းကြူး၊ တောဘီလူးကို
တပ်ဦးငါတွင်၊ ကြည်မှူးသင်မှ
ဖြိုနှင်စဉ်းဖြတ်၊ မင်္ဂနှင့်သတ်ပြီး
ဥပါဒ်သိမ်ဖျင်း၊ မှောင့်ရောင်ကင်းမှ
ကိုယ်တွင်းအရေး၊ ငြိမ်းဆေးဖြန်းငှ
ဂုဏ်နဲ့ လိုင်သည်—

ဟူ၍ သူ၏ ကဗျာအတတ်ပညာ ဥပမာ၊ ဥပစာတို့ဖြင့် ကိုင်တွယ်ကဲ့တင်စား ခိုင်းနှိုင်းခဲ့သည်။

ဆိုလိုသည်မှာ အကဲသိုလ်စိတ် တစ်ဆယ့်နှစ်ပါးကို ရမ္မက်နှင့်တကွ မကြွင်းကျန်အောင် မဂ်ဉာဏ်နှင့် ပယ်သတ်နိုင်မှသာလျှင် ကိုယ်တွင်း၌ ငြိမ်းအေးနိုင်မည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

ဤ၌အဂ်သိုလ်စိတ်တစ်ဆယ့်နှစ်ပါးကို တောဘီလူးကြီး တစ်ဆယ့်နှစ်ကောင် အဖြစ်ဖြင့် လည်းကောင်း၊ မဂ်ဉာဏ်ကို လက်နက်အဖြစ်ဖြင့်လည်းကောင်း ဥပမာတင်စားထားခြင်းမှာ လေ့လာဖတ်ရှုသူများ လည်း အလွယ်တကူနားရှင်း၍ ပါ၏၊ အဋ္ဌကထာ၊ ဋီကာ အဆိုအမိန့်များနှင့်လည်း ကိုက်ညီကာ အလေးအနက်လည်း ရှိလှသဖြင့် အရှင်မဟာသီလဝံသ၏ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်နိုင်မှုကို ချီးကျူးရပေမည်။

ယင်းသို့ ကဗျာ၊ လင်္ကာ ဖွဲ့ဆိုရေးသားမှု၌ ပိုင်လည်း ပိုင်နိုင်လည်းနိုင်၍လည်း လေးနက်အောင် ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်မှုကြောင့် သူ၏ ပထမဆုံး ပါရမီတော်ခန်းပို့မှ စ,တင်ကာ အရှင်မဟာသီလဝံသ၏ မြန်မာစာပေ အရည်အသွေးသည် မြင့်မားခဲ့သည်၊ အရှိန်အဝါ တောက်ပြောင်ခဲ့သည်။ ယင်းသို့ မြင့်မားတောက်ပြောင်သည်နှင့်အမျှ ပါ၏၊ ပိဋကအရည်အသွေးသည် မှေးမှိန်သလိုဖြစ်ခဲ့ရသည်။

သို့သော် သူ၏ ပါရမီတော်ခန်းပို့၊ ဆုတောင်းခန်းပို့စသည်တို့မှာ လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်း သုံးကြောင်းအနက် ဓမ္မကြောင်းကို "ဇောင်း" ပေးပြီး ပါ၏၊ အဋ္ဌကထာ၊ ဋီကာအဆိုအမိန့်များကို လက်တစ်ဆုံးနှိက်ကာ ယူငင်ဖွဲ့ဆိုထားသောကြောင့် သူ၏ ပို့၊ ကဗျာ၊ လင်္ကာများကို သေချာစွာ လေ့လာသူတိုင်း အရှင်မဟာသီလဝံသ သည် ပါ၏၊ ပိဋကအရည်အသွေးလည်း ထက်မြက်စူးရှလှကြောင်း သတိပြုမိကြလိမ့်မည် ဖြစ်ပေသည်။

ပျက်ပျောက်ခေတ် အရှင်ဓမ္မသာရ။

ယင်းသို့ အရှင်မဟာသီလဝံသ၌ တွေ့ရှိရသော လူ့သဘာဝ၊ စာပေသဘာဝကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဓမ္မသာရဘိဝံသ၌လည်း တွေ့ရှိနေရပေသည်။

တိပိဋကဓရ ဆရာတော်သည် ပါ၏၊ ပိဋကတွင် "ဆရိးရ ပဌမကျော်" "သက္ကသိဟ -မှာစရိယ (ဝဋ်သကာ)" "တိပိဋဓရ ဓမ္မဘဏ္ဍာဂါရိက" ဟူသော အမြင့်ဆုံး အဲ့ကြီးများကို ရရှိထားရုံသာမက "အဂ္ဂမဟာ ပဏ္ဍိတ" "အဘိဓဇ မဟာရဋ္ဌဂုရု" ဟူသော ဂုဏ်ထူးဆောင် အမြင့်ဆုံး ဘွဲ့တံဆိပ်များကလည်း ထပ်ဆင့်ထားပြန်သဖြင့် ပါ၏၊ ပိဋကတ်အရည်အသွေးမှာ တောက်ပြောင်လွန်းလှသည်။ မြင့်မားလွန်းလှသည်။

ထို့ကြောင့် တိပိဋကဓရ ဆရာတော်၏ မြန်မာကဗျာအရည်အသွေးမှာ မှေးမှိန်သလို ဖြစ်နေခဲ့ရသည်။

စင်စစ် တိပိဋကဓရ ဆရာတော်၏ မြန်မာကဗျာအရည်အသွေးမှာ ပါ၏၊ ပိဋကတ် အရည်အသွေးလောက် တောက်ပြောင်မှုမရှိသော်လည်း မည့်ခဲ့ပေ။ သာမဏေဘဝ ၁၄ နှစ်သားအရွယ် မတိုင်မီကပင် မြန်မာ့ကဗျာ လင်္ကာများကို ဖွဲ့ဆိုရေးသားနေပြီဖြစ်သည်။

သာမဏေဘဝကပင် 'ပေါရာဏဒီပနီ'လို ကျမ်းကြီးများ၊ 'မဃဒေဝ လင်္ကာသစ်'လို ကျမ်းကြီးများကို လေ့လာထုံးပြီးသား ဖြစ်နေပေပြီ။

မဃဒေဝ့ နယဒဿန နိဂုံး

ကျေးဇူးတော်ရှင် မန်လည် ဆရာတော်ဘုရားကြီးသည် 'မဃဒေဝ လင်္ကာသစ်ကြီး' ၌ 'နယဒဿန နိဂုံး' ကို ကဗျာပဒေသ၊ ကဗျာရေးထုံး ရေးနည်းများ အဖြစ်ဖြင့် သင်ကြား ပို့ချခဲ့ခြင်း ဖြစ်သည်။ ကဗျာ ရေးထုံးရေးနည်း၊ စပ်ထုံး စပ်အင်များကို နယဒဿန နိဂုံး၌ အတော် စုံစုံလင်လင် တွေ့ရှိနိုင်သည်။

တိပိဋက ဆရာတော် လောင်းလျာ သာမဏေ ရှင်ဝိစိတ္တာသာရသည် မဃဒေဝ လင်္ကာသစ်မှ အဆိုပါ နယဒဿနနိဂုံးကို ကျေကျေညက်ညက် အထူးလေ့လာပုံရသည်၊ မဃဒေဝ လင်္ကာသစ်မှ အဆိုပါ နယဒဿနနိဂုံးကို ကျေကျေညက်ညက် အထူး လေ့လာထားဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် အရှင်ဝိစိတ္တာသာရ၏ သာမဏေ ဘဝ၊ ငယ်မူလက်ရာ ကဗျာများ၌ ကဗျာပဒေသများကို အထူး ဂရုတစိုက် ကြိုးစားထားသည်ကို တွေ့ရှိနေရသောကြောင့် ဖြစ်သည်။

ဥပသမ္ပဒါ မင်္ဂလာသဘင်

မြန်မာသက္ကရာဇ် ၁၂၉၂-ခုနှစ်၊ နွေဦးတန်ခူးလဆန်း ၆ ရက်၊ ဘုန်းလောနေတွင် မင်းကွန်းဘုရားရှိ ဓမ္မနာဒဘုံကြီး၌ ရွှေကျင်းတရာရ ငွေတောင်တိုက်၊ ဓမ္မာသိပ်ဘုံကြီး၌ ကျွန်းဦးရွာ ဓမ္မနာဆရာကောင်းဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ တိပိဋက ဆရာတော် လောင်းလျာ သာမဏေရှင်ဝိစိတ္တာသာရသည် ဥပသမ္ပဒါ မင်္ဂလာသဘင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

သဿသနာနှင့်ဟာ၊ မဲမွာနှင့်ဟာ၊ သာသနဒါယင်္ဂ၊ စတုပစ္စယဖြင့် ရဟန်းဒကာအဖြစ် ခံယူသူများမှာ မင်းကွန်းဆောင်ရိုး အိမ်ကြီးချောင် 'သစ္စဝါဒီ ဋ္ဌိကာ' ကျမ်းပြု သာသနာ့ မိခင် ဆရာကြီး ဒေါ်မဲမွစာရီကို အမှူးထား၍ ရန်ကုန်မြို့၊ ရွှေတိုဂုံ ဂေါပက ဘဏ္ဍာတော်ထိန်းသေချွေးကြီး ဆာဦးသွင်၊ ဒေါ်ဒေါ်သိန်းတို့ မိသားစုဖြစ်သည်။

ယင်း ဥပသမ္ပဒမဂ်လာသဘင်တွင် မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းတောင်ရိုးနှင့် မန္တလေးမြို့များမှ ကြွေးမြင့်မီဖုရား ဆရာတော် ဖြစ်သော ချမ်းသာကြီး ဆရာတော် ဦးပဏ္ဍဝ၊ မစိုးရိမ် ဆရာတော် ဦးသူရိယ စသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ရွှေရေးဆောင် ဆရာတော် အရှင် အာဒိစ္စရံသီ (ဦးကြည်) စသော ပရိယတ္တိ စာချအကျော် ဆရာတော်ကြီးများ စသော ဆရာတော် သံဃာတော် သုံးကျိပ်ကျော်ကျော်တို့ဟာ ဥပသမ္ပဒကမ္မဝါစာဖြင့် ချီးမြှောက်တော်မူကြသည်။

ယင်း ဥပသမ္ပဒ မဂ်လာ သဘင်တွင် ဓမ္မနာဒ ဆရာတော် အရှင် ပညာစက္ကက အရှင် ဝိစိတ္တဿာရအား "ပဗ္ဗဇ္ဇာမဂ်လာ အောင်ဩဘာ စာတမ်း" ကို ကိုယ်တိုင် ရေးသား ဖတ်ကြားရမည်ဟု တိုက်တွန်း မိန့်ကြားတော်မူသည်။ ကြွရောက်ချီးမြှင့်တော်မူသော ဆရာတော်ကြီးများကလည်း အရှင် ဝိစိတ္တာသာရ၏ ကဗျာ အရည်အသွေး၊ မြန်မာစာ အရည်အသွေးကို သိရှိထားတော်မူကြပြီး ဖြစ်သည့်အတိုင်း အရှင် ဝိစိတ္တာသာရအား ဓမ္မနာဒ ဆရာတော် ကဲ့သို့ပင် ဝိုင်းဝန်းတိုက်တွန်း မိန့်ကြားတော်မူခဲ့ကြသေးသည်။

သို့ဖြင့်ပင် အရှင် ဝိစိတ္တာသာရသည် အောက်ပါ "ပဗ္ဗဇ္ဇမဂ်လာ အောင်ဩဘာ စာတမ်း" ကို စီကုံး ရေးသားခဲ့သည်။

ပဗ္ဗဇ္ဇမဂ်လာ အောင်ဩဘာစာတမ်း

ဇယံ ဂတော ယော မာရဿ၊
ဝိဝိဓာနေက မာကုလံ။
တိလမတ္တာမ့ိ ခေဒေန၊
သော မံ ဒေတု ဇိနော မယ့ံ။

၁။ ။မဂ်လာယွက်ရုံ၊ ရန်လုံဗောဓိ၊ သီရိနဂိုရ်၊ ဗဟို ခရိုင်၊ မြေမလွှိုင်၌၊ လေးခိုင်သော သစ္စာပန်းတို့ကို၊ လက်လှမ်းကြည်နူး အရ ခူးလျက်၊ ငါးဦးသော မာရ်ဗစ်မက်ကို၊ လက်နက်မစွဲ၊ အောင်ပွဲဝင်ကာ၊ ဇေယျာဘိ ဇေယျုက္ကံဋ္ဌ၊ သုံးလောက ကေသရီ၊ မဟေသီ ခေါင်ချုပ်၊ နရုတ္တမ၊ အနုတ္တရဘဂဝါ၊ မဟာအတုလ၊ တြိဘဝပုဂ်ိုဒေါ်၊ အောင်လံတော်စိုက်ထူ၍၊ ခြောက်ဆူ ရောင်ခြည်၊ အလီလီဖြင့်၊ မဟီတလင်၊ မြေအပြင်မှ၊ ကောင်းကင်ရေနေ၊ များပိုလ်ခြေတို့အား၊ အောင်မြေ နက်သန်၊ နေရဗာန်သို့၊ ဖောင်ယံမဂ္ဂင်ဖြင့်၊ ပို့တင် ဆောင်ယူတော်မူတတ်သော ဂုဏ်တော်မြတ်အရ—

"သတ္တော ဝိနေတိတိ ဝိနာယကော"

ယော ဘဂဝါ၊ အကြင် ဘုန်းတော် ခြောက်ဆိုင်၊ အောင်လံတိုင်ကို၊ ကိုယ်ပိုင် လက်ထား၊ မြတ်ဘုရားသည်။ သတ္တော၊ ဘဝကြီးငယ်၊ အသွယ်သွယ်၌၊ ငြိတွယ်တဏှာ၊ သတ္တဝါအပေါင်းတို့ကို။ ဝိနေတိ၊ ဓမ္မ၌ပဒေသ၊ ညွှန်ပြသွန်သင်၊ ပြည်နှိုဗ္ဗ။ သောင်ခွင်သို့၊ ဆောင်တင်သယ်ပို့တော်မူတတ်၏။ ကွတိ၊ ဤသို့သော ဝစနတ္ထ ဗျုပ္ပတ်အရကြောင့်။ ဝိနာယကော၊ ဝိနာယကမည်တော်မူ၏။

ဤသို့ထုတ်ပြ၊ အက္ခရစိန္တကာ၊ မြတ် ဆရာတို့၊ သဒ္ဒါပုဒ်ပါဠ်၊ ရုပ်ဓာတ် အရှိ၊ ဗျုပ္ပတ္တိ ဝိဂြိုဟ်၊ လှစ်ဆို အပ် သည်နှင့် လျော်စွာ၊ ဝိနာယက၊ ရွှေဘွဲ့တော် သ အပ်သည့်၊ ဓမကုဋ္ဌပဝရ၊ ငါတို့၏ စောမြတ်စွာသည်၊ ဝါလေးဆယ့်ငါး၊ တရားရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးပဲ့ပြင်၊ အောင်ပွဲကြီး ယင်လျက်၊ သုံးခွင်သမယ၊ ပဲ့စ္ဆိမဋ္ဌ၊ ခန္ဓပရိနိဗ္ဗာန်၊ ဒုတိယ နေရဗာန်ကို၊ စံလွှန်တော်မူဆဲ အခါ။ အနာဂတစ္ဆ၊ ဝေနေယျတို့၏ အကျိုး၊ ပွားတိုး စည်ပင်ရာ၊ မဟာကရုဏာတော် လှုံ့ဆော်ရကား၊ ကိုယ်စားတော် အရာ၊ ဓမ္မက္ခန္ဓာပေါင်း၊ ရှစ်သောင်းလေးထောင်ကို၊ ငါးထောင်သာသနာ၊ အခါမြင့်တည်၊ အရှည်တံ့စားထားတော်မူခဲ့ပေသတည်း။

၂။ ။ယင်းသို့ ထားတော်မူရာ၊ သာသနာတော် အဖူး၏၊ ခလုပ်ဆူးအသွင်၊ ငြောင့်တံကျင်သဖွယ်၊ မိစ္ဆာနွယ်တို့ကို၊ ရှင်းပယ်တားဟန့်လျက်၊ ပွားပြန့်စည်ပင်ရာ အကျိုးငှာ၊ အရှင်မဟာကဿပ၊ အရဟန္တာကို၊ ဥက္ကဋ္ဌ အမှူးတင်၍၊ ငါးရာသော ရဟန္တာအရှင်တို့၊ စီစဉ်ညှိနှိုင်း၊ ရွတ်ဆိုလှိုင်းလျက်၊ တိုင်းမဂဓ၊ ရဇ္ဇသီခရာ၊ အဇာတသတ်၊ စောနေနတ်သည်၊ ထက်မြက်သော သဒ္ဓါဥက္ကဋ္ဌဖြင့်၊ ဓမ္မာနုဂ္ဂဟ မြိမ့်သဲ၊ ပထမသုဂါယနာတင်ပွဲကြီးကို ယင်္ခဲတော်မူသတည်း။

၃။ ။ထိုမှထက်လျှောက်၊ သံဗွဲညုထွတ်ဘုန်းလျှံဖရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက်၊ နှိုင်းထောက်တွက်ဆ၊ နှစ်ပေါင်းတစ်ရာ အကျတွင်၊ မဟာယသ ရဟန္တာအရှင်ကို၊ ဥက္ကဋ္ဌ တင်မြောက်ကာ၊ ရာ, ခုနစ်လီ၊ ရဟန္တာမထေရ်တို့၊ တူညီရံဝိုင်း၊ ဌာန်ကရိဏ်းဖြင့်၊ သံလျိုင်းဆိုရွက်၊ ဝေသာလီ ပြည်အလုံးကို၊ ရွှေဘုန်းရောင် တောက်ပသည့်၊ ကာဠာသောက မင်းမြတ်သည်၊ နောက်ထပ် တစ်ဖန်၊ မဟာဇေယျသဝ၊ ဒုတိယ သံဂါယနာတင်ပွဲကြီးကို၊ ယင်နွဲတော်မူပြန်သတည်း။

၄။ ။ထိုမှတစ်ဖြာ၊ သာသနာ သက္ကရာဇ်၊ နှစ်ရာ့သုံးဆယ့်ငါး(၂၃၅) နှစ် အရောက်၌၊ ထက်အောက် ဖွဲ့ဖြိုး၊ မြေမိုး တစ်ယူဇနာ အာဏာတော်စူးရှသည့်၊ ပါဋလိပုတ္တရာဇာ၊ မဟာပုညဇိဒ်၊ ထူးနိမိတ်ဖြင့်၊ ဂုဏ်ဟိတ် မိပတိ၊ ဘုန်းရောင်ငြိလျက်၊ ရဝိစက္ကရတ်၊ ဒနုနတ်နွယ်လာ၊ သီရိမမှာသောက၊ နရိန္ဒသည်၊ မဟာမောဂ္ဂလိပုတ္တ်၊ တိဿမည်ထူး၊ ရဟန္တာအရှင်မှူးကို၊ အဦးတင်မြောက်. တစ်ထောင် သခ်္ဂါ ရဟန္တာ ဘုန်းရှိန်တောက်တို့၊ သုံးကြိမ်မြောက် သံဂါယနာတင်ပွဲကြီးကို၊ ယင်နွဲတော်မူပြန်သတည်း။

၅။ ။ထိုမှဆက်ကာ၊ သာသနာ သက္ကရာဇ်၊ နှစ်ရာငါးဆယ့်ခြောက်(၂၅၆) နှစ်သို့ အကျတွင်၊ လင်္ကာဒီပ၊ သီဟဠ၌၊ သာသနာ့ ဒါယကာ၊ သဒ္ဓါတိဿမင်းကြီး၏ သားတော်၊ တေဇော်ရဲညီ၊ ဝဋ္ဋဂါမဏိဟု၊ ဘုန်းရှိနရိန္ဒာ၊ နွယ်လာနေနတ်၊ ယင်းမင်းမြတ်၏ လက်ထက်တွင်၊ အဆက်အဆက် သာသနာ၊ အခါတော်ရှည်လျား၊ စည်ကားပွားပြန့်ရန်၊ ငါးရာသော အရဟန်တို့၊ ဝိုင်းရံစုရုံး၊ တူညီသော စိတ်နှလုံးဖြင့်၊ သုံးလူဘ ဘဂဝန်၊ ဝမ္မခန် ရွှေစက်ကို၊ ပေထက်သို့ ရေးတင်ကာ၊ ပေါတ္ထကာရွှင်၊ ဘွဲ့ပုံဥက္ကဋ္ဌ၊ သမုတ်ရသည့်၊ စတုတ္ထ သံဂါယနာတင်ပွဲကြီးကို ယင်နွဲတော်မူကြပြန်သတည်း။

၆။ ။ဤသို့ဆက်လျှောက်၊ အထောက်ထောက်အခါခါ၊ ရဟန္တာတို့သည်၊ သာသနာတော် မြတ်ကြီးကို၊ သိမ်းဆည်းစောင့်ရှောက်တော်မူကြ၍၊ အစဉ်အတိုင်း၊ တိမ်းယိုင် ကိုင်းစောင်းခြင်းမရှိ၊ ငါတို့၏မြန်မာနိုင်ငံတိုင်အောင် ကြုံခိုင်မတ်မာ၊ ကျောက်စာတိုင်အလား၊ ကဲသို့၊ ထွန်းကား၀ည်ပင်ကာ၊ ရတနာမုံ၊ ပြေယခုံကဲ့၊ ငေယျုံပူရိန်၊ ဝတိန်အလား၊ ဦကြား၏စံရာ၊ အမရာဝတီ၊ နေပြည်တော်မှ၊ မန်းထောင်ပြေပဝရကို၊ ပထမဦးချီ၊ မြို့နန်းတည်လျက်၊ မဟီအင္၊ ဤဇမ္ဗူတွင်၊ ရည်တူဘက်ကင်း၊ အမင်းမင်းတို့ထက်၊ ရှိန်ပြင်းသောရာဇဂုဏ်၊ ဝသုန်မဆန့်၊ ဘဝဂ်နှံ့မျှ၊ ပြန့်ကျော်သောကမ္ဘာတော်၊ အာဏာတော် စူးရှသော၊ အသျှင်ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ လက်ထက်တော်၌၊ အဆက်ဆက်သောရာဇဝင်တွင်၊ တစ်ကြိမ်တစ်ခါပင် မကြုံစဖူးထူးကဲသော သဒ္ဓါအရှိန်၊ နတ်လက်နက် ဝရဇိန်သို့၊ စောမုနိန် သာသနာငယ်၊ အခါအရှေ ကမ္ဘာပင်ကြေသော်လည်း၊ မကျေဒါန်း၊ လူ့ထံနတ်ဘောင်၊ ကြာတိုင်းပင်ပြောင်စိမ့်မည်၊ မြင့်ခေါင်သော စိတ်မှန်းဖြင့်၊ ဆန်းနူသော ကျောက်အပြင်၀ယ်၊ သန့်စင် ပြီသ,စွာ၊ အက္ခရာပုဒ်ဗျည်း၊ သိပ်သည်းသေခွေ တစ်လုံးတစ်ပါဒမျှလည်း၊ အကျအယွင်း မရှိစေရ။ သာသနာ့ကျက်သရေ၊ ကမ္ဘာလုံးတည်စေဟု၊ ရွှေဥာဏ်နှုတ်စက်အမြင်တော်ထက်လှ၍၊ သေလက္ခရမည်တွင်၊ ပဋ္ဌမသံဂါယနာတင်၊ ပွဲသဘင်ကြီးကို ဆင်နွဲတော် မူပြန်သတည်း။

၇။ ။ထိုအခါမှစ၍၊ မြန်မာ့နွယ်ဘုန်း၊ မိုးနွယ်ချုန်းသို့၊ ယှဉ်နူနန်းဘက်ကာ၊ သာသနာတော် အဝှန်း၊ နေ၀ါ လ၀န်းမက၊ ထောက်ပ စည်ပင်ရာ၊ ယင်းအခါ၌၊ မဟာဇောတိကာရာမ၊ သာသနာ့တံခွန်ဆောင်၊ အခေါင်ဓိပတိ၊ အောင်ဗောဓိဆုကြီး၊ ပွင့်လှန်းပမာ၊ မဟာပညာ၀န်၊ သီလ၀နံ့တမွှတ်၊ အထွက်ရတနာ၊ အရှင်သာရိပုတ္တရာတစ်မျှကဲ့သို့၊ စူးရှသော ဉာဏ်အမြင်၊ အရှင်စံကျောင်း ဆရာတော်ဘုရားကြီးမှ၊ ပေါက်ပွားနွယ်လာ၊ ထေရ၀ံသ၊ ပဒီပအစစ်၊ ရတနာပုံမြို့တော်မှ၊ အနောက်မြောက် အကျ၊ မင်းကွန်းမြေဌာန၌၊ ထူးလှစွာသော မဟာဉာဏ်၊ အာဇာနည်ဘွား၊ ဘုရား၏ ပညတ်အရှိုကို၊ ပကတိသော သဏ္ဌာနဘာဂီ၊ စသီဘော်အလေ့သဘောဖြင့်၊ နေ့ရောညဉ့်ပါ၊ စေတျာယရ၊ ဗောဓိယင်္ကာမှစ၍၊ အ၀၀သော အကျင့်၀တ်တို့ကို၊ ယွင်းချွတ်ခြင်းမရှိစေရ၊ ဓမ္မဂမ္ဘီ၊ အလိလိဉ်လည်း၊ ကေသရီအလား၊ ပေါက်ဖွားနုနယ်၊ ငယ်ရွယ်စဉ်ကပင်၊ လူရွင်ပရိသတ်တို့၏ အလယ်၌၊ အုံဖွယ်ထူးဆန်း၊ ရဲစွမ်းသတ္တိဖြင့်၊ ကဝိတံခွန်၊ အရည်ချွန်လှက်၊ ကဲလွန်သော ဝိရိယတန်ခိုးဖြင့်၊ ကြိုးပမ်းအားသွန်ကာ၊ သဒ္ဓါသင်္ကြိတ် ထိုထိုကျမ်းဂန်၊ ဂန္ထ၌ရ၊ နယသာဂရာ၊ အဋ္ဌကထာအနှံ့၊ မဓုရောပြွမ်း၊ အာနန်းခန်းတို့၌၊ ကမ်းခပ်ပြောက်ဆုံး၊ ဗျာကရဏ်းအတန်တန်၊ အဘိဓာန်အ၀ဋ၊ မဂဓအိုရိန်၊

နေတ္တိ ဝိဒူ၊ တစ်ဆူပါမောက်၊ စုံပေါက်ကဲလွန်၊ မညှဉ်
ဝန်ထူးဟိတ်ဖြင့်၊ ပိဋ္ဌကတ်သိဒ္ဓိကြဲ၊ အပြီးကြိုး ပြီး
လျက်၊ ခိုမှီးထံပါး၊ တပည့်များကိုလည်း၊ ကြီးပွား
စေလိုခြင်း၊ မူလရင်းသဒ္ဓါအရှိုဖြင့်၊ ပါဠိ၊ အဋ္ဌကထာ၊
ဋီကာ အခမ်းခမ်းတို့ကို၊ အားပန်းစိုက်ထုတ်၊ နေ့ရော
ညဉ့်ပါ၊ အခါကိုမယုတ်စေပဲ၊ မဟုဿဝ၊ ဓမ္မ စာ
သင်ပွဲကို၊ ယင်နွဲပို့ချ၊ ကြုံးပ တွန်မြည်ရာ၊ သညာ
အနွတ္ထဖြင့်၊ ပါကဋ္ဌထင်ရှား၊ အရှင်ဓမ္မနာဒတိုက်
ဆရာတော်ဘုရား၏၊ ထံပါးစက်မို၊ ဘုန်းတော်ရိပ်ခိုလှုံ
လျက်၊ ထိုထိုများစွာ၊ ကျမ်းစာအမျိုးမျိုးကို၊ အား
ကြိုးမာန်တက်၊ နှစ်သက်မြတ်နိုးစွာ၊ လေ့လာသင်
ကြား၊ သာသနာတော်ကြီး၏ အကျိုးစီးပွားကို၊
သက်စွန်ကြိုးစား၊ ထမ်းဆောင်မည်ဟူသော စိတ်ထား
ကို၊ အသင့်ပွားစီးလျက် ရှိပေသော၊ မြင်းခြံမြို့အပိုဒ်၊
တစ်တိုင်ခန့်အကွာ၊ ကျည်းပင်ရွာတွင်၊ ဖွားရာဇာတိ
ရှိသော၊ အရှင်ဝိစိတ္တာသာရအား၊ ယခုအခါ၊ ရှိသေ
စွာ ပင့်လျှောက်ချက်အရ၊ ကြွရောက်တော်မူကြကုန်
သော မဟာထေရ် ဘုရားတို့သည်၊ သနားငဲ့ညှာ၊
သာသနာတော်၏ကြီး ကြီးပွားရာကို၊ ထောက်စာရှု
မြော်တော်မူကြသောအားဖြင့် လည်းကောင်း၊ ဘုရား
ရှင်အမိန့်တော်ကို၊ ကော်ရော်လေးမူ၊ တူမျှသော
စိတ်နှလုံး ရှိတော်မူကြသည်ဖြစ်၍ လည်းကောင်း၊
ဥတ္တိစတုတ္ထကမ္မဝါစာ၊ ဘုရားရှင်ဒေသနာကို။ဆယ်ဖြာ
သော ဗျဉ္ဇနဗုဒ္ဓိတို့ဖြင့်၊ နှိုင်းညှိစုံစီ၊ တစ်ထပ်တည်း
ညီစေလျက်၊ မဟိမက္ကလင်. ရဇတာစလ၊အရညာရာမ၊
သိမ်အပြင်၌၊ ပဲ့တင်သံတစ်မျှ၊ ရွှတ်ဖတ်သရဇ္ဈာယ်
တော်မူကြ၍၊ ပုဂ္ဂလသမ္မတ်တို၊ ဝတ္ထုသသမ္မတ်တို၊ ပရိသ
သမ္မတ်တို၊ ကမ္မဝါစာသမ္မတ်တို၊ သီမာသမ္မတ်တို၊ ကျမ်းရှိ
အလာ၊ အင်ငါး ဖြာ ဖြင့်၊ သာသနာ သက္ကရာဇ်၊
၂၄၇၄–ခု၊ လူတို့ ဝေါဟာ ကောဇာသက္ကရာဇ်။
၁၂၉၂–ခု၊ ဥတုဝ်မှန်၊ တန်ခူးလ၌၊ ဒေါနနှင်းဆီ
သရဖီရင်ခဏ်၊ ပန်းမြတ်အင်ကြင်း၊ အစုံခင်းလျက်၊
ထုံသင်းယှက်ရုံ၊ ပန်းမျိုးစုံတို့၊ ရဂုံဟေမာ၊ ညီညာ
စွင့်စွင့်၊ အပွင့်ကြီ းပွင့်တုန်း၊ တောလုံးသာယာ၊
ဘဂဝါသုဂတ၊ သုံးလောက ဦးနှိမ်ကို၊ သုခမိန်
ဘွားဘက်တော်၊ ကာဠုဒါယီအမတ်ကျော်၊ လျှောက်
ဖော်ပင့်ဖိတ်ချက်အရ၊ ကပိလဝတ္ထုနိ၊ နန်းအောင်ချာ
သီဂီသို့၊ စက်ချီကြွမြန်းတော်မူရာ၊ အခါကိန်းမြတ်၊
ထိမ်းအမှတ်ဖြင့်၊ လျှောက်ပတ်သာယာ၊ မင်္ဂလာသူန္တိ၊
အချိန်ကောင်း ကြိုက်ညီလျက်၊ ဆန်းခြောက်ရက်
တနင်းလာ၊ နေ့နံက်စက် ဂ နာရီနှစ်ဖဝါး၊ တစ်ဖိလာ
အချိန်တွင်၊ သာကီဝင်ဇာတ်၊ မြင့်မြတ်သောရဟန်း
အဖြစ်သို့ ထောက်ပင့်ဓာင်မ,လျက်၊ သာသနာ့အာဘိသိက်
ပန်းကို၊ ဆင်မြန်းစေတော်မူကြပေကုန်သတည်း။

၈။ ။ထင်းရှင်စိစိတ္တာသာရ၏၊ သာသနာ့ အာဘိသိက်
ပန်း ကို၊ ဆင် မြန်း သော ကာ လ၊ ထူး မြတ် သော
အခါသမယ၌၊စတုကဂိုတ္တိရ်၊ မိန့်ဆိုဟောပြချက်အရ၊
သာသနာ့ သောဘဏ ပုဂ္ဂိုလ်လေးဦးတို့တွင်၊ အစဉ်
မကွာ၊ ပါဝင်ပြီး ဖြစ်ပါသော ရာဇာဂါရ၊ ဂူကလေး
ချောင်ဌာနခ၌၊ ယထာသတ္တိ၊ ယထာဗလ၊ ပရိယတ္တိခရ်၊
ပဋိပတ္တိမာမက၊ အာစာရသမဂီ၊ ဥပလဝဏ်ထေရိတမျှ
ကဲ့သို့၊ဓမ္မကျင့်မှီး၊ ဆရာကြီးနှင့်၊ ရင်းနှီး သော
မေတ္တာ၊ ငယ်စဉ်အခါမှစ၍၊ ယခုတိုင်ကျအောင်၊ တူမျှ
သောစိတ်ထား၊ ဂင်္ဂါရေ ယမုံနာရေ နှစ်ပါးကဲ့သို့
တစ်သားတည်း ညီညွတ်လျက်၊ ကြည်ဆွတ်သဒ္ဓါ၊ မြဲမြံ
သော ဒါယကာ၊ ဒါယိကာမ ဖြစ်ကြပါကုံနှင့်သော၊
ဟံသာဝတီ၊ ပူရီနက်သန်၊ မြေချက်မှန်တွင်၊ ဘေးရန်
ကုန်ကင်း၊ အကြောင်းရင်းကို၊ စွဲတင်းမှည့်ခေါ်ရာ၊
မဟာဒဂုံ၊ မြို့ရန်ကုန်၌၊ သုံးဘုံလုံးဦးခိုက်ရာ၊ မဟာ
တိဂုမ္ဗာစေတီတော်ကြီး၏၊ထိန်ညီးလှပ၊ အနုဿရတနာ၊
ဘဏ္ဍာတော်ဂေါပက၊ ဘွဲ့ဂုဏ်သတ လျက်၊ ကိုးဌာန
ကိုးတိုင်း၊ ထွန်းလှိုင်းဘေဇာ၊ မဟာဗောဓိရုက္ခ၊ ပရိ
ဘောဂ၊ စေတီတော်ဒါယကာ၊ တစ်ဖြာထိုမှ၊ လော
က၏ဖွယ်ရာ၊ များစွာသော ဂုဏ်ထူးတို့ဖြင့်၊ ချီးကျူး
တင်မြောက်ရာ၊မဟာဇောတိက၊ ကဲ့တမျှကဲ့သို့၊ ပါကဋ္ဌ
ပြန့်မွှေး၊ စက်သေဋ္ဌးဦးသွင် နှင့်၊ ငါးအင်တစ်မည်၊
ရှစ်လီတစ်မျိုး၊ ကိုးပါးတစ်ဆင့်၊ ဝတ်အကျင့်တို့ကို၊
အသင့်စောင့်ထိန်း သေဋ္ဌးကတော်ဒေါ်သိန်း ပါ၊
တိမ်းပါးခြင်းမရှိ၊ အမိတို့၏စကားကို၊ မှတ်သား
လိုက်နာ၊ အရာရာတို့၌၊ လိမ်မာပွန်းတီး၊ သားသမီး
တို့က၊ ပွားစီးသာသနာ၊ ငါးထောင်ကြာအောင်၊
ထေရာဝံသ၊ ပရမ္မရအဆက်၊ မပျက်ပွားလူး၊ ဆက်
ကူးတည်စေရန်၊ရည်သန်သောအားဖြင့်လည်းကောင်း၊

၉။ ။ ဟောတု ပုတ္တံ ဝါ မိတရံ ဝါ၊
ပဗ္ဗဇ္ဇာပေသိ သာသနေ။
သော သာသနဿ ဒါယာဒေါ။
ဟောတိ နော ဒါယကော အပိ။ ။
အထ သဿနဒါယာဒ၊
ဘာဝမိစ္ဆံ မဟီသတိ။ ။

ကျမ်းရှိအလာ၊ သာသနာ့ ဒါယကာ၊ သာသနာ့ ဒါယာဒ၊ ယင်းနှစ်ဝတွင်၊သာသနာ့ ဒါယာဒအဖြစ်ကို၊ စင်စစ်လိုလားတော်မူသော၊ သီရိဓမ္မာ သောကမင်းကြီး၏ ထုံးကို၊ ပုံနှုန်းစံပြုကာ၊ သာသနာ့ ဒါယာဒအဖြစ်ကို၊ စင်စစ်ရလိုကြောင်း၊ မဟာဗျာသယ၊ သမ္မာဆန္ဒကောင်းတို့ဖြင့်၊ ထုံပေါင်းအပ်သည် ဖြစ်ရကား၊ ဤမည်သောအခါ၊ စေတနာ သမဂ္ဂီ၊ အညီကြီးညီကြလျက်၊ နှစ်လိသော နှုဂ္ဂဟဖြင့်၊ ဥပသမ္ပဒ၊ သကျာဘိသေကမင်္ဂလာ၊ သညာတင့်ကဲ့၊ မဟာပုဇ္ဇဝ၊ ပူဇော်ပွဲကြီးကို၊ ဆင်နွှဲကျင်းပ၊ ရွက်ဆောင်ကြပါသတည်း။

၁၀။ ။ဤသည့်ပုည၊ ကုသလတို့၏ အဖို့ကို၊ ယခုကြွရောက်ကူညီ အတ္ထက္စာယီအမှန် သူတော်စင် ပရိသတ်တို့မှစ၍၊ သုံးလောက ဗိုလ်ခြေ၊ များဝေနေနှင့်၊ ရေမြေတောတောင်၊ အခေါင် သမုဒ္ဒရာ၊ သာသနာနှင့်၊ ကမ္ဘာစောင့်ကြပ်၊ နတ်အပေါင်းတို့အားလည်းကောင်း၊ မိဘဆရာ၊ ဉာတကာနှင့်၊ ဣန္ဒာသက္က၊ ယမရာဇာ၊ မဟာပထဝီ၊ ဤမြေစောင့်နတ်မင်းမှစ၍၊ ခပင်း များတောင်း စေနေယျ အပေါင်းတို့ အားလည်းကောင်း၊ ကောင်းမြတ်လော ပတ္တိဒါန၊ မဟာကုသလဖြင့်၊ အမျှရကြစေ၊ ပေးဝေပါ၏။ ထိုထိုပြောထူ၊ များဗိုလ်လူတို့သည်၊ အတူအမျှ၊ ရကြီးရကာ၊ ဩဘာသုတိ၊ တုမရှိသော၊ ရှစ်ရဝစနာ၊ ဗြဟ္မာအကနိဋ္ဌ၊ ကရဝိက်ဉက်မင်း၊ ကျူးရင့်သည် တရထီ၊ မဟီသိမ့်ဘုန်း၊ သာဓုအနုမောဒနာ၊ မင်္ဂလာစာတမ်းကို၊ ရွတ်မှုန်းဟစ်ကြွေး၊ ကြံရာတိုင်းအောင်မှအရေးဖြင့်၊ အောင်ဆုကြီး ပေါက်ကြပါစေသော်။ ။

ထို.နောက် ဝမ္မနာဒ ဆရာတော် အရှင် ပညာစက္ကအရှင် ဝိစိတ္တာသာရအား "ယခု စီကုံးရေးသားဖတ်လျှောက်အပ်သော သြဘာစာအလိုက် မင်္ဂလာပုဒ်စုံရတုလည်း ပွဲဆိုရေးသားရန်" တိုက်တွန်း မိန့်ကြားပြန်သည်။ ကြွရောက်တော်မူလာကြသော ဆရာမကော်ကြီးများကလည်း တိုက်တွန်းကြသေးသည်။

ထို.ကြောင့် အရှင် ဝိစိတ္တာသာရသည် အောက်ပါမင်္ဂလာပိုဒ်စုံရတုကို ပွဲဆို ရေးသားခဲ့ရပြန်သည်။

မင်္ဂလာဝိုဒ်စုံရတု

၁။ ။နွန်းပုံဝဲဂုဏ်၊ ။ဖက်ကင်းကွာသား၊ မင်္ဂလာမကျိုင်၊ မြေခဏ်းခဲ့၊ လေးခိုင်သစ္စာ၊ ဩဇာကပန်းဝါကို၊ ထသာကြာခင်း၊ လက်ရယူ၍ သိမ့်ဆူမြေပုံး၊ ဘဝဂ်ကျိုးမှာ၊ ဆောနီးပျက်ပြိမ်း၊ သောင်းတိုက်ယိမ်းအောင်၊ ခပ်သိမ်းထိုထို၊ များလူဗိုလ်ကို၊ ရွှေကိုယ်တော်တိုင်၊ အရပိုင်ဘည့်၊ လက်ကိုင်နိစ္စ၊ မြို့က်ဆုဌလျက်၊ ကာလတွက်ဖွဲ့၊ ကျင်းမခဲ့သာ၊ လေးဆဲ့ငါးဝါ၊ စေ့သောခါ၌၊ မဟာပုရိတ္တမ၊ နန်းဌာနသို့၊ ဒုတိယနိဗ္ဗာန်၊ ခါမပြန်ဘဲ၊ စံလွန်မည်ပြု၊ သဗ္ဗညုလျှင်၊ ကရဏာတော်၊ နှိုးပင့်ဆော်၍၊ ကိုယ်တော် အစား၊ တွက်ပိုင်းခြားတည့်၊ တရားရှစ်သောင်း၊ ခေတ်ပေါင်း ရှစ်စိတ်၊ ပရိက္ခရာမဟာဇော်ဓိ၊ စ ရှိ များမြောင်၊ အဆောင်ဆောင်ကို၊ ငါးထောင်နှစ်ပေါင်း၊ ရှည်ကြာညောင်းအောင်၊ တည်ကြောင်း ခွဲဟ၊ ဗျာဒိတ်သလျက်၊ လောကဥကင်၊ နိဗ္ဗာန်ဝင်သော်၊ သုံးခွင် ပိဋ္ဌကတ်၊ ပရိယတ်ကို၊ သတ်မှတ် ညှိနှိုင်း၊ ရွတ်ဆိုလှိုင်း၍၊ တိုင်းမဂဓိရ၊ ရာဇဂြိုဟ်နှင့်၊ နဂိုရ်အောင်ချာ၊ ပြည်ဝေသာဝယ်၊ အဇာတသတ်၊ စောနေနတ်နှင့်၊ မင်းမြတ်ကာဠာ၊ လက်ထက်ခါဟွင်၊ မဟာကဿပ၊ထေရ် ယသတို့၊ ပထမ ဒုတိယာ၊ နှစ်ကြိမ်သာလျှင်၊ သံဂါတင်မြောက်၊ ယင်းမှနောက်၌၊ ဘုန်းတောက် နရိန္ဒာ၊ မင်းဓမ္မာ၏၊ စံရာဘူမိ၊ ပါဋ္ဌလိဟု၊ ပြည်ကြီး သိဂ်၊ မဇ္ဈိမာတွင်၊ ထေရာဓိပတိ၊ မောဂ္ဂလိဟု၊ ဂိုဏ်းကြီး ဆိုရာ၊ ရဟန္တာလျှင်၊ သင်္ဂါတင်မြောက်၊ သုံးကြိမ်မြောက်ရ၊ထို နောက်ဆက်ကာ၊ ကွန်းလက်ဝဋ်၊ သဒ္ဓါတိဿ၊ ဘူပါလ၏၊ သားလှရွှေလှော်၊ တုမပေါသား၊ တေဇော်လှပ်၊ ကဲလွန်ရှသည့်၊ ဝဋ္ဋဂါမဏီ၊ ဘုန်းရောင်ညီး လျက်၊ ရဝိစက္ကရတ်၊ နေနွယ်နတ်လျှင်၊ သဟသ်သခ်ျာ၊ ရဟန္တာတို့ ညီညာစုရုံး၊ တူနှလုံးဖြင့်၊ ထွတ်ဘုန်းဘဂဝါ၊ ဒေသနာကို၊ ပေမှာရေးနှိပ်၊ ယင်းနိမိတ်ကြောင့်၊ ဂုဏ်ဟိတ်ထောမနာ၊ တစ်သြဘာဝည့်၊ ပေါတ္ထကာရူဠ်၊ သောင်းလုံးတုန်မျှ၊ ဘွဲ့ပုံဥက္ကဋ္ဌ၊ သမုတ်ရသည့်၊ စတုတ္ထသံဂါ၊ တင်ပြီးခါလျှင်၊ ဂုဏ်ဘာသဝေါ၊ ထေရ်ဘုန်းမော်တို့၊ အုံအော် အုံချီး၊ သာသနာကြီးကို၊ စောင့်စည်းထိန်းကာ၊ အစဉ်လာသော်၊ မြန်မာအောင်မြေ၊ တို့ကျွန်းပြေလည်း၊ ဆောင်လေယူဖြန့်၊ ပန်းရန်သို့၊ စည်ပြန့် သာသနာ၊ ပွင့်ဆဲခါတွင်၊ ရတနာပူရီ၊ မန်းအောင်ပြည်ကို၊ ထောင်တည် ဘာဒီ၊ စောဘုန်းရှိလျှင်၊ ရဝိသသီ၊ ယုန်စန္ဒီနှင့်၊ ဂိရိဗဟို၊ ယုဂန္ဓိုရ်ပါ၊ မြင့်မိုရ် စက္ကဝါ၊ ကပ္ပာလက်၊ သဿက်တို့၊ ထွန်းပရောင်ညီ၊ တည်နေဘိသို့၊ တိပိဋကာ၊ ဒေသနာကို၊ သာသနာငါး၊ ထောင်၊ ကြာတိုင်းပြောင်၍၊ ယခေါင်ထိုမျှ၊ တည်စေဆရာ့က်၊ ဂန္ထာကျက်သရေ၊ ရွှန်းရွှန်းဝေဆာင်၊ ။မွှေးကြိုင်နတ်စက၊ အမြင်ထက်၍၊ မသလက္ခဏ၊ ရေးထုသည့်။ ။မွေမသာင်၊ သင်္ဂါတင်ခဲ့၊ တိုင်းခွင်သင့်ဆင်၊ ကုန်ထောင်ပြင့်ရာ၊ ဘုန်းနှင့် လက်

ရုံး၊ စိတ်နှလုံးသို့၊ ယှဉ်နှုန်းဘက်ရှောင်၊ ပြောင်ကြီး ပြောင်၍၊ အခေါင် သာသနာ၊ ညွှန့်လန်းဖြာသည်၊ မဟာနေရဏ် ပွင့်သို့ကို။


၂။ ။သုံးဘုံဆံညှာ။ ။သာ သ နာ လည်း၊ အခါ ခာတ်ကြိုက်၊ နဝင်းဆိုက်၍၊ သိုက်နှင့်အညီ၊ စည်ကြီး ဓညီလျက်၊ မဟီမြေအောင်၊ သံရေဆောင်သား၊ ဖန် ရောင် ခြုံလွှမ်း၊ ပြည့်တင်းကျမ်းမျှ၊ တိုင်းခန်းသာယာ၊ ယင်သည့်ခါတွင်၊ မဟာဇောတိက၊ အာရာမဟု၊ ကမ္ဘာ့တန်ဆောင်၊ ရွှန်းရွှန်းပြောင်၍၊ အခေါင်ဓိပတိ၊ တုမရှိသား၊ ဗောဓိ ဆုတောင်း၊ ပွင့်လှုညောင်းမျှ၊ စံကျောင်း ဆရာ၊ ထေရ်မဟာမှ၊ နွယ်လာဝံသ၊ ပဒီပတည့်၊ ထိုမှ စဉ်လျှောက်၊ တံခွန်ဆောက်၍၊ ဝှန်တောက် ဆူဝေ၊ မန်းအောင်မြေမှ၊ တောင်ခွေရစ်ခ၊ နောက်မြောက်ကျဝယ်၊ ဇရာ့ရုံ ဝိုက်၊ လှုံဦးခိုက်၍၊ သုံးတိုက်လူဗိုလ်၊ ဖူးကြလိုသား၊ သွေးချိုဆန္ဒ၊ အာလယဖြင့်၊ ဆဋ္ဌနတ်ဆွေ၊ ကုန်းဘောင်နေလျှင်၊ သေဉ် မြေအပြင်၊ ဘူတလင်ဌာ၊ ဖြူစင်ညစ်ကွာ၊ သစ်သစ်ဝါသား၊ သဒ္ဓါစက်တော်၊ အနလ္ဂေါဖြင့်၊ ခာတ်တော် ကေသီ၊ မွေသရီကို၊ စေတီထူပါ၊ နှိုင်းမရာအောင်၊ ညီညာ ဗိုလ်ခွင်၊ ဖြဖြ ရွှင်လျက်၊ ဝေဟင်ထိဘနန်း၊ တည်ဖန်ဆန်း၍၊ ပတ်ဝန်း ဒီရေ၊ ဤကွန်းမြေတွင်၊ ရဝေကွန်းပြောက်၊ စံအိမ်ဆောက်၍၊ နန်းညှောက် ညွှန့်လှာ၊ ဥပရာနှင့်၊ ဗိုလ်ပါစုံလင်၊ ညီညာယင်သည့်၊ ပျော်ရွှင်မွေ့ရာ၊ နိမိတ်လာဖြင့်၊ ရာဇာဂါရ၊သမ္ဗုဒ္ဓင်း သလျက်၊ ကာလခုတိုင်၊ ကြုံ့ကြုံ့ခိုင်သား၊ ဂန္ဓိုင်ဟေမာ၊ မြို့ငြိကြီးကာဠ၊ ရသာဌာနေ၊ မင်းကွန်းမြေဝယ်၊ မဟေဒွိပဒုတ်၊ ခေါင်နရုတိ၏၊ရွှေနှုတ်ရင့်သန်၊ အတန် တန်လျှင်၊ ဓမ္မ နဒတီ၊ ဗျူပွတ်ရှိဖြင့်၊ တိပိဋကာ၊ နှစ် သာရကို၊ နွေညမတိမ်း၊အောင်စည်ဟိန်းသို့၊မြည်ခြုံမ်း တွန့်ရာ၊ တသွဲ့လျှင်၊ သညာနွတ္ထ၊ ပါကဋ္ဌတည့်၊ ဓမ္မနာဒါ၊ ဘွဲ့ခရာဖြင့်၊ ကမ္ဘာတန်ဆောင်၊ ပြောင်ကြီး ပြောင်သား၊ ဘုန်းရောင်အလျောက်၊ ထွန်းပေါ် ပေါက်၍၊ မှန်ကျောက်ရိပ်ခြုံ၊ လျှပ်နှယ်စုံသား၊ ရွှေဘုံ ဝိဟာ၊ တိုက်အာရာတွင်၊ သဘာဥက္ကဋ္ဌ၊ ထူးဂုဏ် မြတ်ဟု၊ ပိဋကတ္တယာ၊ ကျမ်းရွှေစာဟု၊ ဝိဇ္ဇာလမ်း ကြီး၊ ကမ်းခတ်ပြီးသား၊ ဘုန်းမီးနေဝါ၊ ထေရ် မဟာ၏၊ ရွှေကြာပဒုံ၊ စက်ရိပ်လှုံ၍၊ လုံးစုံခြင်းရာ၊ ကျမ်းအလာဌ်၊ ဆရာလက်ဆုပ်၊ နှယမုဋ္ဌကို၊ မယုတ် ဆန်ခန့်၊ ရကြောင်းငံ့လျက်၊ ရှည်ပြန့်သာသနာ၊ ချီးပင့်



ဌာဟု၊ သဒ္ဓါသမ္ပတ်၊ စက္ကရတ်ဖြင့်၊ သတ်မှတ်လေးဖြာ၊ ကျမ်းအလာလျှင်၊ အင်္ဂါဝိရိ၊ လိုက်နာဘိ၍၊ သု–စိ–ပု–ဘာ၊ လေးအင်္ဂါလည်း၊ ညီညာစုံစေ့၊ ပြေ့ကြိုး ပြေ့လျက်၊ လောက်လွေ့ရည်ချင်း၊ အကြောင်းရင်း ကြောင့်၊ ထိန်လင်းတေဇာ၊ မြတ်ဆရာတို့၊ သဒ္ဓါဂုဏာ၊ ဝိစိတ္တာဟု၊ နာမ လှစ်ခွေ၊ သာမဏေအား၊ ရှိသေ လေးနက်၊ လျှောက်ပန်ချက်ကြောင့်၊ ရွှေစက်ညီဖြူ၊ မြန်းချီကြွသား၊ ဝယဂုဏာ၊ ပညာသီလ၊ အာစာရ နှင့်၊ ဝိနယဂရု၊ ကြီးထုဓိပတိ၊ ကဝိကေသရီ၊ မဟာ ထေရ်တို့၊မြောက်ချီပ ကာ၊ကရုဏာဖြင့်၊ဆယ်ဖြာဗုဒ္ဓ၀်၊

နာရီမှ၊ ကျော်ညီဆယ့်ငါး၊ မိနစ်အား၀တည့်၊ ဖ၀ါး တွက်စစ်၊ တစ်ဆယ့်တစ်နှင့်၊ ကျော်လစ်သခ်ျာ၊ တစ် ဖိလာဟု၊ မဂ်လာသျှင်္ခ ီ၊ ကိန်းနှင့်ညီလျက်၊ ဤသည် ပဗွင့်၊ မဟူဃ၀ကို၊ ဥက္ကဋ္ဌ သဒ္ဒါ၊ ချီးမြှင့်ဖြာသည်၊ အခါဇေယျ၂ သင့်လို့ကို။

၃။ ။လုံးစုံကြဲရာ။ ။အင်ပြည့်ကာတည့်၊ ဇေယျာ စက္က ီ၊ နဝင်းငြိလျက်၊ သိဒ္ဓ ီခရိုင်၊ အောင်ပန်းခိုင်ကို၊ အပိုင်လက်ရောက်၊ ဆုထူး ပေါက်သို့၊ မင်းမြောက် ကကုဓာ၊ ဆင်တန်းဆာဟု၊ သညာတံဆိပ်၊ ဘွဲ့ပုံနှိပ်၍၊ ပရိက္ခရာ၊ စုံလင်စွာလျှင်၊ ငြဟ္မာညောင်ရေ၊ လောင်း သွန်းချေမှု၊ အောင်ဇေယျတု၊ ငွေခရုဖြင့်၊ ဇမ္ဗုမဂ်လာ၊ သဒ္ဓ ထက်သာအောင် ၊ သာသနာ၀နဲထမ်း၊ ဘိသိက် ပန်းကို၊ ဆင်မြန်း၀တ်ယင်၊ ဤသဘင်၌၊ စတုကဂိုတ္တရ၊ ကျမ်း၌ပြသား၊ သာသနာ့ သောဘာ၊ ပဂ္ဂလာဟု၊ သခ်ျာအပြား၊ ယင်း လေးပါးတွင်၊ တစ်ပါး အ၀င်၊ သူတော်စင်တို့၊ အကြင် ထုံးတမ်း၊ ကျင့်လုပ်ငန်းကို၊ ကြိုးပမ်းတကုတ်၊ စိုက်အားထုတ်လျက်၊ နိရုတ်သောင်ခွင်၊ နန်းရိပ်လွင်ကို၊ မဂ္ဂင်ရှစ်ဆင့်၊ ရိပ်ထီးဖွင့်၍၊ မလင့်ရွေးရှု၊ ရောက်လိုမှုဖြင့်၊ ဓမ္မုပဒေ၊ အထွေထွေ၀ယ်၊ မသွေဆဲမျှ၊ ရင့်ရဲစွရှင့်၊ ဥပ္ပလ၀ဏ်၊ ထေရိမွန်သို့၊ ထက်ချွန်ဥာဏ်သွား၊ နတ်စက်လားလျှင်၊ တရားကျင့်မှီ၊ ဘွဲ့သညီဖြင့်၊ မဟီပတ်၀န်း၊ ထက်အောက် ထွန်း၍၊ မင်းကွန်း မည်ဆောင်၊ တောရဘောင်၀ယ်၊ ဂူချောင်ဌာန၊ ကန္ဒရာ၌၊ ဓမ္မ မာမက၊ အာစာရသမဂ်ီ၊ စဉ် အညီကို၊ ဝသ်ထုံမှီး၊ ဆရာကြီးနှင့်၊ ရင်းနှီးမေတ္တာ၊ ငယ်စဉ်ခါမှ၊ မကွာခုတိုင်၊ ကျောက်စာတိုင်သို့၊ မယိုင်လှုပ်ရှား၊ ကြံ့.ကြံ့.မား၍၊ တစ်သား၊ညီညာ၊ အရာရာ၌၊ ဂဂ်ါယမုန်၊ ရေနွှစ်စုံသို့၊ ကြည်ယုံသဒ္ဒါ၊ စွင့်စွင့် ဖာတည့်၊ ဒကာ ဒကာမ၊ ဖြစ်ကုန်ကြလျက်၊ မြန်မာ့နွယ်ဘွား၊ သူကောင်သားတို့၊ ပျော်ပါးရိပ်မြုံ၊ သာမျိုးစုံသား၊ ဒဂုန်သိခရိုန်၊ မြေရန်နိမ်၀ယ်၊ ၀တိန ခေါင်ထိပ်၊ နန်းဘုံရိပ်မှ၊ ဒေ၀ိဿရ၊ ၀ါသ၀နှင့်၊ ငြဟ္မာ ငြဟ္မာ၊ ညီတညာလျှင်၊ ပကာမှုးတိုက်၊ ဦးတင်ခိုက်သည့်၊ ပကိဏ္ဏလျှံလှူ၊ သယမ္ဘူတို့၊ ပေးဆွ ခဲတစ်စုံ၊ ပေါင်းစုဆုံသား တိုက်ထူပါ၊ စေတျာဇ၊ ဘက္ကာ ဂေါပက ဘွဲ့ချီသလျက်၊ ပါဠိလိပုတ်၊ ပြည်ပုရွတ်ဝယ်၊ နွှက္ကဋ္ဌာ၊ ရိပ်ပြုကာသား၊ မမှာသောက၊ စောနရသို့၊ ဌာနကိုးပိုင်း၊ ကိုးရပ်တိုင်း၌၊ ကွန်လှိုင်းတေးဌာ၊ လေးသွယ်ကို၊ ချွေတာသုံးဆောင်၊ ငွေနှုံးရောင်ပြင့်၊



ပိဂြိုးပိလျက်၊ ဥတ္တိစတုတ္ထာ၊ ကမ္မ၀ါဟု၊ ဘဂ၀ါ မန္တန်၊ ဂါထာပျံကို၊ ဌာန်ရှိကရိုက်း၊ သံညှိနှိုင်း၍၊ ရွတ်လိုင်းညီညာ၊ တောလုံး သာအောင်၊ ရင်တာစလင်၊ သိမ်အပြင်၌၊ ပဉ္စင်သမ္မန္နာ၊ ပြည့်အဂါပြင့်၊ အခါသက္ကရာဇ်၊ ကိန်းငွေ ဖွပ့၊ နောဒွက်ကြုံလာ၊ နှစ်ကောင်၀ယ်၊ မဟာမုနိန်၊ စေတုန်းရှိန်ကို၊ သုခမိန်ဘွားဘက်၊ လျောက်ပန်ချက်ကြောင့်၊ ကနက်ရိပ်သာ၊ ကပိလာဟု၊ အောင်ချာပုရိ နန်းသိဒ္ဓိသို့၊ စက်ဘီးကွန်ပြုး ထိမ်းမှတ်ထူးပြင့်၊ တန်ခူးမာသ၊ ဆန်းပက္ခ၌၊ ဆဋ္ဌ၀ုံစေ့၊ ကျားဇင်းနေ၀ယ်၊ ပရွေ့.ရွှစ်လိ၊ စက်

ပြောင်ပြောင်ရဲရဲ၊ ပင်ဓဗာဓိဟု၊ ပရိဒေဘာဂ၊ စေတိယ ဒါယကာ၊ တစ်သညာတည့်၊ တစ်ဖြာထို့မှ၊ ခေတ် ကာလ၌၊ ဇောတိက သေဋ္ဌိ၊ ကဲ့တရှိလျှင်၊ လောကီ ကျေးဇူး၊ ဂုဏ်ထူးထူးဖြင့်၊ ချီးကျူးနက်လေး၊ ဂယက် ပြေးမျှ၊ သေဋ္ဌေး ဦးသွင်၊ သူတော်စင်နှင့်၊ ငါးအင် တစ်မည်၊ ရှစ်လီတစ်မျိုး၊ ကိုးပါး တစ်ဆင့်၊ ဝတ် အကျင့်ကို၊ နေ့ညဥ့်မယိမ်း၊ စောင့်ရှောက်ထိန်းသည့်၊ ဒေါသိန်း တွင်မည်၊ ဖြောင့်တည်ကြည်လျက်၊ ဂုဏ်ရည် နိုတုံ၊ မိတ်နှံစုံတို့၊ သည်းအုံရင်နှစ်၊ ရွှေလှော်စစ်သို့၊ ကျစ်လျစ်သိပ်သည်း၊ ဘ,မိ နည်းကို၊ စောင့်စည်း လိုက်နာ၊ အရာရာ၌၊ လိမ္မာပွင့်နှံးတီး၊ သားသမီးပါ၊ ပွားစီး သာသနာ၊ ရှည်အခါလျှင်၊ ငါးရာဆယ်ဆင့်၊ မြင့်ထက် မြင့်အောင်၊ ရည်ဆူ ဆောင်၍၊ ယခေါင်ပဝေ၊ လက်ဝ ဘွေ၌၊ မိုးမြေထက်အောက်၊ အာဏာတောက်လျှောက်၊ ဘုန်းညောက် ဓမ္မာ၊ နရိန္ဒ်ာလျှင်၊ သာသနာ အမွေ၊ ဆုယူခွေသို့၊ နှစ်ထွေနှုဂ်ဟ၊ ပစ္စယ ဓမ္မာ၊ စုံညီညာဖြင့်၊ စေတနာ သမဂ္ဂီ၊ အမျှညီ၍၊ ဆယ်လီပုည၊ ကြိုယဟု၊ ဥက္ကဋ္ဌ သမ္ဘာ၊ လှူကြိုးသာသည်။ ။သဒ္ဓါမေရုံ မြင့်လို့ကို။ ။

တိပိဋကဓရ ဆရာတော် လောင်းလျာ အရှင် ဝိစိတ္တသာရ၏ ယင်း မင်္ဂလာပိုဒ်စုံ ရတုအောက်၌–

အထက် ရဟန်းခံ အဖျူးပွဲတွင် ''သံဃာတော် အရှင်မြတ် အစုံအညီ ရှေ့တော်မှောက်၌ ဖတ်လျှောက်အပ်သော သြဘာစာ အလိုက် မင်္ဂလာရတုပိုဒ်စုံကို ထပ်မံ ရေးသားရမည်'' ဟူသော ဆရာတော်ဘုရား၏ မိန့်ခွန်းအရ ရေးသားရပါကြောင်း။

''ပြစ်တင်ဂရဟာ၊ ဒေါသပါ၊ ပညာရှိတို့ ပြင်စေသောဝ်''
''လိုလျှင် ဖြည့်စွက်၊ ပိုလျှင်ဖျက်၊ အချက်ကျကျ ဖတ်စေသောဝ်''

(ပုံ) ဦးဝိစိတ္တ
ဓမ္မနာဒတိုက်
အနောက်ဖက် မင်းကွန်း
မန္တလေးမြို့။

ဟူ၍ တိပိဋကဓရ ဆရာတော် အလောင်းလျာ အရှင် ဝိစိတ္တသာရကိုယ်တိုင် လက်မှတ် ရေးထိုးထားသည်ကို တွေ့ရှိရသည်။

ငယ်မူ အရည်အသွေးနှင့် ဥပသမ္ပဒသဘင် သမိုင်း

အထက်ပါ ''အောင်သြဘာရတု'' နှင့် ''မင်္ဂလာရတုပိုဒ်စုံ''တွင် တိပိဋကဓရ လောင်းလျာ အရှင်ဝိစိတ္တသာရသည်–


– သူ၏ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော မင်းကွန်း ဓမ္မနာဒ ဆရာတော် အရှင် ပညာစက္ကဓ၏ ဂုဏ်ကျေးဇူးများကို လည်းကောင်း။

– သူ၏ သာသနာ့ မိခင်ကြီး ဖြစ်သူ သစ္စာဝါဒီ ဦးကာ ကျမ်းဖြူ ''ဆရာကြီး ဒေါဓမ္မစာရီ'' ၏ ဂုဏ်ကျေးဇူးများကို လည်းကောင်း။

– သူ၏ ရဟန်းဒါယကာများဖြစ်ကြသော ရန်ကုန်မြို့၊ သေဋ္ဌေးကြီး ဆာဦးသွင်၊ ဒေါ်ဒေါ်သိန်း မိသားစုတို့၏ ဂုဏ်ကျေးဇူးများကို လည်း ကောင်း ဖော်တုတ်ထားသည်ကို တွေ့ရှိကြရပေမည်။

သို့ဖြစ်ရာ ယင်း ''အောင်သြဘာစာ'' နှင့် ''မင်္ဂလာရတုပိုဒ်စုံ''ကို သေချာစွာ လေ့လာဖတ်ရှုပါက ဆရာတော်၏ ငယ်မူငယ်သွေး မြန်မာကဗျာ၊ မြန်မာစာ အရည်အသွေးများကို အကဲခတ် သိရှိနိုင်ကြရုံမျှသာမက ရဟန်းအဖြစ်သို့ ရောက်ရှိလာသည့် ခုနှစ် သက္ကရာဇ် လ ရက် အချိန်နာရီ အတိအကျ နေရာဌာနနှင့် ဆရာတော်၏ ဥပသမ္ပဒမင်္ဂလာသဘင်၏ သမိုင်းစဉ် အပြည့်အစုံကိုပါ ''ကိုယ်တိုင်ရေး မော်ကွန်း'' တစ်ရပ်အဖြစ်ဖြင့်လည်း သိရှိနိုင်ကြမည်ဖြစ်ပေသတည်း။

မြင့်ဆွေ



မန္တလေးမြို့ ဗရိယတ္တိဆက်ကဿိုလ်

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ သင်္ကတ၊ ဟိန္ဒီ ဘာသာ ငါးမျိုးဖြင့် စာပေများကို ပို့ချသင်ကြားပေးမည်ဟု သတင်းကြားသည့်နေ့မှစ၍ ရဟန်း, ရှင်, လူ မရွေး စိတ်ပါဝင်စားကြသည်။

တက္ကသိုလ်ကို ဘယ်လို ပုဂ္ဂိုလ်မျိုး တာဝန် ထမ်းဆောင်ကြမလဲဟု သိလိုဇော သန်ကြသည်။ သို့ဖြင့် "မဟာဓမ္မာစရိယ ပထမန္တစ် သင်တန်း" ကုန်ဆုံး၍ ၁၃၄၈-ခု (၁၉၈၆-၈၇ ခု) တွင် "ဝိနယမဟာဋ္ဌာန" မှ အောင်မြင်သူ ၁၁ ဦး အနက် ၃ ဦးက ဂုဏ်ထူး။ "သုတ္တန္တမဟာဋ္ဌာန"မှ အောင်မြင်သူ ၁၁ ဦးအနက် ၄ ဦးက ဂုဏ်ထူး၊ "အဘိဓမ္မာမဟာဋ္ဌာန"မှ အောင်မြင်သူ ၁၂ ဦး အနက် ၅ ဦးက ဂုဏ်ထူး အသီးသီး ဆွတ်ခူးပြီး ကြလေပြီ။

အကြောင်းကြောင်းဖြင့် တက္ကသိုလ်နှင့် နီးစပ်သူ လူနည်းစုမှ အပ ကျန် (ကျွန်မ အပါအဝင်) ပြင်ပ လူများစုမှာ တက္ကသိုလ်၏ လှုပ်ရှားတိုးတက်မှုနှင့် ပတ်သက်၍ ဗဟုသုတ စုံလင်သလောက် မစုံလင်သေးပါ။ ကျွန်မတို့၏ ဆွတ်ယွင်းချက်ပင် ဆိုကြပါစို့။ အခါအခွင့် မပေးသောကြောင့် တက္ကသိုလ်နှင့် နီးလျက် ဝေးနေရပါသည်။ ရိုးရိုးပင် ဝန်ခံရလျှင် ပါဠိ သင်္ကတနှင့် ပြာကတ ကျမ်းစာအုပ်များ လှန်ဖါနိုးဖို့သွားရင်း ၁၃၄၉-ခု ပြာသို လဆုတ် ၅ ရက်နေ့ကမှ ပါမောက္ခချုပ် ဆရာတော်ကို တင် ပူးမြော်တွေ့ဆုံပူးပါသည်။ ကျန်တက္ကသိုလ် အသိုင်းအဝန်းနှင့်မူ အချိန် မရသောကြောင့် ထိတွေ့ခွင့် မကြုံကြိုက်ခဲ့ပါ။


အထက်ပေါ်ပြပါ ၁-နှစ်အတွင်း၊ တိုးတက် အောင်မြင်မှုကို သုံး သပ် လျှင် ပါမောက္ခချုပ်

ထထိထဲ့နှစ်ရီး ၁၄၅၅

ပခဲနပြြုလျက် တက္ကသိုလ် အုပ်ချုပ်သူ တစ်ဖွဲ့လုံး၏ သဒ္ဓါ မေတ္တာနှင့် စာလိုက်သူ ပုဂ္ဂိုလ်အားလုံး၏ ဒွဲလုံ့လတို့မှာ ရှားမှရှား အံ့ဖွယ်လိလို့သာ။ ပါဠိ ပရိယတ်နှင့် စပ်လျဉ်း၍မူ လက်ရှိ အခြေအနေအရ အခြား ဗုဒ္ဓဘာသာ နိုင်ငံများက စံယူနိုင်အောင် မြင့်မား၍ နေပေပြီ။ ကျန် ဘာသာရပ်များကား ပါဠိနှင့် တစ်ပြေးညီလိုက်မီရန် အရှိန်အဟုန် မလျှင်ထက်သေးပါ။ အမှန်အားဖြင့် ပါဠိဘာသာရပ်ကိုပင် နိုင်ငံခြားနှင့် ဆက်သွယ် နှီးနှောရာဝယ် အဆင်ပြေပြေ အခက်အခဲ ကင်းလွတ်ဖို့ အတွက် ဗမာ့သင်္ကေတ၊ ဗမာအသံထွက်နှင့်အတူ နိုင်ငံခြားသင်္ကေတ၊ နိုင်ငံခြား အသံထွက်များကို အထူးအချိန်ပေး အဆောတလျင်လေ့ကျင့်ပေးဖို့ လိုအပ်လေပြီ။

မန္တလေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဦးဆောင်လျက် ပါမောက္ခများနှင့် ကထိကများ ကလည်း ညွှန်ကြားချုပ်ဂိုလ်များအဖြစ် ကူညီနေကြောင်း သိရသဖြင့် သာဓုအနုမောဒနာ ခေါ်ပါသည်။ ထာဝရ ကူညီမှု ပေးမည် ဆိုပါက အနာဂတ် တက္ကသိုလ် အဓွန့်ရှည်ရေးအတွက် အားကိုးဖွယ် တောင့်တင်းခိုင်မာသည့် တပ်မဟာ တစ်ခုဟု ဆိုရပါမည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကမ္ဘာတဝှန်းလုံး ပျံ့နှံ့နိုင်သည့်ခေတ်ဖြစ်ရာ ဗမာ ပါဠိဘာသာနှင့် စင်ပြိုင်လိုက်မီရန် ကျန်ဘာသာရပ်များလည်း တိုးတက် မြင့်မားရန် အချိန်က တောင်းဆိုနေပြီး အခါက စကားပြောနေပြီဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုပါသည်။

တက္ကသိုလ်၏ လှုပ်ရှားမှုတွင် စိတ်ပါဝင်စားနေသူ၊ တက္ကသိုလ်နှင့် ထိတွေ့မှု ဝေးနေသူများအတွက် တက္ကသိုလ် တစ်ခုလုံးကို မခြုံငုံမိစေကာမူ တစ်စိတ်တစ်ဒေသ ပဏာမ အမြင်းအစမ်းဗဟုသုတအဖြစ် လက်ရှိ မဟာဌာန ၁၀ ခု၏ သင်ရိုးညွှန်းတန်းနှင့် ပါမောက္ခချုပ်၏ထေရပ္ပတ်ကို လက်လှမ်းမီသွေ့. ဒါနပြုလိုက်ပါကြောင်း။



ဘဒ္ဒန္တ ဇောတိကာဘိဝံသ
ပါဠိပါရဂူ-သိရိပဝရ-သက္ကသီဟ-ဓမ္မာစရိယ
သင်္ကတ-ပါကတ-ပါဠိ-ဟိန္ဒီ-အင်္ဂလိပ်
ဥတ္တရမဇ္ဈိမ-ဆံစကရစ်ယူနီဗာစီတီ
(ဗာရာဏသီ)

"ဘဒ္ဒန္တ ဇောတိကာဘိဝံသ" လောင်းလျှာသည် တောင်ငူမြို့၊ အလယ်ကျွန်းရပ်၊ ရတနာသုံးပါးကို အထူးကိုင်းရှိုင်းသော အဖ ရဟန်းကျောင်းဒကာ သစ်တောအုပ် ဦးသန့်၊အမိ ရဟန်းကျောင်းဒကာမ ဒေါ်မြတို့မှ ၁၂၄၀-ပြည့်နှစ်၊ နတ်တော်လဆန်း ၄ ရက်၊(၁၉၂၈-ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်) အင်္ဂါနေ့တွင် ဖွားမြင်သောသားရတနာ ဖြစ်သည်။ "ငှက်ပျောပင်စိုက် မိလိုက်ဖပါ" ဆိုသော စကားနှင့်အညီ ရတနာသုံးပါးကို ထိပ်ဝယ်ပန်ဆင် အမြဲဦးတင်ကြသူ မိ,ဖ နှစ်ပါးတွင် မျိုးစေ့တွယ်ကာ ပေါက်ပွား လာသည့်ပြင်ပင်ကို ပါရမီဓာတ်ခံ ဓမ္မပရိက်ရင့်သန်သူ ဖြစ်သောကြောင့် သတို့သားငယ်သည်-

"လူကလေးရဲ့ အိပ်ပါဆို ခိုဖမ်းလို့ပေး၊
ခိုဖြူ ခိုပြာငှက်ကယ် ဖမ်းခက်လှသေး"
"လူကလေးရဲ့ ချော့စရာ၊ မိတ္ထီလာကန်
တော် အောက်က ဖားကောက်ခဲပါ၊ ဖား
ပါလျှင် တစ်ကောင်ပေးပါ့၊ မျက်လုံးငယ်
ကြောင်တောင်နဲ့ ဖားကောင်ကသေး"
"ကြောင်ကြီးရဲ့ မြီးတံတို အဆီကို စား
အသားကိုမျိုး၊ ကြောင်အိုပေမှေး၊ ကိုက်
လှည့်ပါလေး"

စသည်ဖြင့် သာမန် သားချော် တေး သံ များ ကို စကား မပီကလာ ပီကလာ ပြောတတ်စ အရွယ်ကပင် မကြည်နူး မသာယာ။

'နမောတဿ ဘဂဝတော အရဟတော'
ဘုရားရှိခိုးသံ။
'သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ သတ္တဝါ
အားလုံး ရန်ကင်းပါစေ' မေတ္တာပို့သံ၊
'ဘုံသုံးဆယ့်တစ် ဖြစ်ပြီစသမျှ ယမလောက
မကြွင်းရစေ၊ ဝသုန္ဓရာ ပိုင်းခြားပို့သ၊
ပေးဝေငှသည်၊ အမျှ ရကြသည် ဖြစ်စေ
သား' အမျှဝေသံ တို့ခွန်သာ အာရုံညွတ်
ပျောင်းသည်။ ဇောစိတ် ထက်သန်သည်။

၇-နှစ်သား ရှင်ဇော်တိက

ဗုဒ္ဓဘာသာ မြန်မာတို့ ထုံးတမ်း ဓလေ့အရ ၇ နှစ်သား အရွယ်တွင် သတို့သားငယ်ကို သာမဏော ဘောင်သို့ သွတ်သွင်းပေးရာ အင်္ဂါသားမို့ "ရှင်ဇော်တိက" အမည်ရ သာမဏောကလေးသည် လူငယ်ဘဝ ကစား ခုန်စားမှုတို့ကိုပင် ပဓာန မထားဘဲ အချိန်ရှိသမျှကို လောကီ၊ လောကုတ္တရာ ကျောင်းများ၌သာ ကုန်လွန်စေသည်။

သို့ဖြင့် ၁၆ နှစ်အရွယ်သို့ ရောက်သောအခါ လောကီ ပညာကိုလည်း 'လက်မလွှတ်'၊ လောကုတ္တရာ စာပေ ပရိယတ်ကိုလည်း 'တွယ်ဖက်' လှုံ့နှိုး နှစ်ဖက်နင်း စနစ်ကို ကျင့်သုံးနေပါက 'လောကီလည်း မဒပါက်မြောက်၊ လောကုတ္တရာလည်း မပိုင်နိုင်'၊ လမ်းခုလပ်ဝယ် စကောစက၊ အမောင် တောင်မှန်း မြောက်မှန်း မသိ၊ ဖြစ်မည့် အရေးကို ကြိုတင်ရိပ်စားမိသော ရှင်ဇော်တိကသည် ဝတ်ကြောင်ကို လုံးဝ စွန့်လွှတ်ကာ သာသနာ့ အရေဖြင့် လောကုတ္တရာ စာပေကို ရာသက်ပန် ကြိုးကုတ် လုံ့လထုတ် အမွေခံယူရန် သန္နိဋ္ဌာန် ချမှတ်လိုက်သည်၊

ဦးရိုးတော် အရင်းဖြစ်သူ ဆရာတော် ဦးသီဟကလည်း တူသာမဏော ကလေး၏ အရင်းခံဓာတ်မှန်ကို ကောင်းစွာ သဘောပေါက်သည့် အားလျော်စွာ ပါဠိ အခြေခံ သဒ္ဒါ၊ သင်္ဂြိဟ်၊ ဒွေမာတိကာ၊ အဘိဓာန်များကို နှုတ်တက် အာဂုံကျက်စေခြင်းဖြင့် လည်းကောင်း၊ ဂန်၊ ရူပသိဒ္ဓိ၊ ဋီကာကျော်တို့ကို ဖတ်စာအဖြစ် ဖတ်စေခြင်းဖြင့် လည်းကောင်း၊ မာတိကာ ဓာတုကထာ၊ အေဒက် ယမိုက်တို့ကို ညဝါအဖြစ် လိုက်စေခြင်းဖြင့် လည်းကောင်း 'အစကောင်းမှ အနှောင်းသေချာ' ရန် ကိုယ်ဖိရင်ဖိ သင်ကြားပို့ချပေးလေသည်။

ရဟန်းအဖြစ် ခံယူခြင်း

၁၃၀၉-ခုနှစ်၊ တပေါင်းလပြည့်နေ့၌ မိဘဆောက်လုပ်လှူဒါန်းသော တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၊ ညောင်ခြေယောက် 'ဒေါက်ကုန်း

ကျောင်း' ရေစက်ချ ရှင်ပြု ရဟန်းခံပွဲတွင် ဦးရိုးတော် ဆရာတော် ဦးသီဟကိုပင် ဥပဇ္ဈာယ်ပြုလျက် မိဘ နှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သာသနာအမွေခံ ရဟန်းအဖြစ် ခံယူလိုက်သည်။

ပညာပြည့်ကြောင်း ဂုဏ်ပြောင်း

ဦးရိုးတော် ဆရာတော် ဦးသီဟ၏ သြဝါဒနည်းနာနိဿယ အောက်၌ ရဟန်းဝါ မရသေးမီပင် အစိုးရ ပထမပြန် စာမေးပွဲကို အောင်မြင်ရာ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုစကားအရ အနာဂတ် ပညာတိုးတက်ရေးအတွက် ၁၃၁၀-ခုနှစ်၊ တန်ဆောင်မုန်းလတွင် မန္တလေးမြို့သို့ ကြွလှမ်းကာ ရှေးဦးစွာ မစိုးရိမ်တိုက် 'ဂန္ဆမ္ဗရနယူပဒေသ' ကျောင်းတိုက်၌ ၂နှစ်တိတိ၊ နောက် တောင်ပြင်ထီးလင်းတိုက် ဇောတိကာရုံ အုတ်ကျောင်း၊ ဘဝနတ်ထံပို့လွန်သွားသူ ရဟန်းပို့အဖွဲ့ နာယကချုပ် ဆရာတော် ဦးဇောတိက (အဂ္ဂမဟာပဏ္ဍိတ) ထံသို့ ပြောင်းရွှေ့ကာ ပရိယတ်စာပေများကို အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်လေသည်။

"ပညာရှိထံ၊ ရိုကျိုးနွံ၍၊ နည်းခံယူမှ၊
ပညာရ၏။
ထက္ကဝိရိယ၊ ဥဋ္ဌာနဖြင့်၊ လုံ့လရှိမှ၊
ဥစ္စာရ၏။
မခွန္တိလျှာ၊ မှန်ကန်စွာလျှင်၊ သစ္စာ
တည်မှ၊ ကျော်စောရ၏"

ဟူသော မယဲဒေဝပါဆုံးမစာကို နှလုံးသားတွင် စွဲမှတ်ထားသော အရှင် ဇောတိကသည် မစိုးရိမ်တိုက်မှ ဂန္ဓဓူရဆရာတော် ဦးကောဿလနှင့် နာယကများ၊ ဘုရားကြီးတိုက်မှ ဆရာတော် ဦးနာရဒ၊ ဦးကြယ်၊ ဦးအရိယ၊ ဦးဥက္ကံသ၊ ဦးပညာဇောတ၊ ရွှေရေးဆောင် ဆရာတော် ဦးပဏ္ဍဝနှင့်မိုးတားတိုက် ဆရာတော် ဦးသီလာစာရအစရှိသော စာချုပ်ဂိုလ် အကျော်အမော်ကြီးများထံတွင် 'ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးအလား' ဆရာတော်ကြီး တစ်ဦးစီ တစ်ဦးစီ၏ အာဘော်အာရင်းများကို တစ်သဝေမတိမ်း စေ့ စေ့ စပ်စပ် ဂယဏန တိကျနိုင်သမျှ တိကျ၊ ပိုင်နိုင် နိုင်သမျှ ပိုင်နိုင် အောင် ပညာရင်နှီ့ သောက်စို့ခဲ့လေရာ အောက်ပါစာမေးပွဲ အောင်ပန်းများနှင့် ဘွဲ့ထူး ဂုဏ်တံဆိပ်များကို အကျအရှုံးမရှိ ဆက်တိုက် ဆွတ်ခူးနိုင်လေသည်။

●ဆောင်ပွဲများ ရရှိပုံ

၁၃၁၂ ခုနှစ်၊ နတ်တော်လ
ပဲခူးမြို့ ဝိနယာဓိက ပထမကြီးတန်း၊

၁၃၁၂ ခုနှစ်၊ နတ်တော်လ
ရန်ကုန်မြို့ စေတီယဂ်ဏ စာသင်တန်းနှင့်
'ဇောတိကာဘိဝံသဘွဲ့'

၁၃၁၃ ခုနှစ်၊ နယုန်လ
အစိုးရ ပထမကြီးတန်း၊
၁၃၁၃ ခုနှစ်၊ နတ်တော်လ
စေတီယဂ်ဏစာချုတန်း၊ သီလက္ခန္ဓအဋ္ဌကထာ၊

၁၃၁၅ ခုနှစ်၊ နယုန့်လ
မန္တလေးမြို့ (သက္ကသီဟ) ပရိယတ္တိသာသနဟိတ စာသင်တန်း၊ ကျပ်ငွေ ၁၅၀ဝိ တန်ရှာဟိုင်းရပ် ပဒေသာပင်ဆု။

၁၃၁၅ ခုနှစ်၊ တပေါင်းလ
အစိုးရ စာချတန်း စာမေးပွဲ ကျမ်းရင်း သုံးကျမ်းနှင့် (ဝိဘင်္ဂါဒိမှ တပါး) ဂုဏ်ထူးငါးကျမ်း အောင်၁ ည်။
ဦးဇောတိက သာသနဓဇ သီရိပဝရဘွဲ့ရသည်။

၁၃၁၉ ခုနှစ်၊ နယုန်လ
မန္တလေးမြို့၊ သက္ကသီဟ ပရိယတ္တိသာသနဟိတစာချတန်း 'ဘဒ္ဒန္တဇောတိကာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့'နှင့် ငွေသား ကျပ်နှစ်ထောင်(၂၀၀ဝိ)တိတိပါ ဝါးတန်း ပဒေသာပင်၊

၁၃၁၉ ခုနှစ်၊ တပေါင်းလ
အစိုးရ စာချတန်း အဘိဓမ္မ ဝိဘင်္ဂါဒိ ပါဠိအဋ္ဌကထာကျမ်း ပါဠိဘာသာ သက်သက်ပြင့် ပြေဆိုအောင်မြင်၍ 'ဦးဇောတိက သာသနဓဇ ဓမ္မာစရိယ အဘိဓမ္မ ပါဠိပါရဂူဘွဲ့' နှင့် ငွေးငါးထောက်ပံတိတိ (၅၀ဝိ) ပဒေသာပင်၊

၁၃၁၀ ခုနှစ်၊ နယုန်လ
အစိုးရ ပထမငယ်တန်း၊

၁၃၁၁ ခုနှစ်၊ ဝါဆိုလ
မစိုးရိမ် ဝိနည်း အထက်တန်း၊

၁၃၁၁ ခုနှစ်၊ ကန်ဆောင်မုန်းလ
အစိုးရ ပထမလတ်တန်း၊

ဘာသာရေးဆည်းပူးခြင်း

ပါဠိဘာသာသည် အခြေခံအရသက္ကတဘာသာ၏ကျေးငှား လုံး၀ မကင်း။ ဗုဒ္ဓမဟာယန ကျမ်းဂန်တို့မှာ အများအားဖြင့် သက္ကတဘာသာဖြင့် ပြုစုစီရင်ထားရာ မဟာယနနှင့် ပတ်သက်၍ စေ့စေ့ငုငု ဗဟုသုတ ကြွယ်၀လိုသော် သက္ကတဘာသာတတ်ကျွမ်းဖို့ လိုအပ်ကြောင်း ပင်ကို စေ့ဆော်ချက်အရ ဘဒ္ဒန္တ ဇောတိကာဘိ၀ံသသည် အလေးအနက် သဘောပေါက်သဖြင့် ပရိယတ္တိ စာမေးပွဲများ အနားယူခြိန်၀ယ် မန္တလေးမြို့၊ ၂၇ လမ်း ဘာဘူတန်းနေ အိန္ဒိယပြည်ဖွား အာယုဗေဒဒိုက 'ဗိုက်ဒျာလွတ်တိ ဘဲ့ရ' 'ဘိုလာရာမ်ဂျိုရှိ' ထံတွင် သက္ကတ အဦးထား၍ ဟိန္ဒီ အပါအ၀င် သက္ကတ ဟိန္ဒီ သဒ္ဒါကျမ်းများနှင့် ဟိတောပဒေသ သက္ကတ ဟိန္ဒီ ကျမ်းရင်းများကို အသေးစိတ် လေ့လာ ဆည်းပူးရုံမျှမက ယင်း ဘာသာနှစ်ရပ်နှင့် အတူ အင်္ဂလိပ်ဘာသာကိုလည်း ကမ္ဘာသုံး ဘာသာရပ် အနေဖြင့် အထူးတလည် ပမာန်ပြု လိုက်စာ့းလေသည်။

"မာရာဏာသိ" သို့

"နတ်တော်လသား
စာသိုက်ဖွား
လိုက်စားမ၀
တတ်သိပွ"

နှင့် အညီ ပါဠိ ပရိယတ် တောင့်တင်းပြီးရုံကား 'ဘဒ္ဒန္တ ဇောတိကာဘိ၀ံသ' သူမြတ်သည် သက္ကတ ပညာရပ်ကို ပိုမို ပြည့်စုံ မြင့်မားလိုသည်လည်း တစ်ကြောင်း၊ ဗုဒ္ဓ ဓမ္မစက် ဖြန့်ချိပုံ့နှံ့ခဲ့သည့် ဒေသ အသီးသီးသို့ ကိုယ်တိုင်တွေ့ထိ ၇ ရက် ပြုလိုသည်လည်း တစ်ကြောင်းကြောင့် ၁၃၂၀ ခုနှစ်၊ နယုန်လ၌ အိန္ဒိယပြည်သို့ ထွက်ခွာသွားလေသည်။ သို့ထွက်သွားရာတွင် 'က,လေးလုံး'= ကိုယ် ကိုယ်ကိုယ်ကိုး ၀၁၅ လက်ကိုင်စွဲကာ မည်သူတစ်ဦးတစ်ယောက်၏ ပံ့ပိုး ထောက်ပင့်မှုကိုမှ မခံယူခဲ့ဘဲ 'သူတော်ကောင်း၊ နတ်ကောင်းစောင်မ' ဘိသို့ ဗာရာဏသီမြို့သို့ ရောက်ရှိပြီး ၎င်းရက်အတွင်းမှာပင် 'ဆန်စကရစ် ယူနီဗာစတီ'၌ အစိုးရ၏ 'အင်တာနေရှင်နယ်' ကျောင်းဆောင်၌ အဆောင်သား အနေဖြင့် ပညာသင်ယူခွင့် ရရှိသည်။

ပထမနှစ်(မချမ) သင်တန်း

၁။ ဗျာကရဏ် (သဒ္ဒါဘာသာ)
(မချသီဒ္ဓန္တကော်မုဒီကျမ်း)

၂။ သာဟိတျ (စာပေဆိုင်ရာ)
(ပဥ္စတန္တြနီတိ၊ဆန္ဒကော်မုဒီ၊အလင်္ကာရသာရမဉ္ဇရီ)

၃။ အနု၀ါဒ (ဘာသာပြန်)
(သက္ကတမှ ဟိန္ဒီ၊အင်္ဂလိပ်၊ပါဠိဘာသာသို့ လည်းကောင်း၊ ဟိန္ဒီ၊ အင်္ဂလိပ်၊ ပါဠိမှ သက္ကတသို့ လည်းကောင်း)၊

၄။ ဒဿန (တက္ကသင်္ဂဟကျမ်း၊ ဟိန္ဒီ အတိဓမ္မာ၊ တက္ကဗေဒ)

၅။ အင်္ဂလိပ်ဘာသာ၊

၆။ ဟိန္ဒီဘာသာ၊

ဟူသော ဖော်ပြပါ ၆ ဘာသာ ပြဋ္ဌာန်းချက် သင်တန်းကို ၁-နှစ်အတွင်း ချောမောစွာ အောင်မြင်ပြီးနောက် ဒုတိယနှစ်(ဥတ္တရမချမ)သင်တန်းကို ဆက်လက် သင်ယူရာ သင်တန်းအပြီး စာမေးပွဲကျင်းပချိန်၀ယ် ကျန်းမာရေး ချွတ်ယွင်းသောကြောင့် ဆေးလက်မှတ်ဖြင့် စာမေးပွဲကို လက်လွှတ်လိုက်ရသည်။

ဒေသန္တရဗဟုသုတ ဆည်းပူးခြင်း

ဗာရာဏသီ ယူနီဗာစတီ၌ သာသနာ့ရေး ပညာရင်နှီး သောက်စို့ နေစဉ် အောက် တို့ ဘာ လေ့ကျောင်းပိတ်ရက်နှင့် နွေရာသီ ကျောင်းပိတ်ရက်များတွင် အချိန်ကို အလဟဿ မဖြုန်းဘဲ ကျောင်းသား လက်မှတ် အထူး တစ်ဝက်နှုန်းဖြင့် အောက်ပါဒေသ အနှံ့အပြားသို့ လှည့်လည် လေ့လာခဲ့သည်။

၁။ ဗုဒ္ဓဂယာ၊ ရာဇဂြိုဟ်၊ နာလန္ဒ၊ ဝေသာလီ၊ ကုံသိနာရုံ၊ ပါဝါ၊ လုမ္ဗနီ၊ ပိပလဟဝါ၊ (ကပိလဝတ်)၊ ဆာဂရဟဝါ(သာဝတ္ထိ)၊ ကောသမ္ဗီ၊ သင်္ကဿ၊ ပယာဂ စသော ဗုဒ္ဓဠာနများ။

၂။ ဆန်ချီ၊အဂျန္တာ၊ အေလိုရာ စသော ကမ္ဘာကျော်ကျောက်ဆစ်,ကျောက်ရုပ်,ကျောက်ဂူ ကြီးများ ရှိရာ ဌာနများ။

၃။ ပဋ္ဋနား (ပါဋလိပုတ်)၊ မုဇဖ္ဖါးပုရ်စသော အရှေ့ပိုင်းမြို့များ။

၄။ ဖိုက်ဇာဗာတ်၊ အယိုဇယား၊ ဂွန်ဒါ၊ ဗာရ်လန်ပုရ်၊ ဂေါရခပုရ်၊ဒီအိုရီးယား စသော မြောက်ပိုင်းမြို့များ။

၅။ လောဟာဗာဒ်၊ လက္ခနော်၊ ကန်ပုရ်၊ မထုရာ၊ အာဂရာ၊ အိုးလ်ဒေလီ၊ နယူးဒေလီ စသော မြောက်ပိုင်းမြို့များ။

၆။ ဘုံဘေ၊ ပူနာ၊ မာန်မာဌ်၊ အောက်ရုံဂါဗာဒ်၊ ဟွဒ္ဒာရဆီ၊ ဗိုပါလ်၊ ဆန်ချီစသော အနောက်မြောက် မြို့များ။

သို့ အိန္ဒိယပြည်၌ ထန့်အပြား လှည့်လည်ရာ ဝယ်-

"ရောက်တဲ့အရပ်မှာ ပျော်အောင်နေ
တွေ့တဲ့လူနှင့် သင့်အောင်ပေါင်း
ရသမျှနှင့် ဖြစ်အောင်စား
ရှိသမျှနှင့် လှအောင်ဝတ်
ပြိုင်လာလျှင် အရှုံးပေး
နှလုံးအေးတဲ့ဆေး" (တိပိဋကဝ)

"ကိုယ်က ဥစ္စာ
စွန့်လွှတ်ကာလျှင်
မေတ္တာရှေး၍
ပေးကမ်းတတ်မှ
မိတ်ဆွေရ၏" (မဃဒေဝ)

ဟူသော ဆောင်ပုဒ်များကို နှလုံးသားဝယ် အမြဲစွဲကိုင်၍ ထားရာ ဇာတ်နိမ့်များ အဝန်းအဝိုင်းကို မဆိုထားဘိ၊ ဇာတ် ခွဲခြားမှုကို ကျားကုတ်ကျားခဲ ပိုက်ထွေး၍ ထားကာ မိမိတို့ ဇာတ်မြင့်များမှအပ ကျန် ဇာတ်ကွဲသားများကို ဘာမထီ နှလုံးသွင်းထားသည့် အယူသည်း ဇာတ်မြင့်တို့ အစုအဆုံကြားခွင်၌ ဆရာတော်သည် ဝမ်းပန်းတသာ ဖော်ရွေဆီးကြို ညှဉ်ဝတ်ပြုမှုကို ရရှိခဲ့ရုံမျှမက မန္တလေးမြို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်အဖွဲ့အတွင်းရေးမှူးနှင့် ရန်ကုန် အိန္ဒိယသံရုံး ပထမအတွင်းဝန်တို့၏ ထောက်ခံချက်အရ ထိုခေတ် ထိုအချိန်က လူတိုင်း ရင်ဆိုင် တွေ့ကြုံ ရသည့် စိုးရိမ်ဒဏ်ခြာန်၏ အနှောင့်အယှက်မှ လုံးဝလွတ်ကင်းခဲ့ရသည်။

ဂရိယတ္တိ လုပ်ငန်းများ

၁၃၂၄ခုနှစ်မှ ၁၃၄၀ခုနှစ်အတွင်း တစ်ဖက်၌ စာပေပို့ချရင်း တစ်ဖက်၌ သဒ္ဓနီတိနိုသယနိဒါန်း မန္တလေးတောင် သမိုင်းသစ်၊ ဦးခန္ဓိ အထုပ်တို့ကထာ၊ မရွေဥ အထုပ်တို့ကထာ၊ ရွှေစာရံဘုရား သမိုင်း၊ စန္ဒာမုနိ ဘုရား ကျောက်စာ ဆထုပ်တို့ စာတမ်းနှင့် ဝေရဉ္ဇာပြည် အကြောင်းများကို ရေးသားပြုစုခဲ့သည်။

ဗရုတိတ လုပ်ငန်းများ

ဗမာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျို အဖွဲ့ချုပ် ဆရာတော် ဦးဇောတိက (အဂ္ဂမဟာပဏ္ဍိတ) ၏ အရိပ်အာဝါသကို ခံလှုံရသည်မှ စ၍ ဆရာတော် ပျံလွန်တော်မူသည့်တိုင် ရဟန်းပျို အဖွဲ့ ၏ ပေးအပ်သမျှ တာဝန်တို့ကို လည်းကောင်း၊ မန္တလေးတောင် ပိဋ္ဌကတ်တော် လျှပ်စစ် ပုံနှိပ်တိုက် အုပ်ချုပ်ရေး အဖွဲ့၌ အကျိုးဆောင် အဖြစ်ဖြင့် လည်းကောင်း၊ ကမ္ဘာအေး ဗုဒ္ဓသာသနာ့ နိဿယပြင် ပဋိစသော ဓကအဖွဲ့ဝင် အဖြစ်ဖြင့်လည်းကောင်း ပေးအပ်ရာ ဝတ္တရားများကိုအား တက်သရော၊ အင်တိုက် အား တိုက်၊ စွမ်းစွမ်းတမံ၊ ကျေကျေပွန်ပွန်၊ တိတိကျကျ၊ အောင်မြင်စွာ ဆောင်ရွက် နိုင်သော ကြောင့် ၁၃၄၇- ခုနှစ်၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက (က) သံဃာ့ သမ္မုတိရ သံဃာ့ ကိုယ်စား လှယ် အဖြစ်ကို လည်းကောင်း၊ (ခ) နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် အဖြစ်ကို လည်းကောင်း ရွေးချယ် တင်မြှောက်ခဲ့ပါသည်။

နးယကချုပ် (ပါမောက္ခချုပ်)

တစ်ဖန် ၁၃၄၇- ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ (၂၃-၃-၁၆) နေ့တွင် ကျင်းပသော ၄၇ ပါး စုံညီတက်ရောက်သည့် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အစည်းအဝေးက မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်အတွက် "ဘဒ္ဒန္တ ဇောတိကာဘိဝံသ" ဆရာတော်မြတ်ကို 'ထင်ပေါ်၍ စင်တော်ကောက်'ကာ နာယကချုပ် (ပါမောက္ခချုပ်) အဖြစ် ရွေးချယ် တင်မြှောက် လိုက်ကြလေရာ သာသနာက တောင်းဆိုလျှင် အကြောင်းမရွေး 'ရှိရာအရပ်မှခွာ၊ ကျရာဒေသ မှာဖန၊ စေရာတာဝန်ကို ထမ်းဆောင်' ဟူသည့် ဗုဒ္ဓသားတော်စစ်တို့၏ ကျင့်ထုံးကို လုံးလုံးလျားလျား ကြီး လိုက်နာခံယူကာ တောင်ငူနှင့် အုတ်တွင်း မြို့နယ်၊ ညောင်ခြေထောက်ရွာ တို့၌ ဆရာတော် ဦးစန္ဒောဘာသ၊ ဆရာတော် ဦးနာဂနှင့် ဦးရီးတော်ရင်း ဆရာတော် ဦးသီဟတို့က သုဒိန္ဒသုဂဟိတမြောက် စာချုပ်စာတမ်းဖြင့် အသီးသီး လွှဲအပ်ကြသောကျောင်းများကို ကျောခိုင်း ပဓာန မပြု လျစ်လျူရှုလျက် စေတနာသန့်ရှင်း မေတ္တာရင်းဖြင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ ချမှတ်ချက်၊ 'ပါမောက္ခချုပ်' တာဝန်ကို ဦးလည်မသုန် သည်ပိုး ထမ်းရွက်ရန် သစ္စာ အဓိဋ္ဌာန်ပြု 'အာမဘန္တေ' ခံယူလိုက်တော့သတည်း။

အမ်အေ-မအုန်း



၅၀၀ အုပ် ပင်းဏွန်း ကိုးနှစ်သာသနာပြုအခွဲ



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဓံသ
ဆရာတော်ဘုရားကြီး ပူဇော်ပွဲ ရှစ်လုံးဘွဲ့ကဗျာ
ဦးချဝန္ဒနာ ဆုပန်ထွာ

မင်းသက်ကြီး

(၁) သုံးလီဂါရဝ၊ ပဏာမဆင်
ခြေတော်ဦးခိုက်၊ သဲလှိုက်ကြည်လင်၊
ဗုဒ္ဓ၏သား၊ တရား၌သင်၊
ဖူးပါရ၊ ကြီးလှသည်ဂုဏ်အောင်။
(၂) ဓမ္မနာဒ၊ ကျောင်းမှထင်ပေါ်၊
မင်းကွန်းတောင်တန်း၊ စခန်းမွေ့လျော်၊
တိပိဋက၊ ဓရအကျော်၊
ဘွဲ့ထူးသ၊ ဓမ္မအမွေတော်။
(၃) သံဂါယန၊ ဆဋ္ဌလိုဏ်ဂူ၊
ပုစ္ဆာခဲခက်၊ နှုတ်တက်ဖြေသူ၊
သာယာငြိမ့်ငြောင်း၊ နာကောင်းဇမ္ဗူ၊
ဝိသဇ္ဇက၊ နာမတလူလူ။
(၄) ဗုဒ္ဓဝင်ကျမ်း၊ အခန်းခွင်ခွင်၊
ကျိုက်ကုတ်ရေးသား၊ တရားစုံလင်၊
သဒ္ဒါတိုးပွား၊ အများလူရှင်၊
ရွှေကျမ်းမြတ်၊ ပြုလတ်ဂန္ထဝင်။
(၅) မင်းကွန်းတောင်ရိပ်၊ မိုးမိတ်ကုန်းပြေ၊
တိပိဋက၊ နိကာယအမွေ၊
အာဇာနည်များ၊ ထွန်းကားဆောင်ပေ၊
ကျောင်းတိုက်ကြီး၊ ဖွင့်ပြီးထာက်ပံ့နေ။

(၆) ဦးကောင်းဆုံး။ သမ်းတော့။
နှာစေးသူငှား။ တင်ကျွေးစုံတွဲ။
ချိုးလေယာ်ဆောင်ရွက်။ ထင်ထားရုပ်ပုံစံ။
ငါးဆောင်စက်။ တိုးတက် သာယာရေး။

(၇) ဗဟောရုပ်တစ်။ ဘဲရုပ်ကြောကြော။
ကြိုဆိုပွဲ။ ရေအစ။
သဘောဓိဋ္ဌာန်။ အပြုသဘော။
ဘီဒီယို။ ရဟန်းတော်။

(၈) အိုးစေ့။ ရင်ကြေတယ်။
ရေတွဲနှိုက်။ တံတောင်ဆစ်ပွန်း။
ကြောကြူငါးခြောင်း။ ရောနှောယူသော။
ဆောင်ရွက်ချက်။ သံချေးယက် ထိခိုက်ပျက်စီး။


(၉) နှိပ်စက်ဆောင်ရွက်။ တပ်ရင်းတာဝန်ကျ။
တရားရုံးဆောင်ရွက်။ ပုဂ္ဂိုလ်ရေးရာဌာန။
တစ္ဆာတွန်းဆပါတယ်။ အလေးထား သာယာနွှဲ။
အစိုင်းဆာဒ်။ ကျွတ်ပြေးလွှတ်ရာ။

(၁၀) နှိပ်စက်ဆဲတိုင်း။ အကြောင်းဆာရီ။
တိုင်းနှုန်းကြည်။ ဇာတ်ညီ။
ခင်ဗျားတော။ ကြည်ညိုကြောင်းတည်။
ကြွေဆင်ယင်း။ တစ်ယောနှုန်းဆန်ခဲ့သည်။

(၁၁) ဒဏ်ခုတ်ယူခြင်း။ ပတ္တမြားသင်္ဘော။
ပုံးခြောက်ဆယ်ခြောက်။ တောင်ကာသူငါ။
ဆူညံတင်စင်ပါး။ သင်္ကြားတေဇော်ဟာ။
ဘေရှိတိုးမြှင့်။ ဝါဆောင် သာယာစိမ့်။

(၁၂) သတ်ဆောက်ချုပ်ယမင်း။ တာယာယဉ်သမါး။
ဟန်းဆာနှုန်းသန်း။ ဒီယင်္ခမင်းတိုယမ်းငြွေ။
ဆောင်းသူစန်းသူ။ အာဃာတနှုန်းအတွေ့။
သူ့အာယ်ခိုး။ အသံပိုးနှိုင်ဘာဂြေ။

ဦးကောင်အိမ်း ရေးသားမှု ကန်တော်ကစားစား သီးစန်းစပွာရုံ
စင်ခသင်းသူများ ရှုထောင့်ပေါ်ပေါက်ခြင်း။



အဂ္ဂမဟာ ပဏ္ဍိတ
ဘီစီမဟာထေရ်
ပိဋကစာထွေထွေ
မွေကာလေတတ်လွန်း။
နှုတ်တက်ရွ အာဂုံဆောင်
သုံးပုံအောင် ရေးလို့ဖော်ညွှန်း။
သာသနာ့ ဏာဇာနည်
မြန်မာပြည် ပေါ်ထွန်း။
ကမ္ဘာတွင် ကျော်မွန်းလို့
မော်ကွန်းပြု ထိုးတင်။
သာသနာရောင်ဝါထွန်းလို့
ဆောင်ကာညွှန်းပြုပါအရှင်။
နိုင်ငံအတွက် ပင်ပန်း မထင်တယ်
ဝန်ထမ်းအစဉ် မထေရ်မြတ်ကိုလ
ဦးညွတ်လို့ ထိပ်ထက်မှာနှာ်
စာသဂုဏ်ဖော်၊
ရဟန်းမြတ် ဆထိုက်ကျော်ရယ်
သက်ဝါတော် ရှည်ကြောင်းဘုရားလေး။ ။

၁၃၄၉-ခု၊ နှတ်တော်လဆန်း၊ ၁-ရက်နေ့က မင်းကွန်း မိုးမိတ်ကွန်း ပြေတွင်ပြုလုပ်သော တိ - ဋီ ဒုတိယ သုံးနှစ်ဝရိုးစာစောင်ကြီးတွင် ပါဝင်စရေးသားသူ၊ စာပေ၊ ပန်းချီပညာရှင်များကို ဂုဏ်ပြုပွဲတွင် မင်းကွန်း ဆရာတော်ကြီးအား ကဗျာရှင်ကိုယ်တိုင် ရေးသား ရွတ်ဆို ပူဇော်ခဲ့သော ထေးထယ်ကဗျာ ဖြစ်ပါသည်၊


ကန်ဧတဝှပန်းအာလင်္ကာ

မောင်သက်ကြ။

ညို:ငယ်နွမ်းစွာ ဆုပန်ထွာ

နှိုင်းယှဉ်မတူ၊ သယမ္ဘူ၏ အားအင်များနည်း၊ ပိုင်းခန့်ပြီးသော်
သုံးဆူပီဋကတ်၊ အာဂုံတတ်သိ ပစ္စည်းလေးဝ၊ ဒါတဗွတို့
ထေရ်မြတ်သခင်၊ ကျေးဇူးရှင်ဘုရား.... မျှတစိတ်ကြံ၊ လှူချင်ပြန်လည်း
ဥာဏ်စဉ်လွှင့်ခေါင်၊ မြင်းမိုရ်တောင်နှယ် ဓနံချို့ငဲ့၊ စီးပွားမဲ့ပြီး
နွေရောင်ထွန်းလင်း၊ ဂုဏ်သတင်းနှင့် ကဲ့ရဲ့စရာ၊ ငယ်မျက်နှာနှင့်
ပုံ့သင်းထွတ်မြတ်၊ ထေရပွတ်ကို ကဗျာရေးသား၊ စာရေးစားသည့်
ရေးစပ်လက်ာ၊ ဖွဲ့လိုပါလည်း ဘုရားတပည့်တော်၊ ကံနည်းသော်ကြောင့်
ပညာနဲ့နဲ့၊ ဆီးကင်းကဲ့သို့ ပူဇော်လှူဒါန်း၊ ကိုယ်မစွမ်း၍
ချို့တဲ့သည့်ဥာဏ်၊ ဖွံ့မသန်၍ ရွှင်လန်းကြည်သာ၊ မရှိပါဘုရား....။
စိတ်ကြံသလောက်၊ ထမမြောက်ဘဲ လှူဖွယ်မပါ၊ လက်ချည်းသာမို့
လက်ရောက်ပိုင်ပိုင်၊ မလှူနိုင်လို့ အရာမရောက်၊ အများနောက်မှာ
မခိုင်စိတ်ဝမ်း၊ ညို့ချို့နွမ်းလျက် ဒူးထောက်ကိုယ်မြှင့်၊ လည်တိုင်ပင့်ပြီး
ရွှင်လန်းကြည်သာ၊ မရှိပါဘုရား....။ မမြင့်တမြင့်၊ ရှိဦးတင်သည်
ဗုဒ္ဓမြတ်စွာ၊ ကျင့်သိက္ခာနှင့် လူစဉ်မီလိုပါ၏ အရှင်ဘုရား....
ညီညာလျောက်ပတ်၊ ကျင့်ကြံတတ်သော ဖြူစင်ကြည်လိုပါ၏ အရှင်ဘုရား....
ထေရ်မြတ်သခင်၊ ကျေးဇူးရှင်ဘုရား.... သူစင်မည်လိုပါ၏ အရှင်ဘုရား....

မောင်သက်ကြ။



၅၀၄ ပင်းကွန်းတိုက်နှစ်အသစ်နှစ်ပြည်အမဲ့



မန္တလေးမြို့

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်

နှင့်

နာယကချုပ် ဆရာတော်

ညီဖြူမှန်

ထုတ်ဝေသူ- ဒုတိယအကြိမ် ၁၀၅၀

တက္ကသိုလ်ကြီးမှာ နိကာယ်ငါးရပ် အနေနဲ့ ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မ၊ ပိဋကတ်တို့ကိုသင်ကြားပို့ချပါတယ်။ သမိုင်းဘာသာအနေနဲ့ ဗုဒ္ဓသာသနာ့သမိုင်း၊ ပိဋကတ်သမိုင်း၊ ကဝိလက္ခဏ ၄ ဘာသာသမိုင်းနဲ့ ကမ္ဘာ့ကိုးကွယ်မှုဘာသာကြီးများသမိုင်းများ ဖြစ်ပြီး စာပေ ဘာသာ အနေနဲ့ ပိဋကတ်ဆိုင်ရာ ပါဠိစာပေ၊ မြန်မာစာပေနဲ့ အင်္ဂလိပ်စာပေတို့ကို သင်ကြားပါတယ်။ ဒါ့အပြင် ပါဠိစာပေ အထောက်အကူပြု သက္ကတ၊ ဟိန္ဒီစာပေ၊ ကဝိလက္ခဏ ၄ ဘာသာ အထောက်အကူပြု သက္ကတ၊ ဟိန္ဒီစာပေနဲ့ ယဉ်ကျေးမှု အထောက်အကူပြု သက္ကတ၊ ဟိန္ဒီစာပေပို့ချပေးပါတယ်။ သင်တန်းကာလမှာ ၄ နှစ်ဖြစ်ပါတယ်။

၁၉၈၆-၈၇ ခုနှစ် ပညာသင်နှစ်မှာ မဟာဓမ္မာစရိယတန်း(ပထမနှစ်) စာမေးပွဲတွင် သံဃာတော် ၃၆ ပါး ဝင်ရောက် ဖြေဆိုရာ ၃၆ ပါး စလုံး အောင်မြင်တယ်လို့ သိရပါတယ်။

ဝိနယ မဟာဋ္ဌာနမှာ စာအောင် သံဃာ ၁၃ ပါး၊ ဂုဏ်ထူးရ ၄ ပါး၊ သုတ္တန္တ မဟာဋ္ဌာနမှာ စာအောင် သံဃာ ၁၁ ပါး၊ ဂုဏ်ထူးရ ၄ ပါး အဘိဓမ္မမဟာဋ္ဌာနမှာ စာအောင် သံဃာ ၁၂ ပါး ဂုဏ်ထူးရ ၄ ပါးတို့ ဖြစ်ကြပါတယ်။

၁၉၈၇ ဒီဇင်ဘာလအတွင်းတွင် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ တက္ကသိုလ်သို့သွားရောက်ပြီး နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် (မန္တလေး) အုပ်ချုပ်ရေးမှူး ဦးစောလွင်ရဲ့ စီစဉ်ပေးမှုကြောင့် နာယကချုပ် (ပါမောက္ခချုပ်) ဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသကို ဖူးမြော်ခွင့် ရရှိခဲ့ပါတယ်။

မန္တလေးပရိယတ္တိတက္ကသိုလ် နာဂကာချုပ်ဆရာတော်

ဆရာတော်ဟာ သက်တော် ၅၉ နှစ် ရှိပြီး ဝါတော် ၃၉ ဝါ ရှိပါပြီ၊ အဘိဓမ္မာ ပါဠိပါရဂူ၊ သိရီပဝရ ၉ ကျမ်းပြီး၊ (သက္ကသီဟ) ဓမ္မာစရိယ၊

၁၉၀၀ – ပြည့်နှစ်တွင် ကျင်းပခဲ့တဲ့ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ဗုဒ္ဓ သာသနာ သုံးရပ်မှာ အခြေခံအကျဆုံး ဖြစ်တဲ့ ပရိယတ္တိ ပညာရေး စီမံကိန်းကြီး လေးရပ်ကို ချမှတ်ခဲ့ပါတယ်။ အဲဒီ စီမံကိန်းကြီး လေးရပ်မှာ ရန်ကုန်နဲ့ မန္တလေးတို့မှာ ပရိယတ္တိ ပညာရေး တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းစီ ဆောက်လုပ်ရန်ဆိုတဲ့ အချက် ပါရှိခဲ့ပါတယ်။

ဒါကြောင့် အဲဒီ စီမံကိန်းကြီး အကောင်အထည် ဖော်ရန်အတွက် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့က နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ရဲ့အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဦးဝိစိတ္တသာရာဘိပံသ ဆရာတော်ဘုရားနှင့် ဆရာတော်ဘုရား ဦးဆောင် ပမာန နာယက အကြီးအမှူး အဖြစ် ဆောင်ရွက်တော်မူသော မင်းကွန်း တိပိဋက=နိကာယ သာသနာပြုအဖွဲ့သို့ မန္တလေးမြို့တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး ခေတ်မီ စံပြ ဆောက်လုပ် လှူဒါန်းပေးပါရန် မေတ္တာရပ်ခံခဲ့ပါတယ်။

အဲဒီအခါမှာ မင်းကွန်း ဆရာတော် အရှင်မြတ်ကြီးက သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ် လှူဒါန်းနိုင်ရန်အတွက် "မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဆောက်လုပ် လှူဒါန်းရေး အဖွဲ့" ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါတယ်။

မန္တလေးရှိ သာသနာ့ တက္ကသိုလ်ကြီးကို အရှေ့ပြင်ရပ် အတုမရှိ ရွှေကျောင်းတော်ကြီးနှင့် မျက်နှာချင်းဆိုင် "**မဟာဝိဇယာပုညမှန်ကျောင်းတိုက်**" နေရာတွင် ဆောက်လုပ်ခဲ့ပါတယ်။

ဒီ "မဟာ ဓမ္မာစရိယ ဘွဲ့လွန် သင်တန်း" သာသနာ့ တက္ကသိုလ်ကြီးများမှာ ဓမ္မာစရိယနဲ့ မဟာဓမ္မာစရိယ သင်တန်းများကို ပါဠိ၊ မြန်မာ၊ သက္ကတ၊ အင်္ဂလိပ်နှင့် ဟိန္ဒီဆိုတဲ့ ဘာသာ ငါးမျိုးနဲ့ သင်ကြားနေပါတယ်။



ချတန်း၊ မြန်မာပြည် အစိုးရ စာသင်တန်း စာချ
တန်းများကို ဂုဏ်ထူးနှင့်တကွ အောင်မြင်ခဲ့သော
ကြောင့်–

ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့
စေတီယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏ
ဝါစကဘွဲ့
သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့
သာသနဓဇ ဓမ္မာစရိယ ပါဠိပါရဂူဘွဲ့များကို
ခံယူရရှိခဲ့ပါတယ်။

ဆရာများထံ နည်းခံရခြင်း

ဆရာတော်ကြီး စာလိုက်ခဲ့သော ဆရာတော်
များမှာ မစိုးရိမ်တိုက် ဂန္ဓဓုရ ဆရာတော် အဂ္ဂ
မဟာပဏ္ဍိတ ဦးကောသလ္လ၊ ဘုရားကြီးတိုက်
ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနာရဒ၊ အဂ္ဂ
မဟာပဏ္ဍိတ ဆရာတော် ဦးကြယ်၊ ဒေါနခြံ အုတ်
ကျောင်း ဆရာတော် ဦးအရိယ၊ အမရပူရကျောင်း
ဆရာတော် ဦးဥက္ကံသ၊ ဦးပညာဇောတ၊ ရွှေရေး
ဆရာတော် ဦးပဏ္ဍဝ၊ မိုးထားတိုက် ဆရာတော်
ဦးသီလာစာရတို့ ဖြစ်ပါတယ်။

၁၃၂၀–ပြည့်နှစ်၊ နယုန်လမှာ အိုန္ဒိယပြည်၊
ဗာရာဏသီမြို့၌ ဘာသန္တရ သွားရောက်သင်ကြား
ခဲ့ပါတယ်။

၁၃၂၄–ခုနှစ်၊ နွေရာသီတွင် သင်္ကတ၊ ဟိန္ဒီ
နှစ်ဘာသာ အရေး၊ အဖတ်၊ အပြော သင်တန်းကို
သံဃာတော် ၇၀ ခန့်အား သင်ကြားပို့ချခဲ့တယ်၊
ဗုဒ္ဓလီလာ(ဟိန္ဒီ)၊ ရာမာယဏ(ဟိန္ဒီ)၊ သကုန္တလ
ပြဇာတ် စသည်တို့ ဖြစ်ပါတယ်။

သာသနာမှ ပြုစုခံရမှုများ

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ဓမ္မာပီပံ ကျောင်း
ဆောင်၌ နွေရာသီ ဂုလတိုင်ကိုင် သင်္ကတ၊ ဟိန္ဒီ
(အရေး၊ အာဂ်၊ အပြော) သင်တန်းကို သွား
ရောက် ပို့ချပေးခဲ့ပါသည်။

(အစိုးရ) သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ သင်္ကတ ပါဂိတ ပါဠို ဟိန္ဒီ အင်္ဂလိပ်၊ "ဥတ္တရ မဈိမ" ဆန်းစကရစ် ယူနီဗာစတီ (ဗာရာဏသီ) ယူပီ၊ အိန္ဒိယ ဂုဏ်ထူးဆောင် ဘွဲ့ရ ဆရာတော် လည်း ဖြစ်ပါတယ်။

ဖွင့်ခြင်စတင်မှုခြင်းနှင့် ရဟန်းဖြစ်ခြင်း

ကျေးငှားရှင် ဆရာတော်ဘုရားကြီးမှာ တောင်
ငူမြို့၊ အလယ်ကျွန်းရပ်နေ အငြိမ်းစား သစ်ထုတ်
ရေး တောအုပ် ဦးသန့်၊ ဒေါ်မြတို့မှ ၁၂၉၀
ပြည့်နှစ်၊ နတ်တော်လဆန်း ၉ ရက်၊ (ခရစ်နှစ်–
၁၉၂၈-ခု၊ နိုဝင်ဘာ ၂၀ ရက်) အင်္ဂါနေ့မှာ
ဖွားမြင်ပါတယ်။

၇ နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်
တယ်။ ၁၃၀၉ ခုနှစ်၊ တပေါင်းလပြည့်နေ့မှာ
တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေ
ထောက် ပေါက်ကုန်းကျောင်း၌ မိဘ နှစ်ပါး၏
ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းတော် အဖြစ်သို့
ရောက်ခဲ့တယ်။

ဆောင်ရွက်ပေးခဲ့ခြင်း

သင်္ကရာဇ် ၁၃၁၅ ခုနှစ်မှ ၁၃၁၉ ခုနှစ်
အတွင်းဌဲ့ ပရိယတ္တိစာပေးပွဲကြီးများကို ပြေဆို
ခဲ့ရာ မန္တလေးမြို့ သကျသီဟ စာသင်တန်း စာချ
တန်း၊ ရန်ကုန်မြို့ စေတီယင်္ဂဏ စာသင်တန်း စာ

ကမ္ဘာအေး ဗုဒ္ဓသာသန အဖွဲ့က ဖွဲ့စည်းထား တဲ့ နိဿယပြင် 'ပဋ္ဌိစ်သောဓက အဖွဲ့မှာ ပါဝင် ဆောင်ရွက်ကာ သဒ္ဒနီတို့ ပဒ မာလာ၊ ဓာတု မာလာ၊ သုတ္တမာလာ နိဿယများကို တည်းဖြတ် သုတ်သင် ပြင်ဆင်ခဲ့ပါတယ်။ ရိုက်နှိပ်ပြီးပြီ ဖြစ် ပါတယ်။

မန္တလေးတောင် သမိုင်းသစ်၊ ဦးခန္တီ အတ္ထုပ္ပတ္တိ ကထာ၊ မရွှေဥ အတ္ထုပ္ပတ္တိ ကထာ၊ ရွှေစာရုံဘုရား သမိုင်း၊ စန္ဒာမုနိဘုရား ကျောက်စာ အတ္ထုပ္ပတ် စာတမ်း၊ ထေရုပ္ပတ္တိ စာတမ်းများ ရေးသားပြုစု ခဲ့ပြီး ဝေရဉ္ဇာပြည့် အကြောင်း ဆောင်းပါးကို ဟိန္ဒီဘာသာမှ မြန်မာဘာသာ ပြန်ဆို ရေးသားခဲ့ ပါတယ်။

ပရိယတ္တိ လုံပ်ဝန်းနှင့် ပတ်သက်၍ သဒ္ဒါကြီး၊ သင်္ဂဟ၊ ရူပသိဒ္ဓိ၊ ဆန်း၊ ဘေဒစိန္တာ၊ အလင်္ကာ၊ အဋ္ဌသာလိနီ၊ ပါရာဇိကဏ် စာဝါများကို ၁၃၂၄ ခုနှစ်မှ ၁၃၄၀ အထိ ပို့ချခဲ့ပါတယ်။ ဆရာတော်ဟာ နာယကချုပ်မဖြစ်ခင် မန္တလေးမြို့၊ တောင်ပြင် ထီးလင်းတိုက်၊ ဇောတိကာရုံ စာချ အုတ်ကျောင်းမှာ သီတင်းသုံးခဲ့ပါတယ်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်း အဝေးကြီးက ဆရာတော်အား ဝိနည်းဓိရတာဝန် ကို ပေးအပ်ခဲ့ပါတယ်။

၁၃၄၇ ခုနှစ်၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက အဆင့်ဆင့် ရွေးချယ် တင်မြှောက်ရာတွင် သံဃသမ္မုတိရ သံဃာ့ ကိုယ် စားလှယ်အဖြစ်လည်းကောင်း၊ နိုင်ငံတော် သံဃာ့ ဝန်ဆောင်အဖြစ် လည်းကောင်း ရွေးချယ် တင် မြှောက်ခဲ့ပါတယ်၊

၁၃၄၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ (၂၃-၃-၁၆) နေ့တွင် ပြုလုပ်သော နိုင်ငံတော် သံဃနာယကအဖွဲ့ ၄၇ ပါး စုံညီ အစည်းအဝေး က ဆရာတော်အား မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် နာယကချုပ် (ပါမောက္ခချုပ်) အဖြစ် ရွေးချယ် တင်မြှောက်ခဲ့ ပါတယ်။

သာသနာ့ တက္ကသိုလ်ကြီးသို့ စာရေးသူ ရောက် ရှိ သွားခဲ့ချိန်တွင် သာသနိက အဆောက်အအုံ တော်တော် များများမှာ ဆောက်လုပ် လှူဒါန်း ပြီးစီးနေပြီဖြစ်သော်လည်း ဆောက်လုပ်လှူဒါန်းဖို့ ကျန်နေသေးသော အဆောက် အအုံ များလည်း ရှိကြောင်း သိရပါတယ်။ အထူးသဖြင့် စာသင် သံဃာ သီတင်းသုံး နှစ်ထပ်ကျောင်းများ ဆောက် လုပ်လှူဒါန်းရန်အတွက် အလှူငွေများ လိုအပ်လျက် ရှိနေပါတယ်။ အလှူငွေ လိုအပ်လျက်ရှိသော သာ သနိက အဆောက်အအုံများအတွက် သဒ္ဓါတတ် အားသရွေ့ လှူဒါန်း နိုင်ပါကြောင်း သတင်း ကောင်းပါးအပ်ပါတယ်။

နိဂုံးချုပ်

ဆောင်းပါး၏ နိဂုံးအဖြစ်ဖြင့် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ဖွဲ့သီအပ်တဲ့ သပ္ပုရိသဒါန ၅ ပါး အချုပ် လက်ဝဲလေးကို ဖော်ပြလိုက်ပါ တယ်။

၁။ သဒ္ဓါကြည်ရွှင်၊ လှူဒါန်းလျှင်၊ ရှုပ်သွင် အဆင်းလှ။

၂။ ရိုသေလှူငြား၊ သူ့စကား၊ အမျှ နာလှူကြ။

၃။ အခါ သိသဲ့ဖြင့်၊ လှူတုံလင့်။ ချိန်သင့် ကောင်းကျိုးရ။

၄။ မစွန်းငြိတောင်း၊လှူတုံရှောင်း၊အကောင်း သုံးဆောင်ရ၊

၅။ မထီမဝါး၊ လှူတုံငြားမူ၊ ထိုသည့်သူ၏၊ ပြောထူများပြား၊ စည်းစိမ်အား၊ ငါးပါး ရုန်းမခ။

သပ္ပုရိသ၊ ဒါနကျိုးဆက်၊ ဤငါးချက်၊ နှုတ်တက်ဆောင်ကုန်ကြ။

ဗုဒ္ဓမြတ်စွာ သာသနာ
ကမ္ဘာအနှံ့ ပြန့်စေသောစ်

ညီမွန်



မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့၏
တတိယ သုံးနှစ်ခရီး **ဖော်ကျွန်း**

၁။ ၁၃၄၆ ခု၊ ဦးတန်ခူး လပြည့်ကျော် ၃ ရက်
(၁၈၊ ၄၊ ၈၄)

မန္တလေးမြို့ အနောက်မြောက်မြို့နယ် တပည့်ဒကာများ ဦးစီး၍ အဘိဓမ္မာဟရဋ္ဌကုရုပူဇော်ပွဲကို ရတနာမဉ္ဇူ ဘုရားအတွင်း၌ ကျင်းပသည်။

၂၊ ၁၃၄၆ ခု၊ ဦးတန်ခူး လပြည့်ကျော် ၅ ရက်
(၂၀၊ ၄၊ ၈၄)

နက် ၇ နာရီခွဲ အချိန်တွင် သာကေတ စံပြ ၁ ရပ်ကွက် မလွန် ဆန်လွှအသင်းထောက်က မလွန် ဆန်လွှနှင့်၊ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်အတွက် အလှူငွေများ အကြို ရေစက်ချပွဲ ကျင်းပသည်။

၃၊ ရန်ကုန်မြို့ သာကေတ မာန်မြေ ၃ ရပ်ကွက် သာကေတမြို့နယ်၊တိ-နိုဏကျိုးတော်ဆောင်အဖွဲ့က ဦးစီး၍၊ နေ့ ၂ နာရီတွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်များအတွက် ထလှူတော်ငွေများ စုပေါင်းရေစက်ချ လှူဒါန်းသည်။

၄။ ၁၃၄၆ ခု၊ ဦးတန်ခူးလပြည့်ကျော် ၆ ရက်
(၂၁၊ ၄၊ ၈၄)

ရန်ကုန်မြို့ တိပိဋကကျောင်းတော်၌ ဒေါ်စိန်ခင် ခေါင်းဆောင်သော ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့က ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် မဟာဌာန ကျောင်း ၁ ဆောင်အတွက် ကျပ်ငွေ သုံးသိန်း ရေစက်ချ လှူဒါန်းသည်။

၅။ ၁၃၄၆ ခု၊ ဦးတန်ခူးလပြည့်ကျော် ၈ ရက်
(၂၃၊ ၄၊ ၈၄)

မော်လမြိုင်မြို့တွင် အဘိဓမ္မာဟရဋ္ဌကုရု ပူဇော်ပွဲကျင်းပသည်။

၆။ ၁၃၄၆ ခု၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်
(၂၄၊ ၄၊ ၈၄)

ဘီလူးကျွန်း ချောင်းဆုံမြို့တွင် အဘိဓမ္မာ ဟရဋ္ဌကုရု ပူဇော်ပွဲကျင်းပသည်။

၇။ ၁၃၄၆ ခု၊ ဦးတန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၉၊ ၄၊ ၈၄)

ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့တွင် အဘိဓမ္မာ ဟရဋ္ဌကုရု ပူဇော်ပွဲကျင်းပသည်။



၈။ ၁၃၄၆ ခု၊ ကဆုန်လဆန်း ၆ ရက်
(၅၊ ၅၊ ၈၄)

ရန်ကုန်မြို့ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ တော်တွင် ကျင်းပသော တိပိဋကရ စာအောင် သံဃာ ဆုန္နင်းပွဲသို့ကြွရောက်၍ ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

၉။ ၁၃၄၆ ခု၊ ကဆုန်လဆန်း ၈ ရက်
(၇၊ ၅၊ ၈၄)

ရွှေဘိုမြို့ စာပြန် ဆုန္နင်းသဘင်မှာ ဩဝါဒ ကထာ ချီးမြှင့်တော်မူသည်။

၁၀။ ၁၃၄၆ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၈၊ ၅၊ ၈၄)

ရေဦးမြို့၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်အတွက် အလှူရှင်များ စုပေါင်း ရေစက် ချသည်။

၁၁။ ၁၃၄၆ ခု၊ ကဆုန်လဆန်း ၁၂ ရက်
(၁၁၊ ၅၊ ၈၄)

မန္တလေးမြို့ သရက်တစ်ပင်ရွာ၌ ပဲမျိုးစုံ စုပေါင်း လှူဒါန်း ရေစက်ချပွဲ ကျင်းပသည်။

၁၂။ ၁၃၄၆ ခု၊ ကဆုန်လဆန်း ၁၃ ရက်
(၁၂၊ ၅၊ ၈၄)


မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋက နိကာယ ကျောင်းတော်၌တိ=နိ ပင်မအမှုဆောင်အဖွဲ့ အစည်း အဝေး ကျင်းပသည်။

၁၃။ ၁၃၄၆ ခု၊ ကဆုန်လဆန်း ၁၄ ရက်
(၁၃၊ ၅၊ ၈၄)

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ အစည်း အဝေးကို တိ=နိ သုဘဒ္ဒါဆောင်မှာ ကျင်းပသည်။

၁၄။ ၁၃၄၆ ခု၊ ကဆုန် လပြည့်နေ့
(၁၄၊ ၅၊ ၈၄)

မင်းကွန်း ဓမ္မနာဒတိုက်၌ ညောင်ရေသွန်းပွဲနှင့် မင်းကွန်းတိုက်နယ်ကျေးရွာ အသီးသီးတို့မှ တပည့် ဒကာများက အဘိဓ မဟာရတ္တဂုရု ပူဇော်ပွဲ ကျင်းပ သည်။



မင်းကွန်း တိပိဋကသိရိဓမ္မာလင်္ကာရ သာသနာပြုအဖွဲ့၏

တတိယ သုံးနှစ်ခရီး **မော်ကွန်း**

၁၅။ ၁၃၄၆ ခု၊ နယုန်လဆန်း ၁၃ ရက်
(၁၁၊ ၆၊ ၈၄)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်တော်မူသည်။

၂၀။ ၁၃၄၆ ခု၊ နယုန်လဆန်း ၁၄ ရက်
(၁၂၊ ၆၊ ၈၄)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟို သံဃာ့ဝန်ဆောင်အစည်းအဝေး တက်ရောက်တော်မူသည်။

၂၁။ ၁၃၄၆ ခု၊ နယုန်လပြည့် မဟာသမယန္ဒေ
(၀၃၊ ၆၊ ၈၄)

ရန်ကုန်မြို့ကမ္ဘာဇေးကုန်းမြေ၌ မဟာပါသာဏ လိုက်ဂူတွင် အဘိဓမ္မာရဂုရ ဘွဲ့တံဆိပ်တော်ကို အလှူခံယူတော်မူသည်။

၂၂။ ၁၃၄၆ ခု၊ နယုန်လပြည့်ကျော် ၃ ရက်
(၁၆၊ ၆၊ ၈၄)

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာတွင် ဗုဒ္ဓသာသနာ နဂ္ဂဟအဖွဲ့က ကြီးမှူးကျင်းပသည့် အဘိဓမ္မာရဂုရ ပူဇော်ပွဲသို့ ကြွရောက်တော်မူသည်။

၁၅။ ၁၃၄၆ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်
(၁၇၊ ၅၊ ၈၄)

ရခိုင်ပြည်နယ်၊ မြောက်ဦး (မြို့ဟောင်း) မြို့၌ အဘိဓမ္မာရဂုရ ပူဇော်ပွဲ ကျင်းပသည်။

၁၆။ ၁၃၄၆ ခု၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၁၉၊ ၅၊ ၈၄)


ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ ဥဇနာ ၇ လမ်း ၃ ရပ်ကွက် ဓမ္မဗိမာန် ဓမ္မာရုံတွင် မြောက်ဥက္ကလာပမြို့နယ် တိ=နိ အကျိုးတော်ဆောင်အဖွဲ့က ဦးဆောင်၍ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ဈေးတွက် လှူဒါန်းငွေများ ရေစက်ချသည်။

၁၇။ ၁၃၄၆ ခု၊ နယုန်လဆန်း ၁၂ ရက်
(၁၀၊ ၆၊ ၈၄)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ ကြွရောက်တော်မူသည်။

၁၈။ ညနေ ၄ နာရီတွင် တိပိဋကကျောင်းတော်၌

ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ဈေးတွက် သိမ်ကြီးဇေး ဒီရုံ၊ ထီးရုံမှဈေးရှင်များ စုပေါင်းဈေးလှူငွေ သုံးသိန်း ရေစက်ချ လှူဒါန်းသည်။



၂၃။ ၁၃၄၆ ခု၊ နယုန်လပြည့်ကျော် ၄ ရက်
(၁၇၊ ၆၊ ၈၄)

ရန်ကုန်မြို့ တိပိဋက ကျောင်းတော်တွင် ဆူးလေအဘိဓမ္မာအသင်း၊ နိကာယ် သာသနာတော် ထွန်းကား ရေး အ သင်း များ နှင့် မင်းကွန်း တိပိဋက နိကာယ သာသနာပြုအဖွဲ့ တို့ ပူးပေါင်း၍ အဘိဓမ္မာဟရဋ္ဌကုရု ပူဇော်ပွဲ ကျင်းပသည်။

၂၄။ ၁၃၄၆ ခု၊ နယုန်လပြည့်ကျော် ၆ ရက်
(၁၉၊ ၆၊ ၈၄)

ရန်ကုန်မြို့ မြောက်ဥက္ကလာပ ဆေးရုံကြီး ဒေါက်တာ ဦးမျိုးညွန့်နှင့် မြို့နယ်ပြည်သူ့ကောင်စီမှ ဦးစိန်ရင်တို့ ဦးဆောင်၍ ဆေးရုံဝင်းအတွင် ဆောက်လုပ်လှူဒါန်းမည့် သံဃာ့ဆေးရုံအတွက် အလှူတော်ငွေများကို ရေစက်ချ ပေးတော်မူသည်။

၂၅။ ၁၃၄၆ ခု၊ နယုန်လပြည့်တော် ၁ ရက်
(၂၄၊ ၆၊ ၈၄)

ရန်ကုန်မြို့ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိမ်းသိမ်းရေး ကော်မတီက မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးအတွက် လှူဒါန်းငွေများကို ဆရာတော်ဘုရားကြီးရေစက်ချပေးတော်မူသည်။

၂၆။ ၁၃၄၆ ခု၊ ဝါဆိုလဆန်း ၃ ရက်
(၃၀၊ ၆၊ ၈၄)

စစ်ကိုင်းမြို့ အဘိဓမ္မာဟရဋ္ဌကုရု ပူဇော်ပွဲသို့ ကြွရောက်အပူဇော်ခံသည်။

၂၇။ ၁၃၄၆ ခု၊ ဝါဆိုလဆန်း ၄ ရက်
(၁၊ ၇၊ ၈၄)

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်အဆောက်အဦးများ ဒုတိယအကြိမ် အုတ်မြစ်ချပွဲနှင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဘွဲ့နှင်းဓမ္မာရုံကြီးတွင် တည်ထားကိုးကွယ်မည့် မဟာဗောဓိ ဆင်းတုတော် ပင့်ဆောင်သည်။

၂၈။ ၁၃၄၆ ခု၊ ဝါဆိုလဆန်း ၅ ရက်မှ ၇ ရက်နေ့ထိ
(၂၊ ၇၊ ၈၄ မှ ၄၊ ၇၊ ၈၄)

မင်းကွန်း မိုးမိတ်စေတီ ဗုဒ္ဓပူဇနီယ ပွဲတော်နှင့် စာအောင်သံဃာဆုန်းပွဲကို တိပိဋက နိကာယ ကျောင်း၌ ကျင်းပသည်။



၁၂။ ၁၃၄၆ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်
(၆၊ ၇၊ ၈၄)

မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋက နိကာယ ကျောင်းတော်တွင် ကျင်းပသည့် မင်းကွန်း တိပိဋက=နိကာယသာသနာပြု ပင်မအဖွဲ့ အစည်းအဝေးသို့ ကြွရောက်၍ ဩဝါဒချီးမြှင့်တော်မူသည်။

၁၃။ ၁၃၄၆ ခု၊ ဝါဆိုလဆန်း ၁၂ ရက်
(၁၀၊ ၇၊ ၈၄)

ရန်ကုန် တက္ကသိုလ် အင်းယားဆောင်မှ အဆောင်မှူးနှင့်တကွ ကျောင်းသူများက ဝါဆိုသက်န်း ကပ်ပွဲနှင့် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်အတွက် အလှူငွေ လှူဒါန်း ရေစက်ချပွဲ ကျင်းပသည်။

၁၄။ ၁၃၄၆ ခု၊ ဝါဆိုလဆန်း ၁၃ ရက်
(၁၀၊ ၇၊ ၈၄)

ဆူးလေစေတီတော် အဘိဝမ္ဗာအသင်း ဝါဆိုသက်န်းကပ်ပွဲသို့ ကြွရောက်ချီးမြှင့်တော်မူသည်။

၁၅။ ၁၃၄၆ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်
(၁၅၊ ၇၊ ၈၄)

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေး အဖွဲ့ အစည်းအဝေးသို့ ကြွရောက်၍ ဩဝါဒ ချီးမြှင့်တော်မူသည်။

၁၆။ ၁၃၄၆ ခု၊ ဝါဆိုလဆန်း ၁၄ ရက်
(၁၂၊ ၇၊ ၈၄)

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေး အဖွဲ့ အစည်းအဝေးသို့ ကြွရောက်၍ ဩဝါဒ ချီးမြှင့်တော်မူသည်။

၁၇။ ၁၃၄၆ ခု၊ ဝါဆိုလပြည့် ၁ ရက်
(၁၃၊ ၇၊ ၈၄)

မန္တလေးမြို့ သုဒတ္တ အမျိုးသားဆောင်၌ ကျင်းပသော မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေး အဖွဲ့ အစည်းအဝေးသို့ ကြွရောက်၍ ဩဝါဒ ချီးမြှင့်တော်မူသည်။

၁၈။ ၁၃၄၆ ခု၊ ဝါခေါင်လဆန်း ၉ ရက်
(၅၊ ၈၊ ၈၄)

ရန်ကုန်မြို့ တိပိဋက ကျောင်းတော်၌ ကျင်းပသည့် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ အစည်းအဝေးသို့ ကြွရောက်၍ ဩဝါဒချီးမြှင့်တော်မူသည်။

၁၉။ ၁၃၄၆ ခု၊ ဝါခေါင်လပြည့်
(၁၁၊ ၈၊ ၈၄)

မန္တလေးမြို့ သုဒတ္တ အမျိုးသားဆောင်၌ ကျင်းပသော မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ အစည်းအဝေးသို့ ကြွရောက်၍ ဩဝါဒ ချီးမြှင့်တော်မူသည်။



မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့၏
တတိယသုံးနှစ်ခရီး ဖောက်ကွန်း

ရန်ကုန်မြို့ သိမ်ကြီးစေ့းဓမ္မာရုံ၌ ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေးအသင်းက ဦးဆောင်ကျင်းပသည့် စာပြန်ပွဲတွင် သြဝါဒချီးမြှင့်တော်မူသည်၊

၄၁။ ၁၃၄၆ ခု တော်သလင်းလဆန်း ၆ ရက် (၃၁၊ ၈၊ ၁၄)

မန္တလေးမြို့ မလွန်ဆန်လှူအသင်းက ကျင်းပသည့် အဘိဓမ္မာရဋ္ဌဂုရုပူဇော်ပွဲသို့ကြွရောက်၍ အပူဇော်ခံတော်မူသည်။

၄၂။ ၁၃၄၆ ခု၊ တော်သလင်းလဆန်း ၁၄ ရက် (၈၊ ၉၊ ၁၄)

မန္တလေးမြို့ သုဒတ္တာအမျိုးသားဆောင်၌ ကျင်းပသော မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ အစည်းအဝေးသို့ ကြွရောက်၍ သြဝါဒ ချီးမြှင့်တော်မူသည်၊

၄၃။ ၁၃၄၆ ခု၊ တော်သလင်းလပြည့်ကျော် ၂ ရက် (၁၆၊ ၉ ၊၁၄)

ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ အစည်းအဝေး ကျင်းပသည်။ ဆရာတော်ဘုရား သြဝါဒ ချီးမြှင့်တော်မူသည်။

၄၁။ ၁၃၄၆ ခု တော်သလင်းလဆန်း ၆ ရက် (၃၁၊ ၈၊ ၁၄)

မကွေးတိုင်း ချောက်မြို့၌ အဘိဓမ္မာရဋ္ဌဂုရုပူဇော်ပွဲနှင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်အတွက် အလှူတော်ငွေ ရေစက်ချပွဲ ကျင်းပသည်။

၄၂။ ၁၃၄၆ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက် (၁၇၊ ၈၊ ၁၄)

မကွေးတိုင်း စလေမြို့၌ စုပေါင်းရေစက်ချပွဲ ကျင်းပသည်။

၄၃။ ၁၃၄၆ ခု၊ ဝါခေါင်လပြည့်ကျော် ၇ ရက် (၁၈၊ ၈၊ ၁၄)

မကွေးတိုင်း ဝါဇိ၌ စုပေါင်းရေစက်ချပွဲ ကျင်းပသည်။

၄၄။ ၁၃၄၆ ခု၊ ဝါခေါင်လပြည့်ကျော် ၈ ရက် (၁၉၊ ၈၊ ၁၄)

မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံ နာလန်ထဆောင်အတွက် စစ်ကိုင်းတောင်ရိုးမှ ဒေါ်အသောကဆေရီ သီလရှင် ဆရာကြီးက ကျပ်ငွေ ၂ သိန်း မ,တည် လှူဒါန်းပွဲသို့ ကြွရောက်၍ ရေစက်ချ တရား ချီးမြှင့်တော်မူသည်။

၄၅။ ၁၃၄၆ ခု၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက် (၂၅၊ ၈၊ ၁၄)



၄၄၊ ၁၃၄၆ သီတင်းကျွတ်လဆန်း ၆ ရက်
(၃၀၊ ၉ ၁၄)

မန္တလေးမြို့ နန်းသနာရာမ ကျောင်းတိုက်၌ ချမ်းသာကြီး ဆန်လှူအသင်း အဘိဓဇ ပူဇော်ပွဲသို့ ကြွရောက်၍ အပူဇော်ခံတော်မူသည်။

၄၅။ ၁၃၄၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၄၊ ၁၁၊ ၁၈)

ရန်ကုန် တိပိဋကကျောင်းတော်၌ ဆရာတော် ဘုရားကြီး၏ ၂၄ နှစ်မြောက် မွေးနေ့ပူဇော်ပွဲ ကျင်းပသည်။

၄၆။ ၁၃၄၆ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
(၁၃၊ ၁၀၊ ၁၄)

မန္တလေးမြို့ သုဓတ္တဆဆောင်၌ ည ၇ နာရီတွင် ကျင်းပသော မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်ရေး အစည်းအဝေးသို့ ကြွရောက်၍ ဩဝါဒ ချီးမြှင့်တော်မူသည်။

၄၇။ ၁၃၄၆ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
(၁၃၊ ၁၀၊ ၁၄)

မန္တလေးမြို့ သုဓတ္တဆဆောင်၌ ည ၇ နာရီတွင် ကျင်းပသော မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်ရေး အစည်းအဝေးသို့ ကြွရောက်၍ ဩဝါဒ ချီးမြှင့်တော်မူသည်။

၄၈။ ၁၃၄၆ သီတင်းကျွတ် လပြည့်ကျော် ၁၁ ရက်
(၂၀၊ ၁၀၊ ၁၄)

ရန်ကုန်မြို့ ကုန်သည်လမ်း မန္တလေးအသင်းတိုက်၌ နေ့ ၁၂ နာရီတွင် ကျင်းပသော အဘိဓဇ မဟာရတ္တကူ ပူဇော်ပွဲသို့ ကြွရောက်အပူဇော်ခံတော်မူသည်။

၄၉။ ၁၃၄၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၄၊ ၁၁၊ ၁၈)


ရန်ကုန် တိပိဋကကျောင်းတော်၌ ဆရာတော် ဘုရားကြီး၏ ၂၄ နှစ်မြောက် မွေးနေ့ပူဇော်ပွဲ ကျင်းပသည်။

၄၀။ ၁၃၄၆ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၃၊ ၁၀၊ ၁၄)

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဝမ္မဝရ သာသနသောဘိကံ သိမ်တော်ကြီး ထီးတော်တင်ပွဲ ကျင်းပသည်။

၄၉။ ၁၃၄၆ ခု၊ နတ်တော်လဆန်း ၃ ရက်၊
(၂၅၊ ၁၁၊ ၁၄)

ကြည့်မြင်တိုင်မြို့နယ် ချင်းချောင်း ဟုမ်းလမ်းရပ်ကွက် တရားမကွာပ်၌ ကျင်းပသော အဘိဓဇ မဟာရတ္တကူ ပူဇော်ပွဲသို့ ကြွရောက်အပူဇော်ခံတော်မူ၍ ရန်ကုန် ပရိယတ္တိသာသနာ့တက္ကသိုလ်အတွက် ပစ္စည်းလေးပါး ပဝေသာအလှူငွေများ ရေစက်ချပေးတော်မူသည်။



၅။ ၁၃၄၆ ခု နတ်တော်လပြည့်ကျော် ၈ ရက်
(၁၅၊ ၁၂၊ ၈၄)

ရန်ကုန်တိုင်း လှိုင်မြို့နယ် တိပိဋကနိကာယ အကျိုးတော်ဆောင်အဖွဲ့က ကျင်းပသော အဘိဓမ္မာ မဟာရဋ္ဌဂုရု ပူဇော်ပွဲနှင့် မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးအတွက် ငွေပဒေသာ လှူဒါန်းပွဲသို့ ကြွရောက်ချီးမြှင့်တော်မူသည်။

၅။ ၁၃၄၆ ခု၊ ပြာသိုလဆန်း ၂ ရက်၊ ၃ ရက်
(၂၃-၂၄၊ ၁၂၊ ၈၄)

တနင်္သာရီတိုင်း မြိတ်မြို့၌ ကျင်းပသော အဘိဓမ္မာ မဟာရဋ္ဌဂုရု ပူဇော်ပွဲနှင့် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် သာသနိကအဆောက်အဦးမျာ်းအတွက် အလှူငွေရေစက်ချပွဲသို့ ကြွရောက် ချီးမြှင့်တော်မူသည်။

၇။ ၁၃၄၇ ခု၊ ကဆုန်လဆန်း ၁၃ ရက်
(၁၊ ၅၊ ၈၅) ဗုဒ္ဓဟူးနေ့

မန္တလေးတောင်ခြေရှိ သုဒတ္တာနှင့် သုဘဒ္ဒါဆောင် ရေစက်ချပွဲကို နေ့လည် ၁၂ နာရီ အချိန်တွင်ကျင်းပ သည်။

၁၃။ ၁၃၄၇ ခု၊ နယုန်လဆန်း ၇ ရက်
(၁၅၊ ၅၊ ၈၅) စနေနေ့

နံနက် ၈ နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့ နိုင်ငံ တော် ပရိယတ္တိ သာသနာ့တက္ကသိုလ် နာယကချုပ် ကျောင်းဆောင်အုတ်မြစ်ချပွဲသို့ ကြွရောက် အုတ်မြစ် ချတော်မူသည်။

၁၄။ ၁၃၄၇ ခု၊ ပထမဝါဆိုလဆန်း ၇ ရက်
(၉၊ ၇၊ ၈၅) အင်္ဂါနေ့

မင်းကွန်း ဓမ္မနာဒတိုက်၌ စာအုပ်နှင့် ဆေး အလှူပွဲ ကျင်းပသည်။

၁၅။ ၁၃၄၇ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်
(၁၃၊ ၇၊ ၈၅) စနေနေ့

မင်းကွန်း မိုးမိတ်ကုန်းမြေ၌ နေ့လယ် ၁၂ နာရီ တွင် မိုးမိတ် ဘုရားပွဲတော်အတွက် အစည်းအဝေး ကျင်းပသည်၊

၁၆။ ၁၃၄၇ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
(၁၄၊ ၇၊ ၈၅) တနင်္ဂနွေနေ့









မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏
တတိယ သုံးနှစ်ခရီး **ဓမ္မာကွင်း**

ည ၇ နာရီ ထိုးချိန်တွင် မန္တလေးတောင်ခြေရှိ သုဘဒ္ဒါဆောင်၌ မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကူဆေးရုံအတွက် အစည်းအဝေး ကျင်းပသည်။

၆၀။ ၁၃၄၇ ခု၊ တော်သလင်းလဆန်း ၁၁ ရက်မှ ၁၅ ရက်ထိ (၂၅၊ ၉၊ ၀၅ မှ ၂၉၊ ၉၊ ၀၅)

မင်းကွန်း မိုးမိတ်ကုန်းမြို့၌ မိုးမိတ်စေတီ ဘုရားပွဲတော်နှင့် စာအောင်သံဃာများအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပသည်။

၆၁။ ၁၃၄၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် (၁၃၊ ၁၀၊ ၀၅) တနင်္ဂနွေ

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ အကြွေမွေးနေ့နှင့် ကျောင်းကထိန် အစည်းအဝေးကို ရန်ကုန်မြို့ နယူးလင်းလမ်း အမှတ် ၁၂ ရှိ တိပိဋကကျောင်းတော်၌ ကျင်းပသည်။

၆၂။ ၁၃၄၇ ခု၊သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (၃၀၊ ၁၀၊ ၀၅) ဗုဒ္ဓဟူး

မန္တလေးတောင်ခြေ သုဘဒ္ဒါဆောင်၌ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်နှင့် ပတ်သက်၍ အစည်းအဝေးပွဲ ကျင်းပသည်။

၅၇။ ၁၃၄၇ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက် မှ ဒုတိယဝါဆိုလဆန်း ၁ ရက်ထိ (၁၆၊ ၇၊ ၀၅ မှ ၁၈၊ ၇၊ ၀၅)

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းခြေဇမ္ဗူဒီပကျောင်းဆောင် နိုင်ငံတော် သံဃမဟာနာယက ၄၇ ပါး စုံညီ အစည်းအဝေးသို့ ကြွရောက်တော်မူသည်။

၅၈။ ၁၃၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက် (၂၈၊ ၇၊ ၀၅) တနင်္ဂနွေ

ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ပင်မ အစည်းအဝေးကို ရန်ကုန်မြို့ နယူးလင်းလမ်း အမှတ် ၁၂ ရှိ တိပိဋကကျောင်းတော်၌ ညနေ ၃ နာရီတွင် ကျင်းပသည်။

၅၉။ ၁၃၄၇ ခု၊ ဝါခေါင်လပြည့် (၃၁၊ ၈၊ ၀၅) စနေ



မင်းကွန်း တိပိဋကသာသနာပြုအဖွဲ့၏
တတိယသုံးနှစ်ခန့်ခရီး **မော်ကွန်း**

ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင် နိုင်ငံတော် သံဃမဟာနာယကအစည်းအဝေးသို့ ကြွရောက်တော်မူသည်။

၆၃။ ၁၃၄၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် (၂၊ ၁၁၊ ဂ၅) စနေ

နေ့ ၁ နာရီတွင် ရန်ကုန်မြို့နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ပင်မအပည်းအဝေး ကျင်းပသည်။ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်ကြွရောက်တော် မူပါသည်။

၆၄။ ၁၃၄၇ ခု သီတင်းကျွတ်လပြည့်ကျော် ၅ရက် (၃၊ ၁၁၊ ဂ၅) တနင်္ဂနွေ

ရန်ကုန်မြို့ နယူးလင်းလမ်း အမှတ်၁၂ ရှိ တိပိဋကကျောင်းတော်၌တိပိဋကနိကာယသာသနာပြုအဖွဲ့ (ရန်ကုန်ဌာနခွဲ) အမှုဆောင် အစည်းအဝေးသို့ ဆရာတော်ဘုရားကြီးကိုယ်ဟော်တိုင်ကြွရောက်တော် မူပါသည်။

၆၅။ ၁၃၄၇ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက် (၁၆၊ ၁၁၊ ဂ၅) စနေ

ရန်ကုန်မြို့ နယူးလင်းလမ်း အမှတ်၁၂ ရှိ တိပိဋကကျောင်းတော်၌တိပိဋကနိကာယသာသနာပြုအဖွဲ့ အမှုဆောင် ၂၇ဦး စုံညီ အစည်းအဝေး ကျင်းပသည်။

၆၆၊ ၁၃၄၇ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၁၇၊ ၁၁၊ ဂ၅) တနင်္ဂနွေ

ရန်ကုန်မြို့ နယူးလင်းလမ်း အမှတ် ၁၂ ရှိ တိပိဋကကျောင်းတော်၌ ဆရာတော်ဘုရားကြီး၏ မွေးနေ့အကြိုပူဇော်ပွဲနှင့် ကထိန်ပွဲ ကျင်းပပါသည်။

၆၇၊ ၁၃၄၇ ခု တန်ဆောင်မုန်းလဆန်း ၁၁ ရက် (၂၃၊ ၁၁၊ ဂ၅) စနေ

မင်းကွန်း ဓမ္မနာဒတိုက်၌ ဆရာတော်ဘုရားကြီး၏ ၇၄ နှစ်မြောက် မွေးနေ့နှင့် စာအောင်ဆုနှင်းပွဲ ကျင်းပသည်။

၆၈။ ၁၃၄၇ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက် (၂၉၊ ၁၂၊ ဂ၅) တနင်္ဂနွေ

မဟာစည် သာသနာ့ရိပ်သာ ဖာလ်ယာဥ်မြောရုံ ၌ နံနက် ၈ နာရီတွင် ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေးဖွင့်ပွဲသို့ ကြွရောက်တော် မူပါသည်။



မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့၏
တတိယ သုံးနှစ်ခရီး **ဖောက်ကွန်း**

ဖေဖော်ဝါရီ ၁၃ ရက် (၁၃၊ ၁၊ ၇၆) ဗုဒ္ဓဟူးနေ့

ရန်ကုန်မြို့ကမ္ဘာအေးကုန်းပြေးမဟာဗိပက္ခောင်းဆောင် နိုင်ငံတော် သံဃမဟာနာယက အစည်းအဝေးသို့ ဆရာတော်ဘုရားကြီး ကြွတော်မူသည်။

ဖေဖော်ဝါရီ ၁၃ ရက် (၂၆၊ ၁၊ ၇၆) စနေ့

သက်နန်းကျွန်းမြို့နယ် အရှေ့ခြမ်း အဘိဓမ္မာ မဟာရဋ္ဌဂုရု ပူဇော်ပွဲသို့ ကြွရောက်အပူဇော်ခံသည်။ ပဲခူးမြို့မဆရာတော်ကြီးလည်း အပူဇော်ခံရာတွင် ပါဝင်ပါသည်။

ဖေဖော်ဝါရီ ၁၄ ရက် (၁၁၊ ဂ၊ ၇၆) ဗုဒ္ဓဟူးနေ့

မင်းကွန်း ဓမ္မနာဒတိုက်၌ မင်းကွန်းတိုက်နယ် ဆေးရုံအတွက် ဆေးအပ်ပွဲ ကျင်းပပါသည်။

ဖေဖော်ဝါရီ ၁၄ ရက် (၂၆၊ ၁၊ ၇၆) တနင်္ဂနွေ

ရန်ကုန်မြို့ နယူးလင်းလမ်း အမှတ် ၁၂ ရှိ တိပိဋကကျောင်းတော်၌ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ပင်မအစည်းအဝေး ကျင်းပသည်။

ဖေဖော်ဝါရီ ၁၅ ရက် (၁၂၊ ၂၊ ၇၆) တနင်္လာနေ့

လှိုင် ၁၃၊ ၁၄ ရပ်ကွက်က ဆရာတော်ဘုရားကြီးအား အဘိဓမ္မာဂုရု ပူဇော်ပွဲ ကျင်းပ၍ နေ့ဆွမ်းကပ်သည်။ နေ့ခင်း ၃ နာရီတွင် တိပိဋကကျောင်းတော်၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်ရေး အဖွဲ့ဝင်များ စုံညီအစည်းဝေး ကျင်းပသည်။

ဖေဖော်ဝါရီ ၁၆ ရက် (၂၃၊ ၂၊ ၇၆) အင်္ဂါနေ့

ကမ္ဘာအေး ဓမ္မဒီပကျောင်းဆောင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အထူးအစည်းအဝေးသို့ ကြွရောက်တော်မူသည်။

ဖေဖော်ဝါရီ ၁၇ ရက် (၂၊ ၃၊ ၇၆) ဗုဒ္ဓဟူးနေ့

မင်းကွန်း ဓမ္မနာဒတိုက်၌ မင်းကွန်းတိုက်နယ် ဆေးရုံအတွက် ဆေးအပ်ပွဲ ကျင်းပပါသည်။

ဖေဖော်ဝါရီ ၁၇ ရက် (၂၆၊ ၁၊ ၇၆) တနင်္ဂနွေ

ရန်ကုန်မြို့ နယူးလင်းလမ်း အမှတ် ၁၂ ရှိ တိပိဋကကျောင်းတော်၌ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ပင်မအစည်းအဝေး ကျင်းပသည်။

ဖေဖော်ဝါရီ ၂၂ ရက် (၉၊ ၂၊ ၇၆) တနင်္ဂနွေ

လှိုင် ၁၃၊ ၁၄ ရပ်ကွက်က ဆရာတော်ဘုရားကြီးအား အဘိဓမ္မာဂုရု ပူဇော်ပွဲ ကျင်းပ၍ နေ့ဆွမ်းကပ်သည်။ နေ့ခင်း ၃ နာရီတွင် တိပိဋကကျောင်းတော်၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်ရေး အဖွဲ့ဝင်များ စုံညီအစည်းဝေး ကျင်းပသည်။

ဖေဖော်ဝါရီ ၂၄ ရက် (၂၃၊ ၂၊ ၇၆) တနင်္လာနေ့

ကမ္ဘာအေး ဓမ္မဒီပကျောင်းဆောင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အထူးအစည်းအဝေးသို့ ကြွရောက်တော်မူသည်။

ဖေဖော်ဝါရီ ၂၇ ရက် (၂၊ ၃၊ ၇၆) အင်္ဂါနေ့

မင်းကွန်း ဓမ္မနာဒတိုက်၌ မင်းကွန်းတိုက်နယ် ဆေးရုံအတွက် ဆေးအပ်ပွဲ ကျင်းပပါသည်။



နေ့ ၁၂ နာရီခွဲတွင် မစိုးရိမ် သာသနဟိတကာရီ အသင်း ၁၁ ကြိမ်မြောက် အာဘိဓမ္မာဆောင်ဆုန္ဒင်း သဘင်ပွဲ ကျင်းပရာ ပဋ္ဌနိကာယ သာသနာ့ဗိမာန်သို့ ကြွတော်မူသည်။

၂၆။ ၁၃၄၇ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် (၉၊ ၃၊ ၁၆) တနင်္ဂနွေ

နေ့ ၁ နာရီတွင် ရန်ကုန်မြို့ တိပိဋကကျောင်းတော်၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် အဆောက်အဦး အလှူရှင်များ စုပေါင်းရေစက်ချသည်၊

၂၇။ ၁၃၄၇ ခု၊ တပေါင်းလဆန်း ၁၁ ရက်မှ ၁၄ ရက်ထိ (၂၁၊ ၃၊ ၁၄ မှ ၂၄၊ ၃၊ ၁၅)

ရန်ကုန်မြို့ ကမ္ဘာအောဲကုန်းမြေဇမ္ဗူဒီပကျောင်းဆောင်၌ ကျင်းပသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၃ ပါးစုံညီ အစည်းအဝေးသို့ တက်ရောက်တော်မူသည်။

၂၈၊ ၁၃၄၇ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက် (၃၅၊ ၃ ၁၆) တနင်္ဂနွေ

မန္တလေးမြို့၌ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် အဆောက်အဦးများ ရေစက်ချပွဲနှင့် ပရိယတ္တိသာသနာ့တက္ကသိုလ်အတွက် ဆောက်လုပ်ရန်ကျန်သည့် အဆောက်အဦးများနှင့် ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံ အုတ်မြစ်ချပွဲ ကျင်းပသည်။

၂၉။ ၁၃၄၇ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက် (၇၊ ၄၊ ၁၆) တနင်္ဂနွေ

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ခရစ်ကွက်၊ တုသိတာလမ်းမကြီး၌ ညနေ ၄ နာရီတွင် အာဘိဓမ္မာရဋ္ဌဂုရု ပူဇော်ပွဲ ကျင်းပရာသို့ ကြွရောက်အပူဇော် ခံတော်မူသည်။

ရန်ကုန်မြို့ ကမ္ဘာအောဲကုန်းမြေဇမ္ဗူဒီပကျောင်းဆောင်၌ ကျင်းပသော နိုင်ငံတော် သံဃမဟာ



မင်းကွန်းတိပိဋကနိကာယသာသနာပြုအဖွဲ့

တတိယ သုံးနှစ်ခရိုး

